
www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇွန်လ၊ အတွဲ (၇) အမှတ် (၁၂)

# ရွှေအမြုတေ မဂ္ဂဇင်း

(၇) နှစ်ပြည့် အထူးထုတ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



**အောင်စေပိုင်** စီစဉ်ဖန်တီးသည်

# မဂ္ဂဇင်း

**၇ နှစ်ပြည့် အထူးထုတ်**

၂၀၁၃ ခုနှစ်၊ ဇွန်လ
အတွဲ(၇)၊ အမှတ်(၁၂)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရှိသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏ ။

**သက်တော်မြဲဂါထာ**

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ
ဂစ္ဆထ တုမှေ ဘိက္ခဝေ ယထာ ဝိဟာရံ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး
သူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား
ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
ည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
ိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

က်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ
ူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဂက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
းပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
ိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး


**လူမှုရေး ဦးတည်ချက် (၄) ရပ်**

စ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်ဇာတိအကျင့်စာရိတ္တမြင့်မားရေး
မျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
မျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
ှုန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
စ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ









## ဘာသာရေးဘုရားသမိုင်း


- သမိုင်းဝင် ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော် ... ပန်းတနော်နောင်လတ် ၇
- ကျောက်သံမြို့ အာသောကစေတီ (သို့မဟုတ်)........ ကိုစော(စစ်ကိုင်း) ၁၂
- ပေါ်တော်မူ ဆုတောင်းပြည့်စေတီတော် ... မင်းထက်ကျော် ၃၈
- မကွေးတိုင်း စေတုတ္တရာမြို့နှင့် ကျောက်ခမောက်ဘုရား... တွင်းကြီးသားတင်ဝင်းဦး ၈၂
- ရှင်ပင်ဘုန်းမြင့် ရှင်ပင်ဘုန်းပွင့် ... ဦးကျော်(ပြည်) ၁၁၀
- ဓနုတ်စေတီတော် ... ကိုအေးမြင့်(ရွှေ/သု) ၁၃၀
- တောင်တွင်းကြီးမြို့ ကျက်သရေဆောင်..... ... ဇာဂရ(သရက်တော) ၁၄၀


## ဘာသာရေးသုတ/ရသဆောင်းပါး


- မေတ္တာတရားသည်သာ အောင်မြင်ရာ ... ပေါ်လွင်ဦး(ရေး) ၁၈
- သတ္တမမြောက် ရွှေကျင်သာသနာပိုင် ... မောင်ဆန္ဒ(လယ်ဝေး) ၂၀
- ဆန်းကြယ်ကံကြမ္မာအလှ ကျွန်မ ပန်းသည်မ ... တက္ကသိုလ်သျှင်သိရိ ၃၀
- ဆရာတော်ကြီးနှစ်ပါးရဲ့ ဓမ္မစကားများ ... ဓမ္မလုလင် ၄၉
- ပယင်းတွင်းဆရာတော် ... ဓမ္မာစရိယဦးဌေးလှိုင် ၅၀
- တရားအမှန်ကိုတွေ့ခဲ့သူ ... မောင်မောင်မိုးအောင် ၅၆
- ဝဋ္ဋနာဒီပနီ ... သုခ ၆၆
- ကောင်းသော ညတစ်ည ... မင်းဖေမြင့်(မုဒုံ) ၉၂
- တကယ့်ဗုဒ္ဓဘာသာနှင့်သစ္စာလေးပါးတရားတော် ... မေတ္တာရှင်ရွှေပြည်သာ ၁၂၄
- သေရဲပြီလား ... အရှင်ဉာဏဝရ(သာပေါင်း)၁၆၄
- တစ်ယောက်ကျေးဇူး တစ်ဦးမေတ္တာ ... မောင်ထည်ဝါ(ပျော်ဘွယ်) ၁၆၈
- သင်ခန်းစာများကိုမိတ္တူပွားခြင်း ... ဥသျှောင်မှူး(လှိုင်လင်) ၂၀၇
- လက်ပံတောင်းတောင်မှ လယ်တီဆရာတော်ဘုရားကြီး ... ဓမ္မာစရိယဦးအောင်ကျော်မိုး ၂၇၇


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- ဂုဏ်တော်ကိုးအင် တယ်တင်ရှင် ... မြောင်းမြမြင့်လှိုင် ၂၇
- ဘုရားရှင်ပေးသော သက်တော်ရှည်ဂါထာနှင့်..... ... သိခ်ဲသူ ၃၅
- မင်းကောင်းမင်းမြတ်နှင့် ကိုယ်တွေ့ဂါထာ ... သစ္စာအောင် ၆၄
- နမောငါးချက်ဆောင် စီးပွားအောင် ... ဦးခန့်(အင်းစိန်) ၁၂၀
- ငွေရှင်၊ ရွှေရှင်စေသည့်..... ... နတ်မောက်မှတ်ကျောက် ၁၄၅
- ရန်သူရှာဖွေ မတွေ့စေဖို့ ... အမျိုးလှ ၁၉၈
- အောင်ရာအောင်စေ..... ... ညီအောင်ပြည့် ၂၁၄


## တိုင်းရင်းဆေး


- အများဆုံးစားသုံးစရာ မျှစ် ... တိုးငယ် ၁၀၈
- တောင်တန်းသာသနာပြုဆရာတော်..... ... ဝေယံဦး ၂၀၂
- ဒူလာသွေးဝမ်းဖြစ်သော် ... အောင်ကျော်မိုး(ဇေယျဝတီ) ၂၅၉
- ကျွဲ၊ နွား၊ တိရစ္ဆာန် ဆေးနည်းများ ... ရွှေကျွန်းသန်းမြင့် ၂၇၂
- ကာလသားရောဂါအတွက်ဆေး ... ဝင်းဇော်(သုံးဆယ်) ၂၉၉
- မီးဖိုချောင်ထဲက နနွင်း ... မကွေးလှမြင့် ၃၀၉
- ကျန်းမာရေးအတွက် ပင်စိမ်း ... ကျော်တင်ဆွေ ၃၁၈


www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်ဝင်ရသ


| | | |
|---|---|---|
| ဘဝတမ်းပါးနှင့် မုသားဒီရေ ... | နန္ဒာမိုးကြယ် | ၂၃ |
| ဒီလူသရဲမ, ကြောက်သော ... | မောင်ယဉ်ညို | ၄၅ |
| သူမိတ်ကြီး၏ ကွတ်တမ်း ... | မင်းတိုင်ပင်(မြရောင်မြေ) | ၇၂ |
| အဖေ့သွေးနှင့်အမေ့သစ္စာ ... | ဇွဲလုလင် | ၈၇ |
| ညွန်ပျောင်းနွံနစ်..... ... | ဥတ္တာဖြိုး | ၉၅ |
| သူတစ်ပါးအကျိုးအတွက် ... | တင့်ထူး(ဇေယျဝတီ) | ၁၀၀ |
| ဒီဒုတ္ထကုမာရနှင့်..... ... | မောင်သာမန်(ဇီးကုန်း) | ၁၅၈ |


## အထွေထွေသုတ၊ ရသဆောင်းပါး


| | | |
|---|---|---|
| အမြို့ရ ညောင်တံခါးကြီး ... | ဓရာမြေကျော်ဝေ | ၁၀၄ |
| ဘောင်းကင်လွှတ်တော်ထဲမှ ရွေးချယ်သော....... | မြောစရိယဦးအောင်ကျော်မိုး | ၁၁၆ |
| မြိတ်ဒေသ ပုလောမြို့က ကျားကပွဲ ... | မောင်ဝေအေး | ၁၂၃ |
| ရွှေချထားတဲ့ မြန်မာရဟန်းတော်ရဲ့ ရှပ်ကလပ် ... | ဓမ္မလုလင် | ၁၇၁ |
| အာဟာရနှင့်ကျန်းမာရေး ... | ရွှေဥဒေါင်း | ၁၈၈ |
| တအုပ်စင် ... | သုတအံ့ | ၁၉၂ |
| နတ်လူသာဓုခေါ်နိုင်ကြစေသော် ... | မောင်ယဉ်လှိုင်း(ဟသ်ာတ) | ၁၉၄ |
| ကာလေးငှက်နှင့်ရာသီခွင်အမြင် ... | ကိုသက်ရှည် | ၁၉၉ |
| ထူးဆန်းထွေလာ ဤကမ္ဘာ ... | မောင်လင်းအောင် | ၂၂၂ |
| တောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်မှာ..... ... | အောင်ကောင်းမြ(သာကေတ) | ၂၃၆ |
| သက်သန်းလေးများကပြောတဲ့စိတ်နေစိတ်ထား ... | မောင်ဝေအေး | ၂၄၀ |
| တောသလအိပ်မက်(၁၆)ချက် ... | လက်ရုံးညီ | ၂၅၁ |
| မြန်မာနိုင်ငံ၏လွတ်လပ်ရေးဇာတာနှင့်..... ... | သစ္စာဝါဒီမြတ်ဇေယျလင်း | ၂၈၃ |
| ၁၃၇၅ခုနှစ် မြန်မာနိုင်ငံ၏ ဇာတာခွင်..... ... | ဆရာမြတ်ထွဋ်ခေါင် | ၃၂၈ |
| တနင်္ဂနွေဂြိုဟ် ၏သရာသီအမြင် ... | ဓေတ္တာရာဆရာကျော် | ၃၅၃ |
| မြန်မာနိုင်ငံတော် အလံများအပေါ်..... ... | ဦးဇေယျာကို | ၂၆၆ |
| ထူးဆန်းသော အမွှာပူးလေးများ ... | တင်နိုင်တိုး | ၂၂၇ |


BURMESE CLASSIC .com

## ဂန္ထဝင်ရှည်ကြယ်ဝတ္ထုများ


| | | |
|---|---|---|
| ပုလင်းထဲကဥစ္စာစောင့် ... | ဆောင်းလုလင် | ၁၇၂ |
| ညည့်သန်းခေါင်ကြက်သူခိုး ... | အောင်ကျော်စွာ | ၂၀၂ |
| ဝန်းနတ်သမီး ... | တောင်တွင်းကိုရင်ဩ | ၂၁၆ |
| ပွဲမကြည့်ဖြစ်သူနဲ့ ဆုံတဲ့ည ... | မောင်ထွဋ်ကောင်း | ၂၃၀ |
| အေးငြိမ်းရာ ... | ဇလွန်ကျော်ဦး | ၂၄၆ |
| ကြားခဲ့ရသော ရက်တန်းခတ်သံ ... | မင်းမြင့်နိုင်(ဘူးသီးတောင်) | ၂၆၀ |
| ရွှကွမြိုင်မှ အစပြု၍ ... | ကျော်မင်းညွှန့် | ၂၇၇ |
| သရဲနဲ့နွား မှားဆွဲလာတဲ့ညီအစ်ကို ... | တိုးမနိုးတင်ဝင်း(ပေါင်းတည်) | ၂၉၂ |
| နတ်ရေးတဲ့ရွှေစာ ... | ကောင်းသော် | ၃၀၁ |
| မထိမဲ့မြင် ... | မောင်မြင့်မား(ဘိုတလေး) | ၃၂၅ |
| နပန်းသမားတစ္ဆေ ... | ကျော်သန်းစံ | ၃၃၁ |
| သေပြီးသူများနှင့် ပြန်လည်ဆုံဆည်းခြင်း ... | ရန်နိုင် | ၃၃၉ |
| ညဖယ်ရီ ... | ဂါဦးနွန်တို | ၃၄၉ |
| အစွဲအလမ်း ... | စိုးဝေ | ၃၅၇ |
| အမယ်အိုတစ်ယောက်ပေးသော ပုတီး ... | မြသိန်း | ၃၆၃ |












www.burmeseclassic.com

www.burmeseclassic.com

# ပဥ္စဂုဏ် အပ်ာ ဝန္နာမိ


**အယ်ဒီတာချုပ်**
မောင်ညှိအေး (ပန်းတော)

**တာဝန်ခံအယ်ဒီတာ**
ကိုကိုလှ(ကမာခြေ)

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဟိန်းမင်းဇော်

**တွန်ချုပ်အာစာစီ**
စန်းစန်းထွေး၊ A7 Group

**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ငွေး

**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ငွေး၊ ရန်နိုင်ဦး၊ သန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စက္ကူ၊ ကျော်စိုးညိန်း၊ ဆုထက်အောင်၊ ပညတ်၊

**တန်ဖိုး** - (၂၄၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)

**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။

**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(တောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။


| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ<br>နဂါးစာပေ |
| ရှမ်းတောင်၊ တယား | မိလျှံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟင်္သာတ | တာလေးမောင် |











## အဆောင်၊ အစီအရင်၊ ယတြာ


- အိမ်ထောင်ဖက်အကျိုးပေး ဘယ်လိုရွေးမလဲ ... မောင်တင်ကြွယ်(ပြည်) ၂၄၂
- ဈေးရောင်း/ဝယ်သူများအတွက်. . . . . ... ရောမြေထွန်းထွန်း ၂၈၆
- ခုနစ်နေ့သားသမီးများ အမြဲအဆောင်. . . . . ... ဆရာမင်းသုခြ ၂၉၈
- အထီးကျန်နားခိုရာမဲ့မယ် ... ဦးအောင်မြိုင် ၃၁၆
- ကံကောင်းစေမည့် အကြံပြုစာမျက်နှာ ... ဗေဒ္တရာဆရာကျော် ၃၂၃
- ဝင့်လိုက်တတ်တယ် ... အဂ္ဂမျိုး ၃၃၆
- သည်းခြေကြိုက်ငွေ ... သက်နှင်းဆွေ(ပုပ္ပါး) ၃၄၃


## အသုံးချပညာရပ်များ


- ၂၀၁၃၊ ဇွန်လ၊ တြွင်းရုပ်အဟောစာတမ်းများ ... ဗေဒ္ဓာစရိယဦးအောင်ကျော်မိုး ၁၈၃
- ၂၀၁၃၊ ဇွန်လ၊ ကောင်းတင်ဂြိုဟ် ရပ်တည်မှု
၁၂ ရာသီ လင်္ဂပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၃၀၀
- ၂၀၁၃၊ ဇွန်လ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၂၈၇
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၃၂၀
- နာမက္ခရဆန်း ... ဝဏ္ဏိရဆရာလှမျိုး ၃၃၄
- ၂၀၁၃၊ ဇွန်လအတွက် လိုအင်ဆန္ဒပြည့်ဝ
အောင်မြင်စေမည့် (ကာ၊ကုးဖွင့်)နဝင်းယတြာအစီအရင်များ. . . ဆရာမြတ်ထွန်းခေါင် ၃၆၇


www.burmeseclassic.com

www.burmeseclassic.com



ရွှေဂူနီမြတ်စွာဘုရား
ကျောက္ကာရွာ၊ မုံရွာမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ရှိ
# သမိုင်းဝင် ဆုတောင်းပြည့် မြို့နှာမ်ရွှေစေတီတော်

**ပန်းတခနော် နောင်လတ်**




ကယားပြည်နယ်သို့ ရောက်ရှိနေသော စာရေးသူသည် အလုကျက်သရေတိုးနေသော ကယားပြည်နယ်၏ မြို့တော် လွိုင်ကော်မြို့ရှိ "တောင်ကွဲစေတီ"ဟု လူသိများသော "သီရိမင်္ဂလာတောင်တော်စေတီ"နှင့် သမိုင်းဝင် ဆုတောင်းပြည့် မြို့နှာမ် ရွှေစေတီတော်"ကို ဖူးထိုက်၍ ဦးခိုက်ကြည်ညိုခိုသေစွာ ဖူးမြော်ကန်တော့ခဲ့ပါသည်။

ထိုစဉ် "သမိုင်းဝင် ဆုတောင်းပြည့် မြို့နှာမ်ရွှေစေတီတော်"နှင့် ပတ်သက်၍ ကယားပြည်နယ်၊ လွိုင်ကော်မြို့ သမိုင်းဝင် ရွှေစေတီတော်မြတ်ကြီးသမိုင်း(အကျဉ်း)နှင့် ဘက်စုံ မွမ်းမံပြုပြင်တည်ဆောက်မှုများ စာအုပ်ငယ်နှင့် သမိုင်းဝင် ဆုတောင်းပြည့် မြို့နှာမ်ရွှေစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ထံမှ "လွိုင်ကော်မဂ္ဂဇင်း(တက္ကသိုလ်မဂ္ဂဇင်း) ၂၀၁၁"ကို ဖတ်ရှုလေ့လာခွင့်ရသောအခါ ကယားပြည်နယ်၏ မြို့တော် လွိုင်ကော်မြို့ မင်းစုရပ်ရှိ သမိုင်းဝင် ဆုတောင်းပြည့် မြို့နှာမ် ရွှေစေတီတော်သမိုင်းကို ပြုစုရေးသားပူဇော်ဖြစ်ပါသည်။

## မြို့တော် လွိုင်ကော် နာမည်ကျော်

လွိုင်ကော်မြို့သည် ကယားပြည်နယ်၏ မြို့တော်ဖြစ်ပြီး ဦးသီရိဆိုသူက စတင်တည်ထောင်ခဲ့သည်။ စတင် တည်ထောင်စဉ်က မြို့မဖြစ်သေး။ ရွာငယ်လေးသာ ဖြစ်သည်။ ထိုရွာငယ်၏ အမည်မှာ "သီရိဒေါ်"ဖြစ်သတည်း။ သီရိဒေါ်ကို ကယားဘာသာဖြင့် "ဆီရိဒေါ်"ဟု ခေါ်သည်။ ဆီရိသည် သီရိဖြစ်ကာ မင်္ဂလာကျက်သရေရှိသောဟု အဓိပ္ပာယ်သက်ရောက်၍ ဒေါ်သည် ရွာဟု အနက်ပြန်ဆိုနိုင်ခြင်းကြောင့်

www.burmeseclassic.com



ကယားဘာသာအားဖြင့် "ဆီရိုဒေါ်"ဟု ခေါ်ပြီး မြန်မာလို "သီရိဒေါ်"ဆိုသည့်ရွာကို မင်္ဂလာကျက်သရေရှိသောရွာဟု ဖွင့်ဆိုရမည်ဖြစ်ပါသည်။

ကယားတိုင်းရင်းသားများက သီရိဒေါ်ကို ဆီရိုဒေါ်ဟု ခေါ်ဆိုသကဲ့သို့ ရှမ်းတိုင်းရင်းသားများက "လွိုင်ခေါ်"ဟု ခေါ်ဆိုခဲ့ကြသည်။ "လွိုင်"မှာ "တောင်"ဖြစ်ပြီး "ခေါ်"ကို "သီးခြား"ဟူ၍ အဓိပ္ပာယ်ပြန်ဆိုခြင်းကြောင့် လွိုင်ခေါ်ကို ရှမ်းတိုင်းရင်းသားများက "သီးခြားတောင်"ဟု ခေါ်ကြသည်။

သီးခြားတောင်ဟု ခေါ်ခြင်းမှာ ဘီလူးချောင်းနံဘေးရှိ တသီးတခြားတည်ရှိသော ရွှေတောင်၊ ဘုရားတောင်၊ တောင်ကွဲတောင်ဟု လူသိများသော မင်္ဂလာသီရိတောင်တို့ကို အစွဲပြု၍ အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်ပါသည်။

နောင်တွင် ကာလရွေ့လျား၍ လွိုင်ခေါ်ဟု ခေါ်ရာမှ လွိုင်ကော်ဖြစ်လာသည်မှာ နှစ်ပေါင်းများစွာကြာပါပြီ။ ဤသို့ဖြင့် ကယားပြည်နယ်၏ မြို့တော် "လွိုင်ကော်မြို့"ဟု ထင်ပေါ်ကျော်ကြားခဲ့သည်မှာလည်း ကြာပါပြီ။

BURMESE CLASSIC .com

## အခြားအမည် ကန္တရဝတီ

တသီးတခြားတည်ရှိသော လွိုင်ကော်မြို့၏ အခြားအမည်တစ်မျိုးမှာ "ကန္တရဝတီ"ဖြစ်သည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ အုပ်စိုးခဲ့စဉ် ခရစ်သက္ကရာဇ် ၁၈၈၉ ၌ နယ်ချဲ့အင်္ဂလိပ်အစိုးရနှင့် ကယားပြည်နယ်တို့ စစ်ဖြစ်ခဲ့သည်။ စစ်ဖြစ်ပြီးနောက် ကယားပြည်နယ်ကို ကယားစော်ဘွားများကသာ အုပ်စိုးခဲ့ကြသည်။

ကန္တရဝတီသည် အရှေ့ပိုင်း ကယားပြည်နယ်တွင် ပါဝင်ရာမှ ကန္တရဝတီနယ်စား စော်ဘွားစဝ်ခွန်လီ လက်ထက်၊ ခရစ်သက္ကရာဇ် ၁၉၁၀ခုနှစ်တွင် စင်လုံမြို့မှ လွိုင်ကော်မြို့သို့ ပြောင်းရွှေ့ စိုးစံသည်။ ထိုအချိန်မှစ၍ လွိုင်ကော်မြို့၏ အခြားအမည်တစ်မျိုးမှာ "ကန္တရဝတီမြို့"ဖြစ်ခဲ့ရသည်။

## မြို့နှာမ်စေတီပါဝင်သည်

သီရိဒေါ်ရွာ၊ လွိုင်ခေါ်မြို့၊ လွိုင်ကော်မြို့၊ ကန္တရဝတီမြို့ စသည်ဖြင့် ထင်ပေါ်ကျော်ကြားသော ကယားပြည်နယ်၏ မြို့တော် လွိုင်ကော်မြို့ရှိ သီရိမင်္ဂလာတောင်တော်စေတီ (တောင်ကွဲစေတီ)၊ မြကလာပ်တောင်စေတီ၊ တောင်သုံးလုံးစေတီ၊ မြတ်စွာဘုရား၏ ခြေတော်ရာစေတီ စသော ကြည်ညိုစရာကောင်းသည့် တန်ခိုးကြီးမားသော စေတီတော်မြတ်များတွင် သမိုင်းဝင် ဆုတောင်းပြည့် မြို့နှာမ်ရွှေစေတီတော်သည်လည်း အပါအဝင်ဖြစ်ပါသည်။

## သဲပုံစေတီ စတင်တည်

ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်သော အလောင်းမင်းတရားကြီးသည် ကောဇာသက္ကရာဇ် ၁၁၀၀ပြည့်နှစ်ဝန်းကျင်တွင် ယိုးဒယားပြည် အယုဒ္ဓယမြို့သို့ စစ်ချီခဲ့သည်။

စစ်ချီရာ လမ်းတစ်လျှောက်၌ သဲပုံစေတီတော်များကို တည်ထားကိုးကွယ်ခဲ့ရာ ယခု သမိုင်းဝင် ဆုတောင်းပြည့် မြို့နှာမ်ရွှေစေတီတော် တည်နေရာတွင် အောင်မြေနင်း၍ အောင်တော်မူစေတီတော်အဖြစ် သဲပုံစေတီတော်ကို စတင်တည်တော်မူခဲ့ပါသည်။

## မဟာအောင်မြေစေတီ ထီးမံတည်

အေဒီ ၁၈၇၁၊ မန္တလေး ရတနာပုံ မြို့တည်နန်းတည် ပဉ္စမ သင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် ကောဇာသက္ကရာဇ် ၁၂၂၂မှ ၁၂၃၀တွင် ရတနာပုံ မန္တလေး နေပြည်တော် ပိဋကတ်တိုက်တော်ကို မဟာဓမ္မရာဇာဓိရာဇ ဂုရု ဆရာတော်ကြီးများ အမှူးပြုသော သံဃာတော် ၂၄၀၀ ကို စိစစ်အမေးအဖြေပြု၍ ပဉ္စမ သင်္ဂါယနာတင်တော်မူခဲ့သည်။

ပဉ္စမ သင်္ဂါယနာတင်တော်မူပြီးနောက် မင်းတုန်းမင်းတရားကြီးသည် ကန္တရဝတီနယ်အတွင်း ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေလ ထွန်းလင်းတောက်ပရေးကို ရှေးရှု၍ ပိဋကတ်သုံးပုံနှင့် ဓာတ်တော် မွေတော်များကို ယခု လွိုင်ကော်မြို့ ယခင် သီရိဒေါ်ရွာ၏ အကြီးအကဲ "လုံးဆီရို"ဟု ခေါ်သော ဦးသီရိကို ပင့်ဆောင်စေကာ အောင်မြေစေတီ(သဲပုံစေတီတော်)တွင် ဌာပနာပြု လှူဒါန်းစေခဲ့သည်။

ပုဂံခေတ်မတိုင်မီကတည်းက ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့သော "သန္နိဒိတုံ"ဟု ခေါ်သည့် သထုံမှတစ်ဆင့် ဗုဒ္ဓဘာသာဝင်များက လွိုင်ကော်သို့ ရောက်ရှိနေခဲ့သည့်နည်းတူ ကယားပြည်နယ်နှင့် နယ်မြေချင်း ထိစပ်နေသော ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့ ရှမ်းတိုင်းရင်းသားများ၊ ပအိုဝ်တိုင်းရင်းသားများနှင့် ကရင်တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များသည် ဘီလူးချောင်းတစ်လျှောက် လှေများ၊ သမ္ဗန်များဖြင့် ကုန်စည်ကူးသန်းရောင်းဝယ် ဖောက်ကားရင်း လွိုင်ကော်ဒေသသို့ ရောက်ရှိနေထိုင်ခဲ့ကြသည်။


မြတ်စွာဘုရားသခင်၏ ဓာတ်တော် မွေတော်အစစ်များ



www.burmeseclassic.com

www.burmeseclassic.com






ဒ္ဓမ သင်္ဂါယနာတင် ပိဋကတ်တော်များ၊ ကျမ်းစာများနှင့် ဆောင်တော်ဦး စေတီတော်မြတ်တစ်ဆူကို လွိုင်ကော်မြို့နေ တိုင်းရင်းသားများက သက္ကရာဇ် ဂါရဝအမှုပြုကာ ၉ရက်ကြာ အောင် ပူဇော်ကြပြီး ၉တောင်ပြည့် မြေစိုက်စေတီတော်အဖြစ် တည်လှု၍ ဌာပနာတော်မူခဲ့ပါသည်။

## ကိုးတောင်ပြည့်စေတီတည်လှုသည်

မင်းတုန်းမင်းကြီးသည် လုံးဆီရိပ်ဟု ခေါ်သော ဦးသီရိ ကို မဟာအောင်မြေ ရွှေစေတီတော်၏ မြောက်ဘက်၌ ကိုးတောင်ပြည့်စေတီ(ကုန်သည်ကြီးများစေတီ)ကိုပါ တစ်ပါ တည်း တည်လှု ပူဇော်တော်မူစေပြန်ပါသည်။

ကိုးတောင်ပြည့်စေတီ(ကုန်သည်ကြီးများစေတီ)သည် ကာလဒေသ ပယော်ဂကြောင့် ယိုယွင်းပျက်စီးမှုများ ရှိခဲ့ရာ ခရစ်သက္ကရာဇ် (၁၉၈၀-၁၉၈၁)၌ "ဘရသေ့"ဟု ခေါ်သော ဦးနန္ဒာနှင့် မိမိတို့ အမျိုးပြုပြီး စေတီတော်ကို ပြုပြင်မွမ်းမံခဲ့ ကြရသည်ဟု လွိုင်ကော်မြို့ နာရီစင်အနီးတွင် နေထိုင်သည့် အသက် ၉၂နှစ်ရှိပြီဖြစ်သော ဘဘစဝ်စောငြိမ်း၏ ပြောစကား အရ သိရှိရပါသည်။

## တည်လှုပူဇော် ရှာနာမ်စေတီတော်

ကောဇာသက္ကရာဇ် ၁၂၈၄ ခု၊ ခရစ်သက္ကရာဇ် ၁၉၂၂ တွင် နောင်ပုလဲမြို့ပိုင် စော်ဘွား စဝ်ခွန်လီသည် မြေစိုက် စေတီတော်၏ တောင်ဘက်တွင် ရှာနာမ်သင့်စေရန် ရည်ရွယ် ကာ ရှာနာမ်စေတီတော်ကို တည်လှု ပူဇော်တော်မူခဲ့သည်။ ထိုစေတီတော်သည် စော်ဘွားများစေတီ၊ စော်ဘွားများ ဘုရား ဖြစ်ပါသည်။

ထိုအချိန်မှစ၍ ရှာနာမ်စေတီ၊ ကုန်သည်ကြီးများစေတီ၊ စော်ဘွားများစေတီဟူ၍ စေတီတော်သုံးဆူရှိတော်မူပြီး ဘွဲ့ တော်များလည်း ရောနှောလာခဲ့တော့သည်။

## မြို့နာမ်စေတီ တစ်ဖန်တည်

သမိုင်းဝင် ဆုတောင်းပြည့် မြို့နာမ်စေတီတော်ကို သီရိ ဒေါ်ရှာဖြစ်စဉ်က ရှာနာမ်စေတီတော်ဟု ဘွဲ့တော် ဆက်ကပ်ခဲ့ သော်လည်း သီရိဒေါ်ရှာမှ လွိုင်ကော်မြို့ဖြစ်လာသောအခါ မြို့နာမ်သင့်စေရန် မြို့နာမ်စေတီတော်ဟု ဘွဲ့တော်ပြောင်းလဲ ဆက်ကပ်တော်မူခဲ့သည်မှာ ကြာပါပြီ။

မြို့နာမ်စေတီတော်ကို ခရစ်သက္ကရာဇ် ၁၉၉၂နှင့် ၂၀၁၁



www.burmeseclassic.com

www.burmeseclassic.com




တွင် နှစ်ကြိမ်တိတိ စိန်ဖူးတော်တင်လှူ ပူဇော်နိုင်ခဲ့သည်။ စိန်ဖူးတော်တင်လှူ ပူဇော်နိုင်ရခြင်းမှာ ဂေါပကအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုနှင့် လှိုင်ကော်တက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာ ခင်မောင်ငွေး အမှူးပြုသော ဝန်ထမ်းမိသားစုအလှူရှင်များ၏ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းမှုများကြောင့် ဖြစ်ပါသည်။

**မြို့နှာမ်စေတီအသစ်တည်**

သာသနာသက္ကရာဇ် ၂၅၂၆ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၄ခုနှစ်၊ တော်သလင်းလဆုတ် ၈ရက်နေ့သည်တွင် သဘာဝဘေးဒဏ်ကြောင့် ကိုးတောင်ပြည့် မြို့နှာမ်စေတီတော်မှာ

စေတနာသဒ္ဓါတရားကြောင့် သမိုင်းဝင် ခုတောင်းပြည့် မြို့နှာမ်ရွှေစေတီတော် ဘက်စုံပြုပြင် လှူဒါန်းနိုင်ခဲ့သည့်အပြင် ဉာဏ်တော်အမြင့် ၇၂ပေရှိသော စေတီတော်မြတ်ကြီးရှိ ရွှေစေတီတော်၏ ထူးခြားချက်များမှာ -

(၁) ရွှေစေတီတော် ၁၃ပေ၊
(၂) ဉာဏ်တော် ၈လက်မ၊
(၃) ဗောဓိအမြင့် ၁၄ပေ၊
(၄) အရန်စေတီ ၁၂ဆူခြံရံထားသည့် ပစ္စယံသုံးဆင့် အမြင့် ၁၆ပေ၊ ၄လက်မ။ (ပထမ ပစ္စယံတွင် ကြေးဆင်းတုတော်လေးဆူ စံပယ်ပါသည်။ အထက်လိုဏ်ဂူတော် တစ်ဆောင်ပါဝင်ပါသည်။)



မြေခ ပျက်စီးခဲ့ရရှာပါသည်။

ထိုအခါ မြို့နှာမ်မဟာပဋ္ဌာန်းဝတ်အသင်း အကျိုးတော်ဆောင်အဖွဲ့သည် ဉာဏ်တော် ၃၆ပေမြင့်သော မြို့နှာမ်စေတီတော်အသစ်တစ်ဆူကို ထပ်မံ တည်ထား၍ ကိုးကွယ်ခဲ့ကြသည်။

**ဆက်ကပ်လှူထား ငှက်မြတ်နား**

သမိုင်းဝင် ခုတောင်းပြည့် မြို့နှာမ်ရွှေစေတီတော်တွင် ဆက်ကပ်လှူဒါန်း ပူဇော်ထားသော ငှက်မြတ်နားတော်၏ အလျားမှာ ၂၀ စင်တီမီတာရှိပြီး အနံမှာ ၄၀ စင်တီမီတာ ရှိပါသည်။

**စေတီတော်တွင် ဘက်စုံပြုပြင် ကောင်းမှုကုသိုလ်ရှင်**

ရပ်နီးရပ်ဝေးမှ လှူဒါန်းကြသော ကုသိုလ်ရှင်များ၏

(၅) ကြေးဆင်းတုတော်လေးဆူ စံပယ်ထားသည့် အောက်လိုဏ်ဂူတော်တစ်ခုပါဝင်သော ဂန္ဓကုဋီတိုက်အမြင့် ၁၈ပေ။
(၆) ဂန္ဓကုဋီတိုက်အောက်ခြေမှ ရင်ပြင်တော်အောက်ခြေအထိ အမြင့် ၁၀ပေ။
(၇) ပဋ္ဌာန်းစက်ဝိုင်း ၂၄ခု၊
(၈) လိုဏ်မုခ်နှစ်ထပ် အာရုံခံ ပြာသာဒ်လေးဆောင်၊
(၉) အရန်စေတီတော် ၁၂ဆူခြံရံထားသည့် ကျောက်စာပုံ စိန်တောင်အဆင့်သုံးဆင့်၊
(၁၀) အရှေ့ဘက်နှင့် အနောက်ဘက် အာရုံခံ တန်ဆောင်း။ မုခ်ဦးဝဲဘက်နှင့် ယာဘက်တွင် မာတလိနှင့် ဝိသကြုံနတ်သားရုပ်ထုလေးပုံ၊
(၁၁) ပရိဝုဏ်အတွင်း ရှင်ဥပဂုတ္တ ရဟန္တာကျောင်းဆောင်နှင့် ဘိုးဘိုးကြီးနတ်ရုပ်ဆောင်နှစ်ဆောင်၊



www.burmeseclassic.com

www.burmeseclassic.com



(၁၂) ဖန်မှန်အပြည့် စီခြယ်ထားသည့် ပန်းခြူးပန်းနွယ် အရှေ့မှခ်ဦးဆောင်တစ်ဆောင်၊

(၁၃) လှိုင်ကော်-မန္တလေး ကျောက်ပြားများ ခင်းကျင်းထားသည့် အောက်ရင်ပြင်တော် (၂၉၇၀၇)စတုရန်းပေ၊

(၁၄) အခန်းပေါင်း ၂၀၉ခန်းပါရှိသည့် ရင်ပြင်တော် မဟာရာမ် တံတိုင်းကြီးလေးဘက်နှင့်၊

(၁၅) စေတီတော်၏ တောင်ဘက် ဘိုးဘိုးကြီးနတ်နန်းအနီးတွင် စိုက်ပျိုးထားသော လင်းလွန်းပင်တစ်ပင်တို့ဖြစ်ပါသည်။

**ဘုရားဖူးတွေ ချမ်းသာစေ**

ကယားပြည်နယ်၏ မြို့တော် လွိုင်ကော်မြို့ မင်းစုရပ်ရှိ သမိုင်းဝင် ဆုတောင်းပြည့် မြို့နှာမ်ရွှေစေတီတော်ကို ဖူးမြော် ကြည်ညိုနိုင်စေရေးအတွက် လွိုင်ကော်မြို့ရှိ ကျောက်ပြားစက်ရုံမှ ထွက်သည့် အီတလီ ကျောက်ပြားများအား စေတီတော်ရင်ပြင်အပြည့်ခင်းခြင်းကို ၂၀၀၀ပြည့်နှစ်ကတည်းက ဆောင်ရွက်ပြီးပါပြီ။

**စိတ်ထားမြတ်စွ ဆောင်ရွက်ကြ စေတီတော်ဂေါပက**

စေတီတော် ဘက်စုံပြုပြင်ရန် စသော သာသနာပြုလုပ်ငန်းမှုကုသိုလ်ယူနေကြသော ဂေါပကအဖွဲ့ကို အဖွဲ့ဝင် ၁၂ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဥက္ကဋ္ဌမှာ ဦးသန်းရွှေဖြစ်ပြီး အတွင်းရေးမှူးမှာ ဦးကျော်မြင့်ဖြစ်ပါသည်။

**သာသနာ့ဝန်ထမ်း ပျော်စွာထမ်းသည့် ဝန်ထမ်းများ**

ဂေါပကအဖွဲ့က လုပ်ငန်းများ လုပ်ဆောင်ရာတွင် အထောက်အကူရစေရန် စာရေး ဒေါ်သီဂီအပါအဝင် ဝန်ထမ်း ၁၁ဦးခန့်ထားပါသည်။

**နှစ်စဉ် ဆင်နွှဲဘုရားပွဲများ**

ဘုရားပွဲများဆိုသည်မှာ ဘုရားပွဲတော်၊ ဗုဒ္ဓပူဇနီယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းပွဲတော်တို့ကို ရည်ညွှန်းပါသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့မှ ၁၀ရက်နေ့အတွင်း ပထမအကြိမ်ကျင်းပပြီး ဒုတိယအကြိမ်ကို ကဆုန်လပြည့်ကျော် ၁ရက်နေ့အတွင်း ကျင်းပသည်။

ပြည်နယ်၊ မြို့နယ် သံဃနာယကအဖွဲ့များ၏ ဩဝါဒ ရိယဆရာတော်ကြီး ကိုးပါး၏ ဩဝါဒခံယူပြီးမှ ကျင်းပခြင်း ဖြစ်ပါသည်။

**ပင့်လှူပူဇော် မြတ်စွယ်တော်**

ယခုအခါ မြတ်စွာဘုရားသခင်၏ စွယ်တော်အစစ်အား ပွားယူထားသည့် စွယ်တော်ပွားတစ်ဆူကို ဘုရားဖူးလာသူများ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန် စေတီတော်ကြီး၏ အရှေ့မှခ်ဦး ဂန္ဓကုဋိတိုက်တော်အတွင်း ယာယီထားရှိ အပူဇော်ခံနေရာ စာရေးသူကိုယ်တိုင် ကြည်ညိုရှိခိုးသေစွာ ကန်တော့ခဲ့ရပါသည်။

ဤသို့ မြတ်စွယ်တော်ကို ယာယီ အပူဇော်ခံတော်မူနေရခြင်းမှာ သမိုင်းဝင် ဆုတောင်းပြည့် မြို့နှာမ်ရွှေစေတီတော် မြတ်ကြီး၏ ဝတ္တကမြေအတွင်း၌ ဂန္ဓကုဋိတိုက်တော်ကြီးကို သိန်း ၃၅၀ခန့် အကုန်အကျခံ ဆောက်လုပ်ထားရှိ သီတင်းသုံးစေရန်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ စေတနာရှင်များက သုံးတန် စေတနာပြတ်သားစွာ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်တိုက်တွန်းလိုက်ပါသည်။

ပန်းတနော် နောင်လတ်

မှီငြမ်း

- ကယားပြည်နယ်၊ လွိုင်ကော်မြို့ သမိုင်းဝင် ဆုတောင်းပြည့် မြို့နှာမ်ရွှေစေတီတော်မြတ်ကြီးသမိုင်း(အကျဉ်း)နှင့် ဘက်စုံ ပြုပြင်တည်ဆောက်မှုများ စာအုပ်။
- သမိုင်းဝင် ဆုတောင်းပြည့် မြို့နှယ်ရွှေစေတီတော်၏ ဝတ္တကမြေအတွင်းရှိ အရှေ့တောင်ဘက်၌ စိုက်ထူထားသော သမိုင်းဝင် ဆုတောင်းပြည့် မြို့နှာမ်စေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်း ချုပ်ကျောက်စာ။
- လွိုင်ကော်တက္ကသိုလ်မဂ္ဂဇင်း(၂၀၁၁)မှ ဒေါက်တာ တင်နိုင်ဝင်း ရေးသားသော လွိုင်ကော်တက္ကသိုလ်မိသားစုရဲ့ စုပေါင်းကြည်ဖြူ သမိုင်းဝင် မြို့နှာမ်ရွှေစေတီတော်မင်္ဂလာမြတ် စိန်ဖူးတော်အလှူ ဆောင်းပါး။
- ကယားပြည်နယ်စာစောင်(၁၉၈၀-၈၁)မှ လုကွန်း၏ မာန်အလှ နှင့် ကန္တရဝတီဆောင်းပါး။
- ကယားပြည်နယ်စာစောင်(၁၉၈၅-၈၆)မှ မောင်ပြည်ကျော်(လွိုင်ကော်)၏ "ဖဘာန်မင်းသည် မွန်မင်းမျိုးနွယ်လော၊ ဖဖော်ကြီးသည် အင်းဝမင်းမျိုးလော"ဆောင်းပါး။
- ကယားပြည်နည်စာစောင်(၁၉၈၇-၈၈)မှ ခွန်ပြီစိုး၏ နန်းမယ်နှံ နှင့် ပဗ္ဗတသီဟကျော်စွာဘိုးဗျားကလေးဆောင်းပါး။



www.burmeseclassic.com

www.burmeseclassic.com



## ကျောက်သံပြို့ အသောကစေတီ
## (သို့မဟုတ်)
## သံဖြူချောင်းအခြေတည်
# ကျောက္ကူ ရွှေဂူနီစေတီတော်

**ကိုစော စစ်ကိုင်း**



**ဂမ္ဘီရအံ့ဖွယ် ဂုဏ်ကိုးသွယ်နှင့် တင့်တယ်ရွှေဂူနီ**

* နတ်တို့သနင်း သိကြားမင်းသည်၊ ဆင်း၍ပြောပြ၊ အသောက၏ မူလစေတီ၊ အခြေတည်၍၊ ဂူနီဘုရား ပေါ်ထင်ရား ထူးခြားအံ့ဖွယ်တော်။

* မြောက်သို့တူရူ၊ မျက်နှာမူ၍၊ ရွှေဂူနှစ်ဆင့် လွန်ထူးတင့်၊ ဘုန်းပွင့် အံ့ဖွယ်တော်။

* သာလွန်မင်းကျော်၊ မှူးမတ်ပျော်နှင့်၊ ဆင်တော် ဝပ်လျှိုး၊ ဦးနှိမ်ချိုး၊ တန်ခိုးအံ့ဖွယ်တော်။

* ဗုဒ္ဓဓာတ်တော်၊ ကိန်းဝပ်ပျော်၍၊ ကျောင်းတော်စေတီ၊ ကြိမ်ကြိမ်တည်၊ ထူးလည် အံ့ဖွယ်တော်။

* ရုပ်ပွားတော်အား၊ သဒ္ဒါပွား၍၊ အများလှူဒါန်း။ ဘွဲ့သက်နန်းကြောင့်၊ ရောင်လျှမ်းထိန်ညီး ရွှေတုံးကြီး၊ အချီးအံ့ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



တော်။

* နေ့စဉ်အမြဲ ပူဇော်ပွဲနှင့်၊ လှူမြဲဒါန ဖူးလာကြ၊ အာဝရ အံ့ဖွယ်တော်။

* ကောင်းမှုပြုကာ ဆုပန်ထွာသော်၊ လိုရာဆုပေါင်း ပြည့်စုံကြောင်း၊ ဂုဏ်ပေါင်း အံ့ဖွယ်တော်။

* သစ္စာဓိဋ္ဌာန် ကျောက်ချိုပြန်သော်၊ ဂုဏ်လျှံမြတ်ဖျား တန်ခိုးအားကြောင့်၊ ထင်ရှားတိတိ ကေနံသိ၊ ရှိဘိ အံ့ဖွယ်တော်။

* လိုဏ်မှခ်အတွင်း သိဒ္ဓိသွင်းသော်၊ အင်းနှင့် ဆေးဝါး များလည်း၊ စွမ်းအားကူဒ္ဓိ တန်ခိုးရှိ၊ သိဒ္ဓိအံ့ဖွယ်တော်။

ဤသို့ အံ့ဖွယ်ဂုဏ်ကိုးသွယ်နှင့် တင့်တယ်ကျော်ကြား ဤရွှေဂူနီ မြတ်စွာဘုရားအား ဤအကျဉ်းချုပ်ထားသော သမိုင်းဆောင်းပါးနှင့်တကွ သုံးပါးဒွါရ ပဏာမဖြင့် ဦးချရှိခိုးလိုက်ပါရစေ။

**ဂုဏ်အင်္ဂါ (၁၀)ရပ်နှင့် ညီညွတ်သော လှည်းစခန်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျောက်ကာ ရွှေဂူနီ ဘုရားစေတီတော်ကား ပုဂံခေတ်မှ ရတနာပုံခေတ်အထိ ထင်ရှားလှသော ဗန်းမော်မြို့နှင့် စစ်ကိုင်းမြို့ ဆက်သွယ်သွားလာရာ လမ်းမ၏ ခရီးထောက်စခန်း၌ တည်ရှိလေသည်။ ရွှေဂူနီဘုရားစေတီတော်၏ အမည်နာမသည် အရှေ့ဘက်မျက်နှာ ဆာဝတီမြစ်နှင့် အနောက်ဘက်မျက်နှာ သလ္လာဝတီမြစ်အကြား လွင်ပြင်နယ်မြေကြီးကို လွှမ်းကျော်လျက် မြန်မာနိုင်ငံတစ်ဝှမ်းလုံးထိ ဂုဏ်သိက္ခာသတင်းရနံ့ ထုံသင်းပျံ့နှံ့ လွှမ်းဖုံးသည်မှာ အံ့ဖွယ်ရှိပေစွ။

ထိုခရီးထောက်စခန်း၏ နယ်နိမိတ်အဝန်းကြီးကား အရှေ့ဘက်၌ ရေဝေတောင်တန်းကြီး၊ တောင်ဘက်၌ ကျောက်ကာတောင်တန်းနှင့် ရွှေမြင်တင်တောင်တန်း၊ အနောက်ဘက်၌ အင်တိုင်း သစ်တော၊ မြောက်ဘက်၌ အင်ပိုင်းတောနှင့် သာစည်တောင်တန်းကြီးအထိ ဖြစ်လေသည်။ အရှေ့အနောက်အားဖြင့် အလျားမိုင် ၇၀၊ တောင်မြောက်အားဖြင့် အနံ ၁၅မိုင်မျှ ထုထည်ပမာဏ ကျယ်ဝန်းလှသော သစ်တောကြီး၏ အနောက်ဘက်အဝင်ဝအရပ်၌ ရွှေဂူနီဘုရားစေတီတော် ကိန်းဝပ်စံပယ်လျက်ရှိလေသည်။

ကျောက်ကာရွာကြီးကို အစွဲပြု၍ ထိုခရီးထောက်စခန်းကို "ကျောက်ကာလှည်းစခန်း"ဟု အသုံးတွင်ခဲ့ရာမှ ရွှေဂူနီဘုရားစေတီတော်တည်ထားကိုးကွယ်မှု ပေါ်လွင်ထင်ရှားသော သက္ကရာဇ် ၁၀၀ပြည့်နှစ်(သာလွန်မင်းတရားကြီးလက်ထက်)တွင် "ကျောက်ကာ ရွှေဂူနီခရီးစခန်း"ဟု ပြောင်းလဲ ခေါ်ဆိုလာကြပါ၏။ သစ်ရိပ်ဝါးရိပ်နှင့်တကွ ရေချိုရေကောင်း ပြည့်စုံ၍ ထင်း၊ မြက် စသည့် ရလွယ်ခြင်း၊ သားရဲတိရစ္ဆာန်များနှင့် ခိုးသူ ဓားပြရန်ဘေးမှ ကင်းဝေး၍ အုပ်ချုပ်သူတို့၏ အစောင့်အရှောက်နှင့် ပြည့်စုံခြင်း အစရှိသော လှည်းစခန်း ဂုဏ်အင်္ဂါ ၁၀ရပ်နှင့် ညီညွတ်သောကြောင့် လှည်းကုန်သည်များ၊ ခရီးသွား အာဂန္တုများ၏ ညအိပ်ညနေ နားခိုအားထားရာ စခန်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးနှင့် ဆီမီးကပ်လှူ ပူဇော်ရာ ဘုရားစေတီဖြစ်လာပါတော့၏။

**သမိုင်းကွင်းဆက် ပထမအချက် မြတ်ဗုဒ္ဓဓာတ်တော်**

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး မြင်သိထင်ရှားကျော်ကြားနေသော ဤရွှေဂူနီဘုရားစေတီတော်သည် မူလ ဘုမ်ိနက်သန်မြေ၌ တည်ထားကိုးကွယ်နှင့်ပြီးဖြစ်သော "ရှေးကျောက်ကာ အသောကစေတီငယ်တစ်ဆူကို နေရာမပျက် ဌာပနာလျက် ငုံတည်ခဲ့သော စေတီတော်ပါတည်း။ ထို့ကြောင့်ပင် ထိုအသောကစေတီငယ်၏ ဖြစ်တည်လာခြင်း "သမိုင်းကွင်းဆက် နိဒါန်းလေးချက်"ကို သိသာစေရန် ရှေးဦးစွာ မိတ်ဆက် ဖော်ပြရပါဦးမည်။

သမိုင်းကွင်းဆက် နိဒါန်းပထမအချက်ကား ဂေါတမမြတ်စွာဗုဒ္ဓ၌ အကြောင်းပြု၍ ဗုဒ္ဓဓာတ်တော် ထွန်းပေါ်လာခြင်းဖြစ်ပါသည်။ မြတ်စွာဗုဒ္ဓသည် မဟာသက္ကရာဇ် ၆၈ခု၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် ဖွားမြင်၍ သက်တော် ၃၅နှစ်အရွယ်ရောက်သောအခါ မဇ္ဈိမ ပဋိပဒါအကျင့်မြတ်ကို အားထုတ်ခဲ့သောကြောင့် မဟာလူသား ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပါသည်။ သက္ကရာဇ် ၁၀၃ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် မဟာလူသား ဗုဒ္ဓဖြစ်သည်မှ စတင်၍ ၄၅ဝါပတ်လုံး ဒေသနာတရား(ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀မျှ)ကို ဟောကြားတော်မူခဲ့ပါသည်။ သက်တော် နှစ် ၈၀အရွယ်၊ သက္ကရာဇ် ၁၄၈ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့အဆုံး နေအရုဏ်မတက်မီ အချိန်တွင် ပရိနိဗ္ဗာန်ဝင်စံတော်မူ၍ တေဇောဓာတ်လောင်ကျွမ်းရာမှ ဓာတ်တော်အများအပြားကို ကြွင်းကျန်စေရန် ခြွင်းချန်ထားရစ်တော်မူခဲ့ပါသည်။ အဓိဋ္ဌာန်ပြုတော်မူခဲ့ခြင်းပေတည်း။

ဂေါတမမြတ်စွာဗုဒ္ဓ၏ ကြွင်းကျန် ဓာတ်တော်များကို အသမ္ဘိန္နနှင့် သမ္ဘိန္နဟူ၍ နှစ်မျိုးနှစ်စား ပိုင်းခြားမှတ်သားကြရသည်။ အသမ္ဘိန္နအမျိုးအစားမှာ မူလ ပကတိအတိုင်း မပြိုမကွဲသော ဓာတ်တော်မျိုးဖြစ်၍ စွယ်တော် ၄ဆူ၊ ညှပ်ရိုးတော် ၂ဆူ၊ နဖူးသင်းကျစ်တော် ၁ဆူ၊ ပေါင်း ၇ဆူရှိပါသည်။ မူလပကတိအတိုင်း မရှိတော့ဘဲ အစိတ်စိတ်ပြိုကွဲသွားသော



www.burmeseclassic.com

www.burmeseclassic.com





ဓာတ်တော်မျိုးကို သမ္ဘိန္နဓာတ်တော်ခေါ်ဆိုရသည်။ အစိတ်စိတ် ပြိုကွဲသွားရာတွင် ရွှေအဆင်းရှိသော ပဲနောက်စေ့အရွယ် အကြီးစား(မဟန္တ)ဓာတ်တော် ၅ကွမ်းစား၊ ပုလဲအဆင်းရှိသော ဆန်ထက်ဝက်ကျိုးအရွယ် အလတ်စား(မဇ္ဈိမ)ဓာတ်တော် ၅ကွမ်းစား၊ မြလေးငုံအဆင်းရှိသော မုန်ညင်းစေ့အရွယ် အငယ်စား(ခုဒ္ဒက)ဓာတ်တော် ၆ကွမ်းစား(ပေါင်း ရှစ်စိတ် ပမာဏ)ပါဝင်နေပါသည်။

**ဓာတုစေတီရှစ်ဆူမှ မဟာဓာတုသမ္ဘူဟ စေတီတော်**

သမိုင်းကွင်းဆက် နိဒါန်းဒုတိယအချက်ကား ထိုဗုဒ္ဓ ဓာတ်တော်များကို အကြောင်းပြု၍ ပဌမဓာတုစေတီ ရှစ်ဆူ ပေါ်ထွန်းလာခြင်းဖြစ်ပါသည်။

ထိုဓာတ်တော်ပမာဏ ရှစ်စိတ်မျှကို တက္ကသိုလ် ပါမောက္ခဖြစ်ခဲ့ဖူးသော ဒေါဏပုဏ္ဏားကြီးသည် အညီအမျှ ရှစ်ပုံ **ရှစ်စုပြု၍** တောင်းခံလာသူ ရှစ်ပြည်ထောင်မှ မင်းပုဏ္ဏား ရှစ်အုပ်စုအား(တစ်စိတ်စီ)ခွဲဝေ နှင်းအပ်လိုက်ပါ၏။ ထိုမင်း ပုဏ္ဏားတို့လည်း မိမိတို့ တိုင်းနိုင်ငံ၊ မြို့ရွာသို့ ပြန်ရောက်ကြ သည့်အခါတွင် ထိုဓာတ်တော်များ(ရရှိခဲ့သမျှ ခွဲတမ်းအားလုံး) သွင်းနှံ ဌာပနာသော စေတီတော်အသီးသီးကို တည်ထား ကိုးကွယ်ကြသဖြင့် ဓာတုစေတီပေါင်း ရှစ်ဆူပေါ်ပေါက်ဖြစ် တည်လာပါသည်။

ဓာတုစေတီ ရှစ်ဆူတည်ရှိရာ အရပ်ဒေသတို့မှာ ကုသိနာရုံပြည်၊ ဝေသာလီပြည်၊ ရာဇဂြိုဟ်ပြည်၊ ကပိလဝတ် ပြည်၊ အလ္လကပ္ပပြည်၊ ဝေဋ္ဌဒီပကပြည်၊ ပါဝေယျတိုင်းနှင့် ရာမပုဏ္ဏားရွာတို့ဖြစ်ကြ၍ တစ်ဒေသ၌ တစ်ဆူစီ တည်ထား ကိုးကွယ်ခြင်းပင်ဖြစ်သည်။

သမိုင်းကွင်းဆက်နိဒါန်းတတိယအချက်မှာမူ ထိုစေတီ တော်များ၏ မလုံခြုံမှုကို အကြောင်းပြု၍ ရာဇဂြိုဟ်ပြည်၌ အဇာတသတ်ဘုရင်သည် မြတ်စွာဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံနှစ်ကို အမှတ်ရနေစေရန် ရည်ရွယ်လျက် မဟာသက္ကရာဇ် ၁၄၈ခုကို အကြွင်းမဲ့ ပယ်ဖြတ်၍ ဗုဒ္ဓသက္ကရာဇ်ကို သတ်မှတ်လိုက်လေ သည်။ အဇာတသတ်ဘုရင် အကြွင်းမဲ့ ပယ်ဖြတ်လိုက်သော မဟာသက္ကရာဇ်ဟူသည် မဟာသက္ကရာဇ(မဟာသာကီဝင်) ဘိုးတော် အဉ္ဇနဘုရင် ထားရစ်ခဲ့သော မဟာသက္ကရာဇနှစ် (မဟာသက္ကရာဇ်)ပင် ဖြစ်ပါ၏။ ယခု အဇာတသတ်နှစ်ဟု မခေါ်ဘဲ "ဗုဒ္ဓသက္ကရာဇ်"ဟု သတ်မှတ်လိုက်ခြင်းကြောင့် ဗုဒ္ဓဝေါဟာရကိုယ်စား သာသနာဝေါဟာရဖြင့် ဖလှယ်အစား ထိုး၍ "သာသနာသက္ကရာဇ်"ဟု ခေါ်ဆိုခဲ့ကြပါသည်။

ထိုသာသနာသက္ကရာဇ် ၁ခု၊ ဝါခေါင်လတွင် ရာဇဂြိုဟ် ပြည်၊ ဝေဘာရတောင်၊ စရည်းပင် လိုဏ်ဂူကြီး၌ အရှင်မဟာ ကဿပမထေရ်ကြီး အမှူးရှိသော ရဟန္တာငါးရာတို့က ပဌမ သင်္ဂါယနာတင်ပွဲ ဆင်နွှဲတော်မူခဲ့ကြပါ၏။ သင်္ဂါယနာတင်ပြီး ချိန်တွင် အရှင်မဟာကဿပ မထေရ်ကြီးသည် ဗုဒ္ဓဓာတ်တော် များ ပျောက်ပျက်မည့်အရေးကို မြင်သိတော်မူ၍ တစ်စု တစ်စည်းတည်း ငုံ့ခြုံစွာ ထားရှိ ထိန်းသိမ်းရန် ဘုရင်အဇာ တသတ်နှင့် တိုင်ပင်ညှိနှိုင်းတော်လျက် လျှို့ဝှက်စေတီတစ်ဆူကို စီမံတည်ဆောက်စေတော်မူသည်။ မဟာဓာတုသမ္ဘူဟာစေတီပါ တည်း။

မူလတည်ထားနှင့်ပြီးသော ဓာတုစေတီတို့၌ ကိုးကွယ် ရန် အနည်းငယ်မျှသာ ချန်ထားစေပြီးလျှင် ကျန်ဓာတ်တော် များစွာကို သက်ဆိုင်ရာ မင်းပုဏ္ဏားတို့ထံမှ မထေရ်မြတ်ကြီး သည် အလှူခံယူတော်မူလျက် ရာဇဂြိုဟ်ပြည်၌ အသစ်တည် ဆောက်သော လျှို့ဝှက်စေတီငယ်၌ ပေါင်းစု ဌာပနာခြင်းပင် ဖြစ်ပါတော့သည်။

**ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ကို ပူဇော်ကိုးကွယ်သူ**

သမိုင်းကွင်းဆက် နိဒါန်း စတုတ္ထအချက်သည်ကား ထိုမဟာဓာတုသမ္ဘူဟစေတီနှင့် ဓာတ်တော်ပေါင်းတို့ကို အကြောင်းပြု၍ သိရီဓမ္မာသောကမင်းတရား၏ သာသနာပြု ၈၄၀၀၀ စေတီအရေးအတွက်တွင် "ရှေးကျောက္ကာအာသောက စေတီငယ်တစ်ဆူ"တည်ထားပါဝင်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်မင်းနေပြည်ကို အောင်မြင်သော သာသနာ သက္ကရာဇ် ၂၂၂ခု(ဘီစီ ၂၆၁ခု)တွင် အသောကမင်းတရားသည် အတိညာဉ်တန်ခိုးကြီးမားသော ဣန္ဒဂုတ္တ ရဟန္တာမထေရ်မြတ်၏ အကူအညီဖြင့် မြတ်ဗုဒ္ဓဓာတ်တော်တိုက်(မဟာဓာတုသမ္ဗုဟာစေတီ)ကို တူးဖော်ရရှိနိုင်လေသည်။ ထူးခြားကြီးကျယ်သော သာသနာပြုမင်းတစ်ပါးပီပီ မြတ်ဗုဒ္ဓ၏ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ကို ပူဇော်လိုသဖြင့် ထိုဓာတ်တော်များ သွင်းနှံဌာပနာအပ်သော စေတီတော်ပေါင်း ၈၄၀၀၀၊ ကျောင်းဝိဟာပေါင်း ၈၄၀၀၀ တည်ထားကိုးကွယ်ကြစေရန် စီမံ စိုင်းပြင်းခဲ့သည်။

မဇ္ဈိမတိုက် အိန္ဒိယနိုင်ငံတစ်ဝန်းလုံးနှင့် နယ်ခြားထိစပ်ရာ ဒေသအသီးသီးရှိ မင်းများ၊ ပုဏ္ဏား၊ မြို့စား၊ ရွာစားသည်တို့ကို စာချွန်တော်ပို့လွှတ်၍ ဖိတ်ခေါ်ကာ ဓာတ်တော်များ ပေးဝေခဲ့၏။

ထိုစာချွန်တော်ဖြင့် အဖိတ်ခေါ်ခံရသူ ထီးဆောင်းမင်း မြို့စား ရွာသူကြီး ရွာအုပ်စာရင်းတွင် စစ်တောင်းမြစ်ဝှမ်း၊ တောင်ငူဒေသမှ ရွာအုပ် ဦးမြတ်လု၊ ရွာအုပ် ဦးစောလု၊ ရွာအုပ် ဦးကျောက်ဖားတို့ ပါဝင်သဖြင့် ပါဋလိပုတ်မြို့သို့ သွားရောက်ခဲ့ကြသည် ဆိုပါ၏။ ဧရာဝတီမြစ်ကို လွန်ကျော်သောအခါ အနောက်ဘက် တောတောင် ကန္တာရတစ်လျှောက်သို့၌ အဘိညာဉ်တန်ခိုးရှင် ဣန္ဒဂုတ္တရဟန္တာမထေရ် ဖန်ဆင်းစီရင်အပ်သော နတ်လမ်းမကြီးအတိုင်း နာရီပိုင်းအတွင်း မပင်မပန်း ခရီးနှင်နိုင်ကြသည်ဟု သိရပါ၏။

စေတီတော်ပေါင်း ၈၄၀၀၀ တည်ထားရန် စီမံ စိုင်းပြင်းသော သက္ကရာဇ် ၂၂၂ခု(ဘီစီ ၂၆၁)တွင် မြန်မာနိုင်ငံအတွင်း၌ ရှေးဦး ပျူမင်းဆက် စတင်နေပြီဖြစ်သည်။ တချို့က သရေခေတ္တရာမင်းဆက် လေးဆက်မြောက် "ရန်ဘန်ပိုင်မင်း" သည် အသောကမင်းတရားနှင့် ထီးပြိုင်နန်းပြိုင်ဟု ဆိုကြ၏။ သမိုင်းပါမောက္ခတစ်ဦးက ရှေးဟောင်း ပျူမြို့တော် မိုင်းမော(ကူမဲမြို့အနီး)၏ မြို့တည် သက္ကရာဇ် ရက်စွဲအကြမ်းအဖြစ် ဘီစီ ၂၈၁စုဟူ၍ ဖော်ထုတ်ပြထား၏။ ထိုမြို့တော် မိုင်းမော(မတည်သေးမီကာလအပါအဝင်) ထင်ရှားသောခေတ်တွင် ဧရာဝတီနှင့် သလ္လာဝတီမြစ်နှစ်သွယ်အကြား မြေပြန့်လွင်ပြင်ကြီးအတွင်း၌ မြို့ရွာများစွာ ပေါ်ပေါက်ထွန်းကားလျက်ရှိပါသည်။ ရာသီဥတုကောင်းမွန်၍ မြေဩဇာထက်သန်လျက် သစ်တော မြစ်ချောင်း ရှင်သန်စီးဆင်းရာ နယ်မြေဖြစ်သောကြောင့် ကျောက်သံမြို့(ယခု ကျောက္ကာရွာ၏ အနောက်အရပ်)သည် အချက်အချာကျကာ စည်ကားလုပါ၏။



သလ္လာဝတီမြစ်ဝှမ်း၊ အလုံမုံရွာဒေသမှ ကျောက်သံမြို့စားသည်လည်း တောင်ငူဒေသမှ ရွာအုပ်များနည်းတူစွာ အသောကမင်း စာချွန်တော်ကို ရရှိလိမ့်မည်။ ပါဋလိပုတ်မင်းနေပြည်၏ ခွဲတမ်း မြတ်ဗုဒ္ဓဓာတ်တော်အချို့ကို လက်ခံလိမ့်မည်။ ဌာပနာသွင်းနှံသော စေတီတော်တစ်ဆူကိုလည်း တည်ထားကိုးကွယ်ခဲ့လိမ့်မည်ဟု ဆက်စပ် မှန်းဆနိုင်ပေသည်။ အကြောင်းသော်ကား ထိုကျောက်သံမြို့၏ အရှေ့ဘက် သဲဖြူချောင်းအနီးရှိ ဘူမိနက်သန် ကုန်းမြေမွန်၌ အသောကစေတီတော်နှင့်တကွ အသောကကျောက်တော် ပူးတွဲ တည်ထား အထင်အရှားရှိသောကြောင့်ပေတည်း။

ပါဋလိပုတ်ပြည့်ရှင် အသောကဘုရင်သည် တည်ထားဆောက်လုပ်ပြီးစီးသွားသော စေတီတော်ပေါင်း ၈၄၀၀၀၊ ကျောင်းတော်ပေါင်း ၈၄၀၀၀၊ ရေကန်ရေတွင်းနှင့်တကွ အစုစုကုသိုလ်ဒါနတော်များကို သာသနာနှစ် ၂၆၁ခုနှစ်တွင် ရေစက်သွန်းချ၍ လှူဒါန်းတော်မူပါသည်။ ရေစက်သွန်းချပွဲ ကျင်းပရာ အသောကာရုံကျောင်းတော်ပေါ်မှ သာသနာ့ဒါယကာမင်းမြတ်သည် တန်ခိုးရှင် ဣန္ဒဂုတ္တရဟန္တာမထေရ်မြတ်နှင့်တကွ တခြားရဟန္တာများ၏ တန်ခိုးအာနုဘော် အကူအညီအားဖြင့် လှူဒါန်းသမျှ ကုသိုလ်တော်များဖြစ်ကြသော စေတီတော်၊ ကျောင်းတော်အားလုံးကို အကုန်အစင် ဖူးမြင်ခွင့်ရရှိလျက် ကြည်ညိုအထူးသန့်စင်၍ ရွှင်မြူးပီတိ အထွတ်ခြင်



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု အဆိုရှိပါ၏။

**ကျောက်သံမြို့ သဲဖြူချောင်းနှင့် တစ်ဝဂူ လိုဏ်စေတီ**

ရှေးခေတ် ပျူမြို့တော် မိုင်းမော(ကူမဲရွာအနီး)နှင့် နှောင်းခေတ်မြို့တော် သရေခေတ္တရာ(ပြည်မြို့အနီး)တွင် အသီးသီးတိမ်းပါး ပျက်စီးသွားသကဲ့သို့ ကျောက်သံမြို့သည်လည်း ကစဉ့်ကလျား ပျက်စီးသွားရလေသည်။ အလားတူစွာပင် သိရီခေတ္တရာသောကမင်းတရား၏ စေတီတော်ပေါင်း ၈၄၀၀၀ ၏ ယိုယွင်းပြိုပျက်ရာတွင်လည်း ကျောက်သံမြို့ အသောက စေတီတစ်ဆူမှာ အပါအဝင်ဖြစ်ရလေသည်။ သဲဖြူချောင်းကမ်းပါး ပြိုဆင်းမှု၊ သစ်ပင်ချုံနွယ် ပိတ်ဆို့ လွှမ်းဖုံးမှု၊ စေတီကိုယ်လုံးတော် ပြိုပျက်မှု စသည်အားဖြင့် တောင်မို့မို့ ကုန်းမြေသဏ္ဌာန်သာ ကြွင်းကျန်ရစ်ပေလိမ့်မည်။

ရှေးသူဟောင်းတို့၏ ဣတိဟာသ နှုတ်မြွက်သမိုင်းအရ ကျောက်သံမြို့ ပျက်စီးသွားလေသော် ရှင်ကျန်သူ မြို့သားအချို့သည် မြို့၏ အရှေ့မြောက်အရပ်၊ တောင်ကုန်းများ ဝန်းရံအပ်သောနေရာ၌ ရွာကြီးအဖြစ် တည်ထောင်လိုက်ကြ၏။ ကျောက်တိုင်၊ ကျောက်ချပ်ကြီးများဖြင့် ရွာစည်းရိုးသဖွယ် ထောင်မတ် စိုက်ထူကာရံ၍ နေထိုင်ကြသောကြောင့် ကျောက်ကာ(ကျောက္ကာ)ရွာဟု သမုတ်ခဲ့ကြလေ၏။ ဤကဲ့သို့ နေထိုင်လာကြသည်မှာ ပေါက္ကံရာမ၊ ပုဂံမင်းဆက်များအထိ ကြာရှည်၏ဟု သိရပါသည်။

ဤသို့သော ကျောက္ကာရွာသည် သာသနာသက္ကရာဇ် ၁၅၈၈ ခု(အေဒီ ၁၀၄၄)တွင် နန်းစံသော ပုဂံ-အနော်ရထာမင်းတရားလက်ထက်သို့ ရောက်သောအခါ ပတ်ဝန်းကျင်ရွာအုပ်စု၏ ပဓာနအချက်အချာ ကျောက္ကာရွာကြီးအဖြစ် သတ်မှတ်ခြင်းခံရလေသည်။ ကျောက္ကာရွာကြီး၌ ထားရှိ အုပ်ချုပ်စေခဲ့သော ကျေးရွာအုပ်စုအကြီးအကဲကို "ကျောက္ကာမင်း"ဟူသောအမည်ဖြင့် ရေးတိုးကမ္ပည်းတင်ထားကြောင်း ကျောက္ကာရွှေဂူနီဘုရားစေတီကျောက်စာ၌ အထင်အရှားတွေ့နေရပါ၏။

ထိုကျောက္ကာမင်းသည် အစဉ်အဆက်အားဖြင့် အပြတ်အလပ်မရှိဘဲ အုပ်ချုပ်စီမံလာခဲ့ကြပါသည်။ နှစ်ပေါင်းများစွာ ရှည်ကြာကုန်ဆုံးပြီးနောက် သာသနာနှစ် ၁၉၄၄ခု(ခရစ်နှစ် ၁၄၀၀ပြည့်)တွင် ပထမအင်းဝမင်းဆက် ဘုရင်မင်းခေါင်ကြီးလက်ထက် ကျောက္ကာမင်းက စေတီတစ်ဆူတည်ထားကိုးကွယ်ခဲ့၏။ သဲဖြူချောင်းကမ်းပါရှိ အသောကစေတီဟောင်းအပြိုအပျက်များ ကိန်းဝပ်ရာ ကုန်းမို့မို့၌ပင် တိုက်တိုက်ဆိုင်ဆိုင်ရွှေချယ် ရှင်းလင်း၍ ကုလားကျောင်းတိုက်ခံနှင့် တစ်ဝဂူ လိုဏ်စေတီတည်ထားခြင်းဖြစ်လေသည်။ တစ်ဝဂူ ပုံသဏ္ဌာန်ကို အကြောင်းပြု၍ "ရွှေဂူဘုရားစေတီ"ဘွဲ့တော်အမည်ကို ဖွဲ့နှည်းရာမှ ကျောက္ကာအမည်ရှေ့တင်လျက် "ကျောက္ကာရွှေဂူဘုရားစေတီ"ဟူ၍ တိုးတက် ထင်ရှားလာပါ၏။

**အသောက ကျောက်စေတီနှင့် နွားကျောင်းသား**

နှစ်ပေါင်းရာချီ ကုန်လွန်ပြန်၍ သာသနာနှစ် ၂၀၇၀ခု (ခရစ်နှစ် ၁၅၂၆ခု)သို့ ရောက်သောအခါ ပထမ အင်းဝမင်းဆက် ပြတ်စဲကာ သိုဟန်ဘွားမင်း အုပ်စိုးလာသည်။ မြို့ရွာအများ ပျက်စီး၍ သာသနာညှိုးမှိန်သွားရာတွင် ကျောက္ကာရွှေဂူနီဘုရားစေတီတော်လည်း အပါအဝင်ဖြစ်သည်။ စောင့်ရှောက်သော ဒါယကာ မရှိသဖြင့် အုတ်ကြား အပင်ပေါက်၍ စေတီကိုယ်လုံးတော် ပြိုကျပျက်စီးရပြန်လေ၏။

ဒုတိယ အင်းဝမင်းဆက် ပေါ်ပေါက်၍ သာလွန်မင်းတရား ထီးနန်းဆက်ခံပြီးနောက် သာသနာနှစ် ၂၁၈၀ပြည့် (ခရစ်နှစ် ၁၆၃၆ခု)တွင် စစ်ကိုင်းကောင်းမှုတော်(ရာဇမဏိစူဠာ)စေတီကြီးကို တည်ထားကိုးကွယ်ခဲ့ပါသည်။ ထိုနှစ်တွင်ပင် ကျောက္ကာရွာမှ နွားကျောင်းသား မောင်ဆုအောင်သည် သိကြားနတ်ပူးကပ်လျက် ထူးခြားသော စကားများကို အနိုင်အမာပြောကြားလာလေသည်။ ရွာဦးဆရာတော် အရှင်ဉာဏမဉ္ဇူ အမှူးပြုသော ရပ်ရွာလူကြီးများက သူ့စကားအတိုင်း ကုန်းမို့မို့ ချုံအုပ်အုပ်ကို ခုတ်ထွင်ရှင်းလင်းစေသောအခါ သိကြားနတ်ပူးစကားနှင့်အညီ ဝါဖတ်ခြင်းကြီးပမာဏရှိသော (ကျောက်သံမြို့ဟောင်းမှလာ) အသောကကျောက်စေတီငယ်တစ်ဆူကို တူးဖော် ဖူးမြင်ခဲ့ကြရလေ၏။

ထူးခြားဆန်းကြယ် အံ့ဖွယ်ဂုဏ်ရှိရ ကျောက်စေတီငယ်အား ဌာပနာအဖြစ် ငုံမျိုထားခဲ့သော လက်ရှိ ရွှေဂူနီစေတီတော်ကို ထိုဆရာတော် အမှူးပြု၍ တည်ထားလေရာ သာသနာနှစ် ၂၁၈၂ခုတွင် ပြီးမြောက် အောင်မြင်ခဲ့ပါ၏။ မင်္ဂလာကျောက်စာကမ္ပည်းရေးထိုးချက်အရ ကောဇာသက္ကရာဇ် ၁၀၀၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၅ရက်တွင် ရွှေထီးတော် အထွတ်တင်ပြီးစီးသည်ဟု သိရပါ၏။

အသောက ကျောက်စေတီငယ်တစ်ဆူ တူးဖော်ထွက်ပေါ်လာပြီးနောက် ညဥ့်အခါကာလမှ စပြောင်လျက်ရောင်ခြည်တော် လွှတ်လေ့ရှိသောကြောင့် တန်ခိုးတော်ကြီးမားကြောင်း သတင်းပျံ့နှံ့ ကျော်ကြားလေရာ အင်းဝမင်းတရားကြီးထံ ရွှေနားတော်ပေါက်ကြားသွားလေသည်။ နွားကျောင်းသား မောင်ဆုအောင်အား ထိုနှစ် ပြာသိုလအခါ နေပြည်တော်သို့ ခေါ်ဆောင်၍ ရွှေစည်းခုံ(မြို့တွင်း)စေတီ၌ ရာဇဂုရု ဆရာတော်များ၊ နန်းတွင်းပညာရှိ အမတ်များက



www.burmeseclassic.com

www.burmeseclassic.com





မှန်မမှန် စစ်မေးတော်မူကြပါ၏။

သိကြားနတ် ပူးဝင်နေသော မောင်ဆုအောင်က ဗေဒင်ခွန်းပုစ္ဆာများနှင့်အညီ အံ့ဖွယ် မှန်ကန်သော တာဝတိံသာ နတ်ပြည်အကြောင်း၊ ဝေဇယန္တာပြာသာဒ်အကြောင်း၊ သိကြား နတ်မင်းဆိုင်ရာ အသုံးအဆောင်များ အကြောင်းခြင်းရာများ ကို တမုဟုတ်ချင်း ဖြေဆိုပြသည်ဟူ၏။ မောင်ဆုအောင်အား သိကြားနတ်ပူးကပ် ဝင်ရောက်သည်မှာ အမှန်ဖြစ်၏ဟု ဆုံးဖြတ်ခဲ့ကြောင်း မှန်နန်းရာဇဝင်၌ တွေ့ရပါ၏။

မှန်နန်းရာဇဝင်အဆိုအရ သာလွန်မင်းတရားသည် သိကြားမင်းနှင့် တိုက်ရိုက်စကားပြောခွင့်မရကြောင်း ပါရှိလေသည်။ အမတ်ပညာရှိနှင့် သိကြားမင်းပြောဆိုဟန် မှတ်တမ်းတား ရှိပါသေး၏။

**ရွှေကျောင်းသားနှင့် သာလွန်မင်းတရား**

**အမတ်။** အသင် သိကြားမင်း…ဤလူ့ပြည်သို့ အဘယ်ကိစ္စအတွက် ကြွရောက်ပါသနည်း။

**သိကြား။** အဆွေ…ငါ၏ မိတ်ဆွေဟောင်း ဆုအောင် ဆင်းရဲလှသဖြင့် သူ့အား ချီးမြှောက်ရန် လာခဲ့ခြင်းဖြစ်ပါ၏ အဆွေ။

**အမတ်။** မောင်ဆုအောင်နှင့် အသင် သိကြားမင်း အဘယ်သို့ တော်စပ်ခဲ့ပါသနည်း။

**သိကြား။** အဆွေ…ငါသိကြား၊ အသင်တို့ မင်းတရားနှင့် ဆုအောင်တို့ သုံးဦးကား လွန်ခဲ့သော နှစ်ပေါင်း သုံးကုဋေ ၆သန်းကျော်က အိန္ဒိယပြည်၌ ချစ်မိတ်ဆွေများ ဖြစ်ဖူးခဲ့ကြ၏။ ထိုစဉ်က ဆုအောင်သည် အသက်စွန့်လျက် ငါ့အား ကျေးဇူးပြုခဲ့သောကြောင့် ယခုလာ၍ တုံ့ပြန်ရခြင်း ဖြစ်ပါ၏ အဆွေ။

**အမတ်။** အသင် သိကြားမင်းသည် ဆုအောင်ကို သာ ချီးမြှောက်ချေသည်။ မင်းတရားကိုမူ အဘယ့်ကြောင့် မချီးမြှောက်ပါသနည်း။

**သိကြား။** မင်းတရားအား ငါ ချီးမြှောက်ခဲ့ပြီးဖြစ်၏။ ရာဇမဏိစူဠာစေတီ ပန္နက်ချစဉ်အခါက ငါနှင့် သူ့ဇာမိဖုရား ဖျိုင်းယောင်ဆောင်လျက် ပရိဝုဏ်အရှေ့မြောက်ထောင့်ရှိ မန်ကျည်းပင်ထက်၌ နားနေရင်း စောင့်ရှောက်ခဲ့ပေ၏။ အဆွေ ငါလာသောကြောင့် စတုမဟာရာဇ်၊ အာကာသစိုး၊ ရုက္ခစိုး၊ ဘုမ္မစိုးနတ်အပေါင်း လာရောက် ခစားကြ၏။ ထိုနတ်တို့ စုပေါင်းကြရာ၌ ဖုတ်၊ တစ္ဆေ၊ သရဲ၊ သဘက် စသော မကောင်းဆိုးရွားများ အဝေးသို့ ပြေးသွားကြရလေ၏။ ဤနည်း ဖြင့် စေတီတော်တည်စဉ်ကာလအတွင်း အန္တရာယ်ကင်းရှင်း ရပေသည် အဆွေ။

သာလွန်မင်းတရားလည်း အလုံးစုံ သိခွင့်ရ၍ ဝမ်း မြောက် ရွှင်လန်းကာ မောင်ဆုအောင်အား ဖူးတောင်းကန် နွားစားကျက်မြေနှင့်တကွ ဆုလာဘ်ရတနာပေးသနား၍ ချီးမြှောက်တော်မူပါ၏။ သိကြားမင်းသည် ဒိသာပါမောက္ခ ဆရာကြီးများထံ ပူးကပ်လျက် မြတ်ဗုဒ္ဓ၏ အလုပ်အကျွေး ဆေးဝါးဒါယကာဖြစ်လာအံ့သော စာသင်သား ဇီဝကအား တစ်ပါးသူ မသိမတတ်နိုင်သော ဆေးပညာကို သင်ပေးခဲ့ဖူး ကြောင်း ဝိနည်းမဟာဝါအဋ္ဌကထာ၌ လာရှိပုံကို ထောက်ဆ ၍ သိကြားပူးကပ်ခြင်းမှာ ယုံကြည်ထိုက်လှစွာ၏။

ဖလ်နန်းရှင် စစ်ကိုင်းမင်းလက်ထက်(ကောဇာနှစ် ၁၁၇၉ခု)တွင် တစ်ကြိမ်၊ သီပေါမင်း ပါတော်မူပြီးနောက် (ကောဇာနှစ် ၁၂၆၀ပြည့်)တွင် တစ်ကြိမ်၊ စတုတ္ထ ရွှေဂူနီ စေတီတော်အဖြစ် ကောဇာနှစ် ၁၃၃၂ခုတွင် တစ်ကြိမ် တိုးချဲ့ မွမ်းမံပြုပြင် ပူဇော်လာကြခြင်းကြောင့် ဘုန်းတော်တိုး ၍ တန်ခိုးရှိန်ဝါ ကျက်သရေမင်္ဂလာအဖြာဖြာ ပွင့်လင်း တောက်ပလျက်ရှိသည်ကို မျက်မြင်မှချ ဖူးတွေ့နေရပေ သတည်း။

* * *

ကိုစောစစ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"အင်္ဂုလိမာလ,တဲ့ဟေ့"ဟု ဒေါသတကြီး ကြုံးဝါးအော်ဟစ်သံသည် ကောင်းကင်ဘဝဂ်ထက်၌ နားကွဲလုမတတ်ပင်။ အေးသေ၊ လောဘ၊ မောဟတို့ လွှမ်းမိုးနေပါသလား။ ဂေါတမမြတ်စွာဘုရား၏ ဖောစီပင်နှင့် ရွှေပလ္လင်ကို သူသာ ပိုင်ထိုက်သည်ဟု ဒေါသဖြင့် ကြုံးဝါးဟစ်ကြွေးလိုက်ခြင်းပင် ဖြစ်သည်။

ဂေါတမ ဘုရားရှင်ကတော့ မည်သို့မျှ မမှုလေ။ အင်္ဂုလိမာလ ဘီလူးသည် ကြုံးဝါး ဟစ်အော်၍ သုံးလူ့ရှင်ပင် မြတ်ဘုရားအား အနိုင်တိုက်ခိုက်နိုင်လိမ့်မည်ဟု ထင်နေ၏။ ဂေါတမဘုရားရှင်၏ ပလ္လင်ကို ရယူဖို့နေနေသာသာ အနားတောင် ကပ်ရလိမ့်မည်မဟုတ်။

အချို့သောသူများသည်လည်း အင်္ဂုလိမာလ ဘီလူးအား မြတ်စွာဘုရားရှင်မှ နိုင်ပါ့မလားဟု စိုးရိမ်စိတ် တဖြည်းဖြည်းဝင်လာခဲ့သည်။ အင်္ဂုလိမာလ,က ကြမ်းသည်ထက် ကြမ်းလာသော်လည်း တို့များ ဂေါတမမြတ်စွာဘုရားကတော့ ရွှေပလ္လင်ထက်တွင် တည်ငြိမ်စွာ သီတင်းသုံးလျက်ပင်။

အင်္ဂုလိမာလ ဘီလူးကလည်း လက်လျှော့မည်မဟုတ်။ မြားမှုများကို ဂေါတမမြတ်စွာဘုရားအပေါ် ရွာချလိုက်သည်။ သို့သော် ပူပြင်းလှသော ထိုပြာပူများသည် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ စန္ဒကူးနံ့သာနံ့မွှေးသော ပန်းဝတ် ပန်းမှုန်တို့ဖြစ်သွားသည်။ ထို့နောက် အင်္ဂုလိမာလသည် ရွှံ့နွံပူများဖြင့် အဆက်မပြတ် ရွာသွန်းတိုက်ခိုက်သော်လည်း ဂေါတမမြတ်စွာဘုရားက မမှုပေ။

သူ ဘယ်လိုလုပ်ရမည်နည်း။ အမှောင်ထု ဖုံးလွှမ်းပြီး အမှောင်ထဲမှ ထွက်ပြေးရန် ကြံစည်မိတော့သည်။ သူ၏ကိုယ်တွင် ချွေးသီးချွေးပေါက်များ ကျဆင်းလာခဲ့ပြီ။ ခန္ဓာကိုယ်သည်လည်း တုန်ယင် မောပိုက်လာချေပြီ။ ဂေါတမဘုရားရှင်အား သူ မနိုင်တော့မှန်း သိရပြီ။ ဒါကြောင့်လည်း အမှောင်ထုကို အကာအကွယ်ပြု၍ ထွက်ပြေးမည်အကြံနှင့်...

"ဟယ်...ဂေါတမ၊ ငါ့ရဲ့ ဘုန်းတန်ခိုးတော်ကြောင့် စကြဝဠာတစ်ခုလုံး အမှောင်တိကျအုံ့"

ဟု ကြုံးဝါးပြီး အော်ဟစ်လိုက်လေသည်။ ထိုအခါ ဂေါတမသည် မွေးညင်းတွင်း ပမာဏရှိသော ရောင်ခြည်တော်ဖြင့် အလင်းဆောင်ကာ အင်္ဂုလိမာလလွှတ်လိုက်သောအမှောင်ထုကို ဖျက်ဆီးလိုက်တော့သည်။ ထိုအခါ ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားတော့၏။ ထိုအချိန် ပရိသတ်တို့ကလည်း "ဟယ်ခနဲ...ဟာခနဲ" အံ့ဩကုန်ကြသည်။

ဂေါတမဘုရားရှင်ထံသို့ သာဝတ္ထိပြည်မှ မာရ်နတ်သည်လည်း လာရောက်တိုက်ခိုက် လုယူဖူး၏။ ယခုလည်း အင်္ဂုလိမာလသည် ကိုးမျိုးသော လက်နက်များဖြင့် တိုက်ခိုက်သော်လည်း မအောင်နိုင်၍ နောက်ဆုံး၌ သူ အားအကိုးရဆုံး ဘွဲ့ဖြူလက်နက်ဖြင့် ပစ်လွှတ်တိုက်ခိုက်ရန် အသင့်ပြင်တော့သည်။

ဒီပွဲတွင် သူ ရှုံး၍မဖြစ်။ အကယ်၍များ ရှုံးခဲ့လျှင် လူပုံအလယ်ကြား သူ အရှက်ကွဲရတော့မည်ဟု တွေးတောလျက် ဘွဲ့ ဖြူလက်နက်ကို သုံးလေးပတ် ဝှေ့ရမ်းကာ ဂေါတမဘုရားရှင်ထံသို့ ပစ်ထည့်လိုက်တော့သည်။ အသံကား ကြောက်မက်ဖွယ်လိလိပင် ဖြစ်သည်။ ပရိသတ်တို့လည်း ရန်းရင်းဆန်ခတ်ဖြစ်ကုန်၏။ သို့သော် အင်္ဂုလိမာလ၏ အားအထားရဆုံး လက်နက်သည် ဂေါတမမြတ်စွာဘုရား၏ ခြေတော်ရင်းဝယ် ခြေသုတ်ပုဆိုးနယ် ရစ်ခွေလျက် ဖြစ်နေပါတော့သည်။

အင်္ဂုလိမာလသည် ဤမျှ ဘုန်းတန်ခိုးရှင်ကို သူ မမြင်ဘူးသောကြောင့် အံ့ဩပြီးရင်း အံ့ဩနေ၏။ ထို့နောက် ခဏတွင်း အတွေးတစ်ခုဝင်လာကာ ဂေါတမသည် မေတ္တာအာနုဘော်ကြောင့်သာ ဖြစ်ပါလိမ့်မည်။ သည်တော့ ဂေါတမမြတ်စွာဘုရား စိတ်ဆိုး ဒေါသထွက်ပြီး မေတ္တာနှင့် ကင်းကွာအောင် ပြုအံ့ဟု တွေးကာ ဂေါတမထံ သွားပြီး...

"ရဟန်းကြီး...ငါ၏ ဗိမာန်မှ ယခုပင် ထွက်သွားလော့။ နောက်တစ်ဖန် ပြန်ဝင်လာခဲ့တော့ ဂေါတမ"

ဟု အကြိမ်ပေါင်းများစွာ ဝင်ချည်ထွက်ချည် ပြုလုပ်နိုင်းလေသော် ဂေါတမ မြတ်စွာဘုရားရှင်သည်...

"ငါ့အား အင်္ဂုလိမာလသည် အားပြတ်ရန်အလိုအတွက် ယခုလို ခိုင်းခြင်းဖြစ်သည်။ ယခုအခါ ငါ မထွက်တော့။ ပလ္လင်ပေါ်၌သာ သီတင်းသုံးနေတော့မည်"

ဟု ဆုံးဖြတ်ပြီး ပလ္လင်ပေါ်၌သာ သီတင်းသုံးနေလိုက်တော့၏။

ထို့နောက် အင်္ဂုလိမာလသည် အမြင်မှန်ရလာပြီး သူ၏လက်နက်တို့သည် မြတ်စွာဗုဒ္ဓ၏ မေတ္တာလက်နက်လောက် မစွမ်းပါလားဟု သိပြီး မြတ်စွာဘုရားထံမှ တရားနာယူ၍ သောတာပန်တည်သွားပါတော့သည်။

ဂေါတမမြတ်စွာဘုရား၏ မေတ္တာလက်နက်ကား ကြီးမားလှပါပေသတည်း။

* * *

ခပေါ် လွှယ်ဦး(ဓနု)



www.burmeseclassic.com

www.burmeseclassic.com





သတ္တမမြောက်ရွှေကျင်သာသနာပိုင်ကျိုက်လတ်ပုဗ္ဗာရုံဆရာတော်
(၁၂၂၆-၁၃၁၁)

# သတ္တမမြောက် ရွှေကျင်သာသနာပိုင်

# အရှင်ကေလာသမဟာထေရ်

မောင်ဆန္ဒ (လယ်ဝေး)

မြင်းမူမြို့အနောက်ဘက် ၁၄မိုင်ခန့်အကွာ သမန်းအေးရွာနေ ခမည်းတော် ဦးရွှေအိ၊ မယ်တော် ဒေါ်ကြီးခေါင်တို့မှ မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်။ သား ၅ယောက်၊ သမီး ၂ယောက်အနက် ဒုတိယမြောက် သားရတနာဖြစ်သည်။ ယာတောင်၌ နေစဉ် မွေးဖွားသဖြင့် "မောင်တော"ဟု အမည်မှည့်သည်။

၆နှစ်သားအရွယ်တွင် သမန်းအေးရွာကျောင်း ဘုန်းတော်ကြီး ဦးဥတ္တမထံ ပညာစသင်သည်။ ထို့နောက် တောချောင်းဦးဆရာတော်ဦးဝုဒ္ဓိထံ ပညာသင်သည်။ တစ်ဖန် ဆင်စွယ်ပေါင်းတောရ ဆရာတော် ဦးအာဒိစ္စထံ၌ ဆက်လက်ပညာသင်သည်။ အသက် ၉နှစ်သားတွင် ဆရာတော် ဦးဥတ္တမကို ဥပဇ္ဈာယ်ပြုလျက် သာမဏေဖြစ်သည်။ အသက် ၂၀ ပြည့်သော် ချောင်းဦး ပဲပြစ်တောရ ဆရာတော် ဦးဥတ္တမကို ဥပဇ္ဈာယ်ပြုပြီး ခင်မွန်သုံး ဂိုဏ်းချုပ်ဆရာတော်က နိဿယ မာရာပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကျော် သီလုံဆရာတော်၏ တပည့် ရွှေကျင်ဆရာတော်နှင့် ရှမ်းလေးကျွန်းဆရာတော်၏ အဆက်ဖြစ်သည်။ ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်သည် ရှမ်းကလေးကျွန်းဆရာတော်နှင့် ရွှေကျင်ဆရာတော်၏ တပည့်ဖြစ်သည်။ သို့ဖြစ်ရာ အရှင်ကေလာသသည် ခင်မွန်ဆက်၊ ခင်မွန်ထွက်ဟု ဆို နိုင်သည်။

ရဟန်း (၁၁)ဝါရသော် ရွှေကျင် ဒုတိယ သာသနာပိုင် ဝိသုဒ္ဓါရုံ ဆရာတော်ထံ၌ ပညာသင်ခဲ့၍ ဆရာကောင်း၊ ဆရာမြတ်များထံ နည်းခံခွင့်ရသော ပုဂ္ဂိုလ်ဖြစ်သည်။

ဆရာဖြစ်သော ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်ကြီးသည် ဝိနည်းအရာတွင် သံသယရှိလျှင် အသုံးအစွဲမပြုရှောင်ကြဉ်သည်။

ရေစကြို၊ ဂူဖြူတောရ ဆရာတော်သည်လည်း ဝိနည်းအရာ၌ အထူးကျော်ကြားသည်။ အလုံ ခင်မွန်ဆရာတော်နှင့် ဂူဖြူတောရ ဆရာတော် ဆုံဆည်းသော် ဂူဖြူဆရာတော်က…

"ယခုခေတ်ပေါ် ရထားစီးအပ်၊ မအပ်ကို စာဆိုအတိုင်းဖြေစမ်းပါ"

ဟု မိန့်သည်။ အလုံခင်မွန်ဆရာတော်က…

"ဂီလာန မဟုတ်လျှင် ပေါင်းချုပ်၊ ရထား၊ လှည်း ခံလွန်ထမ်းစင် မစီးကောင်း"

ဟု လျှောက်သည်။

ထိုအခါ ဂူဖြူတောရ ဆရာတော်က…

"ယခုခေတ် မန္တလေး-ရန်ကုန် စုန်ဆန်သွားနေတဲ့ စက်ရထားရော အပ်, မအပ် ဘယ်ပုံသဘောရသလဲ"

ဟု မေးသည်။ ထိုအခါ အလုံ ခင်မွန်ဆရာတော်က…

"ဘယ်ပုံသဘောရလဲ ပြောရရင် စက်မီးရထားသွားပုံ ပြောပါဦး"

ဟု ဆို၏။ ထိုအခါ ဂူဖြူတောရ ဆရာတော်က…

"ဘယ်ပြောတတ်မလဲ၊ တွေ့မှ မတွေ့ဘူးဘဲ"

ဟု ဖြေသဖြင့်…

"ဒါဖြင့် မစီးတာဘဲ အပြစ်ကင်းပါတယ်လေ"

ဟု ရှောင်ကြဉ်သည်။

ဝိနည်းနှင့် ပတ်သက်လျှင် ဘုရားရှင် မျက်မှောက်၌ ရှိဘိအလား စောင့်ထိန်းသည်။

ဤသို့ ဝိနည်းကို အလေးထားသော ဆရာကောင်း၊ ဆရာမြတ်တို့၏ တပည့်ဖြစ်သော အရှင်ကေလာသသည် ငယ်စဉ်က စာပေသင်ယူခဲ့သော မိမိရွာ ဘုန်းတော်ကြီးကျောင်းသို့ ဂါရဝပြုရန် ရောက်သွားသည်။ ဆရာရင်းသည် သုဓမ္မာဂိုဏ်းဝင်ဖြစ်သည်။ ဂိုဏ်းစည်းကမ်းအရ အခြားဂိုဏ်း တစ်ပါးနှင့် ပစ္စည်းအတူ သုံးဆောင်ခြင်းကို ရွှေကျင်ဂိုဏ်းသားတွေက ရှောင်သည်။ ဆရာ့ကျောင်းရောက်သော် ရေပင် မသုံးချေ။ ဤတွင် ငယ်ဆရာက "မောင်ကေလာသ…ကုဋီ ဒီမိသာပါ ထမ်းမလာဘဲကိုး"ဟု ရယ်ရယ်မောမော မိန့်သည်။ ငယ်ဆရာရင်းမို့ မပြောသာသဖြင့် ခေါင်းငုံ့ ငြိမ်နေခဲ့ရသည်။ ဝိနည်းပညတ်၊ ဂိုဏ်းပညတ်ချက်ကို တစ်သဝေမတိမ်း လိုက်နာသည်။

တစ်ခါတွင် ခင်မွန်ဆရာတော်ကြီးထံ ဝင်ရောက်ဖူးရာ ဆရာတော်ကြီးက "မောင်ကေလာသ…တို့ဆီမှာ ကတိတစ်ခုခံသွားစမ်း။ ထန်းရည်ချိုကို ယာမကာလိကအဖျော်အဖြစ် သုံးဆောင်ကြသည်။ မကျိုမချက်ဘဲ မသောက်ပါဘူးလို့ ကတိပေးစမ်း"ဟု မိန့်သည်။

အရှင်ကေလာသက ကတိခံခဲ့သည်။ ထိုမှ မန္တလေး ဝိသုဒ္ဓါရုံကျောင်းရောက်သော် ဒုတိယမြောက် သာသနာပိုင် ဆရာတော်က…

"မောင်တို့ဆရာတော်က ဘာများမိန့်သလဲ"

ဟု မေးသည်။ မိန့်ကြားသည့်အတိုင်း ပြန်လျှောက်သော်…

"ဘာလို့ ကတိခံခဲ့သလဲ၊ ဟုတ်မှ မဟုတ်ဘဲ။ ခင်မွန်ဆရာတော်က ဝိနည်းတော့ တကယ်တတ်ကျွမ်းပါတယ်။ ဒါပေမယ့် သူတတ်ကျွမ်းတာက ကျေးတောဝိနည်းပါကွာ"

ဟု ရယ်ရယ်မောမော မိန့်ကြားသည်။ ဝိနည်းကျမ်းဂန်လာ မဟုတ်သော်လည်း သံသယ ကုက္ကုစဖြစ်လျှင် ရှောင်ကြဉ်ခြင်းကို ဆိုလိုသည်။

အရှင်ကေလာသသည် ဒုတိယမြောက် ရွှေကျင် သာသနာပိုင် ဆရာတော်၊ စတုတ္ထမြောက် ရွှေကျင်သာသနာပိုင်ဖြစ်သည့် ခင်မွန်ဆရာတော်တို့၏ တပည့်ဖြစ်သဖြင့် ဝိနည်းအလွန်လေးစားသည်။ တစ်ခါသော် ဆင်စွယ်ပေါင်းတောရသို့ သွားရာ ငယ်ဆရာ အရှင်အာဒိစ္စနှင့် ဆွမ်းအတူစားခွင့်ကြုံသည်။ ဆွမ်းပွဲကို သစ်ပင်အောက် ခုတင်ကွပ်ပျစ်၌ ပြင်ထားသည်။ ဝိနည်းတော်အရ ခုတင်တစ်ခုတည်းတွင် နှစ်ဝါထက် ငြိုးသော၊ ငယ်သော ပုဂ္ဂိုလ်နှင့် မထိုင်အပ်ဟူ၍ စည်းကမ်းရှိသဖြင့် သပိတ်တွင် ဆွမ်းထည့်ပြီး ခုတင်အောက် ဆင်းလျက် မတ်တတ်ရပ် စား၏။

ရွှေကျင်သာသနာတော်သမိုင်းတွင် ပထမ ရွှေကျင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီးက သက္ကရာဇ် ၁၂၅၅ခုနှစ်တွင် ပျံလွန်တော်မူသည်။ သက္ကရာဇ် ၁၂၅၆ခုနှစ်တွင် မဟာဝိသုဒ္ဓါရုံမ ဆရာတော်က သာသနာပိုင်ဖြစ်လာသည်။ သက္ကရာဇ် ၁၂၇၇ ခုနှစ်တွင် ဒုတိယမြောက် သာသနာပိုင် ပျံလွန်သော် ဒီပဲယင်း ဆရာတော်နှင့် ကျိုက္ကစံ ဆရာတော်တို့ သာသနာပိုင်ဖြစ်လာသည်။ ကျိုက္ကစံဆရာတော်သည် သက္ကရာဇ် ၁၂၇၉ခုနှစ်တွင် ပျံလွန်သော် ဒီပဲယင်းဆရာတော်တစ်ပါးတည်း အုပ်ချုပ်သည်။ မြန်မာသက္ကရာဇ် ၁၂၈၉ ခုနှစ်တွင် ဒီပဲယင်းဆရာတော် ပျံလွန်သော် သက်တော် ၇၂နှစ်ရှိ ပတ္တမြား ဆရာတော်နှင့် ခင်မွန်တောရ ဆရာတော်ကို သာသနာပိုင် တင်မြှောက်သည်။ ပတ္တမြား ဆရာတော်က သက်တော်ကြီးရင့်သဖြင့် တာဝန် မထမ်းဆောင်နိုင်၍ တွဲဖက်ဆရာတော်များဖြင့် အုပ်ချုပ်သည်။

ကျိုက္ကစံ ဆရာတော်နှင့် ဒီပဲယင်းဆရာတော်နှစ်ပါးကို တစ်ပြိုင်နက် သာသနာပိုင် တင်မြှောက်ရာတွင် တတိယ သာသနာပိုင်ဟု အသိအမှတ်ပြုသည်။ သက္ကရာဇ် ၁၂၈၉ခုနှစ်တွင် အလုံဆရာတော်ကို စတုတ္ထမြောက် သာသနာပိုင်ဟု သတ်မှတ်သည်။

သက္ကရာဇ် ၁၂၉၁ခုနှစ်တွင် အလုံဆရာတော် ပျံလွန်သော် ရှမ္မကားမြို့ ချမ်းသာကြီးဆရာတော်ကို သာသနာပိုင် မြှောက်သည်။ သာသနာပိုင်သက် လေးလအရတွင် ပျံလွန်တော်မူပြန်သည်။

သက္ကရာဇ် ၁၂၉၄ ခုနှစ်တွင် ပန္တိမာရုံ ဆရာတော်အား သတ္တမမြောက် ရွှေကျင်သာသနာပိုင်အဖြစ် တင်မြှောက်ကြသည်။ သာသနာပိုင်ဖြစ်တော်မူချိန်တွင် ယိုးဒယား(ထိုင်း)က ပင့်သဖြင့် စည်ရင်ဆရာတော်၊ တောင်ငူ ဝိသုဒ္ဓါရုံတိုက်မှ ဦးကုဏ္ဍလတို့နှင့်အတူ သိမ်သမုတ်ရန် ကြွခဲ့သည်။

ပန္တိမာရုံ ဆရာတော်ကြီးသည် ပရိယတ္တိကျမ်းစာများ ပို့ချရုံမျှမက စာမှန်၊ အနက်မှန် မပျောက်ပျက်စေရန် စာပေ ပို့ချရင်း နိဿယကျမ်းများ ရေးသားခဲ့သည်။ မှတ်တမ်းအရ ကျမ်းစာပေါင်း ၁၆အုပ်ရှိသည်။ ကျမ်းစာနှင့် ပတ်သက်၍ ဆရာတော်က အလွန်အလေးထားသည်။ တစ်ခါသော် ဆရာတော်က "ဥဒ္ဒသိက္ခာ နိဿယ"ကို ဒုတိယအကြိမ် ပြန်ရိုက်လိုသဖြင့် ဒကာရင်း ဦးဖိုးလှိုင်ကို မိန့်သည်။ ဦးဖိုးလှိုင်က "ရှေးက ရှိနေတဲ့ ကျမ်းဂန်တွေကိုပဲ ကုန်အောင် ကြည့်ပါ။ သင်ကြားပို့ချပါဦး ဘုရား။ သင်လို့ ကြည့်ရှု ပို့ချလို့မှ မကုန်နိုင်လောက်အောင် ကျမ်းဂန်တွေ များနေပါလျက် ဟိုစာအုပ်ထုတ်ချင်၊ သည်စာအုပ်ထုတ်ချင်နှင့် လူတွေ စီးပွားကျပ်တည်းရတဲ့အထဲ စာအုပ်တွေ ထုတ်နေဖို့ မကောင်းပါဘူး။ ထုတ်မနေပါနဲ့"ဟု လျှောက်သည်။ ထိုအခါ ဆရာတော်က ဦးဖိုးလှိုင်ကို ဆူတော့သည်။

"ဒကာ ဖိုးလှိုင်···စာတစ်လုံး၊ ဘုရားတစ်ဆူဆိုတာ နားလည်ရဲ့လား။ ရှေးက ပါဠိတော်တွေ ရှိလာခဲ့တယ်။ နောက်ခေတ်ရောက်တဲ့အခါ ဒီပါဠိတော်တွေ နားမလည်ဖြစ်လာလို့ အဖွင့်အဋ္ဌကထာရယ်လို့ ဖြစ်လာတယ်။ တစ်ခါ အဋ္ဌကထာလောက်နှင့်မှ နားမလည်လို့ ဋီကာလို့ ဖြစ်လာရတယ်။ နောက်နောင်ခေတ်မှာ ဋီကာလောက်နှင့် နားမလည်နိုင်လို့ နိဿယတို့၊ ဂဏ္ဌိတို့၊ ဒီပနီ၊ စဘာဝနီ စတဲ့ အမိပ္ပာယ် အဖွင့်ကျမ်းအမျိုးမျိုးရေးလာရသည်။ သည်လိုမှ ရေးမလာကြရင် နောင်ပုဂ္ဂိုလ်တွေ မသိနားမလည်တဲ့အတွက် ပဋိပတ္တိရော၊ ပဋိဝေဓပါ ကွယ်တော့မယ်။ ဒါကြောင့် ကျမ်းတစ်ကျမ်း၊ စာတစ်လုံးဟာ ဘုရားတစ်ဆူနှင့် တူတယ်လို့ ဆိုတာ။ ဒကာ ဖိုးလှိုင်လို ရှေးက ကျမ်းတွေ ရှိပြီးသားမို့ နောက်ထပ် ကျမ်းမပြုရတော့ဘူးဆိုရင် ပရိယတ္တိသာသနာ ကွယ်ပြီးရော့မယ်"

ဆရာတော်ကြီးသည် ပရိယတ္တိသာသနာ၏ အရေးပါပုံ၊ ကျမ်းစာ၏ အရေးကြီးပုံကို ဤသို့ပြောဆို ဆုံးမခဲ့သည်။

ဆရာတော်ကြီးသည် ဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ တပည့်ပီပီ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဿယကြီးကို မကျဉ်းမကျယ် အနက်ပေးနည်းဖြင့် စီရင်ရေးသားခဲ့သည်။ ပရိယတ်၊ ပဋိပတ်နယ်မှ ပုဂ္ဂိုလ်များ လိုလားနှစ်သက်ကြသည်။

ပန္တိမာရုံ ဆရာတော်ကြီးသည် ဂိုဏ်းဂဏ အဓိပတိ သာသနာပိုင် တင်မြှောက်ခံထားရ၍ ဗဟိုဌာနဖြစ်သော မန္တလေး မဟာဝိသုဒ္ဓါရာမ၌ သီတင်းသုံးသည်။ သို့သော် ကျိုက်လတ် ပန္တိမာရုံကျောင်းကိုလည်း လျစ်လျူရှုမထားပေ။ သက်တော်ကြီးရင့်သော် ပန္တိမာရုံကျောင်း၌ သီတင်းသုံးသည်က များသည်။ စာပေပို့ချမှု လျော့ကာ ဝိပဿနာခုရာဘက်၌ အားစိုက်တော်မူခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၁၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ရက်နေ့တွင် ပန္တိမာရုံတိုက်၌ပင် ခန္ဓာဝန်ကို စွန့်ခဲ့ပေသည်။

ရွှေကျင်သာသနာတော်တွင် ဝိနည်းမိရှ် ပုဂ္ဂိုလ်ကျော် အမြောက်အမြားပေါ်ပေါက်ခဲ့ရာ သတ္တမမြောက် ရွှေကျင် သာသနာပိုင် ကျိုက်လတ် ပန္တိမာရုံ ဆရာတော်သည်လည်း စံထားအပ်သော ပုဂ္ဂိုလ်တစ်ပါးပင် ဖြစ်ပေသည်။

* * *

မောင်ဆန္ဒ(လ[illegible])



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာမိုးကြယ်

# ဘဝကမ်းပါးနှင့် မုဒိတာဒီရေ

ဘယ်သူတွေ ဘာပြောပြော သူကတော့ "ငွေများသူ ဘရားနိုင်ရမည်"ဟူသော ဆောင်ပုဒ်ကို လက်ကိုင် ထိုဆောင်ပုဒ်အတိုင်းပင် သူ့ရုံးသို့ ရောက်ရှိလာသမျှ အမှုအခပေါင်းအား မှားသည်၊ မှန်သည်ကို ပဓာနမထား၊ အမှုသည်အဖို့ အမှုက မည်မျှပင် မှားယွင်းနေစေသောမှု သူ့အား ငွေများများ လာဘ်လာဘထိုးပါက အမှုကို အနိုင်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်ချည်းပင်။

သည့်အတွက်ကြောင့်လည်း ပတ်ဝန်းကျင်တစ်ခွင်၌ စဉ်းလဲကောက်ကျစ်သော ဂုဏ်ရည်ကြောင့် "ကူဋ ဝိနိစ္ဆယိက အမတ်"ဟူ၍ ထင်ရှားကျော်ကြားနေတော့၏။

♦ ♦ ♦

ရာဇဝင်ပြန်လှန်ပြည့်ရှင် ဗိမ္ဗိသာရအား အများတကာက "ဥပုသ်သည် မင်းကောရာဇ်"ဟူ၍ တင်စားခေါ်ဝေါ်ကြသည်။

အမှန်တကယ်လည်း တင်စားခေါ်ဝေါ်ထိုက်လှပါပေစွ။

မင်းကြီးကား ဘာသာတရား၌ ဝင်စားမွေ့လျော်သူ ဖြစ်၏။ လပြည့်နေ့နှင့် အဖိတ်နေ့၊ လဆန်း ၈ရက်နေ့၊ လပြည့်ကျော် ၈ရက်နေ့၊ လကွယ်နှင့် အဖိတ်နေ့ စုစုပေါင်း တစ်လလျှင် ၆ရက်တာကာလပတ်လုံး ဥပုသ်သီလကို မပျက်မကွက် ဆောက်တည်လေ့ရှိစမြဲ။

ရှေ့တော်မှောက်သို့ ရောက်ရှိလာကြသူအပေါင်းကိုလည်း ဥပုသ်ရ,မရ မေးမြန်းလေ့ရှိ၏။ သို့ဖြစ်၍ မင်းပါးစိုးပါးနေကြသူများ၊ ထီးရိပ်နန်းရိပ် မကင်းကြသူများ၊ မင်းမှုထမ်းများမှာ မင်းကြီးအမေးတော်ရှိလာလျှင် အလိုက်သင့် ဖြေဆိုနိုင်ကြစေရန်အလို့ငှာ ဥပုသ်နေ့သို့ ရောက်လေတိုင်း မပျက်မကွက် စောင့်ကြပါကုန်၏။

♦ ♦ ♦

ကူဋ ဝိနိစ္ဆယိက အမတ်သည် မင်းကြီး ခန့်အပ်ထားသော တရားသူကြီးဖြစ်၏။

တစ်နေ့သ၌ မင်းကြီးထံသို့ ထိုအမတ်သည် အခစားဝင်ရောက်လာခဲ့၏။ ထိုအခါ မင်းကြီးက…

"အို…အမှုကိစ္စတရားတို့ကို စီရင်ဆုံးဖြတ်တဲ့ အမတ်၊ သင်ဟာ ဥပုသ်သီတင်းသီလကို မှန်မှန်စောင့်ဖြစ်ပါရဲ့လား"

မင်းကြီးမေးလိုက်သည်က ပရိသတ်ဗိုလ်ပါ မျှုးမတ်တို့ရှေ့တွင် ဖြစ်သည်။ သည်အမေးကြောင့် အမတ်အဖို့ ဖြေဆိုရခပ်ကျပ်ကျပ်ဖြစ်သွားသည်။ စင်စစ် သူသည် ဥပုသ်စောင့်သည် မဟုတ်။ သည့်အတွက် ဥပုသ်မစောင့်ဖြစ်ပါကြောင်း အမှန်အတိုင်း လျှောက်တင်လိုက်ပါက မင်းကြီး၏ အမျက်မာန်ရခြင်းကို ခံရကောင်း ခံရနိုင်သည်။ ဒါမှမဟုတ် ပရိသတ်လူပုံအလယ်၌ အရှက်တကွဲ အကျိုးနည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သည့်အတွက် ရှေ့မျက်နှာ နောက်ထားလျက်…

"ဥပုသ်မှန်မှန်စောင့်ဖြစ်ပါတယ် ဘုရား"

ဟူ၍ ဖြေကြားလိုက်လေ၏။ ထို့နောက်မှာတော့ မင်းကြီးအား လျှောက်တင်စရာ ကိစ္စတို့ကို လျှောက်တင်ပြီး

❝

မဟုတ်တာကို အဟုတ်လုပ်ပြီး
လိမ်တာကတော့ မုသာဝါဒကံကို
ချိုးဖောက်လိုက်တာပဲ။
သည်တော့
အဆိုးထဲက အကောင်းလို့ ဆိုရအောင်
သည်ကနေ့
ဥပုသ်စောင့်လိုက်ပါလား။
စောင့်မယ်ဆိုရင် နေ့တစ်ဝက်
အချိန်ရပါသေးတယ်။
စောင့်နိုင်ရင် အကျိုးရှိပါတယ် မိတ်ဆွေ

မိတ်ဆွေတစ်ဦးနှင့်အတူ မင်းကြီး၏ ရှေ့တော်မှောက်မှ ပြန်ထွက်ခဲ့ကြလေ၏။

သပ်ခရီးတစ်နေရာသို့ ရောက်လေသော သူနှင့် အတူပါလာသော အဖော်က မကျေမနပ်ဖြင့် စကားဟလာ၏။

"မင်းကြီးကို ဥပုသ်မစောင့်ပါဘဲနဲ့ ဘာကြောင့် ဥပုသ်မှန်မှန်စောင့်တယ်လို့ လိမ်လျှောက်ရတာလဲ"

"ဒါက ဒီလိုရှိပါတယ်။ မင်းလိုလိုက် မင်းကြိုက်ဆောင်တဲ့အနေနဲ့ မင်းကြီး သဘောကျအောင်လို့ အလိုက်သင့် ဖြေလိုက်ရတာပါ။ အမှန်အတိုင်းဖြေလိုက်ရင် ပရိသတ်အလယ်မှာ အရှက်တကွဲ အကျိုးနည်းရမယ်မဟုတ်လား"

"ဒါပေမယ့် မဟုတ်တာကို အဟုတ်လုပ်ပြီး လိမ်တာကတော့ မုသာဝါဒကံကို ချိုးဖောက်လိုက်တာပဲ။ သည်တော့ အဆိုးထဲက အကောင်းလို့ ဆိုရအောင် သည်ကနေ့ ဥပုသ်စောင့်လိုက်ပါလား။ စောင့်မယ်ဆိုရင် နေ့တစ်ဝက် အချိန်ရပါသေးတယ်။ စောင့်နိုင်ရင် အကျိုးရှိပါတယ် မိတ်ဆွေ"



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ၏ စကားက ဟုတ်သလိုလိုရှိသည်။ ပြီးတော့ ခသိမျိုး တခုတ်တရ တိုက်တွန်းလာခြင်းအပေါ်၌လည်း အားနာစိတ်တွေ ဖြစ်ပေါ်လာခဲ့ရသည်။

"ကောင်းပါပြီ။ မိတ်ဆွေရဲ့ တိုက်တွန်းမှုကို လက်ခံတဲ့ အနေနဲ့ ကျုပ် ဥပုသ်နေ့တစ်ဝက်စောင့်ပါ့မယ်"

သို့ဖြင့် အိမ်ပြန်ရောက်တော့ နံနက်စာကို လုံးဝ မစားတော့ဘဲ ကိုယ်လက်တို့ကို သန့်စင်သည်။ ခံတွင်းကို စင်ကြယ်စွာ ဆေးကြောသည်။ ပြီးနောက် သီလခံယူကာ နေ့တစ်ဝက်ဥပုသ်ကို စောင့်လေတော့သည်။

◆◆◆

ကုဋ္ဌ ဝိနိစ္ဆယိကအဖို့ သူ့ဘဝတစ်သက်တာ၌ အစာထားခံ၍ တစ်နေ့တစ်ရက်မျှပင် နေခဲ့ဖူးသူမဟုတ်။ ယခု နေ့တစ်ဝက် ဥပုသ်ကို သူစောင့်ခဲ့သည်။ မနက်ကလည်း ဘာမျှ မစားခဲ့ရ။ ယခု ဥပုသ်စောင့်ပြီဆိုတော့ အစာအဝင်ခံ၍ မဖြစ်။ သည့်အတွက် ဝမ်းဗိုက်တွင်းရှိ အစာအိမ်၌ ချေဖျက်စရာ မည်သည့်အစာမျှ မရှိလေရကား ဝမ်းတစ်ခုလုံးသည် မီးရဲရဲနှင့် မြိုက်သည့်အလား ပူလောင်လာခဲ့၏။ အဆိုပါ ဒဏ်ကို သူကြံ့ကြံ့ခံခဲ့၏။ ထိုအခါဝယ် ပြင်းထန်သော လေတံစိုသည် သူ့ဝမ်းနံရံအနှံ့ ထိုးနက်ချက်တွေ ပြင်းထန်



လာခဲ့တော့၏။

မရဏဘေးကား ကြောက်မက်ဖွယ်ကောင်းလှပါဘိ။

သေခြင်းတရားဟူသည် နေရာမရွေး အခါမလပ်၊ သတ်ကွင်းကောင်းကောင်းကို ချောင်းလျက်နေလေ၏။ သည်ခဏ အမှတ်မထင် တစ်ဟုန်ထိုး ဆောင့်တက်လာသည့် လေတံစိုက သူ့ကို အသက်နှင့် ခန္ဓာ အိုးစားကွဲစေလေတော့သည်။

သည်တော့ သေလွန်ခြင်း၏ တစ်ဖက်၌ သူ မည်သို့ ဖြစ်ရပါလေသနည်း။

နေ့ဝက်ခန့်မျှ ဥပုသ်သီလဆောက်တည်ခြင်း၏ အကျိုးဆက်အား သောင်ဝှမ်းတစ်ခုတွင် ဗိမာန်ရှင် "ဝေမာနိက"ပြိတ္တာ အဖြစ်သို့ ကူးပြောင်းရောက်ရှိသွားစေခဲ့၏။

ကောင်းသောအမှုကို ပြုသည်ဖြစ်စေ၊ မကောင်းသော အမှုကို ပြုသည်ဖြစ်စေ ကောင်းမှုအကျိုး၊ မကောင်းမှု အကျိုးတို့က သူ့ကံအလျောက် ရိုက်ခတ်လာစမြဲဖြစ်ချေ၏။ ဤ၌ ကုဋ္ဌဝိနိစ္ဆယိကအဖို့ရာလည်း ကုသိုလ်၊ အကုသိုလ် နှစ်မျိုး ရောထွေးနေသည့်အတွက် အကျိုးပေးရာ၌လည်း နှစ်မျိုး နှစ်ဝကို ခံစားရပါချေ၏။

သူသည် လူ့ဘဝတုန်းက နေ့ဝက်မျှ ဥပုသ်သီတင်းသီလကို မကျိုးမပေါက်အောင် စောင့်ထိန်းခဲ့၏။ အဆိုပါ ကုသိုလ်အကျိုးကြောင့် များစွာသော နတ်သမီးအခြံအရံတို့နှင့်အတူ ဗိမာန်၌ နတ်တို့၏ စည်းစိမ်ကို ခံစားရ၏။

တစ်ဖန် ကောက်ကျစ်စဉ်းလဲခြင်း၊ တရားဆုံးဖြတ်ရာ၌ တံစိုးလက်ဆောင်စား၍ အမှားမှားအယွင်းယွင်းဆုံးဖြတ်ခြင်း၊ ချစ်သူချင်း မုန်းမာန်ပွားအောင် ကုန်းချောခြင်း၊ ရန်တိုက်ခြင်း စသည့် မကောင်းမှု ဒုစရိုက်များကြောင့် မိမိ၏ ကျောကုန်းမှ အသားများကို မိမိကိုယ်တိုင် ထိုးခွာ စားသောက်ရသော ပြိတ္တာဖြစ်လာရ၏။

ဤကား ကုသိုလ်၊ အကုသိုလ် နှစ်မျိုးစလုံး ဒွန့်တွဲလာခဲ့ခြင်းအတွက် သက်ရောက်လာခဲ့သော အကျိုးတရားတို့ပင် ဖြစ်လေသည်။

◆◆◆

တစ်နေ့သ၌ ဂိဇ္ဈကုဋ်တောင်ခြေ၌ သီတင်းသုံး မွေ့လျော်သော "အရှင်နာရဒ"သည် ဆွမ်းခံထွက် ကြွတော်မူခဲ့သည်။ ထိုအခိုက် လမ်းခုလတ်၌ အဆိုပါ ဝေမာနိက ပြိတ္တာနှင့် ဆုံဆည်းရလေ၏။ ဤတွင် အရှင်နာရဒလည်း ထူးခြားဆန်းကြယ်လှသော မြင်ကွင်းအဖုံဖုံတို့ကြောင့် မေးမြန်းမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို…ဝေမာနိက၊ သင်ဟာ ရနံ့ကြိုင်သင်းတဲ့ နတ်ပန်းကိုလည်း ပန်ဆင်ထားတယ်။ စိန်၊ ကြောင်၊ နီလာ ရတနာတွေနဲ့ စီခြယ်ထားတဲ့ မကိုဋ်ကိုလည်း ဆောင်းထားတယ်။ လက်ရုံးနှစ်ဖက်မှာလည်း ပြိုးပြိုးပြက်ပြက် တောက်ပတဲ့ လက်ကောက်အဆင်တန်ဆာတွေကိုလည်း ဝတ်ဆင်ထားပြန်သေး။ သင့်တစ်ကိုယ်လုံးဟာ မွှေးကြိုင်နေပါကလား။ မျက်နှာကလည်း လှပတင့်တယ်လှပါကလား။ ပမာတင်စားပြောဆိုရရင် နေလုလင်နဲ့ မခြားပါဘဲကလား။ သင့်မှာ အခြွေအရံတွေ၊ 'အလုပ်အကျွေးတွေကလည်း များမှများပါပဲကလား။ သင့်အပါးမှာ ဝန်းရံခနေတဲ့ နတ်ဒေဝီတွေ ဆိုတာလည်း ပြိုးပြိုးပြက်ပြက် တလက်လက် တဝင်းဝင်းနဲ့။

အို…ဝေမာနိက၊ အဲသလိုမျိုး လျှမ်းလျှမ်းတောက်ဘုန်းသမ္ဘာရှင်ဖြစ်ပါလျက်နဲ့ ကိုယ့်အသားကို ကိုယ် ကြက်သီးထဖွယ်ကောင်းလောက်အောင် ဘာဖြစ်လို့များ ကုတ်ဖဲ့စားသောက်နေရပါလိမ့်။

အို…ဝေမာနိက၊ သင်ဟာ လူဖြစ်စဉ်အခါက ကိုယ်ဖြင့်သော် လည်းကောင်း၊ စိတ်ဖြင့်သော် လည်းကောင်း၊ နှုတ်ဖြင့်သော် လည်းကောင်း ဘယ်လိုဒုစရိုက်မျိုးကို ပြုလုပ်မိခဲ့ပါလို့လဲ၊ ဘယ်လို ဒုစရိုက်မျိုးကြောင့် ဒီလိုမျိုး ဒုက္ခဆင်းရဲကို ခံစားနေရပါသလဲ"

အရှင်နာရဒ မေးမည်ဆိုလည်း မေးထိုက်ပါပေသည်။

အဆင်းသဏ္ဌာန်လှပကြေ့ရှင်း၍ နတ်ကညာများ ဝန်းရံခကာ နတ်စည်းစိမ်ခံစားနေရသူက ကိုယ့်ကျောကုန်းသားကို ကိုယ်ကုတ်ဖဲ့ စားသောက်နေရသည့်အဖြစ်က အံ့အားသင့်စရာ တကယ့်ကို ကောင်းနေသည်။

"အရှင်ဘုရား…အရှင်ဘုရား သိလိုရေးနဲ့ မေးသမျှကို တပည့်တော် မချွင်းမချန်ပြောကြားပါ့မယ် ဘုရား။ အရှင်ဘုရား…တပည့်တော်ဟာ လွန်ခဲ့တဲ့ ဘဝ၊ လူဖြစ်ခဲ့စဉ်က ဉာဏ်ရာဇဂြိုဟ်မြို့ကြီးမှာ မင်းကြီးကိုယ်တိုင် ခန့်အပ်တဲ့ ဝိနိစ္ဆယိက အမတ်တရားသူကြီးဖြစ်ခဲ့ပါတယ်။ အဲသည်မှာ တပည့်တော်ဟာ မိမိကိုယ်မိမိ တူးဖြိုသလိုမျိုး မိမိအတွက် အကျိုးဆုတ်ယုတ်စေတဲ့ အမှုအကျင့်တွေကို ကျင့်မှားမိခဲ့ပါတယ်။ လိမ်လည်ခြင်း၊ ကောက်ကျစ်ခြင်း၊ ချစ်သူချင်း အမုန်းပွားရလေအောင် ကုန်းချောခြင်း၊ ရန်မပြုသူကို ရန်ပြုလာအောင် တွေးထိုးလှုံ့ဆော်လို့ မြှောက်ပင့်ပေးခြင်း စတဲ့ လူတွေ လက်မခံတဲ့ ဖောက်ပြန်အမှုတွေ ပြုပြီး ဒုစရိုက်သားကောင်ဖြစ်ခဲ့ပါတယ် အရှင်ဘုရား။

အရှင်ဘုရား…ဝိနိစ္ဆယိက အမတ်တရားသူကြီးဖြစ်ခဲ့တဲ့ တပည့်တော်ဟာ တရားဆုံးဖြတ်တဲ့ လွှတ်ရုံးကို ရောက်တဲ့အခါ တရားလို၊ တရားခံတို့ရဲ့ အမှုသွား အမှုလာတွေကို လေ့လာပြီး အမှုမမှန်ပေမယ့် ငွေကြေးတံစိုးလက်ဆောင်တွေ ပေးလာခဲ့ရင် အဲသည် ပေးလာတဲ့သူကိုပဲ အမှုအနိုင်ပေးပြီး စီရင်ဆုံးဖြတ်ခဲ့ပါတယ် ဘုရား။

အရှင်ဘုရား…အဲသည်လို အကုသိုလ် ဒုစရိုက်ကြောင့် (အခုလိုမျိုး နေ့တစ်ဝက် ဥပုသ်စောင့်ခြင်းအတွက် နတ်စည်းစိမ်ခံစားနေရပေမယ့်) ကိုယ့်ကျောကုန်းသားကို ကိုက်၊ လက်သည်းနဲ့ ကုတ်ဖဲ့ပြီး စားသောက်နေရတဲ့ ပြိတ္တာဘဝဆိုးကို ရောက်ရှိနေရပါတယ် ဘုရား။ ဒါကြောင့် တပည့်တော်ရဲ့ ဖြစ်ရပ်ဆိုးကို သာဓကဆောင်လို့ လူအပေါင်း မမိုက်မဲရလေအောင်၊ အကုသိုလ်အမှု မပြုရလေအောင်၊ အဖိုးတန်ဘဝ မဆုံးရှုံးရလေအောင် တရားညွှန်ပြ ဆုံးမပေးတော်မူပါ ဘုရား"

ဝေမာနိက ပြိတ္တာလည်း ထိုသို့လျှောက်ထားပြီးလေသော် မိမိ၏ ဗိမာန်ရှိရာသို့ ပြန်လှည့်ထွက်ခွာသွားလေတော့၏။

အရှင်နာရဒလည်း ဆွမ်းကိစ္စပြီးလေသည်ရှိသော် ဘုရားရှင်ထံ သွားရောက်ဖူးမြော်ကာ ဝေမာနိက ပြိတ္တာ အကြောင်းကို လျှောက်ထားလေ၏။

ဘုရားရှင်လည်း တရားနာ ပရိသတ်အပေါင်းအား အဆိုပါ ဝေမာနိက ပြိတ္တာ၏ အကြောင်းရာ အတ္ထုပ္ပတ္တိကို ဟောကြား ဆုံးမတော်မူလေ၏။ တရားဒေသနာတော် ဆုံး လေသည်ရှိသော် တရားနာ ပရိသတ်တို့လည်း အကျွတ်တရားကိုယ်စီ ရရှိကြလေသတည်း။

* * *

နန္ဒာမိုးကြည်

ကျမ်းကိုး

- ပေတဝတ္ထု၊ အဋ္ဌကထာ
- စူဠဝဂ်မှ ကူဋဝိနိစ္ဆယိက ပေတဝတ္ထု။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ် နွေရာသီကျောင်းပိတ်ရက် သမီး ရေကူးသင်တန်းတက်ချင်တယ် ဖေဖေ"

ပက်လက်ကုလားထိုင်နှင့် စာဖတ်ပြီး ငိမ်ကျနေတဲ့ ကျွန်တော့်ကို ကျောင်းမှ ပြန်လာတဲ့ သမီးဖြစ်သူက ဆိုင်းမဆင့် ဗုံမဆင့် တောင်းဆိုလာခြင်းဖြစ်တယ်။

ကျွန်တော် ဖတ်လက်စ စာအုပ်ကို ဘေးသို့ ချထားရင်း . . .

"အခုကျမှ ဘာစိတ်ကူးပေါက်လို့ ရေကူးသင်တန်းတက်ချင်ရတာလဲ သမီး။ အဖေ့ကို နည်းနည်းလောက် လင်းစမ်းပါဦး"

"သမီးအခန်းထဲက သူငယ်ချင်းတွေ ဒီနှစ်နွေ သုံးလပိတ်ရင် ကုက္ကိုင်းမှာ ရေကူးသင်တန်းတက်ကြမယ်တဲ့။ အဲဒါ သမီးလည်း သူတို့နဲ့ ရေကူးသင်တန်း လိုက်တက်ချင်လို့ပါ ဖေဖေ"



မြောင်းမြမြင့်လှိုင်



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ရေကူးသင်တန်းကို သူတို့တက်လို့ လိုက်တက်ချင်တာလား။ ဒါမှမဟုတ် ရေတကယ်ကူးတတ်ချင်လို့လား"

လို့ ကျွန်တော်က မေးတော့ . . .

"သမီး ရေတကယ်ကူးတတ်ချင်လို့ပါ ဖေဖေရဲ့"

"အေး . . . အေး၊ ကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် ရေကူးတတ်တာတော့ မမှားပါဘူး။ ဒါပေမယ့် သမီးရယ် ရန်ကုန်မှာက ရေကူးတတ်ဖို့ ငွေပေးရမယ်၊ အချိန်ပေးရမယ် မဟုတ်လား"

"အခု သမီး အတန်းတင် စာမေးပွဲလည်း နီးနေပြီ။ စာကိုပဲ အာရုံစိုက်၊ ဟုတ်လား။ ကျောင်းပိတ်လို့ အဖေတို့ မြောင်းမြကို ပြန်လည်ကြရင် ငွေမကုန်ဘဲ သမီးကို ရေကူးတတ်အောင် သင်ပေးမယ်၊ ကြားလား သမီး"

"မြောင်းမြမှာ ရေကူးကန်ရှိလို့လား ဖေဖေ"

"ရေကူးကန်တော့ ဘယ်ရှိပါ့မလဲ သမီးရယ်။ မြစ်ထဲ၊ ချောင်းထဲမှာ သင်ပေးမှာပေါ့"

လို့ ကျွန်တော်ပြောတော့ သမီးက . . .

"ဟင်း . . . ဖေဖေကလည်း အဲသည်လိုတော့ သမီး မကူးရဲဘူး"

"ဟ . . . ဘာလို့ မကူးရဲရမှာလဲ။ ဟိုမှာ သမီးအရွယ်လေးတွေကိုယ်တိုင် သင်ပေးမှာ။ အဖေတို့ မကြာခဏ ရေခိုး,ခိုးကူးရင်နဲ့ တတ်ကုန်တာပဲ"

ဆိုတော့ သမီးက သိပ်တဝင်မကျပေမယ့် ဘာမှတော့ ပြန်မပြောတော့ဘူး။

◆◆◆

သမီး ကျွန်တော့်နားမှ ထွက်ခွာသွားတော့ ကျွန်တော့် စိတ်အစဉ်ဟာ လွန်ခဲ့သည့် ၂၆နှစ်ကျော်ကာလတစ်ခုက ကျွန်တော်ကြုံခဲ့ရတာလေးကို ပြန်မြင်ယောင်မိလိုက်တယ်။

ဒီတုန်းက ကျွန်တော်တို့ ရှစ်တန်းအတန်းတင် စာမေးပွဲပြီးတဲ့ နောက်ဆုံးနေ့၊ ကျွန်တော်တို့သူငယ်ချင်း ခြောက်ယောက် စက်ဘီးနဲ့ မြောင်းမြတောင်ကို သွားလည်ကြမယ်လို့ အစီအစဉ်ဆွဲထားကြတယ်။

နောက်တော့ မြစိမ်းတောင်က ဝေးတာလည်း တစ်ကြောင်း၊ နောက်ပြီး ကျွန်တော်တို့ ခြောက်ယောက်ကလည်း တစ်ယောက်မှ ရောက်ဖူးတဲ့သူ မပါတာနဲ့ အစီအစဉ်ပြောင်းပြီး ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်ထိုင်မယ်၊ လေးလမ်းကူးတို့ဆိပ်မှာ ရေကူးရင်း ရွှံ့နှုံးစစ်တိုက်ကြမယ်လို့ သဘောတူလိုက်ကြပါတယ်။

ရွှံ့ဆိုတာ မြစ်ကြမ်းပြင်အောက် မြေစေး မြေပျော့ပါ။ ငယ်ငယ်က မြစ်ထဲမှာ ရေချိုးပြီး အပြန်ကျရင် အဲဒီရွှံ့ကို ရေငုပ်ပြီး လက်နဲ့ ကျုံးယူလာတယ်။ အိမ်ကျရင် အရုပ်ကလေးတွေ လုပ်ပြီး ဆော့ကြတယ်။ အခုလည်း မြစ်ထဲမှာ ရေချိုးရင်း ရွှံ့နှုံးပြီး ဟိုဘက်ဒီဘက် ရွှံ့အလုံးလေးတွေနဲ့ စစ်တိုက်တိုင်း ကစားကြဖို့ပါ။

ဒီလိုမြစ်ထဲမှာ ရွှံ့နဲ့ စစ်တိုက်ကြတာဟာ မြောင်းမြသား လူငယ်တွေအတွက်တော့ မရိုးအီနိုင်တဲ့ ကစားနည်းတစ်ခုပါပဲ။

အိမ်က မိဘတွေကတော့ လူကြီးမပါဘဲ မြစ်ထဲမှာ ရေမကူးရဘူးလို့ ပိတ်ပင်ထားပေမယ့် ကျွန်တော်တို့ လူငယ်တွေကတော့ လစ်ရင် လစ်သလို ဆင်းကူးခဲ့ကြတာပါပဲ။

ကျွန်တော့်အဖေဆို ညနေ ရေချိုးမယ်ဆိုရင် ပုဆိုးလေး ပခုံးပေါ်တင်ပြီး ကျွန်တော်နဲ့ ကျွန်တော့်အစ်ကိုကို လက်ဆွဲပြီး မြစ်ထဲမှာ ရေချိုးနေကျပါ။ ကျွန်တော်တို့ကိုလည်း ရေကူးသင်ပေးရင်းပေါ့။ ဒါပေမယ့် အဖေက သိပ်မသင်ပေးရပါဘူး။ ကိုယ့်ဟာကိုယ် ရေခိုးကူးရင်းနဲ့ပဲ ရေကူးကျွမ်းကျင်ကုန်တာ။

ရေဝတီတိုင်းသားတွေဟာ ဘယ်သူမှ တကူးတက ရေကူးသင်စရာ မလိုပါဘူး။ ဟိုချောင်းထဲ ကူးရင်း၊ ဒီမြောင်းထဲ ကူးရင်းနဲ့ ရေကူးတတ်ကြတာ များပါတယ်။ စနစ်တကျ ကြီးတော့ မဟုတ်ဘူးပေါ့။

ကျွန်တော်ကတော့ မြစ်နဲ့ အိမ်နဲ့ကလည်း နီးတော့ လူကြီးပါပါ၊ မပါပါ မြစ်ထဲကို တစ်နေ့ နှစ်ခေါက်လောက်တော့ ရေကူးဖြစ်ပါတယ်။

ရေကူးရင်လည်း လေးလမ်းကူးတို့ဆိပ်မှာ အကူးများတယ်။ အဲဒီ ကူးတို့ဆိပ်က လူပြတ်တယ်လို့ သိပ်မရှိဘူး။ မြောင်းမြဘက်ကမ်းမှ ကွယ်လွယ်ကျေးရွာကို သွားမယ့် ခရီးသည်တွေနဲ့ ကွယ်လွယ်ကျေးရွာဘက်က မြောင်းမြဘက်ကို ဈေးဝယ်မည့်သူတွေနဲ့ အမြဲတမ်း လူစည်ကားနေတတ်ပါတယ်။ နေ့လယ် ကူးတို့ ကူးမယ့်သူ ရှင်းနေရင်တော့ မြစ်ဆိပ်မှာ ရေချိုးတဲ့သူ၊ အဝတ်လျှော်တဲ့သူတွေနဲ့ မပြတ်ပါဘူး။

ကျွန်တော်တို့ ကူးတို့ဆိပ်ရောက်ချိန်မှာ တသုန်သုန် တိုက်ခတ်နေတဲ့ လေနုအေးတို့ကြောင့် မြစ်ရေပြင်ဟာ လှိုင်းကြက်ခွပ်သံတို့ဖြင့် သာယာဖွယ် ဂီတအသွင်ဆောင်နေကြတယ်။

တံတားပေါ် အဝတ်လျှော်နေသော မိန်းမပျိုတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အဝတ်ဖွတ်သံကလည်း စည်းချက်ညီလှစွာ ဟာမိုနီလိုက်နေသလား ထင်လိုက်ရတယ်။

မြစ်ရေအလျဉ်နှင့် ငယ်ပေါင်းကြီးဖော်၊ တစ်ရေထဲ တစ်ခရီးတည်း သွားနေကြတဲ့ မဗေဒါတစ်သိုက်ကတော့ န်းကိုယ်စီ ခေါင်းမှာ တင်ပြီး အလှချင်း ပြိုင်နေကြပြန်သေးတယ်။

ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်ကတော့ ထိုရှုမငြီး ယ် အလှတွေကို ကြည့်နေရုံနှင့် အားမရနိုင်။ အဝတ် ဆိုးတွေကို ကူးတို့လှေဦးပေါ် စုပုံချပြီး ရေထဲကို ဒိုင်ပင် ဆင်းပြီး မြစ်ကြမ်းပြင်က ရွှံ့ကို ယူ၊ ရေပေါ်ကို ပြန်တက် ပြီး ခေါင်းပေါ်နေတဲ့ လူကို အဲဒီရွှံ့နဲ့ လိုက်ပစ်တမ်း ကစားကြတယ်။

ဖြစ်ချင်တော့ အဲဒီနေ့က တံတားမှာ အဝတ်လျှော်တဲ့ က များတော့ စစ်တိုက်ရတာ အဆင်သိပ်မပြေဘူး။ သူ များကို ရွှံ့သွားမှန်ရင်လည်း အဆဲခံရမှာ ကြောက်နေရတာ ဒါနဲ့ ကျွန်တော်တို့အုပ်စု တံတားနဲ့ ခပ်လှမ်းလှမ်းဖြစ် တဲ့ ညောင်ပင်လေးဈေးအနောက်ဘက်နားမှာ သွားဆော့ ကြတယ်။ အဲဒီနေရာကလည်း လွတ်လွတ်ကင်းကင်း တော့ မဟုတ်ပါဘူး။ သမ္ဗန်တွေ၊ လှေတွေ ရှိနေတယ်။ ဆော့လို့တော့ ရတယ်။ ဘယ်လိုဆော့လို့ ရသလဲဆိုတော့ ကျွန်တော့်သူငယ်ချင်းတွေက ရွှံ့နဲ့ လိုက်ပစ်ရင် ကျွန်တော် သမ္ဗန်တွေ လှေတွေအောက်ကို ကန့်လန့်ဖြတ် ရေငုပ် ပြေးတယ်။ သမ္ဗန်တွေ ဟိုဘက်ရောက်မှ ခေါင်းပြန် ပြီး သူတို့ကို ရွှံ့နဲ့ ပြန်ပစ်တယ်။ သူတို့ကလည်း သူတို့ မသိအောင် နည်းမျိုးစုံနဲ့ ရှောင်ကြတယ်။ ဒါပေမယ့် သူတို့က ကျွန်တော့်လောက် ရေကို အကြာကြီး မငုပ်နိုင် သမ္ဗန်ကို ကျွန်တော့်လို ဘယ်သူမှ ဖြတ်မငုပ်ဘူး။ ခေါင်းလေး မြုပ်ရုံလောက်ပဲ ထိုင်ချလိုက်ကြတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ ရေထဲမှာ ဆော့နေတာ တစ်နာရီ ရှိနေပြီ။ ဒီအချိန်မှာ ကျော်ဦးတို့အဖွဲ့က လှေဘေးက ပြီး ကျွန်တော့်ကို ဝိုင်းအပစ်၊ ကျွန်တော်ကလည်း ထိ စိုးလို့ ကမန်းကတန်းနဲ့ နီးရာ သမ္ဗန်အောက်ကို စွပ်ခနဲ ငုပ်ဝင်ပြီး ရေအောက်ကနေ သမ္ဗန်ဟိုဘက်ရောက်အောင် သွားလိုက်ပါတယ်။ ကျွန်တော် ငုပ်ဝင်လိုက်တဲ့ သမ္ဗန်က လည်း သရက်သီးတွေ တင်လာတဲ့ သမ္ဗန်ပါ။

ကျွန်တော်တို့ ဆော့တဲ့ နေရာက သရက်သီးတို့၊ ပျောသီးတို့ လာရောင်းကြတဲ့ သမ္ဗန်တွေ။ လှေတွေသာ ကပ်တဲ့ နေရာမို့ပါ။ ဒီသမ္ဗန်တွေက အလျား ၁၅တောင်လောက်ရှိပြီး အနံကတော့ ၉ပေ ၁၀ပေခန့်သာ ရှိပါတယ်။ ဒီအနံ ၉ပေလောက်ကို ရေအောက်ကနေ ဖြတ်ကူးရင် အများဆုံး ဆယ်စက္ကန့်လောက်ပဲ ကြာမယ်ဆိုတာ ဆော့နေတဲ့ အတွေ့အကြုံအရ သိပါတယ်။ အခုလည်း ကျွန်တော် ဖြတ်ကူးရင်း လွတ်လောက်ပြီထင်တဲ့ အချိန်မှန်းပြီး ရေပေါ် ပြန်တက်လိုက်တယ်ဆိုရင်ပဲ "ဒုန်း"ဆိုပြီး လှေဝမ်းနဲ့ ခေါင်း နဲ့ ဆောင့်မိတဲ့ အသံနဲ့အတူ ကျွန်တော် ရေအောက်ကို ပြန်ငုပ်လိုက်ပါတယ်။ စိတ်ထဲတော့ ဒီသမ္ဗန်လှေဝမ်း နည်းနည်းကြီးတယ်ထင်ပြီး ထပ်ကူးလိုက်ပြန်တယ်။

နောက် ဆယ်စက္ကန့်လောက်ကူးပြီး ရေပေါ်ကို ခေါင်း ဖော်ကြည့်လိုက်တော့လည်း "ဒုန်း"ဆိုပြီး ရေအောက်ကို ဒုတိယအကြိမ်မြောက် ပြန်ရောက်သွားရပြန်တယ်။ ဒီတစ်ခါ ရေအောက်ကို ပြန်ရောက်တဲ့အချိန်မှာ ကျွန်တော် အသက်ရှူ တော်တော်လေး ကျပ်နေပါပြီ။ လေကို အားပါးတရ ရှူချင် နေပါပြီ။ ဒါနဲ့ အားစိုက်ပြီး ထပ်ကူးလိုက်တယ်။ တတိယ အကြိမ် ခေါင်းဖြည်းဖြည်းဖော်ကြည့်တယ်။ မလွတ်သေးဘူး။ ဒီတော့ ရေအောက်မှာ ကျွန်တော် ဧသွးပျက်စ ပြုနေပြီ။

(တကယ်တော့ ကျွန်တော် သမ္ဗန်ကို အလျားလိုက် ကူးနေတယ်ဆိုတာ ထိုစဉ်က မစဉ်းစားတတ်ခဲ့လို့ပါ။)

ဒီအချိန်မှာ ကြောက်စိတ်ကလည်း လွှမ်းမိုးနေလို့ ပထမဆုံး အားကိုးရာမိတယ်ဆိုရင် အရဟံအစ ဘဂဝါအဆုံး ဖြစ်တဲ့ ရှင်တော်မြတ်ဘုရား၏ ကိုးပါးသော ဂုဏ်တော်တို့ ကိုပါ။

လူငယ်တစ်ယောက်အနေနဲ့ အခုလို သေွးရူးသွေးတန်း ဖြစ်နေတဲ့အချိန်မှာ ဘာဖြစ်လို့ ဂုဏ်တော်ကိုးပါးကို သတိရ သလဲလို့ မေးရင် အထုံကြောင့်လို့ ဖြေရမှာပါပဲ။

သူငယ်တန်းကျောင်းသားဘဝကတည်းက ကျောင်း ခေါင်းလောင်းထိုးပြီးတာနဲ့ ပထမဆုံးလုပ်ရတာ ဘုရားရှိခိုးပါ။ ဘုရားရှိခိုးရင်လည်း ဂုဏ်တော်ကိုးပါးကို ပါဠိရော၊ အနက် ပါ ပူးတွဲပြီး ပူဇော်ရှိခိုးရပါတယ်။ အလယ်တန်းလည်း ဒီလို ပါပဲ။ နေ့စဉ် ရွတ်ဆိုပူဇော်ရတဲ့ အလေ့အကျင့်ဟာ ဘယ်လောက် ထုံခဲ့သလဲဆိုရင် အိပ်မက်ထဲမှာ ကြောက်စရာ လန့်စရာ တစ်ခုခုမြင်မက်ရင် ဣတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဆိုတဲ့ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုပြီးသားဖြစ်နေခဲ့ တယ်။ ကျွန်တော့်ကို မိဘတွေ ရိုက်မည့်အခြေအနေရှိရင် လည်း ဂုဏ်တော်ကိုးပါးကို စိတ်ထဲက ရွတ်နေတာပဲ။

အခုလည်း ရေအောက်မှာ ဘယ်လိုမှ ထွက်ပေါက် မတွေ့။ အသက်ရှူအောင့်ထားရတာ ကြာလို့ လည်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေတောင် ကွဲထွက်လုမတတ် ခံစားနေရတယ်။ စိုးရိမ်ကြောက်လန့်မှုနှင့်အတူ စိတ်ထဲမှ အကြိမ်ဘယ်လောက်တောင် ရွတ်ဖတ်ပူဇော်နေမိတယ် မသိဘူး။ ကျွန်တော့်ရဲ့ ခတ်တစ်ချက် မခတ်တစ်ချက်ဖြစ်နေသော ခြေအစုံကို တစ်စုံတစ်ခုက အရှိန်နှင့် ဝင်ဆောင့်လိုက်သလို ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံး လည်ထွက်သွားတယ်။ ကျွန်တော့်ကို ဝင်တိုက်လိုက်သောအရာနှင့် ဘေးချင်းယှဉ်လျက်သားလည်း ဖြစ်သွားခဲ့တယ်။

ကျွန်တော့်ကို ဝင်တိုက်သော အရာကို မကြည့်လင်တဲ့ မြစ်ရေကြောင့် မှုန်ဝါးဝါးသာ မြင်လိုက်ရတော့ ကြောက်စိတ်၊ အားငယ်စိတ်တို့ကလည်း အထွဋ်အထိပ်သို့ ရောက်သွားတယ်။ နောက်ဆုံး လက်ကျန်အင်အားဖြင့် အစွမ်းကုန် ကူးခတ်လိုက်တယ်။

ဘယ်လောက် ကူးခတ်လိုက်မိတယ်တော့ မသိဘူး။ ကျွန်တော့်နာမည်ခေါ်သံကို ဝိုးတဝါးကြားလိုက်မှ ဝမ်းသာအားရနဲ့ ခေါင်းဖော်ကြည့်လိုက်တော့ ရေက ကျွန်တော့်ခါး တစ်ဝက်မျှပင် မနက်သော နေရာသို့ ရောက်နေပြီ။

(အဲဒီအချိန်က ဝမ်းသာစိတ်ကို စာဖြင့် ရေးပြနိုင်စွမ်း မရှိတော့ပါ။)

ကျွန်တော့်ကို မြင်လိုက်တာနဲ့ ကျွန်တော့်သူငယ်ချင်းတွေက ရွှံ့တွေနဲ့ ပစ်လည်း ပေါက်၊ ပါးစပ်မှလည်း အပုန်းကောင်တဲ့ကောင် ဝိုင်းပစ်ကွာဟု ဆိုပြီး ရွှံ့များနဲ့ တရစပ် ပစ်တောတာပဲ။

သူတို့ပစ်ပေမယ့် ကျွန်တော် ရှောင်နိုင်စွမ်းလည်း မရှိ၊ ပြန်လည်း မပစ်နိုင်။ ကိုယ့်ကိုယ်ကိုယ် လဲမကျအောင် ထိန်းရင်း တံတားရှိရာကို အားတင်း လှမ်းခဲ့ရတယ်။

ဒါကို ရိပ်မိတဲ့ သူငယ်ချင်း ကျော်ဦးက ကျွန်တော့် အနား လာပြီး…

“မြင့်လှိုင်…ဘာဖြစ်လို့လဲ၊ ဟာ…မင်းနှုတ်ခမ်းတွေလည်း ပြာနှမ်းနေပါလား။ မျက်လုံးကလည်း ရဲနေပြီ။ အဲဒါများ ဒီလောက်ကြာအောင် ငုပ်နေရတယ်လို့ကွာ”

ဆိုပြီး ကရုဏာဒေါသောနဲ့ ပြောလာတယ်။

ကျွန်တော့်အနေနဲ့ ဒီအချိန်မှာ သူတို့ကို ဘာမှပြန်ပြောဖို့ အင်အားမရှိတော့ဘူး။ ရေချိုးတံတားပေါ် ပက်လက်လှန်ပြီး အသက်ကိုပဲ ဝအောင် မနည်းလု ရှူနေရတယ်။ ဖြစ်ခဲ့တာကို ပြန်စဉ်းစားလိုက်တော့ ကျောရိုးထဲ စိမ့်ခနဲဖြစ်အောင် ကြောက်သွားမိတယ်။

ကျွန်တော် အမောပြေမှ သူငယ်ချင်းများကို ရှင်းပြလိုက်တော့…

“မင်းကွာ…မသေကောင်း မပျောက်ကောင်း။ ငါတို့တောင် တစ်ခါမှ သမ္ဗန်အောက်ကို မငုပ်ဘူး။ မင်းကသာ ကျွမ်းကျင်တယ်ဆိုပြီး စွတ်ငုပ်နေတာ။ ဒါနဲ့ မင်းကို ဝင်တိုက်တာ ဘာကောင်ကြီးလဲ”

“အေးကွာ၊ ငါလည်း အကြောက်လွန်နေလို့ ဘာကောင်မှန်း အတိအကျမသိပေမယ့် အဲဒီအကောင်ကြီး ဝင်တိုက်လို့ လည်ထွက်သွားပြီး သမ္ဗန်အောက်က ပြန်ထွက်နိုင်တာ။ ငါ့စိတ်ထင် ငါးလိုလို ဘာလိုလို အကောင်ကြီးပဲ”

“သူ ဝင်တိုက်လိုက်တော့ သူနဲ့ ငါက ဘေးချင်းယှဉ်လျက်သားဖြစ်သွားတယ်။ ငါလည်း ကြောက်ကြောက်နဲ့ ဘေးကို ကြည့်လိုက်တော့ ရေကလည်း မှုန်မှုန်ဝါးဝါးနဲ့ အမြီးရမ်းနေတာပဲ တွေ့လိုက်တယ်။ ကြီးတော့ တော်တော်ကြီးတဲ့ ငါးဖြစ်မယ်ကွ။ အဲဒီငါးကြီးသာ ဝင်မတိုက်ရင် ငါတော့ သမ္ဗန်အောက်က ထွက်မရဘဲ သေမှာ။ ငါလည်း ရေထဲမှာ ကြောက်ကြောက်နဲ့ ဣတိပိသော ဘဂဝါကို ရွတ်တာ ဘယ်နခေါက်မှန်းတောင် မသိတော့ပါဘူးကွာ။ ဘာပဲဖြစ်ဖြစ် ငါ့ကို ဘုရားဂုဏ်တော်က ကယ်သွားတာပဲကွ”

အဲဒီနောက်ပိုင်း ကျွန်တော် မြစ်ထဲကို တော်တော်နဲ့ ရေဆင်းမကူးတော့ဘူး။ နဖူးက အမာရွတ်ကို စမ်းမိလေတိုင်း မင်းမပေါ်ကို သတိရတဲ့ ကေဝဋ္ဋပုဏ္ဏားလို မြစ်ရေပြင်နှင့် သမ္ဗန်တွေကို မြင်တိုင်း ခံစားခဲ့ရတဲ့ အဖြစ်ကို မေ့မရနိုင်ခဲ့ဘူး။ နောက်ပိုင်း သူငယ်ချင်းတွေ ရေကူးဖို့ လာခေါ်ရင် ခေါင်းခါ၊ လက်ပြပြီး တာ့တာလုပ်ခဲ့တာ ဒီနေ့ ဒီအချိန်ထိပါပဲ။

စဉ်းစားကြည့်ရင် ဒီအဖြစ်အပျက်က ကိုးဆယ်ရာခိုင်နှုန်းသေဖို့ များတာ မှန်ပေမယ့် ကျွန်တော့်စိတ်ထဲ အမြဲထုံနေတဲ့ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို ရွတ်ဖတ်ပူဇော်လိုက်တဲ့ အကျိုးကျေးဇူးကြောင့်လို့ပဲ ထင်ပါတယ်။ ခလုတ်ထိမှ အမိတခြင်းထက် ခလုတ်မထိခင်ကတည်းက အမိတနေပါမှ ထိမယ့် ခလုတ်က သူ့အလိုလိုရှောင်သွားပေလိမ့်မယ်လို့ ကျွန်တော်ထင်တယ်လေ။

လာမယ့် နွေကျောင်းပိတ် မြောင်းမြသွားလို့ သမီးကို ရေကူးသင်ပေးဖြစ်ရင်တောင် မြစ်ထဲ ဆင်းရဲပါဦးမလားလို့ ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ်ပြန်မေးနေမိပါတယ်။


* * *

ခြောင်းမြမြင့်လှိုင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဖခင်ဟာ သာဝတ္ထိမြို့မှာ ထင်ရှားသော ပန်းစိုက်ပျိုးရောင်းချသူတစ်ဦးပါ။ ဖခင်ဟာ ပန်းမျိုးစုံကို စိုက်ပျိုးပြီး သူဌေးသူကြွယ်အိမ်တွေ၊ မင်းအိမ်တွေ စသည်တို့ကို ပန်းများ ပေးသွင်းရောင်းချသူတစ်ဦးမို့ သာဝတ္ထိပြည်မှာ မသိသူ မရှိသော ဥယျာဉ်မှူး (သို့မဟုတ်) ပန်းစိုက်ပျိုးသူ တစ်ဦးပါ။

ပန်းစိုက်သူတစ်ဦးကနေ မွေးတဲ့ သမီးမို့လား မသိဘူး။ ကျွန်မဟာသည်း ရုပ်ရည်အဆင်း လှပတင့်တယ်ပြီး ပန်းကလေးလို ယသူလို့ ကျွန်မတို့ပတ်ဝန်းကျင်မှာ ထင်ရှား လှပါတယ်။

ကျွန်မ ရွယ်လေးရောက်လာတော့ ဖခင် ပန်းခြံသို့ လိုက်ပြီး ပန်းရပါတယ်။ ပန်းမှာသူ ဖောက်သည်တွေ များရင် ဖခင်ကအခြားမိန်းကလေးများကိုလည်း ငှားရမ်းပြီး ပန်းခူးခိုင်းရပါယ်။ ပန်းခူးသည်မို့ အခြား ပန်းခူးသည့် မိန်းကလေးများနှင့် ကျွန်မဟာ ပန်းခူးဖော် ပန်းခူးဖက် သူငယ်ချင်းတွေ ဖြစ်လာရပါတယ်။

တစ်နေ့ ၂ျွန်မဟာ အဖေရဲ့ စေခိုင်းမှုကြောင့် အဖော်များနှင့်အတူ ဇစောပဲ ပန်းခူးထွက်ခဲ့ရပါတယ်။ စောစော ပန်းခူးထွက်ရသည့်အတွက် အမေက မုယောမုန့်ဆုပ် သုံးခုကို ထည့်ပေးဂက်ပါတယ်။

ကျွန်မတို့ သူငယ်ချင်းတစ်စုဟာ ပျော်ပျော်ပါးပါးပဲ သာဝတ္ထိမြို့ထဲဂ ထွက်ပြီး ပန်းဥယျာဉ်များရှိရာသို့ လာခဲ့ကြပါတယ်။ အဲဒီအချိန်မှာပဲ မြတ်စွာဘုရားရှင်ဟာ နောက်ပါရဟန်းအပေါင်းနှင့်အတူ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးပြီး သာဝတ္ထိမြို့ကို ဆွမ်းခံကြွလာတာ ကျွန်မ ဖူးတွေ့လိုက်ရပါတယ်။

ကျွန်မဟာ ဘုရားရှင်ကို ဖူးတွေ့လိုက်ရတော့ အလွန်သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ် ဖြစ်ပေါ်ခံစားရပြီး ကျွန်မဟာ ဘုရားရှင်ရှေ့သို့ သုတ်သုတ်လျှောက်သွားပြီး မိမိစားဖို့ ယူလာသော မုယောမုန့် သုံးဆုပ်ကို စေတနာ သဒ္ဓါကြည်ဖြူစွာဖြင့် လှူဒါန်းလိုက်ပါတယ်။ ဘုရားရှင်ကလည်း ကျွန်မ လှူလိုက်တဲ့ မုန့်ကို စတုမဟာရာဇ်နတ်မင်းကြီးလေးပါး ကပ်လှူထားတဲ့ သပိတ်ဖြင့် ခံယူပါတယ်။

ကျွန်မဟာ မုန့်ကို လောင်းလှူပြီး ဘုရားရှင်၏ ခြေတော်အစုံကို ဝမ်းမြောက်နှစ်သက် တသိမ့်သိမ့်ကြည်နူးမိသော ပီတိဖြင့် ဦးခေါင်းဝပ်ကျိုးကာ ရှိခိုးလိုက်မိပါတယ်။

ဘုရားရှင်က ကျွန်မကို ကြည့်ရှုပြီး ပြုံးတော်မူပါတယ်။ ဘုရားရှင်ရဲ့ ပြုံးတော်မူခြင်းကို တွေ့မြင်တဲ့ နောက်ကလိုက်ပါလာတဲ့ ရှင်အာနန္ဒာဆိုတဲ့ မထေရ်က -

"မြတ်စွာဘုရား…ပြုံးတော်မူခြင်း၏ အကြောင်းကား အသို့ပါနည်း"

လို့ မေးလျှောက်တာကို ကျွန်မ ကြားလိုက်ပါတယ်။ ဘုရားရှင်က -

"ချစ်သား အာနန္ဒာ…ဤသတို့သမီးသည် ဤမုယောမုန့်သုံးဆုပ်ကို လှူဒါန်းရသော ပထမ ဇောစေတနာထက်သန်မှုကြောင့် ဤယနေ့ပင်လျှင် ကောသလမင်းကြီး၏ မိဖုရား ဖြစ်လိမ့်မည်"

လို့ မိန့်ကြားတာကို ကျွန်မ ကြားလိုက်ရတော့ ကျွန်မအဖို့ မိမိကိုယ်ကိုယ် မယုံနိုင်အောင် အံ့ဩဝမ်းမြောက်စိတ်တွေ တဖွားဖွားဖြစ်ပေါ်နေမိပါတယ်။ ကျွန်မဟာ ဘုရားရှင်ဆက်လက်ကြွသွားတော့ သူငယ်ချင်းအဖော်များနှင့်အတူ ပန်းခူးရန် ဥယျာဉ်သို့ တပျော်တပါး ဆက်လက်သွားခဲ့ကြပါတယ်။

✦✦✦

အဲဒီနေ့က ကောသလမင်းကြီးဟာ သူ့ဖခင် မဟာကောသလမင်းကြီးက သူ၏ အစ်မ "ဝေဒေဟီ"မင်းသမီးနှင့် "ဗိမ္ဗိသာရ"မင်းသားတို့ လက်ထပ်ထိမ်းမြားစဉ်က လက်ဖွဲ့အဖြစ် ပေးထားတဲ့ ကာသိများကို ဘုရင် ဗိမ္ဗိသာရ နတ်ရွာစံတော့ ကောသလမင်းက ပြန်ယူလိုတယ်။ ဘုရင် ဗိမ္ဗိသာရရဲ့ သား အဇာတသတ်က လက်မခံ၊ ပြန်မပေးတော့ ဦးလေးဖြစ်သူ ကောသလမင်းက တူတော်သူ အဇာတသတ်နှင့် စစ်ထိုးပြီး ကာသိရွာကို ပြန်ယူဖို့ ကြိုးစားပါသတဲ့။

အဲဒီနေ့ ဦးကြီး ကောသလနှင့် တူ အဇာတသတ် စစ်ပွဲမှာ ဦးကြီး ကောသလ စစ်ရှုံးပြီး ကိုယ်လွတ် ထွက်ပြေးခဲ့ရတဲ့ နေ့ပေါ့။

ကျွန်မတို့ဟာ သီချင်းတကြော်ကြော်နှင့် ပန်းခူးနေကြတဲ့ အချိန်၊ အထူးသဖြင့် ကျွန်မ သီချင်းဆိုနေတဲ့ အချိန်၊ စစ်ဝတ်တန်ဆာနှင့် မင်းပျိုမင်းလွင်တစ်ပါးဟာ ကျွန်မတို့ ပန်းဥယျာဉ်ကွင်းအနီး ရောက်လာပါတယ်။ ကျွန်မအဖော်တွေက ထိုစစ်ဝတ်တန်ဆာဝတ် မင်းပျိုကို မြင်တော့ ကြောက်လန့်ပြီး ထွက်ပြေးကြပါတယ်။ အမှန်ကတော့ သူဟာ စစ်ရှုံးပြီး စိတ်မောလူမောနှင့် မြင်းစီးပြန်လာရင်း ကျွန်မ သီချင်းသံကို ကြားရပြီး သီချင်းသံကို အလွန်နှစ်သက်သဖြင့် ဝင်လာခြင်းဖြစ်ပါတယ်။

ကျွန်မကတော့ မပြေးသာတော့သဖြင့် သစ်ရိပ်စွာနှင့်ပင် ထိုစစ်ဝတ်တန်ဆာ မင်းပျို၏ မြင်းရှိရာသို့ သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ရဲတင်းစွာပဲ ဖမ်းချုပ်ထိန်းပေးလိုက်ပါတယ်။

ကျွန်မ သူ့ကို ကောသလမင်းမှန်း မသိပါဘူး။ မင်းဝတ်ဆာဝတ် မင်းပျိုတစ်ပါးလောက်သာ သိပါတယ်။ သူက ပေါ်ကနေ ကျွန်မကို စူးစူးစိုက်စိုက် တပ်မက်သောစိတ် ကြည့်ပြီး…

"မိန်းကလေး…သင်သည် ကာမပိုင် လင်ယောကျ်ား သလော၊ မရှိဘူးလော"

လို့ မေးပါတယ်။ ဒီလို ရုတ်တရက်ကြီး အမေးခံရတော့ ကျွန်မ ရှက်ရွံ့သလိုဖြစ်သွားမိပါတယ်။ ဒါပေမယ့် မင်းတစ်ပါးက မေးတော့ မဖြေလို့လည်း မရဘူး။ တော့ ကျွန်မက "မရှိပါဘူး"လို့ ခေါင်းငုံ့ပြီး အဖြေပေးလိုက်တော့ သူက သူ့ရဲ့ မြင်းပေါ်ကနေ ခုန်ဆင်းပြီး…

"သတို့သမီး…ငါဟာ ကောသလမင်းပဲ။ မင်းကို ငါ မြတ်နိုးလှတယ်"

လို့ မိန့်ကြားပြီး ကျွန်မကို သူ့ရင်ခွင်ထဲ ဆွဲသွင်းထား ပါတယ်။

နောက်တော့ သူဟာ စစ်ပွဲက စစ်ရှုံးပြီး လူပန်းစိတ်ပန်း ဖြစ်နေတာကို ကျွန်မက သိရတော့ ကျွန်မရင်ခွင်ထဲမှာ ခဏအနားယူ အိပ်စက်စေပါတယ်။

မကြာခင်မှာပဲ သူ့နောက်လိုက် စစ်သည်ဗိုလ်ပါတွေ ရောက်လာကြပါတယ်။ ကျွန်မလည်း ကြောက်လန့်ပြီး မရင်ခွင်ထဲမှာ အိပ်စက်နေတဲ့ ကောသလမင်း၏ ဦးခေါင်း အောက်ချ၍ ကပျာကယာ မတ်တတ်ထပြီး အရိုအသေ ပါတော့တယ်။

မှူးမတ်၊ စစ်သည် ဗိုလ်ပါများက ကောသလမင်းကို ရှိုးကြပါတယ်။ အဲဒီအခါကျမှ ကျွန်မဟာ ကောသလ ကို ကိုယ်တိုင်ပြုစုနေရပါကလားဆိုတာ သိရပြီး နံနက်က ရှင်ရဲ့ ဗျာဒိတ်စကားကိုလည်း သတိရလိုက်မိပြီး ဝမ်း ကနေမိပါတော့တယ်။

ဘုရင် ကောသလက ကျွန်မကို သူ့မြင်းပေါ် တင်ပြီး သွားပါတယ်။ သာဝတ္ထိမြို့ထဲ ရောက်တော့ ကျွန်မ မိဘ သို့ ပြန်ပို့စေပါတယ်။ ညနေအချိန်ရောက်တော့ မင်း ကြီးတို့ရဲ့ စီးနင်းသော စီးတော်ယာဉ်နှင့် မင်းမိဖုရားကြီး အဆောင်အယောင်များကို ပို့စေပြီး ကျွန်မကို မိဘအိမ် နေပြီး တခမ်းတနားဆောင်ယူပါတယ်။

နန်းတော်ရောက်တော့ ကျွန်မကို ရတနာအစုအပုံပေါ် ပြီး ဘိသိက်သွန်းတော်မူပြီး မိဖုရားကြီးအရာသို့ ချက်ချင်း မြှောက်ပါတယ်။ ကောသလမင်းဟာ မိဖုရားတွေထဲမှာ မကို အလွန်ချစ်မြတ်နိုးလေတော့ ကျွန်မဟာ သူ့အနား က မခွာရဘဲ အမြဲနီးနီးကပ်ကပ် ခစားနေရပါတယ်။

ကျွန်မဘဝ ဤကဲ့သို့သော မိဖုရားကြီး ရာထူးနှင့် ထီးနန်းစည်းစိမ်ခံစားပြီးနေရတာဟာ ဘုရားရှင်ရဲ့ ကျေးဇူးလို့ သတ်မှတ်ပြီး ကျွန်မဟာ နေ့စဉ် ဘုရားရှင်နှင့် ရဟန်း သံဃာတို့ လိုအပ်တာကို အမြဲလှူဒါန်းနေပါတော့တယ်။

◆◆◆

ကောသလမင်းကြီးမှာ ဘုရားနှင့် ဆွေမျိုးတော်ရန်ဆို ပြီး သကျသာကီဝင်မျိုးတွေထဲက တောင်းယူ လက်ထပ်ထား တဲ့ "ဝါသဘခတ္တိယ"ဆိုတဲ့ မိဖုရားတစ်ပါးလည်း ရှိပါတယ်။ သူကတော့ ဘုရားရှင်ရဲ့ အမျိုးအနွယ်ဆိုပြီး ကျွန်မပြီးရင် သူက ဒုတိယ ဦးစားပေးခံရတဲ့ မိဖုရားတစ်ပါးပါပဲ။

သူက ဝိကာကောင်းတာက သားရတနာများ မထွန်း ကားခဲ့တဲ့ ကောသလမင်းကြီးအတွက် "ဝိဋူဘ"ဆိုတဲ့ သား တစ်ယောက်မွေးပေးလို့ မင်းကြီးက အထူးဦးစားပေးခံရတဲ့ မိဖုရားတစ်ပါးဖြစ်လာပါတယ်။

တကယ်လို့ ကျွန်မကသာ သားရတနာမွေးမယ်ဆိုရင် တော့ ကျွန်မအဖို့ အတိုင်းထက်အလွန်၊ တံခွန်နှင့် ကုက္ကား လိုက်ဖက်ညီသလိုနေမှာပေါ့လေ။ ဒါပေမယ့် ကျွန်မက သား မမွေးနိုင်ခဲ့ဘူး။

ကျွန်မ မင်းကြီးရဲ့ မိဖုရားမြှောက်ခံရပြီး မကြာခင် ကိုယ်ဝန်ရှိခဲ့ပါတယ်။ ကျွန်မကလည်း သားရတနာကလေး မွေးဖို့ အများဆုံး မျှော်လင့်ထားခဲ့ပါတယ်။ ဒါပေမယ့် သမီး ကလေးမွေးတဲ့နေ့က အဖြစ်အပျက်ကို သတိရမိပါတယ်။ မင်းကြီးက ဘုရားရှင်ထံ သွားရောက် တရားနာနေပါတယ်။ ကျွန်မဟာ သမီးကလေးမွေးကြောင်း လိုက်ပြီး သတင်းပို့ လျှောက်ထားတော့ မင်းကြီးက သမီးမွေးသည့်အတွက် မျက်နှာပျက်ပြီး နှလုံးမသာမယာဖြစ်သွားပါတယ်။

အဲဒါကို ရိပ်မိတဲ့ ဘုရားရှင်က မင်းကြီးကို…

"လူတို့ကို အစိုးရသောမင်း… သမီးတော်လေးကို ကျေးမွေးသုတ်သင်ပါလော့။ ပညာရှိသော၊ အကျင့်သီလရှိ သော ယောက္ခမကို နတ်ကဲ့သို့ ရှိသေသော၊ လင်ကို လုပ် ကျွေးသော အချို့သော မိန်းမသည်လည်း မြတ်၏။ ထိုမိန်းမ သည့် အရပ်မျက်နှာတို့၌ စိုးမိုးအုပ်ချုပ်သောသားကို မွေးဖွား ၏။ ထိုမိန်းမကောင်း၏ သားသည် ရဲရင့်၏။ တိုင်းပြည်ကို လည်း အုပ်ချုပ်ဆုံးမနိုင်၏"

လို့ ဟောပြောပြလိုက်တော့ မင်းကြီး ကျေနပ်နှစ်သက် သွားပြီး ကျွန်မနှင့် သမီးအပေါ် အချစ်မလျော့ဘဲ ချစ်ခင် မြတ်နိုးခဲ့ပါတယ်။

မင်းကြီးဟာ သူက ကျွန်မကို ချစ်မြတ်နိုးသလို၊ သူ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်၌လည်း ကျွန်မက တစ်မိုးအောက် တစ်ယောက်တည်း စိတ်ထားပြီး ချစ်စေလိုသော ဆန္ဒရှိသူပါ။

တစ်နေ့ ကျွန်မနှင့် မင်းကြီး ပြာသာဒ်အောက်မှာ စံနေစဉ် မင်းကြီးက ကျွန်မကို ရုတ်တရက်···

"မလ္လိကာ··· သင့်အား မိမိထက်ပို၍ ချစ်အပ်သော အခြားတစ်စုံတစ်ယောက်သောသူသည် ရှိသလော"

လို့ မေးပါတယ်။ ကျွန်မကလည်း ဂေါတမဗုဒ္ဓရဲ့ တပည့်သာဝိကမပီပီ တရားသဘောနှင့် ယှဉ်ပြီး···

"မင်းကြီး···ကျွန်ုပ်အား မိမိထက်ပို၍ ချစ်ခင်အပ်သော အခြားတစ်စုံတစ်ယောက်သောသူ မရှိပါ"

လို့ ဖြေလိုက်ပါတယ်။

တကယ်တော့ မင်းကြီးက သူ့ကို အချစ်ဆုံးလို့ ပြောစေချင်တာကို ကျွန်မ ရိပ်မိပါတယ်။ ဘာပြုလို့လဲဆိုတော့ သူက မိဖုရားအများထဲမှာ ကျွန်မကို အချစ်ဆုံးမဟုတ်လား။ ကျွန်မက ကိုယ့်ကိုယ်ကို အချစ်ဆုံးလို့ ဖြေလိုက်တော့ သူ့စိတ်ထဲမှာ မကျေမချမ်း နှလုံးမသာမယာဖြစ်သွားတာကို ကျွန်မ ရိပ်မိလိုက်ပါတယ်။ ဒါနဲ့ ကျွန်မလည်း ချက်ချင်းပဲ မင်းကြီးကို···

"အရှင်မင်းကြီး···အရှင်မင်းကြီးရော မိမိထက် ပိုချစ်သူ ရှိပါသလော"

လို့ ကျွန်မ ကောက်မေးလိုက်ပါတယ်။

မင်းကြီးလည်း ခဏစဉ်းစားပြီး သူလည်း ဘုရားရှင်ရဲ့ ဒါယကာ ဥပါသကာပီပီ တရားနှင့် မယှဉ်ဘဲ မဖြေရဲတော့။

"မလ္လိကာ···ငါ့မှာလည်း မိမိထက်ပို၍ ချစ်အပ်သူ အခြားတစ်စုံတစ်ယောက် မရှိပါဘူး"

လို့ အဖြေပေးပါတယ်။

ဒါပေမယ့် သူ ဒီအဖြေကို ဘဝင်သိပ်မကျတာကို ကျွန်မ အကဲခတ် ရိပ်မိပါတယ်။ အဲဒီအတွက် သူက ဘုရားရှင်ထံသို့ သွားကြရအောင်လို့ ကျွန်မကို ခွင့်ပါတယ်။ ကျွန်မကလည်း လိုက်ပါမယ်လို့ သဘောတူပြီး နှစ်ယောက်အတူ နန်းပြာသာဒ်ထက်က ဆင်းပြီး ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းသို့ သွားကြရပါတယ်။

ဘုရားရှင်ရှေ့ရောက်တော့ ဘုရားရှင်ကို ရှိခိုးပြီး တစ်နေရာမှာနေပြီး မင်းကြီးက သူနှင့် ကျွန်မတို့ရဲ့ ချစ်၊ မချစ် ပြဿနာကို အကြောင်းစုံ ထပ်မံလျှောက်ထားပြရပါတယ်။

ဒီအခါ ဘုရားရှင်က ကျွန်မတို့ကို···

"အလုံးစုံသော အရပ်မျက်နှာတို့ကို စိတ်ဖြင့် လှည့်လည်ရှာဖွေသွားလာသော် တစ်စုံတစ်ရာသောအရပ်၌ မိမိထက် ပို၍ချစ်အပ်သောသူကို မရနိုင်ပါ။ ဤအတူပင် များစွာကုန်သော အခြားသူတို့သည်လည်း မိမိကိုယ်ကိုသာ ချစ်အပ်၏။ ထို့ကြောင့် အကျိုးစီးပွားကို အလိုရှိသောသူသည် သူတစ်ပါးကို မညှင်းဆဲရာ"

လို့ ဟောကြားပြသပါတယ်။

အဲဒီအခါကျမှ မင်းကြီးဟာ နှစ်သက် သဘောကျပြီး စိတ်ကြည်လင် ချမ်းမြေ့သွားပါတယ်။

◆◆◆

ဒီလိုနှင့် ကျွန်မဟာ မင်းကြီးအပါးမှာ အချစ်ဆုံး မိဖုရားအနေနှင့် နေရပါတယ်။ ဒါပေမယ့် ကျွန်မဟာ ကျွန်မကိုယ်ကျွန်မ မင်းကြီးနားမှာ နေပြီး မင်းကြီးကို မြူစားတဲ့ မိဖုရားတစ်ပါး မဖြစ်လိုပါဘူး။ မင်းကြီးကို ကူညီစောင့်ရှောက်ပေးသော၊ ကောင်းသော အကြံပေးတဲ့ မိဖုရားတစ်ပါးသာ ဖြစ်လိုပါတယ်။

သို့အတွက် ကျွန်မဟာ မင်းကြီးဘဝအတွက် မင်းကြီး၏ ကောင်းသတင်းတွေ့ရရန် အထောက်အပံ့ဖြစ်ဖို့ မင်းကြီးရဲ့ မကောင်းသတင်းများဖြစ်လာပါက တားမြစ်ဖို့၊ ကောင်းရာ ညွှန်ဖို့ ကျွန်မ အမြဲဆုံးဖြတ်ပြီး ပညာများကို လေ့လာပါတယ်။ ဗုဒ္ဓဂေါတမထံသို့လည်း မပြတ်တရားနာသွားလေ့ရှိပါတယ်။

ဗုဒ္ဓနှင့် ဗုဒ္ဓ၏ တပည့် အဂ္ဂသာဝက နှစ်ပါးဖြစ်တဲ့ ရှင်မောဂ္ဂလာန်နှင့် ရှင်သာရိပုတ္တရာတို့ရဲ့ လိုအပ်တဲ့ အရာတွေကို နေ့စဉ် စဉ်းစားပြီး နေ့စဉ် ဖြည့်ဆည်းပေးခဲ့၊ လှူဒါန်းခဲ့ပါတယ်။

တစ်နေ့သောအခါမှာ ကောသလမင်းကြီးကို ဘုရားအမှူးရှိသော သံဃာတော်အပေါင်းတို့အား သူတစ်ပါးတို့ တုပ၍ မလှူဒါန်းနိုင်သော အသဒိသအလှူပွဲကြီးကို လှူရန် ကျွန်မက တိုက်တွန်းပြီး ကျွန်မကိုယ်တိုင် စီမံဆောင်ရွက်ပေးခဲ့ပါတယ်။

သာဝတ္ထိပြည်တစ်ပြည်လုံး မင်းကြီးရဲ့ သဒ္ဓါတရားကို လေးစားကြည်ညိုသွားကြသလို၊ နောက်တော့ သာဝတ္ထိမှာ နာမည်ကြီး သူဌေးကြီးဖြစ်တဲ့ အနာထပိဏ်သူဌေး၊ ဝိသာခါ သူဌေးမတို့ကပါ ကောသလမင်းကြီးနည်းတူ အသဒိသအလှူပွဲ အတုလိုက်၍လုပ်သည်အထိ ဖြစ်လာခဲ့ပါတယ်။

ကျွန်မဟာ မင်းကြီးရဲ့ ကောင်းသတင်းဂုဏ်ကို ဤနည်းဖြင့် စီမံဆောင်ရွက်ပေးခဲ့၍ မင်းကြီးက ကျွန်မကို ဆထက် ထမ်းပိုး တိုး၍တိုး၍သာ ချစ်လျက်ပါ။

မဟာသဒ္ဓမ္မ ဇောတိက[illegible]

* * *

စာတ္တုသိုလ်သျှင်သီရိ[illegible]ရိယ၊ ဘိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com



## ဘုရားရှင်ပေးသော

# သက်တော်ရှည် ဂါထာတော်နှင့် သံသရာခရီး

## သိဒ္ဓ

လူတိုင်းလူတိုင်း အသက်ရှည်လိုကြသည်။ ထို့ကြောင့် ကောင်းမှုကုသိုလ်အစုစုတို့ကို ပြုပြီးတိုင်း နိဗ္ဗာန်မင်္ဂဖိုလ်ကို ရောက်တိုတိုနှင့် အလျင်အမြန်ရ,ရပါလို၏ ဘုရားဟူ၍ ပထမ ဦးစွာ ဆုတောင်းကြပြီးလျှင် နိဗ္ဗာန်မရမီစပ်ကြား လူ့ဘဝ၊ နတ်ဘဝ စသည့် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော ဘဝ၌ နေရပါလို၏ဟု ဆုတောင်းတတ်ကြပြန်၏။ ထို့ပြင် အသက် ရှည်ရာ အနာမဲ့ကြောင်း ဆုမွန်ကောင်းများကိုလည်း နောက် ဆုံးပိတ် အိတ်နှင့်လွယ် ဆိုသကဲ့သို့ ဆုတောင်းကြလေ၏။

မှန်ပေသည်။ မည်သို့ပင် ချမ်းသာ…ချမ်းသာ၊ ဘုန်း ဘုန်းနိုးကြီး…ကြီး အသက်တိုလျှင်ကား အကျိုးမထင်ချေ။ ချမ်းသာသူတို့အဖို့ မိမိတစ်သက်လုံး ကြိုးစားပမ်းစား ရှာဖွေ စုဆောင်းထားသမျှကို ပြည့်ပြည့်ဝဝ မခံစားရမီမှာပင် သေ ဆုံးကြသောအခါ နောက်လူ ကောင်းစားဖို့သာ ဖြစ်ရတော့ သည်။ ထို့ကြောင့် အသက်ရှည်ရှည်နေရဖို့ ဆုတောင်းကြရ ခြင်းဖြစ်လေသည်။ ယုတ်စွအဆုံး၊ မိမိရှာဖွေ ချမ်းသာလာခဲ့ သမျှ အသက်ရှည်ရှည်နေရသောသူအဖို့ ကုသိုလ်များများ ပြုနိုင်သည်။ ဘာဝနာများများပွားနိုင်သည်။

သို့ပါသော်လည်း လူတို့၌ အပုက္ကမ-အသက်တန်း ကုန်သည်အထိ သက်တမ်းစေ့ နေနိုင်ရန် မလွယ်လှပေ။ ကမ္မယကယခေါ် ကံကုန်၍ သေရခြင်း၊ ဥပစ္ဆေဒကခေါ် ရေနစ်ခြင်း၊ မီးလောင်ခြင်း၊ မြွေကိုက်ခြင်း စသည့်အကြောင်း တစ်ခုခုကြောင့် သေရခြင်း စသည်တို့ဖြင့် အချိန်မတိုင်မီ

www.burmeseclassic.com

www.burmeseclassic.com



သေကြရခြင်းမျိုးကြောင့် အသက်တိုရတတ်ပြန်ပါသည်။ ထို့ပြင် ညာဏ္ဍယ ခေါ် ဘေးအန္တရာယ် ရောဂါဘယများကြောင့်လည်း သေလွန်တတ်ကြပြန်လေရာ အသက်ရှည်ရှည်နေကြရဖို့မှာ လူတို့၏ အတောင့်တဆုံးသော အရာဖြစ်သော်လည်း အသက်ရှည်ရာ အနာမဲ့ကြောင်းမှာမူကား အလွန်ပင်ခက်ခဲလှပေသည်။

ထို့ကြောင့် အသက်ရှည်ရန် ရတနာသုံးပါးကိုင်းရှိုင်းရှိသေကြပါမှ ဘေးအန္တရာယ်အသွယ်သွယ်က လွတ်မြောက်ကြမည်ဖြစ်ပေရာ မြတ်စွာဘုရားဟောကြားတော်မူသော သက်တော်ရှည် ဂါထာတော်ကြီးအား ရွတ်ပွားနိုင်ရန်နှင့် ထိုဂါထာတော်ကြီးပေါ်ပေါက်လာပုံ နောက်ခံ ဇာတကတစ်ခုအား တင်ပြလိုက်ရပေတော့သည်။

ဂေါတမဘုရားရှင်လက်ထက်တော်က သုဖြဟ္မာ ...ည့်ရသော နတ်သားတစ်ပါးရှိခဲ့သည်။ ထိုနတ်သားသည် နတ်သမီးအခြွေအရံ တစ်ဖက် ငါးရာစီဖြင့် နတ်စည်းစိမ်တို့ကို နတ်တို့၏ အသက် နှစ်ပေါင်းများစွာ၊ မြူးတူးစွာဖြင့် ခံစားစံစားခဲ့လေသည်။ တစ်နေ့သောအခါ ထိုနတ်သားသည် နတ်သမီးတစ်ထောင်တို့ကို ခေါ်ဆောင်၍ နတ်တို့၏ ပျော်ပါးရာဖြစ်သော နန္ဒဝန် နတ်ဥယျာဉ်သို့ လာခဲ့ကြလေသည်။ ဥယျာဉ်တော်တွင်းရှိ ပင်လယ် ကသစ်ပင်ရင်း၌ နတ်သားကထိုင်နေစဉ် နတ်သမီး ငါးရာတို့သည် နတ်သားအား ဝန်းရံခစားလျက် အလုပ်အကျွေးပြုနေကြလေ၏။ အခြားသော နတ်သမီး ငါးရာတို့မှာ သစ်ပင်များပေါ်မှ သစ်သီးပန်းမာန်များကို ခူးသူက ခူး၊ သီသူက သီကြလျက် ပျော်ရွှင်မြူးတူးလျက်ရှိကြသည်။ အချို့သော နတ်သမီးများမှာ တူရိယာတီးမှုတ်သူက တီးမှုတ်၊ သီချင်းဆိုသူက ဆို၊ ကသူက ကဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ နတ်သမီးများ၏ လှုပ်ရှားပြောဆိုသံများဖြင့် လွှမ်းမိုးလျက်ရှိတော့သည်။

နတ်သားခများမှာလည်း မိမိ၏ ထံပါး၌ ခြေဆုပ်လက်နက်ပြုစုနေသော နတ်သမီးများထံ အာရုံရောက်သွားခိုက် မျက်တောင်တစ်ခတ်မျှ အချိန်ကာလလေးအတွင်း၌ သစ်ပင်ပေါ်မှ နတ်သမီးများကို သတိမေ့လျော့သွားခဲ့သည်။ ထို့နောက် သစ်ပင်များဆီမှ ခူးဆွတ်သံ၊ ကခုန်သံများ မကြားသဖြင့် လှမ်းကြည့်လိုက်ရာ နတ်သမီး ငါးရာမှာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားပေပြီ။ နတ်သားက သူ၏ တန်ခိုးဖြင့် ဆင်ခြင်ကြည့်ရှုလိုက်သောအခါ ထိုနတ်သမီး ငါးရာစလုံးပင် နတ်သက်ကြွေကာ ငရဲသို့ ကျရောက်သွားပြီဖြစ်ကြောင်း ထိတ်လန့်စွာ သိရှိလိုက်ရလေတော့သည်။

တစ်ဖန် ထိုနတ်သားသည် မိမိနှင့်တကွ ကျန်ရှိနေသေးသော နတ်သမီးတို့မှာ မည်သို့မည်ပုံ ရှိလေမည်နည်းဟု ကြည့်ပြန်၏။ ထိုအခါ၌ မိမိတို့သည်လည်း နောက် ခုနစ်ရက်စေ့ရောက်လျှင် နတ်ပြည်မှ စုတေ၍ အပါယ်လေးဘုံသို့ ကျရောက်ရတော့မည်ဖြစ်ကြောင်း သိရှိပြန်လေသည်။ နတ်သားမှာ အလွန်ကြောက်ရွံ့ တုန်လှုပ်လျက် အားကိုးသမှုပြုနိုင်လောက်သည့် ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကို တွေ့လိုတွေ့ငြား နတ်တို့၏ မျက်စိဖြင့် ကြည့်လေသော် လူ့ပြည်၌ သီတင်းသုံးနေသော မြတ်စွာဘုရားရှင်ကို တွေ့သဖြင့် နတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်လာပြီး မြတ်စွာဘုရားရှင်၏ ရှေ့တော်မှောက်၌ ဝပ်စင်း ခစားကာ နတ်သက်ကြွေတော့မည့် မိမိ၏အဖြစ်ကို လျှောက်ထားခဲ့လေသည်။

မြတ်စွာဘုရားရှင်က နတ်သားအား အောက်ဖော်ပြပါ ဂါထာကို ကျူးရင့်၍ ကယ်တင်ခဲ့သည်။

"နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယ သံဝရာ၊
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ၊ ပါနိဏံ"

အထက်ပါ မြတ်စွာဘုရားရှင် မြွက်ကြားခဲ့သော ဂါထာကို ရွတ်ဆိုရခြင်းကြောင့် ထိုနတ်သားသည် သောတာပန်တည်ကာ အသက်ရှည်၍ ငရဲသို့ ကျရောက်ခြင်း ဝဋ်ဆင်းရဲမှ လွတ်မြောက်ခဲ့လေသည်။

ကျွန်ုပ်တို့သည် တစ်ရာမျှသာရှိသော သက်တမ်းအတွင်း၌ ကပ်အမျိုးမျိုး၊ ဘေးအမျိုးမျိုးတို့ကြောင့် သက်တမ်းစေ့ နေထိုင်ကြရန် အလွန်ခက်ခဲကြသည့်အပြင် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော လူတို့၏ စိတ်ကို မသန့်ရှင်း မစင်ကြယ်စေသည့် ပတ်ဝန်းကျင် ပယောဂများထဲတွင် အသက်ရှင် နေထိုင်ရသဖြင့် ဆူးကြားမှ ဘူးခါးသဖွယ် ကျဉ်းကျပ် ခက်ခဲလှပေသည်။ ထိုနည်းဖြင့် သံသရာခရီးကို သွားခဲ့ကြရာတွင် ကုသိုလ်တရားထက် အကုသိုလ်တို့က ပိုမိုဝန်းရံ ရစ်ပတ်နေသောကြောင့် ရှေ့ခရီးဝယ် အမှောင်ထောက်သော အပါယ်တည်းဟူသော ဇာခါးပေါက်ကြီးသာ ဟင်းလင်းပွင့်လျက်ရှိသည်ကို မြင်ကြရမည် ဖြစ်ပေသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင် ဟောကြားမြွက်ဟတော်မူခဲ့သော အထက်ပါ သက်တော်ရှည် ဂါထာတော်ကြီးကို ရွတ်ဖတ်ရင်း သက်တမ်းစေ့ အသက်ရှည် နေထိုင်နိုင်ကြကာ နေ့ရသမျှ ရက်ကာလတို့တွင် ကုသိုလ်ကောင်းမှုနှင့် စပ်လျဉ်းသော အလုပ်အကိုင်၊ အပြောအဆို၊ အကြံအစည်၊ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို များနိုင်သမျှ များအောင် ကျင့်ကြံနေထိုင်သွားနိုင်ကြပါစေဟု ဆန္ဒပြု တိုက်တွန်း ရေးသားလိုက်ရပါတော့သည်။

* * *

သိန်း...

မှီငြမ်း
- ဗုဒ္ဓ ပရိတ်တော်နှင့် ဂါထာပေါင်းချုပ် (ပညာအလင်း... စာအုပ်တိုက်)။



www.burmeseclassic.com

www.burmeseclassic.com



စေတီတော် ဌာပနာတိုက်အတွင်းရှိ နဂါးခုနစ်ကောင် ရုပ်ပွားတော်မြတ်
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com





ပေါ်တော်မူ ဆုတောင်းပြည့် မြစေတီတော်


# ရွှေထီးတော်တင်ပွဲ အောင်မြင်စွာ ဆင်နွှဲ

■ မင်းထက်ကျော် ■

www.burmeseclassic.com

www.burmeseclassic.com






ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀တောင်၊ ၁၂ရပ်ကွက်ရှိ တံခွန်တိုင် တောရကျောင်းတိုက် အောင်စေတီ ဆရာတော်ကြီးမှာ သာသနာပြု ဆရာတော်ကြီးတစ်ပါးဖြစ်ရသည်။ ဆရာတော်ဘုရားကြီးသည် အောင်စေတီ၊ ဗောဓိစေတီ စသည့်စေတီတော်အသစ်များ အောင်မြေလေးမျက်နှာဘုရား၊ ကျိုက်အင်းဘုရား၊ သပိတ်ကုန်း ပေါ်တော်မူစေတီသည့် စေတီများ အသစ်တည်ခြင်း၊ အဟောင်းပြုပြင်မွမ်းမံခြင်းတို့ကို ဆောင်ရွက်တော်မူပါသည်။ ထားမလုံ့ရှိ အောင်မြေဘောဓိနှင့် လေးမျက်နှာဘုရားအကြောင်း ဆောင်းပါးရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်တွင် တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ ကျောက်နီမော်ကျေးရွာတွင်လည်း သိန်းတစ်ရာကျော် အကုန်အကျခံ၍ ကျောင်းတိုက်ကြီးတစ်တိုက်တည်ဆောက်ကာ ရေစက်ချ လှူဒါန်းခဲ့ပါသည်။

ထို ၂၀၁၂ခုနှစ်တွင်ပင် ကျောက်တန်းမြို့နယ်၊ တမံဦး







www.burmeseclassic.com

www.burmeseclassic.com









ရှာ ပေါ်တော်မူ ဆုတောင်းပြည့် မြစေတီတော်တည်ရာ ဘုရားကုန်းတော်ပေါ်သို့ ကြွရောက်တော်မူခဲ့၏။ ထို့နောက် သက်ဆိုင်ရာအဖွဲ့အစည်းများထံ ခွင့်တောင်းပြီး အပေါ်မှ ဆူးလေစေတီပုံစံ ထပ်မံ ငုံ့တည်ရန် စီစဉ်ဆောင်ရွက်တော်မူပါသည်။

၂၀၁၂ခုနှစ်၊ ဇွန်လ (၁၃၇၄ ခုနှစ်၊ ကဆုန်လ)မှ စ၍ ဘုရားကုန်းတစ်ဝိုက် ချုံပင်များ ရှင်းလင်းခြင်း စတင်ဆောင်ရွက်ကြပါသည်။ "အောင်စေတီ ဆရာတော်ကြီး၏ တပည့် ဒကာ၊ ဒကာမများ။ စနေအစိတ္တာန်အဲဖွဲ့တို့မှ ဦးဆောင်ဆောင်ရွက်ကြပါသည်။ ထိုဘုရားကုန်းမှ လှမ်းကြည့်ပါက ဘန့်ဘွေးကုန်းဆည်ကို လှမ်းမြင်နေရပါသည်။ ထို့နောက် မူလစေတီတော်လည်း မပျက်စီးစေဘဲ ရင်ပြင်တော်တစ်ဝိုက် ပတ်ပတ်လည် မြေကျင်းတူးကြပါသည်။

စာရေးသူအနေဖြင့် အမှိုက်၊ ချုံပင်၊ နွယ်ပင်များ ရှင်းလင်းချိန်မှ စတင်ပြီး လိုက်ပါ ကုသိုလ်ယူ ဓာတ်ပုံမှတ်တမ်း တင်ခဲ့ပါသည်။ ဆရာတော်ကြီး ဘုရားတည်ရာတွင် ထားမလုံ အောင်ဓမ္မရိပ်သာကျောင်းတိုက်မှ ဦးနန္ဒိယနှင့် တပည့်များမှ ဝေယျာဝစ္စကိစ္စ အုတ်-သဲ-ကျောက်သယ်ခြင်း၊ ညှော်ခံကျွေးမွေးခြင်း စသည့် ကုသိုလ်ဒါနမျိုးစုံကို စေတနာ သဒ္ဓါထက်သန်စွာ လုပ်အားဒါန ပါဝင်တာ တွေ့မြင်ရပါသည်။










www.burmeseclassic.com


www.burmeseclassic.com




အောင်စေတီဆရာတော်ဘုရားကြီးသည် ဂုနေ့သားသမီးများကို မေတ္တာပို့သပြီး အနေ့ောင့်အယှက် ပယောဂ မကင်းသူများကို စစ်ဆေးပေးပြီး ဆီမန်း၊ ရေမန်း၊ ပရိတ်ကြိုးပေးကာ ရောဂါဝေဒနာသက်သာစေရန် ဆောင်ရွက်ပေးလျက် ရှိပါသည်။


ဂုနေ့သားသမီးထံမှ ရရှိလာသော အလှူငွေများကို သာသနာပြုလုပ်ငန်းများတွင် ထည့်ဝင် အသုံးချပါသည်။ ထို့ကြောင့် ဆရာတော် ဦးဆောင်၍ တည်သော ဘုရား၊ စေတီ၊ ကျောင်းတိုက်၊ သိမ်၊ ဓမ္မာရုံတည်ဆောက်ရာတွင် ဂုနေ့သားသမီးအလှူပါဝင်လျက် ရှိပါသည်။ အချို့ အရန်ကိစ္စများတွင်













တစ်ဦးတည်း အလှူရှင်ပါဝင်တာလည်း ရှိပါသည်။ မည်သည့် အလှူဒါန မဆို ဂုဏ်မဖော်ဘဲ လှူတာ အကောင်းဆုံးဖြစ်ပါသည်။

သန်လျင်-ကျောက်တန်း ပေါ်တော်မူ ဆုတောင်းပြည့်မြစေတီတော်တည်ရာ ဘုရားကုန်းသို့ တစ်ပတ်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ် ကြွရောက် မေတ္တာပို့ပေးပါသည်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများ၊ မြန်မာမှု ပညာရှင်များ၊ ပန်းချီ ပညာရှင်များ၊ စနေအစိတ္တာန်အဖွဲ့ စေတနာရှင် အလှူရှင်များ




www.burmeseclassic.com

www.burmeseclassic.com








သည် စေတီတော် အမြန်ပြီးမြောက်ရေး ချောမောတင့်တယ်စွာ ပြီးစီးရေး စသည့် ကိစ္စအဝဝအတွက် အဖက်ဖက်မှ ကူညီပံ့ပိုးပေးကြပါသည်။ ကျောက်တန်းနှင့် နီးသော ဦးနန္ဒိယမှာ အနီးကပ် ကြီးကြပ်ပေးနေတာ တွေ့မြင်ရပါသည်။

ပေါ်တော်မူ ဆုတောင်းပြည့် မြစေတီတော်ဟူသော ဘွဲ့တော်နှင့်အညီ အချို့ကြိုတင် အဓိဋ္ဌာန်ဝင် ဆုတောင်းကြရာ ပြည့်စေသည်ဟု ကြားသိရပါသည်။ ကားလမ်းဘေးတွင် တည်ရှိ၍ အလွယ်တကူ ကားရပ်၍ ဖူးနိုင်သော ဘုရားစေတီဖြစ်သည်။ မသိသူတွေ ကျော်သွားကြကုန်၏။ စေတီဟောင်းဖျက်ရာတွင် တွေ့ရသော အုတ်များမှာ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က အုတ်ပြားများဖြစ်၍ ရှေးဟောင်း သမိုင်းဝင်စေတီဖြစ်ခဲ့တာ သေချာပါသည်။

ပေါ်တော်မူတွင် တင်လှူမည့် ထီးတော်များ၊ တံခွန်တိုင်တောရမှာ ကိန်းဝပ်စံပယ်နေတာ နှစ်ဝက်နီးပါးရှိနေပါပြီ။ ပေါ်တော်မူစေတီမှာ ၆လအတွင်း တည်ပြီးသွားပါပြီ။ အချောသတ်၊ ရွှေသင်္ကန်းကပ်၊ ကြွေပြားခင်း ပြုလုပ်တာ နှစ်လတာ ကြာသည်။ စုစုပေါင်း ရှစ်လတာကာလတွင် အရန်စေတီ၊ တံခွန်တိုင်၊ မုခ်ဦး၊ ခေါင်းလောင်း အားလုံး ပြီးစီးသွားပါသည်။

၁၃၇၄၊ တပို့တွဲလဆန်း ၂ရက်၊ ၁၂-၂-၂၀၁၃၊ အင်္ဂါနေ့ နေ့လယ် ၂နာရီအချိန်တွင် အောင်စေတီမှ ပေါ်တော်မူသို့ ထီးတော်များ ပင့်ဆောင်ပါသည်။ မင်္ဂလာစည်တော်၊ ဓမ္မတေးသံ၊ ထီးတော်တင် ယာဉ်၊ ဆရာတော်နှင့် တပည့်သားသမီးများ ထီးတော်ပင့်ရာ လိုက်ပါကြသည်။ စာရေးသူ ရောက်ရှိချိန်တွင် ကားစီးရေ အမှတ်(၂၀)ရောက်ရှိနေပါပြီ။ ၂နာရီထိုးသောအခါ ကားစီးရေ ၄၀ကျော်ဖြစ်သွား၍ အံ့ဩမိရပါသည်။ အောင်စေတီဆရာတော်ဘုရားကြီး၏ မေတ္တာတန်ခိုးကြောင့်ဟု ဆိုရပေမည်။ ညနေ ၄နာရီတွင် ပေါ်တော်မူ ကုန်းအနီး မင်္ဂလာမဏ္ဍပ်ကြီးသို့ ထီးတော်ကြီးနှင့် ထီးတော်ငယ်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ ယာယီ ကိန်းဝပ်စံပယ်ကြပါသည်။ ထီးတော်ပင့်ဆောင်ပွဲ သတင်းတစ်ပုဒ်








www.burmeseclassic.com

www.burmeseclassic.com







…နယ်မှာ ရေးသားပေးပို့ခဲ့ပါသည်။

တပို့တွဲလဆန်း ၆ရက် (၁၆-၂-၂၀၁၃)၊ စနေနေ့နံနက် …ရီတွင် အများပြည်သူ လှူဒါန်းထားသော ဘုရားဆင်းတု …ာ်များ၊ ရွှေ-ငွေ-ကျောက်သံ ပတ္တမြား ရတနာများကို …ပနာသွင်း လှူဒါန်းပူဇော်ကြပါသည်။ စာရေးသူကိုယ်တိုင် …ပေါ်တက် ဓာတ်ပုံရိုက် ပူဇော်ပါသည်။ ဆရာတော် …နှိုယ၊ ဗိုလ်မှူးကြီး မြင့်ကြည်နှင့် ဆရာတော်၏ တပည့်များ …စ်တကျ ဌာပနာသွင်း ပူဇော်ကြသည်။ ဘုရားရုပ်ပွားတော် …/ငယ်၊ ရဟန္တာ၊ ရွှေ-ငွေ-ကျောက်သံ ပတ္တမြား စသည့် …ည့်ပစ္စည်းများ ပြည့်လျှံ၍နေပါသည်။ ဌာပနာပစ္စည်း …ဒါန်းသူ အလွန်များပြား၍ အပေါ် အောက် ခွဲထည့်ကြရ …ည်။ အရန်စေတီများတွင်လည်း ဌာပနာသွင်း ပူဇော်ကြပါ …ည်။ ဘုရားဒါယကာများ၊ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ် …အလှူရှင်များ၊ သာသနာရေးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ …ယ် သံဃာ့မဟာနာယက အကျိုးတော်ဆောင် ဆရာ …တော်များ စုံလင်စွာ တက်ရောက် ပူဇော်ကြပါသည်။ ထိုနေ့ …တွင် အသံမစဲ မဟာပဌာန်းတရားတော် ပူဇော်ပွဲ ကျင်းပ …ည်။ စေတီတော်အနီး အလှူမင်္ဂလာမဏ္ဍပ်ကြီးတွင် …ပို့တွဲလဆန်း ၆ရက်မှ လဆန်း ၁၀ရက်(၂၀-၂-၂၀၁၃)၊ …ဟူးနေ့အထိ ငါးရက်တိုင်တိုင် အသံမစဲ မဟာပဌာန်း …တ်ဖတ်ပူဇော်ပွဲ ကျင်းပပါသည်။

တပို့တွဲလဆန်း ၁၀ရက်(၂၀-၂-၂၀၁၃)၊ ဗုဒ္ဓဟူးနေ့ နံနက်တွင် ပဌာန်းအောင်ပွဲကျင်းပသည်။ ပဌာန်းရွတ်ဖတ် ပူဇော်သော သံဃာတော်များအား လှူဖွယ်ဝတ္ထု၊ သင်္ကန်း ပရိက္ခရာများ ဆက်ကပ်လှူဒါန်းကြသည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်းကပ်လှူတာ တွေ့မြင်ရသည်။ ပဌာန်းအောင်ပွဲပြီး သောအခါ ပန်းလည်တိုင်အား အမွှေးနံ့သာ ပက်ဖျန်းပြီး စေတီတော်ကို လက်ယာရစ် သုံးပတ်ပင့်ဆောင်လှည့်ကြ သည်။ ဗိုလ်မှူးကြီး မြင့်ကြည် ဦးဆောင်၍ ပင့်ဆောင်ပူဇော် တာ တွေ့မြင်ရသည်။

ထို့နောက် အောင်စေတီဆရာတော်ကြီး စေတီရင်ပြင် တော်သို့ ကြွလာသည်။ ဘုရားတည်သော ပညာရှင်အဖွဲ့နှင့် ဆရာတော်၏ တပည့်များ၊ ဗိုလ်မှူးကြီး မြင့်ကြည်တို့ ဦးဆောင် ၍ ပန်းလည်တိုင် စိုက်ထူ ပူဇော်ကြသည်။ ပန်းလည်တိုင်စိုက် ပြီးသောအခါ ဧည့်ပရိသတ်များအား နံနက်စာကျွေးမွေး ဧည့်ခံ ကြသည်။

၁၃၇၄ ခု၊ တပို့တွဲလဆန်း ၁၃ရက်(၂၃-၂-၂၀၁၃)၊ စနေနေ့နံနက် ၉နာရီ ၉မိနစ် ၉စက္ကန့်အချိန်တွင် ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူ ပူဇော်ကြသည်။ နံနက် ၅နာရီထ၍ စာရေးသူကိုယ်တိုင် လိုက်ပါပြီး မင်္ဂလာ စည်တော်လိုက်ပို့ရသည်။ ထိုနေ့တွင် ရန်ကုန်တိုင်း သံဃာ့ မဟာနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုဏ္ဍိဗလနှင့် နိုင်င




www.burmeseclassic.com

www.burmeseclassic.com









တော် သံဃာ့မဟာနာယက ဒုတိယ ဥက္ကဋ္ဌ စစ်ကိုင်းစာသင်တိုက်ကျောင်း ဆရာတော်၊ သန်လျင်-ကျောက်တန်းမြို့နယ်မှ မြို့နယ်အကျိုးတော်ဆောင် ဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဗိုလ်မှူး မျိုးဝင်းနှင့် အလှူရှင်များ၊ တေးသံရှင် တက္ကသိုလ်လဲ့လဲ့ စသည့် ရပ်နီးရပ်ဝေး ပြည်သူအများ စုံညီစွာ တက်ရောက်၍ ပေါ်တော်မူ ဆုတောင်းပြည့် မြစေတီတော်၏ ရွှေထီးတော် ဘုံအဆင့်ဆင့်ကို အောင်မြင်စွာ တင်လှူ ပူဇော်ကြသည်။ ထို့နောက် အရန်စေတီ၊ တံခွန်တိုင်စေတီတို့ကို တစ်ပြိုင်နက် တင်လှူကြသည်။ အလှူရှင်အချို့မှ ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။ ဦးအေးမြင့်ကိုယ်တိုင် အပေါ်တက်ကာ ငါးထောင်ကျပ်တန်တွေ ကြဲချပေးနေသည်။ ပျော်ပျော်ပါးပါး စည်စည်ကားကားနှင့် ရွှေထီးတော်တင်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြပါသည်။

ထီးတော်တင်ပွဲ ပြီးသောအခါ ဆရာတော်၊ သံဃာတော်များ၊ အောင်စေတီ ဆရာတော်၊ ကျောက်နီမော် ဆရာတော်ဘုရားကြီးတို့ ဦးဆောင်၍ ဗုဒ္ဓဘိသေက ဘုရားအနေကဇာတင်လှူကြပါသည်။

ဘုရားအနေကဇာတင်လှူပွဲ ပြီးသောအခါ ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ဧည့်ပရိသတ်များကိုလည်း ကျွေးမွေးဧည့်ခံကြပါသည်။ အောင်စေတီ ဆရာတော်ကြီး၏ ဇာတိ ထားဝယ်-ကျော[illegible]မော်ရွာမှ ကျောက်နီမော် ဆရာတော်ဘုရားကြီးနှင့် ဆွေတော်မျိုးတော်များ ကားကြီးတစ်စီးဖြင့် လာရောက် ပူဇော်တာလည်း တွေ့မြင်ရပါသည်။

ကျောက်တန်းဘက် ရောက်ပါက ပေါ်တော်မူ မြစေတီတော်အား ဝင်ရောက်ဖူးမြော် ကြည်ညိုနိုင်ပါသည်။ မကြာမီကာလတွင် ထားမလုံ အောင်မြေဗောဓိစေတီကဲ့သို့ ဓမ္မာရုံ၊ ကျောင်း၊ သိမ်၊ ဇရပ် စသည့် သာသနိက အဆောက်အအုံများ ဖြစ်လာတော့မည်ဟု ယုံကြည်မိပါသည်။

* * *

မင်းဆက်ကျော်



www.burmeseclassic.com

www.burmeseclassic.com




မောင်ယဉ်ညို

# ဘီလူးသရဲကြောက်သော.....

(၁)

လောက နိယာမ တရားရှိ၏။ ခွန်အားကြီးသူက ခွန်အားနည်းသူအား အနိုင်ယူ၏။ မြွေနှင့် ဖားသည် ကမ္ဘာ့ရန်ဘက်များ ဖြစ်နေသည်လား မသိ။ မြွေသည် ဖားကို တွေ့လျှင် နိုင့်ထက်ကလူပြုလို၍၊ အနိုင်ကျင့်လို၍ အမြဲလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com



ပုရိသ-ယောက်ျားသားတို့သည် ခွန်အားကြီး၏။ ဣတ္ထိယ-မိန်းမသားတို့သည် ခွန်အားနည်း၏။

မိန်းမသားသည် ယောက်ျားသားကို လွန်စွာ ကြောက်ရွံ့မြဲဖြစ်၏။ သို့သော် ယခုမူကား မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ကျောင်းတော်ကြီးအတွင်းသို့ ထိတ်လန့်ကြောက်ရွံ့စွာ ပြူးတူးပျာတာ ပြေးဝင်လာပြီး ဣန္ဒြေမရ အော်ကာဟစ်ကာ···

"အရှင်မြတ်စွာဘုရား···တပည့်တော်ကို သနားသောအားဖြင့် ခိုကိုးရာ ပုန်းအောင်းမှီခိုရာဖြစ်တော်မူပါ ဘုရား။ တပည့်တော်ကို ဖမ်းစားကြဖို့ ဘီလူးမ၊ သရဲမတွေ နောက်က လိုက်လာကုန်ပါပြီ အရှင်ဘုရား။ တပည့်တော်ကို ကယ်တော်မူပါ အရှင်ဘုရား"

ဘုရားရှင် စံတော်မူရာ စံကျောင်းတော်တစ်ခုလုံး ညံနေသည်။ အသံတို့ တုန်ယင်နေကြ၏။ ဆောက်တည်ရာမရဖြစ်နေသော နတ်သားကို ကြည့်ပြီး ဘုရားရှင်သည် နတ်သား၏ နောက်သို့ ရှုကြည့်လိုက်ရာ အထင်းသားဖြစ်၏။

တကယ့် ဘီလူးမ၊ သရဲမများ မဟုတ်။ အလွန်တရာချောမောလှပသော မိုးနတ်မယ် သူဇာများသာ ဖြစ်သည်။ နတ်သားသည် နတ်သမီးများကို မြင်ပါလျက် အဘယ့်ကြောင့် ကြောက်လန့်တကြား ပုန်းအောင်း ပုန်းကွယ်ရာ ရှာတာလဲ။ အကြောင်းတော့ ရှိမည်။

နတ်သမီးများကို မြင်လေလေ ကြောက်ရွံ့ ထိတ်လန့်လေလေဖြစ်ပြီး ဘုရားရှင်ရှေ့တော်မှောက် တိုးကပ်လေလေဖြစ်၏။ နတ်သမီးများသည် ဗုဒ္ဓဘုရားရှင်ကို ရှိခိုးကန်တော့ကြပြီးနောက် သူမတို့၏ မျက်လုံးများက နတ်သားဆီသို့ ရောက်ကြလေကုန်၏။ ဖြစ်ရပ်က အလွန်ဆန်း၏။

ဖြစ်ရပ်အကြောင်းစုံက ဤသို့တည်း။

(၂)

လူသူမနီးသဖြင့် တိတ်ဆိတ်ငြိမ်သက်လှ၏။

ရဟန်းတရား အားထုတ်ချင်သူအဖို့တော့ ကြီးမြိုင်ချောင်၏ အလယ်တွင် တောကျောင်းလေးတစ်ဆောင်ရှိ၏။ ထိုတောကျောင်းလေးက အခိုင်အမာ သစ်ကောင်းဝါးကောင်းနှင့် ဆောက်လုပ်ထားသော ကျောင်းလေး မဟုတ်။ သစ်ခက်မိုးကျောင်းလေးတစ်ဆောင်သာဖြစ်သည်။ ရဟန်း သံဃာလည်း များများစားစား သီတင်းမသုံးပါ။ ရဟန်းတော်လေးတစ်ပါးသာ အားထုတ်နေသည်။

အမျိုးကောင်း သားသမီးဖြစ်ပုံရသည်။ အသားအရေက ဝါဝင်းစိုပြည် နူးညံ့ပြီး ဥပဓိရုပ်က သန့်စင် သန့်ရှင်း၏။ အရွယ်အားဖြင့် ၂၅နှစ်ခန့် ဝန်းကျင်ဟု ခန့်မှန်းနိုင်သည်။ ယောဂီပုဂ္ဂိုလ် ပဋ္ဌင်းပျိုကလေးပင်တည်း။

သူကား ဘုရားသားတော် ပီသလှ၏။ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားတော်ကို နာယူမှတ်သားပြီး မဆုတ်မနစ်သော လုံ့လဖြင့် ကိလေသာ ရာဂကုန်ခန်းပြီး နိဗ္ဗာန်ချမ်းသာကိုသာ ဦးတည်လိုလား ကျင့်ကြံပွားများနေ၏။

ဝိပဿနာတရားကို အားထုတ်ရင်း ဒုက္ခလက္ခဏာ ကောင်းစွာ ထင်လာလေသည်။ သူ၏ စက္ခုအာရုံတွင် မြင်မြင်သမျှ ပွပွရွရွ ဒုက္ခကောင်တွေ၊ ဒုက္ခတုံးတွေ၊ ဒုက္ခခဲတွေဟုသာ ထင်လာသည်။ သူ့ကိုယ်သူ ထင်သည်။

"ငါ နိဗ္ဗာန်နဲ့ နီးလာပြီထင်တယ်"ဟူ၍ သဲကြီးမဲကြီး ဖွဲ့ကောင်းကောင်းနှင့် အားထုတ်လေ၏။

"ငါ သည်ဘဝမှာပဲ ခန္ဓာကင်းပျောက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရမည်။ နိဗ္ဗာန်ကို မျက်မှောက်မပြုရမချင်း အရိုးကြေကြေ အရည်ခန်းခန်း နောက်မဆုတ်တော့။ ဤနေရာမှ မထတော့"

ဟု အဓိဋ္ဌာန်တင်ကာ အစာပြတ်ပြတ်၊ ရေတတ်တတ်နှင့် ကျင့်လေ၏။ ဗုဒ္ဓဘုရားရှင်၏ တရားတော်တွင် "သဒ္ဓါနှင့် သတိ၊ ဝီရိယနှင့် ပညာ" ချိန်ခွင်လျှာကို မျှတစေရမည်။ အစွန်းမရောက်စေနှင့်ဟု ဆုံးမသွန်သင် ဟောကြားတော်မူထားလေသည်။

ထိုပဋ္ဌင်းပျို ယောဂီကိုယ်တော်လေး မလျှော့သော ဖွဲ့လုံ့လဖြင့် တရားအားထုတ်နေချိန်တွင် တစ်ချိန်တည်း တာဝတိံသာ နတ်ပြည်ဝယ် ၁၂ယူဇနာရှိသော ရွှေဗိမာန် နတ်ဘုံနတ်နန်းကြီးတွင် စိုးပိုင်သူ နတ်သား မရှိ။ သွေ့ခြောက်ကာ နေ၏။ အခြွေအရံ အသင်းအပင်း ဖျော်ဖြေ ခစားကြမယ့် အခအစား နတ်သမီးတွေက အပြည့်အဝ။ ဒေဝစ္ဆရာ နတ်ကညာ အချောအလှတွေက ရွှေဗိမာန်ကြီးကို ရောက်ရှိလာမည့် ဗိမာန်ပိုင် နတ်သားကြီးကို ပေါ်လာနီးနီးဖြင့် မျှော်လင့်တကြီး စောင့်စားနေကြ၏။

"ကုသိုလ်ကံပေါ်လာလျှင်တော့ ငါတို့တွေ ပျော်ကြရမှာပဲ"

ဟု ဖူးစာရှင် နတ်မောင်ရောက်လာရေးကို ဘုံဆောင်အထက်က စောင့်နေကြခြင်းသာ ဖြစ်သည်။

အဲဒီအတောအတွင်းမှာ ကမ္မဋ္ဌာန်းကိုယ်တော်လေးမှာ ဝီရိယလွန်ကဲကာ တစ်ဖက်စွန်းရောက်နေ၏။

"ဒွေမေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ-

အစွန်းနှစ်ဖက်သို့ မရောက်စေဘဲ မဇ္ဈိမ ပဋိပဒါလမ်း



www.burmeseclassic.com

www.burmeseclassic.com



ခင်းအတိုင်း ကျင့်ရမည်ဟူသော ဗုဒ္ဓဘုရားရှင်၏ ညွှန်ကြားချက် ဩဝါဒကို သတိမထားမိပေ။

"သည်ခန္ဓာကိုယ်ကောင်ရှိနေလို့ ငါ ဆင်းရဲရသည်။ ခန္ဓာမရှိလျှင် ဆင်းရဲမည်မဟုတ်။ ခန္ဓာကိုယ်ကောင် အသက်ရှင်ရေးအတွက် နေ့စဉ် အစာကျွေးနေလျှင် အသက်ရှည်နေမည်။ ငါ့မှာ အရေးကြီးသည်က နိဗ္ဗာန်။ နိဗ္ဗာန်ရမှ ငြိမ်းချမ်းမည်။ အေးမည်။ စိတ်ချရမည်။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းသွားမည်"

ဤသို့သော အတွေးရောက်ပြီး ကိုယ်တော်လေးသည် ခန္ဓာကိုယ်ကို အလိုမလိုက်တော့ဘဲ အစာဖြတ်၊ ရေဖြတ်ခံ တရားအားထုတ်တော့သည်။ သစ်ပင်များပင် အစာရေစာ မခံရသောအခါ အားပြတ်ပြီး တဖြည်းဖြည်းသွေ့ခြောက်လာ၏။

မြတ်စွာဘုရားရှင်က "သဒ္ဓါပညာ၊ သမာဓိဝီရိယ စောင်းနှယ်ညီ" ဟူသော ဆုံးမသွန်သင်မှုစကား မိန့်ကြားထားခဲ့၏။ ထိုထေးပါး အလျော့အတင်းမရှိ၊ သဒ္ဓါနှင့် ပညာကို လည်းကောင်း၊ သမာဓိနှင့် ဝီရိယကို လည်းကောင်း အလွန်အကဲမရှိ ညီညွတ်မျှတအောင် စောင်းကြိုးညှိသကဲ့သို့ ညှိရမည်ဆိုထားပါလျက် ပဉ္စင်းပျိုလေး၏ အဓိဋ္ဌာန်ချက်က အသက်



ကိုပင် ရန်ရှာကာ *တင်ပျဉ်ခွေ မဖျက်၊ တရားဘက်ကို အာရုံစိုက်ရင်း အသက်ဇီဝိန်ချုပ်သွားရှာလေသည်။ လောကပြည်ဖုံးကားချသွားချိန်နှင့် မရှေးမနှောင်းပင် နှစ်ပေါင်းများစွာ ရွှေဝါမပြိုး တညိုးညိုး တမှိန်မှိန်ရှိနေသော တာဝတိံသာမှ ဘုံဗိမာန်ကြီးမှာ ရွှေရောင်တဝင်းဝင်း တလက်လက် အရောင်တွေ ထွက်လာတော့၏။

ရွှေဗိမာန်ကြီး ပြိုးပြက်ပြက် ဝင်းလက်တောက်ပလာသောအခါ···

"လာကြပော့၊ နတ်ဘုံစံ နတ်သား အရှင်သခင်ရောက်လာပြီထင်တယ်။ ကြည့်ရှုကြစို့"

ဒေဝစ္ဆရာ နတ်သမီးများသည် ရွှေဗိမာန်ကြီးဆီ ပြေးသွားကြ၏။ နတ်သမီးများ ရွှေဗိမာန်ကြီးဆီသို့ ရောက်သွားသောအခါ···

"ဟင်···ဘယ်လိုကြီးပါလိမ့်"

"ဟာ···ဘာလဲဟ"

မှန်းချက်နှင့် နှမ်းထွက် မကိုက်။ နတ်သမီးများ ရင်သပ်ရှုမော ဒုံ့ဩကြီး အံ့ဩကာ ညည်းညူသူက ညည်းညူ၊ ဦးခေါင်းကို မသိမသာ ခါသူက ခါနှင့် ရှိကြကုန်၏။

ရွှေဗိမာန်စံ နတ်သားကား မတုန်မလှုပ်။ ကျောက်ရုပ်သဖွယ်။ ဣန္ဒြေတော် ရင့်ကျက်လှ၏။ သူ့ကိုယ်သူ နတ်ဘုံစံစားမည့် နတ်သားဟု သိပုံမရ။ ရဟန်းဘဝ စတေကျလို့ ရဟန်းအသွင် စူးစိုက်မြဲ စူးစိုက်ကာ ရှုပွားသန်သန်နှင့် ကမ္မဋ္ဌာန်းတရားပွားများ အားထုတ်နေဆဲဖြစ်၏။ တင်ပျဉ်ခွေမဖျက် ရှုပွားလျက်ရှိနေ၏။

နတ်သမီးတို့လည်း မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ဖြစ်နေသော နတ်သား၏ စိတ်များ နိုးကြားတက်ကြွလာစေရန် သာယာငြိမ့်ညောင်း ဂန္ဓရိယာငါးပါးဖြင့် ဖျော်ဖြေသူ ဖျော်ဖြေ။ ရွှေနားတော်သွင်း သီချင်းဆိုသူ ဆို၍ ဖျော်ဖြေကြ၏။ သို့သော်လည်း မိမိကိုယ်ကို ရဟန်းတစ်ပါးဟူ၍ပင် ထင်နေသေး၏။ သူ့ကျောင်းပတ်ဝန်းကျင်တွင် ဆူဆူညံညံအသံများဖြင့် မာတုဂါမများ လာရောက်ပြီး လှည့်လည် ရှုကြည့်နေကြသည်အထင်နှင့် အမြင်တင့်တယ် သပ္ပာယ်စေရန် သင်္ကန်းပြင်၍ လက်ကန်တော့ထိုးသကဲ့သို့ မိမိ၏ ဝတ်လဲတော်နတ်ဝတ်ပုဆိုးကို သင်္ကန်းလက်ကန်တော့ထိုးသည့်ပမာ ဝဲဘက် ပခုံးစွန်းပေါ် တင်လိုက်လေ၏။ ထိုအပြုအမူကို မြင်ကြသောအခါ နတ်သမီးများ ရိပ်စားမိလာသည်။

"ဒီနတ်သားဟာ ရဟန်းဘဝက လာတဲ့ နတ်သားပဲဖြစ်မယ်။ သူ့ကိုယ်သူ ရဟန်းဘဝမှ စုတေစိတ်ကျပြီး



www.burmeseclassic.com

www.burmeseclassic.com



နတ်သားဘဝရောက်လာမှန်း သိဟန် မတူသေးဘူး။ ဘဝသစ်တစ်ဖြစ်လဲ ရောက်နေမှန်းသိအောင် ကိုယ်လုံးပေါ် မှန်ကြီးကို ထိုနတ်သားရှေ့တွင် ထောင်ပြလိုက်ရာ မိမိရုပ်သွင်ကို လန့်ဖျပ်သွားလေ၏။

ကြေးမုံမှန်ထဲက သူ့ရုပ်လွှာကို ကြည့်ရှုနေဆဲတွင်…

"အို…အရှင်နတ်သား၊ သတိရှိတော်မူပါ။ ဒီလောကသည် နတ်လောကဖြစ်ပါတယ်။ ရဟန်းလောက မဟုတ်တော့ပါ။ ဘုန်းကံပါရမီတော် ထူးခြားသည့်အတွက် နတ်စည်းစိမ်ကို ခံစားရန် ရောက်ရှိလာခြင်း ဖြစ်ပါ၏ အရှင်။ နတ်တို့စည်းစိမ် ကာမဂုဏ် ချမ်းသာကို အပြည့်အဝ ခံစားတော်မူပါလော့ အရှင်နတ်သား"

ထိုစကားတို့ကို ကြားရတဲ့အခါ သာ၍ စိတ်မချမ်းမသာဖြစ်ကာ ကြောက်လန့်မှု ဖြစ်လာပြီး ကြေးမုံကြီးတွင်းက သူ့ရုပ်လွှာကို လက်ညှိုးထိုးကာ…

"ဒါ…ဒါ…ငါ…ငါ ဒါကို မလိုချင်ဘူး။ နတ်သမီးတွေနဲ့ နတ်စည်းစိမ်ခံစားလိုလို့ မက်မောလို့ တရားအားထုတ်တာ မဟုတ်ဘူး။ ဝဋ်ဒုက္ခဆင်းရဲအပေါင်းရှာ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာ လိုချင်လို့ နိဗ္ဗာန်ရောက်တဲ့တိုင်အောင် ဆင်းရဲပင်ပန်းကြီးစွာ စံပြီး ငါ တရားအားထုတ်ခြင်းဖြစ်တယ်"

ကိုယ့်ကိုယ်ကိုယ် ကြိုးကြိုးစားစားဆိုပြီး နောက်သို့ လှည့်ကြည့်လိုက်သောအခါ မြူခွယ်ရှင်ဖုံး ပြူးတွေ ဝင်းနေကြသော နတ်သမီးများကို မြင်လိုက်သည့်အခါ လန့်ဖျပ်ပြီး…

"တစ္ဆေမတွေ၊ သရဲမတွေ ငါ့ကို လိုက်ပြီး နှောင့်ယှက်နေကြတယ်။ တစ္ဆေမတွေ…သရဲမတွေ"

ဟု ကုန်းအော်ကာ ထွက်ပြေးလေတော့၏။ ပထမတွင် နတ်သမီးများ ကြောင်စီစီနှင့် ရပ်ကြည့်နေကြပြီးမှ သတိတရ အသက်ဝင်လာကာ ထိုနတ်သား ပြေးရာသို့ တကောက်ကောက်ပြေးလိုက်ကြကုန်၏။ ထိုသို့ ပြေးလိုက်ရင်း ထိုနတ်သားသည် စွတ်မိစွတ်ရာ ပြေးလာရာမှ အလွန်သာယာလှပသော "နန္ဒဝန် နတ်ဥယျာဉ်ကြီး"ထဲသို့ ရောက်ကြလေ၏။ သို့သော် ထိုနတ်သားမှာကား နန္ဒဝန်ဥယျာဉ်ကြီးကိုလည်း တစ္ဆေသရဲတွေ ခိုအောင်းရာ ကျောင်းအို ကျောင်းပျက်ကြီးလို့ အထင်ရောက်နေ၏။ နတ်သားအဖို့ နတ်ပြည်သည် တစ်စက်ကလေးမှ ပျော်မွေ့ရာ မမြင်ချေ။ သို့ဖြင့် ဆက်လက်ထွက်ပြေးခဲ့ရာ ဘုရားရှင်၏ ကျောင်းတော်အတွင်း ဗုဒ္ဓဘုရားရှင်၏ ရှေ့တော်မှောက်သို့ ရောက်ရပါလေပြီတည်း။

"တစ္ဆေ သရဲမတွေ တပည့်တော်ကို ဖမ်းစားဖို့ လိုက်လာကြကုန်ပါပြီ ဘုရား။ တပည့်တော်ကို ကယ်တင်တော်မူပါ အရှင်မြတ်ဘုရား"

ဟု လျှောက်ထားရာ အလုံးစုံကို သိမြင်တော်မူသော မဟာကရုဏာတော်ရှင် မြတ်စွာဘုရားရှင်က ထိုနတ်သားကို အကြောင်းပြု၍ တရားဟောတော်မူပါသည်။

"ချစ်တပည့်…မဂ္ဂ"ဟူသော လမ်းမကြီးတစ်ခုရှိ၏။ ထိုလမ်းက ကွေ့ကောက်ခြင်း မရှိ။ အလွန်ဖြောင့်တန်း၏။ ကိလေသာ ဒုက္ခချုပ်ငြိမ်းရာ "နိဗ္ဗာန"ဟူသော ဒေသကြီးသည်လည်း မှန်စွာရှိ၏။ ဘေးခပ်သိမ်း ကင်းငြိမ်းရာဖြစ်၍ "အဘယ"ဟုလည်း တွင်၏။

ထိုဒေသဌာနသို့ ရောက်အောင် ပို့ဆောင်ပေးနေတဲ့ ရထားကြီးတစ်စင်းသည်လည်း ရှိ၏။ ထိုရထားကြီး(မဂ္ဂင်ဖောင်ကြီး)သည်ကား "ဓမ္မတည်း"ဟူသော ဘီးတပ်ထားအပ်သည်ဖြစ်၍ ကျိုးကျိုးညံ့ညံ့မြည်ခြင်း မရှိ။

ချစ်တပည့်…ကောင်းစွာ နာယူလော့။ ကောင်းစွာ မှတ်သားလေလော့။ "ဟိရိဩတ္တပ္ပ"ဟူသည့် မကောင်းမှုမှ ရှက်ခြင်း၊ မကောင်းမှုမှ ကြောက်ခြင်း၊ လန့်ခြင်း၊ ဤတရားနှစ်ပါးသည် ရထား၏ အမိုတံကဲမည်၏။ မမေ့မလျော့ခြင်း သတိသည် ရထား၏ ရံတိုင်မည်၏။ ဖြောင့်မှန်သော အယူသမ္မာဒိဋ္ဌိသည် ရထားထိန်းပင်တည်း။

ချစ်တပည့်…ထိုမဂ္ဂင် ရထားသည် လူတိုင်းတွင် ရှိကြသည်ချည်းဖြစ်၏။ နိဗ္ဗာန်သည် လူသားနှင့် ဝေးလံလှသည်မဟုတ်။ မဂ္ဂင်ရထား(မဂ္ဂင်ဖောင်)နှင့် သွားလျှင် ရောက်နိုင်ပေ၏။ သဒ္ဓါ၊ သတိ၊ ဝီရိယ ညီညွတ်စွာ သွားပါလေလော့"

ဟူသည့် တရားတော်ကို မြတ်စွာဘုရားရှင်သည် ထိုနတ်သားနှင့်တကွ နတ်သမီးများအားလုံးတို့အား ဟောကြားတော်မူပါသည်။

ဤတရားဆုံးသောအခါ နတ်သား၊ နတ်သမီးအားလုံးတို့သည်လည်း သောတာပန်၌ တည်ကြလေကုန်သတည်း။

အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးပွင့်သွားလေပြီတည်း။

* * *

မောင်ယဉ်ညီ

မှီငြမ်း၊

- သဂါထာဝဂ္ဂသံယုတ်၊ အစ္ဆရာသုတ်၊ အဋ္ဌကထာ-၈၀။
- ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ (၄-၅)ပေါင်းချုပ်(ဓဂုန် ဦးစန်းငွေ)။



www.burmeseclassic.com

www.burmeseclassic.com



# ဆရာတော်ကြီးနှစ်ပါးရဲ့ ဓမ္မစကားများ

**မမ္မလုလင်**



မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ကျွန်တော်တို့အတွက် ထားခဲ့သော ဆုံးမဩဝါဒလို့ ဆိုလောက်တဲ့ သစ္စာလေးပါး တရားအဆီအနှစ်များကို မျှဝေပေးလိုက်ပါတယ်။

* ငါ ည မုချသေရမည်။ အချိန်ပိုင်းသာ လိုတော့သည်။
* အဇ္ဈော သုဝေစ - ယနေ့သော။ မနက်ဖြန်လား သေနိုင်ပါ၏။
* ရခဲလှတဲ့ လူ့ဘဝကို အလွဲသုံးစားနဲ့ အချိန်မဖြုန်းပါနဲ့။
* မမျှော်လင့်ဘဲ ဖြုန်းခနဲ နာလည်း နာနိုင်သည်။ သေလည်း သေနိုင်သည်။
* ခန္ဓာကိုယ်က မွေးကတည်းက အသေဘက်ကို တရစပ် ပြေးနေတယ်။
* မနေ့ကထက် ယနေ့သေဖို့ တစ်ရက်ပိုနီးသွားတယ်။
* သက်တမ်းတိုတဲ့ ဘဝလေးမှာ တရားအားမထုတ်ဘဲ ချောင်ခိုနေလျှင် လူဖြစ်ရှုံးပြီမှတ်။
* အသေစောက ကိုယ်ကျိုးအနည်းကြီး နည်းပြီမှတ်။
* အပြေးမရပ်တဲ့ ခန္ဓာကိုယ် သုသာန်မရောက်ခင် မဂ္ဂင်အလုပ် မြန်မြန်လုပ်။
* လူပြောသူပြော မယုံပါနဲ့။ ခန္ဓာပြောတာကိုသာ အားသုံးကြီး ယုံလိုက်ပါ။
* လူပြောယုံတော့ သူများပါးစပ် လမ်းဆုံး၊ ခန္ဓာပြောတာ ယုံတော့ နိဗ္ဗာန်လမ်းဆုံး။
* ရှေ့နောက် ခွဲတတ်ပါစေ။ သားရေးသမီးရေး နောက်ထား၊ ကိုယ့်ကိုယ်ကိုယ် ကယ်တင်မယ့် အရေး ရှေ့ထား။
* ကိုယ့်ကိုယ်ကိုယ် သနားရင် ဝိပဿနာလုပ်ကြ။ ကိုယ့်ကိုယ်ကိုယ် မသနားရင် သားရေးသမီးရေး၊ စီးပွားရေးလုပ်ကြ။
* ခင်ပွန်းတို့မှာ ကိလေသာ ရေနစ်နေတာ လည်ပင်း ရောက်နေပြီ။ သေခါနီးတွေက သေခါဝေးတွေ အတွက် ပူမနေနဲ့။
* ယခု သားနဲ့ သမီးနဲ့၊ ခွေးနဲ့ မျိုးနဲ့၊ ပစ္စည်းတွေနဲ့ ဒီလို မသိပြုံးနေသလောက်၊ သေခါနီး အိပ်ရာ ညောင်စောင်းထက်မှာ မျက်ရည်ကျရပါလိမ့်မယ်။

*(မိုးကုတ်ဆရာတော်ဘုရားကြီး)*


◆◆◆



www.burmeseclassic.com

www.burmeseclassic.com





ရွှေဥမင်ဆရာတော်ဘုရားကြီးရဲ့ တန်ဖိုးမဖြတ်နိုင်သော စကားကြီးသုံးခွန်းကို လက်ဆောင်ကမ်းပေးလိုက်ပါတယ်။ စာဖတ်ပရိသတ်များ အကျိုးများစေဖို့အတွက်ပါ။

**မြစ်ကြီးလည်း မခန်းပါစေနဲ့**

မြစ်ကြီး မခန်းပါစေနဲ့ဆိုတာက အေးမြတဲ့ စမ်းရေကို ကြည်ကြည်လင်လင် တသွင်သွင်စီးဆင်းနေတဲ့ မေတ္တာမြစ်ကြီးကို ဆိုလိုတာလေ။ လူလူချင်း မေတ္တာထားကြ၊ မေတ္တာတရားတွေ ပွားများကြ။ မေတ္တာတွေ မခန်းကြစေနဲ့ ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

**သစ်ပင်ကြီးလည်း မလဲပါစေနဲ့**

သစ်ပင်ကြီးလည်း မလဲပါစေနဲ့ ဆိုတာက သစ်ပင်ကြီးဟာ အခက်အလက်အရွက်တွေ ဝေဝေဆာဆာနဲ့ အရိပ်အာဝါသကို ပေးတယ်။ ထို့အတူပဲ ဘုရားတရား သံဃာ ချမ်းသာခြင်းကို ရတယ်။ ဒီအရိပ်အာဝါသတွေကို မဖျက်ဆီးမိဖို့၊ ကျေးဇူးမကန်းဖို့ သတိထားရလိမ့်မယ်။

သစ်ပင်ကြီးကို ခုတ်လှဲပစ်ခြင်းဟာ အရိပ်အာဝါသကို ဖျက်ဆီးရာ ရောက်တာပဲ။ ဒါကြောင့် သစ်ပင်ကြီး မလဲအောင် ကြိုးစားထိန်းသိမ်းကြ။

**ထုံးအိုးကြီးလည်း မကွဲပါစေနဲ့**

ထုံးအိုးကြီးလည်း မကွဲပါစေနဲ့ ဆိုတာကတော့ ရိုးရာဓလေ့ထုံးစံတွေကို ပြောတာပါ။ မိဘဘိုးဘွားလက်ထက်ကတည်းက လိုက်နာကျင့်သုံးလာကြတဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာကောင်းတွေ မပျောက်ပျက်ရအောင် ထိန်းသိမ်းပြီး ဗုဒ္ဓဘာသာဓလေ့ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့နေထိုင်ကြ။

*(ရွှေဥမင်ဆရာတော်ဘုရားကြီး)*

* * *

မွေ့လှလင်း

www.burmeseclassic.com



မမ္မာစရိယဦးဒွေးလှိုင်

# ဂါဇကူရပယင်းတွင်းဆရာတော် (၃)




ခင်လမှ အဆက် . . .

**ကုလားရသေ့နှင့် ရေပေါ်သွားခြင်း**

ထူးခြားချက်တစ်ခုမှာ တစ်ခါက ကုလားရသေ့တစ်ဦးသည် ဗုဒ္ဓသာသနာပြု ပယင်းတွင်းဆရာတော်ကြီး တန်ခိုးကြီးကြောင်း ကြားသိရပါသည်ဟု လူဒါယကာတို့ထံသို့ လာရောက် ပြောဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"သင်တို့ဆရာတော် ဘယ်လောက်စွမ်း၊ ဘယ်လောက် တန်ခိုးကြီးသလဲ။ ငါဟာ ဖြဟ္မပုတြမြစ်ကို တစ်ဖက်ကမ်းမှ တခြားတစ်ဖက်ကမ်းသို့ ကျောက်ခဲခင်းပြီး ကူးပြနိုင်တယ်" ဟူ၍ ပြောလာသည်။ ဤအကြောင်း ဆရာတော်ကြီးကို လျှောက်ထားကြသည့်အခါ ဆရာတော်ကြီးက…

"ကောင်းပြီ၊ သူ့အစွမ်းပြပါစေ၊ ပြောလိုက်ကြပါ"

ဟု အမိန့်ရှိသဖြင့် ဒါယကာတို့က နှစ်ဖက်စလုံးကို တောင်းပန်ကာ စီစဉ်ပေးကြရာ လူအများရှေ့တွင် ကုလား ရသေ့သည် ဖြဟ္မပုတြမြစ်ကို ကျောက်ခင်း၍ တစ်ဖက်ကမ်း မှ တစ်ဖက်ကမ်းသို့ တကယ်ပင် ကူးပြသွားလေသည်။

ထို့နောက် ဆရာတော်ကြီးကလည်း လူအများရှေ့တွင် ဖြဟ္မပုတြမြစ်ကိုပင် အခြားတစ်နေရာ၌ တစ်စုံတစ်ရာမခင်း ဘဲ မြစ်တစ်ဖက်ကမ်းအရောက် ရေပြင်ပေါ် မြေပြင်ကဲ့သို့ ခြေတင်ကာ ဖြတ်ကူးကြွသွားပြလေသည်။ ထိုအခါမှ စောင့် ကြည့်နေသော ကုလား ရသေ့သည် "သူ့ထက် သာပါပေ သည်"ဟု အံ့ဩစွာ ချီးမွမ်းစကားပြောဆိုကာ ရှိသေ ကိုင်း ညွှတ်လာသည်ဟု အမှတ်တရပြောဆိုနေကြသည်။

**တရားစီရင်ပေးခြင်း**

ထိုစဉ်က အာသံပြည်ကို အင်္ဂလိပ်အစိုးရတို့ အုပ်ချုပ် နေကြပြီဖြစ်သည်။ အခါတစ်ပါးတွင် ထိုပြည်၌ တာဝန်ခံ အုပ်ချုပ်နေရသူသည် အင်္ဂလိပ်လူမျိုး မဟာမင်းကြီးတစ်ဦး ဖြစ်သည်။ သူသည် စီရင်ဆုံးဖြတ်၍ မပြီးပြတ်နိုင်သော အမှု တစ်ခုကို ရင်ဆိုင်တွေ့ကြုံနေရသည်။ "ဘယ်ပုံ ပြုလုပ်ရပါ့ မလဲ"ဟု တွေးဆနေရင်း နောက်ဆုံးတွင် အကြံတစ်ခုရသည် နှင့် တန်ခိုးကြီးကြောင်း၊ လူအများအပေါ် သြဇာညောင်း ကြောင်း သတင်းကြားရသောကြောင့် ဆရာတော်ကြီးထံသို့ လာရောက်ချဉ်းကပ်သည်။ တွေ့ ကြုံ ရင်ဆိုင်နေရသော အကြောင်းအရာကို ပြောပြပြီး ထိုအမှုကို ဆုံးဖြတ်ပေးပါရန် တောင်းပန်လေသည်။

ထိုအခါ ဆရာတော်ကြီးက "မခက်ပါဘူး၊ ဖြစ်ပါစေ မယ်"ဟု ကတိဝန်ခံချက်ပေးလိုက်ပြီး သူ့အမြင်နှင့် ဆုံးဖြတ် ချက်ကို ပေးလိုက်ရာ အံ့ဩဖွယ်ရာ တရားလို၊ တရားခံ နှစ်ဦးနှစ်ဖက်စလုံးက ကျေနပ်စွာ လက်ခံကြ၍ အလွယ်ပြီး ပြတ်သွားလေတော့သည်။ အာသံပြည် မဟာမင်းကြီးသည် ဆရာတော်ကြီး၏ စွမ်းအင်သတ္တိ တန်ခိုးရှိပုံကို လက်တွေ့ သိမြင်ရသောအခါ အလွန်ကျေးဇူးတင်စွာဖြင့် ဆရာတော်ကြီး အား ဘွဲ့တံဆိပ်လက်မှတ်များနှင့်တကွ အာဏာကိုပါ ပေးအပ် လှူဒါန်းထားလေသည်။ ထို့ပြင် ဆရာတော်ကြီး အလိုရှိလျှင် မည်သည့်အခွင့်အရေးမျိုးမဆို ရနိုင်ကြောင်းကိုလည်း လျှောက်ထားလေသည်။ (ထေရုပ္ပတ္တိအပြည့်အစုံကို ကျောက် စာ၌ ရှုပါ။)

**မျက်မှောက်ခေတ် အာသံပြည်သာသနာ**

မျက်မှောက်ခေတ် အာသံပြည် သာသနာနှင့် စပ်၍ ဝမ်းနည်းဖွယ်ရာများ ရှိနေသကဲ့သို့ ဝမ်းမြောက်ကြည်နူးစရာ များလည်း ရှိပါသေးသည်။

တောင်တန်း သာသနာပြုဆရာတော် အရှင် ဦးဥတ္တမ သာရနှင့် တမူးမြို့ ကုန်းပေါ်ကျောင်း ဆရာတော် ဦးတေဇဝန္တ အရှင်မြတ်နှစ်ပါးသည် ၁၃၁၃ခုနှစ်၊ တန်ခူးလက အာသံပြည် သို့ သာသနာပြုခရီးထွက်တော်မူခဲ့ကြ၏။ ဦးတေဇဝန္တ ဆရာ တော်မှာ အာသံပြည် ဖိုရ်ပာ့လာရွာဇာတိဖြစ်၏။ ဆရာတော် ၏ အဘိုးမှာ အသက် ၁၅၀၊ ဦးကြီးမှာ ၁၃၀ကျော် နေကြရ သည်။ ဦးတေဇဝန္တမှာ အာသံပြည် ဗုဒ္ဓသာသနာ ပယင်းတွင်း ဂိုဏ်းကြီး၏ ဥက္ကဋ္ဌလည်း ဖြစ်တော်မူ၏။

လေးနိုင်ငံ သာသနာပြု ဆရာတော်ကြီးနှစ်ပါး အာသံ ပြည်သို့ ရောက်ရှိသွားကြသောအခါ အထက်က ပြောခဲ့သည့် အတိုင်း ဝမ်းနည်းစရာများ တွေ့ရသကဲ့သို့ ဝမ်းသာစရာများ ကိုလည်း တွေ့တော်မူကြရသည်။ ဆရာတော်နှစ်ပါးသည် အာသံပြည်၌ သာသနာပြုတော်မူနေကြသော ဆရာတော် ကြီး ဦးနေမိန္ဒ၊ ကချင်အမျိုးသား ဦးသီလဝံသ၊ ရခိုင်ပြည်မှ ဦးသာဂရ၊ ဦးကောဝိန္ဒ၊ ဦးပညာဝံသ၊ ဦးဝီရိယ၊ ဦးသီရိန္ဒ ဦးစန္ဒိမာ၊ ဦးဝိဇယ၊ ဦးဝိသုဒ္ဓ၊ ဦးသုမန စသော ဒေသခံ ဆရာတော်များနှင့် တစ်ပါးပြီးတစ်ပါး တစ်ရွာပြီးတစ်ရွာ လှည့်လည်ဆွေးနွေးတော်မူကြရာ အောက်ဖော်ပြပါ ဆရာ တော် ဦးသီလဝံသ၏ စကားများမှာ မျက်မှောက်ခေတ် အာသံပြည် သာသနာရေးသမိုင်းတစ်ရပ်ပင် ဖြစ်ပေသည်။

**အာသံပြည် သံဃာတော်များစာရင်း**

**ဦးဥတ္တမသာရ မေး။** ဒီအာသံပြည်မှာ စုစုပေါင်း သံဃာ ဘယ်လောက်ရှိပါသလဲ။

**ဦးသီလဝံသ ဖြေ။** အမြဲတော့ မရှိပါဘူး ဘုရား။ ၁၃၁၀ခုနှစ် စာရင်းအရ ရဟန်း ၅၀၊ နောက် ၅၃ပါးရှိပါ တယ်။ ကိုရင် သာမဏေကတော့ ဝါတွင်းမှာဆိုရင် ၁၀၀ လောက် ရှိတတ်ပါတယ်။ ဆရာတော်များ မြင်တဲ့အတိုင်း ဝါပမှာတော့ သင်္ကန်းရုံလို့ ဘိုးသူတော်ဝတ်နဲ့ နေကြရတာက များပါတယ်။

ဒီအထဲမှာ သက်တော်ကြီး ဝါတော်ကြီး ၅ပါးရှိပါ တယ်။ အင်ဒင်ရွာ ဆရာတော်၊ ဗာရာပါထာ ဆရာတော်၊



www.burmeseclassic.com

www.burmeseclassic.com



ချောင် ဆရာတော်၊ အင်ဘောင် ဆရာတော်၊ ပန်ခါးဆရာတော်ကြီးများ ဖြစ်ပါတယ်။ (အဲဒီအချိန်က) အင်ဒင်ဆရာတော်ကြီးဟာ သက်တော် ၁၁၃နှစ်၊ ဝါတော် ၈၄ဝါ၊ အကြီးဆုံးပါပဲ။

**မေး။** ရဟန်းတော်များရဲ့ အမျိုး အနွယ်ကရော။

**ဖြေ။** လူမျိုးစုံပါပဲ ဘုရား။ စစ်တကောင်း၊ ဗရူးဝါး၊ ဘီလီက လေးပါး၊ မြန်မာတစ်ပါး၊ မွန်တစ်ပါး၊ ရခိုင်တစ်ပါး၊ ကျန်တာကတော့ အာသံပြည် တိုင်းရင်းသား ရှမ်း၊ ကချင်၊ ချင်းဗော မျိုးစုံပါပဲ။

**သီတာအား ချောင်းသစ်ပင်များ မဆန်သာ**

**မေး။** (ဆရာတော် ဦးဥတ္တမသာရသည် သိသင့်သလောက် သိထားပြီးဖြစ်သည့်အတိုင်း) ဦးသီလဝံသ··· အာသံပြည် သံဃာတော်များ အာသံ သံဃသာမဂ္ဂီ စည်းလုံးညီညွတ်ရေးကြီးလုပ်ကြတဲ့အချိန်ကနဲ့ မလုပ်မီက အခြေအနေ သံဃာ့ဂိုဏ်းများအကြောင်း ကြားသိ ကြည်ညိုရအောင် အမိန့်ရှိပါဦး။

**ဖြေ။** တပည့်တော်တို့ အာသံပြည်မှာ သံဃာဂိုဏ်း သုံးဂိုဏ်းရှိပါတယ်။ ပယင်းတွင်းဂိုဏ်း၊ ဆံခါပေါင်ဂိုဏ်းနှင့် ဘီလီ ဘရူးဝါး အရှင်ဇိန ရတနနှင့် အရှင်ဗုဒ္ဓဒတ္တတို့ ဦးဆောင်တဲ့ ဗဂ်ါလီ ရဟန်းလေးပါးတစ်ဂိုဏ်းဖြစ်တဲ့ ဘူရဝါရီ ဂိုဏ်းရယ်လို့ သုံးဂိုဏ်းရှိပါတယ်။ ဆံခါပေါင်ဂိုဏ်းကတော့ ကျောင်းဘုန်းကြီးဂိုဏ်းပေါ့ ဘုရား။

တပည့်တော်တို့ဆီမှာ သံဃာရှိသင့်သလောက် မရှိတဲ့ အကြောင်းတစ်ခုကတော့ တောထွက်များကို ရဟန်းခံခွင့် ပေးခဲ့ကြလို့ပါပဲ။

အာသံပြည်ရှိ သံဃာတော်များ "တပေါင်းတည်း ညီညွတ်စွာ နေကြပါစို့"ဆိုပြီး ရှိစုမဲ့စု သံဃာတော်များ စုပေါင်းပြီး ၁၃ဝ၅ ခုနှစ်က သံဃညီညွတ်ရေးကြီး လုပ်ခဲ့ကြပါတယ်။ ဒကာများကလည်း အလွန်ပဲ ဝမ်းသာကြပါတယ်။ သံဃသာမဂ္ဂီပွဲကြီး ပြုလုပ်ပြီးတဲ့အချိန်မှာတော့ အံ့သြစရာကောင်းတာက ဒီနယ်တွေမှာ အလွန်ဝေးကွာပြီး စီးဆင်းချင်မှ စီးဆင်းနေတဲ့ ချောင်းတွေဟာ သံဃသာမဂ္ဂီကြီးကို ထောက်ခံ ကောင်းချီးပေးတဲ့အနေနဲ့ တစ်စုတစ်ဝေးတည်း ပေါင်းပြီး စီးကြတယ် ဘုရား။ အံ့သြလို့ မဆုံးပါဘူး။

ပြီးတော့ တစ်ချိန်က တစ်ဖက်တစ်ခြမ်းသာ သီးတဲ့ ချဉ်တဲ့ အပင်တွေဟာ သံဃသာမဂ္ဂီပွဲကြီး ပြီးတယ်ဆိုရင်ပဲ ထောက်လေးတန် ပင်လုံးကျွတ် သီးကြပွင့်ကြတာ မျက်မြင်ပါပဲဘုရား။ (**ထိုချောင်းများ** ဆုံဆည်းပုံကို ပြသကြ၏။)



**မြန်မာပြည်မှာ စာသင်လာဖို့ ခက်**

**မေး။** အာသံပြည် သံဃသာမဂ္ဂီအကြောင်းကတော့ ကြားရတဲ့သူတိုင်း အားရဝမ်းမြောက်စရာကြီးပါပဲ။ အာသံပြည် အနာဂတ် သာသနာအတွက် ဘယ်လိုများ ရည်ရွယ်ထားကြတ ပါသလဲ။

**ဖြေ။** ရည်ရွယ်ချက်ကတော့ ရှိထားကြပါတ ဘုရား။ အာသံပြည် သာသနာဟာ အစဉ်အလာကတည်းက အရှင်ဘုရားတို့ မြန်မာပြည်က သံဃာတော်များကို အားထားမှီခိုခဲ့ကြရပါတယ်။ အစိုးရကရော ဆရာတော်များ ကပါ ကူညီစောင့်ရှောက်ကြမယ်ဆိုရင်တော့ အာသံပြည် အနာဂတ် သာသနာဟာ ထွန်းတောက်လာမှာ အမှန်ဖြစ်ပါတယ်။

လောလောဆယ် ရည်ရွယ်ထားတာကတော့ အာသံပြည်မှာ လူမျိုးစုံတို့ စိတ်ညွတ်လေးစားလာစေရန် စေတီတော်ကြီးတစ်ဆူ ထီးထီးမားမားရှိချင်ကြပါတယ်။ နောက်ပြီး သာသနာမျိုးဆက် ပြန့်ပွားနိုင်အောင် သင့်တော်ရာ မြို့ကြီး တစ်မြို့မှာ စာသင်တိုက်ကြီးတစ်ခုတည်ထောင်ပြီး စာချပေးနိုင်မယ့် ဆရာတော်တစ်ပါး လိုနေပါတယ်။

ခက်တာက ကိုရင်၊ ဦးပဥ္စင်းများ မြန်မာပြည်မှာ စာသင်လွှတ်ဖို့ အခက်အခဲတွေ ရှိလာပါတယ်။ ရှေးကလို သွားလို့ လာလို့ မလွယ်ကူတော့တဲ့အတွက် စာမသင်နိုင်ကြပါဘူး။ ပရိယတ္တိကို ဆက်ခံ သင်ကြားမှုမှ မရှိရင်လည်း ဒီသာသနာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ရေရှည်မခံနိုင်တာ ဆရာတော်များ သိပြီးဖြစ်ပါတယ်။ လောလောဆယ်ကတော့ အာသံပြည်မှ ရှင်ရဟန်းများ မြန်မာပြည်ကြွပြီး စာသင်နိုင်အောင် မြန်မာပြည်အစိုးရရဲ့ ဆရာတော်များက တတ်နိုင်သမျှ ကူညီကြစေချင်ပါတယ်။ တပည့်တော်တို့ ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမများမှာလည်း စီးပွားရေးမပွံ့ဖြိုးကြရတဲ့အထဲက တစ်နိုင်ငံနှင့် တစ်နိုင်ငံ အဝင်အထွက် အခက်အခဲ၊ နေထိုင်ခွင့် အခက်အခဲများကလည်း ရှိနေပါတယ်။ ဘုရားဖူးတောင် မလာနိုင်ကြအောင် ဖြစ်နေပါတယ်ဘုရား။

**ဘုန်းကြီးပူဆာနေသူများ**

တောင်တန်းသာသနာပြု ဆရာတော် ဦးဥတ္တမသာရ အရှင်မြတ်သည် "ကိုယ်တွေ့မှတ်တမ်း"များဖြင့်သာ စွမ်းအားရှိသမျှ ရေးသားထုတ်ဖော် နှီးဆော်တော်မူခဲ့ရ၏။ ဝမ်းသာဝမ်းနည်းဖြစ်ကာ နှီးဆော်ရုံမှအပ ဘာမျှမတတ်နိုင်ခဲ့ချေ။ လက်ရှိ တောင်တန်းသာသနာပြုကိစ္စများကလည်း ရှိနေသေး၍ အကြံဉာဏ်ပေးရုံမှတစ်ပါး လူအားဖြင့်လည်း မကူညီနိုင်ခဲ့ပေ။

မည်သို့ဖြစ်စေ၊ ယခုအခါတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးပေါ်ပေါက်လာသဖြင့် အတန်ငယ် အားကိုးနေ့ဖြသိမ့်ရာကား ရှိလာပေပြီ။ ယခင် သာသနာရေးဌာနမှ အုပ်ချုပ်သံ သာသနာပြုလုပ်ငန်း ရှိခဲ့ဖူးသဖြင့် အာသံ ဦးပဉ္စင်းဖြစ်သူငယ်များ မြန်မာပြည်သို့ စာသင်ခွင့်ရခဲ့ကြဖူးရာ ယခု မည်တစ်ခုသို့ အခြေအနေရှိသည်ကိုကား မသိရ။ မြန်မာပြည်၌ မလဲ"ပ သံစာသင်သား တစ်ပါးတလေမျှ ရှိပုံမရချေ။

နှင့် ( ဆရာတော်များ ကြွစဉ်က အာသံပြည်၌ ဘုန်းကြီးမရှိသော ကျောင်းပေါင်းပင် ၃ဝကျော်ရှိနေရာ အာသံ ဒကာ၊ ဒကာမများက -

"မြန်မာပြည်မှာ ရှမ်းစကားတတ်တဲ့ ဘုန်းကြီးကောင်းကောင်းတစ်ပါးလောက်များ မရနိုင်ဘူးလား ဘုရား"

ဟု အားကိုးတကြီး လျှောက်ထား၍ ဘုန်းကြီးပူဆာနေကြရှာ၏။ ထိုစကားထဲ၌ "ဘုန်းကြီးကောင်းကောင်း"ဆိုသဖြင့် မကောင်းသော ဘုန်းကြီးမျိုးကိုလည်း တွေ့ကြုံဖူးကြဟန် တူသည်။

မြန်မာပြည် သံဃာတော်များအကြောင်းကို မေးလျှောက်ကြသဖြင့် ဆရာတော်များက မန္တလေး-ရန်ကုန်-ပခုက္ကူ စသော မြို့ကြီးများ၌ တစ်ကျောင်းတိုက်ထဲမှာပင် သံဃာ ၅ဝဝ၊ ၁ဝဝဝ ခန့်ရှိ၍ နှစ်စဉ် တိပိဋကရွေး မွေ့စရိယ စာမေးပွဲများ၌ မည်ရွေ့မည်မျှ အောင်မြင်ကြပုံ စသည်များကို ဝမ်းမြောက်ကြည်ညိုနိုင်ကြရန် ဗဟုသုတအဖြစ် ပြော
ရာ "သြော်…သြော်"ဟု ဆိုကာ စုတ်သပ်၍ မယုံကြည်နိ
လောက်အောင် အံ့ဩနေကြရှာလေသည်။

ပြောရသူ၊ ကြားရသူ နှစ်ဦးစလုံး ပထမသော် ဝမ်းသာ
ရမလိုလိုနှင့် ဝမ်းနည်းစရာဖြစ်ရပြန်၏။ ဆရာတော့်စိတ်ထဲ
၌မူ ပယင်းတွင်း ဆရာတော်ကြီးကို အားကျကာ -

"ရေတွေ တင်းကြမ်းပြည့်လျှံနေတဲ့ ရေကန်ကြီးထဲက
ရေတစ်ပုံး နှစ်ပုံးလောက် ခပ်ယူသောက်သုံးရလျှင် သောက်
သုံးရသူများ လွန်စွာအကျိုးများ၍ ရေကန်မှာလည်း ခပ်ယူ
လိုက်သော ရေတစ်ပုံး နှစ်ပုံးကြောင့် ယုတ်လျော့သွားရ
မထင်သလို မြန်မာပြည်က ရဟန်းတော်များ ဤလို ဘုန်းကြီး
ဆာ၍ ငတ်၍ သာသနာကို မျှော်၍နေသူများထံ ပယင်းတွင်း
ဆရာတော်ကြီးကို ထောက်ဆ၍ ကြွနိုင်ကြသော် ကောင်း
လေစွာ့"ဟုသာ အောက်မေ့တော်မူနေရ၏။

,ယခုအခါ သိပ္ပံတွန်းကား၍ ကာမဂုဏ်စည်ကားသော
အနောက်နိုင်ငံကြီးများကိုချည်း သာသနာပြု မြားဦးစိုက်နေကြ
ရာ "အလင်"ရှိပြီးသော ဒေသများကိုလည်း မမေ့ကျ
စကောင်းပါ။ ဆက်လက် မပံ့ပိုးနိုင်ပါလျှင် တစ်ယောက်တ
သော်သည်း တစ်ရာလျော့သည်နှင့် အရှုံးအမြတ် မကာမိနိုင်
ချေ။

**ဘုန်းကြီးမရှိသောကျောင်းက ဥပုသ်သည်များ**

အာသံပြည်ရောက်စက ဆရာတော် ဦးတေဇဝန္တနှင့်
အတူ ဘုန်းကြီးမရှိသော ဒူဗိုရိုနီရွာကျောင်း၌ပင် တည်းခိုကြ
ရာ လိုက်ပို့သော သူငယ်များက ရောက်လျှင်ရောက်ချင်း
ကျောင်းမှာ အသင့်ရှိနေသော ဖယောင်းတိုင်ဖြင့် ဘုရားရှ
၌ မီးပူဇော်ပြီး ကျောင်းမှာ အဆင်သင့် ဆွဲချိတ်ထားသော
ကြေးစည်ထိုးမောင်းများ တီးခတ်လိုက်ရာ ရွာထဲမှ ဒကာများ
ဝမ်းသာအားရပြေးလာ ပူဇော်ကြသည်။ တရားနာကြသည်
မိုးလင်းသောအခါ စားသောက်ဖွယ်များဖြင့် ဒကာ၊ ဒကာမ
များ စီတန်းရောက်လာကြပြန်၏။ သူတို့သည် ဗင်္ဂါလီစကား
အာသံစကား၊ ရှမ်းစကား စသည်တို့ကို ပြောဆိုကြရာ သူတို့
အသံဖြင့် ဘုရားကန်တော့ကြသည်မှာ တစ်မျိုးကြည်နူးစရာ
ဖြစ်နေလေသည်။

ဘုန်းကြီးပင် မရှိသော်လည်း အာသံပြည် ဗေဒါ
ဗုဒ္ဓဘာသာဝင်တို့သည် ဥပုသ်နေ့ရောက်လျှင် ကြေးခွ
ဒန်ဗန်းများအပေါ် ဖက်ရွက်စိမ်းအုပ်၍ စားစရာများ ယူဆော
ကာ မိမိတို့ကျောင်းသို့ ဥပုသ်စောင့်သွားကြ၏။ ဘုရားဝ
ရေချမ်းကပ်လှူ သီလယူပြီးနောက် အသံနေ အသံထား



www.burmeseclassic.com

www.burmeseclassic.com



ဘတ်တတ်သူက ဗုဒ္ဓစာပေများကို ဖတ်၍ ဟောပြောနေ ည်ကို နာယူကြရသည်။ ထိုသူကိုပင် ဘုန်းကြီးအရာထား ရှိခိုး၍ နာယူလေ့ရှိကြသည်။ ဗုဒ္ဓစာပေများကိုလည်း ပ်စက္ကူဖြူဖြူ၌ တတ်နိုင်သူများက စာရေး၍ ကျောင်းရှိ ကိုက်သေတ္တာ၌ပင် လှူဒါန်းပူဇော်ထားရှိကြလေသည်။ ရှာက်ခြင်း မရှိ။

## ဆိုးပြောတဲ့ ပုံပြင်ထဲက မြန်မာပြည်

ဝေသာလီ ဗုဒ္ဓဘာသာဝင်တို့သည် နွားမွေးခြင်း၊ လယ် ယ်ခြင်း စသည်ဖြင့် အလုပ်အကိုင် အနေအထိုင် ရိုးသား ၍ သက်မဲ့ဟင်းလျာ အစားအစာများကိုသာ စားကြရာ သက်ရာကျော်ရှည်ကြ၍ ဇရာကျော်များ အလုပ်လုပ်ကြတုန်း င် ရှိသည်။

အရှင် ဦးဥတ္တမသာရ ဆရာတော်နှင့် ဆရာတော် တေဝဇန္တတို့ နှစ်ပါး ဗန္ဓုလမျိုးခေါ် ရှေးမြန်မာကြီးများ နော "ဂါရိုပဟားရ်" ခေါ် ဂါရိုတောင် ဘူတာရုံအနီးရှိ ဒိုဗို ရွာသို့ ရောက်သွားကြရာ စကားပင် ပြောင်းသော်လည်း ဘတ်အစားမှာ ရှေးရိုးမြန်မာကြီးများအတိုင်းပင် ဝတ်ဆင် ကြသည်ကို တွေ့မြင်ကြရ၏။ ဘုန်းတော်ကြီးများအား ရွေလေးမှ လာသူများဟု သိမှတ်ထားကြသောကြောင့်လော သီ ဘုန်းကြီးမြင်လျှင် "မန်း"ဟု ခေါ်ကြသည်။

ဆရာတော်နှစ်ပါး ကြွသွားသည်ကို မြင်လျှင် ဒိုဗိုရွာ အသံမြန်မာကြီးများသည် အပြေးအလွှားရောက်လာကာ ခြေသလုံးဖက်၍ ရှိခိုးရင်း "မန်း…မန်း"ဟုသာ မြည်တမ်း ာ မျက်ရည်များတတွေတွေကျ၍ ငေးမော ကျန်နေရစ်ရှာ ကြလေသည်။ ငယ်စဉ်ကတည်းက ပုံပြင်ထဲမှာသာ ကြားခဲ့ သော ဘိုးဘွားတို့ဌာနီကို မြင်ယောင်ကာ ဘိုးဘွားတို့ သာရေးကိုလည်း သူတို့၏ သွေးများက စကားပြောနေ န်ရှိတော့သည်။

ရှေးယခင်က လေးငါးရက်မျှဖြင့် နယ်ခြား အရာရှိတို့ ၏ စာရွက်တိုကလေးတစ်ရွက်ကိုင်ကာ တောလမ်းမှ ငင် ရောက်သွားလာနိုင်ခဲ့ကြသော်လည်း ယခုမူ အပြည်ပြည်ဆိုင်ရာ ဆွတ်လပ်သော ဥပဒေများက တောင်တန်းမကြီးများထက် မြင့်မားကာ ဆက်သွယ်သွားလာရေး နီးလျက်ဝေးခဲ့ကြလေပြီ။

ယခုအခါ လက်ရှိ အာသံပြည် သာသနာရေးကို ပယင်း ကျောင်းဆရာတော်ကြီးသာ သိမြင်တော်မူပါလျှင် ပိဋက တစ်ပုံ ဆောင်၊ နှစ်ပုံဆောင်၊ ဓမ္မာစရိယဆောင်ပြီး အရှင်များထံ ကြွရောက်ကာ "တစ်ရောက်တည်းနှင့်ပင် တစ်နိုင်ငံ သာသနာတည်နိုင်ကြောင်း" သာသနာပြု စိတ်ကောင်း စိတ်



မြတ်များ မွေးမြူကြရန် တိုက်တွန်း တောင်းပန်ရှာမည်ကို မြင်ယောင်မိပါတော့သည်။

ကျွန်ုပ်တို့အား မိစ္ဆာဒိဋ္ဌိ အမှောင်အတွင်းမှ အလင်းသို့ ရောက်အောင် အမျိုးမျိုးဒုက္ခခံကာ ခြီးမြောက် ကယ်မတော် မူခဲ့ကြသော အရှင်သောဏ၊ အရှင်ဥတ္တရ စသော အရှင်မြတ် များအား အကြိမ်ကြိမ်ဦးညွှတ်လျက်။

(တောင်တန်း သာသနာပြုဆရာတော် အရှင် ဦးဥတ္တမ သာရ ရေး၍ စိန်မြစာပေမှ ထုတ်ဝေသော ကိုယ်တွေ့မှတ် တမ်း ၁၊ ၂ နှင့် ဆရာတော်ကြီး ဆောင်းပါးများကို အခြေခံ လျက် သင့်ဘဝ ဦးတင်မောင်ရေး၍ စာပေဗိမာန်မှ ၁၉၇၇ခုနှစ် က ထုတ်ဝေသော "အလင်းဆောင်သူများ အတွေ့အကြုံ" စာအုပ်များအရ ရေးသားတင်ပြကြည့်ညိုစေရပါကြောင်း။)■

(ပြီးပါပြီ)

* * *

ဓမ္မာစရိယဦးဌေးလှိုင်

(ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်၏ "ဓမ္မဒူတ"စာအုပ် မှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

# တရားအမှန်ကို
# တွေ့ခဲ့သူ

မောင်မောင်မိုးအောင်



www.burmeseclassic.com

"ယနေ့ ငါ့ဆွမ်းခံလမ်း၌ ထူးခြားသော အရှင်တစ်ပါးကို တွေ့ခဲ့ရသည်။ ထိုအရှင်၏ ဝတ်ရုံမှုသည် သေသပ်၏။ ထိုအရှင်၏ လှုပ်ရှားမှုသည် သိမ်မွေ့ငြိမ်ဆိမ်၏။ ထိုအရှင်၏ ခြေလှမ်းများသည် လှမ်းသည်ဟူ၍ပင် မသိရလောက်အောင် ဣန္ဒြေရလှ၏။ ပို၍ ထူးခြားသည်ကား မျက်နှာတည်း။

အသို့နည်း ကောလိတ၊ ငါတို့သည် လူသတ္တဝါတို့၏ မျက်နှာများအကြောင်းကို ကြိမ်ဖန်များစွာ ဝေဖန် ဆွေးနွေးခဲ့ကြဖူးပြီ မဟုတ်ပါလော။ မျက်နှာဟူသည် လူသတ္တဝါတို့၏ စိတ်ဓာတ်ကို ဖော်ပြသော ကြေးမုံပင်မဟုတ်ပါလော။

အချို့မျက်နှာတို့သည် ပစ္စည်းမာန်၊ ရာထူးမာန်၊ ပညာမာန်တို့ဖြင့် မာနခိုးဝင့်လျက်ရှိကြ၏။ အချို့မျက်နှာတို့သည် ဒေါသခိုး တထောင်းထောင်းထလျက် ရှိကြ၏။ အချို့မျက်နှာတို့သည် လျှို့ဝှက်စွာ ပြုအပ်သော မကောင်းမှုကြောင့် မလုံမလဲရှိကြ၏။ အချို့မျက်နှာတို့ကား မပြည့်စုံမှုကြောင့် မျှော်တလင့်လင့်ရှိကြ၏။ အချို့မျက်နှာတို့မှာ တွေဝေမှုကြောင့် ကျောက်ရုပ်ပမာဖြစ်ကြ၏။ အချို့မျက်နှာတို့မှာ ရာဂအခိုးရိုက်၍ ထူအမ်းပြောင်ချော်လျက်ရှိကြ၏။ အချို့ မျက်နှာတို့သည် သောကငွေ့ကြောင့် မှိုင်တဝေဝေရှိကြ၏။ အချို့မျက်နှာတို့မှာ အလိုပြည့်၍ ကြည်ရွှင်သည် ထင်ရသော်လည်း ထိုကြည်ရွှင်မှု၏ နောက်ကွယ်တွင် အပြစ်မကင်းသော အရောင်အဓိုးကလေးများ သန်းလျက်ရှိကြသည်ကို တွေ့ရသည်။ အခြားသူတွေထားဦး၊ သင်နှင့် ငါတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ဝေဖန်ကြရာ၌ပင် အပြစ်ကင်းစင်ခဲ့ကြပါ၏လော။

ကောလိတ…ထိုအရှင်မျက်နှာတော်ကား အမှန်ပင် ထူးခြားလှပါပေ၏။ ဖြူစင်သော လပြည့်ဝန်းနှယ်တည်း။

ငါသည် ထူးခြားသော ထိုအရှင်ကို တွေ့ရသောအခါ၌ ငါ၏ ဆွမ်းခံအလုပ်ကို ရပ်၍ ထိုအရှင်၏ နောက်သို့ မနီးမဝေးမှ မျက်ခြည်မပြတ် လိုက်သည်။ အကြောင်းမူကား ထိုအရှင်သည် ထူးခြားသော စိတ်ဓာတ်၏ အရှင်၊ တရား၏ အရှင်ဖြစ်ဖို့ရှိရာ ထိုအရှင်သို့ ချဉ်းကပ်လျှင် ထူးခြားသော တရားကို ရမည်ဟု ယုံကြည်သောကြောင့်ဖြစ်၏။

ထိုအရှင်သည် ဆွမ်းစားရန်အလို့ငှာ တစ်ခုသော ဇရပ်သို့ ဝင်သောအခါ ငါသည် ရှေ့သို့ ရောက်အောင်သွား၍ ထိုအရှင်အတွက် နေရာကို ခင်းလင့်သည်။ ရေခပ်ပေးသည်။ ဆွမ်းစားမှုအတွက် လိုအပ်သော ပရိက္ခရာကို ပြုသည်။ အရှင်သည် ငါ၏ ကူညီမှုကို လက်ခံ၍ ငါ့အား အကဲခတ်သည့်အနေဖြင့် မျက်လွှာတစ်ချက်မျှ ပင့်ကြည့်ပြီးနောက် ဆွမ်းဘုဉ်း

အခါတိုင်းနေ့ဆိုလျှင် သူငယ်ချင်းသည် ဆွမ်းခံရာမှ [...]နှင့် မရွေးမနှောင်းပင် ကျောင်းသို့ ပြန်ရောက်လာ[...]သည်။ ယနေ့အဖို့မူ သူငယ်ချင်းသည် ဆွမ်းခံပြန်မှ [...]တန်ပင် နောက်ကျ၏။ ဆွမ်းခံမှ ပြန်ရောက်ကြသည် ဆို[...] ကျွန်ုပ်တို့ သူငယ်ချင်းနှစ်ယောက်သည် ဆွမ်းစား[...]ကျောင်း၌ ဖြစ်စေ၊ သင့်ရာ တစ်နေရာ၌ ဖြစ်စေ၊ အတူဆွမ်း[...]ကြိမ်ဖြစ်သည်။ ချစ်ကျွမ်းဝင်သူတို့နှင့် အတူစားရသော [...]ဟာရဟူသည် မွန်မြတ်သည်ဟု ထင်ရမြဲမဟုတ်ပါလော။ [...]ခံပြန် နောက်ကျနေသော သူငယ်ချင်းကို ကျွန်ုပ်သည် [...]ကျောင်းဝမှ စောင့်ကြိုလင့်၏။ မကြာမီအတွင်းမှာပင် ဆွမ်းခံမှ [...]လာသော သူငယ်ချင်းကို တွေ့ရသည်။ သို့ရာတွင် သူငယ်[...]ကို ဤတစ်ကြိမ်တွေ့ရသည်မှာ အခါတိုင်းနှင့် မတူ၊ [...]ပင် မတူပါ။ သူငယ်ချင်း၏ ဣန္ဒြေသည် သိမ်မွေ့နူးညံ့လှ[...] သူငယ်ချင်း၏ မျက်နှာသည် ကြည်သာလန်းဆန်းလှပါ[...] လပြည့်ဝန်းနှယ်တည်း။

ကေန္တ သူငယ်ချင်းသည် ထူးခြားသော အမြင်အသိ[...]ခုကို ရရှိခဲ့ဟန်တူသည်။ သူငယ်ချင်း၏ သိမ်မွေ့သော [...]နှင့် လန်းကြည်သော မျက်နှာအမူအရာသည် ကျွန်ုပ်သို့ [...]စက်၏။ ထို့ကြောင့် ရက်စနိုးဖြင့် ဖရိုဖရဲဖြစ်နေသော [...]၏ သက်နှစကို ရုတ်တရက် သိမ်းဆည်းရင်း သူငယ်ချင်း[...] သပိတ်ကို ကြိုဆိုလှမ်းယူလိုက်သည်။

"ခါတိုင်းနှင့်မတူ၊ ဣန္ဒြေထူးခြားလှပါလား သူငယ်ချင်း [...]တိဿ။ ကေန္တ အကြောင်းထူးတစ်ခုတွေ့သိခဲ့ရဟန်တူ[...]ည်"

သူငယ်ချင်းသည် ကျွန်ုပ်သို့ မျက်နှာတူရူကြည့်လိုက်[...]သည်။ ထိုအကြည့်သည် ခါတိုင်းကဲ့သို့ မျက်ကွင်းကို အကုန်[...]၍ ရွှန်းရွှန်းစားစားကြည့်ခြင်းမျိုးမဟုတ်။ မျက်ဝန်းကို [...]တ်ဖြင့် ထိန်းချုပ်၍ ကြည့်သော အကြည့်မျိုးဖြစ်သည်။ [...]အကြည့်သည် ကျွန်ုပ်၏ တစ်ကိုယ်လုံးကို စိမ့်၍သွားစေ[...]သည်။ သူငယ်ချင်းသည် ကျွန်ုပ်အား ထိုအကြည့်မျိုးဖြင့် [...]မျိုးဖြင့် တစ်ကြိမ်မျှ မကြည့်ခဲ့ဘူးပေ။

"မှန်ပေသည် သူငယ်ချင်း ကောလိတ။ ယနေ့အဖို့ [...]ထူးခြားသော အမြင်အသိကို ငါ မြင်ခဲ့သိခဲ့ပေသည်"

ကျွန်ုပ်တို့ ဆွမ်းစားကျောင်းသို့ အတူသွားကြရင်း [...]တိဿက ပြောသည်။

www.burmeseclassic.com



ပေးသည်။ ငါသည် အရှင် ဆွမ်းဘုဉ်းပေးသည့်အနီး၌ ရှိသေစွာ ထိုင်၏။ အမှန်သော် အရှင်မြတ် ဆွမ်းစားချိန်သည် ငါ့အတွက်လည်း ဆွမ်းစားချိန်ပင်ဖြစ်သည်။ သို့ရာတွင် ထိုအရှင်နှင့် တွေ့ရသောပီတိကြောင့် ငါ့ဆွမ်းစားချိန်ကို မေ့၍ပင်နေသည်။ အရှင်မြတ် ဆွမ်းကိစ္စပြီးသောအခါ ငါ၏ ဆန္ဒကို ရှိသေစွာ မေးလျှောက်လိုက်၏။

"အရှင်မြတ်က ထူးခြားလှပါပေသည်။ အရှင်မြတ်ကဲ့သို့ ထူးခြားသော ပုဂ္ဂိုလ်ကို တပည့်တော်သည် ရှေးကတစ်ကြိမ်မျှ မတွေ့ခဲ့ဘူးပါ။ တပည့်တော် သိလို၍ မေးလျှောက်ပါရစေ။ အရှင်မြတ်၏ ဘွဲ့တော်ကို မည်သို့ခေါ်ပါသနည်း။ အဘယ်အရပ်တွင် သီတင်းသုံးပါသနည်း။ အရှင်မြတ်၏ ဆရာကား ဘယ်သူပါနည်း။ အရှင်မြတ် ကျင့်သုံးသော တရားမှာ ဘယ်သို့ပါနည်း"

"ငါ့အမည်ကို "အဿဇိ"ဟု ခေါ် ကြသည်။ ဝေဠုဝန်ကျောင်းတွင် သီတင်းသုံးသည့် ငါ့ဆရာကား ဂုဏ်ကိုးပါးနှင့် ပြည့်စုံသော ဗုဒ္ဓဖြစ်သည်"

အရှင်သည် ငါ့အမေးကို ကောင်းစွာ ဖြေပေ၏။ သို့ရာတွင် အဘယ်တရားကျင့်သုံးသည်ဟူသော အမေးကိုကား ချန်ထားသည်။ အရှင်သည် အသွင်မတူသော ငါ့အား တရားစကားပြောဖို့ရာ သတိထားဟန်တူသည်။ ငါထပ်လျှောက်၏။

"အရှင်မြတ် ကျင့်သုံးအပ်သော တရားတော်ကို တပည့်အား သနားသောအားဖြင့် အနည်းအကျဉ်းမျှပင် ဖြစ်စေ၊ ဟောကြားတော်မူပါ အရှင်မြတ်"

အရှင်မြတ်သည် ယင်းသို့ ငါ ထပ်၍တောင်းပန်သောအခါ တရားဟောအံ့ဟု ကာယိန္ဒြေကို အနည်းငယ် ပြင်လိုက်သည်။ ခန္ဓာကိုယ်ကို ပို၍တည့်မတ်လိုက်သည်။ သတိဘက်သို့ ရှေးရှုသည့်အသွင်ဖြင့် မျက်တောင်ကို ပိတ်လိုက်သည်။ ခြေထောက်များကို ပလ္လင်ကဲ့သို့ ထက်ဝယ်ဖွဲ့ခွေ ပြင်လိုက်သည်။ သင်္ကန်းစ အနည်းငယ်ထွက်နေသည်ကိုပင် သေသပ်အောင် သိမ်းသွင်းပြီးနောက် လက်ရုံးနှစ်ချောင်းကို အတွင်းသို့ သိမ်းပိုက်လိုက်သည်။ ထို့နောက် စကားအနည်းငယ်ဖြင့် စ၍ ငါ့အား တရားဟော၏။

"ဗုဒ္ဓ၏ တရားတော်သည် နက်ရှိုင်းသကဲ့သို့ ကျယ်ပြန့်လည်း ကျယ်ပြန့်လှပေသည်။ ဗုဒ္ဓ၏ တပည့်များတွင် ယင်းသို့ နက်ရှိုင်းကျယ်ပြန့်သော တရားတော်ကို ဟောပြနိုင်သော ဓမ္မကထိကတို့ မြောက်မြားစွာ ရှိကြပေသည်။ ငါသည်ကား အဟောသမားမဟုတ်၊ အကျင့်သမားမျှသာဖြစ်သည်။ သို့ရာတွင် သင့်ဆန္ဒအရ အနည်းအကျဉ်းမျှ ဟောပြအံ့။ သတိယှဉ်၍ ဆင်ခြင်နာယူလော့"

*ယေဓမ္မာ ဟေတုပ္ပဘဝါ*
*တေသံ ဟေတုံ တထာဂတော၊*
*အာဟတေသဉ္စ ယောနိ ရောဓော*
*ဧဝံ ဝါဒီ မဟာ သမဏော။*

ယေဓမ္မာ - အကြင်ဒုက္ခတရားတို့သည်၊ ဟေတုပ္ပဘဝါ - တဏှာဟူသော သမုဒယသစ္စာသာလျှင် အကြောင်းရှိကုန်၏။ တေသံ - ထိုဒုက္ခ သမုဒယသစ္စာနှစ်ပါးတို့၏ ဟေတုံ - ဖြစ်ကြောင်း ချုပ်ကြောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်း။ တထာဂတော - ငါတို့ ဆရာဘုရားသည်၊ အာဟ- ဟောတော်မူ၏။ တေသဉ္စ - ထိုအလုံးစုံသော တရားတို့သည်လည်း။ နိရောဓော - ချုပ်ရာဖြစ်သော နိဗ္ဗာန်တရားကို၊ အာဟ - ဟောတော်မူ၏။ မဟာသမဏော - ရဟန်းမြတ်စွာတို့ ဆရာသည်၊ ဧဝံဝါဒီ - ဤသို့ အယူတော်ရှိ၏။

အသို့နည်း ကောလိတ၊ ငါ့အရှင်၏ တရားတော်သည် ထူးခြားပါ၏လော။ ငါ့အဖို့ကား ပထမဆုံးသော ပါဒဝက်ကို ကြားနာလိုက်ရသည်နှင့် တစ်ပြိုင်နက်ပင် အကြိမ်တစ်ထောင်စစ်အပ်သော ဆီကြည်တွင် အကြိမ်တစ်ထောင် ဖန်အပ်သော ဝါဂွမ်းကို နှစ်လိုက်ဘိသို့ ငါ၏ စိတ်ဓာတ်တစ်ခုလုံးသည် ဓမ္မပီတိအရသာကို ခံစားရသည်။ မှောက်ထားသော အရာကို လှန်လိုက်ဘိအလား။ အပွင့်လင်းကြီး ပွင့်လင်း၍ အပြောင်းလဲကြီး ပြောင်းလဲသွားချေသည်။ မှောင်ကြီးမည်းမည်းအတွင်း၌ အချိန်များစွာနေခဲ့ရသောသူအဖို့ အလင်းရောင်ကြီး ဘွင်းခနဲပွင့်သွားဘိသကဲ့သို့ ရှိဘိသည်။

သို့ရာတွင် ယင်းသို့ အမှောင်ပျောက်၍ အလင်းရောက်သည်နှင့် တစ်ချိန်တည်းလိုလိုမှာပင် သင့်ကို ငါ သတိရလိုက်ပေသည်။

ကောလိတ . . . သင်နှင့် ငါသည် တစ်စိတ်တည်း တစ်ဝမ်းတည်းဖြင့် တရားစစ်၊ တရားမှန်ကို အတူရှာခဲ့ကြသည်မဟုတ်ပါလား။ ငါသည် ထူးခြားမှန်မြတ်သော တရားကို တစ်ယောက် တည်း မခံစားလို။ သင်နှင့် အတူသာ ခံစားလိုပေသည်။ ထို့ကြောင့် အရှင်မြတ် တရားဟောစဉ်မှာပင် ငါသည် ကြားဖြတ်၍ လျှောက်ထားလိုက်မိ၏။

"သည်းခံတော်မူပါဦး အရှင်မြတ်။ အရှင်မြတ်၏ တရားတော်သည် တပည့်တော်အဖို့ ပထမ ပါဒဝက်မျှဖြင့်ပင် ထူးခြားလှပါပေ၏။ တပည့်တော်၌ အရှင်မြတ်၏ ကျေးဇူးသည် ကြီးမားလှပါပေ၏။ သို့ရာတွင် တပည့်တော်၌ ရှေးရှာဘက် မေ့မိတ်ဆွေတစ်ယောက်ရှိနေပါသေးသည်။ ထိုမိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆွေနှင့်အတူ အရှင်၏ တရားတော်ကို နာခွင့်ရခဲ့ပါလျှင် အရှင်၏ ဆရာ၊ ဗုဒ္ဓအရှင်မြတ်၏ ဟောကြားချက်ကိုလည်း နာယူလိုလှပါသည်။ အရှင်မြတ်သည် ဝေဠုဝန်သို့ အလျင် ကြွတော်မူပါဘိ။ တပည့်တော်သည် မိတ်ဆွေကို ခေါ်၍ ထိုမိတ်ဆွေနှင့်အတူ ဗုဒ္ဓ၏ ခြေတော်ရင်းသို့ လာခဲ့ပါမည် ဘုရား"

အသို့နည်း ကောလိတ။ ယနေ့ ငါဆွမ်းခံမှ ပြန်လာခြင်းသည် သင့်ကို ဝေဠုဝန်သို့ ခေါ်ဆောင်သွားရန်အတွက် ပြန်လာခြင်းဖြစ်သည်။ ငါတို့သည် ဗုဒ္ဓထံတော်သို့ သွားကြကုန်အံ့"

အမှန်အားဖြင့် ကျွန်ုပ်သည် သူငယ်ချင်း၏ စကားများကို ပထမ၌ နားစိုက်၍ ထောင်ခဲ့သည်မှန်သော်လည်း အဿဇိ အရှင်၏ တရားတစ်ပါဒဝက်မျှကို သူငယ်ချင်းထံမှတစ်ဆင့် ကြားနာလိုက်မိသည့် အချိန်မှစ၍ သူငယ်ချင်းဆက်၍ ပြောနေသော အလျှဉ်ပြတ်မသွားစေအောင် မနည်းကြိုးစား၍ နားဆောင်ရချေသည်။

ထိုတရားကို ကြားနာရပြီးသည့် နောက်ပိုင်း၌ သူငယ်ချင်း၏ စကားသံသည် ချိုသာအောင်မြင်လှသည်မှန်သော်လည်း ခရီးဝေးမှ ပြောနေသော အသံကဲ့သို့ သဲ့သဲ့မျှသာ ကြားရတော့သည်။ အကြောင်းမူကား ကျွန်ုပ်သည် သူငယ်ချင်းတင်ဆင့်ဟောသော ယင်းဓမ္မရသ၌ နစ်မြော မွှေ့ထုံ၍သွားသောကြောင့်တည်း။

◆◆◆

ကျွန်ုပ်တို့ အပန်းကြီးစွာ ရှာဖွေခဲ့ရသော တရားစစ်တရားမှန်ကို တွေ့ရချေပြီမဟုတ်ပါလော။ ထို့နောက် ကျွန်ုပ်တို့သည် ဆွမ်းစားကြသည်။ ယနေ့ ဆွမ်းစားခြင်း၌ ကျွန်ုပ်တို့သည် တိုင်ပင်ထားကြသည့်အလား နှစ်ဦးလုံးပင် မြန်ဆန်နေကြသည်။ အကြောင်းမူကား ဆွမ်းစားပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် လက်ရှိ ဆရာထံ ခွင့်ပန်၍ ဝေဠုဝန်ရှိ ဗုဒ္ဓထံတော်သို့ သွားကြရန် စိတ်စောနေသောကြောင့်တည်း။ ကျွန်ုပ်တို့သည် ဆွမ်းစားပြီးသည်နှင့် တစ်ပြိုင်နက် သပိတ်၊ သင်္ကန်းတို့ကို ကျစ်လျစ်စွာ ပြင်ဆင်၍ ခွင့်ပန်ရန်အတွက် ဂိုဏ်းဆရာဖြစ်သော ဆရာ သိဉ္စည်း၏ စံကျောင်းသို့ သွားကြသည်။

အမှန်အားဖြင့် ဤအချိန်သည် ဂိုဏ်းဆရာထံ၌ ပရိဗိုဇ်များစုဝေးရာ အချိန်မဟုတ်ပေ။ သို့ရာတွင် ပရိဗိုဇ်အများသည် စောစောကပင် ကျွန်ုပ်တို့၏ ထူးခြားသော အမူအရာကို အကဲ ခတ်လျက်ရှိကြသည်။



ဥပတိဿသည် ဂိုဏ်းဆရာတစ်ယောက်မဟုတ်သော်လည်း ပညာဂုဏ်၊ မနုဂုဏ်ပြည့်ဝ၍ စိတ်ထားကောင်းသူတစ်ယောက်ဖြစ်သည့်အလျောက် လူ့ဘဝကပင် သူ့အခြွေအရံ ပရိသတ်မှာ များပြားလှပေရာ ပရိဗိုဇ်ဘဝသို့ ကူးပြောင်းလာသည့်အခါတွင်လည်း သူ့ပရိသတ်မှာ များပြားလျက်ပင်ဖြစ်၏။ ထို့အတူ ကျွန်ုပ်၏ ပရိသတ်မှာလည်း မနည်းလှပါချေ။

သူတို့သည် ကျွန်ုပ်တို့နှင့်အတူ ဆရာ သိဉ္စည်း၏ ဂိုဏ်းသို့ ဝင်ရောက်လာကြသည်မှန်သော်လည်း အမှန်အားဖြင့်သော် ကျွန်ုပ်တို့လက်အောက်တွင်သာ ရှိကြ၏။ ကျွန်ုပ်တို့ မည်သို့ကျင့်သနည်း။ မည်သို့နေသနည်း။ မည်သို့လုပ်သနည်း ဆိုသည်ကိုသာ အကဲခတ် စောင့်ကြည့်၍ ကျွန်ုပ်တို့နည်းတူ ကျင့်ကြံနေထိုင်ကြသည်။

ယနေ့ ကျွန်ုပ်တို့အမူအရာ ထူးခြားနေသည်ကို သူတို့ အကဲခတ်မိပြီးဖြစ်သည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့ ဂိုဏ်းရာထံသွားသောအခါ၌ တပည့်များ စုဝေးရာအချိန် မဟုတ်စေကာမူ သူတို့သည် ကျွန်ုပ်တို့၏ နောက်သို့ စုဝေးလိုက်ပါလာကြသေသည်။ ဆရာ သိဉ္စည်းသည် ပရိဗိုဇ် ပရိသတ်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ဝင်လာသည်ကို အဝေးမှပင် မြင်၍ စောင့်မျှော်လျက်ရှိ၏။ ကျွန်ုပ်တို့ လာပုံလွှင့်ပြင်မှုရာ ထူးခြားသောကြောင့်လည်း ကျွန်ုပ်တို့နှစ်ယောက်အား တစူစိမ်းစိမ်းကြည့်ကာ အကဲခတ်လျက်ရှိသည်။

စင်စစ်အားဖြင့် ဆရာ သိဋ္ဌည်းသည် ကျွန်ုပ်တို့ နှစ်ယောက်အား အရာရာတွင် အရေးထားကာ ဦးစားပေးခဲ့၏။ ကျွန်ုပ်ထက် ဥပတိဿကို ပို၍ အရေးပေးသည်။ ဂိုဏ်းဆရာတစ်ယောက်ဖြစ်သော သူ့ဘက်မှ ကြည့်လျှင် အရေးမထား၊ ဦးစားမပေး၍လည်း မဖြစ်ပေ။ အကြောင်းမှုကား ဆရာ သိဋ္ဌည်း၏ ဂိုဏ်း ဤမျှ ကြီးပွားနေခြင်းမှာ ကျွန်ုပ်တို့၏ တပည့်များကြောင့် ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ဆရာ သိဋ္ဌည်းရှေ့တွင် ဝိုင်းရံထိုင်ကြ၏။ သို့ရာတွင် ဥပတိဿကား မထိုင်ပေ။ သပိတ်၊ သင်္ကန်းကို ကျစ်လျစ်စွာ လွယ်ရင်း မတ်တတ်ရပ်လျက်ပင် ဆရာ သိဋ္ဌည်းအား မျက်နှာမူလျက်ရှိသည်။

ဆရာ သိဋ္ဌည်းအဖို့ ကျွန်ုပ်တို့၏ ထူးခြားသော အမူအရာကို အကဲခတ်ရုံမဟုတ်တော့ဘဲ မလုံမလဲဖြစ်လျက်ရှိသည်ကိုပင် တွေ့ရသည်။ ဆရာ သိဋ္ဌည်းအဖို့ မလုံမလဲဖြစ်စရာ အကြောင်းကြီးကလည်း ရှိနေချေသည်။ ထိုအကြောင်းကား ယခုရက်ပိုင်းအတွင်း၌ ဝေဠုဝန်သို့ "သကျကုမာရဗုဒ္ဓ" ရောက်လာခြင်းပင်တကား။

မဇ္ဈိမနိုင်ငံအလုံး၌ တရားစစ် တရားမှန်ကို ရှာဖွေကျင့်ကြံသူတို့ ပေါများလှစွာ၏။ လူ့သာမန်တို့ကို အပထား၍ ဓနစည်းစိမ်ပြည့်စုံသူတို့သည်ပင် ဓနစည်းစိမ်ကို စွန့်ပစ်၍လည်းကောင်း၊ ရာထူးဂုဏ်ထူးရှင်တို့သည် ရာထူးဂုဏ်ထူးကို စွန့်ပစ်၍ လည်းကောင်း၊ သားမယားရှိသူတို့သည် သားမယားနှင့်တကွ ဆွေမျိုးရပ်ရွာကို စွန့်ပစ်၍ လည်းကောင်း၊ ဆိတ်ငြိမ်ရာ တောတောင်တို့သို့ သွား၍ဖြစ်စေ၊ ဆရာ သိဋ္ဌည်းဂိုဏ်း စသော တရားဂိုဏ်းကြီးများသို့ ဝင်၍ ဖြစ်စေ၊ တရားစစ် တရားမှန်ကို ရှာကြံကျင့်သုံးလျက် ရှိကြသည်။

ယင်းတရားဂိုဏ်းကြီးများအဖို့ ဝေဠုဝန်သို့ သကျကုမာရဗုဒ္ဓရောက်လာသည်ဟူသော သတင်းသည် နေရောင်ခြည်ကြောင့် တုန်လှုပ်ယိမ်းယိုင်ရသော ဆီးနှင်းများကဲ့သို့ လှုပ်ရှားမာန်ပျက်လျက်ရှိကြကုန်သည်။ အထူးသဖြင့် ဗုဒ္ဓသည် ရာဇဂြိုဟ်သို့ သာမာန်အားဖြင့် ကြွရောက်လာခြင်းမဟုတ်ပေ။ ဘုရင်ဗိမ္ဗိသာရ၏ ပင့်ခေါင်ချက်ဖြင့် ကြွရောက်လာခြင်းဖြစ်သည်။ ရာဇဂြိုဟ်သို့ ဗုဒ္ဓကြွရောက်လာသောအခါ ဘုရင်ဗိမ္ဗိသာရကိုယ်တိုင် ခမ်းနားသော ဝေဠုဝန်ကို လှူသည်။

ထို့ကြောင့် ဗုဒ္ဓဂိုဏ်းသည် ဘုရင်ကိုယ်တိုင် ရှေ့ဆောင် ရွေ့ရွှက်ပြုသောဂိုဏ်းဖြစ်သည်။

ဗုဒ္ဓကိုယ်တော်တိုင်သည်လည်း အမျိုးအားဖြင့် ကြီးမြတ်သော သကျသာကီဝင်ဖြစ်သည်။ ယင်းသို့ ဂုဏ်ထုအင်အားကြီးမားလှသော ဂိုဏ်းဆရာကြီးတစ်ယောက် ရာဇဂြိုဟ်သို့ ကြွရောက်လာခြင်းမှာ ဆရာ သိဋ္ဌည်း စသော ဂိုဏ်းဆရာတို့အဖို့ အဘယ်သို့လျှင် တုန်လှုပ်ဖွယ်မရှိဘဲ ဖြစ်ချေမည်နည်း။ သူတို့သည် သူတို့၏ တပည့် ဒါယကာ၊ ဒါယိကာမများအားလည်းကောင်း၊ အထူးသဖြင့် သူတို့၏ တပည့်များအား လည်းကောင်း၊ ဗုဒ္ဓဘက်သို့ ယိမ်းယိုင်သွားမည်ကို စိုးရိမ်လျက်ရှိကြသည်။ ထိုစိုးရိမ်ချက်အကြောင်းခံသည် ယခုရောက်လာသော ကျွန်ုပ်တို့၏ အမူအရာများကို မြင်ရ၍ ဆရာ သိဋ္ဌည်း တုန်လှုပ်ရခြင်း၏ အကြောင်းခံဖြစ်သည်။ ဥပတိဿသည် မတ်ရပ်ပင် တည်ငြိမ်စွာဖြင့်···

"လျှောက်ထားခွင့်ပြုပါ ဆရာ"

ဟု လျှောက်သည်။

"ဥပတိဿ···ခွင့်ပန်ဖို့ လိုသေးသလော။ တပည့်ကြီးဖြစ်သော သင့်အား ငါသည် အရာရာ၌ပင် ခွင့်ပြုခဲ့ပြီ မဟုတ်ပါလော"

ဆရာ သိဋ္ဌည်းက ချိုသာသောအသံဖြင့် ပြန်ပြောသည်။ အမှန်အားဖြင့် ဥပတိဿသည် ဆရာ သိဋ္ဌည်းထံ၌ လိုအပ်သမျှကိုသာ ခွင့်ပန်လိမ့်မည်ဟု ကျွန်ုပ်ထင်ခဲ့မိသည်။ ကျွန်ုပ်ထင်မြင်ချက် မမှန်ပေ။ ဥပတိဿသည် ရဲရင့်လှစွာ၏။ ကရုဏာကြီးလှစွာ၏။ အကျိုးကို ကြည့်သော မိတ်ဆွေကောင်း ပီသလှစွာ၏၊ အကြောင်းသော်ကား ဥပတိဿသည် ဆရာ သိဋ္ဌည်းအား အောက်ပါအတိုင်း လျှောက်ထားသောကြောင့်ပေတည်း။

"ဆရာအရှင်···ဆရာတို့သည် တရားစစ် တရားမှန်ကို ရှာရန်အလို့ငှာ လောကကို စွန့်၍ ကျင့်ကြံအားထုတ်ခဲ့ကြသည်။ သို့ရာတွင် ဆရာတို့ ကျင့်သုံးသော တရားဆိုသည်ကား အချည်းနှီးသာတည်း။ ယခုအခါ၌ တပည့်တော်တို့သည် တရားစစ် တရားမှန်ကို လည်းကောင်း၊ ထိုတရားစစ် တရားမှန်ကို လမ်းညွှန်ပြသနိုင်သော ဆရာကို လည်းကောင်း တွေ့ရချေပြီ။ ထိုဆရာသည်ကား ဗုဒ္ဓဖြစ်၍၊ ဗုဒ္ဓသည် ယခုအခါ၌ ဝေဠုဝန်သို့ ရောက်ရှိနေပါချေပြီ။

ဆရာအရှင်···တပည့်တော်တို့သည် တွေဝေနေ အချိန် မဟုတ်တော့။ အချည်းနှီးသာဖြစ်သော၊ အနှစ်သာရ မရှိသော အယူဝါဒများကို စွန့်ပစ်၍ ဗုဒ္ဓထံတော်သို့ သွားကြ



www.burmeseclassic.com

www.burmeseclassic.com



ဥပတိဿ၏ လျှောက်ထားချက်ကြောင့် ဆရာ သည် ကိုယ်ဟန်အမူအရာပင် ပျက်သွားသည်။ ရုတ် ပင် စကားပြန်၍ မပြောနိုင်။ အတန်ကြာမှ မလှုံမလဲ မျက်နှာဖြင့် ဥပတိဿအား မှန်မှန်ကြည့်၍ မေးလိုက်

"ဥပတိဿ··· သင့်စကားသည် ရဲရင့်လှချေသည်။ တရားသည် တရားစစ် တရားမှန်ဟုတ်၏၊ မဟုတ်၏ သင်ကိုယ်တိုင် စုံစမ်းပြီးသည်မို့လား"

"ဆရာအရှင်···တပည့်တော်သည် ဗုဒ္ဓ၏ တရားစစ် န်ကို စုံစမ်းပြီးရုံမျှ မဟုတ်၊ ခံယူကျင့်သုံးပြီး ကျင့်သုံးဆဲ ချေသည်။ ဆရာသည် တပည့်တော်အတွက် ကျေးဇူး သူဖြစ်သည့်အလျောက် တရားစစ်၊ တရားမှန်ကို ည့်တော်ကဲ့သို့ပင် ခံယူကျင့်သုံးစေလိုသော စေတနာရင်း လျှောက်ထားခြင်းဖြစ်ပါသည်။ ဗုဒ္ဓထံ သွားကြပါကုန်စို့။

ဆရာ သိဥ္စည်းသည် ဦးခေါင်းကို လက်ဖြင့် အထပ်ထပ် လက်သည် ဦးခေါင်းမှ မီးအုံးသို့ ပြောင်း၍ပွတ်၏။ န်းကို ပြင်ဝတ်၏။ တောင်ဝေးကို ဆွဲသယောင်ပြု၏။ သိဥ္စည်း၏ အမူအရာသည် မတည်ငြိမ်နိုင်။

ဥပတိဿ၏ စကားသည် ဆရာ သိဥ္စည်းသို့ စူးဝင် သို့ရာတွင် ဂိုဏ်းဆရာကြီးတစ်ယောက်ဖြစ်သည့် ဆန့်ကျင်လာသော တပည့်တစ်ယောက်၏ စကား သာမန်အားဖြင့် အလျှော့ပေးလိမ့်မည်မဟုတ်ပေ။

"ငါ ပြောမည် ဥပတိဿ၊ စေ့စေ့နားထောင်။ ငါတို့ သည် မနေ့တစ်နေ့ကမှ တော်စွလျော်စွ ပေါ်ပေါက် သော ဂိုဏ်းမဟုတ်။ မရေမတွက်နိုင်သော နှစ်ပေါင်းများ ၍ ဆရာစဉ်ဆက် တည်ဆောက် ကျင့်သုံးလာခဲ့သော ကြီးဖြစ်သည်။ သင်သည် ငါ၏ တပည့်များအနက် အလာရှိသော တပည့်ကြီးဖြစ်သည်။ ထိုအလား ကား ငါမရှိခဲ့သော် ငါ့နေရာတွင် ဂိုဏ်းဆရာအဖြစ် ကို လွှဲအပ်ခဲ့ရန် ရည်မှန်းထားခြင်းကို ဆိုလိုသည်။ ရမ်းပယ်ဖွဲ့စကားတို့ဖြင့် စိတ်ကူးမလွဲနှင့် ငါ့တပည့်"

"ဆရာ့ရည်မှန်းချက်၊ အမိန့်ရှိချက်ကို ကျေးဇူးတင် ပါသည်။ သို့ရာတွင် တပည့်တော်သည် ဂိုဏ်းဆရာကြီး ရန် ရည်မှန်းချက်ဖြင့် အရှင့်ထံ ရောက်လာခြင်းမဟုတ်ပါ။ ည့်တော်သည် အမှန်တရားကို ရှာသူဖြစ်သည်။ အရှင် လည်း တရားမှန်ကို ရှာသူဖြစ်သည်ဟု ကပည့်တော် သည် ထားပါသည်။ သို့ဖြစ်၍ ဆရာ့ကျေးဇူးကို ထောက်

ထား၍ လည်းကောင်း၊ တပည့်တော်၏ စေတနာကြောင့် လည်းကောင်း ဆရာ့အား ယခုကဲ့သို့ ရဲရဲဝံ့ဝံ့လျှောက်ထားနေ ခြင်းဖြစ်ပါသည်။ ဗုဒ္ဓထံတော်သို့ သွားကြပါစို့ ဆရာ။ သပိတ်၊ သင်္ကန်းကို ပြင်ဆင်ပါလော့"

ဤအကြိမ်တွင်မူ ဆရာ သိဥ္စည်းသည် ဒေါသထွက်လာ ပုံရသည်။ တွေဝေသော မျက်နှာတွင် ဒေါသရောင်လွှမ်း လာ၏။ ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။ လက်နှစ်ဖက် ကို နောက်သို့ ပစ်၍ သွားချည်ပြန်ချည်လျှောက်၏။ ဖရိုဖရဲဖြစ် နေသော သင်္ကန်းစကိုမျှ မသိမ်းနိုင်။ ကျွန်ုပ်တို့သည် ဆရာ သိဥ္စည်းထံ၌ နေစဉ်အတွင်း ဆရာ သိဥ္စည်း၏ ယင်းကဲ့သို့သော ဒေါသကို လည်းကောင်း၊ မာနကို လည်းကောင်း၊ ပျင်းရိခြင်း ကို လည်းကောင်း၊ လျှပ်ပေါ်ခြင်းကို လည်းကောင်း၊ ကြိမ်ဖန် များစွာ တွေ့ခဲ့ရဖူးပေပြီ။ ယင်းသို့သော စိတ်ယုတ်စိတ်ဆိုး များသည် တရားစစ်၊ တရားမှန်ရှိသူတို့ထံတွင် ယင်းသို့သော စိတ်ယုတ်၊ အမူအရာယုတ်များ မရှိနိုင်သည်ကိုလည်း ကျွန်ုပ် တို့ နားလည်ပါ၏။ သို့ရာတွင် တရားမှန်ဟူသည် အဘယ်သို့ ဖြစ်သည်ဟု ညွှန်ပြသူမရှိ၍သော တရားမှန်ရလိမ့်နိုးဖြင့် မျှော် ကိုး၍ ဆရာ သိဥ္စည်းထံ ဆည်းကပ်နေခဲ့ရခြင်း ဖြစ်သည်။ စင်စစ်သော်ကား တရားမှန်ရှိသယောင် ဟန်လုပ်ထားခြင်းမျှ သာဖြစ်၍ ယခုကဲ့သို့ အလိုမကျသောအခါ၌ ဆောင်းထား သော မင်းသားဦးခေါင်းပြုတ်၍ ပင်ကိုယ် ဘီလူးရုပ်ပေါ်လာ သည်ကို အထင်အရှားတွေ့ရ၏။

ဆရာ သိဥ္စည်းသည် နှစ်ခေါက် သုံးခေါက်မျှ ဦးခေါင်းကို ငိုက်၍ ခပ်မြန် မြန် လမ်းလျှောက်ပြီးနောက် ရုတ် တရက် ဦးခေါင်းကို ထောင်ကာ ဒေါသခိုးထွက်နေသော်လည်း အတန်ကြီး ချုပ်တည်းထားသောအသံဖြင့် ဥပတိဿသို့ အမိန့်ရှိလိုက်သည်။

"ဥပတိဿ···ငါ့ကို ဗုဒ္ဓထံကိုချည်း ခေါ်နေသည်။ သင်သိထားဖို့က ငါသည် ဂိုဏ်းဆရာကြီးဖြစ်သည်။ သင် က ငါ့ကို သင်တို့လို တရားမှန်ရှာသူဟု ဆိုသည်။ ငါသည် တရားမှန်ရှိ၍ ထိုတရားမှန်ကို သူတစ်ပါးကို ပေးသော ဂိုဏ်း ဆရာကြီးဖြစ်သည်။ ဂိုဏ်းဆရာဟူသည် ရေတည် စရည်း ကြီးဖြစ်သည်။ သင်တို့ကဲ့သို့ လက်ငင်အိုးမဟုတ်။ အိုးစရည်း ဆိုသည် ဟိုအရာ ကောင်းနိုးနိုး၊ သည်အရာ ဟုတ်နိုးနိုးနှင့် လှုပ်ရှားရရိုး ထုံးစံမရှိပေဘူး။ သင်တို့လို လက်ငင်အိုးတွေ သာ သွားချင်လျှင် သွားကြ။ ဒီစကားမျိုး ငါ့ကို ထပ်ပြီး မလျှောက်နဲ့တော့ ဥပတိဿ"

"ဆရာအရှင် တပည့်တော်တို့ သွားမည်ကား အမှန်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ သွားကြရန် အားလုံးပြင်ဆင်ပြီး ဆရာ့ထံ ယခုလာ၍ ဝတ္တရားအလျှောက် ခွင့်ပန်ကြခြင်းဖြစ်ပါသည်။ သို့ရာတွင် ဆရာ့ကျေးဇူးကြောင့် ဆရာ့အားလည်း တရားမှန်ကို ရစေလို၍ စစ်မှန်သော စေတနာဖြင့် ယခုကဲ့သို့ လျှောက်ထား၍ ခေါ်ယူခြင်းဖြစ်ပါသည်။ ယခုကား တပည့်တော် ဝတ္တရားကျေပွန်ပါပြီ။ ဆရာ့အား နောက်ဆုံး လျှောက်ထားလိုသည်မှာ တပည့်တော်တို့သွားလျှင် တပည့်အားလုံးလိုလို လိုက်ပါကြပါလိမ့်မည်။ အကြောင်းကား သူတို့သည် တရားမှန်ကို ရှာသော လက်ငင်အိုးများသာ ဖြစ်ကြပါကုန်သည်။ ယင်းသို့ဖြစ်လျှင် ဆရာတစ်ယောက်တည်းဖြင့် အဘယ် အကျိုးရှိပါတော့အံ့နည်း။ သို့ဖြစ်၍ နောက်ဆုံးအကြိမ်အဖြစ် လျှောက်ထားပါသည် ဆရာ။ ဆရာသည် ပညာဉာဏ်အခြေခံကြီးသူ၊ အမြော်အမြင်ကြီးသူဖြစ်ကြောင်း တပည့်တော် နားလည်ပါသည်။ တိမ်သလာလွှမ်းသကဲ့သို့သော ဆရာ၏ မာနနှင့် ဒေါသတို့ကို ပယ်ခွာ၍ တရားမှန်ရှိရာ ဝေဠုဝန်သို့ တပည့်တော်တို့နှင့်အတူ ကြွချီတော်မူပါလော့"

ဆရာ သိဥ္စည်းသည် ဥပတိဿသို့ လက်ညှိုးငေါက်ငေါက်ထိုးလိုက်၏။ ဒေါသအခိုးသည် တဟူးဟူးထွက်နေသကဲ့သို့ ထင်ရ၏။ ထွက်လာသော စကားလုံးများသည် ဒေါသကြောင့် အထစ်ထစ် အငေါ့ငေါ့ပင် ဖြစ်နေသည်။

"တော်တော့ ဥပတိဿ၊ ထပ်မလျှောက်နဲ့ဆိုလျက်နှင့် သည်စကားထပ်လျှောက်ပြန်ပြီလား။ သင်တို့ အကုန်လုံး သွားရုံမကလို့ ကျောင်းတွေပါ ယူသွားနိုင်လျှင် ယူသွားကြ။ ဒီမှာဟေ့ ဥပတိဿ... သင်က ဆရာရယ် သမားရယ်လို့ နောက်ကြောင်းပြန်မငဲ့တော့ သင့်ကို ငါ ရှင်းရှင်းပြောလိုက်မည်။ နားထောင်။ ငါ့ဆီမှာ တပည့်တပန်းမရှိလို့ ဘာလို့နဲ့ သင်က စကားလုပြောစရာမလိုဘူး။ သင်တို့ မရှိလို့ ငါ့အဖို့ နည်းနည်းမျှ ပူပင်မည်မထင်နှင့်။ လောကဉ္စ လူတွေ များလှသည်။ လူတွေဆိုသည်မှာ လူမိုက်နှင့် လူလိမ္မာ ဘယ်သူက များသနည်း။ သင် သိသည်မဟုတ်လော။ အေး၊ မသေမချင်း မှတ်လော။ လူမိုက်တွေ ငါ့ဆီ လာလိမ့်မည်။ သင်တို့ လူလိမ္မာတွေ ဗုဒ္ဓဆီ သွားကြ၊ သွားကြ"

ဆရာ သိဥ္စည်း၏ ဒေါသသည် ပြင်းသည်ထက် ပြင်းထန်လာ၍ နောက်ဆုံး စကားကိုမူ အော်၍ပင် ပြောလိုက်သည်။ ပြောပြီးနောက် တောင်ဝှေးကြီးကို ဆွဲကာ ရုတ်တရက် ကျွန်ုပ်တို့ကို ကျောခိုင်း၍ ကျောင်းခန်းတွင်းသို့ ဝင်သွားတော့သည်။ ကျွန်ုပ်တို့ ပရိဗိုဇ် ၅၀၀ကျော်ခန့်သည် ဆရာ သိဥ္စည်း၏ ဒေါသမှ ထင်ဟပ်သော ဓမ္မသံဝေဂကြောင့် လည်း

ကောင်း၊ ဥပတိဿ၏ ရင့်ကျက်သော သိက္ခာကို ကြည်ညို လှ၍ လည်းကောင်း၊ နေ့လယ်ပင် ဖြစ်လင့်ကစား ညဥ့်သန်း ခေါင်တွင် ဆိတ်ငြိမ်လှသော တောအုပ်ကျောက်ဂူကြီးအတွင်း ၌ တရားကျင့်သုံးနေကြသူများကဲ့သို့ အပ်ကျသံ ကြားရမတတ် ပင် ဆိတ်ငြိမ်လျက်ရှိသည်။

ကျွန်ုပ်သည် ဥပတိဿ၏ တည်ငြိမ်မှု၊ ရင့်ကျက်မှု ပညာကြီးမားမှု၊ စိတ်ထားကြီးမားမှုများအပေါ်တွင် အမိုပြု ကြည်ညိုလေးစားခဲ့ရပေါင်း များလှပါချေပြီ။ ယနေ့ ဥပတိသ အား ကြည်ညိုလိုက်ပုံမှာ ကြက်သီးပင် တဖြန်းဖြန်းထသည် အကြောင်းကား ဥပတိဿသည် ဆင်ခြင်တုံတရားကြီးမားသူ ဖြစ်ရကာမှ အမျိုးဂုဏ်၊ ပညာဂုဏ်ကြီးသူဖြစ်သည် အလျောက် ဤမျှ တုန်လှုပ်ဖွယ်ရှိသော စကားမျိုး အမှုအရာ မျိုးနှင့် ရင်ဆိုင်ရသည့်အခါ အခါတိုင်းလိုဆိုလျှင် ကိုယ်နှုတ် အမူအရာ သိသိသာသာ မလှုပ်ရှားသည့်တိုင် မျက်ဝန်းကလေ တစ်ချက်မျှ မျက်တောင်ကလေးတစ်ခတ်မျှ လှုပ်ရှားဖို့ ရှိ ယခုမူကား ဒေါသခိုးလွှတ်လျက်ရှိသော ဆရာ သိဥ္စည်း ရှေ့တွင် ဥပတိဿသည် အရပ်လေးမျက်နှာမှ တိုက်ခတ် အပ်သော လေကြောင့် မလှုပ်ရှားသော ကျောက်တိုင်ကဲ့သ ကိုယ်ဟန်အမူအရာနည်းနည်းကလေးမျှ မလှုပ်ရှားဘဲ ကြီးမာ သော သိက္ခာဖြင့် ရပ်လျက်ရှိ၏။ လပြည့်ဝန်းနှယ် ကြည်လ သော မျက်နှာသည်လည်း မျက်တောင်ကလေးခတ်ရုံမျှပ မလှုပ်ရှားဘဲ ကြည်လင်လျက်ရှိချေ၏။ ကြည်ညိုဖွယ်အတ ဖြစ်ပါဘိသည်။

ဆရာ သိဥ္စည်း မျက်နှာလွှဲပြီးနောက် တအောင့်မျ အကြာတွင် ဥပတိဿသည် တည်ကြည်ငြိမ်သက်သော ကိုယ်ဟန်ဖြင့် နောက်သို့ လှည့်ပြီး ထွက်ကြသည်။ ကျွန် သည် သူ့နောက်မှ လိုက်၏။ ကျွန်ုပ်တို့နောက်မှ ပရိဗိုဇ်မျာ လိုက်လာကြသည်။

တရားစစ်၊ တရားမှန်ဆိုသည့်တိုင် ဆရာ သိဥ္စည်းအပေ သံယောဇဉ်ကောင်းသူ တပည့်များ ရှိကြဦးမည်ဖြစ်ရာ ဝေဠုဝ သို့ အားလုံးလိုက်ပါလာကြမည် မထင်ခဲ့ပေ။ သို့ရာတွင် ပရိဗိုဇ်အားလုံးပင် လိုက်ပါလာကြသည်ကို တွေ့ရ၍ ဝမ် မြောက်ရ၏။ ကျောင်းဝအထွက်သို့ ရောက်သောအခါ ဆရာ သိဥ္စည်းကျောင်းထံပါးမှ လှုပ်ရှားသံများ ကြားရသဖြင့် လှည် ကြည့်လိုက်သောအခါ ကျောင်းအပြင် ဒေါင်စောင်း၌ ဆရာ သိဥ္စည်း လူးလိမ့်လျက်ရှိသည်ကို လှမ်းမြင်လိုက်ရသည် ပရိဗိုဇ်အချို့ အပြေးအလွှားပြန်သွားပြီး ပြုစုကြသည်။ ဆရာ သိဥ္စည်းသည် သွေးအန်သည်ဟု ကြားရ၏။ သို့ရာတွင် ဗုဒ္ဓ



www.burmeseclassic.com

သို့ ရည်ညွှတ်သော ကျွန်ုပ်၏ ဆန္ဒသည်ကား နောက်
လှည့်စေတော့ပြီ။

ဝေဠုဝန်သည် ဆိတ်ငြိမ်လှ၏။ ကျောင်းအသွင်ကပင်
တို့ ပရိဘိုဂ်ကျောင်းများနှင့် ကွာခြားလှပါတိသည်။ ကျွန်ုပ်
ရောက်သွားချိန်၌ ဗုဒ္ဓသည် တပည့် ရဟန်းများ ခြံရံကာ
သောလျက်ရှိသည်ကို တွေ့ရ၏။ ဗုဒ္ဓအား ဖူးတွေ့လိုက်
ည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့၏ လက်များသည်
အုပ်ချီပြီးသားဖြစ်သွားသည်။

ထူးခြားပါပေသည်။ ဗုဒ္ဓကား တကယ်ပင် အံ့ဖွယ်
လှသော ပုဂ္ဂိုလ်မြတ်ပါပေတည်း။ ဗုဒ္ဓ၏ မျက်နှာတော်
တိမ်မြူကင်းစင်သော လပြည့်ဝန်းနှယ်ဟု ဥပမာပေးလို
ပေးနိုင်ပါ၏။ စွင့်ကားစွာ ပွင့်အပ်သောပန်းနှင့် ဥပမာ
င်လိုသော် ဆောင်နိုင်၏။ သို့ရာတွင် ထိုဥပမာများသည်
မျက်နှာတော်အတွက် ပြည့်စုံလုံလောက်လိမ့်မည်ကား
တ်သေးပေ။ ကျွန်ုပ်တို့ မြင်တွေ့ခဲ့သမျှသော မျက်နှာတို့
တယ်မျှ ရှုချင်ဖွယ်ရှိသည်ဆိုစေ၊ နှစ်ကြိမ်ထပ်၍ အကြည့်
မျက်နှာမျိုးဟူ၍ ဤလောက၌ ရှားပါးလှသည်။ ဗုဒ္ဓ၏
တော်ကား အကြိမ်ရာထောင် ရှုကြည့်၍လည်း တင်း
ဖွယ်ရှိမည်မဟုတ်။

ဤမျှ ထူးခြားပြည့်စုံသော မျက်နှာပိုင်ရှင်၊ ဤမျှ သိမ်
ပြည့်ဝသော ကိုယ်ဟန်ပိုင်ရှင်သည် ထူးခြားသော တရား
စိတ်ဓာတ်အရှင်ဖြစ်ရမည်ကို ကျွန်ုပ်သည် ခြွင်းချက်
သက်ခံလိုက်ပါ၏။ ကျွန်ုပ်တို့နှစ်ယောက်သည် ရဟန်း
တ်ရှေ့သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဗုဒ္ဓသည်
ဘွာတော်ကို ပင့်၍ ကျွန်ုပ်တို့အား တူရူ ရှုကြည့်တော်မူ
သည်။ ငယ်ရွယ်စဉ် တစ်ချိန်က ကျွန်ုပ်၏ မိခင် ခရီးဝေး
၍ ရက်အတန်ကြာမျှ မိခင်နှင့် ကွဲကွာနေခဲ့ဖူးသည်။
ပြန်ရောက်လာသည့်အချိန်၌ မိခင်၏ ရင်ခွင်သို့ ကျွန်ုပ်
ဝင်သောအခါ မိခင်က ဆီး၍ ပွေ့ဖိုက်ယူသဖြင့် မိခင်၏
အရသာကို ကျွန်ုပ်အဖို့ မမေ့နိုင်အောင် ခံစားခဲ့ရသည်။
ရသာမျိုးကို မိခင်ထံမှတစ်ပါး အခြားသူများထံမှ မခံ
ရဘူးချေ။ ထိုအရသာ၊ ထိုအထိအတွေ့မျိုးကို ယခု
ကျွန်ုပ်တို့အား ဘုရှု ကြည့်ရှုတော်မူလိုက်သောအခါ
စားရသော အရသာနှင့် အနီးကပ်ဆုံးအဖြစ်မျှသာ ဥပမာ
င်နိုင်ပေလိမ့်မည်။

ဗုဒ္ဓသည် ရှုကြည့်တော်မူရုံမျှ မဟုတ်၊ သက်နှင်းတော်
င်းမှ ပြည့်ဖြိုးသော ယာဘက် လက်တော်ကို ထုတ်၍
တို့ထံသို့ တူရူ ဆန့်တန်းသည်။ ထို့နောက် ထူးခြား
သော အသံတော်ဖြင့် မိန့်တော်မူ၏။

"ချစ်သား ရဟန်းတို့ . . . ငါ၏ သာသနာတော်တွင်
ငါ၏ကိုယ်စား အားထားရ၍ ငါ၏ လက်ျာရံ၊ လက်ဝဲရံဖြစ်
လတ္တံ့သော သာရိပုတ္တရာနှင့် မောဂ္ဂလာန်ထေရ်တို့သည် ယခု
လာရောက်ကြကုန်ပြီ"

ဗုဒ္ဓ၏ ထိုစကားသည် ကျွန်ုပ်အား ပီတိအိမ်တွင် စိမ်
လိုက်သကဲ့သို့ဖြစ်သွားစေသည်။ မှန်လှ၏။ ဥပတိဿသည်
သာရီမိခင်၏ ရင်သွေးဖြစ်၍ "သာရိပုတ္တရာ"ဖြစ်သကဲ့သို့
ကျွန်ုပ်သည် မောဂ္ဂလီမိခင်၏ ရင်သွေးဖြစ်၍ "မောဂ္ဂလာန်"
ဖြစ်ရပေသည်။ အတွေးမပြတ်မီပင် ဗုဒ္ဓသည် ဆက်၍ မိန့်
၏။

"လာကြလော့၊ ငါ၏ ချစ်သား ရဟန်းများဖြစ်ကြသော
သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့။ ငါ၏ ထံပါး ငါ၏ သာသနာ
၌ ကောင်းစွာ နေကြလော့၊ ကောင်းစွာ ကျင့်ကြလော့"

ဗုဒ္ဓ၏ ရဟန်း ပရိသတ်သည် ကျွန်ုပ်တို့ကို လှည့်၍
ကြည့်ကြပြီးနောက် လမ်းဖယ်ပေးကြသည်။ နေရာဖယ်ပေး
ကြသည်။ သာရိပုတ္တရာသည် ဦးညွှတ်ရိုကျိုးကာ ရဟန်းပရိသတ်
အလယ်သို့ ဝင်၏။ သူ၏ ဆရာဦးဖြစ်သော အဿဇိထေရ်
အား တွေ့သောအခါ လက်အုပ်ကို လှည့်၍ ဦးညွှတ် အရို
အသေပြု၏။ အဿဇိထေရ်သည် ကျွန်ုပ်တို့ နှစ်ဦးအား
နှစ်သိမ့်လှသော မျက်နှာဖြင့် ကြိုဆိုကြည့်ရှုသည်။

ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ ထံတော်ပါး၌ ဦးညွှတ်၍ ထိုင်
ကြ၏။ ဗုဒ္ဓသည် တရားကို ဆက်လက်၍ ဟောတော်မူ
သည်။ ယနေ့သည်ကား ကျွန်ုပ်၏ ဘဝတွင် အထူးခြားဆုံး
နေ့တစ်နေ့ပေတည်း။

* * *

မောင်မောင်မိုးအောင်



www.burmeseclassic.com

www.burmeseclassic.com





သစ္စာအောင်

# မင်းကောင်းမင်းမြတ်နှင့် ကိုယ်တွေ့ဂါထာ

(က)

တကယ့်ကို ကျွန်တော့်ကိုယ်တွေ့ဖြစ်ပါသည်။ ကျွန်တော်အသက် ၅၀နီးပါးသို့ ရောက်ခဲ့သည့်တိုင် ဂါထာ စ,ရခဲ့သောနေ့မှ နေ့ညမရွေး သတိရတိုင်း စိတ်ထဲမှ နေ၍ အမြဲလိုလို ပူဇော်ရွတ်ဖတ်ဖြစ်သည်။

ဒီဂါထာကို စ,ရသည့်အရွယ်က ကျွန်တော့်အသက် ၁၉၊ ၂၀ ဝန်းကျင်ခန့်ဖြစ်မည်။ ထိုကာလတွင် ကျွန်တော်က တက္ကသိုလ်ကျောင်းသားတစ်ဦး။ တက္ကသိုလ်သို့ ရောက်ပြီး နောက်တစ်နှစ်ကြာသောအခါ ကျွန်တော်တို့တိုင်းပြည်သည် အတော်လေးကို လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရ၏။

ဝေစ်ပါတီစနစ်ပြုတ်ကျရေးအတွက် ကျောင်း... ကျောင်းသားများအနေဖြင့် မည်သူ့တိုက်တွန်းချက်မှမပါ... ပွဲ့ရှားတွန်းလှန်ခဲ့ကြသည်။

နိုင်ငံရေးဆိုတာကို ဘာမှန်းညာမှန်းမသိပါဘဲ မခံချ... စိတ်၊ အမှန်တရားကို ဖော်ထုတ်ချင်စိတ်တွေကြောင်... ကျွန်တော့်မိသားစုသာမက၊ ပတ်ဝန်းကျင်မှ လူများ... ကျွန်တော့်အား နိုင်ငံရေးသမားပေါက်စဟု အမည်တပ်ခဲ့ကြ... သည်။

ထိုအချိန်တွင် ကျွန်တော်တို့အိမ်သို့ နေ့စဉ် ... ကြွသော ရဟန်းတစ်ပါးထံမှ ထိုဂါထာကို ရခဲ့သည်...



www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်းမှာ ကြည်ညိုဖွယ်ကောင်းသလို ရဟန်းသိက္ခာပုဒ်များနှင့် ညီညွတ်သော ကိုယ်တော်တစ်ပါးပင်ဖြစ်သည်ဟု ကျွန်းခဲ့သည်က လွဲ၍ ထိုကိုယ်တော်၏ ဘွဲ့အမည်နာမကို ထောင် အခုချိန်မှာ မမှတ်မိတော့ပေ။ ကျောင်းသားစိတ်ဖြင့် နိုင်ငံရေးမြူတွေကြားမှာ ဝိတ်မိနေ၍ မည်သူ့စကားကိုမှ ကျွန်တော် နားမထောင်ပေ။

တစ်နေ့ အမေက ဦးဇင်းကို ကူညီပြီး နားချပေးဖို့ ပြောသည်ထင်၏။

"ကဲ···ဒကာလေး၊ ဘယ်ကိစ္စမဆို ဖြစ်ချိန်တန်ရင် ဖြစ်မယ်၊ ပျက်ချိန်တန်ရင် ပျက်မယ်ဆိုတာ တရားသဘောတွေပဲ။ ဒီစကားကိုပဲ အပြန်အလှန် ဆင်ခြင်ကြည့်ပါ။ အခုချိန်မှာ ဒကာလေး နားဝင်နိုင်မှာမဟုတ်ဘူး။ ဒီတော့ ဒကာလေးကို ဂါထာတစ်ပုဒ် နှုတ်တိုက်ချပေးမယ်၊ လိုက်ဆို။ ကိုယ်လုပ်ချင်တာလည်း လုပ်၊ တရားကိုလည်း မမေ့နဲ့။ ရတနာသုံးပါးကို အမြဲနှလုံးသွင်းကွဲ့၊ လိုက်ဆို"

ဦးဇင်းစကားကို ကျွန်တော် မငြင်းဆို။ ခွန်းတုံ့မပြန်ဖြစ်ပေ။ တခြားတစ်ယောက်ယောက်သာဆိုရင်တော့ အဲဒီစိတ်တွေသာ ကျပ်ကျပ်ထား၊ ဘယ်တော့မှ အာဏာရှင်သက်အောက်က လွတ်မှာ ကျွတ်မှာ မဟုတ်ဘူးဟု ပြန်ပြောဖြစ်မှာ သေချာ၏။

ဦးဇင်း နှုတ်တိုက်ချပေးသော ဂါထာမှာ တိုတိုတုတ်တုတ်နှင့် မှတ်ရလွယ်၏။

(ခ)

နမော ဗုဒ္ဓါယ သိဒ္ဓံ။

သိဒ္ဓံ နမော ဗုဒ္ဓါယ။

ဦးဇင်း နှုတ်တိုက်ချပေးသော ဂါထာနှစ်ကြောင်းကို ကျွန်တော် အမြဲရွတ်ဆိုပွားများဖြစ်သည်။

နိုင်ငံရေး ဝဲဂယက်ထဲမှာ ကျွန်တော့်ငယ်ဘဝ စုန်းစုန်းမြုပ်ခဲ့၏။

သူများတွေ ထောင်နှင့် အိမ်ဦးကြမ်းပြင်လို ဝင်ချည်ထွက်ချည် ခဏခဏဖြစ်ပေမယ့် ကျွန်တော့်မှာ မဖြစ်။ ဆယ်စုနှစ်တစ်ခုအတွင်း တစ်ကြိမ်သာ ကျွန်တော် ထောင်ကျ၏။ ပြစ်ဒဏ် ၁၀နှစ်ကျခံရသော်လည်း တစ်နှစ်ပြည့်လုပြည့်ခါနီးမှာပင် ကျွန်တော် လွတ်ငြိမ်းချမ်းသာရ၏။

(ဂ)

နမော ဗုဒ္ဓါယ သိဒ္ဓံ။

သိဒ္ဓံ နမော ဗုဒ္ဓါယ။

ထိုဂါထာနှစ်ကြောင်းကို အမြဲမပြတ် ပူဇော်ရွတ်ဆိုသော်လည်း အနက်အဓိပ္ပာယ်ကို တိတိကျကျ ကျွန်တော် မသိခဲ့။ ဂါထာ၏ အမည်နာမကိုလည်း မသိ။



နှစ်တွေ ကြာခဲ့ပေမယ့် ဦးဇင်း နှုတ်တိုက်ချပေးခဲ့သော ဂါထာကိုတော့ ရွတ်ဆို ပူဇော်မြဲ။ ဦးဇင်းနှင့်လည်း ပြန်မဆုံဖြစ်တော့ပေ။

တစ်နေ့ လူထုတိုက်မှ ထုတ်ခဲ့သည့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးသားသော "တို့ဗမာ ဝတ်ရွတ်စဉ်"စာအုပ်လေးကို လမ်းဘေးမှ ကျွန်တော်ကောက်ဝယ်ခဲ့သည်။

အိမ်ရောက်တော့ စာအုပ်လေးကို လှန်ဖတ်သည်။

### သင်ပုန်းကြီး ရှိခိုးဆုတောင်း

နမော ဗုဒ္ဓါယ သိဒ္ဓံ။

သိဒ္ဓံ နမော ဗုဒ္ဓါယ။

အဟံ - အကျွန်ုပ်သည်၊ ဗုဒ္ဓါယ - သဗ္ဗာလေးဆူ ပွင့်တော်မူသော မြတ်စွာဘုရားအား၊ နမော - ရှိခိုးပါ၏။ မေ - အကျွန်ုပ်၏၊ သရာဇာသက်ပွေါ - ကိုယ့်မင်းကိုယ့်ချင်း အစစ်ရလိုကြောင်းနှင့် ကောင်းသော အကြံသည်၊ သိဒ္ဓံ - ပြီးစီး အောင်မြင်ပါစေသတည်း။

ယခုအခါ စာဖတ်သူများအနေဖြင့် ကျွန်တော် မပြတ်ရွတ်ဆိုဖြစ်သော ဆုတောင်းဂါထာနှင့် အနက်ကို ကွင်းကွင်းကွက်ကွက် သိမြင်တွေ့လိမ့်မည်ဖြစ်သည်။

သူ့သူ့ငါငါ ယုံယုံကြည်ကြည်ဖြင့် နှလုံးသွင်း ရွတ်ဆိုကြလျှင် ကျွန်တော်တို့ တောင့်တနေသော ရွှေပြည်တော်သစ်ကြီးမှာ မဝေးနိုင်တော့ပါဟု တိုက်တွန်းလိုက်ရပါတော့သည်။

* * *

သ[illegible]အောင်



www.burmeseclassic.com


www.burmeseclassic.com

**ယခင်လမှ အဆက်** · · ·

**(၃၁) ကာမသုခလ္လိကာနုယောဂ ဝဋ္ဋမှာ**

"အနုညာတ ပဋိသေဝန ပတိရူပေန ကာမ သုခလ္လိ ကာနုယောဂေါ ဝဋ္ဋေတိ"

**အနုညာတ ပဋိသေဝန ပတိရူပေန** - ရဟန်းတို့၌ ဘုရားခွင့်ပြုတော်မူအပ်သော ပစ္စည်းတို့ကို သုံးဆောင်ခြင်းနှင့် တူသည်၏ အဖြစ်ဖြင့်၊ **ကာမသုခလ္လိ ကာနု ယောဂေါ** - ကာမဂုဏ်၌ ကပ်ငြိခြင်းနှင့်ယှဉ် သော ကာမစ္ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com

တဖျာသည်၊ **ဝဋ္ဋတိ** - လှည့်ပတ် ဖြားယောင်းတတ်၏။

"အဲသည် ဝဋ္ဋနာကတော့ ကျုပ်တို့ လူသားတွေအတွက် တိုက်ရိုက်ညွှန်းဆို ဆုံးမတော်မူခဲ့တာပဲဗျ ကိုရေချမ်းရဲ့"

"လူတွေနဲ့ တိုက်ရိုက် သက်ဆိုင်ပုံကို ရှင်းစမ်းပါဦးဗျာ"




"ဒီလိုလေ၊ မြတ်စွာဘုရားသခင်က တပည့်သား ရဟန်းများကို ပစ္စည်းလေးပါးနဲ့ ပတ်သက်လို့ အနုညာတ ခွင့်ပေးတော်မူထားတာရှိပါတယ်။ အလွန်မွန်မြတ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသည်တို့ကို ပစ္စဝေက္ခဏာတင်ပြီး ဆင်ခြင်သုံးဆောင်မယ်ဆိုရင် သုံးဆောင်နိုင်ခွင့်ပြုတော်မူထားပါတယ်။ ဒါတွေကို လူတွေက မြတ်စွာဘုရားသခင်ဟာ ရဟန်းများနှင့် စပ်ဆိုင်တဲ့ စားဝတ်နေရေးကို အပြစ်မရှိ ခွင့်ပြုတော်မူထားသကဲ့သို့ ကျုပ်တို့လူတွေကိုလည်း ကာမဂုဏ်သမား လောကီသားတို့ရဲ့ အကျင့်စရိုက် ဝသီတို့နဲ့အညီ စားဝတ်နေရေးမှအစ ကာမဂုဏ် ခံစားတာကို အပြစ်မရှိ ခွင့်ပြုတော်မူတန်ကောင်းပါရဲ့လို့ ယူဆပြီး ကာမဂုဏ်ညွှန်ဗွက်ထဲက ရုန်းထွက်ဖို့ မကြံစည်၊ မကြိုးစားချင်ကြတော့ပါဘူးတဲ့။ မစင် ဘင်ပုပ်ကို ခွေးများ၊ ဝက်များ နှစ်သက်သလို၊ ထိုအရသာကိုပဲ နှစ်သုခ္ခါလို့ အာသာငမ်းငမ်း ဖြစ်နေတတ်ပါတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားတို့မည်သည် ရှင်ဘုရင်ဖြစ်ချင်တဲ့ စိတ်တစ်ရံတစ်ဆစ်မျှ တောင့်တ ကြံစည်ခြင်းမရှိသလို၊ ကာမဂုဏ်သမားတို့မှာလည်း ပဗ္ဗဇ္ဇိတ ရဟန်းအဖြစ်ကိုသော်လည်းကောင်း၊ သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာ တရားတို့ဖြင့် တောထွက် ကျင့်ကြံအားထုတ်ဖို့ကိုသော် လည်းကောင်း၊ တစ်ခါတစ်ရံ အိပ်မက်မျှပင် မမက်အောင် အလှည့်အပတ်ခံနေရတတ်ပါတယ်တဲ့။ အဲဒါဟာ ဆရာတော်ကြီးရဲ့ အဖွင့်အဆိုကို အတိုချုံး ပြောလိုက်ရခြင်းပါပဲ။ မန်လည်ဆရာတော်ဘုရားကလည်း···

"နံ့ဆိုးယုတ်မာ၊ ပုပ်နံ့စွာဖြင့်၊ ကေသာလောမ၊ မွေးဆံစသား၊ အူမအူသိမ်၊ ရေအိမ်မကာ၊ ရွရွကျိကျိ၊ ပိုးအတိနှင့်၊ အရိအရွဲ၊ နပ်ခွဲပြစ်ပြစ်၊ ရှုရက်ပျစ်လျက်၊ စာသစ်စာဟောင်း၊ မမြင်ကောင်းအောင်၊ ဟောင်းလောင်းအစ၊ ကိုးခွါရမှ၊ စီးကျယိုယို၊ တစိုစိုလျှင်၊ ဤကိုယ်ညစ်ကျု၊ ပုပ်မျိုးစုကို၊ အသုဘစစ်၊ ဉာဏ်ဖြင့် လှစ်၍၊ အပြစ်မမြင်၊ ဖုံးပိတ်ပင်လျက်၊ လင်နှင့် မယား၊ သားနှင့်သမီး၊ ချစ်စငြီးဟု၊ ချစ်ကြီးချစ်မူ၊ ချစ်ထုံးပြု၍၊ ချစ်စုချစ်ပုံ၊ နှုတ်ဝယ်ငုံမျှ၊ စုံစုံမက်မက်၊ ပိုက်ဖက်တွဲမှီ၊ တအီအီလျှင်၊ ပွေ့ချီရှုံ့နမ်း၊ တငမ်းငမ်းနှင့်၊ စမ်းစမ်းဆုပ်ဆုပ်၊ အုပ်အုပ်ဖုံးဖုံး၊ တပြုံးပြုံးနှင့်၊ မခုံးချစ်စ၊ မွေ့လျော်ကြသည်၊ ကာယဝိညာဉ်၊ အစဉ်ကြိုက်ပုံ၊ အာရုံဖောင္ဒမ်ညစ်ကြေးတည်း"လို့ ကျုပ်တို့ရဲ့ ဖြစ်ပုံကို ဖော်ပြ ဆုံးမထားပါတယ်"

"သဘောပေါက်ပါရဲ့ဗျာ။ လိမ်မှန်းသိပေမယ့်လည်း အလိမ်ခံနေရတာ ကောင်းတယ် ထင်ပြီး ကျုပ်တို့ကို ကျုပ်တို့ဆက်လိမ်နေကြဦးမှာပဲ ထင်တယ် ဦးမင်္ဂလာရေ···"

(၃၂) ဂရုနံ့ အနုသာသနီယာ အပဒကျွိဏဂ္ဂါဟိတာ ဝဋ္ဋနာ

"အတ္တာဓိပတေယျတာ ပတိရူပေန ဂရုနံ့ အနုသာသနီယာ အပဒကျွိဏဂ္ဂါဟိတာ ဝဋ္ဋေတိ"

**အတ္တာဓိပတေယျတာ ပတိရူပေန** - မိမိကိုယ်ကိုယ် မိမိ အကြီးအမှူးပြုစွမ်းနိုင်သော ပညာရှိသောအဖြစ်နှင့် တူသဖြင့်၊ **ဂရုနံ့** - ဆရာသမားတို့၏ **အနုသာသနီယာ**-အဆုံးအမကို၊ **အပဒကျွိဏဂ္ဂါဟိတာ**- အရိုအသေ မနာယူနိုင်သောသူ၏ အဖြစ်ဟု ဆိုအပ်သော မာန အတိမာနပက္ခပဟာသ တရားသည်၊ **ဝဋ္ဋေတိ** - ဝိမံသာဓိပတိတည်းဟူသော ပညာယောင်ဖြင့် ဖြားယောင်းလှည့်ပတ်တတ်၏။

"မိမိကိုယ်လျှင် မိမိ အကြီးအမှူးပြု၍ ဆုံးဖြတ်ပိုင်ခြား စီရင်ဆောင်ရွက်နိုင်ခြင်း ပညာကြီးသည်နှင့် တူသဖြင့် ဆရာ မြတ်တို့၏ ဆုံးမဩဝါဒကို မလိုက်နာနိုင်၊ မလိုက်နာလိုသော မသူတော်တရား လှည့်ဖြားတတ်သည်။ သူတစ်ပါးပညာဖြင့် ပညာပြုရသောသူ ပြောလာတိုင်း ကောင်းပြီလိုက်ရသော ပရနေယျမင်းကဲ့သို့ မဟုတ်။ မိမိပညာစွမ်းဖြင့် အမှုခပ်သိမ်း ပြီးငြိမ်း ပြေလည်အောင် ဉာဏ်ပိုင်စိုးရ စီရင်ဆုံးဖြတ်၍ ကုသိုလ်ကောင်းမှုတို့ကို အားထုတ်ခြင်း၊ မကောင်းမှု ကုသိုလ် တို့ကို ပယ်ခွာခြင်း အားထုတ်ခြင်းသည် အတ္တာဓိပတေယျ မည်၏။ ဆရာတို့ ဆုံးမအပ်သည်ကို နားမထင်၊ နားမဝင် စိတ်ထင်ရာ ကောင်းနိုးနိုး အကျိုးမရှိရာကို ရဲဝံ့စွာပြုခြင်းသည် အပဒကျွိဏဂ္ဂါဟိတာ မည်၏။ ယင်း အပဒကျွိဏဂ္ဂါဟိတာ အတ္တာဓိပတေယျ မှုသော သူတော်ကောင်းတရားတစ်ခုမှ ၍ နိဗ္ဗာန်အောင်ရပ်နဲ့ လွဲတတ်သည်ကိုလည်း သတိပြုဟု သည်တဲ့ ကိုရေချမ်းရဲ့။ သဘောပေါက်ပါတယ်နော်"

"ဒီ့ထက် နည်းနည်းလေး ရှင်းပြရင် ကောင်းမယ်ဗျာ"

"ဒီလိုလေဗျာ။ လောကမှာ လူနှစ်မျိုးနှစ်စားရှိတယ် ပထမတစ်မျိုးက မိမိထက် တတ်သိလိမ္မာ ဉာဏ်ပညာရှိ ကို ယုံကြည်အားကိုးပြီး ထိုပုဂ္ဂိုလ်က ပြောသမျှ ဆိုသ ညွှန်ကြား ဩဝါဒပေးသမျှ မိမိက လိုက်နာ ပြုလုပ်ကျင့် နေတဲ့ လူမျိုး။ အဲဒီလူမျိုးက မိမိ၏ ဉာဏ်ပညာကို အသုံး ဖို့လည်း မလို၊ မိမိက ဦးဆောင်ဦးရွက်ပြုဖို့လည်း မ သူတစ်ပါးကိုသာ မှီခိုနေတဲ့အတွက် ပရနေယျပုဂ္ဂိုလ် ခေါ်ပါသတဲ့။ ဒုတိယလူကတော့ သူမှာ ကိုယ်ပိုင်ဉာဏ်ပည အယူအဆ၊ ဆင်ခြင်တုံတရားများ ရှိတယ်။ တတ်သိလိ တယ်။ ဒါကြောင့် သူကသာ ဦးဆောင်ဦးရွက်ပြုပြီး မိမိကို တိုင်သော် လည်းကောင်း၊ သူတစ်ပါးအားသော် လည်းကော မိမိအယူအဆအတိုင်း ပြုလုပ်ကျင့်ကြံစေတယ်။ ကိုယ့်ကို ကိုယ်သာ ကိုယ့်ပညာဉာဏ်နဲ့ အားကိုးပြီး ဆုံးဖြတ်နိုင်စွမ် တယ်လို့ ယူဆထားတဲ့ ပုဂ္ဂိုလ်။ အဲဒီ ပုဂ္ဂိုလ်ကိုတေ အတ္တအဓိပတေယျ ပုဂ္ဂိုလ်လို့ ခေါ်ပါသတဲ့။ အဲဒီ အတ္တအ ပတေယျ ပုဂ္ဂိုလ်များဟာ မိမိဉာဏ်ပညာကို စိတ်ချအား လွန်းတဲ့အတွက် မာနဖက်ပြီး ဆရာသမား သူတစ်ပါ အယူအဆ တရားဓမ္မများကို လက်မခံဘဲ ရှိတတ်ပါတ တဲ့။ အဲဒီသဘောကို ဆရာတော်က ယခုလို ရှင်းလင်းပြ ထားပါတယ်။

"မိမိကိုယ်လျှင် မိမိအကြီးအမှူးပြု၍ ဆုံးဖြတ်ပိုင် စီရင်ဆောင်ရွက်နိုင်ခြင်း ပညာကြီးသည်နှင့် တူသ ဆ မြတ်တို့ ဆုံးမဩဝါဒကို မလိုက်နာနိုင်၊ မလိုက်နာလိုသော

www.burmeseclassic.com



ဆော်တရား လှည့်ဖြားတတ်သည်။ သူတစ်ပါးပညာဖြင့် ညာပြုရသော၊ သူပြောလာတိုင်း ကောင်းပြီလိုက်ရသော ရနေယျမင်းကဲ့သို့ မဟုတ်။ မိမိပညာစွမ်းဖြင့် အမှုခပ်သိမ်း ပြီး ပြေလည်အောင် ဉာဏ်ပိုင်စိုးရ စီရင်ဆုံးဖြတ်၍ ကုသိုလ်ကောင်းမှုတို့ကို အားထုတ်ခြင်း၊ မကောင်းမှု အကု သိုလ်တို့ကို ပယ်ခွာခြင်း အားထုတ်ခြင်းသည် အတ္တာဓိပတေ ယျမည်၏။ ဆရာတို့ ဆုံးမအပ်သည်ကို နားမထင်၊ နားမဝင်၊ စိတ်ထင်ရာ ကောင်းနိုးနိုး အကျိုးမရှိရာကိုပဲ ရဲဝံ့စွာ ပြုခြင်း သည် အပဒက္ခိဏဂ္ဂါဟိတာ မည်၏။ ယင်း အပဒက္ခိဏဂ္ဂါဟိ တာကို အတ္တာဓိပတေယျ ဟူသော သူတော်ကောင်းတစ်ခု ဖြင့် နိဗ္ဗာန်အောင်ရပ်နှင့် လွဲရတတ်သည်ကိုလည်း သတိ ပြု ဟု ဆိုလိုသည်တဲ့။ ကဲ - ရှင်းပလား"

"အင်း…ဒါမှ ပိုရှင်းသွားတယ်ဗျာ။ ကျုပ် စဉ်းစားမိပြီ ခင်ဗျာလာရော။ ဒီ ဝဍ္ဍနာရဲ့ အန္တရာယ်ဟာ လူငယ်နှင့် လူကြီး မှာ လူကြီး၌ ဖြစ်ဖို့ များလိမ့်မယ်။ ဆရာနဲ့ တပည့်မှာ ဆရာလုပ်သူ၌ ဖြစ်ဖို့ များလိမ့်မယ်။ အရှင်သာရိပုတ္တရာ လောင်း ဥပတိဿပရိဗိုဇ်နှင့် သူ့ဆရာ သိဉ္စည်းပရိဗိုဇ်ကြီး ကို ကြည့်လေ။ ဥပတိဿပရိဗိုဇ်ဟာ သိဉ္စည်းဆရာကြီးရဲ့ တပည့်ဖြစ်ပေမယ့် တရားစစ် တရားမှန်ကို လိုက်လံရှာဖွေနေ တဲ့လူမဟုတ်လား။ တစ်နေ့တော့ အရှင်အဿဇိမထေရ်ဆီမှ 'ယေဓမ္မာ ဟေတုပ္ပဘဝါ' အစရှိတဲ့ ဂါထာကို တစ်ဝက်မျှသာ ကြားနာရ၍ သောတာပန်အရိယာဖြစ်သွားရတယ်လေ"

"ဟုတ်တာပေါ့။ ဥပတိဿပရိဗိုဇ်ဟာ သူ ကြားနာရတဲ့ တရားစစ် တရားမှန်ကို သူ့မိတ်ဆွေ ရှင်မဟာမောဂ္ဂလာန် လောင်း ကောလိတ ပရိဗိုဇ်ကိုပါ ဖောက်သည်ချလို့ ကောလိ တ ပရိဗိုဇ်လည်း သောတာပန်ဖြစ်သွားရတာပေါ့"

"ဟုတ်ပါတယ်။ အဲဒီလိုနဲ့ မိတ်ဆွေနှစ်ဦးက သူတို့ ဆရာ သိဉ္စည်းဆရာကြီးဆီကို ဝမ်းသာအားရ သွားပြောကြပြီး ဘုရားရှိရာ ဝေဠုဝန်ကျောင်းတော်ကို လိုက်ပါဖို့ ခေါ်တော့ ဘယ်မှာရလို့လဲ"

"စရည်းအိုးကြီးက လက်ငင်းအိုး မဖြစ်ချင်တော့ပါဘူး တဲ့လေ။ မလိမ္မာသူတွေသာ ပိုများတဲ့ လူ့လောကမှာ အနည်း ငယ်သော လိမ္မာသူတို့သာ ဗုဒ္ဓ၏ အဆုံးအမကို ခံယူကြပါ လိမ့်တဲ့။ ငါ့အဖို့တော့ မလိမ္မာသူများစွာရဲ့ ဆရာအဖြစ်နဲ့ပဲ နေရစ်ခဲ့ပါ့မယ်တဲ့လေ"

"အင်း…ကျားကျားမီးယပ်ဆိုတဲ့ သဘောပဲ။ ရှင်တော် ဘုရားရဲ့ တရားဓမ္မကိုတောင် မနာယူလိုတာဟာ အပဒက္ခိ ဏဂ္ဂါဟိတာပေါ့။

"ဒီလိုနဲ့ တပည့်ပေါင်း ၂၅၀က ဥပတိဿတို့နဲ့ ဘုရား ရှင်ထံ လိုက်ပါသွားကြတော့ သိဉ္စည်းဆရာကြီးဟာ တစ်ဦး တည်းကျန်ပြီး သွေးအန်ရတာပဲ"

"ဟုတ်ပါတယ်…ဟုတ်ပါတယ် ကိုရေချမ်းရေ။ ဒါ ဟာ အပဒက္ခိဏဂ္ဂါဟိတာ ဝဍ္ဍနာလို့ ဆိုနိုင်လိမ့်မယ်"

**(၃၃) သဗြဟ္မစာရီသု အဂါရဝ ဝဍ္ဍနာ**

"ဓမ္မာဓိပတေယျတာ ပတိရူပေန သဗြဟ္မစာရီသု အဂါရဝံ ဝဍ္ဍေတိ"

**ဓမ္မာဓိပတေယျတာ ပတိရူပေန** - တရားတော်ကို အရှိအသေ အလေးအမြတ်ပြု၍နေသည်၏ အဖြစ်ဟု ဆို အပ်သော ကုသိုလ်မိတ်ဆွေယောင်ပြုသဖြင့်၊ **သဗြဟ္မစာရီသု** - သီတင်းသုံးဖော်တို့၌၊ **အဂါရဝံ** - မရိုသေခြင်းဟူသော ထမ္ဘ သာရမ္ဘမာန အတိမာန ရန်သူသည်၊ **ဝဍ္ဍေတိ**- လှည့် ပတ်တတ်၏။

"ဒါကတော့ ရဟန်းတော်များနဲ့ အထူးသက်ဆိုင်လိမ့် မယ်လို့ ထင်ပါတယ်။ ဆရာတော်က ယခုလို ဖွင့်ဆိုထားပါ တယ်။

"တရားကျမ်းဂန်စာပေ သင်အံ့ခြင်း၊ ဘာဝနာ စီးဖြန်း ခြင်းဟူသော တရား၌ မွေ့လျော်၍နေသည့်အမှတ်နှင့် ကံကြီး ကံငယ်၊ မှုကြီးမှုငယ်တို့ကြောင့် အညီအညွတ် စည်းဝေးကြ သော သံဃာတော်တို့ကို လေးစားမပြု၊ မလာမရောက် မချဉ်းမကပ်နေသဖြင့် သီတင်းသုံးဖော်တို့၌ မရိုသေခြင်းကို ပြုမှန်းမသိ ပြုမိသော အဂါရဝ တရား လှည့်ဖြားတတ်သည် ကိုလည်း နှလုံးထားအပ်သည်"ဟူလို"

"ဟုတ်ပါရဲ့။ ဒီဝဍ္ဍာကတော့ ရဟန်းတော်များနှင့် ပို၍ ဆီလျော်လိမ့်မယ်ထင်ပါတယ်"

**(၃၄) အတ္တနိစ ဓမ္မေ၊ ပရိဗ္ဗ၀ ဝဍ္ဍနာ**

"လောကာဓိပတေယျတာ ပတိရူပေန အတ္တနိစ ဓမ္မေစ ပရိဗ္ဗဝေါ ဝဍ္ဍေတိ"

**လောကာဓိပတေယျတာ ပတိရူပေန** - လောက ကို အလေးအနက်ပြုခြင်းနှင့် တူသဖြင့်၊ **အတ္တနိစ** - မိမိ၌ လည်းကောင်း၊ **ဓမ္မေစ**- တရားဓမ္မ၌ လည်းကောင်း၊ **ပရိဗ္ဗ ဝေါ** - တရားမငဲ့ မျက်နှာငဲ့၍ ပြုရဖန်များသဖြင့် တရားမတိုး ကိုယ်ကျိုးမပါ၊ ကိုယ်ချမ်းသာကို နှိပ်စက်ဖျက်ဆီးရာရောက် သောအဖြစ်သည်၊ **ဝဍ္ဍေတိ** - လှည့်ပတ် ဖြားယောင်းတတ် ၏။

"လောကကို အလေးအမြတ် အရှိအသေပြုခြင်းနှင့် တူသဖြင့် မိမိ၌ လည်းကောင်း၊ တရားဓမ္မ၌ လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်ခြင်း လှည့်စားတတ်သည်။ လောကကို အလေးပြုခြင်း လွန်သဖြင့် မိမိ၏ ချမ်းသာကို လည်းကောင်း၊ တရားတော်ကို လည်းကောင်း မငဲ့ကွက်နိုင်။ မင်းချင်းယောက်ျားတို့ကဲ့သို့ လောကမျက်နှာ၊ အရှင့်မျက်နှာကိုသာ အလေးတမူကိုးကွယ်ရာပြုသဖြင့် မိမိကိုယ်၏ ဆင်းရဲခြင်း၊ တရားတော်မှ ဆုတ်ယုတ်ခြင်းတို့သည် ဖြစ်တတ်ကုန်၏။ သို့ဖြစ်သော်လည်း မိမိကိုယ်ကိုယ် တရားဆုတ်ယုတ်သည်၊ ဆင်းရဲပင်ပန်းသည်ဟု အထင်အမှတ်မရှိ၊ သတိမထား၊ တရားလက်လွှတ် လောကဝတ်နှင့်သာ ကာလကျွမ်း၍နေမိတတ်သည်ကိုလည်း အထူးသတိပြုကြပါ။

ထိုလောကာဓိပတေယျဖြစ်သော လူတို့သည် ဓမ္မာဓိပတေယျ မရှိဘဲ လောက၏ အကြိုက်၊ အရှင်မင်းတို့အလို၊ မိတ်ဆွေခင်ပွန်းတို့ အလိုသို့လိုက်၍ ကုသိုလ်ဓမ္မတို့ကို ပြုဇုအားထုတ်ခြင်းတို့သည် ဖြစ်တတ်ကုန်၏။ ယင်းတရားတို့သည်လည်း ကိုင်းမြက်တောဌ် ပေါက်သော စပါးပင်တို့ကဲ့သို့ လည်းကောင်း၊ တိမ်တိုက်ဖုံးသော လကဲ့သို့ လည်းကောင်း အရှိန်အစော် သတ္တိအာနုဘော် နည်းပါးကုန်၏။ ယင်းတရားတို့သော်လည်း တရွေ့ရွေ့ ကာလရှည်လျားသဖြင့် ကိုင်းမြက်အလန်ထူထဲခြင်းသို့ ရောက်သောအခါ စပါးပင်တို့ အလျှဉ်းပျောက်လေသကဲ့သို့ လောကမျက်နှာဖုံး၍ ကုသိုလ်တရားလုံးလုံးကွယ်တတ်သည်ကို ကျပ်ကျပ်သတိထား။ ခြေးကြား၊ လုံကြား၊ လေးညွှတ်ကွင်းကြားတွင် အစာကို စုံမက်တတ်သော ကျီးငှက်ရဲသည် တစ်ပါးသော ကျီးတို့ကဲ့သို့ တောအုံကမ်းနား သစ်သီးသစ်ဥ စသော အစာများနှင့် တင်းမတိမ်အားမရ။ ခြေး၊ လုံ၊ လေး၊ မြား၊ ညွှတ်ကွင်းကြား၌ အသားတစ်ကိုသာ အစာမှတ်၍ မပြတ်ချောင်းမြောင်း ကျီးရဲကောင်းလုပ်မိသဖြင့် လက်နက် ခြေးလုံထိ၍ သေဘေးဆိုက်တတ်သကဲ့သို့ လောကာဓိပတေယျ အားကြီးခြင်းကို အရင်းပြုသဖြင့် လောကာပရာမဘာယ၊ ရာဇဘာယ(လောကဘေး၊ ရာဇဘေး) စသည်တို့ နှိပ်စက်၍ ပစ္စုပ္ပန်၊ တမလွန် အကျိုးနှစ်ပါး ပျက်ပြားတတ်သည်ကိုလည်း သတိထားအပ်သည်"ဟု ဆိုသည်။

"အဲဒါက ဆရာတော်ဘုရားရဲ့ ဖွင့်ဆိုချက်အတိုင်းဖြစ်ပါတယ်။ ကျွန်တော်က ရှင်းပြဖို့ မလိုတော့ပါဘူးနော်"

**(၃၅) အသမ္မောဒန သီလတာ ဝဋ္ဋနာ**

"မိတ္တာဘာဏိတာ ပဝိရှပေန အသမ္မောဒန သီလတာ ဝဋ္ဋေတိ"

**မိတ္တာဘာဏိတာ ပဝိရှပေန** - စကားမများစေရ၊ အတိုင်းအရှည်နှင့် ယှဉ်၍ စကားဆိုလေ့ရှိသောသူ၏ အဖြစ်နှင့် တူသဖြင့်၊ **အသမ္မောဒန သီလတာ** - သီတင်းသုံးဖော်အာဂန္တုကတို့နှင့် ဝမ်းမြောက်ဝမ်းသာ ချိုသာစကား မပြောမဆိုနိုင်၊ ခိုင်ခံ့ မာပြင်းသောသူ၏ အဖြစ်သည်၊ **ဝဋ္ဋေတိ**-လှည့်ပတ်တတ်၏။

"ဘုရားရှင်တို့၏ အလေ့အကျက်တစ်ခုဖြစ်သော အာဂန္တုက သီတင်းသုံးဖော်တို့နှင့် ဝမ်းမြောက်ဝမ်းသာ အာလာပသလ္လာပပြောဆိုခြင်းဟူသော မေတ္တာမုဒိတာ ဖြဟ္မဝိဟာရကုသိုလ်တရားတည်းဟူသော သမ္မောဒနတရားကို နှလုံးမထား။ အတိုင်းအရှည်နှင့်ယှဉ်၍ စကားပြောခြင်း၊ စကားနည်းခြင်းသည်သာလျှင် ကောင်းမြတ်သည်ဟု နှလုံးပိုက်၍ စကားအလွန်နည်းသဖြင့် အာဂန္တုက သီတင်းသုံးဖော်တို့နှင့် ဝမ်းမြောက်ဝမ်းသာ ပီယဝါစာ မပြောဆိုနိုင်၊ မပြုနိုင်သော ထယ်လိပ်သည်ဟူ၍ သမုတ်အပ်သော ထမ္ဘသာရမ္ဘတည်းဟူသော အသမ္မောဒန အကုသိုလ်တရားဖြစ်မှန်းမသိ ဖြစ်တတ်သည်ကိုလည်း သတိပြုလို့ ဖွင့်ဆိုထားပါတယ်။

ဗုဒ္ဓသခင်ဟာ ဘုရားရှင်တို့ရဲ့ သာသနာ့အမွေခံ အာဂန္တုက ရဟန်းများကို မဆိုထားနှင့်၊ ပရဝါဒဖြစ်တဲ့ လူပုဂ္ဂိုလ်တို့ကိုသော် လည်းကောင်း၊ တိတ္ထိဂိုဏ်းမှ သာသနာ့ဗာဟိ ပရိဗိုဇ်တို့ကိုသော် လည်းကောင်း၊ ထိုပုဂ္ဂိုလ်များကိုသော်မှ ဘုရားရှင်အပါး ချဉ်းကပ်လာကြတဲ့အခါ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သဖြင့် အစေ့အစပ် အမေးအမြန်းပြောဆိုခြင်းမျိုး ပြုတော်မူလေ့ရှိပါသတဲ့။ အဲဒါကို သတိအမှတ်မထားမိတဲ့အတွက် ကျောင်းထိုင် ကျောင်းနေ ရဟန်းက မိမိကျောင်းသို့ ကြွရောက်လာသူ အာဂန္တု ရဟန်းတို့အား စကားနည်းခြင်းသည် ကောင်းမြတ်သော အကျင့်လို့ ထင်မှတ်ယူဆနိုင်အောင် နေလိုက်မိတတ်ပါတယ်တဲ့။ အဲဒါလည်း ဝဋ္ဋနာတစ်မျိုးပေါ့ဗျာ"

"အဲသည်လို စကားနည်းလွန်းတော့လည်း ဆရာတော်ကြီး ဖွင့်ဆိုသလို ဟိတ်ကြီးဟန်ကြီးလုပ်ရာကျသွားပြန်တာပေါ့လေ"

**(၃၆) မာယာ သာဌေယျ ဝဋ္ဋနာ**

"သမ္မောဒန သီလတာပဝိရှပေန မာယာသာဌေယျံ ဝဋ္ဋေတိ"

**သမ္မောဒန သီလတာပဝိရှပေန** - ဝမ်းမြောက်ဝမ်းသာ ပီယဝါစာဆိုလေ့ရှိခြင်း သမ္မောဒန တရားနှင့် တူသော အဖြစ်ဖြင့်၊ **မာယာသာဌေယျံ** - အဖြစ် ထင်ရှား[illegible]တွယ်တာ ဝင့်ဝါအလွန်ပြောဆိုမိခြင်းတည်းဟူသော မာယာ



www.burmeseclassic.com

www.burmeseclassic.com



ငွေယံ့တရားသည်၊ **ဝဋ္ဋတိ** - လှည့်ပတ် ဖြားယောင်းတတ်၏။

"ကဲ - အဲဒါကျတော့ အထက်က ဝဋ္ဋနာနဲ့ ဆန့်ကျင်ဖြစ်နေပြန်ရောဗျ။ အာဂန္တု ရဟန်းအပေါ်မှာ စကားနည်းပြန်တော့လည်း ဂုဏ်ထည်တာနဲ့ တူသယောင်ယောင်ဖြတ်တယ်တဲ့။ ဟောဒီ ဝဋ္ဋနာအရကျတော့ ဝမ်းမြောက်သောပြောဆိုခြင်းကြောင့် ကိုယ့်ကို ခင်မင်အောင်၊ ကိုယ့်ကို ဆင်ကြီးအောင် လုပ်တာနဲ့ တူသလိုလိုဖြစ်သွားတတ်ပြန်တဲ့လေ ကိုရေချမ်းရဲ့။ အသိခက်လိုက်တာ လွန်ပါရော"

"အေးဗျာ၊ မည်ရွေ့မည်မျှ အတိုင်းအတာနဲ့ မည်သို့သော အကြောင်းအရာကို မယုတ်မလွန်ပြောဆိုဖို့က ဝိနည်းကြီးများရဲ့ အဆုံးအဖြတ်သာ ခံယူထိုက်တယ် ထင်ပါရဲ့ဗျာ။ သာရှင်စော ဘုရားဟောလို့လည်း ရှိသေးတာကိုနော်"

**(၁၇) အပရိက္ခတတာ ဝဋ္ဋနာ**

"သဒ္ဓါလုတာ ပတိရူပေန အပရိက္ခတတာ ဝဋ္ဋတိ"

**သဒ္ဓါလုတာ ပတိရူပေန** - သဒ္ဓါတရား အားကြီးသည်နှင့်တူသော အဖြစ်ဖြင့်၊ **အပရိက္ခတတာ**- မစုံစမ်းဆင်ခြင်ခြင်း သဘောဟု တရားသည်၊ **ဝဋ္ဋတိ** - လှည့်ဖြားတတ်၏။

"ရဟန်း သူတော်စင်တို့ကို ကြည်ညိုခြင်းကို အရင်းပြုသဖြင့် သုသီလ၊ ဒုသီလ ဆိုး-ကောင်း မရွေးတော့။ သမင်သော်လည်း ဝါဝါမြင်တိုင်း ကြည်ညိုရတော့မည်အမှတ်နှင့် မြင်မြင်ဝါးဝါး သဒ္ဓါလွန်၍ ကြည်ညိုမှားသဖြင့် မောဟတရားသည်ဖြား၍ ပစ္စုပ္ပန်၊ တမလွန် အကျိုးနှစ်ပါးကို ဆုတ်ယုတ်ပျက်စီးတတ်သည်ကိုလည်း အထူးသတိရှိစေအပ်သည်ဟု ဆိုသတဲ့"

"အဲသည် အဓိပ္ပာယ်ကိုတော့ ဆွေးနွေးဖို့ မလိုအောင် ရှင်းလင်းပြတ်သားနေပါပြီ။ ဉာဏ်ဖြင့် ယှဉ်၍ ကိုးကွယ်ဆည်းကပ် လှူဒါန်းပူဇော်ခြင်းနှင့် ဉာဏ်နဲ့ မယှဉ်ဘဲ ကိုးကွယ်ဆည်းကပ်ပူဇော် လှူဒါန်းရခြင်းမှာ ဘယ်ဟာက အကျိုးကြီးပြီး ဘယ်ဟာက အကျိုးနည်းပါးမယ်ဆိုတာ ကျွန်တော်တို့ကိုယ်တိုင် ကြားဖူးနားဝ မှတ်သားဖူးတယ် မဟုတ်လားဗျာ။ ဘာဝတီသာကို မယ်တော်ဟောင်း သန္တုသိတာ နတ်သားကိုအကြောင်းပြုပြီး အဘိဓမ္မာတရားဟောတော်မူရန် ဗုဒ္ဓသခင်ကြွတော်မူစဉ်က အင်္ကုရနတ်သားနှင့် ဣန္ဒက နတ်သားနှစ်ပါးတို့ ကုသိုလ်အကျိုးပေး ခြားနားခြင်းကို ရည်ညွှန်းပြီး "ဝိစေယျ ဒါနံ" "ဒါတဗ္ဗံ" "ယတ္ထ ဒိန္နံမဟပ္ဖလံ" စတဲ့ ဂါထာကို ဟောတော်မူတယ်။ အဓိပ္ပာယ်ကတော့ မြတ်ထက် မြတ်ရာ အလှူခံကိုသာ ရွေးချယ်လှူဒါန်းပြုနိုင်မှ ကြီးမားသော အကျိုးအာနိသင် ရကြပါလိမ့်မယ်တဲ့"

"အဲ···ဟုတ်ပြီဗျို့ ကျွန်တော် မှတ်မိပြီ။ အင်္ကုရနတ်သားဟာ သာသနာပအခါက သီလဝန္တ မဖြစ်တဲ့ အလှူခံကို ပေးလှူခဲ့တဲ့ အကျိုးကြောင့် နတ်သားတော့ ဖြစ်လာပါရဲ့။ ဒေဝိဒ္ဓိဂုဏ်နည်းပါးတော့ သူ့ထက် တန်ခိုးကြီးတဲ့ နတ်ရောက်လာရင် ဖယ်ဖယ်ပေးရတာနဲ့ အစွန်ဆုံးနေရာရောက်သွားတယ်လေ။ ဣန္ဒက နတ်သားကတော့ သာသနာတွင်းမှာ သီလဝန္တ ပုဂ္ဂိုလ်အလှူခံကို ပေးလှူခဲ့တဲ့ အကျိုးကြောင့် တန်ခိုးကြီးတဲ့ နတ်တွေနဲ့ ရင်ပေါင်တန်း တရားနာယူခွင့်ရခဲ့တယ်မဟုတ်လား"

"ဟုတ်ပါတယ်။ ဒါကြောင့် ယခုလို သာသနာတော်တွင်းမှာ သာသနာ ဗဟုသုတ ကျမ်းဂန်စာပေ ပရိယတ္တိကျွမ်းကျင်ကုံလုံလာလျှင် သီလဝန္တ ပုဂ္ဂိုလ်ကို ရွေးချယ်ကိုးကွယ်လာတတ်ကြတာပဲဗျာ။ ကဲ - ကိုရေချမ်းရေ···အခု ဝဋ္ဋနာကတော့ မူလ ဝဋ္ဋနာ (၃၆)မျိုးကို ဖြည့်စွက်ထားတာလို့ ဆိုပါတယ်။ အဲသည်တော့ ဆရာတော်၏ ကျမ်းပြီးနိဂုံး အဆုံးသတ်ကြရအောင်လား"

ယထာ ဝုတ္တာန ယေန - အကြင်ကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ နေတ္တိယာ သံဝဏ္ဏနာယ - နေတ္တိ အဋ္ဌကထာကျမ်းကျယ်စွာမှ၊ အာဂတာ - လာကုန်သော၊ ဆတ္တိံသ ဝဋ္ဋနာ - သုံးဆယ့်ခြောက်ပါး အတိုင်းအရှည်ရှိသော ဝဋ္ဋနာ တရားတို့ကို၊ ဒသမတ္တာဟိ - ဆယ်ဖြာအတိုင်းအရှည်ရှိကုန်သော၊ ဂါထာဟိ - ဂါထာတို့ဖြင့်၊ သင်္ဂယှ - အကျဉ်းပေါင်းရုံးကျုံးအောင် ချုံး၍၊ မယာ - ခန္ဓာနာမ်ရုပ် သမုတ်အပ်စွာ ပညတ်ငါသည်၊ ကတာ - နောင်လာသူများ အမျိုးသားတို့ မတရားကို တရားယောင်ယောင် ထင်အောင် လှည့်ပတ်ဟန်ဆောင်တတ်သော မျက်လှည့်သည်အသွင် ဝိညာဉ်ရမ္မက်မာန်မင်းလက်၌ မပျက်စေကြောင်း၊ ကောင်းစွာပြုစု စီရင်အပ်သော ဝဋ္ဋနာဒီပနီမည်မှန်း ဤသည်ကျမ်းသည်၊ နိဋ္ဌိတံ နိဋ္ဌိ ကတာဂတာပတ္တာ - အပြီးသို့ ရောက်လတ်ပြီ။

"သာဓု···သာဓု···သာဓု" ။

သုခီ အတ္တာနံ ပရိဟရန္တု

* * *

သုခ

(ပြီးပါပြီ)

(ဆရာကြီး ဦးသုခ၏ "စိတ်ဆိုသောစိတ်နှင့် ဝဋ္ဋနာဒီပနီ" စာအုပ်မှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။)



www.burmeseclassic.com


www.burmeseclassic.com

လောကအမှောင်ထဲမှ

လူမိုက်ကြီး၏ကျွတ်တမ်း

# မင်းဆိုင်ပင်

(မြရောင်မြေ)



ညဆိုသည် အမှောင်သို့ ရောက်ရခြင်းပင်ဖြစ်၏။

ညမှောင်ပြီဆိုလျှင် မှောင်နှင့်မည်းမည်း ဘာကိုမှ သဲကွဲစွာ မြင်ရမှာ

www.burmeseclassic.com

www.burmeseclassic.com



...ဘ်ပါ။

ဒွေစန္ဒာလမင်းကြီး ထိန်ထိန်သာ ...သော်လည်း တိမ်တိုက်မိုးသား ဖုံး ...လျှင်တော့ မှောင်ကျ၍ အလင်း ...ကော်ခဲ့ရပေမည်။ အမှောင်ဆိုသည် ...င်း၏ ဆန့်ကျင်ဘက် နိယာမ ...ပင်ဖြစ်ပေသည်။ လမိုက်သည်ဟု ...ပြောကြသည်မှာ လအမှောင်ကျ ...နှင့် အတူတူပင် ဖြစ်ပါသည်။ ...သောသောညသည် ကြယ်အလင်း ...င်နှင့် မှုန်ဝါးဝါးနှင့်သာ အရာ ...လုံးကို မြင်ရမည်။ ကြယ်များစုတို့ ... အလင်းရောင်သည် လမင်းနှင့် နှိုင်း ...ပါက အရေအတွက်သာ များပြား ...တ် အလင်းကတော့ မမီနိုင်ပါ။ ပိုး ...နှင့် လမင်းအလင်းရောင် နှိုင်း ...သကဲ့သို့သာဖြစ်ပေမည်။ လငုပ်တ် ...သည် အမှောင်ဖုံးလွှမ်းစေပါ၏။

လောကကြီးတစ်ခုလုံး ပိတ်ဖုံး ...င်နေသည့်ည။ လောကကြီးက ...ပ် လူကလည်း မိုက်မည်ဆိုပါက ...မှောင်တကာ့ အမှောင်ထဲတွင် ...င်းပျောက် အမှောင်ဖြစ်ကာ ...ည့်မရသော အမှောင်ပင်ဖြစ်ပေ၏။ ...ကကြီးအမှောင်သည် သဘာဝ ... မှောင်မိုက်ခြင်းဖြစ်သော်လည်း ...ရှိ လူသားတို့ အမှောင်နှင့် နှိုင်း ...ကြည့်ပါက မီနိုင်မည် မထင်ပေ။ ...ကကြီးက ရုပ်ဝတ္ထုအရ သဘာဝ ...မှောင်ဖြစ်၏။ လမင်းကြီးသာ ထိန် ...သာလျှင်လည်း အလင်းရောင်ရရှိ ... သိပ္ပံပညာဖြင့် တီထွင်ကြံဆထား ... အဏုမြူစွမ်းအား လျှပ်စစ်မီးနှင့် ...င်းရောင် ပေးစွမ်းနိုင်ပါ၏။ နေမင်း ...သည်လည်း သဘာဝစွမ်းအားဖြင့် ...ကကြီးကို အလင်းပေးခဲ့ရသည်။ ...ရှိသတ္တဝါတို့၏ အားထားရာ ...င်းသခင်ကြီးဖြစ်ပေသည်။ ထိုနေ မင်းကြီးကိုလည်း မိုးသားတိမ်တိုက်တို့ က ပိတ်ဖုန်းကာကွယ်လျှင် မှောင်ကျ တတ်ပေသည်။ သို့သော် နေ၏အလင်း ရောင်ကို ပြိုင်ယှဉ်မရ၍သာ အလင်း မပျောက်ခဲ့ခြင်းဖြစ်ပေ၏။ နေကြတ် သည့်အခါတွင်လည်း အမှောင်ကျ တတ်ပေ၏။

လူသားတို့၏ အမှောင်သည် လောဘ၊ ဒေါသ၊ မောဟအမှောင်ဖြစ်၍ လောဘအမှောင်ကျပြီဆိုလျှင်လည်း လို ချင်တပ်မက်မှု အားကြီးတတ်ပေ သည်။ ဒေါသကြီးသည်ဆိုလျှင်လည်း သနားကြင်နာရမှန်းမသိ။ မောဟ အမှောင်ကျလျှင် အမှားအမှန်မသိ၊ ဝေခွဲတတ်မှုမရှိ၊ ဆင်ရိုင်းမုန်ယိုသကဲ့ သို့ စိတ်ရိုင်းက ထိန်းမနိုင်သိမ်းမရဖြစ် တတ်ပေ၏။ ထို့အတွက် လောဘ အမှောင်၊ ဒေါသအမှောင်၊ မောဟ အမှောင်နှင့် ကိလေသာ တဏှာရာဂ ထူပြောသော အမှောင်များသည် အလွန် ကြောက်စရာကောင်းပါသည်။ ဤ အမှောင်များ ကျရောက်ပြီဆိုလျှင် ကောင်းကျိုး ဘာတစ်ခုမှမရှိ၊ ပျက်စီးရာ ပျက်စီးကြောင်း မကောင်းမှုဖြစ်သည့် အကုသိုလ်တရားသာ ရရှိပေသည်။ အကုသိုလ်ကြီးလာလျှင် ရှိသေထိုက် သူ၊ ကြီးသူ၊ ငယ်သူ၊ ဆရာသမား မိဘ ဘိုးဘွား၊ ရဟန်း၊ သံဃာတို့အပေါ် ဂါရဝတရား ပျက်ကွက်လျှင် ရိုင်းစိုင်း ယုတ်မာလာတတ်ပေတော့သည်။

မကောင်းမှု အကုသိုလ် ဒုစရိုက် တရားများ ဖုံးလွှမ်းလာသူအဖို့ ကုသိုလ် တရားနှင့် ဝေး၊ သုစရိုက်တရားနှင့် ဝေးကွာခဲ့ရပေမည်။ အမှားနှင့် အမှန် အား ဆန့်ကျင်ဘက်ဖြစ်၍ အမှားကို ဦးထိပ်ပန်ဆင်၍၊ "မိစ္ဆာအယူ၊ မိစ္ဆ သက်ပဝေါစရာ" မကောင်းမှုကို ကိုး ကွယ်သူ၊ မကောင်းမှုကိုသာ အဓိက ထားသူဖြစ်ပေတော့သည်။ လူဆိုး လူမိုက်ကြီးဘဝသို့ ရောက်ရှိခဲ့ရလေ တော့သည်။

မြတ်ဗုဒ္ဓအရှင်လက်ထက်တော် အခါက လောကအမှောင်ထဲ အမိုက် ဆုံး လူဆိုးဗိုလ်ကြီးတစ်ဦးဖြစ်သော အဟိံသက ခေါ် အင်္ဂုလိမာလသည် အမေကိုပင် သတ်ရန် လက်ညှိုး တစ်ချောင်းလို၍ ဖြတ်ယူရန် အရေး ဒေါသအမှောင်၊ မောဟအမှောင်၊ လောဘအမှောင်ကြောင့် မိုက်လုံးကြီး ခဲ့ရပေသည်။ နောက်ဆုံး လက်ညှိုး ပေါင်းတစ်ထောင်ပြည့်ရန် တစ်ချောင်း သော လက်ညှိုးအလိုတွင် ဖြစ်ခဲ့ရ၏။

မြတ်ဗုဒ္ဓသည် တစ်နေ့သော အရုဏ်တက်ချိန်၌ လောကကြီးအား ရှုမြင်တော်မူလျှင် အင်္ဂုလိမာလ ခိုးသား လူမိုက်ကြီး၏ နောက်ဆုံး ကျွတ်တမ်း ဝင်ရန် ချွေချွတ်တော်မူရန်အတွက် ဉာဏ်နှိ သဿယသမ္ဘတ္တိဖြင့် မြင်တော်မူပါသည်။

အဟိံသက ခေါ် အင်္ဂုလိမာလ သည် ဇာတ်ကြောင်းပြန်ရပါမူ အောက် ပါအတိုင်း ဖြစ်ခဲ့ရပေသည်။

♦♦♦

ကောသလတိုင်း သာဝတ္ထိပြည်၌ စိုးစံအုပ်ချုပ် မင်းလုပ်တော်မူသော ပသေနဒီ ကောသလမင်းကြီး လက်ထက်အခါက မင်းကြီး၏ ပညာ ရှိ ပုရောဟိတ် ပုဏ္ဏားကြီးသည် အန္တက ဖြစ်ပါသည်။ ပညာရှိ၏ ဇနီး မှာ မန္တနီ ပုဏ္ဏေးမကြီး ဖြစ်ပါသည်။

မန္တနီ ပုဏ္ဏေးမကြီးတွင် ကမ္ဘ ဇလ လှုပ်ရှား၍ ဝမ်းကြာတိုက်တွင်း ပဋိသန္ဓေ ကိုယ်ဝန်ခစေသည်။ ကိုးလ လွယ် ဆယ်လအကြာ ဖွားမြင်သော အခါ ရုပ်ဆင်းအင်္ဂါ ပြည့်စုံတင့်တယ် သော သားယောက်ျားလေး မီးရှူး သန့်စင် ဖွားမြင်သဖြင့် မိဘတို့က



www.burmeseclassic.com

www.burmeseclassic.com



"ရင်သွေးဟူက ချစ်မဝကြ၊ သားတို့ ရုပ်ရည် သီတာရေလား၊ ရေကြည် ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစေသတည်း"တဲ့။ အလွန်ချစ်ကြရသည်။ ထိုမီးဖွားသည့်ညတွင် အလွန်ထူးခြားသော အဖြစ်တစ်ခုကြုံကြရသဖြင့် ထူးခြားသော နိမိတ်များ ဖြစ်ပေါ်ခဲ့ပေသည်။ တစ်တိုင်းပြည်လုံးရှိ ပြည်သူပြည်သားများ ကိုင်ဆောင်လျက်ရှိသည့် လက်နက်၊ ဓား၊ လှံ၊ ကိရိယာများသည် အရောင်လင်းလျက် တောက်ပ ကြလေကုန်သည်။

ဘုရင်ကြီး၏ နန်းတော်အတွင်းရှိ သံလျက်၊ ဓား၊ လှံ၊ လက်နက်ကိရိယာမှန်သမျှ အရောင်တောက်ထွန်းလင်းလျက် အံ့ဩဘနန်းဖြစ်ခဲ့ရလေသဖြင့် ကောသလမင်းကြီးက ထိုကိစ္စကို စိုးရိမ်မိပေသည်။ နောက်တစ်နေ့ ညီလာခံသဘင် ဆင်ယင်ကျင်းပလျက်၊ ထိုအကြောင်းအရာကို ပညာရှိ ပုရောဟိတ် ပုဏ္ဏားကြီးကို လျှောက်တင်ရန် မေးလေတော့သည်။

"ပုရောဟိတ် ပုဏ္ဏားကြီး··· ဓား၊ လှံ၊ လက်နက် ကိရိယာတို့ အရောင်ထွက်သည်မှာ ငါ၏ အသက်ကို အန္တရာယ်ပြုနိုင်မည်လော၊ ဒါမှမဟုတ် တိုင်းပြည်အန္တရာယ်ပြုမည်လော"

"မှန်လှပါ ဘုရား။ အရှင်မင်းကြီး ချမ်းသာစွာ စက်တော်ခေါ်နိုင်ပါ၏လော"

"ပုရောဟိတ်ကြီး··· ချမ်းသာစွာ စက်တော်ခေါ်နိုင်ခဲ့ပါသည်"

"အရှင်မင်းကြီး ဘာမှ မစိုးရိမ်ပါနှင့်။ ဘုရား ကျွန်တော်မျိုး နက္ခတ်ကို ကြည့်ခဲ့ပြီးပါပြီ။ သူခိုးနက္ခတ်နှင့် စန်းယှဉ်ပြီး မွေးဖွားသူရှိ၍ ဤသို့ လက်နက်၊ ဓားလှံများ တောက်ပနေခြင်း

"
အရှင်မင်းမြတ် · · ·
တစ်ယောက်တည်းသော
သူခိုးသာဖြစ်ပါမည်။
ကျွန်တော်မျိုးအား
အပြစ်မမြင်ခင်
သုတ်သင်ရမည်ဆိုလျှင်
သုတ်သင်ပါ ဘုရား
ပုရောဟိတ်ကြီး · · ·
တစ်ယောက်တည်းဆိုလျှင်
စိုးရိမ်စရာ မရှိပါ။
ထိုကလေးကို ကောင်းမွန်စွာ
မွေးမြူကျွေးမွေး
စောင့်ရှောက်ပါလော့
"

ဖြစ်ပါသည် ဘုရား။ အရှင်မင်းကြီး၏ အသက်လည်း အန္တရာယ်မရှိပါ။ တိုင်းပြည်၏ အန္တရာယ်လည်း မဟုတ်ပါ။ ကျွန်တော်မျိုး၏ဇနီး မန္တနီ ပုဏ္ဏေးမကြီး မီးဖွားခဲ့ခြင်းဖြစ်၍ သားယောက်ျားလေး ဖွားမြင်ခဲ့၍ဖြစ်ပါသည် ဘုရား။ ကျွန်တော်မျိုးသားသည် စောရနက္ခတ်နှင့် ယှဉ်ပါသည် ဘုရား"

"ပုရောဟိတ်ကြီး···ထိုကလေးငယ်သည် တစ်ယောက်တည်းသော ခိုးသားဖြစ်အံ့လော၊ ဒါမှမဟုတ် အခြွေအရံများနှင့် တိုင်းပြည်ကို ပုန်ကန်ထကြွသော သူခိုးဖြစ်အံ့လော"

"အရှင်မင်းမြတ်···တစ်ယောက်တည်းသော သူခိုးသာဖြစ်ပါမည်။ ကျွန်တော်မျိုးအား အပြစ်မမြင်ခင် သုတ်သင်ရမည်ဆိုလျှင် သုတ်သင်ပါ ဘုရား"

"ပုရောဟိတ်ကြီး · · · တစ်ယောက်တည်းဆိုလျှင် စိုးရိမ်စရာ မ··· ပါ။ ထိုကလေးကို ကောင်းမွန်စွာ မွေး··· ကျွေးမွေးစောင့်ရှောက်ပါလော့"

မင်းကြီး၏ ခွင့်ပြုမိန့်ရလျှင်ယ··· ပုဏ္ဏားကြီးသည် ကောင်းမွန် အေးချ··· စွာ၊ စိုးရိမ်စိတ်ကင်းစွာနှင့် မွေးမြူစော··· ရှောက်ပါသည်။ "နာမကရဏ"အမည··· ပေးလျှင် အတိတ်နိမိတ်နှင့် အမ··· အနွယ်ကို ယူ၍ ငါတို့ အမျိုးအနွယ်··· မညှဉ်းဆဲ၊ မနှိပ်စက်လတ္တံ့ဟူ၍ နိမိ··· ကောက်လျက် "အဟိံသက" ဟူ··· မှည့်ခေါ်လေသည်။

ထိုအဟိံသက အရွယ်ရောက်··· ပညာသင်ကြားရန် အချိန်သင့်လျှ··· ပုရောဟိတ်ပုဏ္ဏားကြီးသည် ကိုယ်တိ··· ပညာသင်ပေးနိုင်သော်လည်း တ··· သိုလ် ဒိသာပါမောက္ခဆရာကြီး··· အပ်နှံခြင်းက ပိုကောင်းမည်ဟု ··· ဖြတ်လျက် ပညာသင်စေအပ်··· အကြောင်းမှာ တစ်နယ်တစ်ကျေး··· နေထိုင်ပညာသင်ကြားလျှင် အကြော··· အကျိုးသိရှိနိုင်စေမည်၊ ဇာတိမာန်··· စေခြင်း၊ ပညာကို လုံ့လ ဝီရိယစို··· ထုတ် သင်ကြားခြင်းနှင့် ပညာသင်··· ပညာသင်ဖက် မိတ်သင်္ဂဟအပေါ··· အဖော်များနှင့် နေထိုင် ကျင့်ကြံတ··· ခြင်း၊ အရပ်ဒေသအသစ်တွင် နေထိ··· ကျွမ်းကျင်စေခြင်းအချက်များ လက်··· ရရှိစေပါမည်။ ထို့ကြောင့် တက္ကသို··· ဒိသာပါမောက္ခဆရာကြီးက အခြေ··· သိက ပြုစေလျက် အတတ်ပညာ··· နည်းနာကျကျ သင်ယူစေပါသည်။

◆◆◆

အဟိံသကသည် ဓမ္မန္တေဝါသိ··· ဆရာပြုလျက် အလုပ်အကျွေး··· ပေသည်။ ဆရာကြီးအား ဝတ်··· ဝတ်ငယ်ပြုသည်။ ခိုးသော ···

www.burmeseclassic.com

www.burmeseclassic.com



ဆိုတတ်သည်။ ဆရာအနီးတွင် ...ယှက် နေ့မပျက် ပညာကို အပတ် ...တ် သင်ယူလေ၏။ အဟိံသက ...က်သည့်နေ့မှ စ၍ ကျန်တပည့်များ ...ည် ဆရာကြီး၏ ဝတ်ကြီးဝတ်ငယ် ...ကို ပြုစုစောင့်ရှောက် လုပ်ကျွေးခွင့် ...ကြတော့။ ဆရာ၏ ကိုယ်ရေးကိုယ် ...က်စွမှ အိမ်မှုကိစ္စအားလုံး လွှဲအပ် ... ဆရာအိမ်၌ နေစေလေ၏။

ဆရာကြီး သင်ပြသော ပညာများ ...င် အဟိံသကမှာ လိုက်နာကျင့်သုံး ... အတတ်ပညာများ အများထက် ထူး ...သဖြင့် ဆရာကြီးက သားအရင်း ...သို့ ချစ်လေသည်။ ဆရာ၏ကတော် ...လည်း သားအရင်းလို ခင်မင်တွယ် ...ကြ၏။ ဆရာကတော်နှင့် အဟိံ ...တို့သည် ‹သားရင်းမိခင်ပမာ နေ ...ကြသည်ကို မနာလိုဝန်တိုသော ...ည့်များက အခွင့်ကောင်းယူကြ ...သည်။

"ငါတို့ဟာ အဟိံသက ရောက် ...ပြီးကတည်းက ဆရာကြီး ငါတို့ ...ပေါ် ဘာမှသတိမရ၊ ရှိတယ်တောင် ...င်မှာ မဟုတ်ဘူး။ အားလုံးတပည့် ...ထက် ထက်မြက် ကျွမ်းကျင်လို့ ...တ်ပညာနည်းသူဟူ၍လည်း မပြော ... ဆရာအပေါ် ဝတ္တရားကျေပွန်၍ ...သူဖြစ်လို့ ဝတ္တရားပျက်သူဟူ၍ ...ည်း မပြောနိုင်။ အမျိုးမြင့်မြတ်သူ၊ ...ရှိသူဖြစ်လို့ အမျိုးယုတ်ဟူ၍လည်း ...ပြောနိုင်။ သူ မရှိမှ ငါတို့ နေရာရ ... မနေနိုင်အောင် ဘယ်လိုကြံရပါ့။ ...・・・အကြံရပြီ၊ ဆရာကတော်နှင့် ...မတ်စွပ်စွဲလိုက်လျှင် ဆရာကြီး နေ ...ဘမဟုတ်"

တပည့်များထဲတွင် အစုသုံးစုခွဲ ... ပထမ တစ်စုက ခြေစုံရပ်လျက် ...အုပ်ချီကာ ဆရာကြီးထံ ချဉ်းကပ် လာကြလေ၏။

"ကဲ・・・ ငါ့တပည့်တို့ ဘာ အကြောင်းနှင့် ငါ့ထံ လာကြတာတုန်း ကွဲ့"

"ဆရာကြီးခင်ဗျား・・・ကျွန်တော် တို့တပည့်များ အရေးကြီးသည့် စကား လျှောက်ထားပါရစေ"

"ဘယ်စကားကို လျှောက်ထား လိုသလဲကွဲ့"

"ဆရာကြီး・・・ လျှောက်ထား ရမှာတော့ အားနာ ဝန်လေး စိုးရိမ်မိပါ သည်"

"တပည့်တို့ လျှောက်ထားမှာ သာ ရဲရဲဝံ့ဝံ့လျှောက်ပါကွယ်"

"ဆရာ့တပည့်ကြီး အဟိံသက သည် ဆရာကတော်နှင့် ချစ်ခင်နေပြီ ဖြစ်၍ တစ်နေ့မှာ ဆရာကြီးကိုပင် အသက်ရန်ရှာနိုင်သူဖြစ်ပါသည်"

"မင်းတို့ လျှောက်တာကို ငါ မယုံဘူး။ သင်းတို့ လူမိုက်တွေ။ ငါ၏ သားနှင့် ငါ့ကို သွေးခွဲကြတာလား။ တော်・・・၊ ဒီစကားက ကုန်းချောတာ ပဲကွဲ့"

"စိုးရွံ့ပါသည်၊ ဆရာကြီး စဉ်းစား ပေးပါ"

"တော်・・・ပြန်သွားကြ ငါ မကြား လိုဘူး"

တပည့်များ လျှောက်တင်ချက် ကို ဒိသာပါမောက္ခကြီး မယုံကြည် သဖြင့် အော်ငေါက်ကြိမ်းဝါး၍လွှတ်လိုက် လေတော့၏။

နောက် မကြာမီ ဒုတိယ တပည့် တစ်စုတို့က ထပ်မံလျှောက် တင်ကြ ပြန်လေ၏။ ဆရာကြီးက မယုံကြည်၊ အော်ငေါက်ကြိမ်းဝါး၍ လွှတ်လိုက်ပြန် တော့သည်။ ဆရာကြီးစိတ်ထဲတွင် တော့ တွေဝေဝေ ဖြစ်လာလေ၏။

နောက်ရက်များ မကြာမီ ကျန် တတိယလူစုက ထပ်မံ၍လျှောက်တင် ကြပြန်ရာ ဆရာကြီးစိတ်၌ ဖွိုဟဖြစ်ပေါ် လာလေတော့၏။

◆◆◆

အဟိံသကသည် ဆရာကြီးက ချစ်သည်သာမက၊ ဆရာကတော်က လည်း ချစ်၏။ သားသမီးများကလည်း အစ်ကိုရင်း၊ မောင်အရင်းကဲ့သို့ ချစ်ကြ ၏။ အဟိံသကနှင့် ချစ်ဇနီး ဆရာ ကတော်တို့ နေပုံထိုင်ပုံ၊ အရောတဝင် ရင်းနှီးကျွမ်းဝင်ပုံကို မြင်အောင် အကဲ ခတ်လေတော့သည်။

ဆရာကတော်နှင့် အဟိံသက သည် ပူးကပ်၍ နေထိုင်ပုံ၊ အတူတကွ သွားလာနေထိုင်ပုံကို ကြည့်ပြီး ဒိသာ ပါမောက္ခ ဆရာကြီးစိတ်ထဲတွင် မယုံ သင်္ကာဖြစ်၍ ဒေါသများ လွှမ်းမိုးလာ လေတော့သည်။

မျက်စပ်ပိုးဝင်၊ ဆံတစ်ပင်တည်း ချစ်ခြင်းမယား၊ ရည်းစားလူလု အနှုက်ခွဲ ခတ်၊ အသည်းစပ်က ဆိုသော စကား ကဲ့သို့ မယားထိ ဓားကြည့်ဆိုလေသည် မှာ ဓားဆွဲ၍ သတ်လိုသော စိတ်ပေါ် လာလေတော့သည်။ ဆရာကြီး၏ ဒေါသသည် တဏှာလောဘကြောင့် မောဟအမှောင်ဖုံးစေခဲ့၏။ ပညာရှိ ပုရောဟိတ် ဒိသာပါမောက္ခ ဆရာကြီး ဖြစ်၍သာ ရှေ့ဒေါသကို ထိန်းလျက် စဉ်းစားဆင်ခြင်နိုင်ပေသည်။ သို့သော် မီးခဲ ပြာဖုံးထားသလို၊ ပြာဖယ်က မီးခဲရဲ လျက်ရှိသကဲ့သို့ ဖြစ်နေပေတော့၏။

ငါသည် ငါ၏အိမ်၌ အဟိံသက ကို သတ်သည်ဖြစ်လျှင် ဒိသာပါမောက္ခ ဆရာသည် သူ့ထံ၌ ပညာဆည်းပူး သော တပည့်ကို သတ်သည်ဟု အတိုင်း တိုင်းအနယ်နယ်မှ သိကြပြီး ငါ့ထံ ပညာသင် တပည့်များ လာရောက်ကြ တော့မှာ မဟုတ်တော့။ သို့ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



လာဘ်လာဘ ပူဇော်ဆည်းကပ်မှု နည်းပါးသွားမည်။ ငါ့အတွက် အကျိုးမရှိ၊ အကျိုးယုတ်သာ ရပေမည်။ ထို့ကြောင့် ပရိယာယ် ဆင်၍ ငါ့ထံ၌ မနေနိုင်အောင်၊ သူတစ်ပါးသတ်လျှင်လည်း သတ်လွယ်အောင်၊ ရာဇဝတ်မှုကျူးလွန်အောင် ငါကြံမည်ဟူ၍ စိတ်ကူးလျက် တစ်နေ့တွင် ဆရာကြီးသည် တပည့် အဟိံသကကို ခေါ်၍…

"ချစ်တပည့်ကြီး အဟိံသက၊ သင်သည် အမျိုးမြတ်သူ၊ ပညာတတ်သူ၊ လိမ္မာသောသူ၊ ဆရာဝတ္တရားကျေပွန်သူ၊ လိမ္မာရေးခြား ရှိသဖြင့် သင့်လိုတပည့်မျိုး ငါရမှာမဟုတ်။ သင့်ကို ငါ ပညာမချွင်းမချန်သင်ပေးပါအံ့။ သင်က ငါ့အား အထူးအနေဖြင့် လွန်ကဲစွာ ပူဇော်မှ ငါ အကုန်သင်ထိုက်ပေမည်။ သင် ပူဇော်နိုင်ပါမည်လော"

ဟု မေးရာတွင်…

"ဆရာကြီး… ဆရာ့အပေါ် မည်သို့ကျေးဇူးဆပ်ရပါမည်နည်း၊ ပြောပါ။ ပူဇော်ပါမည်"

"ဒါဆို ငါ့တပည့် လူတို့၏ လက်ညှိုးတစ်ထောင် ပူဇော်ရပေလိမ့်မည်"

"ပူဇော်ပါမည် ဆရာကြီး။ ပြည့်စုံအောင် ဆောင်ရွက်ပါတော့မည်။ စိတ်ချပါခင်ဗျာ"

◆◆◆

အဟိံသကသည် ဆရာ၏ ခိုင်းစေချက်ကို အမှန်ပင် ယုံကြည်သဖြင့် ဓား၊ လှံ၊ လေး၊ မြားမီးပေါက်ဟူသော လက်နက်မျိုးစုံကို ယူဆောင်လျက် ဒီသာပါမောက္ခကြီးအား ရှိသေစွာ ကန်တော့ပြီး လူသူမနီးသော တောကြီးထဲသို့ ထွက်ခဲ့လေရာ ထိုတောအုပ်ထဲသို့ ဖြတ်သွားကြသော ကုန်သည် ယောကျ်ား၊ မိန်းမ ခရီးသွားများကို သတ်ဖြတ်၍ လက်ညှိုးများကို ယူလေတော့သည်။

သူသည် ပညာတတ်၊ ပညာရှိသူဖြစ်ပါလျက် ဆရာကြီး၏ စေခိုင်းချက်အား လောဘ၊ ဒေါသ၊ မောဟ အမှောင်ဖုံးလျက် ရလာသော လက်ချောင်းများကို မရေမတွက်ဘဲ သစ်ပင်ခွကြား တင်ကာထားစေ၏။ ထိုအချိန် အစာရှာသော ကျီးငှက်တို့က အစာထင်မှတ်၍ ထိုးဆိတ် စားသောက်ကြသဖြင့် တဖြည်းဖြည်းပျောက်ဆုံးခဲ့ရလေတော့သည်။ မှန်းချက်နှင့် နှမ်းထွက်က တလွဲစီဖြစ်လေ၏။

ထိုအခါ ဤသို့ထားလျှင်တော့ လက်ညှိုးတစ်ထောင်ပြည့်နိုင်မှာမဟုတ်။ ဆင်ခြင်တုံတရားထားကား လက်ညှိုးများကို ပန်းကုံးသီသကဲ့သို့ တစ်ချောင်းချင်းသီကာ လည်တွင် ဆွဲထားလေတော့သည်။ ထိုအချိန်မှစ၍ လည်၌ဆွဲသော ပန်းကုံးသည် လက်ညှိုးပန်း



ကုံးဖြစ်သဖြင့် "အင်္ဂုလိမာလ"ဟူ၍ လူအများက မှည့်ခေါ်တော့သည်။

ဤတောအုပ်အတွင်း ထင်းရှာ ဟင်းရွက်ခူး သွားကြသောသူတို့ မ သလောက် ရှားလာလေ၏။ ခရီးသွား သူများလည်း ကြောက်ရွံ့ကြသဖြ မသွားဝံ့ကြ။ ထိုအခါ အဟိံသကသည် ညအချိန် ရွာတွင်းသို့ ဝင်ကာ လက်ညှိုး များကို ဖြတ်သတ်ခဲ့လေ၏။ လူတို့ သည် အင်္ဂုလိမာလအား ကြောက်ရွံ့ ထိတ်လန့်နေကြသဖြင့် ခြံစည်းရိုးများ ကာ၍ ဆူးခက်၊ ဝါးချွန်များ စိုက်ထောင် ကာ နေကြရလေ၏။ ထိုဆူးဝါးချွန်များ ကို ခုန်ကျော်လွှားကာ အိမ်များအတွင်း ရှိ ယောကျ်ား၊ မိန်းမတို့ကို သတ်ဖြတ် ၍ လက်ညှိုးကို ဖြတ်စေသည်။ လူများ စုဝေး၍ လိုက်ကြသောအခါ လျင်မြန် သောအဟုန်ဖြင့် ပြေး၍ တောသို့ ခိုဝင် ပျောက်ကွယ် ပုန်းအောင်းခဲ့လေ၏။

အင်္ဂုလိမာလသည် ထွားကျိုင်း သန်မာသောယောကျ်ားဖြစ်၍ သုံးယူဇနာ ရှိသောခရီးကို တစ်ဟုန်တည်းပြေးနိုင် လေ၏။ (တစ်ယူဇနာ ၁၃မိုင်ခန့်)လိုက် ဖမ်းဆီးရန် မည်သူမှ မမီနိုင်။ လက် တွင် ရှိသော ဓား၊ သံလျက်သည် စကြာကဲ့သို့ ပတ်လည်လည်စေ၏ သားကောင်ကို လိုက်သော ကျားခြေ ကဲ့သို့ ခုန်ပျံကျော်လွှား တစ်ရှိန်ထိုး ရောက်လာကာ နံဘေးကို ပုတ်ခတ် လျက် လက်ဝဲဖြင့် ကာပြီး တစ်ခ ချင်း ဦးခေါင်းကို ဖြတ်၍ သတ်က လက်ညှိုးကို ယူစေသည်။

◆◆◆

အင်္ဂုလိမာလ၏ သောင်းကျန်း ရက်စက်မှုကြောင့် ရွာကြီး၊ ရွာငယ်များ ပျက်စီးသဖြင့် တစ်ရွာနှင့် တစ်ရွာ ပေါင်းကာ နေကြရ၏။ ထိုရွာသို့ ပြ လျှင် သားသမီး မြေးများတို့ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



…ဏ္ဍိမြို့အနီး ဆူးချုံများ ကာရံထား … နေကြလေသည်။ ပြည်သူပြည် …တို့သည် ကျီးလန့်စာစား၊ အားကိုး …မရှိဖြစ်ကြသဖြင့် ဘုရင့်ထံ တိုင် …ကြလေတော့သည်။

"အရှင့်မင်းကြီး…ကယ်တော်မူ … ဘုရား။ ကျွန်တော်မျိုးတို့ရွာများ …ကျောင်းစီးကုန်ပါပြီ။ ယောက်ျား၊ မိန်းမ …လုံး သတ်ဖြတ်ကာ ဆိုးသွမ်းနေ … အင်္ဂုလိမာလကို ဖမ်းဆီး အရေး …တော်မူပါ ဘုရား"

"ဟယ်…ငါ၏ တိုင်းပြည်မှာ …ထွန့်ထိတ်လန့်စရာ သတင်းပါလား။ …မှမစိုးရိမ်နှင့်။ မနက်ဖြန် မြင်းစီး …ကောင်း ငါးရာနှင့် ဒီလူဆိုးကြီးကို …ဆီးပေးကော်မူမည်"

"မှန်လှပါ၊ ဝမ်းသာကြောင်းပါ …"

ထိုအမိန့်ကို ပညာရှိ ပုရောဟိတ် …ဏ္ဏားကြီးက အိမ်မှ မန္တနီ ပုဏ္ဏားမ …ကြီးအား ပြန်၍ ပြောပြလေသည်။

"ပုဏ္ဏားမကြီးရေ… ဒီခိုးသူ …မိုက်ကြီးဟာ သင် ဘယ်သူထင် …တုန်း။ တခြားလူ မဟုတ်ပါရိုးလား။ …တို့သား အဟိံသကဖြစ်တယ်။ မနက် … မြင်းစီးသူရဲကောင်း ငါးရာနဲ့ ဖမ်းဆီး …တ်သင်တော့မည်ကွဲ့"

"အမလေး… ကိုယ်ကျိုးနည်းပါ …။ ငါတို့သား အဟိံသက ဖြစ်ရလေ …ယ်၊ လူလေးရဲ့"

"အေး… မင်းသား လူမိုက် …ဆိုးကြီးပဲ။ ရာဇဝတ်မှုသင့်ပြီကွဲ့၊"

"ဒီလိုဆို အရှင်ပုဏ္ဏားကြီးရယ်၊ …ားကို သွားခေါ်ပေးပါလား"

ဘုရင့်အမိန့်ဆိုတော့ အာဏာဖီ …န်လို့ မရဘူးကွဲ့၊ ကြာလား"

"အရှင်… ဒီလိုဆိုရင် ကျွန်မ …ယ်တိုင်သွားခေါ်ပါရစေ"

"ရှင်မ ပုဏ္ဏားမကြီး၊ သင့်သားက ခိုးသူ လူမိုက်ကြီးဖြစ်သွားပြီ။ သူခိုးလူမိုက်ကို ငါ့သား၊ ငါ့တူဆိုပြီး အရောတဝင် မပြုပါနှင့်။ မင်းညီမင်းသားလည်း ငါ့အား ချစ်ခင်သည်ဆိုပြီးတော့ ဂရုမပြု၊ အခလေးမမူ မလုပ်ရဘူး။ မိန်းမတို့ကိုလည်း ငါ့အလိုလိုက်သူဟူ၍ ချစ်ကျွမ်းမဝင်စေရလို့ ပညာရှိ သူတော်ကောင်းတို့ ဆိုကြပါတယ်။ သင့်သားက ကြမ်းတမ်းတဲ့ စိတ်၊ ခက်ထန်သော သဘောရှိသူမို့ မသွားပါနှင့်လားကွယ်"

"အရှင်ပုဏ္ဏားကြီး…ကျွန်မကို သားက သတ်လိုက သတ်ပါစေ၊ သေရဲပါတယ်"

မိခင်ဆိုတော့ သားအပေါ် အလွန်ချစ်ခင်တွယ်တာပါတယ်။ သားသေရမှာကို မမြင်လိုလှပါ။ ပုဏ္ဏားမကြီးသည် သားအတွက် ရတက်မအေး။ တစ်ညလုံး အိပ်၍မပျော်။ နံနက်မလင်းခင် သားစားရန် စားမြိန်ထုပ်ကို ယူငင်ကာ အင်္ဂုလိမာလ နေထိုင်ရာ ဇာလိယတောအုပ်သို့ သွားခဲ့လေသည်။

ထိုနေ့မှာပင် အင်္ဂုလိမာလက မိမိသတ်ခဲ့တဲ့ လူတွေလည်း မနည်းတော့။ အစားပျက်၊ အအိပ်ပျက်ခံကာ သင်းရဲဒုက္ခနှင့် ကြုံခဲ့ပေပြီ။ ဆရာမှာသော လက်ညှိုးပေါင်းတစ်ထောင်ပြည့်တော့မည်ဟုထင်ကာ ရေတွက်ကြည့်လိုက်ရာ… ၊

"ဟာ… ကိုးရာကိုးဆယ့်ကိုးချောင်းပါလား။ တစ်ချောင်းသာ လိုတော့သည်။ ဒီနေ့တော့ တစ်ယောက်သာဖြတ်၍ သတ်ရတော့မည့် နောက်ဆုံးနေ့ပါလား။ ငါ ပထမ မြင်သူကိုသာ သတ်၍ လက်ညှိုးတစ်ထောင်ပြည့်စေမည်။ ဆရာကြီးအား ပူဇော်သက္ကာယပြုပြီးလျှင် အဌာရသ (၁၈)ရပ် ပညာတတ်မြောက်အောင် အမြန်သင်၍ မိခင်ဖခင်တို့ထံသို့ ပြန်အလုပ်အကျွေးပြုပါတော့မည်"

ထိုသို့ ကြံစည်စိတ်ကူးပြီး တောအလယ်မှ ထွက်ခွာပြီး ပုန်းလျှိုးကာ စောင့်နေလေတော့၏။ မိခင် ပုဏ္ဏားမကြီး မန္တာနီသည် တောအုပ်အနီးသို့ ချဉ်းကပ်လာလေတော့သည်။

"သားရေ…လူလေး အဟိံသက၊ အမေပါကွယ်။ မင်းကြီးက ဒီနေ့ပဲ မင်းကို ဖမ်းဖို့ မြင်းစီးသူရဲကောင်း ငါးရာ ထွက်လာပြီ။ မင်းကို သတ်ကြတော့မယ်ကွဲ့။ ထွက်ခဲ့ပါကွယ်။ သားအမြန်လာခဲ့ပါ"

ဟု အော်ဟစ်ကာ နေလေ၏။

ထိုအခါ အင်္ဂုလိမာလသည် ထိုမိန်းမကို သတ်အံ့ဟု ကြံစည်လျက် စောင့်လင့်နေ၏။ ပုဏ္ဏားမကြီးသည် သားကို ခေါ်ရင်း အင်္ဂုလိမာလနှင့် နီးကပ်လာလေသည်။ တစ်ချောင်းသော နောက်ဆုံး လက်ညှိုးဖြတ်ရန် ဆုံးဖြတ်ပြီးဖြစ်သဖြင့် မောဟာအမိုက်မှောင်ဖုံးလွှမ်းနေသည့်စိတ်ကြောင့် ဒေါသအမှောင်က သတ်ကို သတ်ရမယ်။ အမေရယ်၊ အဖေရယ် မသိတော့။ တစ်ချောင်းကို ပြည့်ရမယ်။ ဆရာ့ကို ပူဇော်ရမယ်ဟု ဆုံးဖြတ်လိုက်ကာ လောဘအမှောင်ကြောင့် အမှောင်တိုက်ဖုံးနေသော စိတ်ရိုင်း စိတ်ဆိုးကြီးက လောကကြီးကိုပါ မှောင်စေမည်။ လူကလည်း မိုက်စေရန် တိုက်တွန်းနေပေ၏။

အင်္ဂုလိမာလနှင့် မန္တနီ ပုဏ္ဏားမကြီးတို့ တွေ့ကြပြီ။

"သားရေ…လူလေး အင်္ဂုလိမာလ အမေပါကွယ်။ အဟိံသကရေ လာပါကွယ်"

အင်္ဂုလိမာလ အမေကို သတ်ရန် လိုက်မည့်ဟန်အပြင်၊ မြတ်စွာဘုရား…



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်မြတ်ကြီးသည် ရှေ့မှ နေ၍ စကြံကြွလျက်နေပါတော့သည်။ အင်္ဂုလိမာလသည် မြတ်ဗုဒ္ဓကို မြင်လျှင်-

"ရဟန်းလည်း သတ်တော့အံ့"

ဟု စိတ်ကူးကာ ပြေးလာခဲ့၏။ မြတ်ဗုဒ္ဓသည် လူဆိုးကြီး အင်္ဂုလိမာလ မမီနိုင်အောင်ပင် ဣဒ္ဓါဘိသင်္ခါရကို စီရင်ကာ မြေကြီးပေါ်တွင် လှိုင်းတံပိုး ထသကဲ့သို့ နိမ့်တုံမြင့်တုံပြုလျက် အင်္ဂုလိမာလကို ခြေမျှ မလှမ်းကြွနိုင်အောင် ဖန်တီးလေသည်။ ဆူးခရောင်းတောကြီးပမာ နင်းရလေတော့သည်။

မြတ်ဗုဒ္ဓသည် စည်မျက်နှာကဲ့သို့ ညီညာသော မြေပေါ်တွင် သပ္ပာယ်စွာ ကြွတော်မူလေရာ အင်္ဂုလိမာလသည် မြေညီရာသို့ ရောက်လျှင် မြတ်ဗုဒ္ဓက အလယ်သို့ ရောက်စေလေ၏။ ထိုအခါ အင်္ဂုလိမာလသည် ကြုံးဝါးလေတော့သည်။

"သယ်··· ငါ့ကို ဘယ်သူမှ ပြိုင်၍မနိုင်၊ အင်္ဂုလိမာလတဲ့။ ဟေ့··· ရဟန်း၊ သင့်လက်ညှိုးကို ငါဖြတ်မည်။ ဟားဟားဟား"

ထိုသို့ကြုံးဝါး လက်ခမောင်းခတ်လေသော တောမီးလောင်ကျွမ်းသကဲ့သို့ တစ်ဟုန်ထိုး အာခေါင်အာရင်း အသံကုန်ဟစ်လျက် မြတ်ဗုဒ္ဓအား တစ်ဟုန်ထိုး မနားတမ်း လိုက်လေတော့၏။ မြတ်ဗုဒ္ဓသည် မနီးမဝေးမှနေ၍ ကြွနေသည်ကို မမီနိုင်ဖြစ်နေသော အင်္ဂုလိမာလက စိတ်ဆိုးစိတ်အိုက်ဖြင့် ဒေါသအမှောင်၊ လောဘအမှောင်၊ မောဟအမှောင် တိမ်တိုက်ကြီးဖုံးကာ မသိစိတ်က ကြီးစိုးလျက် သုံးယူဇနာ ခန့်လောက်ကို တစ်ဟုန်ထိုး ပြေးပြေး သကဲ့သို့ လိုက်လေ၏။ မြတ်ဗုဒ္ဓက ရှေ့မှနေ၍ ရပ်တော်မူ၊ အင်္ဂုလိမာလ က လိုက်၊ တဖြည်းဖြည်း မောကြီး

“

**အမောင် အင်္ဂုလိမာလ . . .**
**ငါ သည် သူတစ်ပါးအသက်သတ်ခြင်း**
**မကောင်းတဲ့အလုပ်ကို မလုပ်ပါ။**
**ရှောင်ကြဉ်သည်ဖြစ်၍**
**အပါယ်သို့ မလားရောက်ပါ။**
**သုဂတိဘုံတွင် အမြင့်မြတ်ဆုံး**
**သန္တိသုခ နိဗ္ဗာန်လမ်းဝင်၌သာ**
**တည်၍ ငါကား ရပ်နေသူဖြစ်၏။**
**သင့်မှာကား ဒုစရိုက်တရားများစွာကို**
**ပြုလုပ်ခဲ့၍ သတ္တဝါများအပေါ်**
**သနားကြင်နာ ချစ်ခင်မှုမရှိ၍**
**ကောင်းသော စရိုက်မရှိ၊**

”

ပန်းကြီးကျလျက် ချွေးဒီးဒီးကျလေတော့သည်။

"ငါ ဟိုတုန်းက လိုက်လျှင် သမင်၊ ဒရယ်၊ ချေငယ်၊ ယုန်၊ ကြောင် သည်ပင် ငါ့လက်က မလွတ်ပါ။ ယခု ငါ အမြန်ဆုံးပြေးပါလျက် ဒီရဟန်းကို ငါမမီ၊ အံ့ဖွယ်ပါလား"

အကြံပြုလျက် ရပ်ပြီး···

"အရှင်ရဟန်းကြီး···ရပ်ပါဦး၊ ရပ်ပါဦး"

ထိုအခါ မြတ်ဗုဒ္ဓသည်···

"ငါက ရပ်နေသည်၊ သင်ကား မရပ်"

ဟု မိန့်လေ၏။

"အရှင်ရဟန်းကြီး···သင် မရပ်ပါဘဲ ငါရပ်နေသည်ဟု မမှန်စကား မဆိုပါနှင့်။ ကျွန်ုပ်ရပ်နေသည်ကို သင်ကား မရပ်ဟုလည်း ဘာကြောင့် မုသာဝါဒစကားဆိုပါသနည်း"

"အမောင် အင်္ဂုလိမာလ··· ငါသည် သူတစ်ပါးအသက်သတ်ခြင်း မကောင်းတဲ့အလုပ်ကို မလုပ်ပါ၊ ရှောင်ကြဉ်သည်ဖြစ်၍ အပါယ်သို့ မလားရောက်ပါ။ သုဂတိဘုံတွင် အမြင့်မြတ်ဆုံး သန္တိသုခ နိဗ္ဗာန်လမ်းဝင်၌သာ တည်၍ ငါကား ရပ်နေသူဖြစ်၏။ သင့်မှာကား ဒုစရိုက်တရားများစွာကို ပြုလုပ်ခဲ့၍ သတ္တဝါများအပေါ် သနားကြင်နာ ချစ်ခင်မှုမရှိ၍ ကောင်းသော စရိုက်မရှိ၊ တရိစ္ဆာပျက်ယွင်းသူဖြစ်လို့ သေသောအခါ၌ အပါယ်လေးဘုံတို့ တည်ရာဖြစ်သော ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ်တို့၌သာ ကျရောက်ရမည် ဖြစ်၏။ ထို့အတွက် ရပ်နားသည် မဟုတ်၊ ပြေးနေသူသာဖြစ်နေ၏။ ထို့ကြောင့် ငါက ရပ်နေသူ၊ သင်က မရပ်သူဟု ငါဆိုပါ၏"

မြတ်ဗုဒ္ဓ၏ စကားကို အင်္ဂုလိမာလ ကြားလေသော် နားထဲ၌ အေးချမ်းသော အရသာကို ခံစားရပြီး···

"ဤအနှစ်သာရနှင့် ပြည့်စုံသော စကားကို ဆိုသူသည် သုံးလောကထွတ်ထား ဂေါတမမြတ်စွာဘုရားရှင်သာ ဖြစ်ပေမည်။ ငါသည် မကောင်းမှု ဒုစရိုက်များကို မှားယွင်းကျင့်ကြံနေခဲ့သည်။ ငါသေသော် ဒုဂ္ဂတိဘုံသို့ လားရမည်ဟု မြတ်ဗုဒ္ဓ မိန့်၏။ ငါ့အား သနားသဖြင့် ယခုကဲ့သို့ တောထဲသို့ ကြွလာခြင်းဖြစ်ပေမည်"

အင်္ဂုလိမာလသည် မြတ်ဗုဒ္ဓကို ကြည်ညိုသော သဒ္ဓါတရားနှင့် နှစ်သက်သော ပီတိငါးပါးတို့ဖြင့် ရှိသေကျိုးနွံစွာ ဘုရားရှင်ရှေ့ဝယ် ဓား၊ သံလျက်ကို ချလျက် ဝပ်ချပြီး···

"မြတ်စွာဘုရား···ကျွန်ုပ်အား

www.burmeseclassic.com

www.burmeseclassic.com



…ခီးမြှောက်တော်မူပြီး ယုတ်မာ …သော အကျင့်ဟူသမျှကို ပယ်ခွာပေး …တော်မူပါ ဘုရား"

မြတ်ဗုဒ္ဓသည် အင်္ဂုလိမာလအား …ယ်သားကဲ့သို့ သနားတော်မူပြီး …ထူးဟောကြားကာ မဂ်ဆိုက်မည့် …ဆောက်အပံ့ကို သိတော်မူပေရာ …ဘိက္ခုဟောတော်မူပါ၏။

(ရဟန်းလာလော့၊ ဒုက္ခအဆုံး …မြတ်ဆုံး တရားကို ကျင့်လော့)ဟူ၍ …ကြိမ်တိုင် ခေါ်တော်မူရာ ခဏ …ကြာ လူအဝတ်အစား၊ ဆံမုတ်ဆိတ် …အကုန်ကွယ်ပျောက်လျက် သပိတ် …န်းပရိက္ခရာရှစ်ပါးစုံနှင့် တကွ …သော အသွင်ဆောင်လျက်ပင် "ဧဟိ …ဿု" ရဟန္တာအဖြစ်သို့ ရောက်တော် …လေသည်။

ဘုရားရှင်သည် မယဉ်ကျေး …သော အင်္ဂုလိမာလ ခိုးသူ လူမိုက်ကြီး …ဝမှ ရဟန်းအသွင်ဖြင့် နောက်တော် …ကြွစေ၍ ကျောင်းတော်သို့ ပြန် …ည် ကြွချီတော်မူလေ၏။

ပုဏ္ဏေးမကြီး မန္တာနီသည် သား …ဟန်းကို မြင်လျှင် ဝမ်းသာအားရနှင့် …နောက်တော်မှ လိုက်လေတော့သည်။ …မြတ်စွာဘုရားနှင့် သား ရဟန်းတို့ ကြွ …နေသည်ကို ဝမ်းသာသော မနောပီတိ …ပွားနေခဲ့၏။

ထိုအခါ မြတ်ဗုဒ္ဓသည်…

"ချစ်သား… မိခင်နှင့် ခွဲခွာပြီး …စ်တွေကြာအောင် အဘယ်မှာ နေခဲ့ …သနည်း။ ဘယ်သို့ စားခဲ့သနည်း။ …ဘယ်သို့ အိပ်ခဲ့သနည်း။ ဘာကြောင့် …ကော်စက်ကြမ်းကြုတ်သော အပြုအမူ …ကို ပြုခဲ့ရပါသနည်း။ ယခု မိခင်အိမ်သို့ …ဦးမည်လော"

မြတ်ဗုဒ္ဓက အဖန်ဖန်မေးလေရာ အင်္ဂုလိမာလသည် မိခင်အား အကြောင်းစုံ၊ အကျိုးစုံ ပြန်ပြောလေတော့သည်။

"ယခု ဘုရားသခင်သာလျှင် ကျွန်ုပ်အား မျက်မြင်ဘဝ၊ နောင်တမလွန်ဘဝတို့တွင် ချမ်းသာအောင် ချီးမြှောက်နိုင်သူဖြစ်၍ ဘုရားနောက်သို့သာ လိုက်ပါတော့မည်"

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်သူ ပြည်သားများ သိစေလိုသဖြင့် မြို့အနီးမှ ပြယ်၍ ကြွချီလေရာ ဇေတဝန်ကျောင်းသို့ ဝင်တော်မူလေ၏။ မန္တာနီ ပုဏ္ဏေးမကြီးသည် သား ရဟန်းကို ဖူးမြော်ပြီး ဝမ်းသာအားရတော်မူလျက် မိမိအိမ်သို့ ပြန်လေတော့သည်။

မြို့သူမြို့သားများသည် အံ့ဩခြင်း၊ ဝမ်းသာခြင်းနှင့်အတူ မြတ်ဗုဒ္ဓအား ရှိသေစွာ ဦးညွှတ်ကြလျက် ရပ်နေကြပါသည်။



ထိုအခါ၌ ကောသလမင်းကြီးနှင့် စစ်သည်တို့သည် အင်္ဂုလိမာလ လူမိုက်ကြီးကို ဖမ်းဆီးနိုင်ရန် စစ်ချီ၍ ထွက်တော်မူလာခဲ့စဉ် ပြည်သူများက လျှောက်ထားကြရာမှာ…

"မှန်ပါ့ ဘုရား။ မြတ်စွာဘုရား ထံတော်သို့ အင်္ဂုလိမာလ ပါသွားပါပြီ ဘုရား"

"ဒါဆိုရင် ငါကိုယ်တော် ဇေတဝန်ကျောင်းသို့ ကြွရောက်တော်မူမယ်"

"မှန်ပါ့ ဘုရား။ ကြွချီတော်မူပါ"

မင်းကြီးသည် စစ်တပ်ဗိုလ်ခြေ မြောက်မြားစွာနှင့် ဇေတဝန်ကျောင်းတော်သို့ ဝင်ရောက်၍ ဗုဒ္ဓမြတ်စွာအား ရှိသေစွာ လျှောက်ထား မေးမြန်းလေတော့သည်။ ထိုအချိန် ဘုရားရှင်အား ကန်တော့ရန် ထွက်လာသော ရဟန်းအသွင်ဖြင့် မြင်ရသဖြင့် မှူးမတ်ကြီးများ ထိတ်လန့်တုန်လှုပ်ကြလေသည်။

"ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူသော မြတ်ဗုဒ္ဓဘုရား… လူပေါင်းထောင်ကျော်မကာ သတ်ထားသော လူဆိုးလူမိုက်ကြီးအား ရဟန်းပြုခွင့်မပေးပါနှင့်။ ဘုရားတပည့်တော်တို့ ဖမ်းဆီး၍ အာဏာသား အပ်နှံခွင့်ပြုတော်မူပါ ဘုရား"

"အသင်မင်းကြီး ကောသလ၊ ဤသူသည် ကံကြွေးဆပ်၍ ကုန်ခဲ့ပြီ။ အရဟတ္တဖိုလ်သို့ ရောက်နေသူဖြစ်လို့ စီရင်ခွင့် မပြုနိုင်ပါ"

ထို့နောက် မြတ်ဗုဒ္ဓသည် ကောသလ မင်းကြီးအား တရားရေအေး တိုက်ကျွေးဟောကြားတော်မူသဖြင့် မင်းကြီးက သာဓုသုံးကြိမ်ခေါ်ပြီး ကောင်းချီးပေးတော်မူကာ နန်းတော်သို့ ပြန်ကြွလေ၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ အင်္ဂုလိမာလ ရဟန်းကြီးသည် ရွာထဲသို့ ဆွမ်းခံထွက်တော်မူစဉ် ရွာသူရွာသားများ ရုတ်ရုတ်သဲသဲ တုတ်၊ ဓား၊ လှံ၊ လေး၊ ခဲလုံး၊ အုတ်ခဲများကို ကိုယ်စီကိုင်လျက်···

"သူသည် ငါတို့ဖခင်၊ မိခင်၊ ညီအစ်ကိုမောင်နှမတွေကို သတ်ဖြတ်သူဖြစ်သည်"

ဟု ဆိုကာ ဝိုင်း၍ ပစ်ခတ်ရိုက်ပုတ်ကြသည်။ တချို့က ဆွမ်းမလောင်းသည့်အပြင် ခြံတံခါး၊ အိမ်တံခါးများ ပိတ်၍ ပုန်းအောင်းနေကြ၏။ ဆွမ်းလက်တစ်ဆုပ်ပင် မရ၊ ဟင်းတစ်ဖတ်မရသဖြင့် ဇေတဝန်ကျောင်းသို့ ပြန်ကြွခဲ့ရလေသည်။ ကျောင်းသို့ ရောက်၍ မြတ်စွာဘုရားအား လျှောက်ထားတော်မူရာ···

"ချစ်သား အင်္ဂုလိမာလ··· သင့်ရန်ကြွေးရှိသူ ရွာသားများက အံကြိတ်၍ ပြေးလွှားကြကုန်၏။ ဆွမ်းတစ်နပ်တစ်ဇွန်းမရခဲ့သည်မှာ သင်ကျူးခဲ့သော ပါဏာတိပါတကံက ဒိဋ္ဌဓမ္မအကျိုးပေးတည်း။ သင့်ရဲ့ သတ္တမဇော စေတနာသည် လည်းကောင်း၊ အလယ်ဇော စေတနာသည် လည်းကောင်း၊ အပေါသိကံ-အလဟာသဖြစ်ရလေတော့၏"

ဟု တရားပြ ဟောကြားတော်မူပါသည်။

တစ်နေ့သောအခါ အင်္ဂုလိမာလ ရဟန်းကြီး ဆွမ်းခံထွက်စဉ် ရွာထဲ၌ အမျိုးသမီးငယ်တစ်ဦး မီးမဖွားနိုင်သည်ကို ကြားသိ၍ မြတ်ဗုဒ္ဓအား ထိုအမျိုးသမီးသည် အလွန်နာကျင်ခံခက် အာဝေနိက ဝေဒနာဒုက္ခ ခံစားနေရသည်ကို ရိုသေလေးစားစွာဖြင့် လျှောက်ထားလေ၏။ ထိုအခါ မြတ်ဗုဒ္ဓသည် အင်္ဂုလိမာလ ရဟန်းကြီးအား ဂါထာတော်တစ်ပုဒ်ကို သင်ယူစေလေ၍ သစ္စာဆို ပရိတ်တော်ရွတ်ဖတ်စေပါသည်။

"ချစ်သား···ဤပရိတ်တော်ဖြင့် သစ္စာပြုလော့"

"ပရိတ္တံယံ ဘဏတော့သေ၊ နိသိန္နဌာန ဓောဝနံ၊ ဥဒကံ မ္ပိ ဝိနာသေတိ၊ သဗ္ဗမေ ဝပရိဿယံ၊

သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စသာ ဓေတိ၊ တခ်ဏေ၊ ထေရဿ အင်္ဂုလိမာလဿ၊ လောကနာထော၊

နဘာသိတံ၊ ကပ္ပဋ္ဌာယိံ၊ မဟာ တေဇံ ပရိတ္တံ တံ ဘဏာမဟေ။

ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာဇာတော၊ နာဘိဇာနာမိ၊ သဉ္စိစ္စပါဏံဇီဝိတာ၊

ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိတေ ဟောတု သောတ္ထိဂဗ္ဘဿ"

ထိုဂါထာတော်ဖြင့် သစ္စာပြု၍ မီးမဖွားနိုင်သူ အမျိုးသမီးငယ်အား ရွတ်ဖတ်ပေးတော်မူရာ တစ်ခဏချင်းပင် ပဋိသန္ဓေ လွယ်ကူစွာ မွေးဖွားနိုင်ခဲ့ပေ၏။ အရှင်အင်္ဂုလိမာလ၏ ပရိတ်တော် အစွမ်းကြောင့် အသက်အန္တရာယ်မှ ကယ်တင်နိုင်ခဲ့သဖြင့် ပြည်သူပြည်သားများသည် ရန်သူကြီးဟု မထင်ကြတော့။ အမျက်ကွယ်ပျောက်၊ အလင်းအမှန်မြင်ရလေတော့၏။ တန်ခိုးကြီးသော အင်္ဂုလိမာလဟု ယုံကြည်ကိုးကွယ်ကြလေတော့သည်။

လောကကြီး အမှောင်ဖုံးခဲ့သော်၊ နေကွယ် လပျောက်ရှိခဲ့သော် သိပ္ပံပညာအတတ်ဖြင့် အလင်းကို ပေးနိုင်၏။ တစ်ခဏသော် အလင်းရရှိနိုင်သည်။ ထာဝရ မရရှိနိုင်။ သဘာဝအမှောင်ကို အံတုနိုင်ခဲ့၏။ ယှဉ်ပြိုင်နိုင်ခဲ့၏။ ဘဝအမှောင်ကိုတော့ မယှဉ်ပြိုင်နိုင်ပေ။

လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟအမှောင်၊ အဝိဇ္ဇာအမှောင်ဖုံးခဲ့သော် ထိုစိတ်ရိုင်း၊ စိတ်မိုက်ကို စိတ်ကောင်း၊ စိတ်ဖြောင့် ဖြစ်စေရအောင် မြတ်ဗုဒ္ဓဟောကြားခဲ့သည့် ဓမ္မနင့်ပင် အလင်းရစေခဲ့သည်။ ထိုအလင်းရသူသည် သောတာပန်အဆင့်မှ နိဗ္ဗာန်မင်ဖိုလ်အထိ ထာဝရအလင်းကို ရရှိနိုင်ပေသည်။ သောတပတ္တိဖိုလ်တွင် ခံစားနိုင်ပေသည်။ မြတ်ဗုဒ္ဓနှင့် တွေ့ကြုံရသည့် သာသနာတွင်းကာလဖြစ်၍သာ ကျွတ်တမ်းဝင်ပေသည်။ အကယ်၍ သာသနာပကာလဖြစ်နေချိန် မြတ်ဗုဒ္ဓ မရှိတော့သည့် အချိန်ဆိုပါလျှင် ထိုလူဆိုးသူခိုး လူမိုက်ကြီး အဟိံသက ခေါ် အင်္ဂုလိမာလသည် တရားမရ၊ အမိုက်ဇာတ်ခင်း၍ ပါဏာတိပါတကံကို အကြိမ်များစွာ ကျူးလွန်နေချိန်မှာ ကေန်ဖြစ်ပါ၏။ လောကကြီးက မှောင်လူက မိုက်နေပါဦးမည်။

မြတ်ဗုဒ္ဓ၏ အဆုံးအမကို ခံလျက် လောကအမှောင်ထဲမှ လူမိုက်ကြီးဘဝ တရားအလင်းနှင့် ကျွတ်တမ်းဝင်ခဲ့ရပေသည်။ ဤသည်မှာ မြတ်စွာဘုရားရှင်၏ အောင်ခြင်းရှစ်ပါးအပါအဝင် မာရ်၊ ယက္ခ၊ ဂဇ၊ တေရ်၊ ဇိန်ဇမာနစ္စ သဥ္ဆကံ၊ နာဂံ၊ မင်္ဂဇိနော၊ဇေတု။ ထိုရှစ်ယောက်သော တေရ်-စောရသူခိုး လူမိုက်ကြီး ကျွတ်တမ်းဝင်၍ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်မင်ဖိုလ်သို့ ဆိုက်ရောက်ပါပေတော့သတည်း။■

* * *

မင်းအိုင်မင်(မြဲရောင်ခြေ)

ကျမ်းကိုး ။

- ဓမ္မကထိက ဆရာတော်ဘုရားကြီး တစ်ပါး၏ ဟောကြားသည့်တရား မှ ကောက်နှုတ်ချက်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခမောက်ဘုရားစေတီတော်
မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့၊

www.burmeseclassic.com

www.burmeseclassic.com




# မကွေးတိုင်း စေတုတ္တရာမြို့နှင့် ကျောက်ခဲမော်ကွန်းများကို ရောက်ခဲ့စဉ်

■ တွင်းကြီးသား တင်ဝင်းဦး ■

အောက်တိုဘာလ လောက်ကတည်းက စေတုတ္တရာမြို့ မောင်ဝင်းမင်းထွေးဆိုသူသည် ကျွန်တော်တာဝန်ယူရာ "အီတာနယ်(လ်)လိုက်" မဂ္ဂဇင်းတိုက်ကိုရောက်လာသည်။ မဂ္ဂဇင်းတိုက်မှာ ဖြန့်ချိရေးတာဝန်ယူနေသည့် ဇေယျာဝင့်မှာ စေတုတ္တရာသားဖြစ်နေ၍ မောင်ဝင်းမင်းထွေးနှင့် သူငယ်ချင်းများဖြစ်သည်။ ထို့ကြောင့် မောင်ဇေယျာဝင့် မိတ်ဆက်ပေးမှုကြောင့် မောင်ဝင်းမင်းထွေးမှ စေတုတ္တရာမြို့တွင် စာပေဟော ပြောပွဲလုပ်လိုကြောင်းပြောခဲ့သည်။ အကူအညီပေးရန် ကျွန်တော်ဆုံးဖြတ်ပြီးသည်နှင့် မောင်ဝင်းမင်းထွေးနှင့် တိုင်ပင်ရာ စာပေဟောပြောပွဲကို နှစ်ညကျင်းပမည့်အကြောင်း၊ တစ်ညလျှင် စာရေးဆရာနှစ်ဦးကျ ဟောပြောမည့်အကြောင်း၊ မြို့ခံအဖွဲ့အစည်းများနှင့်လည်း တိုင်ပင်ပြီးကြောင်းပြောလာခဲ့သည်။

ထို့ကြောင့် ကျွန်တော့်အား နာမည်ကြီး စာရေးဆရာမများကို လေးဦးပြည့်အောင် ရှာဖွေပေးလိုကြောင်း ပြောလာသည့်အတွက် ကျွန်တော့်အနေနှင့် စာရေးဆရာရုပ်ပုံတော်ကို စိတ်နှင့် ရှက်လှွင့်၍ စဉ်းစားရပြီ၊ ပထမဆုံး ကျွန်တော့်အနေနှင့် မဂ္ဂဇင်းကိစ္စအတွက် အဝင်အထွက်များသည့် စာရေးဆရာများကို တွေးကြည့်မိသည်။ ပထမဆုံး ဆရာ လယ်တွင်းသား စောချစ်၊ ဆရာ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ဆရာမ နုနုရည်(အင်းဝ)၊ ဆရာ မောင်ညိုအေး(ပန်းတော)၊ ဆရာ မောင်လှမျိုး(ချင်းချောင်းခြံ)နှင့် အခြားဆရာများကို စိတ်ကူးနှင့် ရှာဖွေပုံဖော်ကြည့်ခဲ့မိပါသည်။ ဤသို့ စိတ်နှင့် ရှာဖွေမိသူများကို ကျွန်တော့်အကြိုက် ရွေးချယ်သည်ဟု အပြောမခံချင်၍ မောင်ဝင်းမင်းထွေးကို စိတ်ကူးထဲ ရှိနေသည့် ဆရာများ၏ အမည်ကို ပြောမိသည်။

မောင်ဝင်းမင်းထွေးက ပထမဆုံး ဆရာလယ်တွင်းသား စောချစ်ဆီ အရင်သွားလိုသည်ဆို၍ ဆရာ့ထံသွားရာ ဆရာ



လယ်တွင်းသားက ကျန်းမာရေးအခြေအနေမကောင်းကြော[...] ပြီးတော့ ခရီးဝေးသည်က တစ်ကြောင်း ပြောခဲ့၍ ပြန်ခဲ့[...] သည်။ ပြန်ရင်းနှင့် ဆရာမ နုနုရည်(အင်းဝ)ထံ ဝင်မည်[...] ကျွန်တော်အကြံပြုခဲ့ရာ မင်းဓမ္မလမ်းရှိ ဆရာမရဲ့ တိုက်[...] လာခဲ့သည်။ ဆရာမ နုနုရည်(အင်းဝ)ကို အရန်သင့် တွေ့[...] သည်။ အကျိုးအကြောင်းရှင်းပြရာ အဆင်ပြေပါသည်။ [...] နောက် ဆရာ မောင်သာချိုထံ ဖုန်းဆက်ပြီး ဆရာ မောင်သ[...] နှင့် ဆရာမတို့ပေးသည့်ရက်၊ အားသည့်ရက်ကို ကျင်းပ[...] ဆို၍ ပိုပြီးအဆင်ပြေခဲ့ပါသည်။


အားလုံး အဆင်ပြေသွားပါသည်၊ ဆရာ မောင်ငြိမ်း[...]



www.burmeseclassic.com

www.burmeseclassic.com





ကြို့ပင်ကောက်)၊ ဆရာမ နုနုရည်(အင်းဝ)၊ ဆရာကောင်း
န့် ဆရာ မောင်သာချို။

ဆရာများနှင့် ပတ်သက်၍ မောင်ဝင်းမင်းထွေးအနေနှင့်
လုံးသဘောတွေ့သွားသည့်အတွက် ကြိုးစားပေးရသည့်
ကျွန်တော့်အနေနှင့် ဝမ်းသာရပါသည်။ ဆရာလေးယောက်
ဟောပြောမည်က နှစ်ည။ ပထမညတွင် ဆရာ မောင်သာချို
နှင့် ဆရာမ နုနုရည်(အင်းဝ)၊ ဒုတိယညတွင် ဆရာ မောင်ငြိမ်း
သူနှင့် ဆရာ ကောင်းသန့်တို့ဖြစ်ကြောင်း သူ့အတွဲနှင့် သူ
ပြီး မောင်ဝင်းမင်းထွေး စေတုတ္တရာသို့ ပြန်သွားသည်။

ရွှေပွင့်ဖြူဂိတ်မှ နေ၍ ၅နာရီကားသည် ၅နာရီခွဲမှ
ထွက်သည်။ ဆရာမ နုနုရည်(အင်းဝ)ကို မိန်းမသားဖြစ်၍
ခုံတွဲ၊ ဆရာငြိမ်းနှင့် ဆရာချိုကို တစ်တွဲ၊ ကျွန်တော်နှင့်
ဝင်းမင်းထွေးက တစ်တွဲထိုင်ပြီး လိုက်လာခဲ့သည်။


နောက်ရက် (၃-၁၂-၂၀၁၂)ရက် နံနက် ၆နာရီ ၂၀
မိနစ်မှာ ငဖဲ-မင်းဘူး၊ ပုသိမ်-မုံရွာလမ်းဆုံကို ရောက်လာပြီး
လင်းနေပြီဖြစ်၍ လမ်းဆုံရှိ "ငွေကြယ်လင်း"လက်ဖက်ရည်
ဆိုင်မှာ နားကြသည်။ နာရီဝက်အကြာ ခရီးဆက်ရာ ရွှေစက်
တော်လမ်းခွဲကို တွေ့ရသည်။ ရွှေစက်တော်ဘုရားဆီ အာရုံပြု
ကန်တော့ရင်း ၇နာရီ ၁၅မိနစ်တွင် ဖန်းချောင်းကို ဖြတ်၊
၇နာရီ ၄၅မိနစ်တွင် ပေပင်ချောင်းကို ကျော်၊ ၈နာရီတွင်
ဆည်တော်ရွာနှင့် မုန်းချောင်းကို ဖြတ်ခဲ့သည်။

ထိုနောက် ၈နာရီ ၄၀တွင် ကန်ပြားရွာကို ရောက်သည့်
နှင့် ရွှေပွင့်ဖြူကားပေါ်မှ ဆင်းကြ၊ ပစ္စည်းတွေ ချကြသည်။
ရွာမှာ စေတုတ္တရာမှ လူငယ်များက ကားတွေ၊ ဆိုင်ကယ်
တွေနှင့် ကြိုနေကြသည်။ စားသောက်ဆိုင်မှာ တစ်နာရီခန့်

နားကြပြီး ခရီးဆက်ရာ ဆရာများကို ကားနှင့် လိုက်စေပြီး
ကျွန်တော်က ဝင်းမင်းထွေးဆိုင်ကယ်နှင့် လိုက်ခဲ့ရာ မြောင်းဦး
ရွာ၊ မကြီးစုရွာကို ဖြတ်ပြီးသည်နှင့် တောင်စဉ်တောင်တန်း
များကို အပင်ကြီး/ငယ်အသွယ်သွယ်၊ ဖုန်တထောင်းထောင်း
နှင့် လမ်းကြမ်းကို ခရီးစခဲ့ကြသည်။ နေ့ ၁၂နာရီတွင် မုန်း
ချောင်း ရေလျှောင်တမံကို ရောက်ခဲ့ပြီး လေ့လာခွင့်ရခဲ့သည်။
ကြီးကျယ်ခမ်းနားသည့် ရေလှောင်တမံက ကျွန်တော်တို့ကို
ညို့အားပြင်းစွာ ဖမ်းစားထားသည်။ ထို့နောက် စေတုတ္တရာမြို့
ဆီ ချီတက်ခဲ့ရာ အောက်ပုံရွာကို ကျော်လိုက်သည်နှင့်
စေတုတ္တရာမြို့ကို ဝင်ခဲ့ပြီ။ ခရီးဆုံးသွားပြီ။

ကျွန်တော်တို့အဖွဲ့ရောက်သည်နှင့် တည်းခိုမည့်အိမ်
မှာတော့ လူကြီး၊ လူလတ်၊ လူငယ်အစုံလာရောက် မိတ်ဖွဲ့
ကြ၊ ခရီးဦးကြို ပြုကြသည်မို့ ဆရာများမှာ အမောပြေသွားပုံ
ရသည်။ ဆရာချိုနှင့် ဆရာမ နုနုရည်(အင်းဝ)တို့က ဒိုင်ခံ
စကားပြောရင်း မနက်စာစား၊ ညနေစာစားအပြီး ည ၇နာရီ
မှာတော့ စာပေဟောပြောပွဲကို မိုးကုတ်ဝိပဿနာစခန်း
တန်ဆောင်းမှာ ကျင်းပခဲ့သည်။

ပထမဆုံး ဆရာ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊
ဒုတိယ ဆရာမ နုနုရည်(အင်းဝ)၊ နောက်ဆုံး မင်းသားကား
ဆရာ မောင်သာချို။








www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်ကတော့ နားထောင်သူသက်သက်။ ကျွန်တော့်အနေဖြင့် မဂ္ဂဇင်းတိုက်ကို ခွင့်ကြိုတင်မတောင်း။ ကားဂိတ်ရောက်မှ ဒုတာဝန်ခံ အယ်ဒီတာထံ ဖုန်းနှင့် ခွင့်တောင်းခဲ့ပြီး ထွက်ခဲ့ရသည့် စေတုတ္တရာခရီး။ စိတ်ဆိုးလည်း ဆိုးပါစေ၊ အလုပ်ပြုတ်လည်း ပြုတ်ပါစေတော့။ ကျွန်တော် ထင်ရာ လုပ်ရ၍၊ ကျွန်တော်မှန်သည်ထင်ရာ သွားခဲ့ရ၍၊ ဤလို နာမည်ကြီး ဆရာ၊ ဆရာမတွေနှင့် စာပေဟောပြောပွဲခရီးသွားခွင့်ကြုံခဲ့ရ၍ ကျေနပ်နေမိသည်။ အလုပ်ပြုတ်မယ်ဆိုရင်လည်း သွားရသည့် ခရီး၊ တွေ့ခဲ့ရသည့် ဆရာ၊ ဆရာမများ၏ အရှိန်အဝါကြောင့် ပေးဆပ်ရကျိုးနပ်သည်ဟု တွေးရင်း စိတ်မပူမိပါ။

ကျွန်တော့်အနေနှင့် အမြတ်ရပါသည်။ ဤဆောင်းပါးရေးသားခွင့်ရ၍ ပိုပြီးကျေနပ်မိပါသည်။

ကျွန်တော် အဓိက တင်ပြလိုသည်မှာ ကျွန်တော်ရောက်ရှိခဲ့သည့် စေတုတ္တရာမြို့သမိုင်းနှင့် ကျောက်ခမောက်ဘုရားသမိုင်းအကြောင်းသာ ဖြစ်ပါသည်။

* * *

စေတုတ္တရာမြို့တည် သမိုင်းကို လေ့လာခဲ့မိသမျှ အကျဉ်းကို တင်ပြလိုပါသည်။

စလင်းမြို့ကြီး၏ အရှေ့လေးမြို့အပါအဝင်ဖြစ်သော စေတုတ္တရာမြို့ကို သာသနာတော်နှစ် ၁၆၃၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၄၇၀ပြည့်နှစ်တွင် ထီးလှိုင်ရှင်၏ မြေးတော် အလောင်းစည်သူ ရှေ့ဒါယကာဖြစ်တော်မူသော မင်းချမ်းသာ၏ လက်ထက် သာသနာတော်နှစ် ၁၆၄၂ခုနှစ်၊ ကောဇာသက္ကရာဇ် ၄၆၀ပြည့်နှစ်အရောက် ကဆုန်လဆန်း ၁ရက် တနင်္လာနေ့ နှစ်ချက်တီးချိန် နက္ခတ် ၁၆လုံးပြည့်သည့်အချိန်တွင် ထီးလှိုင်ရှင် မင်းသားနှင့် သားတော်ဖြစ်သော တောင်ဝ ဂုခရိုင်ကို စိုးအုပ်စိုးရင်ခွင့်ရှိသည့် မင်းသိရိခေတ္တရာတို့သည် ပုရံကပ္ပတိုင်းအတွင်း စေတနတ်ကြီးနေသော စေတုတ္တရာ တောင်ဦးတွင် "စေတုတ္တရာ"ဟူသော အမည်သမုတ်ကာ မြို့ကို တည်စေသည်။

စေတုတ္တရာမြို့တာ အကျယ်အဝန်းမှာ အရှေ့အနောက် ၂၃တာ၊ တောင်မြောက် ၃၅တာ၊ အဝန်း ၁၁၆တာနှင့် တံခါးလေးဝတို့အပြင် နတ်မင်းကြီး နေစံတော်မူရန် တ ဆောင်းတော်နှင့် တစ်ပြိုင်နက်တည်း တည်ခဲ့သည်။ မြို့၏ လေးဘက်လေးတန် တံခါးအမည်တော်များမှာ အရှေ့မျက်နှာ တံခါးအမည်မှာ အောင်စွာတံခါး၊ အနောက်မျက်နှာတံခါး အမည်မှာ ကုလေးတံခါး၊ တောင်မျက်နှာတံခါးအမည်မှာ ဝေယျာတံခါးနှင့် မြောက်မျက်နှာတံခါးအမည်မှာ စေတတံခါး ဟူ၍ ခေါ်ဝေါ်တည်ဆောက်ခဲ့ကာ တံခါးအကျယ်ကို တံခါး တိုင်း တစ်တာစီ ကျယ်ဝန်းစေခဲ့ပါသည်။

အရှေ့တံခါးမှ အနောက်တံခါးအထိ ၂၉တာ၊ အနောက်တံခါးမှ တောင်တံခါးအထိ ၂၉တာနှင့် တောင်တံခါးမှ မြောက်တံခါး၊ မြောက်တံခါးမှ အရှေ့တံခါးအထိ ၂၉တာ ကျယ်ဝန်းသဖြင့် တာအကျယ်အဝန်းပေါင်း ၁၁၆တာ ကျယ်ဝန်းစေပါသည်။ စေတုတ္တရာမြို့၏ အရှေ့တောင်တွင် ရှိ ရောက် လမ်းမကြီး မဖဲမြေစပ်၊ အနောက်တောင်အရပ်တွင် ချင်းတောင်ကြီး တောင်ကိုင်းလိုင်း၊ အနောက်အရပ်တွင် ဧရာဝတီကျဉ်းချိုင်း မြောက်အရပ်တွင် ကြာအင်းနတ်ရေကန် ပိတောက်သုံးခွ၊ အရှေ့အရပ်တွင် တောင်သုံးလုံးအကြား လဟာချင်းရွာ၊ အောင်စွာနတ်နေသည့် လေးတင် သစ်ပင် အကြား အတွင်းချင်း ၁၉ရွာ၊ မြန်မာရွာ ၁၀ရွာ၊ ချောင်းကြီး သုံးချောင်း၊ တောင်ကိုးလုံး။ ဘုရားနှစ်ဆူနတ်ကြီးကို တ ဆောင်းဝန်းနှင့်တကွ တည်တော်မူခဲ့သည်ဟု လေ့လာခဲ့ရ သည်။

စေတုတ္တရာပြည်တွင် သာသနာတော်နှစ် ၁၆ဂ၀ ပြည့် နှစ်၊ သက္ကရာဇ် ၄၉၁ခုနှစ်တွင် အလောင်းစည်သူ ရှေ့ ဒါယကာ မင်းချမ်းသာသည် ဗေယျာသိဒ္ဓိအမတ်ကို ကြီးကြပ် စေ၍ ကောသမ္ဗီပြည်၌ စန္ဒကူးကျောင်းတော်ရာ စေတီ ယောသိတာရုံ၊ ကုက္ကုဋာရုံ၊ ပါဝါရုံ၊ ဂန္ဓာရုံအမည်ရှိ ကျောင်း တော် လေးဆောင် တည်တော်မူစေပြီး မြောင်းမြေ



www.burmeseclassic.com

www.burmeseclassic.com




မြို့ ၉၉မြို့၊ ဘုရား ၉၉ဆူ၊ သိမ် ၉၉သိမ်ကို တည်တော်မူပြီးနောက် တောင်စဉ် ဂုခရိုင်နှင့်တကွ စေတုတ္တရာမြို့ကို မင်းသီရိခေတ္တရာအား ချီးမြှင့် ပေးသနားတော်မူခဲ့သည်။ စေတုတ္တရာမြို့အပိုင်းအခြားမှာ အရှေ့ရောဝတီအထိ၊ အနောက် ခရိုင် ရေဝေရှမ်းရွာအထိ၊ မြောက် နတ်ရေကန် ကြာအင်းအထိ၊ တောင် တောင်ရိုးကိုင်းလိုင်း။ ကျောက်တောင်၊ နတ်မောက်အတွင်း၊ ချင်း ၆၇ရွာ၊ မြန်မာ ၁၂၄ရွာ၊ သူကြီး ၂၈၀၊ ဘုရား ၇ဆူ၊ ချောင်းကြီးရေရှင် သုံးချောင်း၊ ချောင်းငယ်ရေရှင် တစ်ချောင်းအထိဖြစ်သည်။

သာသနာတော်နှစ် ၁၈၂၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၆၄၀ခု၊ နရသီပတေ့မင်းကြီးလက်ထက်တွင် အမတ်ကြီးမှူးပကျဉ်ကို စေတုတ္တရာမြို့စားခန့်တော်မူခဲ့သည်။ သာသနာတော်နှစ် ၂၀၀၂ခု၊ ကောဇာသက္ကရာဇ် ၈၂၀ပြည့်တွင် ထူပါရုံဒါယကာမင်းကြီး နရပတိမင်းကြီးလက်ထက် သီရိဇေယျာနော်ရထာကို စလင်းမြို့စားအဖြစ် ခန့်အပ်ခဲ့သည်။ သာသနာတော်နှစ် ၂၁၈၁ ခု၊ ကောဇာသက္ကရာဇ် ၉၉၉ခုနှစ်၊ ဒါယကာမင်းကြီး မင်းရဲနန္ဒမိတ်ရေကျမင်းလက်ထက် ကျွန်တော်မျိုးမြို့ရွာအပေါင်းတို့ကို ဒိုင်ဘွဲ့ဖက်တည်သော်လည်း စေတုတ္တရာမြို့သည် ချင်းလင်းအခွန်ဆက်မြို့ဖြစ်၍ ဒိုင်မဘွဲ့မတက်...။

◆◆◆

ကျောက်ခမောက်ဘုရားတည်ရာအရပ်မှာ စေတုတ္တရာမြို့၏ အနောက်တောင်အရပ် ခိုဝင်ရွာအနီးရှိ နတ်ရဲတောင်ခြေရင်း၊ ဆီမီးချောင်းကမ်းနဖူးရှိ ကျောက်တောင်ကြီး၏ ထိပ်တွင် တည်ရှိသည်။ ခမောက်ပုံစံ ကျောက်တုံးပေါ်တွင် တည်ထား ကိုးကွယ်ခဲ့၍ ဤဘွဲ့တော်တွင်ခဲ့သည်ဟု ထင်ပါသည်။ ဤကျောက်ခမောက်ဘုရားသည် စေတုတ္တရာမြို့တည် သမိုင်းနှင့် ဆက်စပ်နေပြီး ပုဂံ၌ စိုးစံသည့် ကျန်စစ်သားမင်းကြီး၏ သားတော် မင်းဇေယျခေတ္တရာသည် မြန်မာသက္ကရာဇ် ၄၆၀ ခု ခရစ်သက္ကရာဇ် ၁၀၉၈ ခု၊ သာသနာတော်နှစ် ၁၆၄၂ခု၊ တန်ဆောင်မုန်းလဆန်းတစ်ရက်၊ မြန်မာစံတော်ချိန် နှစ်ချက်တီးတွင် စေတုတ္တရာမြို့ကို တည်ရန်အတွက် နေရာဌာန ၅နေရာကို ရွေးချယ်ခဲ့သည်။

ထို့နောက် မင်းဇေယျခေတ္တရာအား ချင်းလူမျိုးများကစည်ပုတ်၍ ကြိုရာမှ စည်ပုတ်ရာနေရာ၊ စည်ပုတ္တရာမှ စည်တုတ္တရာဟု ခေါ်လာခဲ့ရာ ရသေ့ကြီး ဦးမြိုင်လက်ထက် ၁၁၀၀ပြည့်နှစ်အထိ စတုတ္တရာဟု ခေါ်ခဲ့ကြောင်း လေ့လာခဲ့သည်။ ထို့နောက် ဇေတနတ်ကွန်း၏ မြောက်ဘက်တွင် ပြောင်းသွဲ့ခဲ့၍ ဇေတုတ္တရာဟုလည်း ခေါ်တွင်ခဲ့ကြောင်း၊ နောက်



စေတုတ္တရာဟု ယနေ့တိုင်-ခေါ်တွင်ဆဲဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။

စေတုတ္တရာမြို့ကို အလောင်းမင်းတရား၏ ဦးရီးတော် မင်းသီရိရန္တဇက ဆက်လက်အုပ်စိုးခဲ့ကြောင်း။ ၎င်းမြို့ကို မြန်မာမင်းအဆက်ဆက် အုပ်စိုးခဲ့ရာ မင်းတောင်အုပ်စု၊ ဇာတောင်အုပ်စု၊ ထင်းရှူးတောင်အုပ်စု၊ စွန်တောင်အုပ်စု မှ၍ ရွာတည်လာခဲ့ကြောင်း၊ ချင်းရွာများ ပေါ်လာခဲ့ကြောင်း၊ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် မှန်းချောင်းအတွင်း ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်စဉ် တပွင်ရွာအရောက် နွားကျောင်းနေသည့် ချင်းလုံမယ်(မအောင်မေ)ကို မြင်ရာမှ မြတ်နိုး၍ တော်ကောက် မြှောက်စားခဲ့သည်။

ထို့နောက် ဆက်လက် စုန်ဆင်းလာရာ တပွင်ရွာမှ မအောင်မေ၏ ဆွေမျိုးများရန်ကြောင့် ဆီမီးချောင်းအထက်ပိုင်းသို့ ဆန်တက်လာရာ ခိုးဝင်ရွာသို့ ရောက်ရှိခဲ့သည်။ ကျောက်ခမောက်တောင်ခြေတွင် စခန်းချရပ်နားကာ ခိုးဝင်သောရွာကို ခိုဝင်ရွာဟု လည်းကောင်း၊ ဆက်လက်ချီတက်ခဲ့ရာ မအောင်မေကို ရွာတစ်ရွာ၌ ဝှက်ထားရာ ထိုရွာကိုလည်း အောင်မေကိန်းရွာ၊ မေထိန်းရွာ၊ နောက် မထိမ်းရွာဟု ခေါ်ခဲ့ကြောင်း လေ့လာခွင့်ရခဲ့ပါသည်။

ထိုစဉ် မအောင်မေ၏ မိခင်(ဒေါ်ဗလန်)လိုက်လာပြီး ရေကစားနေသည့် သမီးတော်ကို တွေ့၍ သမီးရေချိုးသောချောင်းကို သမီးချောင်းဟု ခေါ်တွင်ခဲ့ကြောင်း သိရှိရသည်။ ၎င်းနောက် ထိုသမီးချောင်းကို ဆီမီးချောင်းဟု အမည်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com





လဲခေါ်ဝေါ်လာသည်ဟု ဆိုပါသည်။

မြန်မာသက္ကရာဇ် ၁၃၀၀ပြည့်၊ ခရစ်သက္ကရာဇ် ၁၉၃၈ ခုနှစ်မတိုင်မီ ၎င်းကျောက်ခမောက်တောင်တွင် ကျောက်ခမောက်အရှင်ကြီးရှိသည်ဟု ယူဆခဲ့ကြောင်း၊ ထို့ကြောင့် ကြက်၊ ဝက်၊ ဆိတ်တို့ကို သတ်၍ ယင်ပူဇော်ခဲ့ရာ ကိုလိုနီခေတ်ဖြစ်၍ အင်္ဂလိပ်အရေးပိုင်တစ်ဦးရောက်ရှိလာပြီး ၎င်းကျောက်ခမောက်တုံးကြီးအား သံကြိုးများဖြင့် ချည်နှောင်ကာ ဆင်များဖြင့် ဆွဲချခဲ့သည်။ ထိုကျောက်တောင်မှာ ပြိုကျလာခြင်းမရှိ၍ အထူးအံ့ဩရကြောင်း၊ သို့သော် နယ်ခံလူများက ကျောက်ခမောက်အရှင်ကြီး တကယ်ရှိသည့်ထင်၍ မိစ္ဆာအယူကို ပိုပြီးမြဲခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ထို့ကြောင့် ယင်ပူဇော်မှုကို အကုသိုလ်တရားများဖြင့် လွှန်ကဲလာသည့်အတွက် ဦးစရိယ (ခေါ်) ရသေ့ကြီး ဦးမြိုင်သည် မြန်မာသက္ကရာဇ် ၁၃၀၈ ပြည့်၊ ဝါခေါင်လပြည့်နေ့တွင် စေတီတော်တစ်ဆူကို တည်ထားခဲ့သည်။ ၎င်းစေတီမှာ ဖိနပ်တော် နှစ်တောင်၊ ဉာဏ်တော် လေးတောင်သာ အမြင့်တော်ရှိခဲ့သည်ဟု ဆိုပါသည်။ ၎င်းစေတီကို "လောကသာမိ ဣန္ဒိဇေယျရှင်"ဟု ဘွဲ့တော်ပညတ်ခဲ့ကြပြီး တန်ခိုးတော်နှင့်ပြည့်စုံပြီး ရန်အပေါင်းကို အောင်မြင်တော်မူသော လောကအရှင်သခင် မြတ်စွာဘုရားဟု အဓိပ္ပာယ်ရပါသည်။

ထို့နောက် စေတုတ္တရာတစ်နယ်လုံး အေးချမ်းမှု ကင်းစင်လာသည့်အတွက် နှစ်ပေါင်း ၄၀ကျော် ၄၅နှစ်အထိ ကျောက်ခမောက်ဘုရားသည် တိမ်မြုပ်ခဲ့ရာမှ မြန်မာသက္ကရာဇ် ၁၃၄၆၊ နတ်တော်လဆန်း ၉ရက်နေ့တွင် မြန်မာသမားတော် သူတော်စင် ဆရာကြီး ဦးမှန်းသည် စေတီအား ရွှေထီးတော်ကို တင်လှူ ပူဇော်ခဲ့ပါတော့သည်။ ဤသို့ ဘူမိနက်သန် နေရာမှန်သည့် စေတီအား ရွှေထီးတော်ကို တင်လှူ ပူဇော်ခဲ့ပါတော့သည်။ ဤသို့ ဘူမိနက်သန် နေရာမှန်သည့် သာသနာ့နယ်မြေဖြစ်၍ ကျောက်နဂါးကျောက်တန်းကြီးပေါ်တွင် ဆုတောင်းပြည့် ဂုန်အောင်စေတီနှင့် ဆုတောင်းပြည့် ရန်မြေမာန်မြေစေတီများကို သက္ကရာဇ် ၁၃၁၄ ခု၊ နတ်တော်လတွင် ရသေ့ကြီး ဦးပဏ္ဏာဝ (ခေါ်) ဦးဘိုးနွဲ့က တည်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဆုတောင်းပြည့် ရန်အောင်စေတီတော်ကို သက္ကရာဇ် ၁၃၃၄ခုနှစ်တွင် ၎င်းစေတီတော်များ ပြိုကျခဲ့၍ ၁၃၄၈ ခုနှစ်တွင် ပြန်လည်ပြုပြင်၍ ထီးတော်တင်လှူခဲ့ကြရပါသည်။ ဆုတောင်းပြည့် ရန်မြေမာန်မြေ စေတီတော်ကို ၁၃၅၀ပြည့်နှစ်(၁၇-၃-၀၉)တွင် အသစ်တည်ထား ကိုးကွယ်ခဲ့ကြသည်ဟု လေ့လာသိခွင့်ရခဲ့ပါတော့သည်။

ကျွန်တော့်အနေဖြင့် စေတုတ္တရာမြို့ ကျောက်ခမောက်ဘုရားသမိုင်းကြောင်းနှင့်အတူ ဆရာငြိမ်း၊ ဆရာချို၊ ဆရာမနုနုရည်(အင်းဝ)တို့ဖြင့် ခရီးအတူထွက်ခွင့်ရ၍ ကုသိုလ်လည်းရ၊ ဝမ်းလည်း ဝ ဆိုဘိသကဲ့သို့ များစွာအကျိုးရှိခဲ့ပါတော့သည်။ စေတုတ္တရာမြို့ သမိုင်းနှင့် ကျောက်ခမောက်ဘုရားသမိုင်းအကြောင်းကို အကျဉ်းချုပ်၍သာ တင်ပြရခြင်းဖြစ်ပါသည်။ လိုအပ်ချက်များ အများအပြားကျန်သေးသည်ကို ခွင့်လွှတ်နားလည်ပေးနိုင်ကြပါစေ။

(စာပေဟောပြောပွဲ ဖြစ်မြောက်ရေးအတွက်နှင့် ကျောက်ခမောက်ဘုရားကို လိုက်ပို့ပေးကြသော စေတုတ္တရာလူငယ်များ၊ အမျိုးသမီးများအားလုံးကို ဤဆောင်းပါးဖြင့် ကျေးဇူးဆပ်လိုက်ရပါတော့သည်။)။

* * *

ဇွန်းကြီးသားတင်ဝင်းဦး



www.burmeseclassic.com

www.burmeseclassic.com



# အဖေ့သွေးနှင့် အမေ့သစ္စာ

ဇွဲလုလင် (မအူပင်)

www.burmeseclassic.com

www.burmeseclassic.com



(၁)

မြတ်ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးကာ စံတော်မူစဉ်အခါကာလဖြစ်၏။

ဘုရားသားတော် တပည့်သာဝက ရဟန်းတော်များသည် အလှူခံရရှိလာကြသော ဆွမ်းနှင့် ဘောဇဉ်ချိုချဉ်ရသာအစုစုကို ဆောင်ယူကာ ဝိသာခါကျောင်းအမကြီးနှင့် အနာထပိဏ်သူဌေးကြီးတို့၏ နေအိမ်အသီးသီးသို့ ကြွရောက်သီတင်းသုံးကာ ဆွမ်းကိစ္စကို ဘုဉ်းပေး သုံးဆောင်ကြစမြဲဖြစ်ကြ၏။ ဤသို့ ဝိသာခါနှင့် အနာထပိဏ်တို့၏ စံအိမ်တော်များအနေနှင့်လည်း နေ့စဉ်နှင့်အမျှဆိုသလို မငြိုမငြင်စောင့်ရှောက်ပြုစုကြ၏။ ကြွလာသမျှသော ရဟန်းတော်များအတွက် အသင့်ဆိုသလိုပင် နေရာထိုင်ခင်းများ ကျယ်ဝန်းစွာ ပြင်ဆင်ထားစမြဲဖြစ်ပြီး ရိုရိုသေသေနှင့် ကျွမ်းဝင် ရင်းနှီးစွာ ရဟန်းတော်များအပေါ်တွင် အယုတ်အလတ် အမြတ်မရွေး တန်းတူရည်တူပင် စောင့်ရှောက်နေကြမြဲသာ ဖြစ်လေသည်။

ထိုတိုင်းပြည်ကြီး၌ အုပ်ချုပ် မင်းလုပ်နေသော ကောသလမင်းကြီးသည်လည်း ဝိသာခါနှင့် အနာထပိဏ်တို့လိုပင် မြတ်ဗုဒ္ဓဘုရားရှင်နှင့် တပည့် ရဟန်း သံဃာတော်တို့ကို တရင်းတနှီး အကျွမ်းတဝင်ဖြစ်လိုလှစွာ စဉ်းစားပြီးသော် ကြီးကျယ်ခမ်းနားလှသော ဆွမ်းစား ဇရပ်နှင့် မဏ္ဍပ်ကြီးကို ဆောက်လုပ်လှူဒါန်း၍ ဆွမ်းခဲဖွယ်ချိုချဉ်ရသာအဖြာဖြာတို့ကိုလည်း တစ်နေ့တစ်မျိုး မရိုးရလေအောင်လောင်းလှူစေ၏။ သို့သော်ငြားလည်း သူကိုယ်တိုင်ကိုယ်ကျတော့ မဆောင်ရွက်။ မင်းမှုထမ်း၊ အစေအပါးတို့နှင့်သာ လွှဲအပ်မှု ပြုထားခဲ့၏။ ကောသလမင်းကြီး၏ ရိက္ခာတော်တာအမှုထမ်း အရာထမ်း မှူးမတ်အခြွေအရံတို့သည် ရဟန်းသံဃာတော်များအပေါ် စေတနာ သဒ္ဓါ မပါရှိဘဲ မင်း၏ စီမံ လမ်းညွှန်မှု အမိန့်တော်အရသာ ပြုစုလှူဒါန်းနေသူများအဖြစ် ဝတ်ကျေတန်းကျေသာ ပြုစုကြလေသည်။ ရဟန်းသံဃာတော်များနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိကြချေ။ သို့ဖြစ်၍ နေ့စဉ် ဆွမ်းအလှူခံ ထွက်ရှိလာသမျှသော ရဟန်းတော်အပေါင်းသည် ဆွမ်းကိုသာ အလှူခံ ရယူပြီးလျှင် ထိုမင်းကြီးဆောက်လုပ်လှူဒါန်းထားသည့် ဆွမ်းစား ဇရပ်ကြီးနှင့် မဏ္ဍပ်တို့တွင် သီတင်းမသုံး၊ ဆွမ်းကိစ္စအတွက်လည်း ဘုဉ်းမပေးကြ။ ဝိသာခါနှင့် အနာထပိဏ်တို့၏ စံအိမ်တော်များအပြင် အခြား ရင်းနှီးကျွမ်းဝင်ရာ ဒကာများ၏ အိမ်များထံသို့ ကြွသွားရောက်ကာ ထိုနေရာ၊ ထိုဌာနတို့၌သာ အလှူခံ ရရှိလာသည့်ဆွမ်းကို ဘုဉ်းပေး သုံးဆောင်ကြမြဲ ဖြစ်တော့၏။ ကောသလမင်းကြီးမှာ ကာလအတန်ကြာ၌ မိမိဆောက်လုပ်လှူဒါန်းထားရှိသည့် ဆွမ်းစား ဇရပ်ကြီးနှင့် ထိုမဏ္ဍပ်ကြီးတို့တွင် တဖြည်းဖြည်းနှင့် ရဟန်းတော်များ ကြွချီ သီတင်းသုံးမှုများ နည်းပါးလာမှုကို သိရှိသွားကာ မြတ်စွာဘုရားရှင်၏ ကျောင်းတော်ကြီးရှိရာသို့ ကိုယ်တိုင်ပင် သွားရောက်၍ မေးလျှောက်လေတော့၏။

"အရှင်ဘုရား . . . စားသောက်ဖွယ်ရာဘောဇဉ်တို့အနက် အဘယ်ဘောဇဉ်သည် အရသာထူးကဲပါသနည်း"

ဟု ပထမမေးခွန်းအဖြစ် မေးလျှောက်လိုက်၏။

"ဒါယကာ မင်းကြီး . . . အကျွမ်းတဝင်ရှိသူတို့၏ထံမှ ပေးလှူအပ်သော ဘောဇဉ်ဟူသမျှ လွန်စွာပင် အရသာရှိ၏။ အနည်းငယ်မျှသော ပအုံးရည်သည်ပင်လျှင် အကျွမ်းဝင်သောသူတို့က လှူအပ်သည်ရှိသော် အထူးပင် ကောင်းမြတ်ချိုနှိမြိန်သည်"

ဟု မိန့်ကြားတော်မူ၏။ ထိုအခါ မင်းကြီးက ထပ်မံတင်လျှောက်ပြန်၏။

"အရှင်ဘုရား . . . ရဟန်း သံဃာတော်တို့သည် အဘယ်သူများနှင့် အကျွမ်းတဝင်ရှိကြပါသနည်း"

ဟု မေးလျှောက်ပြန်လေသည်။

"ဒါယကာ မင်းကြီး . . . ရဟန်းတို့သည် အဆွေအမျိုးတို့နှင့် လည်းကောင်း၊ သာကီဝင်နွယ် မင်းမျိုးတို့နှင့် လည်းကောင်း၊ သူစိမ်းတစ်ရံဆံပင် ဖြစ်သော်ငြား ရိုသေပျဝပ်စွာ လေးစားသမှုရှိသူတို့နှင့် လည်းကောင်း အကျွမ်းတဝင်ရှိကြလေကုန်၏"

ဟု မိန့်ကြားပေးတော်မူလိုက်၏။

(၂)

ဤသို့ဖြင့် ကောသလမင်းကြီးသည် သူ၏ ရွှေနန်းတော်သို့ ပြန်လည်ရောက်ရှိလာပြီးလျှင် စဉ်းစားခန်းဝင်တော့၏။ မြတ်စွာဘုရားရှင်သည်ပင်လျှင် သာကီဝင် မင်းမျိုးမှ ဆင်းသက်လာသူ ကေန်ဖြစ်၏။ ငါသည်လည်း သာကီဝင် မင်းသမီးတစ်ပါးပါးကို မိဖုရားအရာသို့ တင်မြှောက်နိုင်ခဲ့သည်ရှိသော် ဘုရားရှင်နှင့် ဆွေတော်မျိုးတော် တော်စပ်နိုင်ရုံသာမက ရဟန်း သံဃာတော်များနှင့်လည်း ရင်းနှီးကျွမ်းဝင်သွားနိုင်အံ့



www.burmeseclassic.com

...မှော်လင့်ခဲ့ပြီးလျှင် သူ၏ အဆွေတော် သာကီဝင် ...ဖြစ်သည့် မဟာနာမ်မင်းထံ သာကီဝင် မင်းသမီး ...ကို သူအား ပေးဆက်ပါရန် ကပ္ပိလဝတ်ပြည်သို့ ...တမန်များ ပါဝင်သော သံအဖွဲ့ကို စေလွှတ်လိုက် ...

...ဟာနာမ်မင်းလည်း ရွှေလမ်းငွေလမ်းဖောက်လိုသည့် ...ကို ဖြည့်ဆည်းမပေးလျှင် နှစ်ပြည်ထောင် ချစ်ကြည် ...ပြားကာ စစ်မက်အရေးပင် ဖြစ်ပွားနိုင်ဖွယ် ရှိလေ ... မင်းသမီးတစ်ပါးကို ပေးအပ်လိုက်မည်ဆိုရင်လည်း ...ကီဝင်မျိုးနွယ်တို့ ပျက်ယွင်းကာ သွေးနှော ချေတော့မည့် ...ကြောင့် တိုင်းပြည်ရှိ သာကီဝင်အပေါင်းနှင့် တိုင်ပင် ... သူနှင့် "နာဂမုဏ္ဍာ" ကျွန်မတို့မှ သွေးနှော ဖွားမြင် ...သည့် လှပသော "ဝါသဘခတ္တိယာ" မင်းသမီးကိုသာ ...ဆက်လိုက်ကြတော့၏။

ဤသတို့သမီးသည် အဖ၏ သွေးကသာ သာကီဝင် ...ဖြစ်လင့်ကစား။ အမိသည် ကျွန်အမျိုးအနွယ်ဟု ဆို ...ပြုထားခဲ့သည်မဟုတ်ပါလော။ ထိုလှည့်ကွက်ကို မသိ ...သော ကောသလမင်းကြီးသည် ကပ္ပိလဝတ်ပြည် မဟာ ...မင်း၏ သမီးတော်တစ်ပါးအဖြစ် သာကီဝင်နွယ်ဟု ထင် ...ကာ အလွန်တရာပင် ချစ်ခင်မြတ်နိုးတော်မူခဲ့ပြီး မိဖုရား ...ရာ တင်မြှောက်ထားရှိ၏။ ထို့နောက် သားတော်လေး ...ပင် ထွန်းကားခဲ့လေရာ ထိုမင်းသားလေး၏ ဘိုးတော် ...နာမ်မင်းထံ ဘွဲ့အမည်နာမ တောင်းခံရာ၌ "ဝိဋူဍဘ" ...သားအဖြစ် ခေါ်တွင်စေသည်။

ထိုသားတော်လေး တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ...ရောက်ရှိလာသည့်အခါတွင် ကပ္ပိလဝတ်ပြည်ရှိ ဘိုးတော် ...နာမ်မင်းကြီးနှင့် သာကီဝင် ဆွေတော်မျိုးတော် အကြီး ...များထံသို့ ဝတ်ပြု ပူဇော်ကန်တော့နိုင်ရေး တခမ်းတနား ...လွှတ်လိုက်တော့၏။ သာဝတ္ထိပြည် ကောသလမင်းကြီး ... သားတော်ဖြစ်လာသူ ဝိဋူဍဘ မင်းသားလည်း သူ့မိခင် ...သည် ကျွန်မျိုးနွယ်ဖွားမှန်း မသိချေ။ သာကီဝင်အစစ်မဟုတ် ...ကြောင်းကို ကပ္ပိလဝတ်ပြည်ရှိ သာကီဝင်အပေါင်းကမူ သိရှိ ...ကြ၏။ ကျွန်မျိုးဟု ထိုမင်းသား၏ ကွယ်ရာတွင် နှာခေါင်း ...ကြ၏။ မလွဲမကင်းသာ ဆက်ဆံမှု ပြုခဲ့ကြ၏။ ဝိဋူဍဘ ...သားအပြန်တွင် သာကီဝင်အပေါင်းတို့က သူ နေထိုင် ...ခဲ့သော နေရာဌာန ထိုင်ခင်းများကို ကျွန်စော်နံသည်ဟု ...ည်များဖြင့် ဆေးကြောမှု ပြုကြလေသည်။ ဤသို့သော ...ရပ်နှင့် ဖြစ်စဉ်တို့ကို ဝိဋူဍဘမင်းသား၏ လက်စွဲ လူ

ယုံတော် တပည့်တစ်ဦးထံမှ ကြားသိလိုက်ရသောအခါ၌ ဒေါသအလွန်အမင်းဖြစ်ကာ သာကီနွယ်ဝင်အပေါင်းမုန်းသမျှ ကို အငြိုးအတေးကြီးစွာ ထားရှိလိုက်တော့၏။

သာဝတ္ထိပြည်သို့ ပြန်လည်ရောက်ရှိပြီးသည့်နောက် အခြေအနေမှာ ဆိုးဝါးစွာပင် ဂယက်တို့ ရိုက်ခတ်လာပြန် သည်။ သူ၏ မိခင် ဝါသဘခတ္တိယာသည် ကျွန်မက မွေးဖွား လာသော သမီးဖြစ်ကြောင်းနှင့် သာကီဝင်အစစ်အမှန်မဟုတ်၊ လိမ်လည်လှည့်ဖြားကာ ပေးဆက်ခြင်းခံရသူသာ ဖြစ်ကြောင်း တို့သည် သာဝတ္ထိပြည် နန်းတော်တစ်ခွင်လုံးတွင် သံတင်း ပျံ့နှံ့သွားတော့သည်။ မင်းကြီး၏ နားတော်သို့ ပေါက်ရောက် သွားခဲ့ပြီဖြစ်၍ သူ့ဖခင် ကောသလမင်းကြီးလည်း အရှက် ဒေါသဖြစ်လွန်းကာ ဘာကိုမှ မစဉ်းစားတော့ဘဲ မိဖုရား ဝါသဘခတ္တိယာနှင့် သားတော် ဝိဋူဍဘ မင်းသားတို့ကို လက်ရှိ ရာထူးဌာန အဆောင်အယောင်တို့မှ နုတ်ပယ်၍ ကျွန်အဆင့်အတန်းနှင့်ပင် နေထိုင်စေရန် အဆင့်နှိမ့်ချထား လိုက်လေတော့သည်။

ဖခင်ဖြစ်သူက လောကဓံတရားကို ခံနိုင်ရည်ရှိသော် ငြားလည်း မင်းပျိုမင်းလွင်ဖြစ်သော သားတော်မှာ ပေါက်ကွဲ မှုဒေါသတို့ ပိုမိုပြင်းထန်ခဲ့တော့၏။ တစ်နေ့ သာဝတ္ထိနန်းကို မရရအောင် ယူမည်။ သူ ဘုရင်ဖြစ်လာတဲ့အချိန်၊ သူ့အား မဘူမတန် ဆက်ဆံလိုက်ကြသည့် သာကီဝင်တစ်မျိုးလုံးကို ဤသို့ ကြိမ်းဝါးလိုက်တော့၏။

"အေး၊ နေနှင့်ကြပေဦး။ ပျလေသည့် ငုက်ခါး နားကာမှ သိမယ်ပေ့။ ဒင်းတို့တစ်မျိုးလုံးရဲ့ လည်ချောင်းသွေးနဲ့ ငါ့ခြေကို ဆေးကြောပစ်မည်၊ သိကြသေးတာပ"

သားတော်ဖြစ်သူ ဝိဋူဍဘ မင်းသားသည် သူ့ဘဝကို သူ နာကြည်းမှုမှတစ်ဆင့် လောကကြီးကိုပင် နာကြည်း သွားခဲ့လေပြန်သည်။

(၃)

မြတ်ဗုဒ္ဓဘုရားရှင်သည် ကောသလမင်းကြီး၏ ရွှေ နန်းတော်သို့ ကြွချီတော်မူလာခဲ့၏။ ကောသလမင်းကြီး လည်း ရိုသေလေးမြတ်စွာ ရှိခိုးကန်တော့ပြီးလျှင်...

"အရှင်ဘုရား...အရှင်ဘုရား၏ ဆွေတော်မျိုးတော် များ ဖြစ်ကြသည့် မဟာနာမ်မင်းနှင့် သာကီဝင်အပေါင်းတို့ သည် တပည့်တော်၏ ရွှေလမ်းငွေလမ်းဖောက်၍ ဆွေမျိုး တော်စပ်လိုသည့်အရေးအရာတွင် မစစ်မှန်သော သာကီနွယ် ဝင် မင်းသမီးကို အစစ်အမှန်သဖွယ် ပြုလုပ်ကာ ပေးဆက် လာကြပါတယ်။ ဤသို့သောအဖြစ်ကို တပည့်တော် သိရှိပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ဝါသဘခတ္တိယာ မင်းသမီးနှင့် သားတော် ဝိဋူဍဘတို့အား ကျွန်အဖြစ် နေရာချထားလိုက်ပါပြီ ဘုရား"

ဟု ဦးစွာပင် တင်လျှောက်လာလေတော့သည်။ ထိုအခါ၌ပင် သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်သည် ကောသလမင်းကြီးအား မဟာကရုဏာသက်စွာ ကြည့်တော်မူပြီးလျှင် ဤသို့ မိန့်မြွက်ဖြေကြားတော်မူလေ၏။

"ဒကာတော် မင်းကြီး… သည်းခံပါလော့။ သာကီဝင်မင်းတို့သည် မပြုသင့်သောကိစ္စကို ပြုခဲ့ချေပြီ။ သို့သော်ငြား လည်း ထိုသတို့သမီး ဝါသဘခတ္တိယာ၏ ဖခင်သည် သာကီဝင်အစစ်ဖြစ်တဲ့ မဟာနာမ်မင်းပင် မဟုတ်တုံလော"

"အရှင်ဘုရား…ဖခင်ကား မဟာနာမ်မင်းကြီးဖြစ်၍ သာကီဝင်မင်းမျိုး စစ်မှန်လှပါသည် ဘုရား"

ဟု ဖြေဆို ဝန်ခံလိုက်ရ၏။ ထိုသို့ ဝန်ခံဖြေကြားမှုကို ကြားသိရပြီးသည်နှင့် မြတ်ဗုဒ္ဓဘုရားရှင်သည် ဆက်လက်၍ မိန့်မြွက်ပြန်၏။

"မြတ်သော မင်းကြီး… မင်းသမီး ဝါသဘခတ္တိယာသည် မဟာနာမ်မင်း၏ သမီးတော်အရင်းဖြစ်၍ ထိုသတို့သမီးသည် မင်းသမီးအစစ်အမှန်ပင် ဖြစ်၏။ အဖ၏ အမျိုးသည်သာ အဓိကပင် မဟုတ်လော"

ဟု မိန့်ကြား ဆုံးမပြန်၏။

"မှန်လှပါသည် အရှင်ဘုရား"

"မြတ်သော မင်းကြီး…ကျွန်မျိုးနွယ် မိခင်၏ သမီးမင်ဖြစ်ငြားသော်လည်း မင်းကြီး၏ နန်းတော်တွင် မိဖုရားအရာသို့ တင်မြှောက်မှုဖြင့် ဘိသိက်အသွန်းခံထားရသူသာတည်း။ သင်၏ သွေးဖြင့် သားတော်ဖြစ်လာရသူ ဝိဋူဍဘသတို့သားငယ်သည်လည်း သည်ရေမြေကို အစိုးရသော မင်းကြီးဖြစ်သည့် သင့်ကို အစွဲပြု၍ ဖြစ်လာခဲ့သူတည်း။ ထိုသားသည် အဘယ့်ကြောင့် ကျွန်ဖြစ်ရမည်နည်း။ အဖ၏ သွေးဖြစ်၍ ဖခင်၏ ဥစ္စာဖြစ်သော တိုင်းနိုင်ငံ၏ အရှင်သခင် မဖြစ်ထိုက်ပြီလော။ အမေ့အမျိုးသည် အကြောင်းရင်းခံ မဟုတ်။ အဖမျိုးသည်သာ အဓိက မဟုတ်ပါလော"

ဟု ဒုတိယအကြိမ်မြောက် ဆုံးမ မိန့်ကြားလိုက်လေသည်။

ဤသို့ဖြင့် မြတ်ဗုဒ္ဓဘုရားသည် ကောသလမင်းကြီးအား အမျက်ဒေါသပြေအေးစေရန်အတွက် ဝါသဘခတ္တိယာမိဖုရားကို အကြောင်းပြု၍ အတိတ်ဇာတ်တော်တစ်ခုကို ဆက်လက်ဟောကြားပြန်၏။

(၄)

ဗာရာဏသီပြည် ဖြဟ္မဒတ်မင်းကြီး စိုးစံနေစဉ်ကာလ
ထိုမင်းသည် အခြွေအရံ နောက်လိုက်နောက်ပါတို့ဖြ
ဥယျာဉ်တော်သို့ လှည့်လည်လာကြရာ၌ အသီးအပွင့် ပန်း
တို့ကို နှစ်ခြိုက်စွာ သဘောကျပြီး ထိုဥယျာဉ်တော်အဝတွ
ရံရွေတော်များကို အစောင့်ချထားခဲ့ပြီးသော် သူတစ်ပါးတည်
ပင် လှည့်လည်ဝင်ရောက်၍ ကြည့်ရှုတော်မူ၏။

ထိုဥယျာဉ်၏ တောအုပ်အလယ်သို့ ရောက်ရှိနေခို
တွင် သာယာသော သီချင်းဆိုသံတစ်သံကို ကြားလိုက်
သဖြင့် ရွှေနားဆင်ကာ အသံလာရာအရပ်သို့ ချဉ်းက
ကြည့်ရှုမိလေ၏။ ကျေးတောသူ သူဆင်းရဲမလေးတစ်
ထင်းခွေရင်း သီချင်းသီဆိုနေကြောင်း သိရှိသွားခဲ့လေသည
ကျေးတောသူပင်ဖြစ်သော်လည်း သိမ်မွေ့၍ လှပကြော့
၏။ ဣန္ဒြေရှင် ထိုမိန်းမပျိုထံသို့ ချဉ်းကပ်သွားပြီးလျှင် တ
မက်သော သမုဒယစိတ်တော်ဖြင့် ချစ်ရေးငင်မိလေတော့
ရေ့ရေးခက် အကြောင်းကံဟု ဆိုရပေတော့မည်။ ထိုမိန်
ပျိုလေးနှင့် မင်းကြီးသည် အချစ်ရေယာဉ်ကြော၌ နစ်မြ
လွင့်ပါခဲ့ကြပြီးသကာလ၊ ဖြဟ္မဒတ်မင်းသည် မိမိ၏ နဝရ
လက်စွပ်တော်ကို ချွတ်၍ ချစ်ခြင်းမေတ္တာ၏ အထိမ်းအမှ
အဖြစ် ပေးအပ်ခဲ့ပြီးလျှင်…

"နမတော်လေး…သမီး မိန်းကလေး မွေးဖွားလာ
လျှင် ဤလက်စွပ်ကို ရောင်းချ၍ ရင်းနှီးစားသောက်ပေတော
သားယောကျ်ားလေး မွေးရင်တော့ ဤလက်စွပ်ကို ဆော
ယူ၍ ငါ့ထံ လိုက်ခဲ့ပါလော့"

ဟု အမှာစကားဆိုပြော၍ နန်းတော်သို့ ပြန်လေသည
ကာလအတန်ကြာသောအခါ ထိုကျေးတောသူ မိန်
ပျိုသည် ကိုယ်လေးလက်ဝန်အရင့်အမာဖြစ်တည်ခဲ့ပြီ၊ ဘု
အလောင်းတော်ဖြစ်လာမည့် သားတစ်ပါးကို ဖွားမြင် သန့်
ခဲ့ချေလသည်။ သန့်စွမ်းကျန်းမာအောင် မွေးမြူခဲ့ပြီး ဖခင်
ဆုံတွေ့ခွင့်ပေးအပ်ရန် အချိန်တန်ခဲ့ပြီဖြစ်သောကြောင့်
သားတော်ကို ချီပိုး၍ မင်းဘုရင်ရှိရာ နန်းတော်ကြီးသို့ လို
လာလေတော့သည်။ နန်းဆောင်အတွင်းဝယ် ညီလာ
ကျင်းပနေချိန်နှင့်လည်း တိုက်ဆိုင်နေရာ မင်းပရိသတ်
စုံညီစွာ ရှိနေကြ၏။ ညီလာခံ ရပ်နားချိန်၌ တွေ့ခွင့်ရသေ
အခါဝယ် ကျေးတောသူမသည်…

"အရှင်မင်းမြတ်…ဤကလေးငယ်သည်ကား အ
၏ သားတော်ပါတည်း"

ဟု လျှောက်တင်၍ ကလေးငယ်ကို ပြသ
၏။ ထိုအခါ မင်းဘုရင်သည် မင်းပရိသတ်တို့၏ အထ



www.burmeseclassic.com

www.burmeseclassic.com



...ဖြစ်၍ ရှက်တော်မူသဖြင့် ငြင်းချက်စကား မိန့်ဆိုပြန်၏။

"ငါ၏ ရင်သွေးတော် မဖြစ်နိုင်"ဟု တုံ့ပြန်လေ၏။

...ခါ ကျေးတောသူမသည် မိမိထံ ပေးအပ်ခဲ့သော ထိုမင်း...၏ နာရတ်လက်စွပ်တော်ကို ပြသလိုက်ပြန်၏။

"ဤလက်ဝတ်ရတနာသည် ငါ့လက်စွပ်မဟုတ်ချေ" ဟု ငြင်းပယ်စကားဆိုမိန့်ပြန်၏။ ဤအခါတွင် ကျေး...သူမသည် ခံစားမှု မျက်ရည်များ ပြည့်ထွန်းလာကာ ...သံဖြင့် လျှောက်တင်လေတော့သည်။

"အရှင်မင်းကြီး…ကျွန်တော်မျိုးမသည် တောဥယျာဉ်...ကြင်းက သူဆင်းရဲမအဖြစ်နှင့် ထင်းခွေရသူဖြစ်ငြားသော်...ည်း တစ်နေ့ ဤသို့ ကိစ္စဖြစ်လာလိမ့်မည်ဟု ကြိုတင်... တွေးထင်ထားခဲ့သူဖြစ်ပါ၏။ သို့ပင်သို့ငြားသော်လည်း ...င် မင်းကြီးအပေါ် မြင်မြင်ချင်း နှစ်သက်စွာ ချစ်ခင်မိခဲ့၏။ ...ကလေးငယ်သည် မင်းကြီး၏ သွေးသားအစစ်ဖြစ်ပါသည်။ ...သစ္စာစကားမှန်ကန်ခဲ့သည်ရှိသော် မိမိလက်ဝယ်၌ ရှိသော ...သားငယ်သည် ကောင်းကင်ထက်၌ တည်ပါစေသား။ ...ငယ်၍ မဟုတ်မမှန်ခဲ့လျှင် နန်းရင်ပြင်သို့ ကျ၍ သေပွဲ...ပါစေသား"

ဟု ဆုပန်သော စကားဆိုပြောပြီးသည်နှင့် ဘုရား...လောင်းတော်ဖြစ်လာမည့် သားငယ်ကို လက်အစုံဖြင့် ...င်၍ အထက်ကောင်းကင်သို့ ပစ်တင်လိုက်လေ၏။

ထိုအဖြစ်အပျက်ကို မြင်တွေ့လိုက်ရသော မင်း...တ်အပေါင်းတို့သည် အံ့သြဘနန်းဖြစ်ကာ…

"အို…ဟင်…ဟယ်…ဘယ်လိုလုပ်လိုက်တာပါ...း"

ဟု အာမေဋိတ်အသံမျိုးစုံ ထွက်လာကြတော့သည်။ ...အလောင်းတော်ဖြစ်လာမည့် သားငယ်လည်း ပစ်တင်...က်သော ခဏ၌ လေထဲတွင် တင်ပလ္လင်ဖွဲ့ခွေလျက် ...ည်တန့်နေပြီးလျှင် သာယာသောအသံဖြင့် ဖခင်ဖြစ်သူ ...ကြီးအား စကားဆိုပြောလေတော့၏။

"မင်းကြီး…အကျွန်ုပ်သည် ဤမိခင်မှ မွေးဖွားသော ...၏ သားအစစ်တည်း။ ကျွန်ုပ်ကို မွေးမြူတော်မူပါ။ ပိုက်...တော်မူပါ။ အခြားသူတစ်ပါးတို့ကိုပင် ကျွေးမွေးစောင့်...က်နိုင်သေးလျှင် မိမိရဲ့ သွေးသားအရင်းအချာကို အဘယ်...ကြောင့် မမွေးမြူနိုင်ရမည်နည်း"

ထိုအခါ၌ မင်းကြီးသည် ကြီးစွာသော နောင်တ တရား...သွားခဲ့ပြီးလျှင်…

"ငါ၏ ချစ်သား…ဖခင်ထံ လာလော့"

ဟု ရာဇပလ္လင်ထက်မှ လက်ဆန့်တန်း၍ ခေါ်ငင်တော်မူလိုက်စဉ် ကလေးငယ်သည် ကောင်းကင်မှ သက်ဆင်း၍ မင်းကြီး၏ ရင်ခွင်၌ တည်လေသည်။ မင်းကြီးသည် သစ္စာ စကား မှန်ကန်စွာ ပြောဆိုရဲသော ကျေးတောသူမအား မိဖုရားအရာ တင်မြှောက်ပြီး ဘုရားအလောင်းတော် သားငယ် ကိုလည်း အိမ်ရှေ့မင်းအရာသို့ အပ်နှင်းကာ စောင့်ရှောက် မွေးမြူခဲ့လေသည်။

ဖခင် မင်းကြီး နတ်ရွာစံသော် ထိုသားငယ်သည် "ကဋ္ဌဝါဟန"ဘွဲ့အမည်တော်ဖြင့် မင်းဖြစ်ခဲ့လေတော့၏။ မြတ်ဗုဒ္ဓဘုရားရှင်သည် ဤမည်သော အတိတ်က ဇာတ်တော်ကို ဟောကြားပေးတော်မူပြီးလျှင် ကျေးတောသူ အမိသည် ယခုအခါ မယ်တော် မာယာဖြစ်ခဲ့၏။ အဖဖြစ်ခဲ့သော ဗြဟ္မဒတ်ဘုရင်သည် သုဒ္ဓေါဒနမင်းဖြစ်လာခဲ့ပြီး သားတော် ကဋ္ဌဝါဟနသည် ငါဘုရားပင် ဖြစ်လာချေပြီဟု ဇာတ်တော်ကို ပေါင်းစုံပြလိုက်လေ၏။

(၅)

ဤသို့ဖြင့် မြတ်ဗုဒ္ဓဘုရားရှင်သည် အတိတ်က ဇာတ်တော်တစ်ခုအား ဟောကြားဆုံးမပြီးနောက် မင်းကြီး ကောသလအား မဟာကရုဏာတော်သက်သော အကြည့်ဖြင့် ကြည့်တော်မူပြီး…

"မြတ်သော ဒါယကာ မင်းကြီး…အဖ၏ သွေးသည်သာ ပဓာန၊ အဖမျိုးသည်သာ အဓိက ကျပေသည်ဟု မှတ်လေလော့"

ဟု မိန့်ကြား ဆုံးမပေးတော်မူပြီးသည့်နောက် ကြွမြန်းသွားလေတော့၏။

ကောသလမင်းကြီးလည်း အလုံးစုံ သိမြင်ခဲ့ပြီးဖြစ်၍ အယူအဆတွေ မလွဲချော်တော့ဘဲ မြတ်ဗုဒ္ဓ၏ တရားစကားကို နာကြားခဲ့ရပြီးလျှင် သားအမိနှစ်ဦးအား ကျွန်အရာမှ နုတ်ပယ်၍ မူလအဆောင်အယောင်နှင့် ပေးမြဲ စည်းစိမ်ကို ပေးတော်မူကာ မိဖုရားနှင့် သားတော်လေး ဝိဋူဍဘကို သံသယကင်းစင်စွာ အသက်ထက်ဆုံး ချစ်ခင်တော်မူခဲ့လေသည်။ သာဝတ္ထိ နန်းတွင်းသူ နန်းတွင်းသားအပေါင်းတို့သည် လည်း ဝမ်းမြောက်ဝမ်းသာစွာ ဖြစ်ခဲ့ကြလေတော့သတည်း။

* * *

ဇွဲလှလေး(မအူပင်)



www.burmeseclassic.com

www.burmeseclassic.com



# ဆောင်းဆဲသော ညတစ်ည

မင်းဖေမြင့်
[ မုံ၃ ]

ဘဝတိုးတက်လာစေရန်အတွက် ညအိပ်ခြင်းကို လျှော့ရမည်။ ညကို ကောင်းကောင်း အသုံးချတတ်ရမည်။ မြတ်စွာဘုရားက ရာဇဂြိုဟ်မြို့သို့ ကြွသွားနေစဥ် ကုန်ရောင်းကုန်ဝယ်ဖြင့် ရောက်ရှိနေသော အနာထပိဏ်သူဌေးသည်

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရောက်ရှိနေသည်ကို ကြားသိရသောအခါ အချင်း မြို့ထဲသို့ ဝင်ပြီး မြတ်စွာဘုရားကို ဖူးတွေ့ရန်အတွက် သွားသည်တွင် ညမိုးချုပ်သွား၍ မြို့ပြင်ပတစ်နေရာတွင် ရွှေအိပ်စက်ခဲ့ရသည်။ ထိုသို့အိပ်စက်နေစဉ် အိပ်မပျော်ဘဲ မြတ်စွာဘုရားကိုသာ တွေ့လို၊ ဖူးလိုသော ဆန္ဒဖြင့်သာ ရှိနေ၏။ ထိုသို့ဖြစ်နေစဉ်တွင် နတ်တို့၏ အစောင့်အရှောက်ဖြင့် မိုးလင်းခါသည် ပွင့်လာပြီး အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားရှိရာသို့ သွားရာ၌ မြတ်စွာဘုရားက မြို့ပြင်ပရှိသော တစ်နေရာတွင် ရောက်နေပါသည်။

ထိုအခါ မြတ်စွာဘုရားရှိရာ တောသို့ လိုက်သွားပြန်ရာ လမ်းခရီးတစ်နေရာတွင် ခွေးဟောင်သံ၊ မျောက်အော်သံ များကြားရသဖြင့် ထိတ်လန့်ခြင်းဖြစ်ကာ ကြောက်စိတ်ဝင်လာပြီး နောက်သို့ ဆက်လက်၍ ခရီးမသွားဝံ့တော့ဘဲ နေ၏။ အနာထပိဏ်သူဌေး၏ စိတ်ထဲ၌ ရှေ့သို့ ခရီးဆက်လက်၍ သွားသင့်၊ မသွားသင့်ဖြစ်နေသည့်အချိန်၌ နတ်တို့၏ တိုက်တွန်းနှိုးဆော်ချက်ဖြင့် နောက်သို့ ဆုတ်၍သွားခဲ့သည်ရှိသော် ကောင်းသော ညတစ်ညဖြစ်သည်ကို သိမြင်လာသည့်အခါ၌ ရှေ့သို့ ခရီးဆက်ကာ မြတ်စွာဘုရားကို ဖူးတွေ့ရသည်။

မြတ်စွာဘုရားသခင်က အနာထပိဏ်သူဌေးကို တွေ့လျှင် တွေ့ချင်း သူဌေး၏ ငယ်နာမည်ဖြစ်သော "သုဒတ္တ" ဟု ခေါ်ဆိုလိုက်သည်။ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားက မှတ်မိလေခြင်းဟု အံ့သြခြင်းဖြစ်သွားသည်။ အနာထပိဏ်သူဌေးနှင့် မြတ်စွာဘုရားတို့ တွေ့ဆုံကြသည့်အခါတွင် ကောင်းသော ညတစ်ညဆိုသည်မှာ မည်သည်ကို ဆိုပါသနည်းဟူ၍ သိလာရပါတော့သည်။

အနာထပိဏ်သူဌေးက မြတ်စွာဘုရားအား တောထဲ၌ ရောက်ရာ၌ အိပ်စက်ခြင်း ကောင်းပါသလောဟု လျှောက်ထားမေးမြန်းပါသည်။ အိပ်ရာညောင်စောင်းမရှိ၊ အခင်းမရှိ၊ အမိုးအကာလည်း မရှိသော တောထဲ၌ ကောင်းစွာ အိပ်စက်သည်ဟု မြတ်စွာဘုရားက မိန့်ကြားပါသည်။ မြတ်စွာဘုရားက အပူမရှိ၊ ကာမဂုဏ် အာရုံကင်းသောသူ၊ ကိလေသာ ငြိမ်းသောသူတို့၏ အိပ်စက်ခြင်းသည် ကောင်းစွာ အိပ်ပျော်ခြင်း ဖြစ်၍ ကောင်းသောညဟု မိန့်တော်မူပါသည်။ ကိလေသာ၊ ရာဂ၊ အပူမီးများရှိသောသူသည်သာလျှင် ညတွင် အိပ်စက်၍ မရနိုင်ကြောင်း၊ မြတ်စွာဘုရားက အနာထပိဏ်သူဌေးအား ရှင်းလင်းမိန့်ကြားတော်မူပါသည်။ အတွေးအပူမရှိ၊ ကိလေသာ ကာမဂုဏ် အာရုံမရှိခြင်းသည်သာ ကောင်းသောညဖြစ်ကြောင်း ထပ်ဆင့် မိန့်ကြားတော်မူပါသည်။

ကောင်းသောည ဖြစ်လိုပါက အတိတ်ဇာတ်ကြောင်းကို လောဘ၊ ဒေါသ၊ မောဟတရားတို့ဖြင့် ပြန်လည်၍ တွေးမနေရန်ဖြစ်သည်။ ထိုသို့တွေးနေပါက အိပ်၍မရနိုင်ကြောင်း၊ ဤသည့်အဖြစ်သည် မကောင်းသော ညတစ်ညပင် ဖြစ်ပါသည်။ အတိတ်သည် ပြီးခဲ့သည်ဖြစ်၍ မည်သည့်အခါမှ ပြန်မလာနိုင်တော့သဖြင့် အတိတ်ကို တွေးခေါ်ပြီး မနေရန် ဖြစ်သည်။ ထို့ကြောင့် ကောင်းသောည ဖြစ်လိုပါက အတိတ်ကို ပြန်ပြီးတွေးခေါ်ခြင်းမပြုရန် လိုအပ်ပါသည်ဟု မြတ်စွာဘုရားရှင်က မိန့်တော်မူပါသည်။

အနာဂတ်ကိုလည်း လောဘ၊ ဒေါသ၊ မောဟ တရားများနှင့် ဖြစ်နေပါလျှင် မကောင်းသော ညတစ်ညဟူ၍ သတ်မှတ်ရပေမည်။ အနာဂတ်ဆိုသည်မှာ မဖြစ်သေးသော အရာ မရောက်သေးသော အခါကာလဖြစ်သဖြင့် မသေချာ၊ မရေရာပါ။ အတိတ်နှင့် အနာဂတ် နှစ်ရပ်စလုံးတွင် အလောဘ၊ အဒေါသ၊ အမောဟ တရားများဖြင့် ဖြစ်နေလျှင် အိပ်ပျော်ခြင်းအဖြစ်သို့ ရောက်ရှိပြီး ကောင်းသောညတစ်ညဟု ဆိုရပေမည်။ ထို့ကြောင့် အတိတ်နှင့် အနာဂတ်ဖြစ်ခြင်း နှစ်ရပ်စလုံးကို မတွေးတောမိရန်ဖြစ်ပါသည်။ တွေးနေပါလျှင် ကောင်းသော ညတစ်ညဟူ၍ မဖြစ်ပေါ်လာနိုင်ကြောင်း မြတ်စွာဘုရားက မိန့်ကြားခဲ့ပါသည်။

"

အတိတ်နှင့် အနာဂတ်မှလွဲ၍

ပစ္စုပ္ပန်သာ ကျန်ပါတော့သည်။

ပစ္စုပ္ပန်တွင် ကောင်းသော ညတစ်ညကို

ပိုင်ဆိုင်လိုပါက

ပစ္စုပ္ပန်တည့်တည့်ကို ရှုရပါမည်။

ကောင်းသောညလည်း ဖြစ်လာနိုင်သည်။

ပစ္စုပ္ပန်တွင် ဝင်လေထွက်လေ ရှုမှတ်ခြင်း၊

ဝိပဿနာ ရှုမှတ်ပွားများခြင်းပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်နှင့် အနာဂတ်မှ လွဲ၍ ပစ္စုပ္ပန်သာ ကျန်ပါတော့သည်။ ပစ္စုပ္ပန်တွင် ကောင်းသော ညတစ်ညကို ပိုင်ဆိုင်လိုပါက ပစ္စုပ္ပန်တည့်တည့်ကို ရှုရပါမည်။ ကောင်းသောညလည်း ဖြစ်လာနိုင်သည်။ ပစ္စုပ္ပန်တွင် ဝင်လေထွက်လေ ရှုရှိုက်ခြင်း၊ ဝိပဿနာ ရှုမှတ်ပွားများခြင်းပင် ဖြစ်ပါသည်။

အတိတ်ဘဝ၊ သမုဒယ တဏှာကြောင့် ပစ္စုပ္ပန်၌ ရရှိနေသော ဝိပါက-ခန္ဓာငါးပါးသည် ဒုက္ခသစ္စာဖြစ်၏။ ဤခန္ဓာငါးပါးကို ဒုက္ခဟု မမြင်ဘဲ နိစ္စ၊ သုခ၊ အတ္တထင်၍ တဏှာ၊ ဒိဋ္ဌိ၊ သံယောဇဉ်ဖြင့် သာယာခင်တွယ်မှု၊ သားမယားရှာမှုတို့ ဖြစ်၏။ ဤသည်ကို ပစ္စုပ္ပန် သမုဒယဟု ခေါ်ဆို၏။ ပစ္စုပ္ပန် သမုဒယကို စွန့်ခွာလျှင် ပစ္စုပ္ပန်တဏှာချုပ်၏။ ဤသို့ ချုပ်ခြင်းသည် မဂ္ဂသစ္စာမည်၏။ မဂ္ဂသစ္စာပွားမှုကြောင့် ပစ္စုပ္ပန် တဏှာ အကြွင်းမဲ့ချုပ်၏။ တဏှာအကြွင်းမဲ့ချုပ်သဖြင့် ဥပါဒါန် အကြွင်းမဲ့ချုပ်၏။ ဥပါဒါန်အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဘဝသည် ချုပ်၏။ ဘဝချုပ်ခြင်းကြောင့် ဘဝအသစ်တစ်ဖန် ပဋိသန္ဓေနေရခြင်း၊ ဇာတိချုပ်ငြိမ်း၍ နိဗ္ဗာန်သို့ ဆိုက်ရောက်ရပါတော့သည်။

ကျွန်ုပ်တို့သည် အတွေးမှန်ကန်အောင် လုပ်ကြပါ။ စဉ်းစားပြီး သုံးသပ်ကြပါ။ ကျေနပ်ခြင်းဖြစ်က ပီတိချမ်းသာမှုသုခကို ဖြစ်စေပြီး တည်ငြိမ်လာခြင်းအဖြစ်သို့ ရောက်ရှိ ရပေလိမ့်မည်။ ကောင်းသောအလုပ်ကို ယခု ပစ္စုပ္ပန်တွ အချိန်ဆွဲ၍မနေဘဲ ချက်ချင်းလုပ်သွားကြပါ။ ကျွန်ုပ်တို့ အချိန်မရွေး အရွယ်မရွေး သေမင်းဖြစ်သော ဤခန္ဓာငါးပါး သေခြင်းအဖြစ်သို့ ဆွဲခေါ်သွားနိုင်ပါသည်။ သေမင်းမှာ ကျွ တို့အား အားနာခြင်း၊ သနားညှာတာခြင်း မရှိပါ။ မည်သည့်အ တွင် သေပါဟူ၍လည်း ချိန်းချက်ပေးထားခြင်း မရှိ အစိုးလည်း မရနိုင်ပါ။

ထို့ကြောင့် ကျွန်ုပ်တို့သည် နိဗ္ဗာန်ရောက်ကြော မြင့်မြတ်သော ဝိပဿနာ တရားတော်မြတ်ကို ချက်ချ လက်တွေ့ ကျင့်ကြံပွားများ ကြိုးစား အားထုတ်သွားကြ ရန် ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းအပေါင်းတို့အ စာရေးသူအနေဖြင့် အသိပေး တိုက်တွန်း နှိုးဆော်လိုက် သည်။

* * *

မင်းဓပမြင့်(ရွှေ

ကျမ်းကိုး

- ဓမ္မပဒ၊ ဒေသနာတရား။
- ရှင်ပါလ၊ မျက်မှောက်ပြုအပ် တရားမြတ်။





အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး

အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊


ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၃၀၅၀၄၇၁။




www.burmeseclassic.com

www.burmeseclassic.com



# ဥက္ကာပြိုး

## ညွှန့်ပြောင်းခဲ့နစ် မဆုံနိုင်ခဲ့ပါ

တစ်နေ့တည်း အတူတူဖွားမြင်ကြသော ဖွားဖက်နှစ်ဦး ...း "ဗြဟ္မဒတ္တကုမာရ" နှင့် "ဒရီမုခ"တို့ပင် ဖြစ်ကြ၏။ ...ဒတ္တကုမာရကား မဂဓတိုင်း ရာဇဂြိုဟ်ပြည် မဂဓရာဇ် ...ကြီးနှင့် မိဖုရားခေါင်ကြီးတို့၏ သားတော်ဖြစ်ပြီး ရှုချင် ...ယ် တင့်တယ်သော မျက်နှာရှိသဖြင့် "ဒရီမုခ"အမည်ရ သောသူက ပုရောဟိတ် ပုဏ္ဏားကြီး၏ သားပင် ဖြစ်ပေသည်။ သူတို့နှစ်ဦးသည် ငယ်စဉ်ကတည်းက မင်းအိမ်တော်၌ အတူ နေကြပြီး ဆော့ကစားရင်း ကြီးပြင်းလာခဲ့ကြပေရာ တစ်ဦးနှင့် တစ်ဦး လွန်စွာချစ်ခင်ကြလေသည်။ ဤသို့ဖြင့် အသက် ၁၆နှစ်အရွယ်သို့ ရောက်သော် မိတများက တက္ကသိုလ်ပြည်သို့

www.burmeseclassic.com

www.burmeseclassic.com



သွား၍ ပညာသင်စေ၏။ တက္ကသိုလ်ပြည် ဒိသာပါမောက္ခထံတွင် အတူတကွ ဂုနှစ်တိုင်အောင် ပညာသင်ယူခဲ့ကြရာတွင် မင်းသားက ဆင်စီး၊ မြင်းစီး စသော မင်းသားတို့ တတ်အပ်သည့် အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာတို့ကို ကောင်းစွာ သင်ယူတတ်မြောက်ခဲ့လေသည်။ ပုဏ္ဏားအဲ့သား ဒရီမုခလည်း မိမိတို့အမျိုးနှင့် လျော်ညီစွာ ဗေဒင်သုံးပုံနှင့်တကွ သဗ္ဗမယအတတ်တို့ကို ကောင်းစွာ သင်ကြားတတ်ကျွမ်းခဲ့လေသည်။ ပညာစုံကြသောအခါ ဆရာအားပူဇော်ကန်တော့ကြပြီးနောက် အပြန်ခရီးတွင်…

"အဆွေ ဒရီမုခ… ဒေသန္တရ ဗဟုသုတရှာရင်း တိုင်းကြီးပြည်ရွာတွေကို လှည့်လည်ပြီး ပြန်ကြရင် မကောင်းပေဘူးလား"

"ကောင်းပါတယ် အဆွေမင်းသား။ ဒီလို လှည့်လည်ရင်း လေ့လာကြရင် မျက်စိပွင့် နားရှင်ဖြစ်ပြီး သုတစွယ်စုံကုံလုံနိုင်တာမို့ အကျိုးများလှပါတယ်ဗျာ"

ဤသို့ဖြင့် ထိုထိုဤဤ တိုင်းကြီးမြို့ရွာများအတွင်း လှည့်လည်ရင်း ပြန်ခဲ့ကြ၍ ဗာရာဏသီမင်းမြို့တော်အနီး နိဂုံးရွာသို့ ရောက်ခဲ့ကြရာတွင် နံနက်စာအတွက် လှည့်လည်ရှာဖွေကြရလေသည်။

သို့ဖြင့် သူကြွယ်တစ်ဦး၏ ပုဏ္ဏားတို့အား နို့ယာနာကျွေးသော မင်္ဂလာအခါနှင့် ကြုံလေရာ ထိုသူကြွယ်အိမ်သို့ ဝင်ကြလေ၏။ သူကြွယ်လည်း ထိုနှစ်ဦးအား အိမ်တွင်းသို့ ပင့်ဆောင်၍ ဗြဟ္မဒတ္တကုမာရကို ဖြူသော ကမ္ဗလာအခင်းနေရာ၌ ပေးပြီး ဒရီမုခကိုမူ ရဲရဲနီသော အခင်းနေရာ၌ ပေးလေ၏။ ကိုယ်စီ ရရှိသော ကမ္ဗလာတို့၏ အရောင်နိမိတ်ကို မြင်လျှင် ဒရီမုခသည်…

"ငါ့အဆွေ ဗြဟ္မဒတ္တသည် ယနေ့ပင်လျှင် ဤဗာရာဏသီပြည်၌ မင်းအဖြစ်ကို ရပေတော့မည်။ ငါ့ကိုလည်း စစ်သူကြီးအရာ၌ ပေးပေလိမ့်မည်"

ဟု ဆင်ခြင် သိမှတ်မိလေသည်။

သူတို့နှစ်ဦးသည် စားသောက်မှုကိစ္စပြီးလျှင် သင့်လျော်သော မင်္ဂလာ မန္တန်တို့ကို ရွတ်ဆိုပေး၍ လှူလိုက်သော ဝတ္ထုတို့ကို ယူဆောင်လျက် ထွက်လာခဲ့ကြရာ မင်းဥယျာဉ်အတွင်းရှိ မင်္ဂလာကျောက်ဖျာအနီးသို့ ရောက်ခဲ့ကြလေသည်။

"ကဲ…အဆွေရေ…၊ ဒီကျောက်ဖျာပေါ်မှာ အရိပ်အာဝါသကောင်းကောင်းနဲ့ နားနားနေနေ တစ်ရေးလောက် အိပ်စက်ကြရအောင်"

"အဆွေမင်းသား အိပ်ပါ။ အကျွန်ုပ်တော့ဖြင့် မ
လိုသေးပါ"

ဟု ဆို၍ ဗြဟ္မဒတ္တမင်းသား လဲလျောင်း အိပ်စ
လိုက်သောအခါ ဒရီမုခလည်း မင်းသား၏ ခြေအစုံကို
နယ်ပေးရင်း ထိုင်လျက်သာ အနားယူနေလိုက်၏။

ထိုအချိန်တွင် ဗာရာဏသီပြည့်ရှင်မင်း နတ်ရွာစံ
ပြီး၍ သတ္တိုဟ်အမှုလွန်သောနေ့ဖြစ်ပေရာ နန်းမွေဆက်ခံ
သူသားမြေးမရှိခဲ့သဖြင့် ဖုဿရထားလွှတ်၍ မင်းလော
ရှာရသောအခါနှင့် ကြုံကြိုက်နေလေ၏။

တင့်တယ်ခမ်းနားစွာ တန်ဆာဆင်ထားသော ဖုဿ
ရထားလည်း စည်မောင်းပတ်သာ တူရိယာစုံလင်စွာ
စစ်အင်္ဂါလေးပါးခြံရံလျက် မြို့တော်နန်းမှ ထွက်ခဲ့ပြီး ဥယျ
သို့ ရွေ့ရှုလာခဲ့လေသည်။ ထို့နောက် မင်းဥယျာဉ်ကို လ
ယာရစ် သုံးပတ်လှည့်ရစ်ပြီးသော် ကျောက်ဖျာအပါးတွ
ဆိုက်ရပ်လေသည်။

ခြေကို နှိပ်နယ်ပေးနေသော ဒရီမုခလည်း ဖုဿရထ
လာနေသည်ကို မြင်သောအခါ…

"ငါ့အဆွေမင်းသားသည် ယနေ့ မကြာမီအချိန်မှာ
မင်းအဖြစ်ကို ရတော့မည်မှာ ဧကန်မုချဖြစ်သကဲ့သို့ ငါ့အ
လည်း စစ်သူကြီးအရာပေးတော့မည်မှာ မလွဲဧကန်ပင် ဖြစ်
၏။ ငါ စစ်သူကြီးဖြစ်ခဲ့မူ ပြည်ရေးရပ်မှုတို့ကို စီရင်ကွပ်ကြ
သဖြင့် မကောင်းမှု အကုသိုလ်များစွာဖြစ်ရပေတော့မည်
ထိုမကောင်းမှုများရှိခဲ့လျှင် လူ့ဘဝကိုပင် တစ်ဖန်ပြန်
ရနိုင်ရန်အကြောင်းမမြင်ပေ။ ထို့ကြောင့် အိမ်ရာတည်ထော
ပြီး လူ့ဘောင်တွင် နေခြင်းဖြင့် အကျိုးမဲ့တော့မည်သာ
ရဟန်းပြု၍ ကောင်းမှုကုသိုလ်ကိုပင် ရှာတော့မည်"

ဟု အကြံရလျက် ပုန်းကွယ်ရန်နေရာကို ရှာသေ
အခါ ဥယျာဉ်အစွန်တစ်နေရာတွင် သစ်ခေါင်းဝကြီး ရှိသေ
သစ်ပင်ကြီးတစ်ပင်ကို တွေ့မြင်လိုက်ရလေသည်။ သို့ဖြ
မင်းသား မသိအောင် နေရာမှ ထသွား၍ သစ်ခေါင်းပေါ
အတွင်း၌ ပုန်းခိုနေလေတော့၏။

မှူးမတ် ပုရောဟိတ်တို့သည်လည်း အိပ်နေသေ
မင်းသားကို မြင်လျှင် ခြေဖဝါးရှိ အရေးအကြောင်းနှင့် မင်္ဂလ
အမှတ်လက္ခဏာတို့ကို ကြည့်ရှုလေသော် ဤအရှင်သားက
ဘုန်းတန်ခိုးကြီးသော ယောက်ျားမြတ်ပင် ဖြစ်တော့၏။ ထေ
ကျွန်းလုံးကိုပင် စိုးမိုးနိုင်စွမ်းသော မင်းပင်လျှင် ဖြစ်နိုင်၏
ဆင်ခြင် သိမှတ်ကြသော်ငြား ထိုအချင်းအရာတို့သည် မှ
သေး၊ တည်သေး၏လောဟူ၍ စုံစမ်းလိုသောကြောင့် စည်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပတ်သော တူရိယာအလုံးစုံကို တစ်ပြိုင်နက် ကျယ်လောင်စွာ ခတ်ပုတ် တီးမှုတ်စေ၏။ ကျယ်လောင်စွာ မြည်ဟီးလာခဲ့သော တူရိယာအလုံးစုံတို့၏ အသံများကို ဆက်တရက်ကြားလိုက်ရသဖြင့် မင်းသားလည်း နိုးလာခဲ့ရလေပြီး မထိတ်မလန့် ဖြည်းညင်းစွာ ထလျက် ကျောက်ဖျာထက်၌ ညင်ညင်သာသာ တည်ငြိမ်စွာ ထိုင်လိုက်လေ၏။ ထိုအချင်းအရာကို မြင်လိုက်ရသော ပုရောဟိတ် ပုဏ္ဏားနှင့်အတူ မှူးမတ်သေနာပတိအပေါင်းတို့သည် မြေတွင် ပုဆစ်တုပ် ခစားလိုက်ကြရင်း ပုရောဟိတ် ပုဏ္ဏားက...

"အရှင့်သား...ဗာရာဏသီပြည်၏ ရွှေထီးရွှေနန်းတို့သည် အရှင့်သား၏ ခြေတော်ရင်းသို့ ဆိုက်ရောက်ခဲ့ပါပြီ။ အရှင့်သားသည် မြို့တော်နန်းသို့ ကြွရောက်၍ သိမ်းမြန်းစံပြုတော်မူပါ"

ဟူ၍ လျှောက်တင်၏။

"သင်တို့၏ ပြည့်ရှင်မင်းက မရှိပါသလော။ အဘယ်သို့ ဖြစ်သနည်း"

ဟု မင်းသားက မေးသော်...

"

နောက်ပိုင်းတွင်
အထူးထူးအပြားပြားသော
မွေ့လျော်ဖွယ် အာရုံအလီလီကိုဖြင့်
ခ,ယ ဖျော်ဖြေ၍ ချီးမြှောက်ကြလေသောအခါ
မင်း၏ ကာမဂုဏ်စည်းစိမ်တွင်
ယစ်မူး စူးစိုက် ကပ်ငြိ မေ့လျော့သွားခဲ့ရာ
ငယ်စဉ်က ကစားဖော် ကစားဖက်၊
ပညာသင်ဖော် ပညာသင်ဖက်ဖြစ်သော
ညီနောင်ရင်းမျှ ဒရီမုခကိုပင်လျှင်
သတိမရနိုင်အောင်
ဖြစ်သွားလေတော့၏

"ကျွန်တော်မျိုးတို့၏ ပြည့်ရှင်မင်းက နတ်ရွာစံခဲ့ပါပြီ။ နန်းမွေ့ဆက်ခံရန် သားမြေးများလည်း မရှိပါသောကြောင့် အရှင့်သား ကြွရောက်၍ မင်းပြုတော်မူပါ"

ဟူ၍ လျှောက်ကြပြန်လေသည်။

သို့ဖြင့် မင်းဆွေမင်းမျိုးများဖြစ်သော သမီးကညာတို့ကို ဆောင်ယူကြပြီးလျှင် မင်းဥယျာဉ်အတွင်း၌ပင် ရာဇဘိသိက်သွန်း၍ မင်းအဖြစ် တင်မြှောက်ကြလေသည်။

ယင်းကဲ့သို့ ဘိသိက်သွန်းပြီးသောအခါ ထက်ဝန်းကျင်မှ လူအပေါင်းတို့ပါ သိုင်းဝိုင်းခြံရံလျက် မြို့ကို လက်ယာရစ်လှည့်လည်၍ မင်းအိမ်တော်သို့ ဝင်လေသည်။ ဝင်လေပြီးသော် တရားစီရင်ရာ ပလ္လင်ထက်၌ နေကာ မှူးမတ်သေနာပတိမှ စ၍ မင်းချင်းတို့အား ကြီးစဉ်ငယ်လိုက် ရာထူးအနေအရာ အသီးသီးခန့်ထား စီရင်ပြီးလျှင် ရွှေနန်းပြာသာဒ်ပေါ်သို့ တက်လေသည်။

ထိုနောက်ပိုင်းတွင် အထူးထူးအပြားပြားသော မွေ့လျော်ဖွယ် အာရုံအလီလီတို့ဖြင့် ခ,ယ ဖျော်ဖြေ၍ ချီးမြှောက်ကြလေသောအခါ မင်း၏ ကာမဂုဏ်စည်းစိမ်တွင် ယစ်မူးစူးစိုက် ကပ်ငြိ မေ့လျော့သွားခဲ့ရာ ငယ်စဉ်က ကစားဖော် ကစားဖက်၊ ပညာသင်ဖော် ပညာသင်ဖက်ဖြစ်သော ညီနောင်ရင်းမျှ ဒရီမုခကိုပင်လျှင် သတိမရနိုင်အောင် ဖြစ်သွားလေတော့၏။

ဒရီမုခလည်း မင်းနှင့်တကွ ပရိသတ်အပေါင်းတို့ မြို့တွင်းသို့ ထွက်ခွာသွားခဲ့ကြသောအခါ ပန်းအောင်းနေရာမှ ထွက်လာခဲ့ပြီးသော် ကျောက်ဖျာထက်၌ ထိုင်လေ၏။ ထိုင်နေစဉ်အတွင်း ရော်ရွက်ဝါတို့ လေအခတွင် ကြွေကျနေကြသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရသောအခါ...

"ဤအရွက်တို့သည် ထွက်သစ်စ၌ နုနယ်ရှန်းစိုပြီး ရှုဖွယ်ရာ တင့်တယ်ကြလျက်နှင့် ရင့်အိုခြင်းသို့ ရောက်သောအခါ ညှိုးရော်ကြွေကျ မြေခကြရလေသည်။ ငါ၏ ခန္ဓာကိုယ်သည်လည်း ငယ်ရွယ်ပျိုမျစ်စဉ်က တင့်တင့်တယ်တယ် ရှုကောင်းဖွယ် စုံမက်စရာပင် ဖြစ်သော်လည်း အရွယ်နှောင်း၍ သက်ပြောင်းလာသည်နှင့် ဇရာ၊ ဗျာဓိ၊ မရဏတည်းဟူသော အိုခြင်း၊ နာခြင်း၊ သေခြင်းဖြင့် ပျက်ယွင်း ကြွေကျရပေတော့မည်မှာ ဧကန်မုချ မလွဲပါတကား"

ဟူ၍ ခယ၊ ဝယတည်းဟူသော ကုန်ခန်းပျက်စီးခြင်း၊ မမြဲသည့် အနိစ္စတရားသဘောကို ဆင်ခြင်သိမ်းယူ လိုက်နာခြင်းအားဖြင့် မြေပြင်အလုံး ပဲ့တင်ချုန်းထပ်စေလျက် မြတ်သော ပစ္စေက ဗောဓိဉာဏ်သို့ ပိုင်ပိုင်ကြီး ဆိုက်ရောက်လေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

ထိုခဏတွင် လူဝတ်၊ လူစား ဆံသား မုတ်ဆိတ်တို့သည် ကွယ်ပ ကင်းပြတ်၍ သင်္ကန်း ရဟန်းပရိက္ခရာနှင့်တကွ ဝါတော် ၆၀ ရပြီးသော မထေရ်ကြီးကဲ့သို့ တည်ကြည်ခြင်းသည် ဖြစ်လေ၏။ အတန်ကြာမျှ ကျောက်ဖျာထက်၌ ဆက်လက်တည်နေပြီးမှ ဆွမ်းခံကြွ၍ ဘုဉ်းပေးပြီးသော် ရှာန်ဖြင့် ဟိမဝန္တာတောသို့ ကြွလျက် ဂန္ဓမာဒနတောင်ယံရှိ နန္ဒမူလလိုဏ်၌ သီတင်းသုံးနေတော်မူလေသည်။

◆◆◆

ဗြဟ္မဒတ်မင်းသည် ရာဇဓမ္မနှင့် တရားသဖြင့် မင်းပြု၏။ ပြည်ရေးရပ်မှုကိစ္စများလွန်းသဖြင့် လည်းကောင်း၊ မင်းတို့၏ စည်းစိမ်ခံစားမှုတွင် ကြီးမားစွာ နစ်မြော ကပ်ငြိနေသဖြင့် လည်းကောင်း၊ ငယ်ရင်းခင်ပွန်းဖြစ်သူ ဒရီမုခကို မေ့လျော့နေသည်မှာ အနှစ် ၄၀တိုင်တိုင် ရောက်လေ၏။ အနှစ် ၄၀လွန်မှ ငယ်ရင်း ဒရီမုခကို သတိရလေသဖြင့် အမှူးအမတ် ပုရောဟိတ်တို့အား မေးလေသည်။

"မောင်မင်းတို့…ဥယျာဉ်အတွင်း ကျောက်ဖျာထက်၌ ငါအိပ်စက်နေစဉ် သင်တို့ ရထားဖြင့် ရောက်ရှိလာသောအခါ ငါတစ်ဦးတည်းကိုသာ တွေ့သလော။ ငါ့အဖော် ဒရီမုခကို မတွေ့ကြသလော"

"အရှင်တစ်ပါးတည်းကိုသာ တွေ့ခဲ့ကြပါသည်"

ဟု မှူးမတ်တို့က လျှောက်တင်ကြ၏။

"ငါကား တစ်ဦးတည်းလာသည်မဟုတ်။ ဖွားဖော်ဖွားဖက်၊ ကစားဖော် ကစားဖက်၊ ပညာသင်ဖော် ပညာသင်ဖက်ဖြစ်သော ဒရီမုခဆိုသူ ငါ၏ ငယ်ရင်းခင်ပွန်းတစ်ဦးလည်းပါပေသည်။ သင်တို့ သတိမမေ့ကြလင့်။ တစ်စုံတစ်ယောက်သောသူသည် ဒရီမုခကို ညွှန်ပြနိုင်ခဲ့သော် ထိုသူအား ကြီးစွာသော ဆုတော်လာဘ်တော်ကို ငါပေးမည်"

ဟူ၍ အလွန်တမ်းတပြောဆိုရင်း အနှစ် ၅၀တိုင် အချိန်ကုန်ပြန်၏။

ဒရီမုခ ပစ္စေကဗုဒ္ဓါလည်း အနှစ် ၅၀ကျော်လာသောအခါ…

"ငယ်ရင်းခင်ပွန်းသည် ငါ့ကို တမ်းတလွန်းလှပြီ။ အသက်ကလည်း ကြီးရင့်နေပေပြီ။ သားသမီးတို့လည်း ပွားစီးခြင်းသို့ ရောက်နေပြီဖြစ်ရာ သွား၍ တရားဟောမှ သင့်တော့မည်ဟု ကြံ၍ ဈာန်ဖြင့် ကြွလေပြီးသော် မင်းဥယျာဉ် မင်္ဂလာကျောက်ဖျာထက်၌ ရွှေဆင်းတုကဲ့သို့ တင့်တယ်စွာ စံပယ်နေတော်မူ၏။ ဥယျာဉ်စောင့်လည်း ပစ္စေကဗုဒ္ဓါကို မြင်လျှင်…

"အရှင်ဘုရား…အဘယ်အရပ်မှ ကြွလာပါသနည်း"

ဟု မေးလျှောက်၏။

"ငါသည် ဟိမဝန္တာတော နန္ဒမူလလိုဏ်မှ လာသ

ဒကာ။ ငါ၏ အမည်ကား ဒရီမုခပင် ဖြစ်၏"

"အရှင်မြတ်… အရှင့်အမည်သည် ဒရီမုခဖြစ်

တပည့်တော်တို့၏ ဘုရင်မင်းမြတ်ကို သိကျွမ်းပါ၏လော"

"သိပေသည် ဒကာ။ သင်တို့မင်းကား ငါနှင့် ဖွားဖော်

ဖွားဖက်၊ ကစားဖော် ကစားဖက်၊ ပညာသင်ဖော် ပညာသ

ဖက်ဖြစ်သည့် ငယ်က ခင်ပွန်းပင် ဖြစ်ပေသည်"

ဟု မိန့်တော်မူ၏။

"အရှင်ဘုရား…တပည့်တော်တို့၏ ဘုရင်မင်းမြတ်

သည် အရှင်မြတ်ကို လွန်စွာတောင့်တလျက် ရှိနေပါသည

အရှင်မြတ် ကြွလာ ရောက်ရှိနေကြောင်းကို သွား၍ လျှေ

တင်ပါမည်။ ဤနေရာ၌ပင် အရှင်မြတ် ဆိုင်းလင့် စံပယ်တေ

မူပါဦး"

ဟု တောင်းပန်ပြီး မင်းထံသို့ အမြန်သွား၍ လျှော

တင်လေ၏။

မင်းကြီးလည်း အလွန်ဝမ်းသာအားရဖြစ်ပြီးသော် "

ငယ်ရင်းခင်ပွန်းကို ပူဇော်ရတော့အံ့" ဟု ဆိုကာ များစွာသေ

အခြွေအရံတို့နှင့်တကွ ဥယျာဉ်သို့ လာ၍ ပစ္စေကဗုဒ္ဓါအရှ

မြတ်အား ရှိခိုးပူဇော်ကာ ပဋိသန္ထာရကို ဆိုလေ၏။ ပစ္စေ

ဗုဒ္ဓါအရှင်မြတ်လည်း…

"မင်းကြီး…အဂတိလေးပါးကို ဖယ်ကြဉ်၍ မင်းကျ

တရားနှင့်အညီ မင်းပြု အုပ်ချုပ်နေပါ၏လော။ ဥစ္စာဒဏ်နှ

လက်နက်ဒဏ်များ ထားခြင်းအားဖြင့် လူတို့အား မညှင်း

ခြင်းသည်လည်း ရှိပါ၏လော။ ဒါန၊ သီလ စသည့် ကုသို

ကောင်းမှုတို့ကိုလည်း အခါမလပ် ရွက်ဆောင် ဆည်းပူးပါ

လော"

ဟူ၍ အစရှိသဖြင့် မေးမြန်းပြောဆိုလေသည်။ ပြ

လျှင် "မင်းကြီး… ယခုဆိုလျှင် အသက်အရွယ်လည်

ကြီးရင့်လာပေပြီ။ ရဟန်းတရားကို ကျင့်ကြံပြီး တမလွန်ရိက္ခ

ကို ရှာရန် အချိန်သင့်ပြီဖြစ်ကြောင်း" တရားပြ ဟောကြ

လိုသဖြင့်…

"ဒါယကာ မင်းကြီး…လူတို့ဘုံတွင် ခုံမင်စွာ ခံစ

နေကြသော ကာမဂုဏ်တို့မည်သည် ရေတွင် ညစ်ည

နောက်ကျိစေတတ်သော မှော်သေးရေညှိများအလား ဖ

တူလှပေ၏။ ခပ်သိမ်းသော စွယ်ပင်၊ မြိတ်မြက်၊ ကြာတို့



www.burmeseclassic.com

www.burmeseclassic.com

အားထုတ်

ညွှန်ပျောင်းနှင့်လည်း တူလှပေ၏။ သတ္တဝါတို့ကို နစ် ညစ်ညမ်းစေတတ်ခြင်း၊ ယိုယွင်းပျက်စီးစေတတ်ခြင်း သည့် ဘေးသုံးပါးနှင့် ယှဉ်ပေ၏။ နေ၊ လ၊ ကြယ်၊ တို့၏ အရောင်အဝါကို ဖြေးယုက်ပိတ်ပင်တတ်သော မှောင် မီးခိုးညစ်တို့နှင့်လည်း တူလှပေ၏။ ထို ကြောင့် ဤကာမဂုဏ်အညစ်စုံတို့ကို စွန့်ခွာ၍ စင်ကြယ် သောအကျင့်နှင့် ယှဉ်ပါဦးလော့"

ဟူ၍ မိန့်တော်မူ၏။

"အရှင်ဘုရား...ပိန်း၊ ကြာပင်မျိုးတို့မည်သည် ရေ၊ နွံ၌ ကင်းကွာ၍ မရှင်သန်နိုင်သကဲ့သို့ အကျွန်ုပ်သည် ရေဖြင့် ဖွံ့အပ်သော ကိလေသာ ကာမဂုဏ်၊ ဝတ္ထု ကာမဂုဏ်တည်းဟူသော ညွန်၌ နစ်ခဲ့ပြီးမှ ဖြစ်ပွားကြီးထွန်း ခဲ့ပေသည်။ ကြာပန်းတို့နှင့် တူသော ကာမရသကို စားရသည်ဖြစ်၍ အလွန်မွေ့လျော်လျက် ရှိပေသည်။ ဘ ဤဘဝသန္တာန် ရှောင်ခွာခြင်းငှာ မတတ်နိုင်တော့ ဘုရင်မင်းအနေဖြင့်သာလျှင် ဒါန၊ သီလ အစရှိသော ကုသိုလ်တရားတို့ကိုသာ အားထုတ်ရင်း နေပါတော့မည် ဘုရား"

ဟူ၍ ငြင်းပယ်လေ၏။

"အသင်မင်းကြီး . . . အကြင်သူတစ်ယောက်သည် ကိုယ်တိုင်ဘုံဝယ် ကာမဂုဏ်၌ မွေ့လျော် ပျော်ပါးခြင်းအကျင့်သာ လျှင် မြတ်၏ဟု နှလုံးပိုက်နေလျှင်မူကား နတ်ပြဟ္မာတို့၏ ထံသို့ မလာဘဲ အမိဝမ်း၌သာလျှင် အဖန်တလဲလဲကပ်ငြိ နေတော့မည်။ မစင်အပုပ်တို့၌သာ ပျော်မွေ့သော လောက် ကောင်တို့သည် တိုရွံ့ရာဖွယ်အတိပြီးသော ထိုအရာတို့၌သာ ကိန်းအောင်းမြဲ ကိန်းအောင်းလျက် အသေတစ်ဖန် ဖွားထွက် သော်လည်း များစွာသော ဒုက္ခတို့ကိုသာ အဖန်တလဲလဲ ကြုံရမြဲသာ ဖြစ်ပေတယ်။ ထိုအကြောင်းတို့ကြောင့် ဒုက္ခ အပေါင်းမှ ကင်းလွတ်စိမ့်သောငှာ စင်ကြယ်မြင့်မြတ်စွာသော ကုသိုလ်ဘုရားတို့ကို ကြိုးစားကျင့်ကြံ အားထုတ်ရန် အချိန် တန်ပါပြီ အသင်မင်းကြီး"

မည်သို့ပင် နည်းပေး ဆုံးမပါသော်လည်း ဗာရာဏသီ မင်းကြီးက နားမဝင်နိုင်။ မင်း၏ စည်းစိမ် ကာမဂုဏ်ကို စွန့်ပယ်နိုင်ကြောင်း အကြိမ်ကြိမ်ငြင်းဆန်ရင်း ငြင်းဆန်ကာ သာ နေလေတော့၏။ သို့ဖြင့် အရှင်ပစ္စေကဗုဒ္ဓါလည်း...

"ဒါယကာ မင်းကြီး...အေးအေးဆေးဆေးသာ တွေး တော ဆင်ခြင်၍ တမလွန်ရိက္ခာအတွက် ပြင်ဆင်ပြုရစ်နေ ပေတော့"

ဟူ၍ ဩဝါဒပေးပြီး မိမိနေရာ ဟိမဝန္တာသို့ ပြန်ကြွ သွားခဲ့လေတော့၏။

•••

ယင်းသို့ဖြင့် ဗြဟ္မဒတ်မင်းကြီးလည်း မင်းစည်းစိမ် ကာမဂုဏ်ကို ဆက်လက်ခံစားရင်း အပြစ်တို့ကို တစ်စတစ်စ မြင်တွေ့မိခဲ့ရာက အသက် ဖြဲကျော်အရွယ် ရောက် လာချိန်တွင် များစွာသော အပြစ်တို့ကို ရှုမြင်ဆင်ခြင် သုံးသပ် မိရာက မိဖုရား၊ သားသမီး၊ အမှုးအမတ်အပေါင်းတို့က ငိုကြွေးတောင်းပန်၍ တားဆီးကြသည့်ကြားမှပင် အလုံးစုံ သော မင်း၏ စည်းစိမ်ချမ်းသာတို့ကို စွန့်ဖြတ်၍ ရပ်ဟန်ပြုပြီး သော် တောသို့ ဝင်လေ၏။ ဗြဟ္မစိုရ်တရားတို့ကို အားထုတ် သဖြင့် မရှည်မကြာမြင့်မီမှာပင် ရှုန်အဘိညာဉ်၌ တည်ကြည် စွာ ဝင်စားခြင်းသမာပတ်တို့ကို ရပြီး အသက်အဆုံး၌ ဗြဟ္မပြည်သို့ လားလေသည်။

သုံးလူ့ထွတ်ထား မြတ်စွာဘုရားရှင်သည် ဤကဲ့သို့ တရားဒေသနာတော်ကို ဆောင်တော်မူ၍ သစ္စာလေးပါး တရားတော်ဖြင့် အဆုံးသတ်ပြီးသော် ဗြဟ္မဒတ်မင်းသည် ငါဘုရားရှင်ပင်ဖြစ်လေ၏ဟူ၍ ဇာတ်ကို ပေါင်းတော်မူလေ သည်။

**(ဝန်ခံချက်။** ဘုရားအလောင်းတော် ဗြဟ္မဒတ်မင်း ဘဝတွင် ဒရီမုခ-ပစ္စေကဗုဒ္ဓါ ဟောတော်မူသော တရားတော် ရတ်ခြင်း၊ မလိုက်နာ၊ မကျင့်ကြံနိုင်ဘဲ မင်းစည်းစိမ် ကာမဂုဏ်အတွင်း နစ်မြောမေ့လျော့ရင်း နစ်ရှည်ကြာအောင် နေတော်မူခဲ့ဖူးကြောင်း ဆက္ကနိပါတ်၊ ဒရီမုခ ဇာတ်ကျမ်း၌ လာရှိသည့်အကြောင်း။

ကြည့်ကန်ရှင်ကြီး ပုစ္ဆာပြုတော်မူသည်ကို ကျီးသဲ လေးထပ်ဆရာတော်ကြီး စီရင်ဖြေဆိုအပ်သည့် စွယ်စုံကျော် ထင်ကျမ်း(၂၀၀၂ခုထုတ်၊ စာမျက်နှာ ၇၂၁၊ အမေးပုစ္ဆာ အမှတ် (၁၀၃၁) "ဘုရားဟောရွှေ ဘို့ဘုန်းဟော့၊ မေ့လျော့ မယူ၊ ဘယ်ဇာတ်နည်း" ဆိုသော အဖြေကာရန် ပုစ္ဆာအမှတ်- ၁၏ အဖြေကို ရည်ညွှန်းကိုးကား ကောက်နုတ်၍ ဇာတ်လမ်း တစ်ပုဒ်သဖွယ် ရေးသားတင်ပြထားခြင်းဖြ စ်ပါသည်။)။

ရှင်လန်းချမ်းမြေ့ကြပါစေ...

* * *

ဥတ္တမ(ပြီး)(ရှမ်းတောင်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



...သောကဠ လူတို့သည် အတ္တအကျိုးနှင့် ပရအကျိုး ...လျှင် မိမိ၏ အတ္တအကျိုးကိုသာ ရှေ့တန်းတင်ခဲ့ကြ ... သို့သော်လည်း လူသားတစ်ယောက်ဖြစ်လာလျှင် ...တစ်ယောက်တည်း သီးခြားနေ၍ မရပေ။ အစုအဖွဲ့ ... မိသားစုအလိုက်၊ အဆွေအမျိုးအလိုက် ပေါင်းစည်း ...အစုအပေါင်းနှင့် နေကြရသည်။ သို့မှသာ တစ်ဦး ...ာက်၏ အခက်အခဲကို အများက ဝိုင်းဝန်းကူညီပေးမှု ...ခက်အခဲများ ပြီးမြောက်အောင်မြင်လာရ၏။ အများ ...ဖြစ်သော ပရအကျိုးကိုလည်း ဆောင်ကြရပေသည်။

...တချို့ဆိုလျှင် မိမိကိုယ်ကျိုးကို မငဲ့ကွက်ဘဲ အများ ...အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်တတ်သည်။ တချို့ ...အများအကျိုးအတွက် မိမိ၏ အသက်ကိုပင် ပဓာန ...ဘဲ ဆောင်ရွက်တတ်သူတွေလည်း ရှိခဲ့လေသည်။ ...စ် သာဓကထုတ်၍ ပြရလျှင် "မြန်မာနိုင်ငံ၏ လွတ် ... ဖခင်ကြီး"ဟု တင်စားခေါ်ဝေါ်ရသော ဗိုလ်ချုပ် ...ဆန်းသည် မြန်မာပြည်သူပြည်သားတို့ နယ်ချဲ့လက် ...တွင် လွတ်လပ်ရေးဆုံးရှုံးကာ သူ့ကျွန်ဘဝရောက် ...သည်ကို လွတ်မြောက်အောင် ကိုယ်ကျိုးကို စွန့်၍ ...ကိုပင် ပဓာနမထားဘဲ စွမ်းစွမ်းတမံ မြန်မာပြည်လွတ် ...အတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သဖြင့် ယနေ့ ...တို့ ပြည်ထောင်စုရှိ တိုင်းရင်းသားပြည်သူအပေါင်းမှာ ...ကျွန်ဘဝမှ လွတ်မြောက်ခဲ့ကြသည်။ လွတ်လပ်သော ...ငံတော်တွင် လွတ်လပ်စွာ နေထိုင်နိုင်ခဲ့ကြလေသည်။ ...တူ အများအတွက် ကိုယ်ကျိုးစွန့်ကာ စွမ်းစွမ်းတမံ ...ရွက်ခဲ့ကြသော လူပုဂ္ဂိုလ်၊ ရဟန်း အာဇာနည်များ ... များစွာပင် ရှိခဲ့ပါသည်။

ထိုကဲ့သို့ ကိုယ်ကျိုးစွန့်ကာ အများအတွက် အနစ်နာ ...များသည် လူလောကတွင်သာမက၊ တိရစ္ဆာန်များတွင် ... အတုယူစရာရှိပါသည်။ အသက်ကို စွန့်၍ အများ ...ဆောင်ခဲ့သည့် "ကေနီပါတ်သာ နီဂြောဓ"သမင်မင်း ...ကြောင်းကို ထုတ်ပြလိုပါသည်။

♦♦♦

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး ...တော်မူစဉ် ရာဇဂြိုဟ်ပြည်မှ သူဌေးသမီးတစ်ယောက် ... လင်အား အခွင့်တောင်း၍ ဘုရားထံ၌ ရဟန်းပြုခဲ့သည်။

ထိုမိန်းမသည် လူဝတ်နှင့်နေစဉ်က သန္ဓေတည်ခဲ့သည်ကို မသိခဲ့ချေ။ ကာလကြာသော် ထိုရဟန်းမိန်းမ၌ ကိုယ်ဝန်ရင့်မာလာသဖြင့် အုတ်အုတ်ကျက်ကျက်ဖြစ်၍ မေးလေသော် ရဟန်းမိန်းမက အကျွန်ုပ်သည် မည်သည်ကို စွဲ၍ သန္ဓေတည်သည်ဟု မပြောနိုင်ပါ။ သို့ရာတွင် အကျွန်ုပ်သည် ရဟန်းမိန်းမဘဝ၌ သီလစင်ကြယ်ခဲ့သည်ဟု ဆို၏။

ထိုအကြောင်းကို ဒေဝဒတ်အား လျှောက်လေလျှင် တစ်စုံတစ်ရာ စစ်ဆေးဆင်ခြင်ခြင်း မပြုဘဲ လူကဲ့ရဲ့မည်ကို စိုးရိမ်ကြီးစွာဖြင့် လူထွက်စေလေ၏။ ရဟန်းမိန်းမလည်း…

"အရှင်…အကျွန်ုပ်သည် ဒေဝဒတ်ထံ၌ ရဟန်းမပြု။ ဒေဝဒတ်လည်း ဘုရားမဟုတ်။ အကျွန်ုပ်သည် မြတ်စွာဘုရားထံ၌သာ ရဟန်းပြုပါသည်။ ရဟန်းပြုခွင့်ကိုလည်း မိမိလင်သားထံမှ အကြိမ်ကြိမ် အဖန်ဖန်တောင်းမှ ရခဲ့ပါသည်။ ထို့ကြောင့် အကျွန်ုပ်ကို အလျင်တဆော လူဝတ်မလဲကြပါနှင့်၊ မြတ်စွာဘုရားထံ ပို့ပါ"

ဟု တောင်းပန်လေသည်။

မြတ်စွာဘုရားထံ ရောက်သော် ဝိသာခါ ဒါယိကာမအား စုံစမ်းစေခဲ့ပြီးမှ ရဟန်းမပြုမီ လူဘဝက ပါလာခဲ့သော သန္ဓေဖြစ်ကြောင်း သိရ၍ ရဟန်းမအားလည်း ချမ်းသာခွင့်ရခဲ့လေသည်။ အချိန်စေ့၍ မွေးဖွားသောသားသည် အရွယ်ရောက်သောအခါ ရဟန်းပြု၍ "ကုမာရကဿပ မထေရ်"ဟု ထင်ရှားခဲ့သည်။

ထိုအခါ ရဟန်းတို့ဘောင်၌ ထိုသားအမိတို့မှာ မြတ်စွာဘုရားကို မှီ၍ ချမ်းသာရာရကြသည်ဟု ပြောဆိုခဲ့ကြရာ မြတ်စွာဘုရားက ရှေးကလည်း ဤသို့ရခဲ့ဖူးသည်ဟု မိန့်ကြားသဖြင့် ရဟန်းအများက တောင်းပန်သောကြောင့် မြတ်စွာဘုရားမှ ရှေးက ရခဲ့ဖူးသော အောက်ပါ ဇာတ်တော်ကို ဟောကြားတော်မူခဲ့သည်။

♦♦♦

လွန်လေပြီးသောအခါ ဗာရာဏသီမင်းတစ်ပါးသည် သမင်လိုက်ခြင်း၊ အမဲနှင့် ကင်း၍ ပွဲတော် မတည်ခြင်းအလေ့ရှိကာ နေ့တိုင်းနေ့တိုင်း လူတို့အလုပ်ကို ဖျက်၍ ထိုလူတို့နှင့် သမင်လိုက်သွားလေ့ရှိလေသည်။

ထိုအခါ ထိုမင်းနှင့် သမင်လိုက်၍ လုပ်ခင်းဆောင်တာ ပျက်ကြရသော လူတို့က စည်းဝေး၍ သားသမင်များစွာကို ဥယျာဉ်သွင်းပေးထားရန် တိုင်ပင်၍ တောသမင်ပေါင်းများစွာ သွင်းပေးပြီး မင်းကြီးအား လျှောက်ထားခဲ့ကြလေသည်။

ဥယျာဉ်အတွင်း သွင်းပေးထားသော သမင်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင်အရေအတွက်ရှိ၍ ငါးရာလျှင် သမင်မှူးတစ်ကောင်ကျစီဖြင့် "နိဂြောဓသမင်မင်း"နှင့် "သာခသမင်မင်း"ဟူ၍ သမင်နှစ်ကောင်ပါရှိလေသည်။ မင်းကြီးလာရောက်ရှုလေသော် ထိုအလွန်တင့်တယ်သော ရွှေသမင်နှစ်ကောင်အား ဘေးမဲ့ပေးတော်မူပြီး ကျန်သမင်များအား ထိုနေ့မှစ၍ တစ်နေ့တစ်ကောင်ကျ မိမိကိုယ်တိုင်သော် လည်းကောင်း၊ စားတော်ချက်သော်လည်း ကောင်း လာရောက်ပစ်ခတ် ယူဆောင်လေသည်။ ထိုအခါ သမင်အပေါင်းတို့သည် ကြောက်လန့်ကြ၍ တိုးဝှေ့ပြေးလွှားကြလျှင် ထိခိုက်ပင်ပန်းခြင်း၊ ကျိုးပဲ့ခြင်း၊ သေကြေခြင်းတို့ ဖြစ်ကြရလေသည်။

သမင်အပေါင်းတို့လည်း ထိုအကြောင်းကို နိဂြောဓသမင်မင်းအား ပြောကြားကုန်သော် နိဂြောဓသမင်မင်းသည် သာခသမင်မင်းနှင့် တိုင်ပင်၍ ၎င်းသမင်နှစ်စုမှ တစ်လှည့်စီ တစ်နေ့တစ်ကောင်ကျ စဉ်းတီတုံး၌ လည်စင်း၍ ပေးစေခဲ့သည်။

တစ်နေ့တွင် သာခသမင်မင်း၏ အစုမှ သန္ဓေနှင့် သမင်မတစ်ကောင်၏ အလှည့်ကျလာလျှင် ထိုသမင်မသည် သာခသမင်မင်းသို့ ကပ်၍ပြောလာ၏။

"အရှင်···အကျွန်ုပ်၌ ကိုယ်ဝန်ရှိနေပါတယ်။ ယနေ့ အကျွန်ုပ်အလှည့်ကို ကျော်လွန်စေပြီး သားဖွားပြီးမှသာ အကျွန်ုပ်အလှည့်ကို ရောက်ပါရစေ"

"အို··· သင့်အလှည့်ကို တစ်ပါးသော သမင်သို့ ရောက်စေခြင်း မဖြစ်သင့်။ သင်သာ သွားပါ"

သာခသမင်မင်းက ထိုသို့ဆိုလျှင် သမင်မသည် နိဂြောဓသမင်မင်းထံ ယခင်နည်းအတိုင်း တောင်းပန်ပြန်၏။

"ကောင်းပြီလေ၊ သင့်အလှည့်ကို လွှန်ပြောက်စေပါမယ်"

နိဂြောဓသမင်မင်းက ထိုသို့ဆိုကာ မိမိကိုယ်တိုင် သမင်မအစား သွားကာ စဉ်းတီတုံးတွင် လည်စင်း၍နေလေ၏။

ဤအကြောင်းကို စားတော်ချက်က မင်းကြီးအား လျှောက်ထားခဲ့လေသည်။ မင်းကြီးလည်း ဥယျာဉ်တွင်းသို့ ကြွလာ၍ နိဂြောဓသမင်မင်း၏ အပြုအမူကို တွေ့မြင်လျှင် ဤသို့ မေးမြန်းခဲ့လေသည်။

"မြတ်သော သမင်မင်း···အသင့်အား ဘေးမဲ့ပေးခဲ့ပြီးမဟုတ်လော။ ဘာကြောင့် စဉ်းတီတုံး၌ လည်စင်းခံလာရသလဲ"

"မြတ်သော မင်းကြီး··· ကိုယ်ဝန်ရှိသော သမင်မ တစ်ကောင်သည် အလှည့်ကျရာ ကိုယ်ဝန်ကို စောင့်လို
အလှည့်လွှဲရန် အကျွန်ုပ်ထံ တောင်းပန်လာ၍ တစ်ဦး
ဆင်းရဲကို နောက်တစ်ဦးသို့ လွှဲပေးရန် မသင့်သောကြော
ထိုသမင်မ သားအမိအတွက် အကျွန်ုပ်အသက်ကို ပေးမ
ဖြစ်ပါတယ်။ တစ်စုံတစ်ရာ နှောင့်နှေးခြင်း မရှိပါနှင့်။ ယခု
အကျွန်ုပ်ကို သတ်ပါ"

"အို···သမင်မင်း။ အသင့်ကဲ့သို့ ခန္တီ၊ မေတ္တာ၊ က
ဏာနှင့် ပြည့်စုံသောသူတို့ လူတို့၌ပင် မမြင်ဘူးပါ။ အလွ
ကြည်ညိုပါတယ်။ အသင် သမင်မင်းအား လည်းကော
သမင်မအား လည်းကောင်း ဘေးမဲ့ပေးပါတယ်"

"အရှင်မင်းကြီး···သမင်နှစ်ကောင်အား ဘေးမဲ့ပေ
လေပြီ။ ကျန်သော သမင်တို့အတွက် မည်သို့ပြုရမည်နည်း"

"ကျန်သော သမင်တို့ကိုလည်း ဘေးမဲ့ပေးပါ၏ သမ
မင်း"

"ဥယျာဉ်တွင်း၌ သမင်တို့မှာ ဘေးမဲ့ရကုန်လေပြီ
ကြွင်းသော သမင်တို့ကို မည်သို့ပြုရမည်နည်း"

"အို···သမင်မင်း၊ အလုံးစုံသော သမင်တို့ကိုလည်
ဘေးမဲ့ပေးပါတယ်"

"အို···အရှင်မင်းကြီး၊ သမင်အပေါင်းကတော့ ဘေး
ရခဲ့ကြပါပြီ။ ကျန်သော ခြေလေးချောင်း သတ္တဝါတို့
အဘယ်သို့ ပြုရပါမည်နည်း"

"တိုခြေလေးချောင်း သတ္တဝါများကိုလည်း ဘေးမဲ့
ပါတယ် သမင်မင်း"

"ကောင်းလေစွ မင်းကြီး။ အခြေလေးချောင်း သတ္တ
တို့ကတော့ ဘေးမဲ့ရခဲ့ကြပါပြီ။ ငှက်အပေါင်းတို့ကို မည
ပြုရပါမည်နည်း"

"သမင်မင်း···ငှက်အပေါင်းအားလည်း ဘေးမဲ့ပေ
တယ်"

"ငါး၊ လိပ်၊ ပုစွန် စသော သတ္တဝါများကိုရော အဘယ
သို့ ပြုရမည်နည်း"

"ငါး လိပ် စသော ရေသတ္တဝါများကိုလည်း ဘေး
ပေးပါတယ် သမင်မင်း"

ထိုသို့လျှင် နိဂြောဓသမင်မင်းကို မှီ၍ အလုံးစုံသေ
သတ္တဝါတို့ ဘေးမဲ့ရကုန်ပြီးသော် သမင်မင်းက မင်းကြီးအ
ဆက်၍ ပြောဆိုလေသည်။

"အရှင်မင်းကြီး···အမဲလိုက်ခြင်းဟူသော မကော
မှုကို ခွန့်လွှတ်၍ ယနေ့မှစ၍ သီလဆောက်တည်ပါ တရ
ကို စောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



နိဂြောဓသမင်မင်းလည်း မင်းကြီးအား အခုံအမပေး [illegible]ာက် သမင်အပေါင်းခြံရံကာ တောသို့ ထွက်ခဲ့လေတော့သည်။

ကိုယ်ဝန်ရှိသော သမင်မမှာလည်း မကြာမီအချိန်မှာ [illegible] အလွန်လှပတင့်တယ်သော သမင်ငယ်ကို မွေးဖွားခဲ့လေသည်။ ထိုသမင်ငယ်သည် ရွှင်မြူးလျက် သာခသမင်မင်းထံ [illegible] သွားလေသော် မိခင်က မြင်သဖြင့် သားသမင်ငယ်ကို [illegible]လေသည်။

"ချစ်သား… အစီးအပွားကို လိုသောသူသည် နိဂြောဓသမင်မင်းအားသာလျှင် မှီဝဲရာ၏။ သာခသမင်ထံ၌ အသက်ရှင်ခြင်းထက် နိဂြောဓသမင်မင်းထံ၌ သေရခြင်းက သာ၍မြတ်တယ် ချစ်သား"

ထို့နောက်တွင်ကား ဘေးမဲ့ရကုန်သော သမင်တို့သည် လူတို့ စိုက်ပျိုးထားသော ကောက်နှံစပါးတို့ကို စားကြလေသည်။ လူတို့က မပစ်ခတ်ဝံ့၍ မင်းကြီးအား လျှောက်ထားကြလေသော် မင်းကြီးက…

"ငါသည် နိဂြောဓသမင်မင်းကို ကြည်ညို၍ ဘေးမဲ့ပေးအပ်ကုန်ပြီ။ ငါ့စကားကို ငါ မဖျက်လို"

ဟု မိန့်တော်မူလေသည်။

နိဂြောဓသမင်မင်းက ထိုအကြောင်းကို ကြားရလေလျှင် သမင်တို့အား လူတို့ စိုက်ထားသော ကောက်နှံတို့ကို မစားရန် တားမြစ်ဆုံးမ၍ လူတို့ကလည်း မိမိတို့ ကောက်လယ်ပတ်ဝန်းကျင်၌ သစ်ရွက်တို့ဖြင့် အမှတ်အသားချထားပေးရန် အကြောင်းကြားခဲ့လေသည်။ သမင်အပေါင်းက ထိုသစ်ရွက်အမှတ်အသားတို့ကို လွန်၍ မသွားခဲ့ကြပေ။

နိဂြောဓသမင်မင်းမှာ အများအကျိုးအတွက် ကိုယ်ကျိုးမငဲ့ကွက်ဘဲ ဆောင်ရွက်ပေးခဲ့သဖြင့် ကျွန်ုပ်တို့အတွက် အတုယူ မှတ်သားစရာပင် ဖြစ်ပါတော့သည်။

* * *

တင့်ထွေး(စနေသျှစတီ)

မှီငြမ်း

- ဇာတနိပါတ် နိဂြောဓသမင်မင်းဝတ္ထု။
- အမျိုးသားပညာဝန် ဦးဖိုးကျားမှ ငါးရာ့ငါးဆယ်ဇာတ်နိဒါန်းချက်များ။


အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့် ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

# ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မင်္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀ ၂၁၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံပြီ။





www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရ ညောင်တံခါးကြီး

■ ဇရာမြေ ကျော်ဇေဝ ■



စာရေးသူနှင့် ညီလတ် ပန်းမြိုင်လယ် မောင်စိန်ဝင်းတို့သည် (၁၅-၆-၂၀၁၂)၊ နေ့လယ် ၁နာရီအချိန်ခန့်တွင် မြဝတီရပ်ကွက်ပိုင် သီရိအောင်မြေရပ်ကွက် ကံ့ကော်လမ်း၏ သီရိအောင်မြေ (၈)လမ်းတွင် နေထိုင်သော ဦးထိန်ဝင်း-ဒေါ်ရွှေမိတို့ နေထိုင်သော တိုက်အမှတ် (၉၃၉)သို့ ဂမ္ဘီရဆန်သော ထူးဆန်းသည့် ညောင်တံခါးကြီးအကြောင်းကို မေးစမ်းရန်အတွက် သွားရောက်ခဲ့ပါသည်။

ဦးထိန်ဝင်းနှင့် ဒေါ်ရွှေမိတို့ကလည်း စာရေးသူတို့ညီနောင်နှစ်ဦးကို လေးစားစွာဖြင့် ပျူပျူငှာငှာ ဆည့်ခံခဲ့ပါသည်။ စာရေးသူနှင့် ညီ မောင်စိန်ဝင်းတို့သည် ညောင်တံခါးကြီးနှင့်ပတ်သက်ပြီး ဦးထိန်ဝင်းကို ယခုလို မေးသားခဲ့ပါသည်။ ညီဖြစ်သူ ပန်းမြိုင်လယ် မောင်စိန်ဝင်းကလည်း ပံ့ပိုးကူညီစွာဖြင့် စာရေးသူ မေးစမ်းသည်ကို ဓာတ်ပုံရိုက်ကူးပေးပါသည်။

"ဦးထိန်ဝင်းတို့ ဒီရပ်ကွက်ကို စတင်ပြောင်းရွှေ့လာကတည်းက ဒီညောင်တံခါးကြီးက တည်ရှိနေတာ ခင်ဗျာ"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်တို့ ပြောင်းရွှေ့ကတည်းက ဒီညောင်တံခါးကြီးက ရှိလျက်ပါပဲ။ ဒီညော ကြီးကို စတင်စိုက်ပျိုးကြသူများကတော့ ဦးကြာ ဒေါ်ဖော့တို့ ဇနီးမောင်နှံပါပဲ။ ဒီနေရာတွေက ယခင် ကတုတ်ကြီးကွင်းပါ။ အစိုးရက မြေကွက်ရိုက်ပြီး ရပ် တည်ပေးခဲ့လို့ သီရိအောင်မြေရပ်ကွက်လို့ အမည်တွင် ပါ။ ဒီနေရာကို မြေကွက်ရိုက်ပြီး မဲဖောက် ရောင်းချပေ ကျွန်တော်တို့ မရခဲ့ပါဘူး။ ကျွန်တော်တို့က တစ်လမ်း က ခြံတစ်ကွက်ကို ရရှိပါတယ်။ ဒီညောင်တံခါးကြီး ခြံကွက်ကတော့ ညီအစ်ကိုမောင်နှမတစ်စုတို့က ရ ပါ။ ကျွန်တော် ညောင်တံခါးကြီးကို သဘောကျပြီး မှာ ဝယ်ပါသေးတယ်။ သူတို့က မရောင်းကြပါဘူး။




www.burmeseclassic.com

www.burmeseclassic.com



ခင်နုမလေးယောက်က မကြာခဏဆိုသလို ကျွန်းမာရေး ကောင်းကြလို့ ခိုက်တယ်ဆိုပြီးတော့ ပထမအနေနဲ့ ခြံ ဆင်ဝက်ရောင်းပါတယ်။ နောက် ကျန်တဲ့ ခြံတစ်ဝက်မှာ [illegible]လေးဘက်နေပြီး ကျွန်တော့်ကို ရောင်းပြီး တခြားရပ် [illegible]ပြောင်းသွားကြပါတယ်။ ကျွန်တော်တို့ ဇနီးမောင်နှံ ခြံကို ဝယ်ပြီးကတည်းက အိမ်ဈေးဆိုင်လေး ဖွင့်ပြီး ဈေး ရောင်းကြပါတယ်။ ကျွန်တော်က တခြားမှာ ဈေးရောင်း ဈေးဝယ်လုပ်နေရသလို၊ ဇနီးက ဒီအိမ်လေးမှာပဲ ဈေးဆက် ရောင်းပါတယ်။ ဇနီးက ဘုရားတရားမြဲသလို၊ မြင်အပ် မမြင်



အပ်တဲ့ ပုဂ္ဂိုလ်တွေကိုလည်း မေတ္တာပို့ အမျှပေးဝေပါတယ်။ တစ်နေ့မှာ ညောင်တံခါးကြီးပေါ်က အဝတ်အညိုရောင်နဲ့ သူတော်စင်ကြီးက မရွှေမိကို အိပ်မက်ပေးပါတယ်။

"ဟဲ့ . . . ကလေးမ၊ နင်က ဘုရားတရားလည်း မြဲ တယ်။ အမြဲလည်း ပုတီးစိပ် မေတ္တာပို့ အမျှအတန်းပေးဝေ တယ်။ နင် အမျှဝေတာကို ငါရပါတယ်။ နင်တို့ ဘုရားတရား မြဲတဲ့အတွက် နင်တို့ တစ်နေ့ကြီးပွားဦးမယ်။ နင်တို့ ယခု ဘဲသာသာအိမ်ကလေးနဲ့ နေရပေမယ့် နောင် တိုက်တာ အဆောက်အအုံနဲ့ နေရမယ်။ အမြဲအေးချမ်းသာယာစေချင် ရင် ရေချမ်းစင်ကလေးဆောက်ပြီး လှူပါ။ ငါတို့ကလည်း စမှာပါ"

လို့ ပြောပြီး ပျောက်သွားပါတယ်။

ကျွန်တော်က တစ်ခါတလေ ဈေးရောင်းထွက်ရတော့ ကျွန်တော်ပြန်လာတဲ့အချိန်မှာ မရွှေမိက သူ့ရဲ့ အိပ်မက်ကို ပြောပြပါတယ်။ ကျွန်တော်က ပထမ အယုံအကြည် [illegible] သိပ်မရှိဘူး။ ကိုယ်လုပ်မှ ကိုယ်စားရတာကို [illegible] မယ် ဆိုတော့ မိန်းမအိပ်မက်ဖြစ်နေတော့လည်း သူ့ စိတ်ချမ်းသာ အောင် ပြောပြီး "အေးပါ၊ ငါ ဒီတစ်ခါအရောင်းအဝယ် အဆင်ပြေခဲ့ရင် ရေစက္ခုစိုးကြီးပြောတိုင်း ဖြစ်ရစေမယ်"လို့ အလွယ်တကူပြောလိုက်ပေမယ့် အရောင်းအဝယ်က အဆင် ပြေပြီး မထင်မှတ်လောက်တဲ့ အမြတ်ငွေတွေက ရလာတာ ပါပဲ။ ကျွန်တော်လည်း ရေချမ်းစင်ကို အုတ်နဲ့ အင်္ဂတေကိုင် ပြီး ကျကျနနဆောက်လုပ် လှူဒါန်းခဲ့ပါတယ်။ ရုက္ခစိုးကြီး ပုံတော်ကိုလည်း ထုလုပ် ပူဇော်ပြီး ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ ရေချမ်းနဲ့ ဆွမ်းဖြူ ထန်းလျက် သက်သတ်လွတ် ကပ်ပါ တယ်။ အဲဒီအချိန်မှာ ကျွန်တော် တိုက်မဆောက်ရသေးပါ ဘူး။ သစ်သားအိမ်ကလေးနဲ့ပါ။ ကျွန်တော် နယ်စပ်မှာ ဆံပင် အရောင်းအဝယ်လုပ်နေတုန်း တစ်ညမှာ ကျွန်တော့်ကို အိပ်မက်ပေးပါတယ်။

"မောင်ထိန်ဝင်း . . . ဟေ့ . . . မောင်ထိန်ဝင်း" ဆိုပြီး ယောဂီဝတ်အညိုနဲ့ အဖိုးအိုတစ်ဦးက ခေါင်းပေါင်းညို



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းပြီး လည်ပင်းမှာလည်း ပေသီး ပုတီးကြီး တန်းလန်းနဲ့ တောင်ဝှေးကို ထောက်ပြီး နှီးပါတယ်။ မင်းကို သတိပေး မလို့ပါ" တဲ့။

"မင်းက အများအတွက် သောက်သုံးဖို့ ရေချမ်းစင် လှူသလို၊ ငါ့အတွက်လည်း ကျောင်းဆောင်ဆောက်လုပ် ပေးတော့ ငါလည်း နေစရာရတာပေါ့။ မင်းအရင် နေထိုင် သွားတဲ့ လူတွေက ငါ့ကို ဂရုမစိုက်ကြဘူး။ ဘုရားတရား လည်း မလုပ်ကြဘူး။ သူတို့က နေ့ရှိသရွေ့ ပါးစပ်ကြမ်းပြီး ရိုင်းစိုင်းတဲ့ လူတွေဆိုတော့ သူတို့တိုင်ခြေ ရှုံ့လူးတာကို ငါက မကြည့်ရက်ပေမယ့် သူတို့က အရိပ်နေနေ အခက်ချိုး ချိုး ငါနေတဲ့ အကိုင်းတောင် မချန်ဘူး။ ထင်းစိုက်ပစ်လိုက် ကြလို့ ငါ မေတ္တာပို့လွှတ်လိုက်တာ သူတို့ ဒီနေရာမှာ နေလို့မရတဲ့အဆုံး တခြားပြောင်းရွှေ့သွားကြတာပေါ့။ မောင်ထိန်ဝင်း…မင်းအပြန်မှာ မင်းစီးနေကျ ကားကို မစီး ပါနဲ့။ အန္တရာယ်များပါတယ်။ ဒုတိယထွက်တဲ့ ကားကို စောင့် ပြီးတော့ စီးပါတယ်။ မင်းလည်း မကြာခင်လပိုင်းအတွင်းမှာ တိုက်တာအိုးအိမ်သစ်နဲ့ နေရမှာပါ။ သွားလေရာမှာ ဘုရား တရားမြဲပါ။ ဂုဏ်တော်တွေ ရွတ်ပွားပါ"ဟု ပြောပြီး ပျောက် သွားတာပါပဲ ဆရာ။

ကျွန်တော်လည်း မမက်စဖူး အမက်ထူးတဲ့ အိပ်မက် ထူးကိုတော့ မြဲမြဲမှတ်ထားပြီး ပထမထွက်တဲ့ ကားနဲ့ မလိုက် ဘဲ ဒုတိယထွက်တဲ့ ကားနဲ့ စီးပြီးပြန်ခဲ့တာ ချောချောချူချူ ပါပဲ"

ဟု ပြောပြလေသည်။

"ဦးထိန်ဝင်းကို သူတော်စင် ရက္ခစိုးကြီးက အိပ်မက် ပေးတဲ့အထဲမှာ ပထမ စီးနေကျ ကားနဲ့ မပြန်ပါနဲ့ဆိုတော့ အဲဒီ ပထမထွက်တဲ့ ကားက ဘယ်လိုဖြစ်လို့လဲ"

"ဩော်…ဟုတ်ပေသားပဲ။ ကျွန်တော်ပြောပြဖို့ ကျန် သွားတယ်။ ပထမထွက်သွားတဲ့ ကားက ကွေ့တစ်ခု လမ်းခု လတ်မှာ ဘီးပေါက်သွားတယ် ဆရာ။ ကားဘီးပေါက်တာက လည်း အဆန်းသား။ တစ်ဘီးမဟုတ်ဘူး နှစ်ဘီးတောင်မှ။ ရှေ့ဆုံး ညာဘက်က တစ်ဘီး၊ နောက်ဆုံး ဘယ်ဘက်က တစ်ဘီး။ ကျွန်တော်တို့ကားက သူ့ကို ကျော်တက်သွားတာ တောင် သူတို့ကားက ရှေ့ဘက် တစ်ထီးပဲ လဲပြီးသေးတယ်။ ကျန်တစ်ဘီးက အပိုမပါတော့၊ နောက် လာမယ့် ကားကြို ကို မှာပြီး ဆက်စောင့်နေရတာပေါ့ ဆရာ။ ခရီးသည်တွေ ကလည်း ကျိုးတိုးကျဲတဲ သစ်ပင်အောက်တွေမှာ ကားဘီး လဲအပြီးကို စောင့်နေကြရတာပါပဲ။ ကျွန်တော်က ကျွန်တော်

စီးလာတဲ့ ကားပေါ်ကနေ အိပ်မက်ပေးပြီး သတိပေး ရက္ခစိုးကြီးကို ကျေးဇူးတင်ပြီး ရက္ခစိုးဆိုတာ တကယ်ရှိ လားလို့ အတွေးစိတ်ထဲကနေ ကျိတ်ပြီး ပြုံးနေမိလိုက် တယ် ဆရာ"

"ဒေါ်ရွှေမိကရော ရက္ခစိုးကြီးနဲ့ ပတ်သက်ပြီး သိခဲ့ တာလေးတွေ ပြောပြပါဦးဗျာ"

ဟု ဆိုသောအခါ ဒေါ်ရွှေမိသည် နေကာမျက်မှန် ချွတ်ပြီး ဦးထိန်ဝင်းနှင့် ယှဉ်တွဲထိုင်လျက် သူတော် ရက္ခစိုးကြီးအကြောင်းကို ပြောပြပါသည်။

"ကျွန်မ ဒီအိမ်ဆိုင်ကလေးမှာ တိုက်မဆောက် ကတည်းက မုန့်ပဲသရေစာ အိမ်ဆိုင်ကလေးအဖြစ်နဲ့ ရောင်းပါတယ်။ ကျွန်မ ဘုရားဝတ်ပြုပြီး တရားထိုင်ပါတယ် ကျွန်မ ကလေးငယ်လေးတွေနဲ့ နေရတဲ့အချိန်မှာ ကိုထိ



ဝင်းက အရောင်းအဝယ်နဲ့ တခြားမြို့တွေကို ရောက်နေတ ကျွန်မအိမ်ဘေးကို သူခိုးကပ်ပါတယ်။ ခွေးတစ်ကော တလေတောင် မရှိတဲ့ ကျွန်မတို့အိမ်ကို သူခိုးက အပိုင်တွ ပြီး ခိုးရအောင် လာတာပါ။ ဒါပေမယ့် သူခိုးနှစ်ယောက် အိမ်ခြံဝတောင် မရောက်ပါဘူး။ ညောင်ပင်ပေါ်က သရဲ ဆင်းလိုက်တယ်ဆိုပြီး ပြေးမိပြေးရာ ပြေးခဲ့ကြတာ ကျွ အိမ်ရှေ့မှာ ဖိနပ်နှစ်ရံတောင် ကျန်ခဲ့ပါသေးတယ်။ နောက် ကျွန်မတို့ စီးပွားရေးအခင်ပြေ ချောမွေ့လို့ တိုက်ကြီးဆော ပြီးတော့ ကျွန်မက အိမ်ရှေ့ဘက်မှာ ထွက်ပြီး အမြဲတ တံမြက်လှည်း၊ သောက်ရေအိုး ရေဖြည့်၊ အိမ်က ဘုရား ဆွမ်းကပ်၊ ပန်းကပ်၊ ရေကပ် အမြဲလုပ်နေကျဆိုတ သူတော်စင် ရက္ခစိုးကြီးက တစ်ညမှာ ကျွန်မကို အိပ်မ ပေးပါတယ်။

"ဟဲ့…သမီး နင် ဘုရားတရားမြဲပြီး ကောင်းမှုကုသို ပြုတာ အဲဒါ ဝမ်းမြောက်ဝမ်းသာရှိပါတယ်။ ဒါပေမယ့် ရဲ့ ညောင်ပင်က ညောင်တံခါးပေါ်ကို ကလေးတွေ ကြာခ



www.burmeseclassic.com

www.burmeseclassic.com



ဦး တက်ဆော့ကြတယ်။ အဲဒီကလေးတွေကို အဘရဲ့ ညွှန့် ပေတိုးကြီးက မှတ်လောက်သားလောက်ဖြစ်အောင် ရှာတ်လိုက်တယ်။ အဲဒီကလေးတွေ သူတို့အိမ်ကို ရင် တစ်ကိုယ်လုံး ယားယံပြီး ပုဆိုး အင်္ကျီ မကပ်နိုင် ဖြစ်ကြလိမ့်မယ်။ သူတို့မိဘတွေက သမီးဆီ လာလိမ့် အဘကိုလည်း လာတောင်းပန်လိမ့်မယ်။ သမီးက တို ပြောရမှာက နောက်နောင် ကလေးတွေကို ပင်ကို လွှတ်ပြီး မကစားခိုင်းပါနဲ့လို့၊ ဒီဥဒေါင်ပင်က ကြီးက မကြိုက်ဘူးဆိုပြီး သမီးက ဘုရားဥဒေါင်ရေ က ရေကို သူတို့ကို ယူပေးလိုက်ပါ။ ပေးရမှာလည်း ရေလို့ပြောပြီး ပေး၊ ရေချိုးတဲ့အခါမှာ ရေနဲ့ စပ်ပြီး ခိုင်းပါ။ သူတို့ကိုယ်ပေါ်မှာ ယားယံနေတာတွေဟာ ပြီး ပျောက်သွားပါလိမ့်မယ်"



လို့ ဆိုပြီး ပျောက်သွားပါတယ်။ ရက္ခစိုးကြီး အိပ်မက် အတိုင်းပါပဲ။ ကလေးတွေရဲ့ မိဘတွေက ရက္ခစိုးစင်မှာ ပန်ပြီး ကျွန်မကို ပြောပြကြပါတယ်။ ကျွန်မကလည်း စိုးကြီးပြောပြတဲ့အတိုင်း သူတို့ကို ဘုရားပန်းအိုးထဲက ကို ပေးလိုက်တာ ကလေးတွေ အယားပျောက်သွားတယ်။ အပ်တဲ့ ပုဂ္ဂိုလ်ထူးတွေရဲ့ အိပ်မက်ပေးတာကို မယုံ လို့ မရပါဘူး။ ကျွန်မတို့ ငင်မယားနှစ်ယောက်က ယံယဒါန၊ မီးသံယဒါန၊ ရွှေမိုးဆောင်း မာယလုလင် ဓမ္မ ရဲ့ ဆွမ်းလောင်းပွဲမှာ အပတ်စဉ် မပျက်လှူဒါန်းပါတယ်။ ကောင်းမှုကုသိုလ်တွေက အကျိုးပေးလို့ ယခုလို ရှား ငွေမရှား တိုက်တာအဆောက်အအုံနဲ့ နေရတာပါ။ စိပ်ခြင်းထက် ကျွန်မက အာနာပါနတရားထိုင်ပါတယ်။ တစ်ခု ဆက်လက်ပြီး ဆရာ့ကို ပြောပြပါဦးမယ်။

ကျွန်မတို့ ရပ်ကွက်ထဲမှာ အခြား ပရောဂတွေ ဖြစ်တဲ့ ဘာတို့၊ နတ်ပူးတာတို့ ဖြစ်နေသူတွေကို မိသားစုများ အကူအညီတောင်းရင်တော့ ကျွန်မက ပုတီးတစ်ကုံးကို ဘုရားမှာ သိဒ္ဓိတင်ပြီး လည်မှာ ဆွဲ၊ ဘုရားသောက်တော် ရေအိုးထဲက ရေကို ရေသန့်ဘူးထဲမှာ ထည့်ပြီး ပူဝင်နေတဲ့ အိမ်ကို လိုက်သွားပြီး ကာယကံရှင်ကို ခွင့်တောင်း၍ ရေစင်နဲ့ တောက်ပေးပါတယ်။ ပြီး ရေစင်ကို တိုက်ပေးလိုက်တာနဲ့ ပယောဂပူးတွေလည်း ထွက်ခွာသွားတော့တာပါပဲ"

"ဒေါ်ရွှေမိက ဘုရားခန်းကိုတော့ အထူးဂရုစိုက်တာပဲ။ ပန်းတွေကလည်း လှလိုက်တာ။ ရုပ်ပွားတော်ကြီးကလည်း ကြည်ညိုစရာ သပ္ပာယ်ဖို့ ကောင်းလိုက်တာ။ နေ့ခင်းတောင် မှ မီးတွေက လင်းလက်နေတော့ သူတော်စင်တွေက စောင့် ရှောက်တာပေါ့"

"ကျွန်မက ဘုရားပန်းညှိုးရင် မနေတတ်ဘူး။ ကြွား တယ်လို့တော့ မထင်ပါနဲ့ ဆရာ။ ပန်းတစ်ခါလဲရင် အနည်း ဆုံး နှစ်ထောင် သုံးထောင်လောက်ကုန်တာ။ ကိုထိန်ဝင်းက လည်း ဘုရားပန်းညှိုးရင်မကြိုက်ဘူး။ အမြဲတမ်း လန်းဆန်းနေ မှ ကြိုက်တာ။ ကိုထိန်ဝင်းက ခရီးခဏခဏထွက်ရတော့ ကျွန်မက အိမ်မှာ အလကားနေမယ့်အစား ဘုရား၊ တရား အလုပ် များများလုပ်တော့ အကျိုးရှိတာပေါ့"

ကိုထိန်လင်းကလည်း . . .

"ကျွန်တော် အရောင်းအဝယ်နဲ့ ဘဝမျိုးစုံ ကျင်လည်ခဲ့ ရသူတစ်ယောက်ပါ။ ဇနီးကလည်း ဘာသာရေး အရေးထား ပြီး လေးစားစွာ ဆောင်ရွက်သလို၊ ကျွန်တော်ကလည်း ဟောဒီ ဥဒေါင်တံခါးကြီးကို ချုံနွယ်တွေ ရှင်းပြီး ပြုပြင်ပေး ရာကနေ တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက် မြင့်လာ ရတာကတော့ ပထမအနေနဲ့ ဘာသာ၊ သာသနာကို ဦးစား ပေးပြီး ဒုတိယအနေနဲ့က မထင်မှတ်တဲ့ ဥဒေါင်စောင့်ဘိုးဘိုး ရက္ခစိုးကြီးရဲ့ အိပ်မက်ပေးချက်အရ တလေးတစား လိုက်နာ ဆောင်ရွက်ခဲ့ရာက ယခုလို ခိုင်ခံ့တဲ့ အခြေကျ အနေကျ ဖြစ်ခဲ့ရတာပါပဲ"

ဟု ပြောဆိုပြီး ကိုထိန်ဝင်းက စာရေးသူနှင့် ပူးတွဲ၍ ဥဒေါင်တံခါးကြီးကို ဓာတ်ပုံရိုက်ခွင့်ပြုသလို ဂန္ဓီရဆန်းကြယ် မင်္ဂလာကြီးတွင်လည်း ရေးသားခွင့်ပြုလိုက်ပါသည်။ ဤအခေါင်း ပါးနှင့်အတူ ဓာတ်ပုံရိုက်ပေးသူ စာရေးဆရာ ပန်းမြိုင်လယ် စိန်ဝင်းကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။


* * *

ရော့မြေကျော်စေ

www.burmeseclassic.com

www.burmeseclassic.com





# အများဆုံးစားသုံးစရာ မှျစ်

တိုးငယ်

မြန်မာလူမျိုးတော်တော်များများဟာ မှျစ်ကို အများဆုံး စားသုံးလေ့ရှိကြပါတယ်။ ကြော်ချက်၊ အတို့အမြှုပ် အမျိုးမျိုး ပြုလုပ်စားသောက်တတ်ကြပါတယ်။ ဒါကြောင့်ပဲ စားစရာ မှျစ်နဲ့ ပတ်သက်ပြီး ဆေးဖက်ဝင်၊ အကျိုးရှိစေတဲ့ အကြောင်းတွေကို အင်တာနက် စာမျက်နှာပေါ်မှာ တွေ့လို့ ဖော်ပြပေးလိုက်ပါတယ်။

* **မှျစ်ဟာ အစာခြေစနစ်ကို ကောင်းမွန်းစေပါတယ်တဲ့။**

မှျစ်ဟာ အစာအိမ်ရဲ့ အစာချေတဲ့ လုပ်ငန်းအဝဝကို ကောင်းမွန်စေပါတယ်။ ဒါတင်မကဘူး၊ အစာအိမ်ဝေဒနာကို သက်သာစေပြီး ဝမ်းပျက် ဝမ်းလျှောရောဂါကိုလည်း သက်သာစေတယ်လို့ ဆိုပါတယ်။

* **မှျစ်ဟာ နှာတာရှည်ရောဂါဖြစ်နိုင်ခြေကိုလည်း လျော့ပါးစေတယ်လို့ ဆိုပါတယ်။**

မှျစ်မှာ မီနေ၁လစ်အက်စစ်များစွာ ပါဝင်နေလို့ ရောင်ရမ်းမှုကို လျော့ကျစေပြီး အင်တီအောက်ဆီးဒင့်အစွမ်းရှိပါတယ်။ ဒါကြောင့် နှလုံးရောဂါအပါအဝင် နှာတာရှည်ရောဂါတွေကို လျော့ကျစေပါတယ်။ မှျစ်မှာ ပါဝင်တဲ့ ပိုတက်စီယမ်ဟာလည်း နှလုံးကျန်းမာရေးကို ကောင်းမွန်စေပါတယ်။

* **မှျစ်မှာ ပိုးသတ်နိုင်တဲ့ အာနိသင်ရှိပါတယ်။**

မှျစ်မှာ ဖိုင်ကိုကမ်မီကယ်များစွာ ပါဝင်တာကြောင့် ဖန်းဂက်(စ်)မှိုတား အာနိသင်၊ ဘက်တီးရီးယားကို ဆန့်ကျင်တဲ့ အာနိသင်နဲ့ ကင်ဆာတား အာနိသင်တို့ ပါရှိပါတယ်။

* **မှျစ်ဟာ သွေးဖိအားကိုလည်း ထိန်းသိမ်းပေးပါတယ်။**

ပိုတက်စီယမ်ပါဝင်မှု များတာကြောင့် သွေးတိုးကို ကျစေပါတယ်။ မှျစ်ဟင်းတစ်ခွက်မှာ တစ်နေ့တာ လိုအပ်တဲ့ ပိုတက်စီယမ်ပမာဏရဲ့ ငါးပုံတစ်ပုံပါဝင်နေပါတယ်။

* **မှျစ်ဟာ မကောင်းသော အဆီတွေကိုလည်း ကျစေပါတယ်။**

မကောင်းတဲ့ ကိုလက်စထရောအဆီ(LDL)ကို လျော့ကျစေပါတယ်။ တယ်ကိုရီပါဝင်မှု လျော့နည်းတာကြောင့် အဝလွန်သူတွေနဲ့ သင့်တော်ပါတယ်။ အမျှင်ဓာတ်ပါဝင်မှု များတာကြောင့် မကြာခဏ ဆာလောင်မှု လျော့နည်းပြီး ကိုယ်အလေးချိန်ထိန်းသူတွေနဲ့ သင့်လျော်သလို အူလမ်းကြောင်းမှာ ရှိတဲ့ သန်ကောင်တွေကို လျော့ကျစေပါတယ်။

* **မှျစ်ဟာ ဝမ်းမှန်မှန်သွားစေအောင် စွမ်းဆောင်နိုင်ပါတယ်။**

မှျစ်ဟင်းတစ်ခွက်စားပေးရုံနဲ့ တစ်နေ့တာ လိုအပ်တဲ့ အမျှင်ဓာတ်ပမာဏကို ရစေတဲ့အတွက် အူလှုပ်ရှားမှုကို ကောင်းမွန်စေပြီး နာတာရှည် ဝမ်းချုပ်မှု မဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

* **မှျစ်စားသုံးခြင်းဖြင့် အမျိုးသမီးများအတွက် ရာသီစက်ဝန်းကို လှုံ့ဆော်ပေးပြီး ရာသီမှန်မှန်လာစေပါတယ်။**

ဒါတင်မကဘဲ၊ မှျစ်ကို သည်းခြေအိတ်ဝေဒနာတွေ လျော့ကျစေဖို့ ရိုးရာဆေးနည်းအဖြစ် အိမ်သုံးဆေးတစ်လက် အနေနဲ့ သုံးစွဲခဲ့ကြပါတယ်။

* **သန့်ရှင်းတဲ့ မှျစ်ရည်ကို ဒဏ်ရာငယ်များပေါ် လိမ်းပေးရင် အနာကျက်မြန်သလို၊ လိပ်ခေါင်းသွေးထွက်နေရင်၊ ဆီးပူညောင်းကျ ဝေဒနာဖြစ်နေရင် မှျစ်ကို စားသုံးပေးပါက သက်သာစေတယ်လို့ ဆိုပါတယ်။**

အများစားသုံးတဲ့ မှျစ်အကြောင်းကို လေ့လာရှာဖွေမိသမျှ တင်ပြလိုက်ခြင်းပါ။ ဒီနေရာမှာ အဓိက သတိပြုရမယ့် တစ်ချက်တော့ ရှိပါတယ်။ စားသုံးတဲ့ မှျစ်ဟာ သန့်ရှင်းလတ်ဆတ်ဖို့ လိုသလို၊ အရောင်လှအောင် ဓာတုဆိုးဆေးတွေ ဆိုးထားတာကိုလည်း ရှောင်သင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။

* * *

တိုးငယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပင်ဆုန်းပွင့်ဘုရား
ပြည်မြို့

www.burmeseclassic.com

www.burmeseclassic.com

# ရှင်ပင်ဘုန်းမြင့် ရှင်ပင်ဘုန်းပွင့်

■ ဦးကျော် (ပြည်) ■



www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင် ရှိနေစဉ် လမ်းမတော်လမ်းမြို့ပေါ်ရှိ ခွေးနွေး
အနောက်တောင်ဘက် အာရုံခံ တန်ဆောင်းအတွင်းမှ
ဦးဥယ်ရာအတိဖြင့် စံနေတော်မူသော ရှင်ပင်ဘုန်းမြင့်၊
ဘုန်းပွင့် ရုပ်ရှင်တော်မြတ်နှစ်ဆူအား သွားရောက် ဖူး
ကြည်ညိုခဲ့ပါသည်။

ရှင်ပင်ဘုန်းမြင့်၊ ရှင်ပင်ဘုန်းပွင့် ဘုရားနှစ်ဆူမှာ မဟာ
ရာဇ် ၁၀၃ခုနှစ်၊ တပေါင်းလပြည့်နေ့ နေ့နှစ်ချက်တီး
ပြည်မြို့ သုဒဿနတောင်ပေါ်တွင် မြသိတင်ခေါ်
တော်စေတီတော်မြတ်ကြီးကို တည်ထားတော်မူအပြီး
မင်းမှ သွန်းလုပ် ပူဇော်စေခဲ့သော ရုပ်ရှင်တော်မြတ်
ဖြစ်ပါသည်။

ကုန်သည်ညီနောင်နှစ်ဦးဖြစ်သည့် အဇ္ဇိကာ၊ ဘလ္လိက
သော သူတော်မြတ် ခုနစ်ဖော်တို့နှင့်တကွ နတ်ပြဟ္မာ
ပြည်မြို့ သုဒဿနတောင်တော်မြတ်တွင် ဆံတော်
နှင့် မွေရှင်တော်တို့ကို အခိုင်အမာ ဌာပနာ၍ ရွှေဆံ
စေတီတော်မြတ်ကို တည်ကြသည်။

မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ တပေါင်းလပြည့်နေ့ နေ့
တီးချိန်တွင် စေတီတော်တည်၍ ပြီးစီးလေသည်။
ထိုအချိန်တွင် သိကြားမင်းသည် မြတ်စွာဘုရား၏
တော် ခုနစ်ဆူတို့ကို သွန်းလုပ်လေရာ ရှေးဦးစွာ
သော အရှင်နှစ်ဆူမှာ ကောင်းကင်သို့ တက်ကြွလေ

ထို့နောက် ခြောက်သွယ်သော ရောင်ခြည်တော်များ
တော်မူလေရာ ကုန်သည်ညီနောင်အပါအဝင် သူမွန်
တို့ ဖူးမြင်ကြရလေသည်။ အားလုံးမှ‌ဇနေ၍ "ငါတို့
များ ဘုန်းတော်မြင့်ပြီ ဘုန်းတော်ပွင့်ပြီ"ဟူ၍ သံပြိုင်
ကြွေးကြလေတော့သည်။

## ...းမင်းပေးသည့် ဘွဲ့အမည်

ဤသည်ကို အကြောင်းပြု၍ ထိုဘုရားနှစ်ဆူအား
ဘုန်းမြင့်၊ ရှင်ပင်ဘုန်းပွင့်"ဟူ၍ သိကြားမင်းကိုယ်တိုင်
သတ်မှတ်ပေးခဲ့သည်။

ထို့နောက် "ဤအရှင်နှစ်ဆူကို ယုံယုံကြည်ကြည်
သူများသည် ဘုန်းတန်ခိုးကျက်သရေမြင့်၍ ပွင့်၍
ဒ်ကင်းပျောက်ပြီး ကပ်သုံးပါးလွတ်မြောက်ကာ နိဗ္ဗာန်
က်စေနိုင်သည်"ဟု ဆိုခဲ့လေသည်။

## ကိုယ်စားတော် ခုနစ်ဆူ

သိကြားမင်းသည် ကိုယ်စားတော် ခုနစ်ဆူပြည့်အောင် သွန်းလုပ်ပြီးလျှင် ရှင်ပင်ဘုန်းမြင့်နှင့် ရှင်ပင်ဘုန်းပွင့်တို့ကို ကုန်သည်ညီနောင်တို့အား ကြီးစဉ်ငယ်လိုက် ကိုးကွယ်စေလျက် ကျန်ငါးဆူကို သူမွန်ငါးဦးတို့ကို ကိုးကွယ်စေလေသည်။

သိကြားမင်းက "အချင်းသူမွန် ခုနစ်ဦးတို့…သင်တို့ ကိုးကွယ်ခွင့် ဒကာခံထိုက်တော်မူ၊ သင်တို့၏ ဦးခေါင်းထက်၌ တည်လတ္တံ့"ဟု ဆိုလေရာ ကုန်သည်ညီနောင်နှင့် သူမွန်များကလည်း "ကိုးကွယ်ပူဇော်ထိုက်ပါက ဦးခေါင်းထက်သို့ ကိန်းဝပ်တည်နေတော်မူပါစေသား"ဟူ၍ အဓိဋ္ဌာန်ပြုလေသည်။

ထိုအခါ ရှင်ပင်ဘုန်းမြင့်နှင့် ရှင်ပင်ဘုန်းပွင့်ဘုရားနှစ်ဆူမှာ အဇ္ဇကာ၊ ဘလ္လိက ညီနောင်တို့၏ ဦးခေါင်းထက်၌ တည်ရှိတော်မူကာ တန်ခိုးပြာဋိဟာတို့ကို ပြ၍ ကျန်ငါးဆူမှာ သူမွန်ငါးဦး၏ ဦးခေါင်းထက်၌ တစ်ဆူစီတည်ကြလေ၏။ အားလုံးမှာ အတိုင်းမသိ ဝမ်းသာပီတိများ ဖြစ်၍မဆုံး ရှိကြတော့သည်။

သိကြားမင်းသည် ရွှေဆံတော်စေတီတော်အား ခုနစ်ဆူကုန်သော ကိုယ်စားတော်တို့ဖြင့် လက်ယာရစ်လှည့်ကာ ပူဇော်လေသည်။ ပြီးနောက် သူမွန် ခုနစ်ဖော်တို့အား အောက်ပါအတိုင်း ဆိုလေ၏။

"သင်တို့ အသက်ရှည်သမျှကာလပတ်လုံး ဤအရှင်မြတ်များကို ကိုးကွယ်ကြပါ။ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်ပါလိမ့်မည်"

ဟူ၍ မိန့်ဆိုအပြီး တာဝတိံသာသို့ ပြန်ကြွသွားတော့၏။

ထို့အတူ နဂါး၊ ဘီလူး စသော သူမွန်ငါးဦးလည်း ကိုယ်စားတော် တစ်ဆူစီပင့်၍ သုဒဿနတောင်ပေါ်မှ အသီးသီးဆင်းကာ မိမိတို့နေရာဌာနအရပ်များဆီသို့ သွားကြလေတော့သည်။

## ကိုယ်စားတော်နှစ်ဆူအား သန်လျင်သို့ ပင့်ဆောင်ခြင်း

အဇ္ဇိကနှင့် ဘလ္လိက ကုန်သည်ညီနောင်မှာလည်း ကိုယ်စားတော်နှစ်ဆူကို ရွှေဆံတော်စေတီတော်အား လက်ယာရစ်ပတ်၍ ပူဇော်ပြီးလျှင် သုဒဿနတောင်တော်ပေါ်မှ ဆင်းသက်၍ သင်္ဘောနှစ်စင်းပြိုင်လျက် သင်္ဘောသား ငါးရာစီဖြင့် သန်လျင်သို့ ပင့်ဆောင်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောနှစ်စင်းမှာ ယူဇနာတစ်ရာမျှ ကွာဝေးသော အရပ်သို့ ရောက်လျှင် ကြီးကျယ်သော လှိုင်းတံပိုးများဖြင့် တွေ့လေသည်။

ဝိရူပက္ခ၊ ဆဗျာပုတ္တ၊ ကဏှာဂေါတမ စသော နဂါးမင်း သုံးဦးတို့မှ တန်ခိုးတော်အစွမ်းဖြင့် ညီနောင်များ ကြောက်လန့်အောင် လှိုင်းထစေခြင်းဖြစ်လေရာ နဂါးတို့၏ အကြံမှာ ဘုရားနှစ်ဆူကို သင်္ဘောနှင့်တကွ နဂါးပြည်သို့ ပင့်ဆောင်လိုခြင်းပင် ဖြစ်ပေသည်။

သို့သော်လည်း ကုန်သည်ညီနောင်တို့မှာ ကြောက်ရွံ့တုန်လှုပ်မှုမရှိဘဲ ဘုရားနှစ်ဆူ၏ တန်ခိုးတော်ကို ယုံကြည်သည့်အလျောက် လှိုင်းတံပိုးကြားမှာပင် ခရီးဆက်ခဲ့ကြလေရာ နဂါးတို့မှာ မိမိအကြံအစည် မအောင်မြင်သောကြောင့် "ဤရောက်ရာအရပ်၌ပင် ဤအရှင်နှစ်ဆူကို ပူဇော်ပါရစေ" ဟူ၍ တောင်းပန်ရလေသည်။


**သမုဒ္ဒရာအလယ်၌ နဂါးတို့ ပူဇော်ခွင့်ရခြင်း**

နဂါးတို့က တောင်းပန်လေသောကြောင့် ကုန်သည်ညီနောင်တို့လည်း နဂါးတို့ ကျေနပ်နှစ်သိမ့်မှု ဖြစ်ကြစေရန် သမုဒ္ဒရာအလယ်၌ ပူဇော်ကြပါဟူ၍ ခွင့်ပြုတော်မူလေသည်။ နဂါးတို့လည်း လွန်စွာဝမ်းမြောက်ကြတော့သည်။

ထိုအချိန်၌ မဏိမေခလာ နတ်သမီးသည် ထိုအဖြစ်သနစ်ကို သိတော်မူ၍ ကျွန်းငယ်လေးတစ်နေရာကို လျှပ်မြန်စွာ ဖန်ဆင်းလေသည်။ ဥယျာဉ်ပန်းမန် သစ်ပင်ကြီးငယ်တို့ဖြင့် တင့်တင့်တယ်တယ်ဖြစ်ကာ လှပစိမ်းစိုနေသော ကျွန်းငယ်ကလေးဖြစ်လေသည်။

ဝိရူပက္ခ နဂါးမင်းသည် ထိုကျွန်းငယ်အား မြင်လေသော် ကျွန်းအလယ်၌ ဘုံခုနစ်ဆင့်ရှိသော ဝေဇယန္တာပြာသာဒ်ကို ဖန်ဆင်း၏။ ပြာသာဒ်အလယ်တွင် ရတနာညောင်စောင်းကို ဖန်ဆင်း၍ ပတ္တမြားပလ္လင်ကို ခင်းလေ၏။ ပလ္လင်ထက်၌ အင်းပျဉ်ကို ခင်း၍ အင်းပျဉ်ထက်တွင် ရတနာမျိုးစုံကို ခင်းသည်။ ၎င်းအပေါ်၌ ကိုယ်ပွားတော်မြတ် ရှင်ပင်ဘုန်းမြင့်၊ ရှင်ပင်ဘုန်းပွင့် ရုပ်ရှင်တော်မြတ်နှစ်ဆူကို ပူဇော်ကာ အားရသော ရှိခိုးခြင်းဖြင့် ရှိခိုးကန်တော့လေသည်။

ထို့ပြင် ဖြူစင်သော ပုလဲမျှား စီခြယ်အပ်သော ရွှေကွန်ရက်၊ ငွေကွန်ရက်၊ ရွှေကြာယပ်၊ ငွေကြာရွက်၊ ရွှေညောင်ရွက်၊ ရွှေဆည်းလည်း၊ ငွေဆည်းလည်း၊ ရတနာထီးဖြူ၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေပန်းခိုင်. . . စသည်တို့ အပြင် အထူးထူးသော လှူဖွယ်ဝတ္ထုများဖြင့် နဂါးဆွေမျိုး



အပေါင်းတို့နှင့်တကွ ခုနစ်ရက်တိုင်တိုင် ပူဇော်လေသ

ဤသို့ပင် ဆဗျာပုတ္တ နဂါးမင်းနှင့် ကဏှာဂေါ နဂါးမင်းတို့ကလည်း ခုနစ်ရက်စီ ပူဇော်ကြလျက် မဏိ ခလာ နတ်သမီးကလည်း ခုနစ်ရက်ပင် ပူဇော်သဖြင့် ရက် လေးလီလေးသတ္တာဟ ခွင့်ပြုခဲ့ရလေသည်။

ပြီးသော် ကုန်သည်ညီနောင်တို့လည်း အားလုံး ပန်ကြားပြီး ထိုအရပ်မှ ထွက်ခွာခဲ့ကြကာ သန်လျ ဘေးမသီ ရန်မခဘဲ ဆိုက်ရောက်လေတော့သည်။

ညီနောင်နှစ်ပါးသည် သန်လျင်သို့ ရောက်လျှင် ရု တော်မြတ်နှစ်ဆူကို သင်္ဘောပေါ်မှ မြို့သို့ ပင့်ဆောင့်ခဲ့သ ပင့်ဆောင်ရာ၌ ပူဇော်ခြင်းအမျိုးမျိုးကို ပြုလုပ်ခဲ့ပေသ

ထို့နောက် ဘုရင်မင်းမြတ်အား ဖြစ်စဉ်တော်မျ လျှောက်ထားရာ နှစ်သိမ့်တော်မူသောကြောင့် စီးတော်ရ ရတနာဆင်ဖြူနှစ်စီးကို တင့်တယ်စွာ ဆင်ယင်ပြီးလျှင် တလည် စီမံထားသော မင်္ဂလာမဏ္ဍပ်တော်အလယ် ဖြူမိုးသည် ရာဇပလ္လင်နှစ်ခုထက်သို့ ပင့်ဆောင်ကြလေ

သို့သော် ထိုအချိန်က တိုင်းပြည်တွင် နတ်ရှင် အပယ်သီးသူ များစွာရှိကြလေရာ "ရာဇပလ္လင် ခင်းကျင်းအပ်သော နေရာသည် ဗိဿနိုး မင်း၏



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ နောက်မှ ရောက်လာသော ဤအရုပ်နှစ်ခု၏ ... ထိုက်။ မြန်စွာ ဖယ်ရှားကြပါ" ဟူ၍ ဆိုကြလေသည်။

အဋ္ဌကနှင့် ဘလ္လိကတို့ကလည်း "မြတ်စွာဘုရား၏ ... တော်ဖြစ်သော ဤရုပ်ရှင်တော်မြတ်နှစ်ဆူသည် ... ဘ်ခီဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။ ... မသိ တန်ခိုးတေဇော် အာနုဘော်တို့ဖြင့်လည်း ကြီး ... တော်မူကြပါ၏။ သို့ဖြစ်၍ နတ်ရုပ်များနှင့် မည်သို့မျှ ... ယှဉ်အပ်ပါ" ဟု ဆိုကြလေသည်။

ဤသို့သော ကိစ္စများကို ဘုရင်မင်းမြတ်ကြားသိသော် ... နှစ်ဖက်သော ပရိသတ်များကို အောက်ပါအတိုင်း မိန့် ... သည်။

"အားလုံးသော ပရိသတ်အပေါင်းတို့…သင်တို့ ကိုး ... သော အရုပ်သည် ထင်ရှားစွာ တန်ခိုးအာနုဘော်ပြနိုင် ... ဖြစ်အံ့၊ ပြသသော အရုပ်ကိုသာလျှင် ကိုးကွယ်မည်" ဟူ၍ မိန့်လေသည်။

ဤသို့ဖြင့် နှစ်ဦးနှစ်ဖက် အဓိဋ္ဌာန်စကားဆိုကြရာ ... ရုပ်မှာ တုတ်တုတ်မျှ မလှုပ်ပေ။

ကုန်သည်ညီနောင်တို့မှာ ရုပ်ရှင်တော်မြတ်အား ရှိခိုး ... ၍ သရဏဂုံဆောက်တည်ကြပြီးလျှင် သစ္စာစကားဆို ... ကိုယ်စားတော်မြတ်နှစ်ဆူသည် ဦးခေါင်းတော်၊ ... တော်၊ ခြေထောက်တော်တို့ လှုပ်ရှားလာလေသည်။ ... ရောက် ကောင်းကင်သို့ တက်ကာ သက်တော်ထင်ရှား ... ရှင်အလား အလုံးစုံသော လက္ခဏာကြီးငယ်အသွယ် ... တို့ဖြင့် အလွန်တင့်တယ်သော ရူပကာယတော်ကို ... င်လာလေသည်။ ခြောက်သွယ်သော ရောင်ခြည်တော် ... သည်း ကွန့်မြူးလာလေသည်။ ထို့ပြင် စင်္ကြံကြွတော်မူ ... ရောက် ထက်ဝယ်ဖွဲ့ခွေ ကောင်းကင်တွင် တည်နေတော် ... သည်။ အသွယ်သွယ်သော ရောင်ခြည်တော်များမှာ ... ကိုယ်တော်တို့မှ အထက်အရပ်တစ်ခွင် ပတ်ဝန်းကျင် ... ပျံ့လျက်ရှိပေတော့သည်။

ပရိသတ်များလည်း အလွန်ကြည်နူးဝမ်းမြောက်စွာဖြင့် ... ရနိုင်အောင်ပင် ဖူး၍မဝဖြစ်ကြရလေသည်။ လူအပေါင်း ... သံပြိုင်ဟစ်ကြွေး ကောင်းချီးပေးသံများနှင့် နတ်ပြဟ္မာ ... ပေါင်းတို့၏ သာဓုအနုမောဒနာပြုကြသော အသံများ ... သမှုပြုကြသည့် တူရိယာသံအပေါင်းတို့မှာ မဟာပထဝီ ... တုန်ဟည်းလျက်ရှိလေသည်။ နတ်ပန်းရနံ့များသည် ... ဝန်းကျင်အနံ့ မွှေးကြိုင်လျက်ရှိနေပေတော့၏၊

ဤသို့သောအခါ ဘုရင်မင်းမြတ်သည် ခမတ်တော်

ဒဂုံ ဉက္ကလာပမင်းနှင့် တိုင်ပင်ပြီးလျှင် ရှင်ပင်ဘုန်းမြင့် ရုပ်ရှင်တော်မြတ်ကို အဇီကနှင့် ဉက္ကလာပမင်းတို့က ဒဂုံမြို့တွင်း၌ ဝေဠယန္တရပြာသာဒ်ဆောက်လုပ်၍ ကိုးကွယ်ပူဇော်ကြလျက် ဘလ္လိကနှင့် မိမိက ရှင်ပင်ဘုန်းပွင့် ရုပ်ရှင်တော်မြတ်ကို သန်လျင်မြို့၌ ကြီးမြတ်စွာသော ပြာသာဒ်တန်ဆောင်းကြီး ဆောက်လုပ်၍ ကိုးကွယ်ပူဇော်ကြလေသည်။

**နတ်မင်းကြီးများ ပင့်ဆောင်ခြင်း၊**

ကုန်သည်ညီနောင်များမှာ အသက် ၈၀ အရောက်တွင် စုတေ၍ ခနစ်ရက်မြောက်ကြာလျှင် ရှင်ပင်ဘုန်းမြင့် ကိုယ်တော်မြတ်ကို သုမနဘုမ္မစိုးနတ်မင်း ပင့်ဆောင်၍ နာလာဂီရိတောင်၌ ပြာသာဒ်ကြီးများ ဖန်ဆင်း၍ ကိုးကွယ်ကြလေတော့သည်။

**သရေခေတ္တရာပြည်သို့ ပင့်ဆောင်ခြင်း**

သရေခေတ္တရာမြို့တော်ကြီးကို တည်ထောင်တော်မူသော ဒွတ္တဘောင်မင်းကြီးသည် ဆွေတော်မျိုးတော်များနှင့် နန်းရင်ပြင်၌ ခံစားနေစဉ် သားတော်များဖြစ်ကြသော အရှင်စန္ဒာသီရိ၊ အရှင်စန္ဒာဂရာဇ် ရဟန္တာတို့က သိကြားမင်း ပေးအပ်သော ရှင်ပင်ဘုန်းမြင့်၊ ရှင်ပင်ဘုန်းပွင့် ညီတော်နောင်တော် ရုပ်ရှင်တော်မြတ်နှစ်ဆူအား သုမနဘုမ္မစိုး နတ်မင်းနှင့် ဣန္ဒသာလ ရက္ခစိုးနတ်မင်းတို့ထံမှ တန်ခိုးတော်ဖြင့် ပင့်ဆောင်စော်မူကာ မင်းကြီးအား ဖူးမြော်စေလေသည်။

မင်းကြီးလည်း ကြီးစွာသော အံ့သြခြင်းဖြစ်၍ အလွန်လည်း ဝမ်းမြောက်တော်မူသည်။ ရဟန္တာအရှင်နှစ်ပါးလည်း ချာန်ဝင်စားကာ ရုပ်ရှင်တော်မြတ်နှစ်ဆူအား "ယခုကဲ့သို့ ပြန်လည် ဖူးမြင်ရသည်မှာ အလွန်ကျေနပ်ဝမ်းမြောက်ရခြင်း ရှိကြောင်းနှင့် လွန်စွာမှပင် အားထားကြည်ညိုမိရပါကြောင်း" အလေးအနက်လျှောက်ထားရာ ကိုယ်စားတော်နှစ်ဆူတို့မှာ ဦးခေါင်းတော်ကို လှုပ်ရှား၍ ကောင်းကင်သို့ တက်ကြွပြီး စင်္ကြံလျှောက်လေသည်။ ထို့နောက် ရောင်ခြည်တော်များ ဇဖိတ်ဖိတ် တရိပ်ရိပ် ကွန့်မြူးလေသည်။

ဤသို့အားဖြင့် သရေခေတ္တရာပြည်ကြီးတွင် ခုနစ်ရက်ဝတ်လုံး တန်ခိုးတော်များ ပြနေပေရာ မင်းကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါအပေါင်း၊ တိုင်းသူပြည်သားများစွာမှာ အုန်းအုန်းကျွက်ကျွက်ဖြင့် ပူဇော်ကြ၏။ ထို့အတူ နတ်ဗြဟ္မာအပေါင်းမှာလည်း အထူးထူးအထွေထွေဖြင့် ပူဇော်မှု ပြုကြလေသည်။

သရေခေတ္တရာမြို့တော်အနှံ့ လူဒါန်းပူဇော်ကြကုန်သော



www.burmeseclassic.com

www.burmeseclassic.com



နတ်ပန်းရန့်တို့မှာ သင်းပျံ့မွှေးကြိုင်လျက် ရှိနေပေတော့သည်။

ခုနစ်ရက်မြောက်လျှင် တောင်နန်းမတော် သီရိစန္ဒာ မိဖုရားသည် မြို့အလယ် ရွှေနန်းဦးစေတီတော်အနီး၌ ရတနာ အဝတီပြီးသော ပြာသာဒ်ကြီးဆောက်လုပ်ကာ ရုပ်ရှင်တော်မြတ် နှစ်ဆူအား ပူဇော်ကိုးကွယ်ခဲ့လေသည်။

## နဝဝါသီ ပြည်မြို့သို့ ကြွရောက်တော်မူခြင်း

မှတ်တမ်းမှတ်ရာများအရ နဝဝါသီ ဆိုသည်မှာ နဝ- အသစ်ဖြစ်သော၊ ဝါသီ - နေရာဟူ၍ဖြစ်သည်။ ထို့ကြောင့် နဝဝါသီ - အသစ်ဖြစ်သော နေရာဟု ဆိုပါသည်။

အခါတစ်ပါး၌ အရှင်စန္ဒာသီရိသည် ကျိန်းစက်ရာမှ ထ၍ ဉာဏ်ဖြင့် ဆင်ခြင်တော်မူရာ နဝဝါသီပြည်မြို့(အသစ်ဖြစ်သောနေရာ ပြည်မြို့)၌သာ ရုပ်ရှင်တော်မြတ်နှစ်ဆူမှာ သာသနာ ငါးထောင်တည်၍ ဝေနေယျသတ္တဝါတို့အား မဂ်ဖိုလ်သို့ ပို့လိမ့်မည်ကို မြင်တော်မူသည်။

ထို့ကြောင့် မင်းကြီးအား မိန့်ကြားတော်မူလေရာ မင်းကြီးလည်း အနာဂတ် သာသနာရေးကို ရှေးရှု၍ သားတော် ရဟန္တာ၏ ဆန္ဒအတိုင်း သရေခေတ္တရာမြို့ကြီးမှ နဝဝါသီပြည်မြို့သို့ ပင့်ဆောင် ကိုးကွယ်စေလေသည်။ ထိုကာလက ပြည်မြို့စားမှာ နန္ဒသူရိယမင်းသားဖြစ်သည်။ နန်းတွင်းရှိ အတွင်း ရွှေဂူဘုရားတွင် ရစ်ဆောင်သော ပြာသာဒ်တို့ကို ဆောက်လုပ်၍ ကြီးစွာသော အခမ်းအနားဖြင့် ပင့်ဆောင်ပူဇော်ခဲ့လေသည်။ ခုနစ်ရက်တိုင်တိုင် ကောင်းကင်၌ သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ သဏ္ဌာန်ဖြစ်ပေါ်ကာ တန်ခိုးတော်ပြလေသည်။

ဤသည်ကို ထောက်လျှင် ပြည်မြို့သို့ ရောက်စ ရှင်ပင်ဘုန်းမြင့်၊ ရှင်ပင်ဘုန်းပွင့် ရုပ်ရှင်တော်မြတ်နှစ်ဆူ စတင်သီတင်းသုံးရာ ဌာနမှာ အတွင်းရွှေဂူဘုရားနေရာဖြစ်ပေသည်။ ထို့ကြောင့် အတွင်းရွှေဂူဘုရားသည် သရေခေတ္တရာ ခေတ်ဦးပိုင်းမှာပင် ရှိနေခဲ့သည့် ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်နေပေသည်။

မှတ်တမ်းမှတ်ရာများအရ သိရသည်မှာ အတွင်းရွှေဂူမှာ ဒွတ္တဘောင်မင်းကြီး၏ မြောက်နန်းမတော် ဥမ္မာရဒေဝီ မိဖုရား တည်တော်မူခဲ့သော ကောင်းမှုတော်ဖြစ်ပေသည်။ နောက်ပိုင်းတွင် မင်းအဆက်ဆက် ပြုပြင်တော်မူ၍ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကြီးအပြီးတွင် ဘကြီးတော်ဘုရားက ပြန်လည် ပြုပြင်ခဲ့သေးရာ ထိုအချိန်က အတွင်းရွှေဂူဘုရားဘွဲ့တော်မှာ ရွှေဘုန်းမြင့်၊ ရွှေဘုန်းပွင့်ဟု ကမ္ပည်းတင်ခဲ့ကြောင်း လေ့လာသိရှိရသည်။

နောက်ပိုင်းတွင် ရွှေဘုန်းပွင့်ဘုရားဟူ၍သာ အ… အပြောများလာရင်း ယနေ့တွင်လည်း ရွှေဘုန်းပွင့်စေတီ… သာ တွင်နေပေတော့သည်။

တကယ်တမ်းအားဖြင့် ဆိုပါလျှင် ယခင် အတွင်း… စေတီတော်မြတ်ကြီးတွင် ရှင်ပင်ဘုန်းမြင့်၊ ရှင်ပင်ဘုန်း… ရုပ်ရှင်တော်မြတ်နှစ်ဆူ ကိန်းဝပ်စံပယ်ရာမှ စ၍ ရွှေဘုန်း… ဘုရားဟု တွင်ခဲ့ရခြင်းဖြစ်ကြောင်း လေ့လာသိရှိရပေ…

## ရွှေဘုန်းပွင့်စေတီတော်

ရှင်ပင်ဘုန်းမြင့်၊ ရှင်ပင်ဘုန်းပွင့် ရုပ်ရှင်တော်မြတ်နှ… ဦးစွာ ပထမကိန်းဝပ်စံပယ် သီတင်းသုံးလျက် တန်ခိုး… ဟာ ပြသခဲ့ရာ ဓာတ်တော် ပန္နက်တည်တော်မူခဲ့ရာ ယ… အတွင်းရွှေဂူဘုရား။ ယခု ရွှေဘုန်းပွင့် စေတီတော်မြတ်… ရာသို့ ကျွန်ုပ် ခဏတာ သွားရောက် ကြည်ညိုလေ့လာ… သည်။

စေတီတော်၏ အရှေ့ဘက်တွင် လမ်းမတော်… တောင်ဘက်တွင် ရွှေဘုန်းပွင့်ဘုရားလမ်း၊ အနောက်ဘ… တွင် ပန်းထိမ်တန်းလမ်းနှင့် မြောက်ဘက်တွင် လက်သ… လမ်းရှိလေသည်။

မှတ်တမ်းမှတ်ရာများအရ ရှေးနှစ်ပေါင်း နှစ်ထေ… ကျော်က တည်ထားခဲ့သော စေတီတော်တစ်ဆူဖြစ်ပေသ… ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ၁၉၉၁ခုနှစ် မှတ်တမ်… ထီးတော်သည် ဘုံ ၉ဆင့်ရှိပြီး ငှက်မြတ်နားတော်မှ ဘု… ရင်ပြင်တော်အထိ ၈၁ပေ၊ ၉လက်မ ရှိကြောင်း သိရသ…

စေတီတော်မှာ ရစ်မြောင့်ပုံဖြစ်၍ ရန်ကုန်မြို့ ဆူး… စေတီတော်နှင့် ဆင်တူလေသည်။ အရပ်ရှစ်မျက်နှာ၌ … အမြင့်ရှိ အရန်စေတီတော်ငယ်များ ရစ်ဆူရှိလေသည်။

စေတီတော်မြတ်အား တက်ရောက် ကြည်ညိုနိုင်… စောင်းတန်းအတို လေးသွယ်ရှိသည်။ အရှေ့ အနော… တောင်၊ မြောက် စောင်းတန်းများ ဖောက်လုပ်ထား၍ အ… ခံ တန်ဆောင်းအတွင်း၌ အလှူခံပုံးများ၊ အလှူခံ ဌာန… ရှိလေသည်။

အရပ်ရှစ်မျက်နှာတိုင်းတွင် အပူဇော်ခံ ကြေးဆင်… တော်များရှိလျက် မှန်တံခါးများ ပိတ်ထားလေသည်။ ထို… ရင်ပြင်တော် တနင်္ဂနွေထောင့်နှင့် သောကြာအရပ်… သူရဿတီ မယ်တော်ဆောင်ရှိ၏။

ရာဟုထောင့်တွင် ဘိုးဘိုးအောင်တို့ ရှိလေသ…



www.burmeseclassic.com

www.burmeseclassic.com



...သောင့်၌ ဘိုးတော် သိကြားမင်းပုံတော်တိုက်ရှိ၍ အဂ္ဂိ...ဆောင့်တွင် ရှင်ဥပဂုတ္တရဟန္တာပုံတော်တိုက်တို့ ရှိပါသည်။

ယခုအခါ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် နေ့ည ...မပြတ် အဓိဋ္ဌာန်ဝင်ကြသူများ၊ ဘုရားဖူးများဖြင့် စည်ကား...ရှိနေပေသည်။

## ...နွေးဘုရားတွင် ကိန်းဝပ်စံပယ်နေခြင်း

ယနေ့အခါ ရှင်ပင်ဘုန်းမြင့် ရှင်ပင်ဘုန်းပွင့် ရုပ်ရှင်တော်...နှစ်ဆူမှာ ပြည်မြို့ လမ်းမတော်လမ်း ဆွေးနွေးဘုရား ...ဆောင်းတော်တွင် ကိန်းဝပ်စံပယ်လျက် ရှိနေပါသည်။

ရွှေဘုန်းပွင့်ဘုရားတွင် ကိန်းဝပ်စံပယ်ချိန်များက ဆို...မြို့ပေါ်ရှိ ဘုရားများသို့ အလှည့်ကျ ဒေသစာရီကြွရောက် ...ဝပ်ပေးရကြောင်း သိရသည်။

သို့သော် မည်သည့်နေရာ၌မဆို ခုနစ်လသာ ကိုးကွယ်...၍ ခုနစ်လမပြည့်မီ ပြန်ပို့ရလေသည်။ မပို့ပါက တစ်စုံ...ရာ ထိခိုက်တတ်သည်ဟု သိရလေသည်။


ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဖြစ်သည်။ ပြည်မြို့ပေါ်...လူများသည် စစ်လမ်းကြောင်းနှင့် ဝေးသော မြို့ရွာများသို့ ...ည်းကောင်း၊ နီးစပ်ရာ ဘုန်းကြီးကျောင်း၊ တောရကျောင်း ...သို့ လည်းကောင်း ပြောင်းရွှေ့နေထိုင်ကြရ၏။

လက်ဖက်ခြောက်ကုန်သည်ကြီး ဦးစံဒွန်းမိသားစုမှ ...ည်း စစ်ဘေးအန္တရာယ်နှင့် လွတ်ကင်းရန် ပြည်မြို့ နဝင်း ...ချောင်းမြောက်ဘက် ကုန်သလင်းကျေးရွာသို့ ရွှေ့ပြောင်း ...နေထိုင်ကြရလေသည်။

တစ်နေ့ ဦးစံဒွန်းသည် မိမိတူတစ်ဦးနှင့်အတူ ကုန်း...သလင်းရွာသို့ သွားရောက်ရာ ဆွေးနွေးဘုရားမြောက်ဘက်မုခ် ...အနီးတွင် လှည်းတစ်စီးပေါ်၌ ကြေးဆင်းတုတော်နှစ်ဆူကို ...မြင်တွေ့၍ မေးကြည့်မိရာ ဇာတ်ငါးရာမှ လာပို့ကြောင်း၊ ...ပင့်ဆောင်သွားသည်မှာ ခုနစ်လပြည့်ပြီဖြစ်ကြောင်း၊ စစ်ဘေး ...စစ်ဒဏ်များကြားမှ မပို့မဖြစ် ပို့ရကြောင်း ပြောကာ ဆင်းတု ...တော်နှစ်ဆူကို ဆွေးနွေးဘုရား၌ပင် ချထားခဲ့သည်ဟု သိရ ...လေသည်။

ထိုဘုရားနှစ်ဆူမှာ ရွှေဘုန်းပွင့်တွင် စံပယ်နေသော ရုပ်ရှင်တော်မြတ်နှစ်ဆူဖြစ်ကြောင်း ဦးစံဒွန်းနှင့် တူဖြစ်သူများ က သိကြလေသည်။ ၎င်းတို့နေအိမ်မှာ ဘုရားနှင့် နီးသဖြင့် နေ့ရောညပါ ဖူးတွေ့နေရသဖြင့် သိရခြင်းဖြစ်ပေသည်။

ထိုကာလမှစ၍ ယနေ့တိုင် ရှင်ပင်ဘုန်းမြင့်၊ ရှင်ပင်ဘုန်းပွင့် ရုပ်ရှင်တော်နှစ်ဆူမှာ ဆွေးနွေးဘုရားတွင် ကိန်းဝပ်



စံပယ်တင့်တယ်တော်မူလျက် ကြည်ညိုဖွယ်အတိဖြင့် တန်ခိုးကြွယ်လျက်ရှိနေပါသည်။

...ုပ်ရှင်တော်မြတ်နှစ်ဆူမှာ ကြေးဆင်းတုတော်များ ဖြစ်ကြသည်။ ဦးဏှောက်တော်မှာ သုံးတောင်ဝန်းကျင်ခန့်သာ ရှိကြ၍ တစ်ဆူနှင့်တစ်ဆူ ဦးဏှောက်တော်အမြင့် သိပ်ပြီးမကွာခြားလှပေ။ အနောက်သို့ နှစ်ဆူစလုံး မျက်နှာတော်မူကာ ယှဉ်လျက် တန်ဆောင်းတော်ကြီးအတွင်း၌ စံပယ် ကိန်းဝပ်တော်မူပါသည်။

အဓိဋ္ဌာန်ဝင်ကြသူများ၊ ဆုတောင်းကြသူများ၊ ရှိုးဦးတင်ဝတ်ပြုလိုသူများအဖို့ ရုပ်ရှင်တော်နှစ်ဆူစလုံးရှေ့တွင် ဖြစ်စေ၊ တစ်ဆူချင်းစီရှေ့တွင် ဖြစ်စေ အာရုံယူနိုင်ရန် စီစဉ်ထားလေသည်။

ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာကပ်လှူ၍ ဘုရားရှေ့တွင် တစ်အရဏ် အားထုတ်ကာ လိုရာ ဆုတောင်းခြင်းဖြင့် လျင်မြန်သောအကျိုး ပြည့်စုံအောင်မြင်မှုများ လက်တွေ့ရနိုင်၍ အဓိဋ္ဌာန်ရက်ရှည် အားထုတ်နိုင်ခြင်းဖြင့် ရေးဘုန်းရေးကံများ ပွင့်လန်းကာ လိုရာဆန္ဒပြည့်ဝ အောင်မြင်နိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

ပြည်သို့ ရောက်လျှင် ဝင်ရောက် ကြည်ညိုဖူးမြော်ကသိုလ်ဆက်နိုင်ကြစေရန် ရည်သန် တင်ပြလိုက်ရပါသည်။

* * *

ဦးကျော်(ပြည်)

ကိုးကား

- ပြည်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသမိုင်း။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်ရှိ သတ္တဝါများအား အလင်းရောင်အသီးသီး လင်းဖြာကျရောက်စေသော နေမင်းခေါ် တနင်္ဂနွေဂြိုဟ်၊ လမင်းခေါ် တနင်္လာဂြိုဟ်နှင့် အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာဂြိုဟ်၊ စနေဂြိုဟ်တို့သည် ၎င်းတို့၏ တေဇောဓာတ်ရောင်ခြည်အမျိုးမျိုးတို့ဖြင့် ကျေးဇူး ဥပကာရပြုပေးလျက်ရှိသည်။



မြန်မာသက္ကရာဇ်

# ၁၃၇၅ ခုနှစ်

# ကောင်းကင်လွှတ်တော်ထဲမှ ရွေးချယ်သော သမ္မတ ဝန်ကြီးချုပ်တို့၏ စိုးမိုးမှု

■ ဓမ္မာစရိယ ဦးအောင်ကျော်မိုး ■





www.burmeseclassic.com

www.burmeseclassic.com



အဘိဓမ္မာ ပဋ္ဌာန်းဒေသနာ၌ ဥတု - ဘောဇနမို့၊ ဟူလောပါ၊ ဥပနိဿယပစ္စယေန ပစ္စယော၊ ဥတုကို ဖြစ်စေသော နေလတို့ကလည်း သတ္တဝါများအား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုလျက်ရှိသည်။

အဓိက စိုးမိုးသော ဂြိုဟ်ကြီးခုနစ်လုံးဖြစ်ကြ၍ ၎င်းတို့စိုးမိုးသောနေ့ကို တနင်္ဂနွေဂြိုဟ်စိုးမိုးသော တနင်္ဂနွေနေ့၊ တနင်္လာဂြိုဟ်စိုးမိုးသော တနင်္လာနေ့ စသဖြင့် နေ့ခုနစ်နေ့အဖြစ် တစ်ကမ္ဘာလုံးက သတ်မှတ်ထားကြသည်။

သံဟိတကျမ်းက ဆိုသည်။

ယင်းကျမ်းတို့အဆိုအတိုင်း မြန်မာနိုင်ငံ ဝေဒသုတေသန ပြက္ခဒိန်နှင့် အောင်ခြင်းရှစ်ပါး ပြက္ခဒိန်တို့က ဂြိုဟ်တို့၏ ဝန်ကြီးအဖွဲ့ဖွဲ့၍ ရန်ပောကိန်းထုတ်ကြသည်။

ယခုနှစ် ၁၃၇၅ ခုနှစ်အတွက် ပြက္ခဒိန်နှစ်ခုလုံး မင်းသမ္မတဂြိုဟ်ယူရာ၌ ကွဲလွဲနေသည်။ ပြက္ခဒိန်ကို လှန်ကြည့်လျှင် ၁၃၇၅ခု၊ တန်ခူးလဆန်းတစ်ရက်နေ့သည် ကြာသပတေးနေ့ဖြစ်သည်။



နေ့စဉ်နေ့တိုင်း နေ့ခုနစ်နေ့တို့တွင် နေ့တစ်နေ့က စိုးမိုးအုပ်ချုပ်၍ အကျိုးပြုပေးသည်။

ဤကား နေ့အလိုက်ဖြစ်သည်။

လ (၁၂)လရှိရာ လကွယ်ပြီးနောက် ပထမဆုံးရက်ဖြစ်သောနေ့ကို စိုးမိုးသော ဂြိုဟ်သည် တစ်လလုံး စိုးမိုးသည်။

ဥပမာ - ကဆုန်လဆန်း တစ်ရက်နေ့က တနင်္လာနေ့ဖြစ်လျှင်၊ ယင်းတနင်္လာဂြိုဟ်သည် ကဆုန်လတစ်လလုံး စိုးမိုးထားသည်။

မြန်မာ ၁၂လရှိရာ တန်ခူးလသည် ပထမဆုံးလဖြစ်သည်။ တန်ခူးလဆန်း ၁ရက်နေ့၌ စိုးမိုးသော နေ့သခင်ဂြိုဟ်သည် တစ်နှစ်လုံး မင်းသမ္မတအဖြစ် စိုးမိုးကြောင်း နာဒရ

ယင်း ကြာသပတေးနေ့ကို ကြည့်၍ အောင်ခြင်းရှစ်ပါး ပြက္ခဒိန်က ကြာသပတေးဂြိုဟ်သည် ၁၃၇၅ခုနှစ်အတွက် မင်းသမ္မတဂြိုဟ်ဟု ထုတ်ကာ ဟောကိန်းထုတ်သည်။

ဝေဒပြက္ခဒိန်က မင်းသမ္မတဂြိုဟ်သည် ဗုဒ္ဓဟူးဟု ထုတ်သည်။ တကယ်တိတိကျကျတွက်သော တန်ခူးလဆန်းတစ်ရက်နေ့ဟူသည် တပေါင်းလကွယ်ပြီး နောက်တစ်နေ့ဖြစ်သည်။

မည်သည့်အချိန်မှ လကွယ်သနည်း။ လကွယ်ချိန်ကို တွက်ရမည်။ တကယ်တော့ ၁၃၇၄ ခု၊ တပေါင်းလကွယ်နေ့ ၁၅ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၄နာရီ ၈မိနစ် ၂၄စက္ကန့်အချိန်တွင် တိတိပြည့်၍ လကွယ်သည်။ လကွယ်ပြီး ၄နာရီနောက်ပိုင်းမှာလည်း ပထမတိတိသည် ဗုဒ္ဓဟူးနေ့ပင် ဖြစ်၍ ၁၃၇၅




www.burmeseclassic.com

www.burmeseclassic.com







ခုနှစ်အတွက် နှစ်အရှင် သမ္မတမင်းကို ဗုဒ္ဓဟူးဂြိုဟ်ဟု ယူလိုက်သည်။

ဤကာနာဒရသံဟိတကျမ်းအလိုဖြစ်၍ ကျွန်ုပ်တို့ကလည်း နှစ်အရှင်ကို ဗုဒ္ဓဟူးဂြိုဟ်ကို မင်းသမ္မတအဖြစ် မှတ်ယူကာ အောက်ပါအတိုင်း ၁၃၇၅ ခုနှစ်အတွက် ကောင်းကင်လွှတ်တော်ထဲမှ ရွေးချယ်သော အုပ်ချုပ်ရေးအဖွဲ့ကို ထုတ်၍ ဟောကိန်းထုတ်လိုက်သည်။

(၁) မင်းသမ္မတဂြိုဟ် - ဗုဒ္ဓဟူးဂြိုဟ်
(၂) ဝန်ကြီးချုပ်ဂြိုဟ် - တနင်္ဂနွေဂြိုဟ်
(၃) စစ်ဦးစီးချုပ်ဂြိုဟ် - စနေဂြိုဟ်
(၄) ကောင်းကင်စိုးမိုးဂြိုဟ် - စနေဂြိုဟ်
(၅) မိုးရေကို အစိုးရဂြိုဟ် - စနေဂြိုဟ်
(၆) လယ်ယာစိုက်ပျိုးရေးဝန်ကြီးဂြိုဟ် - အင်္ဂါဂြိုဟ်
(၇) အရသာကို စိုးမိုးသော ကုန်သွယ်ရေးဂြိုဟ်- ကြာသပတေးဂြိုဟ်
(၈) သီးနှံ သစ်သီးမျိုးစုံဂြိုဟ် - တနင်္လာဂြိုဟ်
(၉) ဓာတုသတ္တုတွင်း ဝန်ကြီးဂြိုဟ် - အင်္ဂါဂြိုဟ်

ယခုနှစ် မိုးကောင်းကင်မှ ရွေးချယ်သော လွှတ်တော်အဖွဲ့အစည်းအတွင်း သောကြာဂြိုဟ် မပါရှိ။



ထို့ကြောင့် ဈေးကွက်တွင်း သောကြာဂြိုဟ်စိုးမိုးသော ယာဉ်၊ သဘော်၊ လေယာဉ်များ၊ အနုပညာရပ်ကို ဖော်ထုတ်သော စန္ဒရား၊ ဂစ်တာ၊ တယော၊ ဗုံတူရိယာ စသော ပစ္စည်းများ၊

ဇိမ်ခံပစ္စည်းများဖြစ်သော ကုတင်၊ မွေ့ယာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ ချုပ်လုပ်ပြီး အဝတ်အထည်များ၊ အလှပြုပြင်ပစ္စည်းများ ဖြစ်ကြသော မိတ်ကပ်၊ သနပ်ခါး၊ ရွှေမွှေး ပေါင်ဒါ စသည်များ၊

ပန်းချီ၊ သီချင်းရေးသူ၊ မုန့်အမျိုးမျိုးလုပ်သူများ၊ စိန်နှင့် အဖြူရောင် သတ္တုပစ္စည်းများ စသဖြင့် သောကြာဂြိုဟ်က ဖော်ဆောင်သော ပစ္စည်းမှန်သမျှ ဥပဒေစိုးမိုးမှုအောက်မှ လွတ်ကင်းနေမည်။ ပြဿနာများ ပေါ်ထွက်မည်။ အထူးသဖြင့် သောကြာဂြိုဟ် အတ္တမိချိန် (၁၀-၄-၂၀၁၃) မှ (၆-၅-၂၀၁၃)ခုအတွင်းနှင့် သောကြာဂြိုဟ် နိစ်မိချိန် (၁၁-၈-၂၀၁၃)မှ (၅-၉-၂၀၁၃)ခုနှစ်အတွင်းတို့တွင် ဖြစ်ပေါ်လိမ့်မည်။ ဈေးနှုန်း မတည်ငြိမ်မှု၊ အတက်အကျမြန်မှု၊ အငြင်းပွားမှုတို့ ဖြစ်ပေါ်လိမ့်မည်။

**တနင်္ဂနွေဂြိုဟ်သည်** ဝန်ကြီးချုပ်ဂြိုဟ်ဖြစ်သောကြောင့် ဆန်စပါးအမျိုးမျိုးနှင့် မြေပဲ၊ ငရုတ်သီး၊ ရှိန်းခိုသစ်ဂျုံ၊ ကရဝေး စသော ပရဆေးပစ္စည်းများ ပေါ်များမည်။ ဈေး ကောင်းရမည်။

အုပ်ချုပ်သူများ ဥပဒေနှင့်အညီ တရားစီရင်လိမ့်မည်။ ရွှေနှင့် ပတ္တမြား၊ ကြေးနီသတ္တုများ များစွာထွက်ပေါ်မည်။ အကျိုးကျေးဇူးများ ရရှိမည်။

**တနင်္လာဂြိုဟ်သည်** ဥယျာဉ်ဗေဒ - သီးနှံကို အစိုးရ



www.burmeseclassic.com

www.burmeseclassic.com





ဂြိုဟ်ဖြစ်၍ ရေထွက်သီးနှံများဖြစ်သော ဆန်စပါးများ
များမည်၊ သစ်သီးဝလံ၊ ပန်းများ၊ ဟင်းသီးဟင်းရွက်များ၊
ဖြစ်သော သကြား၊ ကြံသကာ၊ တင်လဲများ၊ နွားနို့၊
တ်နှင့် ရေသန့်ဖျော်ရည်များ၊ ငါး၊ ပုလဲ၊ သန္တာ၊ ခရု
တို့ ပေါများမည်။

**အင်္ဂါဂြိုဟ်**သည် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဖြစ်၍ ဌ စိုက်ပျိုးရေးမှန်သမျှ စက်မှုယန္တရားများ၊ လျှပ်စစ် များဖြင့် ပြုလုပ်လိမ့်မည်၊ စစ်ဘက်ဆိုင်ရာများသည် ရေးလုပ်ငန်း များစွာပြုလုပ်ကြမည်။ တောတောင်နှင့် ကန်းများတွင် စိုက်ပျိုးရေးအလုပ်များ ပြုလုပ်ကြမည်။

**ဗုဒ္ဓဟူးဂြိုဟ်**သည် ယခုနှစ် မင်းသမ္မတဂြိုဟ်ဖြစ်၍ ရှင်များက မင်းနေရာမှာ နေ၍ အလုပ်လုပ်ကြမည်။ ညာရှင်၊ ဥပဒေပညာရှင်များ၊ ဆက်သွယ်ရေးလုပ်ငန်း သည် တစ်ကမ္ဘာလုံးအပေါ် ဩဇာအာဏာသက်ရောက် ည်၊ အထူးသဖြင့် ဆက်သွယ်ရေးနှင့် ပညာရပ်များ ကားမည်၊ သင်ကြားရေးအထောက်အကူပြု ကွန်ပျူတာ၊ ညာများ ရရှိကြမည်။ ကျောက်စိမ်းနှင့် မြ၊ ပယင်းစသော ကျောက်များ ဈေးကောင်းရမည်။ သတင်းစာ၊ ဂျာနယ်၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းများ ပေါများ မင်းမှုနေလိမ့်မည်။

**ကြာသပတေးဂြိုဟ်**သည် ရသပတိ - အရသာကို စိုးမိုးသော ဂြိုဟ်ဖြစ်နေသောကြောင့် ဘုန်းကြီးများ၊ ဓမ္မဆရာများ၊ သူဌေးနှင့် ဘဏ်လုပ်ငန်းရှင်များသည် အစားအသောက်များ ပေးလှူကြလိမ့်မည်။ စားသောက်ကုန်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံကြလိမ့်မည်။

လူအများသည် ဓမ္မရသကို ရရှိခံစားကြရမည်။ အစားအသောက်အတွက် ငွေသုံးဖြုန်းကြမည်။

**စနေဂြိုဟ်**သည် စစ်ဦးစီးချုပ်ဂြိုဟ်၊ ကောင်းကင်ကို အစိုးရဂြိုဟ်၊ မိုးရေ ဇလဗေဒကို အစိုးရသော ဂြိုဟ်ဖြစ်၍ ပြည်သူပြည်သားအများသည် မိုးလေဝသမှန်ကန်မှု၊ ရာသီဥတုမှန်ကန်မှု၏ အကျိုးကို ရရှိခံစားကြရမည်။ လူများသည် စစ်ဘက်၌ ဝါသနာပါမည်၊ စစ်ထဲဝင်သူများမည်၊ လေကြောင်းခရီးသွားလာရေး ထွန်းကားမည်။ ပြည်သူအများ လေကြောင်းခရီးဖြင့် သွားလာနိုင်ကြမည်။


ယခုနှစ်၌ စနေဂြိုဟ်သည် ကောင်းကင်လွှတ်တော်၌ ဝန်ကြီးနေရာ သုံးနေရာရ၍ ပြည်သူအများ အစိုးရဝန်ထမ်းလုပ်သူ ပေါများမည်။ အစိုးရဝန်ထမ်းများ လစာကောင်း၍ ပျော်ရွှင်ကြမည်။ အရပ်သားများ လွှတ်တော်ထဲမှာ နေရာများစွာရကြလိမ့်မည်။


ယခုနှစ် ပြည်သူအားလုံး ပျော်ရွှင် ဝမ်းသာရသော အချိန်ကောင်း၊ အခါကောင်းဖြစ်သည်။

နက္ခတ်ပညာရှင်

* * *

ဆရာဦးအောင်ကျော်မိုး








www.burmeseclassic.com

www.burmeseclassic.com

# နမောင်ပါးချက်ဆောင် စီးပွားအောင်

ဦးခန့်(အင်းစိန်)



ဗုဒ္ဓဘာသာသက်ဝင် ယုံကြည်သူအများစုသည် မြတ်စွာဘုရားဟောကြားသည့် တရားတော်များ လေ့လာမိသည့်အခါ တရားတော်များသည် အကာလိက၊ ဧဟိပဿိက စသော ဂုဏ်တော်များဖြင့် ပြည့်လျှမ်းလျက်ရှိပြီး ကျင့်ကြံပွားများ အားထုတ်သူများ၏ သဒ္ဓါ၊ ဝီရိယအပေါ် မူတည်၍ အနည်းအများကွာခြားသော အကျိုးပေးမှု ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒ္ဓဘာသာဝင်အများစုသည် ဘုရားရှင်ဟောကြားတော် သုတ်၊ အဘိဓမ္မာဝိနည်းဟူသော တရားတော်ထဲမှ ကြိုက်နှစ်သက်ရာ ကောင်းနိုးရာရာ တရားများကို ပူဇော်ခြင်း၊ ပုတီးစိပ်ခြင်းများကို ပြုလုပ်ကြပါသည်။ လုပ်ရာတွင် အချို့က ဓာရဏ ပရိတ်တော် စသည်များ ဆိုပူဇော်ခြင်း၊ ပုတီးစိပ်ခြင်းများဖြင့် ကုသိုလ်ယူကြ ထိုသို့ ကုသိုလ်ယူရာတွင် အန္တရာယ်ကင်းရန်၊ တိုးတက်ရန်၊ ရည်သန်၍ ပြုလုပ်ကြသည်က များပါ ဤသို့ ပြုလုပ်ရာ၌ အကျိုးမပြီး အချည်းနှီးဟူ၍ကား မိမိအားထုတ်မှု၊ ဝီရိယနှင့် ယုံကြည်မှု သဒ္ဓါတရားပေါ် မူတည်ကာ အကျိုးပေး ကွာခြားမှုသာ ရှိတတ်ပါသည်။

ဘဏ္ဍေ သရဲရန်ကို ကာကွယ်ချင်လျက် နာညတြ တပသဿာ"ဂါထာကို ရွတ်ဆိုပွားများပါ။ ဥပဒ္ဒွေအကင်း ကြောက်လျှင် အဋ္ဌာနမေတံဂါထာတော်ကြီးကို ရွတ်ဆို ပါ။ အကျဉ်းအကျပ် အခက်အခဲ အန္တရာယ်ထဲမှ လွတ် လိုလျှင် နမောတေဗုဒ္ဓဝီရတ္တုဂါထာတော်ကြီးကို ရွတ် ပူဇော်ပါ။ ဆင်းရဲခြင်းမှ လွတ်ကင်း၍ စီးပွားတိုးတက်လို ည်ဆိုလျှင်တော့ နမောတဿကို ရွတ်ဆိုပွားများ၍ ဓိဋ္ဌာန်ထားကာ ပုတီးစိပ်လိုက်ပါဟု တိုက်တွန်းလိုပါသည်။

နမောတဿဂါထာတော်ကြီးကို အဆက်မပြတ် ရွတ် ပူဇော်၍ အဓိဋ္ဌာန်ပုတီးစိပ်သဖြင့် စီးပွားရေး ချွတ်ချုံ ဆင်းရဲလွန်းလှသော အခြေအနေမှ စီးပွားရေးဖွံ့ဖြိုး ကြည်နိုင်ဖွယ် တိုးတက်လာသည့် ကျွန်တော်၏ ဓမ္မ ဆွေ ဦးခင်ထွန်း၏ ဘဝဖြစ်စဉ်တွေကို ဖောက်သည်ချ ပြရလျှင်...

•••

"ဆရာခန့်...အဲသည်အချိန်က ဆင်းရဲပုံကို ပြောရရင် ဖွယ်၊ ကန့်နိုင်ဖွယ် မရှိပါဘူးဗျာ။ လင်မယားနှစ်ယောက် လခစားဝန်ထမ်းတွေလည်း ဖြစ်၊ သားသမီးတွေကလည်း ကောင်းနေတဲ့ အရွယ်တွေ။ အိမ်ငှားဘဝနဲ့ နေတော့ အိမ် အတွက် စိတ်ပူရရဲ့။ စိတ်ဓာတ်ကျသလား မပြောနဲ့၊ ရေးကြေးရေးချေးငှားဖို့ကလည်း ချေးမယ့်သူကို မမြင်၊ ဖို့ဆိုတာလည်း ကိုယ့်ဂုဏ်နဲ့ ကိုယ်ဆိုတော့ မချေးချင်၊ ချင်။ ငါးပိရည်၊ တို့စရာနဲ့ ဖြစ်သလို စားရပြီး၊ တစ်ခါ လေများ ထမင်းတစ်နပ်နဲ့ ပြီးတဲ့ ရက်တွေလည်း ရှိပါရဲ့"

"ဆရာ့ဘဝ တော်တော်အခြေအနေဆိုးပါလား။ အခြေအနေရောက်အောင် ဘယ်လို ဆောင်ရွက်ခဲ့သဲ။ ဖြစ် ကပုံအဆင့်ဆင့်ကိုလည်း ပြောပြပါဦး ဆရာ"

"ပြောပါ့မယ်၊ ပြောပါ့မယ်။ ဒါကို ပြောချင်လွန်းလို့ စကားပလ္လင်ခံနေရတာ။ တစ်နေ့ ကျွန်တော်နဲ့ အလွန်ခင်မင် ရင်းနှီးတဲ့ ငယ်သူငယ်ချင်း ထွေးသိုက် မမျှော်လင့်ဘဲ အိမ်ကို ရောက်တယ်။ သူ့အခြေအနေကြည့်တယ်ဆိုတာက ဆရာခန့် လည်း သိပါတယ်။ ဆင်းရဲရင်၊ ငွေကြေးမရှိရင် စိတ်ဓာတ်ကျ တယ်။ အာဟာရချို့တဲ့တယ်။ စိတ်မပျိုဘူးပေါ့။ စိတ်မပျို့ တော့ ရုပ်ပြိုတယ်။ လူက ပိန်လို့ပေါ့။ စီးပွားရေးဟန်ကျရင် လူကလည်း ဝလို့ လှလို့။ ဒါကတော့ သဘာဝပဲလေ။ အဲ-ထွေးသိုက်က ကျွန်တော့်ကို ငွေငါးရာပေးတယ်။ သူ့ငွေ ငါးရာကို ချေးတာ၊ ငှားတာ မပါပါဘူး။ သက်သက်မဲ့ ပေးတာ ပါ။ အဲသည့်အခါတုန်းက ဒီငွေငါးရာကလည်း တန်ဖိုးအများ သား။ နောက် သူက ပြောသေးတယ်"

"သူငယ်ချင်း...ဒီငွေငါးရာ မင်းကို ပေးတာ ချေးတာ မဟုတ်ပါဘူး။ သူငယ်ချင်းကို ကူညီတာပါ။ ငွေငါးရာထက် တန်ဖိုးရှိတဲ့ အကူအညီကိုလည်း ပေးချင်သေးတယ်။ သူငယ် ချင်းယူမလားတဲ့။ ယူမှာပေါ့ သူငယ်ချင်းရာ။ ခုအချိန်မှာ ဘယ်လိုအကူအညီမျိုးပေးပေး ယူမှာပေါ့"

လို့ ပြောမိတော့...

"ဟုတ်ပြီ သူငယ်ချင်း။ ငါပေးတဲ့ အကူအညီက ဗုဒ္ဓ အကူအညီ။ ဗုဒ္ဓနည်းကွ။ ဒီနည်းကို လိုက်နာကျင့်သုံးလို့ ငါလည်း ဒီလိုအခြေအနေမျိုး ရောက်လာတာ။ မင်းကို ငွေ ငါးရာတင်မကဘူး၊ ငွေငါးသိန်းလည်း ပေးနိုင်တယ်။ ငွေငါး သိန်းက သုံးရင် ကုန်သွားမှာ။ ခုပေးမှာက သုံးလည်း မကုန် ဘူး။ သုံးလေ များလေ တိုးတက်လေပဲ။ အဲဒါက အဆန်း မဟုတ်ပါဘူး။ တို့ ဘုရားရှိခိုးတဲ့အခါ သီလယူတဲ့အခါ မပါ မဖြစ်တဲ့ နမောတဿဂါထာတော်ကြီးပဲကွ"

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗု ဒ္ဓဿ"

"ဒါကတော့ ငါသိတာပေါ့။ ကလေးဘဝကတည်းက ဆိုတတ်လာတာ၊ အထူးအဆန်းမှတ်လို့"

လို့ ပြောရင်ပဲ သူငယ်ချင်းက...

"မထူးဆန်းဘူး ထင်ရင်လည်း ငါပြောတဲ့အတိုင်း လုပ်ရင် ထူးကို ထူးဆန်းလာမယ်။ နမောတဿဂါထာတော် ကြီးကို -

ပထမ - နမောတဿ

ဒုတိယ - နမော ဘဂဝတော

တတိယ- နမော အရဟတော

စတုတ္ထ - နမော သမ္မာသမ္ဗုဒ္ဓဿ



www.burmeseclassic.com

www.burmeseclassic.com





ပဉ္စမ - နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

အဲသည်လို နမောတဿကို အပိုင်း ၅ပိုင်း ပိုင်းပြီး
တစ်ပိုင်းကို ပုတီးတစ်လုံးတည်း ချ။ နမောတဿ ပုတီး
တစ်လုံးချ။ နမော ဘဂဝတောရွတ်။ အရဟတော၊ သမ္မာ
သမ္ဗုဒ္ဓဿလို့ ရွတ်ဆိုပြီး ပုတီးတစ်လုံးစီ ချပြီး ပုတီးကိုးပတ်
ရအောင် စိတ်ကွာတဲ့။ နောက် ဆက်ပြောသေးတယ်။

ပုတီးမစိပ်မီ ငါးပါး၊ ရှစ်ပါး၊ အာဇီဝဋ္ဌမက သီလတစ်ပါး
ပါးတော့ ဆောက်တည်ရမယ်။ သီလကို ရှေးဦးစွာ ဆောက်
တည်ရမယ်။ သီလမပါရင် ဘာမှ အစွမ်းမထက်ဘူး။ တစ်ရက်
မှာ ပုတီးကိုးပတ် အဓိဋ္ဌာန်တင်ပြီး စိပ်။ ၉ရက်၊ ၂၇ရက်၊
ဂ၁ရက်တော့ စိပ်ပါ။ မိမိမွေးနေ့ရဲ့ ရှေ့ကနေ၊ တစ်နည်းအား
ဖြင့် အမြစ်နေ့ပေါ့ကွာ။ မင်းက စနေသားဆိုတော့ မင်းနေ့ရဲ့
အမြစ်နေ့က သောကြာနေ့ပေါ့။ သောကြာနေ့က စပြီး အဓိဋ္ဌာန်
တင်ပြီးတော့ ပုတီးစိပ်ပါ။ ပုတီးစိပ်တဲ့အချိန်ကတော့ ကိုယ်နဲ့
သင့်တော်မယ့် အချိန်ကို ရွေးပေါ့ကွာ။ ငါ့သဘောကတော့
နံနက်စောစော လေးနာရီ ငါးနာရီအချိန်က အကောင်းဆုံး
အချိန်လို့ ထင်တယ်ကွ။ ဆူညံမှုကင်းပြီး တိတ်ဆိတ်ငြိမ်သက်
တဲ့ အချိန်ကိုးကွ။ ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်။ အဓိဋ္ဌာန်
တင်ပြီး ပုတီးစိပ်ပါ။ ယုံယုံကြည်ကြည်လုပ်။ ယုံကြည်မှ
အကျိုးဖြစ်ထွန်းတာ။ အေး၊ ငါပေးနိုင်တာကတော့ နမော
တဿ ပုတီးစိပ်နည်းပဲ။ နမောငါးချက် စီးပွားတက်"လို့

တောင်းဆိုကြသေးတယ်။ ဒီနည်းနဲ့ ပုတီးစိပ်ကြလို့ ဘဝအ
အနေ အဆင်ပြေ တိုးတက်လာကြတာတွေကို ကိုယ်
တွေ့ဖူးတယ်ကွ"တဲ့။

"ဆရာခန့်ရေ…ကျွန်တော့်သူငယ်ချင်း ပြောတဲ့အတို
မဆိုင်းမတွဘဲ သောကြာနေ့ကျတော့ နမောတဿကို စ
အဓိဋ္ဌာန်ဝင်ပြီး စိပ်တော့တာပါပဲ။ ဖြတ်ကိုက်၊ ခြင်ကို
ယား မကုတ်၊ ခေါ် မထူး၊ ယုံယုံကြည်ကြည်နဲ့ လုပ်ပါတ
ဆင်းရဲတွင်း လွတ်ကင်းဖို့ ထွက်ရပ်လမ်းက ဒီနည်းပဲ ရှိ
ကိုးလို့ ယုံကြည်ပြီး လုပ်တာကိုး။ ပုတီးစိပ်လို့ ၉ရက်တော
မပြည့်သေးဘူး၊ ထူးခြားမှုတွေကို တွေ့လာရတယ်။ ကျွန်
ရာထူးတက်တယ်။ ကျွန်တော့်ဇနီး ရာထူးတက်တယ်။ နေ
ကောင်း ရတယ်။ ပေးမယ့်ကမ်းမယ့်၊ ကူညီမယ့်သူ
အလျှိုလျှိုပေါ်လာတယ်။ ခါတိုင်း လမကုန်ခင်က အိမ်
တောင်းတတ်တဲ့ အိမ်ရှင် ဒေါ်ခင်ကတောင် "မောင်ခင်
အိမ်လခ မလွယ်ရင်လည်း မပေးနဲ့ဦး"လို့ ပြောလာတ
ကျွန်တော် ပုတီးစိပ်ရင်း အားတက်လာပြီး ဂ၁ရက် အဓိ
ပြည့်တာတောင် စိပ်တာ ဒီနေ့အထိပါပဲဗျာ"

ဦးခင်ထွန်း၏ လက်ရှိအခြေအနေကိုတော့ ကျွန်
သိထားပြီးဖြစ်ပါသည်။ တိုက်ခန်းနှစ်ခန်းကို ဝယ်ယူ
သည့်အပြင် လက်ရှိ သူပိုင်သည့်၊ သူနေထိုင်သည့် အိမ်
လည်း အခန်းပေး၊ အခန်းယူစနစ်ဖြင့် ဆောက်လုပ်
ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ဆိုရာ
သက်သေအနေဖြင့် ကျွန်တော်လက်မှတ်ထိုးပေးခဲ့ရပါသ

ယခုမူ ဦးခင်ထွန်းတို့မိသားစုအလုပ်အကိုင် ကိုယ်
၍ ဝင်ငွေကောင်းပါသည်။ ရပ်ရေးရွာရေး၊ ကုသိုလ်
လှူမှုရေးဆိုလျှင် ဦးခင်ထွန်းတို့ မိသားစုက ရှေ့ကပါ။ အ
အကမ်း လက်မနှေးပါ။ ဘာအရေးဖြစ်ဖြစ် ရှေ့က ပြေ
လှူသူပါ။ ဤအခြေအနေမျိုးရောက်အောင် ပို့ဆောင်သ
ကတော့ ယုံယုံကြည်ကြည်လိုက်နာ လုပ်ဆောင်ခဲ့သ
နမောငါးချက် ပုတီးစိပ်ပင် ဖြစ်ပါသည်။ နမောငါးချက်
သူ့မိသားစုအတွက် စီးပွားဖက်ဖြစ်နေပါသည်။

သို့အတွက် စီးပွားတိုးတက်အောင်၊ တိုးတက်ပြီး စီ
လည်း ဒီရေအလားကဲ့သို့ ပို၍တိုးတက်အောင် ဦးခင်ထွ
လိုက်နာ ဆောင်ရွက်သလို နမောငါးချက်ကို အဓိဋ္ဌာန်
ပုတီးစိပ်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်အောင် လုပ်ဆော
ခြင်းဖြင့် လိုအင်ဆန္ဒပြည့်ဝကြပါစေဟု ဆန္ဒပြုလျက်

* * *

ဦးခန့်(အင်းစိ



www.burmeseclassic.com

www.burmeseclassic.com



# မြစ်ဒေသ၊ ပုလောမြို့က ကျားကပွဲ

မောင်ဝေအေး



မြိတ်ဒေသမှာ မြန်မာနှစ်ဆန်း တန်ခူးလရောက်တိုင်း ကျားကခြင်း ပြုလုပ်လေ့ရှိကြောင်း မှတ်တမ်းများအရ သိရှိရသည်။

အချို့ကတော့ "ပလောရိုးရာ"ဟု ဆို၏။ အချို့ကတော့ ပသျှူးတို့၏ အကဟု ဆိုကြ၏။

"သမန်းကျားအက"ဟုလည်း ဆိုကြသည်။ အထက်အညာ ထမံသီဘက်မှ သမန်းကျားအကနှင့် ဆက်စပ်ပတ်သက်သလားဟု အတိအကျမသိနိုင်ပေ။

နှစ်စဉ် တန်ခူးလဆန်း ၇ရက်နေ့တွင် စတင်ပြီး ငါးရက်ကြာ ကျင်းပခဲ့ဖူးကြောင်း သိရသည်။ ကျားက,ကမည့်သူများမှာ ကျားဆေးထိုးရသည်။ ကျားဆေးထိုးထားသူများသာ ကျားက,ကရသည်။ ဆရာက ကန်တော့ပွဲ၊ ပူဇော်ပွဲများပေး က ကျားဆေးထိုးပေးသည်ဟု ဆို၏။

ကျားဆေးထိုးထားသော ကျားက,ကမည့်သူများက မကမီ ကျားအရေခွံနှင့် သဏ္ဍာန်တူသည့် အဝါ၊ အနက်၊ အနီ အစင်းကြားများကို ကိုယ်ပေါ်တွင် သုတ်လိမ်းကြရသည်။

ကျားဆိုင်း ဗုံ၊ ယကွင်းတို့ တီးကာ ကျားက,ကရသည်။ ကျားက,ကပြီး ကျားစိတ်ဝင်လာသောအခါ တွေ့ရာမြင်ရာ ကိုက်တတ်၍ ခံတွင်း၌ သံပရာသီးငုံကာ ကရသည်ဟု ဆို၏။

မီးခိုးမှိုင်းတိုက်၍ ကျားစိတ်ကို ပြန်နှုတ်ရသည်ဟု ဆိုကြသည်။ ကျားကပွဲများတွင် မာန်တက်နေသော ကျားကသူများကို ထိန်းသည့် ကျားထိန်းများ ထားရှိပေးရသည်။

ကျားက,ကရင်း ကျားစိတ်ဝင်သူမှာ ဘေးတွင် ကိုက်စရာ၊ ကုတ်စရာမရှိလျှင် ကိုယ့်ကိုယ်ကိုယ် ကုတ်ကိုက်သည်အထိ ကျားမာန်တက်တတ်သည်။

ရှေးအခါက မြိတ်တွင် ကျားကပွဲများ စည်ကားခဲ့သော်လည်း ယခုအခါတွင် မြင်ရတွေ့ရ နည်းပါးလာပြီဖြစ်၏။

ဂမ္ဘီရဆန်သော ကျားကခြင်းအကြောင်းကို မျက်မြင်ကိုယ်တွေ့ လေ့လာမှတ်သားမိသမျှ ပြန်လည်ဖောက်သည်ချလိုက်မိပါသည်။

* * *

မောင်ဝေအေး



www.burmeseclassic.com

www.burmeseclassic.com



**တကယ့်ဗုဒ္ဓဘာသာကျင့်စဉ်**


မြန်မာဘုရင်အဆက်ဆက် စိုးစံစဉ် တစ်ခါက ဗုဒ္ဓဘာသာဟူသော အသုံးအနှုန်းမရှိခဲ့ပါ။ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သူတို့ကို သမ္မာဒိဋ္ဌိဟု သုံးနှုန်းသည်။ တရားတွင်လည်း ဗုဒ္ဓဟူသည် ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ဂေါတမမြတ်စွာဘုရားကို ဆိုလိုသည်။ ဘာသာဟူသည် အယူဝါဒဖြစ်ပြီး နှစ်ပုဒ်ပေါင်းသော် ဂေါတမမြတ်စွာဘုရား၏ အယူဝါဒကို ယုံကြည်လက်ခံသူများဟု အဓိပ္ပာယ်ဖွင့်ရပါသည်။

ထိုဗုဒ္ဓဘာသာဝင်များသည် ဇာတိဗုဒ္ဓဘာသာဝင်နှင့် အာစာရဗုဒ္ဓဘာသာဝင်ဟု နှစ်မျိုးရှိသည်။ ဇာတိဗုဒ္ဓဘာသာဝင်ဟူသည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ကို ဆိုလိုခြ[illegible] အာစာရ ဗုဒ္ဓဘာသာဝင်ဟူသည် တကယ့်ဗုဒ္ဓဘ[illegible] ဆိုလိုခြင်းဖြစ်သည်။

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဟူသည် မိမိ၏ အဘိ[illegible] အဖေ၊ အမေတို့က ဗုဒ္ဓဘာသာဝင်ဖြစ်လို့သာ မိ[illegible]

www.burmeseclassic.com

www.burmeseclassic.com



# တကယ့်ဗုဒ္ဓဘာသာနှင့်
# စ္စာလေးပါးတရားတော်

## မေတ္တာရှင်
## (ရွှေပြည်သာ)

ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့ရသည်။ တရားကိုလည်းမနာ၊ ဘာသာ ရေးစာအုပ်လေးများကိုလည်း မဖတ်၊ တတ်သိသူများကိုလည်း မေးမြန်းခြင်း မရှိသဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏ အကြောင်းကို ဂဃနဏ တစ်ခုမျှ မသိသည့်၊ သူများယောင်လို့တောင် ယောင်၊ အမှောင် တောင်မှန်း မြောက်မှန်း မသိသူများပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ဗုဒ္ဓဘာသာဝင်ဟူသည် မိမိကိုးကွယ်သော ဘာသာ၏ အကြောင်းကိုလည်း အချိန်ရသလောက် ဖတ်၊ တတ်သိသူများကိုလည်း မေးမြန်းဆွေးနွေးသည်။ ထို့ကြောင့် ရတနာသုံးပါးအကြောင်းကို သေချာနားလည်သွားပြီး ရင်ထဲက နှစ်နှစ်ကာကာ စိတ်ပါလက်ပါ ယုံကြည်သူများပင် ဖြစ်ပါသည်။

တစ်ခဏတာ သုံးရမည့် နှစ်ရာတန်၊ သုံးရာတန် ရေအိုးလေးတစ်လုံးဝယ်ရာ၌ပင် အပေါက်ပါ၊မပါ၊ အနာပါ၊မပါ သေချာစမ်းသပ်၍ ဝယ်ရသေးရာ တစ်သံသရာလုံး ကိုးကွယ်ရမည့် ဘာသာတရားကျကာမှ လေ့လာစမ်းသပ်မှု မပြုဘဲ မျက်စိမှိတ်၍ ကိုးကွယ်မည်ဆိုလျှင် မည်သို့မျှ သဘာဝမကျနိုင်ပါချေ။

**ဘာသာရွေးချယ်နည်း**

အင်္ဂုတ္တိုရ်ပါဠိတော်၊ ကေသမုတ္တိသုတ်တွင် ကာလာမ အမျိုးအနွယ်တို့၏ မေးမြန်းမှုကို အကြောင်းပြု၍ ဗုဒ္ဓက သမာသမတ်အကျဆုံးသော ဘာသာရွေးနည်းကို ဟောကြားခဲ့သည်။ ထိုဟောကြားချက်ကို အလေးအနက်ထားပြီး ဘာသာအယူဝါဒမရှိသူ အားလုံးအတွက် ဟောကြားချက် ဖြစ်သည်။ ဗုဒ္ဓ၏ စေတနာမှန်ကန်မှုကြောင့် ယင်းဒေသနာကို နာကြားဖတ်ရှုကြရသော ဘာသာခြားများ ဗုဒ္ဓဘာသာထဲသို့ ဝင်လာမစဲ တသဲသဲဖြစ်ခဲ့ရသည်။

မကြာသေးသောအချိန်ကပင် အမေရိကန်ပြည်ထောင်စုမှ "ခရစ္စတင်ဖက်ကာ"နှင့် "ကက်နက်ဗင်ကာဝါဆီ"အမည်ရှိ ဇနီးမောင်နှံနှစ်ယောက်သည် မဟာဝိဇ္ဇာတွဲအတွက် ဗုဒ္ဓ၏ ဒေသနာများကို လေ့လာရင်း ကေသမုတ္တိသုတ်ကို ဖတ်အပြီးတွင် ဘာသာခြားဘဝမှ ဗုဒ္ဓဘာသာထဲသို့ ကိုယ့်ဆုံးဖြတ်ချက်နှင့် ကိုယ် ဝင်ရောက်ခဲ့ကြသည်။

◆◆◆

မြတ်စွာဘုရား ဒေသစာရီလှည့်လည် တရားဟောရာ ကေသမုတ္တိနိဂုံးသို့အရောက်တွင် ကာလာမအမျိုးအနွယ်များက သူတို့ဒေသသို့ ဘာသာရေးခေါင်းဆောင်အမျိုးမျိုး ရောက်လာပြီး သူ့အယူဝါဒက ကောင်းတယ်၊ ငါ့အယူဝါဒက ကောင်းတယ်ဟု အသီးသီးဟောကြားကြသဖြင့် ဘယ်ဘာသာအယူဝါဒက ကောင်းတယ်ဆိုသည်ကို မဆုံးဖြတ်နိုင်အောင် ဖြစ်နေပါကြောင်း လျှောက်ထားကြသဖြင့် ဗုဒ္ဓက မည်သူ့ဘက်မှ မလိုက်သော အကောင်းဆုံး ဘာသာရွေးနည်းကို ယခုလို ဟောကြားတော်မူခဲ့၏။

"ကာလာမအနွယ်တို့... သင်တို့သည် တစ်ဆင့်ကြားဖြင့်လည်း အမှန်ဟု မယူဆကြနှင့်။ ကျမ်းဂန်နှင့် ညီ ဆိုရုံဖြင့်လည်း အမှန်ဟု မယူကြနှင့်။ ယုံကြည်လောက် ဆရာဖြစ်သူ၏ စကားဖြစ်ရုံနှင့်လည်း အမှန်ဟု မယူကြ မိမိအယူအဆနှင့် တိုက်ဆိုင်သည် ဆိုရုံဖြင့်လည်း အမှ မယူကြနှင့်။ အယူဝါဒတစ်ခုကို လက်တွေ့ကျင့်သုံးကြ မကောင်းကျိုးကို ဖြစ်စေသည်၊ မိမိ၊ သူတစ်ပါး နှစ်ဦး ကို ဆင်းရဲစေသည်၊ ပညာရှိသူတို့ ကဲ့ရဲ့အပ်သည်ဆိုလျှ ထိုအယူဝါဒကို စွန့်လွှတ်ကြကုန်လော့။ အယူဝါဒတစ်ခု လက်တွေ့ ကျင့်သုံးကြည့်၍ ကောင်းကျိုးကို ဖြစ်စေသ မိမိ၊ သူတစ်ပါး နှစ်ဦးသားကို ချမ်းသာစေသည်၊ ပညာရှိ ချီးမွမ်းအပ်သည်ဆိုလျှင် ထိုအယူဝါဒကို ကျင့်သုံးကြ လော့"

ဘာသာအယူဝါဒရှိသူ အားလုံးတို့သည် ဗုဒ္ဓ၏ ညွှ ချက်အတိုင်း မိမိတို့ ကိုးကွယ်သော ဘာသာကို မိမိ ကိုယ်တိုင် စစ်ဆေးသင့်သည်။ တကယ့်ဗုဒ္ဓဘာသာဝင်ဟူ ထိုနည်းအတိုင်း လက်တွေ့ လေ့လာကျင့်သုံးထားပြီးသူ ၏။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်နှင့် တကယ့်ဗုဒ္ဓဘာသာဝင် သည် သာမန်အချိန်တွင်ကား ဘုရားသွား ကျောင်းတ အတူတူပင်ဖြစ်၍ ဘာမျှမထူးခြားပါ။

ထူးခြားသော အချိန်ကား ဘာသာခြားနှင့် အိမ်ထော ကျသော အချိန်၊ ဘာသာခြားများက ဥစ္စာ၊ ဓန၊ ရာ အာဏာ၊ ယောက်ျား၊ မိန်းမတို့ဖြင့် ဆွဲဆောင်လာသေ အချိန်ပင် ဖြစ်သည်။ ဘာသာခြားနှင့် အိမ်ထောင်ကျ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်သည် မိမိဘာသာကို စွန့်ပြီး ဘာ ခြားနောက်သို့ ပါသွား၏။ တကယ့်ဗုဒ္ဓဘာသာဝင်ကား ဘာသာကို မစွန့်သည့်အပြင် ဘာသာခြားဖြစ်သည့် ဇနီး (သို့မဟုတ်) ခင်ပွန်းကိုပင် မိမိဘာသာသို့ ဝင်ရောက်လာ သည်။ တကယ့်ဗုဒ္ဓဘာသာဝင်ကား မပါပေ။ လက် သာဓက အထောက်အထားတို့ဖြင့် ပြပါမည်။

◆◆◆

အထက်တန်းစား ဘွဲ့ရအရာရှိကြီးတစ်ယောက်သ ဘာသာခြား အမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျသ သူသည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်သောကြောင့် ဘာသာကို စွန့်ပြီး အမျိုးသမီး၏ ဘာသာသို့ ခြေစုံပစ် လိုက်၏။ ငယ်ရွယ်စဉ်အချိန် ကာမရာဂအပေါ် ယစ်မူး က ဘာသာပြောင်းရခြင်းမှာ မည်သို့မျှ မသိသာသေး အသက်အရွယ်ရ၍ အသိဉာဏ်ရင့်လာသောအခါတွင် ဘာသာနှစ်ခုကို ချိန်ထိုးလေ့လာကြည့်ရာ ဗုဒ္ဓဘာသ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းသာရရှိမှုကို သိလေဖြစ်လာသည်။

ဗုဒ္ဓဘာသာ၏ ကိုးကွယ်အားထားထိုက်ပုံကို စာတွေ့ ပြင် ကိုယ်တွေ့ပါ ကြုံလာ၏။ သူနှင့် ရာထူးအဆင့်ချင်း သော ဗုဒ္ဓဘာသာမိတ်ဆွေတစ်ယောက်ရှိ၏။ ထိုမိတ်ဆွေ ဒါန၊ သီလ၊ သမထ၊ ဘာဝနာအပြင် ဝိပဿနာ နာကိုပါ လေ့လာလိုက်စားသူတစ်ယောက်ဖြစ်၏။ သူ ဘာသာခြားဖြစ်နေသည့်အတွက် ဝိပဿနာတရားကို က်စားရမှန်းလည်း မသိ၊ လိုက်စားဖို့ရန်လည်း နားမလည်

ထို့ကြောင့် လာဘ်ရခြင်း၊ အခြံအရံများခြင်း၊ ချီးမွမ်းခံ ခြင်း၊ ချမ်းသာခြင်းဟူသော အကောင်းလောကဓံ လေးပါး ကြုံတွေ့ရသည့်အခါ ဖြေဆေးမရှိသည့်အတွက် သူမှာ လွတ်လက်လွတ် အရမ်းဝမ်းသာပြီး လောဘမီးတွေ လောင်ခံရ၏။ မိတ်ဆွေကား ဝိပဿနာဖြေဆေးရှိသည့် တွက် အကောင်းလောကဓံနှင့် ကြုံသော်လည်း လောဘ မတက်ကြွ၊ မသိမသာ ပကတိအတိုင်းပင် နေနိုင်သည်။

လာဘ်မရခြင်း၊ အခြံအရံမရှိခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ဆင်းရဲ ခြင်းဟူသော အဆိုးလောကဓံနှင့် ကြုံရသည့်အခါ သူသည် ဒေါသ(သောက)မီး အလောင်ခံရပြီး ရူးမတတ် ခံစားရ၏။ သနာဖြေဆေးရှိသည့် သူ့မိတ်ဆွေက အဆိုးလောကဓံနှင့် ကြုံရသော်လည်း ဒေါသဖြင့် ဝမ်းနည်းပူဆွေးခြင်းမရှိဘဲ ဘာမှမဖြစ်သလို ပုံမှန်အတိုင်းပင် နေနိုင်၏။

လောဘ၊ ဒေါသ စသော ကိလေသာ မီးများကို ဗုဒ္ဓ သံကိလိဋ္ဌ သံကိလေသိကာ ပူပန်စေတတ်၊ နှိပ်စက် တတ်သော တရားဟု ဟောတော်မူခဲ့သည်။ ကိလေသာတို့ သည် အဘယ်မျှထိ ပူပန်စေပါသနည်း။ အဘယ်မျှထိ နှိပ်စက်စေပါသနည်း။ အသက်သေသည်အထိ ပူပန်စေတတ် ပါသည်။ မန္တလေးမြို့ စိန်ပန်းရပ်ကွက်အတွင်းမှ အမျိုးသမီး နှစ်ဦး၏ ဖြစ်ရပ်ကို ကြည့်ပါ။

အမျိုးသမီးတစ်ယောက်ထံသို့ ခင်ပွန်းဖြစ်သူက သိန်း ထောင်ကျော်တန် ကျောက်တစ်လုံးရကြောင်း ဖုန်းဆက် လိုက်၏။ ထိုအမျိုးသမီးသည် ယင်း ဝမ်းသာစရာ သတင်းကို နားထောင်ပြီးသည်နှင့် ဖုန်းခွက်နားမှာပင် လဲကျ သေဆုံးခဲ့ ၏ ဆေးသိပ္ပံအလိုအရ နှလုံးရပ်၍ သေဆုံးခြင်းပါတည်း။

မူလတန်းအရွယ် ကလေးနှစ်ယောက် ဗွီဒီယိုရုံထဲတွင် နေဖြစ်ရာ တစ်ယောက်က ခဲတံချွန်သော ဓားနှင့် ရမ်းလိုက် သဖြင့် အခြားကလေးတစ်ယောက်၏ လက်မောင်းကို ခြစ် ပြီး သွေးအနည်းငယ်ထွက်သွားရာ သွေးထွက်သွားသော ကလေးက မိခင်ကို လာတိုင်၏။ သားဖြစ်သူလက်မှ ထွက် နေသောသွေးကို မြင်ရသည့်အခါ မိခင်၏ ဒေါသသည် အထွဋ်အထိပ်သို့ ရောက်သွား၏။

သူ့သားကို ရန်ပြုသော ကလေးကို မှန်မှန်ညက်ညက် ချေပစ်မည်ဟူသော အတွေးဖြင့် အိမ်ထဲမှ အပြေးထွက်ရာ လမ်းမပေါ်အရောက်မှာပင် အရှိန်ဖြင့် လမ်းပေါ်သို့ မှောက် လျက် လဲကျ၏။ ဝိုင်းထူ၍ ကြည့်လိုက်သောအခါ တစ်ကိုယ် လုံး မည်းပြီး သေပွဲဝင်လျက်ရှိရာ ဆေးသိပ္ပံအရ နှလုံးရပ်၍ သေခြင်း၊ အဘိဓမ္မာအရ ဒေါသကိလေသာမီးလောင်၍ သေခြင်းပါတည်း။

ထိုကိလေသာမီးများကို ငြိမ်းသတ်ရန်အတွက် ဗုဒ္ဓ၏ ဝိပဿနာနည်းတစ်ခုသာ ရှိ၏။ လောဘ၊ ဒေါသ ကိလေသာ မီးများသည် အားကောင်းလျှင် သူ့ကို လက်ခံရာ ခန္ဓာကိုယ် အထိ လောင်မြိုက်၏။ အားသေးလျှင် သူ့ကို လက်ခံရာ ရုပ်ခန္ဓာကို နှလုံး၊ သွေးတိုး၊ ဆီးချို စသော ရောဂါများကို ဖြစ်စေခဲ့၏။ ဘာသာခြားဖြစ်သော အရာရှိကြီးသည်လည်း ကိလေသာမီး၏ လောင်မြိုက်မှုကြောင့် ရောဂါမျိုးစုံ ခံစားနေ ရ၏။

အသက်သည် ၅၀ခန့်သာ ရှိသေးသော်လည်း ၇၀ကျော် ဟု ထင်ရလောက်အောင် အရွယ်ကျ၏။ ဝိပဿနာဖြေဆေး ရှိသည့် သူ့မိတ်ဆွေမှာကား ရောဂါကင်းရှင်းပြီး ကျန်းမာ ချမ်းသာစွာ နေရ၍ အသက် ၅၀ကျော်သော်လည်း ၃၀ကျော် ဟု ထင်ရလောက်အောင် အရွယ်တင်၍ နုပျိုနေသည်။

လောကဓံ ခံရတာချင်း တူပါလျက် သူ့မှာ ခံနိုင်ရည် မရှိဘဲ မိတ်ဆွေမှာသာ ခံနိုင်ရည်ရှိသည်မှာ အဘယ့်ကြောင့် နည်းဟု မေးမိ၏။ မိတ်ဆွေက ဝိပဿနာတရားကြောင့်ဟု ဖြေကာ ကက်ဆက်ခွေတစ်ခွေကို ထုတ်ပြ၏။ မိတ်ဆွေက ပြောလိုက်သေး၏။

လောဘ၊ ဒေါသ စတဲ့ ကိလေသာမီးတွေဟာ ဗုဒ္ဓ ဘာသာဝင်တွေကိုသာ လောင်တာ မဟုတ်ပါဘူး။ သူတို့ကို လက်ခံထားသူ လူသားမှန်သမျှကို အသက်သေသည်အထိ၊ အပါယ်ကျသည်အထိ ပူလောင်စေတာပါ။ ထို့အတူ ဝိပဿ နာတရားဟာလည်း ဗုဒ္ဓဘာသာတွေအတွက်ဆိုပြီး ဘောင် ခတ်ဟောထားခဲ့တာ မဟုတ်ပါဘူး။ ဗုဒ္ဓက ကိလေသာအပူမီး တွေ ငြိမ်းလိုတဲ့ လူသားအားလုံးအတွက် ဟောခဲ့တာပါတဲ့။

လူသားဆန်လွန်းလှတဲ့ သည်မိတ်ဆွေ၏ စကားကို နှစ်သက်လှသဖြင့် သူသည် တရားခွေကို ဖွင့်လိုက်သည်နှင့် ဇနီးသည်က အော်ဟစ် ကြိမ်းမောင်းပြီး ကက်ဆက်ကို



www.burmeseclassic.com

www.burmeseclassic.com



အပြေးအလွှားလာပိတ်၏။ ကက်ဆက်ခွေကိုပင် လွှင့်ပစ်မည် လုပ်သဖြင့် သူက မိတ်ဆွေတစ်ယောက်ဟာဖြစ်ကြောင်း ပြောပြပြီး မနည်းတောင်းပန်ရသည်။

ကမ္ဘာတွင် မြန်မာဟူ၍ ထင်ပေါ်နေရသည်မှာ ဗုဒ္ဓဘာသာကြောင့်ဖြစ်၏။ ဗုဒ္ဓဘာသာကွယ်ပျောက်သည်နှင့် မြန်မာလူမျိုးသည်လည်း ကမ္ဘာ့မြေပုံမှ ကွယ်ပျောက်သွားမည် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် မြန်မာတို့၏ အသက်ဖြစ်၏။ မြန်မာတစ်ယောက်ဖြစ်နေရပါလျက် ဗုဒ္ဓဘာသာ မဟုတ်တော့သူသည် အသက်သေနေသူနှင့် ဘာမျှမခြားတော့ပေ။

သူသည် ယခုအချိန်ကျမှ ကတိမျိုးစုံ၊ အာမခံချက်မျိုးစုံပေးပြီး ဇနီးသည်၏ ဘာသာသို့ ပြောင်းခဲ့မိသည်၏အဖြစ်ကို နောင်တ ကြီးစွာရမိ၏။ တစ်သံသရာလုံး မှောက်ခဲ့ရသည့် ဆရာများ၏ ဒဏ်၊ ဘာသာများ၏ ဒဏ်ကို သူသည် ဘဝနှင့်ချီပြီး ခံစားရဦးမည်ဖြစ်၏။ သူသည် ယောက်ျားတန်မဲ့ မျက်ရည်ကျရုံမှတစ်ပါး ဘာမျှမတတ်နိုင်ခဲ့။ ဤသို့သော အရာရှိမျိုးသည်ကား လောကီပညာအနေဖြင့် ဘွဲ့ရဖြစ်သော်လည်း ဘာသာရေးပညာအနေဖြင့် မူလတန်းအဆင့်ပင် မရှိဘဲ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ယောက်သာ ဖြစ်ပါသည်။

တကယ့်ဗုဒ္ဓဘာသာဝင်တစ်ယောက်၏ အားကျဖွယ်ဖြစ်ရပ်ကိုလည်း ပြဦးအံ့။

♦♦♦

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ် (၅)ရပ်ကွက်အတွင်းမှ "မဝင်း"အမည်ရှိ အမျိုးသမီးတစ်ဦးသည်လည်း ဘာသာခြားအမျိုးသားတစ်ယောက်နှင့် အိမ်ထောင်ကျ၏။ အမျိုးသားက ငွေနပန်း၊ စပယ်ပန်း စသော ပန်းမျိုးစုံရောင်းပြီး လုပ်ကိုင်ကျွေးမွေး၏။ မဝင်းသည် အတန်းပညာအနေဖြင့် အလယ်တန်း အဆင့်လောက်သာ ရှိသော်လည်း ဘာသာရေးပညာအနေဖြင့်ကား ဘွဲ့ရအဆင့်လောက်ထိ ရှိသည်။

သူမသည် တရားပွဲရှိလျှင် အချိန်ယူပြီး နာဖြစ်အောင် နာပြီး ဘာသာရေးစာအုပ်ကောင်းများကိုလည်း အချိန်ယူ၍ ဖတ်ရှု၏။ မသိတာ၊ မရှင်းတာ မှန်သမျှကိုလည်း တတ်သိသူ ဆရာတော်တို့အား မေးမြန်းဆွေးနွေးလေ့ရှိ၏။ ထိုကဲ့သို့ ဆည်းပူးလေ့လာထားသော ဘာသာရေးအသိဉာဏ်များကြောင့် အိမ်ထောင်ကျပြီး တစ်နှစ်အကြာမှာပင် ဘာသာခြားဖြစ်သော ခင်ပွန်းဖြစ်သူကို ဗုဒ္ဓဘာသာသို့ ရောက်အောင် ဆွဲဆောင်နိုင်ခဲ့သည်။

ခင်ပွန်းဖြစ်သူကို ဗုဒ္ဓဘာသာသို့ သက်ဝင်လာအောင်

မဝင်း စည်းရုံးရာ၌ အများဆုံး အထောက်အကူပြုခဲ့သော သုတ်ကား ဥပရိပဏ္ဏာသ ပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ် တည်း။ စာရှုသူများလည်း မဝင်းကဲ့သို့ ပြုနိုင်ရန် ထိုသုတ် အနည်းငယ် အကျယ်ချဲ့၍ တင်ပြပါမည်။

♦♦♦

ဗုဒ္ဓလက်ထက်တော်အခါက "ကုဒိ"အမည်ရှိသော မြို့ကို စားရသဖြင့် "တောဒေယျ"အမည်ရှိ ဗြဟ္မဏဘာသာ ဝင် ပုဏ္ဏားကြီးတစ်ယောက်ရှိလေသည်။

ဗုဒ္ဓက ဒါနတော ဘောဂဝါ - ပေးကမ်းလှူဒါန်းသူ သည် ဖြစ်ရာဘဝတွင် ပစ္စည်းဥစ္စာပေါများ ချမ်းသာသည် ဟော၏။ ဗုဒ္ဓကို ရန်လုပ်နေသော ဗြဟ္မာကိုသာ ကိုးကွယ် သည့် တောဒေယျ ပုဏ္ဏားကြီးက -

**အဥ္စနာနံ ခယံ ဒိသွာ**

**ဝမ္မိကာနဉ္စ သဉ္စယံ**

**မဓူနဉ္စ သမာဟာရံ**

**ပဏ္ဍိတော ဃရမာဝသေ။**

မျက်ခွံကို လိမ်းကျံသော မျက်စဉ်းညို(ကာခြယ် ကျောက်သည် မည်မျှလောက် ကြီးမားသည်ဖြစ်စေ၊ နေ ရှည်ကြာစွာ ကျောက်ပျဉ်မှာ သွေးလျှင် တဖြည်းဖြည်း ကုန်ရသည်သာ ဖြစ်၏။ ထို့အတူ နည်းနည်းချင်း ပေးကမ် လှူဒါန်းခြင်းဖြစ်သော်လည်း ကြာလျှင် ကုန်ခန်းသွားသည် ဖြစ်၍ လှူဒါန်းမှုကို မပြုသင့်။ ခြများသည် မြေမှုန့်တစ် ချင်း စုသော်လည်း ကြာလာလျှင် တောင်ပို့ကြီးဖြစ်သကဲ့ လည်းကောင်း၊ ပျားကောင်များသည် ပန်းဝတ်ရည်များ နည်းနည်းချင်းစုရာမှာ ပျားလပို့ကြီးဖြစ်လာသကဲ့သို့ လည် ကောင်း၊ ပညာရှိသည် စုဆောင်းသိမ်းဆည်း၍သာလျှင် အိ ၌ နေရာ၏ဟူသော အတွေးအခေါ်ကို သူ့သား သုဘလုလ ကို ဟောပြောဆုံးမလေ့ရှိသည်။ သူတစ်ပါးကို ဒါနမပြု တားမြစ်တတ်သလို၊ သူကိုယ်တိုင်လည်း တစ်ကြိမ်တစ်ခါ ဒါနမပြုခဲ့ချေ။ သူ ကွယ်လွန်သောအခါတွင် တွေတွေဝေ သေခဲ့ရသောကြောင့် သူ့အိမ်မှာပင် ပြန်ပြီး ခွေးကြီးတစ်ကော ဖြစ်ခဲ့ရသည်။ မသုံးရက် မစားရက် စုဆောင်းခဲ့ရသောကြော သူ၏ ဥစ္စာထုပ်များသည် သားဖြစ်သူနှင့် ကျန်ရစ်သူ ဆွေမျ သားချင်းတို့ ဝေစားဖို့ရန် ဖြစ်သွားခဲ့၏။ ထို့ကြောင့် တတိ မြောက် တိပိဋကဓရ ဆရာတော် ဦးကောသလ္လက -

**အထုပ်ကလေးတပြင်ပြင်**

**အထုပ်ရှင် သေလို့သွား**

**ကျန်တဲ့သူတွေ ဝေလို့စား**



www.burmeseclassic.com

www.burmeseclassic.com



**အထုပ်ရှင်မှာ အလကား**
**ဘာကမှလည်း ပါမသွား**
**သေရွာကျမတော့ အပါယ်လား**
**နိဗ္ဗာန်ရောက်ဖို့ အခက်သား**

ဟု ရေးသား ဆုံးမခဲ့ခြင်းဖြစ်ပေလိမ့်မည်။

တစ်နေ့တွင် ဘုရားရှင်သည် ဘာသာခြားဖြစ်မှန်း သိ...နှင့် သုဘလုလင်၏ အိမ်ရှေ့တွင် ဆွမ်းသွားရပ်၏။ ...ခွေးကြီးကို အကြောင်းပြုပြီး သုဘလုလင် သရဏဂုံ ...ည့်အရေးကို မြင်သောကြောင့်ဖြစ်သည်။ မြတ်စွာဘုရား... မြင်သည်နှင့် တောဒေယျတစ်ဖြစ်လဲ ခွေးကြီးသည် ...ကြီးမဲ့ကြီးဟောင်၏။ ဗုဒ္ဓသည် စားမတတ် ဝါးမတတ် ...နေသော ခွေးကြီးကို လက်ညှိုးထိုးလိုက်ကာ...

"တောဒေယျ...သင်သည် လူ့ဘဝတုန်းကလည်း ...ရားက ဒါနပြုသူသည် ဖြစ်လေရာဘဝမှာ ဥစ္စာပစ္စည်း ...ချမ်းသာမည်လို့ ဟောခဲ့တာကို သင်က ဒါနပြုရင် ...ဆိုပြီး ဆန့်ကျင်ဘက်လုပ် ဟောပြော ရန်ပြုခဲ့တယ်။ ... အကုသိုလ်တွေကြောင့် သင်ဟာ လူ့ဘဝကနေ ခွေးဘဝ ...ခဲ့ရပြီ။ အခု ခွေးဘဝမှာလည်း ငါဘုရားကို ဆက်လက် ...နေမယ်ဆိုရင် မည်သူမှ အမှုအတန်းပေးပြီး မကယ် ...နိုင်တဲ့ ငရဲဘုံအထိ ကျလိမ့်မယ်"

ဟု မိန့်တော်မူ၏။

ခွေးကြီးသည် မြတ်စွာဘုရား၏ စကားသံကို ကြား...ရသည်နှင့် ချက်ချင်း အဟောင်ရပ်သွား၏။ ဗုဒ္ဓသည် ...ခွေးဖြစ်တာ သိနေပါလားဟု တွေးမိကာ အရှက်ကြီး ...ပြီး နလုံးမသာမယာဖြစ်၍ ပြာပုံထဲ တိုးကာ အိပ်လေ၏။ ...ဘဝမှ လာသော ခွေးကြီးဖြစ်သောကြောင့် သုဘလုလင် ...သည် အင်မတန် ချစ်မြတ်နိုး၏။ ကုတင်၊ မွေ့ယာနှင့် ...လေ့ရှိ၏။ ထိုအချိန်က သုဘလုလင် အိမ်တွင် မရှိချေ။

ညနေ အိမ်ပြန်ရောက်၍ အကြောင်းစုံကို သိရသည့် ...သူ့အဖေကို ခွေးဖြစ်သည်ဟု ပြောသော ဗုဒ္ဓကို အမျက် ...သ ပြင်းစွာထွက်၏။ ကျောင်းတော်သို့ ချက်ချင်းလိုက်သွား ...ပြီ...

"အရှင်ဂေါတမ...ကျွန်ုပ်အဖေ ခွေးဖြစ်တယ်ဆိုတာ ...ကို ယုံလောက်တဲ့ သက်သေအထောက်အထားပြပါ။ မပြနိုင် ...ရင် ဘုရားတန်မဲ့ မုသားပြောတယ်ဆိုပြီး မြို့သူမြို့သားအားလုံး ...ရှေ့မှာ အရှက်ခွဲရပါလိမ့်မယ်"

ဟု လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓက တောဒေယျ ပုဏ္ဏားကြီး သေစဉ်က အပ်နှံမသွားသော ဥစ္စာများ ရှိ၊ မရှိ မေးမြန်းရာ သုဘက ရှိကြောင်း ပြန်လျှောက်၏။ အသပြာတစ်သိန်းစီ တန်သော ဥစ္စာပစ္စည်းလေးမျိုးကို ယခုအချိန်ထိ ရှာမတွေ့သေးကြောင်း သိရသည်နှင့် ဗုဒ္ဓက ခွေးကြီး အသပြာလေးမျိုးကို ဖော်ပြစေရန် နည်းလမ်းကို သင်ပေးလိုက်၏။ ထိုနည်းလမ်းအတိုင်း လုပ်ကြည့်၍ ခွေးကြီးက ပစ္စည်းများကို ဖော်ပေးလျှင် ဗုဒ္ဓ စကားကို အမှန်ဟု ဝန်ခံရမည်။ ဖော်မပေးလျှင် ဗုဒ္ဓကို မုသားပြောသူဟု စေဖန်ကဲ့ရဲ့နိုင်ကြောင်း သိရသည်နှင့် သုဘသည် သူ့အတွက် အရှုံးမရှိသော ဒဿနတစ်ခုကို ရသွား၏။ ထိုဒဿနကား ခွေးကြီးက ပစ္စည်းများကို ဖော်မပေးလျှင် ဗုဒ္ဓကို လူကြားထဲ မုသားပြောသူဟု အရှက်ခွဲနိုင်သည်။ ဖော်ပေးခဲ့လျှင်လည်း အသပြာလေးသိန်းတန် ပစ္စည်းများ ပြန်ရမည်။ ထို့ကြောင့် ဘယ်ဘက်ကလာလာ မိမိအတွက် အရှုံးမရှိနိုင်ကြောင်းကို တွေးမိသဖြင့် ဗုဒ္ဓပေးသည့်နည်းအတိုင်း လုပ်ကြည့်၏။ ထိုနည်းကား...

ခွေးကြီးကို ရေမိုးချိုးပေးပြီး ရေမရောသော နို့ထမင်းကို ကျွေးရ၏။ ဝမ်းဝသောအခါတွင် နူးညံ့သော အိပ်ရာခင်းပေါ် သိပ်ပြီးလျှင် ခွေးကြီး၏ ကျောကို ပွတ်သပ်ပေးကာ -

"အဖေ...၊ အဖေ မသေခင်က သိမ်းထားခဲ့တဲ့ ဥစ္စာလေးမျိုးကို သားကို ပေးပါ"

ဟု တောင်းရ၏။

ထိုအခါ ခွေးကြီးသည် "ငါဝှက်ထားတဲ့ ဥစ္စာတွေကို တောင် သားက သိနေပါပေါ့လား"ဟု တွေးမိသွားပြီး ဥစ္စာပစ္စည်းများ မြှုပ်နှံထားသော သစ်ပင်ခြေရင်းကို လက်နှင့် ယက်ပြ၏။ တူးကြည့်သောအခါ ဥစ္စာအားလုံး ပြန်ရ၏။

ဥစ္စာများကို ပြန်ရသွားသောအခါတွင်မှ သုဘသည် အတိတ်ဖြစ်ပြီးသော ဘဝကိုပင် ပြန်သိနိုင်ပါလားဆိုကာ ဗုဒ္ဓအပေါ် ကြည်ညို လေးစားသွား၏။ ထို့ကြောင့် ဗုဒ္ဓထံ သွားကာ မည်သည့်ဘာသာဝင်မဆို အလွန်သိချင်ကြသည့် သိလည်း သိသင့်သည့် ပုစ္ဆာ (၁၄)ချက်ကို မေးမြန်းခဲ့၏။ သူ ကိုးကွယ်သော ဗြဟ္မဏဘာသာတွင် ဤပုစ္ဆာတို့၏ အဖြေများ မရှိသောကြောင့် ဗုဒ္ဓကို လာရောက်မေးမြန်းခြင်းဖြစ်၏။ ဤပုစ္ဆာအဖြေများ၏ နောက်ဆုံးတွင် သုဘသည် ဗုဒ္ဓဘာသာဝင်ဖြစ်သွားခဲ့သလို၊ မဝင်း၏ အမျိုးသားသည်လည်း ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့ရသည်။

(ရှေ့လ ဆက်လက်ဖော်ပြပါဦးမည်)

* * *

မောင်ရှင်(ရွှေမြည်သား)




www.burmeseclassic.com

www.burmeseclassic.com



# တရိပ်ရိပ်ပြောင်းလဲသွားသော ဓနုတ်စေတီတော်ရဲ့ ပုံရိပ်များ


■ ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု) ■




www.burmeseclassic.com

www.burmeseclassic.com







ပိတ်စွယ်ပင်တွေ စိမ်းစိမ်းမြမြ ထိုးထောင်ထွက်နေတဲ့ ...နေ ငွေရောင် ရွှေရောင်လက်နေတဲ့ ဓနုတ်စေတီ ...ကို လှမ်းမြင်ရပြီ။ လမ်းဘေး မြောင်းရေစပ်စပ်မှာ ...လေးတွေ ကူးခတ်နေရဲ့။ ကြာအိုင်ကြီးမှာတော့ ရေ ... နည်း၊ ကြာပန်းတွေလည်း မပွင့်ကြတော့ဘူး။

...နွေ-မိုး-ဆောင်း သုံးရာသီလုံး စဉ်ဆက်မပြတ် စေတီ ... တည်ဆောက်ရေးကို ရောက်ရှိ မြင်တွေ့ခဲ့ရတော့ ...သစ်ကြီးရဲ့ ပြောင်းလဲသွားပုံတွေကို ပန်းစကြာမှန်ပြောင်း ... ကြည့်လိုက်ရသလိုပါ။ စေတီဝတ်တိုကြီးဘဝကနေ ...အထိ အဆင့်ဆင့်ကို နေ့မြင်ကွင်း၊ ညမြင်ကွင်းအစုံ ...ပါရဲ့ မိုးပေါက်တွေကြားမှာ ဖူးခဲ့ရသလို၊ နှင်းမှုန်တွေ ...ထားတာလည်း တွေ့ခဲ့ရတယ်။ ခုတော့ မြူတွေ ...လို့ပေါ့။

## ရွှေဓနုတ်ရဲ့ ည

ပထမဆုံးအခေါက်ကိုတော့ လှိုင်သာယာကို ကားနဲ့ ...ပြီး တွံတေးတံတားကိုကျော်၊ ဒလကို ကွေ့ပတ်ပြီး ...လမ်းခရီးကနေ သွားခဲ့တယ်။ ဘုရင့်နောင်တံတားကို ...တော့ပဲ ညနေ ၄နာရီခွဲပြီ။ တွံတေး တူးမြောင်းပေါ်က ...သစ်ကို ကျော်နိုက်မှာ မမှောင်သေးပေမယ့် ဒလလမ်း ... ရောက်ပြီးတော့ နေခဲ့သွားတယ်။ အဲဒီနောက် လမ်း ...ကို ကျော်ရပြန်မယ်။ ဘာပဲဖြစ်ဖြစ် လာမိတဲ့ လမ်း ...တော့ ရောက်အောင် သွားရမှာပဲလေ။ ထပ်ပြီးကြုံရတဲ့ ...သုပင်တွေ ဝဲ-ယာတန်းစီနေတဲ့ လမ်းကတော့ အတော့် ...ဆိုပြန်တယ်။ ဒါတောင် ခု ဘုရားကြီး ပြန်တည်နေချိန်မို့ ...ပေါ် လက်ပူတိုက်ပြီး လမ်းအပေါက်တွေကို ဖာထား ...တဲ့ ကိုယ်ကတော့ မိုးမချုပ်ခင် ဓနုတ်ဘုရားခြေတော်ရင်း ရောက်ချင်တာပါပဲ။ ညတွင်းချင်း ရန်ကုန်ပြန်ရမယ့် ... ဓာတ်ပုံမရိုက်ရမှာ စိုးနေတယ်။

ဒီလိုပုံနဲ့ မိုးကြီးမချုပ်ခင်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ...မြို့နယ်၊ ရှိုင်ချောင်တိုက်နယ်၊ ဓနုတ်ကျေးရွာကို ရောက် ...ပါတော့တယ်။ သခွပ်မြစ်ဝမှာ တည်ရှိတယ် ဆိုပေမယ့် ...ယ်တို့သွားခဲ့တဲ့လမ်းက မြစ်ရဲ့ ဘက်မှာ မဟုတ်ဘူးလေ။ ...ကန်ကြီးတွေရှိတဲ့ ကုန်းဘက်က လမ်းပေါ့။ ပန်းနုရောင် ...ကြာပန်းတွေနဲ့ ကြာအိုင်ကြီးကို မြင်လိုက်ရပြီး ဘယ်

အဝင်မုခ်ဦးတိုင်မှာတော့ "သက္ကရာဇ် ၂၄၀ ခုနှစ်တွင် တည်ထားခဲ့သော ရှေးဟောင်းစေတီတော်"လို့ ဖောင်းကြွစာလုံးနဲ့ ရေးထားပါတယ်။ နဖူးစည်းမှာတော့ "သမိုင်းဝင် ဆံတော်ရှင် ဓနုတ်ဆုတောင်းပြည့်စေတီတော်"လို့ ရေးထိုးထားတယ်။ "ဆံတော်ရှင်"ဆိုတဲ့ အမည်ကို သတိပြုမိလိုက်ရဲ့။ အဝင်လမ်းက အတော်ရှည်တယ်။ အဲဒီတုန်းကတော့ လမ်းရဲ့ ဘယ်ဘက်မှာတော့ အုတ်ကျိုးအုတ်ပဲ့တွေ၊ အင်္ဂတေအပိုင်းအစတွေ အထပ်လိုက် အပုံလိုက်ပါ။ ဓနုတ်စေတီတော်ကြီး ပြိုကျခဲ့တုန်းက အပျက်အစီးတွေကို သယ်ထုတ်စုပုံထားတာပါတဲ့။ အပျက်အစီးတွေ ဘယ်လောက်များသလဲဆိုရင် အတော်ရှည်လျားတဲ့ အဝင်လမ်းတစ်လျှောက် အပြည့်ပါပဲ။

## ဘုရားဝတ်တို ရောင်တော်လွှတ်မှ ပုံတော်ဆင်ဝတ်ကြပါစို့

"ညနေစောင်း ၆နာရီလောက်ဆိုရင် ဘုရားဝတ်တိုကြီးက ရောင်ခြည်တော်လွှတ်တတ်တယ်"လို့ ပြောကြတာကို ကြားဖူးထားပေမယ့် မြင်ခွင့်များ ရမလားလို့တော့ စောင့်မကြည့်ဖြစ်ခဲ့ပါဘူး။ "ရောင်ခြည်တော်လွှတ်တယ် ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com





ဘယ်လိုလဲ"လို့ စပ်စုမိပြန်တော့ "အလင်းရောင်တွေ တဖျတ်ဖျတ်ဖြာထွက်ပြီး လင်းလက်နေတာမျိုး မဟုတ်ဘူး။ ဘုရားငုတ်တိုဘေး ကပ်လျက်မှာ အလင်းရိပ်ရိပ်လေးတွေ ကွပ်ထားသလိုမျိုး ဖြစ်လာတာ"တဲ့။ "ဘုရားငုတ်တို ရောင်တော်လွှတ်မှ ပုံတော်ဆင်ဝတ်ကြပါစို့၊ မထွေးရေ"လို့ပဲ သန်းသန်းဆင့် ဓာတ်ပြားသီချင်းကို သတိရမိရဲ့။ ခုတော့ ရောင်ခြည်တော်တွေ လွှတ်ဖို့ မျှော်နေရမယ့် ဘုရားငုတ်တိုကြီးမဟုတ်တော့ပါလား။


အဝင်လမ်းအဆုံးမှာတော့ လူတွေ လှုပ်လှုပ်ခတ်ခတ်


ချုပ်လုလုအချိန်မှာတောင် မနားနိုင်သေးဘဲ သဲပုံက သဲ
ကို ဘုရားကုန်းပေါ်ကို သယ်ပို့နေကြပါတယ်။ ဒီရွာ
လား၊ အနီးအနားရွာတွေကပဲလား၊ ဒီ့ထက်ဝေးတဲ့ အ
တွေကပဲလား။

ကုသိုလ်ရှင်တွေဟာ အရွယ်လည်းစုံပါရဲ့။ ယောက်
မိန်းမ၊ ကလေး၊ လူကြီး၊ လူငယ်၊ လူလတ် အစုံ
အတော်ငယ်တဲ့ ကလေးတွေတောင် မိဘများနဲ့အတူ
သလောက် လင်ဗန်းလေးတွေနဲ့ သယ်နေကြပါတယ်။ 
တိုလေးနဲ့ ၆နှစ်လောက် ကလေးမလေးတစ်ဦးဟာ ခေ









ရှိနေဆဲပါ။ စေတီတော်ရင်ပြင်တံတိုင်းအပြင်ဘက်၊ ခြသေ့ရုပ်ကြီးရှေ့ကွက်လပ်မှာတော့ သဲပုံကြီး ရှိနေပါတယ်။ အဲဒီ သဲပုံက သဲတွေကို ပုံး၊ လင်ဗန်း၊ သံဒယ်၊ တောင်း၊ ရေပုံး၊ ပလတ်စတစ်ပုံး၊ ဘိလပ်မြေအိတ်ခွံ စတဲ့ ရရာ ထည့်စရာတွေနဲ့ ထည့်ပြီး သယ်နေတဲ့ လုပ်အားပေးတွေကတော့ တစ်ပုံတစ်ပင် အုတ်အုတ်သဲသဲပေါ့။ ဘယ်သူ့ခိုင်းစေချက်ကြောင့်မှ မဟုတ်ဘဲ မိမိတို့စိတ်ဆန္ဒအသီးသီးနဲ့ လှုပ်ရှားနေကြသူများဖြစ်ပါတယ်။ လုပ်အားပေးတွေအားလုံးရဲ့ ဦးတည်ချက်ကတော့ ကုသိုလ်ရဖို့ပဲဖြစ်မယ် ထင်ပါရဲ့။ မိုး

ထားတဲ့ ဦးထုပ်ပေါ်မှာ ခေါင်းခုလေး တင်ပြီး ဒယ်အိုးပို
လေးနဲ့ သူနိုင်သလောက် သဲသယ်နေတယ်။ သူ့နောက်
ပါလာတဲ့ သူ့အမေကတော့ ဘိလပ်မြေအိတ်ပိုင်းနဲ့ သဲရွ
လာရင်း သမီးအတွက် ကျေနပ်စိတ်နဲ့ ပြုံးလို့ပါ။ နိဗ္ဗာန်
အတူသွားကြမယ်လို့ စိတ်ကူးရင်း ကြည်နူးနေသလား မယ
ဗုဒ္ဓဘာသာဝင်တွေရဲ့ ယဉ်ကျေးမှုအရ မိဘများဆီက ကောင
မြတ် [illegible] အမူအကျင့်တွေကို သင်ယူနေကြတာပါ။ လုပ်အ
ပေး [illegible] ဦးကြားမှ တိုးဝှေ့ရှောင်ကွင်းပြီး တံတိုင်းကို ဖြတ်က
စေတီတော်ရင်ပြင်ကို ဝင်ရောက်လိုက်တယ်ဆိုရင်ပဲ ဘုရာ



www.burmeseclassic.com

www.burmeseclassic.com







...လမ်းနဲ့ မျက်နှာချင်းဆိုင်လောက်မှာ တန်ဆောင်းကြီး ...ဆောင်ကို မီးထိန်ထိန်နဲ့ တွေ့လိုက်ရတယ်။ ဒီတန် ...ထဲမှာ ပုတီးစိပ်နေသူ၊ ဘုရားရှိခိုးနေသူတွေလည်း ...တယ်။ ဒီတန်ဆောင်းမှာ ပဋ္ဌာန်းပွဲကျင်းပမှာဖြစ်ပြီး ...လုပ်အားပေးကိုတော့ ဒီနေရာမှာ လုပ်ရမယ်လို့ ...ပေါက်လိုက်တယ်။ ဒီတစ်ညတော့ ဒီဘုရားရင်ပြင် ...ဒီတန်ဆောင်းမှာပဲ မီးစင်စင်လင်းရတော့မယ်လို့လည်း ...သိလိုက်ပါရဲ့။

ဘုရားရှိခိုးနေသူတွေရဲ့ ရှေ့ဆီမှာတော့ အလွန်သပ္ပာယ် ...ကျောက်ဖြူသား ဆင်းတုတော်ကြီးတစ်ဆူပါ။ သစ္စာပန်း ...အိုးတွေကြားက ဆင်းတုတော်ကြီးဟာ လက်ရာ ...ပြီး အချိုးကျလို့ အတော်ပဲ တင့်တယ်ပါတယ်။ ...တော်အနား အတွန့်အခေါက်တွေကတော့ သိပ်မဝေး ...တဲ့ ခေတ်က လက်ရာလို့ သက်သေပြနေလေရဲ့။ ...နေတဲ့ မျက်နှာတော်ဟာ ကြည်ညိုဖွယ်ရာပါပဲ။ ...ဆင်းတုများနဲ့ လိုက်ဖက်လှတဲ့ နှုတ်ခမ်းတော် နီနီ ...တော့ စေ့စေ့ရှိနေပါတယ်။ လက်ျာဘက် လက်တော် ... လက်ျာဘက် ဒူးတော်ပေါ်ကို ဆန့်တင်ထားပေမယ့် ...သမုဒြာ ဆင်းတုတော်များလို လက်ဖမိုးကို ရှေ့ဘက် ...ထားဘဲ လက်ဖဝါးသာ ရှေ့ဘက်လှည့်ထားတာကြောင့် ...တော်ဟာ အပြင်ဘက်ကို ဦးတည်နေပါတယ်။ ...ဘက် လက်တော်ကိုတော့ တင်ပလ္လင်ခွေထားတဲ့ ...အစုံပေါ်မှာ တစ်ထောင်ဆစ်ကွေးပြီး ပက်လက်တင် ...တယ်။

ကျောက်ဆင်းတုတော်ကြီးဘေး ဘယ်ဘက်ထောင့်မှာ ...စေတီတော်ကြီးရဲ့ ပုံသဏ္ဌာန်တူ ရွှေစေတီငယ်တစ်ဆူ ...တယ်။ ရှစ်ထောင့်ချိုး အုတ်ဖိနပ်တော်၊ ရှစ်ထောင့်ချိုး ...များနဲ့ ခေါင်းလောင်းပုံကလည်း ရှစ်ထောင့်ချိုးပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့လယ်က ဆူးလေစေတီတော်ကြီးလိုပဲ။ ဒီလိုပုံစံငယ်လေးတွေ တည်ထားတော့ မူရင်းစေတီကြီး ပျက်စီး မြေခသွားရင်တောင် ပြန်လည်ပြုပြင်တည်ဆောက်တဲ့အခါ ကိုးကားစရာ ကျန်ပါတယ်။ ရှေးလူကြီးများ အမြော်အမြင်ကြီးမားပါပေရဲ့။ သို့ပေမယ့် နောက်ထပ် တည်တဲ့ ဒကာတွေ၊ ပညာရှင်တွေက ဒီလို စံနမူနာပြ ပုံတော်တွေကို အရေးတယူ စံပြုဦးမှကိုး။ ညာဘက်ထောင့်မှာတော့ နဂါးနှစ်ကောင်ပတ်ရံထားတဲ့ ရွှေရောင် ဗုဒ္ဓခြေတော်ရာပုံတော်ကြီးပါ။ တန်ဆောင်းအထက်၊ အမိုးမျက်နှာကျက်အောက်နား ပတ်လည်မှာတော့ ပန်းချီနဲ့ ရုပ်တုစပ်ထားတဲ့ ဗုဒ္ဓဝင်ဇာတ်ကွက်များ၊ နိပါတ်တော်လာ ဇာတ်တော်များကို သရုပ်ဖော်ထားတဲ့ ရုပ်ကြွများကို တွေ့ရတယ်။ တန်ဆောင်းရဲ့ အတွင်းရှေ့ဘက်ကျကျမှာတော့ ကျောက်စာတစ်ချပ်ရေးထိုးစိုက်ထူထားလေရဲ့။ နှစ်မျက်နှာထိုး ကျောက်စာဖြစ်ပြီး စာကြောင်းရေများကို ခပ်စိပ်စိပ်ရေးထိုးထားတဲ့ အလှူမှတ်တမ်းကျောက်စာဖြစ်ပါတယ်။

## တန်ဆောင်းထဲက ကိုယ်တော် ကဗျာ

အဲဒီ ကမ္ပည်းကျောက်စာတိုင်ကို ထူးခြားစွာပဲ ကဗျည်းစာလို့ ဖော်ပြထားတယ်။ စကျင်ကျောက်သားပေါ်မှာ ထွင်းထားတာပါ။ ၁၂၈၄ ခုနှစ်က ရေးထိုးထားခဲ့တာ ဖြစ်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



တစ်မျက်နှာမှာတော့ "၁၂၈၄ ခုနှစ်၊ တခေါင်မုန်းလဆန်း ၁၄ရက်နေ့ လက္ခဏာပြ ဆုတောင်းပြည့် ကျော့်တော်ကြီး သမိုင်းကျော်စာ၊ ကိုယ်တော်ကဗျိုစာ"လို့ ခေါင်းစီးတပ်ထား ရဲ့။ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပါဠိနဲ့ မြန်မာလို ရောပြီး အမွှမ်းတင် ဖွဲ့ဆိုထားတဲ့ စာတွေကို ရေးထိုးထားပါတယ်။ ဒီတန်ဆောင်းထဲက ကျောက်ဆင်းတု ကိုယ်တော်ကြီးဟာ "လက္ခဏာပြဆင်းတုတော်"၊ "ဆုတောင်းပြည့် ဆင်းတု တော်"လို့ သိနိုင်တယ်။ ကျောက်စာထဲမှာ ဘုရားရှင်ရဲ့ လက္ခဏာတော်ကြီးများကို အသေးစိတ် ရေးထားပါတယ်။

ဆိုင်တဲ့ မှတ်တမ်းဟွေ ရေးထိုးထားတယ်။ ကျောက်စာ
ရက်စွဲကို သူ့ခေတ်သူ့အခါက စာလုံးပေါင်းတွေနဲ့ ရေးထိုး
တယ်။ "အောင်တော်မုကျောင်းကိုယ်တော်"က စာစီ
ပုံရတယ်။ "တွံတေးခရိုင်၊ နယ်အပိုင်တွင်၊ စည်ပင်သာ
သူတော်တကာ၊ ပျော်ရာအမှန်၊ နတ်ခြော်တန်နှင့်၊ သမ်
ပြည်ရွာများမြောင်၊ ဂုဏ်ရောင်ပြန့်ပွါး၊ လူထင်ရှား
ကြေငြာသတင်း၊ လူခပင်းတို့၊ မယွင်းစိတ်စော၊ အ
ဝတ၊ မနောပဟယေ၊ သဘောကျရော၊ ပြောကာမကုန်၊ မ
ဂုဏ်ကို၊ ယုံကြည်စေရာ၊ သညာမွေးပြန့်၊ ရန့်လှိုင်စွာ၊ ...



(၁) မမောက်မခွက်၊ မွတ်မွတ်ညက်သား၊ မြေထက်ဖဝါး၊ နင်းချသွားသော်၊ ပိပြားညီထိ၊ သုပ္ပတိဋ္ဌိတပါဒ လက္ခဏာတော်။

(၂) အကန့်တထောင်ဟူသော၊ စက္ကကိတပါဒ လက္ခဏာ တော်။

(၃) ဘနှောင့်တော်ဟူသော၊ ဒီဃပဏှိတ လက္ခဏာတော်။

(၄) လက်ချောင်းခြေချောင်းတော် ဟူသော ဒီဃင်္ဂုလိ လက္ခဏာတော် ဆိုတာမျိုးတွေပါ။

ကျောက်စာရဲ့ အခြားတစ်ဖက်မှာတော့ အလှူရှင်တွေနဲ့


ချောင်းရွာဌ"လို့ ရွာတည်ရာကို မှမ်းထားရဲ့။ အဲဒီချော
ချောင်းရွာမှာ ဘုရားသာသနာကို အများ ဒါယကာထ
ထက်သန်ကြည်ညိုမှု ပိုများတဲ့ "ဦးသန့်"ဆိုတာ ရှိခဲ့လိမ့်
သူ့ဇနီးက "မရွှေဘုံ"ပေါ့။ သူနဲ့ သူ့ရဲ့ မိသားစု "ချစ်ခါ
သားသမီး"တို့က "ဒါနတ်စေတီ"ရဲ့ မြေတော်ရင်
"လက္ခဏာပြ ကိုယ်တော်ကြီး"လို့လည်း ခေါ် "ကျော့
ကြီး"လို့လည်း တွင်တဲ့ ဒီဘုရားကို တည်ထား ကိုးကွ
တယ်။ အဲဒီအကြောင်းတွေနဲ့အတူ အလှူရဲ့ ကုသိုလ်
ကို အမျှဝေတဲ့ စာ၊ ကုသိုလ်အတွက် "ဘေဂရိတ်
ရွှေနန်းအိမ်နှင့် စီစီမ်းကြွယ်တေး"ရပါစေလို့ ဆုတောင်းတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com





ကိုယ်မပေက၊ တရွေလောက်ပင်၊ ချည်တမျှင်မျှ ယူငင်သိုဏ်၊ မလုယက်စေ"နိုင်တဲ့ လုံခြုံမှုရဖို့ ဆုပန်တဲ့ စာတွေ ရေးထားတာပါ။


## ပဥ္စရူပနဲ့ ပုဆစ်ဒူးတုပ်ထိုင်နေတဲ့ လှူပျံတော်ရုပ်

အဲဒီ ပင်မတန်ဆောင်းက ပြန်ထွက်လာပြီး ဘုရားရင်ပြင်ကို တစ်ပတ်ပတ်ပါတယ်။ ပထမဆုံး တွေ့ရတာကတော့ တန်ဆောင်းရှေ့ အုတ်တံတိုင်းနားက ဆေးရောင်စုံခြယ်သထားတဲ့ ခေါင်းလောင်းတော်များပါ။ အဲဒီမှာ စိတ်ဝင်စားစရာ တစ်စုံတစ်ရာကို စတင်တွေ့ရှိလိုက်တယ်။ အတောင်ပံပါတဲ့ လှူပျံတော်လေး။ ခေါင်းလောင်းကြီးတစ်ခုရဲ့ ချိတ်မှာတော့ ပဥ္စရူပရုပ်နှစ်ရုပ်ရှိပြီး အထက်ဆုံးမှာ ပုဆစ်ဒူးတုပ် ထိုင်နေတာက လှူပျံတော်ရုပ်လေးပေါ့။ လက်ထဲမှာလည်း ရေစင်အိုးတစ်လုံး ကိုင်လျက်ပါ။ ကိုလိုနီခေတ်က သက်ရာလို့ ဒက်ခနဲ ပြောနိုင်ပါရဲ့။ တစ်ခါတုန်းကတော့ ဒီလိုအရုပ်တွေတွေ့ရင် ကိုလိုနီအမွေအနှစ်တွေ ဆိုပြီး ဖြုတ်ချပစ်ခဲ့ဖူးရဲ့။ (ပြီးတော့ ရွှေတိဂုံစေတီတော်ကြီးက လှူပျံတော်ရုပ်တွေဆို ဘက်စုံပြုပြင်ရေးအပြီးမှာ ဘယ်ရောက်သွားမှန်းမသိ ပျောက်ချင်းမလှ ပျောက်သွားပေါ့)။ ကိုလိုနီတစ်ခေတ်ကို နှစ်ရာချီပြီး ဖြတ်သန်းခဲ့ရတဲ့ သမိုင်းကို ဘယ်လိုဖျောက်ဖျက်ပစ်လို့ ရပါ့မလဲလေ။

အဲဒီခေါင်းလောင်းဘေးမှာတော့ ဆေးရောင်စုံနဲ့ ခေါင်းလောင်းတော်တစ်လုံးလည်း ရှိနေပါသေးတယ်။ ခေါင်းလောင်းတိုင်မှာ ချိတ်ဆွဲထားတဲ့ ရှေးခေါင်းလောင်းတစ်လုံးကလည်း စိတ်ဝင်စားစရာ။ ခေါင်းလောင်းပေါ်က ".ခေါင်းလောင်းစာ" တွေကို အေးအေးလူလူ လေ့လာချင်မိသလို၊ ခေါင်းလောင်းချိတ်က အရုပ်တွေဟာလည်း လက်ရာမြောက်ပါ့။ ခေါင်းလောင်းထိပ်က ကွင်းမှာ ခြင်္သေ့နှစ်ကောင် ဖင်ချင်းဆိုင်ပြီး ထိုင်နေရဲ့။

ဘုရားရင်ပြင်ကို တစ်ပတ်ပတ်ရင် အရင်ဆုံးတွေ့ရတာကတော့ မနုတ်ဘိုးဘိုးကြီး နတ်ကွန်း၊ ရခိုင်ချောင်က ဘုရားအမှုကြီး ဒေါ်မြမေရဲ့ ဓာတ်ပုံနဲ့ ဒေါ်မမရဲ့ ကြေးရုပ်ကြီး။ အဲဒီနောက် ကျောက်စရစ်ပုံကြီး၊ သံချောင်းတွေ စုပုံထားတဲ့ အဆောင်တွေ၊ စေတီတော် ပြန်လည်တည်ဆောက်ဖို့ လက်နက်ကိရိယာတွေပေါ့။ နောက်အခေါက်တွေမှာ တည်ဆောက်ရေးလုပ်ရင်း ကျောက်တွေ၊ သံတွေ အတော်လျော့လျော့သွားပေါ့။

ရှေးဟောင်း တန်ဆောင်း၊ ဇရပ်ဟောင်းတွေကိုလည်း






www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်ပတ်လည်မှာ တွေ့ရတယ်။ ဘုံအဆင့်ဆင့်တွေက ညဦးမှောင်မှောင်မှာတောင် ရေးမှုမပျက် လှပနေပါရဲ့။ စေတီတော်ကြီးရဲ့ အရပ်လေးမျက်နှာတိုင်းမှာလည်း စေတီတော်ကြီးနဲ့ ကပ်လျက် တန်ဆောင်းကြီးတွေ ရှိနေတာပါ။ တန်ဆောင်းတိုင်းမှာလည်း မဟာလက်ရာကောင်းလှတဲ့ ကြေးဆင်းတုကြီးတွေ တစ်ဆူစီကို ဖူးတွေ့နိုင်ပါတယ်။ ကြေးဆင်းတုကြီးအချို့ဟာ ရှေးရိုး ဘူမိဖဿမုဒြာဟန်တွေဖြစ်ပြီး တချို့ကတော့ မင်းဝတ်တန်ဆာ စလွယ်၊ မကိုဋ်တွေနဲ့ မင်းဝတ်ဘုရားများဖြစ်ကြတယ်။ တစ်ဆူမှာတော့ "ခနောင်တို့ ဆပယ်



ချမ်းသာသစ်ကလေးနေ ဘုရားဒကာ ဦးမြတ်မင်၊ ဒေါ်သန်းငွေ သားသမီးတစ်စုတို့ ကောင်းမှု၊ ၁၂၉၁ ခုနှစ်" လို့ ပလ္လင်တော်အလယ်က ကြေးပြားပေါ်မှာ ရေးထိုးထားရဲ့။

## နာမည်ကျော် ခနတ် ခရေပင်တန်းနဲ့ တစ်ညချမ်း

အဲဒီတန်ဆောင်းရှေ့ ရင်ပြင်ပေါ်မှာတော့ လှလေးဖက်စာလောက်ရှိတဲ့ ခရေပင်ကြီးကို တွေ့လိုက်ရတယ်။ ဘယ်နှစ်၊ ဘယ်ကာလက စိုက်ထားတဲ့ အပင်ကြီးပါလိမ့်နော်။ ဒါ

တောင် နာဂစ်မုန်တိုင်းမှာ ကျိုးကျ ပျက်စီးလို့ ခရေပင်ကြီ တွေ နည်းသွားတာပါတဲ့။ ခနတ်ကို သွားမယ်ဆိုတုန်း မိတ်ဆွေတစ်ယောက်က "ဩော်…ခရေပင်အကြီးကြီးတွေ နဲ့ ဘုရားလား၊ ရောက်ဖူးတယ်" လို့ ပြောတယ်။ ခနတ် ဟိုးအရင်က ရောက်ဖူးသူတိုင်းက ဘုရားက ပြန်လာတယ် ဆိုတဲ့ ကိုယ့်ကို "ခရေပင်ကြီးတွေ ရှိသေးလားဟင်" လို့ အမှတ်တရ မေးလောက်ရအောင်ကို ထင်ရှားခဲ့တဲ့ အပင်တွေ ပါ။ ဘုရားနဲ့ ခွဲမရအောင် တွဲဖက် မြင်ယောင်နေရတဲ့ အဲဒီ ဒွန်တွဲနေတဲ့ သင်္ကေတတွေပေါ့။ ဘုရားနဲ့ ခရေပင်တွေဟာ

ခရေပင်တွေနောက်က ဘုန်းကြီးကျောင်းရှေ့မှာတော့ "အမှတ် (၂၉၅)၊ မိုးကုတ်ဝိပဿနာ၊ ခနတ်ကျောင်းတိုက်" လို့ ရေးထိုးထားတဲ့ ဆိုင်းဘုတ်လေး တွေ့ရတယ်။ ဩော်… မိုးကုတ်ဝိပဿနာကျောင်းလည်း ရှိသကိုး။ ဝဲ-ယာ လှေကားနှစ်စင်းနဲ့ သစ်သားကျောင်းကြီးပါ။ မြန်မာဆန်ဆန် လှပတဲ့ ကျောင်းအိုကြီးပေါ့။ ကျောင်းကြီးထဲက စာအံသံလေးတွေ ကြားရတော့ ဗုဒ္ဓသာသနာရဲ့ ပညာသွေးတွေဟာ ဒီအထဲမှာတော့ စီးဆင်းနေဆဲပေါ့လို့ စိတ်ချမ်းသာသွားမိပါတယ်။ အောင်တန်းလွှာ လူတန်းစားရဲ့ သားသမီးတွေ ပညာရေးတို့ တစ်ဖက်




www.burmeseclassic.com

www.burmeseclassic.com



က တာဝန်ယူပေးနေတဲ့ သံဃာတော်များကိုလည်း ရဲ့ ဒီကျောင်းကြီးရဲ့ ရှေ့တည့်တည့်ကို ဘုရားကြီး လာခဲ့တဲ့ နေ့တစ်နေ့ကိုလည်း ပြန်လည်မြင်ယောင် သေးရဲ့။ ကြောက်လန့်တကြီး အော်ဟစ်သံတွေ၊ သံတွေ၊ နာကျင်ညည်းတွားသံတွေ ကျွက်ကျွက်ညံ အော်ချိန်မရလောက်အောင် ဘဝကူးမြန်သူတွေလည်း မယ်။ ခုတော့လည်း အိပ်မက်ပမာ ပြီးဆုံးခဲ့ပြီပေါ့။ မေ့သွားကြတော့မှာလား။ ဩော်…ရန်ကုန် ဇမိုင် အရှတ်သင်္ချိုင်းတောင် "အိုးရှင်း"အဖြစ် လူစည်နေပြီပဲ

ဟိုတုန်းကလည်း တစ်ခါမှ မရောက်ဘူးခဲ့လေတော့ မူလက ဘယ်ပုံဘယ်ပန်းရှိမှန်း မသိပါဘူး။ ဩော်…ဆူးလေစေတီ တော်နဲ့ အတော်တူသားပဲကိုး။ ဒါပေမယ့် နောက်ဆုံး ပြိုကျ ပျက်စီးပြီးတဲ့နောက် ခုလို ပြန်လည်တည်ဆောက်တဲ့ခါ မူရင်း ပုံတော်အတိုင်းလား။ ဉာဏ်တော်ကရော မူလအတိုင်းအတာ အတိုင်းလားဆိုတာတော့ တွေ့တဲ့သူ ဘယ်သူ့ကို မေးမေး အတိအကျ ဘယ်သူမှ မဖြေနိုင်ကြ။ "ဉာဏ်တော် ပိုမြင့် တယ်ထင်တယ်"လို့ မရေမရာပြောသူတွေပဲ တွေ့ရတယ်။ အင်း… မြန်မာများ အမှတ်သညာနည်းလှတယ်လို့ ဝေဖန်ကြ



ကြဲတောသုသာန်လည်း "ဂျွန်းရှင်းစကွဲယား"ဖြစ်နေမှ တာ လွန်အံ့မထင်ပါ။

## မနုတ်ဘုရားပျက်မှ ဗွာပနာတော်များ

ဇရပ်တစ်ဆောင်တွေ့ရပြီး အသာဝင်သွားပြီး ကြည့်တဲ့ ကိုယ်မြင်ချင်တဲ့ ပုံကြီးတစ်ပုံကို အရင်ဆုံးမြင်ရတယ်။ တော်ရှင် မနုတ် ဆုတောင်းပြည့်စေတီတော် မူလပုံ ပါတဲ့။ ဒီမနုတ်ဘုရားကို ရောက်သာ လာရတယ်၊


နောက်ထပ် ပုံကြီးတစ်ပုံကတော့ စေတီတော်ကြီးပုံ ကို ကန့်လန့်ဖြတ်ပိုင်းပုံအဖြစ် ဖော်ပြတဲ့ ဆွဲပုံပါ။ အဲဒီမှာ အတိုင်းအတာအတိအကျကိုလည်း ပူးတွဲပြီး မြားပြ ရေးထိုး ထားလို့ ကိုယ်တို့လို သုတေသန လေ့လာသူတွေအဖို့ အတော်အကျိုးရှိခဲ့တယ်။ အဲဒီဖြတ်ပိုင်းပုံမှာမှ စေတီတော်ရဲ့ ခေါင်းလောင်းပုံ အပေါ်နားမှာ စက်ဝိုင်းခြမ်းကွေးလေးတွေ ကိုသာ ရိုးရိုးရှင်းရှင်း ပုံဖော်ထားကြောင်း သတိပြုမိတယ်။



www.burmeseclassic.com

www.burmeseclassic.com





ဘီလူးပန်းခွဲတွေ၊ ကနုတ်ပန်းခက်တွေ မပါဘူးလေ။ အဲဒီဇရပ်ရဲ့ ခြေရင်းမှာတော့ ထီးတော်က ကြေးပြားအပိုင်းအစ၊ အကျိုးအပဲ့ပုံကြီး ရှိနေရဲ့။ သူနဲ့ တစ်ဆက်တည်းမှာတော့ ပြိုကျပျက်စီးသွားတဲ့ စေတီတော်ကြီး ဌာပနာတိုက်ထဲက ထွက်လာတယ်ဆိုတဲ့ ကြေးထည် ဌာပနာပစ္စည်းတွေကို လိုက်ကောက် စုဆောင်းကာ ခုံတန်းလျားအဆင့်ဆင့်တွေပေါ်မှာ တင်ထားတယ်။ များသောအားဖြင့် ကြေးထည်တွေပေါ့။ ကြေးကျောင်းဆောင်လေးတွေ၊ ကြေးဆင်းတုတော်လေးတွေ၊ ကြေးသိကြားမင်းပုံလေးတွေ၊ ကြေးရဟန္တာပုံ စတာလေးတွေပါ။ ဆင်းတုလေးတွေဟာ ဘူမိဖဿမုဒြာပုံ အများဆုံးပေမယ့် အခြားမုဒြာပုံတွေလည်း အနည်းငယ် တွေ့ရတယ်။ အချို့တွေကတော့ မိတ်ရပ်တော်များပါ။ နဂါးရုံဘုရားလေးတွေ၊ မင်းဝတ်တန်ဆာနဲ့ ဘုရားလေးတွေလည်း ရှိရဲ့။ အဘယလာဘမုနိပုံတွေ၊ ဘေသဇ္ဇဂုရုပုံတွေနဲ့ ဆင်ခံ-မြင်းရံ ဆိုတဲ့ အခုခေတ် အဆန်းထွင်တဲ့ ဆင်းတုတော်လေးတွေ၊ သပိတ်ပိုက်ထားတဲ့ ရဟန်းပုံတော်တွေ၊ ညောင်ပင်ပုံတွေ သီဟိုဠ်ပုံစေတီငယ်တွေပါ။ ပစ္စယာသုံးဆင့်ပေါ်မှာ စက်ဝိုင်းခြမ်းပုံကိုယ်ထည်တင်ပြီး သူ့အထက်မှာတော့ လေးထောင့်စပ်စပ်မာတ်တော်တိုက် ရှိပါတယ်။ အပေါ်ဆုံးမှာတော့ ဖောင်းရစ်ကန်တော့ပုံနဲ့ အတွတ်မှာ ထီးတော်ဆင့်ထားတာပါ။ ဗိုလ်ချ

မျိုးကြီး သန်းရွှေ-ဒေါ်ကြိုင်ကြိုင်လို့ စာတန်းထိုးထားတ

ကြေးသပိတ်လေးတွေနဲ့ ထူးဆန်းတဲ့ ရုပ်တုလေးတွေလည

တွေ့ခဲ့ရတယ်။ ပုဆစ်တုတ်ထိုင်ပြီး လက်ထဲမှာ သီးနှံလျှ

တွေပါတဲ့ ရုပ်တုလေးတွေပါ။ ထုတ်သီးတပ် ရင်ဖုံးအက

ခါးရှည်ဝတ်ပြီး၊ နားတောင်း ပန်ဆင်ကာ၊ ခေါင်းမှာတေ

ရောင်ပေစူး ထုံးပြီး ယုန်နားရွက်အစထောင်ထားတဲ့ ပ

ပေါင်းနဲ့မို့ အရုပ်ရဲ့ လိင်ကိုတောင် ခွဲခြားမကြည့်တတ်တေ

ဘူး။ ဒီအစီအမံအရုပ်တွေကတော့ နောက်ဆုံး ထည့်သွင

လိုက်တဲ့ ဌာပနာတွေ ဖြစ်လိမ့်မယ်။

ရေးခေါင်းလောင်းလေးတွေလည်း အများကြီးတွေ့ရ

ယူပြီး လှုပ်ကြည့်တဲ့ခါ အသံသာလွန်းတာ ကြားလိုက်ရ

တယ်။ လသာတဲ့ ညတစ်ညမှာ အဲဒီဆည်းလည်းသံလေးတေ

နားထောင်ပြီး ခရေပန်းနံ့သင်းတဲ့ ဒီဘုရားရင်ပြင်မှာ နေကြ

ချင်လိုက်တာလို့တောင် ဆန္ဒဖြစ်မိရဲ့။

ရင်ပြင်တစ်နေရာမှာတော့ တစ်ခါက ပြုတ်ကျဖူးတ

ငှက်ပျောဖူးတော်ကြီးကို ဒီအတိုင်း ခပ်စောင်းစောင်းကျ

အတိုင်း ထားနေသေးတာ တွေ့ခဲ့ရတယ်။ ဘေးပတ်ပတ်ည


တော့ သံတိုင်လေးတွေနဲ့ ဝန်းပတ် ကာရံထားတယ်။ ဘုရ

စာ(၁၄၇)သို့



www.burmeseclassic.com

www.burmeseclassic.com



စိန်တော်ရောင်စေတီတော်အတွင်းရှိရုပ်ပွားတော်
တောင်တွင်းကြီးမြို့။

www.burmeseclassic.com


www.burmeseclassic.com



တောင်တွင်းကြီးမြို့ ကျက်သရေဆောင်

# ရွှေအင်းတောင်စေတီတော်

● ဇာဂရ (သရက်တော) ●



www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

ဥဘယဓကာရဂါထာ

ဧ တွာ မာရံ သဝါသနံ


ယျ သော ဒယာယ ဟိန္ဒြဂူ

မ ဂ် လံ ဖြဝိ သံသယံ

ဂ် မေသိ အမတံ သိဝံ

လာ ဘဝန္တံ နမေ ဇိနံ။

သောဘဂဝါ - အကြင်မြတ်စွာဘုရားသည်၊ သဝါသနံ- နှင့် တကွသော၊ မာရံ - ဆယ်ပါးမာန်စစ် ရန်အညစ် ဇေတွာ - အောင်တော်မူပြီး၍၊ လောကေ - လောက ၌ ဘုံသုံးပြင်၌၊ ယသော - ချီးမွမ်းကျော်စောခြင်းသည်၊ တော - ပျံ့နှံ့တတ်၏။ သောဘဂဝါ - ထိုမြတ်စွာဘုရား ဘိန္ဒြဂူ - လူနတ်ဗြဟ္မာ သတ္တဝါတို့ကို၊ ဒယာယ - တော်မူသဖြင့်၊ သံသယံ - ဆယ်နှစ်တိုင်တိုင် ငြင်းခုန် ရှိနေသော၊ မင်္ဂလံ - သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရား ကို၊ ဖြဝိ - ဟောကြားတော်မူပြီး၊ အမတံ - သေခြင်း သော၊ သိဝံစ - အေးချမ်းသော နိဗ္ဗာန်သို့လည်း၊ ဂမေသိ- စေတတော်မူပြီး၊ လာဘဝန္တံ - ပစ္စည်းလေးပါး လာဘ် ၌ နှစ်သက် သာယာခြင်း မရှိ၊ စွန့်လွှတ်ထွေးအန်တော်





မူသော၊ တံဇိနံ - ထိုမြတ်စွာဘုရားကို၊ အဟံ - တပည့်တော် သည်၊ နမေ နမာမိ - ရှိခိုးပါ၏။


**စေတီတော်၏ နောက်ခံ သမိုင်းအကျဉ်း**


တောင်တွင်းကြီးမြို့ခေါ်မည့် ပုဏ္ဏဝတီမြို့တည် သာဂရ မင်းကြီးနောက် မင်း ၅ဆက်မြောက် မင်းဖြစ်သော ပိတ် ရောင်မင်းသည် မဟာသက္ကရာဇ် ယုဂနှစ် ၈၅၀ဖြင့် နန်းတက် တော်မူသည်။ နန်းစံနှစ် ၄၀ဖြစ်သည့် ၈၅၄ဖြင့် သိကြားမင်း က မင်းဆက်ပြတ်နေသော သက်သာနဂိုပြည်ရှိ ကဿပ မြတ်စွာဘုရားရှင်၏ ခုဏ္ဏာလုံမွေရှင်ဓာတ်ကို ပုဏ္ဏားအိုတစ်ဦး အသွင်ဆောင်၍ ပင့်လာပြီး ပိတ်ရောင်မင်းကြီးသို့ ပို့ဆက် လေရာ ဝမ်းမြောက်ဝမ်းသာစွာဖြင့် လူနတ်ဗြဟ္မာအများ ကိုးကွယ်နိုင်စိမ့်သောငှာ နန်းတော်၏ မြောက်ဘက်ရှိ ကြာ အင်းကြီးအလယ်ကုန်းမြေ၌ အလျား အနံ ၂၅တာစီ၊ စတုရန်း အားဖြင့် ၆၂၅တာ ထားရှိကာ စေတီတည်၍ ခုဏ္ဏာလုံမွေရှင် မြတ်ကို ဌာပနာပြုတော်မူရန် စီမံတော်မူခဲ့ပါသည်။ စေတီ တည်ဆဲကာလ ပစ္စယံသုံးဆင့်အရောက် ပိတ်ရောင်မင်းကြီး နန်းစံသက် ၄၀ တွင် ကျောက်ရောဂါဖြင့် ကံတော်ကုန်သည်။ ထို့နောက် သားတော် သံတောင်မင်း နန်းတက်သော် ခမည်း




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





...ထက်ထက်က မပြီးပြတ်ခဲ့သော စေတီတော်ကို ...င်အမြင့် ၃၀ခန့် တည်ပြီး ဓာတ္တုလုံမွေရှင်တော်ကို ...ခဲ့သည်။ ထိုအပြင် ၁၅တောင်ရှိသော ကျောက်စာတိုင် ...ည်း စိုက်တော်မူခဲ့သည်။

သံတောင်မင်းကြီးနောက် မင်းသုံးဆက်မြောက်ဖြစ် ... သာဂရမင်းမှ ၉ဆက်မြောက်ဖြစ်သော မဟာသက္ကရာဇ် ... ၈၄၄တွင် တောင်တွင်းကြီး၏ မင်းဆက်ပြတ်လေ ...

ထိုကာလသည် မဇ္ဈိမဒေသ၌ အဥ္စနမင်းကြီးသည် ...သဝတ် နေပြည်တော်တွင် စိုးစံတော်မူခိုက်ဖြစ်သည်။ ...နှစ် ၈၄၇ အရောက်၊ မာယာစန္ဒြကိန်းအရ အကြွင်း ...ထား၍ သက္ကရာဇ်နှစ် ၈၄၅ကို ဖြိုသည်။ ထို ၂နှစ်မှစ၍ ...သက္ကရာဇ်ဝေါဟာ ခေါ်သည်။ မဟာသက္ကရာဇ် ၆၈ခုနှစ် ... မြတ်စွာဘုရားလောင်းလျာ သိဒ္ဓတ္ထမင်းသားကို ဖွားမြင် ...မူသည်။ ၁၀၃ခု၊ မဟာသက္ကရာဇ် ဘုရားဖြစ်တော်မူ၍ ...သက္ကရာဇ် ၁၄၈တွင် ပရိနိဗ္ဗာန်ပြုတော်မူသည်။ (ထိုမှ ...ကာ သုံးလအကြာတွင် အဇာတသတ်မင်းသည် ၁၄၈ ...ရာဇ်ကို အကြွင်းမထား ဖြို၍ သက္ကရာဇ်နှစ် (၁)က ...တွက်သည်။ ထိုနှစ်များကို သာသနာသက္ကရာဇ်ဟု ခေါ် ...သို့ ကောဇာသက္ကရာဇ်ဟုလည်း ခေါ်သည်။ ထိုမှ ရေ ...လာရာ ၆၂၄အရောက် သမုန္ဒရီမင်းလက်ထက်တွင် အကြွင်း(၂)ထား၍ ၆၂၂ကို ဖြိုသည်။ ထိုမှဆက်ကာ ပုဂံ ပုပ္ပားစောရဟန်း၏ လက်ထက် သက္ကရာဇ် ၅၆၂တွင် အကြွင်း (၂)ထား၍ ၅၆၀နှစ်ကို ဖြိုသည်။)

ထိုမှဆက်ကာ သက္ကရာဇ် ၁၉၁၊ သာသနာသက္ကရာဇ် ၁၃၇၃၌ မဇ္ဈိမဒေသမှ မင်းညီနောင်လေးပါးတို့ ပုဏ္ဏဝတီမြို့ တော်ဟောင်းနေရာသို့ ရောက်လာကြပြန်သည်။ ထိုမင်းညီနောင် လေးပါးတို့သည် ကလိင်္ဂတိုင်း၏ဘုရင် ကလိင်္ဂမင်း၏ သားတော်များဖြစ်သည်။ ၎င်းတို့၏ နာမည်များမှာ မင်းပြောင်၊ မင်းရောင်၊ မင်းနောင်၊ မင်းနဂါးဟူ၏။ ထိုမင်းလေးပါးအနက်မှ ရှေ့ပြေးဖြစ်သော မင်းနောင်၊ မင်းနဂါးတို့သည် တစ်ခုသော နေရာအရောက် တောမြက်သစ်ပင် ချုံနွယ်ဖိတ်ဖုံးနေသော အင်းကြီးအလယ် တောင်ကုန်းပေါ်ရှိ စေတီဟောင်းတစ်ဆူနှင့် ကျောက်စာတိုင်တစ်ခုကို တွေ့သဖြင့် ထိုကျောက်စာတိုင်ကို လေ့လာရာတွင် "ကဿြသြပဥက္ကာဓာတု"ကိုသာ တွေ့မြင်ရ၍ မင်းတို့နှင့်အတူပါလာသော ဝိဒူရကျော်ခေါင်အမတ်ကြီးက "ကပ၊ ဒဿ၊ ဩပ ဥဏ္ဏာဓာတု"ဟု ဖွင့်ဆို၍ အနက်အဓိပ္ပာယ်မှာ ကဿပ ဥဏ္ဏာဓာတု - ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်၏ ဥဏ္ဏာလုံမွေရှင်တော်ဓာတ်ဖြစ်ရာ စေတီဟောင်းတွင် ဥဏ္ဏာလုံမွေရှင်တော်ဓာတ်ကို ဌာပနာထားတော်မူခြင်းဖြစ်ကြောင်း လျှောက်တင်လေသည်။


သို့ဖြစ်၍ မင်းနောင်၊ မင်းနဂါးတို့သည် ချက်ချင်းပင်



www.burmeseclassic.com

www.burmeseclassic.com





ထိုစေတီနေရာ၌ စခန်းချလျက် နံနက်သို့ အရောက်တွင် ရာဇမတ်ကာ၊ သဲဖြူခင်းပြီး ဆွမ်း၊ ရေချမ်း ပန်းမန်တို့ဖြင့် ပူဇော်ကန်တော့ကြသည်။ (ထိုစေတီဟောင်းသည် ခမည်းတော် ပိတ်ရောင်မင်းကြီးနှင့် သားတော် သံတောင်မင်းတို့ တည်ထားခဲ့သောစေတီဖြစ်ပြီး နောင်အခါတွင် ရွှေအင်းတောင် ဘွဲ့နာမတော်ရ စေတီမြတ်ဖြစ်လာပါမည်။)

မင်းနောင်၊ မင်းနဂါးတို့သည် စေတီဖြစ်မြောက်ရန် အုတ်နှင့် သရွတ်မြေတို့ ရရှိရေး တွေးတောပူပန်နေခိုက် လူအိုတစ်ဦးရောက်လာပြီး အုတ်များ အဆင်သင့်ရှိသော နေရာကို ညွှန်ပြသကဲ့သို့ သရွတ်မြေလုပ်နိုင်ရန် မြေစေးများကိုလည်း ထွားကြိုင်းသော လူကြီးလေးဦးတို့ ရောက်လာပြီး သယ်ယူပေးလေရာ စေတီပြီးမြောက်သောအခါ၌ ထိုပုဂ္ဂိုလ်တို့သည် သာမန်လူသားများမဟုတ်တန်ရာဟု ယူဆတော်မူ၍ စေတီ၏ သပိတ်မှောက်အထက် ရစ်မြောင့်တိုက်၏ အရှေ့ဘက်တွင် ဓတရဋ္ဌနတ်မင်း၊ တောင်ဘက်တွင် ဝိရူဠှနတ်မင်း၊ အနောက်ဘက်တွင် ဝိရူပက္ခနတ်မင်း၊ မြောက်ဘက်တွင် ကုဝေရနတ်မင်းတို့က ဌာပနာတိုက်ကို စောင့်ရှောက်ဟန် ထုလုပ်ထားလေသည်။ တစ်ဆက်တည်းအဖြစ် မြို့တော်ကိုလည်း တည်ထောင်တော်မူရာ နေပြည်တော်အမည် "ရတနာတင်းတိမ်"ဟူ၍ လည်းကောင်း၊ မြို့တော်အမည် "တောင်တွင်းကြီး"ဟု လည်းကောင်း သမုတ်တော်မူလေသည်။ (မြို့တည်ပုံကို စာမရှည်စေလို၍ အကျယ်မပြတော့ပြီ။)

ဧယျမင်္ဂလာ ရွှေအင်းတောင်စေတီဟု ဘွဲ့တော်အပ်

ညီတော် မင်းနှစ်ပါးဖြစ်သည့် မင်းနောင်နှင့် မင်းန… တို့ စေတီတည်ထား၊ မြို့တည်ပြီးလေသော် နောက်… နောင်တော် မင်းနှစ်ပါးဖြစ်သည့် မင်းပြောင်နှင့် မင်းရောင်… ရောက်ရှိလာကြပြီး ပညာရှိ အမတ်ကြီးများဖြစ်ကြသော မ… ပဏ္ဍိစ္စနှင့် မဟာဝိဒူရကျော်ခေါင်တို့၏ ပညာကို ရေးသွ… သည့် တွက်ချက်၊ တင်လျှောက်ချက်နှင့် မင်းကြီး မင်းပြေ… ၏ ဆုံးဖြတ်ချက်တို့နှင့်အညီ စေတီတော်မြတ်၏ ဘွဲ့တော်… "ဧယျမင်္ဂလာ ရွှေအင်းတောင်"ဟု သမုတ်၍ ဘွဲ့နာမ ဆ… ကပ်တော်မူလေသည်။ (စေတီ၏ ဘွဲ့မည်တွက်ချက် တ… လျှောက်ပုံကို စာရှည်မည်စိုး၍ အကျယ်မပြတော့ပါ။)

ရွှေအင်းတောင်စေတီသမိုင်းအဆုံး စာနိဂုံး

တောင်တွင်းကြီးမြို့၏ ကျက်သရေဆောင် ရွှေအင်းတော… စေတီတော်မြတ်ကြီးသည် ဗုဒ္ဓဂေါတမဘုရားရှင် ပွင့်တော်… မီ နှစ်ပေါင်း ၃၀၀ခန့်က စ၍ မဇ္ဈိမဒေသ၊ သင်္ကဿန… ပြည်မှ လာကြသော သာဂရနှင့် သာကေတ မင်းညီနောင်… တောင်တွင်းကြီးမြို့ကို တည်ထောင်ပြီးနောက် သာဂရမင်း… လေးဆက်မြောက်ဖြစ်သော ပိတ်ရောင်မင်းကြီး စတင်တည်… ထားခဲ့ရာမှ ယခုမျက်မှောက်ကာလအထိ နှစ်ပေါင်းသုံးထော… ဝန်းကျင်ကာလ ရှည်လျား သမိုင်းဝင်ရုံမျှမက၊ ထိုသို့သော… အကြောင်းကြောင့်လည်း နိုင်ငံတော်အစိုးရမှ စေတီတော… မြတ်ကြီးကို ဂေဇက်စာရင်း၌ အထင်ကရ မှတ်တမ်းပြုထာ… ခြင်းရှိပေရာ အခါအားလျော်စွာ အလေးထားပြီး အရောက်… သွား ဖူးမြော် ကုသိုလ်ယူသင့်ပါသည်။ စေတီတော်မြတ်… ကျင်းပရက်နှင့် တိုက်ဆိုင်ပြီး သွားလိုပါလျှင်လည်း ပွဲတော်… ရက်မှာ နှစ်စဉ် တပေါင်းလပြည့်နေ့မှစ၍ တစ်လတိုင်တိုင်… စည်ကားသိုက်မြိုက်စွာ ကျင်းပပါကြောင်း နှိုးဆော်ပြလိုက်… ရပါသည်။

* * *

ဓာဂရ (သရက်ခေ…

စာကိုးများ

- တောင်တွင်းကြီးမြို့ ဧယျမင်္ဂလာ ရွှေအင်းတောင်စေတီတော… သမိုင်း။
- တောင်တွင်းကြီးသမိုင်း။
- တောင်တွင်းကြီးရာဇဝင်သစ်။
- ကိုယ်တိုင်ရောက်ဖူးအတွေ့အကြုံ။

www.burmeseclassic.com

www.burmeseclassic.com



# ငွေ ရှင် ရွှေဝင်စေသည့် အဓိဋ္ဌာန်ကျင့်စဉ်

■ နတ်မောက်မှတ်ကျောက် ■



ယခုတင်ပြ လက်ဆင့်ကမ်းလိုသော ကျင့်စဉ်သည် ...သို့ ရှေးဘိုးဘွားမိဘ ဆရာကြီး၊ သမားကြီး၊ ပုတီးသမား ...တို့ ထားရစ်ခဲ့သော ပညာအမွေအစစ်ဖြစ်ပါသည်။ ပညာ ... သေချာ ယူမသွားဘဲ ပေထက် အက္ခရာတင် မှတ်တမ်း ...သည်။ ဆရာသမား ပညာရှင် သုတေသီတို့ကို အထူးပင် ...ဇူးတင် ဦးခိုက်မိပါသည်။

ဤကျင့်စဉ်ကို အချို့က ဝါတွင်းသုံးလကျင့်စဉ်ဟု ...ည်းကောင်း၊ ရက်ပေါင်း ၉၀ အဓိဋ္ဌာန်ဝင်မယ့် ကျင့်စဉ်ဟု ...ည်းကောင်း၊ အမည်ပညတ်အမျိုးမျိုးဖြင့် ကျင့်ကြံအားထုတ် ...ကြပါသည်။ ဘုရားတည်၊ ကျောင်းဆောက် သာသနာပြုလို ...များမှာ ဤကျင့်စဉ်ကို ၉ကြိမ် ၉လီအထိ မဆုတ်မနစ်သော ဇွဲလုံ့လနှင့် ကျင့်ကြံအားထုတ်ခဲ့ကြသည်ဟု သိရပါသည်။

ယခုကျင့်စဉ် အဓိဋ္ဌာန်ကို ဦးစွာပထမ စတင်ကျင့်ကြံအားထုတ်မည့်သူများသည် မိမိနေအိမ်ဘုရားစင်ရှေ့ ဘုရားခန်းတွင်သာ ဖြစ်သင့်ပါသည်။ အချိန်မှန်ဖို့၊ နေရာမှန်ဖို့၊ စိတ်ပျံ့မလွင့်ဖို့ အထူးလိုအပ်သောကြောင့် ဖြစ်ပါသည်။ မိမိနေအိမ်ဘုရားခန်းတွင် ကျင့်ကြံအားထုတ်၍ ပထမအကြိမ် အောင်မြင်ပြီးမြောက်ပြီဆိုမှ မိမိဒေသရှိ အထင်ကရ တန်ခိုးကြီးဘုရားရင်ပြင်တွင် သွားရောက်ကျင့်ကြံ အားထုတ်သင့်ကြောင်း ကိုယ်တွေ့ သိရှိမှုအရ အကြံပြုအပ်ပါသည်။ စာရှုသူသည် ဤဆောင်းပါးကို ဖတ်ရှုနေပြီဆိုကတည်းက ဤကျင့်စဉ်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားသူ၊ ကျင့်ကြံအားထုတ်ရန် ရည်မှန်းချက်ရှိသူ၊ သာသနာပြုလိုသူဟု ယုံကြည်ယူဆမိသဖြင့် အကြံပြု တင်ပြရခြင်းဖြစ်ပါသည်။

ကြီးမားမြင့်မြတ်သော ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ ပန်းတိုင်ဟူသည် သာမန်လွယ်လွယ်ဖြင့် ရမည်မဟုတ်ပါ။ အလုပ်က များ၊ အချိန်က မအား၊ ငွေက ရှား၊ သားသမီးက များ၊ လူမှုရေးက ထွေပြား စသည်ဖြင့် ကြေးတန်းထိုး၍ တွက်နေပြီး စွန့်လွှတ် စွန့်စားမှု မပြုနိုင်လျှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထီးနန်းစွန့်၍ ကျင့်ကြံအားထုတ်ခဲ့သော ဘုရားပင် ပွင့်လာမည်မဟုတ်တော့ပါ။ စွန့်ခြင်းကြီး စွန့်မှသာလျှင် စားရပါမည်။ မစွန့်ဘဲနှင့် အချောင်စားနေလျှင် ဘဝ အောက်တန်းနောက်တန်းသို့ ကျသွားမည်သာ ဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်တို့ စားနေရသည်မှာ ထိုက်တန်သော စွန့်ခြင်းဖြင့် စားနေရခြင်း ဟုတ်ပါ့မလားဟုပင်၊ တစ်ခါတစ်ရံ သံသယ ဝင်မိပြီး မိမိကိုယ်တိုင်မိမိ စိတ်မသိုးမသန့်နှင့် လိပ်ပြာမသန့် သလို ဖြစ်မိသည်မှာ အမှန်ပင် ဖြစ်ပါသည်။ မြတ်စွာဘုရားကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ မစားဘဲ စွန့်သွားသည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကြောင့်သာ ကျွန်ုပ်တို့မှာ ထိုက်တန်သော စွန့်မှုမရှိဘဲ၊ မစွန့်ဘဲနှင့် စားနေရသည်ဟုပင် ယူဆမိရပါသည်။ ထားပါတော့။ ကျင့်စဉ်အသေးစိတ်ကို တင်ပြပါတော့မည်။

၁။ ဦးစွာပထမ အချိန်နှင့် နေရာသတ်မှတ်ပါ။ (ကျွန်ုပ် အကြံပြုရလျှင် အချိန်ကို ည ၉နာရီဟု လည်းကောင်း၊ နေရာကို မိမိနေအိမ် ဘုရားစင်ရှေ့ ဘုရားခန်းတွင် ဖြစ်သင့်ပါသည်။)

၂။ အချိန်နှင့် နေရာ သတ်သတ်မှတ်မှတ်ပြုပြီးပြီဆိုလျှင် ဘုရားကို အလင်းတိုင်သုံးတိုင်၊ ရေချမ်းတစ်ခွက်၊ အမွှေးတိုင်တစ်တိုင် ပူဇော်ထွန်းညှိပြီး ရှိခိုး ဝတ်ပြုပါ။

(ဤနေရာတွင် အချို့သူများမှာ နေအိမ်ဘုရားစင်တွင် ရောင်စုံလျှပ်စစ်မီးများ၊ သို့မဟုတ် ဖိုလ်ဝင် မီးသီးအစိမ်း၊ အနီ၊ အဝါ တစ်လုံးလုံး ပူဇော်ထားသဖြင့် အလင်းတိုင် ပူဇော်ခြင်း မပြုတတ်ကြပါ။ ထိုသို့ မဖြစ်သင့်ပါ။ အလေး အမြတ် ဂရုစိုက်ပြုသည့်သဘောသက်ဝင်အောင် အလင်းတိုင် သုံးတိုင်ကို မပျက်မကွက် ထွန်းညှိ ပူဇော်ပေးပါ။ တစ်ဖန် အမွှေးတိုင်ပူဇော်ရာတွင်လည်း အချို့သူများမှာ တစ်ထုပ်လုံး ထွန်းညှိပူဇော်တတ်ကြသည်ကို တွေ့မြင်ရပါသည်။ ထိုသို့ မဖြစ်သင့်ပါ။ သင်၏ရှေ့တွင် အမွှေးတိုင်သုံးတိုင်မျှ ထွန်းညှိ ထားသည်ဆိုလျှင်ပင် ထိုအမွှေးတိုင်အငွေ့ကို သင်ရှူနိုင်ပါ မည်လော။ အလွန်ဖင် မွန်ထူပြီး အသက်ရှူပင် ကျပ်လာ မည်။ အမွှေးတိုင်တစ်တိုင်သာ ပူဇော်သင့်ပါသည်။ အမွှေး တိုင်ပူဇော်ခြင်း ရည်ရွယ်ချက်မှာ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များ လာရောက်ကြည့်ရှု စောင့်မနိုင်ရန်သာ ဖြစ် သည်။ နတ်တို့သည် လူတို့၏ ကိုယ်နံ့ကို မခံနိုင်ပါ။ သို့ အတွက် အမွှေးနံ့သာပေး၊ အမွှေးတိုင် ပူဇော်ပြီး သင်နှင့်အတူ ကုသိုလ်ရ၊ သာသနာပြုနိုင်ရန် ဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် ဆရာကြီးလုပ်၍ အကြံပြုခြင်း မဟုတ်ပါ။ သဘာဝယုတ္တိ အာဂမယုတ္တိသဘောရေးအရ အကြံပြု ဆွေးနွေးတင်ပြခြင်း သာ ဖြစ်ပါသည်။ လွတ်လပ်စွာ သဘောထား ကွဲလွဲခွင့် ပါသည်။)

၃။ အထက်ပါ ပြုဖွယ်များ ပြုပြီးပြီဆိုလျှင် အောက်ပါ သမားရိုးကျ ပုတီးစိပ်ပွားပါ။ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုး ကို (၁၀၈)လုံး ပုတီးကုံးဖြင့် အနည်းဆုံး သုံးပတ်။ ထိုင်နိုင် သည်းခံနိုင်လျှင် ကိုးပတ်စိပ်ပွားရပါမည်။ ဂုဏ်တော်ကိုး လုံး တစ်ပုဒ်ဆုံးမှ ပုတီးတစ်လုံးချ စိပ်ပွားရပါမည်။ ပုတီး သုံးပတ်ဆိုလျှင် တစ်နာရီနီးပါးကြာပါသည်။ အမှတ်စိတ် မလွတ်ဘဲ မြန်ဆန်သော ဝါရင့် ပုတီးသမားများအဖို့ ပုတီး ကိုးပတ်ကို တစ်နာရီသာ ကြာပါသည်။ မိမိ၏ ကျန်းမာရေး နှင့် အခြေအနေပေးမှုအရ သုံးပတ်၊ ကိုးပတ် သင့်သလို စိပ်ပွားနိုင်ပါသည်။

၄။ ပုတီးစိပ်ပွားပြီးပြီဆိုလျှင် အောက်ပါ ဂါထာမန္တန် ၃၆ခေါက် (သို့မဟုတ်) မိမိအသက်ထက် တစ်ခေါက်ပို၍ ရွတ်ဆိုပါ။

"ဥုံ-ဘိတိရိယံ၊ အန္တုံ၊ သုဝဏ္ဏုံ၊ ရာဇသံ၊ ဝေါ၊ ဟော်

၅။ ထို့နောက် မိမိပြုခဲ့သမျှ ကုသိုလ်အဖို့ဘာဂကို သတ္တဝါ ဝေနေယျအား အမျှဝေပြီး မေတ္တာပို့ပါ။ မိမိရည်ရွယ် မှန်းထား ချက်များ ဆုပန်ပါ။

ဤကျင့်စဉ်ကို ရက်ပေါင်း ၉၀ တစ်ကြိမ်မျှ ကျင့်ကြံ အောင်မြင်လျှင်ပင် သင်၏ဘဝ သာယာလှပ အေးချမ်းလာ ပါမည်။ ရွှေငွေစီးပွားဥစ္စာတို့ ဝင်လာမစဲ တသဲသဲဖြစ်လာပြီး ဘုရားတည်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ရေတွင်း ရေကန် ရေချမ်းစင် စသည့် သာသနိက အဆောက်အအုံများ လှူဒါန်း သာသနာပြုနိုင်လာပြီး နိဗ္ဗာန်ရွှေပြည်နန်းကို အရောက်လှမ်း နိုင်သည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ဖြစ်လာပါလိမ့်မည်။ ကျင့်ကြံ ကျိုးကုတ် အားထုတ်နိုင်ကြပါစေသော်။

* * *


နတ်ခမောက်မြို့သားကျော်



www.burmeseclassic.com

www.burmeseclassic.com





စပ်ပတ်ပတ်ပြီးတဲ့ခါ ညလည်း လုပ်အားပေးရဦးမှာမို့ ရင်ပြင်တော်ဘေးက ထမင်းကျွေးနေတဲ့ ရှေးဇရပ်ကြီးထဲကို သွားတယ်။ ဘုရားတည်ရာမှာ လုပ်အားပေးတဲ့သူတွေကို အတ်သတ်လွတ် ထမင်းဟင်းတွေ တစ်နေ့ကုန်ကျွေးနေတာ ကိုယ်တို့ ရောက်သွားချိန်ဟာ ည ၉နာရီနီးပါးမို့ လက်ဖက်သုပ်၊ ဆားဖျော် ငံပြာရည်ချက်တွေနဲ့ပဲ စားရပါတော့တယ်။ ဟင်းကောင်း မဆိုသာပေမယ့် စားလို့ တကယ်ကောင်းပါတဲ့ ရွာသူ ရွာသားတွေကတော့ အားရပါးရလွေးနေကြတုန်းပေါ့ စားနိုင်မှလည်း လုပ်အားပေးနိုင်မှာကိုး။

### မြေအုတ်တို့ ပြိုလေရာ သံတိုင် သံတန်းများနဲ့ အစားထိုး

တည်လက်စ ဘုရားကြီးပေါ်ကို ဘိလပ်မြေအိတ်တွေထဲ သဲထည့်ပြီး အထပ်ထပ်စီထားတဲ့ ယာယီလှေကားက တက်ပြီး လေ့လာခဲ့တယ်။ ရှစ်မြောင့်ပုံ အုတ်ဖိနပ်တစ်လျှောက်က စေတီရန်တွေကတော့ စေတီတော်ပြိုကျခဲ့တဲ့ဘက်မှာက လွဲလို့ အကောင်းအတိုင်းပါပဲ။ ပထမဆင့်ပစ္စယာတစ်လျှောက်က အတော်ကျယ်တယ်။ ၁၂ပေလောက် ရှိမလားပဲ။ ပြိုကျပျက်စီးခဲ့တဲ့ တောင်ဘက်မှာက လွဲလို့ အရန်စေတီတွေကတော့ ပထမ ပစ္စယာမှာ မူရင်းမပျက် ရှိနေကြဆဲပါ။ ပစ္စယာအဆင့်ပေါ်မှာပဲ ဘိလပ်မြေဖျော်နေကြရဲ့၊ ပစ္စယာအဆင့်တွေကိုတော့ ခုခါမှာ သံချောင်းတွေနဲ့ အမာခံပြီး စနစ်တကျ ပြန်လည်တည်ဆောက်နေတာ တွေ့လိုက်ရတယ်။ ဒုတိယနဲ့ တတိယ ပစ္စယံတွေကို သံချောင်းတွေနဲ့ အုတ်နံရံအခိုင်အမာခတ်ပြီး အတွင်းသားဖြည့်နေကြတယ်။ အတွင်းမှာလည်း မူလအုတ်တွေကို တွေ့နေရတယ်။ အလုပ်သမားတစ်ယောက်က အုတ်တစ်ချပ်ကို ဆွဲနုတ်ပြီး ယူပြပါတယ်။ ပြားပြားပါးပါးနဲ့ အတော်ကြီးတဲ့ အုတ်ချပ်ပါ။ ပျူအုတ်တွေလောက် မကြီးသလို၊ လက်စင်းရာတွေ၊ အမှတ်အသားတွေလည်း မပါပါဘူး။ ပြီးတော့ ဂဝံကျောက်တွေ ဘာတွေလည်း ဒီစေတီမှာ ရှိမနေပါဘူး။

ဘုရားတည်ဆောက်တဲ့ ကုသိုလ်ရှင် လုပ်သားတွေဟာ ညမိုးချုပ်တဲ့ထိလည်း လုပ်ခဲ့ကြတယ်။ လက်ဆင့်ကမ်း ပစ်ပေးပြီး အုတ်သယ်နေသူတွေကလည်း စေတီရင်ပြင်ကနေ ပစ္စယာအဆင့်ဆင့်တစ်လျှောက်မှာ တန်းစီလို့။ သဲသယ်တဲ့ ရွာသားတွေကတော့ ဟိုအောက်ဆီမှာ ပုရွက်ဆိတ်လေးတွေလို တရွေ့ရွေ့ပေါ့။ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာဝင်တွေဟာ အတော်ပဲ ခံနိုင်ရည်ရှိကြပါရဲ့။ ဘယ်သူမှ အတင်းမ‌ခိုင်းမဲ့



www.burmeseclassic.com

www.burmeseclassic.com




မခိုင်းလည်း ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ်၊ ကိုယ့်သဒ္ဓါနဲ့ ကိုယ် လုပ်ချင်ကိုင်ချင်နေကြတာ အံ့သြစရာ။ သံချည်သံကွေး တွေလုပ်နေလို့ ညအမှောင်မှာ ထွန်းထားတဲ့ မီးကြောင့် သံချောင်းအစွန်းတွေဟာ ထိုးထိုးထောင်ထောင်နဲ့ပါ။ အဲဒီ နောက်မှာတော့ မုန့်စိမ်းပေါင်းတုံးကြီးလို ငုံးတိတိ စေတီ ကိုယ်ထည်ပိုင်းကြီးပေါ့။ လျှပ်စစ်မီးတွေ ပျက်လည်း မီးစက် နှိုးပြီး လုပ်ကြတယ်။ တက်ရိုးကျိုးလည်း လက်ထိုးလော့ တတ်တဲ့ ကိုယ်တို့ ရွှေမြန်မာတွေပဲ၊ ဘာပူလိမ့်မလဲ။ သဘာဝ တရားကြီးကလည်း အမျိုးမျိုးနှောင့်ယှက်တတ်ရဲ့။ မိုးကြီး သဲသဲမဲမဲရွာချတော့မှပဲ လုပ်အားပေးတွေလည်း ရပ်နားကြ ပြီး အိမ်ပြန်ကြတော့တယ်။ မိုးလည်းမရွာ၊ မီးလည်း မပျက် ရင်တော့ လုပ်အားပေးတွေဟာ ညဥ့်အတော်နက်တဲ့ထိ တလှုပ်လှုပ်လုပ်ခဲ့ကြတာ။

မိုးစဲသွားလို့ ညသန်းခေါင်ကျော် လှူသူတိတ်ဆိတ် သွားတဲ့ ဘုရားရင်ပြင်ကြီးဟာ ရေဆေးချလိုက်သလို သန့်ရှင်း လို့ နေတတ်ဗျာယ်။ ရင်ပြင်ပေါ် တင်ကျန်တဲ့ ရေစပ်စပ်မှာ တော့ ခရေပွင့်ကြီးတွေက ကားလို့။ သင်းသင်းမွှေးတဲ့ အနံ့ ကို ကောင်းကောင်းရတယ်။ မိုးသံ၊ မီးစက်သံတွေ တိတ် ဆိတ်သွားတော့ မလှမ်းမကမ်းက သဘော်ခုတ်မောင်းသံတွေ၊ လှိုင်းသံတွေကို ကြားလာရတယ်။ သခွပ်မြစ်ဝမှာ တည်ရှိ တယ်လို့၊ ဆိုထားသကိုး။ ခနုတ်ဘုရားကြီးရဲ့ မလှမ်းမကမ်း မှာ မြစ်တွေ ချောင်းတွေ ရှိနေတဲ့ အငွေ့အသက်ကို ခံစားလို့ ရနေရဲ့။ ပတ်ဝန်းကျင်တစ်ခွင်လုံး မည်းမှောင်နေတုန်း ကိုယ် တို့ထဲက တစ်ယောက်ကတော့ ရွာသားတွေဆီက သူကြား လာတဲ့ ဘုရားကြီးပြိုတုန်းက သတင်းတွေကို အစဖော်ပြီး ပြောပြနေပြန်တယ်။ ရွာသားချည်း ၂၀ကျော်သေတယ် ဆိုလား၊ ခုတောင် ဘုရားကုန်းပေါ် ရှင်းလင်းရင်း အရိုးတွေ ထွက်လာတတ်သတဲ့။ ကိုယ်ကံတော့ မကြောက်တတ်သူမို့ ညအလှကို ခံစားနေမိတယ်။ ပုရစ်သံလေးတွေ အနားသတ် ထားတဲ့ ညအမှောင်ဟာ ကြယ်ရောင်သော် မငြင်းတာမို့ တကယ့် မဟူရာအလှပါပဲ။

## သမိုင်းဝင် ခနုတ်စေတီတော်

ဘုရားပြုပြင် တည်ဆောက်ရေးအဖွဲ့ရဲ့ လက်ကမ်း စာရွက်လေးမှာတော့ ဘုရားနဲ့ ဆိုင်တဲ့ အချက်အလက်တွေ ကို အတိုချုပ်ရေးသား ဖော်ပြထားပြီး အလှူခံဌာနတွေကို လည်း ညွှန်းပြထားရဲ့။

စေတီတော်ကြီးရဲ့ မူလအတိုင်းအတာတွေကတော့



ဉာဏ်တော်အမြင့် ၁ဂ၉ ပေ၊ ငှက်ပျောဖူး ၂၃ပေ၊ ထီး[...] အဝ ၉ပေ ၉လက်မ၊ ထီးတော်အမြင့် ၃၂ပေ၊ လုံးပတ်[...] ၂၄၄ ပေ၊ ၈ လက်မ၊ ဖိနပ်တော် ၄၉၀ ပေ၊ ၄ လက်မ[...] သတဲ့။ ဆက်လက်ပြီး အဲဒီစာရွက်လေးမှာ ဖော်ပြထား[...] တွေကတော့ . . .

### * ခနုတ်စေတီတော် သမိုင်းအကျဉ်း

သာသနာသက္ကရာဇ် ၂၄၀ပြည့်နှစ်တွင် သထုံ[...] စူဠသီရိမာသောက အထောက်အပံ့ဖြင့် လေးသည်[...] သံဃာတော် အရှင်သုဇာတက တိုက်စေတီတည်ပြီး မြတ်[...] ဘုရား၏ ဆံတော် ၂ဆူနှင့် ဓာတ်တော် ၂၄ဆူကို ဌာပ[...] လျက် တည်ခဲ့ပါသည်။

လေးသည်ရွာ၌ တိုက်ပုံစေတီတည်သောကြော[...] ဒုန္နဂူဟာစေတီဟူသော ဘွဲ့အမည်ကို ပေးခဲ့သည်။

နောင်တွင် တိုက်စေတီပုံမှ သင်တိုင်းစေတီ[...] ပြင်ဆင်တည်ခဲ့ပြီး ခနုတ်စေတီဟု တွင်သည်။

### * မင်းအဆက်ဆက် ပြုပြင်ခြင်း

ကောဇာသက္ကရာဇ် ၇၁၅ ခုနှစ်တွင် ဟံသာဝတီ[...] ဗညားဦး(ရာဇာဓိရာဇ်) ပြုပြင်ခဲ့သည်။ ၇၁၆ခုနှစ်[...] ဗညားဦးနှင့် မိဖုရားတို့က ထီးတော်တင်လှူသည်။ [...]



www.burmeseclassic.com

www.burmeseclassic.com



...ည်း လှူခဲ့သည်။

သက္ကရာဇ် ၇၅၆ခုနှစ်တွင် ဘုရင်သုတသောမရာဇာ ... အမိန့်အရ ဓနုန်ကင်းသူကြီး ထဗက ၄၅တောင် ... မြင့်တည်ခဲ့သည်။ ရွှေဘုရား၊ ငွေဘုရား ၄၅ဆူစီ ... ပြီး ထီးတော်တင်ခဲ့သည်။ ၇၇၆ ခုနှစ်တွင် စေတီကို ... ပြည့်ချပြီး ကုန်းတော်၌ ဇရပ်နှစ်ဆောင်လှူခဲ့သည်။

သက္ကရာဇ် ၈၁၉ခုနှစ်တွင် လျှောင်လှုပ်၍ ပြိုကျရာ ...ကြီး ရှင်စောပုက ၆၅တောင်မြင့်သော ဓနုတ်စေတီ ...သစ်ကို တည်သည်။ ၈၂၅ ခုတွင် ထီးတော်သစ်တင် ...၂၆ခုတွင် စေတီလုံးပြည့် ရွှေချသည်။

သက္ကရာဇ် ၈၉၁ခုနှစ်တွင် ဓမ္မစေတီမင်းသည် စေတီ...အား ရွှေသင်္ကန်းကပ်၍ အာရုံခံတန်ဆောင်း ၄ဆောင် ...က်လုပ်လှူဒါန်းခဲ့သည်။

သက္ကရာဇ် ၉၀၁ခုတွင် တောင်ငူဘုရင် တပင်ရွှေထီး ... စေတီကို ရွှေသင်္ကန်းကပ်ခဲ့သည်။ ၉၀၄ ခုနှစ်တွင် ...သစ်တင်လှူခဲ့ပြန်သည်။

သက္ကရာဇ် ၉၂၆ခုနှစ်တွင် ဓနုတ်စေတီပြို၍ ဘုရင့် ...သည် အတောင် ၉၀မြင့်စေတီသစ်တည်၍ ကြေးထီး ... လှူခဲ့၏။ ဆက်လက်၍ စေတီပြည့် ရွှေချခြင်း၊ မဟာရံ တံတိုင်း၊ စေတီရင်ပြင်၊ စောင်းတန်း၊ သိမ်နှင့် အာရုံခံ တန်ဆောင်းအသစ်ကို ဆောက်လုပ်လှူဒါန်း၏။


သက္ကရာဇ် ၉၆၀ခုနှစ်တွင် ဇေင်ကာနှင့် ပေါ်တူဂီများ ဖျက်၍ စေတီရင်ပြင် တန်ဆောင်းများ ပျက်စီးခဲ့သည်။ ၁၀၀၆ခုနှစ်၊ သာလွန်မင်းလက်ထက်တွင် စေတီတော်ပြို၍ အသစ်တည်ခဲ့ကြရပြန်သည်။

သက္ကရာဇ် ၁၀၄၁ခုတွင် မင်းရဲကျော်ထင်သည် ရွှေသင်္ကန်းကပ်လှူခဲ့ပြီး ၁၀၆၃ ခုနှစ်တွင်ကား စနေမင်းက ထီးတော်သစ် တင်ခဲ့သည်။

သက္ကရာဇ် ၁၁၇၂ခုနှစ်တွင် လျှောင်ကြောင့် ပြိုကျ၍ ဓနုတ်ကင်းသူကြီးက ပြုပြင်ကာ၊ ၁၁၇၃ခုနှစ်တွင် ဘိုးတော်ဘုရားမင်းတရား(ပဒုံမင်း)က ပို့၍ ရန်ကုန်မြို့ဝန် မင်းလှနော်ရထာက ကြေးထီးသစ် တင်သည်။

*** နောက်ပိုင်းခေတ် ပြုပြင်ခြင်း**

သက္ကရာဇ် ၁၂၁၃ခုနှစ်တွင် အင်္ဂလိပ်တို့က ဓနုတ်စေတီကို မြန်မာခံတပ်အဖြစ် အသုံးမချနိုင်စေရန် စေတီတံတိုင်းကို ဖြို၍ ရင်ပြင်၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်းတို့ကို





www.burmeseclassic.com

www.burmeseclassic.com



မီးရှို့ဖျက်ဆီးခဲ့သည်။

သက္ကရာဇ် ၁၂၅၂ခုတွင် ကမာကာဆစ်ရွာ၊ လယ်ပိုင်ရှင် ဦးကြည်က ဓနုတ်စေတီငုတ်တိုပေါ်တွင် စေတီငယ် တည်ခဲ့သည်။ ၎င်းကွယ်လွန်၍ သားဖြစ်သူ ကမာကာဆစ် ဆန်စက်သူဌေး ဦးဖိုးခင်မှ ၁၂၇၇ခုနှစ်တွင် လက်ရှိ ၁၂၄တောင်မြင့် ဓနုတ်စေတီတည်၍ ၁၂၇၉ ခုနှစ်တွင် ထီးတော်တင်ခဲ့သည်။

*** ယနေ့ခေတ် ဘက်စုံပြုပြင်ခြင်း**

(၁) ဓနုတ်စေတီ ဘက်စုံမွမ်းမံရေးလုပ်ငန်းကို ၆-၇-၉၀ရက်နေ့တွင် ပထမအကြိမ် အလှူငွေပေးအပ်ပွဲပြုလုပ်ပြီး စတင် ဆောင်ရွက်ခဲ့။

(၂) စေတီတော်ကြီး၏ ပျက်စီးယိုယွင်းနေသော ထီးတော်ကြီးကို ဂ-၉-၉၀ရက်နေ့တွင် ပြန်လည်ချခဲ့။ ၂၆-၂-၉၁ ရက်နေ့တွင် ထီးတော်အသစ်တင်ခဲ့။

(၃) ညောင်ပင်ပေါက်၍ ကွဲအက်ပျက်စီးနေသော ငုက်ပျောဖူးကို ၄ပေအထိ ဖျက်ချပြီး အသစ်ပြန်လည်ပြုလုပ်ခဲ့။

(၄) ထီးတော်အသစ်ကို ရွှေသင်္ကန်းကပ်လှူခြင်း၊ ငုက်ပျောဖူးတော်ကို ၉လက်မ ကြေးပြားခံ ရွှေသင်္ကန်းကပ်လှူခဲ့။

(၅) စေတီတော်ရင်ပြင်၌ ယခင်ရှိပြီး အရန်စေတီ ၁၁ဆူနှင့် စေတီ ၁၃ဆူ ထပ်မံ တည်ဆောက်ပြီးသောအခါ စေတီပေါင်း ၂၄ဆူတည်ပြီးဖြစ်။

(၆) စေတီတော်ရင်ပြင် ကြိုပ်တောင့် ရှစ်ထောင့်၌ မီးတိုင်များ စိုက်ထူ လှူဒါန်းပြီးဖြစ်။



(၇) စေတီတော် မီးပူဇော်ရန် ၄ကော်ဗွီ မီးစက်တစ်လုံး[...] လှူဒါန်းပြီးဖြစ်။

(၈) စေတီတော်တောင်ဘက်နှင့် မြောက်ဘက် တန်ဆော[...] များ၏ ဘုံခင့် ပြသာဒ်များရှိ ပန်းပုလက်ရာများ[...] ပြုပြင်ခြင်း၊ ဆေးသုတ်လိမ်းခြင်းများ ပြုလုပ်ပြီး[...] သည်။

*** စေတီတော်ကြီး ပြိုကျပျက်စီးခြင်း**

သမိုင်းဝင် ဓနုတ်စေတီတော်ကြီးသည်(၂၇-၆-၂၀[...] ရက်နေ့ နံနက် ၃နာရီ၊ ၁၅မိနစ်အချိန်တွင် တနင်္လာ(အ[...] တောင်)ထောင့်မှ ထီးတော်၊ ငုက်ပျောဖူးနှင့်တကွ [...] တော် ထက်ခြမ်းကွဲ၍ မြေသို့ ပြိုကျခဲ့ပါသည်။ (စေတီ[...] ပြိုကျ ပျက်စီးရခြင်းအကြောင်းရင်းနှင့် ထိခိုက်နစ်နာ [...] မှုများကိုတော့ စေ့စေ့ငငှ တင်ပြမထားပါ။)

စေတီတော်ပြိုကျပျက်စီးခဲ့သဖြင့် စိန်ဖူးတော်၊ ငုက်[...] နားတော်နှင့် ဌာပနာ ပစ္စည်းများကို ဒလမြို့နယ်၊ အေး[...] သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဓနုတ်စေတီ[...] ဂေါပကအဖွဲ့တို့က ပြန်လည်ရှာဖွေ ကောက်ယူ စုဆော[...] လျက် ရှိပါသည်။

ယခုအခါ သမိုင်းဝင် ဓနုတ်စေတီတော်ကြီးကို [...] လည်တည်ဆောက် ပူဇော်နိုင်ရန်အတွက် တာဝန်ရှိသူများ[...] အပူတပြင်း ဆောင်ရွက်လျက်ရှိရာ သဒ္ဓါကြည်လင် ပါရမီ[...] များအနေဖြင့် ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အသိ[...] အပ်ပါသည်။ ---------------တဲ့။

## မိုးသောက်ယံ နှုတ်ဆက် ကန်တော့ပန်း

မိုးစင်စင်လင်းတဲ့အထိ ဆက်အလုပ်လုပ်ခဲ့ကာ ဘု[...] ငုတ်တိုကြီးကို ကန်တော့ပြီး ပထမဆုံးအခေါက် ကုသိုလ်[...] ခရီးကို အဆုံးသတ်ခဲ့တယ်။ ကြက်ခုပင်တန်းတွေ တစ်[...] တစ်ချက်ဝန်းရံထားဆဲ ခပ်ကြမ်းကြမ်းလမ်းကို ကျော်လ[...] ပြီးတဲ့နောက် ဒလလမ်းဆုံကို ပြန်ရောက်ပါတယ်။ မနက်[...] တောဈေးလေးဟာ တိုးမပေါက်အောင် စည်ကားနေ[...] ဟင်းသီးဟင်းရွက်တွေ တစ်ပုံတစ်ပင်ကို ပုံရောင်းနေတ[...] အခြေခံ ရေမြေသဘာဝကောင်းတဲ့ ကိုယ့်တို့မြေကလေး[...] ပဒေသာပင်ပေါက်နေသလိုပါပဲလား။

ဓနုမနုတ်ရဲ့ အမှောင်ညတစ်ခုကို ဖြတ်သန်းခဲ့[...] ကို သိတို့ဟာ မနက်ခင်း နေခြည်သစ်ချိန်မှာတော့ ရွှေ[...] ဝင်းလက်နေမယ့် ဓနုတ်စေတီတော်သစ်ကြီး ဖွင့်မယ့်နေ့[...]



www.burmeseclassic.com

www.burmeseclassic.com





မှန်းနေခဲ့မိရဲ့ ဘယ်ပုံ ဘယ်သဏ္ဍာန်နဲ့ ပြီးမြောက်လာမယ့် စေတီကြီးပါလဲ။ မှုရင်းပုံစံအတိုင်း ရေးမှလား။ နောက်ထပ် ပုံစံသစ်တစ်ခုနဲ့လား။ ဆရာကြီးတော သန်းထွန်းကို လွမ်းလိုက်ပါဘိတော့။

ဒုတိယအခေါက်မှာလည်း မိုးထဲလေထဲမှာ ဘုရင့်တားကို ကားနဲ့ ဖြတ်ပြီး ဒလလမ်းဆုံကနေပဲ သွားခဲ့ပြီးရင်တော့ တစ်ခါက လမ်းဆိုးကို ကျော်ရပြန်တယ်။ ဆုပင်တွေ တန်းစီစိုက်ထားတဲ့ လမ်းကတော့ နောက် ထပ်မဖြတ်ချင်လောက်အောင် အတော့်ကို ဆိုးခဲ့ "မိုးသက်လေနှင်"ဆိုတဲ့ လှပလွန်းတဲ့ စကားလုံးလေး ဒီသဘာဝပတ်ဝန်းကျင်မှာတော့ နည်းနည်းကြောက်စရာ ကောင်းနေသလိုပါပဲ။ နာဂစ်မုန်တိုင်းဒဏ်ခံရပြီးတဲ့နောက်မှာ တာနဲ့ လေပါလာတယ် ထင်ရဲ့။ စိတ်ဒဏ်ရာကြောင့် သဘာဝ တရားကြီးကကို ပြောင်းလဲနေတာလား။ တွေကတော့ ကားမှန်ကို မြားချွန်တွေနဲ့ ထိုးစိုက်နေပါ။

ဒီတစ်ခါအလာမှာတော့ မွန်းမလွဲခင်နေ့တ်ကို ရောက် ပါတော့တယ်။ ဘုရားအဝင်လမ်းထိပ် မုခ်ဦးကြီးမှာ လွင်တောက်ပတဲ့ ဆေးရောင်နဲ့ အရုပ်သစ်ကြီး နှစ်ရုပ် နေပေါ့။ ရွှေတိဂုံဘုရားတည်နှစ် ၂၆၀၀ပြည့်ပွဲမှာ ခေတ်စား လူဝကြီးရုပ်နဲ့ ဆင်တဲ့ ယနေ့ခေတ်လက်ရာအရုပ်တွေ ဒါပေမယ့် ဒီအရုပ်ကတော့ နတ်လိုလို၊ သိကြားလိုလို င်းထက်မှာ အချွန်အတက်တွေနဲ့ပေါ့။ ဒီနေ့တော့ မိုးများလား၊ လူပါးနေရဲ့။ ဘုရားပြန်တည်ရာမှာ လုပ်အားပေး သူတွေက နေ့ဘက် လယ်ထဲဆင်းပြီး အလုပ်ဝင်နေရ ညနေစောင်းမှ အလာများသတဲ့။

အဝင်လမ်းအဆုံးမှာတော့ စေတီတော်ကြီးရင်ပြင်တော် ဝင်ပေါက်ကို ရောက်ပါပြီ။ အဝမှာ ထိုင်စောင့်နေတဲ့ ခြင်္သေ့ကြီးဘေးမှာ "ကျိုက်ခနှတ်ဘုရားဝင်းအတွင်း၌ အရက်သေစာ မူးယစ်သောက်စားခြင်း၊ အသက်-အသားစားသုံးခြင်း မပြုရန် မေတ္တာရပ်ခံပါသည်။ သက်သတ်လွတ်စားသုံးခြင်းဖြင့် ကုသိုလ်ယူပါ"ဆိုတဲ့ အနီရောင် ဆိုင်းဘုဒ်ကြီးက နေရာယူ ထားပေါ့။ ခြင်္သေ့ကြီးရဲ့ နောက်မှာတော့ အသစ်ထပ်တိုးတဲ့ အင်္ဂတေရုပ်ကြီးတွေက လုပ်လက်စ တန်းလန်း။ သန်လျက် ကိုင်ထားတဲ့ သိကြားမင်းရုပ်တွေပါလား။

မိုးစဲတော့လည်း ခဲသားရောင် မိုးကောင်းကင်နဲ့ တိမ်မည်းတွေကြောင့် ဘုရားရှုခင်းက မှုန်နေရဲ့။ ဒါပေမယ့် ဒီတစ်ခါ မွန်းတည့်ချိန်လွန်စမို့ အလင်းရောင်ရှိတုန်း ဓာတ်ပုံ ပြေးရိုက်ရတယ်။ နေမပွင့်ပေမယ့် ကွင်းပြင်ကြီးထဲမို့ တိမ် တိုက်တွေကြားကပဲ မှုန်ပျပျလင်းလို့။ အရင်ဆုံး တန်ဆောင်း ရှေ့ထွက်ပြီး ဓာတ်ပုံရိုက်တယ်။ ပြီးတော့မှ လုပ်အားပေး တွေကို နေ့စဉ် မနက်-ည ကျွေးနေတဲ့ သက်သတ်လွတ် ထမင်းကို အရင်ဝင်စားလိုက်ရတယ်။ အသားတုဟင်း၊ ခရမ်းချဉ်သီးချက်နဲ့ ငရုတ်သီးကြော်တွေနဲ့ပါ။ ထမင်းစားဆောင် လုပ်ထားတဲ့ ရေးဇရပ်အိုကြီးဘေးမှာတော့ "လုပ်အားဒါနပြု သူအပေါင်းတို့ သက်သတ်လွတ် စတုဒိသာ ဝင်ရောက်စား သုံးနိုင်ပါသည်"လို့ ဗီနိုင်းထုတ်ပြီး ကပ်ထားတယ်။ ကိုယ်တို့ လည်း ပဌာန်းပွဲအတွက် လုပ်အားပေးဖို့ လာခဲ့တာမို့ ရဲရဲ ဝံ့ဝံ့ပဲ စားခဲ့ပါတယ်။ ကျိုက်ထီးဆောင်း သီလရှင်တွေရဲ့ လက်ရာ သက်သတ်လွတ်ဟင်းတွေကလည်း စားလို့ တကယ်ကောင်းပါရဲ့။

စေတီတော်ရင်ပြင် စေတီတော်အခြေမှာ ကပ်လျက် ရှိနေတဲ့ ပဌာန်းပွဲကျင်းပမယ့် ပင်မ တန်ဆောင်းကြီးဟာ ဘုရားအတက်လမ်းနဲ့ မျက်နှာချင်းဆိုင်လောက်မှာ ရှိနေတာ ပါ။ တန်ဆောင်းထဲမှာ ပုတီးစိပ်နေသူ၊ ဘုရားရှိခိုးနေသူတွေ လည်း မိုးကြောင့် ရှင်းနေတယ်။

မနတ်စေတီကြီးအနီးမှာ ကြာကန်ကြီးတွေပေါ်က၊ ကြာတွေလည်း ပွင့်နေကြလို့ ရွာသားတွေ အကူအညီတောင်း ပြီး ပန်းနုရောင် ကြာပဒုမ္မာတွေ ရလာတော့ ကျောက်ဆင်း တုကြီးရဲ့ ရင်ခွင်မှာ ပိုက်ထားတဲ့ လက်ဝဲဘက် လက်တော် ထဲမှာ ဝေဝေဆာဆာထည့်ပြီး ဆက်ကပ်လိုက်ပူရဲ့။ ကြည်နူး ဖွယ်ကောင်းလိုက်ပါဘိ။

အရပ်လေးမျက်နှာမှာ စေတီကြီးကနေ ဖြာထွက်နေတဲ့ အထွက်လမ်းတွေလည်း ရှိနေပါတယ်။ အရင်ဆုံး တွေ့ရတဲ့ လမ်းမှာတော့ ခြင်္သေ့ရုပ်ကြီးနှစ်ကောင် ခံထားတဲ့ မုခ်ဦးက ရွာထဲကို ရှေ့ရှုနေရဲ့။ လမ်းထိပ်မှာ လူမနေတော့တဲ့ ရေး



www.burmeseclassic.com

www.burmeseclassic.com



သစ်သားကျောင်းအိုကြီး။ ပတ်လည် ဝရံတာတွေ၊ ဘုံဆင့်တွေက လှလိုက်တာ။ ရွာလမ်းရဲ့ အခြားတစ်ဖက်မှာတော့ ကြာအိုင်ကြီးနဲ့ ဘုန်းကြီးကျောင်း။ ဒီတစ်ခေါက်မှာ နေ့လယ်ခင်းပေမို့ ရွာလမ်း အုတ်ရိုးလေးအတိုင်း ထွက်လျှောက်ကြည့်လိုက်တယ်။

လမ်းဘေးမှာတော့ အပြာနုရောင်နဲ့ အဖြူရောင်စပ်ထားတဲ့ ပန်းကလေးတွေ ပွင့်နေတဲ့ ခရာဆူးချုံတွေ ပေါက်နေရဲ့၊ ခရာရွက်တွေဟာ ဆူးချွန်လေးတွေနဲ့ပေမယ့် အတော်လှတယ်။


"ခရာဆူးချုံ၊ ဟိုဘက်နားက မျှော့နက်မည်းကြီးတွယ်လိမ့်မယ်"

မြန်မာဆန်လှတဲ့ ကျေးလက်ဆန်လှတဲ့ မိုးချစ် ကဗျာစာဆိုရှင် ဆရာကြီး မင်းသုဝဏ်ကို လွမ်းမိသေးတော့။

ရင်ပြင်ကို ဆက်ပတ်တော့ ခရေပင်တွေကြားမှာ နောက်ထပ် အထွက်လမ်းတစ်ခု။ အဲဒီရှေ့မှာတော့ သစ်သားတံတားနဲ့ ချောင်းငယ်လေး။ ချောင်းထဲမှာ လှေ၊ သမ္ဗာန်တွေ ရှိနေတယ်။ စေတီတော်သမိုင်းမှာ သခွပ်မြစ်ဝမှာ တည်ရှိတယ်လို့ဆိုထားတော့ သခွပ်မြစ်ဆိုတာ ဒီချောင်းငယ်ရဲ့ အဆုံးမှာလား။ ချောင်းရဲ့ ဟိုဘက်မှာတော့ စိမ်းလန်းတဲ့ လယ်ကွင်းပြင်ကြီး။ မိုးဦးမို့ ကောက်ပင်တွေ တစ်ရေးနိုးနေပေါ့။

မိုးစဲသွားတာနဲ့ လုပ်အားပေးတွေလည်း ဘုရားပေါ်ရောက်နေကြပြန်ပါပြီ။ လက်ဆင့်ကမ်း ဝစ်ပေးပြီး အုတ်သယ်နေသူတွေကလည်း စေတီရင်ပြင်ကနေ ပစ္စယာအဆင့်ဆင့် တစ်လျှောက်မှာ တန်းစီလို့။ သဲသယ်တဲ့ လူတွေကတော့ ဟိုအောက်ဆီမှာ ပုရွက်ဆိတ်လေးတွေလို တရွေ့ရွေ့သယ်ကြလို့။ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာဝင်တွေဟာ အတော်ပဲ ခံနိုင်ရည်ရှိကြပါရဲ့။ ဘယ်သူမှ အတင်းအဓမ္မခိုင်းတာ မဟုတ်ပေမယ့် ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ်၊ လုပ်ချင်ကိုင်ချင်နေကြတာ အံ့သြစရာပါ။ လုပ်အားပေးအားလုံးရဲ့ ဦးတည်ချက်ကတော့ ကုသိုလ်ရဖို့ပဲ ဖြစ်မယ်ထင်ပါရဲ့။ မိုးချုပ်လုလုအချိန်မှာတောင် မနားနိုင်သေးဘဲ သဲပုံက သဲတွေကို ဘုရားကုန်းပေါ်ကို သယ်ပို့နေကြပါတယ်။ ဒီရွာကပဲလား၊ အနီးအနားရွာတွေကပဲလား၊ ဒီထက်ဝေးတဲ့ အရပ်တွေကပဲလား။ အားလုံးဟာ ပျော်ပျော်ရွှင်ရွှင် ညာသံပေးပြီး လုပ်နေကြပါတယ်။ နိဗ္ဗာန်ကို အတူသွားကြမယ်လို့ စိတ်ကူးရင်း ကြည်နူးနေသလား မသိ။ ဗုဒ္ဓဘာသာဝင်တွေရဲ့ ယဉ်ကျေးမှုအရကောင်းမြတ်တဲ့ အမူအကျင့်တွေကို သင်ယူနေကြတာပါ။

♦♦♦



## မြေအုတ်တို့ ပြိုလေရာ
## သံတိုင် သံတန်းများနဲ့ အစားထိုး

တည်လက်စဘုရားကြီးပေါ်ကို ဘိလပ်မြေအိ[…] တွေထဲ သဲထည့်ပြီး အထပ်ထပ်စီထားတဲ့ ယာယီလှေ[…] တွေက တစ်ဆင့်တက်ပြီး လေ့လာခဲ့ဖူးတယ်။ ရှစ်မြော[…] အုတ်ဖိနပ်တစ်လျှောက်က စေတီရန်တွေကတော့ စေ[…] တော် ပြိုကျခဲ့တဲ့ဘက်မှာကလွဲလို့ အကောင်းအတိုင်း[…] ပထမဆင့် ပစ္စယာတစ်လျှောက်ကတော့ အတော်ကျ[…] တယ်။ ကောင်းကောင်းမွန်မွန် လမ်းလျှောက်လို့ ရတ[…] ၁၀ပေ ၁၂ပေလောက် ရှိမလားပဲ။ ပြိုကျပျက်စီးခဲ့တဲ့ ဘေ[…] ဘက်မှာကလွဲလို့ အရန်စေတီတွေကတော့ ပထမ ပစ္စ[…] မှာ အကောင်းအတိုင်း ရှိနေကြဆဲပါ။ ပစ္စယာအဆင့်ပေါ[…] ပဲ ဘိလပ်မြေဖျော်ကြ၊ ပစ္စယာအဆင့်တွေကို သံချော[…] တွေနဲ့ အမာခံပြီး စနစ်တကျ ပြန်လည်တည်ဆောက်[…] တယ်။ သံချည်သံကွေးတွေ လုပ်နေလို့ ညမှာ ထွန်းထာ[…] မီးကြောင့် သံချောင်းအစွန်းတွေဟာ ထိုးထိုးထောင်ထောင်[…] အဲဒီရဲ့နောက်မှာတော့ မုန့်စိမ်းပေါင်းတုံးကြီးလို ငုံးတိတိ[…] ကိုယ်ထည်အမိုင်းကြီး ရှိနေတယ်။ အတွင်းမှာလည်း [...] အုတ်တွေကို တွေ့ခဲ့ရတယ်။ အလုပ်သမားတစ်ယော[…] အုတ်တစ်ချပ်ကို ဆွဲနုတ်ပြီး ယူပြလို့တောင် ကြည့်ခဲ့ရ[…] ပြားပြားပါးပါးနဲ့ အတော်ကြီးတဲ့ အုတ်ချပ်[…] ပျူအုတ်[…]



www.burmeseclassic.com

www.burmeseclassic.com

တ် မကြီးသလို၊ လက်စင်းရာတွေ၊ အမှတ်အသားတွေ တော့ မပါပါဘူး။ ရှေးဟောင်း သုတေသနအမြင်နဲ့ ကြည့် တော့ ဒီအုတ်တွေကိုပဲ အပြင်ဘက် မြင်သာတဲ့ နေရာမှာ ဆိုရ ဖြစ်ပါတယ်။ ပြီးတော့ ဂဝံကျောက်တွေ ဘာတွေ ည်း ဒီစေတီမှာ မရှိနေပါဘူး။ ဒုတိယနဲ့ တတိယ ပစ္စယံ ကို သံချောင်းတွေနဲ့ အုတ်နံရံအခိုင်အမာခတ်ပြီး အတွင်း ပြည့်ခဲ့ပါပြီ။

ခရေပင်တန်းရဲ့အဆုံး ရင်ပြင်တော်မှာတော့ မြေစိုက် တီလေးတစ်ဆူ မွမ်းမံပြင်ဆင်နေလို့ သာသနာ့အလံတွေ လှုပ် စိုက်ထူတားတာ လယ်ကွင်းထဲ ဖြတ်တိုက်လာ တဲ့ လေကြမ်းကြောင့် ခပ်ရမ်းရမ်းလှုပ်ခတ်နေကြရဲ့။ စေတီ က ဇရပ်လေးမှာတော့ ကလေးတစ်သိုက် သဘော်ဆေး တွေ သုတ်နေကြတယ်။ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရက် စင်တောင် ဆရာတော်ကြီး စတဲ့ ပုဂ္ဂိုလ်များပါပဲ။ ရုပ်တု တွေရဲ့ နောက်ဘက်မှာတော့ ပုပ္ပားတောင်ပုံကို မပီမသ ဆွဲထားတယ်။ အဲဒီနောက်မှာ သံတိုင်တွေနဲ့ ဝန်းခတ် ပြီး "မတက်ရ၊ မအိပ်ရ" လို့ ထားမြစ်ထားတဲ့ "ဆရာ တော် ယာယီ စံကျောင်း" ဆိုတဲ့ ခနီမိုး တဲကျောင်းလေးကို တွေ့ရပါတယ်။

အနောက်ဘက် တန်ဆောင်းထဲမှာတော့ သံချောင်း တွေ ခံပြီး အင်္ဂတေရုပ်တွေ လုပ်နေကြတယ်။ ဘယ်ခေတ်ကို ကိုယ်စားပြုတဲ့၊ ဘယ်အကြောင်းအရာတွေကို သရုပ်ဖော်တဲ့ အရုပ်တွေလဲ၊ လုပ်ပြီး ဘယ်နေရာမှာ ထားမှာပါလိမ့်။ အဲဒီ အဖြေကို မကြာခင်မှာပဲ သိလိုက်ရပါတယ်။ ဟိုတစ်ခေါက် တုန်းက မရှိသေးတဲ့ အုတ်တိုက်လေးပါလား။ အဲထဲမှာ တော့ ကုန်းပိုင် ဘိုးဘိုးကြီး၊ ဒေဝယက္ခ၊ ဘိုးတော် သိကြား မင်း၊ ရှင်သူငယ်တော်၊ နတ်သူငယ်တော်၊ ရေငံပိုင် ဦးရှင် ကြီးနဲ့ ကြမ်းပြင်ပေါ်က ငမိုးရိပ် မိကျောင်းမင်းဆိုတဲ့ အရုပ် တွေပါပဲ။ အမယ် ဒီဘက်မှာလည်း နောက်ထပ် မိကျောင်း တစ်ကောင်၊ မလက်တို မိကျောင်းဆိုပဲ။ ရှင်မွေးလွန်း-မင်းနန္ဒာ ဇာတ်လမ်းထဲက ငမိုးရိပ်နဲ့ ဦးရှင်ကြီးဟာ ခေတ်ကာလချင်းမှ တူရဲ့လားလို့ ဖျတ်ကနဲ စဉ်းစားလိုက်မိသေးရဲ့။ ငယ်ငယ် တုန်းက ကြားဖူးခဲ့တဲ့ ပုံပြင်တွေထဲက ဇာတ်ကောင်တွေကို တစ်စုတစ်ဝေးတည်း တွေ့လိုက်ရတာပါပဲ။ ရှင်သူငယ်တော်ကို မြင်တော့လည်း "မြန်မာ့ခရီးသွားနှစ်" ဆိုတာကို သတိရမိပြန် တယ်။ ကုန်းပိုင် ဘိုးဘိုးကြီးတို့၊ ဒေဝယက္ခတို့၊ ဘိုးတော် သိကြားမင်းတို့လည်း ဘဝချင်း မတူညီကြသူများပေပဲလေ။ "အဂ္ဂိစနီ" ရဲ့ လက်ရာကို ဘာသာပြန်ထားတဲ့ လူထု ဒေါ်အမာ ရဲ့ "ဘဝချင်းမတူသည့် တရုတ်ပြည်" ဆိုတဲ့ ခေါင်းစဉ်လိုပေါ့။ မကြာသေးခင်က လတ်လတ်ဆတ်ဆတ် လုပ်ထားတဲ့ လက်ရာတွေပါ။ နောက်ခံ နံရံမှာလည်း ပန်းချီတွေ ဆွဲထား သေးရဲ့။

ပဋ္ဌာန်းရွတ်ဆိုမယ့် တန်ဆောင်းကို ပြန်ဝင်ပြီး အဲဒီပွဲ အတွက် ကူညီပြင်ဆင်ပေးတဲ့ အလုပ်ကို ကိုယ်တို့ လုပ်ကြ ပြန်ပါတယ်။ ကိုယ်တို့ လုပ်စရာရှိတာတွေ လုပ်ပြီးတဲ့အခါမှာ တော့ ည ၉နာရီကျော်ပါပြီ။ အတော်အသင့် ပုံပေါ်နေပြီ ဖြစ်တဲ့ ဘုရားငုတ်တိုကြီးကို ကန်တော့ပြီး ဘုရားမပြီးခင်နဲ့ ဘုရားကြီးတည်ပြီးတဲ့နောက်တွေလည်း လာရောက်နိုင်ဖို့ အခွင့်ရှိပါစေလို့ ဆုတောင်းခဲ့တယ်။ ဘုရားတည်ဆောက်တဲ့ ကျိုက်ထီးဆောင်းအဖွဲ့ ကုသိုလ်ရှင်လုပ်သားတွေကတော့ ညမိုးချုပ်တဲ့အထိလည်း လုပ်နေကြတုန်းပါ။ ပစ္စယာအဆင့် ဆင့်ပြီးသွားပြီမို့ စေတီကြီးက အတော်တော့ ပုံပေါ်နေပါပြီ။ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေက ကြာဦးမယ်ဆိုလို့ နောက်အခေါက်တွေမှာ ခနုတ်ကို လာရင်တော့ ရွှေရောင် ဝင်းဝင်းနဲ့ ရှစ်မြှောင့်စေတီကြီးကို ဖူးရမယ်ထင်ရဲ့လို့ စိတ်မှန်း နဲ့ ကြည်ညိုရင်း ညကြီးမင်းကြီး ရန်ကုန်ဘက် ပြန်ခဲ့လိုက် တယ်။

ကြက်ဆူပင်တန်းတွေ ဝန်းရံထားတဲ့ ခပ်ကြမ်းကြမ်း လမ်းကို လွန်ပြီးတဲ့နောက် လမ်းကောင်းသွားပြီး ဒလလမ်းဆုံ ကို ရောက်ပါတယ်။ ရွှေခနုတ်ရဲ့ အမှောင်ညတစ်ခုကို ဖြတ်






www.burmeseclassic.com

www.burmeseclassic.com





သန်းပြန်လာခဲ့တဲ့ ကိုယ်တို့ဟာ လှိုင်သာယာ၊ ဥယျာဉ်မြို့တော်တွေကို ဖြတ်အပြီးမှာတော့ ရန်ကုန်ကို ပြန်ရောက်ခဲ့ပြန်ပါပြီ။ ဒလဘက်ကမ်းကို လှမ်းပြီး ရွှေရောင်ဝင်းလက်နေတဲ့ ဓနုတ်စေတီတော်သစ်ကြီး ဖွင့်မယ့်နေ့ကို စိတ်ကူးနဲ့ မှန်းပြီးလည်း ဖူးမြင်လိုက်မိရဲ့။ ဘယ်ပုံ ဘယ်သဏ္ဌာန်နဲ့ ပြီးမြောက်ထွန်းပေါက်လာမယ့် စေတီကြီးပါလဲ။

**ရွှေဓနုတ်ရဲ့ ကဏ္ဍသစ်**

မိုးဦးကျစ မိုးထဲလေထဲမှာ ပထမဆုံးရောက်ရှိ ဖူးမြော်ခဲ့ဖူးတဲ့ ဓနုတ်စေတီငုတ်တို ဘုရားပြို ဘုရားပျက်ကြီးရဲ့ ပုံရိပ်ဟာ ပွင့်လင်းရာသီ ဒီဇင်ဘာလမှာ တတိယအကြိမ် ရောက်ပြန်တော့ အိပ်မက်လိုပဲ ပျောက်ကွယ်သွားခဲ့ပါပြီ။ မြေအုတ်တို့ ပြိုလေရာ ကျောက်ခက် ကျောက်သားနဲ့ အစားထိုးတယ်ဆိုပေမယ့် ကိုယ်ကတော့ ရှေးဟောင်းသုတေသန သမားပီပီ ပုံသဏ္ဌာန်သစ်နဲ့ ဖြစ်တည်လာမှာကို မလိုလား။ သမိုင်းစာမျက်နှာမှာ ရှိခဲ့တဲ့ အသွင်အပြင်အတိုင်းတော့ ရှိစေချင်ခဲ့တာ အမှန်ပါ။ တည်ဆောက်မှုကာလ ဒုတိယအကြိမ် ရောက်တုန်းကလည်း ပစ္စယာအဆင့်တွေ လွန်စမို့ စေတီပုံက မပီပိုးတဝါးသာ။ ပြီးနေတဲ့ အုတ်ဖိနပ်တော်ဟာ ရှစ်ထောင့်ပုံမို့ မူရင်းနဲ့တော့ နီးစပ်မှုအရှိသားလို့ပဲ ကောက်ချက်ချမိရဲ့။ ကိုယ်ကိုယ်တိုင်ကလည်း စေတီတော်ကြီး မူရင်းပုံတော်ကို မမြင်ဘူးခဲ့ပေသကိုး။

ဘုရားကြီး ပြန်တည်နေချိန် ကုန်ဆုံးပြီမို့ ဒီတတိယ အခေါက်မှာတော့ ဘုရားကြီးရဲ့ ပုံရိပ်ကို အထင်အရှားမြင်ရတော့မှာပေါ့။ သင်္ကန်းတော် မကပ်ရသေးခင်မို့ အင်္ဂတေရောင်နဲ့ပဲ ဖူးရဦးမှာပါ။ ဒီတစ်ခါတော့ ခါတိုင်းလာနေကျ လမ်းကို မသုံးဘဲ ရန်ကုန်မြစ်ကို ဇက်ဆိပ်ကနေ သင်္ဘောနဲ့ ကူးပြီး ဒလဆိပ်ကမ်းကို လာခဲ့တယ်။ ကြက်ခွပ်ဆိုင်စိုးတဲ့ မချောမပြေ လမ်းရိုးကိုတော့ မလွှဲရှောင်သာသေးလို့ ဖြတ်ရပြန်တယ်။ ယိမ်းထိုးနေတဲ့ လမ်းတစ်လျှောက်လုံးမှာ ရင်များတောင် ခုန်မိရဲ့။ "အိမ်ထောင်မှု-ဘုရားတည်-ဒေသ-မင်ရည် ရုတ်ထိုး" မဟုတ်လား။ "တည်မိတဲ့ ဘုရား-လင်းအပင် နားနား" လို့လည်း စကားရှိသေး။ ပိုမိုခေတ်မီ တိုးတက်တဲ့ ကာလကို ရောက်ပြီမို့ အချိုးအစားမကျမှာကိုတော့ မပူမိပါဘူး။ ဒါပေမယ့် မူရင်းစေတီရဲ့ သမိုင်းတန်ဖိုးတွေ ယုတ်လျော့သွားမှာ ကိုသာ စိုးရိမ်နေမိရဲ့။ ရှေးဟောင်းအမွေအနှစ် အဆောက်အဦတွေကို ပြန်လည်ပြုပြင်တဲ့ ကမ္ဘာ့ယဉ်ကျေးမှုစံတွေအတိုင်း ရှေးမူမပျက် တည်ဆောက်မှာ မဟုတ်ဘူးလို့လည်း သိနေတယ်လေ။

အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာတဲ့ စေတီတော်ကြီးဟာ စိမ်းစိုစို လယ်ကွင်းတွေအလယ်မှာ မီးခိုးရောင်ပြာ မှိုင်းမှိုင်းနဲ့ မားမားမတ်မတ်ရပ်တည်နေရဲ့။ စေတီတော်အဝင် လမ်းတစ်ဖက်က ကြာကန်ကြီးတွေမှာလည်း ပန်းနုရောင် ကြာပဒုံတွေက လန်းလို့။ လမ်းဘေး ရေမြောင်းထဲမတော့ ပြာလဲ့လဲ့ ကြာညိုပန်းတွေက ဟိုတစ်ပွင့် ဒီကစ်ပွင့်။

အဝင်လမ်းဘေးက စေတီကြီးပြိုကျခဲ့တုန်းက အပျက် အစီး အုတ်ကျိုးအုတ်ပဲ့တွေလည်း မရှိတော့ပါလား။ မိုးတွင်း လာတုန်းက အင်္ဂတေအပိုင်းအစတွေ အထပ်လိုက် အပုံ လိုက်ပါ။ ခုတော့ တည်ဆောက်ပြုပြင်ရေးမှာ လိုသလို သုံးခဲ့ ကြပြီထင့်။ စေတီတော်ရင်ပြင်တံတိုင်းအတွင်းဘက် ဘုရားရင် အထိ ကားဝင်ခဲ့တယ်။ အုတ်အုတ်သဲသဲ လုပ်အားပေးတွေ တော့ ဒီတစ်ခေါက် မတွေ့ရဘူး။ ဘုရားတည်ဆောက်တဲ့ ကျိုက်ထီးဆောင်းအဖွဲ့ဝင်အချို့ကလွဲလို့ ကုသိုလ်ရှင် လုပ် သားတွေ ခု မလာကြတော့ပါ။ စေတီကြီးက ပြီးသလောက် ရှိနေပြီမို့ အုတ်သယ်၊ သဲသယ်လုပ်နေဖို့လည်း မလိုတော့ တဲ့အပြင်၊ ရွာသားတွေရဲ့ ရိတ်သိမ်းချိန်လည်း ဖြစ်နေလို့ပေါ့။

စေတီတော်ရင်ပြင် ဘုရားအတက်လမ်းနဲ့ မျက်နှာ ချင်းဆိုင်လောက်မှာလည်း အရင်က မရှိတဲ့ ထပ်တိုး ရုပ်တု တွေနဲ့ပါလား။ ထေရဝါဒ ဗုဒ္ဓသာသနာတော်နဲ့ ဆက်စပ်နေတဲ့ အရုပ်တွေထက် နတ်တွေ၊ ဘီလူးတွေ၊ အရုပ်ပြောင်ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



…ကာ ဇာတ်ကောင်တွေ၊ ဓာတ်တွေ၊ နတ်တွေနဲ့ ဆိုင်တဲ့ …ယ်တွေက ပိုများနေတာ သတိထားလိုက်မိတယ်။ စေတီ …ခြေမှာ ကပ်လျက်ရှိနေတဲ့ ပင်မ တန်ဆောင်းကြီးကို …ကြည့်လိုက်တော့ အတော်ရှင်းနေတယ်။ အထဲက …တွန်သပ္ပာယ်လှတဲ့ ကျောက်ဖြူသား ဆင်းတုတော်ကြီး …တောင် ဘွင်းဘွင်းထင်းထင်းကြီး ဖူးတွေ့လိုက်ရပါတယ်။ …… ဆင်းတုတော်ရှေ့က သံတိုင်တွေကို ဖယ်ပစ်လိုက် …ပဲ။ အင်း… ဒါလည်း ပွင့်ပြီး တစ်မျိုးတော့ ကောင်းသွား …ယ်။ ဓာတ်ပုံရိုက်ယူလို့လည်း အဆင်ပြေလှရဲ့။

အရင်အခေါက်တွေ လာတုန်းက မိုးချုပ်လုမှ ရောက် … မိုးသောက်ယံမှာ ညတွင်းချင်း ပြန်ခဲ့ရတာ။ မနက်စော …ာ မိုးထဲမှာ ပြန်ခဲ့ရတာတွေမို့ မှတ်တမ်းကောင်းကောင်း …င်ခဲ့ရလို့ အလင်းရောင်ရှိတုန်း ဓာတ်ပုံပြေးရိုက်မိတယ်။ …တစ်ခါ အချိန်ကောင်းကို ရောက်ခဲ့တာမို့ ဓာတ်ပုံရိုက်ဖို့ …ခွင့်အရေး အများကြီးရနေပါပြီ။ တည်ဆောက်ရေးကာလ …န်ဆုံးလုပြီမို့ လှုလည်း ရှင်းတယ်။ မိုးသားမိုးရိပ်ကင်းတဲ့ …ကြည်လင်းရာသီ မွန်းလွဲပိုင်းမို့ ကောင်းကင်ကြီးကလည်း ပြာ …ဆောက်ပြီး လင်းလို့။ နေပွင့်နေတဲ့ ကွင်းပြင်ကြီးထဲမှာမို့ …တ်တမ်းတင်ရတာ အဆင်ပြေလှတယ်။ စေတီကြီးရဲ့ …န်ဘုန်းလဲဘဝကနေ တစ်ဆင့်ပြီး တစ်ဆင့်ပြောင်းလဲလာ …တဲ့ ဖြစ်စဉ်ကို ဓာတ်ပုံတွေနဲ့ ပြန်လည်နှိုင်းယှဉ်ကြည့်ရမယ်။

စေတီတော်ကြီးနဲ့ ကပ်လျက် ရင်ပြင်ပတ်ပတ်လည်



အရပ်လေးမျက်နှာက တန်ဆောင်းကြီးတွေဟာ နာဂစ်ကာလ အလွန်ပေမယ့် ကျန်သင့်သလောက် ကျန်ပြီး လှသင့် သလောက်လည်း လှနေဆဲပေါ့။ ဒီရှေးဟောင်း တန်ဆောင်း ဇရပ်တွေရဲ့ ဘုံအဆင့်ဆင့်တွေကို ဆေးပြန်သုတ်ထားတော့ "မဲပြာပုဆိုးပေါ်က ချုပ်ရိုးသစ်"ဆိုတဲ့ မြို့တော် သိန်းအောင် ဇာတ်ထဲက မောင်ယဉ်အောင်ရဲ့ နာမည်ကြီး ပြဇာတ်ကို သတိရလိုက်မိသေးတယ်။ ဘာပဲဖြစ်ဖြစ် သည်တစ်ခါ ချုပ်ရိုး သစ်ကတော့ ကောင်းသော ချုပ်ရိုးပါ။ တောက်ပ ရှူးရှတဲ့ ရွှေရောင်နေခြည်မှာ ရေးမှုမပျက် လှပနေပါရဲ့။

တန်ဆောင်းတစ်ခုမှာတော့ ဗုဒ္ဓဝင်ပန်းချီလက်ရာတွေ ကောင်းလွန်းလို့ ဒီတစ်ခေါက်မှ လင်းလင်းချင်းချင်းမို့ ဓာတ်ပုံ လှမ်းရိုက်ရင်း အံ့သြမိတယ်။ ဘုရားပြုပြင်တည်ဆောက်ရေး မှာ တာဝန်ယူထားတဲ့ ပန်းချီဆရာက…

"ကောင်းတာပေါ့ဗျာ။ ပန်းချီဆရာကြီး ဦးစောမောင်ရဲ့ လက်ရာတွေကိုး"

လို့ ပြောပြတယ်။ ဒါ ထိန်းသိမ်းစောင့်ရှောက်ရမယ့် အဖိုးတန်အမွေအနှစ်တွေပါလားလို့ ကံအားလျော်စွာ မပျက် မစီး ကျန်နေသေးတဲ့အတွက် ကြက်သီးထပြီး မျက်လုံးမြူး သွားမိတယ်။

မြို့ကျပျက်စီးသွားတဲ့ စေတီတော်ကြီး ဌာပနာတိုက် ထဲက ထွက်လာတဲ့ ကြေးထည် ဌာပနာပစ္စည်းတွေကိုလည်း ဌာပနာပိတ်ပွဲတုန်းက ပြန်ပြီး ဌာပနာလိုက်ပြီတဲ့။ ကျိုက်ထီး ဆောင်းဆရာတော်နဲ့ လက်ထောက်ဆရာတော်တို့ရဲ့ ရုပ်တု တွေကိုတောင် ထပ်တိုး ရုပ်တုတွေထဲမှာ ထပ်ဖြည့်ထားတာ တွေ့ရရဲ့။ ရင်ပြင်တစ်နေရာမှာတော့ တစ်ခါက ပြုတ်ကျခဲ့တဲ့ ငှက်ပျောဖူးတော်ကြီးကို ပြန်ထောင်ထားတာ တွေ့လိုက်ရ တယ်။ ဒါကလည်း စေတီငယ်တစ်ဆူလိုပါပဲ။

ခေါင်းလောင်းတော်၊ ငှက်ပျောဖူးတွေလည်း ပြီးသွားပြီ မို့ စေတီကြီးက အတော်တော့ ပုံပေါ်နေပါပြီ။ ငှက်ပျောဖူး ကို ဒီခေတ်ဟန်အတိုင်း စတီးလ်ပြားတွေနဲ့ လုပ်ထားလို့ နေရောင်မှာ သတ္တုရောင် တလက်လက်ပေါ့။ သတ္တုတွေ သုံးထားလို့ "မိုးကြိုးလွှဲတပ်ထားလား"လို့ မေးမိတော့ ဒကာမ တစ်ယောက်က "ဆရာတော့်တန်ခိုးနဲ့ မတပ်လည်း ရတယ်၊ အန္တရာယ်မရှိဘူး"လို့ ပြောတယ်။ ထီးတော်တော့ မတင်ရ သေးလို့ တည်ဆောက်ရေးအတွက် ဆင်ထားတဲ့ ငြမ်းတွေ က စေတီရဲ့ ထိပ်ပိုင်းမှာ ရှိနေဆဲပါ။ တည်ဆောက်ရေး လုပ်ငန်းကတော့ အသေးစိတ် အချောကိုင်ဖို့ပဲ ကျန်ပါတော့ တယ်။ မုန့်စိမ်းပေါင်းတုံးကြီးလို ငုံးတိတိစေတီပျက် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ထည်ပိုင်းကြီးသာ မြင်ခဲ့ရတဲ့ မြင်ကွင်းကနေ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေ ပြီးလုလုမှာတော့ အင်္ဂတေရောင်နဲ့ ပြာမှိုင်းမှိုင်း စေတီတော်ကြီးကို မြင်နေရပါပြီ။

## ရွှေမနုတ်ရဲ့ ကဏ္ဍသစ်

မနုတ်ကို ချောင်းပေါက်အောင် လာပြီးတဲ့နောက် ထီးတင်ပွဲရက်များကို ရောက်လာခဲ့ပါတယ်။ ဘုရားပွဲတော်ရက်များမို့ ရန်ကုန်ကနေ ကူးတို့သင်္ဘောနဲ့ ဒလဘက်ကူးပြီး မနုတ်ကို ဆိုင်ကယ် ကယ်ရီတွေလည်း ဆွဲနေလို့ လမ်းက ပိုတိုသွားပါတယ်။ လေနုအေးအေးလေးကို ခံစားရင်း ရန်ကုန်မြစ်ကို ခေါက်တုံ့ခေါက်ပြန် ကူးနေမိရဲ့။ ကြက်ဆူမင် လမ်းကြမ်းမှာတော့ ချောင်းကူးတံတားနှစ်စင်းကိုလည်း ဖျက်ချပြီး ပြန်ပြင်နေတာ သစ်သားတိုင်ဟောင်းတွေ ထိုးထိုးထောင်ထောင်မို့ ဘေးလမ်းလွှဲကနေ သွားရတယ်။ ကြက်ဆူပင်တန်းမှာတော့ အပင်တွေ ကိုးတိုးကျဲတဲရှိခဲပါ။ အနှစ်ရှိတဲ့ အပင်တွေနဲ့ အစားထိုးသွားဖို့တော့ အချိန်ယူရဦးမှာပါ။ ရန်ကုန်ကို လှမ်းမြင်နေရတဲ့ အကွာအဝေးမှာ ရှိနေလျက်နဲ့ ဒီဒေသဟာ ဘာလို့များ မဖွံ့ဖြိုးခဲ့ပါလိမ့်။ ဒေသခံ ၁၈နှစ်လောက်လူငယ်တစ်ယောက်က ရန်ကုန်ကို မရောက်ဖူးဘူး ဆိုလို့လည်း အံ့သြမိရသေးတယ်။ မကြာခင်မှာတော့ သီလဝါဆိပ်ကမ်းနဲ့အတူ ဒေသဖွံ့ဖြိုးရေးတွေလည်း ဖြစ်လာမယ်ထင်ရဲ့။

ပြီးစီးနေပြီဖြစ်တဲ့ မနုတ်စေတီကြီးကိုလည်း ခုလိုပြန်လည်တည်ဆောက်တဲ့ခါ မူရင်းပုံတော်အတိုင်းလားလို့ သိချင်စိတ်နဲ့ မူလပုံတော်တွေနဲ့ နှိုင်းယှဉ်ကြည့်မိတယ်။ တူသလိုလိုနဲ့ မတူတော့ပါဘူး။ ရွှေမနုတ်ရဲ့ မှောင်သောညများ၊ မနက် နေခြည်သစ်ချိန်များကို မကြာခဏ မြင်ခဲ့ပါပြီ၊ မျက်စိရှေ့မှာပဲ တရိပ်ရိပ်ပြောင်းလဲသွားတဲ့ စေတီတော်ကြီးဟာ စတီးလ်ရောင်တလက်လက်၊ သုတ်ဆေး ဝါတာတာတွေနဲ့ ရေးမူမပျက် မူရင်းပုံစံမဟုတ်လှတဲ့ ဆင်ဆင်တူသော နောက်ထပ် ပုံစံသစ်တစ်ခုနဲ့တော့ ဖြစ်တည်လာခဲ့ပါပြီ။

ခု မတ်လမှာ ကျင်းပတဲ့ ထီးတော်တင်ပွဲမှာတော့ လူတွေ ကျိတ်ကျိတ်တိုးနေတယ်။ တိုင်းပြည်က မျှော်, မမျှော် မသိရပေမယ့် မန္တလေး သိန်းဇော်ရဲ့ ဓမ္မသီချင်းသံတွေကလည်း ညံလို့ပေါ့။ ရွှေမန်းသားလေး ဖိုးချစ် ဗလာပွဲ နွားလှည်းပြိုင်ပွဲတွေလည်း လုပ်နေရဲ့။ နေ့စဉ် လာရောက်ကြတဲ့ ဘုရားဖူးတွေကိုတော့ စတုဒိသာ မဏ္ဍပ်တွေထိုးပြီး ရှာနီးချုပ်စပ်က ခွပ်ဒေါင်းတံဆိပ် တူညီဝတ်စုံတွေနဲ့ အလှူရှင်တွေက ဧည့်တလုံးလုံး ချက်ပြုတ်ကျွေးမွေးဧည့်ခံနေရဲ့။ မနက်-ညထမင်းရည်ချောင်းစီးမို့ စပါးအိတ်ထမ်းပြီး ဆန်စက်မှာ ပြေကြိတ်ရသူတွေ၊ ထင်းလှည်းလာပို့သူတွေလည်း မရှား။ သမိုင်းမဝင်၊ မှတ်တမ်းတင်မခံရတဲ့ ပြည်သူတွေရဲ့ လုပ်အား။ ဘုရားရှေ့ဘယ်ဘက်မှာလည်း ပန္နက်ခုံမြင့်မြင့်ကြီးနဲ့ ကျယ်ဝန်းလှတဲ့ သာသနာ့ဗိမာန်တော်ကြီးလည်း ပေါ်ထွန်းလာရဲ့။ ဆိုင်ကယ် ကယ်ရီသမားက…

"ဒီလောက်မြင့်တဲ့ ဇရပ်ကြီးကို ကျုပ်တို့ ရွာသူရွာသားတွေ မြေဝိုင်းဖို့ပေးကြတာ။ ဘာလုပ်အားခမှ ကုန်စရာမလိုတဲ့ ပြီးသွားတယ်"

လို့ အားရပါးရ ပြောပြတယ်။

ပဌာန်းပွဲ၊ တရားပွဲတွေနဲ့အတူ စေတီကြီးပတ်လည်မှာလည်း ဆီမီး၊ ရေချမ်း၊ ပန်း၊ သက်န်းတွေ ကပ်လှူလို့ စည်ကားနေလေရဲ့။ စေတီတော်ပြိုပျက်ကျခဲ့တုန်းက ပံ့တင်ထပ်ခဲ့တဲ့ ငိုကြွေးသံများ၊ ငိုချိန်မရလိုက်သူတွေရဲ့ ရှိုက်သံများ၊ သွားလေသူတွေကို သတိရလို့ မျက်ရည်ကို လက်ဖမိုးနဲ့ ကျိတ်သုတ်ရင်း အမျှဝေနေမယ့်သူများ။ ဆိုင်ခန်းခတွေ အပြိုင်ပေးပြီး အကျိတ်အနယ်ဖွင့်ထားကြတဲ့ ဘုရားပွဲဈေးမှာတော့ ပွဲလမ်းသဘင်နဲ့ ကင်းဝေးနေတဲ့ ရွာသူရွာသား နယ်သူနယ်သားတွေဟာ ကြက်ပျံမကျပါပဲ။ ဝယ်ကြ ခြမ်းကြ တိုးကြ ဝှေ့ကြ၊ ငေးကြ မောကြ၊ ပျော်ကြ ရွှင်ကြပေါ့။

* * *

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး–သု)

စာကိုး ။

- လက်ကမ်းစာစောင်၊ သမိုင်းဝင် ဆံတော်ရှင် မနုတ်စေတီတော်။



www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

## EX-ဓာတ်ပေးဗိမာန်

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
## သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

Ph. 290046
09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com



# သိဒ္ဓတ္ထကုမာရနှင့် သူတို့ငါးဦး

မောင်သာမန် (ဇီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com



(၁)

သူတို့ငါးဦးသည် သူ့အား စိတ်ပျက်ခြင်းများဖြင့် ...ိုင်း စွန့်ခွာခဲ့ကြသည်။ ကျောခိုင်းစွန့်ခွာသွားသောသူတို့ ... သူသည် အပြစ်မမြင်။ သူ့အား မျှော်လင့်တကြီးဖြင့် ...တိုင်တိုင် အလုပ်အကျွေးပြုခဲ့သော သူတို့ငါးဦးအား ...သက်မိပါ၏။ သို့သော် သူတို့ငါးဦး စိတ်ဆိုးစိတ်ညစ် ...ျက်စေရန် သူ့အနေဖြင့် မည်သို့မျှ မပြောကြားခဲ့ပေ။ ...ယ်၍ ပြေရာပြေကြောင်း ပြောမိပါကလည်း သူတို့ ...ည်လက်ခံသည့် ကိုယ်စိတ်ပင်ပန်းနွမ်းနယ်စေသော ...င့်အကြောင်းသာလျှင် ဦးတည်နေမည်သာ ဖြစ်သည်။

အမှန်စင်စစ်၊ သူ၏ ရည်မှန်းချက် ပေါက်မြောက် ...င်မြင်ပါက သူ၏ထံမှ အကြောင်းအကျိုးဆက်စပ်သည့် ...များအား ရရှိနိုင်မည်ဟု သူတို့ငါးဦး မျှော်လင့်ထားကြ ... မျှော်လင့်ထားသည့်အတိုင်းလည်း သူ့အား ယုံကြည်ခဲ့ ...ည်၊ အားထားခဲ့ကြသည်။ အားကိုးကြီးစွာ စောင့်မျှော် ...သည်။ သူ့အား ယုံကြည်မည်ဆိုက ယုံကြည်လောက် ...အနေအထားတွင် ရှိပါ၏။

သူဆိုသည်ကား အခြားမဟုတ်။ ကပ္ပိလဝတ်ပြည့်ရှင် ...ဒ္ဓေါဒနနှင့် မဟာမာယာဒေဝီတို့၏ သားရတနာ သိဒ္ဓတ္ထ ...ရမင်းသားပင်ဖြစ်သည်။ မင်းသားသည် ဘုန်း၊ ကံ၊ ကြမ္မာ ...ားစွာဖြင့် မွေးဖွားလာသော သားတော်ဖြစ်ပါ၏။ သိဒ္ဓတ္ထ ...ရမင်းသား ဖွားမြင်ပြီး ၅ရက်ခန့်အကြာတွင် အမည်နာမ ...ည့်ခေါ်သည့် မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ကြသည်။ ...အခမ်းအနားတွင် ပညာတတ် ပုဏ္ဏား (၁၀၈)ယောက်အား ...၍ ညှော်ခံကျွေးမွေးခဲ့ပါ၏။ ထို (၁၀၈)ယောက်သော ပုဏ္ဏား ...မှ ဗေဒင်လက္ခဏာ၊ နိမိတ်တို့အား ပိုမိုတတ်ကျွမ်း ...လည်သည့် ပုဏ္ဏား (၈)ယောက်တို့အား မင်းသား၏ ...တ်ဇာတာတို့အား စစ်ဆေးစေခဲ့သည်။ ထို (၈)ယောက် ...သော ပုဏ္ဏားပညာရှိတို့မှာ ရာမ၊ ဓဇ၊ လက္ခဏ၊ ဇောတိမန္တ ...ည၊ သုဗောဓ၊ သုယာမနှင့် သုဒတ္တတို့ ဖြစ်ကြသည်။ ...ဏ္ဏား ၇ယောက်တို့၏ တွက်ချက်မှုများသည် တူညီနေကြ ...၏။ သူတို့၏ တွက်ချက်မှုအရ ထုတ်ဖော်၍ မင်းသား၏ ...ဘာနိမိတ်အား ဖြေကြားရာတွင်···

"အရှင်၏ သားတော်မြတ်သည် ကျွန်းရပ်လေးမည်ကို လှည့်လည်ပိုင်စိုးသော စကြာမင်းဖြစ်နိုင်သကဲ့သို့ လူ၊ နတ်၊ ဗြဟ္မာတို့ အားထားရာ ဘုရားသော်လည်း ဖြစ်နိုင်ရလတ္တံ့"

ဟု ဆိုခဲ့ကြသည်။

သို့သော် တစ်ယောက်သော ပညာရှိ ပုဏ္ဏား "သုဒတ္တ" မှာမူ တခြားသော ပုဏ္ဏားများနှင့် မတူခဲ့ပါပေ။ သုဒတ္တ၏ ဆိုစကားအရမူ···

"အရှင့်သားသည် ၃၂ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ်၊ လက္ခဏာတော်ငယ် အံ့ဖွယ် တစ်ဆယ့်ရှစ်ဖြာ၊ တစ်ရာ့ရှစ်ကွက်သော စက်တော်အစုံ ပါပေ၏။ သို့ဖြစ်ခြင်းကြောင့် သုံးဆယ်တစ်ဘုံဝယ် တစ်စုံ တစ်ယောက်သောသူမျှ အတုမရှိ အာသဝေါ်သအစစ် မမှားစေ ထွက်ထား ဘုရားကေန်ဖြစ်လတ္တံ့"

ဟု ထုတ်ဖော် ဟောကြား၍ ကျန်လူဘောင်တွင် ပုထုဇဉ်အသွင် တည်တံ့နေသူမဟုတ်ဟု လက်ညှိုးတစ်ချောင်း ထောင်၍ ဝင့်ကြွားစွာ ဆိုခဲ့ပေ၏။

ထိုစဉ်က သုဒတ္တ ပုဏ္ဏားငယ်၏ ဟောပြောချက်အား သုဒ္ဓေါဒနမင်းအနေဖြင့် အတော်ပင် ဘဝင်မကျဖြစ်ခဲ့သည်။ ယင်းကြောင့်ပင်···

"ငါ၏ သားတော် သိဒ္ဓတ္ထကုမာရသည် ဘုရားဖြစ်မည် ဆိုသော် အဘယ်သို့သော အကြောင်းအား အဓိကထား မြင်တွေ့ပြီး လူတို့၏ ဘောင်တွင် မပျော်ရွှင်ဘဲ ရှောင်လွှဲ၍ တောထွက်ပါအံ့နည်း"

မင်းကြီး သုဒ္ဓေါဒန၏ အမေးစကားသံသည် အတန် ငယ် မာကျောသွားပါ၏။ သို့သော် သုဒတ္တ ပုဏ္ဏားငယ်မှာ ကြောက်ရွံ့မှု တစ်စုံတစ်ရာမရှိ။

"အရှင့်သားသည် ကြီးမားရင့်ကျက်သော ပါရမီ၊ သမ္ဘာ၊ ပညာ၊ သတ္တိ များစွာပြည့်စုံပါပေ၏။ ထို့ပြင် တဏှာရမ္မက် ဝေါက်ငမ်းခြင်းလည်း ကင်းပါ၏။ အရှင့်သားသည် သူအို၊ သူနာ၊ သူသေနှင့် ရဟန်းတည်းဟူသော နိမိတ်လေးပါးအား ထင်သာမြင်သာ တွေ့ရှိ၍ သတိသံဝေ ရသဖြင့် မလွဲမသွေ မုချကေန် တောထွက်ပါလိမ့်မည်"

ဟု သံတော်ဦးတင်လိုက်သည့်အခါတွင် အလောင်း မင်းသား ဖခမည်းတော် သုဒ္ဓေါဒနမှာ ဒေါ်ဟာစိတ် များစွာဖြစ်ခဲ့ ရသည်။

"သိဒ္ဓတ္ထကုမာရ"မင်းသား ဘုရားကေန်ဖြစ်မည်ကို သိ ထားနှင့်ပြီဖြစ်သော ထိုပုဏ္ဏားတို့၏ မျိုးဆက်များဖြစ်သည့် ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိနှင့် ကောဏ္ဍည ဟူသော



www.burmeseclassic.com

www.burmeseclassic.com



သူတို့ငါးဦးသည် ဘုရားဖြစ်ရန် ကြောင်း သူတို့ငါးဦး ရဟန်းပြု၍ ဥရုဝေလတောဆီသို့ ထွက်လာခဲ့ခြင်းဟု ဆိုရမည်ဖြစ်သည်။

ယခုတော့ဖြင့် သိဒ္ဓတ္ထကုမာရ၏ လုပ်ရပ်သည် သူတို့ငါးဦးအတွက် သဲထဲ ရေသွန်သည့်ပမာ ဖြစ်ရမည့်ကိန်းဆိုက်နေတော့သည်။ သိဒ္ဓတ္ထကုမာရသည် ယုံကြည်မှုအား ယိုင်နဲ့ပျက်ယွင်းအောင် ဆောင်ရွက်ခဲ့သည်လားဟူသော သံသယဖြင့် သူတို့ငါးဦး စိတ်ဓာတ်ကျဆင်းခဲ့ရသည်။ ယုံကြည်အားကိုးမှုများ လျော့နည်းခဲ့ရသည်။ သိဒ္ဓတ္ထကုမာရသည် မှားယွင်းသော အတွေးအခေါ် အယူအဆတစ်ခု ဝင်ရောက်နှောင့်ယှက်ခဲ့ပြီလား။ သို့လော…သို့လောဖြင့် စိတ်ဒွိဟများစွာဖြင့် သူတို့ငါးဦး စိတ်ဆင်းရဲခဲ့ရသည်။

ဤ ဥရုဝေလတောသို့ သိဒ္ဓတ္ထကုမာရ ရောက်စဉ်က သူတို့ငါးဦးနှင့် စတင်ဆုံဆည်းခဲ့ကြသည်။ သူ၏ ကံ၊ သူ၏ အကြောင်းကို ကြိုသိထားသူမှာလည်း ပဉ္စဝဂ္ဂီမည်သော သူတို့ငါးဦးပင် မဟုတ်ပါလား။ ဥရုဝေလတောတစ်ခုလုံးကို ကြည့်မည်ဆိုပါက သူတော်စင် ဆာဓုများ၊ ယောဂကျင့်သူ အများစုသည် ထူးထွေဆန်းပြား၍ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်စေသည့် ကျင့်စဉ်များဖြင့်သာ လှုံ့လပြုနေကြပေ၏။ တခြားသောသူများ၏ ကျင့်စဉ်များထက် ပို၍ခက်ခဲသော ကျင့်စဉ်(ဒုက္ကရစရိယာဒုက္ကရကျင့်)အား သိဒ္ဓတ္ထကိုယ်တိုင် ရွေးချယ်ကျင့်ကြံအားထုတ်ခဲ့ပေ၏။ သူတို့ငါးဦးသည်လည်း သိဒ္ဓတ္ထကုမာရ၏ ခက်ခဲသော ကျင့်စဉ်အား သဘောကျ နှစ်ခြိုက်ခဲ့ကြသည်။

ယင်းကြောင့်ပင် သူတို့ငါးဦးသည် သူ၏ထံအပါး၌ နေထိုင်ကြ၍ တစ်နေ့လုံး ဆွမ်းတစ်လုတ်ဖြင့် လည်းကောင်း၊ သစ်သီးတစ်လုံးဖြင့် လည်းကောင်း၊ နှမ်းတစ်စေ့ ဆန်တစ်စေ့ဖြင့် လည်းကောင်း နေ့ရက်ပေါင်းများစွာ အလုပ်အကျွေးပြုခဲ့ပေသည်။ သူတို့ငါးဦးအနေဖြင့် သိဒ္ဓတ္ထကုမာရ ဤသို့ကျင့်ဆောင်ခြင်းဖြင့် ဘုရားအဖြစ်သို့ ကေန်ရောက်လိမ့်မည်ဟု ထင်တစ်လုံးဖြင့် စောင့်မျှော်နေခဲ့သည်မှာလည်း ၆နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။

သို့သော် သိဒ္ဓတ္ထကုမာရသည် ဘုရားကေန်ဖြစ်ပေါ်လာခြင်း မရှိ။ အလျှင်းပင် အာဟာရအား မမှီဝဲတဲ့ ကျင့်ကြံတော်မူသဖြင့် သိဒ္ဓတ္ထကုမာရ၏ ခန္ဓာကိုယ်သည် ပိန်ရှုံ့ကြုံလှီသွားရကား၊ သူ၏ လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်များသည် ကွယ်ပျောက်ခဲ့ရတော့သည်။ အာဟာရမှီဝဲရာ၌လည်း မသေရုံတစ်မယ် နည်းပါးလွန်းသည်ကြောင့် လွန်စွာပင်ပန်းနွမ်းနယ်လှသဖြင့် အာနာပါနစျာန်အား ဝင်စားနိုင်ခြင်း မရှိ။

ချိန်နှင့်ကာ စကြံဦး၌ အားအင်ပြတ်လပ်လျက် ခန္ဓာကိုယ်
ခဲ့ရသည်။

ယင်းအခါမှပင် ဘုရားအဖြစ် ရောက်ရှိရန် ဤ
သော ကျင့်ဆောင်မှုသည် လုံးဝ မှားယွင်းနေပြီဖြစ်ကြော
သိဒ္ဓတ္ထကုမာရ သုံးသပ်မိပေတော့သည်။ ယင်းဖြစ်
ပတ်သက်၍ သူတို့ငါးဦးအားလည်း အပြစ်မဆိုသာပါ
သူ့အနေဖြင့် ဥရုဝေလတောသို့ မရောက်မီကာလက
သော တောအုပ်တစ်ခု၌ လောကီစျာန်ကို စီးဖြန်းနေ
ကာလာမအမျိုး၌ ဖြစ်သော ရသေ့ထံသို့ ကပ်၍ အား
ခဲ့သည်ကြောင့် လောကီစျာန် ခုနစ်တန်ကို ရရှိပြီး ဖြစ်
တစ်ဖန် အထက်စျာန်အား စီးဖြန်းနေသော ဥဒက ရ
တွေ့၍ အထက်စျာန်အား နီးနှောစီးဖြန်းခြင်းဖြင့် ရှစ်
သော သမာပတ်ကို ရရှိပြန်ပါ၏။

သို့သော် သူ့အနေဖြင့် အမျိုးမျိုးအထွေထွေ
စျာန်သမာပတ်ရရှိသော်ငြားလည်း မြတ်သော သဗ္ဗည
ဉာဏ်ရနိုင်ခြင်းကား မဟုတ်ပါပေ။ ဆက်လက်၍ ကြိ
ရှာဖွေဦးမည်ဟု ဆင်ခြင် စဉ်းစားမိပါ၏။ ထိုသို့ ဆင်
သည့်အတိုင်း ဆက်လက်၍ ရှာဖွေနိုင်ရန် ရည်မှန်း
သူသည် ဥရုဝေလတောသို့ အရောက်လာခဲ့ခြင်းဖြစ်

ဥရုဝေလတောသည် တောတောင် သဘာဝတ
ပြည့်စုံပါ၏။ သားရဲ တိရစ္ဆာန်များလည်း ရှိပါ၏။ ထိုသို့
တော၌ စျာန်သမာပတ်၊ ယောဂီကျင့်စဉ်များအား အ
တကုတ် လှုံ့လပြုနေကြသော ဗြဟ္မဏများ၊ ဆာဓုကြီး
သူတော်စင်များလည်း ရှိနေကြပါ၏။ တောသို့ ရောက်စ
သူတွေ့နေ မြင်နေရသည်များမှာ ဆင်းရဲဒုက္ခတို့ဖြင့်
သော ရောဂါကျင့်စဉ်များသာ ဖြစ်ပေသည်။ ထိုကျင့်စဉ်
သည် ကေန်မုချ သဗ္ဗညုတ ရွှေဉာဏ်တော်ရရှိနိုင်
မရရှိနိုင် ဆိုသည်ကို ဒွိဟများဖြင့် တွေပြေးခဲ့သော်
ထိုကျင့်စဉ်အတိုင်း သင့်တော်လိမ့်မည်ဟု ယေဘုယျ
မိခဲ့ဟန်ရှိပေ၏။ သို့သာမက ပါရမီတော်များဖြင့် လ
ကောင်းသောသူအဖို့ မည်သို့သော နည်းနိသျှများဖြင့်
ပင် ကျင့်ဆောင်ပါစေ၊ အမှန်ပင် လိုရာကို ရောက်နိုင်
ဟု ယေဘုယျအမြင်ဖြင့် စဉ်းစားမိခဲ့သည်။

ထိုသို့သော ဆင်ခြင်မှုတို့အား ကန့်ကွက်ခြင်း
လုံးဝ ထောက်ခံနေသည့်အလား ပိုမိုခိုင်မြဲစေသော ပု
များ ရှိကြပါ၏။ ယင်းပုဂ္ဂိုလ်များမှာ တခြားမဟုတ်။
မှားယွင်းသော ကျင့်စဉ်အား မှားယွင်းစွာ ထောက်ခံ
ကူညီနေသည့် သူတို့ငါးဦးပင်ဖြစ်သည်။ ထိုငါးဦး(ပဉ္စ



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓတ္ထကုမာရဘုရားအဖြစ်သို့ ရောက်ရှိချိန်တွင် ဆန်၍ အကျိုးအကြောင်း၊ အကြောင်းအကျိုး သည့် တရားများ နာကြားလိုသော တူညီသော ရှိသူများ ဖြစ်ကြပါသည်။

(၂)

"အသင်မင်းသား…ဤတော ဤတောင်သို့ ရောက် အချိန်အား နှစ်များစွာ စောင့်စားခဲ့သောသူများမှာ ငါးဦးသာ ဖြစ်ပါ၏။ အသင်မင်းသား ဘုရားစင်စစ် ခဲ့ပါက ကျွန်ုပ်တို့သည် ဘုရားရှင်၏ တရားစစ် အား နာယူလိုခြင်းကြောင့် သင်ရှိသော ဤ ဥရု တောသို့ ကြိုတင် လာရောက်ခြင်းဖြစ်ပေသည်"

"အသင်မင်းသား…မိမိ၏ လိုရာကို ဆန္ဒပြီးမြောက် ပန်းဆွတ်ယူပြီး ဘုရားအဖြစ် ကောန်ရောက်ရှိဖို့ရာ သော၊ နာမ်သဘော ချုပ်တည်းနိုင်စွမ်းရှိသည့် သော အကျင့်(ဒုက္ကရစရိယာအကျင့်)သည်သာ တည့် ကန်စွမ်းရှိသည်"

ဟု သူတို့ငါးဦးမှ သူ့အား ပြောခဲ့မည်သာ ဖြစ်ပေ၏။ သူ၏ ယေဘုယျ တွေးခေါ်မှုများနှင့် သူတို့ ငါးဦး၏ ချက်များသည် ထပ်တူမျှ ဖြစ်နေခြင်းကြောင့် မဟာ ဖြစ်သည့် သိဒ္ဓတ္ထကုမာရမှာ ဤမည်သော ဆင်းရဲပင်ပန်း ကျင့်စဉ်အား များယွင်းစွာ ကျင့်ဆောင်ခဲ့ခြင်းဖြစ်ပေ

ထိုသို့သော များယွင်းသော ကျင့်စဉ်သည် ဘုရားမဆို နတ်သိကြားပင် ဖြစ်နိုင်လိမ့်မည်မဟုတ်။ 'လွန်စွာ တယ်သော များယွင်းသည့် အကျင့်ဖြစ်သည်ကို သဘောပေါက်သည့်အချိန်တွင် ပြင်ဆင်ပြောင်းလဲ ကို သူသည် နားလည်ထားပါ၏။

သိဒ္ဓတ္ထကုမာရသည် များယွင်းသော အကျင့်ကြောင့် အင်ချိနဲ့ မူးမိုက်လဲသည့်အခါတွင် ဝိုင်းဝန်းပြုစုသူများမှာ သူများမဟုတ်။ သူတို့ငါးဦးသာ ဖြစ်ပါ၏။ အားအင် ခန်း၍ သေလုမတတ် ခံစားရသည့် ကျင့်ဆောင်မှု၌ ထုံ့လ၊ ဝီရိယတို့အား မင်းသားမှ လျှော့ခဲ့သည်ရှိသော် ငါးဦး မျှော်လင့်ထားသည်များ လက်လွတ်ဆုံးရှုံးရဖွယ်

သိဒ္ဓတ္ထကုမာရ ကျင့်ကြံအားထုတ်ခဲ့သော ပင်ပန်း နယ်သည့် ကျင့်စဉ်အား အမှန်ယူဆထားသည့် သူတို့ တို့အနေဖြင့် အလောင်းမင်းသား သိဒ္ဓတ္ထမှ ထိုကျင့်စဉ် လွှဲဖယ်ခဲ့သည်ရှိသော် လက်ရှိအခါသမယ၌ ဘုရားပွင့် ခြင်းမရှိသည့်ပြင် မိမိတို့သည်လည်း ဘုရားနှင့် မကြုံကြိုက် တော့မည့်အဖြစ်၊ ဘုရား၏ ဒေသနာတော်များ မနာကြားရ သည့်အဖြစ်များ ဖြစ်ပေါ်လာမည်ကို အထူးပင် ပူပန်မှုများစွာ ဖြင့် စိုးရိမ်မကင်းဖြစ်ခဲ့ရသည်။

သူတို့ငါးဦးသည် သူ၏ ကျင့်ကြံအားထုတ်မှုအပေါ်၌ စိတ်ကုန်၍ ပြောင်းလဲသွားမည်ကို အထူးပင် စိုးရိမ်ပူပန်ခဲ့ကြ သည်။ ယင်းကြောင့်ပင် အားအင်ပြတ်လပ်၍ လဲကျနေသော သိဒ္ဓတ္ထကုမာရအား သူတို့ အစွမ်းကုန် ပြုစုခဲ့ကြသည်။ အားပေးစကားများ အဆက်မပြတ် ပြောကြားခဲ့ကြသည်။

မည်သို့ပင်ဆိုစေ၊ သိဒ္ဓတ္ထကုမာရသည် မိမိ၏ စိတ် သန္တာန်၌ ဖြစ်ပေါ်နေပြီးဖြစ်သော ဆင်ခြင်မှုတရားများအား သူတို့ငါးဦးအား ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပေ။ ဖွင့်ထုတ် ပြောကြားသည်ဆိုဦးတော့ သူတို့ငါးဦး လက်ခံနိုင်မည်မဟုတ် ပေ။ ဤနေရာတွင် သူတို့ငါးဦး၏ မသိခြင်းအား နားလည် သိရှိလိုက်ရသော သူ့အနေဖြင့် သူတို့ငါးဦးအား အထူးပင် ကရုဏာသက်ခဲ့ရတော့သည်။

သိဒ္ဓတ္ထကုမာရအနေဖြင့် ဘုရားအဖြစ်သို့ ရောက်ရှိရန် မှာ ဖြနှစ်တိုင်တိုင် ပင်ပန်းဆင်းရဲသော ကျင့်စဉ်အား လက်တွေ့ ကျကျ ကျင့်ကြံခဲ့ပါ၏။ ထိုသို့ လက်တွေ့ကျကျ ဆောင်ရွက် ခြင်းဖြင့် ထိုအကျင့်ဖြင့် ဘုရားအဖြစ်သို့ ရောက်ရှိနိုင်သည် ဆိုသည်ကို လုံးဝ လက်သင့်မခံနိုင်သောအဖြစ်သို့ ဆိုက် ရောက်ခဲ့ရသည်။

သတ္တဝါတို့၏ ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာ သဘောသဘာဝ အရ သဒ္ဓါလွန်လျှင် ကျွံသည်၊ ပညာလွန်လျှင် ဆွံ့သည်၊ ဝီရိယလွန်လျှင် ပြန့်သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိသာလျှင် လွန်သည်မရှိ။ လိုအပ်သည်သာ ရှိပေမည်။ ထိုသို့ ဆင်ခြင်ပြီး ဆင်ခြင်ရင်းဖြင့် အာဟာရကို မျှစေလျက် ကိုယ်လက်ဖြည့်တင်း၍ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိ ကို မျှတစေတော့အံ့ဟု သူ့အနေဖြင့် စိတ်ကို ပိုင်ပိုင်ခုံဖြတ် နိုင်ခဲ့တော့သည်။

ဤသို့ဖြင့် သူသည် မြို့ရွာများသို့ ချဉ်းကပ်၍ ခံအပ် သော ဆွမ်းအား ဘုဉ်းပေးတော်မူ၏။ ထိုသို့ ဘုဉ်းပေးခြင်းဖြင့် လတ်တလော အကျိုးရလဒ်ကား ပျောက်ကွယ်လုနီးပါးဖြစ် နေသော မဟာပုရိသ လက္ခဏာတော်တို့သည် ပေါ်မြ ပြကတေ့အတိုင်း ပြန်လည်၍ ပေါ်ပေါက်ခဲ့တော့သည်။

သိဒ္ဓတ္ထကုမာရ၏ အမှတ်မထင်ပြောင်းလဲ ကျင့်ဆောင် သော လုပ်ရပ်ကြောင့် သူတို့ငါးဦးသည် တုန်လှုပ်ချောက်ချား ခြင်းကြီးစွာဖြင့် ဝမ်းနည်းပူဆွေးသွားရသကဲ့သို့၊ သူ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com

ထားရှိသော မျှော်လင့်ချက်များ ရုတ်တရက် ပြိုကွဲ ပျက်လွင့်သွားခဲ့ရပေသည်။ ထို့ကြောင့်ပင် သူတို့ငါးဦးသည် သူတို့၏ မျှော်လင့်ခြင်းရောင်ခြည် ပျက်သုဉ်းသွားရသည်ကဲ့သို့ သိဒ္ဓတ္ထကုမာရအားလည်း မကျေမလည်ဖြစ်ခဲ့ရသည်။

"ငါတို့ အနှစ်နှစ်အလလ မျှော်လင့် အားထားလာခဲ့သမျှ လုံးဝဥဿုံ ဆုံးရှုံးခဲ့ရချေပြီ။ သိဒ္ဓတ္ထမင်းသား၏ လုပ်ရပ်သည် ငါတို့၏ စိတ်နှလုံးအား မကြည်မလင်ဖြစ်ရချေ၏။ သိဒ္ဓတ္ထကုမာရသည် ၆နှစ်တိုင်အောင် ခြိုးခြံစွာ ကျင့်သည့် ကျင့်စဉ်အား ကျင့်ခဲ့သည့်တိုင် ဘုရားမဖြစ်ဘဲ ရှိခဲ့ပေသည်။ ယခုဆိုပါက ပို၍ပင် ဆိုးချေတော့မည်"

ဟု အချင်းချင်းပြောဆို တွေးထင်ကြ၏။ သူ့အား စိတ်ပျက်စွာ စွန့်ခွာ ကျောခိုင်းလျက် ဣသိပတန မိဂဒါဝုန်တောဆီသို့ သူတို့ငါးဦး ခေါင်းငိုက်စိုက်ချ၍ ထွက်ခွာသွားကြပေတော့သည်။

(၃)

သူတို့ငါးဦးသည် သူ့အား ကျောခိုင်း၍ စွန့်ခွာသွားကြပြီဖြစ်သည်။ သိဒ္ဓတ္ထကုမာရသည် မိမိကိုယ်ကိုယ် မိမိ ယုံကြည်သူဖြစ်၏။ ရှေးကာလများမှပင် ပါရမီတော်များအား ဖြည့်စွမ်းလာခဲ့သည့် မဟာပုရိသ ဖြစ်ပါ၏။ ထို့ပြင် အိုသူ၊ နာသူ၊ သေသူ ဟူသော ဆင်းရဲသည့် ပြယုဂ်များအား မြင်တွေ့ ခံစားခဲ့ရသကဲ့သို့ လွန်စွာငြိမ်းအေးသည့် ရဟန်းကိုလည်း သူကိုယ်တိုင်တွေ့ရှိခဲ့ရပြီဖြစ်သည်။ ယခုအခါတွင် သူသည် မလွဲမသွေ ဘုရားစင်စစ် ကေန်ဖြစ်ရမည်ဟူသော ဆုံးဖြတ်ချက်ပိုင်ပိုင်ချထားခဲ့ပြီမို့ ဆက်လက်၍ သူတစ်ဦးတည်းသာ အလယ်အလတ်လမ်းစဉ်အရ ကျင့်ဆောင်တော်မူခဲ့သည်။

သူ့အနေဖြင့် ပင်ပန်းဆင်းရဲသော အကျင့်အား ကျင့်စဉ်အခါက ကျောက်ခဲ ဆီကြိတ်ရသကဲ့သို့ မည်ကဲ့သို့မျှ အကျိုးမထင်။ လမ်းမှားခဲ့ရသည်။ ထိုစဉ်က လမ်းမှားနေသည်ကို လမ်းမှားသည်ဟု မမြင်မိခဲ့ပေ။ ကြိုးစားသူ သိဒ္ဓတ္ထကုမာရနှင့် အားပေးသူ သူတို့ငါးဦးသည် အမှန်တရားအား မမြင်မိဘဲ ကျင့်ဆောင်မှုများသည်လည်း မှားယွင်းခဲ့ရသည်။ ယခုအခါတွင် ကြာကြာဝါးတော့ ခါးမှန်းသိ ဆိုသကဲ့သို့ ဒုက္ကရစရိယဟူသော လမ်းမှားအကျင့်အား ဖယ်ရှားပြီး မဇ္ဈိမပဋိပဒါဟူသော အလယ်အလတ်ကျင့်စဉ်ကို ကျင့်ကြံရာမှ လမ်းမှန်ကို ရောက်ခဲ့ရခြင်းဖြစ်သည်။ ထိုအချိန်ကာလများတွင် သူတို့ငါးဦးသည် မျှော်လင့်ချက်ဝေးပြီဟူသော မှတ်ချက်ဖြင့် မိဂဒါဝုန်တောဆီသို့ ရှောင်ထွက်သွားခဲ့ကြပြီဖြစ်သည်။

သိဒ္ဓတ္ထကုမာရနှင့် သူတို့ငါးဦး၏ တွေ့ဆုံကြုံကွဲ ဖြ များ၏ နောက်ဝယ် ဘုရားလောင်း သိဒ္ဓတ္ထသည် ဘုရား စင်စစ်ဖြစ်ဖို့ရန် အခြေအနေကောင်းများ ဆက်တိုက်ဖြ ခဲ့သည်။

ပထမအဆင့်အနေဖြင့် အိပ်မက်ကြီး ငါးခုကို သက္က ၁၀၃ ခု၊ ကဆုန်လဆန်း ၁၄ရက်၊ အင်္ဂါနေ့ ညအခါ ထူးခြားစွာ မြင်မက်ခဲ့ရသည်။ ထိုသို့ အိပ်မက်ငါးအင် မြ ခဲ့ပြီးနောက် ငါသည် ဘုရားစင်စစ် ကေန်ဖြစ်မည်ဟု ကိုယ်မိမိ ယုံကြည်ချက်ထားနိုင်ခဲ့သည်။

ဒုတိယအဆင့်အနေဖြင့် သေနနိဂုံးရွာကြီး၏ အ ညောင်ပင်ကြီးတစ်ပင်အောက်၌ ထွန်းလင်းသော ကိုယ် ကိုယ်ဝါ တောက်ပခြင်းဖြင့် စံနေစဉ် မဟာသေန သူကြ ၏ သမီး သုဇာတာ၏ ယနာနို့ဆွမ်းအား ရွှေခွက်ဖြင့် အ ခံခဲ့ပေသည်။ ယင်းနောက် နေရဉ္ဇရာမြစ်၏ သုပ္ပတိဋ္ဌ ဆိပ်ကမ်းတွင် ဘုရားအလောင်း သိဒ္ဓတ္ထသည် ရေချိုးပြီး နောက် ယနာနို့ဆွမ်း ၄၉လုတ် ဘုဉ်းပေးတော်မူခဲ့သ ယင်းနောက် ဘုရားဖြစ်မည်ဆိုပါက ရွှေခွက်သည် ရေညာ ဆန်တက်ပါစေဟု အဓိဋ္ဌာန်ပြုပြီး ရွှေခွက်အား ရေ မျှောလိုက်သည်တွင် ရွှေခွက်ဟာ ရေညာဆန်တက်ခြင်း ဘုရားဖြစ်မည့် နိမိတ်ကောင်းများ ပြခဲ့ပေသည်။

တစ်နေ့တာကာလတွင် နေရဉ္ဇရာမြစ်နားရှိ အင်ကြ တောတွင် တရားရှုမှတ် ဆင်ခြင်တော်မူခဲ့သည်။ ဗောဓိ သို့ ကြွတော်မူရာ လမ်းခရီး၌ သောတ္ထိယ မြက်ထမ်းသ လှူသော မြက်ရှစ်ဆုပ်ဖြင့် ဗောဓိပင်အောက်၌ အဓိဋ္ဌာန် ဖြန့်ခင်းလိုက်ရာ ၁၄တောင် ပမာဏရှိ အပ္ပရာဇိတ ပ တော် ပေါ်ပေါက်ခဲ့ရပေသည်။ အလောင်းတော်မြတ်သ အပ္ပရာဇိတ ပလ္လင်တော်ပေါ်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင် မူပြီး နေမဝင်မီမှာပင် ဒေဝပုတ္တမာရ်ခေါ် မာရ်နတ်ရန်အ အလွယ်တကူ အောင်မြင်ခဲ့သည်။

ညဦးအခါတွင် သံသရာတွင် ဖြစ်ခဲ့သော ဘဝအ အား မြင်နိုင်စွမ်းသည့် ပုဗ္ဗေနိဝါသဉာဏ်မြတ်အား ရရှိခဲ့ သည်။ ထို့နောက် ညဉ့်သန်းခေါင်ယံအချိန်တွင် မည်မျှဝေး မည်မျှကာဆီးထားထား အတားအဆီး အပိတ်အဆို့ ထွင်းဖောက် မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်မြတ်အ ရခဲ့ပြန်ပေသည်။

မိုးသောက်ယံအချိန်တွင် ကိလေသာအာသဝ(စိတ် စိတ်ညစ်မှန်သမျှ)အား တစ်စမကျန် ပယ်သတ်နိုင်သေ အာသဝက္ခယ ဉာဏ်တော်မြတ်အား ရတော်မူသည်။ ယ



www.burmeseclassic.com

www.burmeseclassic.com



ကောင်း သိစရာဟူသမျှအား အကုန်သိနိုင်စွမ်းသော သဗ္ဗညုတဉာဏ်တော်အား တစ်ဆက်တည်းရပြီးသည့်နောက် သုမေဓာရှင်ရသေ့ မျှော်လင့်တောင့်တခဲ့ရသော ဘုရားအဖြစ်သို့ မဟာသက္ကရာဇ် ၁ဝ၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့(နောက်နေ့ မိုးသောက်)အချိန်တွင် ရောက်ခဲ့ပေတော့သည်။ ထိုစဉ်မှစ၍ ရုပ်တော်၊ ကံတော်၊ ဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်စစ် ကောန်အမှန်ဖြစ်တော်မူခဲ့ပြီး လူ၊ နတ်၊ ဗြဟ္မာတို့၏ အားကိုးအားထားရာလည်း ဖြစ်တော်မူခဲ့ပြီးဖြစ်သည်။

ဘုရားရှင်အဖြစ် ရောက်တော်မူပြီးနောက် မဟာဗောဓိ ပင်တစ်ဝိုက်ရှိ ခုနစ်ဌာန၌ ခုနစ်ရက်စီ၊ ပေါင်း ၄၉ရက် သမာပတ် ဝင်စား၍ နိဗ္ဗာန်သို့ အာရုံပြုပြီး ချမ်းသာစွာ နေထိုင်သူ သီတင်းသုံးတော်မူခဲ့ပေသည်။ ဘုရားရှင်သည် ရာဇာယတနပင်ရင်းသို့ ကြွတော်မူစဉ် ရာမညတိုင်း ဥက္ကလာပ ဇနပုဒ် ပေါက္ခရဝတီမြို့မှ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်မှ ကြွက်ကျစ်မုန့်ပျားဆုပ် မုန့်များကို ကပ်လှူကြ၏။ ဘုရားရှင်မှ ဓွေဝါမိက သရဏဂုံနှစ်ပါးနှင့်တကွ ဆံတော်မြတ် ရှစ်ဆူကို ကုန်သည်ညီနောင်တို့အား ကိုးကွယ်ရန် ချီးမြှောက်တော်မူခဲ့သည်။

သို့ဖြင့် ဘုရားကောန် စင်စစ်ဖြစ်နေပြီးဖြစ်သော်လည်း မိဂဒါဝုန်တော၌ ရှိနေသော သူတိုင်ငါးဦးမှာ ယုံမှား သံသယရှိနေတုန်းပင် ဖြစ်ပေသည်။

(၄)

ဗုဒ္ဓဘုရားရှင်သည် မိမိ ဘုရားမဖြစ်မီကာလ ဥရုဝေလတော၌ ဖြစ်ပျက်သမျှအား ပြန်လည်ဆင်ခြင်မိပေသည်။ မိမိ ဘုရားအဖြစ်ရောက်ရှိရန် စောင့်စားနေသူများဖြစ်သည့် သူတိုင်ငါးဦး (သို့မဟုတ်) ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်နှင့် အဿဇိ ဟူသော သူတိုင်ငါးဦးအား တစ်ခုခုဆောင်ရွက်ပေးသည်ဟူသော စိတ်ဆန္ဒဖြစ်ပေါ်ခဲ့ပါ၏။

ထို့ပြင် ဘုရားမပွင့်မီကာလများ၌ အိန္ဒိယပြည်တွင် ဆဒကျမ်းလာ ဗြဟ္မာဟု ခေါ်ဆိုသည့် ဟိန္ဒူဝါဒအား ယုံကြည်ကိုးကွယ်သူ များပြားခဲ့ပါ၏။ ထိုဝါဒသည် ဗြဟ္မာကြီးများ ဖန်ဆင်းသော ဝါဒဟု ယုံကြည်ကြပြီး ဗြဟ္မာများမှ မဟာဗြဟ္မာကြီးများ၏ ရင်သွေးမှ ဖြစ်ပေါ်သူများဟု ဆိုကြပေသည်။ တခြားသောသူများမှာ ခြေဖမိုး စသော ယုတ်ညံ့သောနေရာမှ ဖြစ်ပေါ်လာသူဟု ယုံကြည်ယူဆခဲ့ကြပြီး သူတန်းစားခွဲခြားမှုများ ရှိခဲ့ပေသည်။ ထို့ပြင် လူတို့၏ ခန္ဓာကိုယ်ထဲ၌ အတ္တဟူသော ထူးခြားသော ဓာတ်ရှိသည်ဟု ယူဆကြသည်။ ရုပ်နှင့် ခန္ဓာသော သေဆုံးပျက်ပြယ်သွားသော်လည်း အတ္တသည် မည်သည့်အခါမျှ မသေဟူသော အတ္တဝါဒသည် လွှမ်းမိုးထွန်းကားလျက် ရှိနေပေသည်။

ဗုဒ္ဓဘုရားရှင်၏ အယူအဆသည် ထိုသို့မဟုတ်။ အတ္တဝါဒီသမားများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိပေ၏။ ဖြစ်ပြီးနောက် ပျက်ရသည်ဟူသော အနတ္တဝါဒ အပြင် တစ်ဦးနှင့် တစ်ဦး ရှိသေလေးစားကြသော လက်ရေတစ်ပြင်တည်း ဝါဒများပင် ဖြစ်ပေသည်။ ဘုရားရှင်သည် မိမိနှင့် ဆန့်ကျင်နေသော ဝါဒကြားတွင် တရားဟောရမည်ကို ဝန်လေးနေမိပေသည်။ ထိုစဉ်ကာလတွင် သဟမ္ပတိ ဗြဟ္မာမင်းကြီးမှ…

"အရှင်ဘုရား… တရားစကြာကို လည့်တော်မူ၍ လောက၏ အပူကို ငြိမ်းအေးပေးတော်မူပါ ဘုရား"

ဟု လျှောက်ထား တောင်ပန်းမှုကြောင့် ဘုရားရှင်သည် တစ်ဆယ့်ရှစ် ယူဇနာဝေးကွာသော ဗာရာဏသီပြည်အနီးရှိ သူတိုင်ငါးဦးရှိရာ မိဂဒါဝုန်တောသို့ ကြွချီတော်မူခဲ့ပေသည်။

မဟာသက္ကရာဇ် ၁ဝ၃ခု၊ ဝါဆိုလပြည့်၊ စနေနေ့တွင် ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဦး ဓမ္မစကြာ ဟောကြားတော်မူခဲ့ပေသည်။ ပထမနေ့တွင် သူတိုင်ငါးဦးထဲမှ ကောဏ္ဍညသည် သောတာပန်ဖြစ်သွားပေသည်။ ဝါဆိုလပြည့်ကျော် တစ်ရက်မှစ၍ ကျန်လေးဦးမှာ တစ်ရက် တစ်ပါးကျ သောတာပန် ဖြစ်သွားကြပြီးနောက် လပြည့်ကျော် ၅ရက်နေ့တွင် ဘုရားရှင်မှ အနတ္တလက္ခဏာသုတ်ကို ဟောတော်မူသည့်အခါတွင်မှ သူတိုင်ငါးဦး(ပဉ္စဝဂ္ဂီ)မှာ ခြွင်းချက်မရှိ ရဟန္တာများ ဖြစ်သွားကြပါလေ၏။

* * *

မောင်သာမန်(ဓါးကျွန်း)

မှီငြမ်း၊

- ဇိနတ္ထပကာသနီ၊
- ဗုဒ္ဓဝင်ကျမ်း။



www.burmeseclassic.com

www.burmeseclassic.com



အရှင်ဉာဏဝရ (သာပေါင်း)

ပုထုဇဉ် လူသားမှန်သမျှတို့သည် မိမိတို့ အသက်ရှင်သန်မှုကို လိုလားကြသည်နှင့်အမျှ သေခြင်းတရားကိုမူ လွန်စွာကြောက်ရွံ့ ထိတ်လန့်တတ်ကြသည်မှာ ဓမ္မတာပင် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နှင် သေရဲပြီလား"ဆိုတဲ့ စကားကို မကြားလို့ မမြင်ဘူး မတွေ့ကြုံလိုက်ကြပါ။ မိမိတို့ သေခြင်းအကြောင်းကိုမှ တွေးကြပါ။ သေမယ့်အကြောင်း မတွေးတဲ့အပြင် "နှင်အသက်ဘယ်လောက်ရှိပြီလဲ" စသည်ဖြင့် မေးတာတောင်အချို့ သိပ်မဖြေချင်ကြပါဘူး။ သေမင်းကြားသွားမယ်တဲ့။ သေမင်းဆိုတာ ဟိုးအဝေးကြီးမှာ မဟုတ်ပါဘူး။ ကိုယ့်ရဲ့ခန္ဓာကိုယ်ဟာ သေမင်းကြီးပဲ။ နေ့စဉ်နှင့်အမျှ သေမင်းမရဏရဲ့ ယယ်ကျွန်တော် ဇရာက ဒီခန္ဓာကိုယ်ကြီးကို ခေါ်ဆောင်ဆဲ့ အခု ကိုယ့်ခန္ဓာ ကိုယ်ပြန်ကြည့်ပါဦး။ ငယ်ရုပ်နဲ့ မတူတော့ဘူး။

အမှန်က လူသားတိုင်း မြတ်ဗုဒ္ဓ မိန့်မှာခဲ့တဲ့ မိမိတို့သေခြင်းသဘောတရားကို အမြဲဆင်ခြင်နေခြင်းဖြင့် မရဏာနုဿတိ ဘာဝနာကို နေ့စဉ် ပွားများနေသင့်ပါတယ်။

သတ္တဝါတိုင်း၊ လူသားတိုင်းဟာ ကွေးသောလက်ဆန့်မီ ဆန့်သောလက် မကွေးမီ သေခြင်းတရားက အလွန်လျှင်မြန်တတ်ပါတယ်။ ဒါကြောင့် ဘုရားရှင်လက်ထက်ကရဟန်းတော်များ သေခြင်းတရား ဆင်ခြင်ကြရာမှာ ပထမရဟန်းက တစ်ရက်အတွင်း သေရလိမ့်မယ်လို့ ဆင်ခြင်တယ်။ ဒုတိယ ရဟန်းက နေ့အတွင်း သေရလိမ့်မယ်၊ တတိယ ရဟန်းက နေ့ဝက်အတွင်း သေရလိမ့်မယ်၊ စတုတ္ထရဟန်းက ဆွမ်းတစ်ကြိမ်စာအတွင်း သေရလိမ့်မယ်၊ ပဉ္စမရဟန်းက ဆွမ်းလေးငါးလုတ်အတွင်းမှာ သေရလိမ့်မယ်၊ ဆဋ္ဌမ ရဟန်းက ဆွမ်းတစ်လုတ်အတွင်းမှာ သေရလိမ့်မယ်၊ သတ္တမ ရဟန်းက ဆွမ်းတစ်လုတ်စာတစ်ဝက်အတွင်းမှာ သေရပါလိမ့်မယ်၊ အဋ္ဌမ ရဟန်းက ထွက်သက် ဝင်သက်အတွင်းမှာ သေရလိမ့်မယ်လို့ ဆင်ခြင်တဲ့အကြောင်း မြတ်စွာဘုရားရှင်ကို လျှောက်တော့ ဘုရားရှင်က ပထမမှ သတ္တမအထိ ရဟန်းများကို ကဲ့ရဲ့တော်မူပြီး အဋ္ဌမ ရဟန်းကိုတော့ မေ့မလျော့သော သတိရှိသူဟု ချီးမွမ်းတော်မူပါသည်။

(အင်္ဂုတ္တိုရ်၊ ဒုတိယ၊ ပဏ္ဏာသကာ၊ ယမကဝဂ်၊
ပထမ မရဏ သတိသုတ်)

ယခုခေတ် ရဟန်းတွေရော၊ လူတွေပါ အားလုံး "ငါတို့ ဒီနေ့သေကြပါလိမ့်မယ်"လို့ ဘယ်သူမှ တွေးကြလိမ့်မည်မဟုတ်ပါ။ အကယ်၍ တွေးကြမယ်ဆိုလည်း နည်းပါလိမ့်မယ်။ ကဲ - များသောအားဖြင့် ဘာတွေ တွေးနေကြသလဲ။ လောဘရဲ့ အခြေခံ တိုက်မရှိသူက တိုက်ကို ဘယ်လိုနည်းဖြင့် ရအောင်လုပ်ရမလဲ၊ ကားမရှိသူက ကားလိုချင်ပြန်တယ်၊ ဖုန်းမရှိသူက ဖုန်းလိုချင်ပြန်တယ် စသဖြင့် မိမိတို့လောဘရဲ့ ဆွဲဆောင်မှုအားလုံးလိုချင်ကြတယ်။ တစ်ခုရရင် နှစ်ခုလိုချင်ပြန်တယ်။ ဒီဟာ ရပြန်တော့ ဟိုဟာ လိုချင်ပြန်တယ်။ ဒါပေမယ့် ကိုယ်နေတဲ့ တိုက်က ကိုယ့်ပြန်သတ်လိမ့်မယ်လို့ ဘယ်သူမှ မတွေးမိကြဘူး။ သဘာဝဘေးအန္တရာယ် ကံတရားကြောင့် တိုက်ကို မီးလောင်မယ်၊ ငလျင်လှုပ်မယ်၊ မုန်တိုင်းတိုက်မယ်၊ မမြင်ရတဲ့ ကံတရားကြောင့် အဲဒီတိုက်က ကိုယ်သေရလိမ့်မယ်လို့ မတွေးမိခဲ့ပေမယ့် ဒီနေ့လို ခေတ်ကြီးများစွာရှိပါလိမ့်မယ်။

ကဲ - ကိုယ်စီးသွားတဲ့ ကား သေခြင်းတရားကို မမျှော်လင့်စေကာမှု ကိုယ့်ရဲ့ ကံတရားကြောင့် ကိုယ့်ကားဘယ်လောက်ကောင်းကောင်း တခြားကား မကောင်းပြန်ရင် ကိုယ်စီးသွားတဲ့ကားက ကိုယ့်ပြန်သတ်တတ်ပါတယ်။ လောကတွေ့မြင် ကြားသိရတဲ့ အကြောင်းတွေ များစွာရှိပါတယ်။

မြတ်စွာဘုရားက အတိဏသုတ်မှာ သေခြင်းကို မပြတ်ဆင်ခြင်ရမည့် နည်းလမ်းကို ဟောတော်မူပါတယ်။ သေခြင်းတရားကို အမြဲဆင်ခြင်နေသူက သေရဲတဲ့သူလို့ ဆိုရပါမယ်။ သေခြင်းတရားဆင်ခြင်ပုံက "ငါက အိုခြင်းသဘောရှိတယ်။ အိုခြင်းသဘော မလွန်မြောက်နိုင်ပါဘူး။ ငါက နာခြင်းသဘော၊ သေခြင်းသဘောရှိတယ်။ အဲဒီနာခြင်း၊ သေခြင်း သဘောတရားတွေကို နေ့ညမပြတ် အမြဲဆင်ခြင်ပွားများနေတဲ့သူကို မြတ်စွာဘုရားက သေရဲတဲ့သူတဲ့။ ကဲ - ကိုယ်သေရဲတဲ့သူဖြစ်ပြီလား။

လူတစ်ယောက်မှာ နေရဲသူ၊ သေရဲသူဘဝဖြစ်နိုင်ရေးအတွက် လူသားတိုင်း လူ့ဘဝအတွက် အသက်ရှင်နေစဉ်အတွင်း ကာယကံ ဘယ်လိုအကြောင်းအရာပြုလုပ်ပါစေ၊ ကောင်းသော အပြုအမူမျိုးနဲ့ ပြုလုပ်ပါ။ ဝစီကံ ဘယ်လိုအကြောင်းအရာမျိုးစုံကို ပြောဆိုနေကြစေကာမူ ကောင်းသော အပြောအဆိုနဲ့ နေထိုင်နိုင်ကြပါစေ။ မနောကံ ဘယ်လိုအကြောင်းအရာမျိုးစုံကို တွေးတောကြံစည်နေပါစေကောင်းသော အကြံအစည်ဖြင့် တွေးတောလုပ်ကိုင်နိုင်ကြပါစေ။ အဲဒီလို မိမိတို့ဘဝကို တည်ဆောက်နေကြမယ်ဆိုပါက တမလွန်ဘဝအတွက် ကောင်းမြတ်သော သေခြင်း၊ မြင့်မြတ်သော သေခြင်းဖြင့် ကိုယ့်ဘဝကို တည်ဆောက်နေသူများသည် သေရဲတဲ့သူများဖြစ်ကြပါလိမ့်မယ်။

◆ ◆ ◆

မြတ်စွာဘုရားရှင်လက်ထက်က ပုဏ္ဏားကြီးတစ်ယောက်ဟာ ဘုရားထံ လျှောက်ထားခဲ့ဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com





"မြတ်စွာဘုရား···လူတိုင်းသေရမည်ကို သိပါတယ်။ သေရမည်ကိုလည်း ကြောက်ကြပါတယ် ဘုရား"

တဲ့။ အဲဒီတော့ မြတ်စွာဘုရားက···

"ပုဏ္ဏားကြီး···သေဘေးကြောက်သူ လေးယောက်ရှိပြီး မကြောက်သူ လေးယောက်ရှိတယ်။ အဲဒါတွေက ဘာတွေလဲဆိုတော့ လူတွေက ကိုယ့်ရဲ့ လင်သားမယား ပစ္စည်းဥစ္စာ တိုက်တာရွှေငွေတွေကို စွဲလမ်းအားကြီးရင် သေခါနီးမှာ ကာမဂုဏ်များနဲ့ ခွဲခွာရတော့မှာပဲ ပူပန်ပြီးသေရမှာ ကြောက်တတ်ကြပါတယ်။

နောက်လူတစ်မျိုးက လူတိုင်း မိမိကိုယ်ကို အလွန်စွဲလမ်းတယ်။ ဘဝတဏှာအားကြီးပြီး မိမိနဲ့ တူကဲ့ ချစ်သူမရှိပါ။ မိမိကိုယ်ကို စွဲလမ်းချစ်ခင်ပြီး သာယာ မက်မောနေသဖြင့် သေရတော့မယ်ဆိုရင် အပူကြီးပူပြီး ကြောက်တတ်ကြပါတယ်။ နောက်လူတစ်မျိုးက သူတစ်ပါးအသက်သတ်ခြင်း၊ ခိုးခြင်း၊ ကာမဂုဏ်ဖြစ်မှားသောက်စားခြင်း စတဲ့ ဒုစရိုက်တွေကို နေ့စဉ်လိုလို ပြုလုပ်နေသူက မိမိကိုယ်ကို အသိဝင်လာတဲ့တစ်နေ့မှာတော့ "ဩော်··· ငါသေရင် အပါယ်ကျလိမ့်မယ်"လို့ တွေးပြီး သေရမှာကို ကြောက်လန့်တတ်ကြပါတယ်။

နောက်လူတစ်မျိုးက အကုသိုလ်လုပ်ပြီး အပါယ်
ကျလိမ့်မယ်ဆိုတာ ဟုတ်မှဟုတ်ပါရဲ့လား။ ပဋိစ္စသမုပ္ပာ
ဆိုတာ မှန်ပါရဲ့လား။ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုတာ ရှိပါရဲ့လာ
စသည်ဖြင့် တရားကို ယုံမှားသံသယဖြစ်နေပြီး ဘာကုသိုလ်
မှ မပြုခဲ့တဲ့။ အဲဒီသူက သေခါနီးမှာ ပူပန်ကြောက်တတ်ကြ
တယ်။ အဲဒီလိုကြောက်တတ်တဲ့သူ ရှိကြသလို၊ မကြော
တတ်တဲ့သူတွေလည်း ရှိပါတယ်။

အဲဒီလို မကြောက်တတ်တဲ့သူက လောကီအာ
ကာမဂုဏ်တို့ကို မသောခ်င် ခဏတာလေးသာ သုံးစွဲရတယ်
မမြဲတဲ့ တရားတွေ။ ငါက မခွဲ၊ သူက ခွဲကြရမှာပဲ မီး
မလောင်ခင်က တားဆိုသလို တရားနဲ့ ဆင်ခြင်ထားပြီ
အစွဲအလမ်းမကြီးရင် သေခါနီးမှာ ခွဲခွာရတော့မည်ကို သိ
သဖြင့် သေရတော့မှာ မကြောက်တော့ပါ။

နောက်လူတစ်မျိုးက မိမိကိုယ်ကို မစွဲလမ်း၊ ငါမဟုတ်
မှန်း နာမ်ရုပ်အမှန် သဘောပေါက်တယ်။ ရုပ်နာမ်မှ ငါ့
အတ္တဒိဋ္ဌိစွဲ သက္ကာယဒိဋ္ဌိစွဲကို ဉာဏ်ဖြင့် ခွာထားတယ်
ငါဟု အစွဲအလမ်းမကြီးတော့။ နာမ်တွေ၊ ရုပ်တွေ ဖြစ်ပျက်
နေတယ်ဟု မြင်နေတယ်။ အဲဒီသူ သေရမှာကို မကြော
တော့ပါ။

နောက်လူတစ်မျိုးက တရားကို ရှာပြီးသိတဲ့အခါ
အကုသိုလ်ရှောင် ကုသိုလ်ဆောင်ထားပြီး ကုသိုလ်တွေ
တွေးတောကာဖြင့် သည့်ထက်မြင့်ရာသို့ သွားရတော့မယ်
တွေးပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့အတွက် သေရမှာ
မကြောက်တော့ပါ။ နောက်လူတစ်မျိုးက မီးကို မီးမှန်းသိပြီ
ရေကို ရေမှန်းသိသွားတဲ့အခါ အကုသိုလ်ရှောင်၊ ကုသိုလ်
ဆောင်ပြီး အသိဉာဏ်ပညာတိုးပွားလာတဲ့ အသိပညာကြော
ကိုယ်ပြုလုပ်ထားတဲ့ ကုသိုလ်တရားတွေနဲ့ ပျော်မွေ့နေသူ
သေရမှာ မကြောက်တော့ပါ" (အင်္ဂုတ္တိုရ်၊ အဘယသုတ်)

◆◆◆

အဲဒီသေခြင်းတရားက လေးမျိုးရှိသေးတယ်။ သက်
တမ်းကုန်ပြီး သေရခြင်း၊ ဆီကုန်ခန်းခြင်းပေါ့။ ကံအစွမ်း
ကုန်ပြီး သေရခြင်း၊ မီးစာကုန်ခြင်းပေါ့။ သက်တမ်း ကံစွမ်း
နှစ်ပါးစလုံးကုန်ပြီး သေရခြင်း၊ ဆီနဲ့ မီးစာ နှစ်မျိုးကုန်ခြင်း
ပေါ့။

ဥပစ္ဆေဒက ခေါ်ကြားကံ တစ်ပါးပါးက သတ်ဖြတ်ပြီး
သေရခြင်း၊ ဆီနဲ့ မီးစာရှိသော်လည်း လေပြင်းတိုက်ခတ်ပြီး
ငြိမ်းသတ်ခြင်းပေါ့။ ကဲ - အဲဒီလေးမျိုးမှာ ပထမ သက်
တမ်းကုန်ပြီး သေမယ်ဆိုတော့ အခုကာလဝယ် ၇၅နှစ်တမ်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ တချို့ကျပြန်တော့ ၁၀၀ကျော်တဲ့အထိ ရှည်ကြပါတယ်။ ဒါပေမယ့် ၇၅နှစ်ကျော်သွားပြီးမှ ကွယ်လွန်ကြပါက သတ်မှတ်ထားတဲ့ သက်တမ်းအရ တမ်းကုန်ပြီးမှ သေရခြင်းလို့ ဆိုရမယ်။

ဒုတိယက ကံအစွမ်းကုန်ပြီး သေရခြင်းက ဘဝသစ် မှာ ပဋိသန္ဓေ စတည်တဲ့ အချိန်က စပြီး မိမိသတ္တိ သေးသမျှ ဘဝမပြတ်သေးအောင် အစဉ်အမြဲ ကံအစွမ်း ညီပေးထားပြီးရင် အဲဒီ မူလစီမံကံနှင့် တခြားကံများ သတ္တိကုန်ရင် အသက်တမ်း မကုန်သေးလည်း ကေန် သေရတော့မယ်။ သက်တမ်းမပြည့်ခင် သေဆုံးခြင်းပေါ့။

တတိယက သက်တမ်းကံနှစ်မျိုးအစွမ်းကြောင့် သေ ခြင်းက တချို့လူတွေဟာ သက်တမ်းလည်း ကုန်၊ ည်း ကုန်ပြီးမှ သေဆုံးကြပါတယ်။ စတုတ္ထကံကတော့ ဒေက ခေါ်တဲ့ ကပ်ပြီး သတ်ဖြတ်တဲ့ ကံက ဘာလဲဆို ရှေးဘဝတွေက ပါလာတဲ့ ကံနှင့် အခုဘဝမှာ ပြုလုပ်နေ ကံတွေကြောင့် အနာရောဂါဆိုးနဲ့ တွေ့ရမယ်။ မြေပြို မိုးကြိုးကျခြင်း၊ သေနတ်ဗုံးဆန်မှန်ခြင်း၊ သူတစ်ပါးရဲ့ လက်နက်ဖြင့် သေရခြင်း၊ ရေနစ်၊ ကား၊ ရထား၊ ယာဉ် စသည်ဖြင့် တစ်မျိုးမျိုးကြောင့် သေရခြင်းကို ချိန်မကျဘဲ သေရခြင်းကြောင့် ဥပစ္ဆေဒကကံဟု ခေါ်ဆို ကြပါတယ်။

ကဲ - စာဖတ်သူ သင်က ဘယ်လိုကံနဲ့ သေချင်ပါ သလဲ။ စိတ်ကူးယဉ်ပြီး တွေးကြည့်မနေပါနဲ့။ တွေးကြည့် ည်း သိမှာမဟုတ်ပါဘူး။ အခုရောက်တဲ့ အသက်ရှိနေပြီ ကိုယ် မသေသေးတာ ကံကောင်းလို့ပေါ့။ အဲဒီတော့ ကိုယ် ဘယ်ကံနဲ့ သေရမယ်ဆိုတာ ကြိုတင်မသိလေတော့ သေရမယ့် ကံကို ကြိုတင်မှန်းတွေးထားပြီး သေရဲအောင် ကြိုးစားထားရမယ်။ အခုခေတ်ကြီးက ရာသီဥတုကလည်း ချင် အလွန်ပူပြီး အေးချင် အလွန်အေးပြန်တယ်။ အစား အသောက်တွေကလည်း ကြားနေရတာ အမျိုးမျိုးနဲ့။ ကိုယ် သေမယ့်ရက်ကို ကြိုတင်တွေးပြီး ကုသိုလ်ကောင်းမှုများများ ပြုကြကာ ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာတရားတွေကို အချိန်ရရင် ရသလို အချိန်ယူကြပြီးရင် မိမိတို့အတွက် သတိကို ဉာဏ်စောင့်ပြီး သေဘေးတွေ့က သေရဲအောင် ကြိုးစားကြပါ။

သေရဲအောင်ဆိုတော့ သေခါနီးကာလမှာ ဖြစ်ပေါ်တတ် တဲ့ ကံတွေကလည်း ရှိသေးတယ်။ ဘယ်ကံကမှ မတားနိုင် ဘဲ အလွန်ကြီးလေးသော အမိကို သတ်၊ အဖကို သတ်၊ ရဟန္တာကို သတ်၊ ဘုရားကို သွေးစိမ်းတည်အောင် လုပ်၊ ဘုရားပုံတွေ၊ စေတီတော်တွေ ဖျက်ဆီး၊ သံဃာကို သင်းခွဲ၊ တစ်ပါးနှင့် တစ်ပါး အမျိုးမျိုးအယုံသွင်းခြင်းကို ပဌာနန္တရိယ ကံကျူးလွန်သူ၊ ဂရုကံပြုလုပ်သူခေါ်ပြီး အဲဒီလူသေဆုံးပါက ငရဲ စတဲ့ အကုသိုလ်ဆိုးကျိုးများ မုချ ခံစားရမှာ သေချာပါ တယ်။

ရှေးအခါက ပြုလုပ်ခဲ့ဖူးသော ကုသိုလ်၊ အကုသိုလ် ကံများကို သေဆုံးခါနီးမှ ကပ်ပြီး အောက်မေ့နေခြင်း၊ သေခါ နီးမှ ကပ်ပြီးတော့ အကုသိုလ်နိမိတ်ဖြစ်သော ငရဲ၊ တိရစ္ဆာန် စသော အပါယ်လေးဘုံနှင့် နတ်သမီး နတ်ဗိမာန် စတဲ့ အတိတ်နိမိတ်များ မြင်တွေ့ရပါက အာသန္နကံဟု ခေါ်ပါ တယ်။

ကိုယ်ဝါသနာပါရာ မိမိစိတ်ဆန္ဒအားလျော်စွာ ပြုလုပ် တတ်တဲ့ ဒါန၊ သီလ၊ ဘာဝနာ စတဲ့ ကုသိုလ်ကံဖြစ်စေ၊ သူ့အသက်သတ်ပြီး သူ့ဥစ္စာကိုလည်း နည်းပေါင်းစုံနဲ့ လုည့် ပတ်ပြီး ခိုးယူခြင်း စတဲ့ အကုသိုလ်ကံတွေကို နေ့စဉ်နဲ့အမျှ ပြုလုပ်နေကြပါက အာစိဏ္ဏကံ,ကံဟု ခေါ်ပါတယ်။ ကဲ - ဒီကံကို ကောင်းတာ လုပ်သည်ဖြစ်စေ၊ မကောင်းတာ လုပ် သည်ဖြစ်စေ အမြဲမပြတ်လုပ်နေတဲ့သူကို ခေါ်တယ်ဆိုတော့ သင် စာရှုသူ ဘယ်ကံကို အမြဲမပြတ် အာစိဏ္ဏကံဖြစ်အောင် ကြိုးစားရှာဖွေနေပါသလဲ။

အဲဒီလိုပြောခဲ့တဲ့ ဂရုကံ စတဲ့ သုံးပါးသောကံမှ တစ်ပါး ပါးသော အကျိုးပေးလို့ ပဋိသန္ဓေအကျိုးဖြစ်တဲ့ ကံကို ကဋတ္တာကံဟု ခေါ်ပါတယ်။ အဲဒီကံလေးပါးထဲမှာ ဂရုကံက ရှေးဦးစွာ အကျိုးပေးပြီး ဂရုကံမရှိပါက အာသန္နကံ အကျိုး ပေးတယ်။ အာစိဏ္ဏကံမရှိမှ ကဋတ္တာကံအကျိုးပေးပါတယ်။ ကဲ - စာဖတ်သူ ကိုယ် ခုအချိန်ထိ ကိုယ့်ကိုယ်ကိုယ် ဖြတ်သန်းလာခဲ့တဲ့ ဘဝလမ်းတစ်လျှောက်မှာ ဂရုကံတွေ၊ အာသန္နကံတွေ၊ အာစိဏ္ဏကံတွေ များစွာတွေ့ကြုံဖူးမှာပါ။ မိမိကိုယ်တိုင်က ဘယ်ကံတွေ ဘယ်လိုပုံစံမျိုးတွေနဲ့ ကြံကြံ သေရဲအောင် ကြိုးစားကြဖို့ လိုပါတယ်။

ကဲ - သေရဲအောင် ဘယ်လိုကြိုးစားမလဲ။ ငါသေရဲ ပြီလားလို့ ကိုယ့်ကိုယ်ကိုယ် မေးခွန်း နေ့စဉ်ထုတ်ကြည့် တတ်ဖို့ လိုပါလိမ့်မယ်။

* * *

အရှင်ဉာဏဓရ (သာစပါင်း)



www.burmeseclassic.com

www.burmeseclassic.com





# တစ်ယောက်ကျေးဇူး တစ်ဦးမေတ္တာ

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကျေးဇူးတရားနှင့် စပ်လျဉ်း၍ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို ဟောကြားတော်မူရာတွင် "ကတညုတာ မင်္ဂလာ - သူပြုဖူးသော ကျေးဇူးကို သိတတ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏"ဟု ဟောကြားတော်မူခဲ့ပါသည်။ လူသည် မိမိဘဝရပ်တည်ရှင်သန်ရေးအတွက် တစ်ဦးတစ်ယောက်တည်း နေထိုင်လုပ်ဆောင်၍ မရနိုင်သောကြောင့် အခြားသောလူများနှ… ပေါင်းသင်းဆက်ဆံ၍ လုပ်ကိုင်ဆောင်ရွက်နေရသည်။ ထို… ဆက်ဆံလုပ်ဆောင်ရာတွင် မိမိတစ်ဦးတည်း လုပ်ဆောင်… မရနိုင်သော အလုပ်ကိစ္စများ၌ အခြားသော လူပုဂ္ဂိုလ်များ… မှ အကူအညီကို ရယူဆောင်ရွက်ရလေ၏။ သူတစ်ပါး… ကူညီပေးမှုကြောင့် မိမိ၏ လုပ်ငန်းများ အောင်မြင်ပြီးမြောက်…



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုးများလည်း ရရှိခံစားရသည်။

ယင်းသို့ တစ်စုံတစ်ယောက်ထံမှ အကူအညီတစ်ခု၊ ကောင်းကျိုးပြုမှုတစ်ခုကို လက်ခံရရှိခဲ့ဖူးပါက ကျေးဇူးရှိ ကျေးဇူးကြွေးတင်သည်ဟု ဆိုရပေမည်။ ထိုကျေးဇူး အား မိမိက ပြန်လည်၍ ကောင်းကျိုးပြုပေးခြင်းကို တုံ့ပြန် ပေးဆပ်သည်ဟု ဆို၏။ အကယ်၍ တင်ရှိနေ ကျေးဇူးကို တုံ့ပြန်မဆပ်နိုင်သေးပါက ထိုကျေးဇူးကို ရှင်ကြား ထုတ်ဖော်ပြောဆိုနိုင်ရပါမည်။ အချို့က သူ ကျေးဇူးကို လူသိရှင်ကြား ထုတ်ဖော်ပြောဆိုရမည် ရှက်ရွံ့နေတတ်၏။ တုံ့ပြန်ကျေးဇူးမဆပ်သည့်အပြင် ကန်းသော စကားကိုပင် ပြောဆိုတတ်သေး၏။

မိမိ၏ ဘဝအခြေအနေအရ ကျေးဇူးရှင်များကို ပြန်ဆပ်ချင်မှ ဆပ်နိုင်ပေလိမ့်မည်။ သို့ရာတွင် သူတို့ ကျေးဇူးကိုမူ အချိန်အခါမရွေး အလျဉ်းသင့်သလို ထုတ် ပြောကြားနိုင်ရပေမည်။ သူတစ်ပါး၏ ကျေးဇူးကို ထိန် မထားသင့်ပေ။ ထို့ကြောင့် ရှေးပညာရှင်များက "သူ၏ မထိန်မြူးနှင့်"ဟူ၍ ဆုံးမခဲ့ကြသည်။ ကျေးဇူးသိ ၍ ကျေးဇူးဆပ်သော ဝတ္ထုများကို ငါးရာ့ငါးဆယ် ဇာတ် များတွင် အထင်အရှားတွေ့ရှိရသည်။ လောကလူသား တ်သားနာယူဖွယ်ကောင်းသော ဖြစ်ရပ်မှန် ဇာတ်ဝတ္ထု ကို သီဟိုဠ်ကျွန်းခေါ် လင်္ကာဒီပ ရာဇဝင်မှ ထုတ်နုတ် ပြရမည်ဆိုလျှင်…

♦ ♦ ♦

လျှို့မြောင်စိမ့်စမ်း စိမ်းလန်းသာယာ လင်္ကာဒီပ ချမ်းမြ ကျွန်း သီဟိုဠ်၌ "ဒဂ္ဂလာဂေါထာ"အမည်ရသော ကျေးရွာ ရွာတွင် နေထိုင်သည့် မြွေခွေးတစ်ကောင်ရှိလေသည်။ မြွေခွေးသည် ခွေးတို့၏ သဘာဝအတိုင်း ဟိုဝင်သည်ထွက် ဉ်လှည့်လည်ကာ အစာရှာ၍ အသက်မွေးမှုကို ပြုရ ၏။ ကျေးရွာသားတို့သည်လည်း သားကောင်များကို ယူ သတ်စားရန်အလို့ငှာ ညွှတ်ကွင်း၊ ခြောင့်၊ ပိုက်၊ င်ချောက်များကို တပ်ဆင်ထားလေ့ရှိသည်။

တစ်နေ့သ၌ ကံဆိုးရှာသော သားကောင်တစ်ကောင် ည် ရွာသားတို့ ထောင်ထားသော ထောင်ချောက်မှ ခြောင့် ကာ ပြင်းထန်သော ဒဏ်ရာကြောင့် နေရာမှ မရွေ့နိုင်ဘဲ လေ၏။ ယင်းသို့ဖြစ်နေစဉ် အိမ်စဉ်လှည့်၍ အစာရှာနေ သော မြွေခွေးသည် "မှာထား အလားသင့်"ဆိုသကဲ့သို့ ခြောင့်စူးသော ဒဏ်ရာကြောင့် အသက်ထွက်တော့မဟုတ် နှင့်ငင်ဆန့်ငင်နှင့် ရုန်းကန်နေရရှာသော မသေမရှင်ဖြစ်နေ သည့် သားကောင်ကို တွေ့မြင်လေသော် လောဘရ ငမ်းငမ်းတက်ကာ သားကောင်ရှိရာသို့ တစ်ဟုန်ထိုးပြေးသွား လေ၏။ အနီးသို့ ရောက်လတ်သော သားကောင်ကိုသာ မြင်ပြီး ခြောင့်စူးကို မမြင်သော မြွေခွေးသည် ထောင်ချောက် ကို နင်းမိသဖြင့် တစ်ချောင်းသောခြောင့်မှာ မြွေခွေးအား စူးဝင်လေ၏။

ခြောင့်စူးသည် မျက်လုံးကို ဖောက်ထွင်းသွားသော ကြောင့် မျက်လုံးတစ်ဖက်ကန်းသွားခဲ့ရာ ထိုအချိန်မှစ၍ "ကာဏသိဂါ မြွေခွေးကန်း"ဟု ခေါ်တွင်ခဲ့ကြလေ၏။

ဒဂ္ဂလာဂေါထာရွာနှင့် မနီးမဝေးအရပ်တွင် ကျွဲနွားများ အတွက် စားကျက်ကွင်းကြီးတစ်ခုရှိလေ၏။ နွားကျောင်းသား ကျွဲကျောင်းသားတို့သည် ထိုစားကျက်ထဲတွင် ကျွဲနွားများ လွှတ်ကျောင်းထားကြသောကြောင့် နေ့အခါများတွင် စား ကျက်ထဲ၌ ကျွဲအုပ်၊ နွားအုပ်များဖြင့် စည်ကားလျက်ရှိနေ၏။

တစ်နေ့သောအခါ ကာဏသိဂါ မြွေခွေးကန်းသည် အစာရှာဖွေရန်အလို့ငှာ ရေကန်ကြီးတစ်ကန်အနီးသို့ ရောက် ရှိသွားလေ၏။ လမ်းဆုံဈေးထိပ် သဘော်ဆိပ်အထိ တစိုက်စိုက်လျှောက်၍ အစာရှာဖွေနေစဉ် စပါးကြီးမြွေကြီး တစ်ကောင်သည် ချုံထဲမှ ရုတ်တရက် ထွက်လာပြီး မြွေခွေး အား ဖမ်းယူရစ်ပတ်လေတော့၏။ မြွေခွေးလည်း တဂိန်ဂိန် အော်ရင်း စပါးကြီးမြွေကြီး၏ ရန်ဘေးမှ လွတ်မြောက်ရန် အားကုန်ထုတ် ရုန်းကန်နေရ၏။ ထိုစဉ်အချိန်တွင် နွားပျောက် ၍ လိုက်ရှာနေသော နွားကျောင်းသားတစ်ယောက်သည် မြွေခွေးအော်သံကြားရသဖြင့် ထိုမြွေခွေးအသံကြားရာဆီသို့ သွားရောက်ကြည့်ရှုလတ်သော် စပါးကြီးမြွေနှင့် မြွေခွေးတို့ လုံးထွေးရစ်ပတ်နေသည်ကို တွေ့ရလေ၏။

ထိုအခါ နွားကျောင်းသားသည် မြွေခွေး ဒုက္ခရောက် နေသည်ကို သနားခြင်း ကရုဏာဖြစ်ပေါ်လာပြီး မြွေခွေးအား ဝင်ရောက် ကယ်တင်လေ၏။ သူတွင် ပါလာသော နွားမောင်း သည့် တုတ်နှင့် စပါးကြီးမြွေအား ရိုက်နှက်လေသော် စပါး ကြီးမြွေသည် ဒေါသအမျက်ထွက်လာပြီးလျှင် မြွေခွေးကို လွှတ်လိုက်ပြီး နွားကျောင်းသားကို မဲတင်းကာ အခွေဖြင့် ရစ်ပတ်လေတော့ရာ နွားကျောင်းသားက ရုန်းလိုက်၊ မြွေက ပတ်လိုက်ဖြင့် ဘတစ်ပြန် ကျားတစ်ပြန်ဖြစ်၍နေလေ၏။

မြွေခွေးသည် မိမိလွတ်မြောက်သွားသော်လည်း မိမိ အတွက် မြွေပတ်ခြင်းခံနေရသော နွားကျောင်းသားအတွက် စိတ်မကောင်းခြင်းကြီးစွာ ရင်ထဲ၌ ဖြစ်ပေါ်နေ၏။ သူ့ခမျာ ငါ့ကို ကယ်တင်ပေးမှုကြောင့် ဒုက္ခရောက်နေရရှာသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ငါ မည်သို့ ကယ်တင်ရပါမည်နည်းဟု စဉ်းစားကြံဆ အဖြေရှာနေလေ၏။ မြေခွေးသည် နွားကျောင်းသားနှင့် မြွေကြီး လုံးထွေးနေသည့် မြင်ကွင်းကို ကြည့်ကာ အသည်းတယားယားဖြစ်လာပြီး စွမ်းနိုင်သမျှ ဝင်ရောက်ကယ်တင်သော်လည်း အရာမရောက်။ မလွတ်မြောက်နိုင် ဖြစ်နေလေ၏။ စပါးကြီးမြွေကား နွားကျောင်းသားအား ပတ်ထားရာမှ အနည်းငယ်မျှ လျှော့မပေးဘဲ ပို၍ပို၍သာ တင်းကျပ်စွာ ပတ်ထားခြင်းကြောင့် နွားကျောင်းသားမှာ အသက်ရှူကျပ်၍ နေလေ၏။

ထိုသို့ဖြစ်နေစဉ် မြေခွေးလည်း မတတ်နိုင်သည့်အဆုံး အကူအညီရအံ့သောငှာ အဝေးတွင် လယ်ထွန်နေကြသော လယ်သမားများထံသို့ အတင်းပြေးသွားလျက် ပါးစပ်ကလည်း တဝုတ်ဝုတ်အသံပေးလေ၏။ လယ်သမားများလည်း ကန်သင်းပေါ်၌ ထိုင်၍ ရေနွေးကြမ်းသောက်နေကြရင်း ပြေးလာနေသော မြေခွေးကို ဂရုပြု ကြည့်နေကြသည်။ ထိုခဏမှာပင် မြေခွေးရောက်ရှိလာပြီး လယ်ကန်သင်းပေါ်၌ စုပုံထားသော အဝတ်ပုဆိုးတို့ကို ရုတ်တရက် ကိုက်ချီ၍ ပြေးလေသောကြောင့် လယ်သမားတို့လည်း ထိုမြေခွေးနောက်သို့ တစ်ဟုန်ထိုးပြေး၍ လိုက်ကြကုန်လေ၏။ ပါးစပ်ကလည်း "လိုက်ဟေ့…လိုက်ဟ…"ဟု အော်ဟစ်၍ ပြေးလိုက်ကြ၏။

ထိုအချိန်ထိပင် စပါးကြီးမြွေနှင့် နွားကျောင်းသားတို့မှာ လုံးထွေးရစ်ပတ် သတ်ပုတ်နေကြဆဲဖြစ်၏။ ကာယသိဂ်ါ မြေခွေးသည် ကသောကမျော ပြေးလာပြီးလျှင် ကိုက်ချီယူခဲ့သော အဝတ်ပုဆိုးများကို စပါးကြီးမြွေ၏ အနီး၌ ချထား လျက် ရပ်နေ၏။ တုတ်၊ ဓားလက်နက်စွဲကိုင်၍ မြေခွေး အား ရိုက်သတ်ရန် လိုက်လာခဲ့ကြသော လယ်သမားများ သည် နွားကျောင်းသားအား ရစ်ပတ်ထားသော စပါးကြီးမြွေ အား တွေ့မြင်ရသောအခါ မြေခွေးအပေါ် အမျက်မထား တော့ဘဲ စပါးကြီးမြွေကိုသာ ဝိုင်းအုံ ရိုက်သတ်လိုက်ကြ လျှင် နွားကျောင်းသားအား ကယ်တင်ပေးလိုက်ကြလေသည်။

ဤဖြစ်ရပ်ကို သုံးသပ်ကြည့်လျှင် စပါးကြီးမြွေ ဘေးရန်မှ နွားကျောင်းသား လွတ်မြောက်ရခြင်းမှာ မြေခွေး လုပ်ဆောင်မှုကြောင့်ဖြစ်၏။ မြေခွေးသည် တိရစ္ဆာန်ပင် ဖြ သော်လည်း နွားကျောင်းသားသည် ငါ့အား ကယ်တင်ခဲ့ သည်။ သူ့ကျေးဇူး ငါ့အပေါ်မှာ ရှိသည်။ သူ့ကျေးဇူးကို ပြန်ဆပ်အံ့ဟူ၍ သူသိသမျှ အသိဉာဏ်ဖြင့် ပရိယာယ် ပြီး လယ်သမားများကို ခေါ်ယူ၍ နွားကျောင်းသားအား က တင်ပေးခဲ့ခြင်းဖြစ်၏။

ထိုသို့ တိရစ္ဆာန်များပင်လျှင် သူတစ်ပါး၏ ကျေးဇူး သိတတ်သေးလျှင် ကျွန်ုပ်တို့လူသားများအဖို့မှု ဆိုဖွယ် မရှိ။ ပို၍ပင် သူတစ်ပါး၏ ကျေးဇူးကို သိတိုက်လုပါကြော တင်ပြလိုက်ပါသည်။

* * *

မောင်ထည်ဝါ(မျော်

ကျမ်းကိုး
- လက်ာဒီပဝတ္ထု (၆၀)။
- ဒဂုန် ဦးစန်းငွေ။

အကျင့်ရှိသော သူမြတ်တို့ထံ ဆည်းကပ်ကျွေးမွေးခြင်း၊

အိမ်စောင့်နတ်၊ မြို့စောင့်နတ် စသည်တို့အား တရားသဖြင့် ပသခြင်း၊

ပြုလုပ်သူအား နတ်တို့သည် ကျေးဇူးတုံ့ပြန်၍ စောင့်ရှောက်ကြ၏။

သားသမီးကဲ့သို့ ချစ်မြတ်နိုးလာကြ၏။

နတ်ချစ်စံရသူသည် ထာဝစဉ် အကောင်းချည်းသာ

ဖြစ်ရတတ်သည်။

(မဟာပရိနိဗ္ဗာနသုတ်)



www.burmeseclassic.com

www.burmeseclassic.com



# ရွှေချထားတဲ့မြန်မာရဟန်းတော်ရဲ့ ရုပ်ကလာပ်

ဓမ္မလုလင်



အင်တာနက်ရဲ့ ရောဝတီသတင်းဌာနကနေ ဖတ်ဖြစ်လိုက်တဲ့ သတင်းတစ်ပုဒ်ပါ။

ထူးခြားသလို ဆန်းပြားမှုတွေ ပြည့်နှက်နေရုံမက၊ ဂမ္ဘီရဆန်းကြယ် ပရိသတ်တွေ ဖူးမြော်မြင်တွေ့နိုင်ဖို့ တစ်ဆင့်မြန်လည်ဖော်ပြလိုက်ပါတယ်။

ဂမ္ဘီရဆန်တဲ့၊ ဆန်းကြယ်လွန်းတဲ့ သတင်းပါပဲ။

ထိုင်းနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ သတင်းပါ။ ထိုင်းလူမျိုးတွေကတော့ ချမ်းသာအောင်၊ စီးပွားတွေ တိုးအောင်၊ ဘာဘ်လာဘတွေ ပေါများအောင်ဆိုပြီး အထက်ဖော်ပြပါ ပုံတော်ကို လက်ဆင့်ကမ်း ဖြန့်ဝေကြပါလို့ နှိုးဆော်ပြီး တကယ့်ကို ယုံယုံကြည်ကြည်နဲ့ ဖြန့်ဝေနေကြပါတယ်။

ပျံလွန်တော်မူသွားတဲ့ ရုပ်ကလာပ်ကို ရွှေချထားရဲ့ ဆရာတော် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို လိုက်လံစုံစမ်းတဲ့အခါ ပျံလွန်တော်မူသွားရှာတဲ့ ဆရာတော်ဟာ ထိုင်းလူမျိုးမဟုတ်ဘဲ မြန်မာရဟန်းတစ်ပါးဖြစ်နေကြောင်း ဆိုပါတယ်။ ထိုင်းနိုင်ငံမြောက်ပိုင်း လန်းပွန်းဒေသက ဖြစ်တယ်ဆိုတာပဲ သတင်းမှာ ပါပါတယ်။

ပျံလွန်တော်မူပြီးနောက်မှာ တပည့် ရဟန်းတွေက ဆရာတော်ရဲ့ ရုပ်ကလာပ်ကို ရွှေချ ပူဇော်ကြတာပါ။

အထက်ဖော်ပြပါ ဓာတ်ပုံကတော့ ထိုင်းနိုင်ငံရဲ့ အင်တာနက် လူမှုကွန်ယက် စာမျက်နှာပေါ်မှာ ယုံယုံကြည်ကြည်နဲ့ လူတွေ အများဆုံး ဖြန့်ဝေနေတဲ့ ဓာတ်ပုံတစ်ပုံပဲ ဖြစ်ပါတယ်။

* * *

ဓမ္မလုလင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဆောင်းလုလင်

# ပုလင်းထဲက ဥစ္စာစောင့်



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ထူးဆန်းသော ထိုပုလင်းလေးကို ကျွန်တော်၏ တပည့်တစ်ယောက်က မြစ်ထဲမှ ဆယ်ယူလာခြင်းဖြစ်ပါသည်။ ပုလင်းမှာ ဟောလစ်ပုလင်းကဲ့သို့ ပုလင်းအကျယ်နှင့် ပုလင်းအဝ အတူတူဖြစ်သော ဆလင်ဒါပုံ ပုလင်းတစ်လုံးဖြစ်ပါသည်။ ပုလင်းတွင် ရေညှိများ တက်နေသည်မှာ ကာလအတော်ကြာနေပုံရသည်။ ပုလင်းပတ်ပတ်လည်၌ ရေညှိစိမ်းများက ထူပိန်းနေကာ ဓားဖြင့် ခြစ်ချမှပင် ကွာကျလေ၏။ ထိုသို့ ဓားဖြင့် ခြစ်ချလိုက်သောကြောင့်ပင် ပုလင်းအတွင်းမှ စက္ကူတစ်ထပ်ကို ကျွန်တော်တို့ မြင်လိုက်ရခြင်းဖြစ်ပါသည်။ အစပိုင်းက ပြင်ပမှာ ကပ်ငြိနေသော ရေညှိများကြောင့် အတွင်းတွင် ဘာပါသည်ကို မမြင်ခဲ့ရပေ။

"မင်း ဘယ်လိုလုပ်ပြီး ဒီပုလင်းကို ရလာတာလဲ တင်လှိုင်"

ကျွန်တော်က ပုလင်းယူလာသော ကျွန်တော့်တပည့်ကို မေးလိုက်သည်။

"နောက်ဖေးက ဒိုက်တွေကို ရှင်းရင်းက ဒိုက်တွေအောက်က ထွက်လာတာ ဆရာ။ ကျွန်တော်လည်း ပုလင်းက ထူးခြားပါတယ်ဆိုပြီး ဆရာ့ဆီ ယူလာတာ"

ကျွန်တော့်ခြံမှာ ဧရာဝတီမြစ်ကမ်းဘေး၌ ရှိပါသည်။ မြစ်နှင့် ခြံမှာ မည်မျှထိ နီးကပ်နေသနည်းဆိုသော် ဝါဆို၊ ဝါခေါင် ရေတက်သော ကာလများတွင် ခြံ၏ အတွင်းဘက် တစ်ဝက်လောက်အထိ ရေမြုပ်သွားတတ်လေ၏။ အလွန်ရေတက်သော နှစ်များဆိုလျှင် နွားခြံများပင် ရေမြုပ်ပါသည်။

ကျွန်တော်သည် နို့စားနွားများကို အကြီးအကျယ်မွေးမြူသော လုပ်ငန်းရှင်တစ်ယောက်ဖြစ်ပါသည်။ ကျွန်တော့်နွားခြံကြီးသည် မြစ်ကမ်းဘေး၌ ကျယ်ပြောစွာ ရှိနေသည်။

မြစ်ရေက အနိမ့်ဘက်ကျသော ကျွန်တော့်ခြံစပ်သို့ ဦးတိုက် စီးဆင်းနေရာ ခြံအစပ်ရှိ ကမ်းပါးအကွေ့၌ အမှိုက်များ၊ ဒိုက်သရေများ ကပ်ငြိတင်ကျန်နေတတ်သည်။ ရေတက်ပြီး ရေပြန်ကျသည့်အခါကျမှ ဒိုက်သရေများ မျောပါသွားတတ်လေသည်။

ဒီနှစ်တော့ ကျွန်တော်က မြေနိမ့်ပိုင်း ချိုင့်ဝှမ်းထဲ ဝင်နေသော အမှိုက်များကို တပည့်များအား ရှင်းခိုင်းလိုက်သည်။ ထိုအမှိုက်များမှာ ချိုင့်ထဲတွင် ကျန်နေသောကြောင့် ရေကျသည့်အခါတွင်လည်း ပါမသွားဘဲ အမှိုက်ပုံကြီးသဖွယ်ဖြစ်နေသည်။ နှစ်ကာလကြာသောအခါ အမှိုက်ပုပ်နံ့များ ထောင်းထောင်းထလာသည့်အတွက် ရှင်းခိုင်းလိုက်ရခြင်းဖြစ်၏။

မောင်တင်လှိုင် ယူလာသော ပုလင်းမှာ ထိုအမှိုက်ထုထည်ကြီးထဲမှ ထွက်လာခြင်းဖြစ်သည်။ ကျွန်တော်သည် ပုလင်းထဲတွင် စာရွက်တစ်ထပ်ကို ခေါက်ရက်ထည့်ထားပုံကို မြင်လိုက်ရသည့်အခါ အံ့သြသွားသည်။ စိတ်လည်း ဝင်စားသွားသည်။ ပုလင်းထဲ၌ စာထည့်၍ ရေထဲ မျှောသော ဝတ္ထုဇာတ်လမ်းများ ဖတ်ဖူးထား၍လည်း ထိုသို့စိတ်ဝင်စားမိခြင်းဖြစ်သည်။

ကျွန်တော်က ပုလင်းကို သေချာလေ့လာကြည့်ရာ ပုလင်းအဖုံးကို ဖယောင်းဖြင့် မံပြီး ရေမဝင်အောင် သေချာပိတ်ထားသည်ကို တွေ့လိုက်ရသည်။ စနစ်တကျ စီမံထားသည့် ပုလင်းနှင့် အတွင်းမှ စာရွက်ထပ်ကြောင့် စိတ်ဝင်စားမှု ပိုတိုးလာသည်။

ကျွန်တော်က ပုလင်းအဖုံးကို

လှည့်ဖွင့်ရန် ကြိုးစား၏။ ဖယောင်း
မံထားသည့်တိုင် အဖုံးတွင် သံချေး
ကိုက်နေသည့်အတွက် လှည့်လို့
တော့ချေ။ သို့ဖြင့် ပုလင်းကို ခပ်
သာဆတ်၍ ခွဲလိုက်ရ၏။ ထို
အတွင်းမှ စာခေါက်ကို ရလိုက်
သည်။ ပုလင်းထဲ စာထည့်ထားသ
သက်တမ်းမှာ မည်မျှကြာလေပြီ
စာရွက်ခေါက်သည့် ပုလင်း၏ အတွ
သားအတိုင်း ဝိုင်းဝိုင်းစက်စက်
လျက်ရှိသည်။ စာရွက်များကလ
ကျွတ်ဆတ်နေသည်။ စာရွက်မျ
သည်အတိုင်း ဆွဲဖြန့်လိုက်ပါက
ကြေသွားမည်မှာ သေချာပေ၏။

ကျွန်တော်က စာရွက်ထပ်
ခပ်သာသာလေးနှင့် အတော်ပင်
တယ စိတ်ရှည်လက်ရှည်ထားကာ
ခွာလိုက်ပါသည်။ သို့တိုင်အောင်
ရွက်လိပ်က ပြည်မသွား။ စာရွက်
ကို အလိပ်အတိုင်း တစ်ရွက်ချ
စိတ်ရှည်လက်ရှည် ခွဲထုတ်ယူရသ
ထိုအခါ ရုံးသုံးလျှောက်လွှာစာရွ
အရွယ် စာရွက်ပေါင်း ၂၈ရွက်ကို
ထုတ် ရရှိလိုက်လေသည်။ အလ
အတိုင်းဖြစ်နေသော စာရွက်များကို
မပစ်ရဲသေး။ အပြန့်လိုက်အတိုင်း
အောင် ဖြန့်လိုက်သည်နှင့် ကြေမွသ
မည့်ပုံမျိုးရှိနေသည်။ စက္ကူကို အလ
အတိုင်း အလင်းရောင်တွင် ထော
ကြည့်သည့်အခါ မျက်နှာစာဘက်၌
ဖြင့် ရေးထားသော စာများကို တွေ
လေသည်။ ကျွန်တော့်စိတ်ဝင်စားမှု
ပိုတိုးလာပြန်၏။ နောက်ဆုံး၌ လိပ်
သော စာရွက်များကို မဖြန့်လျှင် အတွ
ဘက်မှ စာသားများကို မဖတ်ရှုရ
မို့ စာရွက်များကို တစ်ရွက်ချင်း သေ
စွာ ဖြန့်လိုက်ရလေသည်။ စာရွ
အတော်များများပင် အလယ်နာ
ကျိုးသွားကြ၏။ အချို့စာရွက်များသ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းပင် ပြတ်ထွက်သွားလေ ကျွန်တော်က စာရွက်ထပ် တန်းစီ၍ အပေါ်မှ အလေးနှင့် စားပွဲပေါ်တွင် ဖြန့်ထားလိုက်ရာ စားပွဲတစ်ခုလုံး ပြည့်သွားလေ

ကျွန်တော်သည် စားပွဲပေါ် ဖြန့် သော စာရွက်များပေါ်မှ စာသားများ စာရွက်များအား လက်နှင့်မထိဘဲ ပွဲပေါ်ကို ကိုယ်ကို ငုံ့ကိုင်းကာ ဖတ်

စာရွက်များပေါ်၌ မင်အပြာဖြင့် ထားသော စာများကို တွေ့ရသည်။ စာများပင် ဖြစ်ပါသည်။ ကာလ မြင့်လှပြီဖြစ်ဟန်တူသည်။ မင် ချင်မှာ ဖျော့နေပြီး ရေမဝင်အောင် ထားသော်လည်း ကာလကြာ၍ ဝင်ခဲ့ဟန်တူ၏။ အချို့နေရာများ ရေများကွက်နေ၍ မင်များက မရအောင် ပြန့်နေသည်။ မည်သို့ ဆိုစေ၊ ကျွန်တော်သည် စာမျက်နှာ မျက်နှာလုံးပေါ်မှ စာသားများကို မရ အောင် ဖတ်နိုင်ခဲ့ပါသည်။

ဖတ်ရင်း၊ အလွန်အကျူး စိတ် စားလာသည်။ ကျွန်တော့်သားကို စာရွက်ပေါ်မှ ဖတ်ရသမျှ အကြောင်းအရာများကို ကျွန်တော်က သားကို နောက်က လိုက်ရေးခိုင်းခဲ့ သည်၊ ထိုအခါ ထူးဆန်းအံ့သြဖွယ် ကောင်းသော အဖြစ်အပျက်တစ်ခုကို သိရှိခဲ့ရလေတော့သည်။

အောက်ဖော်ပြပါ အကြောင်း အရာမှာ ပုလင်းထဲမှ ရသော စာရွက် စာရွက်ပေါ်မှ ဖတ်လို့ရသမျှ စာသား များအတိုင်းဖြစ်ပါသည်။

BURMESE CLASSIC .com

◆◆◆

ကျွန်ုပ်တို့ ရွာကလေးမှာ ရိုးမ တောင်တန်းများအနီး သစ်တောထူထပ် သော ကုန်းတွင်းပိုင်း၌ ရှိပါသည်။ ရော ဝတီမြစ်ကြီးသည် ကျွန်ုပ်တို့ရွာနှင့် ၅မိုင်ခန့် ဝေးပါ၏။ ရွာအနီး၌ ချောင်း များ၊ မြောင်းများ မရှိပါ။ ရေကန်ကြီး တစ်ခုသာ ရွာထိပ်၌ ရှိလေသည်။ သောက်သုံးရေနှင့် ချိုးရေအတွက် ထိုရေကန်ကြီးကိုသာ အားကိုးရလေ၏။ သို့ရာတွင် ထိုရေကန်ကြီးမှာ နွေအခါ တွင် ရေခန်းလေ့ရှိပါသည်။ ထို့ကြောင့် နွေရာသီဆိုလျှင် ရွာဦးဘုန်းကြီးကျောင်း ထဲမှ ရေတွင်းကြီးနှင့် ကျွန်ုပ်တို့ အိမ် ဝိုင်းထဲမှ ရေတွင်းကြီးကိုသာ တစ်ရွာ လုံး အားကိုးရလေတော့သည်။

ကျွန်ုပ်တို့ခြံထဲမှ ရေတွင်းကြီးမှာ ကျွန်ုပ်၏ အဘိုးလက်ထက်ကတည်းက တူးဖော်ထားခဲ့ခြင်းဖြစ်ပါသည်။ အလွန် ကြီးမားသော ရေတွင်းကြီးဖြစ်ပြီး အုတ် အများအပြားဖြင့် ထုထည်ကြီးမားစွာ တည်ဆောက်ထားခြင်းဖြစ်ပါသည်။ နွေ အခါဆိုလျှင် အိမ်ဝင်းထဲ၌ ရေခပ်လာ သူများဖြင့် မပြတ်မလပ် ရှိနေလေတော့ ၏။

ကျွန်ုပ်တို့အိမ်မှာ မိခင်ကြီးနှင့် ကျွန်ုပ်သာလျှင် အမေတစ်ခု၊ သား တစ်ခုအဖြစ် ရှိကြပြီး ခြံထဲမှ သီးပင် စားပင်များကို ရောင်းချ စားသောက်ခြင်း ဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ကြောင့် မတောင့်မတာ နေနိုင်ကြပါပေ သည်။

သီးပင်စားပင်တို့မှာ နှစ်ရှည်ခံပင် များဖြစ်၍ ရာသီအလိုက် ရရှိသော အသီးအနှံများကို ဆွတ်ခူးရောင်းချရုံသာ ဖြစ်သည်။ အထူးတလည် လုံ့လစိုက် စရာမလိုချေ။ ရေတွင်းကြီး ရှိနေသည် မှာလည်း ကျွန်ုပ်တို့ခြံအတွက် အဆင် ပြေလှပေ၏။ သစ်ပင်များမှာ ရေဝဝရ နေသည့်အတွက် စိုစိုပြည်ပြည်နှင့် ဝေဝေဆာဆာ ရှင်သန်နိုင်ပေသည်။

ကျွန်ုပ်၏ ဘဝသည် ထူးခြားမှု မရှိသော သာမန်ဘဝတစ်ခုသာ ဖြစ်ခဲ့ ပါသည်။

ငယ်စဉ်က ရွာဦး ဘုန်းကြီး ကျောင်းတွင် စာပေသင်ကြားရသည်။ ကျွန်ုပ်အသက် ရှစ်နှစ်အရွယ်တွင် မိတ နှစ်ပါးက ကျွန်ုပ်ကို ရှင်ပြုပေးသည်။ ကျွန်ုပ်အသက် ၁၂နှစ်အရွယ်၌ ကျွန်ုပ် ၏ ဖခင်ကြီး ဆုံးပါးခဲ့လေသည်။ ဖခင် ကွယ်လွန်ပြီးနောက်ပိုင်း အိမ်၏ စီးပွား ရေးဖြစ်သော ခြံလုပ်ငန်းကို ကျွန်ုပ်ပင် ဦးဆောင်လုပ်ကိုင်ခဲ့ပေသည်။

ဤအကြောင်းအရာများကို မှတ် တမ်းတင်နေသည့်အချိန်တွင် ကျွန်ုပ် အသက်မှာ ၂၀ပြည့်ခဲ့ပြီးလေပြီ။

မိခင်ကြီးက ကျွန်ုပ်အား အသက် ၁၈နှစ်ပြည့်ချိန်မှစ၍ အိမ် ထောင်ပြုရန် တိုက်တွန်းခဲ့လေ၏။ ကျွန်ုပ်၌ ရည်းစားသနာ မရှိပေရာ အိမ် ထောင်ပြုလိုစိတ်လည်း မရှိခဲ့ပါပေ။ မိခင်ကြီး စပ်ဟပ်ပေးသော ရွာထဲမှ မိန်းကလေးအချို့ကိုလည်း ကျွန်ုပ် နှစ်သက်မှုမရှိ၍ ငြင်းပယ်ခဲ့ပေသည်။

မိခင်ကြီးက သူမမှာ အသက် အရွယ်ကြီးရင့်လာရုံမျှမက၊ မျက်စိက မှုန်၊ ကျန်းမာရေးကလည်း မကောင်း သဖြင့် ကျွန်ုပ်အား အိမ်ထောင်ပြုစေချင် လှပေသည်။ သူ မရှိတော့လျှင် ကျွန်ုပ် အတွက် စိတ်မချနိုင်ဟု မကြာခဏ ဆိုဂျာလေသည်။ ကျွန်ုပ်မှာလည်း ကြိုက်နှစ်သက်စရာ မိန်းကလေး မရှိ ပေရာ လူပျိုဘဝဖြင့်ပင် ကြာရှည်ခဲ့ လေသည်။

ကျွန်ုပ်တို့ ကျေးလက်တောရွာ များ၌ အသက် ၁၆၊ ၁၇လောက်ဆိုလျှင် အိမ်ထောင်ပြုကြမြဲဖြစ်ရာ ကျွန်ုပ်မှာ အရွယ်လွန်၍ လူပျိုကြီးစာရင်းဝင်နေခဲ့ ပေပြီ။ ကျွန်ုပ်၏ သူငယ်ချင်းများမှာ အိမ်ထောင်ကျ၍ သားသမီးများပင် ချီ နေရပြီဖြစ်ပေ၏။ ကျွန်ုပ်ကား ကိုယ် နှစ်သက်သူကိုမှ အိမ်ထောင်ပြုမည်ဆို



www.burmeseclassic.com

www.burmeseclassic.com



သောအစွဲဖြင့် ခေါင်းမာနေခဲ့လေသည်။

မည်သို့ဆိုစေ၊ ကျွန်ုပ်သည်လည်း နှလုံးသားရှိသော ပုထုဇဉ်လူသားတစ်ဦး ပင်ဖြစ်ပေရာ အချိန်တန်သည်၌ ကျွန်ုပ် နှစ်သက်သောသူကို တွေ့ခဲ့ရလေတော့ သည်။

♦♦♦

ကျွန်ုပ်၏ ချစ်သူမှာ လူသား တစ်ဦးတော့ မဟုတ်ပါပေ။ ကျွန်ုပ်၏ ချစ်သူသည် ရေအောက် သိုက်နန်းကို စောင့်ရှောက်ရသော သိုက်နန်းရှင် ဥစ္စာ စောင့်မလေးတစ်ဦးဖြစ်ပေ၏။ မြစ်ချောင်း ပင်လယ်နှင့် ဝေးကွာလှသော ရွာမှ ကျွန်ုပ်နှင့် ရေအောက် သိုက်နန်းမှ သိုက်နန်းရှင်မလေးတို့ တွေ့ဆုံရပုံမှာ ဆန်းကြယ်လှပေသည်။ မယုံနိုင်ဖွယ် လည်း ကောင်းလှပေသည်။ ကျွန်ုပ်သာ လျှင် ကာယကံရှင်ဖြစ်၍ ကျွန်ုပ်၏ ဆန်းကြယ်သော ကံကြမ္မာကို လက်ခံ ယုံကြည်လိုက်ရသည်။ မိခင်ကြီးနှင့် တကွ ရွာသူရွာသားလုံးနဲ့ ရွာဦးကျောင်း ဆရာတော်ကြီးပါမကျန် ကျွန်ုပ်ပြောပြ သော အကြောင်းများကို မယုံကြည်ခဲ့ ပါပေ။ လူအများ မယုံလောက်အောင် လည်း ကျွန်ုပ်နှင့် ကျွန်ုပ်ချစ်သူတို့ တွေ့ ဆုံပုံက ဆန်းကြယ်လှလေ၏။

♦♦♦

BURMESE CLASSIC .com

တစ်နေ့သ၌ ကျွန်ုပ်သည် လုပ် ရိုးလုပ်စဉ်အတိုင်း ခြံအတွင်းမှ သစ်ပင် များအား ရေလောင်းသည့် အလုပ်ကို လုပ်ကိုင်လျက်ရှိလေသည်။ သစ်ပင်များ အား ရေလောင်းရာတွင် အပင်အနီး အထိ သွားလောင်းရန် မလိုပါ။ သစ်ပင် ခြေများအထိ မြောင်းများ ဖောက်ထား ပြီး ထိုမြောင်းများ၏ အစသည် ရေတွင်း ကြီး၏ အခြေမှ စလေသည်။ ရေတွင်း ပတ်လည်၌ သစ်ပင်အမြစ်များအထိ ကျွန်ုပ်ကိုယ်တိုင် တူးထားသော ရေ မြောင်းလေးများကို တွေ့ရှိနိုင်လေသည်။

ညနေစောင်း၍ ရေခပ်လာသူများ ရှင်းလင်းသွားပြီဆိုလျှင် ကျွန်ုပ်သည် တွင်းထဲမှ ရေကို တစ်ပုံးပြီး တစ်ပုံးငင် ကာ ရေတွင်းဘောင်မှ မြောင်းကလေးများ ထဲသို့ လောင်းထည့်ပေးခြင်းဖြင့် သစ်ပင် များအား ရေလောင်းခြင်းကို ပြုလုပ်မြဲ ဖြစ်ပေသည်။

ထိုနေ့ညနေကလည်း ကျွန်ုပ် သည် ထုံးစံအတိုင်း ရေငင်လိုက်၊ မြောင်းများထဲသို့ ရေလောင်းချလိုက်ဖြင့် အလုပ်များနေခဲ့ပေ၏။ ကျွန်ုပ်က တွင်း ထဲမှ ရေများကို စက်သီးကြိုးဖြင့် တစ်ပုံး ပြီး တစ်ပုံးငင်နေခဲ့ရာ တစ်ကြိမ်တွင် ကျွန်ုပ်ငင်လိုက်သော ရေပုံးထဲ၌ ရေများ ပါမလာဘဲ ကျောက်ခဲများချည်းသာ ပုံးအပြည့် ပါလာခဲ့လေသည်။

ကျွန်ုပ်သည် အံ့ဩသွားမိလေ၏။ ရေတွင်းထဲမှ ကျောက်ခဲများသည် အဘယ်ကြောင့် ရေပုံးထဲသို့ ရောက် လာရပါသနည်း။ ပုံးထဲသို့ အစိုင်အခဲ မဟုတ်သော ရေများ ဝင်ရန်သာ အကြောင်းရှိသည်။ ကျောက်ခဲကဲ့သို့ အစိုင်အခဲများသည် အလိုအလျောက် ဝင်ရောက်လာဖို့ မဖြစ်နိုင်ချေ။

ကျွန်ုပ်သည် ပါလာသော ကျောက်ခဲများကို ရေတွင်းဘောင်တွင် ပုံချလိုက်ကာ ရေတွင်းထဲသို့ ငုံ့ကြည့် လိုက်လေသည်။ ထိုအခါ ရေတွင်းထဲ ၌ မိန်းမတစ်ယောက်၏ ဦးခေါင်းပိုင်း ပေါ်နေသည်ကို ထူးဆန်းစွာ တွေ့မြင် လိုက်ရလေ၏။

အလွန်တရာ နက်ရှိုင်းသော ကျွန်ုပ်တို့ ရေတွင်းကြီးအောက်ခြေသို့ မိန်းမတစ်ယောက် ရောက်နေခြင်းမှာ မဖြစ်နိုင်သောကြောင့် ကျွန်ုပ်သည် စိတ် ထင်လို့များလားဟု တွေးလိုက်မိသေး သည်။ ညနေခင်းဖြစ်၍ ရေတွင်းအောက် ခြေသည် မှောင်နေပေရာ ကျွန်ုပ်စိတ် ထင်ယောင်ထင်မှားဖြစ်သွားတာလည်း ဖြစ်နိုင်ပေ၏။

ကျွန်ုပ်က သေချာအောင် နော[illegible] တစ်ကြိမ် စိုက်ကြည့်လိုက်ပြန်သ[illegible] ကျွန်ုပ်၏ စိတ်က ထင်နေလို့များ[illegible] မဆိုနိုင်ပေ။ မိန်းမတစ်ယောက်သ[illegible] ခေါင်းကို မော့ကာ ရေတွင်းအထက်[illegible] မော့ကြည့်နေသည်ကို တွေ့ရပြန်ပ[illegible] ထိုအခိုက် ရယ်မောလိုက်သောအ[illegible] သည် ရေတွင်းအောက်ခြေမှ လိ[illegible] ပေါက်၍ ထွက်ပေါ်လာပြန်လေသ[illegible] ရယ်သံမှာလည်း မိန်းမအသံဖြစ်ပေ[illegible]

ကျွန်ုပ်သည် ကြက်သီးတဖြန်း[illegible] ထသွားမိလေ၏။ သရဲ တစ္ဆေ[illegible] ချောက်လှန့်ခြင်းပေလော။

"စိတ်ဆိုးသွားသလားဟင်"

ရေတွင်းအောက်ခြေမှ မိန်း[illegible] အသံဖြင့် စကားသံ ထွက်ပေါ်လာ[illegible] သည်။

"ဟေး…အောက်က ဘယ်[illegible] လဲ၊ ဘာလုပ်နေတာလဲ"

ကျွန်ုပ်မှ ထိုသို့ မေးလိုက်ရသေ[illegible] လည်း ပေတစ်ရာကျော် နက်ရှိုင်းသော ရေတွင်းအောက်ခြေသို့ လူတစ်ယော[illegible] ရောက်နေဖို့အကြောင်းမှာ ဖြစ်နိုင်[illegible] ကြောင်း တွေးလိုက်မိလေသည်။

"စိတ်မဆိုးပါနဲ့နော်။ ရေပုံးထဲ[illegible] ခဲလုံးတွေ ကျွန်မ ထည့်လိုက်တာ[illegible] ကျွန်မပျော်ချင်လို့ သက်သက်ကျီစ[illegible] လိုက်တာပါ"

"ဘာကွ၊ မင်းက ဘယ်သူလဲ[illegible] မင်း ရေတွင်းထဲကို ကျနေတာလား"

ရယ်သံ ထွက်လာပြန်သည်။

"ရေတွင်းထဲ ကျနေတာ မဟုတ်[illegible] ပါဘူးရှင်။ ကျွန်မက ရေထဲမှာ နေတ[illegible] သူပါ။ ပျင်းလို့ လျှောက်သွားရင်း[illegible] ဟောဒီ ရေတွင်းအောက်ခြေကို ရောက်[illegible] လာတာပါ"

"ဘာ…ပျင်းလို့…ဟုတ်[illegible] မင်းက ရေအောက်မှာ နေတယ်…"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်သည် ဘာကိုမှ နားမလည် ...တော့ပေ။

"ခစ်…ခစ်…ခစ်… ရှင် ...နဲ့ တွေ့ချင်လားဟင်၊ တွေ့ချင် ...ဆိုရင် ရှင့်ရေပုံးကြိုးကို ချလိုက် ...ကြိုးကို ဆွဲပြီး ကျွန်မလိုက်ခဲ့မယ်။ ...ဟာ ကျွန်မတော့ မတက်နိုင်ဘူး ...ရှင် အပေါ်ကနေ ဆွဲယူမှ ဖြစ်မှာ။ ...ယ့်လဲ၊ ရှင် ဆွဲနိုင်ရဲ့လား"

"ဘာလို့ မဆွဲနိုင်ရမှာလဲဗျ။ ...ကြည့်ပါ"

"ဒါဖြင့် ရှင် ကျွန်မကို တွေ့ချင် ...ပေါ့"

"မင်း ဘယ်လိုလူဆိုတာ ငါသိ ... ကဲ - ပြောနေ ကြာတယ် ... ရေပုံးကို ချလိုက်ပြီပော့"

ကျွန်ုပ်ချပေးသော ရေပုံးတွင်း ...သို့ ကျသွားချိန်တွင် သူမထံမှ ...ထွက်လာပြန်သည်။

"ကျွန်မ ရေပုံကို အားပြုပြီး ဆွဲ ...ခဲ့မယ်။ ရှင်သာ အပေါ်ကနေ ဆွဲ ...တော့"

ကျွန်ုပ်လည်း စက်သီးကြိုးအား ...ကိုက်၍ ဆွဲတင်လိုက်လေသည်။ ...စ်ကိုယ်စာမို့ အတော်ပင် အားသုံး ... ဆွဲယူရလေ၏။

သူမသည် တဖြည်းဖြည်းဖြင့် ...ပေါ်ကို ရောက်လာလေသည်။ သူမ ... အသွင်အပြင်ကိုလည်း ထင်ရှားစွာ ...လိုက်ရလေ၏။

သူမ၏ ရင်သားအထက်ပိုင်းကို ...လိုက်ရသည့်အချိန်တွင် ကျွန်ုပ်မှာ ...ဆက်မိကာ ကြိုးကို ဆက်မဆွဲဘဲ ...ကို ငေးကြည့်နေမိလေ၏။

သူမ၏ ဆံပင်များမှာ နက်မှောင် ... တင်ပါးကျော်သည်အထိ ရှည်လျား ...သည်။ ရင့်လျားထားသော ထဘီ ... ငွေရောင်တပြောင်ပြောင်လက် ...သေ၏။ (စင်စစ် အကြောင်းစုံ မသိသေး၍ ကျွန်ုပ်က သူမကို ရင်လျား ထားသည်ဟု ထင်ခဲ့မိခြင်းဖြစ်သည်။ အမှန်က ထဘီရင်လျားထားခြင်း မဟုတ်ပါ။)

"အို…ကျွန်မကို ဒီအတိုင်းထား တော့မှာလား။ ရေတွင်းဘောင်ပေါ် ကျွန်မ တက်ထိုင်ပါရစေ၊ ကျွန်မလက် ကို လှမ်းဆွဲလိုက်ပါ အမောင်"

သူမက ပြောလိုက်မှ ကျွန်ုပ် အသိဝင်လာကာ သူမ ကမ်းပေးသော လက်ကို ဖမ်းကိုင်ကာ ကျွန်ုပ်ဘက်သို့ ရောက်အောင် ဆွဲယူလိုက်ရလေသည်။

သူမ၏ တစ်ကိုယ်လုံးက ရေ တွင်းဘောင်ပေါ်တွင် တက်ထိုင်မိရက် သားဖြစ်သွားလေ၏။ သူမ၏ တစ်ကိုယ် လုံးကို မြင်လိုက်ရမှပင် ကျွန်ုပ်သည် အံ့ဩမှုအထွဋ်အထိပ်သို့ ရောက်ကာ ထိတ်လန့် ချောက်ချားသွားရ‌လေ၏။

သူမကား လူစင်စစ်တစ်ယောက် မဟုတ်။ အောက်ပိုင်းတွင် ငါးအမြီးနှင့် ဆက်ထားသော ရေသူမတစ်ကောင် သာပါတကား။ အစပိုင်းက ရင်လျား ထားသော ငွေရောင် ထဘီစဟု ကျွန်ုပ် ထင်ခဲ့သည်မှာ သူမကိုယ်ပေါ်မှာ အကြေးခွံများ ဖြစ်နေသည်ကို တွေ့ လိုက်ရလေ၏။ ရေတွင်းဘောင်ပေါ် တက်ထိုင်နေရင်းမှ သူမ၏ အောက်ပိုင်း ရှိ ငါးအမြီးပိုင်းသည် ရေတွင်း၏ အတွင်း နံရံကို တဖျပ်ဖျပ်ရိုက်ခတ်လျက်ရှိပေ သည်။

"ဟင်…မင်း…မင်း…ရေသူမ"

"ဟုတ်ပါတယ် အမောင်၊ ကျွန်မ ဟာ လူသားမိန်းမတစ်ယောက် မဟုတ် ပါဘူး။ ရေအောက် သိုက်နန်းက သိုက် နန်းရှင်တစ်ယောက်ပါ အမောင်"

"ဘာ…သိုက်နန်းရှင်၊ ဟုတ် လား။ မင်းဟာ လူတစ်ပိုင်း ငါးတစ်ပိုင်း ရေသူမ မဟုတ်ဘူးလား"

"လူတစ်ပိုင်း ငါးတစ်ပိုင်း သတ္တဝါ တစ်ကောင် မဟုတ်ပါဘူး။ ရေထဲမှာ ကျင်လည်ရလို့ ငါးအသွင်ကို ဆောင် ယူထားခြင်းဖြစ်ပါတယ် အမောင်"

"ဒါဖြင့် မင်းက ဘာလဲ"

"ရေအောက် သိုက်နန်းရဲ့ သိုက် နန်းရှင်တစ်ယောက်ပါလို့ ပြောပြီးရော အမောင်ရယ်"

"ဒီလိုဆိုရင် ဒီနေရာကို မင်း ဘယ်လိုရောက်လာတာလဲဟင်။ မင်း တို့သိုက်က ဟောဒီ ရေတွင်းကြီး အောက်မှာလား"

ကျွန်ုပ်၏ အမေးကို သူမက ရယ်မောနေသေးသည်။

"ကျွန်မတို့ သိုက်နန်းက ရော ဝတီမြစ်ကြီးရဲ့ မြစ်ကြမ်းပြင်အောက်မှာ ပါ အမောင်ရယ်"

"ရောဝတီမြစ်…ရောဝတီမြစ်က ဒီနေရာနဲ့ အဝေးကြီးပဲ"

"ဩော်…အမောင်ရယ်…ရေ ကြောတွေဟာ မြေလွှာအောက်မှာ လိုဏ်ခေါင်းပေါက်တွေဖြစ်ပြီး တစ်နေရာ နဲ့ တစ်နေရာဆက်နေတာရှင့်"

"ဟင်…"

"အဲဒီလို ရေကြောတွေ တစ်ခုနဲ့ တစ်ခုဆက်နေလို့လည်း အမောင်တို့ ဟောဒီလို ရေတွင်းမျိုး တူးဖော်လို့ ရ တာပေါ့ အမောင်။ ကျွန်မက ရေ အောက် သိုက်နန်းထဲမှာ နေရတာ ငြီး လွန်းလို့ ရေကြောရှိတဲ့ လိုဏ်ခေါင်း တွေအတိုင်း လျှောက်သွားရင်းက ဒီနေရာကို ရောက်လာတာပါ အမောင်။ ကျွန်မ ဟောဒီ ရေတွင်းကြီးအောက် ခြေကို လာလည်တာ သုံးရက်ဆက် တိုက်ပါပဲ။ အမောင့်ကို မြင်ပါတယ်။ အမောင်နဲ့ ခင်မင်ချင်လို့ ခုလို အသိ ပေးပြီး မိတ်ဖွဲ့ရတာပါ အမောင်"

ကျွန်ုပ်သည် မမျှော်လင့်ဘဲ ကျွန်ုပ်တို့ ရေတွင်းထဲမှ ပေါ်လာသည့် ရေသူမအသွင်ဆောင်ယူထားသော

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကို ကြည့်ကာ အံ့လည်း အံ့သြ၊ မယုံကြည်နိုင်အောင်လည်း ရှိနေမိသည်။ မည်သို့ မယုံကြည်သည်ဖြစ်စေ၊ သူမကား ကျွန်ုပ်ရှေ့မှောက်၌ မျက်ဝါးထင်ထင် ရောက်ရှိနေပြီတည်း။ ရောက်ရှိရုံမက ကျွန်ုပ်အား လူသားများ သုံးနှုန်းသည့် စကားများဖြင့်ပင် ပြောကြားလျက်ရှိလေပြီ။

"ဘယ့်နှယ့်လဲ အမောင်၊ သိပ် အံ့သြနေသလားဟင်။ ကျွန်မနဲ့ ခုလို သိကျွမ်းရတာကို ဘယ်သူမှ မသိစေချင်ဘူးကွယ်"

"ဘာ…ဘာဖြစ်လို့လဲဟင်"

"ကျွန်မတို့ရဲ့ ရေအောက် သိုက်နန်းကြီး ရှိနေတာကို လူတွေ သိကုန်မှာစိုးလို့ပေါ့ အမောင်"

"ဒါဖြင့် ကျွန်ုပ်ကိုတော့ ဘာကြောင့် အသိပေးရသလဲ"

"ပြောပါရော၊ အမောင့်ကို ခင်လို့ပါလို့။ အမောင်သာ နှုတ်လုံမယ်ဆိုရင် ကျွန်မ အမောင်နဲ့ မကြာခဏ လာတွေ့ချင်ပါတယ် အမောင်"

"ဟာ…စိတ်ချ၊ ကျွန်ုပ် ဘယ်သူ့ကိုမှ မပြောပါ။ ကျွန်ုပ်လည်း သင့်ကို ခင်ပါတယ်။ သင့်နာမည်…"

"ကျွန်မရဲ့ အမည်က မြနန္ဒီလို့ ခေါ်ပါတယ်။ ရေအောက်သိုက်နန်းရဲ့ သိုက်နန်းရှင်မလေး မြနန္ဒီပါ အမောင်"

"ကျွန်ုပ်အမည်က မောင်ကောင်းမွန်လို့ ခေါ်ပါတယ် မြနန္ဒီ။ ကျွန်ုပ်ဖြင့် မြနန္ဒီကို တွေ့ရတာ ဝမ်းလည်း သာတယ်၊ အံ့လည်း အံ့သြမိတယ်ဗျာ"

"အမောင်ရယ်…ဒီလောကကြီးမှာ မျိုးမတူ ဇာတ်ခြားတဲ့ သတ္တဝါ အနန္တရှိပါတယ်။ ဘာမှ အံ့သြစရာ မဟုတ်ပါ"

မြနန္ဒီက သူမတို့၏ ရေအောက် သိုက်နန်းကြီးအကြောင်းကို ပြောပြခဲ့ပေသည်။ သူမတို့၏ သိုက်နန်းသည်…

(ဤနေရာ၌ စာရွက်တွင် ရေစိုကာ မင်များ ပြန့်နေသောကြောင့် ဖတ်မရခဲ့ပေ။ နောက် ဆက်လက်ဖတ်ရှုရသည့်စာများအရ ရေအောက်သိုက်နန်း အကြောင်းကို အသေးစိတ်ပြောပြချက်များ ဖြစ်ပုံရပေသည်။ စာကြောင်းရေ ၂၀ခန့် ပျက်နေပေသည်။)

မြနန္ဒီက ကျွန်ုပ်ကို နှုတ်ဆက်ကာ ရေတွင်းထဲသို့ ခုန်ဆင်းပြီး ပျောက်ကွယ်သွားလေပြီ။

ကျွန်ုပ်သည် မှောင်နေသော ရေတွင်းအောက်ခြေကို ငေးကြည့်ကာ ကျွန်ုပ်တွေ့ကြုံခဲ့ရသည်များမှာ အမှန်တကယ်မှ ဟုတ်ပါလေစ၊ အိပ်မက်များ လေလားဟု တွေးကာ အံ့သြတွေဝေနေမိတော့သည်။ မည်သို့ပင်ဆိုစေ၊ နောက်နေ့တွင်လည်း မြနန္ဒီက ကျွန်ုပ်ထံ လာရောက်လည်ပတ်ဦးမည်ဟု ကတိပေးသွားလေရာ ကျွန်ုပ် စောင့်မျှော်ရပေတော့မည်။

BURMESE CLASSIC .com

◆◆◆

မြနန္ဒီသည် သူမ၏ ကတိအတိုင်း နောက်တစ်နေ့တွင်လည်း ကျွန်ုပ်ထံသို့ ရောက်ရှိလာခဲ့ပေသည်။ ကျွန်ုပ်သည် သူမရောက်လာကြောင်း အချက်ပြလိုက်သည်နှင့် ရေငင်ပုံးကို ချပေးကာ မြနန္ဒီအား အထက်သို့ ရောက်အောင် ဆွဲတင်လိုက်လေသည်။

ကျွန်ုပ်နှင့် မြနန္ဒီကား စကားများ ပြောမကုန်နိုင်အောင် ရှိတော့၏။ မြနန္ဒီက သူမ၏ ရေအောက် သိုက်နန်းကြီး အကြောင်းကို ပြောပြသလို၊ ကျွန်ုပ်တို့ လူ့လောကမှ အကြောင်းခြင်းရာများကိုလည်း မေးမြန်းလေသည်။

"မြနန္ဒီဟာ လူ့ဘဝကို စွန့်လွှတ်ခဲ့ရတာ နှစ်ပေါင်းများစွာ ကြာပါပြီ အမောင်။ ကြာလွန်းလို့ နှစ်ကာလ ဘယ်လောက်ရှိပြီဆိုတာတောင် မမှတ်မိတော့ပါဘူးကွယ်။ ဒါကြောင့်လ…
လူသားများကို တွေ့ မြင်ချင်လွန်…
အမောင်ရှိတဲ့ နေရာကို လာနေမိတ…
ပါ အမောင်"

"ကျွန်ုပ်ဆီကို လာရောက် ထ…
ပတ်တာဟာ မြနန္ဒီရဲ့ စိတ်အပျင်း…
တစ်ခုတည်းကြောင့်ပဲလား မြနန္ဒီ။ …
ရင်တော့ မြနန္ဒီဟာ ကိုယ့်ရဲ့ အထွ…
ပြေပျောက်ဖို့အတွက် ကျွန်ုပ်ကို …
ဝေဒနာတွေ လာပေးသလို ဖြစ်နေ…
ရော မြနန္ဒီ"

"အလို…ဘာကို ဆိုလိုတာ…
လိမ့် အမောင်"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ်…
မြနန္ဒီကို ချစ်နေလို့ပါပဲ မြနန္ဒီ။ ကျွ…
မြနန္ဒီကို အသည်းပေါက်မတတ် …
နေမိပါပြီ"

"မတော်ပါဘူး အမောင်ရ…
အမောင်နဲ့ မြနန္ဒီဟာ မျိုးမတူ ဇာတ်…
ပါတယ် အမောင်"

"ခုမှတော့ ဒါတွေကို မတွေး…
တော့ဘူး မြနန္ဒီရယ်။ ကျွန်ုပ်ရဲ့ န…
သားက အလိုလိုပေါ်လာတဲ့ အချစ်…
ပေပဲ။ ကျွန်ုပ်ကို မြနန္ဒီတို့ရဲ့ သိုက်…
ကို ခေါ်သွားပါတော့"

"အို…"

ကျွန်ုပ်၏ တောင်းဆိုချက်ကြော…
မြနန္ဒီမှာ အလွန်ပင် တုန်လှုပ်ချော…
ချားသွားပေတော့သည်။

"ဘဝချင်းကဖြင့် ဘယ်…
ပေါင်းစပ်လို့ မရပါဘူး အမောင်ရ…

"မြနန္ဒီ ကျွန်ုပ်ကို မေတ္တာမ…
ဘူးလားဟင်"

"မြနန္ဒီ အမောင့်ကို သံယော…
ရှိပါတယ်။ ချစ်ပါတယ် အမောင်။ …
ပေမယ့် တစ်ဦးနဲ့ တစ်ဦး မပေါင်း…
နိုင်တဲ့ ဘဝများမို့ အမောင့်အချစ်…
ကိုလည်း မျိုသိပ်လိုက်ပါ။ မြနန္ဒီ …
စိတ်ကိုလည်း မျိုသိပ်ထားပါမ…



www.burmeseclassic.com

www.burmeseclassic.com



...ငယ်"

"အချစ်ဆိုတာ မျိုးသိပ်ဖို့ မဟုတ် ... မြန်ဒီ၊ အချစ်ဆိုတာ ချစ်ဖို့ပါပဲ ..."

"အို…မြန်ဒီ အမောင့်ကို ဆက် ...တာ မှားပြီထင်ပါရဲ့၊ ခွင့်လွှတ် ...အမောင်ရယ်"

"ဘဝချင်းတူတူ၊ မတူတူ၊ ပေါင်း ...ရေး မြန်ဒီ ကျွန်ုပ်ကို ချစ်တယ် ... အဖြေပေးရင် ကျေနပ်ပါပြီ ..."

"ချစ်ပါတယ် အမောင်။ မြန်ဒီ ...မောင့်ကို ချစ်ပါတယ်ရှင်"

♦♦♦

ကျွန်ုပ်၏ ယခင်နှင့် မတူ၊ မူ ...နေသော အဖြစ်ကို မိခင်ကြီးက ...သိခဲ့လေသည်။

"သား…ညတိုင်း ညတိုင်း ရေ ...သားမှာ ကြာလှချည်လား။ အမောင် ... ခြင်က ကိုက်နဲ့၊ မင်း ဘာလုပ် ...တာလဲ"

"ကျွန်တော် သစ်ပင်တွေ ရေ ...လောင်းနေတာပါ အမေ"

"သစ်ပင် ရေလောင်းတာ ဒီ ...လောက် မကြာပါဘူး။ အမေလာကြည့် ...တော့ မင်းတစ်ယောက်တည်း စကား ...ပြောနေတဲ့ အသံကို ကြားရတယ် ငါ့ ...သားရဲ့"

"အမေစိတ်ထင်လို့ပါ အမေ"

ထိုအကြောင်းကို ကျွန်ုပ်က ...မြန်ဒီကို ပြန်ပြောပြလိုက်သည်။

"အမေက မျက်စိမှုန်တော့ မြန်ဒီ ...ကို မမြင်ရဘူးပေါ့။ အမေ့ကို ကျွန်ုပ်နဲ့ ...မြန်ဒီအကြောင်းတွေ ဖွင့်ပြောလိုက်ရ ...မလားဟင်"

"စောပါသေးတယ် အမောင်။ ...မြန်ဒီအကြောင်းကို ဘယ်သူမှ မသိစေ ...ချင်ဘူး"

"ကျွန်ုပ်တို့ ဒီလိုပဲ နေသွားရတော့မှာလား မြန်ဒီ။ မြန်ဒီနဲ့ ကျွန်ုပ်နဲ့ နီးဖို့အရေးကို ကြံစည်စမ်းပါဦး"

"အင်း…အမောင့်ကို မြန်ဒီတို့ရဲ့ ရေအောက် သိုက်နန်းကြီးဆီ ခေါ်သွားပါဦးမယ်လေ။ သိုက်နန်းကို လေ့လာပြီးမှ အမောင်နေနိုင် မနေနိုင် ဆုံးဖြတ်ပါလေ"

"မြန်ဒီနဲ့ အတူလိုက်ရရင် ရေထဲကနေ လိုက်လာရမှာလား။ ကျွန်ုပ် အသက်ရှူလို့ ရပါ့မလား မြန်ဒီရယ်"

"မြန်ဒီနဲ့ အတူတူဆိုရင်ဖြင့် စိတ်ပူစရာ မလိုပါဘူး။ အမောင် အန္တရာယ်ကင်းကင်းနဲ့ လိုက်ပါနိုင်ပါတယ်။ ဒါပေမယ့် ဒီအကြောင်းကို အမောင် နှုတ်လုံဖို့ လိုတယ်နော် အမောင်"

"စိတ်ချပါ မြန်ဒီ"

သို့ဖြင့် မြန်ဒီက လာမည့် လပြည့်နေ့တွင် ကျွန်ုပ်အား သူမ နေထိုင်သည့် ရေအောက် သိုက်နန်းသို့ အလည်အပတ်ခေါ်ဆောင်သွားမည့် အကြောင်း၊ သိုက်နန်းမှ သိုက်ချုပ် မယ်တော်ကြီးနှင့် မိတ်ဖွဲ့ပေးမည့် အကြောင်း ကတိပေးလေသည်။

♦♦♦

နောက်တစ်ကြိမ် လပြည့်နေ့တွင် မြန်ဒီက ကတိအတိုင်း ကျွန်ုပ်အား သူမတို့၏ သိုက်နန်းသို့ ခေါ်ဆောင်သွားခဲ့လေ၏။ ကျွန်ုပ်သည် မြန်ဒီ ရောက်လာကြောင်း ရေတွင်းအောက်မှ အသိပေးလိုက်သည်နှင့် ခါးတောင်းကို မြှောင်အောင် ကျိုက်ကာ ရေတွင်းထဲသို့ ခုန်ချလိုက်လေသည်။ မြန်ဒီက ကျွန်ုပ်၏ လက်အား ဖမ်းဆွဲလိုက်လေသည်။ အံ့သြဖွယ်ကောင်းပေစွ၊ ကျွန်ုပ်သည် အရှိန်ဖြင့် ရေအောက်သို့ နစ်မြုပ်သွားသော်လည်း ရေတွင်းအောက်ခြေမှ နက်မှောင်သော ရေအောက် မြင်ကွင်းများကို နေ့အလင်းတွင် မြင်ရသည့်အလား ထင်ရှားစွာ မြင်နေရပေသည်။

မြန်ဒီသည် ကျွန်ုပ်လက်ကို ဆွဲကာ ဦးဆောင်၍ ခေါ်ငင်သွားလေသည်။ ကျွန်ုပ်သည် ရေအောက်တွင် လုံးလုံးရောက်နေသော်လည်း အသက်ရှူလို့ ရနေသည်။ မြန်ဒီနှင့် စကားပြောလို့လည်း ရနေသည်။ မြန်ဒီက ရေအပြည့် ဖြစ်နေသော လိုဏ်ခေါင်းလမ်း တစ်လျှောက် ကျွန်ုပ်လက်အား ဆွဲခေါ်ကာ ကူးခတ်လျက် ရှိလေသည်။ ကျွန်ုပ်သည် ကျွန်ုပ်တို့ အိမ်ခြံဝင်းထဲမှ ရေတွင်းကြီးအောက်ခြေတွင် ဤမျှ ရှည်လျားသော လိုဏ်ခေါင်းကြီးရှိနေသည်ကို အံ့သြစွာဖြင့် မြန်ဒီခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့လေသည်။

"ကျွန်ုပ်တို့ ဘယ်ကို သွားနေတာလဲ မြန်ဒီ"

"ရောဝတီမြစ်ကြီးဆီ ဦးတည်ပြီး အရောက်သွားနေတာလေ အမောင်"

"အို…ရောဝတီမြစ်က အဝေးကြီးပဲ။ ကျွန်ုပ်တို့ရွာကနေ ငါးမိုင်တောင် ဝေးတာပဲ မြန်ဒီ"

"ဒီလိုဏ်ခေါင်းကြီးက ရောဝတီမြစ်အထိ ပေါက်ပါတယ် အမောင်။ မြေလွှာအောက်မှာ လိုဏ်ခေါင်းများ၊ ရေကြောများ ဖြစ်ပေါ်ပြီး တစ်နေရာနဲ့ တစ်နေရာ ဆက်သွယ်နေတယ်လို့ မြန်ဒီ ပြောခဲ့ပါရော အမောင်ရယ်"

"ထူးဆန်းပါဘိတော့တယ်။ မြေအောက်မှာကျတော့ ရေတွေအတိပြီးတဲ့ နေရာမှာတောင် မြင်လည်း မြင်ရတယ်၊ အသက်ရှူလို့၊ စကားပြောလို့လည်း ရတယ်နော်"

ကျွန်ုပ်အပြောကို မြန်ဒီက ရယ်လိုက်လေသည်။

"အမောင့်လက်ကို မြန်ဒီ ခဏလွှတ်လိုက်မယ်နော်"

မြန်ဒီက သူမလက်ဖြင့် ဆုပ်ကိုင်ထားသော ကျွန်ုပ်၏ လက်အား လွှတ်ချလိုက်လေသည်။ ချက်ချင်းပင် ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



သည့် ပိန်းပိတ်နေသော ရေထုထဲ၌ အမှောင်ကျသွားကာ ဘာကိုမှ မမြင်ရတော့ဘဲ ဝူးဝူးဝါးဝါးဖြစ်နေပေတော့သည်။ အသက်ရှူလို့လည်း မရတော့။ မြနန္ဒီကို ဟစ်အော်ခေါ်သော်လည်း ခေါ်လို့ မရတော့ပေ။ ကျွန်ုပ်သည် ရေနစ်နေသော လူတစ်ယောက်အဖြစ် ချက်ချင်းပင် ဘဝပြောင်းသွားလေတော့၏။

ခဏကြာမှ မြနန္ဒီ၏ ပျော့ပျောင်းသော လက်ဖဝါးလေးက ကျွန်ုပ်ကို လာ၍ထိတွေ့လိုက်လေရာ ကျွန်ုပ်သည် အမြင်ဓာတ်ကိုလည်း ပြန်ရလိုက်သည်။ အသက်ရှူလို့လည်း ရသွားသည်။ စကားလည်း ပြန်ပြောနိုင်သွားလေ၏။

"သိပြီလား အမောင်၊ မြနန္ဒီက အမောင့်အသားကို ထိတွေ့ထားလို့ ရေအောက်ထဲမှာ အမောင် လွတ်လွတ်လပ်လပ်နေလို့ ရနေတာပါ။ မြနန္ဒီသာ မပါရင် အမောင်ဟာ သာမန်လူသားတစ်ယောက်မို့ ရေအောက်ခရီးကို မလာနိုင်ပါဘူး အမောင်"

"ဪ…ဒီလိုလား"

"ဟော…ပြောရင်းဆိုရင်း ရောဝတီမြစ်ထဲကိုတောင် ရောက်လာပြီ အမောင်။ မြစ်ရေပြင်ပေါ်ကို အမောင့်ကို လိုက်ပြပါဦးမယ်"

မြနန္ဒီက ရေပြင်အထက်သို့ ကျွန်ုပ်အား ဆွဲခေါ်သွားလေသည်။

ရေပြင်အထက်ကို ခေါင်းဖော်လိုက်သည်နှင့် ကျွန်ုပ်သည် မြစ်အလယ်သို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရကာ တစ်ဖက်တစ်ချက်ဆီမှ မြစ်ကမ်းစပ်များကို လည်းကောင်း၊ ရေထဲတွင် သွားလာနေသော လှေသင်္ဘောများကို လည်းကောင်း မြင်လိုက်ရလေသည်။

လပြည့်ညဖြစ်လေရာ လရောင်သည် မြစ်ပြင်ပေါ်သို့ ဖြာကျနေပြီး မြစ်၏ ညရှုခင်းကို သာယာရှုမောဖွယ် မြင်တွေ့လိုက်ရလေ၏။

"ရေထဲကို ပြန်ငုပ်ကြစို့ အမောင်၊ လူတွေ မြနန္ဒီတို့ကို မြင်သွားလို့ မဖြစ်ဘူး"

မြနန္ဒီက ကျွန်ုပ်ကို ရေအောက်ထဲသို့ ပြန်လည်ဆွဲခေါ်သွားလေရာ မြစ်ကြမ်းပြင်အောက်သို့ ဒုတ်ဒုတ်ထိ ရောက်ရှိသွားလေ၏။

မြနန္ဒီသည် မြစ်ကြမ်းပြင်မှ ကြီးမားသော ကျောက်ဖြူတုံးကြီး တစ်ခုကို ဆွဲလှန်လိုက်လေသည်။ ထိုအခါ ကျောက်ဖြူတုံးကြီးအောက်တွင် အပေါက်တစ်ခုပေါ်လာလေ၏။ မြနန္ဒီက ထိုအပေါက်မှတစ်ဆင့် မြစ်ကြမ်းပြင်၏ အောက်ခြေသို့ ကျွန်ုပ်အား ဆွဲခေါ်သွားပြန်သည်။ လိုဏ်ခေါင်းပေါက်အတွင်းထဲ ရောက်သည်နှင့် မြနန္ဒီက ဖယ်ရှားထားသော ကျောက်တုံးကြီးကို နဂိုအတိုင်း ပြန်လည်စေ့ပိတ်လိုက်လေသည်။

ကျွန်ုပ်တို့သည် မြစ်ကြမ်းပြင် ၏ အောက်ခြေဘက်သို့ ရောက်ရှိနေလေပြီ။ အောက်၌ကား လူတို့နေရာ ကမ္ဘာလေးတစ်ခုသဖွယ် အဆောက်အအုံများ၊ သစ်ပင်ပန်းမာလ်များကို မြင်တွေ့နေရလေသည်။ သို့သော် ပတ်ဝန်းကျင်တစ်ခုလုံးကား ရေများပြည့်၍နေပေ၏။

မြနန္ဒီက ကျွန်ုပ်အား ကြီးမားသော ကျောက်ဖြူအဆောက်အအုံကြီးဆီသို့ ခေါ်သွားလေသည်။ ကျယ်ပြန့် ခမ်းနားလှသော ရေအောက်ကမ္ဘာကြီးပင်တည်း။ အဆောက်အအုံ ခန်းမကြီးထဲသို့ ရောက်သည်နှင့် အောင်မြင်ခန့်ညားသော အသံတစ်သံကို ကြားလိုက်ရလေသည်။

"သယ်… မိုက်လိုက်ပါဘိ၊ ဘောက်မဲ့ကြောင့် လူသား ၁၉ယ်ကို မယ်မယ်တို့ရဲ့ ရေအောက် သိုက်နန်းအရောက် ခေါ်ဆောင်လာရသလဲ သမီးတော် မြနန္ဒီ"

ကျွန်ုပ်က အသံကြားရာ
လှည့်ကြည့်လိုက်ရာ အသက်အရွ
ကြီးမားသော်လည်း လှပခန့်ညားသေ
အမျိုးသမီးကြီးတစ်ယောက်ကို
လိုက်ရလေ၏။ ထိုအမျိုးသမီးကြီး
လည်း ရေသူမသဏ္ဍာန် လူတစ်ပိုင်
ငါးတစ်ပိုင်းအသွင်ဆောင်ယူထားသူ
နေပေသည်။

ကျွန်ုပ်သည် မြနန္ဒီ ပြောပြထ
၍ ထိုအမျိုးသမီးကြီးအား သိုက်
မယ်တော်ကြီးအဖြစ် သိရှိလိုက်
သည်။ မယ်တော်ကြီး၏ မျက်နှာက
ကျွန်ုပ်ကို မလိုလားသည့်အသွင်ဆော
ယူနေပေ၏။ ကျွန်ုပ်သည် မယ်တေ
ကြီးကို ကြည့်ကာ ကြောက်ရွံ့ ထိတ်
လန့်မိပေတော့သည်။

"သည်းခံပါ မယ်မယ်၊ သ
တော် မယ်မယ့်ထံ ခွင့်မပန်ဘဲ လူသ
ယောက်ျားပျိုတစ်ယောက်ကို ခ
ကြိုက်မိပါတယ်။ သူ့ကို မယ်မယ့်
မှောက် ခေါ်လာပြီး မယ်မယ့်ထံမှ ခွ
ပြုချက်ကို အသနားခံ တောင်းခံဖို့…"

"တော်…တန်…တိတ်"

"မိုက်ပါဘိ မြနန္ဒီ"

(ဤနေရာမှ စ၍ စာမျက်န
လေးပုံ သုံးပုံခန့် ရေစိုနေပြန်ရာ ဖတ်
၍ မရနိုင်အောင် စာများ ပျက်ပြယ်နေ
ပေသည်။ နောက်ပိုင်းတွင် ဆက်လက်
ဖော်ပြထားသော အကြောင်းအရာမျာ
အရ သိုက်ချုပ် မယ်တော်ကြီးက လူ
သားနှင့် ချစ်သူရည်းစားထားခြင်းက
ဆူပြော ကန့်ကွက်ကာ မောင်ကောင်
မွန်အား လူ့ရပ်ရွာသို့ ပြန်လည်ပို့ဆောင်
ရန် စေခိုင်းခြင်းဖြစ်ကြောင်း ခန့်မှန်းရပေ
သည်။)

ကျွန်ုပ်သည် ရေတွင်းဘေး
တစ်လျှောက် ပဲ့ကျနေသော အုတ်ကျိုး
အုတ်ပဲ့များထဲသို့ ခြေလှမ်းကာ ရေ

www.burmeseclassic.com

www.burmeseclassic.com



အထက်သို့ တက်ခဲ့လေသည်။

အထက်သို့ မရောက်မီ ကျွန်ုပ် အောက်ခြေသို့ ပြန်ငုံ့ကာ ညှိုးနွမ်း မျက်နှာဖြင့် ကျွန်ုပ်အား မော့ နေသော မြနန္ဒီကို ကြည့်လိုက် သည်။

"မြနန္ဒီ⋯နောက်ညတွေမှာလည်း သို့ ကျွန်ုပ်ဆီကို လာခဲ့ပါဦးနော်"

"အကျိုးတော့ နည်းကုန်ပါပြီ မောင်၊ မယ်တော်ကြီးရဲ့ တစ်ချက် အမိန့်စကားကို အမောင်ကိုယ် ကြားခဲ့ရပြီးပြီပဲ။ အမောင်နဲ့ မြနန္ဒီ တော့ ဝေးပါပြီ အမောင်ရယ်"

"မယ်တော်ကြီး ဘာပြောပြော ရောက်အောင် လာရင် ဖြစ်တာပဲ လား"

"မဟုတ်ပါဘူး အမောင်။ သိုက် မယ်တော်ကြီးရဲ့ အမိန့်ကို မြနန္ဒီ သိုက်နန်းရှင်များဟာ မြေဝယ် နာခံရပါတယ်။ မပယ်ရှားဝံ့ပါ"

"ဒါဖြင့် မြနန္ဒီနဲ့ ကျွန်ုပ်⋯"

"မြနန္ဒီလည်း ရင်ကွဲလုပါပြီ မောင်ရယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်ုပ်ကတော့ နေမှာပဲ မြနန္ဒီ။ မြနန္ဒီ ကျွန်ုပ်ဆီကို ကအောင် လာခဲ့ပါနော်"

"သွားပေတော့ အမောင်။ မြနန္ဒီ ပြန်ချိန်သင့်ပါပြီ။ မြနန္ဒီကို ခွင့် တော့"

မြနန္ဒီက ကျွန်ုပ်အား မျက်ရည် သော မျက်လုံးများဖြင့် ငေးစိုက် ကြည့်ကာ ရေထဲသို့ ငုပ်လျှိုးပျောက် သွားလေသည်။

♦♦♦

မြနန္ဒီက မလာတော့ဘူးဟု ပြော သော်လည်း ကျွန်ုပ်ကား ညစဉ်ညတိုင်း တွင်းဘောင်ပေါ် ထိုင်ရင်း မျှော်နေ လေသည်။ မြနန္ဒီ၏ ကျွန်ုပ်အပေါ် ရှိသော မေတ္တာကို ယုံကြည်သည့် အတွက် တစ်နေ့နေ့တွင် မြနန္ဒီရောက် လာမည်ဟု ကျွန်ုပ်က မျှော်လင့်နေခဲ့ မိပေ၏။

သို့ရာတွင် ရက်ရှည်လများသာ ကုန်လွန်သွားခဲ့သည်၊ မြနန္ဒီကား ပေါ် မလာခဲ့ချေ။

မြနန္ဒီကိုယ်တိုင်ပင် ကျွန်ုပ်အား စိမ်းကားခဲ့လေပြီလော။ သိုက်ချုပ်မယ် တော်ကြီးကပင် ချုပ်ချယ်ထားလေ သလော။ မတွေးတတ်နိုင်ပါပြီ။ ကျွန်ုပ် ၏ အလွမ်းစိတ်များက တစ်စတစ်စ ရင့်သန်လာကာ မစားနိုင် မသောက်နိုင် မအိပ်နိုင်အောင် ဖြစ်ခဲ့ရလေပြီ။

ကျွန်ုပ်သည် ညအချိန်သာမက၊ နေ့အချိန်မှာပါ ရေတွင်းဘေးမှ မခွာဘဲ ရေတွင်းအောက်ခြေသို့ ငုံ့ကြည့်ကာ မှိုင်တွေနေမိလေတော့၏။ နေ့တွင် ရေ ခပ်လာသူအပေါင်းက ကျွန်ုပ်၏ သောကဖိစီးသော အမူအရာကို ရိပ်စား မိခဲ့ကြလေပြီ။ ကျွန်ုပ်၏ မိခင်ကြီးသည် လည်း မစားနိုင် မအိပ်နိုင်ဖြစ်နေသော ကျွန်ုပ်၏ ဖြစ်အင်ကို ရိပ်မိ သိရှိသွားခဲ့ လေသည်။ မိခင်ကြီးက မေးမြန်းသော ကြောင့် ကျွန်ုပ်က ကျွန်ုပ်နှင့် မြနန္ဒီတို့ အဖြစ်အား မချွင်းမချန်ပြောပြလိုက် လေသည်။ သို့ရာတွင် မိခင်ကြီးကား ယုံကြည်ခြင်း မရှိခဲ့ပေ။

"ကောင်းမွန်⋯ငါ့သား၊ မင်း ဘာတွေ ပြောနေတာလဲ သားရယ်။ မင်းစိတ်တွေ မဟုတ်တော့ဘူး။ မင်းကို ရေတွင်းဘေးမှာ တစ်ယောက်တည်း စကားပြောနေတာကို ငါမြင်မြင်နေရ တာ ဒါကြောင့်ကိုး။ မင်းဟာ ကိုယ့်စိတ် ကို ကိုယ်လှည့်စားပြီး ထင်မိထင်ရာ တွေ တွေးနေတော့တာကိုး"

"အမေ မြနန္ဒီကို မမြင်ရတာ မျက်စိမှုန်လို့ပါ အမေ။ မြနန္ဒီဟာ တစ်လတ်တိ ကျွန်တော့်ဆီကို လာခဲ့ ပါတယ်။ ကျွန်တော်လည်း သူတို့ရဲ့ ရေအောက် သိုက်နန်းကြီးကို လိုက် လည်ပြီးပါပြီ အမေ"

မိခင်ကြီးက ကျွန်ုပ်အား စိတ် ပျက်စွာ ကြည့်၍ ခေါင်းကို ခါလိုက် လေသည်။

မိခင်ကြီးသည် ကျွန်ုပ်စကားကို မယုံဘဲ ကျွန်ုပ်အား စိတ်ဝေဒနာစွဲကပ် နေပြီဟု အထင်ရှိခဲ့လေသည်။

နောက်တစ်နေ့မှာပင် မိခင်ကြီး က ပယောဂ ဆရာတစ်ယောက်ကို ပင့်ဖိတ်ကာ ကျွန်ုပ်အား ကုသစေခြင်း ဖြင့် သူမ၏ အထင်အမြင်ကို ဖော်ပြ လိုက်လေသည်။

ကျွန်ုပ်သည် ကျွန်ုပ်အား အစွဲ ချွတ်မည်တကဲကဲဖြင့် ကြိမ်လုံးကြီးနှင့် ရွယ်နေသော ပယောဂ ဆရာလက်ထဲ မှ ကြိမ်လုံးကို လုယူကာ ပယောဂ ဆရာကို သူ့ကြိမ်လုံးဖြင့်ပင် ပြန်ရိုက် လွှတ်လိုက်လေသည်။

ကျွန်ုပ်က ကျွန်ုပ်အား အရူး တစ်ယောက်သဖွယ် သဘောထားခံရ ခြင်းကို ခံပြင်း၍ ပြုလုပ်ခဲ့ခြင်းဖြစ်သော် လည်း ထိုအပြုအမူအတွက်ပင် ကျွန်ုပ် အား ရူးသွပ်နေသူတစ်ယောက်ဟု စွပ် စွဲခြင်း ခံရပြန်လေသည်။ ရွာဦးကျောင်း ဆရာတော်ကြီးသည်လည်း ကျွန်ုပ်တို့ အိမ်သို့ ကြွလာကာ ကျွန်ုပ်အား တရား ပြ ဟောကြားခဲ့သေးသည်။

ကျွန်ုပ်က ကျွန်ုပ်နှင့် မြနန္ဒီ အကြောင်းကို ခရေစေ့တွင်းကျ တင် လျှောက်လိုက်သည့်အခါ ဘုန်းတော် ကြီးသည်လည်း သက်ပြင်းကို ချရင်း ပြန်ကြွသွားလေတော့သည်။

ကျွန်ုပ်၏ ရင်တွင်း၌ မြနန္ဒီကို လွမ်းဆွတ်စိတ်၊ မြနန္ဒီနှင့် တွေ့ချင်စိတ် များ အုံကြွလာခဲ့ရာ ကျွန်ုပ်သည် အချိန် ပြည့် ရေတွင်းဘေးသို့ သွားနေကာ ရေ တွင်းထဲ ငုံ့ကြည့်ရင်း⋯

"မြနန္ဒီရေ⋯မြနန္ဒီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အကြိမ်ကြိမ်အခါခါ အော်ခေါ်မိလေတော့သည်။

ကျွန်ုပ်၏ ခံစားမှုများကို နားလည်း မလည်၊ ကိုယ်ချင်းလည်း မစာတတ်သော ရွာသူရွာသားများသည် ကျွန်ုပ်အိမ်မှ ရေတွင်းသို့ ရေခပ်ရန်ပင် မလာရောက်ကြတော့ချေ။ ဝေးလံသော ဘုန်းကြီးကျောင်းထဲမှ ရေတွင်းအထိ သွားခပ်ကြတော့၏။ တစ်ရွာလုံးက ကျွန်ုပ်အား ရူးသွပ်နေသူဟု ထင်မှတ်နေကြလေပြီတည်း။

♦♦♦

နောက်တစ်လခန့်အကြာတွင် နဂိုက မကျန်းမမာရှိနေသော ကျွန်ုပ်၏ မိခင်ကြီးသည် ကျွန်ုပ်စိတ်ဖြင့်ပင် ကွယ်လွန်သွားလေ၏။

မိခင်ကြီး မရှိတော့သောအခါ ကျွန်ုပ်လည်း မြနန်ဒီကို လွမ်းဆွတ်သတိရသောစိတ်ဖြင့် လူ့လောကကြီး၌ မနေချင်တော့ပေ။ တစ်ရွာလုံးကလည်း ကျွန်ုပ်ကို ဖဲကြဉ်ထားကြလေပြီ၊ ကျွန်ုပ်သည် ဖြစ်လိုရာ ဖြစ်စေတော့ မြနန်ဒီရှိရာ သိုက်နန်းသို့ သွားရောက်ရန် ဆုံးဖြတ်လိုက်လေသည်။ မြနန်ဒီတို့ ရေအောက် သိုက်နန်းကြီးသို့ ကျွန်ုပ်ရောက်ခဲ့ဖူးပြီ မဟုတ်ပါလား။ ရေတွင်းထဲမှတစ်ဆင့် မြစ်ရှိရာဘက်သို့ ရေကြောင်းလိုဏ်ခေါင်းအတိုင်း ကူးခတ်သွားလျှင် မြနန်ဒီတို့ သိုက်နန်းကြီးရှိရာသို့ ရောက်ပေမည်။ မြနန်ဒီနှင့် အတူ သွားစဉ်ကလို ခရီးစဉ် ချောမွေ့မှုရှိမည် မဟုတ်သော်လည်း စွန့်စားရပေတော့မည်။

မသွားရောက်မီ ကျွန်ုပ်၏ ဖြစ်စဉ်အား စာဖြင့် ရေးသား မှတ်တမ်းတင်ခဲ့ပါသည်။ ဤမှတ်တမ်းအား ကျွန်ုပ်နှင့်အတူ ရေအောက်သို့ ယူဆောင်သွားမည်ဖြစ်သည်။ မြနန်ဒီတို့ သိုက်နန်းသို့ ရောက်သည်ဖြစ်စေ၊ မရောက်သည် ဖြစ်စေ၊ ဤမှတ်တမ်းအား နောင်လာနောက်သားများ တွေ့ရှိပါက မြစ်နှင့် ဒိုင်ဝေးသော ကျွန်ုပ်တို့ရွာမှ ဧရာဝတီမြစ်အထိ မြေအောက် ဥမင်လိုဏ်ခေါင်းမှ လမ်းပေါက်သည်ကို သိရှိကြစေလို၍ဖြစ်ပါသည်။

ဤမှတ်တမ်းအား တွေ့ရှိခြင်းအားဖြင့် ကျွန်ုပ်နှင့် ရေအောက် သိုက်နန်းရှင်မလေးတို့၏ အချစ်ဇာတ်လမ်းအား လက်ခံ ယုံကြည်နိုင်ပါစေသတည်း။

♦♦♦

ပုလင်းထဲမှ ရရှိသော စာရွက်များပေါ်တွင် ရေးသားထားသော မှတ်တမ်းကား အထက်ပါအတိုင်းဖြစ်ပေသည်။

ကျွန်တော်သည် မောင်ကောင်းမွန်ဆိုသူ၏ မှတ်တမ်းကို ဖတ်ရှုပြီး အတွေးနယ်ချဲ့နေမိသည်။ ပုလင်းထဲမှ ရသော မှတ်တမ်းသည် အမှန်တကယ်လား။ မောင်ကောင်းမွန် ဆိုသူသည် ရေတွင်းထဲမှတစ်ဆင့် ဧရာဝတီမြစ်တွင်းသို့ ကူးခတ်ရာတွင် မှတ်တမ်းကို ပုလင်းထဲ ထည့်ယူဆောင်လာရာမှ မြစ်ထဲတွင် မျောလာခြင်းလား။

ဤအဖြစ်အပျက်များသည် မည်သည့်ခေတ်အခါက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ ဖြစ်လေမည်နည်း။ မှတ်တမ်းထဲတွင် အချိန်ကာလကို ဖော်ပြမထားသည့်အတွက် သဲလွန်စရှာရန် မတတ်နိုင်ပါပေ။

ထို့အပြင် စာဝဲမှ အကြောင်းအရာများမှာ တ ကယ်ရော ဟုတ်ရဲ့လား။ တစ်ဦးတစ်ယောက်က လှည့်ဖြားလို၍ လုပ်ကြံလီဆယ်ရေးလိုက်ခြင်းလား။ မောင်ကောင်းမွန်ဆိုသူ အမှန်တကယ်ရေးခြင်း ဖြစ်လျှင်လည်း မောင်ကောင်းမွန်သည် သူစ ထဲမှာ ပါသလို၊ ရူးသွပ်နေသူတစ်ဦး[ ]ဖြစ်၍ စိတ်ရူးပေါက်ကာ ရေးခဲ့ခြင်းများလေလား။

မြနန်ဒီဆိုသည့် ရေသူမအ... လူတစ်ပိုင်း၊ ငါးတစ်ပိုင်း သိုက်န... ဥစ္စာစောင့်ဆိုသည်မှာ တကယ်... မောင်ကောင်းမွန်စိတ်ထဲတွင် ထင်... ယင်မှားဖြစ်နေခြင်းလား။ ပြီး... မောင်ကောင်းမွန်တို့ရွာကို အမည်... ဖော်ပြမထား။ မည်သည့်မြို့နယ်အ... ရှိကြောင်းလည်း ဖော်ပြမထား။

ယုတ်စွအဆုံး၊ ဧရာဝတီမြ... အရှေ့ဘက်ခြမ်းလား၊ အနောက်... ခြမ်းလား၊ မည်သည့်ဘက်ခြမ်း၌ ရှိ... ကိုပင် ဖော်ပြမထားပေရာ သဲလွ... လိုက်ဖို့ ခဲယဉ်းလှပေတော့သည်။

ရေထဲမှ ဆယ်ယူရရှိ... ပုလင်းနှင့် စာရွက်များကိုမူ ကျွန်... ၏ အိမ်တွင် ယခုတိုင် သိမ်းဆည်း... ပါသေးသည်။ မှန်ဘီရိုထဲတွင် အ... ကြည့်ရှုနိုင်ရန် ပြသထားပါသည်။ ... ရောက် လေ့လာနိုင်ပါသည်။

ထိုအကြောင်းအရာအား စိ... စားသည်ဆိုလျှင် ဇာတ်ကြောင်းအ... အမြစ်အထိ လိုက်လံ စုံစမ်း... စုံစမ်းနိုင်ရန် (သို့တည်းမဟုတ်) အ... ပြည်သူသိအောင် ဖြန့်ဝေလိုက ဖြ... နိုင်ရန် ရည်ရွယ်၍ ကျွန်တော်... လက်ရေးဖြင့် လိုက်ရေးထား... လက်ရေး စာမူအား ဂမ္ဘီရဆန်း... ဝတ္ထုများ ရေးသားလေ့ရှိသော ... ဆရာ ဆောင်းလုလင်ထံသို့ လိ... ပေးပို့လိုက်ပါသည် ■

* * *

ဆောင်း...



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကင်အမြင့် နက္ခတ်ဂြိုဟ်စဉ်များအရ

## ၂၀၁၃ ခု၊ ဇွန်လ၊ ခုနစ်နေ့သားသမီးများအတွက်

# မဟာတြင်းရှပ်အဟောစာတမ်းများ

ဝမ္ဗာစရိယ ဦးအောင်ကျော်မိုး

## တနင်္ဂနွေသားသမီးများ

ယခုလ ပြိဿရာသီ တတိယတြင်းရှပ်အဟောထွက်သည်။



**စီးပွားရေး။** အလုပ်သုံးခုထက်မနည်း ပြိုင်တူလုပ်နေရမည်။ အသင်းအဖွဲ့များနှင့် ပတ်သက်၍ ငွေစိုက်ထုတ်မှု ရင်းနှီးမြှုပ်နှံရမှု များမည်။ စာအုပ်လက်မှတ်ထိုး၊ သက်သေ၊ ဆက်သွယ်ရေး၊ ရောင်းဝယ်ရေးတို့မှ ငွေရမည်။ ပညာသင်ကျောင်းများ အထူးငွေဝင်မည်။ ကံကောင်းသော စီးပွားရေးအချိန်ဖြစ်သည်။

**အိမ်ထောင်ရေး။** မှန်တိုင်းစဲ၍ ငြိမ်သက်သာယာနေသော အချိန်။ အောက်ကျို့သမျှ အပေါ်စီးသို့ ပြန်ရောက်ချိန်။ ငယ်အချစ်လို သာယာဖွယ်မရှိသော်လည်း ဘဝအဖော်အဖြစ် နေသားတကျရှိနေမည်။

**ပညာရေး။** ဟိုစပ်စပ် ဒီစပ်စပ် ဘယ်ဟာမှ ပေါက်ပေါက်မြောက်မြောက် မသင်ယူဖြစ်။ ပညာရေးအတွက် အချိန်၊ ငွေရှိသော်လည်း ကိုယ်တိုင်အားထုတ်မှု နည်းနေသည်။ သင်ယူစိတ်ရှိလျှင် တတ်လွယ် သိလွယ်မည်။ ပန်းချီနှင့် သတင်းမီဒီယာပညာများ တတ်လွယ်မည်။

**အချစ်ရေး။** နှလုံးသားတစ်ဖန် ရှင်သန်လာချိန်။ အချစ်သစ်တွေ့ရမည်။ မြင့်လွန်းသော ပန်းတစ်ပွင့်ဖြစ်ရန် ခူးရခက်နေမည်။ ဂုဏ်တံတိုင်းကို မကျော်ဖြတ်နိုင်။ မြင်နေကာမျှဖြင့်ပင် ကြည်နူးအားရ ကျေနပ်နေမည်။ တကယ့်အချစ်စစ်ကို မြင်ရမည်။

**ကျန်းမာရေး။** များသောအားဖြင့် ကျန်းမာရေးကောင်းမည်။ အနေမတတ်၊ အသွားမတတ်သောကြောင့် ရောဂါရမည်။ နာစေး၊ ခေါင်းကိုက်၊ ဝမ်းပျက်မည်။

**ကံကောင်းသောအရောင်** - စိမ်းနုရောင်၊ အဝါနုရောင်များ။

**ကံကောင်းသောဂဏန်း** - ၁၊ ၄၊ ၅ ဂဏန်းများ။

**ယတြာ** - ဆင်းရဲနွမ်းပါးသူတို့ကို ထောက်ပံ့ခြင်း။ သက်ကြီးရွယ်အိုတို့အား ဆေးဝါးလှူဒါန်းပြီး ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာသားသမီးများ



**ယခုလ ကုမ်ရာသီ တတိယတြင်းရှစ်အဟောထွက်သည်။**

**စီးပွားရေး။** ပညာနှင့် အရင်းအနှီးကို မ,တည်၍ လုပ်ငန်းများ အောင်မြင် လုပ်ငန်းသစ် စတင်၍ကောင်းသောအချိန်ဖြစ်သည်။ ငယ်စဉ်က ဆရာများ၊ အလုပ်ရှင် လာရောက်ဆက်သွယ်လိမ့်မည်။ အလုပ်ပေးမည်။ မိသားစုလုပ်ငန်းဝင်ငွေနည်းမည်။ အ ဆောင်နှင့် မြေယာအဆောက်အအုံအတွက် ငွေကုန်များမည်။ ရင်းနှီးမြှုပ်နှံမှု များ အတိုးစရိတ်တက်မည်။

**အိမ်ထောင်ရေး။** မာနကို ထိပ်ပါးလာ၍ အကြီးအကျယ်ဒေါသဖြစ် ပေါက်ကွဲ တစ်သက်လုံး ပြောသမျှ နာခံလာရာမှ ယခုအချိန် ပြန်လှန်ဆန့်ကျင်လာသဖြင့် မကျေ မှုတွေ များမည်။ ဒေါသအလိပ်လိပ်တက်သောအချိန်မှာ သတိပြုသင့်သည်။ တရားနှ သွင်းနေလျှင် အေးချမ်းမည်။

**ပညာရေး။** တစ်ကိုယ်တည်း ကြိတ်ကြိုးစားနေမိသည်။ အတွက်နှင့် သ တရား နားလည်သော်လည်း စာကျက်အားနည်းမှု၊ မှတ်ဉာဏ်လျော့မှုနှင့် လက်ရေးနေ မှုများကြောင့် ပညာရေး စိတ်တိုင်းမကျဖြစ်မည်။

**အချစ်ရေး။** ကြိတ်မှိတ်၍ ချစ်နေမိမည်။ အချစ်ကို ဖွင့်ဟဖို့ ခက်မည်။ အချစ်ရေးထက် ဝမ်းရေးကို ပိုဦးစားပေးမိ အတွေ့ကို သာယာမိလျှင် ဘဝနစ်မည်။

**ကျန်းမာရေး။** ပုံမှန်ထက် ပိုကောင်းမည်။ ရှိပြီး ရောဂါများ ငုပ်နေမည်။ ရေဓာတ်ကုန်ချင်တတ်၍ ရေများများသောက် ရန် လိုသည်။ ရောဂါအထူးမရှိ။

**ကံကောင်းသောအရောင်** - အဖြူရောင်၊ အဝါနုဖျော့ဖျော့နှင့် လိမ္မော်ရောင်။

**ကံကောင်းသောဂဏန်း** - ၂၊ ၄၊ ၅။

**ယတြာ** - သူတစ်ပါးအကျိုး ဆောင်ရွက်ပေးပြီး ရေသန့်နှင့် အဖျော်လှူ၍ ဆုတောင်းပါ။

## အင်္ဂါသားသမီးများ



**ယခုလ ဗြိဿရာသီ ပထမတြင်းရှစ်အဟောထွက်သည်။**

**စီးပွားရေး။** ဝါသနာပါသောအလုပ်ကို ပျော်ရွှင်စွာ လုပ်ကိုင်ဖြစ်မည်။ ပုံမှန်ထ ဝင်ငွေပိုရမည်။ အလှအပ၊ အနုပညာနှင့် ယာဉ်ကားများ အကျိုးပေးမည်။ အကျိုးဆော အလုပ်များ၊ မြေယာများမှ ငွေရလွယ်မည်။ သင်တန်းကျောင်းများ ပါဝင်လုပ်ကိုင်ရလျှ ငွေပိုဝင်မည်။ ကျောင်းဆရာ၊ စာသင်ပြအလုပ် အကျိုးပေးမည်။

**အိမ်ထောင်ရေး။** အိမ်ထောင်ဖက်၏ အချစ်လွန် ဂရုစိုက်မှုက အနေအထိုင်ကျပ် စိတ်ရှုပ်နေလိမ့်မည်။ နားငြီးဒဏ်၊ ဆရာလုပ်မှု၊ ပညာပြမှု ခံရမည်။ အိမ်ထောင်ရေး ကောင်းသေလည်း ခေါင်းကြီးသောက်ရသလို ရှိမည်။

**ပညာရေး။** စကားပြော၊ နှုတ်မှုနှင့် စာရေးသားမှုပညာများ တော်မည်။ ပန်းချီ အနုပညာများ၊ ကိုယ်ဝါသနာပါသော ပညာများ လေ့လာသင်ယူဖြစ်မည်။

**အချစ်ရေး။** ငယ်ရွယ်သူတို့၏ ချစ်ခင်မှုကို ရရှိသော်လည်း ကလေးကစားသလို နေမည်။ လေးနက်မှု မရှိ။ ရင်ထဲထိ စူးဝင်သော အချစ်မဟုတ်သော်လည်း အပြောထိ သာ။

**ကျန်းမာရေး။** ဆီးချုပ်ဝမ်းချုပ်ဖြစ်ရာမှ ဝမ်းလျှောဝမ်းပျက်ထိ ဖြစ်ရလိမ့်မည်။ ဝမ်းမနှုတ်ပါနှင့်။ ရေသန့်များများသောက်ပါ

**ကံကောင်းသောအရောင်** - အဖြူရောင်၊ ပန်းနုရောင်၊ အစိမ်းနုရောင်များ။

**ကံကောင်းသောဂဏန်း** - ၂၊ ၄၊ ၅။

**ယတြာ** - ရှေးဟောင်းဘုရားများသို့သွား၍ ဆီမီးသက်စေ့လှူပြီး ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဟူးသားသမီးများ



**ယခုလ မေထုန်ရာသီ ပထမကြြင်းရုပ်အဟောထွက်သည်။**

**စီးပွားရေး။** ကံကောင်းခြင်းတွေ အစုအဝေးနှင့် ရောက်လာမည်။ နည်းမျိုးစုံသော အလုပ်များမှ ငွေရမည်။ သူတစ်ပါးကို အကူအညီပေးသောကြောင့်ဖြစ်သည်။ အများ၏ အားကျမှုကို ခံရသောအချိန်ဖြစ်သည်။ စာအုပ်ထုတ်ဝေရေးများမှ ငွေရမည်။ ရောင်းကောင်း ဝယ်ကောင်းချိန်ဖြစ်သည်။ ငွေလွှဲ၊ ငွေပို့ အကျိုးပေးမည်။

**အိမ်ထောင်ရေး။** တက်ညီလက်ညီ အလုပ်ကိုယ်စီနှင့် ပျော်ရွှင်ရမည်။ နေအိမ်နှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အသစ်ဝယ်ခြင်း၊ ပြုပြင်ရခြင်းများ ဖြစ်ပေါ်လိမ့်မည်။ နှစ်ယောက်လုံး ကံကောင်းချိန်ဖြစ်သည်။

**ပညာရေး။** ပညာရပ်များ မိမိထံမှောက်သို့ ရောက်လာမည်။ ပညာရေးအထောက် အကူပြု ပစ္စည်းများ ရရှိမည်။ စွယ်စုံတတ်မြောက် ထူးချွန်မည်။ ပညာသင်ကြားခွင့် လျှောက်ထားလျှင် အလွယ်တကူရရှိမည်။

**အချစ်ရေး။** စန်းပွင့်နေချိန်။ ချစ်ခင်သူများ ဝိုင်းဝိုင်းလည်နေမည်။ တကယ်ချစ်မှ တကယ်ဖွင့်ပြောပါ။ အပြိုင်ချစ်၍ ပြဿနာပေါ် အရှုက်ကွဲမည်။

**...ရေး။** ချောင်းဆိုး ရင်ကျပ်မည်။ အသွားအလာများမှုကြောင့် ညောင်းညာ ကိုက်ခဲမည်။ အစားအသောက်များ ယွင်းမည်။

...ောင်းသောအရောင် - ရောင်စုံ၊ စပ်ကြား၊ အကွက်ဆန်းများ။

...ောင်းသောဂဏန်း - ၄၊ ၈၊ ၉။

...ြာ - စာသင်ကြားနေသူများအား စာအုပ်များ၊ ပညာသင် အထောက်အကူပြုပစ္စည်းများ လှူ၍ ဆုတောင်းပါ။ ခရီးသွား ရဟန်းရှင်တို့အား ခရီးသွားလက်မှတ်လှူပါ။

## ကြာသပတေးသားသမီးများ



**ယခုလ မေထုံရာသီ ပထမကြြင်းရုပ်အဟောထွက်သည်။**

**စီးပွားရေး။** ပြောင်းလွဲလုပ်ရသော အချိန်။ ဆက်သွယ်ရေးနှင့် ကြော်ငြာကို အားကိုးနေရမည်။ ကြော်ငြာ၏ ထိရောက်မှုကြောင့် ငွေများ ရရှိမည်။ သွက်လက်မြန်ဆန် သောအချိန်။ ရင်းနှီးမြှုပ်နှံလည်း များနေမည်။ ခေတ်မီသောအလုပ်များ လုပ်ဖြစ်မည်။ အများအကျိုးပြုအလုပ်ကို လုပ်ရင်း မိတ်ဆွေတိုးပွား၍ အလုပ်လည်း ပိုလုပ်ဖြစ်မည်။ ကံကောင်းသောအချိန်ဖြစ်သည်။

**အိမ်ထောင်ရေး။** အိမ်တွင်းရေးအလုပ်ကိစ္စများ ရှုပ်နေမည်။ မိသားစုတာဝန်တွေ ပိနေမည်။ အချစ်အရသာဟူသည် ရှာမတွေ့။ စားဝတ်နေရေးအတွက် လုံးချာလည်လိုက် နေမည်။

**ပညာရေး။** နက်နဲခက်ခဲသော ဒဿနနှင့် အဘိဓမ္မာများ (သို့မဟုတ်)လူမှုအကျိုး ဆောင်ဆိုင်ရာ ပညာရပ်များ သင်ယူဖြစ်မည်။ လေ့လာရ လွယ်ကူမည်။ အားကစားနှင့် ပန်းချီစာတတ်လွယ်မည်။ ဆရာကောင်းတွေ့မည်။ အခမဲ့ သင်ယူခွင့်ရမည်။

**...ချစ်ရေး။** အသက်ကြီးသူများ၏ ချစ်ခင်မှု၊ ကူညီမှု ရမည်။ ဘဝဒဏ်ရာဒဏ်ချက်တွေကြောင့် ချစ်ရမှာ ကြောက်နေ ...်လည်း အားကိုးရမည့်သူကို တမ်းတနေမည်။ တစ်ကိုယ်တည်းနေရသည်က ပိုကောင်းနေချိန်ဖြစ်သည်။

**...မာရေး။** မျက်နှာအမည်းစက်များ ပေါ်ချိန်။ မနေတတ်လျှင် မျက်နှာဒဏ်ရာရလွယ်မည်။ ဆံပင်ကျွတ်မည်။ အာရုံကြော ...ကျပ်မည်။

...ကောင်းသောအရောင် - အဝါရင့်၊ အနက်၊ အညိုရောင်များ။

...ကောင်းသောဂဏန်း - ၅၊ ၇၊ ဝ။

...ြာ - မိတ်ဆွေများအား ဖိတ်ခေါ်၍ အရောင်မျိုးစုံပါ မုန့်ဖြင့် ဧည့်ခံကျွေးမွေးပြီး မေတ္တာဓာတ်ခံလှူပါ။



www.burmeseclassic.com

www.burmeseclassic.com



## သောကြာသားသမီးများ



### ယခုလ မေထုန်ရာသီ ပထမတြွင်းရုပ်အဟောထွက်သည်။

**စီးပွားရေး။** လူမှုရေးနှင့် အသင်းအဖွဲ့များအတွက် အလုပ်ရှုပ်နေမည်။ အလုပ်များ အကိုင်ပျက်ဖြင့် လက်ပောင်းတပည့်များ မိတ်ဆွေများ လိုက်စုနေဖြစ်မည်။ ရငွေထ လျှငွေပိုများနေမည်။ အလုပ်သစ် မစသင့်။ လုပ်နေ့ပောင်းလည်း မစွန့်သင့်။ အ ဆောင်၊ စပ်တူများ အကျိုးပေးမည်။ တစ်ကိုယ်တည်း မစွန့်စားသင့်သောအချိန်ဖြစ်သည်။

**အိမ်ထောင်ရေး။** သာယာပျော်ရွှင်ရမည်။ ငယ်မူငယ်သွေးပြန်သောအချိန်။ အိမ်ထောင် ဘဝရသာကို ကျေနပ်ပျော်ရွှင်စွာ ခံစားရမည်။ အပျော်မလွန်မိရန် လိုသည်။

**ပညာရေး။** အားကစား ပန်းချီနှင့် ဂီတပညာများ လေ့လာဆည်းပူး၍ လွယ်ကူမည် စာရေးကောင်းမည်။ ကျောင်းစာ အားနည်းမည်။ အနုပညာအလုပ်များ ထွန်းတောက်မည်။

**အချစ်ရေး။** လူမျိုးခြားက ချစ်နေလိမ့်မည်။ အချစ်တွေများနေ၍ ရွေးရခက်နေမည်။ အချစ်အတွက် ငွေကုန်၊ အချိန်ကုန်၊ ဆွေမျိုးမုန်းမည်။ သတိပြုသင့်သည်။

**ကျန်းမာရေး။** ပုံမှန်မူသာဖြစ်သည်။ အားအင်ကုန်ခန်း နွမ်းနယ်မည်။ သက်ကြီးရွယ်အိုများ ထုံကျဉ် လေဖြတ်လွယ်သည်။ ရေချိုး သတိပြုသင့်သည်။

**ကံကောင်းသောအရောင်** - အဖြူရောင်၊ အဝါနုရောင်၊ အစိမ်းနုရောင်များ။

**ကံကောင်းသောဂဏန်း** - ၄၊ ၅၊ ၆။

**ယတြာ** - သက်ကြီးရွယ်အိုများအား အာဟာရလှူ၍ ဆုတောင်းပါ။

## စနေသားသမီးများ



### ယခုလ တူရာသီ တတိယတြွင်းရုပ်အဟောထွက်သည်။

**စီးပွားရေး။** ဝင်ငွေအပေါ် ကျေနပ်နေမည်။ တည်ငြိမ်သောအချိန်။ ဝန်ထ အလုပ်လျှောက်လျှင် ရလွယ်သောအချိန်ဖြစ်သည်။ ဖြည်းဖြည်းမှန်မှန်လုပ်နေသော အလုပ်က တရိပ်ရိပ်တိုးတက် အောင်မြင်နေမည်။ အားကစား အနုပညာဆိုင် အလုပ်များ ပိုမိုဝင်ငွေကောင်းသည်။ ငွေချေးကုန်းနှင့် စာချုပ်များ မလုပ်သင့် စွန့်စားရသော အလုပ်မှန်သမျှ ရှောင်သင့်သည်။

**အိမ်ထောင်ရေး။** ခွဲနေလျှင် ကောင်းမည်။ ချော့နေရလျှင် ပြောစရာ၊ ကြည့်မရ တွေ များသည်။ ဆွေမျိုး အစားအသောက်နှင့် ပတ်သက်၍ ရန်ဖြစ် စကားများရမည်။ ၎င်းတို့ကို ဥပေက္ခာပြုထားနိုင်လျှင် နေသာမည်။ အနေမတတ်လျှင် ညစာတော်မည်

**ပညာရေး။** ကံကောင်းသော ပညာရေးဖြစ်သည်။ ဆရာများကိုယ်တိုင် အိမ် လာရောက်ခေါ်ယူသင်ပေးသည်။ ပညာရေးထောက်ပံ့မည့်သူ များမည်။ ပညာသင် အနုပညာရပ်များ လေ့လာဖြစ်မည်။

**အချစ်ရေး။** မည်သူ့ကိုမျှ နှစ်နှစ်ကာကာ မချစ်မိ။ အချစ်ကို လိုချင်သော်လည်း စိတ်ကြိုက်မတွေ့။ ကိုယ့်လောက် မတော်လျှင် တစ်ကိုယ်တည်းနေမည်ဟု စိတ်ကူးနေချိန်။ မြားနတ်မောင် အချစ်မြားပျောက်ဆုံးချိန်ဖြစ်သည်။

**ကျန်းမာရေး။** အဆစ်အမြစ်ကိုက်ခဲခြင်း။ ရေချိုးများ၍ ဂရုမစိုက်ပါက နာတာရှည်ရောဂါဖြစ်မည်။

**ကံကောင်းသောအရောင်** - အစိမ်းရင့်၊ အနီရင့်၊ အနက်ရောင်များ။

**ကံကောင်းသောဂဏန်း** - ၄၊ ၃၊ ၀။

**ယတြာ** - မိဘနှစ်ပါး (သို့မဟုတ်) မိဘသဖွယ် အားကိုးရသူကို လက်သည်း ခြေသည်းညှပ်ပေး ၎င်းတို့၏ ခြေလက်ကို နံ့သာရည်လိမ်းပေးပြီး ဆုတောင်းပါ။

*****



www.burmeseclassic.com

www.burmeseclassic.com


# နေ့စေး

## စာပေမှ

### သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

…ကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် …များ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် …လိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား … စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် …

…ဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ …ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ …အုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ …ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

… – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

…(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

…(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

…(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မိုလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄


www.burmeseclassic.com

www.burmeseclassic.com

ဝမ်းချုပ်ခြင်းသည် အခြေအမြစ်တည်၍ ဖြစ်ရသော ရောဂါမျိုးတို့အနက် ရာခိုင်နှုန်း ၉၀တို့၏ အရင်းမူလဖြစ်ကြောင်းနှင့် ကမ္ဘာကျော် ဆရာဝန်ကြီးတစ်ဦးဖြစ်သော ဆာစီလျှံလိန်းဆိုသူက ထုတ်ဖော်ရေးသားခဲ့ဖူးလေသည်။ သို့ရာ



ရွှေဥဒေါင်း KSN

# ဝမ်းချုပ်ခြင်းသည် ရောဂါတို့၏ အရင်းအမြစ် အစစ်ဖြစ်သလော

တွင် ဝမ်းချုပ်ခြင်းသည် ရုတ်
ရက် ရှောင်တခင်ဖြစ်ပေါ် လာ
ရောဂါဖြစ်လေသလောဟု
စစ်ပြန်သည့်အခါ ဝမ်းချုပ်
မဖြစ်မီ အခြားသော ဖောက်
တို့ ရှိသေးသည်ကို တွေ့
ကြောင့် ရောဂါတို့၏ အ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးဟူ၍ ဆိုရပေမည်။

အစာဟောင်းများ စုဝေးရာဖြစ်သော အူမသည် င်းစွာ အလုပ်မလုပ်သည့်အခါ ဓာတ်ချုပ်ခြင်းဖြစ်ရ၍ အကြေးများ စုအောင်းပြီးလျှင် အခြေအမြစ်တည် ရောဂါအမျိုးမျိုးတို့ ဖြစ်ပေါ်ရသည်ကား မှန်၏။ သို့ရာ အစာဟောင်းများ စုဝေးရာဖြစ်သော အူမသည် အဘယ် ကြောင်းကြောင့် ကောင်းစွာ အလုပ်မလုပ်ရလေသနည်း တစ်ထစ်စစ်ရှောက်ရန် ရှိနေသေး၏။ လွန်ခဲ့ပြီးသော တွင် ဖော်ပြခဲ့ပြီးသည်နှင့်အညီ အစာချေချက်သော တစ်ခုလုံး အားနည်းနေခြင်း၊ သို့မဟုတ် အာရုံကြော အားနည်းဆုတ်ယုတ်ခြင်းသည် ဝမ်းချုပ်ခြင်း၏ ကြောင်းရင်းဖြစ်သည်ကို တွေ့ရလေသည်။ အစာချေချက် အားနည်းခြင်း၊ အာရုံကြောများ အားနည်းခြင်းတို့မှာ အညစ်အကြေးများ စုအောင်းမှုကြောင့် ဖြစ်ပေရာ အကြေးများ စုအောင်းမှုသည်လည်း မသင့်မတင့် အစာအာဟာရတို့ကြောင့် ဖြစ်ပေရကား ကျွန်ုပ်တို့ ပေးနိုင်သော အရာသည်ကား အစာအာဟာရပင် ဖြစ် အစာအာဟာရကို ပြုပြင်ပေးလိုက်သည်နှင့် တစ်ပြိုင် လာလတ္တံ့သော အကျိုးဆက်တို့သည် တစ်ခါတည်း ရလေတော့၏။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၊ ဉ်ကြောင့် နာမ်ရုပ်ဖြစ်ရသော ပဋိစ္စသမုပ္ပါဒ်တွင် အဝိဇ္ဇာ ဖြတ်လိုက်သည့်အခါ နောက်လိုက်ဖြစ်သော အကျိုး တရားတို့သည် တစ်ခါတည်း ရပ်စဲသွားဘိသကဲ့သို့ ခန္ဓာတည်းဟူသော ပဋိစ္စသမုပ္ပါဒ်တွင်လည်း မလျော် အစာအာဟာရမျိုးကို ရပ်လိုက်လျှင် အကျိုးဆက်ဖြစ် သဘောတရားတို့နှင့် ရောဂါတိုင်အောင် တစ်ပြိုင်နက် ရပ်စဲနိုင်လေသည်။

အစာဟောင်း အူမသည် အလုပ်ကောင်းစွာမလုပ် အခါ အညစ်အကြေးတို့သည် ကိုယ်ခန္ဓာထဲတွင် နေ သောအချိန်ထက် ပို၍နေရတော့၏။ အချို့သောသူတို့ နေ့စဉ် ဓာတ်တစ်ကြိမ်မှန်မှန်သွားခဲ့လျှင် ငါတို့ နေရာကျ ဟု မှတ်ယူတတ်၏။ စင်စစ်မှာ နေ့စဉ် ဓာတ်မှန်မှန်သွား သူတို့၌ပင်လျှင် တမြန်နေ့က ထုတ်သင့်သော အညစ် ကြေးကို ယနေ့မှ ထုတ်ပစ်ခြင်း၊ ယမန်နေ့က ထုတ်သင့် အညစ်အကြေးကို နက်ဖြန်မှ ထုတ်ပစ်ခြင်း၊ ယနေ့ သင့်သော အညစ်အကြေးကို သန်ဘက်ခါမှ ထုတ်ပစ် စသည်ဖြင့် အလင်တည်လျက်ရှိတတ်ရကား နေ့စဉ် ဓာတ်သွားတိုင်းလည်း အညစ်အကြေးများကို ကုန်စင်အောင် ခါထုတ်နေပြီဟု မမှတ်ယူသင့်ချေ။

ထို့ကြောင့် ရတ်တရက် အဖျားရောဂါစွဲကပ်သူတို့ကို မေးမြန်းစုံစမ်းလိုက်လျှင် ဓာတ်ချုပ်နေခြင်းကို တွေ့ရတတ် ပေရာ ဓာတ်မှန်ပါသည်ဟု ဖြေဆိုနိုင်သော လူနာများမှာလည်း အထက်တွင် ဖော်ပြသည့်နည်းအတိုင်း ရက်နှစ်ပတ်လည် အောင် စုအောင်းနေပြီးမှ ထုတ်ပစ်ခြင်းဖြစ်သောကြောင့် အစာဟောင်းအိမ်၏ အလုပ်ပေါ့လျော့ခြင်းသည်ပင်လျှင် အကြောင်းရင်းဖြစ်ချေ၏။ ထုတ်ပစ်သင့်သော အညစ်အကြေး ကို သူ့အချိန်နှင့်သူ ထုတ်ပစ်နိုင်သောသူတို့အစို့မူကား စွဲကပ်နိုင်သော ရောဂါမျိုးတို့သည် အလွန်နည်းပါးပေလိမ့် မည်။

ကြက်ဥတစ်လုံးကို ဖောက်၍ နေလှန်းထားသည့်အခါ တစ်နေ့ထက်တစ်နေ့ ပုပ်သိုးနံစော်လာခြင်းကို တွေ့ရမည်ဖြစ် ရာ နောက်ဆုံးတွင် လေထဲ၌ ရှိသော ပိုးမွှားတို့၏ ဆောင်ရွက် မှုကြောင့် ကြက်ဥသည် ကြက်ဥတည်းဟူသော သဘောမျိုး မရှိတော့ဘဲ မူလရင်းဖြစ်သော ဓာတ်သဘောမျိုးသို့ ရွေ့လျော ပြန်ရောက်သွားတော့သည်ကို တွေ့ရပေ၏။ ပုပ်သိုးပြီးသည့် နောက်၌ လေထဲတွင် ရှိသော ပိုးမွှားတို့သည် ပုပ်သိုးနေသော အရာဝတ္ထုတို့ကို မူလ ဓာတ်သဘောမျိုးသို့ ရွေ့လျော ပြန် ရောက်အောင် ဆောင်ရွက်ပေးတတ်ကြသည်ဖြစ်ရာ ထိုပိုးမွှား ကလေးမျိုးတို့ မရှိခဲ့လျှင် လောကကြီးတစ်ခုလုံးသည် အရာ ဝတ္ထုများ ပုပ်သိုးသောအနံ့ဖြင့် အလွန်နံစော်လျက် ရှိနေပေ လိမ့်မည်။

ကိုယ်ခန္ဓာအတွင်းရှိ အစာဟောင်းအူကြီးထဲတွင်လည်း သား၊ ငါး စသော ပရိုတင်းခေါ် အစားအစာများသည် ဤနည်း အတူ ပုပ်သိုးနံစော်ခြင်း ရှိပေရာ လေလည်သောအခါ၌ ထွက်လာသော အနံ့သည် ထိုကဲ့သို့ ပုပ်သိုးနေခြင်းအဖြစ်ကို သက်သေခံလျက်ရှိ၏။ ထိုပုပ်သိုးသော အစားအစာတို့မှ အငွေ့အသက်တို့သည် အာဟာရ ဩဇာတို့နှင့်အတူ ကျွန်ုပ် တို့၏ သွေးသားထဲသို့ ရောနှောလိုက်ပါကြလေရကား ရောဂါ အန္တရာယ်အမျိုးမျိုးတို့ ဖြစ်ပေါ်ရခြင်းမှာ အံ့ဩဖွယ်ရာမဟုတ် ချေ။

လူတိုင်း၏ ကျင်ချေးသည် နံစော်တတ်သည် မှန်သော် လည်း လူအားလုံးသည် အတူတူပင် နံစော်သည်ဟု မမှတ် ယူသင့်ချေ။ အချို့အစားအစာများ ကစော်ပေါက်ပြီး၍ အချို့ အစားအစာများ ပုပ်သိုးပြီးမှ စွန့်ထုတ်တတ်သောသူတို့၏ ကျင်ချေးသည် သည်းမခံနိုင်လောက်အောင် နံစော်ခြင်း ရှိ



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ကိုယ်ခန္ဓာအတွင်း အညစ်အကြေးများ မစုမအောင်း ရအောင် ကူညီပြုပြင်ပေးရန် အကောင်းဆုံး နည်းလမ်းမှာ ထိုအညစ်အကြေးများ စုအောင်း သိုမှီးရာဖြစ်သော အစာ ယောင်းအိမ်ခေါ် အူကြီးကို နေ့စဉ်နေ့တိုင်း စင်ကြယ်အောင် ရှင်းလင်းသုတ်သင်ပေးခြင်းပင် ဖြစ်ချေ၏။ သုတ်သင်နည်းတို့ တွင်လည်း ဝမ်းချုခြင်းသည် အကောင်းဆုံးနည်းဖြစ်ပေ၏။

ဝမ်းချုခြင်းသည် အစာယောင်းအူကို အကျင့်ပါစေ တတ်သောကြောင့် တစ်ခါချုပေးလျှင် ဆက်လက်၍ ချုပေး မှ ဓာတ်သွားတော့သည်ဟု အချို့က ပြောကြ၏။ နေရာတကျ မချုတတ်လျှင် ထိုစကားသည် မှန်ကန်ပေလိမ့်မည်။ ရေနွေး ကိုသာ အသုံးပြု၍ တစ်သက်ပတ်လုံး နေ့တိုင်း ဝမ်းချုနေပါ လျှင် အသုံးမပြုသော ခြေထောက်သည် သေးသိမ်သွား၍ နောက်ဆုံး၌ မထောက်နိုင်အောင် ရှိတတ်သည့်နည်းတူ အစာယောင်းအူသည်လည်း ဘာသာအလျောက် အလုပ် မလုပ်တတ်တော့ဘဲ ဝမ်းချုပေးမှ ဓာတ်သွားသောအခြေမျိုး သို့ ရောက်သွားတတ်ပေသည်။

မှန်ကန်သော ဝမ်းချုနည်းမှာ ပထမ၌ တွင်းရေထက် မအေးသော ရေနှစ်ပုလင်းမျှကို ချုပုံးထဲတွင် ထည့်၍ ရောက် သီးတစ်လုံးကို ထိုရေထဲတွင် ညှစ်ထည့်ရမည်။ ထို့နောက် ချုပုံးကို ရင်ဘတ်လောက် မြင့်သောနေရာတွင် ချိတ်ထားရ မည်။ မထနိုင်သော လူနာများကို လှဲလျက် ချုကြရသော် လည်း အခြားလူများအဖို့မူ အကောင်းဆုံးသော အနေအထိုင် မှာ ကြမ်းပေါ်တွင် ဒူးထောက်၍ ရင်ဘတ်ကို ကြမ်းနှင့် တတ်နိုင်သမျှ နီးကပ်အောင် ကုန်းလျက် ဖင်ဗူးထောင်း ထောင်သော အနေအထားမျိုးသည် အလွယ်တကူ ရေလျှော လိုက်နိုင်သည့်အတွက် အလွန်သင့်လျော်လှ၏။ ဒူးအောက် တွင် ခုရန်အတွက် ဖုံထူထူကလေးတစ်ခု ချုပ်လုပ်ထားလျှင် သာ၍ကောင်းသည်။ ချုစ မရှိသောသူတို့အဖို့၌ ရေအတော် အတန်ဝင်၍ နာကျင်ခြင်းရှိခဲ့လျှင် ပြွန်ကို ဖိနှိပ်ထားခြင်းအား ဖြင့် ရေဝင်ခြင်းကို ဆီးတားထားသင့်၏။ ထိုအတောအတွင်း ဝမ်းဗိုက်ကို လက်ဖြင့် အနှံ့အပြားနှိပ်ပေး၍ နာကျင်ခြင်း သက်သာလာသောအခါ ရေပြွန်ကို တစ်ဖန်ဆက်လက်၍ ဖွင့်ပေးရမည်။ အလေ့အကျင့်မရှိသဖြင့် ရေနှစ်ပုလင်းကို တစ်ကြိမ်တည်းဝင်အောင် မသွင်းနိုင်ခဲ့လျှင် ခံနိုင်သလောက် သာလျှင် သွင်းသင့်၏။ သို့သော် တဖြည်းဖြည်းတိုးသွား၍ ရေနှစ်ပုလင်းဝင်သောနေ့တိုင်ရောက်မှ စိတ်ကျေနပ်သင့်၏။

သွတ်သွင်းရသော ရေမှာမူ တွင်းရေမှသည် သုံးရေဒီး ရေအထိ အေးစေ၍ နောက်ဆုံးတွင် သောက်ရေဒီးရေအ တဖြည်းဖြည်းအေးအောင် လေ့ကျင့်သွားရမည်။ ရေနွေးသ အူမ၏ အလုပ်ကို ကူညီ၍ လုပ်ပေးရာရောက်သော်လ အကူအညီကို နေ့တိုင်း‹‹းနေလျှင် အကျင့်ပါသွားမည် စိုးရိမ်ရသောကြောင့် ရေအေးကို အသုံးပြုရခြင်းဖြစ် သည်။ ရေကိုမူ သည်းခံနိုင်သမျှ အေးသည်အထိ တိုး၍ လေ့ကျင့်ပေးသင့်ပေသည်။ ချုတံ၏ အဖျားကို ဆပ်ပြာ စသည့် ချောကျိသော အရာမျိုးဖြင့် ဆွတ်ပေးရန် သတိ သင့်ချေ။

ရေသွင်းပြီးသည့်နောက် အူမတစ်လျှောက်လုံး လျှောက်၍ ဝင်စေနိုင်ရန် ဝမ်းဗိုက်ကို အနှံ့အပြား လက် နှိပ်နယ်ပေးသင့်ပေသည်။ ဤနည်းအားဖြင့် ရက်သတ္တနှစ်ပ ခန့် ဆက်လက်ချုပေးသည့်အခါ အစာယောင်းအိမ်ထဲ အကာတ်အသတ်အဖြစ်နှင့် တည်နေကြသော အညစ်အ အယောင်းအမျှင်းတို့ အဘယ်မျှလောက် ကျဆင်းလာ သည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရပေလိမ့်မည်။ ထိုအည အကြေးအယောင်းအမျှင်းတို့သည်ကား သာမန် ဝမ်းနုတ် တို့ဖြင့် နှင်ထုတ်ခြင်းငှာ မတတ်နိုင်သည့် ချီးတို့ပေတည် ၎င်းတို့ ကျဆင်းသွားသည်ကို မြင်လိုက်ရလျှင်ပင် အကြ သည် တစ်ကိုယ်လုံးပေါ့သွား၍ ဟီးချပြီး စိတ်၏ ကြည် ကျေနပ်ခြင်းဖြစ်ပေလိမ့်မည်။

နေ့စဉ် ရေနှစ်ပုလင်းဝင်အောင် ရက်သတ္တနှစ်ပတ် ဝမ်းချုပေးပြီးနောက် ရေကို တဖြည်းဖြည်းလျှော့ထည် အေးသည်ထက် အေးသောရေကို တဖြည်းဖြည်း အသုံ သင့်ပေသည်။ နောက်ဆုံးတွင်မူကား အစာယောင်းအိမ်သ ကောင်းစွာ အလုပ်လုပ်စ ပြုလာမည်ဖြစ်၍ ဝမ်းချုသေ အချိန်မတိုင်မီပင် ဝမ်းသွားရပေလိမ့်မည်။

ထို့နောက် ဝမ်းချုခြင်းကို လုံးလုံးရပ်စဲလိုက်သောအ တစ်နေ့လျှင် နှစ်ကြိမ်ဖြစ်စေ၊ သုံးကြိမ်ဖြစ်စေ အစာစာ ဆေးအခါတိုင်း ဓာတ်သွားရပေလိမ့်မည်။ အစာစားပြီးလျ ပြီးချင်း ဓာတ်သွားရသော်လည်း အူစင်နေသည်ဟု မမှ လေနှင့်။ စင်စစ်မှာ အစာသွင်းလိုက်သည့်အတွက် အစာ အိမ်မှ စ၍လှုပ်ရှားပြီး အစာယောင်းအိမ်သို့တိုင်အော ဆိုင်ရာဆိုင်ရာ အလုပ်လုပ်ကြ၍ အစာချေစက်ကြီး နှိုးကြ လှုပ်ရှားခြင်းဖြစ်သောကြောင့် အလွန်ကောင်းမွန်သော အ အနေ ၌ ရောက်လာခြင်းဖြစ်၏။ ထမင်းနှစ်ထပ်စားသူတို့ ၌ တစ်နေ့လျှင် ထမင်းစားပြီးတိုင်း တစ်ကြိမ်ဓာတ်မ လျှင် အစာချေစက်ကြီး နေရာမကျသေးဟု မှတ်ယူရ



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ကိုယ်ကို စစ်ကြောမေးမြန်းကြလေ။ "ငါတို့မှာ ည်သော ဓာတ်သွားသည့် ဘာရောဂါမှ မရှိပေါင်"ဟု ပေးလေနှင့်။ သမ်းဝေခြင်းမျှ မရှိလေသလော။ တိုင်း အိမ်ပေါ်မှ ပြေးဆင်းလိုက်ချင်သော စိတ်မျိုး လော။ ထိုထက်နည်းလျှင် မကျေနပ်သင့်ချေ။

အထက်ပါနည်းအတိုင်း ကျနအောင် ဝမ်းချုပေးပြီး အစားအစာတို့ကိုလည်း သင့်တော်အောင် တွဲဖက် သည်ဆိုပါလျှင် ဝမ်းချုပ်ခြင်းသာမက နှစ်ပေါင်းများစွာ လာသည့် အနာရောဂါဟူသမျှကိုပါ ကွင်းလုံးကျွတ် လင်းလင်းကြီး ပျောက်ကင်းကြဖူးသူတို့ မရေတွက် အောင် ရှိခဲ့လေပြီ။

အခြေအမြစ်ကြီးသော ရောဂါမျိုးဖြစ်ခဲ့ပါမူ ဝမ်းချုပြီး နောက်တွင် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံတို့ဖြင့် မှီဝဲစားသောက်၍ ထမင်း စသော အာဟာရမျိုးကို သုံးလွှတ်ထားနိုင်လျှင် အကောင်းဆုံးဖြစ်ချေ၏။

အကြောင်းကိုဆိုသော် အသီးအနှံတို့မည်သည် ကိုယ်ခန္ဓာ အတွက် အထူးအသုံးဝင်သော ဗီတာမင်ခေါ် ဓာတ်မြူနှများ ပါရှိရုံမျှမက အစာဟောင်း အူမအဖို့ အလုပ်လုပ်ရန် လွယ်ကူ စေသည့် လက်ကိုင်သဖွယ်ရှိသော အရာဝတ္ထုများ ပါရှိသည့် အတွက်ကြောင့် အကြောဖြင့် တင်းချည် ရုံချည်ပြုလုပ်ကာ ညှစ်ထုတ်ပစ်ရန် လွယ်ကူစေသောကြောင့် ဖြစ်လေသည်။

နွား မြင်း စသော တိရစ္ဆာန်မျိုးတို့သည် အလွန်ကျန်းမာ စွာ ရှိနေသောအခါ၌ အစာစားပြီးလျှင်းပြီးချင်း ကျင်ချေးစွန့် တတ်သော အလေ့အကျင့်ရှိပေရာ ဤနည်းသည် ကိုယ်ခန္ဓာ ကျန်းမာမှုအတွက် သဘာဝ ဓမ္မ၏ ဆောင်ရွက်နည်းဖြစ်ပေ ရကား ပထမတန်း ကျန်းမာခြင်းကို အလိုရှိသူတို့သည် ထိုအလေ့မျိုး အကျင့်ပါနေသည့်တိုင်အောင် မိမိတို့ကိုယ်ကို ပြုပြင်ပေးအပ်ကြပါပေသတည်း။

* * *

ရွှေဥဒေါင်း


မြန်မာနိုင်ငံဝေဒသုတေသနပညာရှင်

# ဓမ္မာစရိယ ဆရာဦးအောင်ကျော်မိုး

(နက္ခတ်ဗေဒင်၊ ယတြာ အခါပေးပညာရှင်)

လူသားတို့အတွက်

- အတွဲညီသောအိမ်ထောင်ဖက်
- အကျိုးပြုသောအလုပ်အကိုင်နှင့် နေရပ်
- ရှေးဘဝကတည်းက အထုံပါခဲ့သော ပညာရပ်
- ကျန်းမာရေး၊ ဘာသာရေး စည်တို့ကို နေ့စဉ် ဟောပြောပေးနေသည်။
- အိမ်၊ ခြံ၊ မြေ ပန္နက်ရိုက် အခါပေးနှင့် ရောင်းအဝယ်အစီအမံယတြာများ ပြုလုပ်ဆောင်ရွက်ပေးသည်။

ဟောခန်းလိပ်စာ

စီ- ၅၊ အမှတ် (၁၆၇/၁၇၃) ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။

ဖုန်း - ၃၉၂၂၄၇




www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရဆန်းကြယ် စာအုပ်စင်

သုတအုံ

## အောင်ကျော်ဟိန်း

## လယ်သမားများအား ဆင်းရဲတွင်းမှ လွတ်ကင်းစေသ




ဒိုင်းဒို အသက်အာမခံကုမ္ပဏီ ရန်ပုံငွေအဖွဲ့ (The Daido Life Foundatio
စီစဉ်သော စာအုပ်ကို Quality Publishing House မှ တာဝန်ယူကာ စာပေဒါနအ
ထုတ်လုပ်ဖြန့်ချိလိုက်ခြင်းဖြစ်သည်။

"နီနိုမီယခင်းဂျီလို"၏ စာအုပ်ကို ဆရာ အောင်ကျော်ဟိန်းမှ မြန်မာဘာသာသို့
ဆိုပေးထားသည်။

ဆင်းရဲသည့် တောင်သူလယ်သမားမှာ မွေးဖွားသော ခင်းဂျီလို၏ အသိပညာနှင့် အ
အကြံများက ဂျပန်နိုင်ငံ၏ ဆင်းရဲသား တောင်သူလယ်သမားအမြောက်အများကို ကယ
ကယ်တင်နိုင်ခဲ့သည်။

ဂျပန်နိုင်ငံ၏ အောင်မြင်သော ကျေးလက်တောရွာ ပြန်လည်ထူထောင်ရေး ပေါ
များကို မြန်မာစာဖတ်သူများ လေ့လာတွေ့ရှိရမည်ဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေး ပြုပြင်ပြောင်းလဲတိုးတက်ဖို့ အရှိန်ယူ
တွင် ခင်းဂျီလို၏ အတွေးအခေါ်နှင့် အယူအဆများက အတုယူစရာဖြစ်နေမှာ သေချ

စာပေတိုက် - Quality Publishing House
မျက်နှာဖုံးအပြင်အဆင် - ဉာဏ်လင်းထက်
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဇန်နဝါရီ၊ ပထမအကြိမ်။
အုပ်ရေ - ၂၀၀၀
တန်ဖိုး - စာပေဒါန

## ဂမ္ဘီရ ဆရာလှမျိုး (B. Sc)

## ငြိုဟ်ရှစ်ခွင် သက္ကတ်ဗေဒင်နှင့် ယတြာများ




ဂမ္ဘီရ ဆရာလှမျိုး(B. Sc)၏ ဆဋ္ဌမမြောက် ဗေဒင်ပညာဆောင်းပါးပေါင်းချုပ်စာ
ဖြစ်သည်။ ထိုစာအုပ်တွင် ဂုနေ့သားသမီးများ သက်ရောက် တစ်နှစ်ချင်းစီတွင် ကြုံတွေ့
လောကီရေးရာများ ဘယ်သက်ရောက်(သက္ကတ်)မှာ ဘယ်လို ယတြာချေရမည်ကို အ
အကြောင်းနှင့်တကွ ဖော်ပြထားသည်။

ဤစာအုပ်သည် တစ်နှစ်စာမဟုတ်။ တစ်ခါဖတ်ပြီး ချောင်ထိုးထားရမည့်စာ
မဟုတ်ပါ။ ဘဝတစ်သက်တာ လက်တွေ့အသုံးချ ဆောင်ရွက်ပါက အမှန်တကယ် အ
ရှိစေမည်မှာ သေချာသည်၊ ဗေဒင်ဝါသနာပါသူ၊ စိတ်ဝင်စားသူများ တစ်အိမ်တစ်အုပ်ဆေ
ထားသင့်သော စာအုပ်ဖြစ်သည်။

စာပေတိုက် - ကြံတိုင်းအောင်စာပေ
မျက်နှာဖုံးဒီဇိုင်း - ဇော်နိုင်ထွန်း
ပုံနှိပ်ခြင်း - ၂၀၁၃၊ မတ်လ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၂၀၀ ကျပ်။



www.burmeseclassic.com

www.burmeseclassic.com



**မဟော်ဂနီ (သမထ)**

## အစွမ်းထက် ဂါထာမန္တန်များ




ရွှေဘုန်းရှိန်စာပေမှ ထုတ်ဝေလိုက်သော မဟော်ဂနီ(သမထ)၏ ခေတ်အဆက်ဆက် လျှို့ဝှက်အစွမ်းထက် ဂါထာမန္တန်များ စာအုပ်ထွက်ရှိလာသည်။

ဆရာတော်ဘုရားများ၏ လက်စွဲဂါထာများ၊ နန်းသုံးတော်ဝင် လက်စွဲ ဂါထာမန္တန်များနှင့် ရပ်ရွာထဲက အသုံးတည့်သော ဂါထာမန္တန်များဟူ၍ အပိုင်းသုံးပိုင်းခွဲပြီး တင်ပြထားသည်။

ဂါထာတွေ စုံသလို မန္တန်တွေကလည်း စာဖတ်သူတွေအတွက် အသုံးတည့်မှာ သေချာ၏။

ဂါထာ၊ မန္တန်များကို ရွတ်ဆို အဓိဋ္ဌာန်ခြင်းဖြင့် မကောင်းမှုများကို တားဆီး၊ ကောင်းကျိုးများကို ပြည့်စုံကုံလုံစေမည့် လက်စွဲဆောင်ထားရမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

စာပေတိုက် - ရွှေဘုန်းရှိန်စာပေ
မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း - အောင်ကျော်စိုး
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဖေဖော်ဝါရီ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်။

**ကေသီပန် ဦးလှမြင့်**

## ဖခင်နို့တိုက်ခဲ့သည့် ကျွန်တော်အဖေနှင့်…




၂၀၁၁ခုနှစ်အတွက် အမျိုးသားစာပေဆု(စာပဒေသာဆု)ရရှိသော ကေသီပန် ဦးလှမြင့်၏ ကိုယ်တိုင်ရေး ဘဝမှတ်တမ်းစာအုပ်ဆိုလျှင် မှားမည်မထင်ပေ။

“ဖခင်နို့တိုက်ခဲ့သည့် ကျွန်တော်အဖေ” နှင့် “ဗေဒါကစ်ကို စိန်ခေါ်၍ ရင်ဆိုင်ခဲ့သည့် ကျွန်တော်” ဆိုသော စာအုပ်နှစ်အုပ်ကို တစ်ပေါင်းတည်း စုစည်း၍ ဒုတိယအကြိမ် ထုတ်ဝေလိုက်ခြင်းလည်း ဖြစ်သည်။

ကေသီပန် ဦးလှမြင့်၏ ကလေးဘဝ၊ လူလတ်ဘဝ၊ အသက်ကြီးပိုင်းဘဝများထဲမှ အတွေ့အကြုံများကို ဘဝအတ္ထုပ္ပတ္တိအဖြစ် အတုယူ အားကျချင်လာအောင် ရေးဖွဲ့ထားသည်။

ငယ်စဉ်ဘဝမှာ ဆင်းရဲပင်ပန်းစွာ ရုန်းကန်ခဲ့ရပေမယ့် တိုင်းသိပြည်သိ အောင်မြင်နေသော ကေသီပန် တိုင်းရင်းဆေးထုတ်လုပ်သူတစ်ယောက်၏အကြောင်းကို သုတ ရသ ဆန်ဆန် မှတ်သားလိုက်နာဖွယ်ရာများစွာ ရေးဖွဲ့ထားသည်။


စာပေတိုက် - စာပေလောက
မျက်နှာဖုံးပန်းချီ - မောင်မောင်သိုက်၊ ဇော်မောင်
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဒုတိယအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၄၀၀၀ကျပ်။


www.burmeseclassic.com

www.burmeseclassic.com

# နှုတ်လှူသာစု ပေါ်နိုင်ကြွင်းစေသော်.....

မောင်ယဉ်လှိုင်း(ဟသ်ာတ)



"ဗုဒ္ဓ ဓမ္မ သဘာဝတွင် မည်သူမဆို ရှုသွခံစားပိုင်ခွင့်ရှိပါတယ်။ အကြောင်းအကျိုးမှာ အကြောင်းတရားကိုလည်း လွတ်လွတ်လပ်လပ် ကျင့်သုံးပိုင်ခွင့်ရှိသလို၊ အကျိုးတရားကိုလည်း လွတ်လွတ်လပ်လပ် ခံစားပိုင်ခွင့်ရှိပါတယ်။ ဒါက တော့ ကံ-ကံရဲ့ အကျိုးတရားအတိုင်းပေါ့။ ကမ္မသဘာဝမှာ မျက်နှာကြီး၊ မျက်နှာငယ်၊ သူလူ ကိုယ့်လူ၊ သူဆင်းရဲ ရှင်ဘုရင် မျက်နှာမလိုက်ဘူး။ ကောင်းတာလုပ် ကောင်းတာဖြစ်၊ မကောင်းတာလုပ် မကောင်းတာဖြစ်၊ မျက်နှာချိုသွေးပြီး ဈေးဆစ်လို့တော့ မရဘူး။ ဒါ ဘုရားရှင်ရဲ့ အခုံးအမ ဓမ္မ ကမ္မသဘာဝပဲ။ အမြင့်ဆုံး လူတန်းစားက နေပြီး အနိမ့် လူတန်းစားအထိ လုပ်ပိုင်ခွင့်ရှိတယ်။ ဖြစ်ပိုင်ခွင့်ရှိတ ဒါ ရှင်ဘုရင်လျှောက်တဲ့ လမ်း၊ သူဆင်းရဲ မလျှောက်ရဆို ဓမ္မမှာ မရှိဘူး။ အားလုံးလျှောက်ပိုင်ခွင့်ရှိပါတယ်။ ဒါပေမ မေတ္တာစေတနာမှန်ကန်ရပါမယ်။ ရည်ရွယ်ချက် ကောင် မယ်။ မှန်ကန်တဲ့ အလုပ်ဖြစ်ရပါမယ်။ သဘောက ဘာလုပ်လို့ ဘာဖြစ်ရင် ဘယ်သူတွေအတွက်ဆိုတဲ့ ရည်ရွ



www.burmeseclassic.com

www.burmeseclassic.com








ပန်းတိုင်ရှိရပါမယ်။ ဒီရည်ရွယ်ချက်ပန်းတိုင်ကလည်း ...ို့ လိုလိမ့်မယ်။ ဆိုကြပါစို့ ငါ လူကြီးဖြစ်ရင် လောက ...င်းကျိုး၊ လူအများတွေရဲ့ ကောင်းကျိုးကြီးကြီးတွေကို ...ိုး ဆောင်ရွက်မယ် ဆိုတာမျိုးပေါ့။ ဒီလိုမဟုတ်ဘဲ ...ကြီးဖြစ်ရင် ငါ့အတွက်၊ ငါ့သားမယား၊ ငါ့ဆွေမျိုးအတွက် ...င်းကျိုးကြီးကြီး၊ စည်းစိမ်ကြီးကြီး ယစ်မူးရအောင် ငါ့ကိစ္စ ...ကြီး ဆောင်ရွက်တာမျိုး မဖြစ်စေဖို့ လိုပါလိမ့်မယ်။

"ဓမ္မဆိုသော သဘာဝဟာ သက်ရှိသက်မဲ့ အရာ ...လုံးနဲ့ တိုက်ရိုက် ကျွမ်းဝင်နေတယ်။ ဒါကြောင့် ဓမ္မကို

မဟာကရုဏာတော်၊ မေတ္တာတော်တွေကတော့ တကယ့်ကို ကြီးကျယ်မြင့်မြတ်လှပါတယ်။

"ဗုဒ္ဓသာသနာတော်မှာ ဘုရားဆုပန် အဂ္ဂသာဝက၊ မဟာသာဝက ဆုကြီးပန်တွေဟာ ဟိုယခင်ကတည်းက ရှိကြသလို၊ အခုအခါမှာလည်း ရှိနေကြပါတယ်။ ဒီလို ဆုကြီး ပန်တိုင်းဟာ မေတ္တာတော်၊ ကရုဏာတော်တွေနဲ့ ဆိုင်ရာ ဓမ္မစရိယာတွေကို ဖြည့်ကျင့်ကြရပါတယ်။

ဒီကနေ့ ဆုကြီးပန်ဆိုတဲ့ ဆရာတော်ဘုရားကြီးရဲ့ အကြောင်းကို ကြည်ညိုသဒ္ဓါစိတ်ဖြစ်ပေါ်တာနဲ့ တင်ပြလိုက်





...ဦးပိုင်၊ တစ်ယောက်ပိုင်လုပ်လို့ မရပါဘူး။ ဒီကနေ့ လူ ...င်း ဘုရား၊ ရဟန္တာ၊ အဂ္ဂသာဝက၊ မဟာသာဝက ဖြစ်ပိုင် ...ိုတယ်။ အားထုတ်ပိုင်ခွင့်၊ ဆုတောင်းပိုင်ခွင့် ရှိပါတယ်။ ...ရား၊ ရဟန္တာ အစရှိတဲ့ အရိယာအပေါင်းတို့ဟာလည်း ...စ်ချိန်က သာမန်လူတန်းစားကပဲ ဖြစ်လာကြတာပဲမဟုတ် ...။ ဘုရားရှင်ဆိုရင် ဘုရားဖြစ်ချင်လွန်းလို့ နှစ်ဥက စပြီး ...သည်အထိ နှုတ်နဲ့ စိတ်နဲ့ ကာယကိုယ်နဲ့ ဖြည့်ကျင့်ခဲ့တာ ...ရားဖြစ်ပြီဆိုတော့ လောက သတ္တဝါတွေရဲ့ ကောင်းကျိုးကို ...စွမ်းကုန် ကယ်တင် စောင့်ရှောက်သွားတာပဲလေ။ ဒီလို


ရပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ ဘွဲ့တော်က ဦးရေဝတ ဖြစ်တယ်။ သက်တော် (၇၃)နှစ်နဲ့ ဝါတော် (၆၃)ဝါရှိပြီး လူမျိုးက ကရင်ဖြစ်တယ်။ ဆရာတော်ဘုရားကြီးကို မွန်ပြည် နယ်၊ ဘီးလင်းမြို့နယ်၊ နောင်ကတုတ်ကျေးရွာ အဘ ဦးဖိုး ရေး၊ အမိ နော်ကော်ဖေါ်တို့က သက္ကရာဇ် ၁၂၉၀ပြည့်၊ တပေါင်းလဆန်း ၁၃ရက်၊ ဗုဒ္ဓဟူးနေ့ ၁နာရီမှာ မွေးဖွားပါ တယ်။ လွတ်လပ်ရေးရအပြီးမှာ ရှင်သာမဏေပြုတယ်။ ဥပဇ္ဈယ်ဆရာတော်ကတော့ ရှင်သာမဏေ ဓာတရှင်ရဟန်း...




www.burmeseclassic.com

www.burmeseclassic.com







ဆရာတော် ဦးဉာဏဝံသပဲ ဖြစ်ပါတယ်။ ဗုဒ္ဓစာပေတွေကို ခြောက်ထပ်ကြီးနဲ့ မန္တလေးမှာ သင်ကြားတယ်လို့ သိရတယ်။ မန္တလေးမှာပဲ ဓမ္မာစရိယတန်းအောင်တယ်လို့ ဆိုပါတယ်။ ခုအခါမှာတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ရွှေဘုံသာကျောင်းတိုက်မှာ ပဓာန နာယကကျောင်းထိုင်အဖြစ်နဲ့ စာသင်ပို့ချရင်း ပရဟိတအလုပ်တွေကို ဆောင်ရွက်နေပါတယ်။

"ဒီဆရာတော်ဘုရားကြီးကို စာရေးသူတို့ရဲ့ ဆွမ်းလောင်း ဆန်လှူအသင်းမှာ ဖူးတွေ့ခွင့်ရတာတော့ ကြာပါပြီ ဒါပေမယ့် သာမန် ရဟန်းကိစ္စကိုသာ ဆောင်ရွက်နေတဲ့ ရဟန်းကြီးတစ်ပါးလို့ပဲ ထင်မှတ်ထားမိတာ အမှန်ပဲ၊ ဆရာတော်ဘုရားကြီးက တောသူတောင်သားပီပီ ရိုးရိုးအေးအေး အနေထိုင်က ခပ်ကုပ်ကုပ်ပါပဲ။ ဒီကနေ့ခေတ်နဲ့ ကြည့်ရင်တော့ မထင်ပေါ်ဘူး။ အထင်ကြီးစရာ မရှိဘူးဆိုပါတော့။ အထင်ကြီးအောင်လည်း မနေလိုဘူး။ အထင်ကြီးအောင်လည်း မလုပ်တတ်ဘူး၊ စာရေးသူအနေနဲ့ ဖူးတွေ့ဖူးတာ ကြာပေမယ့် ခုမှ ဆရာတော်ကြီးရဲ့ အကြောင်းကို တစ်စွန်းတစ်စသိရတော့မှ "သြော်…ဒီလိုပါလား"လို့ ပိုပြီးကြည်ညိုစိတ်ဖြစ်မိပါရဲ့။ ဒီအကြောင်းကို ဒီဆရာတော်ကြီး ကိုယ်တိုင်ပြောတာတော့ မဟုတ်ဘူး၊ ဆူးခါးဆရာတော်ကြီးက ပြောပြတာပဲ။ ဆူးခါးဆရာတော် ဘဒ္ဒန္တဇနိတ ဂန္ထဝါစက ပဏ္ဍိတနဲ့ ဒီဆရာတော်ကြီး ဦးရေဝတဆိုတာ သူငယ်ချင်းလိုလည်း ဟုတ်၊ ဆရာတပည့်လိုလည်း ဟုတ်၊ ပြီးတော့ တစ်နယ်တည်းသားတွေလို့ဆိုတော့ ဆူးခါးဆရာတော်က ဒီဆရာတော်ကြီးရဲ့ အကြောင်းကို သိထားတော့ ဒီဆရာတော်ကြီးက ဘုရားဆုကို ပန်ထားတယ်လို့ စာရေးသူကို တစ်ဆင့်မိန့်ကြားတယ် ဆိုပါတော့။


"ဆရာတော်ကြီးက လူတွေရဲ့ အကျိုးပြု ပရဟိတ လုပ်ငန်းတွေကို တော်တော်များများ လုပ်ထားပြီးပါတယ် များသောအားဖြင့် မပြည့်စုံတဲ့ နယ်မြေဒေသ၊ ကျေးလက် အရပ်ဒေသတွေမှာပါ။ အများဆုံး ဆောင်ရွက်တာကလည် လမ်းတံတား အဆောက်အအုံတွေပေါ့။ မကောင်းတဲ့ လမ် တွေကို ကောင်းအောင် ပြင်ဆင်မယ်၊ မရှိတဲ့ လမ်းတွေ အသစ်ခင်းမယ်၊ ချောင်းကူး မြောင်းကူး တံတားတွေ တည် ဆောက်မယ်။ ဆရာတော်ကြီး တည်ဆောက်ပြီးတဲ့ တံတား တွေ အများကြီးရှိပါတယ်။ ဒါပေမယ့် စာရေးသူ မှတ် သလောက် တံတား (၂၂)ခုကို တင်ပြပေးလိုက်ပါတယ် ဒီတံတားတွေရဲ့ အမည်နာမည်တွေကလည်း စနစ်တကျ အုပ်စုလေးတွေ ခွဲပြီး ပေးထားတာကို တွေ့ရပါတယ်။ အုပ် တွေကလည်း ရတနာ့သုံးပါး အနန္တော အနန္တငါးပါး ဖြဟ္မ တရားလေးပါး ဒီလိုမျိုးတွေ သိရှိရတော့ ကြည်ညိုသဒ္ဒါစိတ် နဲ့ အတွေးထဲမှာ တစ်မျိုးရောက်မိပါရဲ့။ ဘာလဲဆိုတော့ ဒီဆရာတော်ကြီးဟာ ဘုရားဆုကို ပန်တယ်ဆိုတဲ့ နေရာမှ ဗုဒ္ဓဘုရားရှင်ကို အားကျ အတုယူဟန် တူပါတယ်။ လက်ရှိ အများဆုံး ပါရမီဖြည့် ဆောင်ရွက်နေတာက လမ်းတံတား တွေပါပဲ။ လမ်းတံတားဆိုတာ ဗုဒ္ဓဘုရားရှင်ရဲ့ ဒီပင်္ကရာ ဘုရားရှင်ထံမှာ ဗျာဒိတ်တော်ခံယူတဲ့ အစပါပဲ။ ဒီနေရာမှာ ဘုရားအလောင်းတော်ဟာ လမ်းတံတားပြုပြင်တဲ့ အလုပ် ပါရမီဖြည့်ကျင့်ပြီး ဗျာဒိတ်ခံယူတာပဲ မဟုတ်လား။ နောက် ပြီး အလောင်းတော် မာယလုလင်တုန်းကလည်း လမ်းခင်း တံတားဆောက်တဲ့ ပါရမီကို ဖြည့်ကျင့်ခဲ့တယ် ဆိုတော့ ဒီဆရာတော်ဘုရားကြီးအနေနဲ့ အလောင်းတော်တွေရဲ့ ဖြည့် ကျင့်ခဲ့ထဲ့ ပါရမီတွေအတိုင်း သဒ္ဓါယုံကြည်မှုနဲ့ အား ဘုရားဆုကို ပန်ခဲ့တယ်လို့ ယူဆမိတာပါပဲ။




www.burmeseclassic.com

www.burmeseclassic.com







"ဆရာတော်ဘုရားကြီး တည်ဆောက်ခဲ့တဲ့ တံတား ...တော့...

(၁) ဗုဒ္ဓတေဇယာန သုခတံတား။

(၂) ဓမ္မတေဇယာန သုခတံတား။

(၃) သံဃတော့ယာန သုခတံတား။

ဒါ ရတနာသုံးပါးအုပ်စု။ နောက် အနန္တောအနန္တငါးပါး ...စုက -

(၁) ဗုဒ္ဓဂုဏ ဆာယာသုခတံတား။

(၂) ဓမ္မဂုဏ ဆာယာသုခ တံတား။

(၃) သံဃဂုဏဆာယာသုခ တံတား။

(၄) မာတာပိတုဂုဏဆာယာ သုခတံတား။

(၅) အာစရိယဂုဏဆာယာ သုခတံတား။

ဗြဟ္မစိုရ်တရားအုပ်စုက -

(၁) မေတ္တာသုခတံတား။

(၂) ကရုဏာသုခတံတား။

(၃) မုဒိတာ သုခတံတား။

(၄) ဥပက္ခာသုခတံတား။

(၅) အချုပ်က ဗြဟ္မဝိဟာရတံတား။

နောက်ပြီးတော့ -

(၁) သဒ္ဓါမိက စိန်ရတုတံတား။

(၂) ဗောဓိသတ္တ စိန်ရတုတံတား။

(၃) စိတ္တသုခ စိန်ရတုတံတား။

(၄) ကာယသုခ စိန်ရတုတံတား။

(၅) ပုညဝမုဏာ စိန်ရတုတံတား။

(၆) မေတ္တာမွန်သုခ စိန်ရတုတံတား။

(၇) ကရုဏာမွန် သုခမုဒိတာ စိန်ရတုတံတား။

(၈) ဗဟုဇနသုခ စိန်ရတုတံတား။

ဒီတံတားတွေကတော့ မန္တာတုစက္ကဝတ္တိရာဇာ ဆိုတဲ့ တံတားအုပ်စုပါပဲ။ ဆရာတော်ဘုရားကြီးဟာ ဘုရားဆုပန် တယ်လို့ဆိုတဲ့အလျောက် မိမိရဲ့ သဒ္ဓါ စေတနာအလျောက် စိတ်ကူးအာရုံမှာ ပေါက်သလို၊ ဆိုင်ရာဆိုင်ရာ ပါရမီတို့ကို ဖြည့်ကျင့်ပြီး၊ ဖြည့်ကျင့်နေဆဲ၊ ဖြည့်ကျင့်နေဦးမှာပဲ ဖြစ်ပါ တယ်။

"တကယ်တော့ ဗုဒ္ဓဘာသာဝင်သမိုင်းမှာ ဒီလို ဆရာ တော်ဘုရားကြီးတွေလို ဘုရားဆုပန်တဲ့ ပုဂ္ဂိုလ်ကြီးတွေ အဂ္ဂ သာဝက၊ မဟာသာဝကဆုပန်တဲ့ ဆုကြီးပန်တွေ အများကြီး ရှိကြသလို လူ၊ နတ်၊ ဗြဟ္မာ၊ နိဗ္ဗာန် စသဖြင့် ဝင်ကြမယ့် ပုဂ္ဂိုလ်တွေ၊ အပါယ်ဘုံကို သွားကြမယ့်လူတွေလည်း ရှိနေ ကြမှာပါ။ ဒါတွေကတော့ ဆိုင်ရာဆိုင်ရာ ကံသင်္ခါရတွေကို ပြုကျင့်ပြီး ရောက်ကြတာပါပဲ။ ဒီလို ဘုရားဆုပန်၊ အဂ္ဂသာ ဝက၊ မဟာသာဝက ဆိုတဲ့ ဆုကြီးပန်ကြတဲ့ အရိယာ သူတော်ကောင်းကြီးတွေရဲ့ မဟာမေတ္တာတော်၊ မဟာကရု ဏာတော်တွေကတော့ အင်မတန်မှ ကြီးကျယ်မြင့်မြတ်လှ ပါတယ်။ သတ္တဝါတွေအတွက်လည်း ကျေးဇူးတရားကြီးမား သလို၊ ခိုကိုးရာအစစ်အမှန်လည်း ဖြစ်ပေတယ်။ ထိုထိုသော အရိယာကြီးတွေရဲ့ ဂုဏ်တော်အနန္တ၊ ကျေးဇူးတော် အနန္တ တွေကို ဦးခိုက်ပူဇော်လို့ ရေးသား တင်ပြရခြင်းဖြစ်ပေတယ်။ နတ်လူ သာဓုခေါ်နိုင်ကြစေသော်။

"သာဓု...သာဓု...သာဓု...ဟူ၍သာ"။

နိဗ္ဗာန ပစ္စယော ဟောတု

* * *

မောင်ယဉ်လှိုင်(ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com



# ရန်သူရှာဖွေမတွေ့စေဖို့ ကုဿန္ဓောဂါထာ ဆောင်စို့လေ

အမျိုးလှ

လွန်ခဲ့သော အနှစ် ၃၀ကျော်က သေကံမရောက် အသက်မပျောက်ခဲ့ရသော ကြောက်မက်ဖွယ်ရာ ခံစားမှုတစ်ခု ကြုံတွေ့ခဲ့ရပါတယ်။ အဲသည်အဖြစ်အပျက်အားလုံးအတွက် ကိုထင်လင်းရင်ထဲ စွဲငြိနေဆဲပါ။ စိုးရိမ်ကြောက်ရွံ့မှုတို့သည် လည်း ယနေ့အသက်အရွယ်ကြီးလာသည်နှင့်အမျှ တရား ဖက်၍ ဘာသာတရား လက်ကိုင်ထားလျက် ဖြေဖျောက် ခဲ့ရတယ်။ ထိုဖြေလျော့မှုတွေကို ထိုစဉ်က မိတ်ဆွေကောင်း ကိုထွန်းသာနဲ့ ပြန်လည်ဆုံတွေ့တိုင်း ရှေးဟောင်းနှောင်းဖြစ် စကားဆိုမိကြတယ်။

"အေးဗျာ၊ အဲသည်တုန်းက ခင်ဗျားစကားနားမထောင် ရင် ကျုပ်တို့နှစ်ယောက် ဒုက္ခရောက်လို့ ဘဝများ ပြောင်း သွားမလား မသိဘူး"

"ဒါကလည်း ခင်ဗျားက ဗဟုသုတကြွယ်လို့ပါ"

"ကျုပ်တို့နှစ်ယောက်စလုံးက စိတ်သဘောထားချင်း တူညီတာရယ်၊ အဲသည်ခရီးအကြောင်းကို ခင်ဗျား အတော် ကလေး အထာပေါက်နေလို့ပေါ့"

ရေး-ထားဝယ် ခရီးစဉ်အဖြစ်အပျက်မှာ ရုတ်တရက် ဓားပြတိုက်ခံရပါတယ်။ ထိုအချိန်အခါက အသက်ကို ရန် မရှာသော်လည်း ပါသမျှ ပစ္စည်းရွှေငွေကိုပါ အကုန်ယူ အတိုက်ခံရပါတယ်။

ကိုထင်လင်းနဲ့ ကိုထွန်းသာတို့က အသက်အရွယ် ကောင်း။ ရန်သူကို ပြန်လည်ခုခံနိုင်တဲ့ စွမ်းအားအပြည့်။ သို့သော် လက်နက်က မရှိလေတော့ ဝမ်းလျားမှောက် ခေါင်း ငုံ့ မျက်စိမှိတ်ခံရတယ်။

ဒါပေမယ့် ပစ္စည်းလည်း ယူ၊ လူကိုလည်း ကန်ကျောက် တဲ့အဆင့်လုပ်လာတော့ ကိုထင်လင်းနဲ့ ကိုထွန်းသာ မခံချိ မခံသာအဖြစ်နဲ့ နှစ်ယောက်သား မျက်ရိပ်မျက်ကဲပြပြီး ရန်သူ သေနတ်လုယူ၊ မြင်မြင်သမျှ ရန်သူကို ပစ်ခတ် ထွက်ပြေး ကြတယ်။ ခြေဦးတည့်ရာ ပြေးကြတော့ နောက်က လိုက်

လာမှန်း မသိခဲ့ဘူး။ လျှိုတစ်ခုထဲရောက်တော့ နှစ်ယော သား အမောပြေ ငုတ်တုတ်ထိုင်လိုက်ကြတယ်။

"ကိုထင်လင်း . . . ကျုပ် ဂါထာတစ်ခုရွတ်ပြမ အဲသည် ဂါထာအစွမ်းထက်တယ်ဗျ"

"ကုဿန္ဓော သာသပဂန္ဓော၊ စက်မတိက္ကတောစိ

ကုဿန္ဓော လောကဓာတုမှိ အဋ္ဌဘာဝေန ဆာ

တဲ့။ အနက်အဓိပ္ပာယ်က ဒီလိုဗျ။

ဘဂဝါရှေ့ဘုန်းတော် - သခင်ရှင်တော်မြတ်ဘု သည်၊ ကုဿန္ဓော - သေးငယ်လေဟာန် ပုံသဏ္ဍာန်သွင်း ဆင်းတော်မူလိုသည်ရှိသော်၊ သာသမဂန္ဓေ - သေး သိမ်မွေ့ မှုန်ညင်းစေ့အတွင်း၌ ကုတောစိတော - တုံ့ပြန် လှည့်လည်တော်မူလျက်ရှိသည်။ စက်မတိပရိက္ခရာ- ရှ ကိုယ်လုံးရဲ၍ စကြံကြွသွားတော်မူနိုင်ပါပေ၏။ ကုဿန္ဓော ကြီးမားလေဟာန် ပုံသဏ္ဍာန်သွင်း ဖန်ဆင်းတော်မူလို ရှိသော်၊ လောကဓာတုမှိ - စကြဝဠာကမ္ဘာစဆုံး တစ်ခု အဋ္ဌဘာဝေန - ကြီးမားမြင့်မော် ရွှေကိုယ်တော်ဖြင့်၊ ဒဃေ - အာကုန်သိမ်းကျုံး လွှမ်းဖုံးတော်မူနိုင်ပါပေ၏

"အဲသည်ဂါထာကို အခုနေမှာ ကျုပ်တို့ ယုံယုံကြ ကြည်နဲ့ ရွတ်ရင် မကောင်းကြံသူဘေးက လွတ်တ မကောင်းတဲ့ အတိတ်ဆိုး၊ နိမိတ်ဆိုးက ကင်းဝေးတ အထူးသဖြင့် ကျုပ်တို့ကို ရန်သူက ရှာရင် မတွေ့နိုင်ဘူ

"ဟာ . . . ရွတ်မယ် . . . ရွတ်မယ်၊ ခင်ဗျားသင်ပေ

ကိုထင်လင်း၊ ကိုထွန်းသာတို့နှစ်ဦး ရွတ်ဆိုနေမှုကြေ နောက်မှ လိုက်လာသော ဓားမြများသည် သူတို့နှစ်ဦ မတွေ့ကြ၍ လက်လျှော့ကာ လှည့်ပြန်သွားသည် ထင်ထင်ရှားရှားမြင်လိုက်ရသူနှစ်ဦးသည် ယနေ့ထိ အသက် ရှင်နေဆဲပင်။

* * *



www.burmeseclassic.com




စာကလေးငှက်မှာ လူတို့နှင့် အလွန်နီးနီးကပ်ကပ် နေထိုင် မြင်တွေ့ရတတ်သည့် ငှက်တစ်မျိုးပင် ဖြစ်သည်။ စာကလေးငှက်အမျိုးမျိုးကို လေ့လာတွေ့ရှိရသည့်အနက် လူတို့နှင့် နီးနီးကပ်ကပ် မြင်တွေ့ရသည့် စာတစ်မျိုးမှာ အိမ်စာဟု ခေါ်သည့် စာဖြူတို့ဖြစ်သည်။ စာထီးမှာ ရင်အုပ်တွင် အနက်ပြောက် အနက်ကြားများ ပါရှိကာ စာမတို့မှာ အဖြူရောင်ဖြစ်သည်။ တခြား စာတစ်မျိုးမှာ လူနေအိမ်တိုက်တာ အဆောက်အအုံ၊ သစ်ပင် သစ်ခေါင်းများတွင် အသိုက်ပြုလုပ်ကာ တွေ့ရတတ်သည့် စာဝါ (သို့) ဆန္ဒင်းစာဟု ခေါ်လေ့ရှိသည်။ စာကလေးငှက်နှစ်မျိုးစလုံး လူတို့နှင့် အနီးကပ် နေထိုင်ကျက်စားလေ့ရှိသည်ကို တွေ့ရသည်။

စာဖူးတောင်း၊ စာဝတီး၊ စာနက် စသည့် စာကလေးငှက်တို့ကိုလည်း တွေ့ရပြန်သည်။ စာဖူးတောင်းငှက်မှာ သစ်ပင်အမြင့်အဖျားတွင် မိုးလုံလေလုံတည်ဆောက်ကာ အသိုက်လုပ် နေထိုင်လေ့ရှိသည်ကို တွေ့ရသည်။ အုန်းပင်၊ အုန်းလက်များတွင်လည်း အသိုက်လုပ်ကာ နေထိုင်လေ့ရှိတာ တွေ့ရသည်။ စာဖူးတောင်းငှက်သိုက်အား ကြည့်ကာ မိုးလာမည့် အရပ်ဒေသ၊ လေတိုက်မည့် အရပ်ဒေသကို ဖလှလာ သိရှိနိုင်သည်။ စာဖူးတောင်းငှက်တို့မှာ အသိုက်အား လေကွယ်ရာအရပ်မှာ ပြုလုပ်တာ တွေ့ရသည်။

စာနက် စာကလေးမှာ ကုန်းပိုင်းတွင် အတွေ့ရနည်းကာ ကိုင်းမြေ ကျွန်းမြေပေါ်ရှိ ကိုင်းတော ကျူတောများတွင်သာ ကျက်စားတာ တွေ့ရသည်။ ကျွန်းမြေပေါ် အသိုက်ဆောက်သည့် စာကလေးငှက်သိုက်အား ကြည့်ကာ မြစ်ရေကြီး,မကြီး လေ့လာသိရှိနိုင်သည်။ ကိုင်းမြေ ကျွန်းမြေပေါ် စာကလေးငှက်သိုက်များ အသိုက်ခပ်နိမ့်နိမ့်ဆောက်တာ တွေ့ရလျှင် ထိုနှစ် မြစ်ရေမကြီးနိုင်၊ အသိုက်အား ကျူပင် သစ်ပင်တို့၏ ကိုင်းဖျားမြင့်မြင့်တွင် အသိုက်လုပ်တာ တွေ့ရလျှင် ထိုနှစ် မြစ်ရေကြီးမည်။

လူတို့နှင့် အနီးကပ် မြင်တွေ့နေရသည့် အိမ်စာခေါ် စာဖြူကလေးများမှာ အခြားစာမျိုးများကဲ့သို့ အသိုက်ဆောက်ရာတွင် သေသေသပ်သပ် ဆောက်လုပ်တာ မတွေ့ရဘဲ၊ အသိုက်အား ဖြစ်သလို ကောက်ရိုး မြက်မှိုက်တို့နှင့် ဖြစ်ကတတ်ဆန်း ဖြစ်သလိုလုပ်ထားတတ်ကြသည်။ အသိုက်မှာ မိုးမလုံ၊ မိုးကြမ်း လေကြမ်းသည့်ဒဏ်ကိုလည်း မခံနိုင်သဖြင့် ပြုတ်ကျ ပျက်စီးလွယ်သည်။

စာကလေးငှက်သိုက်တို့မှာ နွေအကုန် မိုးဦးကာလ လေကြမ်းများ တိုက်သည့်အချိန် အသိုက်ဝင်လေ့ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ စာကလေးငှက်တို့သည် အသိုက်လုပ်ရာတွင် ကိုင်းဖျားကိုင်းနားတွင် ဖြစ်ကတတ်ဆန်း တည်ဆောက်ထားသော်လည်း ပြုတ်ကျ ပျက်စီးခြင်း မရှိပေ။ လေကြမ်းများ တိုက်ခတ်လေ့ရှိသည့် ကဆုန်၊ နယုန်လတို့တွင် အသိုက်ဝင်ခြင်း မရှိတော့ဘဲ၊ မိုးဦးကျရာသီချိန် အကောင်ငယ်တို့ ပေါက်ပွားပြီးချိန်လည်း ဖြစ်သည်။

**စာကလေးငှက်သိုက်အား ကြည့်ကာ မိုးလေတို့အား ခန့်မှန်းနည်း**

စာကလေးငှက်တို့၏ အသိုက်ဆောက်လုပ်သည့်အချိန် မိုးနှောင်းပိုင်းကာလ ဆောင်းရာသီဝင်စ ပွင့်လင်းရာသီချိန်တွင်သာ အသိုက်ပြုလုပ်တာ တွေ့ရသည်။ စာကလေးများ သီတင်းကျွတ်၊ တန်ဆောင်မုန်းလ ဆောင်းဝင်စအချိန် အသိုက်ချိုး အသိုက်လုပ်တာ တွေ့ရလျှင် မိုးကုန်တော့မည်။ ဆောင်းတွင်းရာသီဝင်ချိန်ရောက်ပြီဟု သိနိုင်သည်။

စာကလေးငှက်တို့ တပေါင်း၊ တန်ခူးလတွင် အကောင်ငယ်တို့ပေါက်ကာ နောက်ထပ် အသိုက်မဝင်တော့လျှင် ထိုနှစ် မိုးဦးလေဦး စောစောကျမည်ဟု မှတ်သားရမည်။

စာကလေးငှက်တို့ ကဆုန်၊ နယုန်လတိုင် အသိုက်ဝ
တာ တွေ့ရလျှင် ထိုနှစ် မိုးဦးလေဦး နှောင်းမည်။ သို့မဟုတ်
လေကြမ်းနည်းမည်။ မိုးဦးစောစောမကျဟု မှတ်သားရမည်

**မြစ်ရေကြီး,မကြီး၊ မြစ်ရေကုန်,မကုန် ခန့်မှန်းနည်း**

သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် မြစ်ရေကျ
ပြီး စာကလေးငှက်များ ကျူပင်ကိုင်းပင်တို့တွင် အသိုက်
ဆောက်တာ တွေ့ရလျှင် ထိုနှစ် နောက်ထပ် မြစ်ရေမကြီး
တော့ဟု မှတ်သားနိုင်သည်။

စာကလေးငှက်တို့၏ အသိုက်ဝင်ချိန်၊ အသိုက်ပြုလုပ်
ချိန်တို့အား လေ့လာမှတ်သားကာ မိုး၊ လေ၊ ရေတို့၏
သဘာဝတို့အား ကြိုတင် ခန့်မှန်းကာ သိနိုင်မည်ဖြစ်သည်။

တောင်သူတို့၏ စပါးစိုက်ခင်းများတွင် ကျရောက်
ဖျက်ဆီးတတ်သည့် စာတစ်မျိုးမှာ တောတောင်သစ်ပင်
ချုံပုတ်များတွင် နေထိုင်ကျက်စားတတ်သည့် အကောင်သေး
သေး စာဝတီးငှက်များပင် ဖြစ်သည်။

* * *

ကိုသက်ဦး


**ဆရာကြီးရာဇာဇော်ဝင်း (LL.B.)**

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်း**



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေးမူ
နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာ
စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်
များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီနေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာ
ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်
စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀၀၀
သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆော
ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြ
နာရီမိနစ်၊စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်
ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာ
များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟော
အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်း
နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်
စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွ
မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရှုပ်ရည်ချော
သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်
ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစ
ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်
မည်ဟုမှတ်ပါ(နှုတ်ဟော ဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာ
များ ဒီနေ့အပ်လျှင်မနက်ဖြန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်မှ
လျှင်ချက်ချင်းပို့ပေးမည် နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍မေး
သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမလို
မည်ဖုန်းသာဆက်လိုက်ပါတိုက်(၄၆)မြေညီထပ်လမ်း(၉၀)မင်္ဂလာတောင်ညွန့်မြို့

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01-394727, 0949 312100, 0949 320960, 01-7300999, 0951 52





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




ပန်းချီ မောင် မြင့်မြေး

www.burmeseclassic.com

www.burmeseclassic.com



လယ်တွင်းခရိုင်၊ ကံသာရွာ ...င်ဘက်၌ "ဘွဲ့ကျန်ကျောင်း"ဟူ ... ဘုန်းကြီးကျောင်းတစ်ကျောင်း ... ထိုကံသာရွာနှင့် ကျောင်းကို ...လမ်းမကြီးက ခြားထားလေ၏။ ...ရထာမင်းလက်ထက်က အဓိ ...ယ်တော်ဘုရားတစ်ဆူဖြစ်သော ...စေတီတော်ကြီး တည်ထားရန် ...ပုတ်ရာဌာန ဖြစ်ခဲ့ဖူးသည်။ ထို ...င့် အုတ်များဖုတ်ရင်း ဖွဲများ ကျန် ...ဖြင့် "ဖွဲကျန်ကျောင်း"မှ နောင် ...ကြာသော် "ဘွဲ့ကျန်ကျောင်း" ...ပြောင်းလဲသွားခြင်းဟု ဆိုကြသည်။

ထိုဘွဲ့ကျန်ကျောင်းမှ ဆရာကြီး ... မြစကြာသည် ဒါယိကာမကြီး ...ထွေး၏ ဘုရားဝန်းထဲရှိ ဇရပ် ...တွင် သန့်ရှင်းရေးလုပ်နေသည်။ ...မှာ ညနေ ၆နာရီဖြစ်သဖြင့် ...ည်ညချမ်း"ဟု တောရွာများတွင် ...ဆိုလေ့ရှိသည်။ ထိုအချိန်တွင် ...အောင်မယ်လေးတော့ ကယ်တော်မူ ...ပြီး"ဟူသော စူးစူးဝါးဝါးအော်ဟစ် ...သံကြီးကို ကြားလိုက်ရသည်။

ဒေါ်လုထွေး ဘုရားမြောက်ဘက် ... သချိုင်းကုန်းထဲမှဖြစ်သည်။ စိုးထိတ် ...ကြက်လန့်စွာ အော်ဟစ်လိုက်သည် ...မှန်သော်လည်း ဆရာကြီး မြစကြာ ...ယောက် သိလိုစိတ်နှင့် သွားကြည့် ...တွက်မူ ချင့်ချိန်စဉ်းစားရသေးသည်။

အတန်ကြာမှ မိန်းမဖော်အသံ ...နှင့် ရွာသားတချို့အသံကို ကြား ...သည်။

"မမြရီ ဘယ်နေရာထိသွားတာ ...ဟင်"

"အမေးအမြန်းထူမနေနဲ့တော့ ကိုစိုးမောင်၊ တော့်မိန်းမကို မြို့ပေါ် ဆေးရုံအရောက် အမြန်ပို့မှ ဖြစ်မယ်"

စောစောက မမြရီကို ပွေ့ထူထားသော မိန်းမကြီးက ပြောလိုက်မှ ကိုစိုးမောင်မှာ သွေးဇနီးသည်အား ပွေ့ချီရင်း ထိုင်ရာမှ ထလိုက်လေသည်။ ဤတွင် ကိုစိုးမောင်လက်တွင်းမှ မမြရီမှာ လူးလွန့်၍လာသဖြင့် ရွာသူရွာသားများ အားတက်သရော ဝိုင်းကြည့်လိုက်ကြပြီး...

"ဟော...ဟော သတိရလာပြီထင်တယ်"

ဟု ပြောကြသည်။ ကိုစိုးမောင်မှာ လွန်စွာဝမ်းသာသွားလေသည်။

မမြရီမှာ ပါးစပ်မှ...

"အင်း...အင်း ...အဲ...အဲ"

ဟူ၍ တစ်ချက်မျှ လူးလွန့်လိုက်ပြီး ကိုစိုးမောင်ရင်ခွင်ထဲမှ ဆင်းလိုက်လေသည်။ ပြီးတော့...

"ကျွန်မ ဘာဖြစ်သွားတာလဲဟင်"

ဟူ၍ ပတ်ဝန်းကျင်တွင် ရှိနေသော ရွာသူရွာသားများတချို့ကို ကြည့်ကာ မေးလိုက်လေသည်။

"ဘာဖြစ်ရမှာလဲအေ၊ ညည်းက သူများထက် လောဘတကြီးနဲ့ သချိုင်းကုန်းပိုင်နက်ထဲက ကင်ပွန်းချဉ်အောက် သွားပြီး မှိုပွင့်ကို သွားနုတ်တော့ ညည်းလက်ကို မြွေကြီးကိုက်ပေါက်လိုက်တာပေါ့အေ့"

အဖော်ဖြစ်သူ ဒေါ်လုရွှေဆိုသော မိန်းမကြီးက အပြစ်တင် လေသံနှင့် ပြောလိုက်လေသည်။ မည်သို့ဖြစ်စေ၊ မမြရီမှာ မြွေအပေါက်ခံလိုက်ရသည်မှာ မှန်သော်လည်း ခေတ္တခဏသာလျှင် သတိမေ့သွားပြီး ရွာထဲသို့ သွားရောက်ခေါ်ရသော သူ့ယောက်ျား ကိုစိုးမောင်ရောက်လာချိန်တွင် သတိပြန်ရလာသဖြင့် တစ်ရွာလုံးက ဝမ်းသာကြရသည်။

တကယ်တမ်းသာ ဆေးရုံသို့ သွားရပါက မရှိဆင်းရဲသား ကိုစိုးမောင်ဘဝမှာ အကြွေး လည်ပင်းဆိုက်ရမည့် ကိန်းဖြစ်သည်။ လယ်ပိုင်၊ ယာပိုင်မရှိသော ကုန်းပေါ်သားဘဝ လုပ်စားနေရသည့် ကိုစိုးမောင်တစ်ယောက် ပို၍ ဝမ်းသာရတော့သည်။

အချိန်မှာလည်း မှောင်စပျိုးလာပြီဖြစ်၍ ကိုစိုးမောင်တို့ ဇနီးမောင်နှံအပြင် ရွာထဲမှ အဖော်ဖြစ်သူအားလုံး အစောက ပူပင်သောကဖြစ်နေကြရသလောက် ယခုမှပင် ရွှင်ရွှင်ပျပျနှင့် ရွာတွင်းသို့ ပြန်လာကြလေသည်။ အထက်တွင် ဆိုခဲ့သည့်အတိုင်း ရွာနှင့် ဘုန်းကြီးကျောင်း၊ သချိုင်းကုန်းတို့မှာ ကပ်လျက်ပင် ရှိနေကြသည်။ ရွာထဲရှိ လူအများမှာလည်း မမြရီ၏ သတင်းကို ကြားသိရ၍ အံ့သြကြရ၏။

ဤသို့ လူတိုင်းလိုလိုပင် မမြရီအကြောင်း အဆန်းလုပ်၍ ပြောနေကြပုံကို ဆရာကြီး မြစကြာတစ်ယောက်ကတော့ ...

"စောင့်ကြည့်ရဦးမှာပေါ့လေ"ဟု ထူးဆန်းစွာသော စကားကို ဆိုလိုက်လေလတည်း။

◆◆◆

မမြရီ မြွေကိုက်ခံရပြီးနောက် ကိုစိုးမောင်မှာ စိတ်မကောင်းစရာ အဖြစ်ဆိုးနှင့် တွေ့ကြုံနေရသည်ဟု ဆိုရမည်။ ကံသာရွာတွင်းမှာလည်း မဖြစ်စဖူး၊ မကြုံစဖူး အဖြစ်မျိုးများနှင့် ကြုံတွေ့နေရ၏။ ကိုစိုးမောင်တစ်ယောက် တွေ့ကြုံရသည့်အဖြစ်ဆိုးများမှာ အိမ်တွင် မွေးထားသော တိုက်ကြက်များမှာ ကြက်နာကျသလို ဇက်ကျိုးနေပြီး တစ်ညလျှင် တစ်ကောင်မှ နှစ်ကောင်ဆိုသလို သေနေတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

နောက်ပြီး မမြရီမှာလည်း ယခင်ကလို ပျော်ပျော်ရွှင်ရွှင် မရှိတော့။ တစ်နေ့တခြား ပိန်ချုံး၍ တပိန်ပိန် တလိန်လိန်ဖြစ်နေသည်။ ဘာအလုပ်မှလည်း မလုပ်တော့တဲ့ အိမ်တွင်းအောင်းနေသည်။ ဤသို့ အနေအထိုင် အပြောအဆို ပြောင်းနေသည့်အတွက်ကြောင့် ကိုစိုးမောင်မှာ စိတ်မချမ်းမသာဖြစ်နေရခြင်းဖြစ်သည်။

ရွာထဲ၌ တွေ့ကြုံနေရသော အဖြစ်ဆိုးများမှာလည်း ညတိုင်းလိုလိုပင်။ အိမ်မွေး တိရစ္ဆာန်များဖြစ်သော ကြက်၊ ဘဲ၊ မန်ဒါလီတို့မှာ မည်သည့် သတ္တဝါ၏ လက်ချက်ဟူ၍ မပြောနိုင်ဘဲ သေဆုံးနေသည်။ နံနက်မိုးလင်းသည်နှင့် ကံသာရွာထဲတွင် စီစီညံညံ အသံများ ကြားရပြီး မည်သည့်အိမ်က ဘဲ၊ မည်သည့်အိမ်က ကြက် စသဖြင့် အလုည့်ကျဆိုသလို သေဆုံးနေတတ်လေသည်။

ကိုစိုးမောင်အဖို့မှ သူတစ်ပါး ထက်ပို၍ စိတ်ညစ်နေရ၏။ ဇနီးဖြစ်သူ မမြရီမှာ မမာမကျန်းဖြစ်နေသည့်အပြင် ယခုအခါ အိမ်တွင် မွေးထားသော တိုက်ကြက် ၁၀ကောင်မှာ တစ်လုည့်စီ သေဆုံးသွားပြီဖြစ်၍ ကြက်ခြံထဲ ဗလာသာ ရှိတော့သည်။

ထိုနေ့ညကား လမိုက်ရက်ဖြစ်နေသည့်အပြင် မိုးမှောင်ကျနေသဖြင့် ညများထက် ပို၍မည်းမှောင်နေသည်။ အချိန်မှာ သန်းခေါင်ကျော်ရှိပြီဖြစ်၍ ကံသာရွာလေးမှာ အမှောင်ထုအောက်ဝယ် တိတ်ဆိတ်စွာ ငြိမ်ချက်သား ကောင်းနေသည်။

"အောင်မလေး"

ဟု စူးစူးဝါးဝါးအော်လိုက်သော အသံနှင့်အတူ···

"လာကြပါဦးဗျို့ ကျုပ်တို့ ကြက်တွေ ဆွဲသွားပြီ၊ ဆွဲသွားပြီ"

ဟု အော်ဟစ်လိုက်သော ရွာသား တစ်ယောက်အသံကြောင့် အိပ်မောကျနေသည့် ရွာသူရွာသားများမှာ အိပ်ရာမှ လန့်နိုးကုန်ကြသည်။

ထို့နောက် ရွာသားတချို့မှာ တုတ်များ၊ ဓားများ ကိုင်ဆောင်၍ အော်သံကြားရသော ရွာလယ်ပိုင်းသို့ စုရုံး၍ ရောက်ရှိလာကြလေသည်။ အဆိုပါ လူအုပ်ထဲမှ ကာလသားခေါင်း ကိုလှတောက···

"ဟေ့···ဘယ်သူ့အိမ်ကလဲဟေ့၊ ခုနက အော်တာ"

ထိုအခါ ရေနံဆီ မီးခွက်အုပ်ဆောင်းကို ဆွဲကာ အိမ်ပြင်သို့ ထွက်လာသော ကိုသောင်းဖေနှင့် မခင်ကြွယ်တို့က···

"ကျုပ်တို့ အော်လိုက်တာပဲ ကိုလှတော၊ ကျုပ်တို့အိမ်က ကြက်ကို ဆွဲသွားလို့ဗျို့"

"ဘယ်လိုဖြစ်တာလဲ ကိုသောင်းဖေ၊ ပြောစမ်းပါဦး"

ကိုသောင်းဖေမှာ အကြောက် မပြေသေးသောဟန်နှင့် တုန်လှုပ်နေသော ဇနီးဖြစ်သူ မခင်ကြွယ်အား တစ်ချက်လှည့်၍ ကြည့်လိုက်ပြီးမှ···

"ကျုပ်တို့လင်မယား မနက်အစောကြီး ရေဝန်းဈေးဘက်ကို နွားလှည်းထွက်စရာရှိလို့ စောစောစီးစီး အိ ်ရာဝင်ခဲ့ကြတယ်။ သန်းခေါင်လောက်ကျတော့ နောက်ဖေး ကြက်ခြံထဲက "တဖုတ်ဖုတ်···တချွတ်ချွတ်" အသံတွေ ကြားတာနဲ့ မခင်ကြွယ်ကို မီးထွန်းခိုင်းပြီး ကျုပ်တို့လင်မယား နှစ်ယောက်စလုံး နောက်ဖေးတံခါးဖွင့် မီးခွက်မြှောက်ကြည့်လိုက်တော့ မည်းမည်းအကောင်ကြီးက ကြက်တွေ ဆွဲပြေးတာ မြင်လိုက်ရတယ်ဗျ"

ဟု ပြောပြသည်။

"ဘယ်ဘက်ကို ထွက်ပြေး[...] လဲ။ ခြေရာခံလိုက်ကြည့်ရအောင်"

"ကျွန်မတို့ မကြည့်ဝံ့တာ[...] မျက်စိမှိတ်ထားလိုက်တာမို့ ဘယ်ဘ[...] ကို ပြေးတယ်လို့ မသိလိုက်ပါဘူး"

ကိုသောင်းဖေကတော့···

"ဟောဟိုချုံကြားက နေပြီး [...] တောင်ဘက်ကို ထွက်ပြေးသွားတာ[...] ဗျ"

ဟု ပြောလိုက်သည်။

ဤတွင် ရွာသားများသ[...] ကိုသောင်းဖေ ညွှန်ပြရာ ချုံပုတ်မှ [...] တောင်ဘက်ဆီသို့ ခြေရာများ ကြ[...] ရင်း လိုက်သွားကြသည်။ ကိုသော[...] ဖေတို့ လင်မယားလည်း ရောနှောလို[...] သွားတော့သည်။ မီးရောင်ကို ပြသ[...] ပြ၊ ခြေရာကို ကြည့်သူက ကြည့်[...] သွားကြရာ လမ်းတစ်နေရာတွင် [...] စက်များ အနည်းအကျဉ်းသာ တွေ့[...] အခြားထွေထွေထူးထူးကို မတွေ့ရ[...] ဘဲ ရှိနေသည်။ ထို့ကြောင့် စိတ်ပျ[...] စွာနှင့် လှည့်ပြန်ခဲ့ရလေသည်။

"ငါတော့ ရွာထဲက ကြက်၊ [...] တွေ သေပျောက်နေရတဲ့ကိစ္စကို စုံ[...] ချင်တယ် ကိုအောင်ခင်ရာ"

"ခင်ဗျားက ကာလသားခေါ[...] ဗျ။ ခင်ဗျား ဦးဆောင်လိုက်ရင် ကျု[...] တစ်တွေ ပါရမှာပေါ့ ကိုလှတောရာ"

"ဒါပေမယ့် ဒီကိစ္စက သေ[...] သားရိုးမဟုတ်ဘူးလို့ စိတ်ထဲက ထ[...] နေတယ်။ ဒါကြောင့် ဘုရားဂိုဏ်းဆ[...] တစ်ပါးဖြစ်တဲ့ ဘွဲ့ကျန်ကျောင်း[...] ဆရာကြီး မြစကြာရဲ့ အကူအညီ[...] ယူသင့်တယ်လို့လည်း ငါထင်[...] တယ်လေ"

"ဟာ···ဟုတ်တယ်[...] ဒီဆ[...]





www.burmeseclassic.com

www.burmeseclassic.com



ဆရာထုတ်

မြစကြာက ယောပြန်ဆရာကြီး ခေါက်ပြီး လောကီဝိဇ္ဇာအတတ်၊ ဟုသုတမျိုးစုံကို နှံ့စပ် တတ် မှ တိုင်ပင်ဆွေးနွေးကြည့်သင့် ပါတော့"

သို့ဖြင့် ကာလသားခေါင်း ကိုလှ နှင့် ရွာသားတချို့ ဘွဲ့ကျန် ဝိုင်းထဲရှိ ဘုရားဒါယိကာမကြီး ထွေးဇရပ်ပေါ်တွင် အနေများ ဆရာကြီး မြစကြာထံသို့ လာကြ၍ ရွာထဲမှ ကြက်၊ ဘဲ သေဆုံးပျောက်သွားမှုကို တင်ပြ ဆိုလိုက်ကြလေသည်။

"အင်း..."

ဟူသော သက်ပြင်းရှည်ကြီး ကို ဆရာကြီး မြစကြာက ချ ပြီး ဆေးပြင်းလိပ်တိုကို ဖွာရှိုက် ကာ...

"တွေးကြည့်ရင် ပြေးကြည့်တာ မှန်တယ်ဆိုသလို ငါထင်ထား အတိုင်း မင်းတို့ရွာထဲ အမှောင် ဝင်လာတာတော့ အမှန်ပဲကွ။ ကြောင့် ထင်ထားတဲ့သူ ဟုတ်မဟုတ် တွေ့သိဖို့ သူတို့ ကျိန်းသေထွက် ဖြစ်တဲ့ လမိုက်ညမှာ မင်းတို့ စောင့် ဖို့ လိုလိမ့်မယ်ကွဲ့"

"ဟုတ်ကဲ့၊ စောင့်ဖမ်းပါ့မယ်။ ရင် ကျုပ်တို့ ကံသာရွာမှာ ကြက် ဘဲတွေ ကုန်သလောက်ရှိတော့မယ် လေ"

ထိုအခိုက် ဇရပ်အတွင်းသို့ လူ တစ်ယောက်ဝင်လာသည်။ ကိုအုန်း မောင်ဆိုသူပင်။

"ကြက်၊ ဘဲတွေ သေဆုံးပျောက် သွားတဲ့ကိစ္စ တိုင်ပင်မယ်ဆိုလို့ အပြေး သာခဲ့ရတာဗျ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မသင်္ကာစရာတစ်ချက် တွေ့ထားတယ်"

ဟု ပြောလိုက်သဖြင့် ကိုလှ



တော၊ ကိုအောင်ဘတို့မှာ အားတက် သရောနှင့်...

"ဘယ်လို မသင်္ကာစရာလဲကွ၊ ပြောစမ်းပါဦး အုန်းမောင်ရာ"

"ဒီလိုဗျ၊ အဲဒီညက ကျုပ်အိမ် ကြက်ခြံထဲ ကြက်တွေ လှုပ်လှုပ်ဖြစ် နေလို့ ကျုပ်လည်း အိမ်အောက်ကို ဆင်းပြီး ကြည့်လိုက်ရောဗျာ။ အဲဒီမှာ ကိုစိုးမောင်မိန်းမ မမြရီကို ကျုပ်ကြက် ခြံနားမှာ မမျှော်လင့်ဘဲ တွေ့ရသဗျ။ ကျုပ်လည်း သူ့ကို တွေ့လိုက်ရတော့ အံ့အားသင့်ပြီး "ခင်ဗျား ဒီမှာ ဘာလုပ် နေတာလဲ"လို့ မေးတော့ ကျုပ်ကို ဘာ မှ ပြန်မပြောဘဲ မျက်ထောင့်နီကြီးနဲ့ စိတ်ဆိုးမာန်ဆိုးဖြစ်ပြီး ထွက်သွားသည်။ သူထွက်သွားမှ ကျုပ်လည်း ကြက်ခြံ ထဲက ကြက်တွေကို ဝင်ကြည့်တော့ ကြက်ဖကြီးတစ်ကောင်သေနေတာကို တွေ့ရတယ်။ အဲဒါနဲ့ ကျုပ်လည်း မမြရီ ကို မသင်္ကာဖြစ်နေတယ်။ ဒါပေမယ့် ဟုတ်ရင် ကောင်းတယ်၊ မဟုတ်ရင် သူ့ယောက်ျား ကိုစိုးမောင်ကို အားနာ စရာကြီးဖြစ်နေမှာမို့ ကျုပ်လည်း ဒီအကြောင်း ဘယ်သူ့မှမပြောဘဲ မြို နေလိုက်တာ။ အခု ခင်ဗျားတို့ မေးမှ စကားစပ်မိလို့ ပြောပြရတာဗျ"

"ဒီအတိုင်းဆိုရင် မမြရီဟာ မသင်္ကာစရာ ပိုလို့တောင် ဖြစ်နေပြီ ပေါ့"

"နောက်ပြီး မမြရီယောက်ျား ကိုစိုးမောင်ကိုယ်တိုင်ကလည်း ကျုပ် ကို တစ်ခါပြောဖူးသေးတယ်"

"ဟုတ်လား။ ဘယ်လိုပြော သလဲ၊ လုပ်စမ်းပါဦးကွ"

"သူ့မိန်းမ မမြရီဟာ မြွေကိုက် ခံရပြီးကတည်းက အစားအသောက် ကလည်း သိပ်ကြမ်းသတဲ့။ မျက်နှာ ကလည်း သိပ်အပေါက်ဆိုးတာပဲတဲ့။ နောက်ပြီးတော့လည်း အရင်ကလို ရွာက လူတွေနဲ့လည်း အရောတဝင် မနေဘူးတဲ့။ ဒါကြောင့် သူလည်း တစ်နေ့မှ စိတ်မချမ်းသာဘူး။ အလုပ် အကိုင်ဆိုလည်း ဘာမှ ဝင်မကူဘဲ စားသောက်ချိန်ကျရင်သာ တရကြမ်း နင်းကန်စားပြီး တခြားအချိန်တွေမှာ နေမကောင်းဘူးဆိုပြီး အိမ်တွင်းအောင်း နေတတ်တယ်လို့ ပြောဖူးတယ်"

"ကဲ...ဒီလိုဆိုရင် တွေးထင် ထားတဲ့အတိုင်းတော့ သေချာပေါက် ဖြစ်နေပြီ။ ဒါကြောင့် မောင်လှတောတို့ ကာလသား လူတစ်စု ဒီညပဲ မောင်စိုး မောင်မိန်းမ မမြရီကို စောင့်ဖမ်းကြရ မယ်ဟေ့"

ဟူ၍ ဆရာကြီး မြစကြာမှ ဆုံး ဖြတ်ချက်ဝင်ပေးလိုက်တော့သတည်း။

◆◆◆

ညမှာ လမိုက်ညဖြစ်သည်။ မိုး သားများ အုံ့ဆိုင်းလျက်ရှိနေသဖြင့် ကံသာရွာလေးမှာ အမှောင်ထုအောက် ပြားပြားဝပ်နေသည်။ အချိန်မှာ ည ၁၁နာရီခန့်ရှိပြီဖြစ်သည်။ မိုးဖွဲလေးများ တဖျောက်ဖျောက်ကျနေသဖြင့် အိမ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းလိုပင် တံခါးများပိတ်ကာ အိပ်ရာသို့ ဝင်ကြပြီဖြစ်သော်လည်း ကာလသားခေါင်း ကိုလှတောတို့အဖွဲ့နှင့် အတူ ဆရာကြီး မြစကြာတို့မှာ ကိုစိုးမောင်-မမြရီတို့အိမ်နှင့် မလှမ်းမကမ်းရှိ အိမ်တစ်အိမ်ပေါ်မှ စိတ်အားထက်သန်စွာဖြင့် စောင့်ကြည့်နေကြသည်။

အချိန်မှာ တရွေ့ရွေ့နှင့် ကုန်လွန်ခဲ့ရာ သန်းခေါင်ယံကြက်များ တွန်သံပင် ကြားနေရပေပြီ။ ကိုလှတောတို့ ကာလသားတစ်သိုက်အနက် ဖိုးတေဆိုသူမှာ အိပ်ချင်လာပြီဖြစ်၍ သမ်းဝေလျက်ပင် ရှိနေသည်။ ထိုစဉ် "ဖုတ်…ဖုတ်…ဖုတ်…ဖုတ်…"နှင့် တစ်စုံတစ်ယောက်လျှောက်လှမ်းလာသော အသံကို ဆရာကြီး မြစကြာနှင့် ကာလသားတစ်သိုက်ကြားလိုက်၍ အိပ်ချင်နေသော မျက်လုံးများ ကျယ်လာပြီး အသံလာရာဆီသို့ စူးစိုက်ကြည့်နေမိကြသည်။

မကြာမီ ကိုစိုးမောင်-မမြရီတို့၏ ကြက်ခြံထဲမှ ကြက်များ ရှတ်ရှတ်ရက်ရက်ဖြစ်သံများ ကြားရပြီး ကြက်ကြီးတစ်ကောင်မှာ "ကတော်…ကတော်…"ဟု အော်မြည်လိုက်သော အသံကိုပါ ထပ်ကာ ကြားလိုက်ရလျှင် တိုင်ပင်ထားသည့်အတိုင်း လက်နှိပ်ဓာတ်မီးအား တစ်ပြိုင်တည်း ထိုးလိုက်ကြပြီး…

"ဖမ်းကြဟေ့…ဖမ်းကြ"

ဟု အော်ဟစ်ကာ ထွက်လိုက်ကြလေသည်။

လက်နှိပ်ဓာတ်မီးရောင်တွင် ဆံပင်ဖားလျားနှင့် မျက်နှာကို မဖော်ဘဲ ရှေ့မှ တရကြမ်းပြေးနေသည်ကို အားလုံး မြင်နေရသည်။

"လိုက်ကြဟေ့…မလွတ်စေနဲ့"

ဟု အော်ဟစ်ကာ တရကြမ်း လိုက်နေသလို၊ ရှေ့မှ ပြေးနေသော သဏ္ဌာန်မှာလည်း အပြေးကို မရပ်ဘဲ ပြေးနေသည်။ မကြာမီပင် ရှေ့မှပြေးနေသော မည်းမည်းသဏ္ဌာန်မှာ ကိုစိုးမောင်၏ အိမ်ပေါ်သို့ အပြေးအလွှား တက်သွားသည်ကို ဆရာကြီး မြစကြာနှင့် ကာလသားတစ်သိုက်တို့ တွေ့မြင်လိုက်ကြသဖြင့်…

"ကိုစိုးမောင်၊ ဟေ့…ကိုစိုးမောင်"

ဟူ၍ အော်ခေါ်ရင်း ကိုစိုးမောင်တို့အိမ်ပေါ်သို့ တက်လိုက်သွားလေသည်။ "ဝုန်း…ဝုန်း…ဒိုင်း…ဒိုင်း" ဆူဆူညံညံနှင့် တက်လာသောကြောင့် အိပ်ရာမှ နိုးလာဟန်တူသည့် ကိုစိုးမောင်မှာ…

"ဟော…ဆရာကြီး မြစကြာနဲ့ ကာလသားတွေပါလား၊ ဘာဖြစ်လာကြတာလဲဗျာ"

"မင်းအိမ်ပေါ်ကို ရွာထဲက ကြက်တွေ သတ်စားနေတဲ့ မည်းမည်းအကောင်ကြီး ထွက်ပြေးသွားလို့ကွ"

"အောင်မလေးဗျာ၊ လုပ်ကြပါဦး။ ကျုပ်အိမ်ပေါ်ကို ရောက်နေတယ်လား"

ဟု တုန်တုန်ယင်ယင်ဖြစ်နေသည်။

အိမ်တွင်းသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ဝင်သွားရာ ကြမ်းပြင်ပေါ်တွင် ရွှံ့ပေနေသော ခြေရာများကို တွေ့ရှိရလေသည်။ ခြေရာမှာ လူ့ခြေရာပင်ဖြစ်ပြီးလျှင် ကိုစိုးမောင်တို့၏ အိပ်ခန်းဝတွင် ပျောက်သွားသည်ကို တွေ့ရသည်။ အားလုံးပင် အိပ်ခန်းဝတွင် ရပ်ပြီးမှ အိပ်ခန်းအတွင်းသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ ကြည့်လိုက်သည်။ မမြရီကို လည်လိမ်၍ ကိုင်ထားသော ကြက်ကြီးတစ်ကောင်နှင့် တွေ့လိုက်ကြရလေသည်။

"နင်…ဘာကြောင့် ကြက်တွေ
ခုလို ခိုးစားရတာလဲ"

"ကိုစိုးမောင်က ဝယ်မကျွေး
ပေါ့တော့"

"ဟော့… မြရီ၊ နင် ဘာလဲ
တာ ငါသိတယ်။ အခု ငါ ဥ
သီတင်းသီလဆောက်တည်ထား
သက်သာနေတယ် မှတ်ပါ။ နင့်မျက်
နောက်ထပ် ဒီရွာမှာ မမြင်ချင်ဘူး။
ဒီရွာက အမြန်ဆုံး ထွက်ခွာသွားစေ

အမိန့်အာဏာထန်ထန်
ဆရာကြီး မြစကြာက မာန်မဲလို
သောအခါ မမြရီမှာ ငြိမ်ကျသွားေ
၏။ ထိုအခါ ကိုစိုးမောင်မှာ မယား
သူ မမြရီကို သနားသွားပြီး…

"ဆရာတို့ရယ်… တစ်
တစ်ခါများတာမို့ ကျွန်တော့်မိန်းမ
ခွင့်လွှတ်ပေးပါဗျာ"

"ဟာ…ဒီကောင်၊ သနား
ဘယ်ဖြစ်မလဲ။ ငါရှိတဲ့ နေရာမှာ ဒီ
လာပြီး နှောင့်ယှက်တာ သည်းမခံ
ဘူး။ အခုထွက်။ ကဲ - မောင်၊ ငါ
တော့ ရွာအကျိုးပဲ ကြည့်ရမှာမို့ မ
မယားကို မခွဲနိုင်ရင် မင်းလိုက်သွား
ငါတို့ကတော့ မင်းမယားကို ချမ်း
မပေးနိုင်ဘူးဟေ့"

တစ်ချက်လွှတ် အမိန့်ပေးလို
သဖြင့် မမြရီမှာ လယ်တွင်းခရိုင် က
သာရွာလေးမှ ထွက်ခွာသွားရပါသည်
မမြရီလုပ်ရပ်ကြောင့် ရှက်၍ ကို
မောင်က ကံသာရွာမှ ထွက်ခွာသွ
သည်ဟု ဆိုပါသည်။ မည်သို့ပင်ဖြ
စေ၊ ဤအကြောင်းကို ယနေ့ထိတိုင်
ကံသာရွာ ကာလသားတို့ ပါးစပ်ဖျ
၌ မိုးမှောင်မှောင် လမိုက်ညများ
ကြုံတိုင်း ပြောနေကြဆဲပင်တည်း။


၄ * *

၁ အောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



သင်ခန်းစာများကိုမိတ္တူပွားခြင်း(၄၈)

(သို့)

ဂုဏ်သဒ္ဓါလိုင်သည့် စုံနံ့သာမြိုင်

ဥသျှောင်မှူး

(လွှိုင်လင်)

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့ (၃-၉-၂၀၁၁)ရက်နေ့မှာ ဦးသုမင်္ဂလ(ဒယ်အိုး ဆရာတော်)မှ မြန်မာတစ်နိုင်ငံလုံးရှိ ပရဟိတ လူမှုကူညီရေး အသင်းအဖွဲ့များကို ဖိတ်မန္တကပြုပြီး ရန်ကုန်တိုင်း၊ မှော်ဘီမြို့ ဆရာတော် အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ)ရဲ့ ကျောင်းဖြစ်တဲ့ သုဒ္ဓဝိပဿနာကျောင်းတိုက်မှာ ကျင်းပခဲ့တဲ့ "ဗုဒ္ဓသာသနာအကျိုးဆောင်လုပ်ငန်း သုမင်္ဂလာအသင်း ဖွဲ့စည်းတည်ထောင်ရန်(တတိယအကြိမ်)အကြိုညှိနှိုင်းဆွေးနွေးပွဲနှင့် စုံနှံ့သာမြိုင် ပရဟိတအသင်းများ နီးနှောဖလှယ်ပွဲ" အခမ်းအနားကို စာရေးသူ တက်ရောက်ခွင့်ရခဲ့ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ နိဗ္ဗာန်လမ်းအလှူတော်လုပ်ငန်း သာသနာပြုအဖွဲ့ ကိုယ်စားလှယ်အနေနဲ့ တက်ရောက်ခဲ့ခြင်းပါ။

နီးနှောဖလှယ်ပွဲကျင်းပရာ ရန်ကုန်တိုင်း၊ မှော်ဘီမြို့ သုဒ္ဓဝိပဿနာသို့ (၂-၉-၂၀၁၁)ရက်နေ့ အရောက်ကြွပါလို့ ဦးသုမင်္ဂလ(ဒယ်အိုး)ဆရာတော်က ဖိတ်ကြားချက်ရှိတာမို့လို့ စာရေးသူတို့လည်း (၁-၉-၂၀၁၁)ရက်နေ့ကတည်းက လွိုင်လင်မြို့ကနေ ထွက်ခွာလာပါတယ်။ စာဖတ်ပရိသတ်များကို စာရေးသူအနေနဲ့ စုံနှံ့သာမြိုင် နီးနှောဖလှယ်ပွဲမှ ရရှိလာသော အတွေ့အကြုံ ဗဟုသုတများကို အကျယ်တဝင့် မိတ်ဆက်ပါရစေ။

(၁-၉-၂၀၁၁)ရက်နေ့ နံနက် ၈နာရီအချိန်တွင် စာရေးသူတို့ နိဗ္ဗာန်လမ်းအလှူတော်လုပ်ငန်း သာသနာပြုအဖွဲ့မှ စုံနှံ့သာမြိုင် နီးနှောဖလှယ်ပွဲသို့ ခရီးစတင်ထွက်ခွာခဲ့ကြပါတယ်။ စာရေးသူတို့အဖွဲ့မှ လိုက်ပါသွားသူများမှာ စာရေးသူ ဥသျှောင်မှူး(လွိုင်လင်)အဖွဲ့၏ နာယက၊ ဦးမျိုးအောင်(အဖွဲ့၏ ဥက္ကဋ္ဌ)၊ ဦးသူရိယ(ရတနာစည်စာချ)၊ ဦးနေဝင်းထွန်း ခေါ် ဦးပေါက်စ(အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ ချစ်စံအိမ်ဗီဒီယိုရိုက်ကူးရေး)၊ ကိုမျိုးခေါ် စိုင်းလှမျိုး(ကားဒရိုင်ဘာ)တို့ပဲ ဖြစ်ပါတယ်။ တောင်ကြီးမြို့ကို ၁၀နာရီ ၄၅မိနစ်အချိန်မှာ ရောက်ရှိပြီး တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်၊ ပန်းတင် ၇လမ်းမှာ နေတဲ့ စာရေးသူရဲ့ အိမ်မဖြစ်သူ နန်းမြအိမ်တို့အိမ်မှာပဲ နေ့ဆွမ်းဘုဉ်းပေး၊ နေ့လယ်စာ စားသောက်ကြပါတယ်။

တောင်ကြီးကနေ ၁၂နာရီအချိန်မှာ ပြန်လည်ပြီး ခရီးဆက်ခဲ့ကြပါတယ်။ မေတ္တာခြံလှ နာရေးကူညီမှုအသင်းကလည်း ကားတစ်စီးဖြစ်ပါတယ်။ သူတို့က အရင်သွားနှင့်ပြီး ရေယားထမင်းဆိုင်တွင် နေ့လယ်စာစားရင်း စာရေးသူတို့အဖွဲ့ကို စောင့်နေကြပါတယ်။ ရေယားကနေ ဟိုဘက်ကိုတော့ ကားနှစ်စီးအတူ ခရီးဆက်ခဲ့ကြပါတယ်။

ဘုရားဖြူလမ်းမှာ ခေတ္တခဏနားပြီး အအေးအပူများ သောက်ကြပြီး ဆက်လက် ခရီးနှင်ကြပါတယ်။ ည ၈နာရီ ထိုးတော့ နေပြည်တော်တိုင်းကို ရောက်ရှိပါတယ်။ လူတွေက ညနေစာစားကြ၊ စာရေးသူတို့နှစ်ပါးကတော့ အအေးသောက်ကြရင်းနဲ့ ခဏအပန်းဖြေ နားနေကြပြန်ပါတယ်။ နေပြည်တော်မှာ စာရေးသူတို့အဖွဲ့ အပန်းဖြေ နားနေကြရင်း လိုက်ပါသွားကြတဲ့ ဒကာ ၅ယောက်က ထမင်းဆိုင်တစ်ဆိုင်မှာ ညနေစာစားကြတာ ၁၂,၅၀၀ ကျပ်တိတိ ကုန်ကြပါတယ်။ စာရေးသူတို့နှစ်ပါးကတော့ အအေးသောက်ပါတယ်၊ သောက်တဲ့ အအေးက လက်ဖက်ရည်စာလောက် မရှိတရှိ စတော်ဘယ်ရီ ရေခဲမုန့်လေးပွဲနဲ့ ကျွဲရိုင်းဘူးတစ်ဘူးစာ မရှိတဲ့ ပန်းသီးဖျော်ရည်က နှစ်ခွက်ပါ။ ကောင်တာမှာ ပိုက်ဆံရှင်းတော့ စာရေးမများက မြန်မာလို တစ်လုံးမှမပါသော အင်္ဂလိပ်စာများဖြင့်သာ ပါသော ဖြတ်ပိုင်း စာရွက်တစ်ရွက်ကို ထုတ်ပေးပါတယ်။ ဖြတ်ပိုင်းအောက်ခုံးထောင့်နေရာမှာ ၇၅၀၀ကျပ် လို့ ရေးထားပါတယ်။

ဖြတ်ပိုင်းကို ကြည့်ပြီး ဆိုင်အပြင်ရောက်တဲ့အခါမှာ စာရေးသူက စာရေးသူနဲ့ အတူလိုက်ပါလာသူ ဦးသူရိယကို ယခုလို ရေရွတ်ပြောဖြစ်ခဲ့ပါတယ်။ "ငါတို့ အအေးဝတ်တာကို ကြည့်ပြီး သူတို့က ဈေးတက်ပြီး ငါတို့ကို ရိုက်လွှတ်လိုက်တာကွ"လို့။ ဦးသူရိယကလည်း ယခုလို ပြန်ပြောပါတယ်။ "ဦးဇင်းရယ်. . . ခမ်းနားထည်ဝါတဲ့ ဆိုင်မှာ ထိုင်သွားတာ တပည့်တော်တို့အတွက် အမြတ်ပေါ့။ ပြီးတော့ သူတို့ဆိုင်မှာ ခင်းကျင်းထားတဲ့ အဆင့်မြင့် ဆိုဖာထိုင်ခုံမှာ ထည့်တွက်လိုက်တာနေမှာပေါ့ ဘုရား။ တပည့်တော်တို့ ဗုဒ္ဓဘာသာတွေ ဘယ်လောက် သဒ္ဓါတရားအားကောင်းတယ် ဆိုတာကိုလည်း သိခွင့်ရလိုက်တာပေါ့ ဘုရား"တဲ့။ အင်- -ဟုတ်သားပဲနော်။

အဲဒီကနေတစ်ဆင့် ခရီးဆက်ခဲ့ပြန်ရာ ၁၁၅မိုင်မှာ ခေတ္တခဏနားကြပြီး ညလုံးပေါက် ခရီးဆက်ကြပြန်ရာ မနက် ၃နာရီတိတိမှာ မှော်ဘီမြို့ကို ရောက်ရှိပါတယ်။ မှော်ဘီမြို့ အဝေးပြေးလမ်းမကြီးကနေ စုံနှံ့သာမြိုင် နီးနှောဖလှယ်ပွဲ သဘင် ခင်းယင်းကျင်းပတဲ့ ဆရာတော် အရှင်ဇဝန(မေတ္တာရှင်)ရဲ့ သုဒ္ဓဝိပဿနာရိပ်သာကို ၂မိုင်သာသာခန့် ဝေးပါတယ်။ နီးနှောဖလှယ်ပွဲရဲ့ ဆိုင်းဘုတ် မှခ်ဦးကို နှစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



[ရ]ပါတယ်။ စာရေးသူတို့က အစောဆုံး ရောက်တယ် [ဆို]ရမှာပါ။ မနက်အစောကြီး ရောက်သွားတာဆိုတော့ [ည်ဉ့်ကြို]အဖွဲ့များက သုံးထပ်ကျောင်းဆောင်ကြီးပေါ်မှာ နေရာ [ချထ]ားပေးပါတယ်။ စာရေးသူတို့အဖွဲ့တွေလည်း ကိုယ်စီ [နေရ]ာအနားယူလိုက်ကြပြီး မနက်အရုဏ်ဆွမ်းကပ်ချိန်ကျမှ [ဆ]ရာက ထ၊ အရုဏ်ဆွမ်း ဘုဉ်းပေးကြပါတယ်။ အရုဏ် [ဆွမ်း] ဘုဉ်းပေးပြီးနောက် စာရေးသူတို့အဖွဲ့မှ တက်ရောက် [ကြောင်း] သက်ဆိုင်ရာကို သွားပြီး စာရင်းပေး သတင်းပို့ကြ [ပါ]တယ်။

နေရာဒေသအတော်များများ အခမ်းအနားအသီးသီး [အဖွဲ့]အစည်းအမျိုးမျိုးကို စာရေးသူ ရောက်ဖူး၊ တက်ဖူး၊ [ဆ]က်ဆံဖူးပါတယ်။ ဒါပေမယ့် ဆရာတော် ဦးသုမင်္ဂလ [ဦး]ဆောင်ကျင်းပတဲ့ အခု ဒီစုံနံ့သာမြိုင် ပရဟိတအသင်းများ [နှီး]နှောဖလှယ်ပွဲလို ညှိဝတ်ကျေတဲ့ အခမ်းအနားမျိုး၊ လက် [အု]ပ်တချီချီနဲ့ "မင်္ဂလာပါ"ဆိုတဲ့ မင်္ဂလာသံတွေ တဝေဝေနဲ့ [ရ]ောက်လာသမျှသော ဧည့်ကြီးလူငယ် လူရွယ်မရွေး၊ လူမျိုး [မရ]ွေး အဆင့်အတန်းအလွှာမရွေး ပျူငှာစွာ ဧည့်ကြိုတတ် [တ]ဲ့ အခမ်းအနားမျိုးကိုတော့ဖြင့် မတွေ့ဘူးခဲ့ပါ။ မမြင်ခဲ့ဘူးပါ။ [မ]တွေ့ကြုံခဲ့ဘူးပါ။

လမ်းမကြီးကနေ သုဒ္ဓဝိပဿနာရိပ်သာဆီ ဝင်တဲ့ [လ]မ်းခွဲမှာ မုခ်ဦးတစ်ခုရှိပါတယ်။ အဲဒီ မုခ်ဦးမှာ ဧည့်ကြိုအဖွဲ့ [တ]စ်ဖက်တစ်ချက်မှာ ၅ယောက်စီလောက် ခန့်အပ် တာဝန် [ပ]ေးထားပါတယ်။ တာဝန်ပြ ကဒ်ပြားလေးတွေ လည်ပင်းမှာ [က]ိုယ်စီ ဆွဲထားပါတယ်။ စုံနံ့သာမြိုင်အခမ်းအနားဆီ ဝင်ဝင် [ချ]င်း ဝင်စ မုခ်ဦးမှာ တာဝန်ကျ ဧည့်ကြိုများရဲ့ လက်အုပ်ချီပြီး "မင်္ဂလာပါခင်ဗျာ၊ ကြွကြွပါခင်ဗျား"ဆိုတဲ့ ကျက်သရေမင်္ဂလာ အပေါင်းနဲ့ ဆီးကြိုနေတဲ့ အသံကို ကြားရပါလိမ့်မယ်။ လက် အုပ်ချီပြီး "မင်္ဂလာပါ"ဟု နှုတ်ခွန်းဆက် ကြိုဆိုတာဟာ [ဗ]ဟာန်းသံယာတော်တွေမှ မဟုတ်ပါဘူး။ လူလူချင်း ကြိုတဲ့ နေရာမှာလည်း ထိုနည်းတူ လက်အုပ်ကလေးချီပြီး "မင်္ဂလာ ပါခင်ဗျာ၊ ကြွကြွပါခင်ဗျာ"ပါပဲ။

ပထမမုခ်ဦးကနေ သွားလိုက်ရင် ဒုတိယမုခ်ဦးတစ်ခု ကို ထပ်တွေ့ရပါလိမ့်မယ်။ အဲဒီ မုခ်ဦးမှာလည်း ဧည့်ကြို အဖွဲ့ကို မုခ်ဦးရဲ့ တစ်ဖက်တစ်ချက်မှာ နှစ်ယောက်စီ ချထား ပါတယ်။ အဲဒီမှာလည်း ဆရာတော်ဘုရားရဲ့ တပည့်ပီသစွာ လာလာသမျှသော ဧည့်သည်များကို လက်အုပ်ကလေးတွေ ချီလို့ "မင်္ဂလာပါခင်ဗျာ"လို့ဆိုပြီး ကြိုဆိုနေပါတယ်။

အဲဒီ ဒုတိယ မုခ်ဦးကနေ သုဒ္ဓဝိပဿနာရိပ်သာကို အရောက် လမ်းဘေးတစ်လျှောက် ချထားတဲ့ ဧည့်ကြိုအဖွဲ့ များဟာ ၁၀လောက်ရှိပါတယ်။ သုဒ္ဓဝိပဿနာရိပ်သာထဲ ဝင်တာနဲ့ ကားပါပင်ဆီ လိုက်ပို့တဲ့ အဖွဲ့၊ နေရာချထားရေး အဖွဲ့၊ ဧည့်သည်များရဲ့ ပစ္စည်းပစ္စယကို သယ်ယူပေးတဲ့ အဖွဲ့၊ ရေချိုးခန်း၊ အိမ်သာ၊ ထမင်းစားဆောင်၊ အစည်းအဝေးခန်းမ၊ လိုက်လံပြသပေးတဲ့အဖွဲ့. . . အိုး . . . စုံလို့ . . . စုံလို့ပါပဲ။

သံဃာတစ်ပါးလျှင် တစ်ယောက်နှုန်းနဲ့ ကပ္ပိယခန့်ထား ပေးပါတယ်။ ဧည့်သည်အဖွဲ့တွေရဲ့ ဧည့်ဝတ်ကျေမှု၊ ယဉ်ကျေး သိမ်မွေ့တဲ့ အကြိုအဆို ဆက်ဆံမှုကြောင့် ရောက်လာသမျှ သော ဧည့်သည်တော်များတိုင်း မချီးကျူးဘဲ မနေနိုင်လောက် အောင်ပါပဲ။ အားကျဖို့ ကောင်းလိုက်တာ၊ အတုယူဖို့ ကောင်း လိုက်တာ၊ စိတ်ချမ်းသာဖို့၊ ကြည်နူးဖို့ ကောင်းလိုက်တာ။ မြန်မာ့ယဉ်ကျေးမှုကို အပြည့်အဝ ခင်းကျင်းပြသနိုင်လိုက် တာ။ သူတို့က ဧည့်ဝတ်ကျေလွန်းတော့ ဧည့်ဝတ်ပြုခံ ဧည့်သည်တော်များတိုင်း အားနာလိုက်ကြတာ ရင်ထဲမှာ ကြည်နူးမျက်ရည်တွေတောင် ဝေမိမယ်ထင်ပါရဲ့။

ဆရာတော် ဦးသုမင်္ဂလ ခွဲထားသော မူလအခမ်းအနား အစီအစဉ်အရ (၂-၉-၂၀၁၁)ရက်နေ့မှာ အစည်းအဝေး နှီးနှောဖလှယ်တဲ့ အခမ်းအနားအစီအစဉ် မပါရှိခဲ့ပါဘူး။ အဲဒီ နေ့အတွက် အနယ်နယ်အရပ်ရပ်က ဧည့်သည်တော် ပရဟိတ ကိုယ်စားလှယ်တော်များ အရောက်ကြွရန်သာ ဖြစ်ပါတယ်။ ဒါပေမယ့် ဖိတ်ကြားခံရသော အနယ်နယ်အရပ်ရပ်မှ အသင်း အသီးသီးမှ တာဝန်ရှိ ကိုယ်စားလှယ်တော်များက ဆရာတော် ဦးသုမင်္ဂလကို ပုဂ္ဂိုလ်ရေးအရ ကြည်ညိုရင်းစွဲ ရှိတာရယ်၊ ဆရာတော်ရဲ့ ဖိတ်ကြားမှုကို အလေးအနက်ထားတာရယ်၊ ဘာသာအကျိုး သာသနာအကျိုးဆောင်လုပ်ငန်းဖြစ်တဲ့ ဆရာ တော်လုပ်ငန်းကို ကြိုဆိုအားပေးတာရယ်ကြောင့် ရောက်ရှိ ရမယ့် နေ့ရက်ထက်စောပြီး ရောက်နှင့်သူများရှိသလို ရောက် ရမယ့်နေ့မှာပင် အစုံအလင်ရောက်ရှိနေတာကြောင့် အချိန် ကို တန်ဖိုးရှိရှိ အသုံးချလေ့ရှိတော်တတ်သော ဆရာတော် ဦးသုမင်္ဂလက (၂-၉-၂၀၁၁)ညမှာပင် စုံနံ့သာမြိုင် နှီးနှော ဖလှယ်ပွဲအခမ်းအနားကို စတင်ဖွင့်လှစ်ကျင်းပခဲ့ပါတယ်။

အခမ်းအနားကို ည ၇နာရီအချိန်မှာ စတင်ကျင်းပပါ တယ်။ အခမ်းအနားအစီအစဉ်အရ တက်ရောက်လာတဲ့ ဧည့်သည်တော်များအား ရတနာမြတ်သုံးပါးကို ဩကာသ ကန်တော့ချီးနဲ့ ရှိခိုးကန်တော့ပြီး မန္တလေးမြို့ တောင်စလင်း တိုက် ဝါခင်းကုန်းဆရာတော် ဘဒ္ဒန္တတိက္ခထံ ငါးပါးသီလ ခံယူဆောက်တည်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ "လုံးစုံများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ…"အစရှိတဲ့ မေတ္တာပို့နဲ့ ဝေနေယျသတ္တဝါများကို မေတ္တာပို့သပြီး အခမ်းအနားကို ဖွင့်လှစ်ပါတယ်။ အခမ်းအနားအစီအစဉ်အရ ဝါခင်းကုန်းဆရာတော် ဦးတိက္ခထံမှ ဩဝါဒစကား မိန့်ကြားတဲ့ အစီအစဉ်ဖြစ်တာမို့လို့ ဆရာတော်ကြီးက အောက်ပါအတိုင်း မိန့်ကြားပါတယ်။

"ပရဟိတလုပ်ငန်းဆိုတာ အများအကျိုးသယ်ပိုးတဲ့ လုပ်ငန်းဖြစ်ပြီး လူအများနဲ့ အသင်းအဖွဲ့နဲ့ လုပ်ဆောင်ရတာဖြစ်တဲ့အတွက် အချင်းချင်းညီညွတ်မှုဟာ အဓိက လိုအပ်ကြောင်း၊ ပရဟိတသမားများဟာ ဝါသနာ၊ အကြင်နာ၊ စေတနာ၊ အနစ်နာ၊ နာလေးနာပိုင်ရှင်တွေဖြစ်ကြောင်း အဲဒီပုဂ္ဂိုလ်များဟာ မိမိရှေ့မှာ ဒုက္ခရောက်နေသူကို ကယ်တင်တတ်လို့ သူတော်ကောင်းတွေလို့ ဘုရားရှင်က ဟောထားတော်မူခဲ့ကြောင်း၊ စိတ်ကောင်း နှလုံးကောင်းရှိသူများ ဖြစ်ကြောင်း၊ ထို့ထက်တိုး၍ အလောင်းအလျာများရဲ့ စိတ်ဓာတ်ပိုင်ရှင်များအထိ ဖြစ်နိုင်အောင် ကိုယ်စီ ကြိုးစားသင့်ကြောင်းကို မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီနောက်မှာ ဆရာတော် ဦးကာဝိသာရမှ ဆက်လက်ပြီး ဩဝါဒပေးရာမှာ "အခု ဒီလိုကြီးကျယ်ခမ်းနားတဲ့ တွေ့ဆုံပွဲမျိုး၊ အမျိုး၊ ဘာသာ၊ သာသနာအတွက် ရလဒ်ကောင်းများ ဖြစ်ပေါ်စေနိုင်မယ့် ပွဲမျိုးဖြစ်ပေါ်လာတာဟာ ဦးသုမင်္ဂလရဲ့ စွမ်းဆောင်ချက်ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ အခုဆိုရင် ဦးသုမင်္ဂလပေါ်လာတာဟာ အာဇာနည်ယောက်ျား ပေါ်လာခြင်းဖြစ်ကြောင်း၊ အမျိုး, ဘာသာ, သာသနာလုပ်ငန်းများ လုပ်ဆောင်ဖို့အတွက်လည်း ခေါင်းဆောင်ကောင်းရှိနေပြီဖြစ်ကြောင်း၊ မိမိတို့အနေနဲ့ နောက်လိုက်ကောင်းများသာ ဖြစ်အောင် ကြိုးစားဖို့ လိုအပ်ကြောင်း၊ လုပ်ငန်းချင်းတူရင် မတည့်ကြ၊ ရန်ဖြစ်တတ်ကြတဲ့ ဗမာလူမျိုးများရဲ့ အကျင့်ကို ပယ်ရန် လိုအပ်ကြောင်း၊ ဗုဒ္ဓဘာသာဟာ အခြားဘာသာနဲ့ မတူကြောင်း၊ သာသနာပြုတဲ့ နေရာမှာ အစားပေး၊ အဝတ်ပေးရုံမက ဘဝလွတ်မြောက်ရေးကိုပါ လုပ်ဆောင်ပေးကြောင်းကို မိန့်ကြားတော်မူခဲ့ပါတယ်။

ဆရာတော် ဦးကာဝိသာရ ဩဝါဒပေးတော်မူပြီးတဲ့နောက်မှာတော့ ယနေ့ခေတ် ပြည်သူ့ကလေးများအသင်း ဦးကျော်သူမှ မိမိတို့အသင်းအဖွဲ့ရဲ့ လုပ်ဆောင်ချက်များအပြင်၊ ပရဟိတအကြောင်းနဲ့ ပတ်သက်သော အကြောင်းအရာများကို တက်ရောက်ဆွေးနွေးခဲ့ပါတယ်။

ဆရာတော် ဦးသုမင်္ဂလသည် မိမိ ဦးစီးကျင်းပသော အခမ်းအနားကို ဂုဏ်ကျက်သရေရှိစေချင်သည်။ အဆင့်မီ အရည်အချင်းပြည့်မီတဲ့ အခမ်းအနားဖြစ်စေချင်သည်။ ဒါ ကြောင့်မို့လည်း မိမိအသင်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာ ပရဟိတနဲ့ ပတ်သက်တဲ့အပြင် ဦးသုမင်္ဂလ ဖောင်ဒေးရှင်းနဲ့ ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးအကြံပြုချက်များ စာတွေကို ၁၀မိနစ်စာ ရေးပြီး ဦးသုမင်္ဂလဆီ (၂၅-၈-၂၀၁၁)ရက်နေ့ နောက်ဆုံးရက်ထားပြီး ကြိုတင်ပို့နိုင်းစေခဲ့ပါတယ်။ ဆရာတော်ပြောပြချက်အရ ပြည်နယ်/တိုင်းအသီးသီးမှ ပေးပို့လာသော စာမူပေါင်းမှာ တစ်ထောင်ကျော်ရှိကြောင်း သိရှိရပါတယ်။

ထိုရောက်လာသော တစ်ထောင်ကျော်ထဲက စာမူများကို နီးနှောဖလှယ်ပွဲမှာ တက်ရောက်ဖတ်ကြား ဆွေးနွေးဖို့ကိုတော့ မိမိတို့ သတ်မှတ်ထားသော ရည်ရွယ်ချက်၊ စည်းမျဉ်းစည်းကမ်း၊ အများအတွက် အကျိုးရှိသော သက်ဆိုင်သော လိုရင်းကို ထိမိစေသော စာမူများကိုသာ ရွေးချယ်ကာ တက်ရောက်ဖတ်ကြား ဆွေးနွေးစေခဲ့ပါတယ်။

အခမ်းအနားကို စတင်ဖွင့်လှစ်တဲ့ ၂ရက်နေ့ညမှာ ယနေ့ခေတ် ပြည်သူ့ကလေးများအဖွဲ့မှ တက်ရောက်ဆွေးနွေးပြီးနောက်မှာတော့ ပွဲဦးစီး ဆရာတော် ဦးသုမင်္ဂလမှ ဆက်လက် ကျင်းပသွားမည့် စုံနံ့သာမြိုင် နီးနှောဖလှယ်ပွဲနဲ့ ပတ်သက်ပြီး တက်ရောက်ကြတဲ့ ဆရာတော်၊ သံဃာတော်များ၊ ဧည့်သည်တော်များ လိုက်နာပေးရမည့် စည်းကမ်းပိုင်းဆိုင်ရာများကို မိန့်ကြားတော်မူပါတယ်။ ၎င်း ၂ရက်နေ့ညမှာကို စာရင်းအရ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြတဲ့ အသင်းအဖွဲ့ပေါင်း ၆၀၀ကျော်နဲ့ လူဦးရေပေါင်း နှစ်ထောင်ကျော်ကြောင်း၊ ယနေ့ည ကျင်းပတဲ့ အစီအစဉ်ဟာ ကြားဖြတ်အစီအစဉ်ဖြစ်ကြောင်းတို့ကို မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီနောက်မှာတော့ အမှတ် (၃၁)ဘက (ဘုန်းတော်ကြီး ပညာသင်ကျောင်း) စစ်ကိုင်းမှ ဘဒ္ဒန္တနန္ဒာသီရိက "မဲ့သုံးမဲ့ရေး အစဉ်တွေးစို့"ဆိုတဲ့ စာတမ်းခေါင်းစဉ်နဲ့ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ ဆရာတော် ဘဒ္ဒန္တနန္ဒာသီရိ ဆွေးနွေးချက်ပြီးဆုံးသွားတဲ့နောက်မှာတော့ ဆရာတော် အရှင်ဇဝန(မေတ္တာရှင် ရွှေပြည်သာ)ထံမှ ဩဝါဒခံယူတဲ့ အစီအစဉ်ဖြစ်တာမို့လို့ ဆရာတော်က အောက်ပါအတိုင်း အဆုံးအမ ဩဝါဒပေးတော်မူခဲ့ပါတယ်။

"ပ ခု ကျင်းပတဲ့ အခမ်းအနား စုံနံ့သာမြိုင် နီးနှောဖလှယ်ပွဲကြီးဟာ မြန်မာနိုင်ငံအတွင်းမှာ ရှိတဲ့ ပရဟိတအသင်းများ တစ်သင်းနဲ့ တစ်သင်း၊ တစ်မြို့နဲ့တစ်မြို့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



...င်အောင် ရည်ရွယ်ချက်တူ၊ လမ်းကြောင်းချင်းတူတဲ့ ...တသမားများအချင်းချင်း မိမိတို့လုပ်ငန်းနဲ့ ပတ်သက်ပြီး ...ဆုံတိုင်ပင် ဆွေးနွေးနိုင်အောင် လိုအပ်တဲ့ တွေ့ဆုံပွဲ ...ကို ဦးသုမင်္ဂလ(ဒယ်အိုး)ဆရာတော်က အကောင် ...ည်ဖော်လိုက်ခြင်းပါပဲ။ ပရဟိတလုပ်ငန်းအနေနဲ့ ...တသမားတိုင်း ပရဟိတသည် မိမိအတွက် မဟုတ်စေ ...မိသည်သာ ပရဟိတအတွက်ဖြစ်စေရန် လိုအပ်ပါ ... ပြီးတော့ ပရဟိတလုပ်ငန်းဆိုတာ ပါရမီမြောက် ...န်းတစ်ခုပါ။ နေကွမ ပါရမီပေါ့။ ပါရမီအလုပ်ဆိုတာ ...င့်ခြင်းမပါဘူး။ မျှော်လင့်ခြင်းပါရင် လောဘဖြစ်သွား ...ကွမဆိုတာ လောဘကနေ ထွက်ခွာခြင်းပါပဲ။ အားလုံး ... ပရဟိတသမားများ နေရာရဖို့အတွက် အလုပ်မလုပ် အလုပ်လုပ်ရင်းသာ နေရာရပါစေ။ ပရဟိတလုပ်ငန်းကို ...ိုက်အောင် လုပ်ကြပါလို့ တိုက်တွန်းရင်း ဆရာတော် ...ရဲ့ ဩဝါဒကို အဆုံးသတ်ခဲ့ပါတယ်။

(၂-၉-၂၀၁၁) ညပိုင်းအစီအစဉ်ကို ဆရာတော် အရှင် ...မေတ္တာရှင် ရွှေပြည်သာ)မှ ဩဝါဒပေးပြီးတဲ့နောက်မှာတော့ အစီအစဉ်အတိုင်း ဖားကန့်မှ ဦးမောင်မောင်၊ ကျိုက်ထိုမြို့ နာရေးကူညီမှုအသင်းမှ ဦးအောင်ဝင်း၊ စစ်ကိုင်းမြို့မှ ငီဇိတပါလ လူမှုရေးကူညီမှုအသင်း၊ ကျောက်မဲမြို့မှ ဦးအောင်မြင့်၊ အောင်မြင်သာယာ သီလရှင်စာသင်တိုက် ရန်ကုန်တိုင်းမှ BGသွေးလှူရေးအဖွဲ့ လှိုင်ကော်မြို့မှ ဓမ္မပီတိအသင်း၊ ကချင်ပြည်နယ် ဝိုင်းမော်မှ ချမ်းမြေ့ ပရဟိတအသင်း၊ ကချင်ပြည်နယ် ဝိုင်းမော်မှ သာသနာ့ပါလ ဆွမ်းလောင်းအသင်းတို့က မိမိတို့ရဲ့ အသင်းအဖွဲ့လှုပ်ရှားမှုများ၊ အဖွဲ့ဖြစ်လာပုံများ၊ ကြုံတွေ့ရတဲ့ အခက်အခဲများ၊ ပရဟိတအပေါ် ထားရှိတဲ့ စိတ်နေသဘောထား၊ အနာဂတ်ပေါ် လျာထားချက်များ၊ သုမင်္ဂလဖောင်ဒေးရှင်းနဲ့ ပတ်သက်သော အကြံပြုချက်များကို တင်ပြဆွေးနွေးပြောကြားပြီး အခမ်းအနားကို အဆုံးသတ်ခဲ့ကြပါတယ်။■

*(ဆက်လက်ဖော်ပြပါဦးမည်)*

* * *

ဥဩချောင်မှူး (ဧဒ္ဒိုင်လင်)

" အာစရိယဂုဏ် အပဟံ ဝန္ဒာမိ "

# ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ ...ဆောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ...ဘုမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာ ...နှင့် မင်္ဂလာအစီအရင်၊ နဝင်းခေတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း ...အရင့်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မ...ာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) ...တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုလင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင် ...ဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

လမ်းညွှန်

၃၅၊ ၆၅၊ ၃၂၊ ရွှေစည်းသည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ...ားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။

၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းသာသနာပြု ဆရာတော်

# ဦးဥတ္တမသာရ၏

## ရောဂါကင်းပြီး အသက်ရှည်အောင် ရွှေဆေးဖော်စပ်စားနည်း

ဝေယံဦး

"တရားထိုင်ဖို့ဆိုတာက ကျန်းမာရေးကလည်း ကောင်း၊ အသက်လည်း ရှည်မှ ဖြစ်တာ ဆရာရဲ့၊ ကျုပ်တို့ အသက်ကြီးသမားတွေ မလွယ်ဘူး။ အဲဒါ မသိလို့ ဆရာ့ကို မေးချင်တယ်"

"ဘာများလဲ ဦးရွှေကျော်ရဲ့"

"ရောဂါကင်းပြီး အသက်ရှည်တဲ့ ဆေးဝါးများ ဆရာ သိသလား။ ဖော်စပ်နည်းလေး ဘာလေး"

"သိတော့ သိတယ်။ ဟိုဗျာ…ရွှေဆေးဆိုတာ ကြားဖူးသလား"

"ကြားဖူးတယ်။ ဘယ်လိုဟာလဲ၊ ဘယ်လို ဖော်စပ်ရမှာလဲ၊ ဒါတွေ မသိဘူး"

"ကျွန်တော် သိပါတယ်ဗျာ။ ကျွန်တော်လည်း တစ်ခါမှ ဖော်စပ်မစားဖူးဘူး။ တောင်တန်းသာသနာပြု ဆရာတော်



www.burmeseclassic.com

...သာရဲ့ မေတ္တာခရီးရှည်ကြီး(ဒုတိယတွဲ)မှာ ဖတ်ဖူး...ယ်"

"ပြောပါဦး ဆရာ။ သိချင်လိုက်တာဗျာ၊ ဖော်စပ်စား...ရာ"

"ဖော်စပ်စားနည်း မပြောခင် ပြောချင်တာက ဆရာ...ကြီးဆီ အသက်အရွယ်ကြီးတဲ့ ဆရာတော်တွေ၊ သက်...ကြီးတဲ့ လူဇကာကြီးတွေက ရောဂါကင်းပြီး အသက်ရှည်...င် အားအင်လည်း မယုတ်ဘဲ သွားလာလှုပ်ရှားနေနိုင်...င် ဘယ်လိုဆေးကို ပုံမှန်စားနေသင့်ပါသလဲ။ ညွှန်ကြား...တော်မူပါလို့ စာရေး တောင်းဆိုကြတယ်။ ရွှေဆေး...ကြောင်း တစ်ဆင့်စကား ကြားဖူးထားကြတဲ့ ဆရာတော်...ကလည်း ရွှေဆေးဆိုတာ ဘယ်လို အရာဝတ္ထုကို...သလဲ။ ဘယ်လိုဖော်စပ်၍ စားရပါသလဲ။ စားဖူးသူရဲ့...တွေအကျိုးရှိပုံကိုပါ ညွှန်ပြပေးတော်မူပါလို့ စာရေး...ကြသေးတယ်တဲ့။ အချို့ ဆရာတွေက ရွှေဆေးဖော်...ငွေရှာကြတယ်။ အဲဒီနည်းရော မှန်ပါသလားဆိုပြီး...ကြတယ်ဗျ"

"ဒါပေါ့ဗျာ။ မှန်တယ်၊ မှားတယ် ဘယ်လိုသိနိုင်ပါ...ဲ"

"အဲဒီမှာ ဆရာတော်ကြီးက ဘယ်လိုညွှန်ကြားသလဲ...င် ဆရာတော်ရဲ့ ဇာတိရပ်မြေ ရွှေဘိုနယ်မှာ ရွှေဆေးစား...ကျန်းမာသန်စွမ်း အသက်ရှည်နေသူ ရှိတယ်တဲ့။ ဘယ်သူ...တော့ ဆရာတော်ကြီးနဲ့ ဆွေမျိုးနီးစပ် ဆရာကြီး ဦးဘိုးစ...ပါ။ အသက် ၉၀ ရှိနေချိန်မှာ အားအင်မယုတ်၊ ဝဖြိုးပြီး...စွမ်းတယ်။ ကျန်းမာရေးကလည်း ကောင်းပြီး သွားလာ...ရှားနေဆဲပဲတဲ့။ နောက်ပြီး လူအိုကြီးနဲ့ မတူဘဲ အသက်...ရွယ်လို့တောင် ခန့်မှန်းနိုင်သေးတယ်ဆိုပဲ"

"ရွှေဆေးဆိုတာတော့ ကြားဖူးတယ်ဗျ။ တစ်နယ်...မျိုးပြောကြတာ။ ပြောပါဦး ဆရာ၊ လက်တွေ့ စိတ်ချရ...နည်းကောင်းလေး"

"မပြောတော့ဘူး ဦးရွှေကျော်။ ဒီစာအုပ်ထဲမှာ ဖတ်...ကြည့်တော့။ ကျွန်တော် ကူးရေးပြီး မှတ်ထားတာ"

"ဒီလိုလုပ်ဗျာ။ ဖတ်ကြည့်မယ်။ ပြီးရင် မိတ္တူကူးသွား...ယ်"

ဦးရွှေကျော်သည် စာရေးသူ၏ မှတ်စုစာအုပ်ကို ဖတ်ရှု...ခဲ့ စာရေးသူက ရေနွေးကြမ်းသောက်ရင်း ကွမ်းယာ...စ်ယာကို ပါးစပ်တွင်းသို့ ထည့်၍ ငုံလိုက်ပါတော့သည်။

◆◆◆

ဆရာတော် ဦးဥတ္တမသာရ၏ ရောဂါကင်းပြီး အသက်ရှည်သော ရွှေဆေးဖော်စပ်စားနည်းကို ဂမ္ဘီရဆန်းကြယ် စာဖတ်ပရိသတ်များအား ဆက်လက်တင်ပြလိုက်ရပါသည်။

**ဆေးမယ်နှင့် ဖော်စပ်စားနည်း**

ဆေးမယ်မှာ ပျားရည်တစ်ပိဿာနှင့် ရွှေဆိုင်းကြီး တစ်ဆိုင်း။ ဤမျှသာ ဖြစ်၏။

ဖော်စပ်နည်းမှာ ပျားရည်စစ်စစ်တစ်ပိဿာကို ဖန်ဘူးတွင် ထည့်ပြီး ခေတ္တနေလှန်းထားပါ။ ထို့နောက် ရွှေဆိုင်းမှ ရွှေချပ်များကို စက္ကူဖယ်ထုတ်၍ အလိုက်သင့်စွာ ယူပြီး ပျားရည်ရှိသော ဖန်ဘူးတွင် ထည့်ပါ။ တစ်ဆိုင်းလုံး ကုန်လျှင် သမသွားအောင် မွှေပေးပါ။ မကြာမကြာ ဖန်ဘူးကို ပိတ်လျက် နေလှန်းပေးပါ။

စားသုံးနည်းမှာ တစ်နေ့လျှင် တစ်ကြိမ်သာ ထိုရွှေဆေးပျားရည်ကို ဟင်းစားဇွန်းနှင့် တစ်ဇွန်းကျ မှန်မှန်စားပေးပါ။ နံနက်၊ ညနေ သို့မဟုတ် နေ့ပိုင်း၊ ကြိုက်သောအချိန်၌ စားနိုင်၏။ ရဟန်းပုဂ္ဂိုလ်များမှာ နေ့ဆွမ်းစားပြီး တစ်နာရီအကြာတွင် စားလျှင် ကောင်းပါသည်။

**အကျိုးကျေးဇူး**

ဝမ်းတွင်း၌ ဖြစ်တတ်သော နလုံးရောဂါ၊ နလုံးသွေးမလျှောက်ရောဂါ၊ လေနာ၊ လေပူ၊ လေတက်၊ အစာမကြေ၊ အိပ်မပျော်၊ ရင်ကျပ် စသော ရောဂါများ၊ ကိုယ်ပေါ်၌ ဖြစ်တတ်သော အနာအဆာအမျိုးမျိုး၊ မျက်စိနာ၊ နာရောဂါများ၊ ကိုယ်တွင်းကိုယ်ပ ရောဂါစုံ ပျောက်ကင်း၏။ ရုပ်ပျိုနုစေ၏။ လိုရင်းမှာ အနာရောဂါကင်း၍ ရုပ်ပျိုနုပြီး သန်စွမ်း အားရှိ အသက်ရှည်စေသည်ဟု မှတ်ကြပါ။□

*ကျန်းမာ ချမ်းသာကြပါစေ • • •*

* * *

ဓေယံဦး



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# အောင်ရာ အောင်စေ ရန်အောင်မြင် ဂါထာဆောင်လေ

ညီအောင်ပြည့်

မနက်အလင်းရောက် ကုလားတက်ခေါက်သံကြားသည်နှင့် ဦးဖိုးလွှမ်း ကျောခင်းနေ၍မဖြစ်၊ ရွာဦးကျောင်းဆီသို့ သွားနေကျ ခရီး၊ လုပ်နေကျ အလုပ်ဆီသို့ ခြေဦးများက လှည့်ရတော့သည်။ ထိုအလုပ်သည် ဦးဖိုးလွှမ်းအတွက် ကုသိုလ်ဒါနအရေး အသေအေးစေသည့် ဒါနပင်။ ဘုရားကျောင်း၊ သိမ်ဝင် ပရဝဏ်များအား နံ့စွရှုဝ သန့်ရှင်းစင်ကြယ်ပေးခြင်းအမှုသည် ဘဝအဆက်ဆက် စင်ကြယ်စွာဖြင့် နေနိုင်လှုပ်ရှားရန်းကန်နိုင်မည်ကို သဘောပေါက်၍ ငွေကြေးပမာဏများစွာ မလှူတန်းနိုင်သော်လည်း လုပ်အားဒါနဖြင့် လှူတန်းရသော အကျိုးသည် ပို၍မြင့်မြတ်လှသည်ဟု ယုံကြည်မိသည်။ သို့အတွက် ဦးဖိုးလွှမ်း ရွာဦးကျောင်းရှိ အမှိုက်သရိုက်များအား သန့်ရှင်းရေးဆောင်ရွက်နေချိန်။

"ဗျို့…ဦးလေး ဖိုးလွှမ်း။ ဆရာတော် ရှိလားဗျာ့"

"ဟ…ရေးကြီးသုတ်ပျာနဲ့ မင်းမလည်း အမှုတွေရှုပ်ထွေးရပြန်ပြီထင်တယ်။ ဆရာတော် ကျောင်းပေါ်မှာ ရှိတယ်။ ကဲ…သွား…သွား"

"သေချာရဲ့လား ဒကာတော်"

"သေချာပါတယ်။ တပည့်တော်သား မြင့်ထူး အကြောင်း ဆရာတော်ဘုရား အသိဆုံးပါ"

"အေး ငါသိပါတယ်။ အခုဖြစ်တဲ့ကိစ္စက သူ့ကို သိချင်တာလေး ခေါ်စစ်တာပါ"

"ခဏတဖြုတ် ခေါ်စစ်ရင်တော့ တော်ပါသေးတယ်ဘုရား။ ကြရာပါ အမှုတွဲဆိုရင်တော့ အဖမ်းခံရဖို့ သေချာနေပါပြီ။ အရှင်ဘုရား တပည့်တော်သားလေးကို ကယ်ပါဦး"

ဦးအောင်ထူးသား မြင့်ထူးသည် နွားအရောင်းအဝယ်လုပ်ငန်းတွင် ကျွဲရိုင်းပင်းတတ်၍ တစ်ရွာနှင့် တစ်ရွာ၊ တစ်မြို့နယ်နှင့် တစ်မြို့နယ် နွားဝယ် သယ်ဆောင်…
အကြောင်းအရာစုံစုံလင်လင်ဖြင့် ထောက်ခံစာ ရေးပေး…
ရှိသည်။

တစ်နေ့တွင် မြင့်ထူး ရေးသားလိုက်သော စာ…
ရွာရှိ အုပ်ချုပ်ရေးမှူးထံ ခွင့်ပန်ကြားရမည့်အစား နွားသယ်…
ပြုလိုက်သည်ဟု ရေးသားလျက် လက်မှတ်ရေးထိုးပေး…
ခြင်းကြောင့် ယခုလိုအမှုနှင့် ရင်ဆိုင်နေရလေသည်။ …
အတွက် ဖခင် ဦးအောင်ထူးမှ ရွာဦးကျောင်း ဆရာတော်…
အပြေးကလေး လျှောက်တင်လေသည်။

"ကဲ…ကဲ…ဒကာကြီး အောင်ထူး၊ ဘာမှ…
စိတ်မပူနဲ့။ ရော့၊ မင်းသား မြင့်ထူးကို ထွင့်ခေါင်ဆရာ…
ဘုရားကြီးရဲ့ "ရန်အောင်မြင်" ဂါထာကို မကြာခဏရွတ်…
ပါလို့ ပြောပြီး ပေးသည့် ဂါထာကို သွားပေး"

**ရန်အောင်မြင်ဂါထာ**

(၁) ဗုဒ္ဓေါမေ ရက္ခတုနိစ္စံ၊ ဓမ္မောမေ ရက္ခတုသဒါ။
သံဃောမေ ရက္ခတု ဒိနေ၊ သုခီဒီဃာ ယုတော…

(၂) မာရာဝဋ္ဋဝကနာဂွာပြို၊ အင်္ဂုလိ သစ္စကာ၊
နန္ဒော ပနန္ဒ ဗြဟ္မဥ္ဇ၊ ဇယော ဇယတု မင်္ဂလံ။

ရွာဦးကျောင်းမှ ဆရာတော်ဘုရားကြီး ပေးလိုက်…
ဂါထာတော်အား မြင့်ထူးတစ်ယောက် ယုံယုံကြည်ကြည်…
အားထားရွတ်ဆိုမှုကြောင့် နောက်နောင် သည်လိုကိ…
မဖြစ်ပေါ်စေရန် ခံဝန်ကတိလက်မှတ်ရေးထိုး၍ အချုပ်အ…
အဖွဲ့မှ အောင်မြင် လွတ်မြောက်ခဲ့လေသည်။

* * *

ညီအ…



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ (တိုး) ၁၀၂၄




# ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော်စားရေးဆရာများဆုံ ည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့ဆိုက်ရသည်။ ကိုမင်းဆွေက. . "လာထိုင်. . ကိုဇော်ရဲနိုင်၊ မတွေ့ရ တာကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ၊ ခင်ဗျားက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့ သုံးယောက် ခံစားနေရတဲ့ဝေဒနာအတွက် အကူအညီ တောင်းချင်လို့ပါ"

"ဘဝတူရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ. . ကျွန်တော်တို့သုံးယောက် ဆီးနဲ့ပတ်သက်တဲ့ဝေဒနာတွေခံစားနေရတယ်၊ ဒါပေမဲ့ ဖြစ်စဉ်တူ သလိုလိုနဲ့ ကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော်. . ဆီးရောဂါနဲ့ပတ်သက်တဲ့ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်၊ ဘယ်သူက ဘယ်လို လက္ခဏာတွေရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်. . . နေပူမိုးရွာ မရှောင် တဲ့သူတွေ အပူအစပ် အဖန် ချဉ်စာတွေ လွန်ကဲစွာစားတဲ့သူတွေ၊ မေထုန်မှုလွန်ကဲသူတွေ၊ အညောင်းထိုင်မှုများ သူတွေဟာ ဆီးပူ ညောင်းကျရောဂါဖြစ်တတ်တယ်၊ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများသွားနေသလို ရွစိရွစိဖြစ်ပြီး ယားတတ်တယ်. . တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လိုကျလာ တတ်တယ်. . ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ ယုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ် တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီးမကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး သွားအားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်းယားယံခြင်း၊ လက္ခဏာတွေခံစားရတတ်တယ်။ ဆီးအောင့်ဆီးချုပ် ရောဂါကို ကြာပြီး သည်းခြေ၊ လေဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်ကစပြီး ဆီးတိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ၊ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်. . ကဲ. . ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာ နဲ့တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့တူကြောင်း ပြောပြကြပြီး. .

"ကဲ. . ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခု. . လောလောဆယ်တော့ ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား ကို နီးစပ်ရာ မြန်မာဆေး ဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ. . ကိန္နရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြား ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များ ခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျင် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန်ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ် ကျွန်တော့်မိတ်ဆွေ ဆရာဦးလှိုင်မြင့်က ကြက်လည်ဆံဆီးဆေး ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေ ကုသပေးကုသ နေတာဆိုတော့ အဲဒီ ဆရာဦးလှိုင်မြင့်ရှိတဲ့ ကန္နရဝတီဆေးတိုက် ကို သွားပြီး ဆရာနဲ့တိုင်ပင် ပြီး. . ဆေးကုသရင် ခင်ဗျားတို့ခံစားနေရတဲ့ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ. . ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့...ဆီးရောဂါမှန် သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည်...ကိန္နရီ..တဲ့ဗျ..."

**ပင်ရင်းဌာန- ကန္တရဝတီဆေးတိုက်**

အမှတ် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉၅၁-၄၀၁၇၈

www.burmeseclassic.com

www.burmeseclassic.com




တောင်တွင်း

# ကိုရင်ဖြ

ပန်းနတ်သမီး

www.burmeseclassic.com

www.burmeseclassic.com



(၁)

"ဒေါက်တာကိုယ်တိုင်လည်း ယုံဘူးမဟုတ်လား။ ကျွန်တော့်ဘဝရဲ့ ဒီအဖြစ်အပျက်ကို ပြောပြလို့ ကြားခဲ့သူတိုင်း မယုံကြလို့ စိတ်ဝေဒနာသည်တစ်ယောက်အဖြစ်နဲ့ ဒီဆေးရုံကို ရောက်လာတာပါ ဒေါက်တာ"

ဒေါက်တာ မြတ်ဟိန်းကျော် တစ်ယောက် မျက်မှောင်ကုပ်ပြီး အတော်ကြာအောင် စဉ်းစားနေပါတယ်။

"အေးဗျာ၊ ခင်ဗျားပဲ စဉ်းစားကြည့်လေ။ အဖြစ်အပျက်ကို မယုံတာ၊ ယုံတယ်ဆိုတာ ထားလိုက်ဦးဗျ၊ ကြားထဲမှာ အချိန်ကာလကွာခြားနေတာကလည်း စဉ်းစားရမှာမဟုတ်လား"

"အဲဒါကြောင့်ပေါ့။ ကျွန်တော် ပြောတာကို ဘယ်သူမှ မယုံကြတာ။ လူတိုင်းက ကျွန်တော့်ကို ရူးသွားပြီလို့ ထင်နေတာ။ အဖြေရှာမရတာကတော့ ဆရာပြောတဲ့ ကွာဟနေတဲ့ အချိန်ကာလလေ"

ခုတင်ပေါ်က စိတ်ဝေဒနာရှင် ကိုဝင်းစိန်ကို ကြည့်ရတာ တခြား စိတ်ဝေဒနာရှင်တွေနဲ့ မတူပါဘူး။ အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်ပါ။ ငက်များရောဂါကို အလူးအလဲခံစားထားရ ထို့သာ ပိန်လှီပြီး လူရုပ်မပေါ်တာ။ သူပြောပြတဲ့ အကြောင်းကိုတော့ ဒေါက်တာ မြတ်ဟိန်းကျော် အပြန်ပြန်အလှန်လှန် ဆက်စပ် စဉ်းစားရင်း ယုံကြည်ဖို့ အတော်ခက်ခဲနေပါတယ်။

"ဘယ်သူ မယုံတာကိုမှ အပြစ်မတင်ပါဘူး။ ဒါပေမယ့် ဆရာ့ကိုတော့ သက်သေတစ်ခုပြလိုက်ချင်ပါတယ်။ ကျွန်တော်ပြောခဲ့တဲ့ သူယောင်တောထဲက "ပန်းနတ်သမီး"လို့ ကျွန်တော် နာမည်ပေးထားတဲ့ သူယောင်မယ် အရုပ် ကျွန်တော့်မှာ ရှိနေပါတယ်။ ကျွန်တော် အပင်ခြေရင်းက ကောက်ခဲ့တာ"

ကိုဝင်းစိန်က ခေါင်းအုံးအောက်က သူယောင်မယ် အသီးခြောက်လေးကို ထုတ်ပြပါတယ်။ တကယ့်ကို မိန်းမပျိုတစ်ဦးပုံနဲ့ တူတဲ့ အသီးပါပဲ။ သေချာကြည့်လေ တူလေပါ။

"ဟောဒီ ဦးခေါင်းကနေပြီး မြေပြင်ကို တွဲလောင်းသီးနေတာ ဆရာ။ အပင်အောက်က မြေပြင်မှာလည်း ကြွေကျပြီး တစ်စစီ ညှိုးခြောက်နေတဲ့ အသီးတွေ အများကြီး။ အပင်က မမြင့်ပါဘူး။ ခပ်နိမ့်နိမ့်လေးရယ်"

"တော်တော်လေး အဆန်းသား။ မိန်းမရုပ်နဲ့ တော်တော်တူတာနော်"

"ဟာ…ဆရာကလည်း မိန်းမအစစ်ပါဆိုနေမှ။ ကျွန်တော်နဲ့ အတူပေါင်းခဲ့ဖူးတာ"

အင်း…ကိုဝင်းစိန်ကိုတော့ စိတ်ဝေဒနာရှင်အဖြစ်နဲ့ ဆက်ပြီး စောင့်ကြည့်ရဦးမှာပဲလေ။

ဒေါက်တာ မြတ်ဟိန်းကျော်ရဲ့ အတွေးများက ပျံလွင့်နေဆဲ။

(၂)

"ဝုန်း"

"ဒက်…ဒက်…ဒက်"

"ရန်သူ…ရန်သူ…ပစ်…ဒိုင်း…ဖောင်း…"

လက်နက်ကြီးကျသံ၊ သေနတ်သံများက ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးလိုက်သလိုပါပဲ။ ရန်သူရဲ့ အခြေအနေကို သတိထားနေလို့သာ အလစ်အငိုက်မခံလိုက်ရတာ။ ချက်ချင်း တုံ့ပြန်နိုင်ခဲ့တယ်လေ။

"တပ်မတော်ကွ…ပစ်"

တပ်စု တပ်ကြပ်ကြီးရဲ့ အော်ဟစ်အမိန့်ပေးသံအဆုံးမှာ မိမိတို့ရဲ့ အင်အား ၇ယောက်သာ ရှိတဲ့ စခန်းငယ်လေးက ပြန်လှန်ပစ်ခတ်သံတွေက မြိုင်မြိုင်ဆိုင်ဆိုင်ပါ။ ရန်သူက ထင်တဲ့အတိုင်း အနောက်ဘက် တောင်ကြောက အင်အားအလုံးအရင်းနဲ့ ဝင်လာတာ။

"ထော…ထော…ထော"

"တူ…တူ…တူ"

စည်းရိုးအနီးက အော်ဟစ် ဆဲဆိုသံတွေ၊ ကျွဲချိုမှုတ်သံတွေနဲ့ တစ်ဟုန်ထိုးတိုက်ခိုက်နေကြပါတယ်။ ရန်သူက လူအား၊ ကျည်အားကို သုံးပြီး မနားတမ်း ပစ်ခတ်တိုက်ခိုက်နေတာပါ။ ညနေစောင်းက စလိုက်တဲ့ တိုက်ပွဲက အခု သန်းခေါင်ကျော်တိုင်ပါပြီ။ ရန်သူ ပစ်အားက မကျခဲ့။ မိမိတို့မှာတော့ ကျည်ကို ချွေတာနေရပြီ။ စစ်ကူမလာရင် ကြာကြာခံနိုင်ပါတော့မလား။

"ဆရာ လုရှိန်…ကျွန်တော် ကျည်နည်းနေပြီ"

"ချွေတာပြီး ပိုင်မှ ပစ်ကွ။ စစ်ကူလာတော့မှာ"

"ဝင်းစိန် ပစ်ကွင်းကို မလွှတ်စေနဲ့"

အင်အားကြီး ရန်သူက ပစ်အားကို သုံးပြီး ဖိထားလို့ ခေါင်းမဖော်နိုင်ကြတော့။ မကြာခင် စခန်းသိမ်းတိုက်ပွဲ စတော့မယ်ထင်ပါရဲ့။

"ရဲဘော်တို့…စခန်း(၂) တောင်ကုန်းနဲ့ ပူးပေါင်းမယ်။ ဆုတ်…ဆုတ်"

ရဲဘော် ဝင်းစိန်က အတတ်နိုင်ဆုံး ကာပစ် ပစ်ပေးရင်း ရန်သူကို ဟန့်လိုက်ပါတယ်။ ဒါမှ ရဲဘော်တွေ ဆုတ်လာမှာ။

"ထော…ထော…ထော"

ရန်သူရဲ့ အတင်းတက်လာသံကို ကြားရပြီ။ အမှောင်ထဲမှာ ဝင်းစိန် ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



လာပါတယ်။ အရေးထဲ မိုးက ရွာပြန်ပြီ။ ငှက်ဖျား ပြန်ထနေရင် ခက်ဦးမယ်။ ရေစက်ရေပေါက်တွေက သူ့ကို ပြင်းပြင်းထန်ထန် ရိုက်ခတ်နေပြီး လျှပ်ရောင်လက်လိုက်တိုင်း သစ်ပင်မည်းမည်းကြီးတွေကို ချောက်ချားစဖွယ် မြင်တွေ့နေရပါတယ်။ အရှေ့အနောက် မှန်းဆမရတဲ့ တောကြီးထဲမှာ ရဲဘော် ဝင်းစိန်တစ်ယောက် အဖော်မဲ့လို့။ ခြေဦးတည့်ရာကိုပေါ့။

မိုးက အမှောင်ထုထဲမှာ သဲကြီးမဲကြီး ရွာသွန်းနေပါတယ်။ ခြံစည်းရိုးကို ဖြတ်ထွက်ခဲ့ပြီး လျှိုထဲကို လိမ့်ဆင်းခဲ့ရတဲ့ ရဲဘော် ဝင်းစိန်တစ်ယောက် ရန်သူနဲ့ ဝေးရာကို အပြေးအလွှားပေါ့။

တဖြည်းဖြည်း သေနတ်သံတွေနဲ့ ဝေးလာပါပြီ။ ရင်ကို ဖားဖိုတစ်ခုလို နိမ့်လိုက် မြင့်လိုက်ဖြစ်နေအောင် အလုအယက် အသက်ကို ရှူရင်း နားခိုစရာ နေရာကို ကြည့်ပေမယ့် မှောင်နဲ့မည်းမည်းပါ။ မပ၀ာ်သာတဲ့ အခုံး ကညင်ပင်ကြီးတစ်ပင်ရဲ့ မြစ်ပျဉ်းကြားကို တိုးဝင်ရင်း အမောဖြေနေမိပါတယ်။

စခန်းကို စွန့်ခဲ့တာ တစ်နာရီသာသာတော့ ရှိရော့မယ်။ အခြေအနေကတော့ စိတ်ချရသေးတာ မဟုတ်ဘူး။ ခုထိ ကျန်တဲ့ ရဲဘော်တွေနဲ့လည်း မဆုံသေးဘူး။ ငါ လမ်းများ မှားခဲ့ပြီလား။ မထူးပါဘူး။ အန္တရာယ်ကင်းအောင် ခပ်လှမ်းလှမ်းအထိ ဆုတ်ပြီး မနက်လင်းမှ အခြေအနေကို ကြည့်တော့မယ်လို့ ဆုံးဖြတ်ပြီး စခန်းနဲ့ ဝေးမယ်ထင်တဲ့ နေရာကို တစ်လှမ်းချင်း လှမ်းခဲ့ရပါတော့တယ်။

"ဒိုင်း…ချွင်"

မိုးကြိုးပစ်သံနဲ့အတူ လျှပ်စီးတစ်ချက်အလက်မှာ သူတွေ့လိုက်ရတာက ကျောက်ဂူတစ်ခု။

"ဟာ…အတော်ပဲ မိုးခိုလို့တော့ရပြီ"

လို့ တွေးရင်း ကျောက်ဂူဆီကို တဖြည်းဖြည်းတိုးကပ်ပြီး အခြေအနေကို ကြည့်လိုက်ပါတယ်။ မည်းမှောင်နေတဲ့ မဟူရာညမှာ ဂူထဲကို ဘာမှ မမြင်နိုင်ပါဘူး။ မတတ်သာတဲ့အဆုံး သတိထားပြီး ဂူထဲကို ဝင်သွားရတော့တယ်။

မိုးလွတ်တဲ့ နေရာမှာ လှဲချပြီး အမောအပန်းကို ခဏဖြေရင်း အခြေအနေကို ပြန်တွေးနေမိတယ်။

ရဲဘော်တွေအားလုံးမှ လွတ်ရဲ့လား မသိဘူး။ မောင်အုန်းနဲ့ မြင့်ကြူတို့ ဖိပစ်ခံနေရတာ တွေ့လိုက်ရတယ်။

အတွေးတွေက တဝဲလည်လည်နဲ့ တော်တော်ကြာသည်အထိ အိပ်မပျော်။ ပြေးရလွှားရ ပင်ပန်းတဲ့ ဒဏ်နဲ့ အအေးဒဏ်တို့ကြောင့် ကြာတော့လည်း ငိုက်မျဉ်းလာပြီး ရဲဘော် ဝင်းစိန်တစ်ယောက် အိပ်ပျော်ခဲ့ရပါပြီ။

ဩော်…သုခကမ္ဘာကို ရောက်ခဲ့ပြီပေါ့။

(၃)

"ကျလိ…ကျလိ…ကျလိ"

"ကျွီးကျော်…ကျွီးကျော်"

ငှက်ပေါင်းစုံရဲ့ အော်မြည်သံနဲ့ သူရိယ နေမင်းကြီးရဲ့ အလင်းရောင် ဖြာဆင်းထိုးဝင်လာတဲ့အတွက် ဝင်းစိန်တစ်ယောက် ဖျတ်ခနဲ လန့်နိုးသွားပါပြီ။ အနှစ်နှစ်အလလ လေ့ကျင့်ခဲ့မှုကြောင့် အနီးက သေနတ်ကို ကောက်ကိုင်ရင်း သတိနဲ့ အသာအကဲခတ်လိုက်ပါတယ်။

ကျေးငှက်သာရကာသံက လွဲလို့ ထူးခြားမှုမရှိမှ အသာလေး ထထိုင်လိုက်ပါတယ်။ ပြီးတော့မှ ညနေက ဖြစ်ခဲ့တဲ့ တိုက်ပွဲ၊ မှောင်ကြီးမည်းကြီးထဲ ဆုတ်ခွာခဲ့ရတာတွေ တဖြည်းဖြည်း… စဉ်းစားရင်း စခန်း(၂)ရှိရာသို့ ချီတက်… ဂူထဲက ထွက်ခဲ့ပါတော့တယ်။

ခပ်ဝေးဝေး တစ်နေရာက ဆင်… ဟုန်းသံ၊ ချေဟောက်သံတွေ ကြားနေ… ပါတယ်။ အရှေ့ဖျားက ထွက်ပေါ်လာ… တဲ့ နေမင်းကြီးကို ကြည့်ပြီး အရှေ့… အနောက် မှန်းဆနိုင်ပေမယ့် စခန်း… နှစ်ဘက် နေရာမှန်း အတိအကျမသိ… သေး။ မှန်းဆပြီး တစ်လှမ်းချင်း လှမ်း… ရင်း စဉ်းစားမိတယ်။ သွားရင်းလာရင်း… စားစရာရှာဖို့။

သမုဒ္ဒရာ ဝမ်းတစ်ထွာတဲ့။

ဝမ်းတစ်ထောင်သာ ဆိုရင်တော့… အခက်ပဲ။

ကျောပိုးအိတ်ထဲမှာ ဘာစား… မှ မရှိ။ ရေဘူးထဲမှာလည်း ရေတစ်… မှ မရှိ။ ရေကတော့ အရေးမကြီးဘူး… အနီးပတ်ဝန်းကျင်မှာ စမ်းရေစီးသံ… အတိုင်းသား ကြားနေရတယ်။

စမ်းချောင်းလေးရှိရာကို သတိ… လျှောက်လာခဲ့တယ်။ ရေရှိတဲ့ အ… ဆိုတာ အန္တရာယ်က ပေါင်းစုံနဲ့။ သား… တိရစ္ဆာန်ရန်၊ ပြီးတော့ ရန်သူ။ အတော်… ကြာအောင် ငြိမ်သက်လို့ ပတ်ဝန်းကျင်… ကို လေ့လာပြီးမှ ရေစပ်ကို ဆင်းလိုက်… ပါတယ်။ ရေဘူးကို ဖြည့်၊ မျက်နှာသစ်… ပြီးတော့ အမြန်ပြန်တက်ခဲ့တယ်… အန္တရာယ်ဆိုတာ ပြောနိုင်တာ မဟုတ်… ဘူး။

ဒီချောင်းလေးနာမည်ကို… မသိ။ စခန်း(၂)ကလည်း ဘယ်နား… မသိ။ တောထဲမှာ မျက်စိလည်နေ… တော့ သေချာပြီ။ ရန်သူနဲ့ တိုးနေ… အခက်။ သေနတ်ထဲမှာလည်း ကျ… တော့တာ မဟုတ်ဘူး။ ရှေ့ကို လျှော… ရင်း…လျှောက်ရင်း…။

ရှေ့မှာ အပင်ကြီးစေ့ပင်၊ …



www.burmeseclassic.com

www.burmeseclassic.com



...ပါလိမ့်။ အသီးတွေက လိမ္မော်သီး ...လောက် မှည့်ဝင်းလို့ စားချင်စရာ။

ဝင်းစိန် ဘာမှမစဉ်းစားတော့။ ...ကောက်ခူးပြီး ဆာဆာနဲ့ စားလိုက်တာ ...အရပါး၊ အရသာက သက်တက် ...တက်ရှိပေမယ့် နောက်တော့ ချိုလာ ...ပါတယ်။ စားလို့ကောင်းသား။ ဝင်းစိန် ...တစ်ဝကြီးစားပြီး ကျောပိုးအိတ်ထဲ ခူး ...ထည့်ခဲ့လေတယ်။

စားပြီး ခဏအကြာမှာတော့ ဝင်းစိန် မျက်တောင်စင်းပြီး အိပ်ချင် ...စိတ်ကို ထိန်းမရတော့။ အနီးက ...တစ်ဖက်ပိတ် လှိုဏ်လေးထဲကို ဆင်း ...လိုက်ပါတယ် ခေါင်းမထူနိုင်တော့လို့ ...ထဲချလိုက်တာ ဘာကိုမှ မသိတော့။ အိပ်ပျော်သွားလိုက်တာ နှစ်နှစ် ...ခြိုက်ခြိုက်။

(၄)

အိပ်လိုက်တာ...အိပ်လိုက်တာ ...ဘယ်လောက်များ ကြာသွားလဲဆိုတာ ...မသိပါဘူး။ အိပ်ရာက နိုးတော့ နောက် ...တစ်နေ့ကူးသွားပြီလားဆိုတာကိုတောင် ...မသိတော့။ နေက ထန်းတစ်ဖျား ...လောက်မှာ။ လူးလဲထပြီး လှိုဏ်ထဲက ...ထွက်လိုက်ပါတယ်။ ခင်တန်းတစ်ခုကို ...ကျော်ခဲ့ပြီး တောအုပ်တစ်ခုထဲ ရောက် ...ပြီ။ ဒီတောအုပ်လွန်ရင် လူနေ ...အိမ်ခြေတော့ တွေ့ကောင်းပါရဲ့။

တောအုပ်က မဆုံးနိုင်။ ပိုလို့ ...က်လာရဲ့။

"အိုး..."

သစ်ပင်တစ်ပင်အောက်မှာ ကြွေကျနေတဲ့ အသီးတွေက မိန်းမပျို တစ်ယောက်ပုံအတိုင်းပါလား။

နောက်တစ်လုံး... နောက်တစ်လုံး...နောက်တစ်လုံး။

အားလုံးအတူတူပဲ။ ခြောက်နေတာနဲ့ လတ်ဆတ်တာပဲ ကွာတယ်။ ခြောက်နေတဲ့ လေးငါးခုလောက် ကောက်ပြီး အိတ်ထဲ ထည့်လိုက်ပါတယ်။ ပြီးတော့ အပင်ပေါ်ကို မော့ကြည့်လိုက်တော့...

"ဟာ..."

မိန်းမပျိုပုံ အသီးတွေ၊ စီရရီ။ လေအဝှေ့မှာ ယိမ်းကနေကြသလို။

ဆံပင်က အပင်ဆီမှာ။ လှုပုံက တွဲလောင်းလေး။

ဝင်းစိန်တစ်ယောက် အံ့သြလွန်းလို့ အရာရာကို မေ့လျော့နေပါပြီ။

အဲဒီအချိန်မှာ အသီးတစ်လုံး ကြွေကျလာပါတယ်။ ခဏလေး လူးလွန့် လှုပ်ရှားပြီး ငြိမ်သက်သွားပါရော။

"ဟယ်...အသက်များ ရှိနေတာလား"

ဝင်းစိန် အံ့သြလို့ မဆုံး။

"ငါရောက်နေတာ သူယောင်တောများလား။ အို...မဟုတ်တာ။ သူယောင်တောက ဇိဇ္ဇာ ဇော်ဂျီ တပည့်တွေသာ ရောက်နိုင်တာ။ ငါက ဘယ်လိုရောက်မှာလဲ။ ဒါ...ဒါ...နတ်သမီး...ဟုတ်တယ်၊ ပန်းနတ်သမီး ...ပန်းနတ်သမီး"

"ကိုယ့်ကိုယ်ကိုယ် ဘာလုပ်မိမှန်း မသိလိုက်။ အပင်က အသီးတစ်လုံးကို ခူးလိုက်မိတာနဲ့ တစ်ပြိုင်နက် ဓာတ်လိုက်သလိုမျိုး တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားပြီး လူကို ဆောင့်တွန်းလိုက်သလား မှတ်ရတယ်။ နောက်ကို ခြေလှမ်း သုံးလေးလှမ်းစာလောက် လွင့်ထွက်သွားပြီး လောကကြီးနဲ့ အဆက် ပြတ်ခဲ့ပါရော"

အပင်က အသီးတစ်ခုနား ကပ်သွားလိုက်ပါတယ်။ သေသေချာချာ ကြည့်လိုက်တော့ သူ့ကို ပြုံးပြနေသလိုလို။

ကိုယ့်ကိုယ်ကိုယ် ဘာလုပ်မိမှန်း မသိလိုက်။ အပင်က အသီးတစ်လုံးကို ခူးလိုက်မိတာနဲ့ တစ်ပြိုင်နက် ဓာတ်လိုက်သလိုမျိုး တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားပြီး လူကို ဆောင့်တွန်းလိုက်သလား မှတ်ရတယ်။ နောက်ကို ခြေလှမ်း သုံးလေးလှမ်းစာလောက် လွင့်ထွက်သွားပြီး လောကကြီးနဲ့ အဆက်ပြတ်ခဲ့ပါရော။

ဝင်းစိန်တစ်ယောက် ဘယ်လောက်ကြာအောင် သတိလစ်နေတယ် မသိဘူး။ တစ်စုံတစ်ယောက်က သူ့ကို လှုပ်နှိုးနေလို့ သတိပြန်ရခဲ့တယ်။

"အို...နတ်သမီး"

လွှတ်ခနဲ ယောင်အော်လိုက်မိပါတယ်။ ပြီးတော့မှ...

"မင်း...မင်း...ဘယ်သူလဲ"

အတင်းလူးလဲထရင်း မေးလိုက်ပါတယ်။

"ဒီအပင်က။ မောင်ကြီး ခေါ်လိုက်လို့ မောင်ကြီးနဲ့ အတူတူနေမယ့်"

အဝတ်အစားတစ်ထွာတချို့ မပါပေမယ့် သူ့ရဲ့ ရှည်လျားတဲ့ ဆံကေသာတွေနဲ့ တစ်ကိုယ်လုံးကို ရစ်ပတ်ထားလိုက်တာ အရှက်လုံပါရဲ့။

ဖြူစင်ဝင်းအိတဲ့ အသားအရေ၊ ကော့ညွှန်းတဲ့ မျက်တောင်၊ ဝိုင်းစက်ကြည်လင်တဲ့ မျက်ဝန်းအစုံနဲ့ ပေါ်လွင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ နှာတံ၊ လေးကိုင်းသဖွယ် ထူထူထဲထဲ နှုတ်ခမ်းအစုံကြောင့် ကြည့်မဝ ရှုမဝနိုင်။ လှလိုက်ပါဘိ။

လက်ကမ်းပေးနေတဲ့ ပန်းနတ်သမီးကို ငေးမောတွေဝေရင်း အရာရာကို မေ့လျော့နေပါပြီရော။ ပန်းနတ်သမီးရဲ့ အပြုံးတစ်ချက်က သူ့ဘဝင်ကို တုန်ခါသွားစေပြီး ကမ်းလက်ကို ဆွဲယူဆုပ်ကိုင်လို့ နတ်သမီးခေါ်ဆောင်ရာနောက်ကို လိုက်ပါခဲ့ပြီပေါ့။

(၅)

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလထဲမှာပေါ့။ ဒေါနတောင်တန်းအနောက်ဘက်ခြမ်းက တောကြီးမျက်မည်းထဲမှာ ကျွန်တော်နဲ့ ပန်းနတ်သမီး အပျော်ကြီးပျော်ခဲ့ကြတယ် ဆရာ"

စိတ်ဝေဒနာသည် ကိုဝင်းစိန်ရဲ့ စကားသံကို ဒေါက်တာ မြတ်ဟိန်းကျော် နားထဲက မထွက်။

"အင်း…စိတ်ဝင်စားစရာကောင်းသားဗျ။ ဆက်ပါဦး"

"ဟာ…ဆရာရယ်၊ ဖြစ်ရပ်က အမှန်ဗျ။ စိတ်ဝင်စားစရာကောင်းမှာပေါ့"

"ကဲ…ကဲ…ဆက်ပါဦး"

"ကျွန်တော်က သူ့ကို ပန်းနတ်သမီးလို့ ခေါ်တယ်။ တောအုပ်ကြီးထဲက ဂူကြီးတစ်ခုက ကျွန်တော်တို့ရဲ့ ချစ်နှိဗ္ဗာန်နန်းပေါ့ ဆရာရယ်။ ကျွန်တော်တို့ ပျော်လိုက်ကြတာ ဆရာ၊ ဘာမှကို သတိမရပါဘူး။ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း လှနေလေရဲ့။ ကျွန်တော်တို့ရဲ့ ချစ်တေးဖွဲ့သံစဉ်ကို အားကျလို့လားမသိ။ ကျေးငှက်သာရကာတွေကလည်း ဒွိယံ…ဒွိယံလို့ တွန်ကျူးအော်မြည်နေတာ မမောနိုင်မပန်းနိုင်။ တောပန်း တောင်ပန်းတွေကလည်း အစွမ်းကုန် ဝွားဝွားစွင့်စွင့် ဖူးပွင့်ပေးလို့ ချစ်သူနှစ်ဦးကို ဩဘာပေးခဲ့ကြတယ်။



ကျွန်တော် အချစ်နယ်မှာ အပျော်ကျူးနေရာက လေးငါးရက်အကြာမှာ ပန်းနတ်သမီးက ကျွန်တော့်ကို ပြောဝါတယ်။ ခုနစ်ရက်ပြည့်ရင် သူက သက်တမ်းကုန်တော့မှာတဲ့။ ဒါပေမယ့် မပူပါနဲ့ မောင်ကြီးရယ်တဲ့။ မောင်ကြီးမှာ ရှိတဲ့ ဝိနဘန်ဂေါ်သီးကို စားလိုက်ပြီး ပန်းနတ်သမီးနောက်တစ်လုံး ထပ်ခူးလိုက်ရင် နှမလေး အသက်ပြန်ရှင်လာမှာပေါ့တဲ့။

နောက်တစ်နေ့ နေ့လယ်ပိုင်းမှာ ပန်းနတ်သမီးက ထိုင်နေရင်း လဲကျပြီး အသက်ကုန်ပါရော။

ကျွန်တော်လည်း အိတ်ထဲမှာ နောက်ဆုံးတစ်လုံးကျန်နေတဲ့ ဝိနဘန်ဂေါ်သီးကို ထုတ်ငုံက်ပြီး စားလိုက်ပါတယ်။ ပြီးတော့ သူ့ယောင်တောမှာ နောက်တစ်ကြိမ် ပန်းနတ်သမီးတစ်လုံး ခူးလိုက်ရော။ ထုံးစံအတိုင်း ကျွန်တော် သတိလစ်သွားပြီး သတိပြန်ရတော့ ကျွန်တော့်ချစ်သူ ပန်းနတ်သမီးက ကျွန်တော့်ဘေးမှာ ဆရာ။

ကျွန်တော် ပျော်လိုက်တာ ဆရာ။ ပန်းနတ်သမီး အသက်ပြန်ရှင်လာလို့လေ။

သူကလေးက ပြုံးပြုံးပြီး လက်ကမ်းပေးတာကို အားပါးတရ ဆုပ်ကိုင်ရင်း ကျွန်တော်တို့ ပျော်စရာဖြစ်တဲ့ နိဗ္ဗာန်ဘုံ ဂူလေးဆီကို လျှောက်ခဲ့ကြတယ်။

ချစ်သူရဲ့ ကိုယ်သင်းနံ့က ဂန္ဓ ပန်းရနံ့လိုလို၊ နံ့သာဖြူနံ့လိုလိုနဲ့ သင်း ပျံ့ပျံ့လေး ဆရာရဲ့"

စိတ်ဝေဒနာရှင် ကိုစိန်ဝင်းအ က ဆွေးမြည့် လွမ်းဆွတ်နေဟန်။

"ဒါနဲ့ ခင်ဗျားက ဘယ်လိုဖြစ်ပြီး ပြန်လာရတာလဲ"

"မပြန်ချင်ပါဘူး။ ကျွန်တော် မြ ကို မပြန်ချင်ပါဘူး ဆရာ။ ဒါပေမယ့် အဖြစ်က ဒီလို ဆရာရဲ့"

"ကျွန်တော်နဲ့ ပန်းနတ်သမီး မခွဲနိုင်မခွာရက်ပါပဲ ဆရာရယ်။ ေ ရက်လောက်အကြာမှာ ကျွန်တော် စိုးရိမ်သွားတာက နောက်ထပ် ပန်းန သမီးကို အသက်သွင်းဖို့ ဝိနဘန်ဂေါ် မရှိတော့တာလေ။ ပန်းနတ်သမီး အကျိုးအကြောင်း ရှင်းပြတော့ န သမီးက မျက်နှာမကောင်းပါဘူ မောင်ကြီး အမြန်ပြန်ခဲ့ပါတဲ့။

ကျွန်တော် တောအုပ်က ထွ ပြီး လျှိုထဲကို ရောက်၊ လျှိုထဲက တောတိုးပြီး ဝိနဘန်ဂေါ်သီးအပင်ရှိ ကို မှန်းဆပြီး လာခဲ့တယ်။ ဒါပေမ ဝိနဘန်ဂေါ်သီးအပင်ကို ဘယ်လိုမှ မတွေ့ပါဘူး။ တောအုပ်တစ်ခုလုံး တစ်ခါမှမရောက်ဘူးတဲ့ တောအုပ် ပါပဲ။ တစ်နေ့လုံး တဝဲလည်လည် ရှာတာ၊ မိုးသာချုပ်ရော ကျွန်တော် မတွေ့ပါဘူး။

တောထဲမှာ ညအိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာနဲ့ နောက်ဆုံး လက်ကိုင်လိုက်ပြီး ပန်းနုတ်သမီးရှိရာကို ရောက်ရတော့တယ်။ ဂူကို လှမ်းမြင်ရတော့ ညနေစောင်းနေပြီ။ အပြေးအလွှား ဂူထဲကို ဝင်ပြီး ပန်းနုတ်သမီး ကို ရှာလိုက်ပါတယ်။

ပန်းမွေ့ရာပေါ်မှာ အိပ်မောကျနေတယ် ထင်ပါရဲ့။ အနားကပ်ပြီး လှုပ်လိုက်တော့ ဖော့ဖယောင်းနဲ့ တူတဲ့ ပုံတိုင်လေးက ဘေးကို စောင်းကျသွားပါတယ်။ အသက်ဝိညာဉ် လုံးဝ မရှိတော့ပါဘူး။

ကျွန်တော်…ကျွန်တော် ဘာလုပ်ရမှာလဲ။ အကြာကြီး ငိုင်နေမိပြီး ညှက်ရည်ပေါက်တွေက လိမ့်ဆင်းလာတယ်။ ပန်းနုတ်သမီးရဲ့ အိပ်နေသလို မျက်နှာလေးကို နမြောလိုက်တာ ဆရာ။ ဒါနဲ့ ပန်းနုတ်သမီးကို မျက်နှာ ဖော်ပြီး တစ်ကိုယ်လုံး တောပန်းတွေနဲ့ ဖုံးအုပ်ထားလိုက်တယ်။ ခေါင်းအလည်း တောပန်းတွေနဲ့ ဝေလို့။

တစ်ညလုံး ချစ်သူနံဘေးမှာ ဆောက်တည်ရာမရခဲ့ဘူး။ မနက်လင်းတော့ ကမ္ဘူးရှူးဘိုးနဲ့ သူယောင်တောကို အပြေးသွားခဲ့တယ်။ အပင်အောက်ရောက်တော့ ဘာအသီး ဘာအပွင့်မှ မတွေ့ရတော့ပါဘူး။ အပင်မှားနေလို့လား။ ဟိုဟိုသည်သည်ကို ကြည့်ပြန်တော့လည်း မိန်းမပျိုနဲ့ တူတဲ့ အပွင့်အသီး ဘာကိုမှ မတွေ့ဘူး။

အံ့သြလွန်းလို့ စိတ်တွေတောင် ချောက်ချားနေပြီ။ ဘာတွေဖြစ်နေတာပါလိမ့်။ ဂူရှိရာကို ပြန်လာပြီး ပန်းနုတ်သမီးဘေးမှာ မခွာတမ်း အမြဲနေခဲ့မိတယ်။ သုံးညတိုင်တိုင်ပါပဲ။

လေးရက်မြောက်နေ့မှာတော့ ပန်းနုတ်သမီးကို မတွေ့ရတော့ဘူး။ တောပန်းတွေကို ဖယ်ကြည့်လိုက်တော့ ခြောက်သွေ့ ကြေမွလို့။ ကိုင်လိုက်ရင် အမှုန့်ဖြစ်နေခဲ့ပြီလေ။ ဒါပေမယ့် ရနံ့ကတော့ သင်းပျံ့နေဆဲ။ ဂမုန်းပန်းနံ့လေလား၊ နံ့သာဖြူနံ့လေလားပေါ့။

နောက်တော့ ချစ်ဇိမာန်ဂူလေးကို ကျွန်တော်စွန့်ခွာခဲ့ရပါတော့တယ်"

(၆)

"သက်သာရဲ့လား ကိုဝင်းစိန်"

"သက်သာပါတယ် ဆရာ။ ဆရာမလာတဲ့ ရက်တွေက ငှက်ဖျားပြန်ထနေလို့"

"ဆရာဝန်တွေ အများကြီးဗျာ၊ ဘာမှအားမငယ်နဲ့။ ကောင်းသွားမှာနော်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဪ…ဒါထက် ကိုဝင်းစိန် ဘယ်လိုပြန်ရောက်လာတာလဲ"

"ကျွန်တော် ဂူထဲက ထွက်လာပြီး လေးငါးရက်လောက် တောထဲမှာ မျက်စိလည်နေသေးတယ်။ နောက်တော့ မီးခိုးတလူလူနဲ့ တောင်ယာတဲလေးတစ်လုံးတွေ့ရတယ်။ ကျေးဇူးရှင်ကရင်မိသားစုရဲ့ တဲမှာ တစ်ရက်နှစ်ရက်နေပြီး သူတို့ လိုက်ပို့လို့ ရှမ်းရွာသစ်ကို ရောက်ခဲ့တယ်။ အဲဒီတော့မှ ပြဿနာက တက်တော့တာ"

"အင်း…ဆက်ပါဦး"

"ကျွန်တော် စခန်းက ဆုတ်လာတာ ၁၉၈၈ ခုနှစ်ဆိုတော့ တောထဲမှာ တစ်လကျော် နှစ်လပေါ့။ ဒါပေမယ့် ရှမ်းရွာသစ်ကို ရောက်တော့ ၂၀၁၁တဲ့။ ကြားထဲမှာ နှစ်ပေါင်း ၂၀ကျော်နေပြီ။ ကျွန်တော့်ကို ဘယ်သူမှ မယုံကြတော့ဘူး။ နောက် ဖားအံ့ကတစ်ဆင့် ဒီဆေးရုံကို ရောက်ခဲ့ရတာပါပဲ ဆရာရယ်"

ကဲ…ဒီလူနာနဲ့ကတော့ အခက်ပဲမဟုတ်လား။

(၇)

ဒေါက်တာ မြတ်ဟိန်းကျော် တစ်ယောက် ခရီးထွက်နေရလို့ ဆေးရုံကို မရောက်တာ နှစ်ပတ်လောက် ရှိနေပြီ။ ဒီနေ့မှ ပြန်ရောက်တာ။

"ဆရာမ…ခုတင်နံပါတ်(၆)က လူနာ ဆင်းသွားပြီလား"

"ဪ…ဟုတ်ပါရဲ့။ လူနာက ငှက်ဖျားပိုး ဦးနှောက်ထဲ ဝင်ပြီး ဆုံးသွားပြီ ဆရာ။ ဆရာ့ကို ပေးလိုက်ပါတဲ့။ စက္ကူထုပ်တစ်ထုပ် ရုံးခန်းမှာ ရှိပါတယ် ဆရာ"

"ဪ…အင်း…အင်း"

လူနာတွေ Round လှည့်ပြီး အခန်းထဲမှာ ထိုင်လိုက်တော့ ဆရာမလေးက စက္ကူထုပ်လေး လာပေးပါတယ်။ အသာအယာဖွင့်ကြည့်လိုက်တော့ စိတ်ဝေဒနာရှင် ကိုဝင်းစိန် အပင်အောက်က ကောက်လာပါတယ်ဆိုတဲ့ သူယောင်သီး၊ ဒါမှမဟုတ် သူပြောတဲ့ ပန်းနုတ်သမီးအခြောက်တွေပါလား။ ကိုစိန်ဝင်းရဲ့ လုပ်ရှားမှု ဟန်ပန်တွေက စိတ်ဝေဒနာရှင်တစ်ယောက်နဲ့ လုံးဝ မတူပါဘူး။ ဒါပေမယ့် သူပြောတာတွေကတော့ ဘယ်လိုမှ လက်ခံနိုင်စရာ အကြောင်းမရှိဘူးလေ။

အခုတော့ သူလည်း တမလွန်ခရီးကို နှင်ခဲ့ပြီ။

သူပြောခဲ့သလို ဒေါနတောင်တန်းကြီးရဲ့ အနောက်ဘက်ခြမ်းက တောကြီးမျက်မည်းထဲမှာ ပန်းနုတ်သမီးပင်က တကယ်များ ရှိနေတာလား။ ဒါမှမဟုတ် ကိုဝင်းစိန်ရဲ့ စိတ်ကစဉ့်ကလျား ဖြစ်ခဲ့တာလား။

ဒေါက်တာ မြတ်ဟိန်းကျော် လက်ထဲက သူယောင်မယ်(သို့မဟုတ်) ပန်းနုတ်သမီးကတော့ ပြုံးပြုံးလေး။

* * *

တောင်တွင်းကိုဇော်




www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းထွေလာ ဤကမ္ဘာ

■ မောင်လင်းအောင် ■



**ရေပေါ်တွင် ပေါ်နေနိုင်သည့် စနေဂြိုဟ်**

သိပ္ပံပညာရှင်များ၏ တွေ့ရှိချက်အရ စနေဂြိုဟ် (Saturn)သည် ဂြိုဟ်ကြီးရှစ်လုံးတွင် ဒြပ်ထုသိပ်သည်းဆ အနည်းဆုံးဂြိုဟ်ဖြစ်သည်။ အပေါ့ပါးဆုံးသော ဓာတ်ငွေ့နှစ်မျိုးဖြစ်သည့် ဟိုက်ဒရိုဂျင်(Hydrogen)နှင့် ဟီလီယံ(Helium) ဓာတ်ငွေ့ ပါဝင်မှု အများဆုံးဖြင့် ဖွဲ့စည်းထားသော စနေဂြိုဟ်သည် ရေထက်ပင် ပို၍သိပ်သည်းဆနည်းသည်။ အကယ်၍ စကြဝဠာတစ်ခုလုံး ရေလွှမ်းမိုးခံရပါက စနေဂြိုဟ်ကြီးသည် ရေပေါ်တွင် ပေါ်လောပေါ်နေမည်ဖြစ်သည်။



**အရိုန်အဟုန်ပြင်းစွာဖြင့် စီးဆင်းနေသော မြစ်ကြီး**


လက်တင်အမေရိက(တောင်အမေရိကတိုက်)ရှိ အမေ ဇုန်မြစ်ကြီးသည်(Ama Zon River)ကမ္ဘာပေါ်ရှိ အခြားသော မြစ်များဘက်ကို ပို၍ပြင်းထန်သော အရှိန်အဟုန်ဖြင့် စီးဆင်း နေပြီး တစ်စက္ကန့်လျှင် ပေ ၇သန်းကျော်နှုန်းဖြင့် အတ္တလန္တိတ် သမုဒ္ဒရာအတွင်းသို့ စီးဝင်သည်။ ပျမ်းမျှအနက် ပေ ၅၀ နက်ပြီး အနက်ဆုံးအပိုင်းတွင် ၄၀၇ပေအထိ နက်သည်။ အမေဇုန်မြစ်ကြီးတွင် မြစ်လက်တက်ပေါင်း တစ်ထောင် ရှိပြီး ကမ္ဘာ့သမုဒ္ဒရာကြီးများထဲသို့ စီးဝင်သော ရေချို ၂၀ရာခိုင်နှုန်းသည် အမေဇုန်မြစ်ကြီးမှ စီးဆင်းသွားသည်။



www.burmeseclassic.com


www.burmeseclassic.com





## အနိမ့်တကာ့ အနိမ့်ဆုံး ပင်လယ်

အစ္စရေးနိုင်ငံနှင့် ဂျော်ဒန်နိုင်ငံတို့ကြား၌ ပင်လယ်သေ (Dead Sea)ရှိ ရေသည် ကမ္ဘာပေါ်ရှိ မည်သည့်ပင်လယ်ရေ ထက်မဆို ပိုငန်လေသည်။ ပုံမှန် ပင်လယ်ရေထက် အငန် ဓာတ် (၈-၅)ဆပိုသော ပင်လယ်သေသည် အနက်ဆုံးအပိုင်း တွင် ၁၂၄၀ပေအထိ နက်သည်။ အငန်ဓာတ်လွန်ကဲသော ပင်လယ်သေရှိ ရွှံ့များကို တစ်ကိုယ်လုံးတွင် လိမ်းကျံခြင်းဖြင့် ရောဂါဘယများ ကင်းဝေးစေသည်ဟု ကမ္ဘာလှည့် ခရီးသွား များစွာက ယုံကြည်ထားကြသည်။ အန္တာတိကတိုက်ရှိ Don Juan ရေကန်ရှိ ရေမှာ ပင်လယ်သေထက်ပင် ပိုငန်ကြောင်း လည်း သိရလေသည်။





## ကမ္ဘာ့အရှည်ဆုံး သန္တာကျောက်တန်း

ဩစတြေးလျပိုက်၊ ကွင်းစ်လန်(Queensland)ဒေသရှိ Great Barrier သန္တာကျောက်တန်း ကြီးသည် ကမ္ဘာ့အရှည် လျားဆုံး သန္တာကျောက်တန်းကြီးဖြစ်သည်။ မိုင်ပေါင်း ၁၂၆၀ ကျော်ရှည်လျားပြီး အဖိုးမဖြတ်နိုင်သော ရေအောက် အလှ တရားများဖြင့် ပြည့်နှက်နေသောဒေသလည်း ဖြစ်သည်။ သဘာဝအတိုင်း ဖြစ်ပေါ်တည်ရှိနေသော သန္တာကျောက်တန်း ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်း သိမ်းရေးအဖွဲ့ကလည်း နှိုးဆော်ထားသည်။



www.burmeseclassic.com


www.burmeseclassic.com






### အစားကြီးသော ပိတုန်းငှက်ငယ်

ပိတုန်းငှက်များ(Humming birds)သည် ခန္ဓာကိုယ် သေးကွေးသလောက် အစားကြီးသော ငှက်များဖြစ်ကြသည်။ သူတို့လေးတွေ၏ ကိုယ်ခန္ဓာထက်ဝက်ခန့် ပမာဏရှိသော အစားအာဟာရကို နေ့စဉ် မှီဝဲပေးနိုင်မှ ကောင်းစွာ အသက် ရှင်နေနိုင်သော ငှက်ငယ်လေးများဖြစ်သည်။ အင်းဆက်ပိုး ကောင်လေးများနှင့် ပန်းဝတ်မှုံများကို အစာအာဟာရအဖြစ် စားသုံးကြသည်။ သူတို့၏ အစာခြေစနစ်ကလည်း အလွန် ကောင်းမွန်သည်။



### ရေခဲမုန့် ဘိုးဘိုးကြီး

အမေရိကန်ပြည်ထောင်စု၊ နယူးဂျာစီပြည်နယ်ရှိ Charlie D' Angelo (ချာလီ ဒီအန်ဂလို)ဆိုသူသည် နှစ်ပေါင်း ၃၀ကျော်တိုင်အောင် ရေခဲမုန့်ရောင်းသော လုပ်ငန်းဖြင့် အသက်မွေးခဲ့သူဖြစ်သည်။ ၁၉၁၉ ခုတွင် မွေးဖွားခဲ့သော ချာလီသည် အသက် ၁၂နှစ်သားအရွယ်ကတည်းက ရေ... လုပ်ငန်းကို တည်ထောင်ခဲ့သည်။ ချာလီသည် ၁၉၇... ယနေ့ထက်တိုင် ရေခဲမုန့်တစ်မျိုးတည်းကိုသာ ရောင်း... သည်။



### ကြောင်သက်ရှည်ကြီး

အမေရိကပြည်ထောင်စု တက္ကဆက်ဒေသရှိ 'Ja... Perry' ဆိုသူ ပိုင်ဆိုင်သော 'Creme Puff' အမည်ရှိ ကြော... သည်- ၁၉၆၇ခု၊ ဩဂုတ်လ ၃ရက်နေ့တွင် မွေးဖွားခဲ့... ၂၀၀၅ခုနှစ်၊ ဩဂုတ်လ ၆ရက်နေ့တွင်မှ သေဆုံးသွားခဲ့သ... သူသေဆုံးချိန်တွင် အသက် ၃၈နှစ်နှင့် သုံးရက်ရှိပြီဖြစ်သ... ကြောင်များထဲတွင် အသက်အရှည်ဆုံးသော ကြောင်... အဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com





## ကမ္ဘာ့အကြီးဆုံး ဈေးဝယ်စင်တာကြီး

အာရပ်စော်ဘွားများ ပြည်ထောင်စု(UAE)၊ ဒူဘိုင်း(Du bai) တွင် ရှိသော ဒူဘိုင်းဈေးဝယ်စင်တာ(Du bai Mall)ကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ဈေးဝယ်စင်တာကြီးဖြစ်သည်။ အထပ်လေးထပ်ပါရှိသော အဆောက်အအုံကြီးတွင် ဈေးဆိုင်ခန်း ၁၂၀၀ကျော်နှင့် စားသောက်ဆိုင်ပေါင်း ၁၆၀ကျော် ပါရှိသည်။ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၄ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။




## ကမ္ဘာ့အကြီးဆုံး စက်ရုံ အလုပ်ရုံကြီး

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်ရှိ ဘိုးရင်း(Boeing)လေယာဉ်စက်ရုံကြီးသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး စက်ရုံကြီးဖြစ်သည်။ မြေကော ၁၀၀ခန့် အကျယ်အဝန်းရှိသော ဘိုးရင်းစက်ရုံကြီးတွင် ဘိုးရင်း ၇၃၇၊ ဘိုးရင်း ၇၄၇နှင့် ဘိုးရင်း ၇၇၇ ခရီးသည်တင် လေယာဉ်ကြီးများကို ထုတ်လုပ် တပ်ဆင်သည်။

## ပြေးလွှားနေဆဲ ရထားအိုကြီး


နတ်သမီးဘုရင်မ(Feairy Queen)ဟု အမည်ရသော ရထားအိုးကြီးကို ၁၈၅၅ခုတွင် အင်္ဂလန်နိုင်ငံ၊ လိဒ်ဒေသတွင် တည်ဆောက်ခဲ့သည်။ ထိုရထား၏ စက်ခေါင်းကို ၁၉၉၇



ခုတွင် အိန္ဒိယနိုင်ငံက ဝယ်ယူခဲ့ပြီး ဒေလီမြို့အနီးအနားတစ်ဝိုက်တွင် ပြေးဆွဲစေခဲ့သည်။ သက်တမ်း ၁၅၀ကျော်ရှိပြီဖြစ်သော ထိုရထားအိုကြီးသည် ယနေ့ထက်တိုင်အောင် ကမ္ဘာလှည့်ခရီးသည်များ စီးနင်းနိုင်ရန်အတွက် သံလမ်းထက်တွင် ပြေးလွှားပေးနေဆဲပင်ဖြစ်သည်။

## ကုန်းမြေမြင့်ပေါ်ရှိ ဘူတာရုံ

တိဘက်ကုန်းမြင့်ဒေသရှိ တန်ဂူလာ(Tanggula) ဘူတာရုံသည် ကမ္ဘာပေါ်တွင် ပင်လယ်ရေမျက်နှာပြင်အမြင့်





www.burmeseclassic.com


www.burmeseclassic.com



ခုံးတွင် တည်ရှိသော ဘူတာရုံဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၆၆၂၇ ပေတွင် တည်ရှိသော ထိုဘူတာရုံသည် ၂၀၀၆ခု၊ ဇူလိုင်လ ၁ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

## ကမ္ဘာ့အနက်ဆုံး မိုင်းတွင်း


တောင်အာဖရိကနိုင်ငံရှိ 'Tau Tona' မိုင်းတွင်းသည် ကမ္ဘာပေါ်တွင် အနက်ဆုံး မိုင်းတွင်းဖြစ်သည်။ Tau Tona



သည် ကြီးကျယ်သော ခြင်္သေ့ကြီးဟု အဓိပ္ပာယ်ရပြီး ရွှေရှာသော မိုင်းတွင်းလည်း ဖြစ်သည်။ မြေအောက် အနက် ၂မိုင်ခွဲခန့် နက်ရှိုင်းသော အဆိုပါ မိုင်းတွင်းတွင် စုစုပေါင်း ၄၉၇မိုင်ခန့် ရှည်လျားသော လိုဏ်ခေါင်းပေါင်းများစွာကိုလည်း တူးဖော်ထားသည်။ မိုင်းတွင်းအောက်ခြေတွင် ကျောက်သားအပူချိန် ၆၀ဒီဂရီစင်တီဂရိတ်(၁၄၀ ဒီဂရီဖာရင်ဟိုက်)အထိ ရောက်ရှိတတ်ပြီး မိုင်းလုပ်သားပေါင်း ၅၆၀၀ကျော် အလုပ်လုပ်ကိုင်သည်။

## ကမ္ဘာ့အကြီးဆုံး ရေတံခွန်ကြီး


ဗစ်တိုးရီးယားရေတံခွန် (Victoria Falls)ကြီးသည် ဇင်ဘာဘွေနိုင်ငံနှင့် ဇမ်ဘီးယားနိုင်ငံတို့ကြားတွင် တည်ရှိပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးသော ရေတံခွန်ကြီးဖြစ်သည်။



ရေတံခွန်ကြီးသည် ကမ္ဘာ့အကြီးဆုံး ရေတံခွန်အဖြစ်သာမ[...] ဘဲ ကမ္ဘာ့အမြင့်ဆုံး ရေတံခွန်ကြီးအဖြစ်လည်း နာမည်ကျော်ကြားသည်။ ၅၆၀၄ ပေအကျယ်ရှိပြီး ၃၅၄ပေအမြင့်ရှိသော ရေတံခွန်ကြီးသည် ရင်သပ်ရှုမောဖွယ်ကောင်းအောင်လည်း လှပသည်။

## အစားပုတ်သော ပန်ဒါလေးများ

ပန်ဒါ ဝက်ဝံလေးများသည် ချစ်စရာကောင်းသလော[...] အစားပုတ်လေးများလည်း ဖြစ်ကြသည်။ ၎င်းတို့သည် သူ[...] ခန္ဓာကိုယ်အလေးချိန်၏ ၃၈ ရာခိုင်နှုန်းပမာဏရှိသော ဝါး[...]



ရွက်လေးများကို နေ့စဉ် စားသောက်ကြသည်။ သို့သော်[...] ၁၁ူတို့ စားသုံးသော ဝါးရွက်ပမာဏ၏ ၂၁ရာခိုင်နှုန်းကိုသ[...] သူတို့ အစာအိမ်က ချေဖျက်ပေးနိုင်စွမ်းရှိသည်။

* * *

မောင်လင်းအေး[...]

Ref ; Guinnes World Recor[...]



www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသော အမြွှာပူးများ

တင်နိုင်တိုး

အမြွှာပူး ကလေးငယ်များ မွေးဖွားသည့်အကြောင်း မကြာခဏ ကြားသိရတတ်ပါသည်။ အမြွှာပူးတွင် ရင်ချင်းဆက် အမြွှာ၊ ကျောချင်းဆက် အမြွှာ စသည်ဖြင့်လည်း ကြားရတတ်၏။ အမြွှာပူးများအကြောင်းကို မြန်မာရာဇဝင်ကျမ်းများတွင်လည်း မကြာခဏ တွေ့ရတတ်ပါသည်။ စာရေးသူတို့ ငယ်စဉ်က မနန်းစိုး၊ မနန်းစံ ရင်ချင်းဆက် အမြွှာအကြောင်းကို အတော်စိတ်ဝင်စားခဲ့ဖူးပါသည်။

ကမ္ဘာကျော် ခါးချင်းဆက်အမြွှာအကြောင်းကိုလည်း ဖတ်ရှုရဖူး၏။ အချို့ အမြွှာပူးများက တစ်ဦးနှင့် တစ်ဦး ထိစပ်မနေဘဲ တသီးတခြားစီ ဆက်တိုက် မွေးဖွားလာခြင်းမျိုး ဖြစ်သည်။ သူတို့က လူချင်း ထိစပ်မနေကြသော်လည်း စိတ်ချင်းတော့ ထိစပ်နေကြသည် ဆိုပါသည်။ တစ်ဦးတွင် ထိခိုက်နစ်နာကျင်မှုဖြစ်လျှင် ကျန်တစ်ဦးတွင်လည်း ထိခိုက်နာကျင်မှု ဖြစ်ရသည်မျိုး ဖြစ်ပါသည်။

တစ်ခါတစ်ရံ မြန်မာပြည်တွင် အမြွှာပူးအရေအတွက် ညီမျှ များများမွေးဖွားခဲ့ဖူးသည်ကို မဆီမဆိုင် တွေးမိပါသည်။ မှတ်တမ်းမှတ်ရာများအရဆိုလျှင် ငါးမြွှာပူး မွေးဖွားသည်ကို တွေ့ရှိရဖူးပါသည်။ ငါးမြွှာပူးက ပါလီမန်ခေတ် ၁၉၅၂ ခုနှစ်က မော်လမြိုင်တွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ ကလေး ၅ဦးအား ဓာတ်ပုံနှင့်တကွ သတင်းစာတွင် ဖော်ပြထားရာ ခေတ်ဟောင်း သတင်းစာများကို ပြန်လည်လေ့လာမိရင်း အမှတ်မထင် တွေ့ရှိရသော ငါးမြွှာပူး သတင်းအား ရေးမှတ်ထားလိုက်မိပါသည်။

**မော်လမြိုင်က ပထမ ငါးမြွှာပူး**

**(ဗမာ့ခေတ် ၁၈-၁၁-၁၉၅၂)**

၁၄၊ နိုဝင်ဘာ၊ ၁၉၅၂၊ နံနက် ၇နာရီအချိန်၌ မော်လမြိုင်မြို့ ညောင်ပင်ဆိပ်၊ အနောက်ဘက်ကမ်း ရွာသစ်ရပ်နေ အမျိုးသမီးတစ်ဦးက ယောက်ျားကလေး ငါးမြွှာပူး မွေးဖွားခဲ့သည်။ ရွာသစ်ရပ်နေ လယ်ယာလုပ်ငန်း လုပ်ကိုင်သူ ကိုဖေကြည်၏ ဇနီး မမေကြည်မှ ငါးမြွှာပူး မွေးဖွားခဲ့ခြင်းဖြစ်သည်။ မမေကြည်မှာ တတိယမြောက် မီးဖွားခြင်းဖြစ်၏။

ငါးမြွှာပူးမွေးဖွားသည်ဆို၍ ရပ်နီးရပ်ဝေး ကျေးရွာများမှ လာရောက် ကြည့်ရှုသူများနှင့် အထူးစည်ကားလျက် ရှိကြောင်း ဆိုပါသည်။ ကြည့်ရှုကြသူများက ကလေးစရိတ်များ ပေးကမ်း ထောက်ပံ့ခဲ့ကြသည်။ မွေးစ ကလေးငယ်များအား မိခင်နှင့်အတူ မော်လမြိုင်ဆေးရုံသို့ ပို့ဆောင်ပေးကြသည်။ ဆေးရုံတက်နေစဉ် ကလေးနှစ်ယောက် ဆုံးပါးသွားသဖြင့် သုံးယောက်သာ ကျန်ရှိပါသည်။ ကလေးငယ် သုံးဦးအား မော်လမြိုင်ဆေးရုံမှ ပြုစုစောင့်ရှောက်ပေးထားပါသည်။

၁၄၊ နိုဝင်ဘာ၊ ၁၉၅၂က မော်လမြိုင်သို့ ရောက်ရှိလာသည့် အင်ဒိုနီးရှား သံအမတ်ကြီးနှင့်အဖွဲ့ ကလေးများအား လာရောက်ကြည့်ရှုကာ ဓာတ်ပုံရိုက်ယူသွားကြသည်။

ဤသတင်းမှတ်တမ်းကို ဖတ်ရှုဖြစ်သောအခါ မြန်မာပြည်တွင်း ငါးမြွှာပူးမွေးဖွားမှု ရှိခဲ့ဖူးကြောင်း သိရှိလာရပါသည်။ နှစ်မြွှာပူး၊ သုံးမြွှာပူးအထိသာ ကြားဖူးသော်လည်း ငါးမြွှာပူး မွေးဖွားခြင်းဟူ၍ ဤတစ်ကြိမ်သာ တွေ့ရှိရဖူးပါသည်။

မကြာမီ လေးမြွှာပူးမွေးဖွားသည့် သတင်းတစ်ပုဒ်ကို ဖတ်ရှုရပြန်ပါသည်။

ဤတစ်ကြိမ်တွင်တော့ ထူးဆန်းသော အဖြစ်အပျက်ဖြစ်သဖြင့် သတင်းအပြည့်အစုံကို ကူးယူမှတ်သားထားဖြစ်လိုက်ပါသည်။ သတင်းက အောက်ပါအတိုင်းဖြစ်ပါသည်။

**ထူးဆန်းသော လေးမြွှာပူးမိခင်**

**(ဗမာ့ခေတ် ၃-၉-၁၉၅၃)**

လွန်ခဲ့သော တစ်နှစ်က မျက်မမြင်ဘဝမှ ပြန်မြင်လာသည်ဆိုခြင်း(ဥက္ကံသတင်းထောက်ထံမှ)။



www.burmeseclassic.com

www.burmeseclassic.com



ဝါဆိုလပြည့် အင်္ဂါနေ့ညနေ ၅နာရီတွင် ဥက္ကံမြို့ အနောက်၊ သခွပ်ကုန်းရွာ ကိုသာလှိုင်၏ ဇနီး၊ အသက် ၄၀ခန့်ရှိ မျက်မမြင် မစောစိန်သည် သားယောက်ျားလေး ၄ယောက်ကို ဖွားမြင်လေသည်။

မစောစိန်၏ သားလေးယောက် အမြွှာပူးမွေးဖွားပုံမှာ ပထမ သားဦးသည် ရိုးရိုးပင် ခေါင်းက စ၍ ဖွားပြီး၊ ဒုတိယ သားလတ်၌ ခြေက စ၍ ဖွားလေသည်။ တစ်ဖန် တတိယ သားသည် ဦးခေါင်းက စဖွားပြန်ပြီး စတုတ္ထသားအငယ်မှာ တတိယဖွားသော သားနှင့် ခြေကန်ပြီး ခြေဖဝါးချင်းဆက်၍ ဖွားလာလေသည်။

**ထူးခြားပုံ**

မစောစိန်သည် မီးမဖွားမီ တစ်ညတွင် ၎င်းတို့အိမ်ပေါ်သို့ ဘုန်းတော်ကြီးတစ်ပါးနှင့် ဝတ်ဖြူစင်ကြယ် ပုဂ္ဂိုလ် သုံးဦးတို့ အလှူခံလာသည် ဆို၏။ သားလေးယောက်ဖွားမြင်ပြီးသောအခါ မစောစိန်မှာ လွန်ခဲ့သော တစ်နှစ်ခန့်မှ စ၍ မျက်မမြင် ဒုက္ခိတဘဝမှ ချက်ချင်းပင် ပြန်မြင်လာသည် ဆို၏။ ၎င်းတို့အိမ်၌ မွေးထားသော ခြံပေါက် နွားဗျကောင်ကလည်း တစ်ကောင်က နွားထီးကလေးတစ်ကောင်ပေါက်ပြီး ကျန်တစ်ကောင်က နွားထီးကလေး နှစ်မြွှာပူး မွေးဖွားလေသည်။

**ထွေးစရာမရှိ**

မစောစိန်၏ အမြွှာပူးသားတို့အနက် အကြီးဆုံး သားကလေးမှာ မွေးဖွားပြီး မကြာမီပင် သေဆုံးသွားရာ ကျန်ကလေးသုံးယောက်နှင့် မိခင်မှာ ယခုအခါ ကျန်းမာလျက်ရှိလေသည်။ မစောစိန်မှာ ဆင်းရဲလှ၍ သားကလေးများကို ထွေးရန် ပိတ်ကိုမျှ မဝယ်နိုင်သဖြင့် သူတစ်ပါး၏ ပုဆိုးအဟောင်းအနွမ်းများကို တောင်းပြီး ကလေးများကို ထွေးရသည်ဟု ကြားသိရ၏။

ဤသတင်းပါ အမြွှာပူးတို့၏ မိခင်အဖြစ်က ထူးဆန်းလှပေသည်။ လွန်ခဲ့သည့် တစ်နှစ်ကပင် မျက်စိကွယ်ကာ ဒုက္ခိတဖြစ်နေရသော်လည်း ကလေးများ မီးဖွားပြီးချိန်တွင် ပြန်လည်၍ မျက်စိမြင်ခဲ့ရခြင်းဖြစ်သည်။ ကလေးများကို မီးမဖွားမီ မြင်မက်သော အိပ်မက်ကပင် ထူးခြားနေပေသည်။ ထူးထူးခြားခြား အမြွှာပူးမွေးသည့်အခါ အိပ်မက်သည်လည်း ထူးခြားနေတတ်၏။

မနန်းစိုး၊ မနန်းစံ အမြွှာညီအစ်မ မမွေးဖွားမီက မိခင် မဒေါ်ပုံသည် မော်တော်ကား၊ သင်္ဘော၊ လေယာဉ်ပျံများ စီးရသည်ဟု တစ်လ နှစ်ကြိမ်ခန့်ဖြင့် ငါးခါလောက် အိပ်မက် မက်ခဲ့သည်ဆို၏။ ကလေးများ ဖွားမြင်မည့်ညတွင်မူ မဒေါ်ပုံတို့ အိမ်ရှေ့အပေါက်ဝတွင် ထိုင်နေစဉ် ကောင်းကင်ပေါ်မှ ဆင် ကြီးတစ်ကောင်ဆင်းလာပြီး အိမ်ရှေ့ အပေါက်ဝတည့်တည့် ၌ လာရပ်နေကြောင်း၊ ဆင်ခြေထောက်များမှာ မြေကြီးနှင့် လွတ်နေကြောင်း၊ ဆင်ကြီး၏ နှာရွက်နှစ်ဖက်က လှုပ်နေပြီး ဆင်ပေါ်တွင် ၂၅နှစ်အရွယ်ခန့် ကလေးမလေးနှစ်ယောက် ထိုင်နေကြောင်း၊ တစ်ယောက်က လာပါဦးဟု လက်ယပ်ခေါ် ရာ "ငါ့မှာ ကိုယ်ဝန်ကြီးနှင့် ထမလာနိုင်ဘူး နင်တို့ ဆင်းလာ ခဲ့"ဟု ပြောလိုက်ကြောင်း၊ ထိုအခါ တစ်ယောက်က "အစ ကို မပြောပါနဲ့ဟယ်"ဟုဆိုကာ အချင်းချင်းပြောပြီး ရယ်နေ ကြကြောင်း အိပ်မက်မက်ခဲ့သည် ဆို၏။

အိပ်မက်က ဤတွင် ပြီးဆုံးမသွားဘဲ ဆင်ကြီးနံဘေး ၌ ခေါင်းလောင်းဖြူများ ပတ်ထားပြီး တောင်ဝှေးတစ်ချောင်း ကိုင်ထားသည့် မတ်တတ်ရပ်လျက် အဘိုးကြီးတစ်ဦးပေါ် လာသည်။ အဘိုးကြီးက...

"ဟေ့...တူမလေး၊ မင်းတို့အိမ်ရှေ့မှာ ဘာတွေလဲ"

ဟု မေးလိုက်ရာ မဒေါ်ပုံက...

"အဘိုးရယ်...အမှိုက်တွေပဲ ရှိပါတယ်"

ဟု ပြန်ဖြေလိုက်သည်။ ထိုအခါ...

"အဲဒါ အမှိုက်တွေ မဟုတ်ဘူး၊ ရွှေတွေ ငွေတွေ"

ဟု အဘိုးအိုက ပြောပြီး တောင်ဝှေးဖြင့် ထိုးလိုက်ရာ အဘိုးအိုရော၊ ဆင်ကြီးနှင့် မိန်းကလေးနှစ်ဦးပါ ပျောက် ကွယ်သွားလေတော့သည်။

ထို့နောက် ဗိုက်နာလာကာ ၂၀၊ ဖေဖော်ဝါရီ၊ ၁၉၇၁ နံနက် ၇နာရီခန့်တွင် အရပ်လက်သည်နှင့် အမြွှာညီအစ်မ မနန်းစိုး၊ မနန်းစံတို့ကို ဖွားမြင်ခဲ့ခြင်းဖြစ်ပါသည်။

ဤသို့ ကိုယ်ချင်း ပူးတွဲနေသော အမြွှာမျိုး ကမ္ဘာပေါ် တွင် ယခင်က ၅၂တွဲရှိခဲ့ဖူးရာ ၁၆၇၉ ခုနှစ်မှစ၍ ခွဲစိတ် ကုသမှု ပြုခဲ့ကြောင်း၊ နှစ်ပေါင်း ၂၅၀အတွင်း ကလေးငယ် ၃၀မှာ အသက်ရှိပြီး ၂၀မှာ သေဆုံးခဲ့ကြောင်း သိရှိရ၏။

အမြွှာပူးကလေးများကား ထူးခြားမှုတစ်ခုမဟုတ်တစ်ခု ရှိကြသည်သာ ဖြစ်ပါသည်။

* * *

တင်နိုင်ဆွေ

ကျမ်းကိုး

- ဗမာ့ခေတ်သတင်းစာ(၃-၉-၅၃)နှင့် (၁၈-၁၁-၅၂)ပါ အမြွှာ ပူးမွေး ဖွားမှု သတင်းမှတ်တမ်းများ။
- မနန်းစိုး၊ မနန်းစံ(ဦးဉာဏ်မြင့်)။




www.burmeseclassic.com

www.burmeseclassic.com


ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

**ဆရာဒေဝ A.G.T.I (Civil)**

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်




အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၁၅၁၇၁၊
Email; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com


# တိကျမှန်ကန်လို့ အံ့ဩမဆုံး

ဆရာ ရှင့် ..  28 . 1 . 2005

1998 ခုနှစ် ဆရာ နှင့် ဟောခဲ့ အချိန်က .

အသက် ၂၃ နှစ် နဲ့ ၂၄ နှစ်ကြား မှာ 'ရေးချွန်ဆု' ရဦးမယ်လို့ ဟောခဲ့ပါတယ်..။

တင်မလာ:ခဲ့ပါဘူး..။

2003 ခု ဧပြီလ မှာ ဆရာ့ဆီ ဒုတိယ အကြိမ် သွားတော့..

ဒီတစ်နှစ် သုံးလ အတွင်း မှာ 'ရေးချွန်ဆု' ရမယ် လို့ ထပ်ပြောပါတယ်..။

အဲဒါ လဲ မမျှော်လင့်ခဲ့ပါဘူး...။

အခု ဆရာ ဟောတဲ့ အတိုင်း.. မမျှော်လင့်ပဲ သမီး 'မြန်မာ့ညွှန့်ပေါင်း ရေးချွန်ဆု'

ရခဲ့ပါတယ်..။

ဆရာ့ ဟောကြား ချက်တွေ တိကျမှန်ကန် လို့ အံ့ဩမဆုံး ဖြစ်ရပါတယ်..။

ကျေးဇူးတင်လျက်

ဒိုးမြတ်နှာ.

www.burmeseclassic.com

www.burmeseclassic.com



ပွဲမကြည့်ဖြစ်သူနှင့်ဆုံတဲ့ည


www.burmeseclassic.com

www.burmeseclassic.com

(၁)

တစ်ခါကတော့ ကျွန်တော်လည်း [illegible]င်းသားတစ်ဦးပါ။ ပွဲရုံများတွင် [illegible]ောင်မောင်၊ စိန်အောင်မင်း၊ စိန် [illegible] စသည်ဖြင့် မင်းသားကြီးများ နိုင်ငံသိ ကျော်ကြားနေချိန်၊ ဗလာပွဲလောကတွင် တိုင်းချစ်သန်းစိန်၊ သဟာယ အောင်စိန်၊ မြို့တော် သန်းစိန်၊ လူထုစိန် ဆိုသော မင်းသားများလည်း နာမည်ထွက် လူကြိုက်များခဲ့သည်။ အလားတူပင် ဗလာပွဲလောက၌ မင်းသား စိန်မြင့်ကြည်၊ ရွှေမန်း ခင်နိုင်၊ ကျွန်တော်တို့မှာလည်း ကိုယ့်ပရိသတ်နှင့် ကိုယ်၊ ကိုယ့်နယ်နှင့် ကိုယ်၊ လူကြိုက်များသည့် မင်းသားများဖြစ်ခဲ့သည်။

ဇာတ်ကြီးများက မြို့ကြီးပြကြီးများ၌သာ ရုံပွဲအကများ၍ ဗလာဇာတ်များက တောရွာဘုရားပွဲ၊ အလှူပွဲများသာ ကသည်။ ဇာတ်ကြီးများက ဗလာဇာတ်များထက် လူအင်အား၊ ပစ္စည်းအင်အားများ၍ ဇာတ်ရင်းက ကြီးသည်။ ဗလာဇာတ်ကတော့ လူအင်အား ပစ္စည်းအင်အားနည်း၍ ဇာတ်ရင်းဈေးက နည်းသည်။ ဗလာဇာတ်က နှစ်ည သုံးညငှားလျှင်ပင် လိုက်ဖြစ်သည်။ ဇာတ်ကြီးကတော့ အနည်းဆုံး ငါးညလောက်မျှ မကရရင်၊ မငှားရင် မလိုက်နိုင်။ ပွဲငှားခကလည်း ဗလာဇာတ်ထက် နှစ်ဆ၊ သုံးဆမျှ ပိုသည်။ သို့ကြောင့်လည်း ကိုယ့်နေရာ၊ သူ့နေရာ၊ နယ်ကန့်



www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်သွား၍ ဗလာဇာတ်များ ကိုယ့်နေရာ၊ ကိုယ့်ဒေသမှာ စောက်စားခွင့်ရကြသည်ပဲ ဖြစ်သည်။

သည်တုန်းက ကျွန်တော့်အသက် ၂၀ပင် မပြည့်သေး။ အိမ်ထောင်သည်လည်း မဖြစ်သေး၍ အရပ်ထဲရော ဇာတ်ထဲမှာပါ မျက်နှာပွင့်သည်။ ဇာတ်ဆရာအိမ်ဧည့်ခန်းမှာ ကျွန်တော့်ဓာတ်ပုံတွေက များသည်။ ဤသည်ကား လွန်ခဲ့သောနှစ် ၃၀ကျော်ကာလ၊ ကျွန်တော်ငယ်ရွယ်စဉ် စန်းတက်နေတုန်းက ဖြစ်သည်။ ကျွန်တော့်စန်းက ၁၀နှစ်မျှလောက်ပဲ ခံသည်။ ငယ်ရွယ်နုပျိုသော မင်းသားလေးများ အစားထိုးဝင်ရောက်လာသည်။ ကျွန်တော့်အသက် ၃၀ ဝန်းကျင်မှာပင် နောက်ပိုင်းမင်းသားဘဝကို ရောက်သွားသည်။ ဝါသနာကို မစွန့်လွှတ်နိုင်တော့လည်း အသက် ၅၀အထိ ကဖြစ်၊ ဆိုဖြစ်ခဲ့သည်၊ သည့်နောက်တွင်တော့ သမီးကတား၊ သားက ကန့်ကွက်၊ ဇနီးက မကြိုက်ဆိုတော့လည်း နောက်ပိုင်းမင်းသားဘဝကိုပင် ကျွန်တော် ဆက်မကဖြစ်တော့။ အိမ်အလုပ်ကိုပင် လိုသည့်နေရာဝင်လုပ်ရသည်။ အိမ်မှာက ဘော်ကြယ်ထိုးလုပ်ငန်းရှိသည်။ မင်းသား တောင်ရှည်၊ မင်းသမီး ခေါင်းပေါင်း၊ ပဝါကအစ အပ်ထည်ရသည်။

ကျွန်တော်က ပန်းဒီဇိုင်းပုံစံထုတ်ရသည်။ သမီးနှင့် သားကို ပုံကူးခွဲခိုင်းရသည်။ ဇနီးက ဘော်ကြယ်အကြီးအသေး၊ အရောင်၊ ဘယ်အပ်ထည်ဘယ်သို့ ထိုးဆိုတာ ကြီးကြပ်ရသည်။ အိမ်မှာက မိသားစုမပါ တစ်နေ့ လုပ်သား လေးငါးယောက်တော့ ရှိသည်။ အပ်ထည်များသည့်အခါ၊ လောသည့်အခါမှ မိသားစု ဝင်ရဝိုင်းရသည်။ သာမန်နေ့တွေမှာက ကျွန်တော်တို့လင်မယားဝင်ပါစရာ မလို။ သို့ကြောင့်လည်း အိမ်မှာက ကျွန်တော် လူပို။

တစ်နေ့ ဇာတ်ဆရာ ဦးအောင်ကြီးတို့သားအဖ တောင်ရှည်များ လာအပ်သည်။ ယခင်ရှိပြီး ဒီဇိုင်းများကို မကြိုက်၊ အသစ်ထွင်ပေးရန် အပူကပ်သည်။ ဒီဇိုင်းအကြမ်း သုံးလေးမျိုးဆွဲပြပြီးမှ တစ်မျိုးကို အပ်နှံသည်။ သူ့ဇာတ်မှာက နောက်ပိုင်း မင်းသားကြီး မထား။ သူကိုယ်တိုင်ဝင်ကသည်။ သူ မအားလပ်သည့်အခါ ဘောက်သမားရှာ၍ ချိုကောက် အစားထိုးသည်။ ဤသည်ကလည်း အမြဲတမ်းတော့ အဆင်မပြေ။ မင်းသားကြီးထဲမှာ ဘောက်သမား ရှားသည်။ ကျွန်တော်ကတော့ မည်သည့်ဇာတ်မှ မကသူမို့ သူက မျက်စိကျနေသည်။

သူက သည်နှစ်ထဲမှာ ကျန်းမာရေး သိပ်မကောင်း။ ခရီးလည်း သိပ်မထွက်နိုင်၍ သူ လိုအပ်သည့်အခါ လိုက်ကပေးဖို့ အကူအညီတောင်းသည်။ ကျွန်တော်က အိမ်မှာလည်း မယ်မယ်ရရ လုပ်အားမလို။ သူ့ကျေးဇူးနှင့်လည်း မကင်းခဲ့သူမို့ အားရင် အားသလို ကူညီပါမည်ဟု ကတိပေးထားခဲ့သည်။ ထိုကတိစကားအရပင် ကျွန်တော် ကုန်းသာရွာဘုရားပွဲမှာ သွားကရန် ဖြစ်လာသည်။

(၂)

ဇာတ်တစ်ဖွဲ့လုံးက မနက်စောစော ရွာကို သွားနှင့်သည်။ ဇာတ်ကားနှင့် မလိုက်ဖြစ်သော ကျွန်တော်က ကိုယ့်အစီအစဉ်နှင့် ကိုယ်လိုက်ရသည်။ သည်ရွာက ကျွန်တော်နှင့် မစိမ်းပါ။ ကျွန်တော်ခေါင်းဆောင်မင်းသားဘဝနှင့် လေးငါးနှစ်ဆက်တိုက် ကခဲ့ဖူးသည်။ မင်းသားကြီးဘဝနှင့်လည်း သုံးလေးကြိမ်ထက်မနည်း ကခဲ့ဖူးသည့်ရွာ။ သက်တူရွယ်တူ ရွာသားအချို့နှင့်... ကျွန်တော် ရင်းနှီးကျွမ်းဝင်နေပေပြီ...

သည်ရွာသွားဖို့က ကားတစ်... ခြေကျင်တစ်ဝက်သွားရသည်။ ပြည်... အောင်လံ၊ ဝက်ထီးကန်၊ မန္တ... အလျဉ်းသင့်သည့် ကားစီး၍ ထ... ပေါက်ရွာထိပ်မှာ ဆင်း၊ ခြေကျင်ခရီး... ထန်းပေါက်၊ ငါးရွာ၊ ပေါက်တော၊ လ... ပံလှ၊ မင်းသားကြစ်၊ သဲကုန်းရွာတို့... ဘောမြောင်းဘောင်အတိုင်း သွားရသည်... ပုံမှန်အားဖြင့် နှစ်နာရီပျော့ပျော့လျှော... လျှင် ရောက်သည်။

ညနေ နေဝင်ဖျိုးပျ ၆နာရီ... လောက် ထန်းပေါက်ရွာထိပ်ကို ကျွန်... တော်ရောက်နေခဲ့လျှင် မဆိုးလှ။ ... မထွက်ခင်အချိန် တစ်နာရီနီးပါး ... ရောက်နိုင်သည်ဟူသော အတွေး... အိမ်မှ အေးအေးဆေးဆေး ထွက်လာ... သည်။ အဝေးပြေးကွင်းထဲ ကျွန်တော်... ရောက်တော့ ညနေ ၆နာရီတိတိရှိ... ပြီ။ အောင်လံ ဗိုင်နာက လူတင်နေ... မို့ ခပ်သုတ်သုတ်ပင် ကားပေါ် တက်... လိုက်သည်။ သို့သော်လည်း ကား... မထွက်။

၇နာရီထိုးခါနီးမှ ကားက ဂိတ်... မှ ထွက်သည်။ ဂိတ်ကြီးဝန်းထွက်ပေါက်... အပြင်ဘက်၌ ကားက လူခဏစောင့်... တင်သည်။ စပယ်ယာက သုံးဘီးကား... ဂိတ်ခရီးသည် သွားရှာသည်။ ခရီးသည်... သုံးလေးဦးရမှ ကားက ထွက်သည်... သိပ်မကြာလိုက်။ လမ်းသစ်နှင့် ဗိုလ်ချုပ်... လမ်းဆုံရာကျွေ့၌ ကားက ရပ်ပြန်... သည်။ ယာဉ်မောင်းက စက်ရပ်ပြီး... ခေါင်းခန်းမှ ဆင်းကာ ကွမ်းယာဆိုင်... သွားထိုင်သည်။ ယာဉ်နောက်လိုက်က... မလာသေးသည့် ခရီးသည်ကို မျှော်ရင်း... "အောင်လံ . . .အောင်လံ"ဟု... တကြော်ကြော်အော်နေသည်...



www.burmeseclassic.com

www.burmeseclassic.com



လမ်းသစ်ထိပ်မှာ ခရီးသည် ...ဦး ထပ်ရသည်။ ယာဥ်နောက် ...က "သွားကြမယ် ဆရာရေ" ဟု ...အော်သံ ကြားလိုက်မှ ယာဥ် ...င် ထလာသည်။ ဘေးလက်ဖက် ...ဆိုင်မှ ခရီးသည်အချို့လည်း ကား ... တက်လာသည်။ နောက်ခန်းမီး ...လာသည်။ ကားဘီး စလိမ့်တော့ ...နောက်လိုက်က ကားခများ ...တောင်းသည်။ ကျွန်တော်က ...န်းပေါက် ဟိုဘက်ထိပ်မြောင်း ...င်" ဟု ပြောကာ ကားခပေးလိုက် ...

(၃)

ထန်းပေါက်ရွာ မြောင်းဘောင် ...တွင် ကားရပ်တော့ အတော်လေး ...င်နေပြီ။ ကျွန်တော်နှင့်အတူ ခရီး ...လေးငါးဦးလည်း ကားပေါ်မှ ဆင်း ...သည်။ ကျွန်တော်က သူတို့ကို ...င့်မနေတော့။ ခပ်သုတ်သုတ်ပင် ...င်းဘောင်အတိုင်း လျှောက်လိုက် ...။ မြောင်းဘောင် ဘယ်ဘက်ခြမ်း ... လယ်ကွင်းပြင်များမှာ အမှောင် ...င်းဝယ် ဝိုးတဝါး။ ညာဘက်ခြမ်းက ...ရှိသော်လည်း မီးအလင်းရောင် မမြင် ... အိပ်ရာဝင်ကြပြီထင်သည်။

ထန်းပေါက်ရွာနှင့် ငါးရွာထိပ် ...ရောက်တွင် ကျွန်တော့်ရှေ့ မြောင်း ...ဘောင်ပေါ်၌ အမျိုးသမီးတစ်ဦးနှင့် ...လေးတစ်ဦး ရှေ့က သွားနေသည်ကို ...လိုက်ရသည်။ အမျိုးသမီးက ပစ္စည်း ...သည့် လက်ဆွဲခြင်းကို ရွက်လျက် ...ားမှ ကလေးမလေးကို လက်ဆွဲပြီး လျှောက်နေခြင်းဖြစ်သည်။

သည်နှစ်ယောက်က ငါးရွာထဲမှ ...ွက်လာသည်လား၊ ဒါမှမဟုတ် ကျွန်တော်နှင့် တစ်ကားတည်း စီးလာ ခဲ့ကြသူများလားတော့ သတိမထားမိ။

"

ကျွန်တော်က ခြေလှမ်းအနည်းငယ်
သွက်သွက်လှမ်းလိုက်တော့
သူတို့နှင့်လေးငါးလှမ်းအကွာ
ရောက်သွားသည်။
ကျွန်တော့်ခြေသံ ကြားသွားပုံရသည်။
ရပ်စောင့်ရင်း ကျွန်တော့်ကို
လှည့်ကြည့်သည်။
သူတို့အသိ ရွာသားမဟုတ်၊
လူစိမ်းဖြစ်နေ၍ ရှိုးတိုးရှန့်တန်း
ဖြစ်သွားဟန်ရှိသည်။
ချက်ချင်း မျက်နှာလွှဲကာ
လမ်းဆက်လျှောက်သည်

"

မြောင်းဘောင်ပေါ်မှာတော့ သူတို့ နှစ်ယောက်နှင့် ကျွန်တော်ပဲ ခရီးသွားရှိသည်။ မြောင်းဘောင်နှင့် ဝါးသုံးလေးရိုက်အကွာမှာတော့ အလင်းရောင်မရှိသော အိမ်များအချို့ အမှောင်ထုအတွင်းဝယ် ငြိမ်သက်နေသည်။

ကျွန်တော်က ခြေလှမ်းအနည်းငယ် သွက်သွက်လှမ်းလိုက်တော့ သူတို့နှင့် လေးငါးလှမ်းအကွာရောက်သွားသည်။ ကျွန်တော့်ခြေသံ ကြားသွားပုံရသည်။ ရပ်စောင့်ရင်း ကျွန်တော့်ကို လှည့်ကြည့်သည်။ သူတို့အသိ ရွာသားမဟုတ်၊ လူစိမ်းဖြစ်နေ၍ ရှိုးတိုးရှန့်တန်းဖြစ်သွားဟန်ရှိသည်။ ချက်ချင်း မျက်နှာလွှဲကာ လမ်းဆက်လျှောက်သည်။

အချိန်က ညအချိန်။ နေရာက လူသူကင်းမဲ့သည့် နေရာ။ တွေ့ဆုံနေရသူက အသိအကျွမ်းမဟုတ်။ သူစိမ်းယောကျ်ားသားဖြစ်နေ၍ သူတို့မိန်းမသားအနေဖြင့် စိုးရိမ်စိတ်တော့ဝင်မိပေလိမ့်မည်။ သူတို့ စိုးရိမ်ကြောင့်ကြမှု မဖြစ်စေရန် ကျွန်တော်ကပဲ စကား စပြောရသည်။

"ကျွန်တော်က ကုန်းသာရွာကို သွားမှာပါ။ ခင်ဗျားတို့ရော ဘယ်ရွာအထိ သွားကြမှာလဲ"

"ဪ... ရှင်က ကုန်းသာရွာအထိ သွားရမှာကိုး။ အဲဒီမှာ ဇလာပွဲဝင်နေတယ်ရှင့်"

သူမက အံ့ဩသော လေသံဖြင့် ပြောပြီး သူတို့သွားမည့် ရွာကိုတော့ မပြောဘဲ ထားသည်။ သူ့လေသံက ကျွန်တော့်အား စိုးရွံ့ထိတ်လန့်သည့်ဟန်မရှိ။ ပကတိ တည်တည်ငြိမ်ငြိမ်ပင်။

"ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော်က အဲဒီဇာတ်အဖွဲ့ကပါ။ အဲဒီဇာတ်မှာ ကျွန်တော်က နောက်ပိုင်းမင်းသားကြီးဖြစ်ပါတယ်"

ကျွန်တော်က ကိုယ့်ကိုယ်ကိုယ်မင်းသားတစ်ဦးဖြစ်ကြောင်း ပြောတော့ သူ့ထံမှ ရယ်သံလွင်လွင်လေး ကြားလိုက်ရသည်။

"ဟုတ်ပါ့တော်။ ဒါကြောင့်လည်း ရှင့်ကို မြင်ဖူးပါတယ်လို့ ကျွန်မ တွေးနေမိတာ"

သည်သို့ဖြင့် သူနှင့် ကျွန်တော် ခရီးသွားရင်း စကားပြောဖော်ဖြစ်သွားသည်။ သို့သော်လည်း စကားကိုတော့ ချိန်ချိန်ဆဆနှင့်ပဲ ပြောရသည်။ ဇာတ်သမားမို့ ကရားရေလွှတ် ပြောလိုက်တဲ့စကားက နားကို ငြီးရော အဖြစ်မခံနိုင်။ သူကတော့ ကျွန်တော့်နယ်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ခုမှသိ၊ ခုမှကျွမ်းသည့် သူစိမ်းယောက်ျားသားဆိုသည်ကိုပင် မေ့လျော့သွားပုံရသည်။ တရင်းတနှီးပင် စကားဖောင်ဖွဲ့နေသည်။

သူ့စကားထဲတွင် ကျွန်တော် ခေါင်းဆောင်မင်းသားကခဲ့သည်ကို သူကလေးဘဝကပင် ကြည့်ခဲ့ဖူးကြောင်း၊ နောက်ပိုင်းမင်းသားဘဝနှင့် ကခဲ့သည့် ဇာတ်ထုပ်များလည်း ကြည့်ဖူးကြောင်း၊ သူ့အကြိုက်ဆုံး ကျွန်တော်ကသည့် ဥဂ္ဂသေန၊ မင်းကုသ၊ လက်ဝဲသုန္ဒရတို့ကိုတော့ အခုထိ စွဲနေမိကြောင်း ပြောသည်။ ကျွန်တော်နှင့် ဇာတ်ပြိုင်မင်းသားများအကြောင်းလည်း ပြောသည်။

သည်နားတစ်ဝိုက် ရွာနီးချုပ်စပ် ဇလာပွဲမှန်သမျှ မလွတ်တမ်းကြည့်ဖြစ်သည့် ပွဲကြိုက်သူဖြစ်ကြောင်း အားပါးတရ သူက ပြောသည်။ သူ့စကားအဆုံးတွင် "သည်ညရော ပွဲကြည့်ဖြစ်ဦးမလား"ဟု ကျွန်တော်က မေးလိုက်သည်။ သူ့ထံမှ စကားသံက ချက်ချင်းတုံ့ပြန်မှုမရှိဘဲ ငြိမ်ဆိတ်နေသည်။ ခဏအကြာတွင် သူ့ထံမှ စကားသံထွက်ပေါ်လာသည်။

"ကျွန်မ မကြည့်ဖြစ်တော့ပါဘူးရှင်။ ပွဲမကြည့်ဖြစ်တာလည်း ဒီနှစ်နဲ့ဆိုရင် ၅နှစ်တောင် ရှိသွားပါပြီ"

သူ့လေသံက လေးတွဲ့တွဲ့နှင့် စိတ်မကောင်းသည့် အသံဖြစ်နေသည်။ ဘာကြောင့် မကြည့်ဖြစ်တော့တာလဲဟု မေးချင်သည်။ သို့သော်လည်း ကျွန်တော်မေးရန် မသင့်ဟု တွေးကာ နှုတ်ဆိတ်နေဖြစ်သည်။

"ဟော…ကျွန်မတို့နေတဲ့ နေရာရောက်နေပြီ။ သွားတော့မယ်နော်"

ရုတ်တရက် ပြောလည်းပြော၊ မြောင်းဘောင် ဘယ်ဘက်အခြမ်းသို့ ဆင်းသွားသည်။ အခု ဘယ်ရွာနားရောက်နေပြီလဲဆိုတာ ကျွန်တော် မသိ။ သူတို့ ဘယ်ရွာကလဲ ဆိုတာကိုလည်း မမေးဖြစ်လိုက်။ လှမ်းအော်မေးရကောင်းမလားဟု တွေးမိသည်။ သို့သော်လည်း မမေးသင့်ဟု တွက်ကာ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ရသည်။

မြောင်းဘောင်ဘေး ဝဲယာမှာ အမှောင်ထုက ကြီးစိုးနေသည်။ မြောင်းဘောင် မြေသားလမ်းက မှုန်ဝါးဝါး။ ရေဝါးတစ်ရိုက်ခန့်လောက်သာ မျက်လုံးက မြင်ရသည်။ လမ်းကို မှန်းလျှောက်နေရင်းမှ ကျွန်တော့်အိတ်ထဲတွင် ခရီးဆောင် လက်နှိပ်ဓာတ်မီး အသေးလေး ပါလာသည်ကို သတိရတော့သည်။ ကျွန်တော် လက်နှိပ်ဓာတ်မီး နှိပ်နေစဉ်မှာပင် တီးဝိုင်းသံက ပျံ့လွင့်လာ



သည်။ အသံကြားရာသို့ လှမ်း
လိုက်တော့ ပွဲခင်းဆီမှ အလင်း
ကိုပါ တွေ့နေရသည်။ မကြာခင်
ပွဲရှိရာ ရောက်တော့မည်မို့ ကျွန်
ဝမ်းသာသွားရသည်။

ရွာထိပ်နားဆီက ခွေးတစ်
ဟောင်သံကို အဆက်မပြတ် ကြား
ဆဲမှာပင် သီချင်းသံ ပြီးဆုံးသွား
ဝေါခနဲ ပရိသတ်အားပေးသံနှင့်
လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံတို့
ခွေးဟောင်သံကို ဖုံးလွှမ်းသွား
ကျွန်တော့်တစ်ကိုယ်လုံးမှာတော့
များဖြင့် ရွှဲရွှဲစိုလျက်ရှိသည်။

(၄)

ဇာတ်စင်နောက်ခန်းထဲအရောက်
တွင် လူကြီးတော် နှင်းပွင့်က ဝမ်း
အားရ လာနှုတ်ဆက်သည်။ ကျွန်
နေရမည့် ဇာတ်ဆရာအခန်းကိုလည်း
သူပဲ လိုက်ပို့ပေးသည်။ ကျွန်တော်
ချိုး အဝတ်အစားလဲဖို့လည်း သူပဲ စီ
ပေးသည်။ ရေကို အားရပါးရချိုးလို
တော့မှ လူက ပေါ့ပါးလန်းဆန်းသွား
သည်။ ကျွန်တော် အဝတ်အစားများ
ဝတ်နေခိုက်မှာပင် နှင်းပွင့်က ရေနွေး
ကြမ်း ဓာတ်ဘူးကြီးတစ်လုံးနှင့် လ
ဖက်ရည် မတ်ခွက်တစ်ခွက်လာပို့သည်

သည်ည နောက်ပိုင်း ဘ
ကြေညာထားလဲဟု မေးတော့ မိခွ်သာ
ဟု နှင်းပွင့်က ဖြေသည်။ မကြာခ
သေးကမှ တွေ့ဆုံခဲ့ရသည့် လမ်းသွာ
ဖော် အမည်မသိ ပွဲကြိုက်သူ အမျိုး
သမီး၏ အကြိုက် ဇာတ်ထုပ်ဖြစ်နေ
သည်။ သူသည် ညပွဲမလာဖြစ်သည်ကို
တော့ သိပါသည်။ သို့သော်လည်း သူ
ကို ကျွန်တော် ကသည်အား မြင်စေချင်
သည့် ဆန္ဒတော့ ဖြစ်နေမိသည်။

နောက်ပိုင်း သိမ်းအပြီး စင်ပေါ်မှ
ဆင်းရုံရှိသေး ကိုထွန်းကြည်က လာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်သည်။ နံနက် အဆာပြေစာ အတွက် ခေါ်နေ၍ မိတ်ကပ်ဖျက်၊ နာသစ် အမြန်လုပ်ပြီး နှင်းပွင့်နှင့် သူ့အိမ်လိုက်သွားရသည်။ သူ့ ရောက်တော့ ရင်းနီးကျွမ်းဝင်ပြီး မိတ်ဆွေသုံးလေးဦးလည်း ရေနွေး မှာ ထိုင်နေသည်။

"လာဗျ ကိုမင်းသား၊ ခေါင်းရင်း ကြွ"

ဟု တစ်ဦးက ဖိတ်ခေါ်သည်။ ဦးကတော့...

"ကိုမင်းသားတို့ကတော့ ပါရမီ ပါ့ဗျာ။ ဟိုတုန်းကလိုပဲ အသံ ပြောင်းဘူး။ ကျုပ်တို့တွေနဲ့တော့ ပါ့ဗျာ"

ဟု ဆီးပြီး ချီးမွမ်းသည်။

"ကျုပ်တို့က ဟိုတုန်းကလို ပွဲ ရှေ့ဆုံးက မဟုတ်တော့ဘူးဗျ။ ဆက်ပိုင်းထွက်တော့ ကိုမင်းသား သံကို ကျက်မိတယ်။ ဒါနဲ့ မရိုးမရွ "ဟဲ့ - မိဋွေ၊ ဒါ တို့မင်းသားကြီး သံဟ"လို့ ကျုပ်က ပြောတော့ ကျုပ် မက လက်မခံဘူး။ "ကိုမင်းသား အသံနဲ့တော့ တူတယ်မဟုတ် သက်ဘူး။ ကိုမင်းသားက မကာတာ ပြီ သူ တကယ်ပါလာရင် ကိုလေး ကြည့်ဆီ မလာဘဲ နေပါ့မလား တ်"လို့ ကျုပ် အပြောခံရတယ်ဗျ"

ဟု ကိုအောင်သိန်းက ပြော သည်။ သူတို့တွေ ကျွန်တော့်ကို ယောဇဉ်ကြီးကြသည့်အတွက် အား ရသည်။ ယခုတစ်ခေါက်က ခါတိုင်း ယ် ဇာတ်ကားဖြင့် ပါလာခြင်းမဟုတ် ဘဲ ကိုယ့်အစီအစဉ်နှင့် ကိုယ်လာရခြင်း ဖြစ်ကြောင်း၊ ညက စတိတ်ရှိုးတစ်ဝက် မှ ပွဲရုံကို ရောက်ကြောင်း၊ ငါးရွာ ဦပ်နားမှာ အမျိုးသမီးတစ်ဦးနှင့် ကလေးမလေးတစ်ဦးတွေ့ပြီး မိတ်ဆွေ ဖြစ်ခဲ့ကြောင်း၊ ပွဲဝါသနာအိုးမို့ စကား ပြောလို့ အဆင်ပြေကြောင်း၊ သည်ရွာ မရောက်ခင် တစ်ရွာလောက်မှာ လမ်း ခွဲခဲ့ကြောင်း၊ နာမည်နှင့် ရွာကိုတော့ မမေးလိုက်မိကြောင်း ပြောပြတော့ သူတို့အားလုံး အံ့အားသင့်ဟန်ဖြစ် သွားကြသည်။

"ဟာ...ကိုမင်းသားရယ်... မထိတ်သာ မလန့်သာ ရှိလိုက်တာဗျာ။ ဟိုဘက်ရွာက ပွဲကြိုက်ခင် သန်းကြင် တို့ သားအမိနဲ့မှ ခင်များက တိုက်တိုက် ဆိုင်ဆိုင် ကြုံခဲ့ရတယ်လို့"

ဟု ကိုထွန်းကြည်က စိုးရိမ်သည့် လေသံဖြင့် ပြောသည်။

သည်တော့လည်း ကျွန်တော်က သန်းကြင်ဆိုသော အမျိုးသမီးအကြောင်း ကို မေးရသည်။

"သန်းကြင်ဆိုတာ အနောက် ဘက်ရွာက မိန်းကလေးဗျ။ သူက ဇာတ်တို့ ဆိုင်းတို့ဆိုရင် သိပ်မက်တဲ့ သူဗျို့။ ကျုပ်တို့ထက်ကို သူက ဝိုတယ်။ လွန်ခဲ့တဲ့ ၅နှစ်လောက်က သူတို့ရွာမှာ စုပေါင်းရှင်ပြုအလှူလုပ်တယ်။ အဲဒီမှာ ဇာတ်ရော ဆိုင်းပါ ပါတယ်။ သူ့ရွာမှာ လုပ်တဲ့ ပွဲဆိုတော့ သူ ဘယ်အလွတ်ခံ ချင်မှာလဲဗျာ။ ဒါနဲ့ မကွေးက နေပြီး ပွဲကြည့်ဖို့ ပြန်လာကြတာ။ သူတို့သား အမိ မကွေးကားပေါ်က ဆင်းပြီး ကား နောက်ဘက် ပတ်အထွက်မှာ မျက်နှာ ချင်းဆိုင် မောင်းလာတဲ့ ကားနဲ့ ရုတ် တရက် ဝင်တိုက်ခံရတာ နေရာတင်ပဲ ပွဲချင်းပြီးသွားတယ်လေ"

ဟု ကိုထွန်းကြည်က ပြောသည်။ ကိုအောင်သိန်းက ဆက်ပြီး ဝင်ပြော သည်။

"ကားတိုက်ပြီး သေကြတာ ဆို တော့လည်း အစိမ်းသေပဲဗျာ။ ဘယ်လာ ချက်ချင်းကျွတ်ပါ့မလဲ။ အခုပဲ ၅နှစ်နီးပါး ရှိနေပြီ။ ကိုမင်းသားလာတဲ့ မြောင်း ဘောင်ပေါ်မှာ မိုးချုပ်ရင် သူတို့သားအမိ ကို မြင်ကြသတဲ့ဗျာ"

ဟု ဆိုသည်။

သန်းကြင်ဆိုသည့် မိန်းကလေး သားအမိရဲ့ ဘဝကို ကြားရသည်မှာ ရင်နင့်စဖွယ်ဖြစ်သည်။ သူတို့နှင့် တွေ့ ခဲ့စဉ်က သူ့အမည်၊ သူ့ရွာကို ကျွန်တော် မမေးမိ။ သူက ပွဲတို့၊ ဆိုင်းတို့ သိပ် ကြိုက်သည်။ ယခုတော့လည်း မကြည့် ဖြစ်သည်မှာ ၅နှစ်ခန့်ရှိသွားပါပြီဆိုသည် ကိုလည်း ဘာကြောင့် ပွဲမကြည့်ဖြစ် တော့တာလဲဟူသော မေးခွန်းကို မမေး ဖြစ်ခဲ့သည်မှာ တော်သေးသည်ဟု ထင် သည်။

အကယ်၍ ကျွန်တော် မေးဖြစ် ခဲ့သည်ရှိသော် သူ မည်သို့ဖြေလေမည် နည်း။ သူက "ကျွန်မ ပွဲမကြည့်ဖြစ် တော့တာက လွန်ခဲ့တဲ့ ၅နှစ်လောက် က သားအမိနှစ်ယောက်စလုံး ကား တိုက်ခံခဲ့ရလို့ပေါ့ရှင်"လို့ပင် ဖြေလိမ့် မည်ဟု ထင်သည်။ ညက သူတို့သား အမိနှစ်ယောက်နှင့်အတူ မြောင်းဘောင် လမ်း အမှောင်တွင်းဝယ် ၂နာရီနီးပါးမျှ စကားပြောရင်း လျှောက်ခဲ့ရသည့်အဖြစ် မှာ ပြန်စဉ်းစားရင်တော့လည်း ကျော ချမ်းစရာပင်ဖြစ်သည်။

* * *

မောင်ထွန်းကောင်း



www.burmeseclassic.com


www.burmeseclassic.com

# ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်မှာ

# မြန်မာနိုင်ငံနှင့် (၇)နေ့သားသမီးများအတွက်

# အဟောပဒေသာ

■ အောင်ကောင်းမြ (သာကေတ) ■



မြန်မာကောဇာသက္ကရာဇ် ၁၃၇၄ခုနှစ်သည် (၁၆-၄-၂၀၁၃)၊ နှောင်းတန်ခူးလဆန်း ၆ရက်တွင် ကုန်ဆုံးသည်။ (၁၇-၄-၂၀၁၃)၊ ဦးတန်ခူးလဆန်း ၇ရက်၊ ဗုဒ္ဓဟူးနေ့သည် မြန်မာနှစ်ဆန်း ၁ရက်ဖြစ်ပြီး ၁၃၇၅ခုနှစ်အစဟု သတ်မှတ်ထားသည်။ ထို့ကြောင့် ထိုနှစ်ဆန်း ၁ရက်မှ လာမည့် ၂၀၁၄၊ ဧပြီလ ၁၆ရက်နေ့အထိ ၁၃၇၅ တစ်နှစ်တာကာလဖြစ်သည်။

ထိုတစ်နှစ်တာကာလသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အခြေအနေများနှင့် ၇နေ့သားသမီးတို့၏ ကံဇာတာ အဟောပဒေသာ အကျဉ်းကို မြန်မာ့ရိုးရာဗေဒင်နည်းပညာဖြင့် တွက်ချက်ဟောပြောပေးလိုက်ပါသည်။ မည်သည့်ပညာရပ်၊ အကြောင်းအရာမဆို အဆိုးနှင့် အကောင်း ဒွန်တွဲလျက်ရှိပါသည်။ စာရေးသူအနေဖြင့် မဟာဘုတ်နှင့် ဆန်းကျမ်းပညာကို အခြေခံ ရေးသားတင်ပြပါမည်။ မြန်မာနိုင်ငံ၏ ကံဇာတာ တွက်လိုပါက လွတ်လပ်ရေးဇာတာ၊ မဟာဘုတ်နှင့် ညှိနှိုင်း တွက်ရမည်ဟု လောကီပညာရှင် ဆရာကြီးမှ မိန့်ဆိုထားပါ သည်။ မဟာဘုတ် ပါရဂူဆရာကြီး(ဦးကြာမြင့်)၊ ဆန်းကျမ်း ပညာရှင် ဇေယျသိဒ္ဓိ ဆရာကြီး ဦးစိုးမင်းတို့၏ ကျမ်းများကို မှီငြမ်းကိုးကား တွက်ထားပါသည်။

ဤနှစ်တွင် မြန်မာပြည် ၅ဝေးနံ့အခြေအနေမဆိုး...


www.burmeseclassic.com

www.burmeseclassic.com





မဟာဘုတ်နှစ်ခုစလုံးတွင် ကြာသပတေးနံ ကောင်းနေသည်။ မြန်မာပြည်သူပြည်သားများ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်။ ကောင်းမည်။ လယ်မြေကိစ္စများ အဆင်ပြေလာမည်။ ပညာရေးကဏ္ဍ အောင်မြင်တိုးတက်လာမည်။ မြေဈေးနှုန်းတက်လာမည်။ ပြည်သူ့ဘဏ္ဍာရေးအခြေအနေများ တိုးတက်ကောင်းမွန်လာမည်။ ရဟန်းပညာရှိ လူပညာရှိများ နေရာရလာလိမ့်မည်။


တနင်္လာနံ(ငွေ၊ ကား၊ ကျောက်၊ ငါး၊ ကုမ္ပဏီ၊ ကြေးခဲ ကြဲ စသည်)ပစ္စည်းများ ဈေးကောင်းလာမည်။ ပြည်သူပြည်သားများ ဝင်ငွေတိုးတက်လာမည်။ ကားစီးရေ များပြားလာပြီး ကားလုပ်ငန်း တည်ငြိမ်၊ ဈေးပုံမှန်ဖြစ်လာမည်။ အထည်လုပ်ငန်းများ ဖွံ့ ဖြိုးတိုးတက်လာမည်။ ကုန်သည်၊ သန်းရောင်းဝယ်ရေး ပြည်ပမှ ငွေရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာမည်။ အခြေအနေကောင်းလာမည်။

အဓိက ဆိုးနေသည်မှာ "အင်္ဂါနံ-၃"ဖြစ်သည်။ မဟာအကြံနှင့်လည်း အင်္ဂါ အတာစားသည်။ မဟာဘုတ်နှစ်ခုစလုံးတွင် အင်္ဂါနံ အောက်တန်းရောက်နေသည်။ ထို့ကြောင့် အင်္ဂါနံ့ဂြိုဟ်ပရိယာယ်၊ အင်္ဂါနံပစ္စည်း၊ အင်္ဂါသားသမီး၊ အင်္ဂါနံ အမည်များ အခြေအနေမကောင်းပါ။ စက်ရုံများ ဖွင့်လိုက် ပိတ်လိုက်ဖြစ်ခြင်း၊ လက်အောက်ငယ်သားများ ဆန္ဒထုတ်ဖော်ခြင်း၊ စပ်တူရှယ်ယာလုပ်ငန်းများ ကျဆင်းခြင်း၊ အင်္ဂါနံ ပစ္စည်း ရှားပါးပြတ်လပ်ခြင်း၊ ဈေးအတက်အကျမမှန်ခြင်း သည့်တို့ ကြုံတွေ့ရမည်။

အင်္ဂါသားသမီး ကျန်းမာရေးညံ့မည်။ အင်္ဂါဂြိုဟ်သည် သယ်ယာစိုက်ပျိုးရေးဂြိုဟ်လည်းဖြစ်၍ စိုက်ပျိုးသီးနှံများ ပျက်စီးမှု ကြုံတွေ့ရတတ်သည်။ ဈေးနှုန်းကျခြင်း၊ တက်ခြင်း နှစ်မျိုးဖြစ်နေသောကြောင့် နှစ်၏ အစပိုင်း လေးလဖြစ်သော တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို စသည့်လများတွင် ဈေးတက်၍ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလ တို့တွင် ဈေးကျခြင်း၊ နတ်တော်လမှ တပေါင်းလအထိ ဈေးတည်ငြိမ်ခြင်းတို့ ဖြစ်လာလိမ့်မည်။ စက်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ အရပ်ဘက်သို့ ပြောင်းလာခြင်း၊ စီးပွားရေးလုပ်ငန်းများ စိတ်ဝင်စားလာခြင်းတို့ ဖြစ်မည်။

ဒုတိယညံ့သောဂြိုဟ်မှာ သောကြာဂြိုဟ်(၆)ဖြစ်နေပါသည်။ ထို့ကြောင့် သောကြာဂြိုဟ်ပရိယာယ်(စကား၊ ခရီး) နှင့် သောကြာနံပစ္စည်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးကိစ္စ အခြေအနေမတည်ငြိမ်။ လုပ်ငန်းမအောင်မြင့်၊ အငြိုင်အဆိုင် အတိုက်အခံကိစ္စများ ကြုံတွေ့လာမည်။ သောကြာဂြိုဟ် အပြင် ဆန့်ကျင်ကြီးဖြစ်နေ၍ စာပေဂီတ အနုပညာလုပ်ငန်း များ အနှောင့်အယှက် အဟန့်အတားကြုံတွေ့ရမည်။ အပျော်အပါးခရီးများ၊ အရေးမကြီးသော ခရီးများ မသွားလှာသင့်ပေ။ စကားအပြောအဆိုကိစ္စများ အထူးဆင်ခြင်ရမည်။ တာဝန်ရှိသူ၊ အကြီးအကဲ၊ ဦးစီးခေါင်းဆောင်တို့ စကားများ တတ်သည်။ ကာမဂုဏ် ကိလေသာအပျော်အပါး အရှုပ်အထွေးများလာမည်။ ဖောက်ပြန်သူများ ဒုက္ခအခက်အခဲ ပြဿနာကြုံတွေ့ ကြရမည်။

၁၃၇၅ ခုနှစ် မွေးဖွားမည့် ကလေးများ မိန်းကလေးဆို ပါက ဖခင်ဆွေမျိုး၊ ယောကျ်ားလေးဆိုပါက မိခင်ဆွေမျိုးအား စတိသဘော ရှောင်းထားပါ။ မရှောင်းပါက မိဘနှင့် ခွဲခွာနေ ရတတ်သည်။ စနေနံနှင့် ပတ်သက်၍ အကောင်းအဆိုး ဒွန်တွဲနေသည်။ စနေဂြိုဟ်သည် နိုင်ငံရေးဂြိုဟ်လည်း ဖြစ် သည်။ မြန်မာနှင့် နိုင်ငံခြား ဆက်ဆံရေး ရာနှုန်းပြည့်မဟုတ် သော်လည်း ၅၀ရာခိုင်နှုန်း အဆင်ပြေလာမည်။ စနေ+ကြာ သပတေး(ဓမ္မာ)ရန်ဘက်မိသောကြောင့် လူမျိုးခြားနှင့် မင်းစိုး





www.burmeseclassic.com


www.burmeseclassic.com



ရာဇာတွေ၊ မြန်မာပြည်နှင့် နိုင်ငံခြား ရာနှုန်းပြည့် ချစ်ကြည် ရင်းနှီးမှု မရသေး။ သူတို့ပြောသော စကား၊ ကတိ၊ စာချုပ်၊ စီးပွားရေးလုပ်ငန်း လုံးဝ စိတ်မချရသေးပေ။

ဒနွေနံ - အိုးအိမ်အဆောက်အအုံ၊ အိမ်ခြံမြေလုပ်ငန်း၊ အလုပ်အကိုင်ဖော်ထုတ်ရရှိမှု၊ ဝန်ထမ်းရေးရာ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ၊ အကြီးအကဲ၊ အားကစားဆိုင်ရာများ တိုးတက် အောင်မြင်လာမည်။ မြန်မာ့အားကစား အောင်မြင်မှုများ ရရှိ လာမည်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တည်ငြိမ်ပြီး တိုင်းရင်းသား အချင်းချင်း ငြိမ်းချမ်းရေးရရှိလာမည်။

ငှဟူးနံကိစ္စ (ရွှေ၊ ရေ၊ ဝါး၊ လျှပ်စစ် စသည့်)အခြေ အနေ အကောင်းကြီး မဟုတ်သေးပေ။ ဈေးနှုန်းမတည်မငြိမ် ဖြစ်မည်။ အတက်အကျ မမှန်ဖြစ်နေမည်။ လူမှုရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်း၊ အသင်းအဖွဲ့များ ပိုမိုလှုပ်ရှားလာမည်။




ရပ်ကွက်လူကြီးများ အပြောင်းအလဲဖြစ်မည်။ လူဝင်မှုကြီးကြပ် ရေး၊ လူမှုဝန်ထမ်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရမည်။

ရာဟုဂြိုဟ်နှင့် ငှဟူး ဆက်စပ်နေသည်။ ရာဟုဂြိုဟ် ဖြစ်သည့် ရွှေလုပ်ငန်း၊ ရေလုပ်ငန်း၊ ယွန်းထည်ပစ္စည်း စသည့် အရောင်းအဝယ် ဈေးနှုန်းတိုးတက်လာမည်။ နေကြတ်၊ လကြတ်မှုများ ဖြစ်ပေါ်လာမည်။ ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်မည်။ ရုပ်ရှင်လုပ်ငန်း၊ ရသေ့ရဟန်း၊ ကျေးရွာအချို့ ပျက်စီးမှု ကြုံတွေ့ရတတ်သည်။

အနှစ်ချုပ်ရသော် ဝဲ-ယာ နာမက္ခရတိုင်တွင် ၅တေး နှင့် အင်္ဂါဂြိုဟ် ဆန့်ကျင်နေပါသည်။ ထို့ကြောင့် မြန်မာ့စီးပွား ရေးလုပ်ငန်း မှန်းဆသလောက် မတိုးတက်နိုင်သော်လည်း ဆုတ်ယုတ်ပျက်စီးမှု မဖြစ်နိုင်ပါ။ အင်္ဂါ+ကြာသပတေး(စိန့်ယန်း) မိတ်ဓာတ်ဖြစ်နေသည်။ မည်သို့ပင် ဆိုစေကာမူ အင်္ဂါနံကိစ္စ

အဝဝ အထူးသတိထားရမည့်နှစ်ဖြစ်သည်။

**တနင်္ဂနွေသားသမီးများ** ဤနှစ်တွင် အငြိမ်မနေ လှုပ်ရှားသွားလာ လုပ်ကိုင်နေရမည်။ အပြိုင်အဆိုင် အတို အခံကြုံတွေ့ပြီး အောင်မြင်မည်။ စီးပွားရေး ဝင်ငွေတိုးတ မည်။ ပညာရေးဆိုင်ရာ အတွေးအခေါ်ပိုင်း တိုးတက်လာ

ကုံကော်ညွှန့်၊ ကြံညွှန့်၊ ငွေပန်း၊ ကျည်းရွက် (ဘု ညွှန့် မကြာခဏ လှူပေးပါ။ ကံပွင့်၊ လာဘ်ပွင့် ဂါထာရွတ် ပါ။ ကြေးပုတီး၊ ကြေးဖလား၊ ကြေးစည်၊ ကြေးမောင် စသည့် ကြေးထည်ပစ္စည်းများကို အဆောင်ပြုပါ။

**တနင်္လာသားသမီးများ** ဤနှစ်တွင် မမျှော်လင့် ငွေအစုလိုက်ဝင်မည်။ စီးပွားလုပ်ငန်းတိုးတက်လာမည်။ အိမ် ခြံမြေ ကားဝင်မည်။ ထီပေါက်ကိန်းရှိသည်။ လုပ်သမျှ အ ထင်မည့်နှစ်ဖြစ်သည်။ အချစ်ရေးကိစ္စ အဆင်ပြေမည်

လာဘ်ပွင့်၊ စန်းပွင့်နေမည်။

ဘုရားတွင် မွှေးနံ့ထောင့်၌ ထီးဖြူလှူပေးပါ။ ထ ဒိန်၊ ခဲ၊ ဒေါနု စသည့် စနေနံတစ်မျိုးမျိုးကို (၁၀)ညွှန့် ပါ။

**အင်္ဂါနံသားသမီးများ** ကျန်းမာရေး အထူးဂရုပြုရမည် နှစ်ဖြစ်သည်။ အင်္ဂါနံပစ္စည်း၊ အစားအစာ၊ နေ့နံ ဓာတ်တူနံ ရှောင်ပါ။ အင်္ဂါနေ့ ခရီးသွား၊ ခေါင်းလျှော်၊ အကြံအစည် လုပ်ခြင်း ရှောင်ပါ။ အတိုက်အခံ၊ ရန်ပြုသနာပေါ်မည် စပ်တူရှယ်ယာလုပ်ငန်း သတိထား လုပ်ကိုင်ဆောင်ရွက်

ဧကာလေးလွှတ်ပေးပါ။ စာကလေး ဆိတ်၊ ရေသတ္တ ခိုစာ၊ ငှက်စာ အစာကျွေးပေးပါ။ (ကျန်းမာရေး အထူး စီး ယဉ်ကြာချေသင့်သည်။

**ဗုဒ္ဓဟူးသားသမီးများ** ယခုနှစ်တွင် စိတ်ဓာတ်အ



www.burmeseclassic.com

www.burmeseclassic.com



ကို မြှင့်တင်ပေးပါ။ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်အောင် ဘာဝီလုပ်ငန်း၊ စိပ်ပုတီးစိပ်ခြင်း ပြုလုပ်ပါ။ ပညာရေးကိစ္စ အောင်မြင်မည်။ မိတ်ဆွေ၊ ဆရာသမား၊ အကြီးအကဲ အကူအညီရမည်။

အောင်သပြေညွန့်ကို အောင်အိုးထိုးလှူပါ။ ပျဉ်းမညွန့် ပြုန်း၊ ဂန္ဓမာပန်းများ မကြာခဏလှူပေးပါ။ ဘုရားဂုဏ် တော်ပွားပါ။

**ကြာသပတေးသားသမီးများ** အကြံအစည်ကိစ္စများ အောင်မြင်မည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ ထီဆု ပေါက်ကိန်းရှိသည်။ ပြည်တွင်းပြည်ပ ခရီးဝေးသွားလာ ည်။ တည်ငြိမ်အေးဆေးစွာ လုပ်ကိုင်ဆောင်ရွက်ပါက အရာရာ အောင်မြင်မည်။

ကံ့ကော်ညွန့်၊ မေမြို့ပန်း၊ ပျဉ်းမညွန့်၊ ဂန္ဓမာပန်းတို့ကို နေ့တိုင်း နေအိမ်ဘုရားတွင် လှူဒါန်း ဆုတောင်းပါ။


**သောကြာသားသမီးများ** ဤနှစ်တစ်နှစ်လုံး အတိုက် အနှောင့်အယှက်များနှင့် ကြုံတွေ့ရတတ်သည်။ ရတာ လိုတာ မရဖြစ်တတ်သည်။ ရေလမ်းခရီးသွားခြင်း င်ပါ။ မဖြစ်မနေသွားရပါက အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တို့ကို ရှောင် ပါ။ အိမ်တွင်းရေး ရန်ပြသနာပေါ်မည်။ ကျန်းမာရေး ည်။

ပိတောက်ညွန့်၊ ပိန္နဲရွက်လှူပါ။ ပိတောက်ပုတီးဆောင် ပစ်တိုင်းထောင်၊ ပိတုန်းရုပ် ဆောင်ထားပါ။ ပဋ္ဌာန်းရွတ် တ် ပူဇော်ပါ။

**စနေသားသမီးများ** မထင်မှတ်ဘဲ အမွေရကိန်းရှိ ည်။ ဆွေမျိုးသားချင်းများနှင့် စုပေါင်း ဆောင်ရွက်ရမည်။ ပွားရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရမည်။ ဝန်ထမ်းဆိုပါက ထူး၊ လစာတိုးတက်မည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက် ည်။ ကွဲကွာနေသော ချစ်သူ၊ အိမ်ထောင်ဖက်နှင့် ပြန်လည် တွေ့ရမည်။

မွေးနေ့တိုင်း အုန်း (၆)ညွန့်လှူပါ။ ရဟန်း၊ သံဃာ အား သရက်သီး ဒါနပြုပေးပါ။ သမ္ဗုဒ္ဓေဂါထာ သက်စေ့ရွတ် ဆိုပါ။

ဂုနေ့သားသမီး စာဖတ်ပရိသတ်များ ယခုနှစ်တွင် ဘေးဥပဒ် အန္တရာယ်ကင်းဝေးပြီး ကျန်းမာချမ်းသာစေရန် ဂံးရုံဘုရားကို ရေသပ္ပာယ်ပါ။ ရေ၊ ထန်းလျက်၊ နွားနို့ ပေါင်မုန့်တို့ လှူပေးပါ။ မဟာမြတ်မုနိဘုရား၊ ဗိုလ်တထောင်၊ ဟာဝိန္ဒနတ် စသည်တို့ကို ပူဇော်ပါ။ ပဋ္ဌာန်းရွတ်ဖတ် ပူဇော် ပါ။ ပဋ္ဌာန်းပွဲ၊ ပဋ္ဌာန်းစာအုပ်၊ ပုတီး၊ ပန်းအိုးတို့ လှူဒါန်းပေးပါ။



ဘုရားဂုဏ်တော်ကိုးပါး ပွားများပါ။ အထူးသဖြင့် "အရဟံ ဗုဒ္ဓေါအရဟံ၊ အရဟံ ဗုဒ္ဓေါ ဗုဒ္ဓသသ ဂုဏာဝေဇသော သဗ္ဗ သိဒ္ဓိ လာဘံ မေ ဘဝိဿတိ" ကို နေ့စဉ် နံနက်-ည ဇ(၁)ခေါက်စီ မပျက်မကွက် ရွတ်ဆိုပါ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မဟာသင်္ကြန် အဆိုအရ အထူးသဖြင့် ဤနှစ်ပွင် လယ်ယာထဲရှိ သီးနှံ အားလုံးသည် မိုးရေယာဉ်တို့ကြောင့် ပျက်စီးတတ်၏။ ဘဏ္ဍာ ရေးနှင့် ပတ်သက်သော ရာဇဝတ်မှုများ၊ မှောင်ခိုရောင်းဝယ် ခြင်းလုပ်ငန်းများ၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုလုပ်မှုများ ကြုံတွေ့ရတတ်သည်။ အခွန်အခနှုန်းထားများ တိုးတက်လာ တတ်သည်။ ဘဏ္ဍာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ အောင်မြင် လိမ့်မည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ရတနာ သုံးပါးဆည်းကပ်ကိုးကွယ်ကာ မေတ္တာပို့ခြင်း၊ ပရိတ်တော်၊ ပဋ္ဌာန်းတော်များ ရွတ်ဖတ်ပူဇော်မှု ပို၍ပြုလုပ်သင့်ပါသည်။

* * *

အောင်ကောင်းမြဲ(သာကေတ)

မှီငြမ်း

- ဗေဒင်အချုပ် မဟာဘုတ်(ဦးကြာမြင့်)။
- သာဝိတ္တိဆန်းကျမ်း(ဝေယျာသိဒ္ဓိဆရာကြီး ဦးစိုးမင်း)။
- မန္တလေး မဟာသင်္ကြန်စာ



www.burmeseclassic.com

www.burmeseclassic.com



# လက်သန်းလေးများက ပြောတဲ့ စိတ်နေစိတ်ထား


မောင်ဝေအေး

ဖော်ပြထားတဲ့ အညွှန်းပုံလေးတွေကို ကြည့်ပါ။

ကိုယ့်လက်သန်းအတိုအရှည်ကို ကြည့်ပြီး ကိုယ်ဟာ ဘယ်လိုစရိုက်လက္ခဏာမျိုး ပိုင်ဆိုင်ထားသလဲဆိုတာ သိနိုင်သလို၊ အခြားသူတစ်ယောက်ရဲ့ စိတ်နေစိတ်ထားကိုလည်း အကဲခတ်နိုင်ပါတယ်။ လက်သန်းတွေကို ကြည့်ပြီး ဗေဒင်ဟောလို့ ရတာပေါ့။


စာဖတ်ပရိသတ်တွေ့ အသုံးတည့်မှာ သေချာပါတယ်။

အမျိုးသားဆိုရင် ဘယ်လက်၊ အမျိုးသမီးဆိုရင် ညာလက်ရဲ့ လက်သန်းကို အပိုင်းသုံးပိုင်း ပိုင်းပြီး လေ့လာကြည့်ပါ။




1

ပုံ(၁)အရ ထိပ်ဆုံးပိုင်းက အရှည်ဆုံးဖြစ်နေမယ်ဆိုရင် သူဟာ ဆွဲဆောင်မှုရှိတယ်။ ဘာသာစကားကြွယ်ဝသူတစ်ယောက်၊ လေ့လာခြင်း အားကောင်းသူဖြစ်သလို၊ သူများတွေရဲ့ အရှုးလုပ်တာကို မခံရနိုင်သူပါပဲ။



2

ပုံ(၂)အရ လက်သန်းအလယ်ပိုင်းက တခြားအပိုင်းတွေထက် ရှည်နေမယ်ဆိုရင် အဲဒီလူဟာ အများတကာ စိတ်ရှည်လက်ရှည်နဲ့ ပြုစုစောင့်ရှောက်တတ်သူပါပဲ။ အဓိ အဲဒီလက်သန်းမျိုးကို ပိုင်ဆိုင်ထားသူတွေဟာ ကျန်းမာ ပြုစုစောင့်ရှောက်တဲ့အလုပ်မှာ လုပ်နေကြတဲ့သူတွေပါပဲ။



3



www.burmeseclassic.com

www.burmeseclassic.com



ပုံ(၃)အရ အောက်ဆုံးအပိုင်းက ပိုပြီးရှည်နေခဲ့ရင် …တော့ သူဟာ လွတ်လပ်စွာ နေထိုင်လိုသူ။ အပူပင်မရှိတဲ့ …ဘဝကို ခုံမင်မြတ်နိုးသူဖြစ်တယ်။ စကားကိုလည်း ချက်နဲ့ …က်နဲ့ ပြန်ပြောနိုင်စွမ်းရှိသူလည်း ဖြစ်တယ်။

အတိုဆုံးလို့ ဆိုတဲ့ အပိုင်းရဲ့ အချက်အလက်တွေက …တော့…





ပုံ(၄)အရ အပေါ်ဆုံးပိုင်းက အတိုဆုံးဆိုရင် သူဟာ …ကိုယ်ဗီဇအရ အရက်အကြောက်ကြီးသူပါ။ ကိုယ့်ကိုယ် …ယ်တောင် နားလည်ဖို့ ခက်တဲ့သူပါ။ အများတကာအလယ် …ပေါင်းအသင်းတွေကြားမှာ ထင်ပေါ်ကျော်ကြားဖို့ အခွင့် …နည်းသူပါ။




ပုံ(၅)အရ အလယ်ပိုင်းက အတိုဆုံးဆိုရင်တော့ သူ…ာ သစ္စာရှိတဲ့ နေရာမှာ သူမတူအောင် စောင့်စည်းတဲ့သူပါ။ …တ်အပြောင်းအလဲ မမြန်ဘဲ တစ်သမတ်တည်း စိတ်ကို …ားတတ်တဲ့သူပါ။ ခေါင်းမာပြီး တယူသန်တဲ့ စရိုက်ရှိပါ…တယ်။

ပုံ(၆)အရ အောက်ဆုံးအပိုင်းက အတိုဆုံးဖြစ်နေမယ် …ဆိုရင် သူဟာ ရိုးသားလွန်းပြီး အရာရာအပေါ်မှာ ခဏလေး




နဲ့ ယုံကြည်တတ်တဲ့ အကျင့်ရှိသူပါ။ ရိုးဖြောင့်လွန်းလို့ တစ်ခါတလေ သူများတွေအမြင်မှာ မယဉ်ကျေးတဲ့သူ၊ မသိ နားမလည်တတ်တဲ့သူလို့ စွပ်စွဲခံရတဲ့ လူမျိုးပါ။

* * *

မောင်စေစေအေး


မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၀၅၀၄၇၁။



www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ကြွယ်(ပြည်)

# အိမ်ထောင်ဖက်အကျိုးပေး ဘယ်လိုရွေးမလဲ

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ၏ တစ်ရက်သော နေ့တစ်နေ့တွင် ဒေါ်စန်းခင်ဆိုသည့် အမျိုးသမီးကြီး ကျွန်တော့်ထံသို့ ရောက်ရှိလာသည်။ သူနှင့်အတူ လုပသော ရွှေဖလား ရောင်ဖျော့ဖျော့ စာအိတ်တစ်ထပ်ကြီးလည်း ပါလာသည်။ ကျွန်တော့်ရှေ့ မျက်နှာချင်းဆိုင် ထိုင်ခုံလွတ်တွင် သူက ဝင်ထိုင်ရင်း စာအိတ်ထပ်ကြီးကို စားပွဲခုံပေါ် လှမ်းတင်လိုက်သည်။ လှမ်းကြည့်မိလိုက်တော့ အပေါ်ဆုံး၌ ရှိနေသော စာအိတ်မှာ ကျွန်တော့်နာမည်နှင့် ဖြစ်နေသည်။

"ဆရာနဲ့ မောင်စိုးမြင့်တို့ကို မင်္ဂလာဆောင်လာဖိတ်တာပါ"

သူက ပြောလည်း ပြော၊ ကျွန်တော့်ကို ဖိတ်စာတစ်အိတ်၊ မောင်စိုးမြင့်ကို တစ်အိမ် လှမ်းကမ်းပေးသည်။ ဒေါ်စန်းခင်တွင် သမီးအပျိုနှစ်ယောက်ရှိထားမှန်း ကျွန်တော် သိသည်။ အကြီးမက ဆည်မြောင်းဝန်ထမ်း။ အငယ်မလေးက ပြည်တက္ကသိုလ်မှာ ပထမနှစ်လား၊ ဒုတိယနှစ်လားတော့ မသိ၊ ပညာသင်ကြားနေခဲ့ဖြစ်သည်။

"ဒေါ်စန်းခင်ကိုယ်တိုင် လာဖိတ်တဲ့ မင်္ဂလာဆောင်ဆိုတော့လည်း ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်စလုံး လာရတာပေါ့ဗျာ။ ဒါနဲ့ အခုဆောင်မှာက ခင်ဗျားသမီးအကြီးမလား၊ အငယ်မလေးလား"

ကျွန်တော်က ရင်းနှီးကျွမ်းဝင်မှုဖြင့် ဝမ်းသာအား[...] မေးဖြစ်သွားသည်။ သူက ခေါင်းကို ခပ်သွက်သွက်ပင် ရမ်း[...] ၍ ရှင်းပြသည်။

"ဆရာထင်သလို အကြီးမကြီးလည်း မဟုတ်၊ အငယ်[...] လေးလည်း မဟုတ်ပါဘူး ဆရာရယ်။ အခုဟာက တူ[...] ကျွန်မညီမရဲ့ သမီးပါ"

ဟု ပြောသည်။ ကျွန်တော် အလောတကြီးအထင်[...] မှန်းပြီး ရမ်းမေးမိခြင်းအတွက် အားနာစရာဖြစ်သွားသည်[...] လက်တွင်းမှာ ကိုင်ထားသည့် ဖိတ်စာကိုလည်း သည်တော[...] မှ ဖွင့်ကြည့်ဖြစ်သည်။

"ဆောရီးပဲ ဒေါ်စန်းခင်ရေ၊ ကျွန်တော်က ကိုယ့်တူ[...] တွေကို အထင်ကြီးပြီး ဝမ်းသာလို့ ရမ်းပြောမိတာ စိတ်မ[...] နော်"

ဟု ချော့လဲ ချော့ပိုင်၊ နောက်သလိုလိုနှင့် တောင်း[...] ရသည်။ သူကလည်း ရယ်ရယ်မောမောနှင့်ပင်…

"ဆရာရယ်…ကျွန်မသမီးတွေဆိုရင် ဖိတ်စာ[...] ခင်ကိုပဲ ဆရာ့ဆီ လာမှာ။ ဆရာအားလို့ကတော့ ဘီသိ[...] တောင် မြှောက်ဖို့ ပင့်ဦးမှာ။ ကဲ - ဆရာရေ… ကျွန်[...]

www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ပေးရဦးမှာမို့ ကျွန်မကို ခွင့်ပြုပါဦး"

ကျွန်တော်တို့နှစ်ဦးကို နှုတ်ဆက်ပြီး ဒေါ်စိန်းခင် ပြန်သည်။ ဖိတ်စာအား အစအဆုံးဖတ်ပြီးဖြစ်သည့် မောင်စိုး ကားစလာခဲ့သည်။

"အဒေါ်စိန်းခင်ရဲ့ တူမလေးအတွက်တော့ ရင်လေး ဆရာရေ"

ဟု ပြောသည်။ သည်တော့လည်း မောင်စိုးမြင့်စကား ကျွန်တော့်အတွက် စိတ်ဝင်စားစရာဖြစ်ရသည်။

"ဘယ်လိုဖြစ်လို့လဲ မောင်စိုးမြင့်ရဲ့ နေ့နံရော သင့်ရဲ့"

ကျွန်တော်က မေးလည်း မေး ကိုင်ထားသော ဖိတ်စာ သတို့သား၊ သတို့သမီးအမည်တို့ကို ကြည့်မိသည်။ ဖိတ်စာ သတို့သားက တနင်္ဂနွေ၊ သတို့သမီးက သောကြာဖြစ် သည်။

သတို့သားဘက်က မိတ္တဲမျိုးအသိုက်အဝိုင်းတောင့် သည်။ သတို့သားအဖေက ဌာနဆိုင်ရာ အကြီးအကဲတစ်ဦး ဖြစ်သူက အထည်ဆိုင်ပိုင်ရှင်၊ ဦးလေး၊ ဒေါ်လေးအရင်း တွေကလည်း ဌာနဆိုင်ရာ အရာရှိ၊ ဆရာဝန်တွေ၊ အစ်ကို အစ်မရင်းတွေကလည်း ဆရာဝန်၊ ဆရာဝန်မ လူပုဂ္ဂိုလ် ကြီးတွေ။

သတို့သမီးဘက်ကတော့ သာမန်မျှသာ ဖြစ်သည်။ အဖေက ရုံးစာရေးကြီး၊ မအေက စတိုးဆိုင်တစ်ခုက နေဂျာ၊ ဆွေမျိုးအသိုင်းအဝိုင်းက ရာထူးရာခံတွေထဲက တ်။ သတို့သမီးက တက္ကသိုလ်တက်နေဆဲ၊ ဒုတိယနှစ် သည်။

"ဆရာရေ···အဲဒီကောင်က ကျွန်တော့်သူငယ်ချင်း ရဲ့၊ မိဘတွေက ချမ်းသာတော့ ခပ်ပေပေထဲကပဲ၊ ဆယ် တန်း တဖုတ်ဖုတ်ကျပြီး ယောင်ခြောက်ဆယ်လုပ်နေတာ။ နှစ်ခဲ့တဲ့ သုံးလေးနှစ်က မူလတန်းပြ ဆရာမလေးတစ်ဦးနဲ့ သေးတယ်။ အခုလိုပဲ ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင် ခဲ့တာ။ လေးငါးလပေါင်းပြီး ကွဲသွားတာ။ ဒေါ်စိန်းခင်တူမ လေးနဲ့ ဘယ်လိုတွေ့သွားကြသလဲ မသိပါဘူး ဆရာရယ်"

ဟု စိတ်မကောင်းသည့် လေသံဖြင့် ညည်းတွားသည်။

မောင်စိုးမြင့် စကားအရကတော့ စိတ်မချမ်းမြေ့စရာ။ မင်္ဂလာနေ့ကတော့ မဆိုး။ လအရတော့ မကြိုက်ချင်။ မြန်မာ လ ပြာသိုထဲမှာ ဖြစ်နေသည်။ မြန်မာ့ရိုးရာဓလေ့ထုံးစံတွင် ထိမ်းမြားမင်္ဂလာ မပြုအပ်သည်က ၆လ၊ ပြုအပ်သည်က ၆လ ပြဆိုထားသည်။ ပြာသိုလကား မထိမ်းမြားသင့်သည့် ၆လထဲမှာ ပါသည်။ ဤသည်ကို ကာလယက်ရှင်တို့ သိပုံမရ၊ သို့မဟုတ်လည်း အယူအဆမရှိဟန် တူသည်။

"မင်္ဂလာဆောင်မယ့်နေ့ကတော့ ကောင်းပါတယ်။ ငါ့ သဘောအရတော့ နောက်တစ်ပတ်ကျော်လောက်မှာ ဆောင် စေချင်တယ်ကွ။ အဲဒါဆိုရင် တပို့တွဲလထဲ ရောက်သွားပြီ။ တပို့တွဲဆိုတာ ထိမ်းမြားသင့်တဲ့ လထဲမှာ ပါတယ်။ အိမ် ထောင်မိတ်ဖက်အနေနဲ့ကတော့ သူတို့နှစ်ဦးက သင့်ပါတယ်။ အိမ်ထောင်ကံ အကျိုးမပေးဘဲ သိဖို့ လိုတယ်"

ဟု ကျွန်တော်က ပြောလိုက်၍ မောင်စိုးမြင့် အံ့အား သင့်သွားဟန်ရှိသည်။

"ဆရာ···အိမ်ထောင်ဖက် မိတ်ဖြစ်ပြီး သင့်တာနဲ့ အိမ်ထောင်အကျိုးပေး,မပေးက မတူဘူးလား"

ဟု မေးသည်။

"ဘယ်တူပါ့မလဲ မောင်စိုးမြင့်ရာ။ အိမ်ထောင်မိတ်ဖြစ် တိုင်း အကျိုးပေးချင်မှ ပေးတာ။ အိမ်ထောင်ရန်ဖြစ်ပြီး အကျိုး ပေးချင်လည်း ပေးတတ်တယ်ကွ။ ငါလည်း အစက အိမ် ထောင်ဖက် မိတ်ဖြစ်ရင် ပြီးတာပဲလို့ သိထားတာ။ အညာ ဘက်ရောက်တုန်း ဗေဒင်ပညာရော၊ မြန်မာ့ဓလေ့ထုံးစံတွေ ပါ နှံ့စပ်တဲ့ ဆရာကြီးတစ်ဦး ရှင်းပြခဲ့လို့ ငါလည်း နားလည် ခဲ့ရတာပါ။ တွက်နည်းလေးကိုလည်း အဲဒီဆရာကြီးကပဲ ငါ့ကို သင်ပြပေးလိုက်ပါတယ်"

**အိမ်ထောင်ဖက် အကျိုးပေး,မပေး တွက်နည်း**

တွက်နည်းလေးက လွယ်ပါတယ်။ တွက်လိုသူ အိမ် ထောင်ဖက် နှစ်ဦးရဲ့ နေ့နံ နံသင့်ဂဏန်းနှစ်ပါးကို အရင်ပေါင်း ရပါမယ်။ ပေါင်းပြီးရင်တော့ ၅နှင့် မြှောက်၊ မြှောက်လဒ်ကို ၇နှင့် စားရပါမယ်။ အဲဒီ စားလို့ရတဲ့ စားလဒ်ကို မယူတော့ ဘဲ စားကြွင်းကို အဓိကထားပြီး စားကြွင်းအရ အဟောထုတ် ရပါတယ်။

**စားကြွင်းအဟော**

စားကြွင်း(၀) ဆင်းရဲ၊ ပူပင်သောကပွား၊ ဒုက္ခမျိုးစုံ ကြုံတွေ့၊ ငွေကြေးရှာဖွေမှု ခက်ခဲ၊ ဆင်းရဲကျပ်တည်းမှုဖြင့် ဘဝနိဂုံး အဆုံးသတ်ရတတ်သည်။

စားကြွင်း(၁) စီးပွားဥစ္စာရှာဖွေစုဆောင်းမရ။ အကြံ အစည်များ လွဲချော်တတ်သည်။

စားကြွင်း(၂) ပင်ပန်းကြီးစွာ လုံ့လ ဝီရိယ မစိုက်ထုတ်၊ မလုပ်ကိုင်ရဘဲ သက်သာချောင်ချိစွာ ငွေကြေးရှာဖွေရမည်။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားဖြစ်မည်။ ကြွယ်ဝချမ်းသာမည်။

စားကြွင်း(၃) ရရစားစားဘဝဖြင့် ဆင်းရဲနွမ်းပါးစွာ နေရတတ်သည်။ လူ့အောက် သူ့နောက်ကျမည်။

စားကြွင်း(၄) နာမည် ဘုန်းတန်ခိုးသတင်း ထင်ပေါ် ကျော်စောခြင်း ရှိတတ်သည်။

စားကြွင်း(၅) အထွေထွေသော ဥစ္စာပစ္စည်းတို့နှင့် ပြည့်စုံကြွယ်ဝ ချမ်းသာတတ်သည်။

စားကြွင်း(၆) အစုအပြုံလိုက် အမွေရရှိခြင်း၊ ထီပေါက်ခြင်း၊ ဥစ္စာစီးပွားစုဆောင်းရရှိလွယ်ခြင်း၊ ချမ်းသာကြွယ်ဝမှု ရှိတတ်သည်။

"ကဲ…မောင်စိုးမြင့်ရေ…မင်းသူငယ်ချင်း ဇနီးမောင်နှံကတော့ အိမ်ထောင်မိတ်ဖြစ်တဲ့ တနင်္ဂနွေနဲ့ သောကြာနေ့ပ်။ အိမ်ထောင်ဖက် သင့်တယ်လို့တော့ ပြောရင် ရပြီ။ အကျိုးပေး,မပေးကတော့ ဥပမာအနေနဲ့ တွက်ကြည့်ပါဦး"

ဥပမာ(ပုံစံ) -

အိမ်ထောင်ဖက်နှစ်ဦး၏ နေ့က တနင်္ဂနွေ+သောကြာ၊ တနင်္ဂနွေနေ့ နံသင့်(၁)နှင့် သောကြာနေ့ နံသင့်(၆)ကို ပေါင်းသော် (၇)ရသည်။ ပေါင်းရသည့် (၇)အား (၅)နှင့် ပ

မြှောက်ပါ။ မြှောက်သော် (၃၅)ရသည်။

၃၅ကို ၇နှင့်စားသော် စားလဒ် ၅ရပြီး စားကြွင်း

(၀)ဖြစ်သည်။

"တွက်ကြည့်လို့ရတဲ့ အဖြေကတော့ (၀)ကြွင်းဖြစ်

တယ် ဆရာရေ"

ဟု မောင်စိုးမြင့်က ပြောသည်။

(၀)ကြွင်းအရ အဖြေမှာ ဆင်းရဲခြင်း၊ ပူပင်သော

များခြင်း၊ ဒုက္ခများနှင့် ရင်ဆိုင်ရခြင်း၊ ငွေကြေးရှာဖွေမှု ခ

စွာဖြင့် ဘဝနိဂုံးချုပ်တတ်သည်ဟု အဖြေထွက်နေသည်

ဤသို့အားဖြင့် အိမ်ထောင်မိတ်ဖြစ်သော်လည်း အိမ်ထော

အကျိုးမပေးသည့်, ပေးသည် ရှိမည်။ အိမ်ထောင်ရန်ဖြ

မသင့်သော်လည်း အကျိုးပေးချင် ပေးတတ်သည်

တွက်ဆနိုင်ကြပါစေလို့ ဆန္ဒပြုရင်း…◘

(စေတနာမှန်လျှင် ကံကောင်း

* * *

မောင်တင်ကြွယ်(

## စာမူရှင်များသို့ ဖိတ်ခေါ်ခြင်း

အနယ်နယ်အရပ်ရပ်ရှိ စာမူရှင်များကို

ကျွန်ုပ်တော်တို့ မဂ္ဂဇင်းမှ နွေးထွေးစွာ

ကြိုဆိုဖိတ်ခေါ်အပ်ပါသည်။

မိမိတို့နေရပ်အသီးသီးတွင် တည်ရှိသော

စေတီပုထိုးများ၊

ထူးဆန်းသောဖြစ်ရပ်များတို့ကို

သုတရသပုံစံဖြင့်

ရေးသားပေးပို့နိုင်ပါကြောင်း

အသိပေးအပ်ပါသည်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နရသိန်စာကြည့်တိုက်များအတွက် ပူးပေါင်းပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ခြင်း

နရသိန်မဂ္ဂဇင်း အယ်ဒီတာချုပ် ညီလွှမ်းအောင်ကိုယ်တိုင် ဦးဆောင်၍ အကျဉ်းဦးစီးဌာနရုံးချုပ်နှင့် အကျဉ်းထောင် အသီးသီးတွင် စာကြည့်တိုက်များ ရေရှည်တည်တံ့နိုင်ရန် ကော်မတီတစ်ရပ် ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။

အကျဉ်းဦးစီးဌာန ဝန်ထမ်းများနှင့်တကွ အကျဉ်းထောင်အသီးသီးရှိ အကျဉ်းသား၊ အကျဉ်းသူများအနေဖြင့် သုတ၊ ရသ စာပေများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှုနိုင်ရန် နရသိန်စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များ လိုအပ်လျက် ရှိပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့အနေဖြင့် နရသိန်စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များ၊ ဂျာနယ်၊ မဂ္ဂဇင်း များကို . . .

**နရသိန်စာကြည့်တိုက်များပံ့ပိုးကူညီရေးကော်မတီ**

နရသိန်မဂ္ဂဇင်း၊ အမှတ်(၂၁၀)၊ ပထမထပ်(ဝဲ)၊ ၃၁လမ်း(ထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ညီလွှမ်းအောင် - ၀၉-၅၁၉၂၄၉၅၊ မောင်ညိုအေး(ပန်းတော) -၀၉-၅၁၅၇၄၆၂ သို့ . . .

ဆက်သွယ် လှူဒါန်းကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

---

**နရသိန်စာကြည့်တိုက်များပံ့ပိုးကူညီရေးကော်မတီ**

နရသိန်မဂ္ဂဇင်း၊ အမှတ်(၂၁၀)၊ ပထမထပ်(ဝဲ)၊ ၃၁လမ်း(ထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ညီလွှမ်းအောင် - ၀၉-၅၁၉၂၄၉၅၊ မောင်ညိုအေး(ပန်းတော) - ၀၉-၅၁၅၇၄၆၂



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(၁)

ပိုက်ထွေးနှင့် မြသို့ တိတ်ဆိတ်ငြိမ်သက်နေသည့် ကျောင်းအိုကြီးပေါ်သို့ တဖြည်းဖြည်းတက်ပြီး စူးစမ်းကြည့်လိုက်မိသည်။ ကျောင်းအိုကြီး ဘုရားခန်းရှေ့တွင် ထိုင်ပြီး ပုတီးစိပ်နေသည့် ဦးပဉ္စင်းကြီး သံခဲကို တွေ့လိုက်ရမှ စိတ်ချလက်ချဖြစ်သွားကာ ဦးချကန်တော့ပြီး စောင့်နေမိသည်။ ဦးပဉ္စင်းကြီး သံခဲက ပုတီးစိပ်ပြီး ဘုရားခန်းရှေ့မှ ပြန်အထွက်တွင် ရုတ်တရက် ပိုက်ထွေးတို့ လင်မယားကို တွေ့မြင်လိုက်ရ၍ အံ့သြတကြီးဖြစ်သွားမိသည်။

"မင်း…မင်း…ပိုက်ထွေးမဟုတ်လား။ ဘာကိစ္စနဲ့ ငါ့ဆီကို လာတာလဲ၊ ပြောစမ်း"

"တပည့်တော် ဦးပဇင်းကြီးကို ကန်တော့ဖို့ လာခဲ့တာပါ ဘုရား"

"ဟေ…၊ မင်း…မင်းက ငါ့ကို ကန်တော့ဖို့…ဟုတ်လား"

"တင်ပါ့ဘုရား။ ပြီးတော့ ဦးပဉ္စင်းကြီးကို မတွေ့မမြင်ရတာ ကြာလို့ သတိရလို့ပါ။ လှူလည်း လှူချင်လို့ပါ"

ပိုက်ထွေးက ပြောပြောဆိုဆို မြသို့နှင့်အတူ ရွာမှ ယူလာခဲ့သည့် လှူဖွယ်များကို ဦးပဉ္စင်းကြီးကို ကပ်လှူလိုက်သည်။ ဦးပဉ္စင်းကြီးက ပိုက်ထွေး လှူဒါန်းသည့် ပစ္စည်းများကို ကြည့်ပြီး အံ့အားသင့်နေမိသည်။ ကြည့်လေ။ ပိုက်ထွေး လှူဒါန်းသည့် ပစ္စည်းတန်ဖိုးက မသေးလှ။

ဦးပဉ္စင်းကြီး သံခဲသည် ကျောင်းအိုကြီးသို့ ရောက်ခဲ့စဉ်က ဘုန်းတော်ကြီးတစ်ပါးတည်းသာ သီတင်းသုံးခဲ့သည်။ အစက ဦးပဉ္စင်းကြီး သံခဲက ကပ္ပိယကြီးအဖြစ် ဘုန်းတော်ကြီးကို ပြုစုရင်း ကြာတော့ ဘုန်းတော်ကြီးက နီးစပ်ရာ ရွာမှ ဘုန်းတော်ကြီးများကို ပင့်ပြီး ကပ္ပိယကြီး သံခဲကို ရဟန်းဝတ်ပေးခဲ့ခြင်းဖြစ်သည်။

"ဦးပဉ္စင်း ဒီကျောင်းမှာ ရှိနေတယ်ဆိုတာ ဘယ်လိုသိခဲ့တာလဲ ဒကာ ပိုက်ထွေး"

ဦးပဉ္စင်းကြီးက ပိုက်ထွေးကို စူးစမ်းကြည့်ပြီး မေးလိုက်သည်။ ပိုက်ထွေးက ဦးပဉ္စင်းကြီး၏အမေးကို ရုတ်ချည်း မတုံ့ပြန်နိုင်။ ဟိုယခင်က ပိန်လှီသည့် ခန္ဓာကိုယ်နှင့် ညိုမောင်းသည့် အသားအရေ၊ ပြီး မုတ်ဆိတ်ကျင်စွယ်နှင့် ရက်စက် ခက်ထန်ခဲ့သည့် ဦးပဉ္စင်းကြီး၏ အတိတ်ပုံရိပ်လွှာကားချပ်။

ခုတော့ ထိုအရာအားလုံးနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့် ဦးပဉ္စင်းကြီး၏ ရုပ်လက္ခဏာက အကွာခြားကြီး ကွာခြားနေသဖြင့် မယုံနိုင်စရာ။ ကြည့်လေ၊ ပြည့်တင်းသည့် ခန္ဓာကိုယ်နှင့်အတူ စိုပြည်သည့် အသားအရေက လွှမ်းခြုံထားသည့် အဝါရည် သင်္ကန်းနှင့် လိုက်ဖက်ပြီး ကြည်ညိုစရာဖြစ်နေသည့် ဦးပဉ္စင်းကြီး၏ ပစ္စုပ္ပန်ဘဝ။

"ဦးပဉ္စင်းကြီး ရွာကို ပြန်မလာတော့ တောထဲတောင်ထဲမှာ သားကောင်လက်ချက်နဲ့ ဆုံးပါးခဲ့ပြီလို့ တစ်ရွာလုံးက တွက်စကြတာပါ ဘုရား။ တပည့်တော်က ဦးပဉ္စင်းကြီးကို အဲဒီလို မထင်ခဲ့ပါဘူး ဘုရား"

ပိုက်ထွေး၏ မတင်မကျ စကားလမ်းကြောင်းကြောင့် ဦးပဉ္စင်းကြီး ဝေခွဲမရနိုင်အောင်ဖြစ်သွားမိသည်။

"ဦးပဉ္စင်းကြီးကို ဘယ်လိုထင်ခဲ့လို့လဲ ဒကာ ပိုက်ထွေး"

"တပည့်တော် ထင်တာက ဦးပဉ္စင်းကြီး တောထဲတောင်ထဲကနေ နယ်ကျော်ပြီး တစ်ရပ်တစ်ကျေးကို ရောက်သွားတယ်လို့ ထင်မိပါတယ် ဘုရား။ ဒါကြောင့် တပည့်တော် ဦးပဉ္စင်းကြီး သတင်းကို အမြဲတမ်း နားစွင့်နေတာပါ။ ခု ဒီကျောင်းကြီးမှာ ရဟန်းဘဝနဲ့ နေထိုင်တယ်ဆိုတာ သတင်းကြားရလို့ လာပြီး လှူဒါန်းတာပါ ဘုရား"

ဦးပဉ္စင်းကြီး သံခဲက ပိုက်ထွေးကို ကြည့်ပြီး အလိုလို ကရုဏာသက်သွားမိသည်။ ပိုက်ထွေးဘဝကလည်း ကရုဏာသက်စရာပင်။ ဖခင် ဆုံးပါးစဉ်က လူမှန်းသူမှန်းပင် မသိသေးသည့် အရွယ်။ ပိုက်ထွေးမိခင်က ယာထဲကိုင်းထဲတွင် အတုံးလိုက်ရင်း စားဝတ်နေရေး ရုန်းကန်နေရသည့်ဘဝ။

"ဒ…ဒကာမကြီးရော ပိုက်ထွေး"

"လွန်ခဲ့တဲ့ သုံးလေးမိုးကပဲ တိမ်းပါးသွားခဲ့ပါပြီ ဘုရား"

"အင်းလေ၊ ဒကာမကြီးအဖြစ်က ဘဝဝဋ်ကြွေး ကြီးမားခဲ့တယ်လို့ ပြောရမှာပေါ့ကွယ်"

ဦးပဉ္စင်းကြီး သံခဲက ပိုက်ထွေးကို ဆွေးမြေ့စွာ ပြောရင်း အတိတ်ကို အမှတ်ရနေမိသည်။ ဦးပဉ္စင်းကြီး သံခဲ၊ သံယောဇဉ်ဟူသမျှကို တတ်နိုင်သမျှ ပြတ်တောက်နေမိသော်လည်း ပိုက်ထွေးကို ဖြုန်းစားကြီး ပြန်တွေ့လိုက်ရ၍ သတိက အလိုလိုရလာမိပြန်သည်။

"အမေကလည်း ဘယ်သူ့မှ အပြစ်မတင်ရှာပါဘူး ဦးပဉ္စင်းကြီးရယ်၊ အမေဆုံးပါးခါနီးမှာ ဦးပဉ္စင်းကြီး မတွေ့တွေ့အောင် ရှာဖို့နဲ့၊ တွေ့ခဲ့ရင် သူ ဦးပဉ္စင်းကြီးအပေါ်မှာ ဖြစ်မှားခဲ့တဲ့ အပြစ်တွေရှိရင် ခွင့်လွှတ်ပေးဖို့အပြင် ဟောဒီ အထုပ်ကလေးကို ဦးပဉ္စင်းကြီး ဆက်ဆက်ပေးဖို့ အတန်တန်မှာခဲ့ပါတယ် ဘုရား။ အဲဒါ ဦးပဉ္စင်းကြီး လက်ခံပေးပါ ဘုရား"

www.burmeseclassic.com



ပိုက်ထွေးက လွယ်အိတ်ထဲမှ အထုပ်ကလေးကို ခွဲထုတ်ပြီး ဦးပဥ္စင်းကြီးရှေ့ရှိ ကြေးလင်ဗန်းထဲသို့ ထည့်လိုက်သည်။

"ဘာပစ္စည်းတွေမို့ ဒကာမကြီးက တကူးတက မှာခဲ့တာလဲ ဒကာပိုက်ထွေး"

"တပည့်တော်လည်း ဘာပစ္စည်းမှန်း မသိပါဘူး ဘုရား"

ပိုက်ထွေးစကားကြောင့် ဦးပဥ္စင်းကြီးက ကြေးလင်ဗန်းထဲရှိ အထုပ်ကလေးကို ကြည့်ပြီး ဝေခွဲမရနိုင်အောင် ဖြစ်သွားမိသည်။

"ဒကာ ပိုက်ထွေး··· အထုပ်လေးကို ဖွင့်ကြည့်စမ်းပါဦးကွယ်"

ဦးပဥ္စင်းကြီး စကားကြောင့် ပိုက်ထွေး ကြေးလင်ဗန်းထဲမှ အထုပ်လေးကို ယူပြီး ဖွင့်ကြည့်လိုက်မိသည်။ မိခင်တိမ်းပါးပြီးကတည်းက တစ်ခါမှ ဖွင့်မကြည့်ဘဲ ပိုက်ထွေး တခုတ်တရ သိမ်းထားခဲ့သည့် အထုပ်ကလေး။ ခုတော့ အထုပ်လေးအတွင်းမှ မယုံနိုင်စရာ တွေ့မြင်လိုက်ရသည်က ရွှေထည်မျိုးစုံ။

"ရွှေ···ရွှေထည်တွေပါလား ဦးပဥ္စင်းကြီး"

ပိုက်ထွေးက မယုံနိုင်သည့် အကြည့်ဖြင့် ပြောရင်း အထုပ်ကလေးကို ပြန်ထုပ်ထားလိုက်သည်။ ဦးပဥ္စင်းကြီးက ကြေးလင်ဗန်းထဲမှ အထုပ်လေးကို တစ်လှည့် ပိုက်ထွေးကို တစ်လှည့် ကြည့်လိုက်ပြီး···

"ဒီရွှေထည်ပစ္စည်းတွေရဲ့ ပိုင်ရှင်အစစ်က ဒကာ ပိုက်ထွေးပဲကွဲ့"

"မဖြစ်နိုင်ပါဘူး ဘုရား။ တပည့်တော်မိခင်က တပည့်တော်ကို ဘာစကားမှ မမှာခဲ့ပါဘူး ဘုရား။ ဦးပဥ္စင်းကြီးကိုပဲ တွေ့အောင် ရှာပြီး ပေးခိုင်းခဲ့တာပါ ဘုရား"

ပိုက်ထွေး၏ ပျာပျာသလဲ ငြင်းဆန်မှု စကားကြောင့် ဦးပဥ္စင်းကြီး သံခဲ စိတ်ထဲတွင် အနှစ်နှစ်အလလက မြှုပ်နှံထားခဲ့သည့် အဖြစ်က အလိုလိုပေါ်လာသည်။

(၂)

"ကိုသံခဲ···တော် အကုသိုလ်အလုပ်တွေကို ဆက်မလုပ်ပါနဲ့တော့။ ကျွန်မ ဈေးရောင်းပြီး ကျွေးပါ့မယ်"

ဇနီးသည် မသန်းက ဘယ်လိုပဲ နားချနားချ ကိုသံခဲက မရခဲ့။ ငယ်စဉ်ကတည်းက ကျွမ်းဝင်ခဲ့သည့် မုဆိုးအလုပ်ကို ရုတ်ခြည်း ပြတ်တောက်နိုင်ဖို့ မလွယ်မှန်း သိသည်။

"ငါ့ဘဝပေး ကံကြမ္မာကလည်း ဒီအလုပ်နဲ့ပဲ အကျိုးပေးတာ မသန်းရဲ့။ ငါလည်း ဒီအလုပ်နဲ့ပဲ ပျော်တယ်"

ဒူးလေးကို ပြင်ဆင်ပြီး မြားဘူးထဲသို့ မြားတံများ ထည့်နေသည့် လင်

"

မစိုးရိမ်ပါနဲ့ မသန်းရယ်။
ငါ့သား စိတ်ကို
ငါသိပါတယ်။
တစ်နေ့ ငါ့သား
ဘဖြစ်မှန်သိလို့
ငါ့ကို မုန်းချင် မုန်းပါစေ
မသန်းရယ်၊
ငါ့သားဘမုန်းကို
ငါခံနိုင်ပါတယ်။
ငါ့သား ငါ့လို မုဆိုးဘဝ
မဖြစ်ဖို့က ဘရေးကြီးတယ် မသန်း

"

ဖြစ်သူ ကိုသံခဲကို ကြည့်ရင်း မသန်း
ဘာဆက်ပြောရမှန်း မသိတော့။ ဒီ
ဘဝကို ကျတွဲပြီး မုဆိုးအလုပ်ဖြ
အသက်စွန့် ရှာကျွေးနေသည့် ကိုသံခဲ

"မသန်း···လူလေး ပိုက်ထွေး
ရော"

"ရှိပါတယ် ကိုသံခဲရယ်။ တော်
သားက ဟိုမှာလေ"

မသန်းစကားကြောင့် ကိုသံခဲ
လှမ်းကြည့်လိုက်မိသည်။ စိတ်ထား
သည့် ဝါးခြမ်းများကို ဓားဖြင့် သင်၍
ဒူးလေးမြားတံလုပ်နေသည့် ပိုက်ထွေး
အား ကိုသံခဲ ကြည့်ရင်း မျက်နှာပြုံးပြုံး
ကြီးဖြစ်သွားသည်။

"နင့်သားက ငါ့ခြေရာနင်း
အကုသိုလ်ကောင်ကွ"

"အိုတော်··လူလေးကို ဘယ်
ကြောင့် အကုသိုလ်ကောင်လို့ ခေါ်
တာလဲ ကိုသံခဲ"

"ဟ···ငါ မခေါ်လို့ မဖြစ်ဘူး
တစ်နေ့ ငါ့လိုပဲ မုဆိုးဖြစ်မှာ သေချာ
တယ်။ အဲဒါကြောင့် အကုသိုလ်ကောင်
လို့ ငါပြောတာ ဆန်းသလား မသန်း
ငါ့လို ဘဝမျိုးမဖြစ်အောင် ငါ ကြိုးစား
ပြီး ငွေစုနေတာ ပိုက်ထွေးအတွက်ပဲ
မသန်း"

အမှန်တော့ ကိုသံခဲက ပထွေး
ဟု ဆိုသော်လည်း ပိုက်ထွေးကို သား
အရင်းနှယ် ချစ်သည်။ ပိုက်ထွေး ဆိုး
ခဲ့သမျှကို ခါးစည်းခံခဲ့သည်။ ခုလည်း
ပိုက်ထွေးဘဝရှေ့ရေးကို တွေးပြီး ကိုသံ
ခဲ မစားရက် မသောက်ရက်ဘဲ မြဲမြဲပြီး
စုဆောင်းခဲ့သည်က ကြာခဲ့ပြီ။ ဒါကြောင့်
လည်း မသန်းပင် ကိုသံခဲကို မနာလို
စိတ်ဖြစ်ခဲ့သည်က အမှန်။

"ကိုသံခဲရယ်··လူလေး တစ်နေ့
အဖြစ်မှန်ကို သိသွားရင် ကိုသံခဲ့အပေါ်
အချစ်လျော့ပြီး မုန်းသွားမှာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မိတယ်"

"မရိုးရိမ်ပါနဲ့ မသန်းရယ်။ ငါ့သားကို ငါသိပါတယ်။ တစ်နေ့ ငါ့သား မှန်သိလို့ ငါ့ကို မုန်းချင် မုန်းပါစေရယ်၊ ငါ့သားအမုန်းကို ငါခံနိုင်ပါတယ်။ ငါ့သား ငါ့လို မဆိုးဘဝ မဖြစ်ဖို့ အရေးကြီးတယ် မသန်း"

ကိုသံခဲ မသန်းကို နှုတ်ဆက်ပြီး တွေကို လှမ်းကြည့်လိုက်သည်။ တွေက မြားတံကို စိတ်တိုင်းကျ နေခဲ့ဖြစ်သည်။ ကိုသံခဲ ဒူးလေးကို မြားဘူးကို လွယ်ကာ မှိုင်းညို့ မြင်နေရသည့် တောင်ကြီးကို ကြည့်ရင်း ပိုက်ထွေး တတွတ်တွတ်မှာ နေသည့် မျောက်မွေးချင်သည့် စကား ကိုသံခဲ ခြေလှမ်းများက အလိုလို သွက်လက်သွားသည်။

(၃)

"ဦးပဉ္စင်းကြီး ဘယ်လိုကြောင့် ပြန်မရောက်ဘဲ ဒီဘဝကို ရောက် ဘာလဲ ဘုရား"

ဦးပဉ္စင်းကြီး သံခဲက မိမိ မဆိုးဘဝ၏ နောက်ဆုံး ခရီးစဉ်ကို ပြန်တွေးနေမိဆဲတွင် ရုတ်တရက် ပေါ်လာသည့် ပိုက်ထွေးစကားကြောင့် အတွေးစများ ပျက်လွင့်သွားသည်။

"အင်း...ဦးပဉ္စင်းကြီးရဲ့ အကုသိုလ်ကံ အမြစ်ပြတ်ချိန် တန်ပြီလို့ ပြောရမှာပေါ့ ဒကာ ပိုက်ထွေးရယ်။ အဲဒီနေ့က ဒကာ မွေးချင်တဲ့ မျောက်အရှင်ရဖို့ ကြိုးစားရင်း မျက်စိလည်ပြီး တောနက်ကြီးထဲကို ရောက်ခဲ့တာ။ အဲဒီတောနက်ကြီးကို ရောက်ရင် ဘယ်မဆိုးမှ ပြန်လမ်းမရှိဘူးဆိုတာ ဦးပဉ္စင်းကြီး သိနေခဲ့တာ"

"ဒါဆို တပည့်တော်ကြောင့် ဦးပဉ္စင်းကြီး ဒုက္ခရောက်ခဲ့တာ တပည့်တော် စိတ်မကောင်းဖြစ်မိပါတယ်



ဘုရား"

"ဦးပဉ္စင်းကြီးအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ ဒကာ ပိုက်ထွေးရယ်။ ဦးပဉ္စင်းကြီးကို ဒီဘဝရောက်အောင် ပို့လိုက်တဲ့ ဒကာ ပိုက်ထွေးရဲ့ ကျေးဇူးကြောင့်ပါ"

ဦးပဉ္စင်းကြီးထံမှ မမျှော်လင့်နိုင်သည့် စကားသံကို ကြားလိုက်ရ၍ ပိုက်ထွေး တအံ့တသြဖြစ်သွားမိသည်။

"ဦးပဉ္စင်းကြီး ခုလိုဘဝရောက်တာ တပည့်တော်ရဲ့ ကျေးဇူးကြောင့် ဆိုတာ ဟုတ်ရဲ့လား ဦးပဉ္စင်းကြီး"

"ဟုတ်ပါတယ် ဒကာ ပိုက်ထွေး။ အဲဒါကြောင့် တစ်နေ့နေ့မှာ ဒကာ ပိုက်ထွေးနဲ့ ပြန်ဆုံတွေ့နိုင်ပါစေလို့ ဦးပဉ္စင်းကြီး ဆုတောင်းနေခဲ့ရတာပါ။ အင်း...ခုမှပဲ ဦးပဉ္စင်းကြီးရင်ထဲက ဆန္ဒပြည့်ဝပြီ ဆိုပါတော့ကွယ်။ ဆက်ပြောရရင်၊ ဦးပဉ္စင်းကြီး တောနက်ကြီးထဲ ရောက်ပြီး မျက်စိလည်ခဲ့ပေမယ့် ရွာကို မရောက်ရောက်အောင် ပြန်မယ်ဆိုပြီး ပြန်လာတုန်း..."

ဦးပဉ္စင်းကြီးက ပြောလက်စ စကားကို ခဏဆိုင်းငံ့ပြီး ကျောင်းအိုကြီး ပြတင်းပေါက်ဆီမှ လှမ်းမြင်နေရသည့် တောင်ကြီးကို ကြည့်ရင်း အတိတ်က ဖြစ်ရပ်ကို မြင်ယောင်လာမိသည်။

"ဦးပဉ္စင်းကြီး ရွာပြန်ဖို့ လမ်းစရှာနေတုန်း ကျားကြီးတစ်ကောင်နဲ့ ရင်ဆိုင်တွေ့လို့ ဒူးလေးနဲ့ ပစ်ခတ်ခဲ့ရတယ်။ ကျားကြီးက ဒဏ်ရာရပြီး ရန်မူလို့ ဦးပဉ္စင်း ကျားရန်က လွတ်အောင် ပုန်းရင်း လိုဏ်ကြီးတစ်ခုထဲကို ကျခဲ့တယ်။ ဦးပဉ္စင်းကြီးလည်း ဘယ်အထိ သတိလစ်ခဲ့တယ် မသိဘူး။ သတိရပြီး ကြည့်လိုက်တော့ ဘုန်းကြီးအိုကြီးနဲ့ တွေ့ပြီး ဆေးဝါးကုသပေးတယ်။ အကုသိုလ်အလုပ်တွေ ဆက်မလုပ်ဖို့ ဆုံးမပြီး ပြန်လွှတ်လိုက်လို့ ယောဒီကျောင်းကြီးကို ရောက်ခဲ့တာပဲ ဒကာ ပိုက်ထွေး"

ပိုက်ထွေးက ဦးပဉ္စင်းကြီး သံခဲ အဖြစ်ကို သိခွင့်ရလိုက်၍ စိတ်မကောင်းဖြစ်သွားမိသည်။ မိမိကို အသက်စွန့်ပြီး ရှာဖွေကျွေးမွေးခဲ့သည့် ဦးပဉ္စင်းကြီး၏ ကျေးဇူးတရားကို ပြန်တွေးမိရင်း ပို၍ ကြည်ညိုသွားမိသည်။ သို့တိုင် ပိုက်ထွေးရင်ထဲတွင် တည်ရှိနေဆဲဖြစ်သည့် အရာ၊ ပိုက်ထွေး မမေးလို့ မဖြစ်။ ပိုက်ထွေးငယ်စဉ်ကတည်းက ဖခင်ရင်းဟု ထင်မှတ်ထားခဲ့သည့် ဦးပဉ္စင်းကြီး။

"ဦး...ဦးပဉ္စင်းကြီးက တပည့်တော်ရဲ့ ဖခင်အရင်းမဟုတ်ဘူးလို့ ပြောကြတာ အမှန်ပဲလား ဘုရား"

ပိုက်ထွေး၏ အမေးစကားကြောင့် ဦးပဉ္စင်းကြီးမျက်နှာပေါ်တွင် ညှိုးရိပ်သမ်းသွားသည်။ ပြီး ပိုက်ထွေးကို ကြည့်ပြီး...

"ဟုတ်ပါတယ် ဒကာ ပိုက်ထွေး။



www.burmeseclassic.com

www.burmeseclassic.com



ဦးပဉ္စင်းကြီး ခုလို ဝန်ခံလိုက်တော့ ဦးပဉ္စင်းကြီးအပေါ် အမျက်သိုသွားပြီလား ဒကာ ပိုက်ထွေး"

"တပည့်တော် နလုံးသားမှာ ဦးပဉ္စင်းကြီးအပေါ် အမုန်းတရား မရှိပါဘူး ဘုရား။ ခုလည်း ဦးပဉ္စင်းကြီးက တပည့်တော် လူမှန်းသူမှန်း မသိခင်ကတည်းက ဖခင်အရင်းလို ပြုစုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတွေကို ပြန်ဆပ်ချင်လို့ပါ ဘုရား။ ဦးပဉ္စင်းကြီး လူထွက်ပြီး တပည့်တော်တို့နဲ့ အတူနေပါ ဘုရား။ တပည့်တော် ဦးပဉ္စင်းကြီးကို တစ်သက်လုံး အနီးကပ် ပြုစုပါရစေ ဘုရား"

"ခုလို စကားကြားရတာ ဦးပဉ္စင်းကြီး သာဓု⋅⋅သာဓုခေါ်ပါတယ် ဒကာ ပိုက်ထွေး။ ဒါပေမယ့် ဦးပဉ္စင်းကြီး လူ့ဘဝက ပြုမူမှားယွင်းခဲ့တဲ့ အကုသိုလ်ကံတွေကို ကုသိုလ်ကောင်းမှုနဲ့ ဆေးကြောဖို့ တာဝန်ရှိသေးတယ်။ ဒါကြောင့် လူ့လောကီရဲ့ သမုဒယမီးတွေကို ငြိမ်းပါရစေတော့ ဒကာ ပိုက်ထွေး။ ကဲ - ဦးပဉ္စင်းကြီးကို တွေ့ရပြီဆိုတော့ နောင်ဆို ဦးပဉ္စင်းကြီးဆီကို လုံးဝ မလာကြပါနဲ့ကွယ်"

ဦးပဉ္စင်းကြီး၏ နောက်ဆုံး တင်းပြတ်သည့် စကားသံကြောင့် ပိုက်ထွေးရင်ထဲတွင် ကြေကွဲစွာ ခံစားသွားမိသည်။ ဦးပဉ္စင်းကြီးက ပိုက်ထွေးမျက်နှာကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်ပြီး သံယောဇဉ်ဖြတ်ကာ စိပ်ပုတီးလေးကို ကိုင်ရင်း ကျောင်းအိုကြီးပေါ်မှ တရွေ့ရွေ့ဆင်းသွားလေသည်။

ပိုက်ထွေး ဦးပဉ္စင်းကြီး၏ အပြုအမူကို ကြည့်ပြီး အလိုလိုနားလည်သဘောပေါက်လိုက်မိသည်။ ရစ်ဝဲလာသည့် မျက်ရည်စကို အနိုင်နိုင်ထိန်း... ကျောင်းအိုကြီးပေါ်မှ လေးကန်စွာ ဆ... လိုက်သည်။ သားအရင်းမဟုတ်သေ... လည်း ငယ်စဉ်ကတည်းက ဖခင်... ပမာ မေတ္တာထားနိုင်ခဲ့သည့် ဦးပဉ္စ... ကြီး။ ခုတော့ သံယောဇဉ် သမုဒ... အငွေ့အသက်ကိုပင် တရားမျှ... ဖြတ်တောက်နေသည့် မြင်ကွင်း။

ပိုက်ထွေး ဦးပဉ္စင်းကြီး... နောက်ဆုံး လက်အုပ်ချီ ကန်တော... ကြည့်လိုက်မိသည်။ ပိုက်ထွေး မျ... ရည်များကြားမှ ဝိုးတဝါးတွေ့မြင်ရသ... ဦးပဉ္စင်းကြီး သံခါ တရားဓမ္မကို န... သွင်းပြီး အေးငြိမ်းချမ်းသာရာ သ... ဘုံသို့ တရွေ့ရွေ့လှမ်းရင်း တဖြည်းဖြ... ဝေး၍ဝေး၍သွားနေပြီ မဟုတ်ပါလား။

* * *

ဇလွန်စေ...


# လင်မယားစုံတွဲတွေအတွက် သိသင့်သော အဟောများ

- ကိုယ်ပိုင် အိုးအိမ်၊ တိုက်တာ၊ ယာဉ်ကား၊ ကိုယ်ပိုင်လုပ်ငန်းတွေ ပိုင်ဆိုင်ပြည့်စုံချမ်းသာနိုင်တဲ့ ကံကြမ္မာများ ရှိကြပါသလား⋅⋅⋅⋅⋅၊ ဘယ်အသက်ပိုင်းမှာ ဖြစ်နိုင်မလဲ။
- ပြည်ပထွက်ခွာ လုပ်ကိုင်နေထိုင်ရကိန်း ရှိကြသလား⋅⋅⋅⋅၊ ဘယ်နိုင်ငံတွေမှာ ပိုပြီး အကျိုးပေးစီးပွားဖြစ်နိုင်လဲ။
- အလုပ်အကိုင်၊ ရာထူး၊ စီးပွားရေးတို့မှာ ထိပ်ဆုံးရောက်နိုင်ကြသလား⋅⋅⋅⋅⋅၊ ဘယ်တော့ဖြစ်နိုင်လဲ။
- ဘယ်လိုလုပ်ငန်းမျိုး၊ ဘယ်လိုကုန်ပစ္စည်းမျိုးတွေ၊ လုပ်ကိုင်ရောင်းဝယ်အကျိုးပေးနိုင်လဲ⋅⋅⋅⋅⋅။
- ဘယ်လိုရောဂါ၊ ဘေးဥပါဒ်မျိုးတွေ ပိုပြီး ဒုက္ခပေးမလဲ⋅⋅⋅⋅⋅⋅⋅⋅ စသည်ဖြင့် သိသင့်တာတွေကို တိတိကျကျသိရဖို့⋅⋅⋅⋅⋅⋅⋅⋅⋅။

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)

**ယုံကြည်အားကိုးမှုသာ လာခဲ့ပါ**

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၁-၅၈၆၇၀၄၊ 📱 - ၀၉-၅၀-၆၂၈၄၃၊ ၀၉-၅၁-၇၇၆၂၂။




www.burmeseclassic.com

www.burmeseclassic.com



# ကောသလအိပ်မက် (၁၆)ချက်

လက်ရုံးညီ

ကောသလမင်းကြီးရဲ့ အိပ်မက်အကြောင်းကို ကွယ်လွန်သွားပြီဖြစ်တဲ့ အဘွားဖြစ်သူကြောင့်ပဲ ငယ်စဉ်ကတည်းက နေခဲ့ပါတယ်။ အဘွားဖြစ်သူက ငါးနှစ်သား၊ ခြောက်နှစ်သားအရွယ် မြေးလေးကို အိပ်ရာဝင် ပုံပြင်အဖြစ် ပြောပြခဲ့ပါ တယ်။

ကောသလအိပ်မက်အကြောင်းတွေကို ရှင်းပြ ပြောပြရင်း လက်တွေ့မှာ ဖြစ်ပျက်နေတာတွေနဲ့ ယှဉ်ပြပြီး အဘွားက ပြတတ်ပါတယ်။

အခု ကျွန်ုပ်တော့်အသက် ၄၅နှစ်စွန်းနေပါပြီ။ အဘွားဆုံးတာ နှစ်ပေါင်း ၃၀နီးပါးရှိပြီဖြစ်ပေမယ့် ကောသလအိပ်မက် ကို ကျွန်တော်မေ့မသွားပါဘူး။ အဘွားပြောပြခဲ့စဉ်အခါတုန်းကတည်းက ကောသလအိပ်မက် ၁၆ချက်ဟာ လိုတိုရှင်း မိမိနဲ့ ကြားရသူအတွေးထဲ၊ မျက်စိထဲမှာ စွဲသွားပါတယ်။

တကယ်တော့ အဘွားပြောပြခဲ့တဲ့ တောသလအိပ်မက် ၁၆ချက်ဟာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးရဲ့ ရှစ်လုံးဖွဲ့ကဗျာ တာကို အခုမှပဲ တိုက်တိုက်ဆိုင်ဆိုင် သိခွင့်ရလိုက်ပါတယ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးရဲ့ ကောသလအိပ်မက် (၁၆) ချက် ရှစ်လုံးဖွဲ့ကဗျာနဲ့အတူ ရုပ်ပုံပန်းချီကားများကိုပါ ပူးတွဲပြီး တွေ့လိုက်ရလို့ ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။

ကောသလအိပ်မက်တွေကတော့ မျိုးဆက်ပေါင်းများစွာအထိ၊ ခေတ်ပေါင်း စနစ်ပြောင်းများစွာတိုင် အံ့ဝင်ပြီး သွေး အောင် မှန်နေခဲ့ပါလားလို့ ပရိသတ်ကြီးလည်း သဘောတူ နှစ်ခြိုက်မှာ သေချာပါတယ်။ နှစ်ပေါင်းများစွာကြာအောင် ကောသလအိပ်မက်အကြောင်းကို စာမျက်နှာပေါ်မှာ ကျွန်တော်တို့ မတွေ့ရပါဘူး။ ဘာကြောင့်များ အမှန်တရား၊ ရေးစကား တွေကို ဖုံးကွယ်ထားချင်ပါလိမ့်လို့ မချင့်မရဲဖြစ်မိပါတယ်။

ကြားဖူးနားဝရှိသူများလည်း ပြန်လည်ပြီး ဖတ်ရှုနိုင်အောင်၊ မကြားဘူး, မမြင်ဘူးတဲ့ မျိုးဆက်တွေအနေနဲ့လည်း ခွင့်ရအောင် ဖော်ပြပေးတာပါ။

ကဗျာနဲ့အတူ သရုပ်ဖော် ပန်းချီကားတွေကို ကြည့်ရှုံနဲ့ ထင်းခနဲ ရှင်းခနဲ နားလည်သဘောပေါက်ကြမှာပါ။


ရှစ်လုံးဖွဲ့ကဗျာရဲ့ အထက်ပိုဒ်ကတော့ ကောသလ မင်းရဲ့ အိပ်မက်စကားဖြစ်ပြီး အောက်ပိုဒ်ကတော့ ဘုရားရှင်ရဲ့ ဖြေပဲဖြစ်ပါတယ်။



www.burmeseclassic.com


www.burmeseclassic.com

(၁) နွားလေးကောင်အိပ်မက်



* နွားနက်လေးခု၊ ဝေ့မှုပာန်ပြင်၊ မငွေ့ကြဘဲ၊ ရောင်လွဲသည် မြင်။
* အရှေ့အနောက်၊ တောင်မြောက် မိုးဆင်၊ ငြိမ်းသံပေး မိုးဝေး လွင့်ပျောက်စဉ်။

(၂) သစ်ပင်ငယ်အိပ်မက်



* မြေက မကြွ၊ ငယ်လှ သစ်ပင်၊ ဖူးငုံရင့်ပြီး၊ ပွင့်သီးတွေ့မြင်။
* အရွယ်မမှျ ပျိုမမယ်ခင်၊ သမီးသား လင်သား အိမ်ထောင်ရှင်။

(၃) နွားမကြီးအိပ်မက်



* ယနေ့ဖွားစ နွားမနို့သာ၊ မိခင်နွားကြီး စို့ပြီးနေရာ။
* သမီးနှင့်သား စီးပွားပိုင်ရာ၊ မိနှင့်ဘ ကျွေးမှ စားရမှာ။




www.burmeseclassic.com

www.burmeseclassic.com



နွားငယ်အိပ်မက်



* နွားကြီးမကြိုက်၊ ဝန်တိုက် နွားငယ်၊ မရုန်းနိုင်ဘဲ ဝပ်လဲနေတယ်။
* ကြီးသူ ပယ်ရှား၊ မြောက်စား လူငယ်၊ တိုင်းပြည်ရေး ရှုပ်ထွေးပွေတော့မယ်။

မြင်းအိပ်မက်



* ခံတွင်းနှစ်ခွ၊ မြင်းလှရာဇာ၊ ကျွေးကျွေးသမျှ မဝနိုင်ပါ။
* မှူးမတ်မင်းဆိုး လာဘ်ထိုးသူများ၊ နှစ်ဖက်စား တရားစီရင်မှာ။

ရွှေခွက်အိပ်မက်



* ခွေးအိုထံဆက်၊ ရွှေခွက်သိန်းတန်၊ ကျင်ငယ်အမြဲ ခွက်ထဲ စွန့်ပြန်။
* မျိုးမြတ်သမီး ပစ္စည်းမက်ဟန်၊ အမျိုးယုတ် လင်လုပ်ပေါင်းဆက်ဆံ။



www.burmeseclassic.com

www.burmeseclassic.com



(၇) ခွေးသူခိုးမအိပ်မက်



* ရှေ့က ကျစ်ချ၊ လွန်စကြိုးကို၊ ခွေးမ ခိုးစား၊ ကိုက်ဝါးခါမျို။
* လင်ကြီးပစ္စည်း သိမ်းဆည်းမသို၊ လင်မြှောင်အား မယားလောကွတ်ပို။

(၈) ရေပြည့်အိုးအိပ်မက်



* အိုးငယ်ချည်းနည်း၊ အိုကြီးရေလျှံ၊ အိုးကြီးကိုပဲ ရေဆွဲလောင်းပြန်။
* ဆင်းရဲသူများ၊ ဝတ်စားမကျန်၊ အခွန်တွက် နှိပ်စက်ငွေတောင်းခံ။

(၉) ရေကန်ကြီးအိပ်မက်



* ကြာမျိုးငါးဝ၊ ပွင့်ကြ ရေကန်၊ ရေလယ်နောက်လျက်၊ ကမ်းဘက်ကြည်ပြန်။
* မြို့တွင်းပွဲရှုပ်၊ ခွန်တုတ်ကောက်ခံ၊ မြို့ပြင်ထွက်၊ ပြည့်နှက်စည်ကားရန်။



www.burmeseclassic.com

www.burmeseclassic.com



၀) ထမင်းအိုးအိပ်မက်



* တစ်အိုးတည်းချက်၊ အကျက်မညီ၊ ထ⁄င်းမာဆတ်၊ ပျော့နှပ်သုံးလီ။
* မင်းနှင့်လူများ တရားမမှီ၊ မိုးသုံးစား ကွက်ကြားရွာချမည်။

၁) စန္ဒကူးနှစ်အိပ်မက်



* မွှေးထုံနံ့ကြူး စန္ဒကူးသိန်းတန်၊ ပုန်းရည်နှင့်လဲ၊ သုံးစွဲစားပြန်။
* အလင်္ဂီများ၊ တရားဖိုးတန်၊ ငွေနှင့်လဲ၊ အမြဲဟောမည်မှန်။

၂) ဘူးတောင်းအိပ်မက်



* သံကြေးမပေါ်င်း၊ ဘူးတောင်းဘူးအုံ၊ ရေတွင်စုပ်စုပ်၊ နှစ်မြုပ်လုံးစုံ။
* ပညာရှိများ၊ စကားဥသုံ၊ ပြောသမျှ လောကမသုံးကုန်။




www.burmeseclassic.com

www.burmeseclassic.com




(၁၃) ကျောက်ခဲကြီးအိပ်မက်






* အိမ်လုံးတောင်လုံး၊ ကျောက်တုံးကျောက်ဖျာ၊ ရေမှာ ဘွားဘွား၊ ထင်ရှားပေါ်လာ။
* ရဟန်းရှင်ဆို၊ လူဆိုးများသာ၊ ဂုဏ်ရောင်တိုး၊ တန်ခိုးပေါ်ထွက်မှာ။

(၁၄) ဖားငယ်မ အိပ်မက်





* အဆိပ်ပြင်းတော်၊ မြွေဟောက်ကြီးကို၊ ဖားငယ်မ များ၊ ကိုက်ဝါးကာ မျို။
* ကညာယူထား၊ သက်ကြားဘိုးအို၊ မယားဆဲ၊ အံမြဲအော်ငေါက်ဆို။



www.burmeseclassic.com

www.burmeseclassic.com



### ဂ) ကျီးငှက်အိပ်မက်



* အဆင်းမည်းနက်၊ ကျီးငှက်ထံမှာ၊ ရွှေဟသာ်များ ခစားနေပါ။
* ပညာသီလ ပြည့်ဝသူဟာ၊ သူယုတ်အား ဝပ်တွားနေရမှာ။

### ဃ) သစ်နှင့် ဆိတ်အိပ်မက်



* ဆိတ်ကို မြင်ပြား ကြောက်အား ပြင်းထန်၊ ခြသေ့်သစ်ကျား ခုန်လွှားနေပြန်။
* သူယုတ်မာများ ထောင်လွှားနိုင်ငံ၊ သူတော်ကောင်း ပုန်းအောင်း တောမြိုင်ယံ။

* * *

လင်းကြွေးညီ



www.burmeseclassic.com

www.burmeseclassic.com


မဂ္ဂဇင်း

ကြော်ငြာနှုန်းထားမျာ

| | | | | |
|---|---|---|---|---|
| နောက်ကျောဖုံး | (၄ - ရောင်) | - | ၇" × ၁၀" | ၁၅၀,၀၀၀ ကျပ် |
| အရှေ့မျက်နှာဖုံးအတွင်း | (၄ - ရောင်) | - | ၇" × ၁၀" | ၁၀၀,၀၀၀ ကျပ် |
| နောက်ကျောဖုံးအတွင်းဘက် | (၄ - ရောင်) | - | ၇" × ၁၀" | ၈၀,၀၀၀ ကျပ် |
| အတွင်းတစ်မျက်နှာ | (၄ - ရောင်) | - | ၇" × ၁၀" | ၆၀,၀၀၀ ကျပ် |
| အတွင်းဖြူ/ မဲ တစ်မျက်နှာ | (၁ - ရောင်) | - | ၇" × ၁၀" | ၁၅,၀၀၀ ကျပ် |
| အတွင်းဖြူ/ မဲ မျက်နှာဝက် | (၁ - ရောင်) | - | ၅ . ၆" × ၄ . ၅" | ၈,၀၀၀ ကျပ် |

ဒီဇိုင်းပေးပြီး ဖလင်ကူးလိုပါလျှင် ဖြူ/ မဲအတွက် ဖလင်ကူးခ ပေးစရာမလိုပါ။

၄ ရောင်အတွက် ဖလင်ကူးခ သီးသန့်ပေးရမည်။

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး

အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၇၃၀၅၀၄၇၁။


www.burmeseclassic.com

www.burmeseclassic.com



# ဒူလာသွေးဝမ်းဖြစ်သော

**အောင်ကျော်ဖြိုး (ဓေယျဝတီ)**

ကျွန်တော်တို့ ယောကျ်ားအများစု၌ ဖြစ်တတ်သော ရောဂါကို ပြပါဆိုလျှင် ဒူလာရောဂါဖြစ်ပါသည်။ ဒူလာသွေးဝမ်းဖြစ်သောအခါ အလွန်ကြောက်စရာကောင်းလှပါသည်။ အလွန်ကြောက်စရာကောင်းလှသော ဒူလာသွေးဝမ်းရောဂါ ပျောက်ကင်းစေသောနည်းကို ၂၀၀၇ ခုနှစ်၊ ကျောက်ကြီးမြို့ ကြိအဝယ်ဒိုင်တွင် တာဝန်ကျစဉ်က ကရင်အမျိုးသား "စောဖားကြာ"ထံမှ ဤဆေးနည်းကို ကျွန်တော် ရရှိခဲ့ဖူးပါသည်။

ဖော်ပြပါ ဆေးနည်းအတိုင်း ဖော်စားပါက ထိုရောဂါ ဆိုးကြီး ပ,ပျောက်သွားမည်ဖြစ်ပါသည်။

ကသစ်ပင်၏ အခေါက်ကို ခွာပြီး ရေစင်စင်ဆေးပါ။ ၎င်းကို ဆန်ဆေးရည်နှင့် ကျောက်ပျဉ်သန့်သန့်ပေါ်တွင် ခပ်ပျစ်ပျစ်ဖြစ်အောင် သွေးလိုက်ပါ။ ခပ်ပျစ်ပျစ်အနေအထား ရောက်လျှင် ပျားရည်စစ်စစ်ဖြင့် ဖော်ပါ။ နေ့စဉ် နံနက် တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီး တစ်ကြိမ် မှန်မှန်သောက်ပါ။ ဒူလာ သွေးဝမ်းရောဂါပျောက်ကင်းသွားပါမည်။

"မသိသူ ကျော်သွား။ သိသူ ဖော်စား"ဆိုသည့်အတိုင်း ဂမ္ဘီရဆန်းကြယ် စာဖတ်ပရိသတ်များ သိရှိအသုံးပြုနိုင်ရန် စေတနာကောင်းဖြင့် ကြေညာမောင်းခတ်လိုက်ရကြောင်းပါ ခင်ဗျား။□

* * *

အောင်ကျော်ဖြိုး(ဓေယျဝတီ)

(ကျောက်ကြီးမြို့မှ တောင်သူ စောဖားကြာအား ဤစာစုဖြင့် မှတ်တမ်းတင်အပ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



လူတို့သည် ကွယ်လွန်ခါနီးအချိန် စွဲလမ်းမိရာဖြစ်သော အရာဝတ္ထုပစ္စည်း များအပေါ် တွယ်တာစိတ်ဖြင့် တမလွန် အရောက်ရှိချိန်တွင် ပရလောကသား၊ ဝိညာဉ်လောကသားများအဖြစ်ဖြင့် သေမီ၊ မကွယ်လွန်မီ အချိန်လေး၌ အိပ်မက်စွဲလမ်း တွယ်တာနေသော ဥစ္စာပစ္စည်းများအား လုပ်ကိုင်နေခြင်း၊ ထိုထိုပစ္စည်းများအား လူတစ်ဦး တစ်ယောက်မှ ယူငင်ခြင်း၊ အသုံးပြုခြင်းများ ပြုလုပ်ပါက အရိပ်အယောင်ပြခြင်း၊ နှောင့်ယှက်ခြင်းများ ပြုလုပ်တားမြစ်တတ်ကြောင်းများကို လူအများ ပြောဆိုကြသည်ကို ကြားဖူးခဲ့၏။ မဂ္ဂဇင်းစာအုပ်များတွင်လည်း ဖတ်ရှုခဲ့ရဖူး၏။

ကျွန်ုပ် ယခုရေးပြမည့် ဇာတ်လမ်းလေးမှာ အသက်ရှင်စဉ်အချိန်က သူ မြတ်နိုးစွာ အလုပ်လုပ်ခဲ့သော လုပ်ငန်းပစ္စည်းတစ်ခုအား ကွယ်လွန်သွားသည့်အချိန်ထိ တွယ်တာစွာဖြင့် အလုပ်လုပ်နေသော အမျိုးသမီးလေး တစ်ယောက်၏ အကြောင်းဖြစ်လေသည်။ ပြောပြသူမှာ မြို့နယ်သမဝါယမ ဦးစီးဌာန၏ ဒုဦးစီးမှူးတစ်ယောက်ဖြစ်သော ဦးဝင်းလှိုင်၏ ကိုယ်တိုင်တွေ့ကြုံခဲ့ရသော ကိုယ်တွေ့အဖြစ်အပျက်ဖြစ်ပါသည်။ ဒုဦးစီး ဦးဝင်းလှိုင်၏ ကိုယ်တွေ့အား စာဖတ်သူများ ဖတ်ကောင်းစေရန် ဝတ္ထုအသွင် ရေးဖွဲ့အပ်ပါသည်။

◆◆◆

ရခိုင်ပြည်နယ်၏ မြို့တစ်မြို့ရှိ မြို့နယ် သမဝါယမ ဦးစီးဌာန ဒုဦးစီးမှူး ဦးဝင်းလှိုင်သည် လချုပ်စာရင်းနှင့် ပစ္စည်းများ စစ်ဆေးရန်အတွက် မြို့နယ်အတွင်းရှိ ရွာသာယာကျေးရွာသို့ သွားရောက်ရန် စာရင်းစစ် မောင်စံရွှေ၊ ဝန်ထမ်း လှမောင်သာတို့နှင့်အတူ ရုံးမှ နံနက်စာ စားပြီးချိန်တွင် ထွက်ခွာရန်ဖြစ်သော်လည်း ရုံးတွင် မြို့နယ်သမဝါယမ အသင်း ရန်ကုန်မှ ရောက်ရှိလာသော လူသုံးကုန် ခွဲတမ်းပစ္စည်းများ ရောက်ရှိနေ၍ ဖွင့်ဖောက် စစ်ဆေးရန် ကိစ္စပေါ်လာသဖြင့် သွားရောက်စစ်ဆေးနေရသည်။ နေ့လယ် တစ်နာရီကျော်အချိန်ရောက်မှ ကားဂိတ်ရှိ ဂျစ်ဘတ်(စ်) လိုင်းကားဖြင့် စီးနင်း၍ ထွက်လာခဲ့ကြရ၏။ မြို့မှ စီးနင်းလာသော ဂျစ်ဘတ်(စ်) လိုင်းကားသည် ကျောက်တန်းရွာတွင် လမ်းဆုံးဖြစ်သောကြောင့် ကျောက်တန်းရွာမှ ရွာသာယာရွာသို့ လူသွားလမ်းမှ ခြေလျင်ခရီးဖြင့် ဆက်လက်လျှောက်ခဲ့ရ၏။ ရွာသာယာရွာသို့ ၃နာရီအချိန်ခန့် ရောက်ရှိပြီး ကျေးရွာ သမဝါယမအသင်း ဆိုင်ရှိရာ ရွာထိပ်သို့ လျှောက်ခဲ့ကြရာ အသင်းဆိုင်တွင် ဆိုင်စောင့်တစ်ယောက်သာ ရှိ၏။ ဆိုင်အစောင့်အား ကျေးရွာ သမဝါယမအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များအား သွားရောက်ခေါ်ခိုင်းလိုက်၏။

မကြာမီအချိန်အတွင်း၌ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ဆိုင်အရောင်းစာရေးများ ရောက်ရှိလာကြပြီး ဆိုင်အတွင်း စားပွဲ ကုလားထိုင်များတွင် ထိုင်လိုက်ကြပြီး ဒုဦးစီးမှူး ဦးဝင်းလှိုင်က...

"ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့... ကျွန်တော်တို့အဖွဲ့ ဥက္ကဋ္ဌတို့ သ/မဆိုင်ရဲ့ လချုပ်စာရင်းနဲ့ လက်ကျန်ပစ္စည်းတွေ စစ်ဆေးဖို့ လာကြတာပါ။ စာရင်းတွေ အရင်စစ်ပြီးမှ ပစ္စည်းတွေ စစ်ဆေးကြတာပေါ့"

ဒုဦးစီး ဦးဝင်းလှိုင်၏ စကားကြောင့် ကျေးရွာ သ/မ အသင်းဥက္ကဋ္ဌဖြစ်သူ ဦးလှမောင်က အရောင်းစာရေး မောင်တင်လှအား ပြောလိုက်၏။

"မောင်တင်လှရေ... ဆိုင်ရဲ့ လချုပ်စာရင်း လယ်ဂျာစာအုပ်တွေအားလုံး ယူပြီး ဦးစီးကို ပြလိုက်ပါ။ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်တွေကလည်း ဆိုင်ထဲမှာရှိတဲ့ လက်ကျန်ပစ္စည်းတွေကို အမျိုးအစားတူတွေ စုထားပေးပါဗျာ။ ဦးစီးတို့ စစ်ဆေးတဲ့အခါ လွယ်လွယ်ကူကူ စစ်ဆေးလို့ ရတာပေါ့"

ဥက္ကဋ္ဌ ဦးလှမောင်က သ/မဆိုင် အရောင်းစာရေး မောင်တင်လှအား ပြောပြီး အတွင်းရေးမှူး ဦးသိန်းမောင်နှင့် အဖွဲ့ဝင်များကိုပါ ဆိုင်ရှိ ပစ္စည်းများအား အမျိုးတူ စုထားရန် ပြောလိုက်ခြင်းဖြစ်၏။ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကလည်း ဆိုင်အတွင်းရှိ ပစ္စည်းများအား အမျိုးအစားတူ စုစည်းနေကြလေ၏။ ဒုဦးစီးမှူး ဦးဝင်းလှိုင်နှင့် အဖွဲ့သည် လချုပ်စာရင်းများအား တစ်နာရီကျော်ကြာ စစ်ဆေးပြီးသည်နှင့် ဒုဦးစီး ဦးဝင်းလှိုင်က...

"ကုန်ခဲ့တဲ့ လက ဥက္ကဋ္ဌတို့ရဲ့ သ/မအသင်း ရက်ကန်းလုပ်ငန်းထုတ်ကုန် အထွက်နှုန်းကျသွားတယ်နော်"

"ဟုတ်တယ် ဦးစီး။ ရွာမှာ နာရေးကိစ္စလေးတစ်ခုဖြစ်လို့ ရက်ကန်းသမတွေ နာရေးမှာ အလုပ်ရှုပ်နေတာကြောင့် ကုန်ထုတ်နှုန်း ကျသွားခဲ့ရတယ်။ အခုမှ ပြန်ပြီး လုပ်ငန်းအရှိန် ပြန်မြှင့်နေရတယ်ဗျာ"

"ကြိုးစားပေးပါ ဥက္ကဋ္ဌရယ်။ ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ရှိကြတဲ့ ကျေးရွာကုန်ထုတ် ရက်ကန်း သ/မ အသင်းတွေအားလုံးထဲမှာ ဥက္ကဋ္ဌတို့



www.burmeseclassic.com

www.burmeseclassic.com



ရွာက အသင်းဟာ ပစ္စည်းအရည် အသွေး စံချိန်မီပြီး ထုတ်ကုန်စံချိန်က လည်း အမြင့်ဆုံးဖြစ်လို့ ပြည်နယ် ဦးစီးမှူးကြီးကတောင်မှ ဆုပေးဖို့ ပြော နေတယ်ဗျ"

"စိတ်ချပါ ဦးစီးရယ်၊ အရည် အသွေး စံချိန်မီပြီး ထွက်ကုန်လည်း အများဆုံးဖြစ်အောင် ကြိုးစားနေပါ တယ်။ စိတ်ချပါ ဦးစီးရယ်"

ရခိုင်ပြည်နယ်၏ နာမည်ကြီး ထွက်ကုန်တစ်ခုဖြစ်သော ရခိုင်ရိုးရာ ပန်းဖော် ပုဆိုးနှင့် ရခိုင်ရိုးရာ ချိတ်ထဘီ များ ထုတ်လုပ်ရာ မြို့နယ်အတွင်းရှိ ရက်ကန်းကုန်ထုတ် သ/မအသင်း တစ်သင်းဖြစ်သော ရွာသာယာ ရက် ကန်းကုန်ထုတ် သ/မအသင်းတွင် ထုတ်လုပ်သော ရခိုင်ရိုးရာ ပန်းဖော် ကျားဝတ် ပုဆိုးများမှာ ပုလဲပေါက်၊ ဗုံကြီးဆင်၊ ဘဲမောင်မျက်လုံး၊ စိန် တစ်ပွင့်နှင့် အခြားသော ရိုးရာအဆင် ဆန်းများ၊ မိန်းမဝတ် ရိုးရာ ချိတ်ထဘီ များမှာလည်း အမျိုးစုံလှ၏။ ရောင်စုံ ရိုးရာ ချိတ်ထဘီ၊ နှစ်တစ်ရာ ချိတ်ထဘီ၊ ကြိုးကြိုးချိတ်အဆင် ရခိုင်ချိတ်ထဘီနှင့် အခြားသော အမည်စုံ ရခိုင်ရိုးရာ ချိတ် ထဘီများ ထုတ်လုပ်၏။ မြို့နယ် သ/မ အသင်းမှ နှစ်တစ်ရာ၊ နှစ်တစ်ရာ့ နှစ်ဆယ် မာဆရိုက်ချည်များကို ပိသော ချိန်နှင့် ထုတ်ယူကြရပြီး ရိုးရာ ပန်းဖော် ပုဆိုးများ၊ ချိတ်ထဘီများ ရက်လုပ်၍ ပြန်ပြီး အထည်အဖြစ် သွင်းရလေ၏။

မြို့နယ် သ/မအသင်းရှိ ကျွမ်းကျင် ပညာရှင်များက ကျေးရွာ ရက်ကန်း ကုန်ထုတ် သ/မအသင်းများမှ လာ ရောက် အပ်နှံသော ပန်းဖော် ပုဆိုးနှင့် ချိတ်ထဘီများအား မှန်ဘီလူးဖြင့် စစ် ဆေး၏။ တစ်လက်မအကွက်တစ်ကွက် တွင် ချည်ပင်အပင်ရေ မည်မျှပါမှ စံချိန် မီဟူသော စံချိန်စံညွှန်းရှိသည့်အတိုင်း ပညာရှင်များက စစ်ဆေးလက်ခံကြ၏။ စံမမီသော အထည်များကို ပယ်ထည် အဖြစ် သတ်မှတ်ပြီး ပယ်၏။ (ထိုအချိန် အခါက မြန်မာပြည် ပြည်မအတွင်းရှိ ရခိုင်ရိုးရာ ပုဆိုး၊ ရခိုင်ရိုးရာ ချိတ်ထဘီ ဆိုလျှင် နာမည်ကြီးဖြစ်ပြီး ပွဲနေပွဲထိုင် ဝတ်ဆင်ကြ၏။ ရခိုင်ပုဆိုးအနီကွက်နှင့် ကျော်သူလွှယ်အိတ်ဟူသော ဖက်ရှင် စတိုင်တစ်ခုပင် ပေါ်ခဲ့ဖူး၏။ ဤကား စကားချပ်။) (စာရေးသူ)

စာရင်းများ စစ်ဆေးပြီး ဆိုင် အတွင်းရှိ ပစ္စည်းများဖြစ်သော စား သောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား လက်ကျန်နှင့် စာရင်းစာအုပ်(လယ်ဂျာ) နှင့် တိုက်ဆိုင်စစ်ဆေးလေ၏။ စာရင်း နှင့် ပစ္စည်းများ စစ်ဆေးပြီးချိန်တွင် ညနေ ၅နာရီထိုးပြီဖြစ်သည်။ ဥက္ကဋ္ဌမှ-

"ဦးစီးလည်း စာရင်းတွေ စစ်ရ၊ ပစ္စည်းတွေ စစ်ရနဲ့ အတော်ပင်ပန်းသွား ရောပေါ့။ ကဲ - တစ်ခါတည်း ရက်ကန်း ရုံကိုပါ စစ်ဆေးလိုက်ပါဦး။ ပြီးမှ ကျွန်တော့်အိမ်မှာ ရေမိုးချိုးပြီး စား သောက်ကြတာပေါ့။ ဒီညတော့ ဦးစီး တို့ မြို့ကို ပြန်ဖို့ အချိန်မမီတော့ဘူး။ လိုင်းကားလည်း မရှိတော့ဘူး။ ဒါ ကြောင့် ဒီည ကျွန်တော်တို့ရွာမှာပဲ အိပ်ပြီး မနက်မှ ပြန်ပေတော့ ဦးစီးရေ"

ဒုဦးစီး ဦးဝင်းလှိုင်က···

"ဒီလိုပဲ လုပ်ရတော့မှာပေါ့ ဥက္ကဋ္ဌ ရယ်။ ဒါပေမယ့် ဥက္ကဋ္ဌတို့ကိုတော့ အားနာတယ်ဗျာ"

"အားနာစရာမဟုတ်တာ အားနာ နေပြန်ပါပြီဗျာ။ ဦးစီးတို့က နှစ်လမှ တစ်ခါ၊ သုံးလမှ တစ်ခေါက်ရောက်ဖြစ် တာပါ။ ဘာမှအားနာစရာ မလိုပါဘူး ဦးစီးရယ်"

ဥက္ကဋ္ဌ ဦးလှမောင် ဦးဆောင်၍ သ/မဆိုင်၏ နောက်ဘက်ရှိ အပေါ် ထွက်၍ သ/မဆိုင်နောက်ဘက် ၂ ခန့်အကွာတွင် ရှိသော ရက်ကန်းစ ထားရှိရာ ရက်ကန်းရုံအတွင်းသို့ ဝ စစ်ဆေးကြည့်ရှုကြလေ၏။ ရက်ကန အတွင်းတွင် ရက်ကန်းစင် ဖြစ် စင်တိုင်းတွင် အကွက်ဖော်၍ နပ်ထ ပြီးရင်း သွင်းသွားပြီး ရက်ကန်း လက်စ တန်းလန်းစင်များကို တွေ့ ကြရလေ၏။ ရက်ကန်းခတ်သူ တစ်ယောက်မျှ မရှိချေ။ ဥက္ကဋ္ဌက··

"ဦးစီးမြင်တဲ့ အတိုင်းပဲ။ ထု ကုန် တိုးထုတ်ဖို့ ကြိုးစားနေကြ နေ့-ည အချိန်ပြည့် လုပ်နေကြတယ် ဒီနေ့တော့ ကိစ္စရှိလို့ ရက်ကန်းသ တွေ နားကြတယ်"

"ကောင်းပါတယ် ဥက္ကဋ္ဌ။ ကြ စားကြပါဗျာ။ ခင်ဗျားတို့လို ကျေး အဆင့်တွေက စပြီး ကြိုးစားလုပ်ကြ သာ နိုင်ငံတော်ကြီး တိုးတက်လာ ပါ။ တာဝန်ကိုယ်စီကျေအောင် ကြိုး ပြီး လုပ်ကြပါ"

"စိတ်ချပါ ဦးစီး။ ကဲ - ၅နာ လည်း ကျော်သွားပြီ၊ ရေချိုး၊ ထမင်း ဖို့ ရွာထဲကို သွားကြစို့"

◆◆◆

ဦးလှမောင် ဦးဆောင်၍ ရွာ ရှိ သူ၏ အိမ်သို့ ခေါ်သွားပြီး ဦးစီး အား ရေချိုးစေပြီး ဥက္ကဋ္ဌအိမ်ပေါ်တွ စားသောက်ဝိုင်းလေးတစ်ခု ခင်းကျင်း ဦးစီးတို့အား ဧည့်ခံလေ၏။

တောမလေ့ထုံးစံအရ အသော အတွက် ထွေးညို(တောအရက်)နှ ကြက်အရိုးနှင့် သဖြူသီးချဉ်ရည်ချ အမြည်း၊ ငါးကြော်နှင့် ပင်လယ်စာဖြ သော ရေကြက်အသုပ်တို့နှင့် ဝိုင်း စိုပြည်လှ၏။ ဒုဦးစီး ဦးဝင်းလှိုင်မှ အရက်ကို သောက်သော်လည်း ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



…လာ၍ သောက်သူ မဟုတ်ပေ။ …ဖြစ်ခွေ့ဖြစ် မလွှဲမရှောင်သာသည့် …တွင် တစ်ခွက် တစ်ဖလား …ကိသူသာဖြစ်၏။ ယခုလည်း …အရက်တစ်ပိုင်းခန့် သောက်ပြီးချိန် …ည်ညစာ ထမင်းစားသောက်ကြလေ … ထမင်းစားပြီးချိန် မိနစ် ၃၀ခန့်အချိန် …ွင် ဥက္ကဋ္ဌက…

"ကဲ…: ဦးစီးတို့လည်း လမ်း …လာရ၊ စာရင်းနဲ့ ပစ္စည်းတွေ …နဲ့ ပင်ပန်းနေကြပြီ၊ ခု ၉နာရီလည်း …တော့မယ်။ ဦးစီးတို့ အိပ်ဖို့အတွက် …/မဆိုင်အပေါ်ထပ်မှာ အိပ်ရာတွေ …ဆင်သင့်ပြင်ခိုင်းထားပြီးပြီ။ အဲဒီမှာ …စီးတို့အဖွဲ့နဲ့အတူ ကျွန်တော်နဲ့ …ရောင်းစာရေး မောင်တင်လှတို့ အိပ် …ကြမယ်။ ကဲ - ဆိုင်ကို သွားကြရ …အောင်"

ဥက္ကဋ္ဌနှင့်အတူ ဒုဦးစီးမှူး ဦးဝင်း …ိုင်တို့ သ/မဆိုင်ရှိရာသို့ လာခဲ့ကြပြီး …ိုင်အပေါ်ထပ်တွင် ပြင်ဆင်ထားသော …အိပ်ရာများတွင် ဝင်ရောက် လဲလျောင်း …ိုက်ကြ၏။ ဆိုင်အပေါ်ထပ်တွင် ဒုဦးစီး …ဦးဝင်းလှိုင်တို့ သုံးယောက်နှင့် ဥက္ကဋ္ဌ …ဦးလှမောင်၊ အရောင်းစာရေး မောင်တင် …လှတို့ ၅ယောက် အိပ်ကြခြင်းဖြစ်၏။

ခရီးပန်းသည့်ဒဏ်၊ စာရင်းစစ်၊ …ပစ္စည်းစစ်ဆေး၍ ညောင်းညာသည့် …ဒဏ်နှင့် သောက်စားထားသည့် တွေ …ညို(တောအရက်)လေး၏ တန်ခိုးကြ…ကြောင့် ခေါင်းအုံးပေါ် ခေါင်းချလိုက် …သည်နှင့် မကြာမီ ဦးစီး ဦးဝင်းလှိုင်နှင့် …အဖွဲ့များ အိပ်ပျော်သွားကြလေ၏။

မည်မျှကြာအောင် အိပ်ပျော် သွားခဲ့သည်ကို မသိချေ။ ဆီးသွားချင် လာသောကြောင့် ဒုဦးစီးမှူး ဦးဝင်းလှိုင် သည် အိပ်ရာမှထ၍ ထုပ်တန်းတွင် ချိတ်ဆွဲ ထွန်းထားသော လသာမှန်အိမ်အား ဖြုတ်ယူ၍ မီးစာကို မြှင့်တင်လိုက်ပြီး ဆိုင်၏ အပေါ်ထပ်မှ လှေကားအတိုင်း ဆင်းခဲ့ကာ အနောက်ဘက် အပေါက်အား ဖွင့်၍ ထွက်လာခဲ့၏။ အိမ်သာမှာ ဆိုင်နှင့် ပေ ၃၀ခန့်အကွာ သရက်ပင်ငယ်တစ်ပင်၏ ဘေးတွင် ရှိနေ၏။ အိမ်သာအနီးတွင် အပေါ့စွန့်ပြီး ဆိုင်ဘက်သို့ ပြန်လှည့်စဉ် ရက်ကန်းရုံ ဘက်မှ အသံများ ကြားရသဖြင့် ရပ်လျက်နှင့် နားစွင့်မိလေသည်။ ရက်ကန်း ရုံအတွင်း မှိန်ပျပျ အလင်းရောင်သည် ကာထားသည့် ထရံပေါက်များကြားမှ ထွက်နေပြီး ရက်ကန်းရုံအတွင်းမှ "ဒေါက်…ဒေါက်…ဒေါက်"ဆိုသည့် ရက်ကန်းခတ်သံ မှန်မှန်ထွက်ပေါ်နေ သည်ကို ကြားရလေ၏။ ရက်ကန်းခတ် သည့် လက်ခတ်သံနှင့် လက်ခတ်ပေါ်မှ လွန်းပြေးသံတို့ကြားတွင် မပီဝိုးဝါး သီချင်းသံတစ်သံကိုပါ ကြားရ၏။ သေချာစွာ နားထောင်ကြည့်မှ…

"လက်ခတ်သံ×××လက်ခတ်သံ ×××မလေးလက်ခတ်သံ×××လက်ခတ် သံ ကျွန်းဖိုသား×××သောင်းတိုင်က ကြား×××"

ဆိုသည့် "မလေးလက်ခတ်သံ" သီချင်းအား မပီမသ ညည်းဆိုနေဟန် အသံကို ကြားရလေ၏။

ဒုဦးစီး ဦးဝင်းလှိုင်သည် ရက်ကန်း ရုံအတွင်းမှ မှန်မှန်ထွက်ပေါ်နေသော ရက်ကန်းခတ်သံနှင့် သီချင်းသံအား နား ထောင်ရင်း ညနေက ဥက္ကဋ္ဌ ပြောခဲ့ သော စကားသံအား ပြန်လည်ကြား ယောင်မိ၏။

"ဦးစီးမြင်တဲ့ အတိုင်းပဲ၊ ထုတ် ကုန် တိုးထုတ်ဖို့ ကြိုးစားနေကြတာ။ နေ့-ည အချိန်ပြည့် လုပ်နေကြတယ်" ဟု ဥက္ကဋ္ဌပြောသည့် စကားကို သတိ ရပြီး ညဘက် အလုပ်ဆင်း၍ ရက်ကန်း ခတ်နေကြခြင်းဖြစ်မည်ဟု တွေးမိ လိုက်သောကြောင့် ရက်ကန်းရုံဆီသို့ မသွားတော့ဘဲ ဆိုင်အတွင်းသို့ ပြန်ဝင် လာခဲ့ပြီး အိပ်ယာတွင် ပြန်အိပ်လိုက် လေ၏။

♦♦♦

နံနက် ၇နာရီခွဲအချိန်တွင် ဥက္ကဋ္ဌ ဦးလှမောင် နှိုး၍ အိပ်ရာမှ ထပြီး မျက်နှာသစ်ကာ ဆိုင်အောက်ထပ်တွင် ရှိသော စားပွဲဆီသို့ ဆင်းလာခဲ့ရာ စား ပွဲတွင် ထိုင်နေသော ဥက္ကဋ္ဌ ဦးလှမောင် က…

"လာဗျာ ဦးစီး၊ ဘရိတ်ဖတ်(စ်) စီစဉ်ထားတယ်။ ဦးစီးတို့မြို့မှာလိုတော့ လက်ဖက်ရည်-ကော်ဖီတို့၊ ပလာတာ နံပြား ပေါက်စီတို့တော့ မရှိဘူး။ တော ခလေ့ ကောက်ညှင်းပေါင်းပူပူလေးနဲ့ ငါးညှို့ခြောက် မီးဖုတ် ဆီဆမ်းကို ရေ နွေးကြမ်းနဲ့ စားပါဦးဗျာ"

ဥက္ကဋ္ဌ ဦးလှမောင်၏ အနီးရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း ကောက်ညှင်းပေါင်းနှင့် ငါးညှို့ခြောက် မီးဖုတ်အား စားလိုက်၏။ ထူးခြားလှ သည့် အရသာအား ခံစားမိသည်။ မြို့မှာ မရနိုင်သည့် အစားအသောက်ဖြစ်၏။ စားနေရင်းမှ ညက ကြားခဲ့ရသော ရက် ကန်းခတ်သံအား မေးမြန်းလိုက်လေ၏။

"ဥက္ကဋ္ဌတို့ရဲ့ ရက်ကန်းကုန်ထုတ် သ/မအသင်းကတော့ ဘိုးတက်လာမှာ အမှန်ပါပဲဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ညဘက်မှာပါ အလုပ်လုပ်ကြလို့ပဲပေါ့"

ဒုဦးစီး ဦးဝင်းလှိုင်ပြောသည့် စကားအား ကြားလိုက်ရသော ဥက္ကဋ္ဌ ဦးလှမောင်မှ အံ့သြသွားသည့်ပုံစံဖြင့် -

"ဗျာ၊ ဦးစီး ဘာကို ပြောတာလဲ ဗျ။ ညဘက်မှာ အလုပ်လုပ်ကြတယ် ဆိုတာ ဘာကို ရည်ရွယ်ပြီး ပြောတာ လဲ၊ ပြောပါဦးခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ဥက္ကဋ္ဌပြောသလိုပဲလေ၊ ညဘက်မှာ အလုပ်လုပ်ကြတယ်ဆိုတာ ညက တစ်နာရီလောက်မှာ ကျွန်တော် တစ်ရေးနိုးလို့ အပေါ့ထသွားတဲ့ အချိန်မှာ ရက်ကန်းရုံထဲမှာ ရက်ကန်းခတ်သံ ကြားရလို့ဗျ"

ဒုဦးစီး ဦးဝင်းလှိုင် ပြောလိုက်သော စကားကြောင့် ဥက္ကဋ္ဌ ဦးလှမောင်သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ကာ…

"ဦးစီးကြားရတာ သေချာရဲ့လားဗျာ"

"ဟာ…ကျွန်တော် သေသေချာချာ ကြားခဲ့ရတာပါ။ ရက်ကန်းရုံထဲမှာ မှိန်ပျပျ မီးအလင်းရောင်အောက်မှာ ရက်ကန်းခတ်သံနဲ့ မလေးလက်ခတ်သံ သီချင်းကိုတောင်မှ ညည်းဆို ဆိုနေတဲ့ အသံကိုပါ ကျွန်တော် သေသေချာချာ ကြားခဲ့ရတာပါ။ ကျွန်တော် ၅မိနစ်လောက် ရပ်ပြီး နားထောင်ခဲ့ပါသေးတယ် ဥက္ကဋ္ဌရယ်"

"ဦးစီးကို အကြောင်းစုံ ပြောပြပါတော့မယ်။ ဦးစီးကြားခဲ့ရတဲ့ ရက်ကန်းခတ်သံနဲ့ မလေးလက်ခတ်သံ သီချင်းဟာ အမှန်ပါ ဦးစီးရယ်။ ညဘက်ရောက်လို့ ည ၁၂နာရီကျော်ချိန် ညဘက် အလုပ်ဆင်းတဲ့ ရက်ကန်းခတ်သူတွေ ပြန်ကြတဲ့အခါ ရက်ကန်းရုံ ပိတ်တာနဲ့ မကြာခင် ဦးစီးကြားခဲ့ရသလို ရက်ကန်းခတ်သံနဲ့ သီချင်းညည်းသံ ကြားရတာကတော့ ဒီနေ့ဆိုရင် တစ်လနဲ့ တစ်ရက်ရှိသွားပါပြီဗျာ။ ဦးစီးကို မနေ့က ကျွန်တော်ပြောခဲ့တဲ့ နာရေးကိစ္စတစ်ခုဖြစ်လို့ ကုန်ထုတ်ကျဆင်းသွားခဲ့ရတယ်ဆိုတဲ့ နာရေးဆိုတာ ကျွန်တော်တို့ ရက်ကန်းကုန်ထုတ် သ/မ အဖွဲ့ဝင်သူ ရက်ကန်းခတ်တဲ့ မအေးမေဆိုတဲ့ မိန်းကလေးဟာ သူ့ရဲ့ အိမ်မှာ ညဘက် အိမ်သာကို အသွားမှာ သံစူးမိပြီး နှစ်ရက်အကြာ ဒီခေတ်အခေါ် မေးခိုင်ရောဂါပိုးဝင်လို့ လေးရက်အကြာမှာ သေဆုံးသွားခဲ့ရှာတယ်ဗျာ။ အဲသည်အချိန်အခါက ဆေးပညာ ဗဟုသုတကလည်း နည်းကြသေးတော့ ဆေးရုံဆေးခန်းကို မပြဖြစ်ခဲ့ဘဲ သေဆုံးခဲ့ရတယ်။

အဲသည် မအေးမေဟာ မိခင်၊ ဖခင်အိုကြီးတွေကို လုပ်ကျွေးနေသူဖြစ်ပြီး သူ ခတ်နေတဲ့ ရက်ကန်းစင်ကိုလည်း တွယ်တာတယ်။ ရှိသေတယ်။ မနက်တိုင်း ရက်ကန်းစင်မှာ ပန်းအိုးလေးထဲကို ပန်းထိုးတယ်။ ရက်ကန်းခတ်နေတဲ့ အချိန်မှာလည်း ဦးစီးကြားခဲ့ရတယ်ဆိုတဲ့ မလေးလက်ခတ်သံ သီချင်းကို အမြဲတမ်း ဆိုနေတတ်တယ်။ မအေးမေ ကွယ်လွန်ပြီးတဲ့နေ့ရဲ့ ညကစလို့ ရက်ကန်းရုံထဲမှာ ရှိတဲ့၊ သူခတ်တဲ့ ရက်ကန်းစင်ဟာ ည-ညဆိုရင် ရက်ကန်းခတ်သံကြားရပြီး သူ အမြဲဆိုတဲ့ သီချင်းသံပါ ကြားရတော့တာပါပဲ ဦးစီးရယ်"

"ဒါဆိုရင် ညက ကျွန်တော် ကြားခဲ့ရတဲ့ ရက်ကန်းခတ်သံနဲ့ သီချင်းဆိုသံဟာ ကွယ်လွန်သွားပြီဖြစ်တဲ့ မအေးမေရဲ့ ရက်ကန်းခတ်သံနဲ့ သီချင်းဆိုသံပေါ့၊ ဟုတ်လား ဥက္ကဋ္ဌ"

"ဟုတ်ပါတယ် ဦးစီး။ မနေ့က ဆိုရင် မအေးမေ ကွယ်လွန်တာ တစ်လပြည့်တဲ့နေ့ဖြစ်လို့ သူ့အိမ်မှာ တစ်လပြည့် ဆွမ်းကျွေးပြီး အမျှအတန်း ပေးဝေခဲ့ပါသေးတယ်။ ဒါကြောင့် မနေ့က ရက်ကန်းရုံ အလုပ်ပိတ်ပြီး မအေးမေရဲ့ တစ်လပြည့် ဆွမ်းကျွေးမှာ ရက်ကန်းရုံက ရက်ကန်းသမတွေ သွားပြီး ဝိုင်းကူလုပ်ပေးနေကြရတယ်။ မအေးမေဟာ သူခတ်တဲ့ ရက်ကန်းစင်ကို အလွန်တွယ်တာ သံယောဇဉ်ကြီးတဲ့ [...] ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ မိ[...] နှစ်ပါးကို ထမင်းကျွေးနိုင်တာ ဒီရက်[...] ကန်းစင်ကြောင့်ပါတဲ့။ ဒါကြောင့် ရက်[...] ကန်းစင်ဟာ သူ့ရဲ့ ကျေးဇူးရှင်ဖြစ်[...] အတွက် ရှိသေတွယ်တာပြီး သံယော[...] ဇဉ်ရှိတာပါလို့ ပြောပြရှာတယ် ဦးစီး[...] ရယ်"

ဥက္ကဋ္ဌ ဦးလှမောင်က ဆို[...] ကြေကွဲစွာ ပြောပြရှာလေ၏။ ဦးစီး[...] ဦးဝင်းလှိုင်က…

"ဒါကြောင့် သူခတ်ခဲ့တဲ့ ရက်ကန်း[...] စင်ကို စွဲလမ်းပြီး ညဘက် လူခြေတိတ်[...] ချိန်မှာ လာပြီး ရက်ကန်းခတ် သီချင်း[...] ဆိုနေတာ ဖြစ်မှာပေါ့။ သူ့အိမ်မှာ ဆွမ်း[...] ကျွေး အမျှအတန်းပေးဝေပြီးတာတောင်[...] မှ သူက မကျွတ်မလွတ်နိုင်သေးဘူး[...] ဆိုတော့ ဥက္ကဋ္ဌတို့ ရက်ကန်းရုံမှာ အလှူအတန်းတစ်ခုလုပ်ပြီး သူ့နာမည်[...] ကို ခေါ်ပြီး အမျှအတန်းပေးဝေလိုက်ပါ[...] ပြီးရင် သူခတ်တဲ့ ရက်ကန်းစင်မှာ ဥက္ကဋ္ဌက အမိန့်ပြန်တမ်းစာဖတ်ပြီး အဲဒီ[...] စာရွက်ကို သူ့ရဲ့ ရက်ကန်းစင်မှာ ကပ်[...] ထားလိုက်ပါ။ ဒါဆိုရင် သူလည်း သူနဲ့[...] မသက်ဆိုင်တော့ကြောင်း သိပြီး ကျွတ်[...] လွတ်သွားနိုင်ပါတယ်"

"အား…ဟုတ်ပြီ၊ ဦးစီးပြောမှ[...] သတိရတယ်။ မအေးမေအသုဘ ချ[...] ချတဲ့အချိန်မှာ သူ့ကို သ/မအသင်းဝင် ရက်ကန်းအလုပ်သမားအဖြစ်က ထုတ်[...] ပယ်လိုက်ကြောင်းနဲ့ သင်သွားလိုရာ လွတ်လပ်စွာ သွားနိုင်ကြောင်းဆိုတဲ့ အမိန့်ပြန်တမ်းစာရွက်ရေးပြီး ကျွန်တော် ကိုယ်တိုင်ဖတ်လို့ အမိန့်ပြန်ရမှာ မေ့[...] သွားခဲ့တယ်။ အခု ဦးစီးပြောမှ သတိရတော့တယ်။ ကျွန်တော် ဒီတစ်ရက်[...] နှစ်ရက်အတွင်း ဦးစီးပြောတဲ့အတိုင်း ရက်ကန်းရုံထဲမှာ သံဃာတော်[...]ပါးပင့်



www.burmeseclassic.com

www.burmeseclassic.com



ဦး ဆွမ်းကျွေးမယ်။ သူ့ကို ဖိတ်ပြီး အမှူးပေးဝေပါ့မယ်။ ပြီးတော့ ဦးစီးပြော သလို အမိန့်ပြန်စာတစ်စောင်ရေးပြီး ဖတ်ကြားမယ်။ ပြီးရင် အဲဒီအမိန့်ပြန် စာကို သူခုတ်ခဲ့တဲ့ ရက်ကန်းစင်မှာ ကပ်ထားလိုက်ပါ့မယ်။ ဦးစီး သတိပေး တာ ကျေးဇူးတင်ပါတယ်ဗျာ"

"ဒါတွေက အဖွဲ့အစည်း၊ အသင်း အဖွဲ့တွေတိုင်းမှာ လုပ်ကြရမယ့် ထုံးတမ်းလုပ်နည်းတွေပေါ့ ဥက္ကဋ္ဌရယ်။ အဲသည်လိုလုပ်မှလည်း ကွယ်လွန်သူ တွေဟာ သူတို့ကို အသင်းအဖွဲ့ဝင်၊ ဒါမှမဟုတ် ဝန်ထမ်းအဖြစ်က ထုတ် ပယ်လိုက်ပြီဖြစ်လို့ သွားလိုရာကို လွတ်လပ်စွာ သွားနိုင်ကြမှာပေါ့ ဥက္ကဋ္ဌ ရယ်။ ကဲ - ကျွန်တော်တို့လည်း နေ မမြင့်ခင် ပြန်ကြမှပဲဗျာ။ ကျွန်တော်တို့ ပြန်ပြီ ဥက္ကဋ္ဌကြီးရေ"

ဥက္ကဋ္ဌကြီးအား နှုတ်ဆက်၍ ဒုဦးစီးမှူး ဦးဝင်းလှိုင်နှင့် စာရင်းစစ် မောင်စံရွှေ၊ ဝန်ထမ်း လှမောင်သာတို့ သုံးယောက်သည် ရွာသာယာကျေးရွာမှ ထွက်ခွာလာခဲ့ကြလေတော့သည်။

* * *

မင်းမြင့်နိုင်(ဘူးသီးတောင်)

(**မှတ်ချက်။** ။ ဦးဝင်းလှိုင် မြို့သို့ ပြန်ရောက်ပြီး ၁၅ရက်ခန့်အကြာ တွင် မြို့နယ် သမဝါယမ ဦးစီးရုံးသို့ ရွာသာယာကျေးရွာမှ ကျေးရွာ သ/မ ဥက္ကဋ္ဌ ဦးလှမောင်ရောက်ရှိလာပြီး ပြော ပြသည်မှာ ဒုဦးစီးမှူး ဦးဝင်းလှိုင် ပြော ခဲ့သည့်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ ရက်ကန်းရုံတွင် ဆွမ်းကျွေး အမှူးပေး ဝေ၍ အမိန့်ပြန်တမ်းစာဖတ်ပြီး ရက် ကန်းစင်တွင် ကပ်ထားလိုက်သည့်နေ့မှ စ၍ ရက်ကန်းရုံအတွင်း ညတိုင်း ကြား နေရသော ရက်ကန်းခတ်သံနှင့် သီချင်း ညည်းသံကို လုံးဝ မကြားရတော့ ကြောင်း သတင်းအား ဦးဝင်းလှိုင်ကို ပြောပြလာလေ၏။)

(**စာကြွင်း။** ဖြစ်ရပ်မှန် အဖြစ် အပျက်အား မြို့ ရွာ၊ လူ အမည်များ ပြောင်းလွဲရေးသားလိုက်ခြင်းဖြစ်ပါသည်။ ပြောပြသူ ဦးဝင်းလှိုင်သာ အမည်မှန်ဖြစ် ပါသည်။)

(စာရေးသူ)

ဆရာမကြီး ဒေါ်လှလှကြွယ်၏

ဘုန်းကြွယ် (အမှတ်တံဆိပ်)

ဝမ်းမှန်ဆေး

ပင်ရင်း - ဘုန်းကြွယ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(၉၆) ဘီ၊ ခရေပင်လမ်းမ၊ (၂/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၃၅၅၀၃၊ ၀၉-၇၃၁၇၈၄၅၂



www.burmeseclassic.com

www.burmeseclassic.com





# မြန်မာနိုင်ငံတော်အလံများ အပေါ်လွှမ်းမိုးထားသော ဂြိုဟ်နက္ခတ်များ

## ဦးဇေယျာကို (နက္ခတ်သိပ္ပံ)

ဒီမိုကရေစီလမ်းခရီးဖြင့် (၂)နှစ်တာကာလကို ဖြတ်ကျော်ခဲ့သော အမိမြန်မာနိုင်ငံတော်သည် ပြုပြင်ပြောင်းလဲ ရေစီးကြောင်း၌ လောကဓံ၏ သဘော သဘာဝအတိုင်း အကောင်း-အဆိုး နှစ်ရပ်လုံးအား ရင်ဆိုင် တွေ့ကြုံနေရပေသည် ကောင်းကျိုးတရားများအနေဖြင့် အုပ်ချုပ်သူ မင်းအစိုးရအဖွဲ့အစည်းသည် ယခင်နှင့် မတူဘဲ ပြည်သူလူထုအကျိုးစီးပွားအတွ အလေးအနက်ထား စဉ်းစားဆုံးဖြတ်လာကြသည်။ ပြည်သူ၏ ယုံကြည်မှုကို ရယူနိုင်ရန်အတွက် ပြည်သူ့အသံကို နားစွင့် ပြည်သူ၏ဆန္ဒကို လိုက်လျောလာကြသည်။ ပြည်သူထဲမှ ပေါက်ဖွားလာသော ပြည်သူ့အစိုးရဖြစ်စေရေးအတွက် ပြည်သူလူထု တစ်သားထဲ ထိတွေ့ဆက်ဆံလာသည်။ တိုင်းပြည်တစ်ပြည်ထားရှိရမည့် ကတိကျင့်ဝတ် ဂုဏ်သိက္ခာနှင့် ပြည်သူ၏ ဆန္ဒသဘော ထားများ ယှဉ်ပြိုင်ခဲ့ရသော ရေဝတီမြစ်ဆုံအရေးကိစ္စမျိုး၌ပင် ပြည်သူ့ဘက်မှ ရပ်တည်၍ တိုင်းပြည်၏ အာဏာသည် အုပ်ချုပ်သူ၏ အာဏာမဟုတ်ဘဲ၊ အများပြည်သူ၏ အာဏာဖြစ်ကြောင်း သက်သေပြခဲ့ပေသည်။ ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ရာတွင် အကောင်းကို စေတနာဓောဖြင့် ဖြစ်စေလိုသော်လည်း လွဲချော်သွားရသည့် စေတနာအမှားအယွင်းကိစ္စများ လည်း ရှိနေပေသည်။ ကမ္ဘာ့သီအိုရီများဖြင့် မကိုက်ညီနိုင်သေးသော မြန်မာပြည်အတွက် ကမ္ဘာ့သီအိုရီပိုင်ရှင် ပြည်ပ မြန်မာပညာရှိများဖြင့် ပုံဖော်ကြိုးပမ်းမှုအချို့၌ ဆန့်ကျင်ဘက် လွဲမှားသော အမှားကြီးများကိုလည်း မကြာခဏ တွေ့ နေရပေသည်။

ပြည်သူ့အတွက် တိုးတက်ဖွံ့ဖြိုးစေလိုသော စေတနာများဖြင့် ဆောင်ရွက်သော အကြောင်းကိစ္စအချို့သည် ပြည်သူ ပြည်သူ့အချို့ကို ထိခိုက်နစ်နာစေရသည့် အမှားအယွင်းများ (ဥပမာ - မော်တော်ယာဉ်ကိစ္စများ၊ အိမ်ခြံမြေ အမြတ်ခွန်ကိစ္စ ဆင်းရဲသား အောက်ခြေလူထုအတွက် သေသည့်တိုင်အောင် ဂုံဆိုင်ခွင့်မရှိနိုင်သော တန်ဖိုးနည်း အိမ်ယာစီမံကိန်းကိစ္စများ ဖြစ်သွားတတ်သည်ကိုလည်း သတိပြု၍ အမှန်ပြင်နိုင်မှသာ အများပြည်သူမှ နောက်ထပ် သက်တမ်းတစ်ကြိမ် ရွေး တင်မြှောက်မည့် ပြည်သူချစ်သော အစိုးရအဖွဲ့အစည်းတစ်ရပ်ဖြစ်လာပေလိမ့်မည်။ ဆိုးကျိုးတရားများအနေဖြင့်ကား မြန် ပြည်သူ့အများစုဖြင့် သက်ဆိုင်ပေသည်။ တင်းကျပ်သော စည်းကမ်းများကို ပယ်ဖျက်၍ ဒီမိုကရေစီ စံနှုန်းများဖြင့် လွတ် ခွင့်များ အလျှင်အမြန်ပေးလိုက်သောအခါ နှစ်ပေါင်း(၅၀) အုပ်ချုပ်ခံ ပြည်သူလူထုအတွက် စည်းလွတ်ဝါးလွတ် အကွပ်မဲ့ ပရမ်းပတာဖြစ်လာပေသည်။ အတိတ် နှစ်ပေါင်းများစွာက အကြောင်းတရားများသည် ရန်ငြိုးဖွဲ့ အာဃာတဆီသို့ အသွင် ရောက်ရှိလာသည်။ ကမ္ဘာတွင် မြန်မာကို လေးစားအတုယူခဲ့ရသည့် "ဂန္ထဝင်" သည်းခံခွင့်လွှတ်ခြင်းတရားများအား မျက်ကွ ပြုလာကြပေသည်။ အလိုဆန္ဒအခွင့်အရေးများအတွက် တောင်းဆိုရာတွင် ဒီမိုကရေစီကျင့်ဝတ်စည်းကမ်းကို ကျော်လွ




www.burmeseclassic.com

www.burmeseclassic.com



...ခဲ့၊ ဓားစွဲပြဿနာများဆီသို့ ဦးတည်လာကြသည်။ လွန်ခဲ့သောနှစ် (၂၀)ခုနှစ်ကျော်ကာလအတွင်း အုပ်ချုပ်ခဲ့သော ...စစ်သွေးတစ်သံ တစ်မိန့်စနစ်ကို ဥပက္ခာပြု အမှောင်ချ၍ နယ်မြေဒေသ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအား ...တ စိန်ခေါ်လာကြောင်း တွေ့မြင်နေရပေသည်။ သို့အတွက်ကြောင့် မြန်မာ့သမိုင်း၌ တွင်ကျန်ရစ်သော "စည်းကမ်းဖောက်၍ ...နန်းပျောက်ခဲ့ရမှု"ဆိုရိုးစကားကို အမြဲထာဝရ မမေ့မလျော့မှသာ- မြန်မာမြေ၌ မိမိတို့ ရရှိပြီးသား ဒီမိုကရေစီအခွင့်အရေး ...အား ထာဝရ အဓွန့်ရှည် တည်မြဲသည်အထိ ကာကွယ် ထိန်းသိမ်းနိုင်ပေလိမ့်မည်။

စာရေးသူသည် နက္ခတ်သိပ္ပံပညာရပ်ဖြင့် ကမ္ဘာ့အရေးကိစ္စ၊ မြန်မာ့အရေးကိစ္စများအား ကြိုတင်ခန့်မှန်း ပုံဖော်နေရသူတစ်ဦး ဖြစ်သည့်အတွက် တိုင်းပြည်နိုင်ငံများ၊ တိုင်းပြည်ခေါင်းဆောင်များ၊ တိုင်းပြည်၏ ထူးခြားဖြစ်စဉ် ဇာတာခွင်များစွာအား ...သေးစိတ်ရှာဖွေ မှတ်တမ်းပြုစုနေရပေသည်။ ယခုတင်ပြမည့်အကြောင်းအရာမှာ မြန်မာ့သမိုင်းကြောင်းတစ်လျှောက်၌ မည်သည့် ...တ်ပညာရှင်မှ ထုတ်ဖော်ရေးသားခြင်း မရှိသေးသည့် မြန်မာနိုင်ငံတော်အလံများအကြောင်းအား ဂြိုဟ်နက္ခတ်ဖြစ်စဉ်များဖြင့် ...ဉ်တွဲသုံးသပ်သွားမည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးကာလမှ ယနေ့ ဒီမိုကရေစီအနိုင်ရလက်ထက်ထိ ...ငံတော်၏ အထွတ်အမြတ်ထား သုံးစွဲသော မြန်မာနိုင်ငံတော်အလံသည် အသွင်အပြင်အမျိုးအစား (၃)မျိုးပြောင်းလဲခဲ့ပြီး ဖြစ်ပေသည်။



၁၉၄၈၊ ဇန်နဝါရီ၊ ၄ရက် မှ ၁၉၇၄၊ ဇန်နဝါရီ ၃ရက်နေ့အထိ
အသုံးပြုခဲ့သည့် မြန်မာ့အလံ



နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း
ဦးနု

၁၉၄၇ တွင် အောင်ဆန်းအက်တလီစာချုပ်အရ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိမည့်အခြေအနေအား သိရှိရသောအခါ ဒီးဒုတ် ဦးဘချို ဦးဆောင်၍ အဖွဲ့ဝင် (၉)ဦးဖြင့် ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး နိုင်ငံတော်အလံ၊ နိုင်ငံတော်အမှတ်တံဆိပ်နှင့် နိုင်ငံတော်သီချင်းများအား ညှိနှိုင်းပုံဖော် ဖန်တီးစေခဲ့ပါသည်။ ပထမဆုံး အသုံးပြုခဲ့သော မြန်မာနိုင်ငံတော် အလံတော်သည် အောက်ခံ အနီရောင်ဖြစ်ပြီး လက်ဝဲဘက်အထက်ထောင့်ရှိ အပြာရောင် အောက်ခံလေးထောင့်ကွက်ပေါ်တွင် နိုင်ငံတော်ကို ကိုယ်စားပြုသည့် တော်လှန်ရေး ကြယ်ဖြူကြီးတစ်လုံးအား အဖြူရောင် ကြယ်ပွင့်ငယ်(၅)လုံးမှ ခြံရံထားပေသည်။ ပထမဆုံး မြန်မာ့အလံအား မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈၊ ဇန်နဝါရီလ ၄ရက်၊ တနင်္ဂနွေနေ့ ရန်ကုန်မြို့၏ ဒေသစံတော်ချိန် နံနက် ၄နာရီ ၂၀မိနစ်တွင် စတင်လွှင့်ထူနိုင်ခဲ့သည်။ ပထမဦးဆုံးသော မြန်မာ့အလံတော်သည် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် စနေသားဖြစ်သူ ဦးနုမှ တိုင်းပြည်အုပ်ချုပ်မည်ဖြစ်သည့်အတွက် အညွန့်နံဖြစ်သော တနင်္ဂနွေနေ့တွင် လွတ်လပ်ရေးရယူ၍ ကောင်းကျိုးတရားများ ဖြစ်ထွန်းရန် ဖန်တီးပုံဖော်ခဲ့ကြပေသည်။

အဆိုပါ ဇာတာခွင်၌ မွန်းတည့်ကောင်းကင်ရပ် အင်္ဂါဂြိုဟ် ကိုယ်စားပြုသော အနီရောင်အများဆုံး လွှမ်းခြုံထားခြင်းသည် တပ်မတော်၏ တန်ခိုးအရှိန်အဝါမြင့်မားခြင်းအတွက် များစွာ အထောက်အကူပြုလျက် ရှိနေပေသည်။ ထိုခေတ်အချိန်ကာလ၌ နိုင်ငံတော်အလံ သတ်မှတ်အတည်ပြုရေးကိစ္စများ ဆောင်ရွက်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရှိနေခဲ့ပြီး မြန်မာ့ တပ်မတော်အား မွေးဖွားစေခဲ့သော၊ မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့သော သုံးရောင်ခြယ် ခွပ်ဒေါင်းအလံအား အထွတ်အမြတ်ထား ဦးစားပေး မရွေးချယ်ခဲ့သည့်အကြောင်းမှာလည်း များစွာစိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ သုံးရောင်ခြယ် ခွပ်ဒေါင်းအလံသည် တပ်မတော်အား မွေးဖွားပေးခဲ့သည်မှာလည်း မှန်ကန်ပါသည်။ လွတ်လပ်ရေးကို ဦးဆောင်ရယူပေးခဲ့သည်မှာလည်း မှန်ကန်ပါသည်။ သို့သော် မြန်မာ့တပ်မတော်သည် ဗမာ့လွတ်လပ်ရေးတပ်မတော်(B.I.A)၊ ဗမာ့ကာကွယ်ရေး တပ်မတော်(B.D.A)၊ ဗမာ့အမျိုးသားတပ်မတော်(B.N.A)အသွင်သုံးမျိုးကူးပြောင်းပြီးမှ ဗမာ့မျိုးချစ်တပ်မတော်(P.B.F)ဟူ၍



www.burmeseclassic.com

www.burmeseclassic.com




ဖြစ်ပေါ်လာခဲ့ပေရာ စတင်တည်ထောင်စ တိုင်းပြည်နိုင်ငံအား အသွင်အမျိုးမျိုး မကူးပြောင်းစေလိုသော ရည်ရွယ်များ ထို နေပေသည်။ ထို့အပြင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်၏ စိတ်၌ မြန်မာ့လွတ်လပ်ရေးကို ထိပါးခဲ့သော အရင်းနယ်ချဲ့ဝါဒ မုန်းတီးနေသည့်အချိန် ၁၉၁၇၊ အောက်တိုဘာတော်လှန်ရေးဖြင့် ကမ္ဘာ၌ ဆိုရှယ်လစ်ဝါဒများ ထွန်းလင်းတောက်ပလာပြီး အရင်းရှင်ဝါဒစနစ်ကို ဆိုရှယ်လစ်ဝါဒမှ ယှဉ်ပြိုင်လာသောအချိန်များဖြင့် တိုက်ဆိုင်နေသဖြင့် မြန်မာပြည်အား ဆိုရှယ်လစ်စနစ် ခရီးလမ်းကြောင်းအတိုင်း ချီတက်ရန် ရည်ရွယ်၍ အောက်ခံ အနီရောင်အား ရွေးချယ်ခဲ့ပေသည်။

အလားတူစွာပင် အိမ်နီးအိမ်နီးချင်း တရုတ်နိုင်ငံအနေဖြင့်လည်း ဆိုရှယ်လစ်စနစ် ခရီးပန်းတိုင်ဖြင့် တိုင်းပြည်ကို တည်ထောင်ပုံဖော်မည်ဖြစ်သည့်အတွက် လွတ်လပ်ရေးရယူစဉ်၌ နိုင်ငံ့အလံအတွက် အောက်ခံ အနီရောင်အား ရွေးချယ်ခဲ့ သည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအလံများအား ပါလီမန်ဒီမိုကရေစီခေတ်၊ ဆိုရှယ်လစ်ခေတ် မြန်မာ့အလံ ပုံစံနှစ်မျိုးဖြင့် နှိုင်းယှဉ်လေ့လာနိုင်ရန် ယှဉ်တွဲပါ ပုံများအတိုင်း ဖော်ပြပေးထားပါသည်။



ဆိုရှယ်လစ်စနစ် ကျင့်သုံးခဲ့သော
ဆိုဗီယက်ပြည်ထောင်စုအလံ



ဆိုရှယ်လစ်စနစ် ကျင့်သုံးနေသော
တရုတ်ပြည်သူ့သမ္မတနိုင်ငံအလံ

၁၉၄၈၊ ဇန်နဝါရီ ၄ရက်နေ့၊ နံနက် ၄နာရီ ၂၀မိနစ်၌ ပေါ်ပေါက်ခဲ့သော မြန်မာ့အလံသည် ၁၉၇၂၊ မတ်လ ၁၂ရက် နေ့တွင် နက္ခတ်ဇာတာခွင်အရ သက်တမ်းကုန်ဆုံးချိန်ကို ရောက်ရှိလာပြီဖြစ်သည့်အတွက် ၁၉၇၄၊ မတ်လ ၃ရက်နေ့တွင် အသွင်သစ်၊ ပုံသဏ္ဌာန်အသစ်ဖြင့် ထပ်မံပေါ်ပေါက်လာပေသည်။ ၁၉၇၄တွင် ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀အရ အရောင်အသွေး၊ ပုံသဏ္ဌာန်နှင့် အမှတ်သားများ သတ်မှတ်၍ ၁၉၇၄၊ ဇန်နဝါရီ ၃ရက်၊ ကြာသပတေးနေ့ ရန်ကုန်မြို့၏ ဒေသစံတော်ချိန် နေ့လယ် ၁နာရီ ၃၀မိနစ်တွင် စတင်၍ လွှင့်ထူ အသုံးပြုခဲ့ပေသည်။ ထိုအချိန်ကာလတွင် မြန်မာနိုင်ငံ၌ ဆိုရှယ်လစ်အတွေးအခေါ် အယူအဆများ ထွန်းကား ပျံ့နှံ့နေသည့်အတွက် နိုင်ငံခေါင်းဆောင် ဗိုလ်ချုပ်ကြီး နေဝင်းအနေဖြင့် မူလအောက်ခံ အနီရောင်နှင့် အပြာရောင် လေးထောင့်ကွက်၏ အသွင်သဏ္ဌာန်ကို မပြောင်းလဲဘဲ အပြာ ရောင် လေးထောင့်ကွက်ပေါ်တွင် ပြည်နယ်နှင့် တိုင်း(၁၄)ခုအား ကိုယ်စားပြုသည့် ကြယ်ဖြူ (၁၄)လုံးမှ တောင်သူလယ်သမား အလုပ်သမား လူတန်းစားနှစ်ရပ်အား ကိုယ်စားပြုသည့် စပါးနှံနှင့် စက်သွားအား ဝန်းရံနေပေသည်။

တိုင်းပြည်နိုင်ငံများ၌ တိုင်းပြည်တည်ထောင်ချိန်၊ လွတ်လပ်ရေးရယူချိန် ဇာတာခွင်များအား အသွင်ပြောင်းလိုသည့် အချိန်ကာလတွင် လည်းကောင်း၊ တိုင်းပြည်အုပ်ချုပ်သော အကြီးအကဲခေါင်းဆောင်၏ အုပ်ချုပ်မှုသက်တမ်းရှည်ကြာလာပြီး အနာဂတ် ဆက်လက်အုပ်ချုပ်မည့် သက်တမ်းအချိန်ကာလများ၌ ကောင်းကျိုးတရားများ ရယူပိုင်ဆိုင်လိုသည့် အခြေအနေ မျိုးတွင် လည်းကောင်း၊ စနစ်သစ်၊ မူဝါဒအသစ်များဖြင့် တိုင်းပြည်နိုင်ငံအား ပြန်လည်တည်ထောင်လိုသော အချိန်ကာလများတွင် လည်းကောင်း၊ နိုင်ငံတော်အလံများအား အသွင်သစ်၊ ပုံသဏ္ဌာန်သစ်များ ပြောင်းလဲ၍ နက္ခတ်ကောင်းမြတ်သော အချိန်ကာလ ၌ လွှင့်တင်၍ မင်္ဂလာနိမိတ်အဖြစ် ယူဆသတ်မှတ်ကြပေသည်။

နိုင်ငံတော်အလံအား ဆိုရှယ်လစ်စနစ်ဖြင့် ပီပြင်စွာ ကိုက်ညီရေးအတွက် အသွင်ပြောင်းလဲခဲ့သူ ဗိုလ်ချုပ်ကြီး နေဝင်း အနေဖြင့် ဗုဒ္ဓဟူးနေ့ဖွား မူလအမည်ရင်း သခင်ရှုမောင်ဖြစ်သည့်အတွက် မွေးနံဗုဒ္ဓဟူးဂြိုဟ်အား ရာဇဘုန်းကံ မြင့်မြတ် တင့်တယ်စေမည့် ရာဇဗြာနသုဘ(တင့်တယ်ခြင်း)ဘာဝ၌ နက္ခတ်ပညာ ၇၊ ပုရောဟိတ်မှ နေရာချ ပုံဖော်ထားပေသည် အလားတူစွာ လွတ်လပ်ရေးမြန်မာ့အလံဇာတာတွင်လည်း ဝန်ကြီးချုပ် ဦးနု၏ မွေးနံ စနေဂြိုဟ်ကို အခါပေးသူ နက္ခတ်ပညာ ပုရောဟိတ်မှ ရာဇဘုန်းကံမြင့်မြတ် တင့်တယ်စေမည့် ရာဇဗြာနသုဘ(တင့်တယ်ခြင်း)ဘာဝ၌ နေရာချ ပုံဖော်ထားမှု




www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်စွာ တွေ့ရပေလိမ့်မည်။

အနီရောင်အောက်ခံ လွှမ်းမိုးထားသော မြန်မာ့ဆိုရှယ်လစ်စနစ်အလံမှာလည်း တပ်မတော်၏ ဘုန်းကံသြဇာအရှိန်အဝါ မြင့်မားမှုကလျာကို နက္ခတ်ပညာ ဥပဒေသများအတိုင်း တိကျစွာ ဖန်တီးပုံဖော်ပေးခဲ့ပေသည်။ ဗိုလ်ချုပ်ကြီး နေဝင်းအနေဖြင့် ကြာသပတေးသားဖြစ်သည့်အတွက် မိမိအညွှန်းနံဖြစ်သော ကြာသပတေးနေ့နက္ခတ် ကောင်းမြတ်ချိန်တွင် နိုင်ငံတော်အဲလံအား ပြောင်းလဲ၍ တိုင်းပြည်၌ ဆိုရှယ်လစ်စနစ် ပီပြင်စွာ ထွန်းကားလာရေးအတွက် ဆောင်ရွက်ကြိုးပမ်း ပုံဖော်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ တွေ့နိုင်ပါသည်။




ဗိုလ်ချုပ်ကြီး နေဝင်း လက်ထက် ပြောင်းလဲခဲ့သည့် နိုင်ငံတော်အလံ



မဆလခေတ် အကြီးအကဲ ဗိုလ်ချုပ်ကြီး နေဝင်း

နက္ခတ်ကောင်းများဖြင့် တိုက်ဆိုင် ညီညွတ်ခဲ့သော ဆိုရှယ်လစ်ခေတ် မြန်မာ့အလံတော်သည် ၁၉၇၄၊ ဇန်နဝါရီ ၃ရက်မှ ၂၀၁၀၊ အောက်တိုဘာ ၂၁ရက်နေ့အထိ နှစ်ပေါင်း (၃၆)နှစ်တိုင်တိုင် အခွန့်ရှည်ကြာ တည်တံ့ခိုင်မြဲခဲ့ပြီး အလံသစ် ပြောင်းလဲအသုံးပြုခဲ့သော ဗိုလ်ချုပ်ကြီး နေဝင်းအနေဖြင့်လည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအကြီးအကဲ နိုင်ငံ့ခေါင်းဆောင်အဖြစ် နောက်ထပ် (၁၄)နှစ် ထပ်မံ တာဝန်ထမ်းရွက်ခွင့် ရရှိသွားခဲ့ပေသည်။ တနင်္လာ၊ အင်္ဂါလဂ်ဖြင့် ပူးယှဉ်သည့်အတွက် အပြောင်းအလဲများအပြီး၌ မိမိရည်မှန်းချက်များ ပြည့်ဝ အောင်မြင်မှုရရှိရန် ဖန်တီးပုံဖော်ထားသည်။ အဆိုပါ ဇာတာခွင်အရ နှမ်းတည့်ကောင်းကင်တွင် ကြာသပတေးနှင့် သောကြာ ရပ်တည်နေသည့်အတွက် အနာဂတ်ခေါင်းဆောင်များသည် သောကြာနှင့် ကြာသပတေးနေ့သားသမီးများ (သို့မဟုတ်) ယင်းနေ့နံပါရှိသူများ ဖြစ်ပေါ်လာမည်ဟု ဖော်ညွှန်းနေပေသည်။

တပ်မတော်အစိုးရ တာဝန်ယူသောလက်ထက်၌ ၂၀၁၀၊ အောက်တိုဘာလ ၂၁ရက်၊ ကြာသပတေးနေ့၊ နေပြည်တော်မြို့၏ ဒေသစံတော်ချိန်၊ ညနေ ၃နာရီတိတိအချိန်တွင် တတိယမျိုးဆက်သစ် မြန်မာ့အလံတော်သစ် ပေါ်ထွက်လာခဲ့ပေသည်။ တပ်မတော်အစိုးအရလက်ထက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေမှ ၂၀၀၈ ခုနှစ်၊ မေ ၁၅ရက်နေ့တွင် ဆန္ဒခံယူပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံသစ်ဖြစ်ပေသည်။ နက္ခတ်အချိန်ကောင်းများဖြင့် တွက်ချက်ထားသော အချိန်အခါဖြစ်သော်လည်း ဇာတာ၌ အားနည်းချက်အချို့ ပါရှိနေသည်။ ကုမ်ရာသီလဂ်ဖြင့်




၁၉၇၄၊ ဇန်နဝါရီ ၃ရက်၊ ကြာသပတေးနေ့ နေလယ် ၁နာရီ ၃၀မိနစ်အချိန်အခါ ဇာတာခွင်

အလံလွှင့်တင်သည့်အတွက် စနေဂြိုဟ် မရဏဘာဝ၌ တည်ရှိနေသည်။ လဂ်ဝဂ္ဂုတ္တမဖြစ်သော နဝင်းရရှိသော်လည်း သက်သခင် မရဏဘာဝရပ်တည်ခြင်းသည် အခက်အခဲ အကျပ်အတည်းများ ရင်ဆိုင်ရတတ်ပြီး ခယောင်းလမ်းကို လွန်မြောက်မှ




www.burmeseclassic.com

www.burmeseclassic.com



ပန်းခင်းသော လမ်းခရီးဆီသို့ ရောက်ရှိနိုင်ပေသည်။ စနေဒသာအဆုံးသတ် ကြာသပတေး အွန္တရာယ်ဒသာဖြင့် စတင်သည့်အ
လက်ဆင့်ကမ်း တာဝန်ယူသည့် ဒီမိုကရေစီအစိုးရသစ်အနေဖြင့် အခက်အခဲနှင့် စိန်ခေါ်မှုများ ရင်ဆိုင်ရသော်လည်း
လည်စွာ ဖြေရှင်းကျော်ဖြတ်နိုင်သော အခြေအနေ၌ တွေ့မြင်နေရသည်။



ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လက်ထက် ပြောင်းလဲခဲ့သည့် မြန်မာ့အလံ



တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ

ဝန်ကြီးချုပ် ဦးနု၊ ဗိုလ်ချုပ်ကြီး နေဝင်းတို့ကဲ့သို့ပင် မိမိမွေးနံ သောကြာဂြိုဟ်အား ရာဇဘုန်းကံဌာနတွင် နေ
ပုံဖော်ထားသည်။ သို့အတွက်ကြောင့် မိမိနှင့် မွေးနံတူ သောကြာသား ဗိုလ်ချုပ်ကြီး သိန်းစိန်မှ နိုင်ငံတော်သမ္မတရာထူး
ဆက်ခံခွင့် ရရှိလာသည်။ စနေဂြိုဟ်ရပ်တည်မှု မကောင်းသည့်အတွက် စနေဒသာမ ကုန်ဆုံးပြီး စနေနံပါရှိသော နိုင်ငံ
ဒုတိယသမ္မတမှ ကျန်းမာရေးအခြေအနေကြောင့် ရာထူးမှ အနားယူသွားသည်။ တစ်ခါမှ မြန်မာ့သမိုင်းတွင် ပြင်းထ
မဖြစ်ပေါ်ခဲ့သော လူမျိုးခြား ဘင်္ဂါလီအရေးကိစ္စများနှင့် လူမျိုးရေး အဓိကရုဏ်းဖြစ်စဉ်များ ပေါ်ပေါက်လာခဲ့သည်။
ချက်များကား ရာဇဘုန်းကံနေရာဌာနတွင် တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် အင်္ဂါဂြိုဟ်များ ရပ်တည်နေပြီး ရာဟု
အနေကောင်းသည်။ သို့အတွက်ကြောင့် နိုင်ငံရေး အုပ်ချုပ်ရေးကဏ္ဍများ၌ တပ်မတော်နှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း
ပူးပေါင်း၍ တိုင်းပြည်တာဝန်ထမ်းရွက်ခွင့်ရရှိမည်။လူထုခေါင်းဆောင် အင်္ဂါနေ့သားသမီးဒေါ်အောင်ဆန်းစုကြည်အနေ
လည်း ကြီးလေးသော ရာထူးတာဝန်များ ထမ်းရွက်ခွင့်ရရှိပြီး တပ်မတော်ဖြင့် လက်တွဲ၍ တိုင်းပြည်အကျိုး ဆောင်ရွက်
ရရှိလာမည်။

စီးပွားတိုးတက်လာနိုင်သည့်နေရာတွင် ကြာသပတေးဂြိုဟ်အား ကောင်းစွာ တည်ရှိနေသည့်အတွက် စီးပွားရေးက
ခယောင်းလမ်းဆုံးသည်နှင့် စိန်စီသော ပန်းခင်းလမ်းများ စောင့်ကြိုနေမည်။ ပြည်တွင်း ငြိမ်းချမ်းရေးကို ပုံဖော်
တနင်္လာဂြိုဟ် နိစ်နဝင်း စီးနင်း၍ အားပျက်ပြယ်သည့်အတွက် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ခက်ခဲကြ
နေတတ်ပြီး မီသားစုဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြင့် အဆင်ပြေလိုက်၊ မပြေလိုက် ဖြစ်စဉ်
မကြာခဏတွေ့ကြုံနိုင်သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပါလီမန်ဒီမိုကရေစီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်များအား ဖြတ်သန်း
ဖြတ်လာခဲ့သူတစ်ဦးဖြစ်ပေရာ ခေတ်နှစ်ခေတ်လုံး၏ အားနည်းချက်၊ အားသာချက်များကို ချိန်ဆ၍ တိုင်းပြည်အား ဒီမိုက
လမ်းကြောင်းပေါ်သို့ တည့်မတ်စွာ ရောက်ရှိစေလိုသည့် စိတ်ရင်းစေတနာ အရင်းခံရှိသည့်အတွက် ဆိုရှယ်လစ်မှိုင်း
ပြည့်နှက်နေသော နိုင်ငံတော်အလံအား ပယ်ဖျက်၍ နယ်ချဲ့ကို တော်လှန်ပြီး ခေတ်ပြောင်း၊ စနစ်ပြောင်းဖြစ်စေခဲ့
သုံးရောင်ခြယ်အလံကို ရွေးချယ်အသုံးပြုခဲ့ကြောင်း တွေ့ရပါလိမ့်မည်။

သုံးရောင်ခြယ်အလံ၌ ဝါ-စိမ်း-နီအရောင်များ အချိုးအစားညီမျှစွာ ပါဝင်နေသည့်အတွက် တိုင်းပြည်အုပ်ချုပ်မှုက
တွင် အနီရောင် အင်္ဂါဂြိုဟ်ကိုယ်စားပြု တပ်မတော်အဖွဲ့အစည်းတစ်ရပ်ထဲမှ ခေါင်းဆောင်များသာ မဟုတ်ဘဲ၊ အဝါ
ကြာသပတေးဂြိုဟ် ကိုယ်စားပြုသော အသိပညာရှင်၊ အတတ်ပညာရှင် ခေါင်းဆောင်များ၊ တနင်္ဂနွေဂြိုဟ်ဖြင့် ပူးယှဉ်ထား
အစိမ်းရောင် ဗုဒ္ဓဟူးဂြိုဟ်၏ သဘော သဘာဝအရ ပါတီနိုင်ငံရေးအဖွဲ့အစည်းများမှ နိုင်ငံရေးခေါင်းဆောင်များ၊ ငွေကြေး
ကြွယ်ဝသည့် သန်းကြွယ် သူဌေးကြီးများ ပါဝင်လာကြပြီး တိုင်းပြည်တိုးတက်ညီညွတ်ရေးအား အပေးအယူ



www.burmeseclassic.com

www.burmeseclassic.com




ဆောင်ရွက် ပုံဖော်ကြပေလိမ့်မည်။

သို့သော် မြန်မာပြည်၏ အနာဂတ် ကံကြမ္မာသည် တပ်မတော်အဖွဲ့အစည်း အဆင့်ဆင့်ပြောင်းလဲသကဲ့သို့ နိုင်ငံခေါင်းဆောင် (၃)ဦးပြောင်းလဲပြီးမှသာ ထာဝရ အစွန့်ရှည် တည်တံ့ခိုင်မြဲမည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့ အလယ်၌ ထြားထည်ဝါလာမည် ဖြစ်ပေသည်။ ယနေ့ မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာသည် သုံးရောင်ခြယ်အလံ၏ သဘော သဘာဝအရ တပ်မတော်အစိုးရ လက်ထက်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဒီမိုကရေစီစနစ်ဖြင့် ဖွက်လှမ်းသော သမ္မတကြီး ဦးသိန်းစိန်ထံသို့ ပြောင်းလဲခဲ့ပြီးဖြစ်သည့်အတွက် နိုင်ငံ့ခေါင်းဆောင်နှစ်ဦးပြောင်းလဲခဲ့ပြီး ဖြစ်ပါသည်။

သမ္မတကြီး ဦးသိန်းစိန်ထံမှ နိုင်ငံ၏ အချုပ်အခြာ အာဏာသည် အခြားခေါင်းဆောင်တစ်ဦးထံ ပြောင်းလဲပြီးပါက ခေါင်းဆောင် (၃)ဦးပြည့်မြောက်မည်ဖြစ်ပြီး စတုတ္ထမြောက်ခေါင်းဆောင် ဦးဆောင်သည့် အချိန်ကာလမှ စတင်၍ ပြည်သူ အပေါင်း မျှော်လင့် တောင့်တနေသည့် လိုအင်ဆန္ဒအဝဝဖြင့် ပြည့်စုံ၍ တိုးတက်ချမ်းသာ ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်လာပေ မည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအနေဖြင့် သုံးရောင်ခြယ်အလံသစ် လွှင့်ထူရာတွင် တည်တံ့ခိုင်မြဲမှု များစွာဖြစ်ထွန်းစေမည့် ကြာသပတေးနေ့၏ အမြစ်နေ့ဖြစ်သော ကြာသပတေးနေ့ကို ရွေးချယ်ခဲ့သည့်အတွက် ဝန်ကြီးချုပ် ဦးနု၊ ဗိုလ်ချုပ်ကြီး နေဝင်းတို့ ရွေးချယ်ခဲ့သော အညွှန့်နေ့နံ နေ့ရက်မဟုတ်ကြောင်း တွေ့ရပေလိမ့်မည်။

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် မိမိမွေးနံမှ အမြစ်-အညွှန့်နေ့ရက်များသည် နက္ခတ်ဇာတာခွင်ပါ ဂြိုဟ်ကောင်းများ ဖြစ်ပါက ကြီးပွားတိုးတက်အောင်မြင် တည်တံ့ခိုင်မြဲမည့် လုပ်ငန်းကိစ္စများ ဆောင်ရွက်လုပ်ကိုင်နိုင်ပေသည်။




၂၀၁၀၊ အောက်တိုဘာ ၂၁ရက်၊ ကြာသပတေးနေ့၊ နေလယ် ၃နာရီတိတိ အချိန်အခါ ဇာတာခွင်

စာရေးသူသည် နိုင်ငံတော်အလံများနှင့် ပတ်သက်၍ နက္ခတ်သိပ္ပံရှုထောင့်အမြင်မှ လေ့လာသုံးသပ် တင်ပြရာတွင် ဂြိုဟ်များ၏ အားအနည်းအများ အခြေအနေအလိုက် ကောင်းကျိုး-ဆိုးကျိုးများကို ပညာရှင်တစ်ဦးထားရှိရမည့် ကျင့်ဝတ်၊ စည်းကမ်း၊ ဂုဏ်သိက္ခာများအား မဖောက်ဖျက်ဘဲ ပညာမျက်စိဖြင့် ရှုမြင်သုံးသပ်ထားခြင်းဖြစ်ပါသည်။ တတိယမြောက် နိုင်ငံတော်အလံ၏ အားနည်းချက်များ ဖော်ပြတင်ပြရာတွင် တိုင်းပြည်တာဝန်ထမ်းရွက်ကြသော နိုင်ငံ့ခေါင်းဆောင်အကြီး အကဲများအနေဖြင့် ပတ်သက်ဆက်နွယ်သည့် အကြောင်းကိစ္စများ၌ သတိလက်လွတ် မဖြစ်မိစေရန်နှင့် ကြိုတင်ပြင်ဆင် ကာကွယ်တားဆီးသင့်သည့်အချက်များအား သတိပြုမိစေရန် ရည်ရွယ်ပါသည်။ ၂၀၁၃၊ အောက်တိုဘာနောက်ပိုင်းမှ တစ်နှစ် အတွင်း ရာဇဘုန်းကံဌာနေရပ် တပ်မတော်အဖွဲ့အစည်းအကြီးအကဲများကိုယ်စားပြု ဗုဒ္ဓဟူးဂြိုဟ်ကာလသို့ ရောက်ရှိမည် ဖြစ်ပေရာ တပ်မတော်အကြီးအကဲခေါင်းဆောင်များ၏ ရာထူးဘုန်းကံတိုးတက်မြင့်မားမှုနှင့် တပ်မတော်၏ နိုင်ငံရေး ဦးဆောင်မှု အတွက်များ၌ ပြောင်းလဲမှုများ တွေ့ကြုံလာနိုင်ပေသည်။ သို့သော်လည်း မရှုတွင် တင်ပြခဲ့သည့်အတိုင်း တပ်မတော်နှင့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံရေးခေါင်းဆောင်၊ သူဌေးသူကြွယ်များ လက်ချင်းချိတ်၍ ရွှေရောင်နိုင်ငံတော်သစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရေးအား ကြိုးစား ဆောင်ရွက်ကြပေလိမ့်မည်။

နက္ခတ်သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ ဗဟုသုတ ဝညာပေး၊ ဆောင်းပါးများနှင့် ပတ်သက်၍
ဝေဖန်ဆွေးနွေးအကြံပြုလိုပါက . . .
ဦးဇေယျာကို (အမှုဆောင်အရာရှိချုပ်)
မြန်မာနိုင်ငံ နက္ခတ်သိပ္ပံအဖွဲ့ ၀၉၅၃ ၉၃၃၄၃

*****



www.burmeseclassic.com

www.burmeseclassic.com



# ကျွဲ၊ နွား တိရစ္ဆာန်ဆေးနည်းများ

ရွှေကျွန်း သန်းမြင့်

## ကျွဲနွားအတွက် အားတိုးဆေး

ဆင်တုံးမနွယ်အစို ၁၀ကျပ်သားကို ပါးပါးလှီး၊ နှမ်းဖတ် ၁၀ကျပ်သား၊ မီးဖိုချောင်သုံး ရိုးရိုးဆား ၂ကျပ်သား၊ ရေ ၂၅ကျပ်သားတို့ကို နံနက်ပိုင်းတွင် စိမ်ထားပြီး ညနေပိုင်းတွင် အင်အားနည်းပါးချည့်နဲ့နေသော ကျွဲနွားတို့ကို တိုက်ကျွေးပါ။ ၇ရက်ဆက်တိုက်ကျွေးပေးပါက ၎င်းကျွဲနွားတို့သည် အင်အား အထူးတိုးပွားပြီး ခွန်အားအမြန်ပြည့်ဖြိုးကာ မြန်မာ့လယ်ယာ လုပ်ငန်းခွင်တွင် ပိုမို၍ ရုန်းအား၊ ဆွဲအား သန်မာလာပြီး လုပ်ငန်းတွင်ကျယ်လာပါမည်။ ဆေးကို နံနက် ရေစိမ်ပြီး ညနေ တိုက်ရခြင်းမှာ ထိုဆေးရည်သောက်ပြီး ညပိုင်းမှာ အေးချမ်းစွာ အနားယူနိုင်ခြင်းကြောင့် အင်အားပိုမိုပြည့်ဖြိုး လာစေနိုင်သည်။

## ကျွဲ၊ နွား ထိခိုက်ဒဏ်ရာကုသဆေးနည်း

ဇာမနည်ပင် (သို့မဟုတ်) ဆင်မြီးဆတ် (သို့မဟုတ်) ကျားမနိုင်ပင်၊ ချင်းပြည်နယ်တွင် ပြာပင်ဟု ခေါ်သော အပင်မှ အရွက်ကို ထောင်းပြီး ဒဏ်ရာပေါ်တွင် အရည်ညှစ်ချခြင်း၊ အုံထားပြီး စည်းပေးထားခြင်းပြုပါက သွေးလျင်မြန်စွာ တိတ်ပြီး အနာကျက်သွားပါမည်။

## ကျွဲ၊ နွား ဆီးချုပ်ရောဂါဆေးနည်း

ကျွဲ၊ နွားများ ဆီးခဲယဉ်းနေလျှင် ရေချင်းယားရွက် ပြည်တောင်းတစ်ဝက်ခန့် ခူးပြီး ဆုံသန့်သန့်ဖြင့် ထောင်း၍ သကြား ၁၅ကျပ်သားဖြင့် ဖျော်၍တိုက်ပါ။ ဝမ်းထဲရှိ အပူ၊ အပုပ်နှင့် ဆီးများ ကျလာပါမည်။

## ကျွဲ၊ နွား သားမွေးပြီး အချင်းကပ်လျှင် ကုသနည်း

ကျွဲ၊ နွားများ သားမွေးပြီး အချင်းကပ်နေခဲ့သော် လက်ပံခေါက် ၅၀ကျပ်သားခန့် ရေသုံးပုံ တစ်ပုံကျအောင် ကျို၍ ဆားကို လက်ဖက်ရည်အကြမ်းပန်းကန်တစ်ဝက်ခန့် ထည့်ပြီး တိုက်ပါ။ အချင်းကပ်ခြင်း၊ အချင်းကျန်ခြင်းမရှိဘဲ လွ... ကူစွာ ကျလာပါမည်။

## ကျွဲ၊ နွား ဝမ်းသွားပျောက်ဆေး

ကျွဲ၊ နွားများ ရာသီဥတုအပြောင်းအလဲကြောင့် ဝမ်း... ပျက်ခြင်း၊ ဝမ်းလျှောခြင်း၊ သွေးဝမ်းသွားခြင်း ဖြစ်တတ်... သည်။ ဤသို့ဖြစ်လျှင် ကျောင်းသုံး မြေဖြူတောင့်ကို ည... စွာ အမှုန့်ပြု၍ ရေနွေးကြမ်းပန်းကန်တစ်လုံးစာခန့် ရေကျ... အေး နို့ဆီဘူးတစ်ဘူးစာဖြင့် ဖျော်၍တိုက်ပါ။ နွားကြီးလျှ... တစ်နေ့ သုံးကြိမ်၊ နွားလတ်လျှင် တစ်နေ့ နှစ်ကြိမ်၊ နွား... ငယ်လျှင် တစ်နေ့ တစ်ကြိမ်၊ သုံးရက်ခန့် ဆက်တိုက်ပါ... လုံးဝပျောက်ကင်းနိုင်ပါသည်။

## ကျွဲ၊ နွား တိရစ္ဆာန်များ အစာအဆိပ်သင့်ခြင်းမှ ပျောက်ကင်းစေနည်း

ဆိတ်ဖလူးရွက်များကို ထုထောင်း၍ အရည်ကို ... ကျည်တောက်တွင် ထည့်ပြီး နာရီဝက် တစ်ကြိမ်တိုက်... တစ်နာရီကြာသောအခါ နွားသည် အသက်ရှုမှန်လာပါသည်... ဆီးများ သက်၍ မတ်တတ်ထ,ရပ်ပါသည်။ ဝမ်းတစ်ကြိမ်သွ... ပြီးသောအခါ နွားမကြီးသည် အစာပြန်စားလာပါသည်။

## နွားပခုံးနာအတွက် လိမ်းဆေး

နွားပခုံး၌ ပွန်းပဲ့၍ အနာတရဖြစ်ပေါ်နေလျှင် နံန... လယ်မထွန်မီ ဝက်ဆီသန့်သန့်ဖြင့် နွားပခုံးကို သုတ်လိ... ပြီး လက်ဖြင့် ဆုပ်နယ်ပေးပါ။ ထို့နောက် လယ်ထွန်ပြီ... တစ်ကြိမ်ထပ်မံ သုတ်လိမ်း၍ ဆုပ်နယ်ပေးပါ။ သုံးရ... အတွင်း သက်သာပျောက်ကင်းသွားပါမည်။

* * *

ရွှေကျွန်းသ...

www.burmeseclassic.com

www.burmeseclassic.com



# လက်ပံတောင်းတောင်မှ လယ်တီဆရာတော်ဘုရားကြီး၏ သာသနာ

■ ဓမ္မာစရိယ ဦးအောင်ကျော်မိုး ■





www.burmeseclassic.com

www.burmeseclassic.com



လယ်တီ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဒေသနာတော်နည်းအတိုင်း လက်ပံတောင်းတောင်ပေါ်၌ ပဋိယတ်ပဋိပတ်တို့ကို ကျင့်ကြံတော်မူခဲ့သည်။ လယ်တီဆရာတော်၏ ပဋိပတ်အကျင့်မြတ်သည် ယခုအခါ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့နေလေပြီ။

လယ်တီသာသနာ ကမ္ဘာအရပ်ရပ်သို့ ထွန်းလင်းနေပေပြီ။ ဆရာကြီး ဂိုအင်ကာသည် လယ်တီ ဝိပဿနာနည်းကို နိုင်ငံတကာသို့ သာသနာပြုနေခြင်းက သက်သေထူနေပြီ။

လယ်တီဆရာတော်၏ အကြောင်းကို ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်ပေါင်း သုံးရာကျော်တို့ကို သက်သေထူလျက် ၎င်းတို့ ရေးသားသော ကျမ်းများကို စာကိုယ်ပြု၍ ဆရာကြီး ဦးအောင်မွန်(မြတ်ဆုမွန်)က ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဘဝဖြစ်စဉ်စာအုပ်အဖြစ် ၂၀၀၇ခုနှစ် ဒီဇင်ဘာလမှာ ရိုက်နှိပ် ပူဇော်ခဲ့သည်။ တန်ဖိုး ၁၂၀၀ကျပ် ဖြစ်သည်။ ထိုခေတ်က စာအုပ်၏ တန်ဖိုးကို ကြည့်လျှင် မည်မျှခမ်းနားထည်ဝါကြောင်း ပြောစရာမလိုပင်။

၎င်းစာအုပ်ကို ဆရာတော် ဦးမာနိတသိရီဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော်၊ ဆရာတော် ဦးနန္ဒမာလာဘိဝံသ ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်၊ ဆရာတော် ဦးဇာဂရာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ကလေးဝ ဆရာတော်နှင့် ဒေါက်တာ သော်ကောင်း၊ ဆရာ ဦးအောင်ထွတ်တို့က အမှာစာရေးသား၍ ချီးကျူးထောပနာပြုထားသည်။ ယင်းစာအုပ် နှာ-၅၀၂ မှ ၅၁၇ထိ လယ်တီဆရာတော်ဘုရားကြီး လက်ပံတောင်းတောင်ရှိ စကြံကျောင်းမှာ သီတင်းသုံးရင်း သာသနာပြုတော်မူပုံအကြောင်းကို ပြည့်ပြည့်စုံစုံ ရေးသားထားသည်။

သက္ကရာဇ် ၁၂၆၅ ခုနှစ်၊ ဝါဆိုလ၌ ဆရာတော်သည် (၃၇)ကြိမ်မြောက် ဝါတော်ကို လက်ပံတောင်း စကြံကျောင်းမှာ ဝါကပ်တော်မူသည်။

ဝါမဆိုမီ ဆရာတော်က ယခုနှစ် လက်ပံတောင်းမှာ ဝါဆိုတော်မူမည်ဟု မိန့်တော်မူလျှင် ရေးဦးစွာ မုံရွာမြို့နေ အမိန့်တော်ရ မောင်ကြောနှင့် မောင်စံလင်းတို့က လက်ပံတောင်းတောင်မှာ ဝါဆိုစကြံကျောင်းတစ်ဆောင်ကို ဆောက်လုပ်ထားပြီး ဆရာတော်ကြီးအား လှူဒါန်းခဲ့ကြသည်။

လက်ပံတောင်းတောင်သည် အရှေ့ဘက်တွင် ချင်းတွင်းမြစ်ကြီး၊ မြောက်ဘက်၌ ညောင်ပင်ကြီးဆိပ်ကမ်း၊ အနောက်မြောက်တွင် ကျော်ရွာ၊ တောင်ပလ္လူရွာ၊ အနော… ဘက်တွင် မိုးကြိုးပြင်ရွာ၊ တောင်ဘက်တွင် တုံ့ရွာ၊ ဆော… ကတား၊ ဆားထုံး၊ ဆားလင်းကြီး စသော ရွာများ ဝိုင်းရံလျ… ရှိလေသည်။ နှာ (၅၀၂)

ဆရာတော်ကြီးသည် တောင်၏ အနောက်မြော… ကျော်ရွာ၊ တောင်ပလ္လူရွာတို့ကို ဆွမ်းခံရွာအဖြစ် သတ်မှ… ထားသည်ဖြစ်၍ ထိုရွာတို့နှင့် မဝေးကွာလှသော တော… ကြောတောင်ကြားအတွင်းတွင် ရှိသော စကြံကျောင်း… ဝါဆိုဝါကပ်ခြင်း ဖြစ်သည်။

ဆရာတော်နှင့်အတူ အရှင်ပဏ္ဍိတ၊ (နောင်လယ်… ပဏ္ဍိတ ဦးမောင်ကြီး) ဦးကိတ္တိ၊ လက်ပံတောင်းတောင်ဘ… ဆားထုံးရွာမှ အဘိဓမ္မာဆရာကြီး ဦးရောင်နီ (ရန်ကု… ပုဇွန်တောင်၊ တောင်လုံးပြန်ရပ်နေ ဓာတ်ဆရာကြီးတို့… ဆရာတော်၏ ဩဝါဒကို ခံယူလျက် ဆရာတော်နှင့်အ… တရားအားထုတ်ကြသည်။

လက်ပံတောင်းရွာ (ဆားလင်းကြီးမြို့နယ်တွင် ပါဝ… မစိုးရိမ်ကျောင်းဘုန်းကြီး အရှင်ကောသလသည် ဆရာတော်… ကြီးအား အထူးကြည်ညိုသူဖြစ်၍ ဆရာတော် လက်… တောင်းတောင်၌ သီတင်းသုံးစဉ် များစွာကူညီစောင့်ရှော… ပေးတော်မူသည်။

ဆရာတော်သည် ရံခါ တောင်၏ အနောက်ဘက်… မိုးကြိုးပြင်ရွာဘက်သို့လည်း ဆွမ်းခံကြွတော်မူသည်။ မိုးကြိုး… ပြင်ရွာသည် ယာတဲအိမ်များသာရှိပြီး တောင်ယာအလုပ်… အလွန်ဆင်းရဲကြရာ သူတို့ကို ချီးမြှောက်လိုသဖြင့် ကြွတော်… မူခြင်းဖြစ်သည်။

ရံခါ မိုးကြိုးပြင်ရွာမှ တစ်ဖန် လက်တောင်ကြီးရွာအ… ရွာငယ်များကို အစဉ်အတိုင်းကြွ၍ တရားချီးမြှင့်တော်မူသ…

လယ်တီဆရာတော်ကြီးသည် လက်ပံတောင်းတော… သီတင်းသုံးစဉ် လူသူတော်များနှင့် တရားစကားပြောဆိုခဲ့… ၎င်းတို့ ပြောစကားကို နားထောင်ကာ စာတွေ့ လက်… မရှိကြဘဲ၊ သိသမျှ အာဂုံရွတ်ကာ ပြောကြ ငြင်းကြသ… တပည့်ရင်း အဘိဓမ္မာ မောင်နီကို အမှူးထား၍ အော… နိုင်ငံကျော် တေးထပ်တစ်ပုဒ်ကို ရေးစပ်ကာ ဆုံးမတော်… မူသည်။

တပိုင်းကြောင် ကျက်စာရရုံနှင့်၊
ခက်ပါလှသော ဉာဏ်၊
ထက်မာန အပြောသန်တယ်၊
ဒေါသမာန်ထွက်ပွား။



www.burmeseclassic.com

www.burmeseclassic.com



စောဒက တုဘက်လာလျှင်၊
သူထက်ငါ ပြိုင်းတဲ့ လူစား။
ဘုရားဟော ဓမ္မကွန်ကို၊
တတ်လေဟန် ယောင်ဝါး။
ပရမတ်ပြန် အကြောင်းသမားတွေမို့၊
ထောင်လွှားကြ သူထက်ငါ။
အသိဉာဏ်တစ်ထွာလောက်ကယ်နှင့်၊
ဉာဏ်မထောက် ဟောတတ်လှပါ။
ပရိသတ် ထောမနာအောင်၊
စောဒနာဉာဏ်အကောက်တွေနှင့်၊
ကန်အကြောက် အတင်းမရှောင်၊
ပြိုင်းကြ လူဘောင်၊
ပိဋကအစွယ်ထောင်လျှင်
အပါယ်ဘောင်ဆင်းရလိမ့်မည်။ ။

လယ်တီဆရာတော်သည် လက်ပံတောင်း၌ သီတင်းသုံးစဉ် လူပိဋကများ လာရောက်တွေ့ကြောင်းလည်း မှတ်တမ်းတင်ထားသည်။

တောင်ခြေ မြစ်ကမ်းတွင် ယာယီဆောက်ထားသော ထွပ်ပျစ် ကြမ်းခင်းပေါ်မှာ ညနေချမ်းအချိန် မြစ်ရေကို ကြည့်၍ ရေကသိုဏ်းရှုတော်မူသည်။ ထိုစဉ် လူတစ်ယောက်သည် ညစ်နွမ်းဟောင်းသော အဝတ်နှင့် ဆရာတော်ကြီးထံ လာ၍ ခြေတော်အစုံကို ဦးချ ရှိခိုးပြီးလျှင် မိမိလွယ်အိတ်ထဲမှ ဘစ်ခုသောပုလင်းကို ထုတ်လိုက်သည်။ ပုလင်းထဲမှ ပြာကို ဆက်ကပ်လှူလိုသဖြင့် လျှောက်ထားသည်။

"ဆရာတော်ဘုရားသည် တစ်ကမ္ဘာလုံးအနှံ့အပြား သာသနာပြုမည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ ရောဂါကင်းပြီး ကျန်းမာမှ ခန္ဓာကိုယ်သန်စွမ်းပြီး သာသနာ့လုပ်ငန်း တွင်ကျယ်ပါမည်။ သာသနာ့အတွက် အထောက်အပံ့ဖြစ်ရန် ဓာတ်ပြာများ လှူလိုပါသည်"

ဟု လျှောက်လေသည်။ ဆရာတော်က အမှုမဲ့ထား လိုဘဲ…

"မင်းပြာက စားဖို့လယ်က ပြာလားကွဲ့"

ဟု အလှူမခံလိုသဖြင့် မိန့်လျှင် လူပိဋကက "ငါ့ကို အထင်သေးတာပဲ၊ အစွမ်းပြလိုက်မည်" ဟု သဘောထားကာ တင်ပလ္လင်ခွေလျက် မြစ်ရေထဲ ခုန်ချလိုက်ရာ မမြုပ်ဘဲ ရေပေါ်မှာ ပူပေါင်းဘောလုံးများ ပေါ်သလို ပေါ်နေပြီး ရေ အောက် ပါမသွားဘဲ ထိုင်လျက်ပင် ရေပေါ်မှာ ခုန်လျက် ဘရွေ့ရွေ့ အညာဆန်တက်သွားသည်။ မျက်စိတစ်ဆုံးကြည့်ရင်းနှင့် ပျောက်ကွယ်သွားသည်။

တစ်နေ့ လက်ပံတောင်းမှ ၃မိုင်အကွာ တောင်ခြေရှိ ကျော်ရွာသို့ တပည့် အရှင်ပဏ္ဍိတနှင့် ဆွမ်းခံကြွရင်း တပည့်အား "မာဂဏ္ဍိယ" သုတ်ပါ ဤခန္ဓာကိုယ်က စက်ဆုပ်ရွံရှာဖွယ်ကောင်းကြောင်းကို ဟောရင်း ဆွမ်းခံကြွရာ လမ်းလွဲ သွားလျှင် တပည့် အရှင်ပဏ္ဍိတက…

"ဆရာတော်…ဒီလမ်းမဟုတ်ပါ။ သည်ဘက်လမ်း ဖြစ်ပါတယ် ဘုရား"

ဟု လျှောက်လျှင် ဆရာတော်က…

"ဟဲ…ပဏ္ဍိတ၊ နင်က လမ်းပြစကားလျှောက်တယ်။ ငါဟောတဲ့ တရားကိုတော့ ဘာမှ အာရုံမထားဘူး။ ကြံမိကြံရာ ငါ့နောက်က လိုက်လာတယ်။ လမ်းမှားလို့ ဆွမ်း တစ်နပ်ငတ်ရုံသာ။ ငါဟောတာ မနာယူလိုဘဲ လမ်းမှား လိုက်ပါလျှင် တစ်သံသရာလုံး လမ်းမှားမှာ"

ဟု စသဖြင့် ဆုံးမတော်မူသည်။

လက်ပံတောင်းမှာ သီတင်းသုံးရင်း ညောင်ပင်ကြီးဆိပ် တရားပွဲမှာ ဟောကြားခဲ့သော တရားကလည်း အလွန်ပင် မှတ်သားစရာကောင်းသည်။ မိန်းမနှင့် ယောက်ျား။ မည်သူက အရေးပါ အရာရောက်ပုံကို ဥပမာပြ၍ ဟောတော်မူသည်။

လက်ပံတောင်းမှာ သီတင်းသုံးရင်း ထိုနှစ် ဝါခေါင်လဆုတ် ၂ရက်တွင် စတုသစ္စ ဒီပနီကျမ်းကို ရေးသား ပြီးစီးတော်မူခဲ့သည်။ ထို့အပြင် ရွှေချိန်ခွင်နှင့် မြန်မာတမန် ဟူသောစာအုပ်ကို ဖြေရှင်းရန် ဆရာတော်သည် မကျန်းမာသည့်ကြားမှ သမ္မာဒိဋ္ဌိဒီပနီကျမ်းကို ထိုနှစ် သီတင်းကျွတ်လဆန်း(၈)ရက်နေ့တွင် ပါဠိဘာသာဖြင့် ရေးသားပြီးစီးတော်မူသည်။ တပည့် လယ်တီ ပဏ္ဍိတက မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားသည်။ ထို့အပြင် ရန်ကုန်မှ ဓာတ်ဆရာကြီး ဦးမြို့က လျှောက်သဖြင့် လက်ပံတောင်းတောင်မှာပင် ထိုနေ့ သီတင်းကျွတ်လဆုတ် ၅ရက်နေ့တွင် ကမ္မဋ္ဌာနဒီပနီကျမ်းကို အပြီးရေးသားတော်မူသည်။

လက်ပံတောင်း စကြံကျောင်း၌ လယ်တီ ဆရာတော်ကြီး သီတင်းသုံးနေစဉ် မြန်မာ့သမိုင်း နန်းတွင်းရေးတွင် အလွန်ထင်ရှားသော ကင်းဝန်မင်းကြီး၏ သားဖြစ်သူ ပုသိမ်မြို့အုပ် ဦးခင်မောင်ကြီးသည် မုံရွာမြို့သို့ရောက်စဉ် ဆရာတော်အား ဖူးမြော်လိုသဖြင့် လက်ပံတောင်းတောင် စကြံကျောင်းမှာ တည်း၍ ဆရာတော်၏ ဝိပဿနာ တရားများကို နာကာ တရားအားထုတ်ကြသည်။

ပြန်မည့်နေ့တွင် ဆရာတော်ကြီးက…



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း… မင်းခမည်းတော်အတွက် တောလက်ဆောင် တစ်ခုပါးလိုက်မည်။ မင်းခမည်းတော်အား ဤလက်ဆောင်ကို ဆက်သလိုက်ပါလေ"

ဟု စကြံ့ကျောင်းမှာပင် မကြာမီက ရေးစပ်ထားသော "မိုက်မလင်းနိုင်" လို့ အမည်ရှိ ကမ္ဗွာန်း လေးချိုးကြီးတစ်ပုဒ် ကို ပေးအပ်လေသည်။

**"မိုက်မလင်းနိုင်လို့၊ မြိုက်ခင်းညာဆီမှာ၊ ခါတော် မီ သီမဝေ့နိုင်ဘု၊ သည်ခေတ်တွင် နေကုန်မျှော်ပြန်ရ၊ အတော ဘယ်မသတ်နိုင်တဲ့ ရဟာတ်ဇွေ"**

လယ်တီ ဆရာတော်ဘုရားကြီး လက်ပံတောင်း စကြံ့ ကျောင်းမှာ ရေးသားခဲ့သော မိုက်မလင်းနိုင်လို့ လေးချိုး ကြီးသည် ယခုခေတ်အခြေအနေရှိ လက်ပံတောင်းဒေသမှ လူများကို တိုက်ရိုက် ဆုံးမနေသကဲ့သို့ ရှိချေသည်။လေးချိုး ကြီးမှာ အလွန်ရှည်သည်။

**ဇရာလက်မှာ အသက်သာ ကြွေတော့တယ်၊ အသေသတ် လက်မရှုံ့ကို အသက်စွန့် ပဋ္ဌာသွင်းဘို့၊ ထမင်းအစာစုံနှင့်၊ ခန္ဓာရုံ မြုပြတီးဆီက၊ အငြီးဖြေကာ စောင့်ရှာကြ၊ စိုးနှောင့်သခေျ။**

**သို့ပါမူလဲ၊ ပူနွယ်ချွေးနွယ်၊ အရေးကျယ်တွေကို အေးဘွယ်ထင်မှတ်၊ အစအမြင် ဘဝလျှဉ်၊ အစဉ်... ဟာမိုး မသက်ကယ်ကာသာ၊ အာရုံမွေ့ ပြာပုံမှာ၊ ရေး... ရှာလျက်၊ ငါတလုလုပမာမူ၊ ရှာသူတို့ဝက်၊ အစာ... ထူ၊ အသားလူ၊ ဆူလေခက်ပါလျက် ရမက်ထ... မာန်ဝင်၊ သူအသင်းမှာ၊ သူ မင်းပဲ ထင်လိုက်... ရှင်နိုင်မျှ ဝက်သဏ္ဍာန်လို၊ အချက်မှန်ပေါ် မထ... စေဖို့၊ ဖော်သင်းရွှေ၊ မိတ်သင်ယုက်သည့်အမြ... ခင်မက် ဘွယ်အရုံရုံပ၊ မာန်တဂုဏ်၊ ဟန်ပုံနှ... ဖုံးရှာကြ၊ ရုံးပစေ ထုံမြေပြာရ မိတ်တွေ... နောက်ဆုံးအပိုဒ်မှာ သည်မီးတာ ဘယ်တကိန်းရှာ... ငြိမ်းပါမယ်လို့ • • • • •**

လေးချိုးကြီးဖတ်ရင်း ယနေ့ခေတ် လက်ပံတော... တောင်အကြောင်းကို ကွက်ကွက်ကွင်းကွင်းကြီး ဖော်ပြ... သကဲ့သို့ ရှိလေပြီ။

ဆရာတော်ကြီးသည် ၁၂၆၅ ခု၊ တပေါင်းလတွ... လက်ပံတောင်းတောင် စကြံ့ကျောင်းမှ ပြန်ကြွတော်မူ... ခဲ့သည်။

* * *

ဓမ္မာစရိယ ဦးအောင်ကျော်...

(အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်)

# ခေတ္တရာဆရာကျော်

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

အထူးဟောစာတမ်းများ မှာယူနိုင်ပါသည်။ နယ်မှငွေကြိုပို့ပါ။

သင့်စီးပွားရေး. . . တိုးတက်မှာလား/ဆုတ်ယုတ်မှာလား
သင့်အလုပ်အကိုင်. . . အောင်မြင်မှာလား/ကျရှုံးမှာလား
သင့်အိမ်ထောင်ရေး. . . တည်မြဲမှာလား/ကွဲကွာမှာလား
သင့်အချစ်ရေး. . . ဖြောင့်ဖြူးမှာလား/ရှုပ်ထွေးမှာလား
သင့်နိုင်ငံခြားခရီး. . . ကံကောင်းမှာလား/ကြန့်ကြာမှာလား

အသေးစိတ်ရေးထားသော
အထူးဟောစာတမ်းကြီး ၂၀၀၀ဝိ/-
ဟောစာတမ်းကြီး ၁၀၀၀ဝိ/-

နှစ်,လ,ရက် အထိ တွက်ချက်အဟောထုတ်ပေးသည်။ ထိရောက်သော ယတြာများဖြင့် အကြံပြုပေးသည်။

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၇၄၆၄၂၊ ၀၉-၇၃၁၀...



www.burmeseclassic.com

www.burmeseclassic.com

# ရက္ခမြိုင်မှ အစပြု၍ . . .

ကျော်မင်းညွှန့်(လှည်းကူး)




www.burmeseclassic.com

www.burmeseclassic.com



"ဟာ…"

ရုတ်တရက် မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ထွန်းခိုင်မောင် အာမေဋိတ်သံ ထွက်မသွားရလေအောင် ပါးစပ်ကို လက်ဝါးနှင့် အချိန်မီ အသာ အုပ်လိုက်ရသည်။

လပြည့်ကျော်တစ်ရက်၏ လရောင်က တစ်ကွင်းလုံး ဖြာနေသည်။ ထွန်းခိုင်မောင် ခြေညောင်း လက်ဆန့် မြို့ထဲဘက် လမ်းလျှောက်ထွက်ခဲ့သည်။ "မြရိပ်ညို"ရပ်ကွက်နှင့် သူတို့၏ "ရက္ခမြိုင်ခြံ"က တစ်မိုင်ကျော်ခန့် ကွာဝေးသည်။

လရောင်ကလည်း ရှိ၊ လမ်းဘေး မီးတိုင်များကလည်း လင်းနေသည်။ အားကောင်းမောင်းသန် ယောကျ်ား တစ်ယောက်အတွက် စိုက်ပျိုးရေးခြံတွင်း တကုပ်ကုပ်မနေချင်။

ပြီး ကနေ့ညနေမှ အရက်လေး နည်းနည်းလောက် သောက်ချင်သေးသည်။ သည်တော့ ခြံတွင်းမှ ထွက်၊ မြရိပ်ညိုရပ်ကွက်ထဲ အညောင်းပြေ ခြေဆန့် လမ်းလျှောက်၍ ဝီစကီသုံးပတ်နှင့် အသားကင်တစ်ပွဲစားသောက်ပြီး ပြန်လာခဲ့သည်။ ရက္ခမြိုင်ခြံကြီးက သူ့အစ်ကိုကြီး "ဂေါ်လင်းထွန်း"၏ ခြံ။

လမ်းလျှောက်လာရင်းမှ ထွန်းခိုင်မောင် စဉ်းစားလာခဲ့သည်။ သူတို့ ညီအစ်ကိုနှစ်ယောက်အား မိဘများက ထိုက်တန်သော အမွေများ ပေးထားခဲ့သည်။ အစ်ကိုကြီးက နားအေးပါးအေး ခြံစိုက်ချင်သည်ဆို၍ မြရိပ်ညိုရပ်ကွက်ဘက်သို့ ပြောင်းရွှေ့ပြီး အိမ်ထောင်မပြုဘဲ သစ်ခွပင်များ စိုက်ပျိုး၍ မွေးမြူရေး လုပ်ငန်းများ လုပ်သည်။

မြရိပ်ညိုဆိုသည်ကလည်း ပီဘိ ဆိတ်ငြိမ်ရပ်ကွက်။

ထွန်းခိုင်မောင်က လူတစ်မျိုး။

အစ်ကိုကြီးလို စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်း ဝါသနာမပါ။ စာဖတ်မည်။ သူ ဝါသနာပါသော သမိုင်း သုတေသနလုပ်ငန်းများ လုပ်မည်။ လူစုလူဝေးဖြင့် ဆုံနေခြင်းထက် သူ့ သမိုင်း သုတေသနဘာသာရပ်တွင်သာ ပျော်မွေ့ပြီး အင်္ဂလိပ်၊ ပြင်သစ်နှင့် မြန်မာ ကောရာဇ်တို့ ဆက်ဆံရေး စာတန်းဖြင့် ဒေါက်တာဘွဲ့ရထားသူ။

သမိုင်းသုတေသန ပညာရှင် ဒေါက်တာဆို၍ ခေါင်းဖြူ၊ စွယ်ကျိုး၊ ဆံပင်ဖြူ၊ မုတ်ဆိတ်ဖြူ၊ ပုလင်းဖင် မျက်မှန်တပ် အဘိုးကြီးမဟုတ်။

ငယ်စဉ်ကပင် အားကစားလိုက်စားခဲ့ပြီး ကျန်းမာရေးကောင်းမွန်သည်။ သူ့ဒုတိယဝါသနာက တိုက်ခိုက်ရေး ကိုယ်လုံ့ပညာ။ မြန်မာ့ရိုးရာ နန်းတွင်း သိုင်းပြောင်းပြန်ဆရာတစ်ယောက်။

အစ်ကိုကြီးက သူ့ခြံတွင်းမှ ပြဿနာတစ်ရပ်ကို စုံစမ်းဖော်ထုတ်ပေးရန် တောင်းဆိုလာသဖြင့် ဤရက္ခမြိုင်ခြံကြီးသို့ သူရောက်ခဲ့ရခြင်းပင်။

ပြဿနာတစ်ခုရှိနေသည်။ ရှိနေသည့် ပြဿနာက ထူးဆန်းနေသည်။ ဤထူးဆန်းသော ပြဿနာကို လေ့လာဖော်ထုတ်ရမှာက သူ့တာဝန်။

◆◆◆

"ညီလေးရာ…အစ်ကိုလည်း မတတ်သာလို့ ဒီကိစ္စမှာ မင်းကို အကူအညီတောင်းရတာပါ။ ပြဿနာက ဘဲဥအစရှာမရသလိုဖြစ်နေတာ။ မင်းသိတဲ့အတိုင်းပဲ ငါ့အိမ်နဲ့ စိုက်ပျိုးရေးခြံက သုံးမိုင်လောက်ဝေးတယ်။ ငါနဲ့အတူ ကူဖော်လောင်ဖက် တပည့်လေး တစ်ယောက်ရှိတယ်။ ကောင်လေးနာမည်က

စန်းမြင့်တဲ့။ သွက်လက်တယ်၊ ဖျ… တယ်။ အသက်ကတော့ ၂၀ကျော်… ပြီ။ လွန်ခဲ့တဲ့ တစ်လလောက်တုန်း… လမိုက်ညမှာ ခြံစောင့် ကိုထွန်း… တစ်ယောက် မင်္ဂလာဆောင်တစ်ခု… တောကို သွားတာ တစ်ပတ်ကြာသွား… တယ်။ ဒါကြောင့် စန်းမြင့်ကို ငါ… ခဏစောင့်ခိုင်းတယ်။ အဲဒီ လမိုက်ည… မှာပေါ့ ဒီကောင် ရပ်ကွက်ထဲ ထွက်… အရက်သောက်တယ်။ ပြန်လာပြီး … ထဲအဝင်မှာ "ဘီလူးကြီး…ဘီလူးကြီး… ကယ်ကြပါဦး"လို့ ဆိုပြီး ငယ်သံပါ… အောင် အော်တော့တာပဲ။

ရပ်ကွက်ထဲက လူတွေ ရောက်… လာပြီး တစ်ခြံလုံး အနှံ့ရှာကြပေမယ့်… ဘာမှမတွေ့ပါဘူးကွာ။ မင်းသိတဲ့အတိုင်း ခြံက ခြံကြီး။ ပတ်လည်မှာ အုန်း… သရက်၊ ပိန္နဲ တညင်းပင်တွေ ရှိတယ်… အလယ်မှာက သစ်ခွရုံ၊ အိမ်ရှေ့မှာက… ဂမုန်းမျိုးစုံ၊ အလှစိုက် ပန်းအိုးတွေနဲ့… အပြည့်ပေါ့။ ဘာမှရှာမတွေ့တော့ သူများ… တွေကို အိပ်ရေးပျက်အောင် လုပ်တယ်… ဆိုပြီး ဒီကောင့်ကို ငါ နားရင်းတစ်ချက်… အုပ်လိုက်သေးတယ်။ ဒီကောင်ကတော့… သူ မလိမ်ပါဘူး။ တကယ်မြင်တာပါလို့… ကျိန်တွယ်ပြီး ပြောရှာတယ်"

"နောက်ရော ဘာတွေများ ဖြစ်… သေးလဲ အစ်ကိုကြီး"

အစ်ကိုကြီးစကားအဆုံးတွင် ထွန်းခိုင်မောင်က မေးခွန်းထုတ်… အစ်ကိုကြီးက ပြန်မဖြေသေးဘဲ ဝီစကီ… နှင့် ဆော်ဒါရောစပ်ပြီး မော့ချလိုက်… သည်။ ပြီးမှ…

"အေး၊ အဲဒီနောက်တော့ ခြံထဲ… က မြင်းခွာသံတွေ၊ မြင်းဟီသံတွေ… အမျိုးသမီးတစ်ယောက်ရဲ့ သီချင်း… သံ လိုလို၊ ဓားတွေ၊ လှံတွေ … ခုတ်သံ တွေလိုလို ကြားရတယ်။ ငါလည်း

www.burmeseclassic.com



...ခင်း မီးထွန်း ဓာတ်မီးနဲ့ ထိုးကြည့် ...တော့ အသံတွေ ပျောက်သွား ... ဘာမှလည်း မတွေ့ရဘူး။ ခြံထဲ ... သစ်ပင်တွေ၊ ပန်းအိုးတွေလည်း ...ကျ်အစီးမရှိဘူး။ တစ်ခုရှိတာက ...ကောင်ကြီးကို တွေ့လိုက်ရတယ်။ ...ကွဲကွဲ မတွေ့ရပေမယ့် ရိုးခနဲ ...နဲ့ မြင်လိုက်ရတယ်။ ဒါကြောင့် ... စာရေးပြီး ဆက်သွယ်လိုက်တာ"

"အစ်ကိုကြီး…အဲဒီလိုကြားတာ၊ ...ာတွေက နေ့စဉ် ညတိုင်းလား၊ ...ခါတစ်ရံမှလား။ ဥပမာ - လပြည့် ... လမိုက်ညမျိုးတွေမှာလား။ ခြံထဲမှာ ...တွေ့တာလား။ ခြံအပြင်၊ အိမ်တွင်း ...ပြင် အပေါ်ထပ် အောက်ထပ်တွေ ...ရော တွေ့သေးလား"

သူ့အမေးကြောင့် အစ်ကိုကြီးမှာ ...တ်ခနဲဖြစ်သွားပြီး…

"ဟုတ်တယ်ကွ။ မင်းမေးမှ ငါ ...တိရတယ်။ ငါကြားတာ၊ မြင်တာ ...တွေက အထူးသဖြင့် လပြည့်၊ လ ...ွယ်ညတွေမှာပဲ။ ဒီပြင်နေရာမှာတော့ ...မှမထူးခြားဘူး။ ခြံတွင်းမှာပဲ ဖြစ် ...ာကွ"

"အင်း… ပြဿနာက ခြံတွင်း ... အစပျိုးတုန်းနဲ့ တူတယ်။ ရေရှည် ...တော့ ပြောမရဘူး။ ငါလည်း ခေတ်ပညာ ...တ်တစ်ယောက်ဖြစ်တော့ နာနာဘာဝ ...နာဘာဝ ပရလောကသားတွေကို ...ယုံကြည်တာပဲ၊ ဒါကြောင့် ငါကိုယ်တိုင် ...ခြံထဲမှာ လာနေတာကွ"

ထွန်းခိုင်မောင်က ခေါင်းတစ်ချက် ...တ်လိုက်ပြီး…

"အင်းလေ၊ ကျွန်တော် လေ့လာ ...ကိုက်ပါဦးမယ်။ အမေးရှိရင် အဖြေရှိ ... ပြဿနာကို ရှင်းနိုင်မှာပါ။ ဒါ့ထက် ...အခုလိုဖြစ်နေတာကို အစ်ကိုကြီးတပည့် ...မြင့်အပြင် ဘယ်သူများ သိနေသေး

လဲ"

"စန်းမြင့်က လူကြောက်ပါကွာ။ ငါလည်း သူ့ကို မွေးမြူရေးငါးကန်ဘက်ကို ပို့ထားလိုက်တယ်။ ဒီပြင်လူတွေတော့ ဒီအကြောင်းတွေကို သိဟန်မတူဘူး။ ဒါပေမယ့် စန်းမြင့်ပြောလို့ ရပ်ကွက်ထဲ ပျံ့ချင်လည်း ပျံ့နေမှာပေါ့"

> "စန်းမြင့်က လူကြောက်ပါကွာ။ ငါလည်း သူ့ကို မွေးမြူရေးငါးကန်ဘက်ကို ပို့ထားလိုက်တယ်။ ဒီပြင်လူတွေတော့ ဒီအကြောင်းတွေကို သိဟန်မတူဘူး။ ဒါပေမယ့် စန်းမြင့်ပြောလို့ ရပ်ကွက်ထဲ ပျံ့ချင်လည်း ပျံ့နေမှာပေါ့"

ထိုနေ့မှစ၍ သမိုင်းသုတေသန ဒေါက်တာဘဝမှ စုံထောက်ဘဝသို့ ထွန်းခိုင်မောင် ပြောင်းလဲသွားတော့သည်။

ဓာတ်မီးတစ်လက်၊ တုတ်တစ်ချောင်းကိုင်ပြီး အချိန်မတော် ခြံထဲမှာ ပတ်ချောင်းရသည်။ အစ်ကိုကြီးတို့ ဆရာတပည့်တွေ မြင်ခဲ့ ကြားခဲ့သည့် အရာများကို လေ့လာရတော့သည်။

သို့သော် သူ ကံကောင်းသွား၍လား၊ ကံဆိုး၍လား မသိ၊ အချိန်တွေကုန်၊ အိပ်ရေးတွေသာ ပျက်ရသည်။ မည်သည့်ထူးခြားမှုမှ မတွေ့ရ။ ထွန်းခိုင်မောင် စိတ်ပျက်စ ပြုလာရသည်။

◆◆◆

မှတ်မှတ်ရရ တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်၊ ၁၄ရက်၊ ၁၅ရက်၊ လပြည့်ကျော် ၁ရက်နေ့တို့မှာ နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံသည့် တန်ဆောင်တိုင်ပွဲတော်နေ့များဖြစ်သည်။

ဤနေ့ ဤရက်များသည် မြို့ပေါ်သာမက၊ ရွာနီးချုပ်စပ် ကျေးရွာများကပါ ဘုရားဖူးတက်လာကြသည်။ စည်ကားချက်ကတော့ ကမ်းကုန်၏။ တစ်မြို့လုံး ကျက်ပျံ့မကျ။

ဒီသုံးရက်အတွင်း မျက်စိရှုပ်မခံနိုင်သော ထွန်းခိုင်မောင်တစ်ယောက် မြို့တွင်းသို့ လုံးဝမထွက်။

ညစဉ်လိုလို ဆိုင်းသံ ဗုံသံများကြောင့် အိပ်မရသည့်အခုံး အစ်ကိုကြီးပြောသော ပရလောကသားများကို ပိုက်စိတ်တိုက် ရှာပုံတော်ဖွင့်ခဲ့သည်။

ထူးခြားမှုက နတ္ထိ။

တန်ဆောင်တိုင် ပွဲတော်က လပြည့်ကျော် တစ်ရက်နေ့အထိသာဖြစ်၍ ကျန်ရက်များမှာမူ ပုံမှန်အတိုင်းရှိနေ၏။

မနေ့က (လပြည့်ကျော် ၂ရက်) ဗီရိုအတွင်းရှိ ဝီစကီပုလင်းများကို လက်စသတ်လိုက်ပြီး ယနေ့တော့ မြို့တွင်းဘက် လမ်းလျှောက်ကာ နာမည်ကြီး စားသောက်ဆိုင်တစ်ခုတွင် ဝီစကီ သုံးပတ် ဝင်မော့ပြီး ပုလင်းကြီးနှစ်လုံးကို ဆွဲ၍ပြန်လာခဲ့၏။

လမင်း၏ အလင်းရောင်က တစ်တောလုံး၊ တစ်မြို့နယ်လုံး လင်းထိန်နေသည်။ လရောင်အောက်တွင် ...း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရသည့် အရသာကို အားပါးတရ မခံစားရသေးမီ ရက္ခမြိုင်ရှေ့သို့ ရောက်၏။ ပတ်ဝန်းကျင်က တိတ်ဆိတ်လျက်။

ခြံဝင်းအတွင်းရှိ သစ်ပင်ကြီးများထက်မှ ပုဇွန်ရင်ကွဲတို့ အော်မြည်နေသည်။ တစ်ချက်တစ်ချက် ဂီးခနဲ ဂစ်ခနဲ အော်ဟစ်လိုက်သည့် လင်ကောင်ပိုးငှက်တို့၏ အသံကိုလည်း ကြားရ၏။

ထွန်းခိုင်မောင်နှုတ်မှ စိုင်းထီးဆိုင်၏ "ရန်ကုန်မှာ သာတဲ့ လ"သီချင်းကို တီးတိုးဆိုရင်း စေ့ထားသော ခြံတံခါးဝကို အသာဖွင့်ဟန်ပြင်သည်။ ပြီးမှ နောက်ပေါက်မှ ဝင်ရန် အကြံရ၍ လှည့်ထွက်ခဲ့သည်။

♦♦♦

ခက်သည်က အစ်ကိုကြီး။

သစ်ခွမျိုးစုံ၊ အလှစိုက်အပင်မျိုးစုံကို စိုက်တာ မည်သို့မျှ မပြောလို။ သို့သော် ဂမုန်းပင်ကိုမူ ထွန်းခိုင်မောင် မကြိုက်။ ဂမုန်းအကြောင်း နားလည်၍တော့ မဟုတ်။

အိမ်များတွင် စိုက်ကောင်းသည့် ဂမုန်း၊ မစိုက်ကောင်းသည့် ဂမုန်းဟူ၍ ရှိကြောင်း ကြားဖူးနားဝရှိထားသည်။

သူပေးထားသော ရက္ခမြိုင် ဆိုသည့် အမည်နဲ့တော့ လိုက်သား။ ထွန်းခိုင်မောင်တစ်ယောက် ခြေလှမ်းကို ရှေ့တိုးမည်အပြု ထူးဆန်းသော မြင်ကွင်းကြောင့် လူတစ်ရပ်ခန့်ရှိ ရွက်လှချုံကြီးအောက်တွင် ဒူးထောက်ကာ ထိုင်ချလိုက်သည်။ စိတ်ဝင်စားစရာကောင်းလွန်းလှသည့် ထူးခြားသည့် မြင်ကွင်းပါလား။

♦♦♦

လုပကြော့ရှင်းသည့် မိန်းမပျိုလေးတစ်ဦး။ အရပ်မှာ ငါးပေခွဲခန့်။ အဖုအထစ် အမို့အမောက် ရှိက်ဖို ကြီးငယ်အသွယ်သွယ်။

မျက်နှာကို အသေးစိတ် မမြင်ရသော်လည်း စာဖွဲ့မမီသော အလှကို ပိုင်ဆိုင်ထားသည်။ ဆံကေသာမှာ ခြေဖဝါးသာမက၊ မြေကြီးပေါ်မှာ ပုံကျနေသည်။

မိန်းမချောလေးက မျှော်တော်ယောင်သီချင်းကို သီဆိုနေသည်။

ထိုစဉ် လမ်းမထက်မှဟု ယူဆရသည့် မြင်းခွာသံတဖြောင်းဖြောင်းအသံကို ကြားသည်။ မြင်းညိုကြီး စီးထားသော မင်းသားလေးတစ်ဦးပေါ်ထွက်လာသည်။ မိန်းမပျိုလေးက ဆိုနေသော သီချင်းကို ရပ်ပြီး မင်းသားလေးအား ဆီးကြိုလိုက်သည်။

သူတို့နှစ်ဦး ချစ်ရည်လူးနေဟန်မှာ စိတ်ချမ်းမြေ့ဖွယ်ရာပင်။

ဒီမြင်ကွင်းများက တန်ဆောင်



တိုင်ပွဲတော်အတွက် အရပ်ပြဇာ[...] တိုက်နေခြင်းမဟုတ်။ သူတော[...] ဒေါက်တာကြီးကိုယ်တိုင် မျက်ဝါး[...] ထင် မြင်နေရခြင်းဖြစ်သည်။

ထိုအခိုက် ဝုန်းခနဲ အသံနှင့်အ[...] မီးခိုးလုံးကြီးတစ်လုံး ထွက်ပေါ်[...] သည်။ မီးခိုးငွေ့များကြားမှ ကြော[...] မက်ဖွယ်ရာ ဘီလူးကြီးတစ်ကောင်[...] သံလျက်ကိုင်ဆွဲ၍ ထွက်ပေါ်လာ[...]

ကြည့်ရဆိုးသော ဘီလူးကြီး[...] မင်းသားလေးနှင့် နှစ်ပါးကြည်နေသော[...] မင်းသမီးချောလေးကို အတင်းဝင်[...] တော့သည်။

ထိုမှုမက သံလျက်ဖြင့် မင်း[...] လေးအား ခုတ်ပိုင်းချလိုက်သည်။

ထွန်းခိုင်မောင်တစ်ယော[...] မျက်စိများ ပြာဝေသွားပြီး ဘာမှမ[...] ရတော့ပေ။ တချွင်ချွင့်ခုတ်သံ ထ[...] များကြောင့် မျက်လုံးကို ပြူးပြီး ကြ[...] လိုက်မိသည်။ မင်းသားလေးနှင့် ဘီ[...] တို့ သူတစ်ပြန် ကိုယ်တစ်ပြန် အ[...] အကြေတိုက်ခိုက်နေကြသည်။

တိုက်ပွဲက ပြင်းထန်လာသည်[...]

ထွန်းခိုင်မောင် သတိဝင်လာ[...] လက်နှိပ်ဓာတ်မီးကို အသာထုတ်[...] ထိုးကြည့်လိုက်သည်။

ထူးဆန်းလှချည်ရဲ့။

ဖြာခနဲ လင်းလက်သွားသော [...] ရောင်အောက်တွင် ဘာကိုမှ မ[...] မတွေ့ရတော့ပေ။ စောစောက တိုက်[...] ကြောင့် ကျိုးပဲ့ လွင့်စဉ်သွားသော [...] ပွင့် ပန်းခိုင်၊ သစ်ရွက်သစ်ကိုင်းတို့[...] လည်း မတွေ့ရ။

ဒူးထောက်ထိုင်နေရာမှ အမြန်[...] ပြီး စောစောက မြင်ကွင်းများ ရှိရာ[...] လျှောက်သွားကာ အသေအချာစ[...] ၏။

မင်းသားနှင့် ဘီလူးတို့ တိုက်[...]



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည့်နေရာ၊ မြင်းညှိုကြီး ရပ်သည့်နေရာ မိန်းမချောလေး ရပ်ခဲ့သည့်နေရာ များကို အသေအချာကြည့်သည်။

မည်သည့်သက်သေခံ အထောက်အထားကိုမှ မတွေ့။ ယုတ်စွအဆုံး မြက်ခင်းထက်တွင် ကြွေလွင့်သော ပန်းတစ်ပွင့်ကိုသော်မျှ မတွေ့ရပေ။

ထွန်းခိုင်မောင်အတွက် ရေချိန်မပြည့်ဘဲ အမူးလွန်ခဲ့သည့် ညပါ တကား။

♦♦♦

"·······။ ဖြစ်စဉ်ကတော့ အဲဒါပါပဲ ဆရာရေ။ ကျွန်တော့်မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတာပါ။ ဓာတ်မီးနဲ့လည်း ထိုးလိုက်ရော ဘာမှမရှိကြတော့ဘူး။ အဲဒါ ဘာတွေလဲ။ လူတွေပြောနေကြတဲ့ ပရလောကသားတွေဆိုတာလား။ ဖယ်ရှားပေးပါဦး ဆရာကြီးခင်ဗျာ"

ဒေါက်တာ ထွန်းခိုင်မောင်၏ စကားများကို အစအဆုံး နားထောင်ပေးနေသော ဆရာကြီး ဦးမာန်က တစ်ချက်ပြုံးလိုက်သည်။

"အင်း···ဒေါက်တာ့စကားအရ ကျွန်တော်အတွေးတစ်ခုရသွားပြီ။ အဲဒီအတွေးမှန်,မမှန် ခြံထဲကို ကျွန်တော်တို့ သွားကြည့်ရအောင်။ ကျွန်တော့်အတွေးမှန်နေရင်တော့ ဖယ်ရှားပေးလို့ရမှာပါ"

"ဝမ်းသာလိုက်တာ ဆရာကြီးရယ်။ အခုပဲ သွားကြပါစို့။ ကိုင်း··· အစ်ကိုကြီး ဆိုင်ကယ်ယူသွားမယ်နော်"

ဆိုင်ကယ်လေးက အစ်ကိုကြီးခြံတွင်းမှ ရက္ခမြို့င် သစ်ခွခြံသို့ မြားတစ်စင်းအလား···။

♦♦♦

သစ်ခွခြံမှ ပရလောကသားများကို ဖယ်ရှားပေးရန် တာဝန်ယူထားသူက ဆရာမာန်။

ဆရာမာန်ဆို၍ အသက်ကြီးကြီး၊ သျှောင်တစောင်းနှင့် နှုတ်ခမ်းမွေးကားကား၊ ဆေးလွယ်အိတ် လွယ်ထားသော အဖိုးကြီးမဟုတ်။

တိုင်းရင်းဆေးတက္ကသိုလ်မှ လက်မှတ်ရပြီးသား။ ရန်ကုန်တက္ကသိုလ်မှ ဓာတုဗေဒ မဟာသိပ္ပံဘွဲ့ရပြီးသား။ အသက်က ၅၀ စွန်းရုံသာရှိသေးသည်။ ခေတ်မီသော တိုင်းရင်းဆေးဆရာကြီး တစ်ဦးပင်ဖြစ်သည်။

"လောကကြီးမှာ တစ္ဆေ၊ မြေဘုတ်၊ ဘီလူး၊ ပြိတ္တာ ဆိုတာတွေ ရှိတယ်လို့ ဗုဒ္ဓစာပေ ပေတာဝတ္ထုတွေမှာ ပါတယ်။ ဒေါက်တာလည်း ပညာတတ်တစ်ယောက်ပဲ၊ သိပ်ပြောပြနေစရာ မလိုပါဘူးနော်"

> "ဂမုန်းဆိုတာ ရက္ခလောကရဲ့
> ထူးခြားတဲ့ အပင်တစ်မျိုးပါ ဒေါက်တာ။
> ကျွန်တော်တို့ မြန်မာတွေက
> ဂမုန်းဆိုရင် ဥပါရမယ်။
> ဥပါမှ ဂမုန်းထင်နေကြတာ။
> အဲ . . .ကြက်သွန်ဗျာ
> ဥပါတယ်လေ၊ ဂမုန်းပေါ့။
> ဒီအဆိုကို တောင်တန်း သာသနာပြု
> ဆရာတော်ကြီး
> ဦးဥတ္တမသာရကလည်း
> အသိအမှတ်ပြုတယ်။
> ဂမုန်းအပြင် တချို့က
> ပမုန်းလို့လည်း ခေါ်ကြသေးတယ်။"

"ဟာ···ဆရာကြီးရယ်၊ ကျွန်တော်က ကိုယ်တွေ့ မျက်မြင်ပါ။ ဒါထက် သူတို့ကလည်း ပရလောကသားတွေပဲလားဟင်"

"အင်း···ခြံထဲ မရောက်သေးတော့ မှန်းဆချက်ပဲ ရှိမှာပေါ့။ ဆက်နွယ် ပတ်သက်မှုတော့ ရှိတန်ကောင်းပါရဲ့လေ"

"ဪ···ဒါထက် ဆရာကြီး၊ ကျွန်တော့်အထင်မမှားဘူးဆိုရင် ခြံထဲမှာ အစ်ကိုကြီး စိုက်ထားတဲ့ ဂမုန်းပင်တွေနဲ့များ ပတ်သက်နေမလားဘဲ။ ဆရာကြီး သိသလောက် ဂမုန်းပင်တွေ အကြောင်း ပြောပြပါလား"

ဒေါက်တာ ထွန်းခိုင်မောင် စကားအဆုံး ဆရာမာန်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး···

"ဂမုန်းဆိုတာ ရက္ခလောကရဲ့ ထူးခြားတဲ့ အပင်တစ်မျိုးပါ ဒေါက်တာ။ ကျွန်တော်တို့ မြန်မာတွေက ဂမုန်းဆိုရင် ဥပါရမယ်။ ဥပါမှ ဂမုန်းထင်နေကြတာ။ အဲ···ကြက်သွန်ဗျာ ဥပါတယ်လေ၊ ဂမုန်းပေါ့။ ဒီအဆိုကို တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရကလည်း အသိအမှတ်ပြုတယ်။ ဂမုန်းအပြင် တချို့က ပမုန်းလို့လည်း ခေါ်ကြသေးတယ်။ အလွယ်ဆုံးက ဥပါရင် ဂမုန်း၊ ဥမပါရင် ပမုန်းပေါ့။ ဂမုန်းဆိုတာ တန်ဖိုးရှိ အကျိုးပေးတဲ့ ဂမုန်းနဲ့ စီးပွားရေး အိမ်ထောင်ရေး ကျန်းမာရေးကို ထိခိုက်စေတဲ့ ဂမုန်းဆိုပြီး နှစ်မျိုးရှိပါတယ်။ အတူရောနှော မစိုက်သင့်တဲ့၊ မတည့်တဲ့ ဂမုန်းတွေလည်း ရှိတယ်။

ခုနစ်ရက်သားသမီးတွေဟာ ကိုယ်နဲ့ လိုက်ဖက်တဲ့ ရတနာကို ဝတ်ဆင်ရတယ်။ ဒါကို ဓာတ်ကျတယ် ခေါ်တာပေါ့။ ဂမုန်းပင်စိုက်မယ့်သူဟာ



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေသားခိုရင် ပုလဲရတနာခံပြီး တနင်္လာနံပါတဲ့ ဂမုန်းကို စိုက်။ တနင်္လာ သားသမီးလည်း အတူတူပါပဲ။ အင်္ဂါ သားသမီးကျတော့ သန္တာရတနာခံ။ အင်္ဂါ နံပါတဲ့ ဂမုန်းကို စိုက်။ ဗုဒ္ဓဟူးသားသမီး ဆိုရင် မြရတနာခံပြီး ဗုဒ္ဓဟူးနံပါတဲ့ ဂမုန်း။ ဟော…ကြာသပတေးသားသမီး တွေကျတော့ ဥဿဖယား။ ဒါမှမဟုတ် ကြောင်ကျောက်ခံ ကြာသပတေးနံပါ တဲ့ ဂမုန်း။ သောကြာသားသမီးတွေ အတွက်က စိန်ရတနာခံပြီး သောကြာ နံပါတဲ့ ဂမုန်း၊ စနေသားသမီးကတော့ နီလာရတနာခံ စနေနံ ဂမုန်းတွေ စိုက် ရပါမယ်။ ပြီးတော့ ဂမ္ဘီရပညာရပ်တွေ မှာလည်း ထိုက်သင့်တဲ့ ဂမုန်းတွေ သုံး ရသေးတယ်ဗျ"

"ဟာ…ဒါဆို ဂမုန်းစိုက်ဖို့ဆိုတာ မလွယ်ပါလား ဆရာကြီး"

"မှန်လိုက်လေ ဒေါက်တာရယ်။ လောကကြီးမှာ အကြောင်းအကျိုးနဲ့ပဲ။ ဘာမှ လွယ်လွယ်နဲ့တော့ မရဘူးလေ"

စကားအဆုံး ဆိုင်ကယ်လေးက ရက္ခမြိုင်ခြံထဲသို့ ဝင်လာချေပြီ။

♦♦♦

ဆရာကြီးက ခြံဝင်းအတွင်းရှိ ဂမုန်းပင်များ စိုက်ထားသည့် နေရာများ ကို အသေးစိတ် စစ်ဆေးကြည့်ရှုသည်။ တစ်နေရာအရောက် တုံ့ခနဲ ရပ်လိုက် ပြီး အရွက်ရှည်ရှည်ချွန်ချွန်နှင့် အစိမ်း ရောင် ရွက်ပြင်တွင် အဖြူကြားများ ကန့်လန့်တန်းနေသော ဂမုန်းပင်အား လက်ညှိုးထိုးပြလိုက်ပြီး…

"အဲဒီအပင်က တရားခံပဲ ဒေါက်တာ။ ဒေါက်တာ့အစ်ကိုကြီးက ဂမုန်းကို ဝါသနာအရသာ စိုက်ချင်တာ ဗျ။ ဂမုန်းအကြောင်း သူ ဘာမှမသိဘူး။ ပြဿနာက အဲဒီက စတာပဲ။ ဂမုန်းသာ စိုက်တယ်၊ စိုက်သင့် မစိုက်သင့်၊ မိတ်



ဘက် ရန်ဘက် ဘာမှမသိဘူးလေ။ ဒီ ပန်းအိုးထဲက အပင်က ကညာဂမုန်း။ ဒီအပင်က မင်းသားကြီး ဂမုန်း။ ဟောဒီ ကပ်လျက်အိုးက ဘီလူးဂမုန်းဆိုတာပဲ။ ကညာ၊ မင်းသားနဲ့ ဘီလူးဆိုတာ ရန် ဘက်တွေပေါ့။ အဲဒီအပင်တွေ အတူ ထားတော့ ဒီခြံထဲမှာ ဗရုတ်သုကန္တတွေ၊ ကမောက်ကမတွေ ဖြစ်ကုန်တာပေါ့။ မယ်သီတာကို ရာမနဲ့ ဒသဂီရိ လု ကြန်းပေါ့။ ကိုင်း…အခုပဲ အန္တရာယ် ကောင်ကို ရှင်းကြတာပေါ့"

ဆရာမာန်က စကားအဆုံးတွင် ဘီလူးဂမုန်းပင်အိုးအား ရိုက်ခွဲ၍ အပင် ကို မားနှင့် နုတ်နုတ်စင်းပြီး မီးရှို့လိုက် သည်။

ဒေါက်တာ ထွန်းခိုင်မောင် ပို၍ အံ့သြမိသည်က ဘီလူးဂမုန်း၏ ဥမှာ တကယ့်ဘီလူးတစ်ကောင်၏ မျက်နှ နှင့် ချွတ်စွပ်။

ဘီလူးဂမုန်း ပြာကျသွားမှ ဆ မာန်က…

"ကိုင်း…ဒေါက်တာ တွေ့ မဟုတ်လား။ အရွက်ကလေးလှ၊ အ လေးက ချစ်ချင်စရာပေမယ့် သူ့ အန္တရာယ်က မသေးဘူး။ ဒေါက်တာ သိပ်ကံကောင်းတယ်။ ဒီကောင် ဆေ သောက်လာရင် ဒီခြံထဲက လူတွေ အသက်ကို ရန်ရှာတော့မယ်လေ။ အ တော့ ဒီခြံထဲမှာ အန္တရာယ်ကင်း စွယ်ရှင်းသွားပါပြီ။ ဒေါက်တာ့အစ် ကြီးကို တစ်ခုအကြံပေးချင်တာ ဂမုန်းပင်ဆိုတိုင်း အရမ်းမကြိုက်ပါ သင့်၊မသင့်၊ တော်၊မတော် နားလည် တတ်ကျွမ်းတဲ့သူနဲ့ တိုင်ပင်ဆွေး ပြီးမှ ဂမုန်းစိုက်ပါလို့"

တတ်ကျွမ်းနားလည်သူက ရှ တော့ အလွယ်လေး။

"အင်း…ကံကောင်းလို့ပါလာ ဆရာကြီးရယ်။ လောကကြီးမှာ ကျွ တော်တို့ မသိတာတွေ အများကြီး လားနော်"

"ကိုင်း…ဒေါက်တာ ကနေ့က စ်ပြီး ဒီရက္ခမြိုင်ခြံကြီးဟာ တကယ့် စ်ပြ ရက္ခမြိုင်အဖြစ် ပြန်စည်ပင်လာ ပြီ။ ဘာအနှောင့်အယှက်မှ မရှိတော့ ဘူး"

လေပြည်လေးတစ်ချက် ဝေ့လာ သည်။

ပန်းပေါင်းစုံရနံ့။

ထိုရနံ့ထဲတွင် အန္တရာယ်အနံ့ မပါဝင်တော့ပေ။

ရက္ခမြိုင်ခြံကြီးအတွင်းမှ သစ်ပင် ပေါင်းစုံက လေသိမ်းတိုင်း နွဲ့လျက်

* * *

ကျော်မင်းညွန့်(ငှေ့ညင်းဟူး)




www.burmeseclassic.com

www.burmeseclassic.com



# မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဇာတာနှင့် ၁၃၇၅ ခုနှစ်နှင့် ရှေ့အနာဂတ်ရေးကို ဝေဖန်ခြင်း

**သင်္ချာဝါဒီ ဆရာမြတ်စောလင်း**



မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်၊ နံနက် ၄နာရီ ၂၀မိနစ်၌ ရန်ကုန်မြို့တွင်ပင် လွတ်လပ်ရေးရယူခဲ့သည်ကို အားလုံးအသိဖြစ်ပါသည်။ ထိုကြောင့် ထိုနေ့အား ဇာတာဖွဲ့သောအခါ ဗြိစ္ဆာရာသီလဂ်၊ ကန်ရာသီ နံ့ဖြစ်သလို ဖော်ပြပါ ဇာတာအားလည်း တွေ့မြင်ရပါမည်။ ဇာတာအား နောက်တွင် ပူးတွဲဖော်ပြထားပါသည်။

**မြန်မာပြည်ဇာတာရှိ ဂြိုဟ်(၉)လုံးအား သုံးသပ်ချက်**

ဇာတာတွင် ဂြိုဟ်ကြီး (၉)လုံးရှိသည့်အားလျော်စွာ ယင်းတို့အား အောက်ပါအတိုင်း နက္ခတ္တဗေဒအရ သုံးသပ်ရလျှင် တနင်္ဂနွေဂြိုဟ်သည် ကောင်းသော၊ အကျိုးပေးသော သဘာဝပြည့်စုံသော ဂြိုဟ်ဖြစ်သည်။

မြန်မာနိုင်ငံ မိတ်ဂြိုဟ်ဖြစ်သဖြင့် အလွန်ရင်းနှီးသော မိတ်ဆွေ၊ အိမ်နီးချင်းနိုင်ငံ၏ အကူအညီကိုလည်း အထူးတလည် ရရှိမည်။ အထူးသဖြင့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနှင့် စီးပွားရေးတွင် ကောင်းမွန်စေသော ဂြိုဟ်ဖြစ်သည်။ ထိုဂြိုဟ် စိုးမိုးစဉ်တွင် ယင်းအကျိုးများကို ခံစားရပါမည်။ ထို့အပြင် ဗုဒ္ဓဟူးဂြိုဟ်နှင့်လည်း တစ်အိမ်သာတည်းပူးနေသဖြင့် ယင်း ဗုဒ္ဓဟူး၏ အကျိုးများကိုလည်း ပူးတွဲခံစားရမည်။

တနင်္လာဂြိုဟ်သည် ဆိုးသော ဂြိုဟ်ဖြစ်သည်။ ဥဒါသိန်ဂြိုဟ်ဖြစ်သဖြင့် ခေတ်စကားဆိုလျှင် ရာထူးပြုတ်ခြင်း၊ ရာထူးကျခြင်း၊ ငွေကြေးပြဿနာများ ဖြစ်ပေါ်စေပြီး အကြီးအကဲများ ဒုက္ခကို ဖြစ်ပေါ်စေသော ဂြိုဟ်ဖြစ်ပါသည်။ ယင်းဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးစဉ်တွင် ဖော်ပြပါကိစ္စများ တွေ့ကြုံရမည်။ အနာဂတ် မကောင်းစေသော ဂြိုဟ်ဟု ပြောရမည်။

အင်္ဂါဂြိုဟ်သည် ကောင်းသော ဂြိုဟ်ဖြစ်သည်။ အဓိ မိတ်၊ မိတ်၊ ဝဂ္ဂများ ရှိသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ အတွေးအခေါ်များ ကမ္ဘည်းမော်ကွန်းတင်ပြီး ကြံစည်မှုများ အောင်မြင်စေသော ဂြိုဟ်ပင်ဖြစ်သည်။ ကမ္ဘည်းမော်ကွန်းတင် မှုသည် ဤဂြိုဟ်နှင့် တိုက်ရိုက်ဆိုင်ပေသည်။ နိုင်ငံတော်၏ စာမျက်နှာပေါ်တွင်သာ မြင်ရပြီး လက်တွေ့ မလုပ်နိုင်ပေ။ လက်တွေ့လုပ်၍ အကောင်အထည်ဖော်တိုင်း အဖျက်များဖြင့် ပျက်စီးမှုကိုသာ တွေ့ရမည်။ နိုင်ငံတော် ဦးဆောင်သူတို့အား လည်း အဖက်ဖက်မှ ကူညီမှုများ ရရှိပြီး အောင်မြင်မှုများ၊ ရန်အောင်နိုင်သူများကို ဖြစ်စေမည်။ လက်နက်ကောင်းများ၊ လက်နက်ဖြင့် ကောင်းကျိုးကို ဖြစ်စေမည်။ ခွဲစိတ်မှု၊ တိုက် ခိုက်မှု အောင်မြင်စေပြီး အသက်ရှည်စေမည်။ သို့ဖြစ်၍ နိုင်ငံတော်သည် အသက် ၈ဝဖြစ်သော ၂၀၂၈အထိ သက် တမ်းရှည်နေစေလိမ့်မည်။ ယင်းနှစ်နှင့် နောက်ပိုင်းတွင် ပြောင်းလဲမှုများစွာတို့ ကြီးစွာဖြစ်ပေါ်နိုင်သောအချိန်ဖြစ်ပေ သည်။

ဗုဒ္ဓဟူးဂြိုဟ်သည် ကောင်းသော ဂြိုဟ်ပင်ဖြစ်သည်။ မိမိအိတ်တွင် နေ၍ ကသစ်နဝင်းလည်း ရှိထားသဖြင့် ကောင်းမွန်စေသော အကျိုးကို ရှိသည်။ သို့ဖြစ်၍ ခိုင်မာ သော ငွေကြေးကို ဖြစ်စေမည်။ တိုးတက်ဖွံ့ဖြိုးမှုကို ဖြစ်စေ သည်။ အထူးသဖြင့် စီးပွားရေး၊ ငွေကြေးဆိုင်ရာများ တိုး တက်စေမည့် ဂြိုဟ်ပင်ဖြစ်သည်။ ယင်း စိုးမိုးစဉ်တွင် ငွေကြေး ခိုင်မာပြီး နိုင်ငံတော်တွင် စီးပွားရေးကောင်းမွန်စေမည်။ အုပ်ချုပ်သူများ အေးချမ်းမှု ရရှိစေသည်။ ယင်းဂြိုဟ်သည် တစ်အံ့ဉာအတွင်း တနင်္ဂနွေဂြိုဟ်နှင့် ပူးထားသဖြင့် ပူးတွဲ အကျိုးပေးသော ဂြိုဟ်ပင်ဖြစ်သည်။ ယင်းအကျိုးပေးချိန်တွင် တစ်ပြိုင်တည်း တနင်္ဂနွေအကျိုးများကိုလည်း ရရှိစေမည်။

ကြာသပတေးဂြိုဟ်သည် ကောင်းသောဂြိုဟ်ဖြစ်သည့် အပြင် အဓိမိတ်၊ နိစ်နဝင်းဖြစ်သဖြင့် အကောင်းကို အဆိုး များဖြင့် တွေ့ပြီးမှ ကောင်းကျိုးကို ရရှိစေမည်။ ပြည်သူများ နှင့် ပညာရှင်များကို ကောင်းမွန်တိုးတက်စေသော ဂြိုဟ်ပင် ဖြစ်သည်။ ရွှေလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ပညာရေး လုပ်ငန်း၊ စီးပွားရေးတွင် ဆေး၊ စတိုးဆိုင်လုပ်ငန်းများကို ဖြစ်ထွန်းစေမည့်ဂြိုဟ်ပင် ဖြစ်သည်။ အထူးသဖြင့် ကျန်းမာ ရေး၊ ဆေးဝန်ထမ်းများ၊ ဆေးရုံများ၊ စတိုးဆိုင်လုပ်ငန်းများ ကို အကျိုးဖြစ်ထွန်းစေမည်။ ပညာရပ်ဆိုင်ရာ အတွေးအခေါ် နှင့် ဆေးဘက်ဆိုင်ရာတို့တွင် ကောင်းမွန်စေမည်။

သောကြာဂြိုဟ်သည် ပြင်ပဆိုင်ရာ ကောင်းသည်။ နောက်ကွယ်တွင် ဆိုးသောဂြိုဟ်ပင်ဖြစ်သည်။ သို့ဖြစ်၍ ကလိမ်ကကျစ်များ၊ လူလိမ်လူကောက်များ၊ အိမ်ထောင်ပျက် များ၊ လိင်ရောဂါများ၊ မကောင်းသော ပွဲစားလုပ်ငန်းများဖြင့် ရှုပ်ထွေး ညစ်ပေစေသော ဂြိုဟ်ပင်ဖြစ်သည်။ ယင်းဂြိုဟ် စိုးမိုးစဉ်တွင် အဖွဲ့အသင်းများ၊ ကုမ္ပဏီများ၊ ပြင်ပလူများနှင့် ပတ်သက်ပြီး ဆုံးရှုံးမှုများ၊ ကလိမ်ကျမှုများ တွေ့ကြုံရမည်။ ရတနာလုပ်ငန်းများ၊ ရွှေများကို ဈေးမြင့်စေသည်။ ကမောက် ကမကို ဖြစ်စေသည်။

စနေဂြိုဟ်သည် ကောင်းသော ဂြိုဟ်ပင်ဖြစ်သည်။ ပြ၊ ဓမ္မရှိသဖြင့် လုပ်ဖော်ကိုင်ဖက်ကောင်းများ၊ အဆက် အသွယ်ကောင်းများ၊ တယ်လီဖုန်းလုပ်ငန်းများ၊ ပွဲစားလုပ်ငန်း များ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ ရေကျော် လမ်းတံတား များ၊ အိုးအိမ်အသစ်များ ဆောက်လုပ်မှုများ၊ မြေအောက် တွင်းထွက် သယံဇာတများကြောင့် ချမ်းသာကြီးပွားမှုများကို ဖြစ်စေသော ဂြိုဟ်ပင်ဖြစ်သည်။ ယင်းစိုးမိုးစဉ်တွင် မြေထွက် တွင်းထွက်၊ သစ်တောထွက်၊ ဆက်သွယ်ရေးလုပ်ငန်းများ လမ်း၊ တံတားဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက် ပြီး ချမ်းသာကြွယ်ဝစေမည်။ ရာထူးကြီးသူများ၊ လုပ်ငန်းရှင် များအတွက် အကျိုးအမြတ်ကို ဖြစ်စေသောဂြိုဟ်ပင်ဖြစ် သည်။

ရာဟုဂြိုဟ်သည် ဆိုးသွမ်းရက်စက်သော ဂြိုဟ်ဖြစ် သည်။ အဓိရန်၊ နိစ်၊ ဓမ္မ ရှိထားသော်လည်း ဥပစ္ဆေဒ ယှက်ရှိထားသဖြင့် ယင်းဂြိုဟ်သည် နိုင်ငံရေးပျက်စီးမှုများ စစ်ဘက် အားပြိုင်မှုများ၊ တစ်နည်း စစ်မက်များ၊ လက်နက် ဘေးများ၊ ရဲအမှုပွေရှုပ်မှုများကို ဖြစ်စေသော သဘောရှိပြီး သဘာဝ ဘေးဆိုးများကိုလည်း ဖြစ်စေသည်။ သို့ဖြစ်၍ ယင်းစိုးမိုးစဉ်တွင် မကောင်းသော အနိဋ္ဌာရုံများ တွေ့ကြုံ ရသည်။ ထို့ပြင် အဆုံးသတ်မကောင်းဟု ပြောရမည့်ဂြိုဟ် ပင်ဖြစ်သည်။

ကိတ်ဂြိုဟ်သည် ဆိုးတစ်ဝက်၊ ကောင်းတစ်ဝက်ကို ဖြစ်စေသော ဂြိုဟ်ပင်ဖြစ်သည်။ အထူးသဖြင့် ပြည်သူကို ဆိုးစေ၊ ပင်ပန်းစေသော ဂြိုဟ်ပင်ဖြစ်သည်။ သို့ဖြစ်၍ ယင်း စိုးမိုးစဉ်၊ တစ်နည်း ဗေဒင်စာစကားအရ ဒသာစားစဉ်တွင် ဆိုးတစ်ဝက်၊ ကောင်းတစ်ဝက်နှင့် အများပြည်သူတို့၏ ပြဿနာ များကို မြန်မာပြည်တွင် ထင်ရှားတွေ့မြင်ရမည်။

မြန်မာကို ကောင်းကျိုးပေးသော ပုဒ္ဒကြွတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကောလီဓာတ်ဖြစ်သော နှစ် ၃၀ ကာလအတွင်း မြန်မာ ဘုရင် ၁၃၇၅ခုနှစ်တွင် ပုညနက္ခတ်ပြောင်း၍ ကောလီ ဓာတ်ဆန်းသည်။ ထိုကောလီဓာတ်ကာလ နှစ် ၃၀တွင် နက္ခတ်ပြောင်းနှင့် ကောလီဓာတ်ဆန်းကြသောကြောင့် မြန်မာ နိုင်ငံ၌ ဓာတ်သတ္တု သယံဇာတ ကောက်ပဲသီးနှံ ဆန်ရေစပါး သီးများကြွယ်ဝ၍ ဘာသာရေး၊ သာသနာရေး၊ အုပ်ချုပ်ရေး အပါအဝင် စီးပွားရေးကောင်းခြင်း၊ အတွေ့ထွေပညာရပ်များ တိုးတက်ခြင်း စသည်ဖြင့် ကောင်းအား ၇၅ရာခိုင်နှုန်းရှိ၍ ပြောပလောက်သော ဆိုးအားများကြောင့် ခေါင်းဆောင်များ၊ ပြည်သူများ အနည်းငယ် စိတ်ပျက်ဖွယ် ကြုံရသည်မှအပ ကုန်အဆိုးကို လွယ်ကူစွာ ကျော်လွှား လွှတ်မြောက်နိုင်မည် ပင် ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ကောင်းကျိုးများ ၁၃၇၅ခုနှစ်မှ စ၍ နှစ်ပေါင်း ၃၀ကြားတွင် မင်္ဂလာရှိသော တိုးတက် ကြွယ်ဝအေးချမ်းသာယာသော နိုင်ငံတော်ဖြစ်ချိမ့်မည်မှာ ကာန်မလွဲပင် ဖြစ်ပေတော့၏။ ဤကောလီဓာတ်သည် ထိုင်း သာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့ကလည်း ၅၀ ရာခိုင် နှုန်းအောက် အကျုံးဝင်ပေသည်။

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃ရက်မှ ၁နှစ် ၅လ အကြာဖြစ်သော ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂ရက်အတွင်း ရောက်ရှိချိန်သည် ဗုဒ္ဓဟူးဂြိုဟ် စိုးမိုးသဖြင့် ငွေကြေး၊ ဘဏ္ဍာ ရေး အရှုပ်အထွေးများ ဖြစ်ပေါ်ပြီး နိုင်ငံတော်တွင် အကြီး အကဲရာထူးများ၊ ပြောင်းလဲရမည့်အချိန်ပင်ဖြစ်သည်။ တစ် နည်း ရာထူးကြီးကဲသူများ အပြောင်းအလဲများ တွေ့ကြုံရ မည့်အချိန်ပင်ဖြစ်သည်။ လုပ်ငန်းရှင်များ သူဌေးသူကြွယ် များ ငွေကြေးအကျပ်အတည်းဖြစ်ပေါ်လျက် ၀တ်တုတ်မေ့ သော ကာလဖြစ်သည်။ မိမိကိုင်ထားသော ငွေကြေးများသည် ပင်လျှင် စျေးကျ ပျက်စီးခြင်းကို တွေ့ရမည်။

၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၃ရက်မှ ၁၁လနှင့် ၂၇ရက် အကြာဖြစ်ရသော ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၂၉ရက်အတွင်း ရောက်ရှိချိန်သည် ဗုဒ္ဓဟူးဂြိုဟ်တွင် အင်္ဂါဂြိုဟ်စိုးမိုးသဖြင့် မူ ဝါဒ၊ လမ်းစဉ် ပြဋ္ဌာန်းချက်များ ပြီးစီးသောကာလပင်ဖြစ် သည်။ ကမ္ဘည်းထိုးသည့် ကာလပင်ဖြစ်သည်။ ယင်းကမ္ဘည်း များသည် စာပေတွင် ထင်ခဲ့သော်လည်း လက်တွေ့ကျင့်သုံး မရခဲ့သည်များသာ တွေ့မြင်ရမည်။ ထိုနည်းတူစွာပင် ယခု ဆောင်ရွက်မှုများသည်လည်း စာရွက်ပေါ် မဖြစ်အောင် အတော်ပင် လုပ်ဆောင်ရပါမည်။ အကြံညာဏ်များ၊ ရေးသား ချက်များ ကောင်းသည်။ လုပ်ဆောင်ရန် အခွင့်မသာသည်နှင့် တွေ့ကြုံရမည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက်မှ ၂နှစ် ၆လ ၁၈ ရက်အကြာဖြစ်သော ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ရက် အတွင်း ရောက်ရှိချိန်သည် ဗုဒ္ဓဟူးဂြိုဟ်စိုးမိုးသဖြင့် ယင်းဂြိုဟ် သည် နိုင်ငံရေးပျက်စီးမှုများ၊ စစ်တက် အားပြိုင်မှုများ၊ တစ် နည်း စစ်မက်များ၊ လက်နက်ဘေးများ၊ ရဲမှုခွေမှုများကို ဖြစ်စေသော သဘောရှိပြီး သဘာဝ ဘေးဆိုးများကိုလည်း ဖြစ်စေသည်။ သို့ဖြစ်၍ ယင်းစိုးမိုးစဉ်တွင် မကောင်းသော အနိဋ္ဌာရုံများကို ဖြစ်စေ၊ တွေ့ကြုံစေရမည်။ ထို့အပြင် အဆုံးသတ်မကောင်းဟု ပြောရမည့်ဂြိုဟ်ပင်ဖြစ်သည်။ နိုင်ငံ တော်တွင် အလွန်ပင်ပန်းကြီးမည့်အချိန်ပင်ဖြစ်သည်။ ယခင် ကာလဖြစ်သော ၁၉၅၃ခုနှစ်၊ ဩဂုတ်လ ၃ရက်မှ ၂နှစ်၊ ဂလ၊ ၁၂ရက်ဖြစ်သော ၁၉၅၆ခုနှစ်၊ ဧပြီလ ၁၄ရက်အတွင်း တွင် အဆိုးဆုံးသော ကာလဖြတ်သန်းချိန်ပင်ဖြစ်သည်။ သမိုင်းမှတ်တမ်းများနှင့် တိုက်ကြည့်နိုင်သည်။ ရာသီဥတု ဖောက်ပြန်ခြင်း၊ သဘာဝ ဘေးဆိုးများ၊ စစ်ဘေးများ၊ လူ သေခြင်း၊ ဆုံးရှုံးခြင်း၊ စစ်တပ်၏ အခန်းကဏ္ဍများတွင်လည်း အရေးပါသော ကာလပင်ဖြစ်သည်။

မကြာမီ ကာလဖြစ်သော ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၈ရက်နေ့မှ ၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ ၂၃ရက်ရောက်ရှိချိန် သည် ဗုဒ္ဓဟူးဂြိုဟ်တွင် ကြာသပတေးစိုးမိုးချိန်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ကြီးပွားချမ်းသာချိန်ဖြစ်သဖြင့် မြန်မာပြည် ချမ်းသာတော့မည်ဟု ရေးသားဖော်ပြလိုက်ရခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ယင်းကြီးပွား ချိန်တွင် ပညာရှင်များ၊ ကျန်းမာရေးလုပ်ငန်းများ၊ သင်တန်း ကျောင်းများ၊ စားသောက်ကုန်ထုတ်လုပ်သူများ၊ စပါးစိုက်ပျိုး သူများ အစရှိသော ပြည်သူအပေါင်းတို့ ကြီးပွားချမ်းသာ စည်ပင်သော နိုင်ငံဖြစ်မည်ဟု သုံးသပ်လျက်...

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၂၄ရက်မှ ၂နှစ်၊ ၈လ၊ ၉ရက်အကြာဖြစ်သော ၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၂ရက် အတွင်း ရောက်ရှိချိန်တွင် လုပ်ဖော်ကိုင်ဖက်ကောင်းများ၊ အဆက်သွယ်ကောင်းများ၊ ပွဲစားလုပ်ငန်းများ၊ ဆက်သွယ်ရေး လုပ်ငန်းများ၊ လမ်းတံတားများ၊ အိုးအိမ်အသစ်ဆောက်လုပ်မှု များ၊ ရေထွက်၊ မြေထွက်၊ တွင်းထွက်များကြောင့် ချမ်းသာ ကြီးပွားမှုများကို ဖြစ်စေသော ဂြိုဟ်ပင်ဖြစ်သည်။ ရာထူးကြီး မားသူများ ကုမ္ပဏီလုပ်ငန်းရှင်များအတွက် အကျိုးအမြတ်ကို ဖြစ်စေသော ဂြိုဟ်ပင်ဖြစ်သည်။

* * *

သစ္စာဝါဒီဆရာမြတ်ခ စာရေး



www.burmeseclassic.com

www.burmeseclassic.com



# ဈေးရောင်း/ဝယ်သူများအတွက် အစွမ်းထက်သော ဈေးခေါ်အင်း

## ရောမြေ ထွန်းထွန်း

လက်တွေ့ အသုံးပြုရာတွင် အမှန်တကယ် အစွမ်းထက်သဖြင့် ဖော်ပြရခြင်းဖြစ်ပါသည်။

ကျွန်တော့်ဖခင် ဦးတင်လှနှင့် ဦးလေးတော်သူ ဦးမင်းဒွေးတို့မှ သင်ကြားပေးမှုကြောင့် အင်းစီရင်ပုံနှင့် အသုံးပြုပုံကို သိရှိ၍ အစွမ်းထက်မှုကို စမ်းသပ်ရာတွင် အောင်မြင်မှုနှင့် ကြုံတွေ့ရသဖြင့် ရေးသားတင်ပြပါသည်။

လွန်ခဲ့သော ၂နှစ်ခန့်က ကျွန်တော်နှင့် ခင်မင်ရင်းနှီးသူ ဟင်္သာတဈေးကြီးတွင် လက်ဖက်ခြောက် ကုန်ပစ္စည်းရောင်းချသူ မရှမ်းမနှင့် ညီမဖြစ်သူတို့ နေအိမ်သို့ ရောက်ရှိလာပါသည်။

“ဘာကိစ္စရှိလို့လဲ”ဟု ကျွန်တော်က မေးရာ မရှမ်းမမှ…

“ဦးထွန်းသူငယ်ချင်း ဦးငွေစိုးပြောလို့ လာရတာ။ ဈေးရောင်းရတာ မကောင်းလို့၊ အဆောင်လက်ဖွဲ့လုပ်တတ်တယ်လို့ ပြောလို့ သမီးတို့ လာရတာ။ အဆောင်လက်ဖွဲ့ ဈေးခေါ်လုပ်ပေးပါ”

ဟု ပြောပြပါသည်။

ထိုအခါ ကျွန်တော်မှ…

“အဆောင်လက်ဖွဲ့တွေက ချက်ချင်းရတာမျိုး မဟုတ်ဘူး။ အချိန်ပေးပြီးမှ လုပ်ရတာ။ ရက်တော့ နည်းနည်းကြာတယ်။ စောင့်နိုင်မှ ရမယ်”

ဟု ပြောလိုက်သောအခါ မရှမ်းမမှ…

“စောင့်ပါ့မယ်၊ လုပ်ပေးပါ”

“ဒါဆိုရင် ငါလုပ်ပြီး လာပို့ပေးမယ်”

ဟု ပြောလိုက်သဖြင့် ၎င်းတို့ညီအစ်မနှစ်ဦး ပြန်သွားပါသည်။

ကတိပေးမိ၍ ထိုနေ့မှစ၍ မြတ်စွာဘုရားရှေ့တွင် တိုင်တည် သစ္စာပြုပြီးလျှင် ငါးပါးသီလခံယူ၊ သီလဆောက်တည်၊ ပုတီးစိပ်ခြင်း၊ သက်သတ်လွတ်စားခြင်းများ ခုနစ်ရက်ပြုလုပ်ခဲ့ပါသည်။ ထိုသို့ သီလဆောက်တည်ပြီး ရှစ်ရက်မြောက်သောနေ့တွင် အင်းစီရင်ရန် ငွေပြား၊ ကံ့ညစ်တံကို အသင့်ယူဆောင်၍ နေအိမ် ဘုရားစင်ရှေ့တွင် သန့်ရှင်းသော အဝတ်အစားများ ဝတ်ဆင်ပြီး အောက်ဖော်ပြပါ အင်းကို စီရင်ရပါသည်။

### ကုန်တိုက်အင်း

၎င်းအင်းကို ဘုရားရှေ့တော်မှာ ငွေပြားပေါ်တွင် ေ တကျ အင်းချ၍ လက်ဖွဲ့တိုပြီး သမ္ဗုဒ္ဓေဂါထာဖြင့် တစ်ထေ စုတ်ရပါမည်။ အကျိုးက ကုန်မစွန်သော် လက်ဖွဲ့ကို ေ ၍ ပက်၊ ကုန်ထွက်၏။ ဝယ်၍မရသော် ၎င်းအင်းကို ေ လှန်းပြီး ဆောင်၊ ကုန်ဝယ်သော် ရလွယ်၏။

| | | | |
|---|---|---|---|
| စ | တု | ဒီ | သံ |
| စ | တု | မ | နံ |
| စ | တု | လာ | ဘံ |
| စ | တု | ဧ | ယျ |

အထက်ဖော်ပြပါအင်းကို အင်းချပုံ စည်းကမ်းအတို မကျိုးမကန်း၊ မပေါက်အောင် စီရင်ပြီး လက်ဖက်ခြော ကုန်ရောင်းသော မရှမ်းမညီအစ်မနှစ်ဦးအား ကျွန်တော်ပေ ပြီး အသုံးပြုပုံကို ပြောပြခဲ့ပါသည်။

ငါးရက်ခန့်ကြာသော် မရှမ်းမတို့ ညီအစ်မနှစ်ဦ ကျွန်တော့်ထံ ရောက်ရှိလာပြီး ပုဆိုးအသစ်တစ်ထည် က တော့ခဲ့ပါသည်။ ၎င်းတို့အား မေးကြည့်ရာ မရှမ်းမမှ…

“လက်ဖွဲ့ရရှိသည့်နေ့မှ စ၍ ဈေးရောင်းကောင်းသ လာကန်တော့တာ”

ဟု ပြောပြမှ လက်ဖွဲ့၏ အစွမ်းထက်ကြောင်း သိရ သည်။

မိမိကို စီရင်ပေးသော အင်းလက်ဖွဲ့အဆောင်မျာ အစွမ်းထက်ရခြင်းမှာ သီလ၊ သမာဓိ လုံခြုံမှုရှိခြင်း၊ အင်းအ မန်းမှုတ်ရာတွင် ဂါထာရွတ်ဆိုရာတွင် ပီသခြင်း၊ စန နက်ကန်ခြင်း၊ အင်းချရာတွင် မကျိုးမပေါက် မကန်းခြ အင်းဆံသွတ်သွင်းရာတွင် မှားယွင်းမှုမရှိခြင်း၊ အဆောင်ရ သူမှာလည်း မှန်ကန်စွာ အသုံးပြုမှသာလျှင် နှစ်ဦးနှစ်ဖ အကျိုးတရားများ ရရှိပုံကို ဤဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းကြီ တစ်ဆင့် တင်ပြလိုက်ရပါတယ်ခင်ဗျာ။

*စာဖတ်ပရိသတ်များ ရွှင်လန်းချမ်းမြေ့ပါ*

* * *

ရောမြေထွန်းထွ



www.burmeseclassic.com

www.burmeseclassic.com



( ၂၀၁၃ ခုနှစ်၊ ဇွန်လ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ်·စိုးမိုးနိုင်

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

အလှအပနှင့် အနုပညာကို မြတ်နိုးနေသော ကာလဖြစ်သည်။ ချမ်းသာကြွယ်ဝစေမည့် ဇာတာစန်းလာဘ်တက်နေပေလိမ့်မည်။ ဘဝကို ကြိုးကြိုးစားစားဖြင့် ဖြတ်သန်းနေပေလိမ့်မည်။ မပြိုင် အနိုင်ပွဲများစွာ ဆင်နွှဲခွင့်ရပေလိမ့်မည်။ ပြိုင်ဘက် လုပ်ငန်းတူများ၏ အထင်ကြီး လေးစားမှုကို ရရှိပေလိမ့်မည်။ ထူးခြားဆန်းကြယ်သော ကံကောင်းခြင်းများနှင့် ကြုံပြီး ဝင်ငွေကောင်းများ ဆက်တိုက်ရရှိပေလိမ့်မည်။ ကျန်းမာရေးကိစ္စကို ရောဂါသေးသည်ဟူ၍ မပေါ့ဆပါနှင့်။ ကျန်းမာစေရန် ဆေးထိုး၊ ဆေးစားဂရုစိုက်ပါ။ တတ်သိနားလည်သူ၏ ညွှန်ကြားချက်အတိုင်း တိကျစွာ လိုက်နာကျင့်သုံးပါ။

ဒီထိုးသင့်သောနေ့ - တနင်္လာ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း၊ - (၀)အစ (၈)အဆုံး။ (၂)အစ (၅)အဆုံး။
ယတြာ - မိမိမွေးနေ့တွင် ဘုရားတစ်ဆူသို့သွားပြီး မွေးနံထောင့်၌ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

ခေါင်းအေးအေးထားပြီး လုပ်ဆောင်နေမည့် ကာလဖြစ်သည်။ လုပ်ဆောင်မှုများ မှန်ကန် မြန်ဆန်နေပေလိမ့်မည်။ ဘာသာရေးအဓိဋ္ဌာန်တစ်ခုပြုလုပ်မှုကြောင့် သင့်ဘဝအခြေတင့်ပြီး အနေမြင့်မားမည်။ မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်စွမ်း မြင့်မားကာ ကိုယ်ကျင့်တရား ကောင်းမွန်နေပါလိမ့်မည်။ စိတ်ဝင်စားရင်ခုန်ဖွယ်ရာ ခရီးတစ်ခုကို မမျှော်လင့်ဘဲ ဖြုန်းစားကြီး သွားရတတ်သည်။ ကျန်းမာရေးအတွက် အစာကို ဆာမှ ဝရုံလေး စားပါ။ ဆီးဝမ်းမှန်စေရန် ရေများများသောက်ပေးပါ။ အချိန်မှန် အိပ်၊ အချိန်မှန် စားပါ။ ရာသီပေါ် သီးနှံလေးများကို ချင့်ချိန်စားသုံးပါ။

ဒီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း၊ - (၉)အစ (၃)အဆုံး၊ (၆)အစ (၀)အဆုံး။
ယတြာ - မွေးနေ့ မွေးနံထောင့်မှာ ပန်းအဖြူ၊ ပန်းအနီ ကပ်လှူပြီး သီလခံယူကာ မေတ္တာကြာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

လောကကောင်းကျိုးကို ဆောင်ရွက်ခွင့်ရရှိသော ကာလဖြစ်သည်။ ရှုရှထက်မြက်သော ဉာဏ်ပညာနှင့် ဝီရိယတန်ခိုးကြောင့် ဘဝတက်လမ်း ပွင့်သွားပေလိမ့်မည်။ အောင်မြင်မှု စင်မြင့်ပေါ်ကို တက်လှမ်းနိုင်ပါလိမ့်မည်။ သမာဓိအင်အား ကောင်းမွန်ခြင်းက သင့်အားသာချက်ဖြစ်ပေလိမ့်မည်။ အတွေးသစ်၊ အမြင်သစ်များဖြင့် လုပ်ငန်းသစ်ကိစ္စကို ဉာဏ်ကွန့်မြူးနေပေလိမ့်မည်။ ကျန်းမာရေးအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရမျှတမှုသည် လွန်စွာအရေးကြီးလှပါသည်။ ထို့ကြောင့် စိုးရိမ်စိတ်ကို လျှော့ချပြီး စိတ်ကို ပျော်ရွှင်ချမ်းမြေ့စွာ ထားတတ်သော အလေ့အကျင့်ကောင်းကို ပြုစုပျိုးထောင်ပါ။

ဒီထိုးသင့်သောနေ့ - အင်္ဂါ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း၊- (၁)အစ (၇)အဆုံး။ (၂)အစ (၄)အဆုံး။
ယတြာ - မွေးနေ့တွင် သီလရှင်တစ်ပါးကို ထီးနှင့် ဖိနပ်လှူဒါန်းကာ ကုသိုလ်ယူပါ။



www.burmeseclassic.com

www.burmeseclassic.com



## ကရကဋ်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

အသွားအလာ သတိရှိသင့်သော ကာလဖြစ်သည်။ သင့်ခြေလှမ်းအများတစ်ချက်ကို စောင့်ကြည့် အကဲခတ်ပြီး အလစ်မှာ အလဲထိုးလိုသော ပြိုင်ဘက်များ ရှိနေတတ်သည်။ ထို့အပြင် ရေ ချီးကျူးပြီး ကွယ်ရာမှာ ကဲ့ရဲ့တတ်သော လုပ်ငန်းတွဲ မိတ်ဆွေအချို့ရှိနေသည်ကို သတိရှိသင့်ပါသည်။ လုပ်ငန်းခွင်မှာ အတွေးများပြီး အရွေးမှားစရာ ကိစ္စရပ်များလည်း ကြုံရနိုင်ပါသည်။ ယခုကာလ အစားမှား၊ သေးမှားခြင်းတို့ကြောင့် ကျန်းမာရေး ချူချာချာဖြစ်နေရတတ်သည်။ ရောဂါကြီးကြီးမား မဟုတ်သော်လည်း အစာမကြေ၊ လေထိုးလေအောင့်ဝေဒနာမျိုး ခံစားရတတ်ပါသည်။

**ထီးထိုးသင့်သောနေ့** - တနင်္လာ၊ ဗုဒ္ဓဟူး။
**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၉)အဆုံး။ (၅)အစ (၀)အဆုံး။
**ယတြာ** - အိမ်ရှိ ဘုရားမှာ ပန်း၊ ရေချမ်းနှင့် သစ်သီးခွမ်းများ ကပ်လှူပြီး အဓိဋ္ဌာန် ပုတီးသက်စေ့စိပ်ပါ။

## သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

လုပ်ကိုင်မှု နည်း၊ ပရိယာယ် ကြွယ်ဝနေသော ကာလဖြစ်သည်။ လုပ်သမျှ ဟုတ်နေပြီး ကြံသမျှ အောင်နေပေလိမ့်မည်။ မိသားစုဝင်တစ်ဦး၏ ဝမ်းသာပီတိဖြစ်ဖွယ် အောင်မြင်မှုအတွက် ဂုဏ်ယူဖွယ် ဖြစ်ရပေလိမ့်မည်။ မိမိကိုယ်မိမိ ယုံကြည်မှု ပြည့်ဝနေသောကြောင့် မျှော်လင့်နေသော အခွင့်ထူးသာမက မမျှော်လင့်ထားသော အခွင့်ထူးကိုပါ အမိအရဖမ်းဆုပ်နိုင်ပေလိမ့်မည်။ ကျန်းမာပျော်ရွှင်ခြင်း၏ ဝှက်ချက်တစ်ခုမှာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို နေ့စဉ် ပြုလုပ်ပေးခြင်းပင် ဖြစ်သည်။ ထို့ ကြောင့် နေ့စဉ်မှန်မှန် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတစ်မျိုးမျိုးလုပ်ပေးပါ။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၄)အစ (၀)အဆုံး။ (၅)အစ (၇)အဆုံး။
**ယတြာ** - အိမ်ရှိ ဘုရားမှာ ဆီထမင်းကပ်လှူ ပူဇော်ပါ။ ထို့အပြင် မိမိပတ်ဝန်းကျင် ရှိ ကလေးများကိုလည်း ဆီထမင်းကျွေးကာ ဒါနပြုပါ။

## ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

စွမ်းရည်ထူးများ တောက်ပနေသော ကာလဖြစ်သည်။ ရုတ်တရက် အခွင့်ထူးများကို လက်ဝယ်ပိုင် ရရှိပါလိမ့်မည်။ ဖြစ်လိုသည့် ကိစ္စရပ်များ ဖြစ်ချင်သည့်အတိုင်း မလွဲမသွေ အကောင်အထည်ဖော် ပါလိမ့်မည်။ ထူးခြားသော မင်္ဂလာကိစ္စရပ်များကို ဆောင်ရွက်ခွင့်ရရှိမည်။ ချင့်ချိန်စွာ လုပ်ဆောင်တတ် ကြောင့် ဝင်ငွေတိုးမည်။ လုပ်ငန်းနှစ်မျိုးသုံးမျိုး တစ်ပြိုင်တည်း လုပ်ဆောင်ခွင့်ရရှိမည်။ မိမိကျန်းမာ ရေးအတွက် လောဘ၊ ဒေါသ၊ မောဟများကို လျှော့ပါ။ မိမိစိတ်ကို အကောင်းမြင် အပြုတွေးလျ စိတ်ကို ပျော်ရွှင်ချမ်းမြေ့အောင် ထားပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၇)အစ (၁)အဆုံး။ (၉)အစ (၆)အဆုံး။
**ယတြာ** - အိမ်သို့ ဆွမ်းခံကြွလာသော သံဃာတော်ထံမှာ သီလခံယူပြီး သင်္ကန်းလှူဒါန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## တူရာသီ



LIBRA

**(စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း)**

တိမ်စင်လပမာ ရွှန်းပ ထွန်းလင်းသော ကာလဖြစ်သည်။ လူသစ်၊ စိတ်သစ် ပြောင်းလဲမှု ကြုံမည်။ လုပ်ငန်းနယ်ပယ်သစ်တစ်ခုသို့ ခြေဆန့်ခွင့်ရရှိမည်။ မိတ်ကောင်းဆွေကောင်းများ၏ ကျေးဇူးကြောင့် ဈေးကွက်ကောင်းတစ်ခုကို ရှာဖွေတွေ့ရှိမည်။ တွက်ချက် စွန့်စားမှုကိစ္စရပ်များ အဆင်ပြေစွာ အကျိုးရှိပေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် "အစားမတော် တစ်လုတ်" ကြောင့် ကျန်းမာရေး ထိခိုက်ရတတ်သည်။ ထို့ကြောင့် အစားအသောက်ကို သင့်တင့်မျှတရုံသာ ချင့်ချိန်ပြီး စားသောက်ပါ။ အမှည့်လွန် သီးနှံများ၊ မလတ်ဆတ်သော အစားအစာများကို မစားပါနှင့်။

ဆီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၂)အဆုံး၊ (၃)အစ (၆)အဆုံး။
ဆတြာ - မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် မင်္ဂလသုတ်တော်ကို ရွတ်ဖတ်ပူဇော် ပြီး ဆင်ခြင်ပွားများ ကျင့်ကြံအားထုတ်ပါ။

## ဗြိစ္ဆာရာသီ



SCORPIS

**(အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း)**

ယှဉ်ပြိုင် အနိုင်ရသော ကာလတစ်ခုဖြစ်ပေလိမ့်မည်။ တီထွင်ဆန်းသစ်မှုများကြောင့် နာမည်ဂုဏ်သတင်း သိကြားတိုးတက်သကဲ့သို့ အသိုင်းအဝန်းလည်း တိုးချဲ့နိုင်ပေလိမ့်မည်။ ကံတရားကောင်းများ လျှပ်တစ်ပြက်အတွင်း ကြုံတွေ့ပြီး သင့်ဘဝ တစ်မျိုးတစ်ဖုံပြောင်းလဲသွားပေလိမ့်မည်။ ပျင်းရိမှု၊ တွေဝေမှု၊ ဝေမောမှုများကို ရှောင်လျက် အမြင့်သို့ တက်လှမ်းလိုသော ဆန္ဒများ ပြည့်ဝ အောင်မြင်သွားပါလိမ့်မည်။ ကျန်းမာရေးအတွက် အရက်သေစာသောက်စား ပျော်ပါးခြင်းကို လုံးဝ ရှောင်ရှားပါ။ ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်ငွေ့ရှူခြင်းတို့ကိုလည်း ရှောင်ရှားပါ။ အပျော်အပါးကိစ္စရပ်အတွက် မိမိစိတ်ကို မိမိ ထိန်းချုပ်နိုင်လျှင် ပိုမိုကျန်းမာပေလိမ့်မည်။

ဆီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၂)အစ (၈)အဆုံး၊ (၁)အစ (၄)အဆုံး။
ဆတြာ - မွေးနေ့တွင် အိမ်ရှိဘုရားမှာ သီလခံယူပြီး ဒိဗ္ဗတပတိဂါထာ သက်စေ့ရွတ်ဆိုပါ။

## ဓနုရာသီ



SAGITTARIUS

**(နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၁) ရက်အတွင်း)**

ရည်မှန်းချက်များကို စူးစူးစိုက်စိုက် လုပ်ဆောင်နေသော ကာလတစ်ခုဖြစ်ပေလိမ့်မည်။ အကြံကောင်း တစ်ချက်ကြောင့် ကြီးပွားအောင်မြင်မည်။ ပွဲလယ်ဝ င်ခဲမည့် ဂုဏ်ယူစရာ အောင်မြင်မှု ကြီးကြီးမားမားရရှိမည်။ ပခုံးချင်း ယှဉ်ပြိုင်လာသူများကို အနိုင်ယူနိုင်ပါလိမ့်မည်။ အပြောနှင့်အလုပ် ညီမျှနေပြီး မိသားစု၏ လေးစားယုံကြည်မှုကို ရရှိပေလိမ့်မည်။ စိတ်ကူးစိတ်သန်းအချို့ကို လက်တွေ့အကောင်အထည်ဖော်ခွင့် ရရှိပေလိမ့်မည်။ ကျန်းမာရေးကောင်းသည်ထက် ကောင်းမွန်စေရန် အိပ်ရေးဝဝအိပ်ပါ။ အာဟာရပြည့်ဝသော အစားအစာများကို စားသောက်ပါ။ ရာသီဥတုနှင့်အညီ လိုက်လျောညီထွေ စားသောက်နေထိုင်ပါ။

ဆီထိုးသင့်သောနေ့ - တနင်္လာ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၁)အဆုံး၊ (၆)အစ (၁)အဆုံး။
ဆတြာ - မိမိမိတ်ဆွေအပေါင်းအသင်းများကို ကြာဆံကြော်ကျွေးမွေးကာ ဒါနပြုပါ။



www.burmeseclassic.com

www.burmeseclassic.com



**မကာရရာသီ**



CAPRICORN

( ဒီဇင်ဘာလ (၂၂) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

မီးပင်လယ်ကို ဖြတ်ကူးရသော ကာလဖြစ်သည်။ ဘဝပုစ္ဆာများ အဖြေညှိရပေလိမ့်မည်။ ဘဝခရီးအတွက် တိကျပြတ်သားသော ဆုံးဖြတ်ချက်ချရန် ခက်ခဲနေပေလိမ့်မည်။ လုပ်ငန်းခွင်မှာ အမျက်ထွက်စရာ ကိစ္စရပ်များ မကြာခဏပေါ်နေပေလိမ့်မည်။ "ပညာရှိအမျက် အပြင်မထွက်" ဆိုသကဲ့သို့ မိမိအမျက် ဒေါသကို သတိ၊ ဉာဏ်ပညာဖြင့် ထိန်းသိမ်းရန် လိုအပ်ပါသည်။ ကျန်းမာရေးက ရွှေတစ်နေ့ ငွေတစ်နေ့ ဖြစ်နေတတ်ပါသည်။ အစားအသောက်ကို ဆင်ခြင် စားသောက်ပါ။ ဆိုးဆေးပါသော အစာ၊ ယင်နားစာ၊ အမှည့်လွန် သစ်သီးများကို မစားမိအောင် ရှောင်ပါ။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း**- (၉)အစ (၆)အဆုံး၊ (၄)အစ (၁)အဆုံး။

**ယတြာ** - လူကြီးမိဘဆရာသမားများကို တရားစာအုပ်၊ တရားခွေများ ပေးလှူကာ ဒါနပြုပါ။

**ကုမ်ရာသီ**



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

ကြားလိုသော စကားကို ကြားခွင့်ရရှိသော ကာလဖြစ်သည်။ အပြောင်းအလဲကြားမှာ ဘဝတက်လမ်း ပွင့်သွားပေလိမ့်မည်။ လျှို့ဝှက်ဆန်းကြယ်သော ကိစ္စရပ်များကို စိတ်ဝင်စားနေပေလိမ့်မည်။ မိမိ ပြာဖုံးနေသော လုပ်ရည်ကိုင်ရည်အစွမ်းအစများကို ဖော်ထုတ်ခွင့်ရှိပေလိမ့်မည်။ "တောက်မည့် မီး တရဲရဲ" ဆိုသကဲ့သို့ သင့်စွမ်းရည်ထူးများ ထက်မြက်ထင်ရှားနေပေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ဖျားနာမှုကြုံပါက ချက်ချင်းကုသမှု ခံယူပါ။ ဝေဒနာသေးသည်ဟု ပေါ့လျော့မှု မပြုပါနှင့်။ အသက် ဉာဏ်စောင့်သောကြောင့် မိမိကျန်းမာရေးကို မိမိ ဂရုစိုက် စောင့်ရှောက်ပါ။ ဆေးမြီးတိုနှင့် ကုသမှု ကို ရှောင်ရှားလျက် တတ်ကျွမ်းနားလည်သော သမားတော်နှင့် တိုင်ပင် ကုသပါ။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း**- (၀)အစ (၇)အဆုံး၊ (၂)အစ (၅)အဆုံး။

**ယတြာ** - အိမ်ရှိဘုရားမှာ နှင်းဆီပန်း၊ အောင်သပြေ၊ ရေချမ်းနှင့် မုန့်လုံးရေပေါ် (၂၇)လုံး ကပ်လှူပူဇော်ပါ။

**မိန်ရာသီ**



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

နှိမ့်နှိမ့်ကြားကြားဖြင့် ဘဝခရီးကို ချီတက်နေသော ကာလဖြစ်သည်။ ပြတ်ပြတ်သားသား လုပ်ဆောင် တတ်ခြင်းက သင့်အရည်အချင်းတစ်ရပ်ဖြစ်ပေလိမ့်မည်။ ဆင်ခြင်တုံတရားအပြည့်ရှိခြင်းကြောင့် လုပ်ငန်းကိစ္စရပ်တို့မှာ နှစ်ထပ်ကွမ်း အောင်မြင်ခွင့် ရရှိပေလိမ့်မည်။ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်မှု အားကောင်းနေပေလိမ့်မည်။ စေတနာရောင်ပြန်ဟပ် အောင်မြင်မှု အဆက်မပြတ် ကြုံပြီး ဝင်ငွေကောင်းများ ရရှိပေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် စိတ်ဖိစီးမှုဝေဒနာကြောင့် ရော ရတတ်ပါသည်။ စိတ်ဖိစီးမှုကို လျှော့ချပါ။ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာများကို မတွေးဘဲ ရယ်စရာ ပျော်ရွှင်ဖွယ်အကြောင်းအရာများကိုသာ တွေးတောပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၉)အဆုံး၊ (၆)အစ (၆)အဆုံး။

**ယတြာ** - အိမ်ရှိဘုရားမှာ ထီးဖြူ၊ ထီးနီနှင့် တံခွန်ကုက္ကားများ လှူဒါန်းကာ လိုရာဆုတောင်းပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းကောင်းများ

ပန်နှားသန့်ဆေးကြီး
ပန်နှားရောဂါပျောက်ဆေးကြီး
ပန်မျက်စိကြည်ဆေးကြီး
ပန်မျက်စိရောဂါပျောက်ဆေးကြီး
ပန်သွားရောဂါပျောက်ဆေးကြီး
ပန်နားခေါင်းရောဂါပျောက်ဆေးကြီး



အစလ မှတ်ပုံတင်အမှတ် အစ ၁၂(၁၀၂၉
လင မှတ်ပုံတင်အမှတ် ၄/၁၄၁၉

အမြို့မြို့ဆိုင်တိုင်းမှာ [illegible]ဝယ်ပါ

www.burmeseclassic.com


www.burmeseclassic.com

(၁)

"ပြေး··· ပြေး···မောင်သိုင်း။ အားစိုက်ပြေး"

"ပြေးတယ် အစ်ကို၊ ကျုပ် အားကုန်ပြေးနေတာပဲ။ သူ နောက်က လိုက်လာတာ မိတော့မယ်။ ဘယ်လိုလုပ်မလဲ။ အမယ်လေး···၊ လက်မည်းကြီးနဲ့ လှမ်းဆွဲနေပြီ။ အစ်ကိုရေ··· လုပ်ပါဦး"

"သွက်သွက်သာ ပြေးစမ်းပါကွာ။ လဲတော့ မလဲစေနဲ့။ ပေး···ပေး···



# သရဲနဲ့ နွားဆွဲလာတဲ့ ညီအစ်ကို

## ကျော်ခိုင်ဝင်း

၊ပေါင်းတည်၊

မင်းလက်ထဲမှာ ကိုင်ထားတဲ့ နွားကြိုးငါ့ကို ပေး"

"ရော့···ရော့··· အစ်ကို၊ အစ်ကိုလည်း မလဲစေနဲ့ ရွာလယ်လမ်းက မဝင်နဲ့။ အရိုးလေးတို့ နောက်ဖေးပေါက်က ဝင်မယ်။ အဲဒီအပေါက်က နီးတယ်"

"အေး···အေး၊ နောက်လှည့်ကြည့်မနေနဲ့၊ ခလုတ်တိုက်ပြီး မှောက်ရက်လဲနေမယ်။ ပြေး···ပြေး···မင်းရှေ့က ပြေး"

လက ထိန်ထိန်သာလျက်ရှိ၏။ အချိန်က ည ၉နာရီကျော်။ နေရာက အညာကျေးလက်ဒေသ။ စိမ်းစို ညို့မှောင်သော ရွာကြီးတစ်ရွာနှင့် အုံ့ဆိုင်းမည်းမှောင်နေသော သင်္ချိုင်းတစ်ခု အကြား။ နွားတစ်ကောင်နှင့် လူနှစ်ယောက်။ နွားကလည်း ရှေ့မှ နေ၍ နှာမှုတ်သံတရှူးရှူးပေးကာ ခြေစုံခုတ်၍ မနားတမ်း ပြေးနေ၏။

လူနှစ်ယောက်မှာလည်း ပုဆိုးများကို ကွင်းသိုင်းကာ မျက်နှာတွင် ချွေးစေးများပျံပြီး လှုပ်ထွက်လုမတတ် ပြေးနေကြ၏။ သူတို့နှစ်ယောက်စလုံးတို့၏ မျက်နှာများတွင်လည်း သွေးမရှိတော့သကဲ့သို့ ဖြူဖတ်ဖြူရော်ဖြစ်ကာ နောက်ကိုပင် လှည့်မကြည့်ရဲကြ။

၎င်းတို့၏ နောက်မှ ထက်ကြပ်မကွာ လိုက်နေသော မည်းမည်းသဏ္ဍာန်မှာလည်း စိတ်ဆိုးမာန်ဆိုးနှင့် ဒေါသချောင်းချောင်းထနေသည့်အလား ပြေးလိုက်နေ၏။ မည်းမည်း သဏ္ဍာန်က နောက်က အပြေးလိုက်၊ ရှေ့မှ လူနှစ်ယောက်နှင့် နွားတစ်ကောင်က မနားတမ်း ပြေးလိုက်နေကြသည်မှာ အညာမြေ၏ နွေရာသီ လရောင်အောက်တွင် ဖုံများပင် တလုံးလုံးထနေလေတော့၏။

မကြာမီတွင် ရွာထဲရှိ အိမ်တစ်အိမ်၏ နောက်ဖေး ခြံပင်းတခါးသို့ ဝင်ပြီးသည့်အချိန်တွင် နောက်မှ လိုက်လာသည့် မည်းမည်းသဏ္ဍာန်သည် ဆက်လိုက်မလာတော့ဘဲ အိမ်ခြံဝင်းအပြင်ဘက်တွင် ပျောက်ကွယ်သွားလေတော့၏။ ရွာထဲရှိ လူများအနက် အချို့လူများမှာ ပူအိုက်သည်က တစ်မျိုး၊ ထိန်ထိန်သာနေသော လရောင်အောက်တွင် အညာဓလေ့ ပဲခြမ်းသုပ်နှင့် နွေးကြမ်းဝိုင်းဖွဲ့ကာ စကားစမြည် နေကြသည်က တစ်ကြောင်း၊ ကြသေးဘဲ ရှိနေ၏။ ထိုစဉ် ဝရန်ကားနှင့် ပြေးလာသော နွားတစ်ကောင်နှင့် လူနှစ်ယောက်အား အံ့အား စွာ မြင်တွေ့လိုက်ကြရ၏။

ပြေးလာသော လူနှစ်ဦးအနက် တစ်ဦးမှာ ပါးစပ်မှ အမြှုပ်များပင် ကာ အမောဆို၍ သတိလစ် မေ့ သလိုပင် ဖြစ်သွား၏။ အိမ်အနီး များ ဝိုင်းအုံလာကြပြီး တစ်ယေ တစ်ပေါက် မေးကြမြန်းကြ အံ့သြကြနှင့်။ စကားပြောသံ၊ ဟောင်သံ၊ ကလေးများငိုသံတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



…ရိုက်ကာ ဆူညံသွားလေတော့၏။ …တိလစ်မေ့မြောသွားသူအတွက် …မှာဆရာ ပြေးခေါ်သူက ခေါ်၊ …ရွာဆေးမှူးဆီ သွားၡ အကြောင်း …သူက ကြား၊ ခြေမ လှန်ချီသူက …နှာမှုတ်သူက မှုတ်၊ နှီးကြော ယပ် …ာင်ဖြင့် ခတ်သူက ခတ်နှင့် ရှုပ် …တ်ကို ခတ်နေလေတော့၏။

ဤသို့ဤနှယ် တစ်ရွာလုံးရယ်မှ …ာသောသည်းအောင်၊ အုန်းအုန်းထအောင် ဖြစ်နေရသည့် နေရာမှာ အညာဒေသ၏ ရွာကြီးတစ်ရွာတွင်ဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း (၂၀) ဝန်းကျင်က အမှန်တကယ်ပင် ဖြစ်ခဲ့သော ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုဖြစ်ပါ၏။ ဤဇာတ်လမ်း၏ ကနဦးအစ ပဏာမသည်ကား…။

## (၂)

မြန်မာပြည်အလယ်ပိုင်း အထက်အညာဒေသ၏ ရွာကြီးတစ်ရွာ။ အညာရွာတို့၏ ထုံးစံအတိုင်း မန်ကျည်းပင်၊ ထနောင်းပင်၊ တမာပင်တို့ဖြင့် အုံ့ဆိုင်းညိုမှိုင်း၍နေလေ၏။ အိမ်ကြီးအိမ်ငယ်အသွယ်သွယ်တို့ဖြင့် စည်



www.burmeseclassic.com

www.burmeseclassic.com

ကားလုပြီး ရွာသားအများစုမှာလည်း မိရိုးဖလာ တောင်သူလယ်လုပ် စားမ ခုတ်အလုပ်ကိုသာ ကြိုးစားလုပ်ကိုင် ကြသူများ ဖြစ်ပါ၏။ အညာကျေးလက် ဒေသ စရိုက်အတိုင်း ရွာသူရွာသားများ မှာ ရိုးရိုးအေးအေး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိကြပါ၏။ နဂိုက တည်းက အလုပ်ကြိုးစားလုပ်ကိုင်ကြ သူများဖြစ်၍ မိုးလေဝသ မှန်ကန် ကောင်းမွန်ပါက စားဝတ်နေရေးကို ပူစရာမလိုသည့်အပြင် ထမင်းရည် ချောင်းစီးသည့် အလှူများပင် လုပ် လေ့ရှိသော ရွာတစ်ရွာပင်ဖြစ်လေ၏။

ရွာသူရွာသားများမှာ အေ အေး သလောက် ရှေးရိုးစဉ်လာ ဓလေ့ထုံးစံ များကိုလည်း ပစ်ပယ်ကြသူများမဟုတ်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိဘမျိုးရိုးစဉ်ဆက်က ယုံကြည်ကိုး ကွယ်လာကြသည်များကို ဆက်လက် ယုံကြည်ကြသူများဖြစ်ပါ၏။ ထိုကိစ္စများ အတွက် မည်သူမျှလည်း အငြင်းပွား မနေကြ။ အများက ဒါဆို ကျန်လူများ ကလည်း "ဒါ"လိုက်ကြတာချည်းသာ ဖြစ်၏။

ရွာ၏ တောင်ပိုင်း လှည်းလမ်း ဘေးတွင် ရွာ၏ အစဉ်အဆက်က ထူးခြားသော သစ်ပင်ကြီးတစ်ပင်ရှိလေ ၏။ ထိုအပင်ကြီးမှာ လူကြီးသုံးဖက် စာမျှရှိပြီး အကိုင်းအခက်တို့ ဝေဝေ ဆာဆာ ညို့ညို့မှိုင်းမှိုင်းနှင့် အရိပ် အာဝါသကောင်းလှသည့် မန်ကျည်းပင် ကြီးဖြစ်ပါ၏။ ရွာသူရွာသား ကလေး လူကြီးအားလုံး၊ စိတ်မနံ့သူ အရူးပါ မကျန် ထိုရွာသားမှန်သမျှ ထိုအပင်ကြီး အနားမှ ဖြတ်သွားလျှင် ပေတစ်ရာခန့် အကွာမှ ဖိနပ်မစီးကြ။ ဖိနပ်မစီးရ။ ဖြတ်သွားသူတိုင်း ဖိနပ်ချွတ်ကြ၏။ ထို အပင်ကြီးအောက်မှ ဖြတ်၍ သားစိမ်း ငါးစိမ်းဆွဲ၍ မသွားရ။ အလေးအပေါ့ မသွားရ။ ဒါက ဘယ်သူကမှ အမိန့် ထုတ်မထားပါဘဲ ရွာသားများ အလို လို လိုက်နာကြသည့် အစဉ်အလာများ ဖြစ်ပါ၏။ ထိုအပင်ကြီးသည် နတ် အလွန်ကြီးသည်ဟု အားလုံးက ယုံ ကြည်ထားကြ၏။

မည်သို့ပင် ဖြစ်စေကာမူ၊ ထို မန်ကျည်းပင်ကြီးနှင့် ထိုရွာ။ ထိုရွာနှင့် ထိုမန်ကျည်းပင်ကြီး အသားကျကျ နေထိုင်လာကြသည့်ကာလ ရှည်ကြာ လှပြီဖြစ်ပါ၏။ သို့သော် လူ့အမျိုးမျိုး စိတ်အထွေထွေဆိုသည့် စကားကဲ့သို့ အခြားသူများက ထိုမန်ကျည်းပင်ကြီး အပေါ် အလေးထားသလောက်၊ ပေါ့ပေါ့ ပါးပါး တလေးတစားရှယ်လို ဂရုတစိုက် မရှိလှသူတစ်ဦးတော့ ရှိလေ၏။

ထိုသူက ဦးရာဝင်။ သူက ထို ရွာသား။ ငယ်မွေးခြံပေါက်။ ထိုရွာ၏ တောင်သူကြီးတစ်ယောက်။ ထိုအရပ် ဒေသတွင် တောင်သူကို နှစ်မျိုးနှစ်စား ခွဲခြားထားပါ၏။ တောင်သူကြီးနှင့် တောင်သူလေးဟူ၍ဖြစ်၏။ နွားတစ်ရှဉ်း (နွားနှစ်ကောင်)နှင့် လယ်ဧက တစ်ဆယ် ကျော် လုပ်ကိုင်သူက တောင်သူလေး။ နွားသုံးလေးရှဉ်း လယ်ဧက လေးငါး ဆယ်လုပ်သူကိုတော့ တောင်သူကြီး ဟု ခေါ်ကြ၏။

ဦးရာဝင်က လယ်ဧက ၄၀ ကျော်နှင့် ခိုင်းနွား ၆ကောင် ပိုင်ဆိုင်သူ တောင်သူကြီးစာရင်းဝင်တစ်ယောက်။ သူ့အသက်က ၅၀ ဝန်းကျင်ခန့်၊ သမီး နှစ်ယောက်အဖေ၊ ဇနီးမရှိတော့သော မုဆိုးဖိုဖြစ်၏။ လူ့ရေးတန်းရေးတွင် ရက်ရောပြီး ရပ်ရေးရွာရေး လူမှုရေးကိစ္စ များတွင် လက်နှေးတတ်သူမဟုတ်။ သဘောသဘာဝ ကောင်းပြီး လူချစ် လူခင်များသူ တစ်ဦး။ အဲ...သူ့တွင် ထူးခြားတာဟူ၍ ထန်းရည်အနည်း ငယ်သောက်တာနှင့် လောင်းကစား တွင် ဝါသနာပါခြင်းသာဖြစ်၏။ လော ကစားဆိုရာတွင်လည်း စီးပွား လောက်အောင် အမြဲတစေ လော ကစားခြင်းမျိုးမဟုတ်ဘဲ တော တောင်သားတွေဘဝ ရိုးရိုးရှင်း "ဘူကြီး"ဟုခေါ်သည့် ဖဲရိုက်ခြင်း ဖြစ်၏။

ရွာသူကြီးက ရွာထဲတွင် ဖဲ သည်ကို မကြိုက်။ တစ်ခါတရံ ဦး ဝင်နှင့် ဖဲရိုက်ဖော် ရိုက်ဖက်များဖြစ် ကိုမောင်ပိုင်၊ ကိုသံလုံးတို့နှင့် အ အချက်လုပ်၍ ရွာနှင့် ခပ်လှမ်းလှ သချိုင်းဇရပ်အိုကြီးတွင် ရိုက်လေ့ရှိ ဖဲသာ ရိုက်နေရလျှင် ဦးရာဝင်တို့ ထမင်းမေ့၊ ဟင်းမေ့သမား။ သို့သေ သူတို့ ဖဲရိုက်ကြသည်က အကြ မပါ ကံဆိုး-ကံကောင်း ရိုက်ကြ သာဖြစ်ပါ၏။ အပျော်သဘော တည်း။ ဦးရာဝင်သည် အစားကော အသောက်ကောင်းကိုလည်း လွန် ကြိုက်တတ်သူဖြစ်၏။

တစ်နေ့ ရွာတောင်ပိုင်းရှိ အော တိုးတို့အိမ်တွင် ဝက်သားပေါ်သည် ကြား၍ ဦးရာဝင် သွားလေ၏။ ဦးရာ က ဝက်သားလည်း အလွန်ကြိုက် ဖြစ်၏။ အောင်တိုးတို့အိမ်တွင် သည့် ဝက်သားထဲမှ သူ့စိတ်ကြိုက် အဆီတစ်ထပ် အသားတစ်ထပ် ထပ်သား တစ်ပိဿာတွဲကို ဆွဲ လှည်းလမ်းအတိုင်း ပြန်လာခဲ့၏။

အချိန်က မောင်ရီသမ်းစအ နွားရိုင်းသွင်းချိန်။ လမ်းတွင် တွေ သော ရွာသားများက...

"ဦးရာဝင်...ဘယ်က ပြန် တာလဲ"

"ကိုရာဝင်... ဝက်သား ပိ လိုက် ဆွဲလာပါလား"

ဟု နှုတ်ဆက်ကြသည်။ အား

"အေးဟ၊ ပွဲ စားလု



www.burmeseclassic.com

www.burmeseclassic.com



...ာတာပေ့"

ဟု ပြုံးပြုံးရွှင်ရွှင် နောက်ပြောင် ...လေ၏။ မကြာခင် နာမည်ကြီး ...သော မန်ကျည်းပင်ကြီးအောက်သို့ ...ရတော့မည်။ ဝက်သားအစိမ်းကို ...လုံးပျောက်ချိန်၌ ခွဲ၍ ဖြတ်ရမည် ...၍ စိတ်ထဲ၌ တစ်မျိုးတော့ဖြစ်၍ ...၏။ သို့သော် သူက သိပ်ပြီးအယုံ ...ကြည်ရှိလှသူ မဟုတ်၍···

"ခွဲတော့ရော ဘာဖြစ်သေးလဲ ..."

ဟု ပါးစပ်က ခပ်တိုးတိုးပြောကာ ...တည်တည်ပင် မန်ကျည်းပင်ကြီး ...ာက်က ဖြတ်ခဲ့လေ၏။ အိမ်ရောက် ...သာအခါ သမီးဖြစ်သူအား···

"သမီးရေ··· ငါ အောင်တိုးတို့ ...က ဝက်ပေါ်လို့ ဝက်သားတစ်တွဲ ...လာတယ်။ နင် ငရုတ်သီးထောင်း ... လုပ်၊ ငါချက်ဖို့ ခုတ်လိုက်ဦးမယ်"

ဟု ပြောကာ နောက်ဖေး ကြမ်း ...တွင် ဝက်သားကို တဒုန်းဒုန်းခုတ် ...လေ၏။ သမီးဖြစ်သူက ငရုတ်သီး ...ာင်းပြီး ဝက်သားချက်ဖို့ ပြင်ဆင် ...ပ်ပေးနေ၏။ ဦးရာဝင်က ဝက်သား ...အားလုံး ခုတ်ထစ် လို့ဖြတ်ပြီးသော အခါ···

"ကဲ··· သမီး၊ အားလုံးလုပ်ပြီးပြီ၊ ...ကောင်းကောင်းချက်ကွာ"

ဟု ပြောကာ လက်ဆေး၏။ ထို့ ...နောက် အိမ်ရှေ့သို့ ထွက်ကာ ဆွေး ...ား သုတ်နေ၏။

သမီးဖြစ်သူက ဝက်သားအိုးတည် ...ပြီး အိမ်ရှေ့သို့ ထွက်လာသောအခါ ...ဦးရာဝင်ကို ကြမ်းပြင်ပေါ်တွင် လေးဘက် ...တုန်းလျက်သား တွေ့လိုက်ရ၏။

"အဖေ···အဖေ၊ ဘာလုပ်နေ ...တာလဲ"

ဟု မေးသော်လည်း ဘာစကား ... ပြန်ပြောသံ မကြားရ။ သမီးက သူ့အဖေ ဦးရာဝင်၏ ခန္ဓာကိုယ်အား ကိုင်၍ လှုပ်ကြည့်သောအခါ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေ၏။ မျက်လုံးနှစ်လုံးအပြူးသားဖြင့် တုတ်တုတ်မျှ မလှုပ်တော့။ အရပ်ကြီးတစ်ရပ် ပစ်ချထားသည့်အလား ပုံလျက်သားကျနေ၏။ သမီးဖြစ်သူလည်း ထိတ်ထိတ်ပျာပျာဖြင့် အိမ်နီးချင်းများကို အော်ဟစ်အကူအညီတောင်းလေ၏။ အိမ်နီးချင်းများ အပြေးအလွှားရောက်လာကြပြီး ကြည့်သောအခါ ဦးရာဝင်မှာ အသက်လုံးဝမရှိတော့။

"ဟဲ့··· နင့်အဖေ အသက်မရှိတော့ဘူး"

ဟူသော စကားကို ဆို့နင့်စွာ ကြားလိုက်ရတော့၏။

(၃)

အရပ်ကောင်းတော့ အလောင်းလှသည်ဆိုသည့်စကားအတိုင်း ဦးရာဝင်၏ နာရေးအသုဘမှာ စည်ကားလှ၏။ ဦးရာဝင်ကိုယ်တိုင် မကွယ်လွန်မီက ရပ်ရေးရွာရေး သာရေးနာရေးတို့တွင် လက်နှေးသူမဟုတ်၍ ယခု သူ၏ နာရေးတွင်လည်း ကူညီလုပ်ကိုင်ပေးမည့်သူ၊ သတင်းမေးသူများ ဝင်ထွက်မစဲ တသဲသဲနှင့် ရှိနေလေတော့၏။

ဦးရာဝင်၏ ဖဲရိုက်ဖော် ရိုက်ဖက်များသည်လည်း အသုဘကို အကြောင်းပြုကာ စိတ်မကောင်းခြင်းကြီးစွာဖြင့် စိတ်ထဲက ပျော်ပျော်ပါးပါး ဖဲကစားကြလေ၏။ ထိုအထဲတွင် ဦးရာဝင်နှင့် တွဲဖက် ကိုသံလုံးက ပိုဆိုးလေ၏။ ထို့တူ ဦးရာဝင်နှင့် ကစားဖော် ကစားဖက် မောင်သိုင်းနှင့် မောင်ဝိုင်းတို့ ညီအစ်ကိုနှစ်ယောက်ကလည်း ဦးရာဝင်၏အမည်ကို ခေါ်ကာ ခေါ်ကာဖြင့် တဖြောင်းဖြောင်း ရိုက်နေလိုက်သည်မှာ အဟုတ်ကြီးကို ဟုတ်နေလေတော့၏။

ယခင်ကဆိုလျှင် ကျေးရွာလူကြီးကို ကြောက်ရသဖြင့် သချိုင်းကုန်းဇရပ်တွင် ခိုးကြောင်ခိုးဝှက်ရိုက်နေရာမှ ယခုတော့ သူတို့အတွက် ရက်ရာဇာအလား ရေကန်ကျယ်ကြီးအတွင်း ဝုန်းခနဲရောက်သွားသည့် ရေငတ်ဖားများကဲ့သို့ အလွန်ပင် အူမြူးနေကြသည်မှာ အများကပင် မျက်စောင်းထိုးယူရလောက်အောင်ပင် ဖြစ်ပါ၏။

အသုဘအိမ်တွင် လူစုံသလောက် စကားတွေကလည်း စုံလှ၏။ ဦးရာဝင်သေဆုံးရခြင်းအကြောင်းရင်းကို လူတော်တော်များများက မိမိတို့ထင်သည့်ရှုထောင့်က အမျိုးမျိုးအဖုံဖုံ ထင်ကြေးတွေ စုံအောင် ပေးကြလေ၏။ အချို့ကလည်း နတ်ကြီးလှသည့် မန်ကျည်းပင်ကြီးမှ ရက္ခစိုးကြီးကို မလေးစား၍ နတ်ကိုင်တာဟု ပြောကြ၏။ အချို့ကလည်း သရဲက ဝက်သားတွဲ လိုက်တောင်းတာ မရလို့ ကုပ်ချိုးသတ်လိုက်တာဟု ပြောသူက ပြော၏။ နောက်လူတွေ မလုပ်ရဲအောင် လုပ်ပြလိုက်တာဟု ပြောသူများကလည်း မရှား။

ထိုမျှသာမကသေး မန်ကျည်းပင်ကြီးက နှစ်ပေါင်းရှည်ကြာပြီ။ ထိုအပင်ကို စောင့်သည့် အစောင့်ကလည်း သက်တမ်းကြာလာ၍ ဦးရာဝင်နှင့် လူလဲလိုက်တာ စသည်···စသည်ဖြင့် ကြက်သီးထ ကျောချမ်းစရာ အစုံစုံသော စကားတို့ကို နားမဆံ့အောင် ကြားနေရလေ၏။ ထိုအထဲတွင် အများနှင့် မတူသော ထင်ကြေးပေးသူက ကျေးရွာက ဆေးမှူး။ သူ့ထင်မြင်ချက်ကတော့···

"သွေးကြောထဲမှာ အဆီတွေ များပြီး ဦးနှောက်သွေးကြောပြတ်တာ"

ဟူ၍ ဖြစ်လေ၏။ မည်သို့ပင် ဖြစ်စေကာမူ ဦးရာဝင် ဘာကြောင့် ဘယ်လိုဖြစ်ပြီး ဘယ်လိုပဲသေသေ အချိန်တန်တော့ မြေမြှုပ်သင်္ဂြိုလ်ရမည်သာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ပါ၏။ ထို့ကြောင့် ဦးရာဝင်၏ ရုပ်အလောင်းအား သင်္ဂြိုလ်မည့်နေ့တွင် သင်္ချိုင်းသို့ ပို့ဆောင်ကာ မြေမြှုပ်သင်္ဂြိုလ်လိုက်ကြ၏။

အလောင်းကို သင်္ချိုင်းရောက်ပြီး မြေမဖို့ခင် အခေါင်းကို ဖွင့်၍ သူ့ဆွေမျိုးများက နောက်ဆုံးအနေဖြင့် ကြည့်ကြ၏။ ထိုအချိန်တွင် ဦးရာဝင်၏ ဖောက်သည် ထန်းသမား ကိုဖိုးခက -

"ဦးရာဝင် သောက်ချင်တဲ့ အချိန် သောက်ဖို့"

ဟု ပြောကာ ထန်းရည်တစ်လုံး အခေါင်းထဲသို့ ထည့်လိုက်၏။ ဖဲသမားကိုသံလုံးကလည်း...

"ဦးရာဝင်ရိုက်ချင်တဲ့ အချိန်ရိုက်လို့ ရအောင် ဟောဒီမှာ ဖဲထုပ်တစ်ထုပ်ထည့်ပေးလိုက်တယ်။ ဦးရာဝင်အတွက် လက်ဆောင်ဗျို့"

ဟု ဆိုကာ ဖဲထုပ်တစ်ထုပ် ပစ်ချပေးလိုက်လေ၏။ ထို့နောက် အခေါင်းကို ပိတ်ကာ မြေစိုင်မြေခဲများဖြင့် ဖုံးအုပ်လိုက်ခြင်းဖြင့် ဦးရာဝင်၏ အလောင်းမှာ မြေကြီးထဲသို့ ရောက်သွားကာ သင်္ဂြိုလ်ခြင်းကိစ္စ နိဂုံးချုပ်လေတော့၏။

(၄)

လူတို့၏ သဘာဝအတိုင်း ဦးရာဝင်သေကာစက အမျိုးမျိုးဝေဖန်ပြောဆိုခဲ့ကြသော်လည်း ရက်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း မေ့မေ့ပျောက်ပျောက်ဖြစ်လာကြ၏။ ဦးရာဝင် ဆုံးသည်မှာ နှစ်ပတ်ခန့်ပင်ရှိပြီဖြစ်လေ၏။ အခြားသူများက ဦးရာဝင်ကို မေ့သလောက်ရှိပေမယ့် ဦးရာဝင်ကို ကျိတ်ပြီး ကျေးဇူးတင်နေသူ နှစ်ဦးရှိလေ၏။ ထိုသူနှစ်ဦးက မောင်ဝိုင်းနှင့် မောင်သိုင်း ညီအစ်ကိုနှစ်ယောက်။

အဘယ်ကြောင့် သူတို့ညီအစ်ကိုနှစ်ယောက်က ဦးရာဝင်ကို ကြဲဖန်ကျေးဇူးတင်နေကြပါသနည်း ဆိုသော် ဦးရာဝင်၏ အသုဘတွင် ဦးရာဝင်၏ နာမည်ကို ခေါ်ကာ ခေါ်ကာဖြင့် တမ်းတကာ ဖဲရိုက်လိုက်ကြသည်မှာ အတော်လေး ပွခဲ့၍ဖြစ်ပါ၏။ အနိုင်ရသော ငွေစလေးများကို ပျောက်ပျက်မသွားအောင်၊ အဖတ်တင်အောင် ညီအစ်ကိုနှစ်ယောက်တိုင်ပင်ကာ သူတို့ရွာနှင့် အနီးဆုံး ခရိုင်မြို့တစ်မြို့သို့ တက်၍ နွားတစ်ကောင်ဝယ်ခဲ့ကြ၏။

နွားပွဲဈေးမှ ဈေးသင့်သော ခိုင်းနွားတစ်ကောင်ကို ဝယ်ပြီး ညီအစ်ကိုနှစ်ယောက် ရွာသို့ အပြင်းနှင်လာကြ၏။ လသာရက်ဖြစ်သည့်အပြင် ခြေခင်းလက်ခင်းသာ၍ ညအချိန်ပါ ခရီးဆက်ခဲ့ကြ၏။ သူတို့ညီအစ်ကိုနှစ်ယောက် စကားတပြောပြောဖြင့် နွားတစ်ကောင်ကို ဆွဲကာ ပြန်လာလိုက်သည်မှာ ရွာကိုပင် လှမ်းမြင်နေရပြီဖြစ်ပါ၏။ ရွာသို့ မရောက်မီ အုံ့ဆိုင်း ညို့မှိုင်းနေသော သင်္ချိုင်းကို မလွှဲမရှောင် ဖြတ်ရလေမည်ဖြစ်၍ နှစ်ဦးသား ကျောထဲတွင် ခပ်စိမ့်စိမ့်ဖြစ်နေ၏။ ညီဖြစ်သူ မောင်သိုင်းက...

"အစ်ကို...သင်္ချိုင်းက ဖြတ်ရမှာတော့ နည်းနည်းလန့်တယ်ဗျ။ တော်ကြာ ကိုရာဝင်ကြီးနဲ့ တွေ့နေရင် ဒုက္ခပဲ"

ဟု မျက်စိပျက် မျက်နှာပျက်ဖြင့် ပြော၏။

"ဟကောင်ရ...ကြောက်စရာမရှိ ကြံဖန် ကြောက်နေပြန်ပါပြီကွာ၊ ကိုရာဝင်ကြီးကတို့ကို ဘယ်တုန်းက ဒုက္ခပေးဖူးလို့လဲ ကိုရာဝင်ကြီး မ,စလို့ အခု တို့နွားတစ်ကောင် အဖတ်တင်လာတာကွ။ ကြော က်မနေနဲ့ မြန်မြန်လာစမ်းပါကွာ"

ဟု ပြောကာ သင်္ချိုင်းကို ခပ်မြန်မြန်ဖြတ်လေ၏။ သင်္ချိုင်းကုန်းကို ဖြတ်လာစဉ် ဇရပ်အနီးသို့ ရောက်သောအခါ ဇရပ်ပေါ်မှ...

"ဟေ့...မောင်ဝိုင်းတို့ ညီအစ်ကိုနှစ်ယောက် ခဏလာဦး"

ဟူသော အသံနက်နက်ကြီး
ကျောချမ်းဖွယ်ရာ ကြားလိုက်ရ
မောင်ဝိုင်းရော မောင်သိုင်းပါ ခေါ်
ကြီးသွားကာ ကြက်သီးတဖြန်းဖြန်း
သွားလေ၏။ သူတို့ ဝယ်လာသော
ကလည်း အတင်းဆွဲထားသည့်ကြ
နှာမှုတ်သံ တရှူးရှူးပေးကာ က
ပေါက်၍ပြေးရန် အတင်းရုန်းနေ
မောင်ဝိုင်းက နွားကို ဆွဲထားပြီး...

"ဘယ်သူခေါ်တာလဲ"

ဟု မေးလိုက်၏။ ညီဖြစ်
မောင်သိုင်းကတော့ ကြောက်လွန်
ဒူးများ တဆတ်ဆတ်တုန်နေလေ
ထိုစဉ် ဇရပ်ပေါ်မှ အသံသြသြ
ဖြင့်...

"လာကြပါဦးကွ၊ မင်းတို့ကလည်
ကိုယ့်မိတ်ဆွေကိုတောင် မေ့နေကြ
လား"

ပြောသံကို အတိုင်းသား ကြာ
ရ၏။ မောင်ဝိုင်းတို့ ညီအစ်
နှစ်ယောက်လည်း အန္တရာယ်တွေ့ပါ
ပြေးနိုင်လွှားနိုင်ရန် ဝတ်ထားသေ
ပုဆိုးများကို စလွယ်သိုင်းလိုက်ကြ
ထို့နောက် တရှူးရှူး နှာမှုတ်နေသေ
နွားကို အတင်းဆွဲကာ ဇရပ်နားသို့
လိုက်ကြ၏။ အစ်ကိုဖြစ်သူ မောင်ဝိ
က...

"မောင်သိုင်း... မင်း ဘာ
ကြောက်မနေနဲ့၊ ငါတစ်ယောက်
ရှိတယ်"

ဟု အားပေးပြီး ဇရပ်ပေါ်သို့ တ
လိုက်လေ၏။ လရောင်အောက်တွ
လူတစ်ယောက် ဇရပ်တိုင်ကို မှီ
ထိုင်နေသည်ကို တွေ့လိုက်ရ၏။ မျ
နှာကိုတော့ သဲသဲကွဲကွဲ မမြင်
မောင်ဝိုင်းက

"ခင်ဗျား...ဘယ်သူလဲ"

ဟု မေးလိုက်၏။

"မင်းတို့ကလဲကွာ၊ ငါ့ကို
မမှတ်မိတော့ဘူးလား။ ငါ





www.burmeseclassic.com

www.burmeseclassic.com



…ပွာ ငါ ပျင်းလို့ ဖဲရိုက်ချင်နေတာ၊ …သော်မရှိလို့ ဒီအတိုင်းထိုင်နေရတာ။ …တို့လာတာနဲ့ အတော်ပဲကွာ။ လာ …ကွာ၊ ငါနဲ့ တစ်ပွဲတစ်လမ်းလောက် …ကြရအောင်"

ထိုအချိန်တွင် မောင်ဝိုင်းက မှင် …င်းကောင်းသလောက် မောင်သိုင်း …တော့ ကြောက်ဒူးတုန်ကာ အစ်ကို …သူ မောင်ဝိုင်းကို ထွက်ပြေးရန် …တင်းဆွဲခေါ်နေလေပြီ။

"မောင်သိုင်း… ခဏနေဦးကွာ၊ …ာ့ - ဒီနွားကြိုးကို ကိုင်ပြီး ခဏ …င့်၊ ငါ အခြေအနေကြည့်ပြီး လုပ် …မယ်"

ဟု ပြောလိုက်၏။ ထို့နောက်…

"ဒီမှာ ကိုရာဝင်… ကျုပ်တို့က …ာ နွားဝယ်ပြီး ပြန်လာတာ၊ ခရီးက …ည်း ပန်းနေပြီ၊ ညဉ့်လည်း နက်နေ …ပြီ ပိုက်ဆပ်(ပိုက်ဆံ)လည်း သိပ်မရှိ …တော့ဘူး။ ပြီးတော့ ကျုပ်တို့မှာ ဖဲထုပ် …ည်း မပါဘူးဗျ"

ဟု ပြောလိုက်၏။

"မပူပါနဲ့ကွာ။ ငါကြိုက်တတ်မှန်း သိလို့ ငါ့ကောင် သံလုံးကြီးက ငါ့ကို ဖဲထုပ်တစ်ထုပ်ထည့်ပေးထားတာ ငါ့မှာ …ပါတယ်ကွ၊ ရော့…"

ဟု ဆိုကာ ဖဲထုပ်တစ်ထုပ်ကို မောင်ဝိုင်းရှေ့သို့ ချပေးလိုက်၏။ မောင်ဝိုင်းလည်း ဖဲထုပ်ကို မြင်သည်နှင့် ဘာမှပြောမနေတော့ဘဲ ဖဲချပ်များကို ကျွမ်းကျင်စွာ ကိုင်ကာ ကုလားဖန်ထိုး၍ ဝေပေးလိုက်၏။

"ကဲ…ကိုရာဝင်၊ ပိုက်ဆပ်(ပိုက်ဆံ)ထုတ်လေဗျာ"

ဟု ပြောရာ ပိုက်ဆံ ရာတန်များ ဝိုင်းထဲသို့ အထပ်လိုက် ရောက်လာ၏။ မောင်ဝိုင်းက ဖဲချပ်များကို ဖျောင်းခနဲ ရိုက်လိုက်ပြီး…

"ကျုပ်နိုင်တယ်။ ဒီမှာ ဘူကြီး တွေ့လား၊ အကုန်စားပြီ"

ဟု ဆိုကာ ပဏ္ဍာတွင် စလွယ်သိုင်း၍ လွယ်ထားသော အိတ်ထဲသို့ ပိုက်ဆံများကို ကျုံးထည့်ကာ…

"ကဲ…မောင်သိုင်းရေ ပြေးဟေ့"

ဟု ပြောလိုက်၏။ ထို့နောက် ဇရပ်ပေါ်မှ ခုန်ချပြီး နွားကို နှင်းစိုင်းကာ နှစ်ယောက်သား ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးကြလေတော့၏။ သူတို့ နောက်ကို ပြန်ကြည့်သောအခါ ဇရပ်ပေါ်မှ လူလည်း ဒေါသတကြီးဖြင့် အတင်းပြေးလိုက်လာသည်ကို တွေ့လိုက်ရလေတော့၏။

(၅)

မောင်ဝိုင်းတို့ ညီအစ်ကို နှစ်ယောက် ကြောက်အားလန့်အားဖြင့် ပြေးလာလိုက်ပုံမှာ ဤဇာတ်လမ်း၏ အဖွင့်တွင် ဖော်ပြထားသည့်အတိုင်း မောင်သိုင်းခမျာ မသေရုံတမယ်ဖြစ်ခဲ့ရပါ၏။ ကယောင်ကတမ်း ပြောကာ အမြှုပ်တွေထွက်၊ အမောဆို့ သတိလစ်သွားသဖြင့် ဗိန္ဒောဆရာရော၊ ကျန်းမာရေးမှူး ဆရာလေးပါ လူလဲနှင့်ကုသရာ တစ်လကြာမျှ ကုသလိုက်ရပါ၏။

မောင်သိုင်းတို့ ညီအစ်ကိုနှစ်ဦး အထက်ပါကဲ့သို့ ဦးရာဝင်နှင့် တွေ့ခဲ့ရသည်ဟူသည့် သတင်းက အနီးဝန်းကျင်ရွာများသို့တိုင် တောမီးပမာ ပျံ့ခဲ့ပါ၏။ ထို့ကြောင့် အဖြစ်အပျက်အလုံးစုံအား သိချင်ကုန်ကြသော ရွာသားအပေါင်းလည်း မောင်သိုင်းတို့အိမ်သို့ တဖွဲဖွဲရောက်လာ၍ မေးကြမြန်းကြကုန်လေ၏။

မောင်ဝိုင်းတို့လည်း စီကာပတ်ကုံး တစ်လုံးမကျန်ပြောရုံမက၊ စကားမပြောတတ်သော သူတို့ဝယ်လာသည့် နွားကြီးကိုပင် သက်သေထူကာ မယုံရင် ဒီကောင်ကြီးကိုပဲ မေးကြည့်ကြတော့ဗျာဟု ပြောမိပြောရာ ပြောမိရာ ကြားရသူများအဖို့ ပြုံးမိကြသေး၏။ ထိုကဲ့သို့ လာရောက် မေးမြန်းကြသူများထဲမှ အသက်ကြီးသူ ဦးကြီးတစ်ယောက်က…

"ဟ…မောင်ဝိုင်းရဲ့၊ ဒါဆိုရင် ကိုရင့်ဆီမှာ ဦးရာဝင်ဆီက နိုင်တဲ့ ပိုက်ဆပ်တွေ ရှိဦးမှာပေါ့ကွ၊ ဘယ်လောက် နိုင်တာလဲ၊ ဘယ်မှာလဲ"

ဟု မေး၏။ ထိုအခါ မောင်ဝိုင်းက…

"ဟာ… ဟုတ်ဘယ်၊ ဦးလေး ပြောမှ သတိရတယ်။ အဲဒီညက ဟောဟိုတိုင်ထောင့်မှာ လွယ်အိတ်ကို ဒီအတိုင်းချိတ်ထားတာ ကျုပ်ဖြင့် သတိတောင် မထားမိဘူး"

ဟု ဆိုကာ လွယ်အိတ်ကို ယူ၍ လူအများရှေ့တွင် သွန်ချလိုက်လေ၏။ မောင်ဝိုင်းအိမ်သို့ ရောက်နေကြသူများ အရုံးစိုက်ကာ စိတ်ဝင်တစားကြည့်နေကြစဉ် လွယ်အိတ်ထဲမှ ထွက်လာသည်က ပိုက်ဆံတစ်ရာတန်အထပ်လိုက် မဟုတ်ဘဲ၊ သစ်ရွက်များ အထပ်လိုက်ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ကြရလေသတည်း။

(မှတ်ချက်။ ။ ဦးရာဝင်၏ သမီးများလည်း သူတို့ဖခင် ဦးရာဝင်အတွက် ရည်စူး၍ တစ်လပြည့် ဆွမ်းကျွေးအဖြစ် တစ်ရွာလုံးကို ဝက်သားဟင်းနှင့် ထမင်းကျွေးကာ ဒါနပြု အမျှအတန်းဝေပြီး အလှူလုပ်ခဲ့ကြောင်း၊ ဦးရာဝင်သည် ကောင်းရာမွန်ရာသို့ ရောက်သွားပြီဟု ၎င်း၏ ဆွေမျိုးသားချင်းထဲမှ တစ်ဦးအား အိပ်မက်ပေးကြောင်း သိရှိရသည့်အပြင် ထိုရွာ၌ ရှိခဲ့သော မန်ကျည်းပင်ကြီးသည် ယခုနောက်ပိုင်းတွင် စီမံကိန်းတစ်ခုအတွက် လမ်းဖောက်ရာ မလွတ်၍ ခုတ်လှဲရှင်းလင်းခဲ့ရာ ယခုအခါ ထိုအပင်ကြီး မရှိတော့ကြောင်း သိရှိရပါ၏။)။

* * *

ကျီးမနိုးစာင်ဝင်း(ဓါင်းငွေ)



www.burmeseclassic.com

www.burmeseclassic.com



# ခုနစ်နေ့သားသမီးများ အမြဲတမ်း အဆောင်ပြုလုပ်ထားရန်

■ ဆရာ မင်းသုန္ဒြ (မန်းတက္ကသိုလ်) ■

တနင်္ဂနွေသားသမီးတို့သည် အမြဲတမ်း မျက်နှာပွင့်လန်း၍ အကြံအစည်အောင်မြင်လိုပါက မိမိတို့၏ မွေးနံနှင့် မိတ်ဖက်ဖြစ်သော ကြာသပတေးနံအရ ငုင်းနှစ်နံတို့ကို တွဲစပ်ထားသော နံသင့်အောင် မဲဖြူသားလက်တစ်ဆစ်ကို ကြာသပတေးနေ့မှာ ဖြတ်ယူလျက် ဥသြရုပ်ကလေးထုလုပ်ပြီး မိမိကိုယ်၌ အမြဲတမ်း အဆောင်ပြုလုပ်ထားသည်ရှိသော် ဘေးရန်ကင်း၍ အကြံအစည်ပြည့်စုံပါလိမ့်မည်။

တနင်္လာသားသမီးတို့သည် အမြဲတမ်း မျက်နှာပွင့်လန်း၍ အကြံအစည်အောင်မြင်လိုပါက မိမိတို့၏ မွေးနံနှင့် မိတ်ဖက်ဖြစ်သော ကန့်ဗလာသား လက်တစ်ဆစ်ကို ဗုဒ္ဓဟူးနေ့မှာ ဖြတ်ယူလျက် ကျားရုပ်ကလေး ထုလုပ်၍ မိမိကိုယ်၌ အမြဲမကွာ အဆောင်ပြုလုပ်ထားသည်ရှိသော် ဘေးရန်အပေါင်း ကင်းငြိမ်း၍ ပြည့်စုံလာလိမ့်မည်။

အင်္ဂါသားသမီးတို့သည် အမြဲတမ်း မျက်နှာပွင့်လန်း၍ အကြံအစည်အောင်မြင်လိုပါက မိမိတို့၏ မွေးနံနှင့် မိတ်ဖက်ဖြစ်သော ဆပ်သွားသား လက်တစ်ဆစ်ကို သောကြာနေ့မှာ ဖြတ်ယူလျက် ဆင်ရုပ်ကလေးထုလုပ်ပြီး မိမိကိုယ်၌ အမြဲမကွာ အဆောင်ပြုလုပ်ထားသည်ရှိသော် ဘေးရန်အပေါင်း ကင်းငြိမ်း၍ အကြံအစည်များလည်း အောင်မြင်လာပါလိမ့်မည်။

ဗုဒ္ဓဟူးသားသမီးတို့သည် အမြဲတမ်း မျက်နှာပွင့်လန်း၍ အကြံအစည်အောင်မြင်လိုပါက မိမိတို့၏ မွေးနံနှင့် မိတ်ဖက်ဖြစ်သော လက်ခုပ်သား လက်တစ်ဆစ်ကို တနင်္လာနေ့မှာ ဖြတ်ယူလျက် ဝက်ရုပ်ကလေး ထုလုပ်ကာ မိမိကိုယ် တွင်းမှာ အမြဲဆောင်ထားပါက ဘေးရန်အပေါင်း ကင်းငြိမ်း၍လာပါလိမ့်မည်။

ကြာသပတေးသားသမီးတို့သည် အမြဲတမ်း မျက်နှာပွ လန်း၍ အကြံအစည်အောင်မြင်လိုပါက မိမိတို့၏ မွေးနံ မိတ်ဖက်ဖြစ်သော မအူသားလက်တစ်ဆစ်ကို တနင်္ဂနွေ မှာ ဖြတ်ယူလျက် ဘဲရုပ်ကလေးထုလုပ်ကာ မိမိကိုယ်တွင်း၌ အမြဲဆောင်ထားပါက ဘေးရန်အပေါင်းကင်း၍ အလု အကိုင်အကြံအစည်များ အောင်မြင်လာပါလိမ့်မည်။

ဤနေရာ၌ မိတ်ဖက်အဆောင်ဓာတ်ဟူသည်မှာ အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်းဟူသော ကမ္ဘာ့မိတ် ဓာတ်ကို ဆိုလိုသည်ဖြစ်သောကြောင့် မိမိ၏ မွေးနေ့နံ မိတ်ဖက်ကြံရာ ငုင်းနှစ်နံတွဲစပ်ထားသော အသားများ ဆိုင်ရာ နံသင့်အရုပ်တို့ကို ထုလုပ်လျက် မိမိကိုယ်တွင်းဝ ဒ အဆောင်သဘောပြုလုပ်ထားပါက နေ့စဉ်နေ့တိုင်း ကျ သရေတိုး၍ ဘေးရန်အပေါင်း ကင်းငြိမ်းချမ်းသာသုခနှင့် လျက် သွားလေရာရာ မျက်နှာပွင့်လန်းပြီး မိမိတို့ ကြံစည် လုပ်ကိုင်သော အလုပ်အကိုင်များလည်း ပြီးမြောက် အောင် မြင်ရလိမ့်မည်ကား မလွဲနိုင်ပါ။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါ

* * *

ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



# ကာလသားရောဂါအတွက် ဆေး

ဝင်းဇော် (သုံးဆယ်)

ကျွန်တော် အလုပ်လုပ်ကိုင်နေသည့် ရွှေပြည်သာ စက်မှုဇုန်မှ အလုပ်ရုံတွင် နေ့စားလုပ်ကိုင်နေကြသူတို့မှာ လူငယ်အများစုဖြစ်သည်။ သည်တော့ စရိုက်မျိုးစုံသည်။ နေ့လယ် အလုပ်နားပြီး ထမင်းစားပြီးသည့်အချိန်တွင် လူငယ်များသည် ထွေရာလေးပါး စကားပြောရင်း နောက်ပြောင်နေတတ်ကြလေသည်။ သူတို့ပြောနေသည့် စကားများကို နားထောင်ပြီး အားရပါးရ ရယ်မောရသည်လည်း ရှိသည်။ စိတ်ပျက်သွားရသည်လည်း ရှိသည်။ မည်သို့ပင်ဖြစ်စေ ပျော်ရကောင်းသည့်အချိန်ကလေးဟု ခံယူထားမိသည်။

တစ်နေ့ နေ့လယ်တွင် သံဂဟေဆက် အလုပ်သမား ကျော်ကြီးသည် ထမင်းစားပြီးသည်နှင့် ကျွန်တော့်ဘေးနားသို့ လာ၍ထိုင်သည်။ ကျော်ကြီးဆိုသည့် လူငယ်နှင့် ကျွန်တော်သည် တစ်နှစ်ကျော်ခန့် အတူလက်တွဲ အလုပ်လုပ်နေသူဖြစ်သဖြင့် ခင်မင်နေကြသည်။ ကျော်ကြီးက အလုပ်သမားတွေကို နောက်ပြောင်နေတတ်သူဖြစ်ရာ ကျွန်တော့်အား အများ နောက်ပြောင်ဦးမလဲဟု တွေးနေမိသည်။ သို့သော် ကျွန်တော်ထင်သလို မဟုတ်ပါ။ ကျွန်တော်၏ အနားတွင် ထိုင်သော ကျော်ကြီး၏ မျက်နှာသည် ညှိုးနွမ်းနေသည်။

“ကျော်ကြီး၊ မင်း နေမကောင်းဘူးလား”

“ကျွန်တော်တော့ ဒုက္ခတွေ့နေပြီ ဆရာ”

ကျော်ကြီး၏ စကားကြောင့် ကျွန်တော် အံ့သြသွားမိသည်။ သည်ကောင်လေးက ခြေမြန်လက်မြန်သမားမို့ ရပ်ကွက်ထဲမှာ ရန်ဖြစ်ပြန်ပြီလား မသိ။ ကျွန်တော်က မှုခင်းစာရေးဆရာမို့ ဥပဒေနှင့် ပတ်သက်ပြီး အကူအညီတောင်းတော့မှာပဲဟု ထင်မိသည်။

“မင်း ဘယ်သူ့ကို ရိုက်လိုက်ပြန်ပြီလဲ ကျော်ကြီး”

“ကျွန်တော် ရန်မဖြစ်ပါဘူး ဆရာ။ ဟိုးတစ်လောက ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ပျော်ပွဲရွှင်ပွဲတွေ ကျင်းပတာကို ဆရာ့ကို ပြောပြဖူးတယ်မဟုတ်လား”

“အင်း၊ မှတ်မိပါတယ်။ အဲဒါ ဘာဖြစ်လို့လဲ”

“အဲဒီ ပွဲလမ်းသဘင်ညက သူငယ်ချင်းတွေနဲ့ အပျော်ကျူးမိတာ အခု ကျွန်တော့်မှာ…”

ကျော်ကြီးက ကျွန်တော့်အနားသို့ တိုးကပ်ပြီး ပြောသည်။ ကျွန်တော် မျက်လုံးပြူးသွားရသည်။ ကျော်ကြီးက အပျော်အပါးလိုက်စားတတ်သည်ကို သူ ပြောပြထား၍ ကျွန်တော်က သိနေသည်။ လူပျိုလူလွတ်ဆိုတော့ သူငယ်ချင်းတွေ ဆုံတွေ့ကြသည့်အခါ အပျော်ကျူးတတ်သည်မှာ မဆန်းတာပင်မဟုတ်လား။ ယခုတော့ မြွေပွေးပိုးထိနေပြီ။

“တော်တော်အခြေအနေဆိုးနေလား”

“အနာတွေက တစ်ဆစ်ဆစ်နဲ့ ကိုက်တယ်”

အပျော်အပါးလိုက်စားခြင်းကြောင့် ကာလသားရောဂါခေါ် အနာအဖုအပိန့်များ ထွက်သူတိုင်းကို ကျွန်တော်က တိုင်းရင်းမြန်မာဆေးနည်းများဖြင့် ကုသပေးနေသည်ကို ကျော်ကြီးက သိထားသည်။ ကျွန်တော်က စာရွက်ဖြူတစ်ရွက်ပေါ်တွင် အောက်ပါအတိုင်း ရေးလိုက်၏။

(၁) အညာချဉ်ပေါင်ရွက် သတ္တုရည်ဖြင့် အနာကို လိမ်းပေးပါ။

(၂) ကြွက်နားပေါင်းမြစ်ကို ဆိတ်နို့နှင့် ကျိုပါ။ ပိတ်ချင်း၊ ချင်းခြောက်၊ ရေတတ်ကော်င်း သင့်တင့်ရုံ ထည့်သောက်ပါ။

(၃) ပင်လယ် ကသစ်ရွက် သတ္တုရည်နှင့် အနာကို လိမ်းပေးပါ။ အမြစ်ကို ကျိုချက်၍ တစ်နေ့ နှစ်ကြိမ်သောက်ပါ။

နောက်ရက်များတွင် ကျော်ကြီး အလုပ်မဆင်းသည်ကို ကျွန်တော် သတိထားမိသည်။ သူ့အနာရောဂါတွေ ပိုဆိုးနေသလားဟု စိုးရိမ်နေမိသည်။ ထို့ကြောင့် သူနေထိုင်သည့် ရပ်ကွက်ထဲသို့ ညနေ အလုပ်ဆင်းသည်နှင့် လိုက်သွားသည်။

“ဘယ်လိုလဲ ငါ့လူ အခြေအနေက…”

“အနာက ပြည်ပုပ်တွေ ဆင်းတာတော့ ပျောက်သွားပြီ။ အမေ့ဆီကို ခဏသွားနေလို့ အလုပ်မဆင်းဖြစ်တာပါ”

သည်စကားကြားရတော့မှ ကျွန်တော် ရင်အေးသွားရတော့သည်။ အပျော်အပါးလိုက်စားတတ်သည့် လူကြီးလူငယ်တွေ ကုရာနတ္ထိ ဆေးမရှိသည့် ရောဂါဆိုးကြီးကို ကြောက်ကြစေချင်ပါသည်။ တစ်ခဏတာ ပျော်ရွှင်မှုသည် မိမိ၏ အသက်ကို ရန်ရှာစေတတ်သည်ကို သိရှိစေချင်သည်။ သာမန် အဖုအကြိတ်ရောဂါလောက်ကတော့ တိုင်းရင်းမြန်မာဆေးနည်းများနှင့် ပျောက်ကင်းစေသည်ကို သိစေချင်၍ ရေးသားတင်ပြလိုက်ရပါသည်။

* * *

ဝင်းဇော်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com






# ၂၀၁၃၊ ဇွန်လ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၃၊ ဇွန်လ၏ ကောင်းကင်ထက်၌ ပြိဿရာသီရောက် တနင်္ဂနွေဂြိုဟ် ဇွန် ၁၄ရက်နေ့တွင် မေထုန်ရာသီ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီး အင်္ဂါဂြိုဟ် ပြိဿရာသီ၌ ရပ်တည်နေပါမည်။ မေထုန်ရာသီရှိ ဗုဒ္ဓဟူးဂြိုဟ် ဇွန် ၂၇ရက်နေ့ ဖောက်ပြန်၍ သွားလာမည်ဖြစ်ပြီး ကြာသပတေးဂြိုဟ် မေထုန်ရာသီတွင် တည်ရှိနေပါမည်။ စနေဂြိုဟ် ဇွန်လတစ်လ တူရာသီတွင် ဖောက်ပြန်သွားလာမည်ဖြစ်သည်။ မေထုန်ရာသီမှ သောကြာဂြိုဟ် ဇွန်၂၃ရက်နေ့တွင် ကရကဋ်ရာသီ ပြောင်းရွှေ့ရပ်တည်ပါလိမ့်မည်။ ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိဿရာသီများအတွင်း တည်ရှိနေ၍ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ၌ ရပ်တည်ပြီး ကုမ်ရာသီမှ နက်ပကျွန်းဂြိုဟ် ဇွန် ၈ရက်နေ့တွင် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဖောက်ပြန်သွားလာ နေသည်ကို တွေ့ရပါလိမ့်မည်။ မနုရာသီမှ ပလူတိုဂြိုဟ် ဇွန် ၂ရက်နေ့၌ မနုရာသီ၌ ဖောက်ပြန်၍ ရပ်တည်နေပါသည် ထူးခြားသော ဂြိုဟ်ပူးယှဉ်မှုများအဖြစ် ဇွန် ၂၁ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၀နာရီ ၆မိနစ်တွင် သောကြာနှင့် ဗုဒ္ဓဟူး ဂြိုဟ်များ ပူးယှဉ်စစ်ထိုးပါမည်။ နေ၏ အေးဘက် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ပူးယှဉ်မည်ဖြစ်သည့်အတွက် ကမ္ဘာ အကျိုးသက်ရောက်မှု ရှိမည်။ ဖြစ်စဉ်ပေါ်ပေါက်မည့်နေရာမှာ အနောက်လောင်ဂျီတွဒ် ၅၉ ဒီဂရီ ၃၅မိနစ်နှင့် မြောက်လတ္တီတွ ၂၃ဒီဂရီ ၀၈ မိနစ်ဖြစ်သည့်အတွက် အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကို၊ ကျူးဘားနှင့် ဟေတီနိုင်ငံများအတွ မှန်တိုင်း (သို့မဟုတ်) လျှော်ဖြစ်စဉ်များ တွေ့ကြုံတတ်သည်။ ဖြစ်စဉ်အား မြန်မာမှ မမြင်တွေ့နိုင်ပါ။

ဇွန်လ ၂၃ရက်နေ့၊ မြန်မာစံတော်ချိန် ညနေ ၆နာရီ ၃မိနစ်၊ နယုန်လပြည့်နေ့တွင် ကမ္ဘာနှင့် အနီးဆုံး ဆုံမှတ် အလင်းရောင်အား ၁၀၀ရာခိုင်နှုန်းအပြည့်အဝ ရရှိထားသော လပြည့် လဝန်းရောက်ရှိပြီး Super Moon ဖြစ်စဉ် ဖြ ပေါ်ပါလိမ့်မည်။ **Super Moon** တစ်နှစ်တွင် တစ်ကြိမ်ဖြစ်ပေါ်တတ်ပြီး ဖြစ်ပေါ်သည့် နေရာဒေသ၊ ဖြစ်ပေါ်သော မိ အကွာအဝေးခြားနားချက်များ မတူညီတတ်ပါ။ ယခုဖြစ်စဉ်သည် အနောက်လောင်ဂျီတွဒ် ၁၇၂ဒီဂရီ ၄၄မိနစ်နှင့် တောင် လတ္တီတွဒ် ၁၉ ဒီဂရီ ၄၄မိနစ် တွန်ဂါကျွန်းအနီး တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်ပါမည်။ ဩစတြေးလျ၊ နယူးဇီ အင်ဒိုနီးရှားနိုင်ငံများ၌ လျှော်ဖြစ်စဉ် တွေ့ကြုံနိုင်သည်။ ထူးကဲ ဒီရေတက်သည့် ဖြစ်စဉ်များ ပေါ်ပေါက်လာတတ်သည် ယင်းနေ့ရက်၌ လပြည့် လဝန်းကြီးအား အခြားလပြည့်ရက်များနှင့် မတူဘဲ အရွယ်အစား ပိုမိုကြီးမားစွာ တွေ့မြင်ရမည်



www.burmeseclassic.com

www.burmeseclassic.com




င်းအချိန်၌ လနှင့် ကမ္ဘာအကွာအဝေး မိုင်ပေါင်း (၂၂၁,၈၇၂) ဖြစ်သဖြင့် လ၏ အရွယ်အစားအား ပိုမိုကြီးမားစွာ တွေ့ရခြင်းဖြစ်ပေသည်။


၂၀၁၃၊ ဇွန်လ ၁၉ရက်၊ နံနက် ၃နာရီ ၃၀မိနစ်တွင် အလင်းအား ၆၀ရာခိုင်နှုန်းခန့်ရှိသော လမင်းကို စိတြနက္ခတ် (Star Spica )ကြယ်မှ ထွင်းဖောက်သော ဖြစ်စဉ်ဖြစ်ပေါ်မည်။ ဇွန်လ ၁၈ရက်၊ ညနေ နေဝင်ချိန်မှ စတင်၍ မှန်းတည့်နှင့် အရှေ့ဘက် မိုးကောင်းကင်အသီးသီး၌ လေ့လာနိုင်ပြီး ဇွန်လ ၁၈ရက်နေ့ည သန်းခေါင်ယံမှ ဇွန် ၁၉ရက် နံနက် ၁နာရီ အတွင်း အရှေ့ဘက် မိုးကောင်းကင်၌ လ၏အနီးနား၌ စိတြနက္ခတ်အား နီးကပ်စွာ တွေ့မြင်နိုင်ပေလိမ့်မည်။ ဖြစ်စဉ် ဖြစ် သောနေရာမှာ အနောက်လောင်ဂျီတွဒ် ၂၀ဒီဂရီ ၂၂မိနစ်နှင့် တောင်လတ္တီတွဒ် ၁၁ ဒီဂရီ ၁၄မိနစ်ရှိ တောင် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ ဖြစ်သည်။

ဗြိတိသျှဘုရင်မကြီး၏ ကျန်းမာရေးအညံ့နှင့် ထီနန်းပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်တတ်သည်။

၂၀၁၃၊ ဇွန်လ ၁၉ရက်၊ ည ၁၁နာရီ ၄၅မိနစ်တွင် ကြာသပတေးဂြိုဟ် နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိ၍ ကမ္ဘာနှင့် တစ်တန်းတည်းကျရောက်သော ဖြစ်စဉ်များ ဖြစ်ပေါ်လာမည်။ မြင်တွေ့ လေ့လာခွင့် မရရှိနိုင်ပါ။ ကြာသပတေးဂြိုဟ်အတ္တမိသည့် ဖြစ်စဉ်ဟု ခေါ်ဆိုပြီး မတ်ပဲဈေးနှုန်းများ ကျဆင်းတတ်သည်။



မုဒ္ဓဟူးနှင့် သောကြာဂြိုဟ်များ ပူးယှဉ်နေပုံ



ကြာသပတေးဂြိုဟ်နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိနေပုံ



ဇွန် ၂၃ Super Moon ဖြစ်စဉ်၌ အရွယ်အစားကြီးမားစွာ မြင်တွေ့ရမည့် လပြည့် လဝန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၃၊ ဇွန်လ (၁၂)ရာသီ လက်ဖိုင်ရှင်တို့၏ နက္ခတ်တက်ကြမ္ဘာ

## ARIES



## မိဿလဂ်

ငွေကြေးကံ၊ လုပ်ငန်းကံ ဆက်လက်ကောင်းမွန်သော်လည်း လုပ်ငန်းကိစ္စများတွင် မောင်နှမသား လုပ်ဖော်ကိုင်ဖက်များကြောင့် ပြဿနာကြုံမည်။ ထီကံစမ်းသင့်သောကာလဖြစ်ပြီး မထင်မှတ်ဘဲ ငွေ အများအပြားရရှိသုံးစွဲရမည်။ လုပ်ငန်းကိစ္စ၊ စီးပွားရေးကိစ္စများအတွက် စကားပြော အဆင် ဖြစ်ရတတ်သည်။ ခရီးသွားလာမှုများအတွက် စိတ်အနှောင့်အယှက်တွေ့ကြုံတတ်သည်။ စိတ်ပင်ပန်း များပြားပြီး ဆုံးဖြတ်သုံးသပ်ချက်များအတွက် လွဲချော်မှုများ ယှဉ်တွဲနေတတ်သည်။ လုပ်ငန်း အောင်မြင်မှုများ ရရှိသော်လည်း ပြင်းထန်သော လုံ့လစိုက်ထုတ်မှုများဖြင့် ကြိုးစားဆောင်ရွက်ရ အိမ်ခြံမြေကိစ္စများကြောင့် အကျိုးအမြတ်ရရှိမည်။ အိမ်ထောင်ရှင်များ ငွေကြေးကိစ္စများနှင့် ပတ်သက် အထင်လွဲ အမြင်လွဲမှုများ တွေ့ကြုံတတ်သည်။ ချစ်သူများ မိမိချစ်ရသူအတွက် စိတ်ပင်ပန်းမှုများ ပြင်းထန်ချိန်။


## TAURUS



## ပြိဿလဂ်

ငွေကြေးအများအပြားရရှိမည့် အခွင့်အရေးများ တွေ့ကြုံပေါ်ပေါက်လာတတ်ပြီး ထီကံစမ်းသင့်သော ကာလဖြစ်သည်။ ဘုန်းကံဩဇာအရှိန်အဝါတိုးတက်မြင့်မားပြီး ကြံစည်ကြိုးပမ်းသမျှ ထူးခြားစွာ အ ရှိ အောင်မြင်မည်။ လုပ်ငန်းရှင်များ အခက်အခဲများလျော့ပါး၍ ပြန်လည်တည်ဆောက်ပြုပြင် ကြိုး ခွင့်ရရှိမည့်ကာလဖြစ်သည်။ အဆင့်မြင့် လုပ်ငန်းကိစ္စများမှ ငွေကြေးရရှိမှုကံ ကောင်းမွန်မည်။အ အသောက်များယွင်းမှုကြောင့် ကျန်းမာရေးအညံ့ကြုံတတ်သည်။ အကောင်းဆုံး ကြံစည်ကြိုးပမ်းမှု ရုတ်တရက် ပြည့်ဝ အောင်မြင်လာမည်။ ရွှေရတနာပစ္စည်းအသစ်အဆန်းများ ရရှိသုံးစွဲရမည်။ နိုင်ငံ ခရီးစဉ်များ တွေ့ကြုံပေါ်ပေါက်တတ်ပြီး ဘာသာရေးနှင့် အလှူမင်္ဂလာကိစ္စများအတွက် ခရီးဝေး ရမည်။ ပညာသင်ကြားသူများ အဆက်အသွယ်ကောင်းများ ရရှိနေမည်။ အိမ်ထောင်ရှင်များ မိသား ပဋိပက္ခကြား ဗျာများနေချိန်။ ချစ်သူများ ခရီးဝေးများသွားလာရပြီး ကံကောင်းသော အချိန်ကာ

## GEMINI



## မေထုန်လဂ်

အေးမြသော လရိပ်အောက် အေးချမ်းစွာ ခရီးဆက်နှင်ခွင့်ရှိမည်။ ခရီးသွားလာမှု များပြားမည်။ စ စပ်ဖက်၊ ကုမ္ပဏီလုပ်ငန်းသစ်များ ဆောင်ရွက်ခွင့်ရရှိချိန်။ လုပ်ငန်းကိစ္စများ အဆင်ပြေ အောင်မြင် ပျော်ရွှင်မှုများ ပြည့်စုံမည်။ ငွေကုန်ကျမှု များပြားနေမည်။ အခြေအနေအမျိုးမျိုးကြား ရွေးချယ် ခက်ခဲမည့် အခွင့်အရေးများ ပေါ်ပေါက်လာချိန်။ အိမ်ခြံမြေယာဥ်ဝယ်ယူရန် ကြိုးပမ်းသူများ အဆင် မည်။ ဘုန်းကံနှင့် ဂုဏ်သိက္ခာပိုင်း တိုးတက်ကြီးမြင့်လာမည်။ ငွေကြေးအကျိုးအမြတ် များစွာရ မိသားစုဘဝအဆင့်အတန်း မြင့်မားတိုးတက်သောကာလ။ လုပ်ငန်းရှင်များ လုပ်ငန်းပိုင်း တိုးတက်မြင့်မား ကံဇာတာမြင့်မားချိန်။ ပညာသင်ကြားနေသူများ အေးချမ်းတည်ငြိမ်စွာဖြင့် ကံကောင်းကြီးပွားမှု ဖန်တီးပုံဖော်နိုင်မည်။ အိမ်ထောင်ရှင်များ စီးပွားရေးပိုင်း အကျိုးရှိ အဆင်ပြေမှုကြောင့် အိမ်တွင်းရေးပိုင် အေးချမ်းသာယာမည်။ ချစ်သူများ အစစအရာရာ အဆင်ပြေ အောင်မြင်သည့် နေ့ရက်များအ ဖန်တီးရယူခွင့်ရှိမည်။

## CANCER



## ကရကဋ်လဂ်

စိတ်ပင်ပန်းမှု များပြားပြီး အတိုက်အခံ၊ ပြဿနာများ ရင်ဆိုင်တွေ့ကြုံ ဖြေရှင်းရချိန်။ မိမိဆောင်ရွက် ကြိုးပမ်းမှုများတွင် ဆုံးဖြတ်ယူဆချက်များ လွဲချော်၍ ဆုံးရှုံးနစ်နာမှုများ ရင်ဆိုင်ရမည်။ ပြဿနာအတား အဆီးများဖြင့် မိတ်ဆွေဖွဲ့ရသော ကာလ။ အောက်လက်ငယ်ဖြင့် ပဋိပက္ခ၊ ပြဿနာများ တွေ့ကြုံတတ်သည် အဆင်မပြေမှု၊ အတားအဆီးများကြား စိတ်ဓာတ်ကို မြှင့်တင်ပါ။ ကျန်းမာရေးအညံ့ ကြုံတတ်ပြီ ဦးခေါင်းနာကျဉ်ကိုက်ခဲမှုဝေဒနာ ခံစားရမည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် အတိုက်အခံနှင့် ပြဿနာ များပြားစွာ တွေ့ကြုံဖြေရှင်းရသော ကာလ။ ပညာသင်ကြားနေသူများ အတိုက်အခံကြားမှ မိမိရည်မှန် ချက် ပန်းတိုင်ဆီသို့ ရောက်ရှိမည်။ အိမ်ထောင်ရှင်များ လူမှုရေးအနှောင့်အယှက် ပြဿနာများ တွေ့ကြုံ ရင်ဆိုင်ဖြေရှင်းရမည်။ ချစ်သူဖြင့် မကြာခဏ ကတောက်ကဆ ပြဿနာအငြင်းအခုံများ တွေ့ကြုံဖြစ်ပွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## LEO



## သိဟ်လဂ်

ငွေကြေးအကျိုးပေးကံ အထူးကောင်းမွန်၍ ထီကံစမ်းသင့်သော အချိန်ကာလဖြစ်သည်။ လုပ်ငန်းတွင် ကြီးမားသော အကျိုးအမြတ်များ ဖန်တီးရယူနိုင်မည်။ လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့ အကူအညီကောင်းများ ရရှိပြီး ကောင်းကျိုးတရားများ ပေါ်ပေါက်တွေ့ကြုံလာမည်။ အဆင်ပြေ တိုးတက်အောင်မြင်မှုများ ရယူပိုင်ဆိုင်ခွင့်ရှိမည်။ လုပ်ငန်းကိစ္စများ၌ ရာထူးဘုန်းကံအရှိန်အဝါ မြင့်မားတိုးတက်မည့်ကာလဖြစ်သည်။ အကြီးအကဲ ဆရာသမားများထံမှ အထောက်အပံ့ အကူအညီကောင်းများ ရရှိလာမည်။ လုပ်ငန်းရှင်များ မထင်မှတ်ထားသည့် ကြွေးမြီအဟောင်းများ ပြန်လည်ရရှိတတ်သည်။ ပညာသင်ကြားနေသူများ ပညာရေးကဏ္ဍများ၌ အောင်မြင်တိုးတက်မှုများ ထူးခြားစွာ တွေ့ကြုံမည်။ အိမ်ထောင်ရှင်များ မိမိတို့ ရည်မှန်းချက်များ ပြည့်စုံ အဆင်ပြေမည့်ကာလ။ ချစ်သူများ ပြန်လည်သင့်မြတ် အဆင်ပြေပြီး ရွှေရောင်အနာဂတ်နေ့ရက်များ ရယူပိုင်ဆိုင်နိုင်မည်။

## VIRGO



## ကန်လဂ်

ကံဇာတာ ဆက်လက်မြင့်မားတိုးတက်ပြီး အကောင်းဆုံး အခွင့်အရေးများ ဆက်လက် ဖန်တီးခွင့်ရှိမည်။ ငွေကြေးအကျိုးအမြတ်ရရှိမှုကံ ကောင်းမွန်၍ ထီကံစမ်းပေးပါ။ လူမှုရေးနယ်ပယ်၌ ထင်ရှားကျော်ကြား၍ စန်းထသော ကာလဖြစ်သည်။ လုပ်ငန်းနှင့် ပတ်သက်၍ ဘုန်းကံသြဇာအရှိန်အဝါမြင့်မားပြီး အမည်နှင့် ဂုဏ်သတင်းထင်ရှား ကျော်ကြားမည်။ အိမ်ခြံမြေယာဉ်ကိစ္စများအတွက် ငွေကြေးအကျိုးအမြတ်များ ရရှိတတ်သောကာလဖြစ်သည်။ လုံ့လ ဝီရိယအကျိုး ခံစားခွင့်ရရှိလာမည်။ မှန်ကန်သော ဆုံးဖြတ်ယူဆချက်များဖြင့် လုပ်ငန်းပိုင်း တိုးတက်ကြီးပွားမှုများ ပုံဖော်တည်ဆောက်ခွင့်ရှိမည်။ လုပ်ငန်းရှင်များ ကံဇာတာမြင့်မား၍ အဆက်အသွယ်ကောင်းများ ရရှိပြီး ကောင်းကျိုးဖြစ်ထွန်းမည်။ ပညာသင်ကြားသူများ ပညာရေးအခွင့်အရေးသစ်များ ဖန်တီး တည်ဆောက်နိုင်ချိန်။ အိမ်ထောင်ရှင်များ သံသယများကြား ပြဿနာကြုံတတ်သည်။ ချစ်သူများ အရာရာလုပ အဆင်ပြေသည့် ရောင်စုံနေ့ရက်များကြား အနာဂတ် အိပ်မက်များ လှပလင်းလက်ချိန်။

## LIBRA



## တူလဂ်

လုပ်ငန်းကိစ္စများတွင် အတိုက်အခံယှဉ်တွဲ၍ ငွေကြေးရရှိမှုကံ အထူးကောင်းမွန်မည်။ လုပ်ငန်းသစ်များ ဆောင်ရွက်ရန် အခွင့်အရေးကောင်းများ ပေါ်ပေါက်တွေ့ကြုံ၍ အောင်မြင်သည့် လမ်းကြောင်းထက် ရောက်ရှိ ကြီးပွားမည်။ အဖက်ဖက်မှ တိုးတက်သော အခြေအသစ်များ ရယူဖန်တီးခွင့်ရရှိ၍ ဘဝကံ အကျိုးပေးချိန်ဖြစ်သည်။ လူမှုရေးပိုင်းဆိုင်ရာ အခက်အခဲများနှင့် အနှောင့်အယှက်ပြဿနာများ ပေါ်ပေါက် ရင်ဆိုင်ဖြေရှင်းရမည်။ အကြီးအကဲ မိဘများအတွက် စိတ်အနှောင့်အယှက် ပဋိပက္ခဖြစ်စဉ်များ ပေါ်ပေါက် တွေ့ကြုံလာနိုင်သည်။ ငွေကြေးပိုင်းဆိုင်ရာ ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံရချိန်။ ကံကောင်းသော အခွင့်အရေးများ ပေါ်ပေါက်တွေ့ကြုံလာသော်လည်း အခက်အခဲများ ယှဉ်တွဲနေတတ်သည်။ ပညာသင်ကြား နေသူများ ငွေကုန်ကြေးကျ များပြားနေမည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးတိုက်ပွဲများ ဆင်နွှဲရချိန်။ ချစ်သူများ အရာရာတွင် စိတ်ကတောက်ကဆ ပြဿနာများ ယှဉ်တွဲနေမည်။

## SCORPIO



## ဗြိစ္ဆာလဂ်

လူမှုရေးကိစ္စများ၌ စိတ်အနှောင့်အယှက် တွေ့ကြုံတတ်သည်။ မိမိရည်မှန်းချက်များအတွက် ပေးဆပ် အနစ်နာခံရမှု များပြားနေမည်။ စိတ်လိုက်မာန်ပါ ဆောင်ရွက်မှုများ အထူးသတိပြုပါ။ အောင်မြင်မှုများ ရရှိသော်လည်း စိတ်ညစ်နွမ်းမှုများ လွှမ်းခြုံထားမည်။ ငွေကုန်ကျမှု များပြားတတ်သော ကာလဖြစ်ပြီး ငွေကြေးပျောက်ရှ ပျက်စီးဆုံးရှုံးတတ်သည်။ ပရိယာယ်သုံး၍ ရည်မှန်းချက်များ အကောင်အထည်ဖော် သင့်ချိန်။ အပူ-အဖျားကျန်းမာရေး အညံ့တွေ့ကြုံမည်။ အောက်လက် ပြဿနာများကြား စိတ်ညစ်နွမ်းချိန်။ ကြိုးစားသော်လည်း မျှော်မှန်းသလောက် အောင်မြင်မှုများ မရရှိနိုင်သည့် ကာလ။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းပိုင်းတွင် မထင်မှတ်သည့် ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံရတတ်သည်။ပညာသင်ကြားနေသူများ ပညာရေးတွင် အတိုက်အခံများပြား ပြင်းထန်ချိန်။ အိမ်ထောင်ရှင်များ အသေးအဖွဲပြဿနာမှ ကြီးမားသော အမုန်းပဋိပက္ခဖြစ်စဉ်များ ဖြစ်ပေါ်လာတတ်သည်။ ချစ်သူနှင့် ကြမ်းတမ်းသော ခယောင်းလမ်းများ ဖြတ်ကျော်ရချိန်။



www.burmeseclassic.com

www.burmeseclassic.com



## SAGITTARIUS



## ဓနုလာဂ်

အကူအညီကောင်းများ ရရှိပြီး အနာဂတ် ရည်မှန်းချက်အချို့ ပြည့်ဝ အောင်မြင်ချိန်။ လုပ်ငန်း
တာဝန်များတွင် အမည်နှင့် ဂုဏ်သတင်း ထင်ရှားကျော်ကြားချိန်ကာလ။ ငွေကြေးကံကောင်းမွန်သော
ကာလဖြစ်ပြီး ကြိုးပမ်းကြိုးစည်ဆောင်ရွက်မှုများ လွယ်ကူစွာ ပြည့်ဝ အောင်မြင်မည်။ လုံးလ
သတ္တိဗျတ္တိစွမ်းအင်များ ပေါက်ဖွားလာ၍ အောင်ပန်းကို ဆွတ်ယူခွင့်ရှိမည်။ ဆုချပုံပြင့် ယုံကြည်
ချက်များ အကောင်အထည်ဖော် တည်ဆောက်ရချိန်။ ကုမ္ပဏီအဖွဲ့အစည်းများကို အကြောင်းပြု
အကျိုးရှိ ကံကောင်းမည်။ စပ်တူစပ်ဖက် ထီကံစမ်းပေးသင့်သော ကာလ။ မှန်ကန်သည့် ဆုံးဖြတ်ချက်
များ ချမှတ်နိုင်ချိန်။ လုပ်ငန်းရှင်များ ထူးခြားသည့်အခွင့်အရေးသစ်များ လက်ဝယ်သို့ ရောက်ရှိလာမည်
ပညာသင်ကြားမှုတွင် အပြိုင်အဆိုင်များပြားချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးသာယာ အဆင်ပြေ
သော ကာလ။ ချစ်သူများ ပျော်ရွှင်ခြင်းအနာဂတ်နေရက်များအား ရယူပိုင်ဆိုင်နိုင်မည်။

---

## CAPRICORN



## မကာရလာဂ်

အခက်အခဲများ ပေးဆပ်၍ စိတ်ဖိစီးမှုများပြားချိန်။ သောကပြဿနာမီးများ ဝန်းရံ၍ အမှုပြဿနာများ
ဖြေရှင်းရတတ်သည်။ စိတ်လိုက်မာန်ပါ ဆောင်ရွက်မှုများ သတိပြုပါ။ အကြီးအကဲ ဆွေမျိုးသားချင်း
များကြောင့် ဒုက္ခရောက်တတ်သည်။ ဦးခေါင်းနာကျင်ကိုက်ခဲမှု၊ သွေးတိုးမှုဝေဒနာများ ခံစား
တတ်သည်။ မကောင်းသတင်းဖြင့် ကျော်ကြားတတ်သော ကာလ။ ပြဿနာပဋိပက္ခများ ဝန်းရံခံရ
လွဲမှားသော ဆုံးဖြတ်ယူဆချက်များ လွှမ်းမိုး၍ စိတ်ဆိုး ပေါက်ကွဲမှုများ သတိပြုပါ။အရာရာတွင်
အဆင်မပြေမှု များပြား၍ ကြိုးစားမှုများ လွဲချော်နေမည်။ ကြယ်ရောင်စုံ ပျောက်သော အမှောင်ထု
လမ်းမများထက် လမ်းပျောက်မှု ရာပုံတော်ဖွင့်နေရမည်။ လုပ်ငန်းရှင်များ စပ်တူစပ်ဖက် လုပ်ငန်း
ကိစ္စများမှ ပြဿနာပေါ်ပေါက်ဖြေရှင်းရတတ်သည်။ ပညာသင်ကြားသူများ လူမှုရေးအပျော်အပါး
များကြောင့် ပညာရေးအားနည်းတတ်ချိန်။ အိမ်ထောင်ရှင်များ အဆင်မပြေမှု ပြဿနာများ ကြီးထွား
ရှင်သန်ချိန်။ ချစ်သူ၏ သံသယများအောက် ဖြေရှင်းခွင့် မရရှိချိန်။

---

## AQUARIUS



## ကုမ်လာဂ်

ထွန်းလင်းတောက်ပသော နေ့ရက်များ ဖြတ်ကျော်ရချိန်။ ဩဇာအရှိန်အဝါများ ကံထသော ကာလ
ဖြစ်သည်။ စိတ်ကူးသစ်များဖြင့် အောင်မြင်မှုများ ဖန်တီးရယူပါ။ စီးပွားဥစ္စာတိုးတက်မည်။
ဆုံးဖြတ်ယူဆချက်များ မှန်ကန်သည့်အတွက် ငွေကြေးအများအပြား အကျိုးရှိမည့်အခွင့်အရေးများ
ပေါ်ပေါက်တွေ့ကြုံလာမည်။ မင်္ဂလာရှိသော ခရီးဝေးများ သွားလာရမည်။ ကြိုးစားအားထုတ်သလောက်
အကျိုးခံစားခွင့်များ ရရှိပြီး အောင်မြင်တိုးတက်မှုများ ဖန်တီးနိုင်သော ကာလ။ပြည့်စုံ ကံကောင်းမှုများ
မိမိနှင့် မိသားစုလက်ဝယ် ရောက်ရှိလာမည်။ စိတ်ကူး ဆန္ဒသစ်များဆီသို့ ခရီးရှက်လှမ်းခွင့်
ရရှိချိန်။ လုပ်ငန်းရှင်များ ငွေကြေးအကျိုးအမြတ်ရရှိမှုကံ အထူးကောင်းမွန်မည်။ ပညာသင်ကြား
သူများ ပညာရေးရည်မှန်းချက်များ ထူးခြားစွာ ပြည့်ဝအောင်မြင်ချိန်။ အိမ်ထောင်ရေးကံကြမ္မာ
အကောင်း-အဆိုး ဒွန်တွဲနေသော ကာလ။ ချစ်သူများ မကြာခဏ ပဋိပက္ခများ ဖြစ်ပေါ်ချိန်။

---

## PISCES



## မိန်လာဂ်

ကံဇာတာ ကောင်းမွန်သောအခြေအနေတွင် ရပ်တည်နေပြီး လုပ်ငန်းကိစ္စများအတွက် ခရီးဝေးများ
သွားလာရပြီး အကျိုးရှိမည်။ လုပ်ငန်းကိစ္စများတွင် အထူးအခွင့်အရေးများရရှိပြီး အောင်မြင်သော
လမ်းကြောင်းထက် ဆက်လက်ရပ်တည်နိုင်မည်။ မိမိနှင့် မိသားစုအတွင်း ကြီးပွားအောင်မြင် တိုး
တက်မည်။ အိမ်ခြံမြေယာဥ်တို့နှင့် ပတ်သက်၍ အကျိုးရှိမည်။ ငွေကြေးရှာဖွေရ လွယ်ကူ
နိုင်ငံခြားငွေကြေးရရှိမှုကံ ကောင်းမွန်မည်။ ဘာပဲလုပ်လုပ် အဆင်ပြေနေသည့် ကာလဖြစ်သည်
နိုင်ငံရပ်ခြားဒေသများ၊ လူမျိုးခြားများ ကောင်းကျိုးပြုမည်။ အဆက်အသွယ်သစ်များ ရရှိနိုင်သည့်
ကာလဖြစ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတိုးချဲ့ရန် အခွင့်အရေးများ တွေ့ကြုံချိန်။ပညာသင်ကြား
သူများ မိမိရည်မှန်းချက်များ ပြည့်ဝ အောင်မြင်ချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးသုခများ
ပြည့်စုံ စံစားခွင့်ရရှိချိန်။ စိတ်ဆိုးစိတ်ကောက်မှုများပြားသော ချစ်သူအတွက် မကြာခဏ စိတ်လျှော့
အနစ်နာခံရမည်။

www.burmeseclassic.com


www.burmeseclassic.com



# ၂၀၁၃၊ ဇွန်လ မွန်းတည့် နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လဂ်(၁၂)လဂ်ဖြင့် လူတန်းစား (၁၂)ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ နေသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့ မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက သူ့အသီးသီး အတွက် နက္ခတ်(၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။

ယခုဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီကို လဂ်တစ်လဂ်အဖြစ် သတ်မှတ်၍ လဂ်(၁၂)လဂ်အတွက် နက္ခတ်(၁၂)လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ်(၁၂)လုံးသည် လဂ်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ(**Modern Astrology**)နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့မွေးဖွားချိန်လဂ် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လဂ်ရှာဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက်အလိုက် ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လဂ်တစ်လဂ်နှုန်းဖြင့် လဂ်(၁၂)လဂ်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ - ဧပြီ ၁၃မှ မေ ၁၃အတွင်း နံနက် (၅း၄၅) မှ (၇း၄၅)နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလဂ်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် (၉း၄၅)မှ (၁၁း၄၅)နာရီအတွင်း မွေးဖွားပါက မေထုန်လဂ်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လဂ်သတ်မှတ်ရာတွင် (၁၂)ရာသီစက်ဝန်းအတွင်း မိဿမှမိန်အထိ အစဉ်အတိုင်းသတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လဂ်များအား လဂ်ကောက်ယူမှုဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့်နက္ခတ်တို့၏ နေ့စဉ် မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ)ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါနေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။လဂ်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ)မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့်ရက်များသည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

ဦးဇေယျာကို (အမှုဆောင်အရာရှိချုပ်)
မြန်မာနိုင်ငံ နက္ခတ်သိပ္ပံအဖွဲ့ ၀၅၃ ၉၃၃၄၄

*****



www.burmeseclassic.com

www.burmeseclassic.com



ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

မေ၁၄ရက်မှဇွန်၁၄အရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

စက်၁၇ရက်မှအောက်၁၆ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

အောက်၁၇မှနို၁၅အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

နို၁၆ရက်မှဒီ၁၅ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

ဒီ၁၆မှဇန်၁၃အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

ဖေ၁၃မှ မတ်၁၃ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:[illegible] | တူ |
| ၂၄:၃၀မှ [illegible] | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှ ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၂၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com



| | မိဿလက် | | ပြိဿလက် | | မေထုန်လက် | | ကရကဋ်လက် | | သိဟ်လက် | | ကန်လက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၆း၂၈ | ၀၇း၀၀ | ၀၈း၀၆ | ၀၈း၃၆ | ၁၀း၂၇ | ၁၀း၅၇ | ၁၂း၁၅ | ၁၂း၄၇ | ၁၃း၀၃ | ၁၃း၃၆ | ၁၆း၅၀ | ၁၇း၂၄ |
| ၂ | ၀၆း၂၄ | ၀၆း၅၆ | ၀၈း၀၂ | ၀၈း၃၂ | ၁၀း၂၃ | ၁၀း၅၃ | ၁၂း၁၀ | ၁၂း၄၃ | ၁၂း၃၉ | ၁၃း၃၂ | ၁၆း၄၇ | ၁၇း၂၀ |
| ၃ | ၀၆း၂၀ | ၀၆း၅၂ | ၀၇း၅၈ | ၀၈း၂၈ | ၁၀း၁၉ | ၁၀း၄၉ | ၁၂း၀၇ | ၁၂း၃၉ | ၁၂း၅၅ | ၁၃း၂၈ | ၁၆း၄၃ | ၁၇း၁၇ |
| ၄ | ၀၆း၁၇ | ၀၆း၄၈ | ၀၇း၅၄ | ၀၈း၂၄ | ၁၀း၁၅ | ၁၀း၄၅ | ၁၂း၀၃ | ၁၂း၃၅ | ၁၂း၅၀ | ၁၃း၂၄ | ၁၆း၃၉ | ၁၇း၁၃ |
| ၅ | ၀၆း၁၃ | ၀၆း၄၄ | ၀၇း၅၀ | ၀၈း၂၀ | ၁၀း၁၁ | ၁၀း၄၁ | ၁၁း၅၉ | ၁၂း၃၁ | ၁၂း၄၇ | ၁၃း၂၀ | ၁၆း၃၅ | ၁၇း၀၉ |
| ၆ | ၀၆း၀၉ | ၀၆း၄၀ | ၀၇း၄၆ | ၀၈း၁၆ | ၁၀း၀၇ | ၁၀း၃၇ | ၁၁း၅၅ | ၁၂း၂၈ | ၁၂း၄၃ | ၁၃း၁၆ | ၁၆း၃၀ | ၁၇း၀၅ |
| ၇ | ၀၆း၀၅ | ၀၆း၃၆ | ၀၇း၄၂ | ၀၈း၁၂ | ၁၀း၀၃ | ၁၀း၃၃ | ၁၁း၅၀ | ၁၂း၂၄ | ၁၂း၃၉ | ၁၃း၁၂ | ၁၆း၂၇ | ၁၇း၀၀ |
| ၈ | ၀၆း၀၀ | ၀၆း၃၂ | ၀၇း၃၈ | ၀၈း၀၈ | ၀၉း၅၉ | ၁၀း၂၉ | ၁၁း၄၈ | ၁၂း၂၀ | ၁၂း၃၅ | ၁၃း၀၈ | ၁၆း၂၃ | ၁၆း၅၇ |
| ၉ | ၀၅း၅၇ | ၀၆း၂၈ | ၀၇း၃၄ | ၀၈း၀၄ | ၀၉း၅၅ | ၁၀း၂၅ | ၁၁း၄၄ | ၁၂း၁၆ | ၁၂း၃၁ | ၁၃း၀၄ | ၁၆း၁၉ | ၁၆း၅၃ |
| ၁၀ | ၀၅း၅၃ | ၀၆း၂၅ | ၀၇း၃၀ | ၀၈း၀၀ | ၀၉း၅၁ | ၁၀း၂၁ | ၁၁း၄၀ | ၁၂း၁၂ | ၁၂း၂၇ | ၁၃း၀၀ | ၁၆း၁၅ | ၁၆း၄၉ |
| ၁၁ | ၀၅း၄၉ | ၀၆း၂၁ | ၀၇း၂၇ | ၀၇း၅၆ | ၀၉း၄၈ | ၁၀း၁၇ | ၁၁း၃၆ | ၁၂း၀၈ | ၁၂း၂၃ | ၁၂း၅၇ | ၁၆း၁၁ | ၁၆း၄၅ |
| ၁၂ | ၀၅း၄၅ | ၀၆း၁၇ | ၀၇း၂၃ | ၀၇း၅၃ | ၀၉း၄၄ | ၁၀း၁၃ | ၁၁း၃၂ | ၁၂း၀၄ | ၁၂း၁၉ | ၁၂း၅၃ | ၁၆း၀၇ | ၁၆း၄၁ |
| ၁၃ | ၀၅း၄၁ | ၀၆း၁၃ | ၀၇း၁၉ | ၀၇း၄၈ | ၀၉း၄၀ | ၁၀း၁၀ | ၁၁း၂၈ | ၁၂း၀၀ | ၁၂း၁၆ | ၁၂း၄၉ | ၁၆း၀၃ | ၁၆း၃၇ |
| ၁၄ | ၀၅း၃၇ | ၀၆း၀၉ | ၀၇း၁၅ | ၀၇း၄၄ | ၀၉း၃၆ | ၁၀း၀၆ | ၁၁း၂၄ | ၁၁း၅၆ | ၁၂း၁၂ | ၁၂း၄၅ | ၁၅း၅၉ | ၁၆း၃၃ |
| ၁၅ | ၀၅း၃၃ | ၀၆း၀၅ | ၀၇း၁၁ | ၀၇း၄၀ | ၀၉း၃၂ | ၁၀း၀၂ | ၁၁း၂၀ | ၁၁း၅၂ | ၁၂း၀၈ | ၁၂း၄၀ | ၁၅း၅၆ | ၁၆း၂၉ |
| ၁၆ | ၀၅း၂၉ | ၀၆း၀၀ | ၀၇း၀၇ | ၀၇း၃၇ | ၀၉း၂၈ | ၀၉း၅၈ | ၁၁း၁၆ | ၁၁း၄၈ | ၁၂း၀၄ | ၁၂း၃၇ | ၁၅း၅၂ | ၁၆း၂၅ |
| ၁၇ | ၀၅း၂၅ | ၀၅း၅၇ | ၀၇း၀၃ | ၀၇း၃၃ | ၀၉း၂၄ | ၀၉း၅၄ | ၁၁း၁၂ | ၁၁း၄၄ | ၁၂း၀၀ | ၁၂း၃၃ | ၁၅း၄၈ | ၁၆း၂၀ |
| ၁၈ | ၀၅း၂၀ | ၀၅း၅၃ | ၀၆း၅၉ | ၀၇း၂၉ | ၀၉း၂၀ | ၀၉း၅၀ | ၁၁း၀၈ | ၁၁း၄၀ | ၁၁း၅၆ | ၁၂း၂၉ | ၁၅း၄၄ | ၁၆း၁၈ |
| ၁၉ | ၀၅း၁၈ | ၀၅း၄၉ | ၀၆း၅၅ | ၀၇း၂၅ | ၀၉း၁၆ | ၀၉း၄၆ | ၁၁း၀၄ | ၁၁း၃၆ | ၁၁း၅၂ | ၁၂း၂၅ | ၁၅း၄၀ | ၁၆း၁၄ |
| ၂၀ | ၀၅း၁၄ | ၀၅း၄၅ | ၀၆း၅၀ | ၀၇း၂၀ | ၀၉း၁၂ | ၀၉း၄၂ | ၁၁း၀၀ | ၁၁း၃၂ | ၁၁း၄၈ | ၁၂း၂၀ | ၁၅း၃၆ | ၁၆း၁၀ |
| ၂၁ | ၀၅း၁၀ | ၀၅း၄၁ | ၀၆း၄၇ | ၀၇း၁၇ | ၀၉း၀၈ | ၀၉း၃၈ | ၁၀း၅၆ | ၁၁း၂၈ | ၁၁း၄၄ | ၁၂း၁၇ | ၁၅း၃၂ | ၁၆း၀၆ |
| ၂၂ | ၀၅း၀၆ | ၀၅း၃၇ | ၀၆း၄၃ | ၀၇း၁၃ | ၀၉း၀၄ | ၀၉း၃၄ | ၁၀း၅၂ | ၁၁း၂၄ | ၁၁း၄၀ | ၁၂း၁၃ | ၁၅း၂၈ | ၁၆း၀၂ |
| ၂၃ | ၀၅း၀၂ | ၀၅း၃၃ | ၀၆း၃၉ | ၀၇း၀၉ | ၀၉း၀၀ | ၀၉း၃၀ | ၁၀း၄၉ | ၁၁း၂၀ | ၁၁း၃၆ | ၁၂း၀၉ | ၁၅း၂၄ | ၁၅း၅၈ |
| ၂၄ | ၀၄း၅၈ | ၀၅း၃၀ | ၀၆း၃၅ | ၀၇း၀၅ | ၀၈း၅၆ | ၀၉း၂၆ | ၁၀း၄၅ | ၁၁း၁၇ | ၁၁း၃၂ | ၁၂း၀၅ | ၁၅း၂၀ | ၁၅း၅၄ |
| ၂၅ | ၀၄း၅၄ | ၀၅း၂၆ | ၀၆း၃၁ | ၀၇း၀၀ | ၀၈း၅၂ | ၀၉း၂၂ | ၁၀း၄၁ | ၁၁း၁၃ | ၁၁း၂၈ | ၁၂း၀၁ | ၁၅း၁၆ | ၁၅း၅၀ |
| ၂၆ | ၀၄း၅၀ | ၀၅း၂၂ | ၀၆း၂၈ | ၀၆း၅၇ | ၀၈း၄၉ | ၀၉း၁၈ | ၁၀း၃၇ | ၁၁း၀၉ | ၁၁း၂၄ | ၁၁း၅၈ | ၁၅း၁၂ | ၁၅း၄၆ |
| ၂၇ | ၀၄း၄၆ | ၀၅း၁၈ | ၀၆း၂၄ | ၀၆း၅၃ | ၀၈း၄၅ | ၀၉း၁၄ | ၁၀း၃၃ | ၁၁း၀၅ | ၁၁း၂၀ | ၁၁း၅၄ | ၁၅း၀၈ | ၁၅း၄၂ |
| ၂၈ | ၀၄း၄၂ | ၀၅း၁၄ | ၀၆း၂၀ | ၀၆း၄၉ | ၀၈း၄၁ | ၀၉း၁၀ | ၁၀း၂၉ | ၁၁း၀၀ | ၁၁း၁၇ | ၁၁း၅၀ | ၁၅း၀၄ | ၁၅း၃၈ |
| ၂၉ | ၀၄း၃၈ | ၀၅း၁၀ | ၀၆း၁၆ | ၀၆း၄၅ | ၀၈း၃၇ | ၀၉း၀၇ | ၁၀း၂၅ | ၁၀း၅၇ | ၁၁း၁၃ | ၁၁း၄၆ | ၁၅း၀၀ | ၁၅း၃၄ |
| ၃၀ | ၀၄း၃၄ | ၀၅း၀၆ | ၀၆း၁၂ | ၀၆း၄၂ | ၀၈း၃၃ | ၀၉း၀၃ | ၁၀း၂၀ | ၁၀း၅၃ | ၁၁း၀၉ | ၁၁း၄၂ | ၁၄း၅၇ | ၁၅း၃၀ |
| ၃၁ | ၀၄း၃၀ | ၀၅း၀၂ | ၀၆း၀၈ | ၀၆း၃၈ | ၀၈း၂၉ | ၀၈း၅၉ | ၁၀း၁၇ | ၁၀း၄၉ | ၁၁း၀၅ | ၁၁း၃၈ | ၁၄း၅၃ | ၁၅း၂၆ |



www.burmeseclassic.com

www.burmeseclassic.com

| | တူလဂ် | | ဗြိစ္ဆာလဂ် | | ဓနုလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၈း၁၀ | ၁၈း၄၂ | ၁၉း၁၉ | ၁၉း၅၀ | ၂၂း၃၈ | ၂၃း၀၈ | ၂၂း၄၀ | ၂၃း၁၀ | ၀၀း၁၅ | ၀၀း၄၉ | ၀၄း၁၉ | ၀၄း |
| ၂ | ၁၈း၀၆ | ၁၈း၃၈ | ၁၉း၁၅ | ၁၉း၄၆ | ၂၂း၃၄ | ၂၃း၀၄ | ၂၂း၃၇ | ၂၃း၀၇ | ၀၀း၁၁ | ၀၀း၄၅ | ၀၄း၁၅ | ၀၄း |
| ၃ | ၁၈း၀၂ | ၁၈း၃၄ | ၁၉း၁၁ | ၁၉း၄၂ | ၂၂း၃၀ | ၂၃း၀၀ | ၂၂း၃၃ | ၂၃း၀၃ | ၀၀း၀၇ | ၀၀း၄၀ | ၀၄း၁၁ | ၀၄း |
| ၄ | ၁၇း၅၈ | ၁၈း၃၀ | ၁၉း၀၇ | ၁၉း၃၈ | ၂၂း၂၆ | ၂၂း၅၆ | ၂၂း၂၉ | ၂၂း၅၉ | ၀၀း၀၃ | ၀၀း၃၇ | ၀၄း၀၇ | ၀၄း |
| ၅ | ၁၇း၅၅ | ၁၈း၂၇ | ၁၉း၀၄ | ၁၉း၃၄ | ၂၂း၂၂ | ၂၂း၅၂ | ၂၂း၂၅ | ၂၂း၅၅ | ၀၀း၀၀ | ၀၀း၃၃ | ၀၄း၀၃ | ၀၄း |
| ၆ | ၁၇း၅၀ | ၁၈း၂၃ | ၁၉း၀၀ | ၁၉း၃၀ | ၂၂း၁၈ | ၂၂း၄၈ | ၂၂း၂၀ | ၂၂း၅၂ | ၀၀း၅၆ | ၀၀း၂၉ | ၀၃း၅၉ | ၀၄း |
| ၇ | ၁၇း၄၇ | ၁၈း၁၉ | ၁၈း၅၆ | ၁၉း၂၆ | ၂၂း၁၄ | ၂၂း၄၄ | ၂၂း၁၇ | ၂၂း၄၈ | ၀၀း၅၂ | ၀၀း၂၅ | ၀၃း၅၅ | ၀၄း |
| ၈ | ၁၇း၄၃ | ၁၈း၁၅ | ၁၈း၅၂ | ၁၉း၂၂ | ၂၂း၁၀ | ၂၂း၄၀ | ၂၂း၁၄ | ၂၂း၄၄ | ၀၀း၄၈ | ၀၀း၂၀ | ၀၃း၅၀ | ၀၄း |
| ၉ | ၁၇း၃၉ | ၁၈း၁၁ | ၁၈း၄၈ | ၁၉း၁၈ | ၂၂း၀၆ | ၂၂း၃၆ | ၂၂း၁၀ | ၂၂း၄၀ | ၀၀း၄၄ | ၀၀း၁၇ | ၀၃း၄၇ | ၀၄း |
| ၁၀ | ၁၇း၃၅ | ၁၈း၀၇ | ၁၈း၄၄ | ၁၉း၁၄ | ၂၂း၀၂ | ၂၂း၃၂ | ၂၂း၀၆ | ၂၂း၃၆ | ၀၀း၄၀ | ၀၀း၁၃ | ၀၃း၄၃ | ၀၄း |
| ၁၁ | ၁၇း၃၀ | ၁၈း၀၃ | ၁၈း၄၀ | ၁၉း၁၀ | ၂၁း၅၈ | ၂၂း၂၉ | ၂၂း၀၂ | ၂၂း၃၂ | ၀၀း၃၆ | ၀၀း၀၉ | ၀၃း၃၉ | ၀၄း |
| ၁၂ | ၁၇း၂၇ | ၁၇း၅၉ | ၁၈း၃၆ | ၁၉း၀၇ | ၂၁း၅၅ | ၂၂း၂၅ | ၂၁း၅၈ | ၂၂း၂၈ | ၀၀း၃၂ | ၀၀း၀၅ | ၀၃း၃၅ | ၀၄း |
| ၁၃ | ၁၇း၂၃ | ၁၇း၅၅ | ၁၈း၃၂ | ၁၉း၀၃ | ၂၁း၅၀ | ၂၂း၂၀ | ၂၁း၅၄ | ၂၂း၂၄ | ၀၀း၂၈ | ၀၀း၀၂ | ၀၃း၃၂ | ၀၄း |
| ၁၄ | ၁၇း၁၉ | ၁၇း၅၀ | ၁၈း၂၈ | ၁၈း၅၉ | ၂၁း၄၇ | ၂၂း၁၇ | ၂၁း၅၀ | ၂၂း၂၀ | ၀၀း၂၄ | ၀၀း၅၈ | ၀၃း၂၈ | ၀၄း |
| ၁၅ | ၁၇း၁၅ | ၁၇း၄၇ | ၁၈း၂၄ | ၁၈း၅၅ | ၂၁း၄၃ | ၂၂း၁၃ | ၂၁း၄၆ | ၂၂း၁၆ | ၀၀း၂၀ | ၀၀း၅၄ | ၀၃း၂၄ | ၀၃း |
| ၁၆ | ၁၇း၁၀ | ၁၇း၄၃ | ၁၈း၂၀ | ၁၈း၅၀ | ၂၁း၃၉ | ၂၂း၀၉ | ၂၁း၄၂ | ၂၂း၁၂ | ၀၀း၁၆ | ၀၀း၅၀ | ၀၃း၂၀ | ၀၃း |
| ၁၇ | ၁၇း၀၇ | ၁၇း၃၉ | ၁၈း၁၆ | ၁၈း၄၇ | ၂၁း၃၅ | ၂၂း၀၅ | ၂၁း၃၈ | ၂၂း၀၈ | ၀၀း၁၂ | ၀၀း၄၆ | ၀၃း၁၆ | ၀၃း |
| ၁၈ | ၁၇း၀၃ | ၁၇း၃၅ | ၁၈း၁၂ | ၁၈း၄၃ | ၂၁း၃၀ | ၂၂း၀၀ | ၂၁း၃၄ | ၂၂း၀၄ | ၀၀း၀၈ | ၀၀း၄၂ | ၀၃း၁၂ | ၀၃း |
| ၁၉ | ၁၆း၅၉ | ၁၇း၃၂ | ၁၈း၀၉ | ၁၈း၃၉ | ၂၁း၂၇ | ၂၁း၅၇ | ၂၁း၃၀ | ၂၂း၀၁ | ၀၀း၀၀ | ၀၀း၃၈ | ၀၃း၀၈ | ၀၃း |
| ၂၀ | ၁၆း၅၆ | ၁၇း၂၈ | ၁၈း၀၅ | ၁၈း၃၅ | ၂၁း၂၃ | ၂၁း၅၃ | ၂၁း၂၆ | ၂၁း၅၆ | ၂၃း၅၇ | ၀၀း၃၄ | ၀၃း၀၄ | ၀၃း |
| ၂၁ | ၁၆း၅၂ | ၁၇း၂၄ | ၁၈း၀၀ | ၁၈း၃၀ | ၂၁း၁၉ | ၂၁း၄၉ | ၂၁း၂၂ | ၂၁း၅၃ | ၂၃း၅၃ | ၀၀း၃၀ | ၀၃း၀၀ | ၀၃း |
| ၂၂ | ၁၆း၄၈ | ၁၇း၂၀ | ၁၇း၅၇ | ၁၈း၂၇ | ၂၁း၁၅ | ၂၁း၄၅ | ၂၁း၁၉ | ၂၁း၄၉ | ၂၃း၄၉ | ၀၀း၂၆ | ၀၂း၅၆ | ၀၃း |
| ၂၃ | ၁၆း၄၄ | ၁၇း၁၆ | ၁၇း၅၃ | ၁၈း၂၃ | ၂၁း၁၀ | ၂၁း၄၀ | ၂၁း၁၅ | ၂၁း၄၅ | ၂၃း၄၅ | ၀၀း၂၂ | ၀၂း၅၂ | ၀၃း |
| ၂၄ | ၁၆း၄၀ | ၁၇း၁၂ | ၁၇း၄၉ | ၁၈း၁၉ | ၂၁း၀၇ | ၂၁း၃၇ | ၂၁း၁၀ | ၂၁း၄၀ | ၂၃း၄၀ | ၀၀း၁၈ | ၀၂း၄၈ | ၀၃း |
| ၂၅ | ၁၆း၃၆ | ၁၇း၀၈ | ၁၇း၄၅ | ၁၈း၁၅ | ၂၁း၀၃ | ၂၁း၃၃ | ၂၁း၀၇ | ၂၁း၃၇ | ၂၃း၃၇ | ၀၀း၁၄ | ၀၂း၄၄ | ၀၃း |
| ၂၆ | ၁၆း၃၂ | ၁၇း၀၄ | ၁၇း၄၀ | ၁၈း၁၁ | ၂၀း၅၉ | ၂၁း၃၀ | ၂၁း၀၃ | ၂၁း၃၃ | ၂၃း၃၃ | ၀၀း၁၀ | ၀၂း၄၀ | ၀၃း |
| ၂၇ | ၁၆း၂၈ | ၁၇း၀၀ | ၁၇း၃၇ | ၁၈း၀၈ | ၂၀း၅၆ | ၂၁း၂၆ | ၂၀း၅၉ | ၂၁း၂၉ | ၂၃း၂၉ | ၀၀း၀၆ | ၀၂း၃၆ | ၀၃း |
| ၂၈ | ၁၆း၂၄ | ၁၆း၅၆ | ၁၇း၃၃ | ၁၈း၀၄ | ၂၀း၅၂ | ၂၁း၂၂ | ၂၀း၅၅ | ၂၁း၂၅ | ၂၃း၂၅ | ၂၃း၅၉ | ၀၂း၃၃ | ၀၃း |
| ၂၉ | ၁၆း၂၀ | ၁၆း၅၂ | ၁၇း၂၉ | ၁၈း၀၀ | ၂၀း၄၈ | ၂၁း၁၈ | ၂၀း၅၀ | ၂၁း၂၀ | ၂၃း၂၀ | ၂၃း၅၅ | ၀၂း၂၉ | ၀၃း |
| ၃၀ | ၁၆း၁၆ | ၁၆း၄၈ | ၁၇း၂၅ | ၁၇း၅၆ | ၂၀း၄၄ | ၂၁း၁၄ | ၂၀း၄၇ | ၂၁း၁၇ | ၂၃း၁၇ | ၂၃း၅၀ | ၀၂း[illegible] | ၀၂း |
| ၃၁ | ၁၆း၁၂ | ၁၆း၄၄ | ၁၇း၂၀ | ၁၇း၅၂ | ၂၀း၄၀ | ၂၁း၁၀ | ၂၀း၄၃ | ၂၁း၁၃ | ၂၃း၁၃ | ၂၃း၄၇ | ၀၂း၂၀ | ၀၂း |



www.burmeseclassic.com

www.burmeseclassic.com



# မီးဖိုချောင်ထဲက

# နနွင်း

မကြေးလှမြင့်

အစာလည်း ဆေး၊ ဆေးလည်း အစာဆိုသလို မြန်မာပြည်သူများ၏ မီးဖိုချောင်ထဲမှ ဟင်းချက်စရာဖြစ်သလို၊ ဆေးဖက်လည်း ဝင်သည့် နနွင်းကို မိမိတို့ရိုးရာဆေးဝါးအဖြစ် အသုံးပြုလာသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၏။ အိန္ဒိယနိုင်ငံ အာယုဗ္ဗေဒဆေးကျမ်းများတွင် နနွင်း၏ ဆေးဖက်ဝင်ပုံများ ပါရှိသည်မှာ နှစ်ပေါင်း ရာထောင်ချီလျက်ပင် ရှိပြီဖြစ်ပါသည်။

နနွင်းသည် Zingilberaceae မျိုးရင်းတွင် ပါဝင်ပြီး ရုက္ခဗေဒအမည်မှာ Curcuma Lonuga Linn ဖြစ်သည်။ အာရှ တိုက်၏ တလေးတစားနှင့် အသုံးပြုသည့် နနွင်းကို အနောက် နိုင်ငံများက မကြာသေးမီကာလအထိ တန်ဖိုးထားရမှန်းမသိ သေးပေ။ အာရှရိုးရာ ဆေးပညာတွင် ထက်မြက်သော ဆေး ဝါး၊ ထိရောက်သော ဆေးနည်းများ ရှိသော်လည်း အခြေခံ ဆေးပညာအယူအဆကွဲပြားမှု၊ သိပ္ပံနည်းကျ အနှစ်တ် ဓာတ် ခွဲလေ့လာထားခြင်း မရှိကြပေ။ အာရှတိုက်သားများ၏ မီးဖိုချောင်တွင် ဟင်းချက်စရာပစ္စည်းအဖြစ် နေရာယူခဲ့သော နနွင်း(ဆနွင်း)ကို အနောက်တိုင်းသားများက အထင်ကြီးခြင်း မရှိခဲ့ပါ။ သို့သော် ထိုအယူအဆသည် သက္ကရာဇ် ၂၀၀၄ခုနှစ် ခန့်က စပြီး ပြောင်းလဲလာကြောင်းသိရ၏။

အမေရိကန်ပြည်ထောင်စုမှ နာမည်ကျော် “ရေး” တက္ကသိုလ်က ဆေးသုတေသီများသည် ကလေးများတွင် အဆုတ်နှင့် အစာလမ်းကြောင်း၌ အခွဲများ ပိတ်ဆို့နေသော မွေးရာပါ ဧ ုးါက္ကိ နနွင်းစားသုံးခြင်းအားဖြင့် သက်သာပျောက်ကင်းကြောင်း တွေ့ရှိခဲ့၏။ မျိုးရိုးဗီဇပျက်ယွင်းစေပြီး အဆုတ်နှင့် အစာလမ်းကြောင်းတွင် အခွဲများ ပိတ်ဆို့သော ရောဂါရှိအောင် လုပ်ထားသည့် ဓာတ်ခွဲခန်းသုံး ကြွက်ငယ်များကို အစားအစာထဲ နနွင်းထည့်ကျွေးသောအခါ ရောဂါလက္ခဏာများ သက်သာပျောက်ကင်း၍ အသက်မသေဘဲ တွေ့ရ၏။ အဆုတ်နှင့် အစာလမ်းကြောင်းတွင် အခွဲများ ပိတ်ဆို့သောရောဂါသည် မျိုးရိုးဗီဇ ချွတ်ယွင်းသော ရောဂါဖြစ်ပြီး အနောက်တိုင်း နိုင်ငံများမှာ အတွေ့ရများသော

www.burmeseclassic.com

www.burmeseclassic.com



ရောဂါဖြစ်၏။ ရောဂါခံစားနေရသော ကလေးငယ်၏ အဆုတ်နှင့် အစာလမ်းကြောင်းတွင် အချွဲများ ခံပြီး ပိတ်ဆို့နေသဖြင့် ကလေးငယ်များသည် များသောအားဖြင့် ကြီးကောင်ဝင်စ အရွယ်တွင် သေဆုံးလေ့ရှိကြသည်။

၂၀၀၆ ခုနှစ်အတွင်းက အမေရိကန်ပြည်ထောင်စု တက္ကဆက် တက္ကသိုလ်နယ်မြေမှ ဆေးသုတေသီများက နနွင်းသည် အူမကြီးကင်ဆာဖြစ်သည့်လူတွင် ကင်ဆာကလာပ်စည်းများ ကြီးထွားမှုကို ဟန့်တားထားနိုင်ကြောင်း ဆို၏။ ထို့ကြောင့် နနွင်း၏ ဆေးဖက်ဝင်မှု အာနိသင်ကို အနောက်တိုင်း ဆေးပညာရှင်များ မျက်ခုံးပင့်ကာ ကြည့်လာကြ၏။ နနွင်းသည် အူမကြီးကင်ဆာဖြစ်ပွားစေသော အကြောင်းအရင်းတချို့ကိုလည်း ကာကွယ်နိုင်သည်ဟု ဆိုသည်။ မျိုးရိုးဗီဇလိုက်၍ဖြစ်သော အူမကြီးအတွင်း အသားပိုများ ဖြစ်ပေါ်လာသောရောဂါသည် အူမကြီးကင်ဆာကို ဖြစ်စေသော အကြောင်းအရင်းတစ်ခုဖြစ်၏။ ထိုအသားပိုများသည် မူလက အန္တရာယ်မရှိသော်လည်း အချိန်ကြာမြင့်လာသောအခါ ကင်ဆာအဖြစ် ကူးပြောင်းရန် "ကင်ဆာမဖြစ်မီ လက်တစ်ကမ်းအခြေအနေ"ဟု သတ်မှတ်ထားလေ့ရှိသည်။

ယခု စမ်းသပ်တွေ့ရှိချက်အရ နနွင်းတိုက်ကျွေးသောအခါ အသားပိုအလုံးများ ငါးပုံတစ်ပုံပျောက်ကွယ်သွားပြီး အရွယ်အစားအားဖြင့် ထက်ဝက်ခန့် သေးသွားကြောင်း တွေ့ရသည်။ နနွင်းသည် အူမကြီးကင်ဆာ ကာကွယ်ရေးတွင်လည်း အသုံးဝင်ကြောင်း သုတေသီများက ကောက်ချက်ချကြ၏။

အထက်ပါ အချက်များနှင့် တစ်ဆက်တည်း နနွင်းကို မြန်မာလူမျိုးများက မိရိုးဖလာဆေးအဖြစ် အသုံးပြုပုံများကို တင်ပြလိုပါသည်။

အဖုအကျိတ်များဖြစ်လျှင် နနွင်းကို ထုံးနှင့် ရောစပ်လျက် လိမ်းပေးသော် နလျှင် ပိန်၊ ရင့်လျှင် မှည့်လွယ်ပြီး လျင်မြန်စွာ ပျောက်ကင်းစေပါ၏။ ထို့ပြင် မန်းဆေးအဖြစ်လည်းကောင်း၊ အကိုက်အခဲသက်သာစေရန် လည်းကောင်း သောက်သုံးနိုင်ပါသည်။ အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း ဖြစ်တတ်သော မူးဝေခြင်း၊ အော့အန်ခြင်း၊ ကိုက်ခဲခြင်း၊ ဆီးနည်းခြင်း၊ ဆီးသွားရခက်ခဲခြင်း စသော ရောဂါများ ကင်းဝေးကာ မွေးဖွားရ လွယ်ကူစေသည်။ မွေးဖွားပြီး သွေးသားစင်ကြယ်စေရန် နနွင်းမှုန့်ကို တစ်နေ့ နှစ်ကြိမ် ရေနွေးဖြင့် နေ့စဉ် သောက်သုံးနိုင်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ခန္ဓာအဆစ်အမျက်များ ရောင်တင်း ကိုက်ခဲနေသော် နနွင်းမှုန့်ကို နှမ်းဆီစစ်စစ် (သို့) မုန်ညင်းဆီ... ဖျော်စပ်၍ လိမ်းပေးလျှင် ပျောက်ကင်းစေပါသည်။ သွား... ရောင်ခြင်း၊ သွားကိုက်ခြင်းဖြစ်လျှင် နနွင်းမှုန့်တွင် ဆားအ... ငယ်ထည့်၍ ရေနွေးနှင့် ဖျော်ကာ ငုံထွေးပေးခြင်း၊ နနွင်း... သက်သက်ကို သောက်ပေးခြင်း၊ သွားအခေါင်းတွင်သို့ ... ပေးခြင်းဖြင့် ပျောက်ကင်းစေပါသည်။ ဝမ်းဖောဝမ်းရောင်... အမျိုးမျိုးကြောင့် ဗိုက်နာလျှင် နနွင်းမှုန့် ကော်ဖီဇွန်းတစ်... ကို ပျားရည်တစ်ဇွန်းနှင့် ရောပြီး တစ်နေ့ လေးကြိမ်သော... လျှင် ပျောက်ကင်းသက်သာစေပါသည်။ ရာသီလာ၍ ကို... ခြင်းဖြစ်လျှင် နနွင်းမှုန့်ကို ချင်းပြုတ်ရည်နှင့် သောက်... လျှင် မီးယပ်သွေး ပုံမှန်သက်ဆင်းစေပြီး နာကျင်ကိုက်... သက်သာစေပါသည်။

အချုပ်ဆိုရလျှင် နနွင်းကို တောင်ပေါ် မြေပြန့်မ... စိုက်ပျိုးဖြစ်ထွန်းပါသည်။ လူမျိုးမရွေး၊ ဘာသာမ... ဟင်းလျာချက်ပြုတ်ရာတွင် ထည့်သွင်း အသုံးပြုကြ... ဆေးဖက်ဝင်အပင်လည်း ဖြစ်ပါ၏။ မိမိတို့၏ မီးဖိုချော... အတွင်း လက်တစ်ကမ်းတွင် ရှိသော နနွင်းသည် ... အမျိုးမျိုးကို ပယ်နိုင်သည့်ဆေးပင်ဖြစ်သည့်အပြင် အသ... ရှည်ဆေးတစ်မျိုးဖြစ်ကြောင်း ရှေးဟောင်း အိန္ဒိယဆေး... များတွင် တွေ့ရကြောင်း လေ့လာသိရှိရပါသည်။

* * *

မဇေကွး...




အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး

အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၃၀၅၀၄၇၁။





www.burmeseclassic.com

www.burmeseclassic.com

# ကောင်းဝေသာ

## နတ်ရေးတဲ့ရွှေဓာ

တူနှစ်ဖြာ ဂပေါဆက်လို့ ရွှေလက်ထပ်မင်္ဂလာပွဲများမှာ အလွန်ဝမ်းသာစရာကောင်းပါသည်။ သတို့သားနှင့် သတို့သမီးတို့မှာ တစ်သက်မှာ တစ်ခါ လက်ထပ်ခွင့်ရသဖြင့် ပျော်မဆုံး မော်မဆုံး တပြုံးပြုံးရှိကြသည်။ နှစ်ဖက်သောမိတများမှာလည်း မင်္ဂလာတရားတော်နှင့်အညီ ကျင်းပပေးနိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျေနပ်မဆုံး ရှိတတ်ကြသည်။ အရွယ်ရောက်ပြီးလူတိုင်း မင်္ဂလာပွဲများသို့ ကိုယ်တိုင်သွားရောက် အားပေးချီးမြှင့်ခဲ့ဖူးကြပါသည်။ မင်္ဂလာပွဲမှာ အံ့ဩ၍ မကုန်နိုင်အောင် ထူးခြားဆန်းကြယ်သော မင်္ဂလာပွဲဖြစ်၍ ရေးသားတင်ပြလိုက်ရပါသည်။

◆◆◆

ကျွန်ုပ် မြောင်းမြခရိုင်တွင် တာဝန်ယူခဲ့ရစဉ်က ဖြစ်သည်။ ၁၉၉၃ ခုနှစ်ခန့်က ဖြစ်သည်။ တစ်ခရိုင်လုံး နယ်မြေအနှံ့ ခရီးထွက်ရသဖြင့် ကြုံရ ဆန်းကြယ်ဖြစ်ရပ်များ တွေ့ကြုံရတတ်ပါသည်။ ထိုစဉ်က ကားလမ်းခရီးက နည်းပါးပြီး ရေလမ်းခရီးက များပါသည်။ ရေလမ်းခရီးမှာ အချို့နေရာများ၌ တစ်နေကုန်သွားရတတ်သည်။

တစ်နေ့ မော်ကျွန်းသို့ သွားရန်ရှိသဖြင့် ရုံးပိုင် ပဲ့ထောင်ဖြင့် နံနက်စောစော ခရီးထွက်ခဲ့သည်။ လမ်းသမိုင်သို့ နံနက် ၉နာရီခန့်တွင် ရောက်ရှိပါသည်။ လမ်းသမိုင်ရွာသည် လမ်းသမိုင် ချောင်းရိုးတစ်လျှောက်တွင် တည်ရှိနေပါသည်။ လမ်းသမိုင်မှ မြောင်းမြ ဝါးခယ်မနှင့် အိမ်မဲသို့ သွားနိုင်သော လမ်းဆုံဖြစ်သည်။ ဈေးဆိုင်များလည်း ရှိသဖြင့် ဝင်ရောက် နားခိုရန် ကောင်းပါသည်။ ကျွန်ုပ်တို့ ပဲ့ထောင်သည် "ပန်းဝက်ဘာ" လက်ဖက်ရည်ဆိုင်ရှေ့တွင် ကပ်လိုက်သည်။ ကျွန်ုပ်သည် ဝန်ထမ်းနှစ်ဦးနှင့် ပဲ့ထောင်မောင်းသူပါ ကမ်းပေါ် တက်ခဲ့သည်။ လက်ဖက်ရည်ဆိုင်တွင် ထိုင်မိပြီး မိမိစားလိုသည်များ မှာကြားပြီးချိန် မော်ကျွန်းမှ လာသော ပဲ့ထောင်တစ်စီး ဆိုင်ရှေ့တွင် ကပ်လာသည်။ ထိုပဲ့ထောင်ကပ်ပြီး မကြာမီ နောက်မှ ပဲ့ထောင်များ တန်းစီပြီး ဝင်လာသည်ကို တွေ့ရသည်။ ထူးခြားသည်မှာ ဒုတိယ ပဲ့ထောင်တွင် စက္ကူပန်းရောင်စုံ သွယ်တန်း အလှဆင်ထားပါသည်။ လေပူပေါင်းရောင်စုံများကိုလည်း ချိတ်ဆွဲထားပါသည်။ ပဲ့ထောင်ပေါ်တွင် မင်္ဂလာအခါပေးသီချင်း "နတ်ရေးငယ် ရွှေစာ" သီချင်းသံက လွင့်ပျံ့နေပါသည်။ ပဲ့ထောင် ဆိုက်ကပ်ပြီးသည်နှင့် လူများ ကမ်းပေါ်သို့ တက်လာကြပြီး ပန်းဝက်ဘာ လက်ဖက်ရည်ဆိုင်သို့ ဝင်လာကြသည်။ တက်လာသူကို သေချာစွာ ကြည့်နေစဉ် ရှေ့ဆုံးမှ တက်လာသူ လူဝကြီးကို သတိထားမိသည်။ ထိုလူမှာ မော်ကျွန်းရုံးမှ ဝန်ထမ်း ဦးတင်ဝင်း ဖြစ်ပါသည်။

ဦးတင်ဝင်းသည် ကျွန်ုပ်ကို မြင်သည်နှင့် ပြုံးပြနှုတ်ဆက်ရင်း ကျွန်ုပ်ရှေ့တွင် လာရောက်ပြီး နှုတ်ဆက်ပါသည်။

"ဆရာကြီး…မော်ကျွန်းကို လာမယ်ဆိုတာ သိပါတယ်။ ကျွန်တော့်တူ မင်္ဂလာဆောင်ရှိလို့ ဆရာကြီးကို မစောင့်နိုင်တာ ခွင့်လွှတ်ပါ"

ကျွန်ုပ်က ဘာမှပြန်မပြောရသေးမီ ဦးတင်ဝင်းက ဆက်ပြောပါသည်။

"ဆရာကြီးတော့ ကြုံဖူးမလား မသိဘူး။ ကျွန်တော့်တူဆိုတာက ညီက မွေးတဲ့ ကလေးပါ။ လူအစစ်တော့ မဟုတ်ဘူး။ လူခြောက်ပါ။ ပဲ့ထောင့်ပေါ်မှာ ပါပါတယ်။ ဆရာကြီး ကြည့်ချင်ရင် ကြည့်လို့ ရပါတယ်"

"ဟာ…လူခြောက်၊ ဟုတ်လား။ လူခြောက်ကို တစ်ခါမှ မတွေ့ဘူးသေးဘူး။ ကြည့်ရအောင်ဗျာ"

"ဟုတ်ကဲ့၊ ပြပါ့မယ်။ အခု မင်္ဂလာဆောင်မယ့် သတို့သားက အဲဒီ လူခြောက်ပဲ ဆရာကြီး"

"ဟာ…ဆန်းကြယ်လှချည်လား။ လာဗျာ၊ သွားကြည့်ရအောင်"

ကျွန်ုပ်၏ ဝန်ထမ်းနှစ်ဦးမှာလည်း လူခြောက်ကို မမြင်ဘူး၍ ကြည့်ချင် ကြသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ကြား သာ ကြားဖူး၍ မမြင်ဘူးသော လူ ခြောက်ကို ကြည့်လိုလှသည်။ ကျွန် တို့သုံးဦးမှာ ဦးတင်ဝင်း၏ နောက် လိုက်ခဲ့ကြပါသည်။ လူခြောက်ကို ပု ပုံစံလေးနှင့် လှလှပပထားသည်ကို မြ ရသည်။ သေချာစွာ အနီးကပ်ကြည့် အသားရောင် နီပြီး ၆လက်မခန့် ရှိပါသည်။ ယောက်ျားတစ်ယောက် အင်္ကျီအစုံအလင်ပါသည်ကို တွေ့ သည်။ လူခြောက်ကို ကြည့်၍ ကျွန် က မေးမိသည်။

"နေပါဦး ဦးတင်ဝင်းရဲ့ ခင်ဗျာ ရဲ့ တူက ဘယ်သူနဲ့ မင်္ဂလာဆောင် လဲ"

"သူလိုပဲ လူခြောက် မိန်းကလေး တစ်ဦးနဲ့ပါ ဆရာကြီး"

ဦးတင်ဝင်း၏ စကားကြောင့် အထူးအံ့ဩမိပါသည်။ လူခြောက် ကြားသာ ကြားဖူးသော်လည်း ယခု မြင်ဖူးသည်။

လူခြောက်တွင် ယောက်ျား မိန်း ရှိနေရုံသာမက လူခြောက်ချင်း မင်္ဂလာဆောင်ဦးတော့မည်တဲ့။ ကြား သည့် စကားများက အံ့ဩပြီးရင် အံ့ဩရခြင်းဖြစ်နေသည်။ တစ်သက် မကြားဘူးသော စကားများကို ကြား ပြီး မမြင်ဘူးသော လူခြောက်ကို တွေ့ မြင်ရသည်။

"ကဲ…ဆရာကြီးကိုတော့ ဇာတ် လမ်းအစမှ အဆုံးထိ ပြောပြမှ ဖြ တော့မယ်။ အကျဉ်းချုံးပြီး ပြောပြ မယ်။ ဇာတ်လမ်းက ဒီလို ဆရာကြီး

ခရေမြိုင်ရွာဆိုတာ မော်ကျွန်း နယ်အတွင်းမှာ ရှိပါတယ်။ အဲဒီရွာ ကျွန်တော့်ညီ တင်ရွှေနဲ့ သူ့မိန်း



www.burmeseclassic.com

www.burmeseclassic.com



တောင်ခတို့ နေထိုင်ပြီး လယ်ယာလုပ်ငန်း လုပ်ကိုင်ကြပါတယ်။ လယ်ပိုင်ရှိတော့ လူကူလီဆိုပါတော့။ ကြုံရာအလုပ်ကိုင်စားသောက်ရပြီး ဆင်းရဲတာလည်း လွန်ပါရော။ စားစရာမရှိလို့ ကျွန်တော်က ဆန်တို့ ဆီတို့ ထောက်ပံ့ပေးရတယ်။ သူတို့ဇာတ်လမ်းရဲ့ကျောရိုးကို သိပြီဆိုတော့ ဇာတ်လမ်းအသွင်ပြောတော့မယ်"

◆◆◆

ကိုတင်ထွေးသည် မတင်ခနှင့် အိမ်ထောင်ကျပြီး ၃နှစ်ကြာသည့်တိုင် သားသမီးမထွန်းကားပါ။ သုံးနှစ်ပြည့်တော့ မတင်ခမှာ ထူးဆန်းသော အိပ်မက်ကို မြင်မက်တယ်။ အိပ်မက်ထဲမှာ သူနီကလေးတစ်ဦး မတင်ခဆီ ရောက်လာတယ်။

"အမေတို့ ဆင်းရဲပါတယ်။ အမေတို့ ချမ်းသာအောင် လုပ်ပေးချင်ပါတယ်။ ကျွန်တော့်ကို လက်ခံပါ။ ကျွန်တော် အမေတို့နဲ့ လာနေပါရစေ"

လို့ ပြောသည်။ မတင်ခကလည်း ရုတ်တရက်ဆိုတော့ ဘာမှပြန်မပြောလိုက်ရဘူး။ အဲဒီအိပ်မက်အတိုင်း မကြာခဏ မက်တော့ မတင်ခကလည်း "မင်းနေချင် လာနေပေါ့ကွယ်" ဟု ပြန်ပြောလိုက်၏။

အဲဒီနောက် မကြာခင်မှာပဲ မတင်ခမှာ ကိုယ်ဝန်ရှိလာသည်။ ကိုယ်ဝန်ရှိတယ်ဆိုပေမယ့် ဘယ်သူမှ သတိမထားမိကြပေ။ မတင်ခကသာ ပြန်မပြောရင် ဘယ်သူမှ သိမှာမဟုတ်ပါ။ ဗိုက်ထွက်မလာတော့ သာမန်မိန်းမလိုပဲ လယ်ယာအလုပ်တွေကို လုပ်နေခဲ့တယ်။ မွေးခါနီးတော့ အိပ်မက်မက်ပြန်၏။

"အမေ…ပင်ပန်းတဲ့ အလုပ်ဆို ဘာမှမလုပ်ပါနဲ့တော့။ ငွေလိုချင်ရင်



အိမ်အနောက်က သပြေပင်ရဲ့ အနောက်ဘက် တစ်ပေအကွာမှာ မြေကြီးထဲက တူးယူပါ"

ဒီတစ်ခါ အိပ်မက်က ထူးခြားနေတော့ မတင်ခက ကိုတင်ထွေးကို ပြောပြလိုက်သည်။

ကိုတင်ထွေးကလည်း မယုံလို့ ဘာမှမလုပ်ခဲ့ပေ။ အိပ်မက်က ညစဉ်ဆက်တိုက်မက်နေတော့ ကိုတင်ထွေးလည်း မတင်ခကို ခေါ်ပြီး အိပ်မက်မက်တဲ့ မြေကြီးနေရာကို တူးလိုက်၏။ တစ်ပေလောက် ဟူးလောက်တော့ မြေအိုးလေးတစ်လုံးရသည်။ မြေအိုးထဲမှာ လက်ဝတ်လက်စား ရွှေတိုရွှေစတွေကို မြင်လိုက်ရတော့ လင်မယားနှစ်ယောက် စလုံး ပျော်သွားကြ၏။ နောက်ခုံညမှာ အိပ်မက်မက်ပြန်သည်။

"ရဟဲ့ ရွှေကို ရောင်းပြီး လယ်မြေနဲ့ နွားတစ်ရှဉ်းဝယ်ပါ"

လို့ အိပ်မက်ပေးသည်။ ကိုတင်ထွေးကလည်း ရွှေစကို မြို့ပေါ် တက်ရောင်းပြီး လယ်ယာမြေနှင့် နွားနှစ်ကောင်ဝယ်လိုက်၏။ အစ်ကိုကြီး ဦးတင်ဝင်း ဝယ်ပေးတာလို့ ရွာထဲမှာ ပြောထားလိုက်သည်။ ကိုယ်ဝန်လစေ့တော့ မတင်ခ ကလေးမွေး၏။ အခုတွေ့ရတဲ့ ကလေးပဲဖြစ်သည်။

ကလေးမွေးသည်နှင့် လူခြောက်ကလေးဖြစ်လို့ တစ်ရွာလုံးက လာကြည့်ကြ၏။ ကလေးမွေးတဲ့ နှစ်မှာပဲ လယ်ပိုင်ယာပိုင် နွားပိုင်ဖြစ်ပြီး ကိုယ့်လယ်ကို ကိုယ်တွန်ပြီး စိုက်ပျိုးခဲ့၏။ အကျိုးပေးချိန်ရောက်၍လား မသိ၊ လယ်ယာက စပါးအထွက်ကောင်းပြီး စပါးဈေးကောင်းရလို့ စီးပွားရေးအဆင်ပြေလာသည်။ အစ်ကိုကြီး ဦးတင်ဝင်းရဲ့ ကျေးဇူးက ရှိဖူးတော့ ဆန်အိတ်တွေ ပဲ့ထောင်ပေါ် တင်ပြီး မနက်စောစော အစ်ကိုကြီးအိမ်သွားဖို့ ပြင်ဆင်ခဲ့သည်။ အဲဒီညမှာပဲ မတင်ခကို အိပ်မက်ပေးပြန်သည်။

"အဖေ ခရီးမသွားပါနဲ့ တစ်ရက် ဆိုင်းပါဦး"

တဲ့။ မတင်ခက ကိုတင်ထွေးကို ပြောပြတော့ ကိုတင်ထွေးကလည်း အိပ်မက်ကို ယုံကြည်သွားပြီး ခရီးသွားဖို့ အစီအစဉ်ကို ဖျက်လိုက်သည်။ နောက်နေ့တွင် မိုးသက်လေပြင်းကျပြီး ပဲ့တောင်များ နစ်မြုပ်ခဲ့ကြောင်း သတင်းကြားရသည်။

ကိုတင်ထွေးနှင့် မတင်ခတို့မှာ သား၏ အိပ်မက်ပေးမှုကို ပိုမိုယုံကြည်ခဲ့ကြပါသည်။ မတင်ခတွင် နောက်ထပ်ကလေးမရတော့ဘဲ လူခြောက်သားတစ်ယောက်နှင့် ကျေနပ်ခဲ့ရသည်။ လူခြောက်သားတစ်ယောက်မှာလည်း တစ်ယောက်ဆို ဆိုသလောက်အား



www.burmeseclassic.com

www.burmeseclassic.com



ကိုးရပါသည်။ စီးပွားရေးလည်း အတူးကောင်းမွန်ခဲ့သည်။ ကိုတင်ထွေးက လယ်ယာကို ဦးစီးလုပ်ကိုင်သလို၊ မတင်ခကလည်း အိမ်တွင် အိမ်ဆိုင်ဖွင့်၍ ကုန်စုံရောင်းချပါသည်။

စီးပွားရေးပိုမိုကောင်းမွန်လာသည့်အခါ ကိုတင်ထွေးမှာ လယ်ကေများစွာ ထပ်မံဝယ်ယူပြီး လုပ်သားများကို ဦးစီး၍ ကိုယ်တိုင်မလုပ်ရတော့တဲ့ ကြီးကြပ်ခဲ့သည်။ အိမ်ကိုလည်း ပြုပြင်၍ စိတ်တိုင်းကျ ဆောက်လုပ်ခဲ့သည်။ ရပ်ရေးရွာရေးကိစ္စများတွင်လည်း ငွေကြေးအများဆုံးထည့်ဝင်နိုင်သဖြင့် အသက်ငယ်သော်လည်း တစ်ရွာလုံးက ဦးတင်ထွေး…ဦးတင်ထွေးဟု ခေါ်ဝေါ် ဂုဏ်ပြုခံရပြီး ဩဇာအရှိဆုံး ပုဂ္ဂိုလ်ကြီးဖြစ်ခဲ့သည်။

ရွာတွင် သာရေးနာရေးကိစ္စရှိတိုင်း ကိုတင်ထွေးပါမှ ပြီးတော့သည်။ ငွေကြေးပြည့်စုံသဖြင့် ကူညီမည့်သူ၊ အရေးပေး ဆက်ဆံသူ များခဲ့သည်။ ကိုတင်ထွေးတို့အိမ်မှာ တံခါးဖွင့်ထားသည့်တိုင် အပ်တိုတစ်ချောင်း မပျောက်စေရအောင် စောင့်ရှောက်သူ များကြပါသည်။

ကိုတင်ထွေး ထိုသို့ ကြီးပွားချမ်းသာ လာသည်မှာ ကိုတင်ထွေး၏ ကြိုးစားမှု၊ မတင်ခ၏ ကြိုးစားမှုကြောင့်ဟု တစ်ရွာလုံးက သိကြသော်လည်း သားတော်မောင် လူခြောက်က မ,စနေသည်ကို မည်သူမျှ မသိကြပါ။ တစ်နေ့တွင် လူခြောက်ကလေးက အိပ်မက်ပေးပါသည်။ သည်တစ်ခါ အိပ်မက်သည် ထူးဆန်းလွန်းသဖြင့် မိဘနှစ်ပါးပင် မယုံကြည်နိုင်အောင် ရှိကြပါသည်။

"အမေ…သား အိမ်ထောင်ပြုပါရစေ။ သားကို မိန်းမတောင်းပေးပါ"

ကြားရသည့် စကားအတွက် မတင်ခမှာ သူ့နားကိုပင် သူ မယုံကြည်နိုင်လောက်အောင် ဖြစ်ရသည်။

"ဘယ်က မိန်းကလေးကို တောင်းပေးရမှာလဲ သားရဲ့"

သားက အကြိမ်ကြိမ်အိပ်မက်ပေးလာသောအခါ မတင်ခမှာ မနေနိုင်တော့တဲ့ ကိုတင်ထွေးကို ပြောရသည်။ ကိုတင်ထွေးက သားကို မေးလိုက်သည်။ နောက်ညတွင် သားက မိဘနှစ်ပါးလုံးကို တစ်ပြိုင်တည်း တစ်ချိန်တည်း အိပ်မက်ပေးသဖြင့် မိခင်ရော ဖခင်ပါ ကြားရတော့သည်။

"ဝါးခယ်မ တစ်ဖက်ကမ်း ရွှေတံခါးရွာ ဦးလှမိုး၊ ဒေါ်ပိုးဖြူတို့ရဲ့ သမီးပါ။ သားနဲ့ မေတ္တာမျှနေကြပါတယ်။ အဖေကိုယ်တိုင် တစ်ခေါက်လောက် သွားမေးသင့်ပါတယ်"

ကိုတင်ထွေးက ခါတိုင်း အိပ်မက်များမှာ မတင်ခ ပြောမှ သိရသော်လည်း ယခုအိပ်မက်မှာ ကိုယ်တိုင်မက်လိုက်ရသဖြင့် မယုံကြည်၍ မနေနိုင်အောင် ရှိပါသည်။ ရွှေတံခါးရွာကို ရောက်ဖူးသော်လည်း ဦးလှမိုး၊ ဒေါ်ပိုးဖြူတို့ကို မသိပါ။ သားက မိဘနှစ်ပါးလုံးကို အိပ်မက်ပေးသဖြင့် သေချာ၍ ပြောခြင်းဖြစ်မည်ဟု ယူဆပြီး သွားရောက်လေ့လာလိုစိတ်များ ဖြစ်ပေါ်လာပါသည်။

နောက်နေ့တွင် ကိုတင်ထွေးသည် ကိုယ်ပိုင် ပဲ့ထောင်ဖြင့် ရွှေတံခါးရွာသို့ တစ်ဦးတည်း ထွက်ခဲ့သည်။ ရွှေတံခါးရွာတွင် သူငယ်ချင်း ရွှေကို ရှိသဖြင့် ရွှေကို၏ အိမ်သို့ ဦးတည်၍ သွားခဲ့ရာ ရွှေကို့ကို အသင့်တွေ့ရသဖြင့် မေးလိုက်မိသည်။

"ဦးလှမိုး၊ ဒေါ်ပိုးဖြူဆို ဘ မင်းသိသလား"

"လှမိုးဆိုတာ ငါ့အစ်ကို တစ်ဝမ်းကွဲပဲ၊ သိတာပေါ့"

"ဒါဖြင့် ကိုလှမိုးမှာ သမီး

သလား"

"မင်းမေးခွန်းက အဆန်းပဲ။ သမီး

တစ်ယောက်တော့ ရှိတယ်။ ဒါပေမယ့်

လူမဟုတ်ဘူး"

"ဒါဆို လူခြောက်လား"

"ဟုတ်တယ်။ လူခြောက် မိန်း

ကလေး"

"ဒါဆိုရင် သေချာပြီ သူငယ်ချင်း

အခု အဲဒီအိမ်ကို သွားချင်တယ်၊

ကို လိုက်ပို့ပါ"

"ကိုလှမိုးတို့ ဇနီးမောင်နှံ မြို့

သွားကြတယ်"

"ဩော်…ဒီလိုဆိုရင် ငါပြ

မယ်။ လပြည့်နေ့မှာ ငါတို့ လာမယ်

အကြောင်း ကိုလှစိုးကို ကြိုတင် ပြော

ပေးပါ"

"နေပါဦး၊ ထမင်းစားပြီးမှ ပြန်

လား"

"မစားတော့ပါဘူး။ ဒါလောက်

သိရရင် ကျေနပ်ပါပြီ"

"ဘာကိစ္စဆိုတာလည်း ပြော

ဦး"

"လပြည့်နေ့လာရင် သိရမှာပေါ့

ကဲ - သွားပြီဟေ့"

ကိုတင်ထွေးသည် အား

ကျေနပ်စွာ ပြန်ခဲ့ပါသည်။ အိမ်ရောက်

သည်နှင့် မတင်ခကို အကျိုးအကြောင်း

ပြောပြရာ မတင်ခမှာလည်း အံ့ဩ

ဝမ်းသာနေပါသည်။

လပြည့်နေ့တွင် ဦးတင်ဝင်း

ခေါ်ကာ ဇနီးမောင်နှံနှစ်ယောက်

ပဲ့ထောင်ဖြင့် ရွှေတံခါးရွာသို့ ထွက်

ကြသည်။ ရွှေတံခါးရွာသို့ ရောက်

အခါ ပဲ့ထောင်ဆိပ်တွင် ကိုလှမိုးသည်

ရွှေကိုနှင့် အတူကြိုဆိုနေကြောင်း တွေ့

ရသည်။ ကိုလှမိုးကတင် နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"ကိုတင်ထွေးနဲ့ မပိုးဖြူတို့ ဒီနေ့ ထာလိမ့်မယ်လို့ သမီးက အိပ်မက်ပေးဆို့ လာကြိုနေတာပါ"

ကိုတင်ထွေးတို့ ဇနီးမောင်နှံမှာလည်း ပြောစရာမရှိလောက်အောင် အံ့ဩကြရပါသည်။ အိမ်သို့ ရောက်သည့်အခါ ကိုလှမိုးက သူ၏ သမီးကို ပြသပါသည်။ အိမ်က သားအရွယ် လှခြောက် မိန်းကလေးဖြစ်ပါသည်။

ကိုလှမိုးက စတင်ပြောပါသည်။

"လှခြောက်က အိပ်မက်နဲ့ ဆက်သွယ်ပုံကိုတော့ အထူးပြောဖို့ လိုမယ်မထင်တော့ပါဘူး။ သူတို့နှစ်ယောက် မနောနဲ့ ဆက်သွယ်ပြီး မေတ္တာမျှပုံက ဆန်းကြယ်လွန်းလို့ မယုံနိုင်စရာဖြစ်ရတယ်"

ဦးတင်ဝင်းက လူကြီးပီပီ မင်္ဂလာစကားများပြောပြီး လက်ထပ်ပေးစားရန် နေ့ကောင်းနေ့မြတ်ရွေးချယ်ကြပါသည်။ ဗေဒင်ဆရာတစ်ဦးကို ခေါ်ပြီး ရက်ကောင်းကို ရွေးချယ်လိုက်ကြသည်။ ထိုသို့ဖြင့် လှခြောက်နှစ်ဦး မင်္ဂလာကိစ္စ အောင်မြင်ခဲ့ကြပါသည်။

♦♦♦

ဦးတင်ဝင်း၏ ဇာတ်လမ်းကား အဆုံးသတ်ခဲ့ပြီ။ လှခြောက်ရှိသည်သာ ကြားဖူးခဲ့ရာမှ ကိုယ်တိုင် လှခြောက်ကို တွေ့ရသည်။ လှခြောက်က မိဘများကို အိပ်မက်ဖြင့် ဆက်သွယ်ပုံကိုလည်း အံ့ဩဖွယ် ကြားသိရသည်။ လှခြောက်က မနောဖြင့် ဆက်သွယ်၍ ဖူးစာရှင်ရှာဖွေပြီး ချစ်သူဖြစ်ခဲ့ကြသည်များမှာလည်း ယုံနိုင်ဖွယ်မရှိပါ။ ကိုယ်တိုင် တွေ့ကြုံခဲ့ခြင်းဖြစ်၍သာ ယုံလိုက်ရသည်။ လောကတွင် လူတိုင်း မကြုံဘူး မကြားဘူးသော ဂမ္ဘီရဆန်းကြယ်များ ရှိနေကြောင်း သတိပြုမိပါသည်။ ဦးတင်ဝင်းတို့ နှုတ်ဆက်ထွက်ခွာသွားသည်အထိ အံ့ဩ၍ ငေးရင်း ကျန်ခဲ့ပါသည်။

လက်ဖက်ရည်ဆိုင်တွင် တစ်နာရီခန့် အနားယူပြီးမှ ပဲ့ ထောင်ဖြင့် ခရီးဆက်ခဲ့ပါသည်။ ယခုအချိန်လောက်ဆိုပါက တူနှစ်ဖြာ ဂဟေဆက်လို့ ရွှေလက်ထပ်ပွဲမင်္ဂလာကျင်းပနေလောက်ပြီဟု တွေးတောရင်း သူတို့၏ နတ်ရေးတဲ့ ရွှေစာကို ကြားယောင်နေမိပါတော့သည်။

* * *

ခေတ်ဟောင်း


ငွေကြေးဥစ္စာ ချမ်းသာပြည့်စုံပါလျက် အိမ်ထောင်ရေး စိတ်မချမ်းမသာဖြစ်နေလား

- အိမ်ထောင်ဖက်၊ မိမိခင်ပွန်း/ဇနီးအပေါ် မိမိပြောစကားအောင်မြင်စေဖို့။
- မိမိစကားကို နားထောင်စေဖို့။
- မိမိစကားကို အလွယ်တကူနားဝင်စေဖို့။
- မိမိကိုယ်သာ စွဲလန်းချစ်ခင် ကြင်နာယုယ အလိုလိုက်စေဖို့။
- သူ့ညံ့ပူညံ ရန်ဖြစ်စကားများ မဖြစ်တော့ဘဲ သာယာပျော်ရွှင် ကြည်နူးရစေဖို့။
- အိမ်ထောင်ရေး မတည်မငြိမ်ဖြစ်အောင်၊ လှုံ့ဆော်ပေးနေတဲ့ အနှောင့်အယှက်/ပယောဂ (မြင်အပ်/မမြင်အပ်) ရန်ဘေးတို့မှ အမြန်ဆုံး ကင်းရှင်းစေဖို့။

နည်းလမ်းကောင်းတွေရှိပါတယ်။

ဆရာဦးပိုင်ဇအောင်(ဝိဇ္ဇာဘွဲ့) (လက္ခဏာဗေဒင်ဟောခန်း)

**ပိတ်ရက်မရှိ ။ ယုံကြည်အားကိုးမှသာ လာခဲ့ပါ**

ဟောခန်းလိပ်စာ - တိုက်(၄၀)၊ (B-1)၊ မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်သစ်ကြီးအနီး)၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၈၉၁။





www.burmeseclassic.com

www.burmeseclassic.com



# အထီးကျန် နားခိုစရာမဲ့

ဆရာ ဦးအောင်မြိုင် (လက္ခဏာဗေဒင်သုတေသီ)




ညာလက်ဖဝါးပုံစံ

အဘိုး၊ အဘွား၊ အဖေ၊ အမေတို့က တရုတ်လူမျိုးများ ဖြစ်ကြ၍ သူမ၏ အသားမှာ ဖွေးဖွေးဖြူပါသည်။ အရပ် အမောင်းက ၅ပေကျော်မျှရှိ၍ မမြင့်လွန်း၊ မနိမ့်လွန်း အတော် ဟု ဆိုရမည်။ ရုပ်ရည်က ချောမောပြေပြစ် ရှုချင်စဖွယ်ရှိ သည်။ စကားပြောဆို ဆက်ဆံရေးလည်း ကောင်းမွန်သူဖြစ် သည်။ ပညာရေးမှာ အထက်တန်းအဆင့်တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး စီးပွားရေး ဦးစားပေးသဖြင့် တက္ကသိုလ်ဆက် မတက်ဘဲ ရပ်တန့်လိုက်ကြောင်း သိရသည်။ အလုပ်အကိုင် စီးပွားရေးမှာ ကုန်မျိုးစုံဆိုင်ကြီးတစ်ဆိုင် ကိုယ်ပိုင် ဦးစီး လုပ်ကိုင်နေသူဖြစ်သည်။

နေ့စဉ် နံနက်စောစောမှ ညမိုးချုပ်သည်အထိ ဆိုင် လုပ်ငန်းတွင်သာ အချိန်ကုန်နေရသဖြင့် အပျော်အပါး မသွား မလာနိုင်ခဲ့ပေ။ အချိန်တွေကုန်မှန်းမသိ ကုန်လာခဲ့ပြီး အသက် တွေ တစ်နှစ်ပြီး တစ်နှစ်တိုးလာခဲ့သည်။ အချစ်ဆိုတာ ဘာ မှန်း မသိ။

ညာနှလုံးလမ်း၏ အစမှ အလယ်အထိ အပိုင်းပိုင်း



နှလုံးလမ်းအရင်း



www.burmeseclassic.com

www.burmeseclassic.com




ပြတ်ပြတ် ကျွန်းတွေနှင့်ပါ ပုံပန်းပျက်နေကြောင်း တွေ့ရသည်။

က-အက္ခရာနှင့် ညွှန်ပြထားသောနေရာကို ကြည့်ပါ။ ဤနှလုံးလမ်းကြောင်းမျိုးကြောင့် ချစ်ခင်ကြင်နာလိုသူ မပေါ်ပေါက်နိုင်ခြင်းဖြစ်သည်။

"မျက်နှာမြင် ချစ်ခင်၊ အသံကြား သနား"ဆိုသော ဆုတောင်းကောင်းမျိုးနှင့် မပြည့်စုံခဲ့ရာပေ။

နှလုံးလမ်းကြောင်းအဖျားမှာလည်း မလှမပနှင့် နှစ်ခွ




ကွဲပြီး အောက်တစ်ခွက ဦးခေါင်းလမ်းကို ထိနေသည်။ အပေါ်တစ်ခွမှာ အဖျား၌ ခက်ရင်းခွငယ်ဖြစ်နေပြီး ထိုခက်ရင်းခွငယ်ထဲမှ လမ်းတိုအပိုင်းအစလေးများ ထွက်နေသည်။ ခ-အက္ခရာနှင့် ညွှန်ပြထားသည့် နေရာကို ကြည့်ပါ။


ဤနှလုံးလမ်းအဖျားမျိုးကြောင့် အချစ်ရေးကိစ္စမှာ အဆင်မပြေ။ ကံမကောင်း။ စိတ်ဆင်းရဲသောကကြုံရတတ်သည်။

လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံနေရာတွင် အိမ်ထောင်ရေး လမ်းခက်ရင်းနှစ်ခွ ပုံသဏ္ဌာန်ကို ဒေါင်လိုက်ဥပဒ်လမ်းများက ထိုးဖောက်ခြင်း၊ ပိတ်ကာခြင်းများ ပြုထားကြောင်း တွေ့ရသည်။ ဂ-အက္ခရာနှင့် ညွှန်ပြထားသည့်နေရာကို ကြည့်ပါ။

ဤသို့ အိမ်ထောင်ရေးလမ်း ခက်ရင်းခွကို ဒေါင်လိုက်ဥပဒ်လမ်းများ ထိုးဖောက် ပိတ်ကာထားသော သင်္ကေတကြောင့် အိမ်ထောင်ကျဖို့ ခဲယဉ်းသည်။ ဒီဘဝတွင် အိမ်ထောင်ကျနိုင်တော့ပါဟု ပြောရပါတော့မည်။

"ချစ်သူမရှိဘဲ ××× တစ်ယောက်တည်း ယောင်လည်လည်×××အထီးကျန် နားခိုစရာမဲ့မယ်×××သနားစရာကွယ်×××အားနာတယ်×××"

အမျိုးသမီးအဆိုတော်တစ်ဦး၏ သီချင်းသံလေးကို




နားထဲ ကြားယောင်မိပါသေးသည်။ ယခု လက္ခဏာရှင် အမျိုးသမီးမှာလည်း အဖက်ဖက်က ပြည့်စုံနေပါလျက် အသက် ၃၀ကျော်လာသည်အထိ ချစ်သူ ရည်းစားမထားဘူးသေး။ သူမကို ချစ်ရေးဆိုသော အမျိုးသားတစ်ဦးမှ မရှိသေး။ သူမ၏ မိဘ၊ ဘိုးဘွားများထံ လာရောက်စေ့စပ်တောင်းရမ်းခြင်းမျိုးပင် လုံးဝ မကြုံဘူးသေး။

သူမကတော့ ချစ်သူလိုချင်သည်။ အိမ်ထောင်လည်း ပြုချင်သည်။ သို့သော်···

စာဖတ်သူ မိန်းမပျိုလေးများ၏ ညာဘက် လက်ဖဝါးပြင်မှာ အထက်ဖော်ပြပါ သင်္ကေတမျိုးတို့နှင့် နီးစပ်တူညီမှု ရှိပါလျှင် အချစ်ရေး၊ အိမ်ထောင်ရေးကို မတွေးတောတာ အကောင်းဆုံးဟု မှတ်ပါ။

* * *

ဆရာဦးအောင်မြင့်(လက္ခဏာဗေဒင်သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာရေးအတွက် ပင်စိမ်း

**ကျော်တင့်ဆွေ**

ဟင်းလျာတွေအဖြစ် ငါးခူကင်၊ ငါးကျည်းကင်ကို ရိုးရိုး ပင်စိမ်းရွက်များနဲ့ ချက်စားပေးနိုင်ပါတယ်။ ဆိတ်သား၊ နို့သား၊ ငုံးသားတို့ကို ပင်စိမ်းရွက်နိုင်နိုင်ထည့်ပြီး ချက်စားပေးခြင်းဖြင့် ဝမ်းပျက်ရောဂါကို သက်သာပျောက်ကင်းနိုင်သလို၊ ခံတွင်းပျက်သူများ စားကောင်းကာ ပန်းညိုးရောဂါကို ပျောက်ကင်းစေနိုင်ပါတယ်။ လိင်ရွှင်လန်းကာ ခွန်အားနဲ့ သုက်ကို ပွားစေနိုင်ပါတယ်။

သွေးလေးသော ဝေဒနာတွေအတွက် ပင်စိမ်းရွက်ကို ငါးပနော်ကင်နဲ့ ကြော်စားပေးနိုင်ပါတယ်။

ငါးကျည်းခြောက်ကို ပင်စိမ်းရွက်ဖြင့် ချက်၍ စားသုံးပေးပါက ခံတွင်းပျက်၍ စားမကောင်းခြင်း၊ အစားမှား၊ ဆေးမှားဖြစ်ခြင်း၊ အော့အန်ခြင်း၊ သားဖွားရာတွင် နာကျင်မှု လွန်ကဲခြင်း၊ သကျည်းကိုက်ခြင်း၊ သားလျှောခြင်း၊ နို့ချောင်းပိတ်၍ နို့နာဖြစ်ခြင်း၊ ကိုယ်လက်ယားယံခြင်း၊ ဆီးအောင့်ခြင်း၊ မီးတွင်းမှာ သွေးလန့်ခြင်း၊ သွေးတက်ခြင်း၊ ညဘက်တွင် အိပ်မပျော်ခြင်း၊ သားဖွားပြီး အပုပ်ဆန်တက်ခြင်းတို့တွင် အသုံးဝင်စေပါတယ်။

## ငှက်ဖျားရောဂါကုသနည်း

ရိုးရိုးပင်စိမ်းရွက်၊ ရှိန်းခို၊ ကြက်သွန်ဖြူဥတစ်လုံး ဆတူ ရောစပ်ပြီး ကြိတ်ပါ။ ဆေးသုံးလုံး လုံးပါ။ ဆေးကို နံနက်တစ်လုံး၊ နေ့လယ် တစ်လုံး၊ ညတစ်လုံး သောက်ပေးပါ။

## ကလေးရောဂါကုသနည်း

သမားတော်များရဲ့ လက်ဆင့်ကမ်း ဆေးနည်းကောင်းတစ်လက်ဖြစ်ပါတယ်။ ပင်စိမ်းနက်ရွက် ၅ကျပ်သား၊ ကွမ်းရွက်တစ်ရွက်၊ ကျပ်ခိုးအနည်းငယ်၊ နနွင်းမှုန့်အနည်းငယ်
ကို ရောစပ်၍ ကြိတ်ပါ။ ရောပြီးသားဆေးကို ကလေး
လိမ်းပေးပါ။ ကလေး ကျောပူခေါင်းပူ၊ တမိုန်းမိုန်းဖြစ်
ငိုယိုခြင်း၊ သွားရည်ကျခြင်းတို့ကို သက်သာစေနိုင်ပါတ
ကလေး လေနာထပါက ဆားပုပ် ရွေးကြီးတစ်ရွေး
ရောစပ်၍ အရည်ညှစ်တိုက်ပါက လေဆန်နာ၊ ရင်ပြည့်
ကယ်၊ သန့်ဝမ်းသွားခြင်း၊ ချဲကျပ် သလိပ်ထခြင်း၊ လ
တို့တွင် အသုံးဝင်စေပါတယ်။

## တို့မြုပ်စားပေး ကျန်းမာရေး

ပင်စိမ်းပင်တစ်မျိုးမျိုးကို သန့်စင်ဆေးကြော
ထမင်းဝိုင်းတွင် တို့စရာအဖြစ် စားပေးခြင်းဖြင့် မွှေးကြိုင်
ရနံ့နဲ့အတူ ခံတွင်းကို ကောင်းစေပါတယ်။ အစားအသော
ပျက်ခြင်း၊ သလိပ်ထခြင်း၊ ချဲကျပ်ခြင်း၊ ချောင်းဆို
သွေးဖောက်ပြန်သော ဝေဒနာ၊ နာကျင်ကိုက်ခဲခြင်း၊ လေ
လေအောင့်ခြင်း၊ ပန်းနာ၊ ကြို့ထိုးခြင်း၊ အဆိပ်အတော
မိခြင်း၊ ဆီးအိမ် ကျောက်တည်ရောဂါ၊ ဆီးအောင့်ရော
တွင် အသုံးဝင်ပါတယ်။ အထူးသဖြင့် အမျိုးသားများ
ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာဖြစ်တဲ့ ပန်းညိုးရောဂါရ
ဦးစားပေး စားသုံးသင့်ကြပါတယ်။ အသံပိုင်းဆိုင်ရာ လက္ခ
ဖြစ်တဲ့ အသံဝင်ခြင်းကို ကောင်းစေနိုင်ပါတယ်။

## ပင်စိမ်းစေ့

ပင်စိမ်းစေ့အခြောက်များကို အမှုန့်ထောင်းပြီး
စစ်စစ်၊ သကြားတို့နဲ့ ဖျော်ရည်အဖြစ် သောက်ပေး
အမျိုးသားများရဲ့ မျိုးဆက်သစ် ပြန့်ပွားရေးတွင် လို



www.burmeseclassic.com

www.burmeseclassic.com



ောက်ပြုးခွန်အားကို ဖြစ်စေသော သုက်ဓာတ်ကို ပွားများ ပြီး လိင်ပိုင်းဆိုင်ရာ ညှိုးငယ်မှုကို လန်းဆန်းစေနိုင်ပါ ယ်။ ဒါ့အပြင် ဆီးရောဂါများ၊ ခံတွင်းပျက်ရောဂါများ၊ ိုယ်နဲ့ ခံတွင်းအနံ့အသက် ဆိုးဝါးခြင်း၊ ခြေထောက် ကြွက် တက်ခြင်း၊ ဝမ်းတွင်း လှိုက်တက်ခြင်း၊ အသားအရေနွမ်း ခြောက်ခြင်း၊ အကိုက်အခဲဖြစ်ခြင်း၊ ဝမ်းပုပ်, ဆီးပုပ်, သလိပ် ်ရောဂါတို့အပြင် သွေးလေဖောက်ပြန်မှုတို့ကို ပျောက်ကင်း နိုင်ပါတယ်။

## ထွေထွေရောဂါအတွက် ဟင်းလျာ

ဆေးဖက်ဝင် ဟင်းလျာချက်နည်းမှာ ငါးရှဉ့်ပနီသား ို ငွေးသီးနှစ်လုံးခန့် ခွဲစိတ်ထည့်ပြီး ပြုတ်ပါ။ ငါးရှဉ့်ပနီ ား ပွလာချိန်မှာ ဆယ်ယူကာ အသားများကို ထွင်ပါ။ တ်၊ ကြက်သွန်၊ ဆီ၊ ဆား၊ ပင်စိမ်းများကို ထည့်ကာ ကြော်စားပေးပါ။ ကြော်တဲ့အခါမှာ နှမ်းဆီစစ်စစ်နဲ့ ကြော်စား င် ရောဂါအတွက် ပိုမိုထက်မြက်စေပါတယ်။ ဒီဟင်းလျာ ာ အချို့ရောဂါတွေကို တားဆီးကာကွယ်နိုင်သလို၊ အစာ ည်း ဆေးကဲ့သို့ အသုံးဝင်စေပါတယ်။ ထိုရောဂါတွေက မျိုးသမီးများမှာ မကြာခဏဖြစ်တတ်တဲ့ မီးယပ်သွေးဝမ်း ာဂါ၊ အညောင်းထိုင်သူများမှာ ဖြစ်တတ်တဲ့ သွေးဝမ်း ာဂါ၊ အင်အားကုန်ခန်းတဲ့ ရောဂါ၊ ချွဲဝမ်းကိုက်ရောဂါနဲ့ မ်းပျက်ရောဂါ၊ အရေပြားများ နာကျင်ခြင်း၊ ခြေဖျား လက် ားများ အေးကာ စေးထန်ခြင်း၊ အသားအရေ ခြောက်သွေ့ ခြင်း၊ ခံတွင်းပျက်ခြင်း၊ ပျို့အန်တတ်ခြင်း၊ ဆီးအောင့်ခြင်း၊ ခန္ဓာကိုယ် ချမ်းလိုက် အေးလိုက်ဖြစ်ခြင်း၊ သွေးလေးခြင်း၊ အစာမကြေကာ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ သဘာဝဓာတ်ကြီး ားဖြစ်တဲ့ ဝမ်းပုပ်ခြင်း၊ ဆီးပုပ်ခြင်း၊ သလိပ်ပုပ်ရောဂါတို့ကို ကာကွယ်စေနိုင်ပါတယ်။

## အစာလမ်းကြောင်းရောဂါများ

အိန္ဒိယ အာယုဗ္ဗေဒ ဆေးပညာဆောင်းပါးတွင် မီးဖို ဆောင် ဆေးဖက်ဝင် ကုထုံးအဖြစ် နှလုံးရောဂါ၊ ကျောက် ကပ်ရောင်ခြင်း၊ ကျောက်ကပ် ပျက်စီးခြင်းနဲ့ ဝမ်းဗိုက်နာခြင်း၊ အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ခြင်းတို့ကို သက်သာစေ နိုင်သည်ဟု ဖော်ပြထားပါတယ်။

အိန္ဒိယ အာယုဗ္ဗေဒ တိုင်းရင်းဆေးပညာရှင်များရဲ့ အကြိမ်ကြိမ်လေ့လာထားချက်အရ ရုတ်တရက် ပြင်းထန်စွာ ဖြစ်ပေါ်စေတတ်တဲ့ ရောဂါများကို ကုသရာမှာ အာနိသင် အပြည့်အဝကို ပေးဆောင်နိုင်တဲ့ ဆေးပင်တစ်ပင်အဖြစ်လည်း သတ်မှတ်ကြပါတယ်။ Holy Basil ပင်စိမ်းဟာ ရောဂါတို့ ကို ကာကွယ်ရာမှာ ထိရောက်မှုအရှိဆုံးဟု ပြသခဲ့ပါတယ်။

## ပင်စိမ်းတေဆေး

ရရာ ပင်စိမ်းစေ့တစ်ဆကို အမှုန့်ထောင်းပါ။ ထန်း လျက်နဲ့ သဘာဝ ပျားရည်ကို ရောစပ်ပြီး မှိုမတက်စေရန် ပုလင်းနဲ့ ထည့်ထားပါ။ ဆေးအညွှန်းပမာဏမှာ လက်ဖက် ရည်ဇွန်းတစ်ဇွန်းဖြစ်ပါတယ်။ ဆေးကို နံနက် တစ်ကြိမ်၊ ည တစ်ကြိမ်သောက်ပေးခြင်းဖြင့် အောက်ပါ ရောဂါများကို ကုသရာမှာ အသုံးဝင်စေနိုင်ပါတယ်။

အသည်းရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ ဆံပင်ကျွတ်ခြင်း၊ အမျိုးသမီးများ လိင်ဆန္ဒနည်းပါးခြင်း၊ သားဖွားမိခင်များ နို့ထွက်မှုနဲ့ ပတ်သက်တဲ့ ရောဂါများ၊ လေ သလိပ်ထကြွတဲ့ ရောဂါ၊ သွားကျန်းမာရေးချို့တဲ့၍ ဖြစ်တတ် တဲ့ သွားနာ၊ သွားဖုံးရောင်၊ သွားကိုက်ရောဂါ၊ အထက်သို့ အပုပ်ဆန်သောရောဂါ၊ အရေပြားတွင် ဖြစ်တတ်တဲ့ ပွေး ရောဂါ၊ ဝဲရောဂါ၊ နှင်းခူရောဂါ၊ ပျောက်ခဲသော အနာအဆာ များ၊ ထုံကျဉ်ကိုက်ခဲခြင်း၊ ဆီးနည်းပါးခြင်း၊ သွေးငုပ်ခြင်း၊ အင်အားဆုတ်ယုတ်ခြင်း၊ ခန္ဓာကိုယ်နွမ်းခြောက်ခြင်း၊ သွေး အားနည်းခြင်း၊ သွေးမသန့်ခြင်း၊ ကာမဆန္ဒနည်းပါးခြင်း၊ ညဘက် အိပ်မပျော်တဲ့ မျက်လုံးကြောင်ခြင်း၊ ခံတွင်းပျက်ခြင်း၊ အမျိုးသား လိင်ပိုင်းဆိုင်ရာ ရောဂါများဖြစ်တဲ့ သုက်လွှတ်မှု ကို အခြေခံကာ ခံစားရသောရောဂါ၊ အိပ်မက် သုက်လွှတ် ရောဂါ စသည်တို့ကို ကုသပေးနိုင်ပါတယ်။

## ဆံပင်ရှင်သန်ဆေး

ဆံပင်ရှင်သန်ဆေးဆိုတာဟာ ဆံပင်ရဲ့ ကျန်းမာရေးကို အနှောင့်အယှက်ပြုနေတဲ့ ပြဿနာများအားလုံးကို ဖြေရှင်း ပေးစေနိုင်တဲ့ ဆေးပဲဖြစ်ပါတယ်။ ဒီဆေးကို ဖော်စပ်အသုံး ပြုမယ်ဆိုရင်တော့ အုန်းဆီတွင် ပင်စိမ်းစေ့ကို အမှုန့်ပြုကာ ရောစပ်ထားပါ။ ထိုရောစပ်ထားသော ဆီကို နေ့စဉ် လိမ်း ပေးခြင်းဖြင့် ဆံပင်များကို နက်မှောင်ရှင်သန်စေနိုင်ပါတယ်။

အာရောဂျံ ပရမ် လာဘ်

* * *

ကျော်တင့်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



■ တက္ကသိုလ်စိုးမိုးနိုင် ■

# ဘဝပဉ္စာအဖြေရှာကဏ္ဍ

**မနွယ်နွယ်အောင်**
**ရန်ကုန်မြို့**

**မေး။ ကံကောင်းခြင်းရဲ့ လက်ဆောင် ယတြာတစ်ခု လိုချင်ပါသည်။**

**ဖြေ။** မနွယ်နွယ်အောင်သည် တရုတ်ရိုးရာ ဂမ္ဘီရဗေဒဗေဒင် ပညာရပ်အရ ခွေး(ရေ)နှစ်ဖွား ဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရို၏ ဂဏန်းဗေဒင်ပညာရပ်အရ (၄)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်း ဗေဒင်ပညာရပ်အရ မေထုန်ရာသီဖွား (Gemini)ဖြစ်ပါသည်။ ထို့ကြောင့် မနွယ်နွယ်အောင်သည် ပင်ကိုယ်စိတ်ရင်းကောင်းရှိသူ၊ မေတ္တာတရားကြီးမားလျက် သစ္စာတရားကို ဦးထိပ်မှာ ပန်ဆင်သူ၊ စိတ်ဓာတ်ခိုင်မာသူ၊ ခုံးဖြတ်ချက်ပြတ်သားသူ၊ ရိုးသားဖြောင့်မတ်သူ၊ မိချစ်သောသူ၊ မိသားစုအတွက် အနစ်နာခံလိုသူမျိုးဖြစ်ပါသည်။ ထို့အပြင် အရာရာကို အကောင်းအဆိုး ခွဲခြားနားလည်ပြီး ထိုးထွင်းသိမြင်နိုင်စွမ်း မြင့်မားသည်။ အတ္တဟိတထက် ပရဟိတကို ဦးစားပေးသူဖြစ်သည်။

မနွယ်နွယ်အောင်ဘဝမှာ ကြီးပွားချမ်းသာပြီး ကံကောင်းခြင်းအစစ်အမှန်ကို တွေ့ကြုံစေရန် မင်္ဂလာသုတ်လာ ပေါင်းသင်းဆက်ဆံရေး မင်္ဂလာသုံးပါးနှင့်အညီ နေထိုင်ပါ။

**၁။ အသေဝနာစ ဗာလာနံ** - လူမိုက်ကို ရှောင်ကြဉ်ရမည်။

*** အင်္ဂါလေးပါးနှင့် ပြည့်စုံသော လူမိုက်**

(က) အန္ဓပုထုဇဉ် - ရုပ်နာမ်အစဉ် ဉာဏ်အမြင်ကင်း၍ မကောင်းမှု ဒုစရိုက်မှန်သမျှကို ပြုလုပ်လေ့ရှိခြင်း။

(ခ) ဒုသီလ - ကိုယ်ကျင့်သီလ လုံးဝမရှိခြင်း။

(ဂ) ဒုပ္ပည - ပင်ကိုယ်ဉာဏ် လုံးဝမရှိခြင်း။

(ဃ) ဒုမ္မန - ပင်ကိုယ်စိတ်ရင်းကောင်း လုံးဝမရှိခြင်း။

**၂။ ပဏ္ဍိတာနဉ္စသေဝနာ** - ပညာရှိကို ပေါင်းရမည်။

*** အင်္ဂါလေးပါးနှင့် ပြည့်စုံသော ပညာရှိ**

(က) ကလျာဏပုထုဇဉ် - ရုပ်နာမ်အစဉ် ဉာဏ်အမြင်ပြည့်ဝ၍ ဒုစရိုက်ကို ရှောင်လျက်၊ ကောင်းသော သုစရိုက်အကျင့်ကိုသာ ဖြည့်ကျင့်နေခြင်း။

(ခ) သုသီလ - ကိုယ်ကျင့်သီလပြည့်ဝခြင်း။

(ဂ) သုပညာ - ပင်ကိုယ်ဉာဏ်ပြည့်ဝခြင်း။

(ဃ) သုမန - ပင်ကိုယ်စိတ်ရင်းကောင်း ပြည့်ဝခြင်း။

**၃။ ပူဇာစ ပူဇနေယျာနံ** - ပူဇော်ထိုက်သူကို ပူဇော်ရမည်။

(က) ဗုဒ္ဓေ-ဘုရားရှင်(ယခုအခါ စေတီရုပ်ပွား စသည်ကို ပူ...

(ခ) ပစ္စေကဗုဒ္ဓ - သာသနာပအခါ ပွင့်သော ဘုရား...

(ဂ) အရဟာ - ရဟန္တာနှင့် သီလဝန္တသမုတိ သံဃာတော်...

(ဃ) အဂ္ဂသာဝက - အရှင်သာရိပုတ္တရာနှင့် ရှင်မ... မောဂ္ဂလာန်။

(င) မာတာ - မွေးမိခင်။

(စ) ပိတု - မွေးဖခင်။

(ဆ) ဂုရု - ဂုဏ်သိက္ခာကြီးမား၍ အလေးပြုအပ်သူ။

(ဇ) သတ္ထု - မိမိအား ပညာသင်ပေးသော ဆရာ။

(ဈ) ဒါယကာ - ရိက္ခာလုံလောက် ထောက်ပံ့ဖူးသော ကျေးဇူးရှင်။

(ည) ဓမ္မဒေသကာ - မိမိအား ဆိုဆုံးမ၍ တရားပြဖူးသော ကျေးဇူးရှင်။

မနွယ်နွယ်အောင်ဘဝမှာ အကောင်းဆုံး ကံကြ... ကို တွေ့ဆုံစေရန် ကံကောင်းခြင်းလက်ဆောင်ယတြာ... လူမိုက်ကို ရှောင်၊ ပညာရှိကို ပေါင်းလျက် ပူဇော်ထိုက်... ကို ပူဇော်ပါ။ ထို့အပြင် အောက်ပါ "မင်္ဂလာသုတ်လာ... ပေါင်းသင်းဆက်ဆံရေး" ဂါထာကို နေ့စဉ် သတိရတိုင်း ရွတ်... ဆိုလျက် နလုံးသွင်းပါ။

အသေဝနာ စ ဗာလာနံ
ပဏ္ဍိတာနဉ္စ သေဝနာ
ပူဇာစ ပူဇနေယျာနံ
ဧတံ မင်္ဂလမုတ္တမံ။

ဗာလာနံ - လူမိုက်တို့ကို၊ အသေဝနာစ - မ... မဆည်းကပ်ခြင်းသည် လည်းကောင်း၊ ပဏ္ဍိတာနံ - ပညာ... သူတို့ကို၊ သေဝနာစ - မှီဝဲဆည်းကပ်ခြင်းသည် လည်း... ကောင်း၊ ပူဇနီယာနံ - ပူဇော်ထိုက်သူတို့ကို၊ ပူဇာစ - ပူ... ဇော်ခြင်း၊ ဧတံ - ဤသုံးပါးသော တရားသည်၊ ဥတ္တမံ - ... ကောင်းမြတ်သော၊ မင်္ဂလံ - မင်္ဂလာပေတည်း။

မနွယ်နွယ်အောင်၏ ဘဝခရီးမှာ အကောင်...



www.burmeseclassic.com

www.burmeseclassic.com



အပေါင်း ခညောင်းရောက်ရှိလာပါစေ။

**မောင်မျိုးသန့်ဌေး**
**ရွှေပြည်နယ်အရှေ့ပိုင်း၊ မိုင်းဖြတ်မြို့**

**မေး** **ဘဝအောင်မြင်ရေးအတွက် ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။**

**ဖြေ** မျိုးသန့်ဌေးသည် တရုတ်ရိုးရာ ဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ နွား(သစ်သား)နှစ်ဖွား ဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီး ကိုင်ရို၏ ဂဏန်းဗေဒင်ပညာရပ်အရ (၇)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ပြိဿရာသီဖွား(Taurus)ဖြစ်ပါသည်။ ထို့ကြောင့် မျိုးသန့်ဌေးသည် အလွန်ပင် လုံ့လဝီရိယရှိသူပင် ဖြစ်သည်။ ထိန်းထိန်းသိမ်းသိမ်းနေတိုင်တတ်သည်။ ပေါင်းသင်းဆက်ဆံရေးကောင်းသည့် ညီးရုံးရေးစွမ်းရည်ရှိသူ ဖြစ်သည်။ နိုင်ငံရပ်ခြား ကံကောင်းပြီး ရပ်ဝေးမြေနှင့် အကျိုးပေးသည်။ တစ်ပါးသူများအပေါ် ကူညီလိုစိတ်ရှိသည်။ မိမိဘဝတွင် ရည်မှန်းချက်ကြီးကြီးမားမားရှိပြီး ထိုရည်မှန်းချက်ပန်းတိုင်သို့ မရောက်မချင်း ဇွဲကောင်းကောင်းဖြင့် ချီတက် လုပ်ဆောင်မည့်သူမျိုးပင် ဖြစ်သည်။

"တကယ်လုပ်လျှင် အဟုတ်ဖြစ်ရမယ်"ဆိုသကဲ့သို့ ဘဝအောင်မြင်မှုကို စိတ်ရှင်းမှ ပြင်းပြင်းပြပြ ရရှိလိုသူသည် အမှန်တကယ်ပင် အောင်မြင်သော ဘဝကို ရရှိမှာကောန်ပင်ဖြစ်သည်။

ဘဝအောင်မြင်မှုကို ကြီးကြီးမားမားရရှိလိုသူ မျိုးသန့်ဌေးအတွက် ရှေးဦးစွာ အောင်မြင်မှု၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပြမည်။ ကြီးပွားအောင်မြင်ရေး ဆိုသည်မှာ "ပလ္လာခြင်းကင်း၍ တရားမျှတ အာဇီဝဖြစ်သော ချမ်းသာခြင်း၊ ရာထူးဂုဏ်သိမ်မြင့်မားခြင်း၊ အများအကျိုးကို ဆောင်နိုင်ခြင်း"ဟု အဓိပ္ပာယ်ဖွင့်ဆိုရပါလိမ့်မည်။

အချို့သူများသည် ရှေးဘဝကံကောင်းပြီး မွေးရာပါ ကြီးပွားအောင်မြင်ကြသကဲ့သို့၊ တချို့ကလည်း ထီပေါက်ခြင်းကဲ့သို့ ရေးကံတစ်ခု အကြောင်းပြုပြီး ရုတ်တရက် ကြီးပွား အောင်မြင်သွားကြသည်။ ထို့အပြင် တချို့က ပြင်းထန်သော အောင်မြင်ချင်စိတ်ကို အခြေပြုလျက် ရိုးသားစွာ ကြိုးစားမှုကြောင့် အောင်မြင်သွားသူများလည်း ရှိကြလေသည်။

လက်သမားပညာ၊ စိုက်ပျိုးရေးပညာ စသည့် ပညာရပ်များကဲ့သို့ ကြီးပွားအောင်မြင်ရေး ပညာသည်လည်း သင်ယူလျှင် တတ်မြောက်နိုင်ပါသည်။ သို့သော် ကြီးပွား အောင်မြင်ရေးအတွက် ဖြတ်လမ်းနည်း မရှိပါ။ ကြီးပွားအောင်မြင်စေရန် ရည်မှန်းချက် ခိုင်ခိုင်မာမာရှိရမည်။ ထိုရည်မှန်းချက်သည် မိမိအတွက်သာမက၊ အများအတွက်ပါ အကျိုးရှိသော ရည်မှန်းချက်မျိုးဖြစ်ရပါမည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ"ဆိုသော စကားပုံအတိုင်း ကြီးပွားအောင်မြင်ရေးအတွက် အကောင်းဆုံး နည်းလမ်းတစ်ခုမှာ စာအုပ်ကောင်းများကို ရှာဖွေဖတ်ရှုရပါမည်။ ဘဝတွင် တိုးတက်အောင်မြင်သူတိုင်းသည် စာဖတ်သူများပင်ဖြစ်သည်။

"အနာခံမှ အသာစံရ"ဆိုသော စကားပုံအတိုင်း ကြီးပွားအောင်မြင်စေရန် ပေးဆပ် အနစ်နာခံမှု၊ ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှုတို့ များစွာလိုအပ်ပါသည်။

ကြီးပွားအောင်မြင်စေရန် အေးလွန်းခြင်း၊ ပူလွန်းခြင်း၊ စောလွန်းခြင်း၊ နောက်ကျလွန်းခြင်း၊ ဆာလွန်းခြင်း၊ ပြည့်အင်လွန်းခြင်းဆိုသော ပျင်းရိခြင်းခြောက်ပါးကို ရှောင်ပါ။

လက်ရှိအချိန်ကို တန်ဖိုးထားပါ။ မနေ့ကသည် အိပ်မက်၊ မနက်ဖြန်သည် စိတ်ကူး၊ ယနေ့သည် လက်ရှိပိုင်ဆိုင်မှုစစ်စစ်ဖြစ်သည်။ ထို့ကြောင့် လက်ရှိ ပိုင်ဆိုင်နေဆဲ ပစ္စုပ္ပန်အချိန်တိုင်း・・・အချိန်တိုင်းမှာ ဘဝအနာဂတ်ခရီးအတွက် အကောင်းဆုံး ကြိုးစားပြီး ကြိုတင်ပြင်ဆင်ပါ။

လူ့ဘဝရခိုက်၊ အသက်ရှင်သန်နေခိုက်၊ ဘုရားသာသနာပွင့်ထွန်းခိုက် ယခုလက်ရှိအချိန်မှာ ဘာသာတရားကို သဒ္ဓါတရားထက်ထက်သန်သန်ဖြင့် အားထုတ်ပါ။ ကြီးပွားတိုးတက် အောင်မြင်သူတိုင်းသည် မိမိတို့ ကိုးကွယ်ရာ၊ ယုံကြည်ရာ ဘာသာတရားကို အလေးထား၊ တန်ဖိုးထားသူများပင် ဖြစ်သည်။

မျိုးသန့်ဌေးဘဝမှာ ကြီးပွားအောင်မြင်စေရန်အတွက် နံနက်စောစောထပြီး အိမ်ရှိ ဘုရားမှာ သီလခံယူလျက် ပန်း၊ ရေချမ်းနှင့် ဆွမ်းကပ်လှူကာ ဆန္ဒသိဒ္ဓိဂါထာကို ရွတ်ဆိုပါ။

**ဆန္ဒသိဒ္ဓိဂါထာ**

အတီတေ ဝတ္တမာနေစ၊
ယံ ပုညံ ပကတံ မယာ၊
ဣမေဝ တသ္သ ပစ္စက္ခေ၊
ဝိပါကော မေ ဝိပစ္စတု။

အထက်ပါ အချက်များကို ကျင့်ကြံလိုက်နာပါက မောင်မျိုးသန့်ဌေးဘဝမှာ ကြီးပွားချမ်းသာ အောင်မြင်မှုများကို ထိုက်ထိုက်တန်တန် ရရှိလာပါလိမ့်မည်။

* * *

တက္ကသိုလ်ဦးမိုးနိုင်





www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောင်း လမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** - ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** - ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** - ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** - ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** - အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသ၊ လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** - ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။)
- **G** - အပ်စပ်သော အမိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ____________________

မွေးခုနှစ်၊လ၊ရက် ။ ။ ____________________

နေရပ်လိပ်စာ ။ ။ ____________________

____________________

____________________

မိမိမေးလိုသည့် ။ ။ ____________________

မေးခွန်းအကြောင်းအရာ ____________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

✂ ---------------------------------------------

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင်အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)

ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း
ဘဝပုစ္ဆာအဖြေရှာကဏ္ဍ
အမှတ် – ၁၇၉ (မြေညီထပ်)၊ ၃၁ – လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း – ၃၇၄၄၈၅



www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၃ - ဇွန်လအတွက်
# ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ဒေဝဏ္ဏရာ ဆရာကျော်

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းကြီးရဲ့ စာချစ်သူများအားလုံး ဘေးဘယာဝေးကွာ၍ ကျန်းမာချမ်းသာကြပါစေကြောင်း ၇နှစ်ပြည့် အထူးထုတ် အကြံပြု စာမျက်နှာပေါ်မှနေ၍ ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

ဒီစာမျက်နှာကတော့ ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ သံလိုက်အိမ်မြှောင်က တောင်-မြောက် ဝ မ်းညွှန်ပြသလို ရက်သားသမီးတို့ရဲ့ ဘဝကံပွင့်လန်းဖို့ အထောက်အကူပြု လမ်းညွှန်မှာ ဖြစ်ပါတယ်။

"လမ်းများတဲ့ အကျင့်မှာ ဝီရိယများတဲ့လူ ဆင်းရဲတယ်။ လမ်းမှန်တဲ့ အကျင့်မှာ ဝီရိယနည်းတဲ့သူ ဆင်းရဲတယ်"

*(အဂ်ုတ္တိုရ်ပါဠိတော်)*

### ၂၀၁၃၊ မေလ စန်းပွင့်ရက်များ


| | |
|---|---|
| ၁၊ ၉၊ ၁၀၊ ၁၈၊ ၁၉၊ ၂၀၊ ၂၈၊ ၂၉ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၂၊ ၃၊ ၁၁၊ ၁၂၊ ၁၃၊ ၂၁၊ ၂၂၊ ၂၃၊ ၃၀ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၄၊ ၅၊ ၁၄၊ ၁၅၊ ၂၄၊ ၂၅ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၆၊ ၇၊ ၈၊ ၁၆၊ ၁၇၊ ၂၆၊ ၂၇ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |

အထက်ပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြထားခြင်းဖြစ်သည်။ အကြံအစည်ပြုခြင်း၊ ခရီးထွက်ခြင်း၊ ဂါထာမန္တန်များ ရွတ်ပွားမှုများတွင် အကျိုးရှိမှာ ဖြစ်ပါသည်။ ဉာဏ်ရှိသလိုလည်း သုံးစွဲနိုင်ပါသည်။

ဥပမာ - (၁-၆-၂၀၁၃)ရက်နေ့တွင် အနောက်အရပ်သို့ မျက်နှာမူကာ ဂါထာမန္တန်ရွတ်ပွားနိုင်ပါသည်။ သိဒ္ဓိတင်ခြင်း၊ အင်းဆွဲခြင်း၊ ဆေးသက်ဝင်အောင် ဆိုင်ရာ ဂါထာမန္တန်များ ရွတ်ပွားသရဇ္ဈာယ်ခြင်း စသည်ဖြင့် ပြုနိုင်ပါသည်။ ခရီးစတင်ထွက်သူများမှာလည်း စန်းပွင့်ထောင့်အရပ်ကို မျက်နှာမူ၍ စတင်ခြေလှမ်းထွက်ပြီးမှ လိုရာခရီးဆက်သင့်ပါသည်။

မိဿ၊ သိဟ်၊ ဓနုတွင် စန်းရှိပါက အရှေ့အရပ်စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရတွင် စန်းရှိပါက တောင်အရပ် စန်းပွင့်သည်။ မေထုန်၊ တူ၊ ကုမ်တွင် စန်းရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်တွင် စန်းရှိပါက မြောက်အရပ် စန်းပွင့်ပါသည်။ စန်းပွင့်အရပ်များကို မျက်နှာမူ၍ ဉာဏ်လွှာသုံးနိုင်ကြပါသည်။

### ထီးကံ






www.burmeseclassic.com

www.burmeseclassic.com



ဤဇာတာမှာ ဒွန်လ ထီဖွင့်နေ့ ဇာတာဖြစ်သည်။ ကောဇာ ဇာတာဖြစ်၍။ သူဌေးလောင်းရွှေပေမယ့် ဇာတာ ကင်ပွန်းတပ်နိုင်ပါသည်။ (၄၊ ၅၊ ၆)ဂဏန်းများများပါအောင် ထိုးပါ။ အာရုံပြု ဂဏန်းမှာ (၆၊ ၈)ဖြစ်သည်။ ထီမထိုး ငွေကြေးပုံသကူစွန့်ပါ။

## အဆောင်ရတနာ

ဒွန်လတစ်လလုံး (ပုလဲ)ကို အဆောင်ပြု၍ ကြံဆောင်သင့်ပါတယ်။ စိတ်ဓါတ်သမားများ ငြိမ်း၍ ကျက်သရေရှိနေ မယ်။ ပုလဲဟာ တနင်္လာဂြိုဟ်မင်းကို ကိုယ်စားပြုပါတယ်။ စိတ်ထားကောင်းများ ဖြစ်ပေါ်စေပြီး ဆောင်သူကို ကျက်သရေ စေပါတယ်။ လူချစ်လူခင်များလာမှာဖြစ်ပြီး စိတ်ကူးကောင်းများ ဖြစ်ပေါ်လာစေရန်လည်း ထောက်ပံ့ပေးပါလိမ့်မယ်။

## မင်္ဂလာဆောင်မှု

မင်္ဂလာဆောင်ကောင်းပါတယ်။ (၈-၆-၂၀၁၃)နေ့မကျော်ခင် ရက်ကောင်းရွေးဆောင်ပါက လာဘ်ဝင်မယ်။ (၉-၆-၂၀၁၃)မှ လကုန်ရက်အတွင်းဖြစ်ပါက ဘေးရန်ကင်းဝေးသော အကျိုးရပါလိမ့်မယ်။ အခြားသော အခါကောင်းဖြစ်ရန် နက္ခတ်ဗေဒင်ပညာရှင်နှင့် တိုင်ပင်သင့်ပါတယ်။

## အထူးဂါထာမန္တန်ရွတ်ပွားရန်

မဟာဝေဒဗ္ဗမန္တန်သော် လည်းကောင်း၊ ဒိဝါတပတိ အစချီ ဂါထာသော် လည်းကောင်း၊ ပဌာန်းနှင့် အခြား ငွေဝင် လာဘ်ရှင်ဂါထာတစ်မျိုးမျိုးကို (၂၇-၆-၂၀၁၃)၊ ကြာသပတေးနေ့တစ်နေ့လုံး တတ်နိုင်သရွေ့ ရွတ်ပွားသင့်ပါတယ်။ အကယ်၍ အရဟံပုတီးတစ်လုံးချ(၈၄၀၀၀)တစ်ရက်အပြီး စိပ်နိုင်ပါက အကျိုးပေး ထူးပါလိမ့်မယ်။ အထူးသဖြင့် လာဘ်ရှင်ပါမယ့် လက်တွေ့ရှိကြောင်းပါခင်ဗျာ။

## အကြံပြုချက်

- * **တနင်္ဂနွေသားသမီးများ** - တစ်လလုံး သပြေပန်းများ ဝေဆာနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်း ပူဇော်ပေးပါ။
- * **တနင်္လာသားသမီးများ** - ရွှက်လှပန်းများ တစ်လလုံး ဝေဆာနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်းပါ။
- * **အင်္ဂါသားသမီးများ** - တစ်လလုံး သပြေပန်းများ ဝေဆာနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်း ပူဇော်ပေးပါ။
- * **ဗုဒ္ဓဟူးသားသမီးများ** - ရွှက်လှပန်းများ တစ်လလုံး ဝေဆာနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်းပါ။
- * **ကြာသပတေးသားသမီးများ** - အုန်းပန်းများ တစ်လလုံး ဝေဆာလှပနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်းပူဇော်ပါ။
- * **သောကြာသားသမီးများ** - အုန်းပန်းများ တစ်လလုံး ဝေဆာလှပနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်းပူဇော်ပါ။
- * **စနေသားသမီးများ** - ရွှက်လှပန်းများ တစ်လလုံး ဝေဆာနေအောင် နေအိမ်ရှိ ဘုရားတွင် လှူဒါန်းပါ။

* * *

ခေတ္တရာ ဆရာကျော်



www.burmeseclassic.com

www.burmeseclassic.com

# မထိမဲ့မြင်

မောင်မြင့်မား(ဘိုကလေး)



တစ်ချိန်က ရန်ကုန်မြို့ ၃၄လမ်း
ဘာလောက်တွင် GHOWD
S#ဟု ဆိုင်နာမည်တပ်ကာ တီဗီ
အက်စက်တို့ အရောင်းဆိုင်နှင့်
စ်တာဖွင့်ပြီး စီးပွားရေးလုပ်ကိုင်
ကိုထွန်းလှိုင်နှင့် သူ့သူငယ်ချင်း
တို့ ရှိသည်။ မောင်မျိုးက
ညီဝမ်းကွဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက စီးပွားရေးလုပ်နေသော်လည်း စာဖတ်ဝါသနာပါသည်။ အလုပ်အားလျှင် စာဖတ်နေတတ်သည်။ ကျွန်ုပ်ရေးသော စာအတော်များများ သူဖတ်ဖူးသည်။ ကျွန်ုပ်ကလည်း သူ့ကို စာအုပ်လက်ဆောင်ပေးနေကျဖြစ်သည်။ သူက ကျွန်ုပ်၏ စာများကို ဖတ်ပြီး အကောင်းအဆိုး ဝေဖန်တတ်သည်။ ကြိုက်လျှင် ကြိုက်သည်။ မကြိုက်လျှင် ဘာ့ကြောင့် မကြိုက်ကြောင်း ပြောသည်။

ကျွန်ုပ်က အပတ်စဉ် သောကြာနေ့တိုင်း ရန်ကုန်မြို့ထဲသွားကာ မဂ္ဂဇင်းတိုက်ပေါင်းစုံသို့ လှည့်၍ သူ့ဆိုင်ရောက်သောအခါ သူတိုက်သော လက်ဖက်ရည်သောက်၍ သူ၏ ဝေဖန်မှုကို နားထောင်ရသည်။ သူရော ကျွန်ုပ်ပါ စကားနည်းသူများ ဖြစ်ကြသော်လည်း နှစ်ဦးဆုံကြသောအခါ စကားတွေ ပြောဖြစ်ကြသည်။

ကျွန်ုပ်သည် ဘဝသရုပ်ဖော်၊ ပြဇာတ်၊ သရော်စာ၊ မှုခင်း၊ ဂန္ထဝင်၊ ဟာသ စသည်ဖြင့် ကြုံသလို ရေးသည်။ ကလောင်ခွဲများဖြင့်လည်း ရေးသည်။ ကျွန်ုပ်ရေးသမျှကို မောင်မျိုးက ဒိုင်ခံဖတ်သည်။ တစ်ခါသော် သူက လက်ဖက်ရည်တိုက်ပြီး စကားပြောနေကျ အစဉ်အလာကို ဖျက်ပြီး ထူးထူးဆန်းဆန်း ကျွန်ုပ်အား ဘီယာဆိုင်သို့ ခေါ်သွားသည်။

ကျွန်ုပ်သည် အဖျော်ယမကာကို မကြိုက်သော်လည်း တစ်ခါတစ်ရံ ဘီယာလောက်တော့ စကားပြောကောင်းရုံ သောက်တတ်သောကြောင့် သူ့ဆန္ဒကို လက်ခံလိုက်သည်။

နှစ်ယောက်သား ဘီယာတစ်ခွက်စီလောက် ကုန်သွားသောအခါ မောင်မျိုးက ကျွန်ုပ်အား...

"အစ်ကို...အစ်ကိုက စာအစုံရေးတတ်တော့ တစ်ခါတစ်ရံ ဂန္ထဝင်ဆန်တဲ့ အစ်ကို့ရဲ့ ဝတ္ထုကလေးတွေ ဖတ်ရတယ်။ အဲဒီဇာတ်လမ်းတွေက ကိုယ်တွေ့တွေလား၊ စိတ်ကူးယဉ်တွေလား"

"များသောအားဖြင့် ကိုယ်တွေ့တွေ ရေးတာ များပါတယ်။ အဲဒီ ကိုယ်တွေ့တွေကို တန်ဆာဆင်ပြီး ဖတ်ကောင်းအောင် ရေးရတာပေါ့ကွာ။ ဒါပေမယ့် တစ်ခါတလေတော့လည်း သူများပြောတဲ့ အတွေ့အကြုံကို ရေးတာမျိုးလည်း ရှိပါတယ်"

"ဪ...ဒီလိုလား။ ဒါဆိုရင် ကျွန်တော်ကိုယ်တွေ့ အတွေ့အကြုံတစ်ခုကို ပြောပြမယ်။ အစ်ကိုရေးလို့ရရင် ရေးကြည့်ပါလား"

"အေး၊ ကောင်းတယ်။ မင်းအတွေ့အကြုံဆိုတော့ ပိုရေးလို့ ကောင်းတာပေါ့။ ဒါပေမယ့် တစ်ခါတလေ ရေးစရာ သိပ်ကောင်းပေမယ့် ရေးလို့မရတာတွေလည်း ရှိတတ်တယ်။ အစွန်းရောက်သွားတာမျိုးပေါ့"

"ကျွန်တော်တော့ အဲဒါ သိပ်နားမလည်ဘူး။ ကိုယ်တွေ့ဆိုတော့ အစ်ကို့အတွက် ရေးစရာများ ရမလားလို့ပါ"

"အေးအေး၊ ထားပါတော့။ မင်းပြောချင်တဲ့ မင်းအတွေ့အကြုံသာ ပြောပါ"

ကျွန်ုပ်သည် စကားအလွန်နည်းသော်လည်း ကျွန်ုပ်ထက် စကားပိုနည်းသော မောင်မျိုးဆိုသည့် ကျွန်ုပ်၏ ညီနှင့် တွေ့သောအခါ သူ့ကိုယ်တွေ့ ဇာတ်လမ်းကို သူပြောပြသည့်အတိုင်း ဖတ်ကောင်းအောင် အနည်းငယ် ပြင်ဆင်၍ ရေးသားတင်ပြလိုက်ပါသည်။

◆◆◆

"ကျွန်တော်ငယ်ငယ်ကတည်းက လူမှန်းသိတတ်စအရွယ်မှာ အဖေဆုံးသွားတော့ ကျွန်တော့်အမေနဲ့ ညီအစ်ကိုတစ်တွေ ကသီလင်တဖြစ်တာပေါ့ အစ်ကိုရယ်။ အဲဒါကြောင့် ရန်ကုန်မြို့ထဲက ရပ်ကွက်ပေါင်းစုံကို ဟိုပြောင်း ဒီပြောင်းပေါ့။ အခု ကျွန်တော် အိမ်ထောင်ကျလို့ ကလေးနှစ်ယောက်ရတာတောင် အိမ်ပြောင်းရတုန်း။

အဲဒီကိစ္စ ထားပါ။ ကျွန်တော် ပြောချင်တာက ကျွန်တော်ငယ်စဉ်က ရပ်ကွက်တစ်ခုမှာ နေခဲ့စဉ် ကစားဖော် သုံးလေးယောက်နဲ့ သူငယ်ချင်းဖြစ်ကြတယ်။ အဲဒီသူငယ်ချင်းတွေထဲမှာ ပေါက်တတ်ကရပြောတတ်တဲ့ လူမျိုးခြား သူငယ်ချင်းတစ်ယောက်လည်း ပါတယ်။

အဲဒီသူငယ်ချင်းက ကျွန်တော်တို့ လုပ်လေ့လုပ်ထရှိတဲ့ ယုံကြည်မှု ကိစ္စတွေကို မထီမဲ့မြင်ပြုတတ်တယ်။ ပါးစပ်ကလည်း ပေါက်ကရတွေ ပြောတတ်တယ်။ လူကြီးတွေကတော့ ကလေးပဲဆိုပြီး လျစ်လျူရှုထားကြပါတယ်။ ကျွန်တော်တို့ကတော့ သူ့ကို သူငယ်ချင်းဆိုပြီး ချော့ပြောပေမယ့် သူကတော့ သူ့ဗီဇကို မဖျောက်ပါဘူး။

ဥပမာအားဖြင့် ကျွန်တော်တို့ လူမျိုးငှုံးစံ နတ်စင်မှာ နတ်တင်ထားတဲ့ လက်ဖက်တို့၊ မုန့်တို့၊ ကွမ်းတို့ကို ခိုးစားတာတို့၊ အရက်ခိုးသောက်တာတို့၊ ညောင်ပင်က နတ်ကွန်းမှာ ထိုးထားတဲ့ အမွှေးတိုင်တို့ကို ယူဆော့တာမျိုးတွေ သူက လုပ်တတ်တယ်။ ကျွန်တော်တို့က အဲဒါမျိုးလုပ်ရင် ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုတာ လူကြီးတွေ ပြောတာ ကြားဖူးနေတော့ သူ့ကို မလုပ်ဖို့၊ လုပ်ရင် ဘယ်လိုဖြစ်တတ်တယ်ဆိုတာ ပြောပေမယ့် သူက အယုံအကြည်ရှိပုံ မတူပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ သူငယ်ချင်းတွေအားလုံးဟာ မွေးရာပါ အကျင့်စရိုက်တစ်မျိုးစီနဲ့အတူ အသက် ဆယ့်လေးငါးနှစ်အရွယ်ကို ရောက်လာပါတယ်။ အကျင့်ဆိုးရှိတဲ့ သူငယ်ချင်းနဲ့ကတော့ အဲဒီအချိန်ထိ တွဲတုန်း၊ ဆော့တုန်း၊ ကစားတုန်းပါ။ သူ့အကျင့်ကတော့ မပျောက်သေးပါဘူး။

ကျွန်တော်တို့ လမ်းထိပ်မှာ ညောင်ပင်ကြီးတစ်ပင်ရှိတယ်။ အပင်ကြီးက တော်တော်ကြီးတယ်။ အဲဒီအပင်အောက်မှာ နတ်စင်တစ်ခုရှိတယ်။ နတ်စင်မှာ ဆောင့်ကြောင့်ထိုင်နေတဲ့ ဘီလူးမရုပ်တစ်ခုရှိတယ်။ သစ်သားပန်းပုရုပ်ဆိုပေမယ့် လက်ရာမြောက်အောင် ထုထားလို့ အချိုးအစားအလွန်ကျပါတယ်။ ခေတ်အဆက်ဆက်က ဘယ်သူတွေ လုပ်ထားခဲ့တဲ့ နတ်စင်နဲ့ အရုပ်ဆိုတာ ကျွန်တော်တို့ မသိပါဘူး။

တစ်နေ့မှာ အကျင့်ဆိုးရှိတဲ့ သူငယ်ချင်းက ကျွန်တော်တို့ သူငယ်ချင်းတွေရှေ့မှာ ရှိနေတဲ့ ဘီလူးမရုပ်ရဲ့ ရင်ဘတ်ကို သူ့လက်နဲ့ သွားပုတ်ပါတယ်။ ပြီးတော့ ရယ်ကျဲကျဲနဲ့ လုပ်ပြတယ်။ မခန့်လေးစားပုံမျိုးပါ။ ကျန်တဲ့ သူငယ်ချင်းတွေက ကြောက်လို့ သူ့ကို မလုပ်ဖို့ ပြောပေမယ့် သူကတော့ ဂရုမစိုက်ပါဘူး။ အဲဒီနားက ဖြတ်သွားတိုင်း သူက ဘီလူးမရဲ့ ရင်ဘတ်ကို သွားသွားပုတ်နေကျပေါ့။

ကျွန်တော်တို့က ကြောက်နေပေမယ့် သူကတော့ အဲဒီလိုလုပ်ရတာကို ဂုဏ်ယူနေပုံရပါတယ်။ အဲဒီသူငယ်ချင်းဟာ ကျွန်တော်တို့ ဆုံနေကျ၊ ဆော့နေကျ နေရာကို မလာတာ တစ်ပတ်လောက် ကြာတော့မှ ကျွန်တော်တို့ သတိထားမိတယ်။

ဒီလိုပဲ သူ့မိဘများအိမ်က အလုပ်နဲ့ တစ်ခါတစ်ခါ သူက ပျောက်နေတတ်တော့ မစုံစမ်းမိပါဘူး။ ဒါပေမယ့် ကြာလာတော့ သူ့သတင်းကြားလာရတယ်။ နေမကောင်းလို့ ဆေးကုနေတယ်ဆိုတာ သိလာရတယ်။

တစ်ရက် သူငယ်ချင်းတွေ စုပြီး သူ့အိမ်သွား သတင်းမေးကြတယ်။ သူ့အိမ်ရောက်တော့ သူ့ကို မတွေ့ဘူး။ အိမ်ခန်းထဲမှာလို့ သူ့မိဘတွေက ပြောတယ်။ နောက် သူတို့သားရဲ့ သူငယ်ချင်းတွေပါ ဆိုတော့မှ သူ့မိဘတွေက မျက်ရည်ကျပြီး ကျွန်တော်တို့ကို တွေ့ပေးတယ်။ အဲဒီတော့မှ သူ့အဖြစ်ကို တွေ့ပြီး အံ့သြကုန်ကြတယ်။ ဘာရောဂါလဲဆိုတာ မသိဘူး။ ဆေးခန်းတွေ၊ အထူးကု ဆရာဝန်တွေဆီကိုလည်း ရောက်ပြီးပြီ။ သူ့မျက်နှာက ဖောသွပ်သွပ်ပုံကြီးပေါက်နေကာ မျက်နှာတွေ၊ ပခုံးတွေ၊ လည်ပင်းတွေမှာ အမွေးကြမ်းကြီးတွေ ပေါက်နေတယ်။ ကိုယ်မှာလည်း ပက်ကြားအက်ပြီး အနာတွေလိုမျိုးဖြစ်ကာ အရည်တွေ တရွှဲရွှဲထွက်နေပါတယ်။ သူတို့ဘာသာဆေးရော၊ မြန်မာဆေးရော၊ နိုင်ငံခြားဆေးရော စုံနေပြီလို့ သိရပါတယ်။

အမှန်အတိုင်းပြောရရင် သူ့မျက်နှာ၊ သူ့ပုံစံက ဘီလူးပုံပေါက်နေပါတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေကတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ တညီတညွတ်တည်း အမှိုက်ပေါက်နေကြပါတယ်။ သူ့မိဘတွေကတော့ လူမျိုးခြားများဖြစ်လို့ ကျွန်တော်တို့ သဘောပေါက်သလိုပေါက်ချင်မှ ပေါက်မှာပါ။

သူ့အိမ်ကိုလည်း နောက်ပိုင်း မရောက်တော့ပါ။ ဒါပေမယ့် သူ့သတင်းကိုတော့ ကြားရပါတယ်။ အိမ်ထဲက အိမ်ပြင်မထွက်နိုင်ဘဲ ဝေဒနာခံစားနေရကြောင်းပဲ ဖြစ်ပါတယ်။ အဲဒီအဖြစ်မျိုးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ သူငယ်ချင်းတစ်ယောက်ရဲ့ မိဘများက ဝေဒနာခံစားနေရသော သူငယ်ချင်း၏ မိဘများကို အကြံပေးတယ်လို့ သိရပါတယ်။ အဲဒီအကြံပေးချက်ကို သူ့မိဘများက လက်ခံချင်ပုံ မရပါဘူး။ ဒါပေမယ့် သူတို့သား၏ ဝေဒနာကို မရှုရက်နိုင်သောကြောင့် ဟုတ်လိုဟုတ်ငြားဟု သဘောရကာ လက်ခံလိုက်ပါတယ်။

အဲဒီအကြံပေးချက်က ဘာလဲဆိုတော့ တတ်ကျွမ်းနားလည်သော ဆရာတစ်ယောက်နဲ့ တိုင်ပင်ကာ သူငယ်ချင်း လက်ဆော့ခဲ့သည့် ဘီလူးမရုပ်အား ကန်တော့ပွဲ၊ လက်ဖက်ပွဲများနှင့် သွားရောက် တောင်းပန်ရန် ဖြစ်ပါတယ်။ သူတို့လူမျိုးခြားဘာသာတွင် ထိုကဲ့သို့ ကိစ္စမျိုး လုပ်လေ့လုပ်ထ မရှိသောကြောင့် အကြံပေးသည့်အတိုင်း လက်ဆော့သော သူငယ်ချင်း လူမမာကိုပါ ခေါ်၍ ကန်တော့ပွဲနဲ့ ရှိခိုး တောင်းပန်စေလိုက်ပါတယ်။

သိပ်မကြာပါဘူး။ သူငယ်ချင်း လူမမာဟာ တစ်လအတွင်း အကောင်းပကတိဖြစ်သွားပါတယ်။ သူ့မိဘတွေလည်း အဲဒီတော့မှ စိတ်ချမ်းသာသွားကြပြီး သားအတွက် ဝမ်းသာလို့မဆုံး ဖြစ်ကုန်ကြပါတယ်။ အဲဒီသူငယ်ချင်းဟာ ယနေ့အထိ အသက်ထင်ရှားရှိနေပါသေးတယ်"■

* * *

မောင်မြင့်မား(မုံလ်ကလေး)



www.burmeseclassic.com

www.burmeseclassic.com








# ၁၃၇၅ ခုနှစ် မြန်မာနိုင်ငံ၏ ဇာတာခွင်ကို စစ်ဆေးခြင်း

ဆရာ မြတ်ထွဋ်ခေါင် (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)






www.burmeseclassic.com

www.burmeseclassic.com





ယခု တင်ပြမည့် မြန်မာနိုင်ငံ၏ ဇာတာခွင်နှင့် ဟောချက်များသည် မည်သည့် ပညာရပ်နှင့်မျှ မချိန်ထိုးစေလိုပါ။ ကျွန်ုပ်၏ ဗေဒင်ပညာခရီးအတွေ့အကြုံ အရင်ပြခြင်းဖြစ်ပါသည်။ မှန်သည်၊ မမှန်သည်မှာ အချိန်က အဖြေပေးမည်ဖြစ်ပါသည်။

၂
၆
၃
- ၅ - (မြန်မာနိုင်ငံ-ဗုဒ္ဓဘာသာ)
၁
၄
၀

၁ - ယိုးဒယားနိုင်ငံ (ထိုင်းလူမျိုး)။


၄ - တရုတ်နိုင်ငံ (တရုတ်လူမျိုး)။

၀ - အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ(ကုလားလူမျိုး)။

မြန်မာနိုင်ငံတိုင်မှာ ကြာသပတေးတိုင်ဖြစ်ပါသည်။ အထက်မှာ ဆောင်ပန်း။ အောက်မှာ နင်းကြမ်းတခမ်းယူမိုးကြဆိုသော အတုလ ဆရာတော်ကြီး၏ မူအရ အောက်နင်းကြမ်းဖြစ်နေသော တနင်္ဂနွေဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ စနေဂြိုဟ် သုံးခုတို့သည် ဌ်ဒိတို့နိုင်ငံနှင့် ဆက်စပ်နေသော အရေးကြီးသည့် နိုင်ငံများ ဖြစ်နေပါသည်။

ယခုနှစ်သည် မြန်မာနိုင်ငံ၏ ဇာတာခွင်မှာ (၃)ကြွင်းသော ခုနှစ်ဖြစ်ပြီး လောကစံရှစ်ပါး သင်္ချာတ်ဗေဒင်ပညာအရ ဒုက္ခ(ဗုဒ္ဓဟူး)ဂြိုဟ်တွင် ကျရောက်နေပါသည်။ ဂြိုဟ်အိမ်ကြီးမှာ အယသော လောကဓံဖြစ်ပြီး ၁၃၇၈ မှ ၎င်းနယ်မြေမှ လွတ်မြောက်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |




ပြည်တွင်းစစ်များ နှစ်ဆန်းတစ်ရက်နေ့မှစ၍ ငြိမ်းချမ်းရေးရမည်။ နိုင်ငံခေါင်းဆောင်များ ဂုဏ်ထူးဆောင်ဘွဲ့များ ရလိမ့်မည်။ ပညာရေးနှင့် ပတ်သက်သောကိစ္စများ နိုင်ငံတကာအကူအညီရလိမ့်မည်။ ထိုင်းနိုင်ငံမှ စီးပွားရေးအကူအညီများ ရလိမ့်မည်။ စက်နှင့် ဆန်၊ အခြား အဂါနံပစ္စည်းများ ဈေးတက်လိမ့်မည်။

ကျွန်းသစ်များ ဈေးတက်၍ မသမာမှုများ ပေါ်ပေါက်မည်။

တရုတ်နိုင်ငံနှင့် နှစ်ကြိမ်တိုင်တိုင် လမ်းခရီးဆက်သွယ်မှုများ ပြဿနာပေါ်လိမ့်မည်။ ဘာသာရေးပြဿနာများ အတိုက်အခံနှင့် ငြိမ်းချမ်းရေးရနေလိမ့်မည်။

ယၥဉ်တိုက်မှုများ မကြာခဏ ဖြစ်ပေါ်လိမ့်မည်။ နိုင်ငံကျော် အနုပညာရှင်များ ခရီးသွားလာမှုများတွင် အသက်အန္တရာယ်ရှိနိုင်ပါသည်။ ယခုနှစ်အတွင်း နိုင်ငံကျော် အနုပညာရှင်များစွာ အသက်ဆုံးရှုံးမည်။

ယခုနှစ်တွင် ကားအရောင်းအဝယ်လုပ်ငန်းများ ကောင်းသော်လည်း ဈေးမကျသေးပါ။ ရှေးဟောင်းဘုရားများစွာပေါ်ပေါက်၍ ပြုပြင်ရကိန်းရှိသည်။

◆◆◆

ဆရာပေါင်းတည် ဘုန်းကြည် ရေးသားပြုစုသော နက်နဲလှစွာ စကြဝဠာကျမ်း၏ စာမျက်နှာ (၁၆၃)တွင် ဗုဒ္ဓဟူးဂြိုဟ်နှင့် ပတ်သက်၍ ဖွင့်ဆိုထားသည်ကို တင်ပြရသော် ဗုဒ္ဓဟူးဂြိုဟ်သည် နေကို ပတ်ရာတွင် တစ်စက္ကန့်လျှင် ၂၃မိုင်မှ ၃၅မိုင်အထိ အမြန်နှုန်းပြောင်းလဲနေသောကြောင့် ဂြိုဟ်သည် မိမိကိုယ်မိမိ ငြိမ်သက်စွာ လည်ပတ်နေခြင်းမဟုတ်ဘဲ ယိုင်တီယိုင်တိုင် လည်ပတ်နေသည်ဟု ဖွင့်ဆိုထားသောကြောင့် အရာရာအားလုံးသည်လည်း တည်ငြိမ်မှု မရှိနိုင်သေးပါ။


ကြာသပတေးတိုင်တွင် (ဒိုက်)ဖြစ်သော ဗုဒ္ဓဟူးဂြိုဟ်သည် တရုတ်လူမျိုးဖြစ်ပါသည်။ ၎င်းနိုင်ငံ၏ မှန်ကန်သော ကူညီမှု ရရှိပါက မြန်မာနိုင်ငံ၏ ကံကြမ္မာသည် တိုးတက်ခြင်းသို့ လျင်မြန်စွာ ရောက်ရှိမည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com









ယခုနှစ်တွင် မြန်မာနိုင်ငံသားတိုင်း ပြုလုပ်ရမည့် ယတြာများမှာ…

**တနင်္ဂနွေသားသမီးများ** - ပေါင်မုန့်သက်စေ့ကို အုန်းကြီး ရဟန်း (သို့မဟုတ်) မိဘမဲ့ ကလေးများကို လှူရန်။

**တနင်္လာသားသမီးများ** - မိဘမဲ့ ကလေးများကို နွားနို့လှူရန်။

**အင်္ဂါသားသမီးများ** - မိဘမဲ့ ကလေးများကို လမုန့်လှူရန်။

**ဗုဒ္ဓဟူးသားသမီးများ** - မိဘမဲ့ ကလေးများကို အုန်းနို့ ဆန်ပြုတ်တိုက်ရန်။

**ကြာသပတေးသားသမီးများ** - မိဘမဲ့ ကလေးများ ကို ကိတ်မုန့်လှူရန်။

**သောကြာသားသမီးများ** - မိဘမဲ့ ကလေးများ ဘဲသားဆန်ပြုတ်တိုက်ကျွေးရန်။

**စနေသားသမီးများ** - မိဘမဲ့ ကလေးများ ပဲကုလားဟင်းနှင့် ထမင်းကျွေးရန်။

* * *

ဆရာမြတ်ထွန်းဝေ

(မြန်မာ့ရိုးရာဗေဒင်ပညာ



www.burmeseclassic.com

www.burmeseclassic.com

# နပန်းသမားတစ္ဆေ

ကျော်သန်းစံ

ဆောင်းရာသီ၏ နှင်းမြူများသည် အေးမြလျက်ရှိသည်။ ယနေ့နံနက် ဆောင်း၏ အအေးဓာတ်က ခါတိုင်းထက် အအေးပိုလှသည်ဟု ထင်ရသည်။ လယ်ကွင်းထဲသို့ ငေးမျှော်ကြည့်လိုက်သောအခါ မှုန်ဝါးဝါးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com





အမှန်အတိုင်းဝန်ခံရလျှင် ဒိုက်ဦးမြို့သည် သာယာဖွယ် ပြည့်နှက်လျက်ရှိသည်။

ပဲခူး၊ ရန်ကုန် စသောမြို့ကြီးများနှင့် မဝေးကွာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ချောင်းမြောင်းများ ပေါ်များခြင်း၊ ဥတုရာသီကောင်း၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ခြင်းတို့ကြောင့် ဖြစ်သည်။ ဒိုက်ဦးမှာ အခြားမြို့များထက် ဝယ်ရခြမ်းရတာ ကောင်းသည်။

မိုးရာသီဆိုလျှင် သားငါးပုစွန်က အလွန်ပေါသည်။ ဟင်းသီးဟင်းရွက်တွေကလည်း နွေမိုးဆောင်း ဘယ်အခါမှ ရှားပါးသည် မရှိ။ ဒိုက်ဦးကို ဖြတ်သွားသော ကောလိယချောင်းကမ်းဘေး တစ်လျှောက် ဂေါ်ဖီ၊ မုန်လာ၊ ဆလပ်၊ မုန်ညင်း၊ ငရုတ်၊ ခရမ်း၊ ခရမ်းချဉ်၊ ပဲတောင့်ရှည်၊ ဘူး၊ ဖရုံ၊ သခွား၊ ခဝဲ စသော ဟင်းသီးဟင်းရွက်များ ရာသီအလိုက် စိုက်ပျိုးကြတာ ရှိသလို၊ တစ်နိုင်တစ်ပိုင် နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး စိုက်ပျိုးကြတာတွေလည်း ရှိသည်။

ကိုခင်မောင်သည် မူလကတည်းက လူပု စိတ်တိုတတ်သူတစ်ဦးဖြစ်သည်။ တွေ့သမျှ မြင်သမျှ ကြားသမျှ စိတ်ပျက်စရာတွေချည်း၊ ဒေါသထွက်စရာတွေချည်း ဖြစ်နေသည်။ လာကြည့်မိတာ မှားပြီဟု နောင်တရနေသည်။

"အေးလေ၊ နာမည်အရမ်းကြီးတော့လည်း ဘာတွေများ ကြီးနေသလဲဆိုပြီးတော့ လေ့လာအကဲခတ်ချင်တာပေါ့"

ဟု အပြစ်မရှိသည့်ဘက်က သူ့စိတ်ကို ဖြေပြန်သည်။

"ခုနေ ထပြန်သွားရရင် ကောင်းလိမ့်မယ်ထင်တယ်"

ဟု ဆုံးဖြတ်ချင်လာပြန်သည်။ သည်အခါ ထိုင်ခုံတစ်လုံး တစ်ထောင်ပေး၍ လင်မယားနှစ်ယောက် ကြည့်နေမိသော အဖြစ်ကို သတိရပြန်သည့်အခါ ထပြန်သွားရမှာ ဝန်လေးနေပြန်သည်။

"အေးလေ၊ လာမိမှတော့ မထူးတော့ပါဘူး။ အခုနေ ထိုင်ခုံကို ပြန်ရောင်းပြန်တော့လည်း ဘယ်သူမှ ဝယ်မှာ မဟုတ်တော့ပါဘူး။ ကြည့်မယ့် ကြည့် ဆုံးခန်းတိုင်အောင်ပဲ ကြည့်တော့မယ်"

ဟု ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချပြီး ဆက်ထိုင်မြဲ ထိုင်နေလိုက်သည်။

လက်ဝဲဘက်က ဇနီးသည်မှာ တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်ချက်သားကောင်းနေသည်။ ပါးစပ်တလှုပ်လှုပ်နှင့် နေကြာစေ့လှော်ကို စားနေသည်။ အသက် ၃၀ ခန့်ရှိ လူငယ်တစ်ယောက်က နှုတ်ခမ်းနှုတ်လုပ်ရင်း ရှေ့ကို ကြည့်နေသည်။ သို့သော်လည်း ဇာတ်ခုံပေါ်သို့ သူ့မျက်လုံးတွေ မရောက်တာကတော့ သေချာသည်။ သူ့ရှေ့က တလှုပ်လှုပ် တရွရွနှင့် ဝင်လိုက်ထွက်လိုက် လုပ်နေကြသော အရောင်စုံ၊ အသွေးစုံ၊ အရွယ်စုံသော လုံမပျိုဖြူတွေနှင့် အလှအိုသူတွေကိုသာ မျက်စိကစားနေခြင်း ဖြစ်သည်။

အပေါ်က ဖျော်ဖြေမှုကို အားမရ၍ စိတ်ပျက်နေသည့်အထဲ၊ သည်ဟာမတွေက ငါးမြေမ ဆားပက်လိုက်သလို တဆတ်ဆတ် လူးလာခတ်ပြန်လုပ်နေကြပြန်တော့ အကုသိုလ်ချည်းဖြစ်နေသည်။

"ဟင်း…"

ကိုခင်မောင် သက်ပြင်းရှည်ကို မသက်မသာချလိုက်ပြီး ခေါင်းကို နောက်မှီပေါ် လှဲချလိုက်လေသည်။

ဒိုက်ဦးမြို့၌ မင်းသား ပန်တျာကြည်လင်ဇာတ်အဖွဲ့ ဝင်နေသည်မှာ သုံးရက်ရှိသွားပြီ။ ဇနီးဖြစ်သူ မတင်လှက လိုက်ပြပေးရန် ပူဆာနေ၍သာ လိုက်ခဲ့ရသည်။ စိတ်က လုံးဝမ… တစ်ခုတော့ ပြောစရာရှိသည်။ လူတွေက ပွဲငတ်နေကြ၍လား၊ ဇာတ်… တကယ်ကောင်းနေ၍လား မသိ၊ သုံး… ငုံး–ရုံလုံးပြည့်မျှမက၊ ရုံပင် ဖွင့်လိုက်ရသည်ဟု ကြားနေရသည်။ ရုံဝင်ခ… လူကြီးတစ်ယောက် တစ်ထောင်… ကလေးတစ်ယောက် ငါးရာ၊ ဖျာ… တစ်ချပ် ငါးရာကျပ်မှ နှစ်ထောင်ကျ… အထိ ရှိသည်။ တော်ရုံတန်ရုံ ဝါသနာ… နှင့် မကြည့်နိုင်သော နှုန်းထားမျိုးဖြစ်… သည်။ ရုံပြည့်ရုံလျှံသည် ဆိုတော့… ကောင်း၍သာ ဖြစ်လိမ့်မည်ဟု ကိုခင်… မောင် လက်ခံချင်လာသည်။

♦♦♦

ကိုခင်မောင်တို့ လင်မယားသည် လယ်သမားမျိုးရိုးဖြစ်သည်။ မိုးမကျ… ကာလဖြစ်၍ ပွဲလမ်းသဘင်သွားရောက် ကြည့်ရှုနိုင်ကြသည်။ နယုန်၊ ဝါဆိုလ… ရောက်လျှင် လယ်ထွန်ဆင်းရဦးမည်။ ကိုခင်မောင်သည် ရွာမှာ အလုပ်အား… လျှင် ဗီဒီယိုလောက်သာ တစ်ခါတစ်… ကြည့်သည်။

မကြာမီ ကိုခင်မောင်တို့ လင်… မယားသည် လယ်လုပ်ရန် အရန်သင့် ဖြစ်နေကြသည်။ သူတို့၏ အိမ်နှင့် လယ်ယာလုပ်ငန်းခွင်သည် သုံးမိုင်ခန့် ဝေးသည်။ ပထမတစ်ခေါက် နှစ်ခေါက်တွင် ဇနီးဖြစ်သူ မတင်လှသည် ပစ္စည်း… တွေကို လိုက်ပို့သည်။ နောက်ပိုင်းကျ… တော့ အိမ်က ထမင်းချက်ပြီး ထုပ်ပေး… ခြင်း၊ ရေနွေးကို ဓာတ်ဘူးဖြင့် ထည့်ပေး… ခြင်းအလုပ်ကို လုပ်ပေးသည်။

ကိုခင်မောင်တို့ လင်မယားမှာ ကလေးမရှိသေး၍ အိမ်တွင်းမှုကိစ္စမျှ… သာ ရှိသည်။ ကောက်စိုက်ချိန်ရောက် လျှင် ကောက်စိုက်သမတွေနှင့် အလုပ် ပိုလာသည်။ စပါးရိတ်သိမ်းချိန်မှာ တစ်ခါ အလုပ်ရှုပ်၊ အလုပ်ပိုသည်ဟု… ပြောရမည်ဖြစ်သည်။ လယ်လုပ်ငန်း…



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားသောအခါ မိတ၏ တောင်ယာ ဆုပ်ခန်းမှာ ဝင်ရောက် ကူညီရသည်။

မိုးတွင်းကာလ လယ်လုပ်ချိန်မှာ ကိုခင်မောင်သည် နံနက် ၅နာရီမှစ၍ အိမ်က ထွက်သည်။ လယ်ထဲအသွား လမ်းခုလတ်၌ လက်ပံပင်ကြီးတစ်ပင်ရှိသည်။ ထိုလက်ပံပင်၏ ခွကြား၌ တစ္ဆေ တစ်ကောင်ထိုင်နေသည်ကို တွေ့ရှိရသည်။ တစ္ဆေသည် ကိုခင်မောင်ကို လက်ယပ်ခေါ်သည်။ ကိုခင်မောင်က လည်း ပြန်လည်၍ လက်ယပ်ခေါ်သည်။

ထိုအခါ တစ္ဆေသည် လက်ပံပင်ပေါ်မှ ဆင်းလာပြီး နပန်းလုံးကြသည်။ နပန်းလုံးကြရာ၌ ဘတစ်ပြန် ကျား တစ်ပြန် မြေပေါ်တွင် လူးလိမ့်နေကြသည်။ နာရီဝက်ကျော် ကြာလာသောအခါ နှစ်ယောက်သား ခြေပန်းလက်ပန်း ကျလာကြသည်။ "ဟောဟဲ…ဟောဟဲ"ဖြစ်လာကြပြီး ရပ်နားလိုက်ကြသည်။ ကိုခင်မောင်သည် ခဏနားပြီး လယ်ထဲ ဆက်လက်ထွက်သွားသည်။ တစ္ဆေသည်လည်း လက်ပံပင်ပေါ်သို့ တက်သွားသည်။

ကိုခင်မောင်သည် ဝါဆိုလ တစ်လလုံး တစ္ဆေနှင့် နပန်းလုံးနေရသည်။

◆◆◆

တစ်နေ့သောအခါ ရွာထဲ၌ ဆရာ တစ်ဦးရောက်ရှိနေကြောင်း သိရသဖြင့် ဆရာ့ထံ အကူအညီတောင်းခံသည်။

"ဆရာ…ကျွန်တော့်ကို ကူညီပါဦး"

"အရင်းမရှိ အဖျားမရှိ၊ ဘာကို ကူညီရမလဲကွယ့်"

"ဖြစ်ပုံက ဒီလိုပါ ဆရာ။ ကျွန်တော် လယ်ထွန်သွားတဲ့အခါ လမ်းတစ်ဝက်ခန့်မှာ လက်ပံပင်ကြီးတစ်ပင် ရှိတယ်။ အဲဒီလက်ပံပင်ပေါ်မှာ တစ္ဆေ တစ်ကောင်ရှိတယ်။ သူနဲ့ ကျွန်တော် နပန်းလုံးနေရတာ တစ်လခန့်ရှိပြီ။ ဘာ လုပ်ရမှန်းမသိဖြစ်နေတယ်"

"အဲဒါကို မကြောက်နဲ့၊ ကြား လား။ ရော့၊ ဒီခြေမန်းယူသွား။ နောက် တစ်ခါ နပန်းလုံးတဲ့အခါ ဒီခြေမန်းကွင်း ကို သူ့ခေါင်းစွပ်လိုက်၊ အားလုံး အခုခင် ပြေသွားလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ကိုခင်မောင် ခြေမန်းကွင်းကို ယူ ပြီး အိမ်ပြန်လာခဲ့သည်။

ကိုခင်မောင်သည် နောက်တစ်နေ့ နံနက် ခြေမန်းကွင်းကို အိတ်ထဲ ထည့် ပြီး လယ်ထဲ ဆင်းလာခဲ့သည်။ လက်ပံ ပင်နားရောက်သောအခါ တစ္ဆေသည် လက်ပံပင်ပေါ်က ဆင်းလာသည်။ ကိုခင်မောင်ကလည်း ဝန်စည်စလယ် များ ချပြီး နပန်းလုံးရန် စောင့်ဆိုင်းနေ သည်။ ကိုခင်မောင်နှင့် တစ္ဆေသည် သူတစ်ပြန် ကိုယ်တစ်ပြန် နပန်းလုံးနေ ရင်း ရုတ်တရက် ခြေမန်းကွင်းကို အိတ်ထဲက နှိုက်ယူပြီး တစ္ဆေခေါင်းကို စွပ်ချလိုက်သည်။ ထိုအခါ တစ္ဆေသည် ဆိတ်ဖြစ်သွားလေသည်။ ကိုခင်မောင် သည် အိမ်သို့ ပြန်လာပြီး ဆိတ်ကို ပို့ သည်။ အိမ်အောက်ထပ်မှာ ကြိုးနှင့် ချည်နှောင်ထားခဲ့ပြီး လယ်ထဲသို့ ပြန် လာခဲ့သည်။

တစ္ဆေဘဝမှ ဆိတ်ဘဝသို့ ပြောင်းသွားပြီး အစာကျွေးသော်လည်း ကောင်းစွာ မစားဘဲ အော်မြည်လျက် ရှိနေသည်။ တစ်လကျော်ကြာလာသည့် အခါ နားပူနားဆာမခံနိုင်၍ ကိုခင်မောင် လယ်ထဲသွားနေစဉ် ဇနီးဖြစ်သူ မတင် လှသည် ဆိတ်ကို ချည်နှောင်ထားရာ မှ ဖြည်ပေးလိုက်သည်။

ကိုခင်မောင် အိမ်သို့ ပြန်ရောက် သည့်အခါ ဆိတ်ကို မတွေ့ရ၍ ဇနီးဖြစ် သူ မတင်လှကို မေးသည်။

"မငင်လှ…ဆိတ်ကို ဘာလုပ် လိုက်သလဲ"

"ဆိတ်က တစ်နေ့လုံး မရပ်မနား အော်နေလို့ ကြိုးဖြည်ပေးလိုက်တယ်"

"ဒီဆိတ်က ရိုးရိုးဆိတ်မဟုတ် ဘူးကွ။ ငါ လယ်ထွန်သွားတဲ့အခါ လမ်းခုလတ် လက်ပံပင်ကြီးမှာ နေတဲ့ တစ္ဆေကွ။ ငါ လယ်ထွန်သွားရင် အဲဒီ တစ္ဆေနဲ့ နပန်းသတ်နေရတာကွ။ ငါ ဆရာမေးပြီး ခြေမန်းကွင်းစွပ်လိုက်လို့ ဆိတ်ဖြစ်သွားတာ။ မင်း ကို မပြောတာ က ကြောက်နေမှာစိုး လို့ မပြောတာ။ မင်း ဘာလုပ်လုပ် ငါ့ကို တိုင်ပင်ဖို့ ကောင်းတယ်။ အေးလေ၊ ကိစ္စမရှိဘူး။ ပြီးတာတွေ ပြီးသွားပြီ။ နောက်နောင် ငါ့ကို မမေးမစမ်းဘဲ ဘာမှမလုပ်နဲ့"

ဟု ပြောလိုက်သည်။

နောက်တစ်နေ့နံနက် ကိုခင်မောင် သည် လယ်ထဲ ဆင်းသွားသည့်အခါ တစ္ဆေကို လက်ပံပင်ပေါ်မှာ ထိုင်လျက် ပြန်တွေ့ရသည်။

ကိုခင်မောင်က…

"လာလေကွာ၊ အောက်ဆင်း လာခဲ့"

ဟု ဆိုပြီး လက်ယပ်ခေါ်လိုက် သည်။

တစ္ဆေက လက်နှစ်ဖက် ကာ ပြသည်။

ထိုအချိန်မှ စ၍ တစ္ဆေသည် ကိုခင်မောင်နှင့် နပန်းမလုံးဝံ့တော့ပေ။ ကိုခင်မောင်လာလျှင် လက်ပံပင်မှ ထိုင် ကြည့်နေသည်ကိုတော့ တွေ့ရှိရသည်။

ထို့ကြောင့် ကိုခင်မောင်သည် တစ္ဆေနှင့် နပန်းလုံးရသော ဒုက္ခမှ ကင်း ဝေးသွားပြီဖြစ်သည်။ တစ္ဆေသည်လည်း ကိုခင်မောင်ကို ဝေးဝေးက ရှောင်ရှား လျက် ရှိပါတော့သည်။■

* * *

ကျော်သန်းခံ



www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၃၊ ဇွန်လအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

(ဝမ္ဘီရ ဆရာလှမျိုး (B.Sc))

### တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ အိ၊ အီ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် စပ်တူရှယ်ယာလုပ်ငန်း လုပ်ကိုင်ရမည်။ ကွဲကွာနေသော မိတ်ဆွေ ဆရာသမားနှင့် ပြန်ဆုံရမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ အိမ်-ခြံ-မြေ-ကား အရောင်းအဝယ်ဖြစ်မည်။ လူမျိုးခြားနှင့် ပြဿနာဖြေရှင်းရမည်။ စနေနှင့် ဗုဒ္ဓဟူးနေ့နံများ ရှောင်ပါ။ သားသမီးအတွက် စိတ်ညစ်စရာပေါ်မြည်။ လူငယ်လူရွယ်များ အိမ်ထောင်ကျမည်။ ရေနှင့် ပတ်သက်သောပစ္စည်း(ရေစက်၊ လျှပ်စစ်ပစ္စည်း၊ ရေခဲသေတ္တာ)ပျက်မည်။ ကျန်းမာရေးအတွက် အမဲသား၊ ဝက်သား ရှောင်ပါ။ သွေးလေနှင့် ပတ်သက်သော ဝေဒနာခံစားရတတ်သည်။ ထီဝါသနာပါက ၃အစ ၅အဆုံး၊ ၅အစ ၃အဆုံး အောင်ဘာလေထီထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံ့ထောင့်တွင် ဆီမီးသက်စေ့ပူဇော်ပါ။ သရဏဂုံကို အခေါက်(၃၀) နေ့စဉ်ရွတ်ဆိုပါ။

### တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ ဆန်၊ ဆီ၊ ဆေး၊ စက်ပစ္စည်း၊ စိန်အရောင်းအဝယ်ကိစ္စ အဆင်ပြေမည်။ ခင်ပွန်းသည်နှင့် ပတ်သက်၍ ငွေဝင်မည်။ သားသမီးပညာရေးအတွက် ငွေကုန်ကျမည်။ ပြည်တွင်းပြည်ပ ခရီးဝေးသွားလာရမည်။ လူမှုရေး ပရဟိတလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရမည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနှင့် စနေနေ့ရှောင်၍ ပြုလုပ်ပါ။ မိမိရိုးရာ နတ်ဒေဝါ ပူဇော် ပ,သ မေတ္တာပို့ပါ။ လူငယ်များ ကြိုးစားနေသော ပညာရေးကိစ္စ အောင်မြင်သလို၊ ချစ်သူနှင့်လည်း အဆင်ပြေနေမည်။ စတိ၊ လာဘ်ဝင်မည့် ကာလဖြစ်သော်လည်း ကာမဂုဏ် အရှုပ်အထွေး သစ္စာမဲ့သောကိစ္စ ရှောင်သင့်သည်။

**ကောင်းကျိုးပြုယတြာ** - နေအိမ်ဘုရားတွင် ကြာဆံကြော်၊ ခေါက်ဆွဲကြော်ကပ်လှူပေးပါ။

### အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် အကြံအစည် ရည်ရွယ်ချက် အောင်မြင်မည်။ သမ္မာအာဇီဝ အလုပ်ဟူသမျှ ရဲရဲတင်းတင်း ဆုံးဖြတ်လုပ်ကိုင်ပါ။ ပညာရေးဆိုင်ရာ ပစ္စည်းများ၊ စာရေးကိရိယာ၊ စာအုပ်စာတမ်း၊ အရောင်းအဝယ် အဆင်ပြေမည်။ ရွှေ၊ ရတနာပစ္စည်း ပေါင်နှံ ရောင်းချခြင်း ဖြစ်ပေါ်မည်။ စက်ပစ္စည်းအဟောင်းဝင်လျှင် စိတ်ညစ်ရမည်။ ဝန်ထမ်းများ အလုပ်ထွက်၊ ပြောင်းခြင်း မကောင်းသေးပါ။ အလှူမင်္ဂလာကိစ္စကြုံတွေ့ပါက ကောင်းသောနိမိတ်ဖြစ်သည်။ လူငယ်များ မိမိထက်ငယ်သော ချစ်သူကို စွဲလမ်းနေမည်။ ရေလမ်းခရီး၊ ရေစပ်၊ ချောင်းစပ်သွားလာခြင်း ရှောင်ပါ။ ထီဝါသနာပါက ၂အစ ၇အဆုံး၊ ၇အစ ၂အဆုံး ထီထိုးပါ။

**ကောင်းကျိုးပြုယတြာ** - အင်္ဂါ ကြာသပတေး တစ်ပတ်နှစ်ရက် ဆပ်ပြာ၊ ဆေးဘူး၊ စံပယ်ပန်းလှူပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဟူးနံအကျွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မိမိပြုလုပ်နေကျအလုပ် ပုံမှန်ဆက်လုပ်နေခြင်းသာ အကောင်းဆုံးဖြစ်သည်။ လက်ရှိလုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်သည်။ အမှုပြဿနာကြုံတွေ့ရတတ်သည်။ မိခင်၊ အဒေါ်ကဲ့သို့ အမျိုးသမီးကြီးတစ်ဦးထံမှ အကူအညီရမည်။ မည်သည့်ကိစ္စမဆို အပြိုင်အဆိုင် ကြုံတွေ့ပြီးမှ အောင်မြင်မည်။ ကျန်းမာရေး ဂရုစိုက်ရမည့်လဖြစ်သည်၊ အအေးစာ၊ လေစာ အထူးရှောင်ပါ။ ဆုံဂါးပေါင်း ပြန်ပေါ်တတ်သည်။ ပညာရေးဆိုင်ရာ သင်တန်း၊ အင်တာဗျူး၊ စာမေးပွဲ အောင်မြင်မည်။ အချို့ကိစ္စများ မိမိထင်သလို ဖြစ်မလာနိုင်မှုများ ကြုံတွေ့ရတတ်သည်။ အမိဋ္ဌာန်တစ်ခု မပျက်မကွက် ဆောင်ရွက်ပါ။

ကောင်းကျိုးပြုယတြာ - မွေးနေ့တိုင်း စံပယ်ပန်းရစ်ကုံး၊ ဆီမီးရစ်တိုင် ပူဇော်ပြီး လိုရာဆန္ဒ ဆုတောင်းပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## ကြာသပတေးနံအကျွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် လုပ်ငန်းသစ် စတင်ပြုလုပ်ရမည်။ အကြံအစည်ကိစ္စ အောင်မြင်မည်။ အခက်အခဲ အပြိုင်အဆိုင်တွေ့ကြုံရသော်လည်း ကျော်လွှားသော အနိုင်ရမည်။ စပ်တူရှယ်ယာပြုလုပ်ရမည်။ ကွဲကွာနေသော မိတ်ဆွေ၊ ဆရာသမား ပြန်လည်ဆုံတွေ့ပြီး အကူအညီရမည်။ လူလိမ်၊ အကျင့်ပျက်သူ သတိထား ဆက်ဆံပါ။ မည်သည့်ကိစ္စမဆို ရိုးသားပွင့်လင်းစွာ ဆောင်ရွက်ပါ။ သားသမီးအိမ်မှ ထွက်တတ်သည်။ မမျှော်လင့်ဘဲ အိမ်ထောင်ကျကိန်းရှိသည်။ မင်္ဂလာကိစ္စဆောင်ရွက်ပေးရမည်။ နေအိမ်ရှိ ထီး၊ နာရီ၊ ဖိနပ်အပေါင်းများ စွန့်ပစ်ပါ။ ကြာသပတေးအစ သောကြာနံအဆုံး အမည်ပိုင်ရှင် ကျန်းမာရေးညံ့မည်။ ထီဝါသနာပါက (၃၅၇) ပါသော ဂဏန်းရွေးထိုးပါ။

ကောင်းကျိုးပြုယတြာ - သပြေ (၁၁)ညွန့် အောင်အိုးထိုး၍ လှူ။ သခေါ်သီးတစ်လုံးလှူ။ သမ္ဗုဒ္ဓေဂါထာ ရွတ်ဆိုပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## သောကြာနံအကျွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် လုပ်ငန်းနှစ်မျိုးပြုလုပ်ရ၊ တာဝန်နှစ်ခု ထမ်းဆောင်နေရမည်။ ထို့အပြင် ခရီးနှစ်ကြိမ်သွားလာရမည်။ အလုပ်အကိုင်နေရာဌာန ပြောင်းရွှေ့ရကိန်းရှိသည်။ ပညာရေးဆိုင်ရာကိစ္စများ အောင်မြင်မည်။ အိမ်-ခြံ-မြေအရောင်းအဝယ်ဖြစ်မည်။ ကျောက်မျက်ရတနာ၊ စက်ပစ္စည်းများ ဝင်မည်။ လက်အောက်ငယ်သား၊ တပည့်သားသမီးထံမှ အကူအညီရမည်။ ခင်ပွန်းနှင့် ပတ်သက်၍ ငွေဝင်မည်။ သားသမီးပညာရေးကိစ္စ ငွေကုန်ကျမည်။ အိမ်၊ ဆိုင်ခန်းငှားရမည်။ အရှေ့အရပ်မှ အမျိုးသမီးကြီးတစ်ဦးရောက်ရှိလာပြီး အကူအညီရမည်။ နိုင်ငံခြားနှင့် ဆက်နွှယ်သောကိစ္စ သတိထားလုပ်ဆောင်ပါ။ ခရီးသွားလာရင်း ချစ်သူတွေ့မည်။ ၂၆ပါသောထီထိုးပါ။

ကောင်းကျိုးပြုယတြာ - နေအိမ်ဘုရားတွင် ပိတောက်ညွန့် (၁၂)ညွန့်၊ ပဲနို့ ပေါင်မုန့် ထောပတ်သုတ် လှူပါ။ ဗုဒ္ဓါဂုဏ်တော် ပုတီးစိပ်ပြီး လိုရာဆန္ဒ ဆုတောင်းပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## စနေနံအကျွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် လိုတာမရ၊ ရတာမလို ဖြစ်နေတတ်သည်။ အကြံအစည်လွဲချော်နေမည်။ မိမိလုပ်နေကျ ပုံမှန်အလုပ် အကောင်းဆုံးဖြစ်သည်။ ငွေရင်းနှီးမြှုပ်နှံသောအလုပ် မလုပ်သင့်သေးပါ။ မည်သည့်ကိစ္စမဆို မိဘဆရာသမားတို့၏ အကြံဉာဏ်ယူ၍ ဆောင်ရွက်သင့်သည်။ လူမျိုးခြားနှင့် ဆက်နွှယ်သောအလုပ် သတိထားလုပ်ပါ။ အမှုပြဿနာကြုံတွေ့ရတတ်သည်။ စနေ+ဗုဒ္ဓဟူးအမည်တွဲများ ကျန်းမာရေးညံ့မည်။ ကံဇာတာ ယာယီညံ့ချိန်ဖြစ်၍ ဘာသာရေးကိစ္စ အလေးထား ဆောင်ရွက်ပါ။ အင်္ဂါ၊ ကြာသပတေးသားသမီးနှင့် ပူးတွဲပေါင်းစပ် လုပ်ကိုင်ပါ။ အပျော်ခရီးရှောင်။ လုပ်ငန်း၊ စီးပွားခရီးသွားလာနိုင်သည်။ လက်ထက်မင်္ဂလာ မပြုလုပ်သင့်သေးပါ။

ကောင်းကျိုးပြုယတြာ - မွေးနံထောင့်တွင် ပျဉ်းမ(၅)ညွန့်၊ ဖယောင်းတိုင်အဖြူ(၅)တိုင် ပူဇော်ပြီး အနန္တငါးပါးရှိခိုး ပူဇော်ပါ။

*****


www.burmeseclassic.com

www.burmeseclassic.com

# ဝင့်လိုက်တတ်တယ် မောင်မောင် သတိထား

အငွမျိုး

ကျွန်ုပ်သည် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့ရှိ ပဏ္ဏမြားစေတီတော်ကြီးတွင် အပတတ်စဉ် တနင်္ဂနွေနေ့၏ နံနက်တိုင်း ပုတီးစိပ်ခြင်း၊ သုံးဆယ့်တစ်ဘုံအတွင်းရှိ ဝေနေယျ နုက္ခိတ သုခိတ သတ္တဝါအပေါင်းတို့အား မေတ္တာပို့သခြင်း၊ အမှုအတန်းဝေခြင်းတို့ ပြုလုပ်မြဲဝတ်ဖြစ်လေ၏။ ယနေ့လည်း တနင်္ဂနွေနေ့ဖြစ်လေရာ ပြုမြဲ ဝတ်ဖြည့်ရန် အရုဏ်စချိန်မှ ရောက်ရှိခဲ့ခြင်းဖြစ်၏။ တရားဘာဝနာပြုဖွယ် ကိစ္စအဝဝပြီးစီးသည့်နောက် စေတီတော်အနီးရှိ မုံ့စားသောက်ဆိုင်တွင် မုန့်ဟင်းခါးနှင့် လက်ဖက်ရည်မှာယူ စားသောက်လေ၏။ မိနစ် ၂၀မျှအကြာတွင် ကျသင့်ငွေကို စားပွဲထိုးကောင်လေးအား ပေးချေကာ ပြန်ရန် ပြင်လိုက်၏။ လွယ်အိတ်ကို လွယ်ပြီး ထိုင်ခုံမှ ထမည်အခိုက်တွင် ကျွန်ုပ်ဒစားပွဲသို့ ဦးတည်လျှောက်လှမ်းလာသော အသက် ၂၀နှင့် ၃၀ကြားအရွယ် မိန်းမငယ်နှစ်ယောက်နှင့် ဆုံရလေ၏။

သူတို့က ဦးညွှတ်အရိုအသေပြု၏။ စားပွဲတွင် ထိုင်ခွင့်ပြုရန်လည်း ခွင့်တောင်းကြ၏။ စားပွဲ၏ ခုံလွတ်နှစ်ခုတွင် အသီးသီးထိုင်ကြ၏။ ထို့နောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စကားစရှာလျက် ရှိကြ၏။ ကျွန်ုပ်က···

"သမီးတို့··ဘာကိစ္စများလဲကွယ်။ ဦးလေးကို မင်းတို့က သိကြလို့လား"

သွက်လက်ချက်ချာသော မိန်းမငယ်တစ်ယောက်က

"ကျွန်မနာမည်က စိမ့်သီတာပါရှင်။ သူကတော့ မေပုလဲပါ။ ကျွန်မတို့က ရွှေပေါက်ကံမြို့ (၁၂)ရပ်ကွက်မှာ နေကြတာပါ"

ဟု ပြောလေ၏။

ခဏမျှ စကားပြတ်ကာ မေပုလဲကို သူက ငေးကြည့်လိုက်၏။ ပြီးမှ···

"မေပုလဲမှာက အိမ်ထောင်ရေး အခက်မပြေဘူး ဖြစ်နေတယ်။ အသေးစိတ်တော့ သူကိုယ်တိုင်ပြောပြမှာပါ။ ဦးလေးအိမ်သွားတော့ ပဏ္ဏမြားစေတီကို သွားတယ်ဆိုလို့ အမြန်လိုက်လာကြရတာ"

"ဩော်···သမီး စိမ့်သီတာက ဦးလေးကို အရင် ကတည်းက သိနှင့်နေတာလား"

"ဟုတ်တယ်ရှင့်။ လွန်ခဲ့တဲ့ နှစ်ထဲမှာ မောင်လေး စင်ကာပူသွားမယ့် ကိစ္စအခက်အခဲမှာ ဦးလေးဆီကို ကျွန်မတို့ မိသားစု ရောက်လာခဲ့ဖူးတယ်လေ။ ဦးလေး ကူညီလိုက်လို့ ဟိုမှာ အခက်ပြေနေပြီ"

"အေး၊ တော်ပါပြီကွယ်။ ကဲ - ဆိုစမ်းပါဦး မေပုလဲ ရဲ့ ကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က မေးရလေ၏။

ဤတွင် မိန်းကလေးက မျက်ရည်စငယ်အား လက်ကိုင်ပဝါဖြင့် တို့သုတ်ရင်းက…

"ဒီလိုပါ အဘရယ်။ သမီးရဲ့ ခင်ပွန်းနာမည်က ကျော်သူထွန်းပါရှင်။ သူနဲ့ သမီးက ငယ်သူငယ်ချင်း ကျောင်းတက်ဖော်တွေပါ။ ငယ်ချစ်တွေပေါ့ရှင်။ အိမ်ထောင်ကျပြီး သားလေးတစ်ယောက် ထွန်းကားခဲ့ပါပြီ။ သားက ခုဆိုရင် မူကြိုတောင် ထားလို့ရပါပြီ။ လွန်ခဲ့တဲ့ လေးငါးလလောက်တုန်းက သူ ခြေလှမ်းပျက်နေတာ သတိထားမိပါတယ်ရှင်"

ဤတွင် သူမက စကားပြောခြင်းကို ခဏမျှ ရပ်လိုက်၏ တစ်ပေါက်ချင်း စီးကျလာသည့် မျက်ရည်တို့ကို သုတ်သိမ်းပြန်လေ၏။ ထို့နောက်မှ ဆက်၍…

"သမီးတို့မိသားစုက ကွန်ပျူတာ စာစီစာရိုက်နဲ့ ဗိုနိုင်းလုပ်ငန်းထောင်ထားပါတယ်။ စီးပွားရေးက အောင်မြင်ပါတယ်။ အောင်မြင်တာနဲ့အမျှ အလုပ်သဘောအရ အပေါင်းအသင်းတွေလည်း များလာတယ်။ သောက်သောက်စားစား အမင်းသားဆိုတဲ့ စကားကို လက်ကိုင်ထားတဲ့ အကျင့်စရိုက်မကောင်းတဲ့ ယောက်ျား၊ မိန်းမတွေနဲ့ အတွဲများလာတယ်။ မိသားစုအလုပ်ကို စိတ်မဝင်စားချင်တော့ဘူး။ ရှေးခြားခြား သွားသွားလာလာ စားစားသောက်သောက် ညအိပ်ညနေနဲ့ မိသားစုဆီ မကပ်နိုင်တဲ့ ရက်တွေလည်း များခဲ့ပါပြီ။ သမီးက ကိုယ့်ကံအကြောင်းတရားပဲလေလို့ ဖြေတွေးတွေးနိုင်ပေမယ့် မိသားစုဆွေမျိုးကြားမှာ မျက်နှာငယ်ရတယ်။ အားလုံးရဲ့ ရှုရှုးကိုလည်း ပွမိတယ်။ သမီးက တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး နားချပါတယ်။ မရဘူး။ ခွေးမြီးကောက် ကျည်တောက်စွပ်သလိုပါပဲလို့ ပြောရမယ်ထင်တယ်"

သူမက ရှိုက်၍ရှိုက်၍ ငိုပြန်၏။ အပျက်အပျက်နှင့် နှာခေါင်းသေးထွက်ရတော့မည်။ သူမတို့၏ အိမ်ထောင်ရေး သာယာချမ်းမြေ့စေလိုသော စိတ်ရင်းစေတနာမှုဖြင့် ကျွန်ုပ်က…

"ကဲပါလေ၊ သိပ်လည်း ဝမ်းနည်း အားငယ်မနေပါနဲ့။ ဦးလေးဆီကို ရောက်လာပြီပဲ။ ဘာမှမပူနဲ့တော့။ ဦးလေး ပြောပြလိုက်တဲ့အတိုင်းသာ ယုံယုံကြည်ကြည်လုပ်ပေတော့"

ထိုစဉ် စိမ့်သီတာက မှတ်စုစာအုပ်နှင့် ဘောပင်ကို မေပုလဲအား လှမ်းပေး၏။ မေပုလဲက မျက်ရည်သုတ်ပြီး ရေးမှတ်ယူရန် ပြင်လေ၏။ ကျွန်ုပ်က…

"မပေါင်းသင်းအပ်တဲ့ သူ့ရဲ့ အပေါင်းအသင်းတွေ လာခေါ်တိုင်း မလိုက်ဖြစ်ရလေအောင်နဲ့ အပေါစား စည်းရုံးနည်းဖြစ်တဲ့ မိန်းမ၊ လောင်းကစား၊ အရက်သေစာ အစရှိတာမျိုးနဲ့ စည်းရုံးမခံရဖို့ တစ်နည်းအားဖြင့် သမီးရဲ့ ခင်ပွန်း ခြေလှမ်းမမှားစေဖို့ ဒီလိုလုပ်ကွယ့်။

သမီးရဲ့ ခင်ပွန်းက တနင်္လာနေ့ဖွားဆိုတော့ သူမွေးနေ့ရဲ့ မနက် ၇နာရီခွဲကနေ မနက် ၉နာရီအတွင်း သမီးက မြောက်တက်အရပ်ကို မျက်နှာမူထားပြီး ဒန်းရွက်၊ ဒါမှမဟုတ် ထန်းရွက်ပေါ်မှာ ခြေစုံရပ်ပါ။ ဒုန်းလက်ပေါ်မှာ အ-အက္ခရာ ရေးရမယ်။ အဲဒီဒုန်းလက်ကို သမီးရဲ့ ခင်ပွန်းအိပ်ရာ ခါးလယ်လောက်နေရာမှာ ခင်းထားပေးရမယ်။ ခင်းနေတဲ့ အချိန်မှာ သမီးခင်ပွန်းရဲ့ နာမည်ကို ခေါ်ပြီး "မိသားစုနဲ့ပဲ နေပါ။ အိမ်မှာ မြဲပါ"လို့ တတွတ်တွတ်ပြောပေးရမယ်။ သူမွေးနေ့တိုင်း တစ်နေ့မှာ တစ်ကြိမ်လုပ်ပေးရမယ်ကွယ့်။ သူ့ရဲ့ အပေါင်းအသင်းတွေထဲကမှ သမီးအနေနဲ့ အိမ်ကို လုံးဝမလာစေချင်တဲ့သူ ရှိရင်လည်း သမီးတို့မိသားစုသုံး မီးဖိုဆောင် မီးဖိုမှာ မီးမွှေးပါ။ မီးတောက်ထဲကို သမီးကိုယ်တိုင် ဆားနည်းနည်းယူပြီး ပစ်ထည့်ပါ။ ပစ်ထည့်တဲ့အခါမှာ နောက်ကျောပေးပြီး ပစ်ထည့်ရမှာနော်။ သမီး မလာစေချင်တဲ့သူ၊ ဥပမာကွယ်…ဖိုးမောင်၊ အောင်သူ၊ မောင်ပု စတဲ့ နာမည်ကို ပီပီသသခေါ်ပြီး "မြန်မြန်နောက်လှည့်ပြီးတော့ ပြန်၊ အခု အမြန်ဆုံး ပြန်"လို့ တတွတ်တွတ်ပြောရမယ်ကွယ့်"

ထိုအခါ မေပုလဲက…

"ကျေးဇူးပါပဲ အဘရယ်။ နှစ်ဖက် မိဘတွေကလည်း လင့်ဝတ္တရား မယားဝတ္တရားတွေနဲ့ ညီအောင် နေကြဖို့ သွန်သင်ဆုံးမနေတဲ့ကြားက သူကိုယ်တိုင်က ဖွဲဖောက်တာတော့ သူ့ဘက်က လွန်လွန်းနေတာပါရှင်"

ဟု ပြောလေ၏။ ကျွန်ုပ်က…

"သမီးတို့လည်း သတိထား ဆင်ခြင်နိုင်ဖို့ တစ်ခါတည်း မှာလိုက်မယ်။ မောင်ကျော်သူထွန်းကို ကြိုတဲ့အခါ ဦးဆုံးမပေးပါ့မယ်။ အပျော်အပါးလွန်ကဲလို့ မိန်းမပါ ပါလာခဲ့ရင် ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်ကွယ်။ အပြစ်က ၁၅ပါးတောင် ရှိတယ်လို့ ဦးလေး ဖတ်ထား၊ မှတ်ထားဖူးတယ်။ သမီးတို့ လိုက်ရေးမှတ်ထားသင့်တယ်"

ဟု ဆိုရာ သူတို့က ရေးမှတ်ရန် အဆင်သင့်ပြင်ကြ၏။ ကျွန်ုပ်က ရေနွေးကြမ်းတစ်ခွက်ငုံသောက်ပြီးလျှင်…

"(၁) အပယ်လေးပါးကို ကျရောက်တတ်တယ်။

(၂) မိန်းမလျှာ၊ ယောက်ျားလျှာ ဖြစ်ရတတ်တယ်။

(၃) ရန်သူများတတ်တယ်။

(၄) လူအများရဲ့ မုန်းတီးငြိုငြင်ခံရတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



(၅) စားဝတ်နေရေးအခက်အခဲတွေ ကြုံတွေ့ရတတ်တယ်။

(၆) ဆင်းဆင်းရဲရဲ အိပ်ရာက ထရတတ်တယ်။ အိပ်ရာဝင်ရတတ်တယ်။

(၇) ဒေါသအမျက်ကြီးတတ်တယ်။

(၈) လောကုတ္တရာတရား မရရှိနိုင်ဘူး။

(၉) စည်းစိမ်ဥစ္စာပျက်ပြုန်းရတတ်တယ်။

(၁၀) သူတစ်ပါး ယုံကြည်အားထားမှု ကင်းမဲ့တတ်တယ်။

(၁၁) ဘေးတွေ့တတ်တယ်။

(၁၂) ယုံမှားသံသယများတတ်တယ်။

(၁၃) ချစ်ခင်သူတွေနဲ့ ခွဲနေရတတ်တယ်။

(၁၄) အသက်တိုတတ်တယ်။

(၁၅) ဆင်းရဲခြင်းကြီးစွာနဲ့ ကြုံရတတ်တယ်တဲ့။

သတိထား ဆင်ခြင်နိုင်ဖို့ ဦးလေးက သိထားသမျှ ထပ်ဆင့် မျှဝေ အသိပေးတာပါကွယ်။

ဒီနေရာမှာ ဗဟုသုတဖြစ်စေဖို့ တစ်ဆက်တည်းပြောလိုက်ပါ့မယ်။ အကြောင်းအရာကလည်း ဆက်စပ်မှုက ရှိနေလို့ပါ။ "ဥတဘောဗျဉ်းနှစ်ပါး"ဆိုတာ ရှိတယ်။ ဒါကတော့ လူတစ်ကိုယ်တည်းမှာ မိန်းမအင်္ဂါစပ်နဲ့ ယောက်ျားအင်္ဂါစပ် နှစ်မျိုးစလုံးပါတဲ့သူကို "ဥတဘောဗျဉ်း"လို့ ခေါ်တယ်ကွယ့်။ ယောက်ျားဥတဘောဗျဉ်းဆိုတာက ယောက်ျားရုပ်ပုံသဏ္ဌာန်ရှိပြီး လိင်နှစ်ခုပါတယ်။ ကာမကိစ္စမှာ ယောက်ျားအဖြစ်နဲ့လည်း ပြုမူနိုင်သလို၊ ရံဖန်ရံခါ မိန်းမအဖြစ်နဲ့လည်း ခံယူနိုင်ပြန်တယ်။ သန္ဓေကိုလည်း ပေးနိုင်စွမ်းရှိတယ်။ မိန်းမသဘောနဲ့ ခံယူတဲ့အခါမှာတော့ သန္ဓေကို မရယူနိုင်ပေဘူး။

နောက် မိန်းမဥတဘောဗျဉ်းဆိုတာကတော့ မိန်းမရုပ်ပုံသဏ္ဌာန်ရှိပြီး ကာမမှုမှာ မိန်းမလိုလည်း ခံယူနိုင်သလို၊ ပဋိသန္ဓေကိုလည်း ရယူနိုင်တယ်။ တစ်ခါတစ်ရံမှာ ယောက်ျားလိုလည်း သွားလာနိုင်တယ်။ ဒါပေမယ့် သန္ဓေကိုတော့ မပေးနိုင်ဘူးတဲ့ကွယ်။ ဦးလေး ဖတ်ထားဖူးခဲ့တဲ့ သုတေသန သရုပ်ပြ အဘိဓာန်ကြီးထဲမှာ ပါတာကို မှတ်ထားမိသရွေ့ ဗဟုသုတအဖြစ် ပြောပြတာပါကွယ်"

ဟု ရှည်လျားစွာ ပြောပြခဲ့ရာ မိန်းမငယ်တို့က စိတ်ဝင်တစား နားစိုက်ထောင်ကာ ရေးမှတ်ယူခဲ့ကြလေသည်။

ဤအချိန်၌ စားသောက်ဆိုင်အတွင်းသို့ စားသုံးသူ ဧည့်သည်များလည်း ဝင်ရောက်လာစ ပြုကြပြီဖြစ်ရာ‥

"သမီးတို့နှစ်ယောက်စလုံး သိသင့်တာတွေလည်း သိကြရပြီ။ မေပုလဲအတွက် လုပ်ဆောင်ရမှာတွေလည်း ပြော[...] ပြပြီးခဲ့ပြီမို့ ဒီတင် နားကြစို့ကွယ်"

ဟု ဆိုရာ စိမ့်သီတာက‥‥

"ဦးလေးရှင်‥‥တခြားသူတွေ မေပုလဲလိုကိစ္စမျ[...] ကြုံလာခဲ့ရင် ကူညီနိုင်ဖို့ နေ့သားအားလုံးအတွက် ပြော[...] ပါဦးရှင်။ လေးလည်း လေးစားပါတယ်။ အားလည်း နာ[...] တယ်ရှင်"

ဟု တောင်းဆိုပြန်ရာ ကျွန်ုပ်မှ စိမ့်သီတာ၏ မှတ်[...] စာအုပ်တွင် အောက်ပါအတိုင်း ဇယားကွက်ချရေးပေးလို[...] ရပြန်၏။

| မွေးနံ | ရေးရမည့် အရွက် | အက္ခရာ | ခြေရံနင်း အရွက် | မျက်နှာမူရန် အရပ် | မှတ်ချက် |
|---|---|---|---|---|---|
| နွေ | ထန်း/ဒန်း | န | သီးရွက် | အနောက် | |
| လာ | အုန်း | အ | ဒန်း/ထန်း | မြောက် | မွေးနေ့နံ[...] |
| ဂါ | ကံ့ကော် | ခ | အုန်း | အနောက်တောင် | (၇း၃၀)နာ[...] |
| ဟူး | ဇီး | ဆ | ကွမ်း | အရှေ့မြောက် | မှ |
| တေး | ရဲယို | လ | ဇီးရွက် | အရှေ့ | (၉)နာ[...] |
| ကြာ | ပေါက် | ဗ | ဝါးရွက် | အရှေ့တောင် | အတွင်း |
| နေ | သီးရွက် | သ | ပဲရွက် | တောင် | ဆောင်ရွက်[...] |

အလုံးစုံ ပြီးစီးလေသော် ကျွန်ုပ်အား စာအိတ်တွင်[...] ထည့်ထားသော ကျပ်ငွေ ငါးထောင်ဖြင့် ကန်တော့ထ[...] သည်။ ထို့နောက် နှုတ်ဆက်စကားပြောဆိုကာ လွတ်လ[...] ပေါ်ပါးသော ခြေလှမ်းတို့ဖြင့် လိုရာခရီးအလိုက် ပြန်လည်[...] ထွက်ခွာသွားခဲ့ကြပါတော့သည်။

* * *

အဝ္စဦး[...]




www.burmeseclassic.com

www.burmeseclassic.com

# ကိုနိုး

## သေပြီးသူများနှင့် ပြန်လည်ဆုံဆည်းခြင်း



မနေ့က ဖုန်းဝင်လာသည်။ တစ်ဦးတည်းသာ ကျန်တော့သည့် အဒေါ်ဖြစ်သူ၏ နာရေး။

သူ၏ သားသမီးများက ကျွန်တော့်ကို လာစေလိုကြသည်။ အမျိုးထဲတွင် ထိုအဒေါ်တစ်ဦးတည်းသာ အသက်အကြီးဆုံး၊ ဝါအမြင့်ဆုံး။ အဒေါ်မရှိတော့လျှင် သက်ကြီးခွေမျိုးဟူ၍ မရှိတော့။ ထိုသက်ကြီးရွယ်အိုနေရာသို့ မိမိကိုယ်တိုင် ရောက်တော့မည်ကို အလိုလိုသိနေသည်။

သားဖြစ်သူက ခရီးစဉ်အတွက် ခုံနေရာ-နံပါတ်တွဲလျက် ကားလက်မှတ် နှစ်စောင်ဝယ်လာသည်။ အဖေ့အား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ထိုင်ခုံတွင် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ကျယ်ကျယ်ဝန်းဝန်း စီးနင်းစေလိုသော ဆန္ဒ။ လိုအပ်လျှင် သက်သောင့်သက်သာ လဲလျောင်းအိပ်စက် လိုက်ပါနိုင်ရန် ရည်ရွယ်သည်။

ပွဲလင်းရာသီမို့ ခရီးသွား အများသား။ တစ်ဦးတည်း ထိုင်ခုံနှစ်ခုံတွင် ခွထိုင်နေရသည့်အတွက် အခြား ခရီးဖော်အချင်းချင်း အားနာစရာ။ မျက်နှာပူစရာ။

နေရာချပေးပြီးနောက် သားပြန်သည်။ ကားဂိတ်မှ တာဝန်ရှိသူများက ခုံနေရာများကို လိုက်လံ စစ်ဆေးသည်။ ခရီးသည် မကျန်ရစ်စေရန် နှိုးဆော်နေသံကိုလည်း ကြားနေရသည်။ ခေတ်မီတိုးတက်လာသော သယ်ယူပို့ဆောင်ရေးကဏ္ဍ။ အဆင့်မြင့် ယာဉ်ကြီးများက သူ့ထက် ငါနိုင်၊ အပြိုင်အဆိုင်။ ယခင်နှင့်မတူ ယဉ်ယဉ်ကျေးကျေး။

နောက်ကျရောက်လာသူအချို့ ကားပေါ်သို့ တက်လာကြသည်။ စပယ်ယာကလေးများက အထုပ်အပိုးများ ကို နေရာချ ကူညီပေးကြသည်။ စော၍ ရောက်နှင့်နေသူတို့ကို စောင့်ဆိုင်းနေရသဖြင့် အားနာသော မျက်နှာများဖြင့် တောင်းတောင်းပန်ပန်။ အထူးသဖြင့် ရှေ့ဆုံးခုံနေရာမှ ကျွန်တော့်အား ပြုံးပြနှုတ်ဆက်လျက် တက်လာကြသည်။

ထိုစဉ် မြင်လိုက်ရသော မျက်နှာ။ သူပြုံးပြနေပုံက တစ်မျိုးကြီး။ မျက်နှာဖုံးစွပ်ထားသကဲ့သို့ ပုံသေအပြုံးမျက်နှာမျိုး။ သည်အပြုံးနှင့် မျက်နှာကို တစ်နေရာတွင် ကျွန်တော် မြင်ဖူးသလိုလို။

သူ့နောက်မှ တက်လာသူ၏ မျက်နှာက ဆန့်ကျင်ဘက်။ မှုန်ကုပ်ကုပ် အရုပ်ဆိုးဆိုး။ ရှေ့ဆင့်နောက်ဆင့်မို့ နှိုင်းယှဉ်စရာ။ သည်မျက်နှာနှစ်ခုတွဲဖက် မိလေမှ ပို၍အံ့သြရသည်။ အဆိုပါ အတွဲလိုက် မျက်နှာနှစ်ခုကို တွေ့ခဲ့ဖူးပါသည်။ အိပ်မက်ထဲတွင် မြင်ဖူးသည်လား။ မည်သည့်နေရာ၊ မည်သည့် ကာလတုန်းက ကြုံခဲ့ဖူးပါလိမ့်။ စွဲစွဲထင်ထင် မှတ်မိနေသည်မှာ အသေအချာ။ အထပ်ထပ်အခါခါ ပြန်လည် စဉ်းစားသည့်တိုင် အဖြေက မပေါ်။

သူတို့နှစ်ဦးကို လှမ်းတွေ့လိုက်သဖြင့် စိတ်တွင် ရှုပ်ထွေးရသည်။ သူတို့နှင့် တွေ့ဖူးကြုံဖူး ဆုံဖူးခဲ့သည်။ သို့သော် မည်သူမည်ဝါ စဉ်းစားမရ။ မည်သည့်ကာလတုန်းက ဟူ၍လည်း မပေါ်။ အဆက်အစပ် ကွယ်ပျောက်နေသော ပဟေဠိ။

◆◆◆

စိတ်က အနားမနေ။ တွေ့မြင်ဖူးသူတို့အကြောင်း အစဖော်၍မရသေး။ မကြာမီ ညစာစားရန် ရပ်နားမည့်နေရာသို့ ရောက်မည်။ ထိုအချိန်တွင် သူတို့အား မျက်နှာစုံညီတွေ့ရမည်။ မိတ်ဆက်မည်။ သိလိုသမျှ အားမနာတမ်း မေးမြန်းစုံစမ်းရမည်။ ကိုယ်က မမှတ်မိသည့်တိုင် အစတစ်ခုခုရလိမ့်မည်။

အတွေးကြောင့် စိတ်သက်သာသလိုလို။ အားတင်းလိုက်သည်။ မကြာခင် အဖြေတစ်ခုရမည့်အလားအလာကြောင့် အားတက်လာသည်။ ကားသည် စားသောက်ဆိုင်အတွင်းသို့ ထိုးဝင် ရပ်နားသည်။

"ခရီးသည်များ ညနေစာ သုံးဆောင်နိုင်ကြပါတယ် ခင်ဗျာ"

မော်တော်ယာဉ်အသံသေတ္တာမှ ကြေညာသည်။

"ပစ္စည်းများ လုံခြုံရေးအတွက် ကားတံခါးများ ပိတ်ထားရမှာမို့ ခရီးသည်အားလုံး ကားအောက်သို့ ဆင်းပေးကြပါရန် မေတ္တာရပ်ခံပါတယ် ခင်ဗျာ"

ကျွန်တော် ဦးစွာဆင်းလိုက်သည်။ ကားတံခါးနှင့် မနီးမဝေးတွင် ရပ်နားရင်း ဆင်းလာသူ ခရီးသည်များကို တစ်ဦးချင်းစီ သတိထား ကြည့်နေသည်။ သူတို့နှင့်တွေ့လျှင် သူတို့နှင့်အတူ လိုက်ပါသွားရန် အစီအစဉ်။

တစ်ဦးပြီး တစ်ဦးသာ ဆင်းလာကြသည်။ ကားပေါ်တွင် လူလေးငါးဦးသာ ကျန်တော့သည်။ အားလုံးနီးပါး စားသောက်ဆိုင်အတွင်းသို့ ဝင်သွားကြသည်။ ထိုအချိန်ထိ မိတ်ဆွေများက ဆင်းမလာကြသေး။ စပယ်ယာလေးက ကားတံခါးကို ပိတ်သည်။ ကားပေါ်တွင် လူကုန်ချေပြီ။ သူတို့ဆင်းလာသည် ကို ကျွန်တော် မမြင်လိုက်ခြင်းသာ ဖြစ်နိုင်၏။ စားသောက်ဆိုင်အတွင်း တစ်နေရာရာတွင် ရောက်နှင့်နေနိုင်သည်။ အပေါ့အပါးသွားရာ အိမ်သာတွင်လည်း တွေ့နိုင်သည်။ စိတ်ကူးပြောင်းလျက် ဆိုင်အတွင်းသို့ ဝင်လိုက်သည်။

အိမ်သာတွင်လည်း မမြင်။ စားသောက်ဆိုင်အတွင်း ထိုင်နေသူများထဲတွင်လည်း အရိပ်အယောင်မျှ မတွေ့။ သူတို့ကို ဂရုစိုက် ရှာဖွေနေရသဖြင့် ကိုယ်ပိုင် စားသောက်ချိန်ကလေး နည်းသွားသည်။ ထို့ကြောင့် အလွယ်တကူ ရရှိနိုင်သော အစာကိုသာ မှာယူစားသောက်လိုက်ရသည်။

လူစုံမှ ကားတံခါးကို ဖွင့်မည်မို့ ခရီးသည်များ ယာဉ်အနီးတွင် ရပ်စောင့်နေကြသည်။ သည်အစုအဝေးတွင်လည်း သူတို့ကို တွေ့နိုင်မည်။ ထို့ကြောင့် မျက်စိလျှင်လျှင်ထား၍ ကြိုးစားရှာကြည့်ရပြန်သည်။ ထူးထူးခြားခြား ပျောက်ချင်းမလှ ပျောက်နေသော လူနှစ်ဦး။ လူအုပ်ထဲတွင်လည်း မရှိ၊ ကားတံခါးဖွင့်ပြီး တစ်ဦးစီ ကားပေါ် တက်ကြရာတွင်လည်း မပါပြန်။ ခရီးသည်များသာ ကုန်သွားသည်။ အရိပ်လည်း မတွေ့၊ အယောင်လည်း မမြင်။

ကားဂိတ်တုန်းက မြင်လိုက်သည်မှာ အသေအချာ။ သူတို့နှစ်ဦးအား ရှေ့ဆင့်နောက်ဆင့်။ ကျွန်တော် မမှား

www.burmeseclassic.com

www.burmeseclassic.com





နိုး၊ သို့သော် တစ်ခုခုများပွင်းနေသည်က အမုန်။ သူတို့နှစ်ယောက် မည်သည့်အရပ်သို့ ရောက်သွားကြလေသနည်း။

♦♦♦

ညစာစားသောက်ပြီး ခရီးဆက်ခဲ့ကြသည်။ မော်တော်ယာဉ်က ထုံးစံအတိုင်း ဗီဒီယိုဇာတ်လမ်းတစ်ခုကို ဖျော်ဖြေရေး စီစဉ်ပေးသည်။ သို့သော် ခရီးသည်အများစုက စိတ်မဝင်စားကြ။ မေးမှိတ် အိပ်စက်ရန် တာရှုကြသည်။ နံနက်မိုးလင်းသည့်တိုင် ဆက်လက်နှင်ရမည့် ခရီးတာ။ အိပ်စက် လိုက်ပါနိုင်ပါက နောက်နေ့တွင် အဆင်ပြေမည်။ အသက်ကြီးသူများအဖို့ အိပ်ရေးပျက်ခြင်းက ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

မိမိ၏ ခုံနံပါတ်က ရှေ့ခုံးနားကျသဖြင့် စီးနင်းရသည်မှာ သက်သောင့်သက်သာ။ ခဏအတွင်း မျက်ခြောင်းလာသည်။ စိတ်ချလက်ချ အိပ်နိုင်တော့မည်မို့ ဝမ်းသာစရာ။ မှေး၍မှေး၍ အိပ်ပျော်စ ပြုသည်။

အုန်းခနဲ မြည်ဟည်းသံကြီး။ အလွန်ပြင်းထန်သော အရှိန်နှစ်ခု ထိခိုက်မိခြင်း၊ ခရီးသည်များနှင့် ပစ္စည်းများအားလုံး ကျွမ်းထိုးမှောက်ခုံ။ မြင်ကွင်းသည်လည်း ကြမ်းတမ်းစွာ ရမ်းခါသွားသည်။ ကားတစ်စီးလုံး ကြောက်လန့်စွာ အော်ဟစ်သံများဖြင့် ဆူညံသွားသည်။ ယာဉ်သည် တစ်စုံတစ်ရာအား တိုက်မိလေပြီဟု သိလိုက်သည်။

ကျွန်တော်ကိုယ်တိုင် ကားကြမ်းပြင်သို့ ပြုတ်ကျသွားသည်ကို နောက်ဆုံး သတိထားမိလိုက်သည်။ ထို့နောက် ဘာဆိုဘာမျှ မသိတော့။

♦♦♦

တစ်ဆယ့်သုံးနှစ်သား ကလေးအရွယ်။ ဘကြီးများရှိရာ သုံးဆယ်မြို့သို့ ရထားဖြင့် အလည်အပတ်သွားခဲ့သည့် ခရီးစဉ်။ လူကြီးများ မပါ။ တစ်ကိုယ်တော် လူကြီးလုပ်လာသည်။ ပတ်ဝန်းကျင်သည် အစစအရာရာ အသစ်အဆန်း။ လေ့လာစရာများစွာ။ တွေ့သမျှတိုင်းသည် စိတ်ဝင်စားစရာချည်း။

ကျွန်တော်၏ ရှေ့တည့်တည့် ထိုင်ခုံမှ လူနှစ်ယောက်။ တစ်ယောက်က အသားဖြူဖြူ ပိန်ပိန်ပါးပါး။ သူ့မျက်နှာက အမြဲတမ်း ပြုံးနေသည့်အသွင်။ သူ၏ဘေးမှ လူကြီးရဲ့ အသားက ညိုညို ဝဝတုတ်တုတ်။ မျက်နှာထားက မှုန်ကုပ်ကုပ်။ အတူယှဉ်တွဲထိုင်နေသူနှစ်ဦး၏ ပုံပန်းသဏ္ဌာန်များက လုံးဝ ဆန့်ကျင်ဘက်။

သူတို့ချင်းလည်း စကားမပြော။ ကိုယ်ကသာ သူတို့ကို စိတ်ဝင်စားသည်။ သူတို့ကမူ ကျွန်တော့်အား ရှိလေသည်ဟုပင် အမှတ်မထား။ ခပ်တည်တည် ခပ်စိမ်းစိမ်း ဘဝင်ခပ်မြင့်မြင့် လူကြီးကို "ဦးမှုန်ကြီး"ဟု စိတ်ထဲမှ အမည်ပေးထားသည်။ အလိုလိုနေရင်းထိုင်ရင်း ထူးထူးခြားခြား ပြုံးပြနေသူအား "ဦးပြုံးချို"ဟု မှတ်သားထားသည်။

မိမိအား ဂရုမစိုက်၊ အသိအမှတ်မပြုသူများအား ကိုယ်ကလည်း မိတ်ဆွေမဖြစ်လို။ ထို့ကြောင့် ပါလာသော စာအုပ်ကို ဖွင့်ဖတ်ရင်း အာရုံလွှဲလိုက်သည်။

"အား…"

စူးစူးဝါးဝါးအော်သံ။

အမှတ်မထင် ကြားလိုက်ရသော အော်သံကြောင့် စာအုပ်ကို အလိုလိုဖယ်မိလျက်သား။

မြင်လိုက်ရသည်က ထိတ်လန့်စရာ။ ဦးမှုန်ကြီးက မျက်နှာကို လက်ဖြင့် အုပ်ထားသည်။ လက်ကြားမှ ကျလာသည့်သွေးများက မြင်၍မကောင်း။ ဦးပြုံးချို၏ ရင်ဘတ်တစ်ခုလုံးလည်း သွေးဖြင့် ချင်းချင်းနီရဲလျက်။ ဦးပြုံးချိုက သူ၏ အဖော် ဦးမှုန်ကြီးဘက်သို့ လဲကျသွားသည်။

ရထားက ငြိမ့်ခနဲ မြောက်တက်သွားသည်။ တွဲများက ကြမ်းကြမ်းတမ်းတမ်း ရမ်းခါနေသည်။ ဘေးသို့ လဲကျသကဲ့သို့ ခံစားရသည်။ လူများသည်လည်း ကစဉ့်ကလျား ကျွမ်းထိုးမှောက်ခုံ။ ကလေးအရွယ်မို့ ကြောက်လွန်းသဖြင့် တုန်နေသည်။ မကြုံခဲ့ဖူးသော အတွေ့အကြုံ။ လူကြီးမိဘလည်း မပါသဖြင့် အားငယ်စိတ်က ပိုသည်။

မကြာခင် လက်နက်ကိုင်များ တွဲပေါ်တက်လာသည်။ မြင်မြင်သမျှ ဒဏ်ရာရနေသူများကိုပါ သေနတ်ဖြင့် ထပ်မံ ပစ်ခတ်ကြသည်။ သူတို့ ပြန်ဆင်းသွားကြသည်။ ကံကောင်းထောက်မစွာ ကျွန်တော့်အား သူတို့ တွေ့မသွား။ တစ်တွဲလုံး ကျွန်တော်တစ်ယောက်သာ အသက်ရှင် ကျန်ရစ်သည်။ သို့သော် မကြာခင် သတိလက်လွတ်ဖြစ်သွားတော့သည်။ အစိုးရတပ်များ ရောက်လာမှ ကျွန်တော့်ကို တွေ့သွားကြသည်။ ကယ်ဆယ်ကြသည်။

♦♦♦

ရုပ်ရှင်၊ ဗီဒီယိုပမာ တရိပ်ရိပ်ပြန်ပေါ်လာသော ငယ်စဉ်က ဖြစ်စဉ်ကလေး။ အချိန်ကာလကြာမြင့်သည်နှင့်အမျှ မေ့မေ့ပျောက်ပျောက်။ သိစိတ်က မည်သို့မေ့ပျောက်ထားခဲ့စေကာမူ မသိစိတ်တွင် စွဲစွဲထင်ထင်။

ကားပေါ်တွင် တွေ့လိုက်ရသော မြင်ကွင်းတူများကြောင့် မသိစိတ်က ပြန်လည်နိုးထ မှတ်မိလာသည်။ လူနှစ်ယောက်အနက် တစ်ယောက်က မျက်နှာချိုချို။ ကျန်တစ်ဦးက မျက်နှာပေါက်ဆိုးဆိုး။ ဆန့်ကျင်သော အတွဲအဖက်မို့ ထူးထူးခြားခြား။ အလားတူ လူနှစ်ယောက်ကို တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက်သည့်အခါ စိတ်က ဇဝေဇဝါ။



www.burmeseclassic.com

www.burmeseclassic.com



ပိုမိုဆိုးရွားသည်က ယယ်စဥ်တွေ့ကြုံသော ဖြစ်စဥ်တွင် ထိုသူနှစ်ဦးစလုံး မိမိရှေ့တွင် သေပွဲဝင်ခဲ့ကြသည်။ သေသူနှစ်ဦးကို ယခုတစ်ဖန် အမှတ်မထင် ပြန်တွေ့ရသည်။ တကယ်တမ်း လိုက်လံရှာဖွေသည့်အခါ ပျောက်ချက်သားကောင်းသွားကြသည်။

မကြာခင် ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော ယာဥ်က မတော်တဆမှု ကြုံကြိုက်ရသည်။ ထိုအခါ စောစောက တွေ့လိုက်ရသောသူများက တမလွန်မှ လာ၍ နိမိတ်ဆိုးများ ပြသကြလေသလား။ သို့မဟုတ် သူတို့ ကိုယ်တိုင် အနိဋ္ဌာရုံဖြစ်စဥ်ကြီးကို ခေါ်ဆောင်လာခဲ့ကြလေသလား။ စိတ်တွင် ထွေထွေပြားပြား ရှုပ်ရှုပ်ထွေးထွေး။

သုံးရက်ခန့် သတိမရဟု သားသမီးများက ပြောသည်။ ထိခိုက်ဒဏ်ရာက ဦးခေါင်းပိုင်းတွင် ပိုမိုများပြားသည်။ ကိုယ်လက်များက ပွန်းရှမိရုံမျှသာ။ သတိရသည့်အချိန်တွင် ရန်ကုန်ရှိ ပုဂ္ဂလိက ဆေးရုံတစ်ရုံသို့ ရောက်နေသည်။ သားသမီးများ မည်ကဲ့သို့ စီစဥ်ခဲ့ကြသည်ကို မသိလိုက်။

ခေါင်းတွင် ထိခိုက်သွားသော ချုပ်ရိုးအနာအား သူနာပြုကလေးက ဆေးထည့်ပေးသည်။ မည်မျှ ညင်သာစွာ ကိုင်တွယ်သည်ဆိုစေကာမူ ဆေးထည့်သည့်အခါ နာကျင်မှုက အတိုင်းထက်အလွန်။ နာကျင်ခြင်းဝေဒနာကို တရားသဘောဖြင့် ရှုမှတ်ရင်း ငြိမ်သက်စွာ အနားယူနေခိုက် ဧည့်သည်ရောက်လာသည်။ သူ့ကို ကျွန်တော် မသိ။ မမြင်ဘူးသော မျက်နှာစိမ်း။ လူနာစောင့်သည့် ကလေးကလည်း အူကြောင်ကြောင်။ သားသမီးများလည်း မရှိကြ။

ဧည့်သည်နှင့် ကျွန်တော်။ သူ့ကို ကိုယ်က မသိ။ ကိုယ့်ကိုတော့ သူက သိနေပုံ။

"အန်ကယ်…သက်သာပါရဲ့လား ခင်ဗျာ"

ယဥ်ယဥ်ကျေးကျေး နူးနူးညံ့ညံ့ နှုတ်ဆက်လာသူ။

"ခါးမှာ နည်းနည်းနာနေသေးတာက လွဲလို့ သက်သာနေပါပြီ။ ဒါနဲ့ မောင်ရင်က…"

"ကျွန်တော့်နာမည်က အောင်နိုင်ဦးပါ အန်ကယ်။ မတော်တဆမှုဖြစ်တဲ့ မော်တော်ယာဥ်ရဲ့ ပိုင်ရှင်ပါ"

ပါးပါးနပ်နပ် အသိပေးလာသည်။ ကိုယ်ကလည်း သဘောပေါက်လိုက်သည်။ သို့သော် ယာဥ်မတော်တဆမှု ဖြစ်စဥ်အခြေအနေကို သိလိုသေးသည်။ သူ့အား မေးလျှင် သိနိုင်မည်။

"ထိခိုက်ဆုံးရှုံးမှု များသလား"

"ကားကတော့ နှစ်ဖက် နှစ်စီးလုံး ပျက်စီးသွားကြပါတယ်။ လူတွေကတော့ တစ်ဖက်ကားမှာ သုံးဦးသေတယ်။ ကျွန်တော်တို့ဘက်က နှစ်ဦးပဲ အသက်ဆုံးရှုံးပါတယ် ဦး"

"ဩော်…စိတ်မကောင်းစရာပဲ"

"ကျွန်တော်တို့ကားဘက်က ဒရိုင်ဘာနဲ့အတူ ယာဥ်မောင်းနှစ်ယောက်ကတော့ ပွဲချင်းပြီးပါပဲ။ သူတို့နာရေးကိစ္စ ဒီနေ့ပဲ အပြီးသတ် ဆောင်ရွက်ပေးခဲ့ရပါတယ်။ ခရီးသည်တွေ ဆိုးဆိုးရွားရွား ထိခိုက်မှုမရှိတာဘဲ စိတ်သက်သာစရာပါ။ အန်ကယ်တစ်ယောက်အတွက်သာ ကျွန်တော် စိတ်ပူ စိုးရိမ်ခဲ့ရပါတယ်။ အခုလို သက်သာတာ တွေ့ရတော့ ဝမ်းသာလှပါတယ် ခင်ဗျာ"

သူပြောပြမှ မိမိ၏ အခြေအနေ စိုးရိမ်ရမှုတ်ကို သိ်ပုံက်ရသည်။ ယာဥ်ပိုင်ရှင် လူငယ်က လူမှုရေးပြည့်ဝပုံရသည်။

"သေသူတွေရဲ့ မိသားစုတွေ ဒုက္ခရောက်မှာပဲ"

စာနာစကားပြောမိသည်။

"အကူဒရိုင်ဘာ ( ))ပြီးချိုက တော့ လူပျိုပါ။ မိဘများကို လုပ်ကျွေးနေသူပါ။ ဒရိုင်ဘာ ကိုမှန်ကြီးကတော့ မိသားစုနဲ့၊ ကလေးနှစ်ယောက် ကျန်ရစ်တယ်"

"ဘာ…ဘာ…ဘယ်လို…"

ကျွန်တော်၏ ထိတ်ထိတ်ပျာပျာ အမူအရာကို ဧည့်သည် လူငယ်က အံ့သြစွာ လှမ်းကြည့်သည်။ ကျွန်တော်က သူ့ထက် ပိုမိုအံ့သြရသည်။ သေဆုံးသူများ၏ အမည်က ကျွန်တော့်အား တုန်လှုပ်စေခဲ့သည် မဟုတ်ပါလား။

တစ်ယောက်က ငြိမ်းချို။ နောက် တစ်ဦးက မှန်ကြီး။ ကျွန်တော်နှင့် ရင်းနှီးခဲ့ဖူးသော အမည်များ။ ကျွန်တော် တွေ့ကြုံဆုံဆည်းခဲ့ဖူးသော ပုဂ္ဂိုလ်များ စားသောက်ဆိုင်နှင့် ခရီးသည်များကြား မွှေနှောက်ရှာဖွေခဲ့မိသော မိတ်ဟောင်း ဆွေဟောင်းများ။ ထိုသို့ရှာဖွေစဥ် မော်တော်ယာဥ်မောင်းသူတို့ကို သတိ မထားမိခဲ့။

သည်ဖြစ်စဥ်ကြီးက စိတ်ရှုပ်ထွေး စရာ။

ထိုစဥ် အခန်းထဲသို့ အလုပ် ဆရာဝန်ကြီး ဝင်လာသည်။ ဧည့်သည် က နှုတ်ဆက်လျက် ပြန်ခွင့်တောင်း သည်။

ဆရာဝန်ကြီးကိုလည်း ကျွန်တော် မကြိုဆိုမိ။ သူ၏ မေးမြန်းစုံစမ်းမှုများ ကိုလည်း မကြားမိ။ ပြန်လည်း မဖြေ မိ။

ဧည့်သည် လူငယ်သို့လည်း ခေါင်းမညိတ်၊ ခေါင်းမခါ။ တစ်စုံတစ်ရာ မတုံ့ပြန်မိ။

ကျွန်တော်၏စိတ်များ ရှုပ်ထွေး ပြေးလွှားနေသည်။

သေပြီးသူများနှင့် အမှန်တကယ် ပြန်လည်ဆုံဆည်းခဲ့ရလေသည်လား။

သို့မဟုတ် ဦးခေါင်းကို ထိခိုက် မိသော ဒဏ်ရာကြောင့် စိတ်များ ပြား ဖောက်ပြန်ခဲ့ရလေသည်လား။

* * *

ရန်



www.burmeseclassic.com

www.burmeseclassic.com



# သည်းခြေကြိုက်



သက်နှင်းဆွေ၊ ပုပ္ပါး၊

(၁)

ပြီးခဲ့သည့် သင်္ကြန်တွင်းကာလက ဖြစ်သည်။ ထိုစဉ်က ကမ္ဘာအေးမှာပဲ ကျွန်တော် နေထိုင်ဖြစ်ခဲ့သေးခဲဖြစ်သည်။ ယခုနေထိုင်ရာ တာမွေ (၁၅၇)လမ်းသို့ မပြောင်းရွှေ့ဖြစ်သေး။ ထိုသင်္ကြန်ရက်တွေတုန်းက ကမ္ဘာအေးမှ ကျွန်တော့် "အောင်အတိတ် အောင်နိမိတ်" ဓာတ်ခန်းဆောင်တွင်ပဲ သင်္ကြန်တွင်း ကျင့်စဉ်တွေကို ဆောင်ရွက်နေဖြစ်ခဲ့သည်။ ထိုသင်္ကြန်ရက်တွေပြီးတော့မှ တာမွေသို့ ပြောင်းရွှေ့ကာ "အောင်အတိတ် အောင်နိမိတ်"ရုံးခန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ရုံးခန်းဆိုသော်လည်း အလုပ်ချိန်က နာရီပိုင်းမျှသာဖြစ်သည်။ ကျန်အချိန်တွေမှာက စာရေးနေဖြစ်တာ များသည်။ အဓိဋ္ဌာန်ကျင့်စဉ်တချို့ကိုလည်း ရုံးခန်းမှ ဘုရားဆောင်မှာပဲ ကျင့်လှမ်းဖြစ်တတ်သည်။

စာရေးသည် ဆိုရာမှာလည်း ယခုနောက်ပိုင်းတွင် ဆောင်းပါးရေးဖြစ်တာက နည်းပြီး ကဗျာနှင့် ဝတ္ထုတွေ ရေးဖြစ်တာ များသည်။ အမှန်တော့ ဝတ္ထုတွေက ယခုလက်ရှိ ထုတ်ဝေဖြစ်သေးတာ မဟုတ်။ အခြေအနေပေးလာတာနှင့် ထုတ်ဖြစ်အောင် အချိန်ပေးပြီး ရေးနေဖြစ်ခြင်း ဖြစ်သည်။ စာဖတ်ပရိသတ်လက်ထဲသို့ အသေအချာရောက်မည်၊ မရောက်မည်ပင် အသေအချာ မသိရသေးသည့် အနေအထားပဲဖြစ်သည်။ သို့သော် ကျွန်တော့်ဘဝအတွက် အကြီးမားဆုံး ယုံကြည်ချက်ဖြစ်သဖြင့် ကြိုးစားပမ်းစား ရေးနေမိခဲဖြစ်သည်။ ဘဝအသိနှင့် လောကအမြင်တို့ ပေးစွမ်းနိုင်သော ရသဝတ္ထုတွေကို ကျွန်တော် တစိုက်မတ်မတ်ရေးနေချင်သေးသည်။

ကဗျာဆိုတာကတော့ ဝါသနာသန့်သန့်ဖြင့် ရေးရသော အရာသာဖြစ်သည်။ ပရိသတ်လက်ထဲရောက်ဖို့အတွက် လုံးဝ မသေချာသော အရာလည်းဖြစ်သည်။ သို့သော် ထိုသို့ မရေရာသည့် ကဗျာရေးခြင်းအလုပ်ကိုလည်း ကျွန်တော့်အသွေးအသားထဲတိုင်အောင် စွဲတည်နေသည့် ဝါသနာဖြစ်နေသည့်အတွက် တစိုက်မတ်မတ်လုပ်နေဖြစ်သေးမြဲသာဖြစ်သည်။ နောက်ဆုံးထွက်သက်အထိ ကဗျာတွေ ရေးနေဖြစ်တော့မှာ သေချာနေပါသည်။

ကျွန်တော့်ဘဝတွင် ထိုသို့ လိုင်းမတူညီသည့် အလုပ်တွေကို သူ့အပိုင်း သူ့အကန့်နှင့်သူ တွဲဖက်လုပ်ကိုင်နေဖြစ်

www.burmeseclassic.com



ပါသည်။ ထိုနည်းတူစွာပင် ကျွန်တော့်နေထိုင်မှု၊ ဝတ်စားမှု၊ ကျင့်သုံးမှုတွေမှာလည်း မတူညီသည့် အနေအထားတွေကို တွဲဖက်ရှင်သန်နေဖြစ်ပြန်သည်။ ဥပမာဆိုရသော် ဂန္ထဝင်ပညာတွေ၊ ယောဂီပညာတွေကို လိုက်စားသူအများစုက ဝက်သားဟင်းကို မစားတတ်ကြ။ အသားဟင်း ငါးဟင်းတွေကိုပင် စားသောက်သူ နည်း၏။ သက်သတ်လွတ်စားသူ၊ ကုန်းသတ္တဝါဟင်းကို လုံးဝမစားဘဲ ရေသတ္တဝါဟင်းကိုသာ စားသုံးသူ၊ ခြေလေးချောင်းသားဟင်း မစားဘဲ အခြားသားငါးဟင်းတွေကိုသာ စားသုံးသူ စသည်ဖြင့် အမျိုးမျိုးရှိကြသည်။ ကျွန်တော်ကမူ ကျွဲ၊ နွား၊ ဆိတ်၊ မြင်းတို့၏ အသားဟင်းတို့မှ အပ ကျန်တာတွေကို ကျွန်တော့်စိတ်ကြိုက်စားဖြစ်နေသည်။ အထူးသဖြင့် အများစု ရှောင်တတ်သည့် ဝက်သားဟင်းကို နေ့စဉ်လိုလို ကျွန်တော်စားဖြစ်နေပါသည်။ ကြိုက်လည်း အလွန်ကြိုက်ပါသည်။

ထို့အတူ ဂန္ထဝင်ရသမားအများစု၊ ပုတီးသမားအများစုက ဝတ်ဖြူစင်ကြယ်တွေ၊ အညိုရောင်တွေ ဝတ်တတ်ကြသည်။ ကျွန်တော်က လူသာမန်တစ်ယောက်လိုပဲ ဝတ်သည်၊ စားသည်။ အမှန်တော့ ဂန္ထဝင်ရသမားတွေသာ မဟုတ်၊ ကဗျာဆရာအများစုကလည်း ပုဆိုးနှင့်၊ စတစ်ကော်လာ အင်္ကျီနှင့် မြန်မာဆန်ဆန်ဝတ်ကြတာ များသည်။ မြန်မာဆန်ဆန် လွယ်အိတ်တွေကို လွယ်ကြတာများသည်။ တချို့က တိုက်ပုံအင်္ကျီ၊ ပင်နီအင်္ကျီတွေကိုပင် တမြတ်တနိုး ဝတ်နေတတ်ကြသေးသည်။ ကျွန်တော်က ထိုသို့သော လူယဉ်ကျေးတို့ ဝတ်စုံတွေကို ဝတ်ချင်စိတ်မရှိ။ လူကြီးလူကောင်းတစ်ယောက်လိုလည်း ဝတ်စားသွားလာပြီး မနေတတ်။ အမှန်တော့ ကျွန်တော်က ကိုယ့်ကိုယ်ကို လူသာမန်တစ်ယောက်ဟုသာ ခွဲမြဲစွာ ယုံကြည်နေသူဖြစ်သည်။ ထို့အတူ လူသာမန်တစ်ယောက်လိုသာ လွတ်လပ်ပေါ့ပါးစွာ နေထိုင်ရှင်သန်ချင်သူလည်းဖြစ်သည်။

(၂)

"ဆရာရေ..ကျွန်တော်တို့ အခုပဲ ကားနဲ့ လာခဲ့မယ်။ သင်္ကြန်တွင်းမှာ ဆရာလည်း အပြင်မထွက်ရတော့ ပျင်းနေမှာသိလို့ တမင်လာခဲ့တာ ဆရာ။ လက်ဖက်ရည်သွားသောက်ကြရအောင်။ ဆရာ့စိတ်ကြိုက် လက်ဖက်ရည်ကောင်းကောင်း သောက်နိုင်မယ့်ဆိုင်ရှိတယ်။ အဲဒီဆိုင်က သင်္ကြန်တွင်းမှာ မပိတ်ဘဲ ဖွင့်ထားတယ်။ စောင့်နေပါ ဆရာ၊ ကျွန်တော်တို့ လာခေါ်မယ်"

ထိုသင်္ကြန်ရက်တွေက ကျွန်တော် အပြင်မထွက်ခဲ့ရ၊ သင်္ကြန်အတက်နေ့ မနက်စောစောမှာမှ ကျွန်တော့်မိတ်ဆွေကြီး ဦးခင်မောင်သန်းက ဖုန်းဆက်လာခြင်းဖြစ်ပါသည်။

ထိုနံနက်က ဦးခင်မောင်သန်းနှင့်အတူ ဦးမြင့်ထွန်းထူးဆိုသူတစ်ယောက်လည်း ပါလာသည်။

"ဒါ... ကိုမြင့်ထွန်းထူးတဲ့ ဆရာ။ ဆရာ့စာဖတ်ပရိသတ်ပါပဲ။ အဲဒါ ဆရာ့ကို တွေ့ချင်တယ်ဆိုလို့ ကျွန်တော်ခေါ်လာခဲ့တာ"

ဦးခင်မောင်သန်းက ကားပေါ်မှာပင် မိတ်ဆက်ပေးသည်။ လူက ဝဝခန့်ခန့်၊ စကားပြောတော့ ဖော်ဖော်ရွေရွေနှင့် ပြတ်ပြတ်သားသားရှိသည်။ သို့သော် သူ့စိတ်ထဲတွင် ကျွန်တော့်ကို ကြည့်ပြီး တစ်ခုခု အလိုမကျဖြစ်နေသည်။ သူ ဘာကို စိတ်တိုင်းမကျဖြစ်သွားသည်ဆိုတာ ကျွန်တော်ကောင်းစွာ သိနေပါသည်။ သို့သော် ကျွန်တော် ဘာမှ မပြောခဲ့။

"ဦးခင်မောင်သန်းရေ..ခင်ဗျားပြောတဲ့ လက်ဖက်ရည်ဆိုင်ကို ပြီးမှ သွားပါဗျာ။ လမ်းမတော်ဘက်ကို အရင်မောင်းစမ်းပါ။ ရေကစားတဲ့သူတွေနဲ့ လမ်းမပိတ်သေးခင်"

မနက်စောစောပင် လမ်းပေါ်မှာ ရေကစားသူတွေ စတင် သက်ဝင်လှုပ်ရှားနေပြီ။ ဗုံ့ပို့သံတွေကလည်း မြိုင်ဆိုင်နေပြီ။ "ဒီဂျေ"တီးလုံးနှင့် ခေတ်ပေါ် သင်္ကြန်သီချင်းသံစဉ်တွေကလည်း စည်ကားစ ပြုနေပြီ။

ဦးခင်မောင်သန်းက "ဆပ်ဖ်"ကားကို မှန်တံခါးတွေ ပိတ်ပြီး မောင်းနေ၍ ရေတော့ မစိုခဲ့သေး။ လမ်းမတော်ရောက်အောင် အတော်မောင်းရသည်။ လမ်းတွေမှာ သင်္ကြန်ကားတွေက သွားလာနေကြလေပြီမို့ လမ်းက သိပ်ခရီးမတွင်တော့။

"ဟုတ်ပြီဗျ...ဟုတ်ပြီ၊ အဲဒီဘုရားလေးပဲ ဖြစ်မယ်။ အဲဒီနားမှာ ရပ်ဗျာ"

လမ်းတော်တစ်နေရာတွင် ကားပေါ်မှ ဆင်းသည်။ ဦးခင်မောင်သန်းနှင့် ဦးမြင့်ထွန်းထူးတို့က ကျွန်တော့်နောက်မှ လိုက်လာကြသည်။

ဘုရားလေးတစ်ဆူ။ လမ်းဘေးမှ ဘုရားလေး။ ကျွန်တော် အလွန်ဖူးချင်နေခဲ့သည့် ဘုရားလေးတစ်ဆူ။ ကျွန်တော်က ဘုရားလေးအနီးသို့ တိုးကပ်သွားပြီး ကျကျနန ဦးညွှတ်ကန်တော့လိုက်သည်။ စေတီတော်လေးကို အာရုံမိမိ ဖူးမြော်နေလိုက်မိသည်။ စေတီတော်လေးမှာ ရွှေသားရွှေစင်တွေ ဝင်းအိနေသည်။

ဦးခင်မောင်သန်းတို့နှစ်ယောက်ကလည်း ကျွန်တော့်နောက်နားဆီမှ ဘုရားကို ကြည့်ညိုနေကြသည်။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘုရားကြည်ညိုနေတာကို ငေးကြည့်နေကြတာ တွေ့ရသည်။ အထူးသဖြင့် ဦးမြင့်ထွန်းထူးက ကျွန်တော့် ထုပ်ရှားမှုတွေကို စိတ်ဝင်တစား အကဲခတ်နေဟန်တူ၏။

"အဲဒါ ဘာဘုရားလဲ ဆရာ"

ကားပြန်ထွက်လာတော့ ဦးခင်မောင်သန်းက ကားကို ခရာတစိုက်မောင်းရင်း မေးလေသည်။

"အမှန်အတိုင်းဝန်ခံရရင်တော့ ကျွန်တော်လည်း မသိဘူးဗျ။ ဒါပေမယ့် ကျွန်တော်သိထားတာတော့ ရှိတယ်။ တို့နှစ်ပေါင်းများစွာကတည်းက အဲဒီနေရာမှာ၊ အဲဒီလမ်းဘေးမှာ ဘုရားလေးတစ်ဆူရှိခဲ့တယ်တဲ့။ အဲဒီတုန်းက လွတ်လပ်ရေးမရသေးဘူးလို့လည်း ဆိုတယ်။ ပုဂ္ဂိုလ်ထူးတွေ တည်ထားခဲ့တာလို့ ဆိုတယ်။ အဲဒီတုန်းကတော့ အခုလို ရွှေတွေ ဝင်းအိနေအောင် ဘယ်မှာ ရှိဦးမှာလဲပေါ့ဗျာ"

ရန်ကုန်မြို့ကြီး၏ နံနက်ခင်းက သကြံန်ရနံ့တွေထဲမှာ သွက်လက်လှုပ်ရှားစွာ စည်ကားစ ပြုနေပြီ။ သကြံန်မဏ္ဍပ်တွေ၊ သကြံန်လည်သည့်ကားတွေကို အတော်ရှောင်ကွင်းပြီး မောင်းနေရသည်။

"ပြောပြပါဦး ဆရာ။ ဟိုဘုရားလေးအကြောင်း"

ဦးမြင့်ထွန်းထူးက ကားနောက်ခန်းမှနေပြီး ကျွန်တော့်ကို လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"အဲဒါတော့ မသိဘူးဗျ။ ကျွန်တော်ကလည်း စာထဲမှာပဲ ဖတ်ဖူးတာ။ ကျွန်တော့်ဆရာတွေ ပြောပြခဲ့တာပဲ သိရတာပါ။ အဲဒီခေတ်တုန်းက အဲဒီဘုရားမှာ ပုဂ္ဂိုလ်ထူးတွေနဲ့ ပတ်သက်တဲ့ ဂ ့တစ်ယောက်က စိတ်မနှံ့ကဲ့ ပုံစံမျိုးနဲ့ (အရူးတစ်ယောက်လို အသွင်အပြင်နဲ့ပေါ့ဗျာ) အဲဒီဘုရားလေးမှာ ဝေယျာဝစ္စတွေ လာပြုနေတယ်တဲ့။ လူတွေကိုလည်း ဘုရားဖူးအောင် စေ့ဆော်ပေးခဲ့တယ် ဆိုပါတော့ဗျာ။ အဲဒီငေ ဘ်က "**အရူးဘုရား။ မဖူးဗြား။ ဘီလူးစားလို့ သေတတ်သည်**" ဆိုတဲ့ တဘောင်စကားတွေတောင် ပေါ်ခဲ့သတဲ့ဗျ။ အဲဒီလိုနဲ့ လူတွေက အဲဒီစေတီတော်လေးကို စိတ်ဝင်တစား ဖူးဖြစ်ခဲ့ ပူဇော်ဖြစ်ခဲ့ကြတယ် ဆိုပါတော့ဗျာ။ ပြောရရင် အဲဒီတုန်းက ခေတ်ပျက်ကာလကြီးကိုးဗျ။ အဲလိုအချိန်မှာ လူတွေကို ဘာသာတရားကိုင်းညွတ်လာအောင် စေ့ဆော်ပေးခဲ့တာပေါ့ဗျာ။ ဘာကြောင့်ပဲ စိတ်ပါလာလာ လူတွေက ဒီစေတီတော်လေးကို အလျဉ်းသင့်သလို လာရောက် ဖူးမြော်ရင်း၊ ပူဇော်ရင်း ကုသိုလ်စေတသိက်တွေ အားကောင်းလာအောင် စေ့ဆော်ပေးလိုက်တာပဲပေါ့ဗျာ။ အဲဒီကုသိုလ်ဇောတွေကြောင့် စစ်ဘေး၊ စစ်ဒဏ်တွေ၊ ခေတ်ဘေး ခေတ်ဒဏ်တွေက လွတ်မြောက်အောင် အကောင်းဆုံးနည်းနဲ့ ကူညီ ကယ်မပေးလိုက်တာပဲလို့ ကျွန်တော်တွေးမိပါတယ်ဗျာ"

ကားက အလုံဘက်မှ ပတ်ပြီး မောင်းလာခဲ့သည်။ ဘုရင့်နောင်ဘက်အထိ ဆက်မောင်းရမည်ဖြစ်သည်။

"ဒါဆို အဲဒီစေတီလေးက ရှေးဟောင်းတန်ခိုးကြီး ဘုရားတစ်ဆူပေါ့ ဆရာ…နော်"

ဦးမြင့်ထွန်းထူးက မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တာပေါ့ဗျာ။ ပုဂ္ဂိုလ်ထူးတွေ၊ ပါရမီရှင်တွေက လူတွေ ကြုံနေရတဲ့ ဆင်းရဲဒုက္ခတွေက လွတ်အောင်၊ လူတွေရဲ့ ကုသိုလ်ရေးကို ရှေ့ရှုပြီး သရီယဓာတ်တော် မွေတော်တွေကို ဌာပနာပြီး တည်ခဲ့တာ ဖြစ်လိမ့်မယ်ဗျ။ ပြီးတော့ ကြီးမားတဲ့ စေတနာတွေ၊ မေတ္တာတွေ၊ သစ္စာအဓိဋ္ဌာန်တွေနဲ့ တည်ထားခဲ့တာလည်း ဖြစ်နိုင်တယ်"

ထို့နောက် စကားတပြောပြောနှင့်ပင် ဘုရင့်နောင်ဘက်မှ လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်သို့ ရောက်လာခဲ့သည်။ ရန်ကုန်မြို့ကြီးက သကြံန်လှိုင်းထဲမှာ လုပသာယာစွာ၊ အလွန်စည်ကားစွာ စီးမျောနေလေပြီ။

ကျွန်တော်တို့သုံးယောက်က လက်ဖက်ရည်ဆိုင်၏ နားအေးပါးအေး စကားပြောနိုင်မည့်နေရာတွင် ဝင်ထိုင်လိုက်ပြီး စားသောက်စရာတွေကို မှာလိုက်သည်။ ဦးမြင့်ထွန်းထူးက ကျွန်တော်ပြုမူလှုပ်ရှားသမျှ စူးစူးစမ်းစမ်း လေ့လာနေလေသည်။

သည်အချိန်မှာပဲ ဖုန်းတစ်ခုဝင်လာပါသည်။

(၃)

ကျွန်တော်သည် အလုပ်ချိန်မှအပ ကျန်အချိန်တို့တွင် လောကီပညာကိစ္စတွေ ပြောတာဆိုတာ မရှိသလောက်ပင်။ တစ်ခါတရံတော့လည်း မလွှဲသာ မရှောင်သာဘဲ နားထောင်ပေးရတာတွေ၊ ပြောဆိုပေးရတာမျိုးတွေ ရှိသည်။ အထူးသဖြင့် ကျွန်တော့်နယ်မှ စာဖတ်ပရိသတ်တွေ ဖုန်းဆက်လာလျှင် ကျွန်တော် နားမထောင်၍ မဖြစ်။ ပြန်မပြော၍လည်း မဖြစ်။ စာဖတ်ပရိသတ်ကို ကျွန်တော် အထူးလေးစားရမည်ဆိုသည့်အသိက ခိုင်မာနေပါသည်။

"ဆရာရယ်… သမီးက ဆရာ့စာဖတ်ပရိသတ်ပါ။ ဂျာနယ်၊ မဂ္ဂဇင်းတွေက ဆရာ့စာတွေကိုလည်း ဖတ်ပါတယ်။ ဆရာ့လုံးချင်းစာအုပ်တွေကိုလည်း ဖတ်ပါတယ်။ ပြီးတော့ အင်တာနက် ဝက်ဘ်ဆိုဒ်က ဆရာ့ကဗျာတွေ၊ စာတွေကိုလည်း ဖတ်ပါတယ်။ အခုလို သကြံန်တွင်းကြီးမှာ ဆရာ့ဆီကို ဖုန်းဆက်ရတာ အားနာလှပါတယ်"

ဖုန်းထဲမှ မိန်းကလေးက ကျွန်တော့်ကို တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ တော်ရုံအခက်အခဲဖြင့် သကြံန့်တွင်းအချိန်မျိုးမှာ ဖုန်းဆက်မည်မဟုတ်။ ကျွန်တော်က သူမ စကားတွေကို အသေအချာ နားထောင်နေမိသည်။ ဦးခင်မောင်သန်းနှင့် ဦးမြင့်ထွန်းထူးတို့က ကျွန်တော် ဖုန်းပြောနေ၍ နံနက်စာကို မစားကြသေးဘဲ စောင့်နေကြသည်။

ကျွန်တော်ကလည်း ထိုမိန်းကလေး ပြောသမျှကို အသေအချာနားထောင်ပြီး ကျွန်တော် တတ်နိုင်တာကို အသေးစိတ် ပြန်လည် ညွှန်ပြနေမိပြန်သည်။ အားလုံးပြောပြီးမှပင် ကျွန်တော် ဖုန်းချဖြစ်လိုက်သည်။

"အဲဒါ စလုပ်ပြီး ဆယ်ရက်တိတိပြည့်တဲ့နေ့မှာ ဆရာ့ကို ဖုန်းပြန်ဆက်ပါ"

ထိုစကားကိုလည်း မှာထားလိုက်မိသည်။

ထို့နောက် ကျွန်တော်တို့သုံးယောက် နံနက်စာစားကြပါတော့သည်။ စားပြီးတော့ လက်ဖက်ရည်သောက်ရင်း စကားပြောနေမိကြသည်။ ကျွန်တော်တို့ သုံးယောက်လုံး စီးကရက်သောက်ကြသူတွေဖြစ်သည်။ လက်ဖက်ရည်သောက်လိုက်၊ စီးကရက်ဖွာလိုက်၊ စကားပြောလိုက်နှင့် စကားဝိုင်းက အပြင်မှ သင်္ကြန်စီးကြောင်းလို စိုပြည်နေတော့သည်။

"ဆရာရေ…ကျွန်တော်က ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်ပါတယ်။ ဆရာ့စာတွေကို ဖတ်ခဲ့တယ်။ ဟောဒီကိုခင်မောင်သန်းကလည်း ဆရာ့အကြောင်း မကြာခဏပြောဖူးတယ်။ ဒီမနက် ဆရာ့ကို တွေ့လိုက်တော့ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးဖြစ်သွားမိတယ်။ ကျွန်တော်မျှော်လင့်ထားတာက ပလေကပ် ပုဆိုးဖြူနဲ့ ဖြစ်ဖြစ်၊ ယောဂီရောင်နဲ့ပဲဖြစ်ဖြစ်၊ ဒါမှမဖြစ် အဖြူရောင် စတစ်ကော်လာအင်္ကျီနဲ့ ပုဆိုးနဲ့ လူကြီးဆန်ဆန် ဆရာကြီးတစ်ယောက်ကို တွေ့ရမယ် ထင်ထားတာ။ အခု ဆရာက ဂျင်းပင်နဲ့၊ တီရှပ်နဲ့ သာမန်လူငယ်တစ်ယောက်လို တွေ့လိုက်ရတော့ တွေ့တွေ့ချင်း တစ်မျိုးဖြစ်နေခဲ့တာ အမှန်ပါပဲ။ ဒါပေမယ့် အခု ဆရာနဲ့ သွားလာလိုက်တော့ ဆရာ့ပြုမူ လှုပ်ရှားမှုပေါ့ တွေ့တော့ ဆရာနဲ့ စကားတွေပြောလိုက်တော့မှ ဆရာ့အတွင်းပိုင်း စိတ်အခံတွေကို တော်တော်မြင်လာပြီ ထင်တာပဲ။ ကျွန်တော် တစ်ခုမေးပါရစေ။ ဆရာ ဘာလို့ ဒီလိုနေနေတာလဲ ဆရာ"

အမှန်တော့ ဦးမြင့်ထွန်းထူးနှင့် ဦးခင်မောင်သန်းတို့က ကျွန်တော်နှင့် အသက်သိပ်ကွာကြတာ မဟုတ်။ မတိမ်းမယိမ်းတွေပဲ ဖြစ်သည်။ သို့သော် သူတို့က လူကြီးတွေလို တည်ငြိမ်ရင့်ကျက်သည့်အသွင်တွေဖြစ်ပြီး ကျွန်တော်က လူငယ်တစ်ယောက်လို ပေါ့ပေါ့ပါးပါးအသွင်ဖြစ်နေသည်။

"ကျွန်တော်က သာမန်လူတစ်ယောက်ပါ ကိုမြင့်ထွ
ထူးရေ။ သာမန်လူတစ်ယောက်ဖြစ်တဲ့အတွက် လူသာ
လိုပဲ နေတတ်ပါတယ်။ အဲဒီထက် ပိုပြီးပြောရရင်တော့
ကျွန်တော် သိသင့်တာတွေ၊ ကျင့်သုံးသင့်တာတွေ
ကျွန်တော့်နှလုံးသားတွေထဲမှာပဲ ထည့်ထားပြီး အပြင်
တော့ လွတ်လပ်အေးချမ်းစွာပဲ နေချင်ပါတယ်။ အဲဒီ
နေရတာလည်း တကယ်လွတ်လပ်ပေါ့ပါးလှပါတယ်"

ဦးမြင့်ထွန်းထူးက ကျွန်တော့်စကားကို တွေးတွေ
ဆဆ နားထောင်နေသည်။

"ပြောရရင်တော့ အခုနောက်ပိုင်းမှာ အပြင်က အသွ
အပြင်တွေထက် အတွင်းပိုင်းက အသိတွေ၊ ပညာတွေ
သတိတွေကို ပိုပြီးယဉ်ကျေးအောင်၊ လေးနက်လာအော
နက်ရှိုင်းလာအောင်ပဲ အာရုံပြုချင်နေတော့တယ်ဗျ။ ဥပ
ဗျာ၊ စောစောက ဖုန်းဆက်တဲ့ မိန်းကလေးဆိုပါတော့ သူ
က ကျွန်တော့်ကို သာမန် ကဗျာဆရာ၊ စာရေးဆရ
တစ်ယောက်အဖြစ်ပဲ အစက သိတာပါ။ ဒါပေမယ့် လော
ပညာတချို့ နည်းနည်းပါးပါးတတ်ကျွမ်းတယ်လို့တော့ သူ
သိထားတယ်။ အဲဒါကြောင့် အခုသူ အရမ်းစိတ်သော
ဖြစ်နေရတဲ့ ကိစ္စကို အားကိုးအားထားရလို့ရပြား အကူအည
တောင်းကြည့်တာလေ။ ဒီနေရာမှာ ကျွန်တော့်အမြင်
ကျွန်တော့်ကို ပညာရှင်တစ်ယောက်လို မမြင်စေချင်ဘူး
ကျွန်တော်က လူသာမန်တစ်ယောက်ဆိုတာဟာ တကယ်
အရှိတရားပါပဲ။ လောကီပညာရှင်ကြီးတစ်ယောက် မဟုတ်
ဘူး။ သူတော်စင်ကတစ်ယောက်လည်း မဟုတ်ဘူး။ သိဒ္ဓိရှင်
တစ်ယောက်ခြင်း မဟုတ်ပါဘူး။ အဲဒါ တကယ်
ကျွန်တော့်ဘာသာ နားလည်လက်ခံထားတဲ့ အရာပါ
ဒါပေမယ့် ကျွန်တော်သိသလောက် ပြောဆိုညွှန်ပြပေးလိုက်
တဲ့ ကိစ္စတွေ၊ ကျွန်တော် သိသလောက် ရေးလိုက်တဲ့
စာတိုပေစလေးတွေက လူတွေကို ကောင်းကျိုးတစ်စုံတစ်ရာ
အထောက်အပံ့ဖြစ်စေချင်တယ်။ အဲဒါပါပဲဗျာ"

ထိုနေ့က ကျွန်တော်တို့ စကားဝိုင်းလေးက အတော်
ကျယ်ပြန့်သွားခဲ့သည်။ ပြန်လာကြချိန်တွင် ရန်ကုန်သင်္ကြန်
က အထူးစည်ကား ဝေဆာနေလေပြီ။ ဦးမြင့်ထွန်းထူး
ခင်မင်ကျွမ်းဝင်စိတ်တွေကလည်း ကျွန်တော့်ထံ အတော်
နီးကပ်လာခဲ့လေသည်။

"ဆရာ့နေထိုင်မှု၊ ကျင့်သုံးမှု ဘာသာဗေဒ
ကျွန်တော်လည်း နည်းနည်းနားလည်လာပြီ ထင်ပါတယ်
ဆရာ။ နောက် ၁၀ရက်အကြာမှာ စောစောက မိန်းကလေး
ကို ညွှန်ပြလိုက်တဲ့ လောကီပညာခန်းရဲ့ အဖြေကိုလည်း

www.burmeseclassic.com



သိချင်နေမိတယ် ဆရာ"

ဦးမြင့်ထွန်းထူး၏ စကားက ပညာသား ပါနေပြန်လေသည်။

(၄)

ထိုသကြန်ပြီးစ ရက်မှာပဲ ကျွန်တော် တာမွေသို့ ပြောင်းဖြစ်ခဲ့သည်။ တာမွေ (၁၅၇)လမ်းရှိ အိမ်ခန်းသို့ ပြောင်းလာဖြစ်သည်။ ထိုအခန်း ပြင်ဆင်နေသည့်ရက်တွေမှာပင် ဦးခင်မောင်သန်းရော၊ ဦးမြင့်ထွန်းထူးပါ ပါလာပြီး ကူညီပေးနေကြသည်။ တာမွေကို ရောက်တော့ ကျွန်တော်ထိုင်ရမည့် လက်ဖက်ရည်၊ ကော်ဖီဆိုင် "ဂျက်ကာ"ကလည်း ပြောင်းလဲသွားတော့သည်။ တာမွေအဝိုင်းထိပ်မှ "မွန်းဘက်ကရီ"ဆိုင်မှာ ထိုင်သည့်အခါ ထိုင်သည်။ မော်ဒန်လက်ဖက်ရည်ဆိုင်ကြီးမှာ ထိုင်သည့်အခါ ထိုင်ဖြစ်သည်။ တစ်ရက်မှာတော့ အခန်းမှာ လက်သမားဆရာတွေကို ထားခဲ့ပြီး ကျွန်တော်၊ ဦးခင်မောင်သန်းနှင့် ဦးမြင့်ထွန်းထူးတို့ သုံးယောက်က မော်ဒန်လက်ဖက်ရည်ဆိုင်မှာ လာထိုင်ဖြစ်ခဲ့သည်။

ထိုအချိန်မှာပဲ ဖုန်းတစ်ခုဝင်လာပြန်လေသည်။

"ဆရာရေ… သမီးကိစ္စ အဆင်ပြေသွားပါပြီ။ အဲဒါ ဆရာ့ကို အကြောင်းပြန်တာပါ။ ပြီးတော့ ဆရာ့ကိုလည်း လာပြီး ဂါဝရပြုချင်ပါတယ်"

တစ်ခါတရံတွင် လူ့ဘဝမှာ ထိုသို့သော အကြောင်းတိုက်ဆိုင်မှုတွေကို ကျွန်တော် များစွာကြုံရဖူးပါသည်။ သကြန်တွင်းကာလက ကျွန်တော်တို့သုံးယောက် ဆုံနေချိန်မှာပဲ ထိုမိန်းကလေးအတွက် အကူအညီတစ်ခုပေးဖြစ်ခဲ့သည်။ ယခု ကျွန်တော်တို့သုံးယောက် ဆုံရချိန်မှာ ထိုမိန်းကလေးထံမှ အကြောင်းပြန်မှုကို ရရှိခဲ့ပြန်လေပြီ။

ကျွန်တော်က ထိုမိန်းကလေးကို လာပြီး ကန်တော့ဖို့ မလိုကြောင်း၊ ယခုလည်း ရုံးခန်းပြင်ဆင်နေဆဲဖြစ်ကြောင်း စသည်ဖြင့် ပြောပြီး ကျေနပ်စေလိုက်၏။ ကျွန်တော်ပြောဆိုနေသမျှ နားထောင်နေသည့် ဦးမြင့်ထွန်းထူးကမူ ထိုပညာခန်းကို လွန်စွာစိတ်ဝင်စားနေပြီဖြစ်သည်။

"အဲဒါ ဘာကိစ္စအတွက် ဆရာ ကူညီလိုက်တာလဲဗျ"

ကျွန်တော်က ထိုမိန်းကလေး၏ ဇာတ်လမ်းအစုံကို ပြောပြမနေဖြစ်တော့။

"အကျဉ်းချုံးပြီးပြောရရင်တော့ဗျာ၊ အဲဒီ မိန်းကလေးက ငွေတွေ လက်လွှန်ထားတယ်။ သူ့သူငယ်ချင်းတစ်ယောက်ရဲ့လုပ်ငန်းမှာ ရှယ်ယာသဘောနဲ့ ပေးလိုက်တယ်။ သူ့သူငယ်ချင်းက ဒီလပိုင်းတွေမှာ တခြားပြဿနာတွေ ကြုံလာတယ်။ အဲဒီမှာ လုပ်ငန်းကိုပါ ထိခိုက်လာတယ်။ ရောင်းပြေးတာတွေ ဘာတွေအထိ လုပ်လာတယ်။ အဲဒါ သူကလည်း သူပေးထားတဲ့ငွေကို ပြန်လိုချင်တယ်။ အဲဒါပါပဲ။ ကောင်မလေးတွေက အသက် ၂၀ကျော် ၃၀ အတွင်းလေးတွေပါ။ ငယ်ကြသေးတယ်ဗျ။ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ရင်း လစာလေးတွေကို စုပြီး အဲဒီလိုပေးထားလိုက်တာ။ ချွေးနဲ့စာလေးတွေ ဆိုပါတော့ဗျာ။ အဲဒါကြောင့် ကျွန်တော်ကလည်း ကောင်းမြတ်တဲ့ ပညာခန်းလေးနဲ့ သူ့ငွေလေးတွေ ဖြောင့်ဖြောင့်ဖြူးဖြူး ပြန်ရအောင် ညွှန်ပြပေးလိုက်တာပါ။ အခု အဆင်ပြေသွားပြီ။ တိမ်းရှောင်နေရာကနေ ဘွားခနဲပေါ်လာပြီး တချို့တဝက်လာပေးသွားတယ်။ ကျန်တာကိုလည်း ရက်ချိန်းပေးသွားတယ်တဲ့။ သူ့အပြောအရတော့ ဘယ်လိုမှ မရနိုင်တော့ဘူး၊ ဆုံးပြီထင်ထားတာတဲ့"

ထိုနေ့က ထိုပညာခန်းကို ဦးမြင့်ထွန်းထူးက အသေအချာမှတ်ယူသွားခဲ့လေသည်။ ကျွန်တော်ကလည်း အသေးစိတ်ပြောပြခဲ့လေသည်။

"ကျွန်တော်လည်း လက်လွှန်ထားတဲ့ ငွေတွေ ရှိတယ် ဆရာ။ ယုံယုံကြည်ကြည်နဲ့ လုပ်ရမှာပဲ။ ကိုခင်မောင်သန်းလည်း လုပ်မယ်မဟုတ်လား။ ခင်ဗျားလည်း ငွေတွေ ရစရာရှိနေတာပဲလေ"

ကျွန်တော့်မိတ်ဆွေကြီးနှစ်ယောက်က ကျွန်တော် ညွှန်ပြပေးသည့် ပညာခန်းလေးကို မှတ်သားရင်း ပြုံးပျော်နေခဲ့ကြလေသည်။

"စီးပွားရေးလုပ်တယ်ဆိုတာ ယုံကြည်မှုနဲ့ ပုံအပ်လိုက်ရတဲ့ အခြေအနေတွေ အများကြီးရှိတယ် ဆရာ။ ငွေဆိုတာ လူတွေရဲ့ သည်းခြေကြိုက် ဆရာရဲ့။ လက်ထဲ ရောက်လာရင် ကတိတည်တည်၊ သစ္စာရှိရှိ ပြန်ပေးဖို့ စဉ်းစားတဲ့လူက နည်းတယ်ဗျ။ အများစုကတော့ ဟိုရှုသည့်သည်လှည့်၊ နေ့ရွှေ့ညရွှေ့နဲ့ ရှောင်တိမ်းနေပြီး ရနိုင်သလောက် သုံးစွဲနေတတ်ကြတာပဲ။ အဲဒါကြောင့် လုပ်ငန်းရှင်ကြီးတွေထဲမှာ အဲလိုလူတွေ အများကြီးပဲ။ လက်နက်ကောင်းလေးတစ်ခုတော့ ဆောင်ထားမှ"

စကားနည်းလှသည့် မိတ်ဆွေကြီး ဦးခင်မောင်သန်းက တွေးတွေးဆဆနှင့် လေးလေးနက်နက် ပြောခဲ့သည့် စကားလေးဖြစ်သည်။

(၅)

အမှန်တော့ ထိုပညာခန်းသည် ကျွန်တော် လွှန်



www.burmeseclassic.com

www.burmeseclassic.com



ရှိသေ ယုံကြည်စွာ သုံးစွဲသည့် အင်္ဂဝိဇ္ဇာပညာခန်းကြီးနှင့် မသက်ဆိုင်ပါ။ ဆန်းပညာမှ သင်ယူထားခြင်းလည်း မဟုတ်ပါ။ ဆရာကြီး မင်းသိခ်ထံမှ ဝေမျှလာသော ပညာခန်းတစ်ခုသာ ဖြစ်ပါသည်။ ဆရာကြီး၏ တပည့် ဆရာကြီး ဖြိုးဟန်ကျော်ကလည်း ပြန်လည်ရေးသားကာ တင်ပြခဲ့ဖူးလေသည်။ ထိုပညာနှင့် ဆိုင်သည့် အကျိုးအကြောင်းဆက်စပ်မှု သဘောတရားတွေကိုလည်း ကျွန်တော် မသိပါ။ သို့သော် ကျွန်တော် အကြိမ်ကြိမ်သုံးစွဲခဲ့၍ လွန်စွာထိရောက်မှု ရှိလှတာကတော့ ကိုယ်တွေ့ဖြစ်သည်။ ကျွန်တော်က ထိုသို့ ယုံကြည်အားကိုးထိုက်သည့် လောကီပညာတချို့ကိုလည်း ဂိုဏ်းဂဏစွဲမထားဘဲ တရိုတသေ တလေးတစား မှတ်ယူသုံးစွဲဖြစ်တာမျိုးတွေလည်း ရှိပါသည်။ မြင်သမျှ တွေ့သမျှ ပညာတိုင်းကိုတော့ သက်ဝင် ယုံကြည်မှု မရှိပါ။

ယခု ပညာခန်းကိုမူ ကျွန်တော် အမှန်ပင် တန်ဖိုးထားပြီး သုံးစွဲနေဖြစ်ပါသည်။ ထိုဆရာကြီးတွေကိုလည်း အစဉ်ဦးညွှတ် ဂါဝရပြုနေဖြစ်ပါသည်။

**အကြောင်းအမျိုးမျိုးကြောင့် ရရန်ရှိသည့်ငွေ၊ ကိုယ်လက်လွှန်နေသည့်ငွေ ပြန်ရရန် အောက်ပါအတိုင်း စီရင်နိုင်ပါသည်။**

(၁) နို့ဆီဘူးအသစ်တစ်ခုဝယ်ပါ။

(၂) ပန်းကန်ပြားတစ်ချပ်ထဲမှာ နို့ဆီဘူးကို ထောင်ပြီး တင်ပါ။ အောက်မှ ရေအနည်းငယ်မျှ ထည့်ပါ။

(၃) နို့ဆီဘူးအပေါ်မှာ (၂၅ပြားတန်) မတ်စေ့တစ်စေ့ တင်ပါ။

(၄) သစ်ရွက်တစ်ရွက်ရှာပါ။ (သီဟိုဠ်ရွက်၊ သရက်ရွက်၊ ပိန္နဲရွက် စသည်ဖြင့် အဆင်ပြေတဲ့ သစ်ရွက်လှလှကို ရှာပါ။) ပြီးလျှင် ထိုသစ်ရွက်မှာ အဖျားဘက်မှစ၍ အရင်းဘက်သို့ စာရေးပါ။ ဥပမာ - ကိုအောင်ထံမှ ငွေကျပ်သိန်းတစ်ရာ အမြန်ပြန်ရပါစေ (သို့မဟုတ်) ကိုအောင်ထံမှ ရစရာငွေကျပ်သိန်းတစ်ရာ အမြန်ပြန်ရပါစေ စသည်ဖြင့် ကိစ္စအလိုက်ရေးပါ။ သစ်ရွက်၏ အလှဘက်မှာ ဆေးတံ (သို့မဟုတ်) ဘောလ်ပင်၊ ခဲတံ စသည်ဖြင့် ရေးပါ။ ထိုသစ်ရွက်ကို နို့ဆီဘူးမှာ ကပ်လိုက်ပါ။ အပ်ချည်ကြိုးဖြင့် ချည်လိုက်ပါ။ စာကို အပြင်မှ မြင်သာအောင် ထားပါ။

(၅) ပြီးလျှင် ဘုရားခန်းမှာ ဖြစ်စေ၊ (သို့မဟုတ်) ဧည့်ခန်းရှိ သန့်ပြန့်သည့်နေရာတွင် ခုံအမြင့်မှာ ဖြစ်စေ စားပွဲပေါ်မှာ ဖြစ်စေ တင်ပါ။ မတ်စေ့ပေါ်မှာ ဖယောင်းတိုင်တစ်တိုင်ထွန်းပါ။

(၆) သင့်ကို ငွေပေးစရာရှိတဲ့ လူကို ကျန်း... အစစ အဆင်ပြေဖို့ မေတ္တာပို့ပါ။ ကိုယ့်ငွေ... အမြန်ပေးနိုင်ပါစေဟု ဆုတောင်းပါ။ လေး... နက်နက်ပြုလုပ်ပါ။

(၇) မိမိ၏ မွေးနေ့နံနက် (၉ ႏ ၄၅)နာရီမှာ ... ထွန်းပါ။ (ဘုရားမီးပူဇော်တာ မဟုတ်ပါ။ ... ဓာတ်ဆင်တာ။ မီးထွန်းပြီး ဆုတောင်း... သက်သက်ပဲဖြစ်သည်။ တစ်ဖက်လူ ဒုက္ခရော... အောင် လုပ်တာမျိုး လုံးဝမဟုတ်ပါ။ သူလည်း... အစစအဆင်ပြေပြီး ကိုယ့်ကို ပေးစရာရှိသည့်... ပေးနိုင်အောင် ဆုတောင်းတာပဲ ဖြစ်ပါသည်။ လိပ်ပြာသန့်စွာ ဆောင်ရွက်နိုင်ပါသည်။ သူတစ်... ကို ထိခိုက်စေသည့် ပညာမျိုးတွေကို ကျွန်တော်... ဘယ်တော့မှ မသုံးစွဲပါ။ တတ်ကျွမ်းခြင်းလည်း... မရှိပါ။ သင်ယူခဲ့ခြင်းလည်း မရှိပါ။ ထိုအချက်... သည်လည်း ကျွန်တော့်ဘဝ၏ သစ္စာတစ်ခု... ဖြစ်ပါသည်။)

(၈) ထိုသို့ ၇ရက်တိတိ နေ့စဉ်ထွန်းပြီ မေတ္တာပို့... ဆုတောင်းပါ။ ထိုရက်တွေမှာ ကုသိုလ်ရေး... ကို ပိုပြီးဖြည့်ဆည်းပေးပါလေ။

(၉) ၇ရက်ပြည့်က နို့ဆီဘူးကို အလှူခံ ပုဂ္ဂိုလ်... တစ်ဦးဦးအား ပေးလှူလိုက်ပါ။ (ဥပမာ - ဘုန်း... သီလရှင်အား ဖြစ်စေ၊ ရဟန်းသံဃာအား ဖြစ်... စသည်ဖြင့် တရိုတသေလှူနိုင်ပါသည်။)

ထိုရက်ပိုင်းအတွင်းမှာပဲ ငွေကိစ္စ အဆင်ပြေသွားနိုင်... သတည်း။

အားလုံးသတ္တဝါ ချမ်းသာပါစေ...

* * *

သက်နှင်းဆွေ(ဗုဒ္ဓ...)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မည်းလိုက်သည့် ည။

အလင်းဖြာဖို့ နေနေသာသာ ကြယ်ပျောက်၊ လပျောက် ည။

ထိုသို့ တိမ်မည်းဆိုးသော ညတွင်မှ ကျွန်တော် ရေချိုးနောက်ကျသဖြင့် အလုပ်သို့ သွားရန် နောက်ကျခဲ့သည်။ ညနေက ကျွန်တော် လက်ဖက်ရည်ဆိုင်သွားထိုင်ပြီး သူငယ်ချင်းတစ်စုနှင့် စကားကောင်းနေခဲ့သဖြင့် ထိုသို့ ရေချိုးနောက်ကျသွားခြင်းဖြစ်၏။ ရေချိုးတာနောက်ကျလေတော့ ပြင်တာဆင်တာ စားတာသောက်တာ အားလုံးနောက်ကျကုန်ပြီပေါ့။ သို့နှင့် ဖယ်ရီစီးရန် ကားဂိတ်သို့ အပြေးထွက်လာခဲ့ရတော့၏။ ဖယ်ရီကားကို ကျွန်တော် မီမှမီပါ့မလား။

ကျွန်တော်က HEINE စီးကရက်စက်ရုံတွင် စာရေးတာဝန်ကို လစာနည်းနည်းနှင့် လုပ်ကိုင်နေသူတစ်ဦးဖြစ်သည်။ ကျွန်တော့်လို လစာနည်းပါးသူအဖို့ စက်ရုံက ဖယ်ရီကား စီစဉ်ပေးထားသောကြောင့်သာ ကားခအပိုငွေမကုန်တော့၍ အသက်ရှူချောင်မှုမျိုးရှိသည်ဖို့ ဖယ်ရီကားကို မီမှဖြစ်မည်။ ဖယ်ရီမမီလျှင် လစာထဲမှ ကားခ အပိုသတ်သတ် ထပ်ကုန်နေရဦးမည်။ ထို့ကြောင့်လည်း အိမ်နှင့် အတော်လှမ်းလှမ်းတွင် ရှိသည့် ကားဂိတ်ဆီသို့ ကျွန်တော် အရောသောပါး ပြေးလာခဲ့ရ၏။

ကျွန်တော် ကားဂိတ်ဆီသို့ ရောက်တော့ ခုနစ်နာရီထိုးပြီးလို့ ဆယ့်ငါးမိနစ်ခန့်ပင် စွန်းလျက်ရှိပြီမို့ စိုးရိမ်ပူပန်သွားမိသည်။ ကျွန်တော် ကားမှ မီပါတော့မလား။ ဖယ်ရီက ကားဂိတ်၌ ကျွန်တော့်ကို မမြင်၍ ထားရစ်ထွက်ခွာသွားလေပြီလား။ အတွေးမျိုးစုံက ခေါင်းထဲတွင် ထကြွ ရှုပ်ယှက်သားနှင့် ကျွန်တော် ကားမှတ်တိုင် ခုံတန်းလေးတွင် ဝင်ထိုင်လိုက်သည်။

ညသည် စောစောက ကျွန်တော်ပြောခဲ့သလိုပင် မှောင်မိုက်မှုတို့ကို ထွေးပွေ့ထားလျက်ရှိသည်။ ကျွန်တော်လည်တဆန့်ဆန့်နှင့် ဖယ်ရီကားကို မျှော်လျက်ရှိစဉ် ဖယ်ရီမဟုတ်သော လိုင်းကားပေါင်းစုံက လမ်းမထက်မှ တဝီဝီနှင့် လျင်မြန်စွာ ဖြတ်သန်း မောင်းနှင်သွားကြသည်။ ကားတွေကလည်း အရှိန်ပြင်းလိုက်တာ။ ညဉ့်နက်ချိန် မှောင်မှောင်မည်းမည်းတွင် ထိုသို့ မိုင်များများမောင်းနှင်နေလျှင် ကားလမ်းမဘေး၌ စက်ဘီးစီး၊ ဆိုင်ကယ်စီးနေသူများအတွက် အန္တရာယ်များလှချည်ဟု ကျွန်တော် တွေးလိုက်မိသည်။ ကားစောင့်နေချိန်ဆိုတော့လည်း အတွေးတွေက အမျိုးမျိုးပေါ့။

ကျွန်တော်စောင့်နေတာ ၁၅မိနစ်လောက် ရှိပြီ။ မြို့ထဲက AGD ဘဏ်မှာ အလုပ်လုပ်နေတဲ့ ကျွန်တော့်အိမ်နားက ကောင်မလေးနှစ်ယောက်တောင် ပြန်ရောက်လာကြလို့ ကျွန်တော့်ကိုတောင် စောင်းငဲ့ကြည့်သွားကြသေးသည်။ ဟုတ်တာပဲ။ အရင်နေ့တွေဆို သူတို့ ကျွန်တော့်ကို ဒီအချိန်ဆို ဒီနေရာမှာ မတွေ့ကြရတော့ဘူးလေ။ သေချာပါသည်။ ကျွန်တော့်ကို ဖယ်ရီကား ချန်ရစ်ထားခဲ့ပါပြီ။

ထိုအတွေးနှင့် ကျွန်တော် ငေးငိုင်သွားရသည်။ ကျွန်တော် လိုင်းကားစီးရတော့မည်။ အပိုငွေကုန်တော့မည်။ ဤလတွင် ကျွန်တော့်ညီမလေးနှင့် ညီလေးတို့ရဲ့ ကျူရှင်လခတွေက တစ်သောင်းစီ တိုးလာတော့မည်။ တစ်

မိသားစုလုံးရဲ့ တာဝန်တွေက ကျွန်တော်
အပေါ်မှာဆိုတော့ ညနေက သူငယ်ချင်း
တွေ အတင်းခေါ်လို့ လက်ဖက်ရည်
ဆိုင် သွားထိုင်မိသည်ကိုပင် နောင်တ
ရလာမိသည်။ ကျွန်တော်သာ လက်ဖက်
ရည်ဆိုင် သွားမထိုင်ဖြစ်လျှင် ကား
နောက်ကျလိမ့်မည်မဟုတ်။ ယခုများ
တော့…။

ထိုစဉ် ဖယ်ရီကားသည်
ကျွန်တော့်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်
ရောက်ရှိ ရပ်တန့်သွားသည်။ ကျွန်တော်
လည်း အံ့ဩဝမ်းသာစွာနှင့် ကားပေါ်
သို့ အသည်းအသန်ပြေးတက်လိုက်
ရင်း…

"တော်သေးတာပေါ့ဗျာ၊ ကျွန်
တော်က ဒီနေ့ နောက်ကျမှ ထွက်လာ
မိလို့ ကျန်ရစ်ခဲ့ပြီတောင် ထင်နေတာ။
ဖယ်ရီကားက တော်တော်နောက်ကျ
တာပဲ။ ကျွန်တော့်အတွက်တော့ ကွက်
တိဖြစ်သွားတာပေါ့ဗျာ"

ထိုစကားကို ကျွန်တော် ထိုင်ခုံ
တစ်လုံးတွင် ဝင်ထိုင်ရင်း ခပ်ကျယ်
ကျယ် အော်ပြောလိုက်ခြင်းဖြစ်သည်။
ကားပေါ်က လူတော်တော်များများက
ကျွန်တော့်ရဲ့ မိတ်ဆွေအပေါင်းအသင်း
ခင်မင်သူတွေဆိုတော့ ကျွန်တော့်ဆီက
ထိုစကားမျိုး ကြားသည်နှင့်…

"ကျန်ခဲ့လည်း ကောင်းတာပဲ
မင်းက လိပ်လို နှေးတာကိုးကွ"

ဟူ၍ ကိုသီဟဦးက အရွှန်း
ဖောက်တတ်သလို၊ အပျိုကြီး ဒေါ်မြ
မြင့်မာလာကလည်း …

"တော်သေးတာပေါ့ဟယ်။ ကျန်
ခဲ့ရင် သောင်းထိုက်က မထူးတော့ခင်
ပြီး အော်ဒါလိုက်သွားရင် ခုကွ"

ဟူ၍ နောက်ပြောင်မည်သာ
ချည်။ သူတို့ ဘာပြောပြော ကျွန်တော်
က စိတ်မဆိုးတတ်။ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ခင်လို့မင်လို့ ကျီစယ်ကြမှန်း နားလည်ပြီးသား။ သို့ပေမယ့် ခုများတော့ ကျွန်တော့်စကားဆုံးသွားချိန်အထိ နောက်ပြောင်ကျီစယ်သံသဲ့သဲ့ပင် ထွက်မလာ။ ဘာဖြစ်လို့ပါလိမ့်။ ကိုသီဟဦးတို့၊ ဒေါ်မြင့်မြင့်မာလာတို့ ပါမလာကြဘူးလား။ ဖယ်ရီကား နောက်ကျသည့်အကြောင်း လိုင်းကားစီးပြီး သွားနှင့်ကြပြီလား။ ကျွန်တော် နောက်ခုံတွေဆီသို့ လှည့်ကြည့်လိုက်မိ၏။

"ဟင်…"

ကားပေါ်က လူတွေအားလုံး ခေါင်းငိုက်စိုက်နှင့်။ ကျွန်တော်တို့ ဖယ်ရီက ဘီအမ်ကားကြီးဖြစ်၍ တစ်ယောက် တစ်ခုံစီ၊ တစ်နေရာစီ ထိုင်နေကြရပေမယ့် တစ်ယောက်နှင့်တစ်ယောက် စ,စရာ နောက်စရာရှိလျှင် အော်ဟစ် နောက်ပြောင်ကြစမြဲ။ ယခုများတော့ အားလုံးက ခေါင်းငိုက်စိုက်နှင့် ငြိမ်သက်နေကြသဖြင့် ကျွန်တော် နှာသက် အုံ့သြသွားခဲ့ရသည်။

"ဟော့လူတွေ ဘာဖြစ်နေကြတာလဲ။ ကိုသီဟ…ခင်ဗျား နေ့လယ်က မိန်းမ နှိပ်စက်လို့ မအိပ်ခဲ့ရဘူးလား"

ခပ်လှမ်းလှမ်းခုံတွင် ထိုင်နေသော ကိုသီဟဦးကို တွေ့လိုက်၍ ကျွန်တော် လှမ်းခေါ်နောက်လိုက်သည်။ ထိုသို့ ကျီစားလိုက်တော့မှ ကိုသီဟဦး တစ်ယောက် ခေါင်းထောင်လာလေသည်။ သို့ပေမယ့် ရွှင်ရွှင်ပြုံးပြုံး မျက်နှာမျိုးနှင့်တော့ မဟုတ်။ ပြူးကြောင်ကြောင် မျက်လုံးအဝိုင်းသားနှင့် မှုန်ဆေတေ မျက်နှာသေကြီးကို တွေ့လိုက်ရသဖြင့် ကျွန်တော် ဆက်လက် နောက်ပြောင်ဖို့ကို တွန့်ဆုတ်သွားတာကြောင့် ပါးစပ်ပိတ်လျက် ရှေ့သို့ ပြန်လှည့်နေလိုက်သည်။

ဘယ်လိုတွေပါလိမ့်။ ကျွန်တော့်

"

ယနေ့ည ဖယ်ရီကား
စီးနေရပုံမှာ ယခင်နေ့များနှင့်
အကွာကြီး ကွာခြားနေရုံသာမက၊
အသံဗလံတွေ
လုံးဝတိတ်ဆိတ်နေပုံကလည်း
ကျွန်တော့်အတွေးကို
ပိုလို့ပင် အားဖြည့်ပေးလျက်ရှိ၏။
ဘာလဲ၊ ကျွန်တော်တို့
ဖယ်ရီကားကြီးကို
အပမှီသွားပြီလား။ အဓိပ္ပာယ်မရှိတဲ့
အတွေးပေါင်းစုံက
ကျွန်တော့်ခေါင်းထဲမှာ တရစပ်

"

စိတ်ထဲ ဖယ်ရီကားတစ်စီးလုံး ကြောက်စရာအတိဖြင့် ပြည့်နှက်နေသလို ခံစားလာမိသည်။ ယနေ့ည ဖယ်ရီကား စီးနေရပုံမှာ ယခင်နေ့များနှင့် အကွာကြီး ကွာခြားနေရုံသာမက၊ အသံဗလံတွေ လုံးဝ တိတ်ဆိတ်နေပုံကလည်း ကျွန်တော့်အတွေးကို ပိုလို့ပင် အားဖြည့်ပေးလျက်ရှိ၏။ ဘာလဲ၊ ကျွန်တော်တို့ ဖယ်ရီကားကြီးကို အပမှီသွားပြီလား။ အဓိပ္ပာယ်မရှိတဲ့ အတွေးပေါင်းစုံက ကျွန်တော့်ခေါင်းထဲမှာ တရစပ်။

"ဟာ… ဟော့လူ ရှေ့မှာ ကားကြီး…ကုန်တင်ကားကြီး၊ တိုက်မိတော့မယ်၊ ရှောင်လေ…ရှောင်"

ဝေဒဝါဝါအတွေးများဖြင့် ကားရှေ့ခဆီသို့ ကြည့်လိုက်မိခိုက် တစ်ဖက်ယာဉ်ကြောဆီမှ မဆင်မခြင် မောင်းနှင်လာသော ကုန်တင်ကားကြီးတစ်စီးကို ရုတ်တရက် တွေ့လိုက်ရ၍ ကျွန်တော် ဒရိုင်ဘာကြားအောင် အုံ့သည်းအသန် အော်လိုက်မိ၏။ ကားကြီးက အရှိန်ပြင်းစွာနှင့် ကျွန်တော်တို့ ဖယ်ရီကားဆီသို့ တစ်ရှိန်ထိုးတိုးဝင်လာပြီ။ ဘုရား… ဘုရား…ကားကြီးနှစ်စီး အရှိန်ပြင်းစွာနှင့် တိုက်မိကြတော့မည်။ သေရမည်ကို ထိတ်လန့် ကြောက်ရွံ့လွန်းလို့ ကျွန်တော့်မှာ သွေးပျက်ကာ တုန်ယင်နေရသလောက်၊ တစ်ကားလုံးကတော့ ထိုအဖြစ်အပျက်ကို တစိုးတစိမျှ မသိရှိသည့်အလား အော်သံ ငိုသံသဲ့သဲ့ပင် မကြားရ။ သို့ကြောင့် ကျွန်တော် အနောက်ဘက်က လူတွေကို စောင်းငဲ့ကြည့်လိုက်မိရာ…

"အား…"

အေးစက် အသက်မဲ့တဲ့ မျက်ဝန်းများစွာက ကျွန်တော့်မျက်နှာဆီသို့ စုပုံရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရသဖြင့် ကျွန်တော်ရဲ့ ကြောက်လန့်ချောက်ချားစိတ်က အထွဋ်အထိပ်သို့ ရောက်ရှိသွားတာကြောင့် သတိလက်လွတ် အော်ဟစ်လိုက်မိပါတော့သည်။

♦♦♦

"ဟော့…သူငယ်၊ ဟော့…"

မျက်လုံးတွေကို မှိတ်ပြီး ထိတ်လန့်တကြား အော်ဟစ်နေမိခိုက် ကျွန်တော့်ပခုံးတွေကို ခပ်ကြမ်းကြမ်း လှုပ်ရမ်းလိုက်ခြင်းကြောင့် ကျွန်တော် မျက်လုံးတွေကို အသာအယာဖွင့်ကြည့်မိတော့…

"ဟင်…ဘယ်…ဘယ်လိုဖြစ်တာလဲ"

"အဲဒီကားက ဦးလေး မေးရမှာပါ ငါ့တူရယ်။ ဘယ့်နှယ့်လုပ်ပြီး ကားဂိတ်မှာ အိပ်ပျော်နေရတာလဲ"

"ဩ…ကျွန်တော် မှာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သွားတာလား။ အမလေးဗျာ၊ ဒါဆို အိပ်မက်မက်နေတာပေါ့။ အမလေးလေး…တော်ပါသေးရဲ့"

"ကဲ - တော်ပါသေးရဲ့ လုပ်မနေနဲ့တော့။ အိမ်လေးဘာလေးပြန်တော့။ ကားဂိတ်မှာ အိပ်မနေနဲ့"

ထိုအခါမှ ကျွန်တော် စိတ်လက်ပေါ့ပါးစွာနှင့် အိမ်သို့ ခပ်သုတ်သုတ်ပြန်လာခဲ့သည်။ အဖြစ်အပျက်တွေကို အသေအချာ ပြန်စဉ်းစားကြည့်မှပဲ အကြောင်းအရာတွေက ခပ်ရေးရေးပေါ်လာသည်။ ကောင်မလေးနှစ်ယောက်ပြန်သွားသည်ကို ငေးကြည့်နေရာမှ ကျွန်တော့်မျက်လုံးတွေ မှေးစင်းလာပြီး ကားဂိတ်တွင် ငုတ်တုတ်အိပ်ပျော်သွားကာ ဖယ်ရီကို စိတ်စွဲလျက် အိပ်မက်တွေ မြင်မက်နေမိခြင်းဖြစ်သည်။ အိပ်ပျော်သွားတော့လည်း တစ်ချိုးတည်းပဲ။ မနက်တောင် မိုးစင်စင်လင်းနေပြီ။

အိမ်သို့ရောက်တော့ မေမေနှင့် ညီမလေးတွေက ကျွန်တော့်ကို တအံ့တသြ ဝိုင်းကြည့်ကြသည်။ ပုံစံတွေက တကယ့်ကို တစ္ဆေသရဲကို တွေ့လိုက်ရသလို။

"သား…မင်း…မင်းပြန်လာတယ်"

"အစ်… အစ်ကိုကြီး လူပါနော်"

"ဗျာ၊ အာ…အမေကလည်း ကျွန်တော်က ပြန်မလာလို့ ဘယ်သွားရမှာလဲ။ ဟိတ်…ကောင်မလေး၊ ငါက လူမဟုတ်လို့ နတ်ဖြစ်ရဦးမှာလား။ လူပေါ့ဟ"

"ဟယ်…အမလေး…သားလေးရဲ့ တော်သေးတာပေါ့။ မသေကောင်း မပျောက်ကောင်းကွယ်၊ ဘယ်လိုဖြစ်ရတာလဲ"

"တော်သေးတာပေါ့ ကိုကြီးရယ်၊ ညီမလေးတို့မှာ ငိုလိုက်ရတာ"

အမေနှင့် ညီမတွေက ကျွန်တော့်ကို ပြေးဖက်ကာ ငိုကြသည်။ ကျွန်တော့်မှာ ယောင်လည်လည်ရယ်။ ဘာတွေ ဖြစ်ခဲ့လို့ပါလိမ့်။

"ပြောပါဦး သားရယ်၊ ဘယ်လိုလုပ်ပြီး သားကြီးက အသက်ရှင် ကျန်ရဲ့တင်မက၊ ဒဏ်ရာတောင် မရခဲ့တာလဲ"

"ဘာကို ဒဏ်ရာမရတာလဲ အမေရဲ့ ကျွန်တော်က ဘာဖြစ်ရမှာလဲ"

"ဩော်…စောစောကတင် ဖုန်းဆက်တယ်။ ညက သားတို့ ဖယ်ရီကား မြို့အစပ်က ချောက်နားမှာ ကုန်တင်ကားကြီးတစ်စီးနဲ့ တိုက်မိလို့ ချောက်ထဲ ကျသွားတယ်တဲ့။ အခုထက်ထိ ဆယ်လို့ မရသေးဘူးဆိုတာပဲ။ အမေ့မှာ ကြားကြားချင်း ရင်ထဲကို ဆို့သွား



တာပဲ သားရယ်၊ တော်သေးတာပေ
အမေ့သားလေး မသေလို့"

"ဗျာ…"

မေမေ့စကားအဆုံး၌ ကျွန်တော်
အံ့ဩလွန်းလို့ မယုံနိုင်အောင်ဖြစ်သွား
ခဲ့ရသည်။ ကျွန်တော် အိပ်မက်မက်ခဲ့
သည့်အတိုင်း ညက အမှန်တကယ်ဖြ
ဖြစ်ပျက်ခဲ့သည်တဲ့။ ဤသို့ဆိုလျှင်
ကျွန်တော့်အိပ်မက်သည် သဘာဝ
အလျောက် မြင်မက်သော အိပ်မက်
ရိုးရိုးမှ ဟုတ်ပါရဲ့လား။ သေဆုံးသူ
မိတ်ဆွေတစ်သိုက်က ယနေ့ညတွင်
ထူးထူးခြားခြား ဖယ်ရီကားနောက်ကျ
ပြီး အသက်ရှင် ကျန်ရစ်ခဲ့သူ ကျွန်
တော်သိအောင် အိပ်မက်ကတစ်ဆင့်
သူတို့ရဲ့ အဖြစ်အပျက်တွေကို ရင်ဖွင့်
ပြောပြခဲ့ခြင်းပဲလား။ ထိုသို့ နက်နဲသော
သဘာဝလွန်ဖြစ်ရပ်မျိုးပဲလား ဆိုသည်
ကိုတော့ ကျွန်တော် တိတိကျကျ မသိ
နိုင်တော့ပါ။ ဘာပဲပြောပြော ယခုကဲ့သို့
ကျွန်တော် အသက်ရှင် ကျန်ရစ်ခဲ့ခြင်း
မှာ မိခင်နှင့် မောင်နှမများအပေါ်
သိတတ်လိမ္မာစွာ လုပ်ကိုင်ကျွေးမွေးနေ
သော အကျိုးကျေးဇူးများပင် ဖြစ်ပါလိမ့်
မည်။

ဘဝ၌ တစ်ခါတစ်ရံတွင် ထိုသို့
ရှုပ်ထွေးပွေလီသော ဖြစ်ရပ်ဆန်းမျိုးကို
ကြုံတောင့်ကြုံခဲ ရင်ဆိုင်တွေ့ဆုံတတ်
ကြသည်။ ထိုကြုံခဲ့သော အဖြစ်
အပျက်မျိုးကို ရင်ဆိုင် ခံစားခဲ့ဖူးပြီ
ဆိုလျှင်လည်း ထိုအဖြစ်အပျက်သည်
ထိုကြုံဖူးသူ၏ နှလုံးအိမ်ထဲတွင်
ထာဝရကိန်းအောင်း တည်ရှိသွားမည်
သာ ဖြစ်ပါတော့သည်။

စေတနာရှေ့ထားလျှ

* * *

ဂါဦး



www.burmeseclassic.com

www.burmeseclassic.com



# တနင်္ဂနွေဂြိုဟ် မိဿရာသီပြောင်း ကောင်းကင်ရာသီခွင် ဇာတာခန့်မှန်းဟောကိန်း

ဓေတ္တရာ ဆရာကျော်

### နိဒါန်း


ကျွန်ုပ်အနေဖြင့် လူတို့၏ ဇာတာကိုသာ တွက်ချက် ဟောကိန်းထုတ်ပေးသူ ဖြစ်ပါတယ်။ သို့သော်လည်း ဂန္တီရ ဆန်းကြယ်မဂ္ဂဇင်း အယ်ဒီတာချုပ်ရဲ့ တောင်းဆိုမှုကြောင့် ဤစာမှုကို ရေးပြုပေးလိုက်ရကြောင်းပါ။

တကယ်တမ်းတွင် ဗေဒင်ပညာ၌ ကမ္ဘာ့တိုင်းနိုင်ငံများ၊ မြို့ရွာဒေသများ၊ လူများတို့၏ အခြေအနေများကို ကောင်းကင် ဇာတာခွင်၊ နက္ခတ်၊ ဂြိုဟ်၊ တာရာများ၏ အရှိန်အဝါကို ထောက်၍ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခန့်မှန်း ဝေဖန်အကြံပေးနိုင်ကြပါတယ်။ မိမိတို့လေ့လာရာ ဒေမြင် ရှုထောင့်မှ ဟောကိန်းဆင်နိုင်ကြပါတယ်။ သို့သော်လည်း လောကီပညာသာဖြစ်တာကြောင့် မှန်သည်လည်း ရှိ၊ မမှန်သည်လည်း ရှိနေပါမယ်။

ဗေဒင်ပညာရှင်သည်လည်း ပြည်သူတစ်ဦးသာဖြစ်တာကြောင့် ကိုယ်နိုင်ငံ၊ ကိုယ့်လူမျိုး ကြီးပွားတိုးတက် အေးချမ်းသာယာ စည်းလုံးညီညွတ်နေမှုကိုသာ မြင်လို၊ တွေ့လို၊ ဖြစ်လိုကြပါမယ်။ ဇာတာတစ်ခု၌ အမြဲတမ်း အကုန်အစင် ကောင်းနေမယ့် ဇာတာဆိုတာ မရှိနိုင်ပါ။ ထို့ကြောင့် မိဿရာသီပြောင်း ကောင်းကင်ဇာတာခွင်ကို ဟောကိန်းဆင်ရာ၌လည်း အကောင်းနဲ့ အဆိုးကို တွေ့မြင်ရမှာပါပဲ။ အရေးကြီးတာကတော့ အညံ့တွေကို ပျောက်ကင်းအောင်၊ သက်သာရာရအောင် စွမ်းဆောင်ကာကွယ်ကြဖို့နဲ့ အကောင်းတွေကို တကယ်တမ်း ကောင်းအောင်၊ ပိုမိုကောင်းအောင် စွမ်းဆောင် နိုင်ကြဖို့သာ ဖြစ်ပါတယ်။

### သုံးသပ်ချက်

အောက်ပါ ဇာတာခွင်များဟာ တနင်္ဂနွေဂြိုဟ်ပြောင်း ဝင်လာချိန် အခိုက်အတန့်ကို ကောင်းကင်ရာသီ စက်ဇာတာ ပြုလုပ်ထားခြင်း ဖြစ်ပါတယ်။ လွတ်လပ်ရေးဇာတာသည်လည်း ပဓာနကျသောကြောင့် ထည့်သွင်း စဉ်းစားရပါမယ်။ ထို့အပြင် ကောင်းကင် ၁၂ရာသီစက်ကို ကောဇာဂြိုဟ်များ ဖြတ်ကျော်သွားလာမှုကိုလည်း သုံးသပ်ရပါမယ်။ အသေးစိတ်ဆိုရင်တော့ တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်နေမည့် လပြည့်လကွယ်ဇာတာများ၊ နေကြတ် လကြတ်ဇာတာများ၊ ဂြိုဟ်ကြီးများ ပူးယှဉ်မှု စသည်များကိုပါ ထည့်သွင်းစဉ်းစားရပါတယ်။




(မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ပြောင်းဇာတာ)




www.burmeseclassic.com

အောက်ပါ ဇာတာဟာ လွှတ်လပ်ရေးဇာတာဖြစ်ပါ တယ်။




အောက်ပါ ဇာတာကတော့ ၂၆-၄-၂၀၁၃၊ မနက် ၂နာရီ ၉မိနစ်ခန့်၏ လကြွတ်ဇာတာနှင့် ၁၀-၅-၂၀၁၃၊ မနက် ၃နာရီ ၅၄မိနစ်၏ နေကြွတ်ဇာတာဖြစ်ပါတယ်။

တကယ်တမ်း ထပ်မံဖြည့်စွက်ရန် လိုအပ်သည်မှာ




မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ပြောင်းဝင်ချိန် အခိုက်အတန့်




ကို ကောင်းကင်ရာသီစက် ပြုလုပ်သလို၊ ကရကဋ်၊ တူ မကာရ ရာသီများသို့ တနင်္ဂနွေဂြိုဟ်ပြောင်းဝင်လာချိန် အခိုက်အတန့်ကိုလည်း ကောင်းကင်ရာသီခွင်ပြုလုပ်၍ အသေးစိတ် စစ်ဆေးနိုင်ရပါမည်။

ယခုမူ ကျွန်ုပ်အနေဖြင့် ပဓာနအခြေခံမှုဖြစ်သော တနင်္ဂနွေဂြိုဟ် မိဿရာသီပြောင်းဇာတာ၊ လွတ်လပ်ရေး ဇာတာ၊ နေကြွတ်၊ လကြွတ်ဇာတာများကို အခြေခံ၍ သုံးသပ်ခန့်မှန်းပေးရပါတယ်။

နက္ခတ်ဗေဒင်ပညာတွင် တနင်္ဂနွေဂြိုဟ် မိဿရာသီ ဦးစအမတ်၊ အဿဝဏီနက္ခတ် ပထမပါဒ်အပေါ် ရောက်ရှိ စီးနင်းချိန်ကို သာဝနမာန နှစ်တစ်နှစ်တာကာလ၏ အစအဖြစ် သတ်မှတ်ပြီး မိန်ရာသီအဆုံး ရေဝတီနက္ခတ် စတုတ္ထပါဒ် အဆုံးအပေါ် ရောက်ရှိ စီးနင်းချိန်ကို နှစ်အဆုံးလို့ သတ်မှတ် ပါတယ်။

ဒါကြောင့် ပညာရပ်တွင် ထိုနှစ်ကို လွှမ်းမိုးပြုပြင်သော နှစ်အရှင်ဂြိုဟ်၊ လအရှင်ဂြိုဟ်၊ နေ့အရှင်ဂြိုဟ်ကို ရှာဖွေပြီး အားကိုးစစ်ရပါတယ်။ ပြီးမှ ထိုနှစ်ကာလရဲ့ ကောင်းမှု ဆိုးမှု ကို ယေဘုယျ ဝေဖန် ခန့်မှန်းရပါတယ်။ တကယ်တမ်း လေ့လာမှတ်သားမှုအရ ရာသီဆယ့်နှစ်ပါးအတွင်းသို့ သင်္ကြန် ခေါ် တနင်္ဂနွေဂြိုဟ်ကူးပြောင်းခြင်းဟာ ပဓာနကျနေပါတယ်။ တပေါင်းလကွယ်နေ့ တိထိကုန်ဆုံးပြီး တန်ခူးလဆန်း တစ်ရက်နေ့(ပရတိပဒါ) ပထမတိထိ စတင်ချိန် ကျရောက် သော နေ့အရှင်ဂြိုဟ်ဟာ ထိုနှစ်ရဲ့ အရှင်(ဝဿပတိ)မင်း သမ္မတ ဥက္ကဋ္ဌဂြိုဟ်သာ ဖြစ်ပါတယ်။

တွက်ချက်မှုများအရ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် နှောင်းတန်ခူးလဆန်း ၄ရက်(၁၄-၄-၂၀၁၃) တနင်္ဂနွေနေ့ မနက် ၄နာရီ ၆မိနစ် ၂စက္ကန့်တွင် မဟာသင်္ကြန်ကျရောက် သည်ဖြစ်ရာ မိဿရာသီခွင် တနင်္ဂနွေဂြိုဟ်ဝင်အခိုက်ဇာတာ ကို ရပြီဖြစ်ပါတယ်။

မြန်မာသက္ကရာဇ် ၁၃၇၅ ၏ အရှင်သခင်ဂြိုဟ်များက တော့…

(၁) ဝဿပတိ(ဣက္ကရာဇ်)ဂြိုဟ်မှာ ဗုဒ္ဓဟူး။

(၂) သေနာပတိ (ကာကွယ်ရေး)ဂြိုဟ်မှာ တနင်္ဂနွေ

(၃) နီရဿပတိ (ဓာတ်သတ္တု)ဂြိုဟ်မှာ အင်္ဂါတို့ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ မိဿရာသီကူးအစ (၁၄-၄-၂၀၁၃)မှ ၁၂ရက်အကြာတွင် လကြွတ်ပြီး နောက်ပတ် အကြာတွင် နေကြွတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးဇာတာရဲ့ မဟာထူလဒသာကြီးမှာတော့ (၁၃-၃-၂၀၀၇)မှ စကာ (၁၃-၃-၂၀၂၄)ထိ ဗုဒ္ဓဟူး ဒသာကြီးအတွင်း ရှိနေတာ တွေ့ရပါတယ်။

အရေးပါတဲ့ မိဿရာသီပြောင်း တနင်္ဂနွေဂြိုဟ်ရဲ့ ဇာတာမှာတော့ ကုမ်လက်ဖြစ်ပါတယ်။ ထီရှ လေရာသီပိုင်ဖြစ်ပါတယ်။ ၅တန့်/၈တန့် သခင်ဂြိုဟ် ၂တန့်မှာ ရှိပါတယ်။ ၃တန့်မှာ ၇တန့်သခင် တနင်္ဂနွေ(ဥစ်ရာသီ)၊ အင်္ဂါ(ကာသစ်အိမ်) (၃တန့်/၁၀တန့်သခင်)၊ ၄တန့် ၉တန့်သခင် သောကြာနဲ့ ကိတ်ဂြိုဟ်ရှိပါတယ်။ ၄တန့်မှာတော့ ၆တန့်သခင် တနင်္လာ (ဥစ်)၊ ၂တန့် ၁၁တန့်သခင် ကြာသပတေးတို့ ရှိပါတယ်။ ၉တန့် တူရာသီထဲမှာတော့ ရာဟုနဲ့ စနေဂြိုဟ်တို့ ရှိနေပါတယ်။

ဖော်ပြပါ သုံးသပ်ချက်များအရ ခန့်မှန်းဟောကိန်းထွက်လာပါတယ်။

## ဆုံးဖြတ်ချက်

အထက်ဖော်ပြပါ ဇာတာခွင်များကို သုံးသပ်မှုအရ အဆင့်ဆင့် ဆုံးဖြတ်ချက် ဟောကိန်းများကို တင်ပြပေးပါမယ်။

**(၁) လွတ်လပ်ရေးဇာတာမှ ထူလဒသာကြီး ခန့်မှန်းချက်**

၁၃-၃-၂၀၂၄ ထိအတွင်း ဗုဒ္ဓဟူး ထူလဒသာစားရာ ထိုကာလအတွင်း ကောင်းသော အပြောင်းအလဲများစွာဖြစ်မည်။ ဗုဒ္ဓဟူးသည် ပုံနှိပ်၊ ထုတ်ဝေ၊ အသိဉာဏ်၊ မီဒီယာကို ဖော်ညွှန်းသဖြင့် ၎င်းနှင့် ဆက်စပ်ရာများ ပြောင်းလဲအောင်မြင်ဖြစ်ထွန်းမည်။ ဥပဒေသစ်များ စာပေ၊ မီဒီယာလမ်းကြောင်းများ ခေတ်မီလာမည်။ အသိဉာဏ်တိုးတက်မည်။ လွတ်လပ်ရေးဇာတာ၌ ဗုဒ္ဓဟူးသည် ၂တန့်တွင် ရှိသောကြောင့် တိုးတက်လာသော အသိဉာဏ်ကြောင့်ပင် ဘဏ္ဍာရေး ပိုမိုတောင့်တင်းလာမည်။ ၂တန့်သည် ဝင်ငွေကို ဖော်ပြ၍ ဗုဒ္ဓဟူးသည် ၁၁တန့်သခင်ဂြိုဟ်ဖြစ်သောကြောင့် အကျိုးအမြတ်ရရှိရေးကို ဖော်ညွှန်းလေရာ ၂တန့်၊ ၁၁တန့် ဆက်သွယ်မှုကြောင့် စီးပွားရေးနှင့် တိုင်းပြည် ဝင်ငွေရရှိရေးမှာ သိသိသာသာ ပြည့်ဝလာပေလိမ့်မည်။ အကူအညီ အထောက်အပံ့များ ရရုံသာမက၊ ရင်းနှီးမြှုပ်နှံမှုများမှ ဝင်ငွေကောင်းမည်။ တစ်ဖန် ၂တန့်တွင် တနင်္ဂနွေဂြိုဟ်ပါရှိ၍ ဗုဒ္ဓဟူးနှင့် တစ်ရာသီထဲတွင် ရှိပါတယ်။ တနင်္ဂနွေဟာ ၁၀တန့်သခင်ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာတက်လာမယ့် ကာလလည်း ဖြစ်ပါတယ်။ ၂တန့်၊ ၁၁တန့်၊ ၁၀တန့် ဆက်သွယ်မှုဖြစ်နေတာ တွေ့ရပါတယ်။ တိုင်းပြည်မှာ လုပ်ငန်းရှင်ကြီးတွေ ပေါ်လာပါမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြောင့် လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်း အောင်မြင်မှုများကြောင့် လည်းကောင်း ဝင်ငွေကောင်းများ ရလာပြီး ဘဏ္ဍာရေး ပြည့်ဝလာပါမယ်။ အထောက်အပံ့ကောင်းတွေ ရလာပါမယ်။ ဒါကတော့ ထူလ ဗုဒ္ဓဟူးဒသာအရ ယေဘုယျဖြစ်ပါတယ်။

**(၂) လွတ်လပ်ရေးဇာတာမှ အန္တရဒသာအရ ခန့်မှန်းချက်**

၂၀၁၃၊ ဇွန်လ ၇ရက်နေ့က စပြီး ၂၀၁၄၊ မေ ၁၂ရက်ကြားဟာ တနင်္ဂနွေ အန္တရဒသာ ကာလဖြစ်ပါတယ်။ တနင်္ဂနွေဟာ ၁၀တန့် အိမ်ရှင်ဖြစ်ပြီး ၂တန့်မှာ ရှိပါတယ်။ အဲဒီကာလအတွင်းမှာတော့ ဘယ်လိုအခက်အခဲတွေရှိရှိ အောင်မြင်နေပါမယ်။ တိုင်းပြည်ဟာ ဂုဏ်သိက္ခာရှိနေပါမယ်။ အလုပ်အကိုင်သစ်များ တိုးပွား၍ ကုန်သွယ်ရေး ရောင်းဝယ်ဖောက်ကားရေးမှ ဝင်ငွေရပါမယ်။ ၂တန့်၊ ၁၀တန့်မှာ ဗုဒ္ဓဟူးဂြိုဟ်ပါဝင်နေတာကြောင့် ဆောက်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်းများ ဖြစ်ထွန်းတိုးတက်ပါမယ်။ လျှပ်စစ်ဆိုင်ရာများ ဘိုးတက်ပါမယ်။ ဝင်ငွေလည်း တိုးတက်မှု ရှိပါမယ်။ နိုင်ငံခြားဆက်သွယ်မှုများ တိုးတက်၍ ဝင်ငွေရပါမယ်။ ပြည်သူများ အရောင်းအဝယ်ကိစ္စများ တိုးတက်လာပါမယ်။ အဆောက်အအုံသစ်များ နိုင်ငံတစ်လွှား များပြားလာပါမယ်။

**(၃) တနင်္ဂနွေဂြိုဟ်ပြောင်း ရာသီဇာတာအရ ခန့်မှန်းခြင်း**

ကုမ်လက်ဖြစ်ပါတယ်။ ထီရှ ဝါယောလက်ဖြစ်ပါတယ်။ ၂တန့်သခင် နေကာရကဂြိုဟ် ၄တန့်တွင် ရှိ၍ တနင်္လာဂြိုဟ်နှင့်အတူ ရှိပါတယ်။ တနင်္လာ ဥစ်အိမ်၌ ရှိပြီး ဂဇကေသရီယုဂ်အမြွှာ ရှိပါတယ်။ တိုင်းပြည်တွင် ဘဏ်လုပ်ငန်းတိုးတက်မည်။ ဘဏ္ဍာရေးအတွက် အခွင့်အရေးကောင်းများပေါ်မည်။ လွှတ်တော်၏ ဂုဏ်သိက္ခာမြင့်မားလာမည်။ အစိုးရအတင် အငြင်းပွားမှုများမှသည် အညှိမညှိဖြစ်မည်။ အောင်မြင်မည်။ ၃တန့်တွင် တနင်္ဂနွေ၊ အင်္ဂါ၊ သောကြာ၊ ကိတ်ရှိ၍ စနေ၊ ရာဟုက သမသတ် မြင်သောကြောင့် တိုင်းပြည်တွင် အကောင်းအဆိုး ရောပြွမ်းနေမည်။ အဆိုးဝါဒီသမားများ ရန်လိုသူများ ဥပဒ်ဖြစ်မည်။ ဆက်သွယ်ရေးပစ္စည်းကိစ္စများ တိုးတက်လာနိုင်သော်လည်း ထင်သလောက် မဖြစ်နိုင်သေးပါ။ စွမ်းအင်ကဏ္ဍတိုးတက်မည်။ ဝင်ငွေတိုးတက်မည်။ အခွန်အကောက်တိုးမည်။ မြေယာကိစ္စများ ပြဿနာရှိနေဦးမည်။ မြေယာတန်ဖိုး ထူးခြားစွာ မြင့်မတက်နိုင်သေး။ ဝယ်လိုသူနည်းပြီး ရောင်းလိုသူ ပေါမည်။ စစ်တက်ဆိုင်ရာများ လိုလေမှု ရှိနေဦးမည်။ ရေကြောင်း၊ ခရီးဝေးများ ဘေးဥပဒ်ကင်း



www.burmeseclassic.com

www.burmeseclassic.com



ကြုံနိုင်ပါတယ်။ သန့်ရှင်းသော ဘာသာ၊ သာသနာရေး ဆောင်ရွက်ချက်များ ပေါ်ပေါက်နိုင်သလို၊ တိုးတက်မှုများ ဖြစ်ပါမယ်။ ငြိမ်းချမ်းရေးဆိုင်ရာ ဖော်ဆောင်မှုများ အောင်မြင် တိုးတက်မှု ရှိလာပါမယ်။ လေပြင်းတိုက်ခတ်မှုများ ရှိလာ နိုင်ပါတယ်။ စာနယ်ဇင်းဆိုင်ရာကိစ္စများ ဆက်လက်ဆွေးနွေး ရပါလိမ့်ဦးမယ်။ မြေကြီးနှင့် စပ်သော လုပ်ငန်းများ၊ ဓာတ် သတ္တုဆိုင်ရာများ မပြီးမပြတ်ရှိနိုင်ပါတယ်။

ဗုဒ္ဓဟူးဂြိုဟ်ဟာ မင်းသမ္ဘတ ဝသသပတိဖြစ်နေတာ ကြောင့် လေတိုက်ခတ်ခြင်းများ၊ ပဋိပက္ခဖြေရှင်းရမှုများ ကြုံ တွေ့နိုင်ပါတယ်။ တနင်္ဂနွေဟာ ကာကွယ်ရေးဂြိုဟ်ဖြစ်တာ ကြောင့် အမျက်ဒေါသဖြစ်စရာများ ရှိနိုင်ပါတယ်။ ဂြိုဟ်မွှေး အနေဖြင့် တူရာသီတွင် ရာဟုစနေ ရှိနေပါတယ်။ ပဋိပက္ခ ဖြစ်အောင် ဖန်တီးသူများ၊ မငြိမ်မသက်ဖြစ်အောင် ဖန်တီးသူ များ ဖြစ်ပေါ်တတ်ပါတယ်။ လွတ်လပ်ရေးဇာတာ၌ လဂ်၏ ၁၂တန့်တွင် ရာဟု၊ စနေရှိပြီး တနင်္ဂနွေ မိဿကူးပြောင်း အခိုက်အတန့်ဇာတာ၌ ၉တန့်တွင် ရာဟု စနေရှိပါတယ်။ ဗြိဿာလဂ်အတွက် သတ္တသတ္တိယှက်ကျနေခြင်းဖြစ်ပါတယ်။ စိတ်အနှောင့်အယှက် မကင်းမှုများ ကြုံသော ဇာတာဂြိုဟ် အနေဖြစ်ပါတယ်။ ၉တန့်ဟာ ဘာသာ၊ ပညာကို ညွှန်းပြ သလို၊ ခရီးကိုလည်း ညွှန်းပါတယ်။ သတိပြုရန်များ ဖြစ်ပါ တယ်။ ၉တန့်အိမ်ဟာ ဘာသာရပ်များ၊ ဘာသာရေးနှင့် ဘုန်းကြီး၊ တရားရုံးများ၊ ဥပဒေဆိုင်ရာကိစ္စများ၊ သင်္ဘောနှင့် ကုန်တင်ပို့ လုပ်ငန်းများ၊ လက်အောက်ခံ တိုင်းပြည်ရေးရာ ကုန်ကူးခြင်း၊ သိပ္ပံပညာတီထွင်မှုနဲ့ ခရီးကို ညွှန်းဆိုပါတယ်။ ထို ၉တန့်မှာ စနေ၊ ရာဟု ရှိနေခြင်းဟာ ထိုဆိုင်ရာကိစ္စများ အပေါ် သတိရှိရန်သာ ဖြစ်ပါတယ်။ သို့ရာတွင် ကြာသပတေး ဂြိုဟ်ကြီးရဲ့ အမြင်အားကို ရမှာဖြစ်တာကြောင့် ဥပဒေဘောင် အတွင်းကသာ နေထိုင် ဖြေရှင်းသွားကြပါက ဆိုးအားနည်း ပြီး ကောင်းကျိုးတွေ ပြည့်ဝလာမှာ ဖြစ်ပါတယ်။

**မျှော်လင့်ချက်**

ယခု ဖော်ပြခဲ့သမျှဟာ ရေးလို့ သင့်သမျှထဲက ကောက်နုတ် တင်ပြရခြင်းသာ ဖြစ်ပါတယ်။ ဇဗေဒင်ပညာရပ် က ဖော်ပြတဲ့ မီးမောင်းအရသာ ဖြစ်ပါတယ်။ တကယ်တမ်း မျှော်လင့်တာကတော့ စစ်မှန်သော ဒီမိုကရေစီရရှိရေးသာ ဖြစ်ပါတယ်။ ယနေ့ နိုင်ငံခေါင်းဆောင်ကြီးများနဲ့ ဒေါ်အောင် ဆန်းစုကြည်တို့ အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ဒီမို ကရေစီအရေးကို ဖော်ဆောင်နေကြပါပြီ။ များစွာသော စိန် ခေါ်မှုများကို အကူးအပြောင်းကာလမှာ ကျော်လွှား ရင်ဆိုင် ကြရမှာသာ ဖြစ်ပါတယ်။ ဒီမိုကရေစီ ဖော်ဆောင်ရေးလမ်း တစ်လျှောက်မှာ မတူညီတာများကို သဘောထားကြီးစွာ ပူးပေါင်းပြီး အားလုံး ကျစ်လျစ်စုစည်းစွာဖြင့် အေးချမ်းသာယာ အောင် နေ၍ ခေါင်းဆောင်သူများကို အကူအပံ့ပြုမှသာ အကျိုးဖြစ်ထွန်းမှု မြန်ဆန်ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။

* * *

စေတ္တာရာဆရာကျော်

"အမြတ်ဆုံးသော အကျိုး"

ဘုရား တရား သံဃာ ရတနာသုံးပါးကို

ကိုးကွယ်ရသူတို့သည်

အမြတ်ဆုံးကို

ကိုးကွယ်ရသူတို့

မည်ပေ၏။

အမြတ်ဆုံးကို

ကိုးကွယ်သူတို့သည်

အမြတ်ဆုံးသော

အကျိုးကို

ရကြ၏။

(ရှာတိရတိ–အဂ္ဂပသာဒသုတ်)



www.burmeseclassic.com

www.burmeseclassic.com




အစွဲအလမ်း

နံနက်ဝေလီဝေလင်း မိုးသောက်ရောင်နီ အလင်းမပေါ်သေးသည့် အချိန်ဝယ် ကြီးတိုက်ခန်းလေးထဲတွင် အလုပ်ရှုပ်နေသည်။ တိုက်တာဝန်ခံ ထောင်မှူးကြီးဖြစ်သူ ကျွန်ုပ်သည် နိုင်ငံတော်သမ္မတထံမှ အသနားခံစာ ပယ်ချခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသော ကြိုးသမား အံ့မောင်ဆိုသူအား ကြိုးတိုက်ခန်းထဲမှ ခေါ်ထုတ်လာရန် စီစဉ်နေခြင်းဖြစ်သည်။

"နောင်···ဒူဝေ···ဒူဝေ"

ဟူသော ကြေးစည်သေးသေးလေးကို လက်ရိုက်ဘုကလေးဖြင့် ထုနှက်လိုက်သံက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ဝယ် ကြောက်ရွံ့ထိတ်လန့်စရာ ဖြစ်ပေါ်လာလေသည်။ တိုက်ခန်းတာဝန်ကျ တပ်ကြပ် ကျင်သိန်းသည် ကြေးစည်လေးကို ထုနှက်ကာ ရှေ့မှ ဦးဆောင်သွားနေသည်။

ကြိုးစင်ဆီသို့ သွားရာ လမ်းတစ်လျှောက် မြေနီနီလမ်းကလေးပေါ်တွင် နံနက်စောစော အသက်ရှင်လျက် တန်းလန်းနှင့် အသုဘချလာသလိုဖြစ်နေသည်။ ကြေးစည်ထုသွားနေသော တပ်ကြပ် ကျင်သိန်းနောက်မှ တပ်ကြပ်ကြီး ဦးသီးဆိုသူသည် ကြေးဆင်းတုတော်လေးတစ်ဆူကို ခေါင်းပေါ်မှာ ရွက်တင်လျက် ကိုယ်ပေါ်တွင်လည်း ဥပါသကာများ ဝတ်ဆင်သလို ယူနီဖောင်းအင်္ကျီပေါ်မှာ ကန့်လန့်ဖြတ် ပိတ်ဖြူစတစ်ထည်ကို ရစ်ပတ်ခြုံလွှမ်းထားလေသည်။

ကျွန်ုပ်နှင့် ဝန်ထမ်းသုံးလေးဦးသည် ကြိုးသမား အံ့မောင်အား လက်ထိပ် နောက်ပြန်ခတ်ထားလျက် ကြိုးတိုက်ခန်းထဲမှ ဆွဲခေါ်လာနေခဲ့သည်။ ကြိုးသမား အံ့မောင်မှာ မိမိကို အရှင်လတ်လတ်ကြီး ကြိုးစင်ပေါ် တင်ကာ ကြိုးပေး သတ်ဖြတ်ခံရတော့မည်ကို ကြိုသိနေသဖြင့် ကြောက်ရွံ့ ထိတ်လန့်စွာ အော်ဟစ် ရုန်းကန်ရင်း လိုက်ပါလာနေရှာသည်။

"ကျွန်တော့်ကို မသတ်ကြပါနဲ့ဗျာ။ ချမ်းသာပေးကြပါ။ ကျွန်တော်နောက်ကို ဒီလို မကောင်းတဲ့ ဒုစရိုက်

"

တစ်လမ်းလုံး
ငိုယိုအော်ဟစ်ကာ
ဝန်ထမ်းနှစ်ဦး
တစ်ဖက်တစ်ချက်မှ
ဆွဲခေါ်လာရာနောက်
တရွတ်ဆွဲ လိုက်ပါလာနေရှာသည်။
ကြိုးသမား အံ့မောင်၏
ကြောက်ရွံ့ အားငယ်စွာ
အော်ဟစ် ငိုယိုနေသံကို
ကြားရသူအပေါင်းမှ
စိတ်မချမ်းမြေ့စွာ
ခံစားနေကြရသည်

"

အလုပ်ကို မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ်ဗျာ။ ဆရာရယ်··· ကျွန်တော့်ကို ကယ်ပါဦး၊ ကျွန်တော်နောက် မမိုက်တော့ပါဘူးဗျာ။ အီး··· ဟီး···ဟီး"

တစ်လမ်းလုံး ငိုယိုအော်ဟစ်ကာ ဝန်ထမ်းနှစ်ဦး တစ်ဖက်တစ်ချက်မှ ဆွဲခေါ်လာရာနောက် တရွတ်ဆွဲ လိုက်ပါလာနေရှာသည်။ ကြိုးသမား အံ့မောင်၏ ကြောက်ရွံ့ အားငယ်စွာ အော်ဟစ် ငိုယိုနေသံကို ကြားရသူအပေါင်းမှ စိတ်မချမ်းမြေ့စွာ ခံစားနေကြရသည်။

နံနက်ခင်းအလင်းရောင် မပီ့တပီ ဝိုးတိုးဝါးတားအချိန်ကြီးမှာပဲ မြေနီလမ်းကလေးကို ချိုးကွေ့လိုက်သော အခါ ကြိုးစင်ကြီးကို ဘွားခနဲ တွေ့မြင်လိုက်ရလေသည်။ ကြိုးစင်ကြီးမှာ

မှောင်မှောင်မည်းမည်းအချိန်အခါသမယ မှာ ခပ်လှမ်းလှမ်းရှိ ဓာတ်တိုင်မှ နီယွန် မီးချောင်းအလင်းရောင်ဖြင့် ပြက်ပြက် ထင်ထင် မြင်တွေ့နေရသည်။

အုတ်ခုံမြင့်မြင့်ပေါ်မှာ တည် ဆောက်ထားသော ကြိုးစင်ကြီးသည် သံယက်မတန်းကြီးပေါ်မှာ တပ်ဆင် ထားသော မနီလာကြိုးကြီးက လေ အဝှေ့ဝယ် လှုပ်ရမ်း၍နေသည်မှာ မြင် တွေ့ရသူတိုင်း စိတ်ချောက်ချားစရာ ကောင်းလှပေသည်။

ယင်း မနီလာကြိုးကြီး ကြိုးစင် ပေါ်ဝယ် လှုပ်ရမ်းနေခဲ့သည်ကို မြင် တွေ့ရသော ကြိုးသမား အံ့မောင် တစ်ယောက် မိမိတဝအတွက် သေမင်း ခေါ်သံအလား မှတ်ထင်ကာ ပိုမိုတွန့် ထိုး ရုန်းကန်လှုပ်ရှားလျက်ရှိနေသည်။

"ကျုပ်ကို မတရားမလုပ်ကြနဲ့ ကျုပ် အသေမခံနိုင်ဘူးဗျ။ ကျုပ် ကြောက်တယ်။ ဒီကြိုးကြီး လည်ပင်း စွပ်ပြီး အသတ်ခံရမှာကို ကျုပ် ကြောက် တယ်။ လွှတ်ပါဗျာ၊ လွှတ်ကြပါ။ ကျုပ် သေရမှာကို မခံနိုင်ဘူး။ ကယ်ကြပါ ကယ်ကြပါဗျာ။ ရှစ်ကြိုးခိုးပါရဲ့ အီး··· ဟီး···ဟီး···"

ကြိုးသမား အံ့မောင်တစ်ယောက် သွေးရူးသွေးတန်းဖြစ်ပေါ် ခံစားနေရကာ အတင်းရုန်းကန်လှုပ်ရှားပြီး ထွက်ပြေး မလိုဖြစ်နေသောကြောင့် ဝန်ထမ်းများ မှာ အတင်းချုပ်ကိုင် ဆွဲခေါ်နေရသည် ကြိုးစင်လှေကားကိုပင် တစ်ထစ်ချင်း ရပ်တည် မတက်ရောက်နိုင်တော့ သဖြင့် တရွတ်ဆွဲတင်နေရသည်။

ယင်းနောက် ကြိုးစင်ကြီးပေါ် ရောက်ရှိသွားချိန်ဝယ် သံယက်မတန်း အောက်မှာ တောင့်တောင့်တင်းတင်း ရပ်စေပြီး ခြေထောက်နှစ်ချောင်းကို ကြိုးဖြင့် ပူးချည်ထားလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



သေထဲမှာ ငွေရမ်းနေသော မနီလာကြိုးကြီးကို ကျွန်ုပ်သည် ဖမ်းယူလိုက်ပြီး အံ့မောင်၏ လည်ပင်းနေရာဝယ် ကွင်းလျှောပြုလုပ် တပ်ဆင်နေသည်။ ကြိုးထုံးကို ညာဘက် မေးရိုးအောက်စပ်နေရာမှာ ထောက်ထားလိုက်သည်။ အားလုံးပြီးစီးသွားသောအခါ ခေါင်းစွပ်တစ်ထည်ကို ခေါင်းပေါ်မှ အသာစွပ်ထားပေးလိုက်သည်။ အံ့မောင်ကတော့ သေရခါနီးခဲခဲအချိန်ဝယ် ကြိုးစင်ရှေ့ဆဲလုမ်းလုမ်းရှိ ထုံးဖြူဖြူစေတီလေးကို မှန်းဆကာ ရှိခိုးဆုတောင်းနေမည်ထင်ပါသည်။

ကြိုးစင်ကြီး ဘေးပတ်ပတ်လည်တွင် စောင့်ကြည့် နေရာယူထားကြသော ထောင်တာဝန်ခံ အရာရှိကြီးနှင့်အတူ အကျဉ်းထောင် ဆရာဝန်ကြီး၊ တရားသူကြီး၊ ရဲအုပ်ကြီးနှင့် အကျဉ်းထောင် အရာထမ်း အမှုထမ်းများသည် ငြိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြည့်နေကြသည်။

"အံ့မောင်…မင်းကို ခုလို ကြိုးပေး ကွပ်မျက်ရတာ တာဝန်အရ လုပ်ဆောင်ရတာပဲ ဖြစ်တယ်။ မင်းနဲ့ ငါတို့ဟာ ရန်သူတွေ မဟုတ်ကြပါဘူးကွာ။ အာရန်ငြိုးရန်စမှလည်း ရှိခဲ့ကြသူတွေ မဟုတ်ဘူး။ ငါတို့ ဝန်ထမ်းတွေအပေါ်မှာ နားလည်စေချင်တယ်။ ငါတပည့်တာများ မှာချင်တာ ရှိသေးလဲ"

"ကျွန်တော် ဘာမှ မှာစရာအကြောင်းမရှိပါဘူးခင်ဗျာ။ ကျွန်တော်လုပ်ခဲ့တဲ့ကိစ္စ ကျွန်တော့်မှာပဲ တာဝန်ရှိပါတယ်။ ကျွန်တော့်ဆရာ တိုက်ထောင်မှူးကြီး စိုးဝေကို နှုတ်ဆက်ချင်ပါတယ် ဆရာ"

"အေး၊ ဖြေပါ အံ့မောင်။ ငါ မင်းရဲ့ ညာဘက်ခြမ်းမှာ နားထောင်နေပါတယ်"

ကျွန်ုပ်သည် ထောင်ပိုင်ကြီးမှ ကြိုးသမား အံ့မောင်အား ပဋိသန္ဓာရစကားဖြင့် နှုတ်ဆက်ပြောဆိုနေစဉ် ကြိုးစင်ညာဘက်ထောင့်နေရာရှိ ဒေါက်ဖြုတ်ချမည့် မောင်းတံအား အဆင်သင့်ကိုင်ဆွဲထားချိန် လှမ်းပြောလိုက်သည်။

"ဆရာ…ကျွန်တော် ဆရာ့အပေါ်မှာ ဖြေမှား ဆိုမှားများ ရှိခဲ့လျှင် ခွင့်လွှတ်ပေးပါလို့…"

"ရှိုင်း…"

ကြိုးသမား အံ့မောင်၏ စကားသံမဆုံးသေးမီ ထောင်ပိုင်ကြီးမှ ညာဘက် ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါအဖြူကို ထုတ်ကာ လှုပ်ရမ်းအချက်ပြလိုက်သဖြင့် ဒေါက်မောင်းတံကို အားဖြင့် ဆွဲချလိုက်စဉ် အထက်ပါအတိုင်း မြည်ဟည်းသွားလေသည်။

ကြိုးစင်ပေါ်မှ သံယက်မတန်းတွင် တပ်ဆင်ထားသော မနီလာကြိုးကြီးသည် ခြေထောက်အောက်ဘက်မှ သံပြားနှစ်ချပ် တစ်ပြိုင်နက် ပွင့်ကျသွားသဖြင့် လူခန္ဓာကိုယ်အလေးချိန်ကြောင့် လှုပ်ခါရမ်းနေသည်။

ယခုလို ကြိုးသမား အံ့မောင်၏ ဘဝနိဂုံးကို ကျွန်ုပ်ကိုယ်တိုင် ဒေါက်ဖြုတ်သတ်ခဲ့ရခြင်း ဖြစ်ပါသည်။ ကြိုးသမား အံ့မောင်၏အမှုအတွက် အယူခံအဆင့်ဆင့် ဝင်ရောက်ခဲ့သော်လည်း ပယ်ချခံရသည်သာ များသည်။ နောက်ဆုံး သမ္မတထံမှ အယူခံ အသနားခံလွှာ ပယ်ချခံရသဖြင့် ကြိုးပေး ကွပ်မျက်ခံ့ရခြင်းဖြစ်လေသည်။

ဒါကြောင့်လည်း ကြိုးတိုက်တာဝန်ခံ ထောင်မှူးကြီးဖြစ်သော ကျွန်ုပ်ကိုယ်တိုင် ဒေါက်ဖြုတ် စီရင်ခဲ့ရခြင်းဖြစ်လေသည်။ ကြိုးသမား အံ့မောင်၏ အမှုဖြစ်စဉ်ကို လေ့လာဆန်းစစ်ကြည့်တော့လည်း လွန်စွာ ရက်ရက်စက်စက် ကြမ်းကြုတ်ခဲ့သူဖြစ်သည်။

မိမိနှင့် တစ်ရွာတည်းနေ လယ်သမားမိသားစု၏ ၁၄နှစ်အရွယ် သမီးငယ် အပျိုပေါက်လေးကို အတင်းအဓမ္မ မုဒိမ်းကျင့်ကြံပြီး လူကိုပါ အသက်အန္တရာယ်ပြုကျင့်ကာ သတ်ဖြတ်လာခဲ့သော အမှုမျိုးဖြစ်သည်။ ဒါကြောင့်လည်း မည်သို့ပင် အယူခံအဆင့်ဆင့် ဝင်ရောက်ခဲ့သော်လည်း ဟိုက်ကုတ်ရုံးတော်မှ ပယ်ချခဲ့သည် ချည်းဖြစ်သည်။

ယခုတော့ ကြိုးသမား အံ့မောင်တစ်ယောက် မိမိကျူးလွန်ခဲ့သော မုဒိမ်းမှု လူသတ်မှု ပုဒ်မများဖြင့် သေဒဏ်ကျခံစေရန် တရားရုံးမှ စီရင်ချက် ချမှတ်ခဲ့သည်။ ယနေ့နံနက်တွင်တော့ နိုင်ငံတော် သမ္မတထံမှ နောက်ဆုံး အယူခံလွှာ အသနားခံလွှာကိုပါ ပယ်ချခဲ့သောကြောင့် တရားရုံးအမိန့်နှင့်အညီ ကြိုးပေး ကွပ်မျက်ခဲ့ရခြင်းဖြစ်ပါသည်။

ကျွန်ုပ်သည်လည်း မိမိဆောင်ရွက်ခဲ့ရသော တာဝန်ဝတ္တရားများ ပြီးဆုံးသွား၍ မိမိနေထိုင်ရာ အိမ်ဆီသို့ ပြန်လာနေသည်။ ယနေ့နံနက်စောစောပြုလုပ်ခဲ့ရသော ကိစ္စအပေါ် စိတ်ကို ဖြေသိမ့်နိုင်အောင် အမျိုးမျိုးကြိုးစားနေထိုင်ခဲ့သော်လည်း စိတ်ထဲဝယ် တစ်စုံတစ်ရာ အလိုမကျနိုင်သလို တအုံနွေးနွေးဖြစ်ပေါ် ခံစားနေရလေသည်။

မိမိစိတ်ထဲဝယ် မည်သို့မျှ ဖျောက်ဖျက်မရနိုင်ဘဲ တဝဲလည်လည်နှင့် ဆောက်တည်ရာ မရနိုင်သလို ဖြစ်ပေါ်နေသောကြောင့် ထမင်းစားထွက်ချိန် အိမ်ပြန်လာသည်။ ယခုကိစ္စမှာ မိမိနှင့် မည်သို့မျှ ရန်ငြိုးရန်စ မရှိပါဘဲ လျက် လူတစ်ယောက်အပေါ်ဝယ် မိမိ ထမ်းဆောင်နေသော ဌာန၏ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ဝတ္တုရားအရ မလွှဲမရှောင်သာဘဲ ကိုယ်တိုင်ကိုယ်ကျ လက်ဖြင့် သတ်ဖြတ်လာခဲ့မိသည်ကို တွေးမိတိုင်း စိတ်မကောင်းကြီးစွာ ဖြစ်ပေါ်နေသည်။

"မောင်…ဘာဖြစ်လာတာလဲ၊ မျက်နှာလည်း မကောင်းပါလား"

"ဟုတ်တယ် သင်းရယ်၊ ဒီမနက် စောစောကြီးမှာ မောင်လေ လူတစ်ယောက်ကို ကြိုးပေးသတ်ခဲ့ရတယ်ကွာ"

"ဟင်…စိတ်မကောင်းစရာဘဲ မောင်ရယ်"

"ဘယ်တတ်နိုင်မလဲ သင်းရယ်၊ မောင်တို့ဘဝက မင်းမှုထမ်းဆိုတော့ သူ့ဆန်စား ရဲမှုဆိုသလို တာဝန်ပေးတော့လည်း ကိုယ်တိုင်ဆောင်ရွက်ခဲ့ရတာပဲ"

"မောင်ရယ်…ဒီအလုပ်ကြီးကို သင်းဖြင့် စိတ်မဝင်စားပါဘူး။ မောင်က အလုပ်အကိုင်အဆင်မပြေလို့ ဝင်လျှောက်ခဲ့လို့သာ။ မငြင်းပြာသာလို့ ကြည့်နေရတယ်။ စိတ်ထဲက နည်းနည်းမှ ဘဝင်မကျပါဘူး"

"ဟုတ်ပါတယ် သင်းရယ်။ မောင်လည်း အစကတော့ အကြောင်းမသိခဲ့လို့ ဒီဌာနမှာ အလုပ်ဝင်လျှောက်မိခဲ့တယ်။ တကယ် ထဲထဲဝင်ဝင် သိမြင်လာချိန်မှာ ဒီအလုပ်ဟာ မောင်တို့လို သမ္မာအာဇီဝ လုပ်ကိုင်စားသူတွေနဲ့ ဘယ်လိုမှ မအပ်စပ်ဘူး"

ကျွန်ုပ်သည် ယနေ့ ဆောင်ရွက်လာခဲ့ရသော ကိစ္စရပ်ကြီးအတွက် စိတ်ထဲမှာ ဘဝင်မကျနိုင်ဘဲ တအုံနွေးနွေး ခံစားနေရသည်။ တတ်နိုင်လျှင် မိမိ လုပ်ကိုင်နေသောအလုပ်မှ ထွက်ချင်စိတ် တဖွားဖွားဖြစ်ပေါ်နေသည်။ သို့သော်လည်း မိမိ မိသားစု၏ စားဝတ်နေရေးအခက်အခဲကြောင့်သာ ဒီအလုပ်အပေါ် စိတ်မပါသော်လည်း အောင့်အည်း သည်းခံ လုပ်ကိုင်နေရသည်။

ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာ ယခုလုပ်ကိုင်နေခဲ့သော အကျဉ်းဦးစီးဌာနဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေရသည်က ဘယ်နေရာ၊ ဘယ်ဒေသကိုပဲ ရောက်ရောက် နေထိုင်စရာ၊ စားစရာ အဆင်သင့်ရှိနေသည်။ စာရေးဆရာကြီး ဆရာ ရန်အောင်မောင်မောင် ပြောခဲ့သလိုပဲ ဒီအလုပ်က နတ်ကြီးတော့ မထွက်နိုင်ဘဲ သံသရာလည်နေခဲ့မိသည်။

◆◆◆

တစ်ပတ်ခန့်ကြာသည့်တိုင် နေ့စဉ်ရက်ဆက်ဆိုသလို ဝီစကီပုလင်းကို ဖောက်ကာ ကျွန်ုပ်သည် အမူးဒီဂရီတက်အောင် သောက်နေမိသည်။ အဘယ့်ကြောင့်ဆိုသော် မိမိပြုလုပ်ခဲ့



သော တာဝန်ကြီးတစ်ရပ်အပေါ် မည်သို့မျှ စိတ်ဘဝင်ထဲဝယ် ဖျောက်ဖျက်မရနိုင်သောကြောင့် မေ့ပျောက်နိုင်ရန် ကြိုးစားနေခြင်းဖြစ်သည်။

ယခင်အဆက်ဆက်က ဤလုပ်ငန်းတာဝန်ကြီးကို ဆောင်ရွက်သွားခဲ့သော ထောင်ပိုင်ကြီး ဦးကျော်လှိုင်သည်လည်း ကိစ္စပြီးစီးသွားသည်နှင့် တစ်လကိုးသီတင်းတိုင်အောင် အရက်ကိုသာ အဖော်ပြုပြီး အမူးသောက်နေသည်ကို တွေ့မြင်ခဲ့ဖူးသည်။

ထိုအတူ တစ်ပတ်စဉ်ထဲ သင်တန်းဆင်းလာခဲ့သော သူငယ်ချင်း ထောင်မှူးကြီး အိပ်ချ်ထန်ဒိုလန်းသည်လည်း မန္တလေး ဗဟိုအကျဉ်းထောင်ကြီးထဲတွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ယင်းတာဝန်ကို တစိုက်မတ်မတ် ခိုင်းလုပ်ဆောင်ခဲ့သူဖြစ်လေသည်။ ၎င်းသည်လည်း အရက်ကိုသာ နှစ်နှစ်ခြိုက်ခြိုက် စွဲစွဲလမ်းလမ်းသောက်ရင်း သေဆုံးသည့်တိုင် အရက်၏ ကျွေးကျွန်ဘဝ ရောက်ရှိသွားခဲ့သည်။

မိမိတို့ အကျဉ်းထောင်ဝန်ထမ်းများ၏ ဘဝမှာ နေ့တစ္ဆဝလိုလို ထောင်ထဲမှာပဲ ထောင်ဒဏ်ကျခံနေရသော အကျဉ်းသားများ၊ အမှုရင်ဆိုင်ဖြေရှင်းနေဆဲ အချုပ်သားများနှင့်ချည်း နေ့စဉ် ဆက်ဆံပေါင်းသင်းနေကြရသည်။

သူ့တို့တွေက လောဘ၊ ဒေါသ၊ မောဟတရားများကို ချိုးဖောက်ခဲ့ကြသဖြင့် ထောင်ဒဏ်ကျခံနေရသော်လည်း မိမိတို့ ဝန်ထမ်းများမှာ သမ္မာအာဇီဝ ဝမ်းစာရေးအတွက် အပြစ်မဲ့ဘဲ ထောင်ကျလာခဲ့ကြခြင်းဖြစ်သည်။

မနက်မိုးလင်းသည်မှ ညမိုးချုပ်သည့်အချိန်ထိ ထောင်ထဲမှာပင် အချိန်ကုန်လွန်နေကြရသည်။ မိမိတို့ဘဝ ကရော ဘာထူးသေးသနည်း။ ထော



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ကျခံနေရသည်နှင့် အတူတူပင်။ တစ်ခုပဲ သာတာရှိသည်။ ယင်းမှာ မိမိတို့မှာက တာဝန်ကို အချိန်နှင့် လဲလှယ်ပေးသော ဂျူတီရှိနေသည်။

မနက်အရုဏ်မတက်မီ နံနက် ၅နာရီလောက်ကတည်းမှ အကျဉ်းထောင်ကြီးထဲကို ထောင်ဖွင့်ပေးရန် ဝင်ရောက်လာခဲ့ကြရသည်။ မိမိတို့ တာဝန်ကျသော အိပ်ထောင်ကို သော့ယူပြီး ထောင်ဖွင့်ပေးခဲ့ရသည်။ လူပေါင်းကိုက်ညီ၍ ထောင်ဖွင့် သံချောင်းခေါက်သံကြားမှ နံနက်စောစော တာဝန်တစ်ခု အေးချမ်းစွာ ပြီးသွားသည်။

နောက်တော့ အိပ်ထောင်တာဝန်ခံ အဆောင်မှူး ထောင်မှူး ဂျူတီဝင်လာလဲမှ ထောင်ထဲက ခေတ္တခဏ ထွက်ပြီး နံနက်ခင်းစောစောစာကို စားသောက်၍ ဗိုက်ဖြည့်ရသည်။ ထောင်ပြင်ဘက်မှာ ဆယ့်ငါးမိနစ်၊ နာရီဝက်ခန့်သာ နေထိုင်ရပြီး နံနက် ၇နာရီထိုးသည်နှင့် ထောင်ထဲသို့ ဂျူတီပြန်ဝင်ရသည်။

ထိုအခါ မိမိတာဝန်ကျသော နေရာဌာနမှာ လုပ်ငန်းတာဝန်ကို ထမ်းဆောင်နေရသည်။ နံနက် ၁၀နာရီမှ ၁၂နာရီအထိသော် လည်းကောင်း၊ နေ့လယ် ၁၂နာရီမှ ၁၄နာရီထိသော် လည်းကောင်း ထမင်းစားရန် ဂျူတီကို လဲလှယ်ထွက်ခွင့်ရသည်။ မိမိသွားလိုသော တစ်ချိန်ချိန်ကို ဂျူတီလဲထွက်ခွင့်ရသည်။

ထိုသို့ ထမင်းစားပြီး ပြန်လာသောအခါ မိမိတာဝန်ကို ဆက်လက်ထမ်းဆောင်ရသည်မှာ ထောင်ပိတ်ချိန်တိုင်ဖြစ်သည်။ အကယ်၍ ထောင်ပိတ်တာဝန်ကျသည့်နေ့ဆိုလျှင် ညမိုးကြီးချုပ်ချိန်အထိ လူပေါင်းမကိုက်မချင်း ဆောင်စောင့်ပိတ်ရသည်။

> မိမိဘဝက ကြိုးတိုက်တာဝန်ခံ
> ထောင်မှူးကြီးအဖြစ်
> တာဝန်ထမ်းဆောင်နေခဲ့ရလေသည်။
> ကြိုးတိုက်ထဲမှာကလည်း
> သေဒဏ်ကျခံနေရသော
> ကြိုးသမား ၁၀ဦးခန့်
> ရှိနေသေးသည်။
> ၎င်းကြိုးသမားများအား
> အထက်ရုံးအဆင့်ဆင့်ကို
> ဂုရက်အတွင်း
> အယူခံဝင်ရောက်ထားနေဆဲများ
> ဖြစ်သောကြောင့် ကံကြမ္မာကို
> မှန်းဆ၍ မရနိုင်သေးပေ

ဒီကြားထဲမှာ တာဝန်မှူးတာဝန်ကို ကျခဲ့သောအခါ တစ်နေ့တာလုံး ထောင်တွင်းထောင်ပြင် ကင်းလှည့်လည် စစ်ဆေးနေရသည်။ ညဘက် ထောင်ပိတ်ပြီးဆုံးချိန်မှာ အကျဉ်းထောင်ထဲ ဝင်ပြီး တစ်ညလုံး ကင်းစစ်ရင်း တာဝန်ယူ စောင့်ကြပ်နေရလေသည်။

ယခုလို ထောင်ဝန်ထမ်းများ၏ အလုပ်တာဝန်ဝတ္တရားများသည် ထောင်ထဲနှင့် ထောင်ပြင် လူးလားခေါက်တုံ့ ဝင်လိုက်ထွက်လိုက်ဖြင့် သံသရာလည်နေသလို ဖြစ်ပေါ်နေကြသည်။

ဒါကြောင့် အကျဉ်းထောင်မှာ တာဝန်ထမ်းဆောင်နေကြရသော ဝန်ထမ်းများသည် ထောင်သံသရာလည်နေရသည်နှင့် မခြားပေ။ မိမိတို့ဘဝများသည်လည်း ထောင်ဝန်ထမ်းများဘဝနှင့် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသူများ ဖြစ်နေသည်။

ယခုလည်း မိမိဘဝက ကြိုးတိုက်တာဝန်ခံ ထောင်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်နေခဲ့ရလေသည်။ ကြိုးတိုက်ထဲမှာကလည်း သေဒဏ်ကျခံနေရသော ကြိုးသမား ၁၀ဦးခန့် ရှိနေသေးသည်။ ၎င်းကြိုးသမားများအား အထက်ရုံးအဆင့်ဆင့်ကို ဂုရက်အတွင်း အယူခံဝင်ရောက်ထားနေဆဲများ ဖြစ်သောကြောင့် ကံကြမ္မာကို မှန်းဆ၍ မရနိုင်သေးပေ။

မိမိတာဝန်ကလည်း အားလုံးသော ကြိုးသမားများနှင့် သက်ဆိုင်နေခဲ့သည်။ မည်သူမည်ဝါသည် မည်သည့်နေ့ရက်တွင် အယူခံများ ရှုံးနိမ့်သွားသဖြင့် စိတ်ဓာတ်မကျစေရန် အားပေးနှစ်သိမ့်နေရသည်။ မလွှဲမရှောင်သာ၍ နောက်ဆုံး သမ္မတထံမှ အသနားခံလွှာ ပယ်ချခြင်း ခံရသောအခါ ကြိုးပေး ကွပ်မျက်ရပေဦးမည်။

မိမိဘဝ၏ အနာဂတ်ကို လှမ်းမျှော်ကြည့်မိသောအခါတွင် မည်မျှရင်မောဖွယ်ရာ ကောင်းပါသနည်း။ မိမိကိုယ်တိုင် မလုပ်ချင်သောအလုပ်တစ်ခုကို တာဝန်သည် တာဝန်သာ (Duty is Duty)ဖြစ်သည်ဆိုသော ဆောင်ပုဒ်နှင့်အညီ ဆက်လက်လုပ်ဆောင်နေရဦးမည်ဖြစ်ပါသည်။

နောက်ဆုံးမှာတော့ မိမိဘဝကိုပဲ မကျေနပ်နိုင်သလိုလို၊ ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ရမလိုလို ဝေခွဲမရနိုင်စွာ ဖြစ်ပေါ် ခံစားနေခဲ့ရလေတော့သည်။

ယခုလို မိမိကိုယ်တိုင် လက်ရောက် ကျူးလွန်လာခဲ့ရသော ကြိုးသမားတစ်ဦးအား ဒေါက်ဖြုတ်ချ သတ်ပစ်ခဲ့ရသည့်အဖြစ်ဆိုးကြီးကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲမှာ ဖျောက်ဖျက်မရနိုင်အောင် အစွဲအလမ်းဖြစ်ပေါ်လို့သာနေသည်။

မိမိကံကြမ္မာက ဒီလို ဖန်တီးလာမှတော့ ပေါက်သည့်နဖူး မထူးပြီဟု စိတ်ကို ဒုန်းဒုန်းချကာ စားပွဲပေါ်မှာ တင်ထားသော ဝီစကီ ဖန်ခွက်ကို ရေမရော တော့ဘဲ တစ်ရှိန်ထိုး မော့သောက်ချပစ်လိုက်သည်။

ယင်းနောက် ကျွန်ုပ်သည်လည်း ညဉ့်နက်လာပြီဖြစ်သောကြောင့် အိပ်ရာထဲ ဝင်ကာ ခေါင်းချ အိပ်ပစ်လိုက်လေတော့သည်။ ကျွန်ုပ်၏ စိတ်အတွေးများမှာ ယောက်ယက်ခတ်အောင် ဖြစ်ပေါ်နေပြီး အိပ်ပျော်နေသလိုလို၊ အိပ်မက်မက်နေသလိုလို စိတ်ထဲဝယ် ဝေခွဲမရစွာဖြင့် ချာချာလည်နေလေသည်။

♦♦♦

BURMESE CLASSIC .com

"အား…ဝူး…ဝူး…ဖရူး"

ကျွန်ုပ်သည် အိပ်ရာထဲတွင် နှစ်ခြိုက်စွာ အိပ်ပျော်လျက် ရှိနေရာမှ တစ်စုံတစ်ယောက်သည် ကျွန်ုပ်၏ လည်ပင်းကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သလိုလို မွန်းကျပ်လာနေသောကြောင့် အတင်းလူးလဲ ရုန်းကန်ထလိုက်သောအခါ အသံမြည်သွားခြင်းဖြစ်သည်။

"မောင်…ဘာဖြစ်တာလဲ၊ ချွေးတွေလည်း တစ်ကိုယ်လုံး ရွှဲနစ်နေပါလား"

ရုတ်တရက် ဇနီးဖြစ်သူ၏ မေးမြန်းနေသံကို အနီးကပ်တွင် ကြားလိုက်ရသဖြင့် လန့်နိုးသွားခြင်းဖြစ်သည်။

"ဟုတ်တယ် သင်းရယ်၊ မောင် အိပ်မက်မက်သလို ဖြစ်ပေါ် ခံစားနေရတယ်။ အိပ်မက်ထဲမှာ အရုပ်ဆိုးဆိုး လူကြီးတစ်ယောက်က မောင့်ကို လိုက်ဖမ်းပြီး တငြီးငြီးတောက်လောင်နေတဲ့ မီးဖိုပေါ်က ဆီပူအိုးကြီးထဲကို ဆွဲနှစ်ထည့်မလို့ လိုက်ဖမ်းနေတာကို ထွက်ပြေးနေရင်း ဖမ်းမိသွားတော့ မောင့်လည်ပင်းကို ညှစ်ပြီး ဆီပူအိုးထဲ ထည့်ခံနေရတုန်း လန့်အော်မိတာပဲ"

"အမှန်တော့ သင်းရဲ့ လက်တစ်ဖက်က မောင့်ကိုယ်ပေါ်မှာ သိုင်းဖက်ထားရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားစဉ်မှာ လက်က မောင့်လည်ပင်းနေရာပေါ်ကို တဖြည်းဖြည်းဖိထားသလိုလိုဖြစ်နေခဲ့တာပါ"

"အင်း… ထမင်းလုံးတစ္ဆေ အခြောက်ခံရတာလား မသိဘူး"

"မဟုတ်ပါဘူး မောင်ရယ်။ မောင်က မောင် ပြုလုပ်လာခဲ့ရတဲ့ ကိစ္စကြီးအပေါ်မှာ အစွဲအလမ်းဖြစ်ပြီး စိတ်စွဲနေလို့ပါ။ စိတ်ပညာစာအုပ်တစ်အုပ်ထဲမှာ သင်းလည်း ဖတ်ခဲ့ရဖူးတယ်။ စိတ်စွဲလို့ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ကြောက်စရာ အကောင်ကြီးတွေ၊ အရိုးစုကြီးတွေ နောက်က လိုက်လာလို့ ထွက်ပြေးရတယ်။ ဘီလူးစီးတယ်၊ ထမင်းလုံးတစ္ဆေခြောက်တယ်ဆိုတာ ကြေးမုံပြင်လို အင်မတန် ကြည်လင်တဲ့ လူ့ရဲ့ ဟဒယ ရုပ်ဝတ္ထုမှာ ကိုယ်ပြုခဲ့ဖူး၊ တွေ့ခဲ့ဖူး၊ ကြုံခဲ့ဖူးတဲ့ အာရုံခံစားမှုတွေဟာ ရုပ်ရှင်ပြသလို အရိပ်အယောင် ထင်လာတတ်တယ် မောင်"

"တော်ပါသေးရဲ့။ သင်းလက်နဲ့ မောင့်လည်ပင်းပေါ် လာဖိမိလို့သာပေါ့"

"ဟုတ်ပါတယ် မောင်ရယ်။ တစ်ခါတလေ အိပ်ရာပေါ်မှာ လင်မယားနှစ်ယောက် အတူတူ သုဉ်တွဲအိပ်နေကြတဲ့အခါ လက်ပေါ်ကို ခေါင်းအုံးမိတဲ့အခါ၊ ဒါမှမဟုတ် လက်က လာဖိမိတဲ့အခါ တစ်ခုခုညှပ်နေတယ်လို့ အိပ်မက်ပြီး တစ်ခါတလေ ဇောချွေးတွေ ပျံတဲ့အထိ အိပ်မက်ထဲမှာ လက်ကို ဆွဲနုတ်လို့မရအောင် ဖြစ်နေတတ်တယ်"

"ဟုတ်တယ် သင်းရေ။ မောင်ဟာ ကိုယ် မနှစ်သက်တဲ့ ပြုလုပ်လာ…ရတဲ့ ကိစ္စကြီးအပေါ်မှာ နေ့စဉ်နဲ့ အ… စိတ်စွဲလမ်း သောကရောက်နေခဲ့… တယ်။ ဒါကြောင့်လည်း စိတ်ပြေပျော… လို့ ပြေပျောက်ဖြား အရက်ကို သော… ပြီး ဖြေဖျောက်ခဲ့ပေမယ့် အရက်မူးပြီး… အိပ်ပျော်သွားတဲ့ အချိန်ပဲ ခေတ္တခဏ… မေ့သွားတယ်။ ဒါတောင် အိပ်မက်ထဲ… မှာ ထင်ဟပ်လာသေးတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ မောင်ရယ်… ကိုယ်ပြုခဲ့ဖူးတဲ့ ပဲ့တင်သံ ကိုယ့်ထံ… လာနေသလို ဖြစ်ပေါ်ခံစားနေရချိန်မှာ… အကောင်းဆုံးကတော့ ကိုယ့်လက်… ကိုယ်တိုင်ကိုယ်ကျ သတ်ခဲ့ရလို့ ပါဏာ… တိပါတာကံကို ကျူးလွန်လာခဲ့ရတာ… ဆိုတော့ ဘုရားတရားကိုပဲ အမြဲကို… ကွယ် ဆည်းကပ်ပြီး ပြုသူအသ… ဖြစ်သူ အပေါင်းဆိုတဲ့ သံသရာနယ်… က လွတ်ကင်းအောင် သွားလေသူ… တွေကို မေတ္တာပို့ပြီး အမျှပေးဝေတာ… အကောင်းဆုံး ဖြေဖျောက်နည်းပါ… မောင်ရယ်"

ကျွန်ုပ်သည် ဇနီးသည် ဒေါ်သင်… သင်းရည်၏ တရားပြ ဆုံးမသွန်သင်… ပြောဆိုသည့်အပေါ် တစ်စိုက်မတ်မတ်… လိုက်နာကျင့်ကြံကာ တရား ဘာဝနာ… များကို ဆထက်ထမ်းပိုး တိုး၍ လု… ဆောင်နေခဲ့လေတော့သတည်း။

* * *

နှိုး…




www.burmeseclassic.com

www.burmeseclassic.com

# အမယ်အိုတစ်ယောက်ပေးသော ပုတီး

မြသိန်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



■

ကျွန်တော် မောင်ဇေယျာဝင်းသည် ပဲခူးမြို့တွင် မိတ်များနှင့် အတူတူနေသည်။ ကျွန်တော် ဆယ်တန်းအောင်သောအခါ မိတ်များက တက္ကသိုလ်ပညာသင်ရန် ပြောသော်လည်း ကျွန်တော်က သင်္ဘောသားအလုပ်ကို လုပ်လိုသည်ဟု ပြောသောကြောင့် မိတ်များသည် ကျွန်တော့်အလိုသို့ လိုက်ပါသည်။

ကျွန်တော်၏ ဖခင်သည် ရန်ကုန်မြို့ရှိ သူနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများ၏ အကူအညီဖြင့် ကျွန်တော် သင်္ဘောသားဖြစ်ရေးအတွက် ငွေကြေးအကုန်အကျခံကာ ကြိုးစားလုပ်ဆောင်ပေးပါသည်။ ယခုအခါ ကျွန်တော်သည် သင်္ဘောပေါ်သို့ တက်ရန် နောက်ဆုံးအဆင့်သို့ ရောက်နေလေပြီ။

ရန်ကုန်မြို့ရှိ အစ်ကိုဝမ်းကွဲအိမ်တွင် တည်းခိုရင်း သင်္ဘောပေါ် တက်ရမည့် ခေါ်စာကိုသာ စောင့်နေပါသည်။

တစ်လ၊ နှစ်လ အချိန်များ ကုန်သွားသည်။ အကြောင်းမထူးသေး။ သင်္ဘောအေးဂျင့်မှ လူများက...

"ကိုဇေယျာဝင်း ဆန္ဒမစောနဲ့၊ အချိန်ကျရင် ချက်ချင်း သင်္ဘောပေါ် တက်ရမှာပါ။ အဲ - ရန်ကုန်က မခွာနဲ့။ ခေါ်ပြီဆိုတာနဲ့ လေယာဉ်စီးပြီး သင်္ဘောရှိရာကို သွားရမယ်"

ဟု ပြောကြသည်။

နှစ်လကုန်၍ တတိယလထဲအရောက်တွင် ကျွန်တော်၏ စိတ်ထဲဝယ် ရွှေတိဂုံဘုရားသို့ သွား၍ ဘုရားဝတ်ပြုရန် စိတ်ကူးပေါက်လာသည်။ သင်္ဘောကုမ္ပဏီမှ ခေါ်စာမလာမချင်း ရွှေတိဂုံစေတီသို့ ညနေတိုင်း သွား၍ ဘုရားဝတ်ပြုပြီး လူ့သတ္တဝါအပေါင်းတို့ကို မေတ္တာပို့ရန် ဆုံးဖြတ်လိုက်သည်။

သို့နှင့် ရွှေတိဂုံစေတီသို့ ညနေနေဝင်ခါနီးတွင် သွား၍ စေတီရင်ပြင်ပေါ်တွင် နာရီဝက်ကျော်ကျော် ဘုရားအလုပ်၊ တရားအလုပ်လုပ်ပြီး အမှောင်ထု အားကောင်းချိန်၌ ကုန်းတော်မှ ဆင်းလာသည်။

◆◆◆

ဆယ်ရက်ခန့်အကြာ ညအမှောင်ထု အားကောင်းစဉ် ထုံးစံအတိုင်း တောင်ဘက်မုခ်မှ ဆင်းလာပါသည်။ ထိုသို့ ဆင်းလာစဉ် ကျွန်တော့်ရှေ့မှ တောင်ဝေှးတစ်ချောင်းထောက်ကာ ခပ်မှန်မှန်ဆင်းသွားနေသော အမယ်အိုတစ်ယောက်ကို သတိပြုမိသည်။ အမယ်အိုတွင် အဖော်မပါပေ။ ဦးခေါင်းပေါ်တွင် ယောဂီရောင် အဝတ်တစ်ထည်တင်ထား၏။ အင်္ကျီမှာလည်း ယောဂီရောင်၊ ထဘီမှာလည်း ယောဂီရောင်ပင် ဖြစ်သည်။

ကျွန်တော်သည် ထိုအမယ်အိုကို စိတ်ဝင်စားသွားပါသည်။ အမယ်အိုအနားကပ်သွားပြီး...

"အမေ...ဖြည်းဖြည်းဆင်းပါ။ ကျွန်တော်တွဲကူပါရစေ၊ လဲမှာ စိုးလို့ပါ"

ဟု ပြောရာ အမယ်အိုက...

"မလဲပါဘူး သားရယ်၊ ဒီနေရာတွေဟာ အမေသွားနေကျ နေရာတွေပါ။ သားက တွဲချင်သပဆိုရင် တွဲပေါ့"

ဟု ပြောကာ လက်ဝဲလက်ကို ကမ်းပေးသည်။ ထို့ကြောင့် ကျွန်တော်သည် အမယ်အို၏ လက်ဝဲဘက် လက်မောင်းကို ကိုင်ရင်း အမယ်အိုနှင့် အတူတူ အောက်သို့ ဖြည်းဖြည်းမှန်မှန် ဆင်းလာပါသည်။

အမယ်အို၏ လက်မောင်းမှာ နူးညံ့လွန်း၏။ ကိုယ်နံ့မှာလည်း စပယ်ပန်းနံ့ကဲ့သို့ သင်းနေ၏။ ဦးခေါင်းပေါ်မှ အဝတ်ကြောင့် အမယ်အို၏ မျက်နှာကို ကျွန်တော် သေသေချာချာ မမြင်ရပါ။

ကျွန်တော်တို့သည် စကားမပြောကြတော့ဘဲ စောင်းတန်းအတိုင်း ခပ်မှန်မှန်ဆင်းလာကြသည်။

တောင်ဘက် မုခ်ဝအရောက်တွင် ကားလမ်းကို ဖြတ်၍ ကန်တော်မင်ပန်းခြံအဝသို့ အမယ်အိုကို ပို့ပေးလိုက်သည်။

"ဒီပန်းခြံထဲမှာ အမေနေတယ်ကွဲ့"

ပန်းခြံအဝင်ဝတွင် အမယ်အိုက ပြောသည်။

"ဘယ်သူနဲ့ နေပါသလဲ။ အိမ်အထိ ကျွန်တော်လိုက်ပို့ပေးပါရစေ"

"အမေ့မှာ အဖော်တွေ ရှိတယ်။ မပူပါနဲ့။ သားက ဒီကပဲ လှည့်ပြန်တော့"

ထိုသို့ပြောပြီးသောအခါ အမယ်အိုသည် သူ၏ လက်ယာဘက် လက်ကောက်ဝတ်တွင် ဝတ်ထားသော ပုတီးကုံးကို ဖြုတ်၍...

"ရော့ - သား၊ ဒီငါးလုံးပုတီးကို ကိုယ်နဲ့မကွာ အမြဲဆောင်ထား။ ဒီသစ်သားပုတီးက သားကို ကောင်းကျိုးပြုမယ်။ အဲ...အမေ့ကို သားက ကတိတစ်ခုတော့ ပေးရမယ်"

ဟု ပြောသည်။

"ဘာကတိပါလဲ အမေ"

"ငါးပါးသီလကို လုံအောင် ထိန်းပါမယ်။ တစ်သက်လုံး ထိန်းပါမယ် ဆိုတဲ့ ကတိ"

ကျွန်တော်သည် ခေတ္တစဉ်းစားလိုက်ပြီးမှ...

"ဟုတ်ကဲ့ပါ အမေ။ ကျွန်တော်

www.burmeseclassic.com



ကတိပေးပါတယ်"

ဟု ပြောလိုက်သည်။

"မင်း ကတိပေးပြီးပြီနော်။ ကတိ မဖောက်နဲ့။ ဖောက်ရင် ဒုက္ခတွေ့မယ်။ ငါးပါးသီလလုံရင် မင်းရဲ့ ဘဝရှေ့ရေးမှာ သုခတွေနဲ့ပဲ တွေ့မယ်"

ထိုသို့ပြောပြီး အမယ်အို ထွက်ခွာသွား၏။

ကျွန်တော်သည် အမယ်အို ပေးသော ငါးလုံးပုတီးကို လက်ယာဘက် လက်ကောက်ဝတ်တွင် ဝတ်ကြည့်ရာ အံကိုက်ဖြစ်နေ၏။

"ငါးပါးသီလလုံအောင် ထိန်း၊ လုံအောင်ထိန်း"

အမယ်အို၏ အမှာစကားသည် ကျွန်တော့်နားထဲဝယ် ပဲ့တင်ထပ်နေ၏။

•••

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် တစ်နေရာရှိ ကျွန်တော့်အစ်ကို ဝမ်းကွဲတိုက်ခန်းသို့ ရောက်သောအခါ ကျွန်တော့်အစ်ကိုဝမ်းကွဲ၏ ဇနီး ကျွန်တော့်မရီးက တံခါးလာဖွင့်ပေးသည်။

"မင်းအစ်ကိုတော့ အရေးပေါ် တာဝန်နဲ့ ပုသိမ်ကို ခရီးထွက်သွားလေရဲ့"

မရီးက ပြောသည်။

ကျွန်တော့်မရီးမှာ ကျွန်တော့်ထက် သုံးနှစ်ကြီး၍ ကလေး တစ်ယောက်အမေဖြစ်သော်လည်း အကြောင်းမသိက သူ့ကို အပျိုဟု ထင်ရအောင် လှ၏။

မရီးသည် အစ်ကို့ကွယ်ရာတွင် ကျွန်တော့်ကို မျက်နှာသာပေး၏။ သို့သော် ကျွန်တော်သည် သူ့ကို အစ်မ အရင်းသဖွယ်သာ သဘောထား၏။

ယနေ့ညတွင် မရီးသည် လှပသော အဝတ်များကို ဝတ်ထားပြီး ကျွန်တော့်ကို ထမင်းခူးခပ်ကျွေး၏။ ကျွန်တော့်အနားလာ၍ ပူးပူးကပ်ကပ်နေ၏။

ကျွန်တော်၏ ညာဘက်လက်ရှိ ငါးလုံးပုတီးကို ပွတ်တိုက်ရင်း "ငါးပါးသီလကို လုံအောင်ထိန်း" ဟု အမယ်အို၏ အမှာစကားကို သတိရကာ စိတ်ရိုင်းများ ဝင်မလာအောင် အစွမ်းကုန် ထိန်းရ၏။

မရီးက ပုတီးအကြောင်းမေးရာ ကျွန်တော်က ရွှေတိဂုံစေတီမှအပြန် ဖြစ်ရပ်ကို ပြောပြီး ဘုရားစင်ရှေ့တွင် ထိုင်၍ ပုတီးစိပ်ပါသည်။

"ငါးပါးသီလကို လုံအောင် ထိန်း" အမယ်အို၏ စကားသံသည် ကျွန်တော့် နားထဲမှ မထွက်။

ကျွန်တော်သည် ဘုရားခန်းတွင် အိပ်၏။ မရီး၏ မိခင်မှာ ဘုရားခန်းနှင့် ကပ်လျက်အခန်းတွင် အိပ်ပြီး ၎င်းအခန်းနှင့် ကပ်လျက်အခန်းမှာ အစ်ကိုတို့၏ အိပ်ခန်းဖြစ်သည်။

မရီးသည် ကျွန်တော် အိပ်ရာသို့ မဝင်မချင်း ကျွန်တော့်အနီးသို့ မကြာမကြာ လာပြီး စကားပြော၏။ မရီး၏ မျက်လုံးများမှာ အရောင်တောက်လွန်း၏။

ညသန်းခေါင်ကျော်တွင် ကျွန်တော် တစ်ရေးနိုးသည်။ ရေချိုးခန်းသို့အသွားတွင် မရီးကို မီးဖိုချောင်တွင် တွေ့ရ၏။

သူ့ဝမ်းဗိုက်ကို နှိပ်ပေးပါဟု ပြောရာ ကျွန်တော်က ကျွန်တော် မနှိပ်တတ်ပါ။ အစ်မရဲ့ အမေကို နှိုးပါ ဟု ပြောပြီး ကျွန်တော်အိပ်ရာသို့ ပြန်လာပါသည်။

ကျွန်တော်သည် ငါးပါးသီလတွင် ပါဝင်သော ဒု-သ-န-သောကို မကျူးလွန်အောင် ထိန်းနိုင်ခဲ့၏။

နောက်တစ်နေ့နံနက်တွင် မရီးသည် ကျွန်တော့်ကို ရှုတည်တည် မျက်နှာထားနှင့် ကြည့်၏။

နံနက် ၉နာရီတွင် ကျွန်တော်သည် သင်္ဘောအေးဂျင့်သို့ သွားသည်။ ခေါ်စာသွားစောင့်ခြင်းဖြစ်၏။ အမယ်အိုပေးသော ပုတီးကို ကျွန်တော်ဆောင်သွား၏။

မွန်းလွဲ တစ်နာရီခန့်တွင် အေးဂျင့်တာဝန်ခံက ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းနှစ်ယောက်၊ စုစုပေါင်း သုံးယောက်ကို ခေါ်ပြီး မနက်ဖြန် စင်ကာပူသို့ သွား၍ သင်္ဘောပေါ်တက်ရေးကို ပြောပြီး ဆောင်ရွက်စရာများကို အမြန်ဆောင်ရွက်ရန် ပြောပါသည်။ ကျွန်တော်အလွန်ပျော်သွား၏။

အေးဂျင့်တာဝန်ခံက ပြောသည့်အတိုင်း ကျွန်တော်တို့ သုံးယောက်သည် လုပ်စရာရှိသည်များကို အမြန်လုပ်လိုက်ကြ၏။ ညနေ ၅နာရီကျော်မှ ပြီး၏။ ကျွန်တော်တို့သည် နောက်တစ်နေ့ မွန်းတည့် ၁၂နာရီ လေယာဉ်ဖြင့် ရန်ကုန်မှ စင်ကာပူသို့ သွားကြရမည်ဖြစ်သည်။ ည ၆နာရီတွင် ပဲခူးရှိ မိဘများထံ သတင်းကောင်းကို ဖုန်းဆက်လိုက်၏။ ဘုရား တရား မမေ့ဖို့ မိဘများက ပြောပါသည်။

ည ၇နာရီတွင် မရီးအိမ်သို့ ပြန်ရောက်လာကာ မရီးကို အကျိုးအကြောင်းပြောပြရာ မရီးက "ဝမ်းသာတယ်ဟယ်" ဟု ပြော၏။

"အစ်ကိုတို့ကျေးဇူး၊ အစ်မတို့ ကျေးဇူးကို ကျွန်တော်မမေ့ပါဘူး"

ဟုပြောရာ ကျွန်တော့်မရီးသည် ရက်ပြုံးလေး ပြုံးပါသည်။ မည်သည့် သဘောနှင့် ပြုံးသည်ကို ကျွန်တော် မခန့်မှန်းတတ်ပါ။

•••



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ကျွန်တော်တို့သူငယ်ချင်းသုံးယောက်သည် ရန်ကုန်မှ စင်ကာပူလေကြောင်းလိုင်းပိုင်လေယာဉ်ဖြင့် စင်ကာပူသို့သွားကြသည်။ ကျွန်တော့်အိတ်ထဲတွင် အမယ်အိုပေးသော ပုတီးကို ဆောင်ထား၏။

စင်ကာပူ လေဆိပ်၌ သင်္ဘောအေးဂျင့်မှ လူတစ်ယောက် လာကြို၏။ သူသည် ကျွန်တော်တို့ တာဝန်ထမ်းရမည့် သင်္ဘောရှိရာသို့ ခေါ်သွားပြီး သင်္ဘောက ကပ္ပတိန်ထံ အပ်၏။ ကပ္ပတိန်က သူ၏ လက်ထောက်တစ်ယောက်ကို ခေါ်၍ ကျွန်တော်တို့အား တာဝန်များကို ချထားစေပါသည်။

သင်္ဘောသားအလုပ်မှာ ပင်ပန်း၏။ သို့သော် ကျွန်တော်သည် ကြိုးစားအလုပ်လုပ်၏။ အလုပ်အားချိန်တွင် ငါးလုံးပုတီးကို စိပ်၏။ သုံးနှစ်အတွင်း ကျွန်တော်သည် အထက်လူကြီးများ၏ ချစ်ခြင်း၊ လုပ်ဖော်ကိုင်ဖက်များ၏ ချစ်ခြင်းကို ခံရ၏။

သင်္ဘော မာလိန်မှူးသည် သူ၏အနားတွင် ကျွန်တော့်ကို တစ်နှစ်ခေါ်ထား၏။

၎င်းသင်္ဘောတွင် သုံးနှစ် တာဝန်ထမ်းပြီးသောအခါ သင်္ဘောပိုင်ရှင်က သင်္ဘောကို ရောင်းလိုက်သောကြောင့် ကျွန်တော်တို့သည် မြန်မာပြည်သို့ ပြန်ရမည်ဖြစ်၏။ သူငယ်ချင်းနှစ်ယောက်က ထိုင်းနိုင်ငံ ဘန်ကောက်တွင် ဆင်း၍ နောက်ထပ် သင်္ဘောရှာမည်ဟု ပြောကြသည်။ ကျွန်တော်ကမူ မြန်မာပြည် ပြန်မည်။ ရန်ကုန်ရောက်မှ နောက်ထပ် သင်္ဘောလိုက်ရေး ဆောင်ရွက်မည်ဟု သူတို့ကို ပြောသည်။

ကျွန်တော်တို့ကို မူလ သင်္ဘောပိုင်ရှင်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာလေဆိပ်မှ ဘန်ကောက်၊ ထိုမှတစ်ဆင့် ရန်ကုန်သို့ ပြန်ပို့ပေးရန် စီစဉ်ပေးသည်။

ကျွန်တော်တို့ စီးနင်းလိုက်ပါမည့် ဘိုးရင်း (၇၄၇) ဂျက်လေယာဉ်ကြီးသည် ဂျာကာတာ လေဆိပ်တွင် ဆိုက်ပြီး ဘန်ကောက်သို့သွားတော့မည်။

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်သည် လေယာဉ်၏ အလယ်ပိုင်းရှိ ထိုင်ခုံများတွင် နေရာရ၏။ ထိုထိုင်ခုံတွင် ကျွန်တော်ထိုင်လိုက်စဉ် ကျွန်တော်၏ နားထဲ၌...

"လူလေး... ဒီမှာ မထိုင်နဲ့။ လေယာဉ်အမြီးပိုင်းက နေရာကွက်တွေမှာ သွားထိုင်"

ဟု စကားသံကြားလိုက်ရသောကြောင့် ကျွန်တော်သည် ပတ်ဝန်းကျင်ကို ကြည့်ရာ မည်သူ့ကိုမျှ မတွေ့။

"ဆန်းတော့ ဆန်းတယ်"

ကျွန်တော်သည် စိတ်ထဲမှ ပြောရင်း လေယာဉ်မယ်အား...

"ငါ ဒီမှာ မထိုင်ချင်ဘူး။ ဟိုးနောက်က ခုံလွတ်တွေမှာပဲ ထိုင်မယ်"

ဟု ပြောလိုက်မိသည်။

လေယာဉ်မယ်ကလည်း ခွင့်ပြုသောကြောင့် ကျွန်တော်သည် လေယာဉ်အမြီးပိုင်းရှိ နောက်ဆုံး ခုံလွတ်တန်းတွင် သွားထိုင်ရာ သူငယ်ချင်းနှစ်ယောက်ကလည်း ကျွန်တော်နှင့်အတူတူလိုက်ပါလာသည်။

လေယာဉ်သည် လေဆိပ်မှ တက်ရန် အားယူပြီး ပြေးလမ်းပေါ် ပြေးနေလေပြီ။ ကျွန်တော်သည် ငါးလုံးပုတီးကို ထုတ်၍ ပုတီးစိပ်ပါသည်။

လေယာဉ်ပြေးလမ်းပေါ် ပြေးနေစဉ် လေထဲ မတက်မီ "ဝုန်း"ဟူသော အသံကျယ်ကြီးပေါ် ထွက်လာကာ လေယာဉ်မှာလည်း တုန်ခါယိမ်းထိုးသွား၏။ ကျွန်တော်သည် သတိလစ်သွား၏။

ကျွန်တော် သတိပြန်ရသောအခါ ရှေ့ကို ကြည့်လိုက်စဉ် ဟင်းလင်းပြင်ကြီးဖြစ်နေပြီး ရှေ့ကိုက် ၂၀၀ကျော်ခန့်၌ မီးလောင်နေသည်ကို တွေ့ရသည်။ လေယာဉ်ရှေ့ပိုင်း မီးလောင်နေခြင်းဖြစ်သည်။

ကျွန်တော့်အနီးမှ သူငယ်ချင်းနှစ်ယောက်မှာလည်း သတိပြန်ရနေကြလေပြီ။ ကျွန်တော့်လက်ထဲတွင် ငါးလုံးပုတီး။

လေယာဉ်သည် ပြေးလမ်းတွင် တစ်ခုခုနှင့် တိုက်မိပြီး အပိုင်းနှစ်ပိုင်းဖြစ်သွားပုံရ၏။ ကျွန်တော်တို့ရှိရာ အမြီးပိုင်းမှာ မီးမလောင်ဘဲ ရှေ့ပိုင်း လောင်သွားခြင်းဖြစ်၏။ (ကျွန်တော်၏ အတွေးမှန်ကြောင်း နောင်သောအခါ သိရ၏။)

ကျွန်တော်သည် အချိန်မဆွဲဘဲ ကျွန်တော့်လက်ဆွဲအိတ်ကို ယူ၊ သူငယ်ချင်းနှစ်ယောက်ကိုလည်း...

"မင်းတို့ပစ္စည်းတွေ ယူကြ၊ ငါတို့ ဒီအပေါက်က အမြန်ဆုံး ဆင်းကြမယ်"

ဟု ပြောပြီး လေယာဉ်အမြီးပိုင်းမှ အမြန်ဆုံး ခုန်ချ ပြေးဆင်းခဲ့ကြပါတော့သည်။ အကယ်၍သာ ကျွန်တော်တို့သာ မူလနေရာတွင် စီးနင်းလိုက်ပါပါက...ကျွန်တော် မစဉ်းစားဝံ့တော့ပါ။

ကျွန်တော့်အသက်ကို ကယ်သည်မှာ ငါးလုံးပုတီး၊ ငါးပါးသီလ၊ ကန်တော်မင်ပန်းခြံမှ အမယ်အိုကြီးဖြစ်ကြောင်း ကျွန်တော် ယုံကြည်သွားပါသည်။

ရန်ကုန်မြို့သို့ ပြန်ရောက်သောအခါ ကျွန်တော်သည် ကန်တော်မင်ပန်းခြံသွား၍ အမယ်အိုကို ရှာပါသည်။ မတွေ့ပါ။ ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်တွင်လည်း ရှာပါ၏။ မတွေ့ပါ ■

* * *

မြဲသိန်း



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ်၊ ဇွန်လအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

ဆရာ မြတ်ထွဋ်ခေါင် (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

### တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သီဟိုဠ် (၉)ညွှန့် သွားရောက်လှူဒါန်း၍ ဒိဝါတပဝတိဂုဏ်တော် (၉)ခေါက် ရွတ်ဆိုကာ မိမိလိုရာဆုကို တောင်းပါ။

BURMESE CLASSIC .com

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၉)ညွှန့် သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၉)ညွှန့်နှင့် ထီးနီ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆု တောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပဲပေါင်မုန့် (၅)ခု၊ ကြက်လျှာ (၅)လက်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကိတ်မုန့် (၁)ခု၊ ငြုပ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - မွေးနေ့တွင် ရဟန်းတစ်ပါးကို ဆပ်ပြာ (၅)တုံးလှူပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သရက်သီး (၅)လုံးကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက် ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွှန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

**ဆိုကံကြမ္မာ** - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက်သီး (၂)လုံးနှင့် ဆူးတံခွန် (၁)လုံးတို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့ မနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြီးသုပ်လှူဒါန်းပါ။

**ငွေကြေးအခက်အခဲအတွက်** - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှင်းဆီ (၉)ပွင့်နှင့် ငြိမ့်ပယ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး (စ)ညွန့်၊ တံခွန်ကုက္ကားတစ်စုံတို့ကို လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**ကျန်းမာရေးအတွက်** - တနင်္လာနေ့ မနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သပြေ (၆)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - မွေးနေ့တွင် ရဟန်းတစ်ပါးအား ဆန် (၉)လုံးလှူဒါန်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် လက်ဖက် (၉)ကျပ်သား၊ တံခွန်လုံးအဝါ (၉)လုံးတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

**အိမ်/ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (စ)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၂)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။

BURMESE CLASSIC .com

## အင်္ဂါသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှမ်းဆီ (၉)ကျပ်သား၊ နူရင်းယို (၉)ကျပ်သားတို့ကို လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - သောကြာနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရေသက်စေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်းပါ။

**ငွေကြေးအခက်အခဲအတွက်** - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူးတစ်ဘူးကို သွားရောက်လှူဒါန်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက် (၁၀)ညွန့်၊ ဆီမီး (၉)တိုင်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး လိုရာဆုတောင်းပါ။

**ကျန်းမာရေးအတွက်** - တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ခရေ (၆)ညွန့်နှင့် ရေသက်စေ့တို့ကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး(၉)ပတ်စိပ်ပါ။

**နိုင်ငံခြားခရီးအတွက်** - သောကြာနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္လာနေ့ နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံပုဂ္ဂိုလ်တစ်ဦးကို အလှူငွေ (၉၀၀)ကျပ်လှူဒါန်းပါ။

**အိမ်/ကားရောင်းလိုလျှင်** - ကြာသပတေးနေ့ နံနက် ၆နာရီ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်နှင့် နှင်းဆီပန်း (၉)ပွင့်ကို လှူဒါန်းပါ။

**ထီကံကြမ္မာ** - (၇)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဟူးသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း(၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသောက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | စနေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး(၁၈)ပတ်စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ကျန်းမာရေးအတွက် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (၃)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (န)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

BURMESE CLASSIC .com

## ကြာသပတေးသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၁၅)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၈)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်းလှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် | - | ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၂၁)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၉)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |



www.burmeseclassic.com

www.burmeseclassic.com



## သောကြာသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ထန်း (၁၀)ညွန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် - | တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး(၂၇)ပတ်စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက်- | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့် တွင် ရေသန့်ဘူး (၄)ဘူးလှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ကျန်းမာရေးအတွက် - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီး - | ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ဇီဇဝါ(၇)ညွန့်နှင့် တံခွန်ကုက္ကား(၃)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ဆီ (၉)ကျပ်သားကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ကားရောင်းလိုသော် - | တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ(၄)ညွန့်နှင့် တရော်ကင်ပွန်းကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ - | (၆)ထိပ်စီး၊ (၆)နောက်ပိတ်နှင့် (အ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

BURMESE CLASSIC .com

## စနေသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် - | စနေနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မေမြို့ (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ် ဖတ်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန်- | စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် - | စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး(၉)ပတ်စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် - | အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခု လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။ |
| ကျန်းမာရေးအတွက် - | ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီး - | ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် - | တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ ကားရောင်းလိုလျှင် - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ - | (၇)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

***



www.burmeseclassic.com